
www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်ပွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်


မဂ္ဂဇင်း



ဗားမဲ့ကုန်းမြေနှင့် နဂါးငံ့ (စာ - ၁၀၆)



အန်းကုန်းဘိုးတော် ပူဇော်ပသနည်း (စာ - ၈၃)



နဂါးရုံဘုရားကိုးကွယ်ခြင်း (စာ - ၉၁)

BURMESE CLASSIC



တရုတ်နဂါး (စာ - ၈၄)






- ရွှေလာ၊ ငွေလာ ကျီးမင်းအစာ (စာ - ၁၉၉)
- အမွေးတိုင်နှင့် အတိတ်နိမိတ် (စာ - ၁၁၁)
- သဘာဝသစ်ပင်နှင့်သူယောင်မ (စာ - ၂၁၆)
- ဆေးဖက်ဝင် သံပရာသီး (စာ - ၂၄၁)
- သီလတန်ခိုးနှင့် အကျိုး (စာ - ၂၅၇)
- အသီးအနှံနှင့် အစားအစာများ (စာ - ၂၄၃)


Graphic; Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးရွာဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ၊ အမှတ် (၂၆၁) ၈

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်...။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွာ) အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင် အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
စာအုပ်ချုပ် - ရှကီ။ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ စံလွင်မောင်၊ ဖိုးအောင်၊ ပညတ် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်မှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအမြာမြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ် (၂၆၁)

## မာတိကာ

### ရောင်ပြန် ကဗျာ

မြိုင်မြိုင်ရီ၊ ဘုန်းလျှံ၊ မင်းသွေးကောင်း၊ ခက်လှိုင်းကျော်၊ ဆုမွန်ဦး(ဟသ်ာတ)၊ အောင်သိန်းဝင်း(ပွင့်ဖြူ)၊ မောင်ရှင်ထွေး၊ သွေးရည်

### ရောင်ပြန် အခန်းဆက်ရသ


ဂမ္ဘီရဓေဝီ၏ သစ္စာ(၂)
သိန်းထွန်းသစ်(ဗန်းမော်) —— ၁၄၄
တေဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု(၁၀)
မောင်ယိမ်းကျော် —— ၁၆၂
အစိမ်းရောင် သစ္စာစကား(၁)
ကျော့မြသန်း —— ၁၇၂
ဂမ္ဘီရနွတ(၄)
ယိုး —— ၁၈၈
ပရော်ဖက်ဆာဒေါက်တာဆိတ်မွှား(၄)
မင်းသိမ် —— ၂၀၄





BURMESE CLASSIC

သီရိလင်္ကာမှ
ဗုဒ္ဓဘာသာဝင်တို့၏မြို့များ
မြသိန်း



စာ-၅၇



စာ-၁၀၉


နဂါးရုံဘုရား ကိုးကွယ်ကြောင်းက
စီးပွားဥစ္စာ တိုးတက်အံ့
ပထမံဆရာကြီး ဦးအောင်သူ



တရုတ်နဂါး

www.burmeseclassic.com

www.burmeseclassic.com




ရောင်မြန် ရသ


အမေ့ရွှတ်ကိုယ်စီ
နေ့သာကျော်ဝင်း ——— ၂၂၈
အနိုင်မယူဘဲ...
မြမြရှိန် ——— ၂၃၄
အမှုဘိုးတော်
ပီတာမြဦး ——— ၂၄၈
မြစ်ခွဲတစ်စင်း
ရွှေမှုန်ကြည် ——— ၂၇၀
လူနဲ့ဝိညာဉ်
ဆောင်တော်ထိန် ——— ၂၇၆
ဝုတ်ဲ
နှင်းနှင်း ——— ၂၈၄

အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
၃၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာ့ရေးရာ

ကမ္ဘာ့ကျော်ကြားနေ မိုးမြစ်ပြေမြို့ တန်ခိုးတော်ဂုဏ်
ပြည့်စုံထင်ရှားသည့် သမိုင်းဝင် မွေတော်စာတော်စေတီဘုရား
မင်းသုခ ——— ၁၇
ဟိုင်းကြီးမြို့ သံကြိုးလမ်းချွန်၌ အောင်မြင်စွာတည်ထားနိုင်ခဲ့ပြီးသော
အောင်သိဒ္ဓိတော်ပေါင်းစုစေတီတော်
ကိုမိုး(ရွှေပြည်သာ) ——— ၂၅
အင်းလေးဒေသမှာ ရှုသည့်မိုး
သချာအောင်သင်း ——— ၃၀
ပေါက္ကူရုပတိနှလုံးသား
သီပွဲမိုးဝင်း(ပေါက္ကူရုပတိ) ——— ၃၄

၈ - ၂၄၁



# ဆေးဖက်ဝင်သော သံပရာသီး

ကျော်ဇေဟိန်း(နှသာ)




www.burmeseclassic.com

www.burmeseclassic.com

## နဂါးတို့အကြောင်း တစေ့တစောင်း

ကျော်ဇောဟိန်း(နံ့သာ)

စာ - ၉၄



## လောကီရေးရာ


သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ———————— ၃၇

အလုပ်အကိုင် အောင်မြင်ရန်
မဟိန္ဒီကျော်ခေါင် ———————— ၃၈

သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———————— ၃၉

စိုက်ပျိုးရေးရာ သည်လမှာ
တေအာကကိုရင် ———————— ၄၁

သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———————— ၄၂

ကျွန်တော်နှင့် စာရေးဆရာကြီးများ
တက္ကသိုလ်သဒ် ———————— ၄၃

နယူးယောက်မှစာ(၁)
မောင်ကောင်းမြင့် ———————— ၄၇

တန်ဖိုးရှိသောလူ
မိုးပန်းမွှန်(ရာမည) ———————— ၅၄

သီရိလင်္ကာမှ ဗုဒ္ဓဘာသာဝင်တို့၏မြို့များ


## လောကီရေးချ


ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ———————— ၆၀

နတ်မင်းကြီးတွေ ခရီးသွားလေတဲ့အခါ
သက်ထက်စန်း ———————— ၇၀

နတ်များနှင့် လေပြင်းက မလှဲနိုင်သော သစ်ပင်များ
ခင်မောင်အေး(မန္တလေး) ———————— ၇၃

ဗေဒင်နဲ့ထီ
မောင်ပုတ်စည် ———————— ၇၅

ဗုဒ္ဓ၊ စကြဝဠာနှင့် လူ့ဘဝ
ချောယဉ်သာမြင့် ———————— ၇၇


ပညာရှိဝိဓူရ လက်တောက်ဗေဒင်ဟောကိန်း
ညွန့်လွင်(စက်မှုတက္ကသိုလ်) ———————— ၈၁

အန်းကုံးဘိုးတော်ကြီး ဇော်ပ,သနည်း
သုတေသီမြင့်ထွန်း ———————— ၈၃

ဓာတ်ရိုက်ယတြာ ရွှေပညာ(၃၅)
ဘုန်းမွှင့်ထွန်း ———————— ၁၁၅

ကိုယ်ပျောက်ဆေးရှိသလော
နတ်ထီးလှိုင် ———————— ၁၁၉


စာ - ၁၈၈




www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ



ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁၄)
ပထမံဆရာကြီးဦးအောင်သူ ——— ၁၂၁
ထိုင်းနိုင်ငံနက္ခတ္တဆရာကြီး ခါသာနာချင်ဘန်ချောင်၏...
ဦးတိုး(တက္ကသိုလ) ——— ၁၂၃
ခုနစ်ရက်သားသမီးများအားလုံး အလုပ်အကိုင်တည်မြဲ
တိုးတက်စေသော ယတြာ
ဂန္ဓာရဆရာလှမျိုး ——— ၁၂၅
လရောင်ဆမ်းသည့် ပန်းကလေးများ...
တင်စန္ဒာ ——— ၁၂၇
လေးစင်တိုင် ဆန်ခါကျဲနှင့် ပုန်းမကြည်ရှင်မ ခေါ်သည့်ပွဲ
မိုးမြင့်လွင် ——— ၁၃၁
အနိစ္စဒေသနာတော်
မဟာထွန်း ——— ၁၃၄
အစာစားစဉ် လျှရုပ်သွင်
ကိုသက်ရှည် ——— ၁၃၉
ကလေးငယ်ငယ်မိခင်တို့ ရှုတ်ပွားဖို့
ရဲမြတ်အောင် ——— ၁၄၁
ရောင်ပြန်မဂ္ဂဇင်းပြကွန်နိ
အင်ကြင်းမြူမြူ(တောင်ငူ) ——— ၁၄၃


# လရောင်ဆမ်းသည့် ပန်းကလေးများ
သို့
# မင်္ဂလာ ပရဟိတလူငယ်ဖွံ့ဖြိုးရေးဂေဟာ

တင်စန္ဒာ　　စာ - ၁၂၇



စာ - ၂၂၈




ရဟန်းဟူသည်
တောင်တွင်းအောင်သက်ဦး ——— ၁၅၆
သက်သတ်လွတ်စားမလား
ဉာဏ်လင်း ——— ၁၈၄
ရွှေလာ၊ ငွေလာ ကျိုးမင်းအစာ
ဆရာမဒေါက်တာစောယုနွယ် ——— ၁၉၉
သဘာဝသစ်ပင်မှ သူယောင်မသဏ္ဌာန်ဖြစ်ပေါ်မှုဆန်း
ကျော်ဇောဟိန်း(နံ့သာ) ——— ၂၁၆
သီလတန်ခိုးနှင့် ဝေယျာဝစ္စအကျိုး
ပြည်ရွှေဘိုဆရာတော် ——— ၂၅၈
သာသနာ့အာဇာနည် ဆရာတော်ဦးဝိစာရနှင့်...
ကိုမောင်သန်းဝင်း ——— ၂၆၂
စုရုံးရောက်လာ ညီမှုရာ
မီးလေး(ရွှေတိုင်းယဉ်) ——— ၂၈၉
အသက်ဘေးစင် တွက်နည်းကောင်းတစ်ခု
မော်တင်သိန်းဇော်ဇ ——— [illegible]
တကယ်အိမ်ဆောက်တော့မှာလား
ထင်ကျော်သောင်း ——— ၂၉၃
ကံပွင့်ကံမြင့် ဘဝတင့်ဖို့

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

ကံကောင်းမှုကို ဖြစ်ပေါ်စေမည့်အရာများ
မင်းဒေဝ ———————— ၄၆
တရုတ်နဂါး
သုတေသီမြင့်ထွန်း ———————— ၈၄
တရုတ်လူမျိုးတို့က နဂါး နရားရေးပေါင်းအသုံးအဆ
အတိတ်နိမိတ်ကောက်ပုံ
ကေတီအောင်သိန်း ———————— ၈၇
နဂါးရုံဘုရား
သန်းဝင်း(ဘဆော်) ———————— ၈၉
နဂါးရုံဘုရား ကိုးကွယ်ခြင်းနှင့် ပူဇော်ခြင်းအကျိုး
ဂမ္ဘီရဆရာလှမျိုး ———————— ၉၁
နဂါးတို့အကြောင်း တစေ့တစောင်း
ကျော်ဇောဟိန်း(နံ့သာ) ———————— ၉၄
နဂါးရုံဘုရားတည်ကြလျှင် အမြီးအမောက်တည့်စေချင်
လှစံ(ပညာရေး) ———————— ၁၀၂
ဝင်းကျိုက်ထောင် ဗားမဲ့ကုန်းအောင်မြေမှ
ထူးထူးခြားခြားနဂါးပုံဘုရား
ဂမ္ဘီရဆရာလှမျိုး ———————— ၁၀၆
နဂါးရုံဘုရား ကိုးကွယ်ခြင်းက စီးပွားဥစ္စာတိုးတက်အံ့
ပထမံဆရာကြီးဦးအောင်သို့ ———————— ၁၀၉
တရုတ်ရိုးရာအမွေးတိုင် အတိတ်နိမိတ် ၁၁၁
ဆရာကြီးအရှင်မာ ———————— ၁၁၁

## ရောင်ပြန် တိုင်းရင်းဆေး

တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံများ
ဒေါက်တာသက်ဒွေ ———————— ၂၂၀
ဖွံ့ဖြိုးသပ်ရပ်တွေးဆန်း ဆေးစွမ်းကောင်းများ
မျိုးသန်းထွန်းကို(ရေစကြို) ———————— ၂၂၇
ဆေးဖက်ဝင်သော သံပရာသီး
ကျော်ဇောဟိန်း(နံ့သာ) ———————— ၂၄၀
အာဟာရပြည့်ဆေးဖက်ဝင် သီးနှံအစားအစာများ
သုတေသီဆရာငြိမ်း ———————— ၂၄၇

### နဂါးရုံဘုရား ကိုးကွယ်ခြင်းနှင့် ပူဇော်ခြင်းအကျိုး

ဂမ္ဘီရဆရာလှမျိုး(B.Sc)



စာ - ၉၁

### နဂါးရုံဘုရားတည်ကြလျှင် အမြီးအမောက် တည့်စေချင်

လှစံ(ပညာရေး)



စာ - ၁၀၂

လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com







အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)

၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) —— ၄၉

သမိုင်းကပြောသော လူကုန်ကူးမှုများ
လှမိုး(ပညာရေး) —— ၆၄

တစ္ဆေအတုအယောင်နှင့် ထင်ယောင်ထင်မှားဖြစ်ခြင်း
စန်းမောင်မောင် —— ၁၃၇

## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် —— ၃၀၅

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အံ့ဘွယ်ယတြာကိန်း
ဒေါက်တာစောယုနွယ် —— ၃၀၄

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ —— ၃၁၈




www.burmeseclassic.com

## မွန်ပြည်နယ်၊ မုဒုံမြို့နယ်

# ဝင်းစိန်တောရ ဆရာတော် ဘဒ္ဒန္တကောသလ

## အမြဲရွတ်ဆိုသော ဂါထာတော်



### ပါဠိဂါထာတော်

ဣမံ ဗုဒ္ဓံ သက္ကာသ ဓါဏီယျံ သရဏံ ဂစ္ဆာမိ။
ဣမံ ဓမ္မံ သက္ကာသ ဓါဏီယျံ သရဏံ ဂစ္ဆာမိ။
ဣမံ သံဃံ သက္ကာသ ဓါဏီယျံ သရဏံ ဂစ္ဆာမိ။

### အနက်အဓိပ္ပာယ်

**ဣမံဗုဒ္ဓံ** - ဤမြတ်စွာဘုရားအား။ **သက္ကာသ** - သိကြားမင်း။ **ဓါဏီယျံ**(ဓါနိယျံ-ပါဠိမြန်မာအဘိဓာန်အရ)- ဘုန်းတန်ခိုးရှိသော၊ ဥစ္စာပစ္စည်းရှိသော။ **သရဏံ ဂစ္ဆာမိ** - ဆည်းကပ်ပူဇော်ပါ၏။ လူနတ်ဗြဟ္မာ သိကြားမင်းတို့မှ ရှိခိုးပူဇော်အပ်သော၊ ဘုန်းတန်ခိုးဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံသော၊ ဤမြတ်စွာဘုရားကို ဆည်းကပ်ပူဇော်ပါ၏။

**ဣမံ ဓမ္မံ** - ဤတရားတော်မြတ်ကို. . .

**ဣမံ သံဃံ** - ဤသံဃာတော်မြတ်ကို. . .

ဤပါဠိဂါထာတော်ကို ကဿဖဘုရားလက်ထက်က ဟောကြားတော်မူခဲ့ပါသည်။

### အကျိုးကျေးဇူးများ

အထက်ပါ ပါဠိဂါထာတော်ကို အမြဲမပြတ် ရွတ်ဖတ်ပေးလျှင် ဘုရား၊ တရား၊ သံဃာတော်မြတ်များ၏ ဂုဏ်ကျေးဇူးတော်များကို ဖော်ကျူးနေခြင်းဖြစ်၍၊ ရတနာသုံးပါး ဦးထိပ်ပန်ဆင်လျက် သရဏဂုံ တည်နေပါသည်။ ကောင်းမှုကုသိုလ်စိတ် ပွားများနေခြင်း ဖြစ်ပါသည်။ လောကီကိစ္စများမှာလည်း ဘေးအန္တရာယ် ရန်စွယ်အမျိုးမျိုးမှ လည်းကောင်း၊ ကပ်ကြီး ၃ ပါးတွင် ပါဝင်သော လေကြီး၊ မိုးကြီး၊ ဆန်ရေစပါး ရှားပါးခြင်းတို့မှလည်းကောင်း ကင်းလွတ်ကြပါမည်။ လောကီအကျိုးစီးပွား ဥစ္စာပစ္စည်းများ ပေါကြွယ်ဝချမ်းသာကြပါမည်။

ဝင်းစိန်တောရ ဆရာတော်ဘုရားကြီးသည် အထက်ပါ ပါဠိဂါထာတော်ကို လူတိုင်း အမြဲမပြတ် ရွတ်ဖတ်ပူဇော်ပေးရန် တိုက်တွန်းထားပါသည်။ အမြဲမပြတ် ရွတ်ဖတ်ပူဇော်ပေးပါက လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးများကို ရရှိကြပြီး ရန်သူဘေးဒုက္ခအမျိုးမျိုးမှ ကင်းလွတ်ကြ၍ မိုးလေဝသ ကောင်းမွန်စွာဖြင့် ဆန်ရေစပါး ပေါကြွယ်ဝပြီး တိုင်းပြည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေပါသည်။

အထက်ပါ ဂါထာတော်ကို ပုတီးစိပ်နိုင်ပြီး အမြဲမပြတ် ရွတ်ဖတ်ပူဇော်၍ နေ့စဉ် ဒါန၊ သီလ၊ ဘာဝနာ တရားများ ကျင့်ကြံအားထုတ်ကြပါဟု ဝင်းစိန်တောရ ဆရာတော်ကြီးမှ တိုက်တွန်းထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဩဇာ

မြင့်မြတ်ရဲ




■ မာနကွေ့ကြည့်
လာသမျှတွေ့မြင်
ဂါရဝရေတင်
ထာဝရမမေ့အစဉ်
ဒါနပြည့်ဝင်
ဝဏ္ဏသန မမွှေခင်
ဉာဏ်ဖြင့် မြင်လော့။

■ မမင်လောဘ၊ သင့်ဒေါသနှင့်
မောဟဝင်ကာ၊ လှုံ့ယဉ်ရှာထဲ
မေတ္တာကျချေသော၊ မုန်းတောသောစွာ
ချို့တဲ့လူနှင့်၊ ပျော့ကြိုက်လဲ့
သက်ချင်းတွဲ့နှုံ၊ အမြဲချစ်ခင်
မပြိုင်ဖြင့်၊ အစဉ်ထာဝရ
သည်းခံကြိုးစား၊ သန့်စင်ချိန်
ဘာဝနာဖြင့် အချိန်မှာလေ
အလုပ်တွေအစဉ် ထိန်းပြီးလေ
မမွေ့လျော်သွားခင် အသိမှာတွေ။

www.burmeseclassic.com

www.burmeseclassic.com




# သစင်လည်ငြိမ်

ဘုန်းလျှို

- လယ်လုပ်မည့်လူ
  လယ် မရှိ
  ယာလုပ်မည့်လူ
  ယာ မရှိ

- အလုပ် သောက်ထပ်ရှုစရာမြင်
  တားဆေးလို့ သူပုန်ထမှာ
  မိုင်းဆေးများ ။

www.burmeseclassic.com

www.burmeseclassic.com

# ရေခဲရေ

မင်းသွေးစောင်း

- ပျော်···ရက်တွေကို ရေတွက်တုန်း
ကြယ်တွေတောင် ကြွေတယ်ဟာ
တစ်ခါတစ်ရံ
မိုးကြီးပြီး မိုးကြိုးတွေပြတ်ကျ
နင်သွားတာ ကြာတော့
နာသွားတာ ကျင်ခန့်။

- အခြေမြစ်ရှိမှ အချစ်မြဲရောက်မှာလား
ဒါ···တာလမ်းက တန်းလာခဲ့မယ်။
လမ်းစတော့ လဆန်းလေးကပ်လေဝင်ရဲ့
ကပ်သုံးပါးကို ကာသုံးပေါက်စီးလေလာရင်း
ငါလေ···မှတ်တိုင်တွေမှာ မှိုင်တွေနေတို့။




www.burmeseclassic.com

www.burmeseclassic.com

# ပိုဏ္ဏရိုရော

ခင်ရှိုင်းကျော်


- မိုးကြိုးဆိုတာ
မြေကမ္ဘာက ထိုးထိုးထောင်ထောင်
အမြင့်ဆုံးအကောင်ကို ပစ်သတဲ့။

- ဒါပေမယ့်
တို့ရွာက အမြင့်ဆုံးအကောင်
ဘာဆေးတွေဆောင်ထည့်မသိ
ယောင်လို့တောင် တစ်ချက်မထိဘူး
တက်ကြည့်မှ သူ့"အဆောင်"မှာ
ငွေရောင်ပြာတလွင်လွင်
ရွှေရောင်ပြာတလွှမ်းလွှမ်းနဲ့
ဝေဟင်ကို ဖြန့်ကြက်စိုးမဲ
မိုးကြိုးလွှဲတဲ့။




www.burmeseclassic.com

www.burmeseclassic.com




# ဘဝပန်းချီ

မောင်ရှင်တွေး

- ကိလေသာကင်းတဲ့ ကင်းဗတ်စမှာလ
ငြိမ်ချောစွန်းတဲ့ ဆေးစက်စတွေနဲ့
စုတ်ချက်သလို ဆေးရေးကျဲ···။

- ဘဝရယ်စုံ
ခံထမယ် ကြုံခဲ့တာက
ချောင်တန်းမှ သစ္စာန်ပေါက်သော်လည်း
ရွေးကောက်နေမြဲ···။

- အလင်းအမှောင်
အဆင်းအရယောင်အဆောင်တွေနဲ့
မငြိမ်းနိုင်အောင် ဖမ်းစားထားတော့
စွဲလမ်းစိတ် သည့်ကိုယ်ကောင်မှာ
နွဲ့ငြိမ်းစိတ် အလိုလိုသလိုကြွ
ညှိုးမှိန်မှို့ မာန်ကိုတင်း···။

- [illegible]

www.burmeseclassic.com

www.burmeseclassic.com

# ကန်တော့ပွဲ

## ဒွေးရည်

- စမ်းရေစင် အတိအေးပါဘိ
ပန်းဝေလွင် တပည့်ကလေးတွေက
တစ်ဝမ်းဝင် တစ်မိမွေးကရော့ထင့်
ချမ်းမြေ့ဖွယ် ငယ်ကျွမ်းဖော်။

- အခန်းရယ် အတူတူနဲ့
အတန်းတူ တစ်ရှယ်တည်းဟာမို့
လမ်းတူရှ ဘယ်မခွဲပါဘူး
လက်တွဲလို့ခေါ်။

- ရောရေနှင်းကမ်းဆီက
ဗေဒါတွေ စီရီတန်းသလိုပဲ
အကြေလမ်း အညာဝေမှ
ပညာဖော် သူငယ်ချင်း။

- ကျောင်းနှုတ်ကြီးအခမ်း
[illegible]
[illegible]
သီချင်းတွေ [illegible]
[illegible]
အခါတော့ [illegible]
[illegible]




www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘောဇရဋ္ဌာနေ မိုးဖြဲမြေမှ တန်ခိုးတော်ဂုဏ် ပြည့်စုံထင်ရှားသည့် သမိုင်းဝင် မွေ့တော်ဓာတ်စစ်ဘုရား


မင်းသုခ

## သာစွဋ္ဌာနေ မိုးဖြဲမြေ

စာရေးသူသည် ၂၀၁၅ခုနှစ်၊ နှစ်ဦးပိုင်းက မိုးဖြဲမြို့ကလေးသို့ ကုမ္ပဏီတာဝန်ဖြင့် ရောက်ရှိခဲ့သည်။ အဆိုပါမြို့မှ ဓမ္မမိတ်ဆွေများ ဖြစ်ကြသူ ဦးမြင့်ဇော်(မိုးမခဆေးဆိုင်)နှင့် ကိုသက်တို့၏ ကုသိုလ်ယူပို့ဆောင်ပေးမှုကြောင့် မိုးဖြဲမြို့၏ သာသနာ့ကျက်သရေတော်ဆောင် မွေ့တော်ဓာတ်စစ်စေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုကာ ကုသိုလ်တော်ယူခဲ့ရသည်။

ရှမ်းပြည်နယ်တောင်ပိုင်းအစွန် ဖယ်ခုံမြို့နယ် (ယခင် မိုးဖြဲမြို့နယ်)၊ မိုးဖြဲမြို့ကလေးသည် ကယားပြည်နယ် (ခေါ်) ကန္တာရဝတီနယ် အနောက်မြောက်ပိုင်းအစပ်တွင် တည်ရှိပြီး လွိုင်ကော်မြို့နှင့် ၁၄ မိုင်ခန့်၊ ဖယ်ခုံမြို့နှင့် ၈ မိုင်ခန့် ကွာဝေးသည်။

ကယားပြည်နယ်လွိုင်ကော်မြို့သို့ ဖြတ်သန်းစီးဆင်းလာသည့် ဘီးလူးချောင်းနှင့်ကလော၊ အောင်ပန်းမြို့တို့မှ လွိုင်ကော်မြို့သို့လာသည့် ကားလမ်းမကြီးတို့ဆုံရာ နေရာတွင် တည်ရှိသောကြောင့် ကူးသန်းသွားလာမှုအတွက် အရေးပါသည့် တောင်ပေါ်မြို့ကလေးဖြစ်သည်။ မြို့၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် စိုက်ပျိုးရေးအတွက် အရေးပါသည့် မိုးဖြဲဆည်ရှိသည်။



မိုးဖြဲဓာတ်စစ်စေတီ

www.burmeseclassic.com

www.burmeseclassic.com

မိုးဖြဲမြို့ကလေးကို ရှေးပဝေသဏီကတည်းကပင် ရှမ်းစော်ဘွားကြီးများက စတင်တည်ထောင်ခဲ့ပြီး သမိုင်းအစဉ်အလာအရ မိုးညှင်း၊ မိုးကောင်း၊ မိုးမိတ်၊ မိုးနဲ၊ မိုးဖြဲ၊ ဗန်းမော်၊ သိန္နီ၊ ညောင်ရွှေနှင့်သီပေါ ဟူသော ရှမ်းကိုးပြည်ထောင်၊ ရှမ်းကိုးစော်ဘွားတို့တွင် မိုးဖြဲသည် တစ်မြို့တစ်နယ်အဖြစ်ပါဝင်ခဲ့သည်။

မြို့နယ်အကျယ်အဝန်း ဧရိယာမှာ စတုရန်းမိုင်ပေါင်း ၈၁၀ ခန့်ကျယ်ဝန်းပြီး၊ မြို့ပေါ် ရှစ်ရပ်ကွက်နှင့် ဘုန်းတော်ကြီးကျောင်းပေါင်း ကိုးကျောင်းသာရှိသည်။ သို့သော်ဒေသခံအများစုဖြစ်ကြသည့် ကယန်း (ခေါ်) ပဒေါင်၊ ရှမ်းနှင့်ပအိုဝ်တိုင်းရင်းသားတို့က ဗုဒ္ဓဘာသာကိုအလွန်ရိုသေကိုင်းရှိုင်းကြသောကြောင့် မိုးဖြဲမြို့ကလေးမှာ သာသနာ့ဂုဏ်ရောင် ထွန်းပြောင်ထိန်းလင်း ဂုဏ်သတင်းမွှေးလျက် ရှိပေသည်။

အလောင်းစည်သူမင်းကြီး ဤဒေသ (မိုးဖြဲဒေသ) သို့ကြွရောက်တော်မူခဲ့စဉ်က မင်းကြီး၏အမိန့်ကြောင့် ခုနစ်ရက် ခုနစ်လီ ရွာသွန်းနေသည့်မိုးကြီး ချက်ချင်းရပ်စဲသွားသည်ကို အကြောင်းပြုပြီး **"မိုးစဲ"**ဟု ခေါ်ဝေါ်လာခဲ့ရာမှ ကာလရွေ့လျောလာသည့်အခါ **"မိုးဖြဲ"**ဟု ခေါ်ဆိုကြောင်း မှတ်သားရသည်။

မိုးဖြဲမြို့ကလေး၌ ပဒေါင်(ခေါ်)ကယန်းလူမျိုးအများဆုံးနေထိုင်ကြသည်။ **"ပဒေါင်"**ဟူသော ဝေါဟာရသည်ရှမ်းဘာသာစကားဖြင့် **"ပတ်တောင်း"** ဟူသောအခေါ်မှ ဆင်းသက်လာပြီး **"ကြေးပတ်ထားသော (တစ်နည်းအားဖြင့်)ကြေးပတ်မသာလူမျိုး"**ဟု အဓိပ္ပာယ်သက်ရောက်သည်။ ပဒေါင်လူမျိုးတို့သည် မိမိတို့လူမျိုးကို **"ကယန်း"**ဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် ယင်းလူမျိုးကို **"ပဒေါင်"** **(ခေါ်)** **"ကယန်း"**ဟုရေးသားထားခြင်းဖြစ်သည်။

## ပထမဒါယကာ သီရိဓမ္မာ

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် မာဂဓတိုင်း၊ ပါဋလိပုတ်ပြည့်ကို အုပ်ချုပ်တော်မူသော သီရိဓမ္မာသောကမင်းကြီးလက်ထက် သာသနာတော်နှစ် ၂၃၅ ခုနှစ်၌ မင်းဆရာ ရဟန်းအရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးသည် ရဟန္တာတစ်ထောင်ကို ရွေးချယ်ပြီး အရှံသံဃာတော်များနှင့်တကွ ကိုးလတိုင်တိုင် တတိယသင်္ဂါယနာတင်ပွဲသဘင်ကို ဆင်ယင်ကျင်းပပြီး သာသနာတော်ကို သန့်စင်တော်မူခဲ့သည်။



**မိုးဖြဲ မွေတော်**
**ဓာတ်စစ်စေတီ**

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်လိုဏ်တွင် စံနေတော်မူသည့် ရုပ်ပွားတော်

ဤသို့ တတိယသင်္ဂါယနာတင်မှုကိစ္စပြီးသောအခါ သီရိဓမ္မာသောကမင်းကြီးသည် မိမိအာဏာစက် မပျံ့နှံ့သေးသည့် ကမ္ဘာအရပ်ရပ်သို့ ဗုဒ္ဓသာသနာတော်ထွန်းကား ပြန့်ပွားစေရန်အလို့ငှာ ရာဇဂြိုဟ်ပြည့်ရှင် အဇာ တသတ်မင်း ခဲယဉ်းစွာ ဌာပနာမြှုပ်နှံထားခဲ့သော မြတ်စွာဘုရား၏ နှစ်စရွတ်သော သရီရဓာတ်တော် မွေတော်များကို တူးဖော်ရယူခဲ့သည်။

ထို့နောက်မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်များ ရရှိသောအခါ မင်းကြီးသည် မင်းဆရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်၏ အခဲ့အမည်ြဝါဒကို ခံယူပြီး နောင်သာသနာတော်တည်လတ္တံ့သော ကမ္ဘာအရပ်ရပ်ရှိ ကိုးတိုင်းကိုးဌာနသို့ ဓမ္မဒူတ (ခေါ်) သာသနာ့တမန်တော်များကို စေလွှတ်ကာ သာသနာပြုတော်မူစေခဲ့ပါသည်။ ကမ္ဘာအရပ်ရပ်ရှိ တိုင်းနိုင်ငံအသီးသီးတွင် ကျောင်းတော်ပေါင်းရှစ်သောင်းလေးထောင်၊ ရေတွင်း ရေကန်ပေါင်း ရှစ်သောင်းလေးထောင်နှင့် ဘုရားစေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကိုတည်ထားစေပြီး ဓာတ်တော်မွေတော်များကို ဌာပနာစေခဲ့လေသည်။

ထိုသို့ သီရိဓမ္မာသောကမင်းကြီး၏ ရှစ်သောင်းလေးထောင်သော ကောင်းမှုတော်စေတီများအနက် ကမ္ဗောဇတိုင်း(ရမ္မဝတီပြည်)၊ ယခုရှမ်းပြည်နယ်တောင်ပိုင်းအစွန် ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၌ ကိန်းဝပ်စံပယ်တော်မူသော မွေတော်ဓာတ်စစ်စေတီတော်သည် တစ်ဆူအပါအဝင် ဖြစ်ပေသည်။

ထိုစဉ်က ဉာဏ်တော်အမြင့် ကိုးမိုက်သာရှိပြီး မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်အစစ်ကို ဌာပနာခဲ့ခြင်းဖြစ်၍ "မွေတော်ဓာတ်စစ်စေတီတော်"ဟု ခေါ်ဝေါ်သမုတ်ခဲ့ခြင်း ဖြစ်လေသည်။

## ဒုတိယတည်ထား အလောင်းစည်သူမင်းတရား


ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီးသည် နိုင်ငံတော်အတွင်းရှိ ခရိုင်မြို့ပြအသီးသီးသို့ သစ်ကနက်လှေဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်တော်မူခဲ့ပြီး ဘုရားတန်ဆောင်း၊ သိမ်ကျောင်းများနှင့် ဂူပုထိုးများစွာတို့ကို တည်ထားကိုးကွယ်တော်မူခဲ့သည်။

မင်းကြီးသည် လှေဖောင်တော်ဦးတွင် ဓာတ်တော်မွေတော်များနှင့် ကျောက်သံပတ္တမြားစသော ရတနာမျိုးစုံထည့်ထားသည့် ရတနာပန်းတောင်းကိုတင်ပြီး "ဤရတနာပန်းတောင်းဦးတည်သွားရာသို့ လှေဖောင်တော် လိုက်စေသတည်း"ဟု အမိန့်ရှိပြုတော်မူရာ ထိုရတနာပန်းတောင်းတင်ထားသည့် လှေဖောင်တော်သည် ပုဂံနေပြည်တော်မှ အရှေ့တောင်ဘက်ရှိ ရမ္မဝတီပြည်(ကမ္ဗောဇပြည်)သို့ ဆိုက်ရောက်တော်မူခဲ့သည်။

ထိုဒေသအတွင်းရှိ ညောင်ရွှေ၊ အင်းလေး ဒေသတစ်ကြောနှင့်ဆက်စပ်နေသည့် အရပ်များတို့၌ ဘုရားစေတီပေါင်းမြောက်များစွာကို တည်ထားကိုးကွယ်တော်မူခဲ့

www.burmeseclassic.com

www.burmeseclassic.com



မိုးဖြ မွေတော်ဓာတ်စစ်စေတီ


သည်။ ထိုမှတစ်ဆင့် လှေဖောင်တော်ဖြင့် ခရီးဆက်တော်မူရာ ကောဇာသက္ကရာဇ် ၄၅၆ ခုနှစ်၊ မိုးဦးကာလ ကဆုန်လရာသီတွင် ယခု၊ ပဒေါင် (ခေါ်) ကယန်းလူမျိုးစုတို့ နေထိုင်ရာ မိုးဖြဒေသသို့ ဆိုက်ရောက်တော်မူခဲ့သည်။

ထိုအခါမင်းကြီးက **"ဤဒေသတွင် ဝေနေယျာအပေါင်းတို့ ပူဇော်ထိုက်သော ကျောင်းမှုတော် စေတီတစ်ဆူတည်ထားရန်အတွက် သင့်အပ်လျောက်ပတ်သော အရပ်ဖြစ်ပါလျှင် ယခု ခုနစ်ရက်ခုနစ်လီ အဆက် မပြတ်ရွာသွန်းနေသော မိုးသည် ချက်ချင်းပင်ရပ်စဲပါစေသား"**ဟု အဓိဋ္ဌာန်ပြုတော်မူသည့် အခိုက်၌ ရွာသွန်းနေသော မိုးကြီးသည် ချက်ချင်းပင် ရပ်စဲသွားလေသည်။

ထိုသို့ မိုးရပ်စဲသွားသောအခါ မင်းကြီးသည် ရတနာ ပန်းတောင်းကို ထိပ်မှာရွက်ပြီး **"ခပ်သိမ်းသော ဝေနေယျ သတ္တဝါအပေါင်းတို့ ရှိခိုးပူဇော်ထိုက်သော ဘုရားတစ်ဆူတည်ထားရန်အတွက် သင့်မြတ်လျော်ကမ်းညီနေရာတွင် ငါ၏ ရတနာပန်းတောင်းသည် သ၄ ၁၂ ဆင်းကိန်းဝပ်စံပါယ်တော်မူပါစေသတည်း"**ဟု ထပ်မံ အဓိဋ္ဌာန်ပြုတော်မူသည်။ ထိုအခါ ဓာတ်တော်မွေတော်နှင့် ရတနာမျိုးစုံတို့ ထည့်ထားသည့် ရတနာပန်းတောင်းသည် မင်းကြီး၏လက်တော်မှ ကောင်းကင်ယံသို့ ဟသ်ာသဏ္ဌာန်ဖြင့်ဝဲပျံကြွ၍ မူလသီရိဓမ္မာသောကမင်းကြီး တည်ထားသည့် ဘုရားစေတီရှိရာတောင် ကုန်းကိုလက်ယာရစ် သုံးပတ်လှည့်ပြီးမှ ဘုရားစေတီတော်ရှိသောနေရာသို့ ညင်သာစွာ ဆင်းသက်တော်မူခဲ့သည်။

ထိုအခါမင်းကြီးက ရတနာပန်းတောင်းဆင်းသက်သည့်နေရာဝန်းကျင်တစ်ဝိုက်ရှိ ချုံနွယ်ပိတ်ပေါင်းများကို မင်းချင်းများအား ရှင်းလင်းစေရာ ဉာဏ်တော်အမြင့် ကိုးမိုက်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ ရှေးဟောင်းကောင်းမှုတော်စေတီမြတ်ကို အံ့ဩဝမ်းသာစွာဖူးတွေ့ရလေသည်။

ထို့နောက် မင်းကြီးသည် မူလသီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်စေတီငယ်ကို ငုံပြီး ရွှေဆင်းတုတော်တစ်ဆူအပါအဝင် ရတနာမျိုးစုံ နှစ်ဆယ့်ခြောက်ပြည်၊



ဘုရားကုန်းပေါ်ရှိ မွေတော်ပရိယတ္တိစာသင်တိုက်

www.burmeseclassic.com

www.burmeseclassic.com

စိန်၊ နဝရတ်၊ ပတ္တမြား၊ မျက်ရွဲနှင့် ဓာတ်တော်မွေတော်များကို ထပ်မံဌာပနာပြီး ဉာဏ်တော်အမြင့် ကိုးတောင်ရှိသောစေတီတော်မြတ်ကို ထပ်မံတည်ထားတော်မူခဲ့သည်။

ဤသို့ဖြင့် မင်းကြီးသည် ကောဇာသက္ကရာဇ် (၄၇၆) ခုနှစ်၊ ကဆုန်လဆန်း (၄)ရက်နေ့မှ စတင်ပြီး စေတီတော်ကို ပြန်လည်တည်ထားခဲ့ရာ တော်သလင်းလဆန်း ၁၃ ရက်နေ့တွင် ပြီးစီးအောင်မြင်တော်မူကာ ရေစက်သွန်းချ အမျှပေးဝေတော်မူခဲ့သည်။

## တတိယတည်ထား ဘိုးတော်ဘုရား

အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော် ပဒုံမင်း (ခေါ်) ဘိုးတော်ဘုရားသည် ကုန်းဘောင်ခေတ်၌ အလွန်ထင်ရှားသည့် သာသနာ့အကျိုးတော်ဆောင် မင်းတစ်ပါးဖြစ်သည်။

ကောဇာသက္ကရာဇ် ၁၁၄၇ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ရှမ်းပြည်နယ်တောင်ဘက်အစွန်အဖျားဖြစ်သော မိုးဗြဲနယ်ကိုရောက်တော်မူပြီး "မိုးဗြဲမွေတော်ဓာတ်စစ်ဘုရား"ကို ဖူးမြော်ပူဇော်ခဲ့သည်။

မင်းတရားကြီးသည် ဉာဏ်တော်အမြင့် ကိုးတောင်မျှသာရှိသော "မွေတော်ဓာတ်စစ်ဘုရား"ကို ဖူးမြော် ကြည်ညိုပြီးနောက် ဤသို့ဆန္ဒတော်ဖြစ်ပေါ်လာခဲ့သည်။ ဤစေတီကို သာမန်ပြုပြင်မွမ်းမံမည့်အစား ၎င်းကို ငုံ၍ ဉာဏ်တော်အမြင့် ၇၂ တောင်အထိ ငွါးငွါးစွင့်စွင့် ပြန်လည်တည်ထားပါက ဤပဒေါင်လူမျိုးစုတို့ ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်လာကြပြီး အသိအမြင်အယူအဆ တိုးတက်လာကာ ယဉ်ကျေးသိမ်မွေ့သည့် လူမျိုးဖြစ်လာနိုင်ပေသည်"ဟု ဆန္ဒတော်ဖြစ်ပေါ်လာသည်။

ဤသို့ဖြင့် ပဒေါင်လူမျိုးစုများ စိတ်ဝင်စားမှုရှိလာစေရန်နှင့် ကိုယ်တိုင်ကိုယ်ကျပါဝင်တည်ဆောက်နိုင်ရန် မိုးဗြဲနယ်ရှိ အုပ်ချုပ်သူပဒေါင်လူမျိုးစုအကြီးအကဲများနှင့် စေတီတော်ပြန်လည်တည်ထားရန် ရင်းရင်းနှီးနှီးတိုင်ပင်ဆွေးနွေးကာ ၎င်းတို့အား ဆောင်ရွက်ကြရမည့် အခန်းကဏ္ဍကို တာဝန်ပေးအပ်ခဲ့သည်။

ထို့နောက် စေတီတော်ကို ကောဇာသက္ကရာဇ် ၁၁၄၇ ခုနှစ်၊ နယုန်လတွင် စတင်တည်ထားခဲ့ပြီး ထိုနှစ် တပို့တွဲလပြည့်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် စေတီတော်၏ အရှေ့ဘက်မုခ်၌ အာရုံခံတန်ဆောင်းနှင့်စောင်းတန်းများကိုလည်း မြန်မာဗိသုကာပညာရှင်များ၏ လက်ရာဖြင့် တင့်တယ်ခမ်းနားစွာ ဆောက်လုပ်လှူဒါန်းတော်မူခဲ့သည်။ ကောဇာသက္ကရာဇ် ၁၁၄၇ ခုနှစ်၊ တပို့တွဲလပြည့်(တနင်္လာ)နေ့ တွင်မင်းကြီးသည် တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ကောင်းမှုတော်အစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေခဲ့ကြသည်။ ထို့ကြောင့် တပို့တွဲလပြည့်နေ့ကို မွေတော်ဓာတ်စစ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နေ့အဖြစ် ယခုကာလတိုင်အောင် နှစ်စဉ်စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြမြဲဖြစ်သည်။

## ပုံသဏ္ဌာန်ထူးခြား စေတီဘုရား

ထိုမွေတော်ဓာတ်စစ်ဘုရားစေတီတော်၏ ပုံသဏ္ဌာန်တော်ထူးခြားချက်မှာ အခြားဘုရား စေတီများနှင့်မတူသည်ကို ကြည်ညိုဖွယ်ဖူးမြော်နိုင်ပါသည်။ ခေါင်းလောင်းတော်မှစ၍ အထက်ငှက်ပျောဖူး (ခေါ်) ခရေစေ့အထိ ရှည်မျောမျောတည်ထားခဲ့သည်။ အဆင့်အရစ်များပြီး ရှည်လျားသော ဖောင်းရစ်တော်များကို ပေါ်လွင်အောင် ဦးစားပေးတည်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဖောင်းရစ်တော်များသည် ကြေးဝါခွေများရစ်ပတ်ထားသော ပဒေါင်အမျိုးသမီးတို့၏ လည်ပင်းအနေအထားနှင့် အလွန်သဏ္ဌာန်တူသည်။ အမြင့်ပေ ၂၀ ခန့်ရှိသည့် ဖောင်းရစ်တော် ၁၉ ရစ်၏ အထက်ဆုံးအရစ်၏ အချင်းနှင့် အောက်ဆုံးအရစ်၏ အချင်းမှာ နှစ်ပေမျှသာ ကွာခြားကြသည်။ ထိုသို့ စေတီတော်၏အရွယ်ပမာဏနှင့် လိုက်ဖက်အောင် အချိုးအဆစ်ကျကျဖြင့် တင့်တယ်သပ္ပာယ်စွာ တည်ထားသော ကုန်းဘောင်ခေတ်လက်ရာဖြစ်၍ ကြည်ညိုဦးညွတ်ဖွယ်ကို ဆောင်လျက်ရှိသည်။

၎င်းအပြင် စေတီတော်၏ လုံးပတ်တော်မှာ မဖွံ့ဖြိုးလှသော်လည်း ဉာဏ်တော်အမြင့်မှာမူ ၇၂ တောင် ၁၀၈ ပေ ရှည်လျားမြင့်မားသည်။ စေတီတော်၏ အောက်ခြေအရပ်လေးမျက်နှာရှိ မုခ်လေးမုခ်တွင် ထိုင်တော်မူရုပ်ပွားတော်တစ်ဆူစီ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်၏ ပစ္စယံပေါ်၌ ပင်မစေတီတော်ကြီးကို ဝန်းရံထားသည့် အရံစေတီ ၁၂ ဆူနှင့် အောက်ဖိနပ်ခုံ လေးထောင့်ပေါ်၌ အရံစေတီတော် လေးဆူတို့ကို တည်ထားခဲ့သည်။ ထို့ကြောင့်အရံစေတီငယ်များဝန်းရံထားသော "မွေတော်ဓါတ်စစ်စေတီတော်ကြီး"မှာ ကြယ်တာများ ဝန်းရံသည့်ငွေလမင်းကြီးပမာ အလွန်တင့်တယ်သပ္ပာယ်တော်မူလှ၍ အံ့မကုန်ဖူးမဝ ထူးခြားလှပေသည်။

ထို့အပြင် စေတီတော်အသီးသီးတို့၏ ရွှေထီးတော်များမှာများသောအားဖြင့် ဘုံကိုးဆင့်သာ ရှိသော်လည်း မွေတော်ဓာတ်စစ်စေတီတော်၏ ရွှေထီးတော်မှာ ဘုံ ၃၅ ဆင့်ရှိပြီး အမြင့် ၁၃ ပေ ၂ လက်မရှိခြင်း၊ ရွှေထီးတော်၏ အောက်ခြေထိပ်ငအဝန်းမှာ ၂၀ ပေ ၄ လက်မရှိခြင်း၊ ဆည်းလည်းခွေ ၅ ခွေ၊ ၅ ဆင့်တို့၌ ဆည်းလည်းအလုံးရေ ၂၁၀ ပါရှိခြင်း စသည့်ထူးခြားမှုတို့ကြောင့် မြန်မာနိုင်ငံတွင် အလွန်ဖူးမြင်ရခဲသော ရွှေထီးတော်ဖြစ်ပေသည်။

## ဆက်လက်ပြုပြင်ကောင်းမှုရှင်များ

ဘိုးတော်ဘုရားတည်ထားခဲ့ပြီးသည့် နောက်ပိုင်း ကုန်းဘောင်ခေတ်ကုန်ဆုံးသည်အထိ နယ်ရှင်စော်ဘွားများ၊ မြို့စားနယ်စားများနှင့် ဒေသခံကုသိုလ်ရှင်သူကြွယ်များတို့က အရန်စေတီတော်များ၊ ဇရပ်တန်ဆောင်းများနှင့် အရံတံတိုင်းများကို အသီးသီးဆက်လက်တည်ဆောက်လှူဒါန်းခဲ့ကြသည်။

ကိုလိုနီခေတ်ကောဇာသက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် စေတီတော်၏ထီးတော်မှာ ပြိုကျပျက်စီးပြီး မြေခခဲ့ရသည်။ ထို့နောက် ကျောင်းထိုင်ဆရာတော် ဦးမေဓာဝီအရှင်သူမြတ်မှဦးစီးပြီး ဒကာ၊ ဒကာမအများတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် ရွေးမှုနှင့် ပုံစံတူသော ရွှေထီးတော်အသစ်ကိုထပ်မံသွန်းလုပ်ကာ ကောဇာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် ပြန်လည်တင်လှူခဲ့ကြသည်။

## လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူဒါန်း

လွတ်လပ်ရေးရသည့် ၁၃၀၉ ခုနှစ်တွင် ကျောင်းထိုင်ဆရာတော်ကြီး ဦးကုဏ္ဍလအရှင်သူမြတ်မှ ဦးဆောင်ပြီး မိုးဖြဲရှိ ဒါယကာဒါယိကာမများတို့ပေါင်းစု လှူဒါန်းမှုဖြင့် စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ပြီး ၁၃၁၉–၂၀ ခုနှစ်တွင် စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်အသစ်တို့ကို လဲလှယ်ကာ ကပ်လှူပူဇော်နိုင်ခဲ့သည်။

၁၃၂၅ခုနှစ်တွင် မိုးဖြဲတိုက်နယ်သူကြီး(ဟိန်)ဖြစ်သူ ပဒေါင်အမျိုးသား ဦးဟိန်စာမှ ဦးဆောင်ပြီး ရပ်ကွက်ပေါင်းစုံမှ လူမျိုးပေါင်းစုံပါဝင်သော မိုးဖြဲမွေတော်ဓါတ်စစ်ဘုရားဂေါပကအဖွဲ့ကို စတင်ဖွဲ့စည်းပြီးနောက် သုံးနှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။

ဤသို့ဖြင့် ၁၃၂၈ ခုနှစ်တွင်တစ်ကြိမ်၊ ၁၃၄၆ ခုနှစ်တွင် တစ်ကြိမ်စေတီတော်အား လုံးတော်ပြည့်ရွှေသင်္ကန်းထပ်မံကပ်လှူ ပူဇော်နိုင်ခဲ့ကြသည်။ ထို့နောက် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရမှာ "**မိုးဖြဲမွေတော်ဓာတ်စစ်ဘုရားကို ထင်ရှားကျော်ကြားသော ရှေးဟောင်းသမိုင်းဝင်ဘုရား**"အဖြစ်သတ်မှတ်ပြီး ဂေါပကအဖွဲ့အား အသိအမှတ်ပြုခဲ့ပေသည်။

## ထူးခြားအံ့ဖွယ် အသွယ်သွယ်

**၁။ စေတီတော်ကို သာသနာစောင့်နတ်များ ရွှေသင်္ကန်းကပ်လှူထားခြင်း**

စေတီတော်၏ ငှက်ပျောဖူးတစ်နေရာတွင် သာသနာစောင့်နတ်များမှ ရွှေသင်္ကန်းကပ်လှူထားသည်ဟု အဆိုရှိပါသည်။ ၎င်းနေရာသည် ရာဟုထောင့် အရပ်မျက်နှာဘက်၌ရှိပြီး ရေိယာအားဖြင့် ကိုးလက်မ ပတ်လည်ခန့်ကျယ်သည်။ စေတီတော်အား ရွှေသင်္ကန်းအကြိမ်ကြိမ်ကပ်လှူခဲ့ရာတွင် အချိန်ကာလကြာမြင့်လာသောအခါ ရွှေပိန်းများ ကွာကျပျက်စီး၍ အရောင်များ ပျက်သွားမြဲဖြစ်သော်လည်း နတ်များရွှေချထားသည်ဟု ဆိုသည့်နေရာတွင် မည်သည့်အခါမျှ ရွှေရောင် မှေးမှိန်သွားခြင်းမရှိဘဲ မူလအတိုင်း ရွှေရောင်တောက်ပနေသည်ကို ထူးခြားစွာတွေ့မြင်ရပါသည်။

**၂။ ဘုရားပရိဝုဏ်အတွင်း ဘေးရန်အန္တရာယ်မကျရောက်နိုင်ခြင်း**

ခေတ်အဆက်ဆက်၌ မည်သို့သောကပ်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ရောက်စေကာမူ ဘုရားပရိဝုဏ်အတွင်း၌ ဘေးရန်အန္တရာယ်မကျရောက်နိုင်ဟု ရှေးလူကြီးသူမတို့ ယုံကြည်ကြသည့်အတိုင်း ထိတ်လန့်ခြောက်ခြားဖွယ်ရာအကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာတိုင်း ရှေးလူကြီးများသည် ဘုရားကြီး၏ ပရိဝုဏ်အတွင်း ဝင်ရောက်ခိုလှုံနားနေတတ်ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်မဟာမိတ်တပ်နှင့်ဂျပန်စစ်တပ်တို့က ဘုရားကုန်းပေါ်တွင် တစ်လှည့်စီ တပ်စွဲခဲ့ကြဖူးသည်။ မဟာမိတ်တပ်စွဲထားသောအချိန်တွင် ဂျပန်လေတပ်ကလည်းကောင်း၊ ဂျပန်တပ်စွဲထားသောအချိန်တွင် မဟာမိတ်လေတပ်ကလည်းကောင်း အပြန်အလှန် အကြိမ်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့ကြသော်လည်း ဘုရားပရဝုဏ်အတွင်း၌ ဗုံးဆန်၊ ကျည်ဆန်များ ကျရောက်ပေါက်ကွဲခြင်းများ လုံးဝမရှိခဲ့ပါ။ ပရိဝုဏ်အနီးအနား၌ ကပ်၍ကျရောက်လာသော ဗုံးဆန်များရှိသော်လည်း ပေါက်ကွဲမှုအလျဉ်းမရှိဘဲ ပကတိအတိုင်းသာ ရှိနေသည်ကို ထူးခြားစွာ တွေ့မြင်ကြရသည်။

### ၃။ စေတီပေါ်မှ ထူးဆန်းသည့် ဆည်းလည်းသံကြားရခြင်း

မိုးဗြဲတွင် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာနိုင်မည့် အခြေအနေမျိုးရှိပါက စေတီတော်ပေါ်မှ တစ်လုံးတည်းသော ဆည်းလည်း(ခေါင်းလောင်း)သည် ထူးခြားအောင်မြင်သောအသံဖြင့် တချွင်ချွင်မြည်လာတတ်သည်။

နေ့ညမဟူ ယင်းကဲ့သို့ လေမတိုက်ဘဲ တစ်လုံးတည်းပေါ်လွင်စွာ အသံမြည်လာပါက မိုးဗြဲနှင့်အနီးပတ်ဝန်းကျင်တွင် ထိတ်လန့်ချောက်ချားဖွယ်ရာ အန္တရာယ်တစ်ခုခုဖြစ်ရတော့မည်ဟု ရှေးလူကြီးများက မှတ်သားထားကြသည်။ ထို့ကြောင့် ခေတ်ပျက်ကာလကြီးဖြစ်သော ဂျပန်ခေတ်နှင့် လွတ်လပ်ရေးရစ ပြည်တွင်းစစ်ကာလများ၌ မိုးဗြဲဘုရားကုန်းပေါ်တွင် စခန်းချကြသောတပ်များသည် အဆိုပါ ဆည်းလည်းသံကို နားစွင့်ကြပြီး ရန်သူများ၏ လှုပ်ရှားဝင်ထွက်မှုကို သိရှိကာ ကြိုတင်ပြင်ဆင်နိုင်ကြကြောင်းသိရသည်။

(ထိုသို့ထူးခြားသည့် အသံမြည်လာတတ်သော ဆည်းလည်းသည် မလှုပ်မရှားဘဲ မြည်ခြင်းဖြစ်၍ များစွာသော ဆည်းလည်းများအနက် မည်သည့်အလုံးဖြစ်သည်ကို မသိနိုင်ကြပေ။)

### ၄။ ရောင်ခြည်တော်လွှတ်၍နိမိတ်ပြခြင်း

ရှေးယခင်က ဘုရားရောင်ခြည်တော်လွှတ်လျှင် လွှတ်သည့်အရပ်မျက်နှာရှိ ပြည်ရွာများ မငြိမ်မသက်ရှိပြီး အန္တရာယ်ကျရောက်တတ်ကြောင်း လူကြီးများအဆိုရှိကြသည်။ ယခင်ဒုတိယကမ္ဘာစစ်ကာလနှင့် လွတ်လပ်ရေးရခါစ ပြည်တွင်း မငြိမ်မသက်ဖြစ်နေသည့်ကာလများတွင် ဘုရားရောင်ခြည်တော်လွှတ်တတ်ပြီး ရောင်ခြည်တော်လွှတ်သည့် အရပ်မျက်နှာမှ ရန်သူများဝင်လာ၍ တိုက်ခိုက်လုယက်ဖျက်ဆီးခြင်းများ ခံကြရကြောင်း သိရသည်။

### ၅။ လောကီသိပ္ပ အစွမ်းပြခြင်း

မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားသည် ကုန်းဘောင်ခေတ်၌ နောက်ဆုံးတည်ထားကိုးကွယ်ခဲ့သော ဘုရားဖြစ်သည့်အားလျော်စွာ စေတီ၏လေးမုခ်၊ လေးတန်ရှိဘုရားရုပ်ပွားတော်များသည် လက်ဖျားတော်အောက်၌ ဆင်ရုပ်ခံထားသည့် ဘိသက္ကဂုရု(ဝ်)ဘေသဇ္ဇဂုရု ဘုရားအမျိုးအစားတွင် ပါဝင်သည်။

ထို့ကြောင့် ထိုဘုရားရုပ်ပွားတော်များ၏ ရှေ့မှောက်တွင် လောကီသိပ္ပနည်းဖြစ်သော အင်းအိုင်ခလှဲ့၊ လက်ဖွဲ့မန္တန်များ၊ ဆေးဝါးများနှင့် သိဒ္ဓိအမျိုးမျိုးတို့ကို နည်းစနစ်မှန်ကန်စွာ စီရင်ပါက အစွမ်းထက်လှကြောင်း သိရသည်။

### ၆။ ကိုးနဝင်းကြေဖြစ်ခြင်း

မွေတော်ဓာတ်စစ်စေတီတော်၏ ဉာဏ်တော်အမြင့်ကို သီရိဓမ္မာသောကမင်းကြီးက ကိုးမိုက်ဖြင့်လည်းကောင်း၊ အလောင်းစည်သူမင်းကြီးက ကိုးတောင်ဖြင့်လည်းကောင်း၊ ဘိုးတော်ဘုရားက ၇၂ တောင် (၁၀၈)ပေဖြင့်လည်းကောင်း၊ ကိုးနဝင်းဓာတ်ဖြင့် အသီးသီးတည်ထားပူဇော်ခဲ့ကြ၍ အလွန်ထူးခြားသော စေတီတော်ဖြစ်သည်။

## ဗုဒ္ဓပူဇနိ ထူးဘိပွဲတော်

ရှေးယခင်က ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်တန့်တွဲ...

www.burmeseclassic.com

လဆန်း ၁၀ ရက်နေ့မှစပြီး ၁၀ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြပြီး ၁၃၂၅ ခုနှစ်နောက်ပိုင်းမှစပြီး ယခုထိတိုင်အောင် နှစ်စဉ်တပို့တွဲလဆန်း ၁၂ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ ၅ ရက်မျှသာ ကျင်းပပြုလုပ်ကြသည်။

ထိုသို့ဘုရားပွဲတော်ကျင်းပပြုလုပ်ကြရာတွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ ပျော်ပွဲရွှင်ပွဲများပါဝင်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးကာ စည်းကားသိုက်မြိုက်လှသည်။ ဘုရားပွဲတော်၏ တပို့တွဲလပြည့်နေ့၌ ဘုရားကြီးအား ကပ်လှူပူဇော်ရန်အတွက် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဝလံများ၊ ဆွမ်းတော်နှင့်ဆွမ်းဆန်စိမ်းစသည်များကို တပို့တွဲလဆန်း ၁၄ ရက်နေ့ကတည်းက ပွဲတော်ကွင်းတွင်ရှိသည့် ဆွမ်းတော်ရုံများသို့ ကြိုတင်ပို့ဆောင်ထားကြသည်။

ထို့နောက် တပို့တွဲလပြည့်နေ့ နံနက်အရုဏ်တက်သည့် ၅ နာရီအချိန်ခန့်တွင် ဂေါပကအဖွဲ့ဝင်များနှင့် ဗုဒ္ဓဘာသာဝင်အကြီးအကဲများတို့ ဦးဆောင်ပြီး သဒ္ဓါကြည်လင်ပါရမီရှင်အသီးသီးတို့က ဆီမီး၊ ရေချမ်း၊ ပန်း၊ သစ်သီးဝလံ၊ ဆွမ်းတော်နှင့် ဆွမ်းဆန်စိမ်းစသည့် လှူဖွယ်ဝတ္ထုပစ္စည်းများကို မြတ်ဘုရားစေတီအား ကပ်လှူပူဇော်ကြသည်။ ထိုသို့ကပ်လှူပူဇော်ရာတွင် ပွဲခင်းအတွင်းရှိ ဆွမ်းတော်ရုံမှ ဘုရားကုန်းတော်ပေါ်ရှိ မွေတော်ဓါတ်စစ်ဘုရားစေတီတော်သို့ စနစ်တကျ တန်းစီကာသယ်ဆောင်ကြပြီး ဆွမ်းတော်များကပ်လှူပူဇော်ကြသည့်မြင်ကွင်းမှာ ကြည်နူးဝမ်းသာစရာ ကောင်းလှကြောင်းသိရှိရသည်။

ထိုသို့ ဆွမ်းတော်များကပ်လှူပြီးသည်နှင့် ဘုရားအာရုံခံတန်ဆောင်းတော်အတွင်း၌ အလှူရှင်များက ဆရာတော်သံဃာတော်များထံတွင် ငါးပါးသီလ အတူတကွခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ တပို့တွဲလပြည့်နေ့၊ နေ့လယ် ၁ နာရီအချိန်တွင် မိုးဖြဲမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိကျောင်းများမှ သံဃာတော်များအားလုံးကိုပင့်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ ဤသို့ အလှူရှင်အသီးသီးတို့က ပွဲလမ်းမကြီးတစ်လျှောက်တွင် တန်းစီကာ လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ဖြင့် သဒ္ဓါတရားထက်သန်စွာ ဆွမ်းဆန်စိမ်းလောင်းလှူကြသည့်မြင်ကွင်းမှာ ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုစရာ ကောင်းလှကြောင်း သိရှိရသည်။

## သဒ္ဓါကြည်ဖြူ ပေးလှူလိုလျှင်

မိုးဖြဲမွေတော် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တပညာသာမိ အရှင်သူမြတ်နှင့် စာချ ဓမ္မကထိကဘဒ္ဒန္တကေလာသ အရှင်သူမြတ်တို့၏ ဩဝါဒကိုခံယူကြသော နာယကဦးကျော်ဖနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်လာနှင့်အဖွဲ့ဝင်များတို့က ယခုအခါ မွေတော်ဓါတ်စစ်ဘုရားကြီး၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အားကြိုးမာန်တက်ကြိုးစား ဆောင်ရွက်လျက်ရှိကြသည်။ သို့ဖြစ်၍ သဒ္ဓါကြည်ဖြူ ပေးလှူလိုပါက ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဖြဲမြို့၊ မွေတော်ဓါတ်စစ်ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်လာ ဖုံး–၀၉၂၅၁၁၅၂၆၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။

## ဖူးမြော်ကြည်ညို ကုသိုလ်ယူစို့

ကမ္ဘောဇဌာနေ မိုးဖြဲမြေသို့ တစ်ခါတစ်ခေါက် ရောက်ရှိလာပါက လာဘ်ပေးရန်ကာ တောင်းဆုအဖြာဖြာနှင့်ပြည့်ဝစေပြီး အံ့မကုန်ဖူးမဝ တန်ခိုးတော်ကြီးမားလှသည့် ရှေးဟောင်းသမိုင်းဝင် "မွေတော်ဓါတ်စစ် စေတီတော်မြတ်"သို့ သွားရောက်ကြည်ညိုဖူးမြော်ပူဇော်ရင်း ပုတီးစိပ်အဓိဋ္ဌာန်ပြုကာ ဝိပဿနာကမ္မဋ္ဌာန်းကို အခါခါစီးဖျန်းအားထုတ်နိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်လိုက်ရပါသည်။

နိဗ္ဗာနဿ ပစ္စယော ဟောတု။

**မင်းသုခ**

၀၉ ၄၂၀၂၇၃၈၈၄

**ညွှန်း**

(၁) ဦးကျော်ဖ(ဂေါပကအဖွဲ့)ရေးသားပူဇော်သည့် မိုးဖြဲမွေတော်ဓါတ်စစ်ဘုရားသမိုင်းစာအုပ်။

(၂) မိမိကိုယ်တိုင် သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည့်မှတ်တမ်း။

www.burmeseclassic.com


www.burmeseclassic.com

## ဟိုင်းကြီးမြို့ သံကြိုးလမ်းရွာ၌

### အောင်မြင်စွာတည်ထားနိုင်ခဲ့ပြီဖြစ်သော

# အောင်သိဒ္ဓိတက်ပေါင်းနှ စေတီတော်

**ကိုမိုး(ရွှေပြည်သာ)**




ပုသိမ်–ဟိုင်းကြီး–မော်တင်သွား ကားလမ်း၏ အနောက်ဘက်ကမ်းခြေ ဟိုင်းကြီးမြို့နယ်ခွဲဖြစ်သော ကျောက်ချောင်းအုပ်စု၊ သံကြိုးလမ်းကျေးရွာရှိ ဇေယျသိဒ္ဓိတောင်ကုန်းဆီမှ နှီးဗွာန်အကျို့မွှေးပျံ့ကိုးနှိုးဆော်သံများ၊ မေတ္တာမျှဝေတေးသံများသည် အနီးပတ်ဝန်းကျင်အသေတစ်ပိုက်ကို ရိုက်ခတ်လာခဲ့သည်။ နေ့ရက်က ၁၃၇၆ ခု၊ တော်သလင်းလဆန်း ၁၃ ရက် နံနက်ပိုင်းအချိန် ဖြစ်ပါသည်။ ယခင်က ပတတ်စာတောင်ဟုခေါ်သော ထန်းပင်အတော်များများ ပေါက်နေသည့် ထိုတောင်ကုန်းကို ၁၃၇၅ ခုနှစ်တွင် ဇေယျသိဒ္ဓိတောင်ကုန်းဟု အမည်ပေးခဲ့ကြသည်။ ထိုတောင်နှင့် ဆပ်စပ်သော အဝန်းအဝိုင်းလယ်မြေ ၁၂ ဧကကျော်ကို ပိုင်ရှင် ဦးမောင်ဆင်အေး၊ ကွယ်လွန်သူ (ဒေါ်မာထွေး)တို့က ပုသိမ်မြို့ မင်္ဂလာအောင်မြေ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒိယသို့ သာသနာ့နယ်မြေအဖြစ် ပေးလှူခဲ့ရာမှ အောင်သိဒ္ဓိစေတီ တည်ထားကိုးကွယ်ရန် အကြောင်းတိုက်ဆိုင်ခဲ့ရခြင်း ဖြစ်ပေသည်။

လူငယ်ခေါင်းဆောင် ကိုကံရှင် ဦးဆောင်သော အိုးစည်၊ ဒိုးပတ်အဖွဲ့များက အားမာန်အပြည့်နှင့် သီဆိုတီးမှုတ် ကခုန်နေကြရုံမျှမက ပုသိမ်မြို့ မင်္ဂလာအောင်မြေ

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းတိုက်ဆရာတော်မှ ဦးဆောင်၍ ပန္နက်တင်၊ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့ဖြင့် မြေလန့်ပန္နက်ချခဲ့ကြပြီး ကျေးရွာအသီးသီးရှိ လုပ်အားဒါနကုသိုလ်ဝင်ကြသူများက အားဖြည့်ကူညီခဲ့ကြသည်။

ကိုးမြို့ရှင် ကျောင်းဆောင်ရှေ့ ကုက္ကိုပင်ကြီးအောက်တွင် ပန္နက်တင်အခမ်းအနားပွဲလာ ဧည့်ပရိသတ်များကို ရပ်မိရပ်ဖများဖြစ်ကြသော ဦးအောင်သန်းညွန့်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးလွင်၊ ပုသိမ်မြို့မှ ဦးမင်းလွင်၊ ဒေါ်စန်းမြင့်(မောနင်းစတားစတိုး) မိသားစုတို့က အာဟာရဒါနလှူဒါန်းကျွေးမွေးဧည့်ခံခဲ့ကြသည်။ သံကြိုးလမ်းရွာကျောင်းဖြစ်သော ဓမ္မဝိဇယရာမကျောင်းတိုက် ဆရာတော်အရှင်ဉာဏိယမှလည်း ရပ်သူရပ်သားများ၏ လိုအပ်ချက်များကို ရှုဒေါင့်စုံမှ အားဖြည့်ကူညီပံ့ပိုးလျက် စေတီတည်ဆောက်ရေးကို အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့ကြပါ၏။

အမှန်ဆိုလျှင် စေတီတည်ရန် ဒေသခံတို့နှင့် ပုသိမ်မြို့ပေါ်ရှိ ဒါယကာ၊ ဒါယိကာမများထံ အလှူခံကာ အဆင့်ဆင့်တည်ဆောက်မည်ဟု ရည်ရွယ်ထားခဲ့သော်လည်း ဟိုင်းကြီးကျွန်းဆီ အလည်အပတ်ရောက်ခဲ့သော ဘုရားဒကာ အလှူရှင်ကြီးက တောင်ကုန်းမြင့်မြင့်ပေါ်ရှိ ထိုစေတီကို အပြီးအစီး တာဝန်ယူတည်ဆောက်ခွင့်ပြုရန် ဆရာတော်ထံ လျှောက်ထားတောင်းဆိုခဲ့ပေသည်။ နေရာအနေအထားအရ စေတီတော်တည်ရန် လိုက်ဖက်ညီလှသော အဝိုင်းအဝန်းလေးဖြစ်နေခြင်း၊ ကားလမ်းနှင့်ကပ်လျက် တောင်ကုန်းတွင် တည်ထားလျှင် အားလုံးမြင်တွေ့ဖူးမြော်နိုင်ခြင်းတို့ကြောင့် ဖြတ်သွားမိခဲ့ရင်း သဒ္ဓါတရားတိုးပွား၍ကာ လှူဒါန်းရန်ဆန္ဒဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။

သို့နှင့်ပင် နာယကဆရာတော်၊ အလှူဒါယကာနှင့် စေတီတည် ဆောက်မည့်ပညာရှင်တို့ တိုင်ပင်ခဲ့ကြပြီး အမြင့် ၂၇ တောင် ရွှေတိဂုံပုံတူ အောင်သိဒ္ဓိတတ်ပေါင်းစုံ စေတီတည်ရန် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ၁၁. ၄. ၂၀၁၄ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြပါသည်။

စေတီ တည်ဆောက်ဆဲကာလက တံခွန်တိုင်စိုက်ရန် မြေကြီးတူးဖော်ခဲ့ရာတွင် ဒက္ခိဏာသာခါ ရုပ်ပွားတော်တစ်ဆူ ပွင့်တော်မူခဲ့သည်။ ဂေါပကလူကြီး ဦးအောက်ဆိုက်ကြီး တောင်ပေါ်တွင် ‘ညအိပ်နေစဉ်’ ကောင်းသောနိမိတ်၊ အိပ်မက်များ မြင်မက်ခဲ့ရပြီး ဘိုးတော်ပွင့်၊ ဘိုးဘော်ဖြူ၊ သိုက်နန်းရှင်များကပါ လာရောက်စောင့်ရှောက်နေကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။ စေတီတော်နှင့် လိုအပ်ချက်ရှိခဲ့၍ ရေတွင်းတူးဖော်ခဲ့စဉ်တွင်လည်း ထူးဆန်းလှသော ဩဇာသီးသဏ္ဍာန် အဖြူရောင် ကျောက်အမြုတေတစ်လုံးကို ရခဲ့ကြသည်။ ဖြူဖွေးလှပြီး ဩဇာသီးအရွယ်၊ ဩဇာသီးပုံ ကျောက်အမြုတေလေးသည် ကျန်းမာရေးအတွက် လိုသလိုသုံးစွဲနိုင်ကြောင်း သံကြိုးလမ်းရွာရှိ အဘိုးဘိုးတော်မောင်ဖြူက နိမိတ်အိပ်မက်အရ ရှင်းလင်းခဲ့ရာ ဗိုက်အောင့်သူ၊ မျက်စိနာသူ၊ မီးမဖွားနိုင်သူမိန်းမများ ရေစိမ်သောက်ခြင်းဖြင့် ပျောက်ကင်းကြရပေသည်။



အောင်သိဒ္ဓိ ဆုတောင်းပြည့်စေတီတည်ရန် မြေပန္နက်တင်ခဲ့ပြီး နေ့ရက်တစ်ရက်ကလည်း ရွာသားဦးတင်ဝင်း ဦးဆောင်သော လူငယ်လေးများအဖွဲ့ ရာသီပေါ်မှုနုတ်ရန် တောင်ပေါ်တက်ခဲ့ကြသည်။ တောတောင်တွင် ပျော်ပျော်ပါးပါး မှိုရှာပြန်ခဲ့ကြပြီး ပတတ်စာတောင် (ယခု ဇေယျ သိဒ္ဓိတောင်)ထိပ်အရောက် စေတီတည်ထားရန် နေရာသတ်မှတ်ထားပြီး မြေပြင်ကျယ်တွင် တစ်ပိုင်း

www.burmeseclassic.com


ဌာပနာတိုက်သို့ လက်ဆင့်ကမ်း

အဖြူ၊ တစ်ပိုင်းအညိုရင့်ရောင်ရှိ ဂမ္ဘီရမှိုပွင့်ကြီးတစ်ပွင့်ကို တွေ့မြင်လိုက်ကြရသည်။ ထိုမှိုပွင့်ကြီးကို ရိုရိုသေသေ ယူဆောင်ခဲ့ကြ၍ သံကြိုးလမ်းကျေးရွာကျောင်းတိုက် ခမ္မဝိဇယရာမကျောင်း ဆရာတော်ထံ အပ်နှံထားခဲ့ကြပါ၏။ ဆရာတော်မှ ...

"အင်မတန်မှ သန့်စင်မွန်မြတ်တဲ့ မြေပေါ်က ထွက်လာတဲ့ အတိတ်နိမိတ်ကောင်းပဲဖြစ်တယ်။ ဒါက စေတီတည်ဖို့ ရည်ရွယ်ထားပြီးကာလမှာမှ ပွင့်ပေါက်လာတဲ့ ဂမ္ဘီရမှိုပွင့်လို့ နာမည်ပေးရမယ်"ဟု မိန့်မြွက်ခဲ့သည်။ ပြီးနောက် မင်္ဂလာအောင်မြေဆရာတော်ထံ ဆက်ကပ်ခဲ့ပြီး စေတီဌာပနာတိုက်ထဲ ထည့်သွင်းပူဇော်ရန် သဘောတူညီမှု ရခဲ့ပေသည်။

ဆက်လက်၍ အောင်သိဒ္ဓိစေတီတည်ခဲ့ကြကာ အကြမ်းထည်ပြီးစီးချိန် ကာလတစ်ခုတွင် အလယ်ပစ္စယံဖောင်းရစ်များ ဆေးကြောသန့်စင်နေခိုက် ရွာသူမိန်းကလေးတချို့က စေတီအထွတ်များပေါ် တက်နေသည့် လုပ်အားပေးရွာသားများကို ရေပုန်းများ လက်ဆင့်ကမ်းပေးနေစဉ် အထက်ပိုင်းမှ ကိုသန်းအေးဆိုသူက အလန့်တကြား ပြောဆိုလိုက်သည်။

"ဒီမှာဟေ့ ...ဖောင်းရစ်ကိုးလုံးမှာ ပထမနဲ့ ဒုတိယဖောင်းရစ် လိုင်းကြားမှာ ဒိုးလုံးသောက်ရှိတဲ့ ခရုလေးတစ်ကောင် ကပ်နေတယ်။ သူက ကျောက်သားပကတိနဲ့ ကျောက်ခရုလေးပဲ။ ချော့ကွတ်နေတာပဲ။ ခွာလိုက်ရမလား"

ထိုသူက ခွာလိုက်ရမလားဟု နှုတ်မှပြောဆိုသော်လည်း လက်တွေ့တွင် သာမန်လက်နှင့် ခွာထုတ်ယူ၍ မရဘဲ ဖြစ်နေသည်။ သို့နှင့်ပင် ဂေါပကလူကြီးများထံမှ ခွင့်တောင်းခဲ့ရာ –

"ဖြည်းဖြည်းချင်း ခွာယူပါကွာ။ စေတီအချောကိုင်ထားတဲ့ ဖောင်းရစ်တွေ မကျိုးမပဲ့အောင် သန်လျက်နဲ့ဖြစ်ဖြစ် ခွာယူလိုက်ပါလား"ဟု ဆိုလာသည်။

သို့နှင့်ပင် ပန်းရန်ဆရာကိုင် သန်လျက်နှင့် ကိုသန်းအေးက ရိုက်ခွာထုတ်ယူခဲ့ရသည်။



ဘုရားဒကာ ဦးအောင်သိန်း ဌာပနာပိတ်သွင်းမည့် ဆံတော်လေးဆူကို ဆရာတော်ထံ ဆက်ကပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလှူရှင် ဦးကျော်ဇေယျ

ထိုကျောက်ခရုလေးကလည်း အထူးတဆန်းဖြစ်ရပ်များကို သယ်ဆောင်ယူလာခဲ့ပါသည်။ ဆီးပူညောင်းကျ၊ ဝမ်းပျက်၊ ဝမ်းလျှောလှူနာများက ခရုငယ်ကို ရေစိမ်သောက်ခြင်းဖြင့် ပျောက်ကင်းကြရသည်။ မျက်စိနာသူများက ရေစိမ်၍ မျက်စဉ်းခတ်ခြင်းဖြင့် သက်သာမှုရကြသည်။ ရွာသားတစ်ဦး တောကင်းကြီးအကိုက်ခံရ၍ ခြေထောက်ရောင်ရမ်းနေခဲ့ရာ ခရုငယ်ကို ကျောက်ပျဉ်ပေါ်တွင် ရေနှင့်သွေးလိမ်းရုံမျှနှင့် ရောဂါချက်ချင်း ပျောက်တင်းရပေသည်။

ထိုသို့ ထူးခြားဆန်းကြယ်ဖြစ်ရပ်များနှင့် အောင်သိဒ္ဓိဓာတ်ပေါင်းစု စေတီတော်သည် ရွှေဆေးရောင်တော်ဖွင့်ပြီးသည်အထိ တစ်နှစ်ကျော်ကာလတွင် ပြီးစီးခဲ့ရသည်။

လှိုင်သာယာ၊ (၁)ရပ်ကွက်နေ စာရေးသူ၏မိတ်ဆွေ ဦးအောင်စိုးက ၁၃. ၄. ၂၀၁၅ ရက်နေ့တွင် ကိုယ်တိုင်ဖိတ်စာပေးခဲ့၍ အောင်သိဒ္ဓိဓာတ်ပေါင်းစုစေတီ ရွှေထီးတော်တင်ပွဲ ဖိတ်စာရခဲ့သည်။ စေတီထီးတင်အလှူပွဲကို ရန်ကုန်မြို့မှ အဖွဲ့လိုက် ကားနှင့်သွားရောက်ကြမည်ဖြစ်ရာ စာရေးသူအား ခုံနေရာတစ်နေရာပေးထားပြီးဖြစ်ကြောင်း လိုက်ဖြစ်အောင်လိုက်ပါပေးရန် ဖိတ်မန္တက ပြုခဲ့ပါသည်။

ထို့ကြောင့် မော်တင်စွန်းဒေသဘက် မရောက်ခဲ့ဖူးသောမိမိ ထိုခရီးစဉ်တွင် လိုက်ပါရန်အကြောင်း တိုက်ဆိုင်ခဲ့ပါသည်။ ဧပြီ ၃၀ ရက်ည ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၀) ရပ်ကွက်၊ ရောဝတ်သစ်စက်အနီးမှ ထွက်ခွာမည့် အဝေးပြေးခရီးသွား ကားကြီးနှင့် စာဘင်ထွက်ခွာခဲ့သည်။ ထိုခရီးစဉ်တွင် ရွှေပြည်သာမှ မိမိနှင့် ကိုအောင်ညွန့်တို့သည် မဟာအောင်ဗောဓိအနန္တသိဒ္ဓိရှင် ထီးတင်အဖွဲ့သားများနှင့် အတူ လိုက်ပါခွင့်ရခဲ့ခြင်းပင် ဖြစ်ပါသည်။ ည ၈ နာရီ စထွက်ခဲ့သော အဝေးပြေးကားကြီး 8J/2538 က မော်တင်စွန်းနှင့် ဟိုင်းကြီးလမ်းခွဲသို့ နံနက် ၆ နာရီခန့်တွင် ရောက်ရှိခဲ့သည်။ ဟိုင်းကြီးလမ်းအူကြောင်းကို ရွေးချယ်မောင်းခဲ့ကာ ခဏအတွင်းမှာပင် အောင်သိဒ္ဓိစေတီအနီးသို့ ရောက်ခဲ့ကြပါ၏။

အလှူတော်မင်္ဂလာ အစီအစဉ်က နှစ်ရက်ကျင်းပပြုလုပ်ရန် စီစဉ်ထားသည်။ ပထမနေ့ရက် ၁. ၅. ၂၀၁၅ သောကြာနေ့နံနက်တွင် ဌာပနာပိတ်ပူဇော်ပွဲကို ကျင်းပမည်ဟု သိရှိ ရသည်။ ၂. ၅. ၂၀၁၅ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့အချိန်အခါတွင် ထီးတင်ပွဲမင်္ဂလာကို ကျင်းပမည်ဖြစ်ပါသည်။ မေလ ၁ ရက် နံနက် ၇း၃၀ နာရီတွင် ဌာပနာပိတ်ပွဲ အခမ်းအနားကို သီးသန့်တည်ဆောက်ထားသော ယာယီမဏ္ဍပ်၌ စတင်ကျင်းပခဲ့ရာ သက်တော်ရှည် ဆရာတော်ကြီး ဘုရင်ချောင်းကျောင်းသစ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ အလှူရှင် ဦးအောင်သိန်း၊ ဒေါ်စိန်စိန်မြင့်၊ ဟိုင်းကြီးမြို့ ပမ္မာဝတီရေတပ်ဌာနချုပ် ဌာနချုပ်မှူးနှင့် အရာခံဝန်ထမ်း



ဦးအောင်စိုး၊ အဆိုတော် ဆိုတေး နှင့် ဦးငွေအောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

မိသားစုများ၊ အလှူရှင်များက ဌာပနာသွင်းပူဇော်ကြမည့် မြတ်ဗုဒ္ဓဆံတော်လေးဆူ၊ သရီရဓာတ်တော်များ၊ ရုပ်ပွားဆင်းတုတော်များ၊ ရတနာရွှေငွေပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်ကြခြင်း၊ စေတီတော်အား လက်ျာရစ် သုံးကြိမ်လှည့်လည်ပူဇော်ခဲ့ကြ၍ မဟာအောင်ဗောဓိ အနန္တသိဒ္ဓိရှင်ထီးတင်အဖွဲ့၏ ပွဲဦးဆောင်ရွက်မှုများဖြင့် အထက်ဌာပနာတိုက်ကို ပိတ်သွင်းခဲ့ကြပါသည်။ ဌာပနာပိတ်သွင်းခြင်း အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများရွာ သွန်းဖြိုးပေးခဲ့ပြီး အောင်မြင်မှုအထိမ်းအမှတ် မီးရှူးမီးပန်းများ ဖောက်လွှတ်ခဲ့ကြပေသည်။ ပြီးနောက် သံဃာတော်များကို ဆွမ်းကပ်ခြင်း၊ ကြွရောက်လာသည့် ဧည့်ပရိသတ်အပေါင်းတို့အား နေ့လယ်စာနှင့် တည်ခင်းဧည့်ခံကျွေးခဲ့ကြသည်။

ထိုနေ့ညနေဘက်တွင်မူ အလှူမင်္ဂလာဧည့်ခံမဏ္ဍပ်မှ မိမိတို့ထီးတင်အဖွဲ့ဝင်များနှင့် အဆိုကျော်များကို ညနေစာနှင့် ဧည့်ခံကျွေးမွေးခဲ့ပြီး ကျိုက်လတ်မြို့ ဆိုင်းဆရာမျိုးကိုကို၊ မဟာအောင်ဗောဓိသိဒ္ဓိရှင် ထီးတင်အဖွဲ့မှ ရှမ်းရိုးရာဓားသိုင်းအက၊ သိုင်းစွမ်းရည်ပြသခြင်း၊ ရုပ်ကြီးစင်ပညာရှင်၏ အကပဒေသာတို့နှင့် ရွာခံပရိသတ်ကို ဖျော်ဖြေပေးခဲ့ကြသည်။ ဆက်လက်၍ ဂီတမျှူးရဲလေးအဖွဲ့မှ တီးခတ်၍ အဆိုတော် ဆိုတေး၊ ကောင်းဆက်နိုင်နှင့် ဟံသာတ ထွန်းရင်လေးတို့ကလည်း သီချင်းများနှင့် သီဆိုဖျော်ဖြေမှုပြုခဲ့ပါသည်။

မေလ ၂ ရက်၊ ကဆုန်လပြည့်နေ့ နံနက်ပိုင်းတွင် ထီးတင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။ ပင့်သံဃာ ၄၅ ပါး၊ ဖိတ်ကြားထားသူ အလှူရှင်များနှင့် ရွာသူရွာသားများ စုံလင်စွာရောက်ရှိချိန် နံနက် ၈ နာရီတွင် အခမ်းအနားကို စတင်ကျင်းပခဲ့ရာ သက်တော်ရှည် ကညင်ချောင်းကျောင်းသစ် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။ ပြီးနောက် အလှူရှင်များက တင်လှူပူဇော်မည့် ရွှေထီးတော်များကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ခဲ့သည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး သံဃာနာယက ဥက္ကဋ္ဌဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယမှ သာဓုအနုမောဒနာတရား ဟောကြားတော်မူခဲ့ပြီး ဒေဝါစင်း၊ ရာဇာဝင်း ခြံရံလျက် ရွှေထီးတော်အဆင့်ဆင့်ကို စေတီလက်ျာရစ် သုံးကြိမ်လှည့်လည်ပူဇော်ခဲ့ပြီး မဟာအောင်ဗောဓိ အနန္တသိဒ္ဓိရှင် ထီးတင်ကုသိုလ်တော်အဖွဲ့က ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တစ်ဆင့်ချင်း ရထားပျံနှင့် တင်လှူပေးခဲ့ပြီး အလှူရှင်ဦးအောင်သိန်းနှင့် ဒေါ်စိန်စိန်မြင့်တို့၏ သားအကြီး ဦးကျော်ဇေယျနှင့် မင်္ဂလာအောင်မြေဆရာတော်တို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးခဲ့ကြပေသည်။

ပင်မစေတီ ရွှေထီးတော်တင်လှူအပြီး အရံစေတီရှစ်ဆူကိုပါ ထီးတင်ပေးခဲ့ကြကာ သံဃာတော်များသို့ နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဧည့်ပရိသတ်အပေါင်းကို နတ်သုဓာထမင်းနှင့် ရေခဲမုန့်များ ကျွေးမွေးဧည့်ခံခဲ့သည်။ နေ့လယ် ၁၂း၃၀ နာရီတွင် မင်္ဂလာအောင်မြေကျောင်းတိုက် ဆရာတော်ဦးဆောင်သော သံဃာတော်အပါး ၃၀ ကျော်က ဗုဒ္ဓဘိသေက ဘုရားအနေကဇာတင်ခြင်းကို ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိသိမြင်ရခဲ့ပါသည်။

မည်သို့ဆိုစေ မဟာမင်္ဂလရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီနှင့် မဝေးလှသော ဒေသတစ်ခုဖြစ်သည့် ဟိုင်းကြီးတံတားအနီး ကျောက်ချောင်းအုပ်စု၊ သံကြိုးလမ်းရွာထိပ် ဇေယျသိဒ္ဓိတောင်ကုန်းပေါ်တွင် ဆံတော်၊ ဓာတ်တော်များ ပေါင်းစုဌာပနာထားခဲ့သည့် အောင်သိဒ္ဓိဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော်ကြီးကို ဖူးတွေ့ကြည်ညိုနိုင်ကြပြီဖြစ်ကြောင်း ဖော်ပြပေးလိုက်ရပါသည်။

တောင်ပေါင်း ၁၀၀ ရှိသော်လည်း စေတီတစ်ဆူတည်ဖို့ မလွယ်ကူလှပါ။ ယခုအခါ တောင်ကုန်းမြင့်မြင့် လမ်းနှင့်လည်း မဝေးလှသောဒေသ၌ ဦးဆောင်နာယက ဆရာတော် စေတီလှူဒါန်းသည့် ဘုရားဒကာတို့ သဒ္ဓါတူညီသော စိတ်ထားမြတ်တို့နှင့် စုပေါင်းတည်ထားခဲ့ရာမှ တောင်ကုန်းနှင့်စေတီ ပန်းရသော ရွှေဟောင်ကြီးကို ထင်ရှားတွေ့မြင်ကြရမည် ဖြစ်ပါသည်။

ဤခရီးစဉ်အတွက် သွားလာရေးစီစဉ်ပေးသော လှိုင်သာယာမှ ကိုအောင်စိုး၊ ဆရာဦးဌေးအောင်ကျော်နှင့် အနန္တသိဒ္ဓိရှင် ထီးတင်ကုသိုလ်တော်အဖွဲ့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။

**ကိုမိုး(ရွှေပြည်သာ)**

ကိုးကား ။ ။ အောင်သိဒ္ဓိ ဆုတောင်း ပြည့်စေတီတော် သမိုင်းမှတ်တမ်းတင်ဆောင်းပါးပေါင်းချုပ်(ပုသိမ်မင်းလွင်)

www.burmeseclassic.com

www.burmeseclassic.com

# လရောင်ဆမ်းသည့် ပန်းကလေးများ သို့ မင်္ဂလာ ပရဟိတလူငယ်ဖွံ့ဖြိုးရေးဂေဟာ

တင်စန္ဒာ

ကျွန်မနှင့် ဂီတမိတ်ဆွေဖြစ်သည့် အဆိုတော်ဇော်မင်းဟန်(ကိုဟုတ်စိန်)က မိဘမဲ့ ပရဟိတဂေဟာတစ်ခုသို့ သွားရောက်မည်ဖြစ်၍ လိုက်ပါရန် ဖိတ်ကြားခဲ့ပါသည်။ ကိုဇော်မင်းဟန်မှာ သစ်လုပ်ငန်းဌာနမှ အငြိမ်းစားဝန်ထမ်းဟောင်းတစ်ဦးဖြစ်ရာ ယခင်သူလုပ်ကိုင်ခဲ့သည့် ရွှေပြည်သာ ဝါးတစ်ရာအရပ်ရှိ အခြေခံစက်မှုဇုန်နယ်မြေမှ အမှတ်(၃)၊ အမှတ်(၄)၊ အမှတ် (၆) သစ်စက်နှင့် TPS(ကုမ္ပဏီ)တို့မှ ဝန်ထမ်းများစုပေါင်း၍ တွံတေးမြို့နယ်၊ ဘုရားကြီးကျေးရွာရှိ မိဘမဲ့ဂေဟာသို့ သွားရောက်၍ ငွေနှင့် အစားအစာ၊ အဝတ်အထည်များ လှူဒါန်းမည်ဟု သိရပါသည်။ ကျွန်မမှာ ပရဟိတလုပ်ငန်းကို စိတ်ပါဝင်စားသူတစ်ဦးဖြစ်ရာ ကိုဇော်မင်းဟန်တို့အဖွဲ့နှင့် လိုက်ပါသွားရန် ဆုံးဖြတ်ချက်ချလိုက်ပါသည်။

ဤသို့ဖြင့် ၂၄-၅-၂၀၁၅ ရက် တနင်္ဂနွေနေ့ နံနက်စောစောတွင် ရွှေပြည်သာ ဝါးတစ်ရာမှထွက်ကာ တွံတေးမြို့နယ်ဆီသို့ ကားများဖြင့် ဦးတည်လာခဲ့ကြပါသည်။ ကျွန်မတို့အဖွဲ့တွင် လှူ





www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော် အင်းလေးဒေသမှာ ခရီးသွားရသည်မှာ လွတ်လပ်သည်။ လန်းဆန်းသည်။ သန့်ရှင်းလတ်ဆတ်သော လေနုအေးကို တဝကြီး ရှူရှိုက်ရပါသည်။ ရှုမငြီးဖွယ်ရာ သာယာလှပသော မြင်ကွင်းများက စိတ်ကို အလွန်ပင် ဆွဲဆောင်လှပါသည်။ ခရမ်းချဉ်သီး၊ ခရမ်းသီး စသည့် သီးနှံများ စိုက်ပျိုးထားသည့် ရေမျောကျွန်းများကိုလည်း တွေ့ရသည်။ အင်းလေးရေကန်ကို ညစ်နွမ်းစေမည့် ဓာတ်မြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကိုတော့ သတိထား ဆင်ခြင်ကြရပါမည်။ အင်းလေးဒေသမှာ တောတောင်သစ်ပင်များသာမက ငှက်မျိုးစိတ်၊ ငါးမျိုးစိတ်များကိုလည်း ထိန်းသိမ်းကြဖို့ လိုအပ်လှပါသည်။ အင်းလေးကန်သို့ ရေစီးဝင်နေသော ချောင်းများသည် နုန်းမြေပို့ချမှုများနေသည်။ သစ်တော်များ ပြုန်းတီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းတို့ကြောင့် အင်းလေးဒေသမှာ မိုးရွာသွန်းမှု လျော့နည်းလာသည်။ ဂေဟစနစ် ပျက်သုဉ်းလာသည်။ ၂၀၁၀ ပြည့်နှစ်က အင်းလေးကန်၌ ရေလုံးဝခန်းခြောက် ခြင်းဖြစ်ပြီးနောက် နှစ်စဉ် နွေရာသီရောက်ရှိလာပါက ကန်အတွင်း ရေလျော့နည်းမှုများ ဖြစ်ပေါ်လာနေသည်။

စက်လှေသည် ကန်အတွင်း တရိပ်ရိပ်ပြေးနေသည်။ ရှေ့တွင် ဖောင်တော်ဦး စေတီတော်မြတ်ကြီးအား အဝေးမှ ဖူးမြော်ခွင့်ရပါသည်။ မိုးကောင်းကင်တိမ်တွေက နေပူဒဏ်ကို ကာကွယ်ပေးထားကြသည်။ တိုင်းရင်းသားများနှင့် ကမ္ဘာလှည့်ခရီးသည်များသည် အင်းလေးကန်အတွင်း စက်လှေများဖြင့် လွတ်လပ်စွာ သွားလာနေကြသည်။ ရေပေါ်အိမ်သာစနစ် သုံးစွဲနေကြသေးသည့် ရေပေါ်အိမ်လေးများကို တွေ့ရသည်။ ရေပေါ်အိမ်သာစနစ်ကိုတော့ ပြုပြင်နိုင်ဖို့ လိုအပ်နေပါသည်။

ကားလမ်းကို ဆက်သွယ်ထားသည့် မော်ဘီတံတားကို ကျော်လာခဲ့သည်။ ဘီလူးချောင်းကို ဖြတ်သန်းရသည်။ ဘေးဝဲယာတောင်တန်းများတွင်တော့ ရှေးဟောင်းဘုရားစေတီပုထိုးများကို ဖူးမြော်ကြရသည်။ ထို့နောက် အလွန်ကျယ်ပြောသော စကားအင်းကြီးကို ရောက်ကြသည်။ ထိုစကားအင်းကြီးသည် ၂၀၀၂ ခုနှစ်ကတော့ ရေများအားလုံး ခန်းခြောက်သွားသည်ဟု ဆိုသည်။ ငါးနာရီခန့် ရေစုန်ဆင်းလာပြီးနောက် စကားအင်းကြီးအဆုံးတွင် ရေပတ်လည်ဝိုင်းနေသော လွယ်နွဲ့ဘုရားတောင်ရေဆိပ်ကို ရောက်ရှိကြပါသည်။ ထိုမှဆက်၍ စုန်ဆင်းပါက ဖယ်ခုံအင်း၊ မိုးဗြဲဆည်တို့သည်ကား ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်မြောက်ပိုင်းတို့၏ နယ်စပ်အစွန်ဒေသများ ဖြစ်ပါသည်။ ထိုမှတစ်ဆင့် လောပိတရေအားလျှပ်စစ်နှင့် လွိုင်ကော်မြို့များသို့ ခရီးစဉ်ဖြစ်ပါသည်။

ဤဒေသသည် တစ်ချိန်က ပြည်တွင်းစစ်များ ဖြစ်ပွားခဲ့ကြ၍ နယ်မြေအေးချမ်းမှု မရှိခဲ့ကြပေ။ ဤတောင်ကုန်းများသည် အစိုးရနှင့် သူပုန်တို့ ပစ်ကြခတ်ကြ၊ တိုက်ခိုက်ကြသည့် နေရာများ ဖြစ်ခဲ့ကြပါသည်။ ယခင်က ဤဒေသသည် ရပ်ရွာနယ်မြေ အေးချမ်းသာယာခြင်း မရှိခဲ့ကြပေ။ ဒေသအတွင်း ရွာပြောင်းရွာရွှေ့ကာလ၊ ပေါ်တာထမ်းကြရခြင်း၊ ရွာကင်းစောင့်ကြရခြင်း၊ ဖြတ်လေးဖြတ်နှင့် ကြုံတွေ့နေကြရသော ကာလဖြစ်ခဲ့ပါသည်။ ထို့ကြောင့် "သေချင်လျှင် စိန်မစားနဲ့ စကားကိုသွား"ဟု အဆိုရှိခဲ့ခြင်း ဖြစ်ပါသည်။ ယခုတော့ ငြိမ်းချမ်းရေးရယူပြီးနောက်မှာတော့ ရပ်ရွာနယ်မြေ အလွန်အေးချမ်းသာယာနေပါသည်။

လွယ်နွဲ့တောင်သည် ခမောက်ပုံသဏ္ဌာန် ရှိပါသည်။ တောင်ထိပ်တွင် ရွှေရောင်ဘုရားတစ်ဆူနှင့် ဧက ၃၀ ကျော် ကျယ်ဝန်းသော လွယ်နွဲ့ဘုန်းကြီးကျောင်းဝန်း ရှိပါသည်။ လွယ်နွဲ့ဘုရားတောင်ရေဆိပ် လူငယ်ပရဟိတကျောင်းသည် ယင်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းတွင် တည်ထောင်ထားပါသည်။ ယင်းပရဟိတ ကျောင်းပညာရေးကို တည်ထောင်တော်မူခဲ့သော ဆရာတော်ကြီးမှာ 'ဦးသုဝဏ္ဏ' ဖြစ်ပါသည်။

ဆရာတော်ဘုရားသည် ပင်လောင်းမြို့နယ်၊ နောင်ပီးကျေးရွာအုပ်စု၊ အိမ်ထောင်စု ငါးစုသာရှိသော လင်ဖုံကျောက်ဆောင်ရွာငယ်တွင် ဖခမည်းတော် ဦးခဲ၊ မယ်တော် ဒေါ်မွိုးပွယ်တို့မှ ၁၃၂၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ သောကြာနေ့တွင် မွေးဖွားခဲ့သည်။ ၁၃၂၈ ခုနှစ် ကိုးနှစ်သားအရွယ်တွင် ရှင်သာမဏေဘောင်သို့ ရောက်ရှိပြီး ၁၃၃၉ ခုနှစ်၊ တပေါင်းလတွင် ရဟန်းဘောင်သို့ ရောက်ရှိခဲ့ပါသည်။ သက်တော် ၅၇ နှစ်၊ ဝါတော် ၃၇ ဝါ ဖြစ်ပါသည်။ ဤဒေသခံများသာမက လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် ဆရာတော်ကြီးကို အလွန်ပင် ကြည်ညို



www.burmeseclassic.com

www.burmeseclassic.com

လေးစား ရှိသေကြပါသည်။ ပရဟိတကျောင်းတည်ထောင်ရသော ဆရာတော်ကြီး၏ ရည်ရွယ်ချက်မှာ -

(၁) တောင်ပေါ်ဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် ခေတ်ပညာတတ်မြောက်မှု နည်းသဖြင့် ဘက်စုံဖွံ့ဖြိုးမှုလည်း နောက်ကျခဲ့သည်။

(၂) အကြောင်းအမျိုးမျိုးကြောင့် နယ်မြေအေးချမ်းမှု မရှိသဖြင့် အချို့သောရွာများသည် မူလတန်းကျောင်းမရှိ၊ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးဖြင့် မူလတန်းကျောင်း ကြိုးစားဖွင့်နေကြရသည့် ရွာများလည်းရှိခဲ့သည်။

(၃) ရွာဦးကျောင်း ဆရာတော်ဘုရားနှင့် အမြော်အမြင်ရှိ ကျေးရွာလူကြီးများ မိမိတို့ရပ်ရွာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ကလေးသူငယ်များကို အရပ်တစ်ပါးသို့ ပညာသင်အပ်နှံပေးလိုကြသော်လည်း မိဘများ စီးပွားရေးအဆင်မပြေကြသဖြင့် မထားနိုင်ကြ။ စီးပွားရေးအသင့်အတင့်အဆင်ပြေမှုရှိသူများလည်း သားသမီးများမှာ လမ်းခရီးအန္တရာယ်များကြောင့် ပညာရေးမြှင့်တင်ရန် အခက်အခဲအမျိုးမျိုး တွေ့နေကြရသည်။

(၄) ပညာမတတ်ကြသဖြင့် လူ့အခွင့်အရေး ဆုံးရှုံးကြရသည်။ အုပ်ချုပ်သူ လူတန်းစားနှင့် အုပ်ချုပ်ခံ လူတန်းစားနှစ်ရပ်တွင် တစ်စိတ်တစ်ဒေသအားဖြင့် ပညာအဆင့်အတန်းကွာဟမှု အနည်းငယ် မြင်တွေ့ခံစားရသည်။ လွတ်လပ်ရေးနှင့်အတူပါလာသော ပြည်တွင်းတော်လှန်ရေးသမားအချို့သည် လိုရာဆွဲမရသည့် ပြည်သူများကို ကြိုးနီစနစ်ကျင့်သုံး၍ နည်းအမျိုးမျိုးဖြင့် ညှဉ်းဆဲလေ့ရှိသည်။ အချို့သော နိုင်ငံတော်တပ်ဖွဲ့တို့ကလည်း အစွန်းရောက်တော်လှန်ရေးသမားကျင့်သုံးသည့် နည်းဗျူဟာဖြင့် စစ်အောင်နိုင်ရေးအတွက် ပြန်လည်ကျင့်သုံးသည့်အခါ ပညာမတတ်သည့် တောနေလူတန်းစားများစွာ နစ်နာကြရသည့် အတိတ်ကာလဖြစ်ရပ်သည် တိုင်းပြည်နှင့် လူမျိုးများစွာ နစ်နာခဲ့သည်။

ပညာမတတ်ကြသဖြင့် နစ်နာခဲ့သော အဖြစ်အပျက်များကို နိုင်ငံတော်အကြီးအကဲသိရန် မတင်ပြနိုင်ခဲ့ပါ။ နိုင်ငံနှင့်အဝန်း တန်းတူသည့်ပညာ အသိဉာဏ်ရှိကြလျှင် အချင်းချင်း နိုင်ထက်စီးနင်းမရှိကြဘဲ အေးချမ်းစွာ နေထိုင်ပြီး ညီအစ်ကိုမောင်နှမအရင်းပမာ ချစ်ခင်စွာ နေထိုင်နိုင်ကြလိမ့်မည်လို့ ယုံကြည်စွာ အတွေးဝင်ခဲ့သည်။ လူတိုင်း ပညာတတ်စေလိုသော ဆန္ဒပြင်းပြလာခဲ့သည်။

(၅) ၁၉၈၈ ခုနှစ်တွင် တစ်နိုင်ငံလုံး အုံကြွမှုဖြစ်ပေါ်လာသောအခါ သူသူငါငါ ဒီမိုကရေစီ၊ သူသူငါငါ လူ့အခွင့်အရေးဟူ၍ ကြွေးကြော်ကြသည်မှာ မိမိလည်း အပါအဝင်ဖြစ်သည်။ အဖိုးတန်သော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဖြစ်ပေါ်လာစေရန် ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်သည့်အခါ မှန်ကန်သော အသိဉာဏ်၊ အတွေးအခေါ်နှင့် ခေတ်ပညာတတ်မြောက်မှုသည် အဓိကဦးစွာ တည်ဆောက်မှ စစ်မှန်သော ဒီမိုကရေစီနှင့် တန်ဖိုးရှိသော လူ့အခွင့်အရေးဖြစ်ပေါ်လာလိမ့်မည်လို့ မိမိယုံကြည်ခဲ့သည်။ တိုင်းပြည်နှင့် လူမျိုး တိုးတက်ရန် အသိပညာရှင်၊ အတတ်ပညာရှင်များစွာပေါ်ထွန်းရန် လိုအပ်ပေသည်။

ဆရာတော်ဘုရားကြီးသည် လွယ်နွဲ့တောင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများ ဖွင့်ရန်အတွက် ၁၉၈၀ ကျော်ကပင် ကာ၊ ဉာဏ်၊ ဝီရိယ အရေးသုံးပါးကို အရင်းခံ၍ ကြိုးစားတော်မူခဲ့ပါသည်။ ၂၀၁၃ ခုနှစ် လွယ်နွဲ့တောင် အထက်တန်းကျောင်းကြီးကို အဆင့်ဆင့်ကြိုးစားပြီး ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဤဒေသက မူလတန်းအောင်လျှင် အလယ်တန်းသို့လည်းကောင်း၊ အလယ်တန်းအောင်လျှင် အထက်တန်းသို့လည်းကောင်း ကျောင်းတက်ကြရန်မှာ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး အလွန်ပင် ခက်ခဲကြမ်းတမ်းခဲ့ကြပါသည်။ ယခုအခါ လွယ်နွဲ့တောင် ပရဟိတကျောင်း၌ မှီခို စာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများမှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်နှင့် ညောင်ရွှေမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ နောင်တရားမြို့နယ်၊ ကျောက်တလုံးကြီးမြို့နယ်၊ လွိုင်ကော်မြို့နယ်၊ တောင်ကြီးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဒီမောဆိုမြို့နယ်၊ ပူဖွန်တောင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မကွေးတိုင်းမြို့နယ် စသည်တို့မှ ဖြစ်ကြသည်။ ပအိုဝ်း၊ ဓနု၊ လီဆူး၊ အင်းသား၊ တောင်ရိုး၊ ရှမ်း၊ ဗမာ စသည်ဖြင့် တိုင်းရင်းသားပေါင်းစုံတို့ ဆုံစည်းကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်း

www.burmeseclassic.com

သားတို့၏ ချစ်ခင်ယုံကြည်သော စိတ်ဓာတ်တို့ တိုးပွားစည်ပင်ရာ နေရာဌာနကြီးပေတော့သည်။

ဆယ်တန်းကျောင်းသူ၊ ကျောင်းသားများကို ကျွန်တော် သင်္ချာသင်ကြားရတော့ တိုင်းရင်းသားတောင်ပေါ်က ကျောင်းသူ၊ ကျောင်းသားလေးများသည် ရန်ကုန်မြို့ကြီးပြကြီးမှ ကျောင်းသားများနှင့်မခြား ဉာဏ်ရည်အလွန်ထက်ကြသည်ကို တွေ့ရပေသည်။ ယင်းကျောင်းသားများ၏ နေရေး၊ ထိုင်ရေး၊ စားရေးနှင့် ပညာသင်ကြားရေးကို ဆရာတော်ကြီးမှ တာဝန်ယူရသည်။ ယင်းတို့အတွက် စားစရိတ်တစ်ရက်ကုန်ကျမှုပေါင်းမှာ သုံးသိန်းခွဲခန့်ဖြစ်ပြီး တစ်နှစ်အတွက် ကုန်ကျမှုစာရင်းမှာ သိန်း ၁၀၀၀ ခန့် ဖြစ်ပါသည်။ ဆရာတော်သည် မိဘမဲ့ကလေးများ၊ အဖေရှိ၍ အမေမရှိသော ကလေးများ၊ အမေရှိ၍ အဖေမရှိသော ကလေးများ၊ ဆင်းရဲသားကလေးများကို အခမဲ့(Free) နေထိုင်ခွင့်၊ စားသောက်ခွင့်၊ ပညာသင်ယူခွင့်များပေးထားပေသည်။ တတ်နိုင်သော မိဘများကိုတော့ လှူဒါန်းခွင့်ပေးထားသည်။

ဤကျောင်းတိုက်မှာ လာရောက်မှီခိုသူအားလုံးသည် လူမျိုးခွဲခြားခြင်း၊ မျိုးနွယ်စုခွဲခြားခြင်း လုံးဝ မရှိကြပါ။ ကျောင်းသား၊ ကျောင်းသူများအားလုံးသည် ငါးပါးသီလ မြဲကြပါသည်။ လှူဒါန်းကြသူများမှာ မြန်မာပြည်သူများသာမက အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တရုတ် စသည့် နိုင်ငံခြားသားများပါ လှူဒါန်းနေကြပါသည်။ ယင်းတောင်၌ ရေသန့်စက်ရုံတစ်ခုကို အင်္ဂလန်က လှူဒန်းထားသည်ကို တွေ့ရပါသည်။ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်သည် ၂၄ နာရီလုံး မီးမပျက်ပါပေ။

ဆရာတော်ကြီး၏ ပညာရေးပရဟိတလုပ်ငန်းကြီးတွင် အစိုးရ၊ ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့၊ ရပ်မိရပ်ဖနှင့် အလှူရှင်များက စွမ်းစွမ်းတမံ ပံ့ပိုးခဲ့ကြသည်။ ပညာရေးညွှန်ကြားနိုင်သူများအစိုးရ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ/ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံးကလည်း ဆရာတော်ကြီး၏ ပညာရေးပရဟိတလုပ်ငန်းကြီးအတွက် ပါရမီဖြည့်ပေးနိုင်ကြဖို့ အထူးလိုအပ်လှပါသည်။ ပညာရေးပရဟိတ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြဖို့ အထူးလိုအပ်လှပါသည်။

မငြိမ်းချမ်းသောနယ်မြေကို ငြိမ်းချမ်းစေခဲ့ကြသည်။ မဖွံ့ဖြိုးသောဒေသကို ဖွံ့ဖြိုးစေခဲ့ကြသည်။ ပညာမတတ်သောဒေသကို ပညာတတ်စေခဲ့ကြသည်။ ခေတ်မမီသောဒေသကို ကမ္ဘာနှင့် ရင်ပေါင်တန်းရန် ကြိုးစားနေကြပေသည်။ ဆရာတော်ကြီး၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရားလေးပါး၏အောက်တွင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ငြိမ်းချမ်းနေကြသည်။

အပြန်တွင်တော့ စကားအင်း၊ ဘီလူးချောင်း၊ အင်းလေးဒေသနှင့် အရပ်ရှစ်မျက်နှာမှ ညို့မှိုင်းသော တောတောင်ရိပ်တွေက ဝေး၍ ဝေး၍ ကျန်ခဲ့ကြသည်။ မြေပြန့်သို့ ရောက်ခဲ့သော်လည်း တောင်ပေါ်ဒေသနှင့် တောင်ပေါ်က တိုင်းရင်းသား လူမျိုးများနှင့် ကျောင်းသူ၊ ကျောင်းသားများကို မမေ့နိုင်ခဲ့ပါ။ ဆရာတော်ကြီးအားလည်းကောင်း၊ ပရဟိတ ကျောင်းသူ၊ ကျောင်းသားများသည်လည်းကောင်း၊ တိုင်းရင်းသားများသည်လည်းကောင်း ကျွန်တော့်၏အမြင်အာရုံမှာ တရေးရေးမြင်ယောင်နေဆဲဖြစ်ပါသည်။

အင်းလေးဒေသမိုးသည် တဖွဲဖွဲနှင့် မစဲအောင်ရွာသည်ဟု ဆိုပါသည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်သည်ဟု အဆိုရှိပါသည်။ အင်းလေးဒေသမှာ တောတောင်သစ်ပင်တွေ စိမ်းလန်းပြီး မိုးတွေမှန်မှန်ရွာ၍ ရေတွေမခန်းခြောက်ဘဲ ရေတွေပြည့်ပြီး အစဉ်စိမ်းလန်းစေချင်လှပါသည်။ မြန်မာပြည်အနှံ့၊ ကမ္ဘာအနှံ့ စိတ်မကောင်းမှုများကင်းရှင်း၍ ငြိမ်းချမ်းသာယာလှပစေချင်လှပါသည်။

**သင်္ချာအောင်သင်း**

၀၉ ၄၂၀၄၂၃၃၂



www.burmeseclassic.com

www.burmeseclassic.com


# ပေါက္ခရဝတီနှလုံးသား

သိပ္ပံစိုးဝင်း(ပေါ်က္ခရဝတီ)

နှစ်ပေါင်း ၃၀၀၀ မွန်တို့ စံပျော်ရာနေရာ မွန်သုံးမျိုးရှိပါပေသည်။ သထုံမွန် 'တိ'၊ ဒဂုံမွန် 'ည'၊ ပုသိမ်မွန် 'စ'ဟု စကားနှင့်အညီ ဒဂုံမြို့ မွန်ညအနွယ် ဥက္ကလာပ မင်းကြီး စိုးစံတော်မူသည်။ သထုံမြို့တွင် မွန်တိအနွယ် ဘောဂသေတီသမင်းကြီး၏ ဖခမည်းတော် တိသရာဇာ မင်းကြီး' အုပ်စိုးစဉ် ပုသိမ်မြို့ မွန်စအနွယ် သီဟနန္ဒာ မင်းကြီး စိုးစံခဲ့ပေသည်။ ဤအချိန်တွင် တောကြီးတန်း ကွမ်းဒေးဆိုသည့်ရွာနှင့် ပေါက္ခရဝတီမြို့တို့ ရှိခဲ့သည်။ ပေါက္ခရဝတီမြို့သား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မဇ္ဈိမတိုင်းသို့ သွားရောက်ကုန်ရောင်းကြရာ မြတ်စွာဘုရားဆံတော်ကို ရရှိခဲ့ပေသည်။

ဆံတော်ဘုရားတည်ရှိရာ ကုန်းဘောင်တွင် ခမ်းနားစွာ တန်ဆောင်းဖြင့် ခေတ္တထားကာ အပူဇော်ခံ အထိမ်းအမှတ် ရွှေဆံတော်ဘုရားဟု ဘုရားဘွဲ့ဖြင့်တည်ခဲ့ပေသည်။

ထို့နောက်တွင် ဥက္ကလာပမင်းကြီးကိုယ်တိုင် ကြွရောက်ဖူးမြော်ကာ ဆံတော်ကို သိင်္ဂုတ္တရကုန်းတွင် ဘုရားတည်၍ ဤစေတီတော် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် ကြီးဖြစ်ခဲ့သည်။ ပုဂံနေပြည်တော်မှ ဘုရားများ၊ ဆင်ကျော့ရာနေရာထူးကြီး ဖြစ်ခဲ့ဖူးသည်။ ထို့အပြင် ယခု မောင်းတီးဘုရား ကြခတ်ဝါးရုံမင်းသမီးနန်းစံခဲ့ရာ မြို့တော်လည်း ဖြစ်ခဲ့သည်။ နရပတိစည်သူမင်းလက်ထက်၊ ဓမ္မဝိလာသတစ်ဦး ဖြစ်ပေသည်။ ရာဇဓိရာဇ် နတ်ရွာစံသော အခါ ဒလစားညီတော် ဗညားရန်သည် နောင်တော်ဗညားဓမ္မရာဇာအား ပုန်ကန်ခြားနားခဲ့ပြီး ဒလစား ဗညားရန်သည် အင်းဝဘုရင် သီဟသူအား စစ်ကူးတောင်းရာ၊ အင်းဝဘုရင်မှ ကူညီသဖြင့် နှမတော်ရှင်စောပုကို အင်းဝဘုရင်ထံ ဆက်သခဲ့ပါသည်။ ဒလစားဗညားရန်သည် ဟံသာဝတီ ထီးနန်းကိုစိုးစံသော မင်းကြီးဖြစ်လာခဲ့ရုံမျှမက နှမတော်ရှင်စောပုသည်လည်း နောင်အခါ ဟံသာဝတီနေပြည်တော်တွင် စိုးစံခဲ့သော တစ်ဦးတည်းသော ဘုရင်မဖြစ်ခဲ့ပါသည်။




ပေါက္ခရဝတီ
မြို့ဟောင်းဘုရား

www.burmeseclassic.com

ပေါက္ခရဝတီမြို့ခေါ် တွံတေးမြို့ ကွမ်းဒေးလို့ခေါ်တယ်။ မွန်စကား မြန်မာလို တောင်ကုန်းရွာခေါ်တွင်ပြီး ကွမ်းဒေးကနေ တွမ်တေးဖြစ်လာတယ်။ ကာလရွှေ့လျားပြီး ယခုတော့ တွံတေးဖြစ်လာတာ တွေ့ရှိရပါသည်။

ကြခတ်ဝါးရုံမင်းသမီးသည် သန်လျင်ရာဇဝင်မှာ လူသိများတဲ့ ရှင်မွေးနွန်းရဲ့ မယ်တော်ဖြစ်ပေသည်။ အချစ်နှင့်အိမ်ထောင်ရေး ကံဆိုးရှာသူတစ်ယောက်လည်း ဖြစ်ခဲ့သော ကြခတ်ဝါးရုံမင်းသမီးမှာ ဟိုရှေးတုန်းက ဒီတောကြီးမှာ စစ်ရှုံးတဲ့ဘုရင်ကြီးရဲ့သားတော်ဟာ ပုန်းအောင်းနေရပြီး မူလဇာတိရုပ်ပျောက်ကာ တောတွင်းသားအသွင်နဲ့ နေခဲ့ရပေသည်။ သူ၏နာမည်က မောင်ဒီဖြစ်ပေသည်။ ကစ်နေ့ သထုံဘုရင်ကြီး ခေါင်းကိုက်ဝေဒနာပျောက်အောင် မကုသနိုင်၍ ၎င်းဝေဒနာကို ပျောက်အောင်ကုသနိုင်သူကို သမီးတော်နှင့်ပေးစားမည်ဟု ကြေညာခဲ့သည်။ အဲ့ဒီအချိန် တောတွင်းသားလေး မောင်ဒီဟာ မြစ်ထဲက ငါးကျင်းတစ်ကောင်ကိုဖမ်းမိ၍ အဲ့ဒီငါးကိုကင်ပြီး ဘုရင်ကြီးကိုဆက်သတယ်။ ခေါင်းကိုက်ဝေဒနာ ပျောက်ကင်းသွားသည်ကြောင့် ရွှေဃမင်းရုပ်လေးလိုလှပတဲ့ သုဝဏ္ဏဒေဝီနှင့် ငွေရတနာအမြောက်အမြား၊ ပညာရှိအမတ်၊ စစ်တပ်များ ၎င်းတောင်းသို့ ပို့ဆောင်လိုက်ပြီး မောင်ဒီအား မင်းသမီးကရှာဖွေတွေ့ရှိတဲ့အခါ ခမည်းတော်မှပေးစားသော မောင်ဒီအား ချစ်ခင်နှစ်သက်ဖို့ ပြောခဲ့ပေသည်။ တောတွင်းသား မောင်ဒီကတော့ မင်းသမီးကို ဘယ်ယူရဲမလဲ။ မင်းသမီးလေးက ယူပါလို့ပြောတော့ မောင်ဒီက ထွက်ပြေးတယ်။ ထွက်ပြေးရင်း မင်းသမီးလေးရဲ့လက်နှင့် လက်ချင်းထိခိုက်မိတယ်။ လက်ချင်းထိမိတဲ့နေရာကို လက်ခိုက်ရွာဟူ၍ နောင်အခါ အမည်တွင်ပြီး မင်းသမီးက ကြိုက်ပါလို့ပြောတော့ မောင်ဒီက ကြိုက်ဖူးလို့ပြောခဲ့တယ်။ ယခုတော့ အဲဒီနေရာမှာ ကျိုက်ဖူး၊ ကျိုက်ပါစေတီတော် ယခုတိုင်တည်ရှိခဲ့သည်။ မောင်ဒီအား ဘုရင်လုပ်စေချင်လို့ မင်းမြောက်တန်ဆာငါးပါးကို ရွှေဖလားကြီးထဲတွင်ထည့်ပြီး ရှာဖွေရာ မောလွန်းလို့ ရွှေဖလားကြီးကို ခေတ္တချထားရာနေရာအား ဖလားကြီးရွာ နောင် ဖလားကြီးရွာမှ ယခုတော့ ဘုရားကြီးရွာအဖြစ် တည်ရှိနေပေသည်။

ဖမ်းမိတော့ မင်းမြောက်တန်ဆာငါးပါးနဲ့ ခေါင်းမှာ မောင်ဒီကို ဝတ်ဆင်ပေးလိုက်သတဲ့။ လူလစ်တဲ့အခါ ထွက်



**မောင်းတီးစေတီတော်ဘုရား**

**ကြခတ်ဝါးရုံမင်းသမီး နန်းစံခဲ့ရာ မြို့တော်**

ပြေးတော့ ကမ်းပဲ့ကျသည့်နေရာအား ယခုအခါ ကမ်းပဲ့ကျေးရွာဟု တည်ရှိပြီး၊ ဘောင်တော်ကျွတ်ကျသည့် နေရာအား ဘောင်းတော်ကျွတ်ဟု တွင်လေသည်။ ကာလရှည်ကြာလာသည့်အခါ ဗောင်းတော်ချုပ်ဖြစ်လာပြီး ကညင်ပင်ကြီးရောက်သော် ကညင်ပင်ကြီးပေါ်သို့ တက်ပုန်းရာ မောင်တော်နှမတော်ကို သိမ်းပိုက်ပါလို့ပြောပြီး ဆင်းခဲ့ပါလို့ပြောတော့ မောင်ဒီက ငုံ့ကြည့်လိုက်တော့ ကညင်ပင်ဝန်းရံထားသော စစ်သည်တော်တွေအား ကြောက်လန့်ပြီး သစ်ပင်အဖျားကို တက်ပုန်းရာမှ လိမ့်ကျပြီး သေဆုံးသွားခဲ့သည်။ အဲဒီနေရာမှာ မိန်းမဘုရားနှင့် ယောကျ်ားဘုရားရယ်လို့ ကျိုက်ဖူး၊ ကျိုက်ပါ ဘုရားနှစ်ဆူအား ယခုတိုင် တွေ့ရှိရပေသည်။

အဲ့ဒီလို မိမိဖခင်မှ ပေးစားသော်လည်း မပေါင်းလိုက်ရပေမယ့် ယောကျ်ားသေတဲ့ အရပ်ဒေသမှာနေမယ်ဆိုပြီး အဲ့ဒီနေရာကို မြို့ရိုးအဖြစ် ကြခတ်ဝါးပင်တွေ ခုနစ်ထပ်ကာရံထားပြီး ကြခတ်ဝါးမြို့ အမည်တွင်လေ

www.burmeseclassic.com



မောင်းတီးစေတီတော်မှ ရွှေဟောင်းဘုရားများ

သည်။ တစ်နေ့မှာ သန်လျင်ကျွန်းမှာ နန်းစံနေတဲ့ သီဟာဒီပ ဘောဂသေနမင်းကြီးပါ ကြခတ်ဝါးရုံမင်းသမီးသတင်းစကားကို ကြားသိရ၍ အလွန်လှပပြီး အလွန်ချမ်းသာတဲ့ အကြောင်းသိတာနဲ့ သိမ်းပိုက်ရန် မြို့တော်ကို ဝိုင်းရံထားခဲ့သည်။ သို့သော်လည်း ကြခတ်ဝါးရုံတွေနဲ့ ခုနစ်ထပ်ကာရံထားတဲ့မြို့အား ဘယ်လိုမှ မထိုးဖောက်နိုင်ခဲ့ကြပေ။ အဲသည်အတွက်ကြောင့် မြို့စောင့်နတ်၊ တောစောင့်နတ်များအား တိုင်တည်၍ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တွေလုပ်ပြီး မြို့စောင့်နတ်ကိုပူဇော်၍ အရပ်ရှစ်မျက်နှာအား ရွှေငွေတွေကြဲတော့လေသည်။ အလွန်ထူထပ်တဲ့ ကြခတ်ဝါးတွေကို မြို့သူမြို့သားတွေက ခုတ်ထွင်ရှင်းလင်း၍ ရွှေငွေတွေကောက်ကြည့်သည့်အခါ ခြံစည်းရိုးပေါက်၍ ဘောဂသေနမင်းရဲ့တပ်တွေဟာ မြို့ထဲအား အလွယ်တကူ ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့ပေသည်။ မြို့ထဲရောက်သည့်အခါ မြို့ထဲကိုဝင်နိုင်ပြီး မင်းသမီးကိုရှာသည့်အခါ ရှာမတွေ့ဘဲ ဖြစ်နေပေသည်။ မင်းသမီးမှာ နန်းဦးကင်းဘုရားရှစ်ဆူရဲ့ ဥမင်ထဲမှာ သူ၏ရုပ်တုများနှင့်အတူ ဝင်ပုန်းနေပေသည်။ အမှတ်တမဲ့ကြည့်လိုက်ရင် ဘယ်ဟာက မင်းသမီး၊ ဘယ်ဟာက ရုပ်တုလို့တောင် မခွဲခြားနိုင်ဘူးတဲ့။ အဲ့ဒီမှာတင် ဘောဂသေနမင်းကြီးကို သူ့အိုလင်မယားက အကြံပေးတဲ့အတိုင်း အရုပ်တွေအား အပ်နဲ့ထိုးကြည့်တော့မှ မင်းသမီးအစစ်ကို ရှာတွေ့ခဲ့ပေသည်။

ဘောဂသေနမင်းကြီးဟာ တွေ့တယ်ဆိုရင်ပဲ အလွန်ချောမောလှပတဲ့အတွက်ကြောင့် ချစ်မြတ်နိုးတော်မူလို့ မိဖုရားကြီးအရာမြှောက်ပြီး သန်လျင်မှာ စံနေတော်မူလေသည်။ ပထမ တောတွင်းသားလေးမောင်ဒီအား မပေါင်းဖက်ခဲ့ရသောကြောင့် သူသည် မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖက်ခဲ့ရပါက ပဋိသန္ဓေကိုယ်ဝန်တည်ခဲ့သော် ခန္ဓာအသက်ဆုံးရှုံးရပါစေဟု သစ္စာပြုခဲ့လေသည်။ ပဋိသန္ဓေကိုယ်ဝန်လစေ့ပေမယ့် မီးမဖွားနိုင်ဘဲ အနိစ္စရောက်၍ မီးသင်္ဂြိုဟ်ခဲ့ရာ ထူးဆန်းစွာ မီးမစွဲဘဲ မလောင်ကျွမ်းဘူး ဖြစ်နေပေသည်။ မိဖုရားကြီးဝမ်းဗိုက်ဟာ ပေါက်ကွဲသွားပြီး ကလေးလေးတစ်ယောက် လွင့်စဉ်ထွက်ကျလာတော့သည်။ ကလေးထွက်လာတော့မှ အလောင်းကို မီးစွဲလောင်ကျွမ်းခဲ့တယ်။ ကလေးမှာ အသက်ရှင်တုန်း အသက်ရှင်ရက်ရှိသောကြောင့် သချိုင်းမှာမွေးတဲ့ကလေးမို့ နန်းတော်ထဲပြန်မခေါ်ဘဲ တစ်ပင်တိုင်နန်းနဲ့ စောင့်ရှောက်ထားခဲ့ကြသည်။ မွန်ဘာသာ ဗိုနန်းလို့ နာမည်ပေးတယ်။ ဗိုနန်းမှ မွေးနန်းဖြစ်လာတယ်။ ကာလရွေ့လျားသော် မွေးနန်းက ရှင်မွေးလွန်းဖြစ်လာခဲ့ရပေသည်။ ကွမ်းဒေးခေါ် တွံတေး၊ တစ်ချိန်က ပေါက္ခရဝတီမြို့ ကြခတ်ဝါးရုံမင်းသမီး ပေါက္ခရဝတီရဲ့ နှလုံးသားမှ သစ္စာမေတ္တာကြီးမားပုံနှင့် တွံတေးမြို့သို့ ဘုရားဖူးလာသူများနှင့် တွံတေးသူ၊ တွံတေးသားများအား ဤစာမူနှင့် သိစေလိုသောဆန္ဒဖြင့် အတတ်နိုင်ဆုံး ကြိုးစားရှာဖွေကာ ကျမ်းတို့ကို အားကိုးကာ ပေါက္ခရဝတီနှလုံးသားဟူ၍ ဖော်ပြလိုက်ပါသည်။

သိပ္ပံစိုးဝင်း(ပေါက္ခရဝတီ)

ကျမ်းကိုး

ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင်၊ စမ်းချောင်းမိုးရွှေ



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ အောက်တိုဘာလ (၂)၊ (၇)၊ (၁၃)၊ (၁၈)၊ (၂၃) စသောရက်များသည် **'နန္ဒာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ၊ကျောင်း၊ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ အောက်တိုဘာလ (၃)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၈) စသောရက်များသည် **'ဘဒြာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ အောက်တိုဘာလ (၄)၊ (၉)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၂၆)၊ (၂၉) စသောရက်များသည် **'ဇယာတိထိ'** တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ အောက်တိုဘာလ (၅)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၇)၊ (၃၀) စသောရက်များသည် **'ရိတ္တာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ အောက်တိုဘာလ (၁)၊ (၆)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၃၁) စသောရက်များသည် **'ပုဏ္ဏာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ရတနာပစ္စည်းများရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ အောက်တိုဘာလ (၃)၊ (၂၀) ရက်တို့သည် **'အမြိတ္တာစုတ်'**တွင် ကျရောက်လေရာ မည်သည့် အနှောင့်အယှက်၊ အခက်အခဲတို့နှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ အောက်တိုဘာလ (၁)၊ (၃)၊ (၈)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၇) စသောရက်များသည် **'ရက်ရာဇာ'**တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တီထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း အမှုများကို ဆောင်ရွက်နိုင်ပါကြောင်း။

**နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက်

မဟာဒိဗ္ဗကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

အောက်တိုဘာလ (၅)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၄)၊ (၂၇)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၈)၊ (၁၅)၊ (၁၆)၊ (၂၂)၊ (၂၃)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

အောက်တိုဘာလ (၂)၊ (၃)၊ (၄)၊ (၇)၊ (၉)၊ (၁၁)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၂)၊ (၆)၊ (၈)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၂)၊ (၅)၊ (၇)၊ (၈)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၂) (၂၃)၊ (၂၆)၊ (၂၇) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၆)၊ (၇)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၂) (၂၅)၊ (၂၆) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

အောက်တိုဘာလ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၂)၊ (၆)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၇) (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

■ မဟာဒိဗ္ဗကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက်

နွယ်သာကီအောင်

ဝါလကင်းလွတ်သည့် သမယသို့ ရောက်ရှိခဲ့ပေပြီ။

စွတ်စိုထိုင်းမှိုင်းမှုများ လွင့်ပျောက်၍ ပွင့်လင်းသွေ့ခြောက်သော အနေအထားသို့ ရောက်ရှိလာပေဦးတော့မည်။ ရာသီမသိ ၁န်းနှင့်ညီဆိုသည့် စကားအတိုင်း သီတင်းကျွတ်လ အခါသမယ၏ ရာသီပန်းဖြစ်သော ငါးမည်ကြာပေါင်းစုံတို့က ပောမန္တ၏ ရေ့တော်ပြေး မြောက်ပြန် လေအေးအေး၌ သင်းပျံ့မွှေးထုံသည့် ရနံ့တို့ ခင်းဖြန့်ကြပေလိမ့်မည်။ အဆိုပါကာလများဝယ် လော်ကီလူ့ဘောင်အတွင်း မှီတင်းသက်ဆင်းနေထိုင်ကြသည့် လူသားအပေါင်းတို့မှာလည်း ယရာဝါသ၊ သမ္မာဒဟု၊ ကိစ္စများပြောင်လုပေရာ ကိစ္စအလီလီ ဆောင်ရွက်ကြရာ၌ အောင်မြင် စေကြောင်း ရက်ကောင်းရက်မြတ်များအား ထုတ်နုတ်ညွှန်ပြရလျှင်...

၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

အောက်တိုဘာလ (၃)၊ (၆)၊ (၉)၊ (၁၅)၊ (၁၈)၊ (၂၆)၊ (၃၁) စသော ရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

အောက်တိုဘာလ (၂၂)၊ (၂၃) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ရေသတ္တဝါဖမ်းဖို့ရာ

အောက်တိုဘာလ (၆)၊ (၁၆)၊ (၂၃)၊ (၂၅) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသော ငါး၊ ပုစွန် အစရှိသည်တို့ကို ဖမ်းဆီးရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၄။ ရွှေတွင်း/ကျောက်တွင်းများ တူးဖော်ဖို့ရာ

အောက်တိုဘာလ (၂)၊ (၆)၊ (၁၂)၊ (၁၆)၊ (၂၆)၊ (၂၉) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

အောက်တိုဘာလ (၁)၊ (၃)၊ (၆)၊ (၇)၊ (၁၅)၊ (၂၂)၊ (၂၃)၊ (၂၈)၊ (၂၉) စသောရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ လက်ထပ်မင်္ဂလာ ကျင်းပရာ

အောက်တိုဘာလ (၃)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၈)၊ (၂၀)၊ (၂၉) စသောရက်များသည် လောကီမင်္ဂလာ ဖြစ်သည့် လက်ထပ်မင်္ဂလာပွဲကျင်းပရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၇။ ခရီးဝေးနီး ထွက်ဖို့ရာ

အောက်တိုဘာလ (၁) (၃)၊ (၆)၊ (၁၀)၊ (၁၅)၊ (၂၂)၊ (၂၃)၊ (၂၉)၊ (၃၁) စသောရက်များသည် ရပ်ဝေး



www.burmeseclassic.com

www.burmeseclassic.com

ရပ်နီး ခရီးများထွက်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ လယ်ထွန်မင်္ဂလာပြုဖို့ရာ**

အောက်တိုဘာလ (၁) (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၈)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ဖို့ရာ**

အောက်တိုဘာလ (၆)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၇)၊ (၂၉) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ ကျောင်း/အိမ် ဆောက်ဖို့ရာ**

အောက်တိုဘာလ (၃)၊ (၆)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၇)၊ (၂၉) စသောရက်များသည် ကျောင်းများ၊ လူနေအိမ်အဆောက်အအုံများဆောက်လုပ်ရန် အကောင်းဆုံးရက်များဖြစ်ကြပါသည်။

**၁၁။ ရှင်ပြုနားသ ကျင်းပဖို့ရာ**

အောက်တိုဘာလ (၁)၊ (၄)၊ (၈)၊ (၁၂)၊ (၁၃)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၇) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၂။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

အောက်တိုဘာလ (၃)၊ (၄)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၇)၊ (၂၉) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်း စသော ကိစ္စများ ပြုလုပ်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ အရောင်းအဝယ် ပြုဖို့ရာ**

အောက်တိုဘာလ (၁) (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၇)၊ (၂၉) စသောရက်များသည် ကုန်ရောင်းကုန်ဝယ်ပြုလိုသည့် ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ သီးနှံမျိုးစေ့ကြဲဖို့ရာ**

အောက်တိုဘာလ (၁) (၃)၊ (၄)၊ (၈)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၃)၊ (၂၈)၊ (၂၉) စသောရက်များသည် သီးနှံမျိုးစေ့များ ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ ရေတွင်းရေကန် တူးဖို့ရာ**

အောက်တိုဘာလ (၁)၊ (၃) (၆)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ အတတ်ပညာ သင်ဖို့ရာ**

အောက်တိုဘာလ (၁) (၆)၊ (၁၅)၊ (၂၂)၊ (၂၃)၊ (၂၈)၊ (၂၉) စသောရက်များသည် အတတ်ပညာများ သင်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြသည်။

**၁၇။ အောင်ဘာလေထီ ထိုးဖို့ရာ**

အောက်တိုဘာလ (၁) (၆)၊ (၂၂)၊ (၃၁) စသောရက်များသည် အောင်ဘာလေထီထိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၈။ မင်္ဂလာအခါ ပေးဖို့ရာ**

အောက်တိုဘာလ (၂)၊ (၃)၊ (၄)၊ (၅)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် မင်္ဂလာအခါပေးရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

■ နှယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ

# သည်လမှာ

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက်**

■ တောကကိုရင် ■

မိမိတို့ နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို၊ အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံခြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးရာကိစ္စကို ဖော်ပြလိုက်ပါ၏။

---

၁။ အောက်တိုဘာလ (၆)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၅) စသော ရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ အောက်တိုဘာလ (၃)၊ (၄)၊ (၆)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၃)၊ (၂၇)၊ (၂၉) စသော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်ခြင်း၊ အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ အောက်တိုဘာလ (၁)၊ (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၈)၊ (၂၉) စသော ရက်များ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်၊ အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ၊အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ အောက်တိုဘာလ (၂)၊ (၄)၊ (၇)၊ (၈)၊ (၉)၊ (၁၇)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉) ကျရောက်သောရက်များ၌ သီးနှံမျိုးစေ့တို့ကိုကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

■ တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လပွားအတွက် ကံဇာတာ

## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

ရွှေထည်ပစ္စည်းများ၊ ဆေးဝါးလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းများ ရောင်းဝယ်ခြင်းအတွက် အကျိုးအမြတ်များ ခံစားရတတ်သည်။ စီးပွားရေးအခြေအနေပြောင်းလွှန်နေပါလိမ့်မည်။ အိမ်ထောင်ဘက်နှင့်ပတ်သက်၍ ငွေကြေးများ ဝင်လာတတ်သည်။ လုပ်ငန်းကြီးများ လုပ်ကိုင်ရတတ်သည်။ အချစ်ရေးကိစ္စ ပြေလည်မှုရှိမည်။ အလုပ်ကိစ္စနှင့် ရပ်ဝေးသို့ ခရီးသွားရတတ်ပါသည်။ ထိုမှ မထင်မှတ်သော ငွေကြေးများ ရရှိလာလိမ့်မည်။ အထူးသဖြင့် တောင်ပေါ်ဒေသသို့ သွားရောက်ရတတ်သည်။

အချစ်ရေးကိစ္စများတွင် ကြားလူ၏ နှောင့်ယှက်မှုကို ခံရတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ပြိုင်ဘက်များ ပေါ်လာတတ်ပါသည်။ သားသမီးများနှင့်ပတ်သက်၍လည်း စကားများခြင်း၊ ရန်ဖြစ်ခြင်းများ ကြုံရပါလိမ့်ဦးမည်။ ခြေထောက်ဒဏ်ရာရတတ်သည်။ ဝမ်းဗိုက်တွင် အစာအဆိပ်သင့်မှုများ ဖြစ်တတ်၏။ လက်အောက်ငယ်သားများအဖို့ အထက်လူကြီးများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရတတ်၏။ ပျိုရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်၏။ ပစ္စည်းဟောင်း၊ ဥစ္စာဟောင်းများ ဝင်လာတတ်ပါသည်။ ရပ်ဝေးမှ သတင်းကောင်းတစ်ခု ကြားရတတ်သည်။

ရွှေ၊ အိမ်တို့နှင့်ပတ်သက်၍ ငွေကြေးများ ရရှိမည်။ အလုပ်ကိစ္စ အောင်မြင်မှုရှိမည်။ သားသမီးများ မွေးစားရတတ်သည်။ အလုပ်ကိစ္စများ အောင်မြင်မှုရှိမည်။ လူလိမ်လူကောက်များနှင့် တွေ့ကြုံရတတ်သည်။ အိမ်ထောင်ရေးအခြေအနေပြေမည်။ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေးကောင်းမွန်ပါလိမ့်မည်။ ဝန်ထမ်းများ ကြီးကဲသူ၏ မြှောက်စားခြင်းကို ခံရလိမ့်မည်။ လုပ်ငန်းအတွက် အဆက်အသွယ်များ ရလာလိမ့်မည်။ သတ္တုပစ္စည်း၊ စက်ပစ္စည်းတို့မှ အကျိုးအမြတ်များ ခံစားရတတ်ပါသည်။

ဝန်ထမ်းများ အလုပ်နေရာ အပြောင်းအလဲရှိမည်။ သားသမီးများ၏ သိတတ်မှုကြောင့် စိတ်ချမ်းသာမှုရရှိမည်။ အလှူဒါနလည်း ပြုရတတ်သည်။ အသက်လူကြီးများအတွက် အကျိုးဆောင်ပေးရတတ်သည်။ အဝတ်အထည်ဝင်မည်။ အလုပ်နှင့်ပတ်သက်၍ အဆက်အသွယ်သစ်များ ရရှိတတ်သည်။ ကားကိစ္စ၊ အိမ်ကိစ္စများအတွက် စကားပြောရဆိုရတတ်သည်။ အဆောက်အဦကိစ္စအတွက် ငွေရမည်။ အိမ်သုံးပစ္စည်းများ ဝင်လိမ့်မည်။ မျက်စိနာတတ်သည်။

ခွန်အားစိုက်ထုတ်ရသော လုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်။ ဝမ်းပျက်သောရောဂါနှင့် အစာမကြေသောရောဂါများ ရတတ်သည်။ ပျိုရွယ်သူများ အချစ်ရေးကံကောင်းနေမည်။ နှစ်ဖက်မိဘသဘောတူသူနှင့် လက်ထပ်ရတတ်သည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်ရတတ်သည်။ အပျော်အပါးလောင်းကစား ရှောင်ကြဉ်ခြင်းဖြင့် ဘဝ၌ တိုးတက်မှုများ ရရှိတတ်ပါသည်။

မိတ်ဆွေ၊ သူငယ်ချင်းများ၏ ကူညီထောက်ပံ့မှုကို ရရှိမည်။ မိခင်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ စီးပွားရေးအလုပ်ကိစ္စများတွင် အမျိုးသမီးများကြောင့် စိတ်သောကရောက်ရတတ်သည်။ စိတ်လှုပ်ရှားမှုများနေမည်။ မင်္ဂလာသတင်းစကား ကြားရတတ်ပါသည်။ ထီပေါက်တတ်သည်။ အမွေရတတ်သည်။ ကံကောင်းသော သတင်းစကားများလည်း ကြားရပါလိမ့်ဦးမည်။

*ယတြာပြုလိုပါက* - ဘုန်းကြီးကျောင်းသို့ ခြေသုတ်ဖုံတစ်ခု လှူဒါန်းလိုက်ပါ။

■ ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နှင့် စာရေးဆရာကြီးများ

**တက္ကသိုလ်သိန်း**

ကျွန်တော်သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ ဂျာနယ်တိုက်ဝန်ထမ်းအဖြစ်မှ အနားယူခဲ့၏။ အနားယူခဲ့သည်ဆိုသော်လည်း ဂျာနယ်တိုက်က တစ်ပတ်လျှင်တစ်ရက် အလုပ်ပေးထားသည်။ ယင်းအလုပ်ကို အိမ်မှာနေရင်း ပေါ့ပေါ့ပါးပါးလုပ်ရခြင်းဖြစ်၏။

ကျွန်တော်လုပ်ရမည့် အလုပ်ကို ကြာသပတေးနေ့ မနက်ပိုင်းတွင် အိမ်သို့လာရောက်ပေးပို့ပြီး သောကြာနေ့မနက်တွင် လာပြန်ယူသည်။ ယင်းအတွက် ဂျာနယ်တိုက်မှ ဉာဏ်ပူဇော်ခပေးသည်။ ဉာဏ်ပူဇော်ခ နည်းသည်၊ များသည်က အကြောင်းမဟုတ်။ ဂျာနယ်တွင် ကျွန်တော်လုပ်နေကျအလုပ်ကို ဆက်လုပ်ပေးရခြင်းဖြစ်၍ ကျေနပ်မိသည်။

ယခင်က ဂျာနယ်အလုပ်ဖြင့် လုံးလည်ချာလည်လိုက်နေသော ကျွန်တော်သည် ယခုအခါ လွတ်လပ်မှုရှိလာသည်။ ကြာသပတေးနေ့မှအပ ကျန်ရက်များတွင် ကျွန်တော်အားချိန်ရသဖြင့် အပြင်သို့ထွက်ဖြစ်သည်။ ငါးနှစ်လုံးလုံး ပြင်ပနှင့် အဆက်အသွယ်ပြတ်နေခဲ့သဖြင့် ပေါင်းသင်းဆက်ဆံရေးတွင် အနည်းနှင့်အများဆိုသလို ထိခိုက်ခဲ့၏။ ယခုမူ အချိန်များစွာရသဖြင့် အရောက်အပေါက်မရှိသလောက် နည်းခဲ့သော ဂျာနယ်တိုက်များသို့ အဆက်အသွယ် ပြန်လုပ်နိုင်ခဲ့သည်။

အမြဲတမ်း ဖုန်းဖြင့်သာ ဆက်သွယ်ခဲ့ရသည့် အခြေအနေမှ လူကိုယ်တိုင်သွားရောက်နိုင်သဖြင့် ရင်းနှီးခင်မင်မှု ပိုမိုရရှိလာသည်။

ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ်တိုက်သို့ မရောက်သည်မှာ ကြာပြီဖြစ်၍ အချို့ဝန်ထမ်းများကို ကျွန်တော် မမှတ်မိတော့။ မိမိကိုယ်တိုင် ပြန်လည်မိတ်ဆက်ယူရသည့် အဖြစ်။ ယခုဆိုလျှင် ဘုန်းရောင်ဂျာနယ်နှင့် ရောင်ပြန်မဂ္ဂဇင်းတို့ကို တစ်နေရာတည်းတွင် ဖွင့်လှစ်ထားသဖြင့် အဆင်ပြေသည်။ တစ်ပတ်လျှင် တစ်ကြိမ် ကျွန်တော်ရောက်ဖြစ်သည်။ အယ်ဒီတာချုပ် ဆရာဦး[illegible]မောင်မြင့်အေးနှင့် ကျွန်တော် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်၍ ဆရာ့လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းမများနှင့်လည်း သိကျွမ်းခင်မင်ခဲ့သည်။

အထူးသဖြင့် ရောင်ပြန်မဂ္ဂဇင်းမှ ဆရာဦးသန့်(လာဘ်မိုးရွှေ)၊ ဆရာနန္ဒာမိုးကြယ်နှင့် မချိုတို့ကို ပြန်လည်ဆုံတွေ့ရသဖြင့် ကြည်နူးရပါ၏။ ထို့အတူပင် ဘုန်းရောင်ဂျာနယ်မှ ဆရာဦးအောင်သူ(မဟာပထမံဆရာကြီးဦးအောင်သူ)နှင့် ကျော်မြနိုင်တို့ကို ရင်းနှီးနှီး တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။

ဆရာ ဦးမောင်မောင်မြင့်အေး၏ လုပ်ဖော်ကိုင်ဘက်များပီပီ ကျွန်တော့်အပေါ် ပျူငှာစွာဆက်ဆံကြသည်။ ဖေးမကူညီကြသည်။ ပြောစရာ ဘာမျှမရှိ တာဝန်ကျေကြသည်။

နောက် ကျွန်တော်မရောက်သည်မှာ ကြာပြီဖြစ်သည့် ဆရာတက္ကသိုလ်လှကြွယ်(အယ်ဒီတာချုပ်)နှင့် ဆရာပုသိမ်အောင်သန်းဦး (တာဝန်ခံအယ်ဒီတာ)တို့ ဦးစီးသည့် Revenue (အခွန်ဂျာနယ်)သို့ ရောက်ရှိခဲ့၏။

ကျွန်တော် တိုက်သို့ ရောက်ရှိသွားသည့်နေ့က တိုက်တိုက်ဆိုင်ဆိုင်ပင် လူစုံတွေ့ရ၏။ ဆရာတက္ကသိုလ်လှကြွယ်၊ ဆရာပုသိမ်အောင်သန်းဦးတို့အပြင် Revenue ဂျာနယ်၏ ပင်တိုင်စာရေးဆရာများဖြစ်ကြသည့် ဆရာမြသိန်း(ဗိုလ်မှူးမြသိန်း)၊ ဆရာသိပ္ပံစိုးမြင့်နိုင်နှင့် ဆရာတက္ကသိုလ်မောင်မြင့်သိန်းတို့ကို တွေ့ရ၏။

ဆရာမြသိန်းက ကျွန်တော်နှင့် ရှေးမဆွကပင် ရင်းနှီးခင်မင်ပြီး ဖြစ်သည်။ ဆရာမြသိန်းသည် တပ်မတော်မှ ဗိုလ်မှူးအဆင့်ဖြင့် မြဝတီစာပေတိုက်၏ အယ်ဒီတာချုပ်တာဝန်ယူခဲ့၏။ ထိုစဉ်ကပင် ကျွန်တော် ဆရာမြ



www.burmeseclassic.com

www.burmeseclassic.com

သိန်းနှင့် သိကျွမ်းခင်မင်ပြီးဖြစ်သည်။ နောက် ဆရာ တပ်မတော်မှအငြိမ်းစားယူပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဗိုလ်တထောင်သတင်းစာတွင် အယ်ဒီတာချုပ်တာဝန် ထမ်းဆောင်သည်။

ထိုစဉ်က ဗိုလ်တထောင်နေ့စဉ်သတင်းစာမှာ လမ်းစဉ်ပါတီ အာဘော်သတင်းစာအဖြစ် တစ်ပတ်လျှင်တစ်ကြိမ်ထုတ်ဝေခဲ့ရာ လမ်းစဉ်ပါတီပညာရေးဌာနကြီးတွင် တာဝန်ထမ်းဆောင်နေသော ကျွန်တော်သည်လည်း ယင်းပါတီအာဘော်သတင်းစာ၏ ပိုင်းတော်သားတစ်ဦး ဖြစ်ခဲ့၏။ ဤသို့ဖြင့် အယ်ဒီတာချုပ် ဆရာမြသိန်းနှင့် ကျွန်တော် ပိုမိုရင်းနှီးခွင့်ရခဲ့၏။

တစ်ဖန် ၁၉၈၆ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးအဖွဲ့ သွားရောက်စဉ်က ဆရာမြသိန်းနှင့် ကျွန်တော်တို့ လိုက်ပါခွင့်ရရှိကြပြန်သဖြင့် ထဲထဲဝင်ဝင် ရင်းနှီးခွင့်ရခဲ့ကြသည်။

ဆရာမြသိန်းသည် အေးအေးဆေးဆေး တည်ငြိမ်ပြီး စကားနည်းသူဖြစ်သည်။ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရာတွင် ကျွမ်းကျင်သည်။ ယနေ့တိုင်လည်း ဘာသာပြန် စာပေများကို ရေးလျက်ရှိ၏။ ဆရာသည် အသက် ၈၁ ကျော်ပြီဖြစ်သော်လည်း ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပင်။ သန်တုန်းမြန်တုန်းဟုပင် ဆိုရချေမည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ နှစ်စဉ်ကန်တော့ခံ သက်ကြီးစာပေပညာရှင် တစ်ဦးလည်း ဖြစ်သည်။

ဆရာမြသိန်းအား Revenue ဂျာနယ်တိုက်တွင် ပြန်လည်တွေ့ဆုံရသဖြင့် ကျွန်တော် အတိုင်းမသိ ဝမ်းသာမိပါ၏။ ဆရာ အသက်ရာကျော်နေရပြီး စာပေများကို ဆက်လက်ရေးသားနိုင်ပါစေဟု ဆုတောင်းမိပါ၏။

ကျွန်တော် Revenue ဂျာနယ်တိုက်တွင် တွေ့ခဲ့ရသည့် စာရေးဆရာကြီးမှာ တက္ကသိုလ်မောင်မြင့်သိန်း ဖြစ်သည်။ ကျွန်တော် ဂျာနယ်တိုက်တွင် အလုပ်လုပ်နေစဉ် တစ်နေ့၌ ကျွန်တော့်ထံ ဆရာဖုန်းဆက်လာသည်။ ဆရာနှင့် ကျွန်တော်သည် လမ်းစဉ်ပါတီခေတ်ကပင် ရင်းနှီးခင်မင်ခဲ့ကြသူများဖြစ်၏။ ထိုစဉ်က ဆရာသည် ပြည်သူ့လွှတ်တော်ရုံးတွင် လက်ထောက်ညွှန်ကြားရေးမှူး (နောင် ဒုတိယညွှန်ကြားရေးမှူးဖြစ်)တာဝန်ထမ်းဆောင်နေချိန်ဖြစ်၏။ ကျွန်တော်က လမ်းစဉ်ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေသဖြင့် လုပ်ငန်းသဘောအရ ဆရာနှင့်ကျွန်တော် အဆက်အသွယ်ရှိသဖြင့်လည်းကောင်း၊ နှစ်ဦးစလုံး စာပေရေးသားနေကြသဖြင့်လည်းကောင်း ရင်းနှီးခင်မင်နေကြသည်။

ဆရာက "သူ့အသက် ၈၀ ပြည့်ပြီဖြစ်ကြောင်း၊ သက်ကြီးသတင်းစာဆရာ ကန်တော့ခံစာရင်းတွင် ပါဝင်နိုင်ရေးအတွက် ကူညီရန်"ကျွန်တော့်အား ပြောလာသည်။ ထိုစဉ်က သတင်းစာဆရာအသင်းနှင့် စာရေးဆရာအသင်းတို့မှာ သီးခြားစီဖြစ်၍ မည်သူမည်ဝါနှင့်ဆက်သွယ်ရန် ဆရာ့အားအကြံပေးခဲ့သည်။ ကျွန်တော်သိသလောက် သတင်းစာဆရာ သက်ကြီးပညာရှင် ကန်တော့ခံပုဂ္ဂိုလ်၏ အသက်သတ်မှတ်ချက်မှာ "၇၅"နှစ်ဖြစ်၍ ဆရာတက္ကသိုလ်မြင့်သိန်း အကျုံးဝင်သည်ဟုသိထားပါ၏။

ဆရာ့အား Revenue ဂျာနယ်တိုက်တွင် တွေ့၍ သတင်းစာဆရာ ကန်တော့ခံစာရင်းတွင် ပါဝင်ခဲ့ပါသလားဟု မေးကြည့်ရာ သူက ခေါင်းခါပြသဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်ရ၏။ ဆရာပြောပြချက်အရ သူသည် ကြေးမုံသတင်းစာတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရ၏။ သို့ဆိုပါလျှင် ဆရာ အဘယ့်ကြောင့် သတင်းစာဆရာ သက်ကြီးကန်တော့ခံစာရင်း

*ဆရာက ဘဝစုံသည်။ လမ်းစဉ်ပါတီခေတ်က ကျောက်တံတားမြို့နယ် တရားသူကြီးဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့၏။ ဆရာသည် ငယ်စဉ်က ဝါသနာအလျောက် "ပန်းတော်ဖြေ ကာလပေါ်တူရိယာအဖွဲ့"တွင် ပင်တိုင်အဆိုတော်အဖြစ် သီဆိုခဲ့သည်ဟု သိရ၏။*



www.burmeseclassic.com

www.burmeseclassic.com

တွင် မပါဝင်ခဲ့ရသည်ကို ကျွန်တော် မသိရှိရိုး အမှန်ပင်။

နောက် စာရေးဆရာတပ်ဦးမှာ ဆရာသိပ္ပံစိုးမြင့်နိုင်ဖြစ်သည်။ ဆရာ့ ကလောင်အမည်ကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် တွေ့မြင်ပြီးဖြစ်သည်။ ဆရာသည် ကဗျာကို ပိုမိုခုံမင်ပုံရသည်။ ဆရာ့လက်ရာ ကဗျာများကို အမြဲလိုလို ဖတ်ရ၏။

ကျွန်တော်နှင့်ဆရာ ယခင်က ရင်းနှီးမှုမရှိ။ ဆရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင် ကော်မတီဝင်အဖြစ် ရွေးချယ်ခံရသည့်အချိန်မှစ၍ ဆရာနှင့်ကျွန်တော် သိကျွမ်းခင်မင်လာသည်။ လစဉ် အစည်းအဝေးတွင် ကျွန်တော်နှင့်ဆရာသည် ကပ်လျက်ထိုင်ကြသည်။ ဆရာက စကားနည်းပြီး အေးအေးလူလူနေတတ်သည်။

ပြောသာပြောရသည်။ ဆရာက လျှပ်စစ်အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ လျှပ်စစ်ဌာနတွင် ဒုလက်ထောက်အင်ဂျင်နီယာ၊ လက်ထောက် အမှုဆောင်အင်ဂျင်နီယာတာဝန်များ ထမ်းဆောင်ခဲ့၏။ လျှပ်စစ်နှင့် ပတ်သက်သည့် ပညာပေးဆောင်းပါးများကို Revenue ဂျာနယ်တွင် "ကျွန်တော်နှင့်မိတ်ဆွေများ" အခန်းဆက်ဆောင်းပါးကို ရေးသားလျက်ရှိသည်။

ဆရာက ဘဝစုံသည်။ လမ်းစဉ်ပါတီခေတ်က ကျောက်တံတားမြို့နယ်၊ တရားသူကြီးဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့၏။ ဆရာသည် ငယ်စဉ်က ဝါသနာအလျောက် "ပန်းတော်ဖြေ ကာလပေါ်တူရိယာအဖွဲ့" တွင် ပင်တိုင်အဆိုတော်အဖြစ် သီဆိုခဲ့သည်ဟု သိရ၏။

ထို့အပြင် ဆရာသည် "သားသားလေးတွက် ကလေးကဗျာများ" စာအုပ်ဖြင့် ၁၉၇၆ ခုနှစ် အမျိုးသားစာပေ ကလေးစာပေဆု ရရှိခဲ့သည်။ တစ်ဖန် ၁၉၉၂ ခုနှစ်တွင် "ညီထွေးလေးအတွက် ကလေးကဗျာများ" စာအုပ်ဖြင့် အမျိုးသားစာပေဆု ဒုတိယအကြိမ် ထပ်မံရရှိခဲ့သည်။

ထိုနည်းတူစွာ ဆရာသိပ္ပံစိုးမြင့်နိုင်သည် ၁၉၈၆ ခုနှစ်တွင် စာပေဗိမာန် ကလေးစာပေ ဒုတိယဆုကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် စာပေဗိမာန်ကလေးစာပေ ပထမဆုကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် စာပေဗိမာန်ကလေးစာပေ ဒုတိယဆုကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း လူငယ်စာပေဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ပါ၏။

ယခုအခါ ဆရာသည် မြန်မာနိုင်စာရေးဆရာအသင်းတွင် ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် စာပေတာဝန်ထမ်းဆောင်ရင်း ဆရာမြတ်နိုးခုံမင်သည့် စာပေများကို တစိုက်မတ်မတ် ရေးသားလျက်ရှိရာ ဆရာ့အသက် "၇၆" နှစ်မှသည် အသက်တစ်ရာကျော်တိုင် စာပေများကို ရေးသားနိုင်ပါစေကြောင်း ဆန္ဒပြုရပါ၏။

**တက္ကသိုလ်သခ်**

၀၉ ၄၃၀၉၂၂၆၇


## ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

— ဆက်သွယ်ရန် —

**ရောင်ပြန်မဂ္ဂဇင်းတိုက်**


အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၂၃၃


www.burmeseclassic.com

www.burmeseclassic.com

# ကံကောင်းမှုကို ဖြစ်ပေါ်စေမည့် အရာများ


မင်းဒေဝ



ဖုန်းရွှေပညာတွင် တိရစ္ဆာန်များ၊ အရာဝတ္ထုများ၏ သင်္ကေတ နိမိတ်များသည် လူတစ်ယောက်ကို ကျန်းမာခြင်း၊ ချမ်းသာခြင်းနှင့် ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်သည်ဟု ဆိုသည်။

## ကံကောင်းစေမည့် တိရစ္ဆာန်သင်္ကေတများ

ဖုန်းရွှေပညာရပ်တွင် ကံကောင်းစေမည့် တိရစ္ဆာန်အရုပ်များမှာ **ခြင်္သေ့၊ သမင်၊ ဆင်၊ လိပ်၊ မြင်း၊ ဖား** တို့ဖြစ်သည်။



၎င်းတိရစ္ဆာန်ရုပ်များကို ပန်းပုရုပ်တုဖြစ်စေ၊ ပန်းချီပုံဖြစ်စေ အိမ်တွင် ထားရှိနိုင်သည်။

သတိပြုရန်မှာ ထိုသို့ တိရစ္ဆာန်အရုပ်များပါသည့် ပန်းချီများ၊ ပိုစတာများ ချိတ်ဆွဲပါက တစ်ကောင်ပြီး အထီးကျန်နေသည့် ပန်းချီကားမျိုးကို မချိတ်ဆွဲရပါ။ တစ်ကောင်ထက်ပိုသော ပိုစတာမျိုးကို ချိတ်ဆွဲရမည်။ အထီးကျန်ဖြစ်နေသော ရုပ်ပုံက ဆိုးရွားသော ချီဓာတ်ကို ဖြစ်ပေါ်စေသည်။ အရာဝတ္ထုများကို အိမ်တွင် တူရာတူရာ အုပ်စုကလေးများဖွဲ့ပြီး ထားရှိရမည်။


မီးဖိုချောင်တွင် သစ်သီးဝလံများ၊ စားသောက်ဖွယ်ရာများ ပါဝင်သည့် ရုပ်ပုံကားချပ်များ၊ ပိုစတာများကို ချိတ်ဆွဲထားရှိခြင်းဖြင့် ချီဓာတ်စွမ်းအင်ကို ပွားများစေသည်။

(ကျွန်ုပ်တို့သည် အိမ်ထောင်ကွဲနေသော မိတ်ဆွေတစ်ဦး၏အိမ်သို့ သွားပြီးလေ့လာဖူး၏။ ၎င်း၏အိမ်တွင် အစုံလိုက်ပစ္စည်း၊ တစ်ခုထက်ပိုသော ပစ္စည်းဟူ၍ အလွန်နည်းသည်ကို တွေ့ရသည်။ အိမ်ရှိ ရုပ်ပုံများမှာလည်း တစ်ခုတည်း၊ တစ်ကောင်တည်း ရုပ်ပုံများ ဖြစ်နေသည်ကို တွေ့ရသည်။ ၎င်းမှာ ကျွန်ုပ်မိတ်ဆွေကြီး၏ အထီးကျန်မှုအချစ်ရေး အိမ်ထောင်ရေးကံခေမှုကို လက်ယက်ခေါ်နေသကဲ့သို့ ဖြစ်နေခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်က လိုအပ်သည့် ဖုန်းရွှေအဆောင်များ၊ အစီအရင်များ လုပ်ဆောင်စေသောအခါ အချစ်သစ်နှင့်တွေ့ပြီး သားသမီးများ ပွားစည်းကာ ယခုနေ့တိုင် သာယာချမ်းမြေ့သော မိသားစုဘဝနှင့် နေထိုင်လျက်ရှိတော့သည်။)

မင်းဒေဝ

www.burmeseclassic.com

www.burmeseclassic.com



# နယူးယောက်မှစာ (၁)

မောင်တောင်းမြင့်

ဘရွတ်ကလင်
၁ မေ၊ ၂၀၁၅
မိတ်ဆွေများနှင့် ချစ်ခင်သူများသို့

အားလုံး ကျန်းမာရွှင်လန်းကြပါစေ။ သည်စာကို ရေးတဲ့အချိန် နံနက် ၆ နာရီဟာ အလင်းရောင်လာနေပြီ။ အအေးဓာတ်ကတော့ ၄၅ ဒီဂရီဖာရင်ဟိုက်လောက်ပဲရှိတယ်။ နွေဦးရာသီမို့ ကောင်းကင်ဟာ ကြည်လင်နေတယ်။ နှင်းမမြင်ရတော့ပေမယ့် လေအေးတိုက်နေဆဲမို့ အပြင်ထွက်ရင်တော့ အနွေးထည် လုံလုံလဲလဲ ဝတ်ရတုန်းပဲ။ နွေဦးဝင်လာစမို့ ဆောင်းမကျွတ်သေးတဲ့ပုံပဲ။ "နွေရာသီလည်း မပီတတ်သေး။ ဝိုးဝါးထွေးလို့"ဆိုတဲ့ အချိန်ပေါ့။ မြန်မာပြည်က (ထွက်ခွာလာခဲ့တဲ့ ဧပြီ ၂၉ ရက်နေ့လယ်က လေဆိပ်အဆင်းမှာ) အပူချိန် ၁၀၀ ဒီဂရီ ဖာရင်ဟိုက် ကျော်နေတာမို့ အင်္ကျီပါးပါးနဲ့ ထွက်လာခဲ့ရတာရယ်၊ ကားထဲမှာ အအေးပေးထားပေမယ့် နေ့လယ်နေက ပူလွန်းတော့ အအေးစက်တောင်မနိုင်တာရယ်ကြောင့် အပူဓာတ်ကဲလွန်းတဲ့ ရာသီမို့ မိသားစုကို ကျန်းမာရေးဂရုစိုက်ဖို့ မှာခဲ့ရတယ်။ အခုတော့ မိသားစုက "အအေးမိမယ်၊ ကျန်းမာရေးဂရုထားပါ"တဲ့။ ပူလွန်းရင်လည်း ဒုက္ခ၊ အေးလွန်းရင်လည်း ဒုက္ခပါပဲလား။

ရန်ကုန်ကနေ အမေရိကန်ပြည်ထောင်စုကို သည်တစ်ကြိမ်အပြန်မှာ အနောက်ကပတ်ပြီး ပြန်ခဲ့တယ်…။ စင်ကာပူလေကြောင်းလိုင်းက ရန်ကုန်–စင်ကာပူ၊ စင်ကာပူ (ဂျာမနီ ဖရန့်ဖတ်တစ်ထောက်နား) နယူးယောက်သို့ ဖြစ်တယ်။ (မြေးကလေးဖတ်ဖို့ စာအုပ်မှာတုန်းက ရန်ကုန်–ဟောင်ကောင်–နယူးယောက်ကို အရှေ့က ပတ်ခဲ့ပြီးပြီ။) စင်ကာပူလေကြောင်းလိုင်းက တရုတ်လေကြောင်းလိုင်းထက် လေယာဉ်စီးရတာ သက်သာမှုနဲ့ ညှိခံကျွေးမွေးမှုသာတယ်။ ဈေးကလည်း ပိုယူထားတာကိုး။

လေယာဉ်လိုင်းအကြောင်း ရေးလိုက်တော့ လေယာဉ်ပေါ်မှာထိုင်နေရင်း မြန်မာနိုင်ငံက အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးက "စင်ကာပူလိုလုပ်ပြမယ်"ဆိုတဲ့ စကားကို သတိရတယ်။ ၁၉၄၈ မြန်မာနိုင်ငံ လွတ်လပ်ရေးစရပြီးမှ ၁၀ နှစ်တာကာလ ၁၉၅၀ - ၁၉၆၀ လောက်မှာ မြန်မာက အရှေ့တောင်အာရှမှာ "မြန်မာကွ"လို့ ဟစ်လို့ကောင်းတုန်းမှာ စင်ကာပူက လူးလဲထတုန်းကာလ။ မြန်မာကို အားကျတုန်း။ အခု ၂၀၀၀ ဝန်းကျင်မှာ မြန်မာက တစ်ရေးနိုးပြီး အရှေ့တောင်အာရှမှာ ထိပ်တန်းရောက်နေတဲ့ စင်ကာပူကို အမီလိုက်မယ်လို့ ကြုံးဝါးတုန်း။ အခုသူပြောခဲ့တာ သုံးနှစ်ကျော်ပြီ။ မကြာမီ အစိုးရသက်တမ်းတစ်ခု ပြည့်တော့မယ်။ ထပ်ပြီးပြောသံတွေ မကြားရတော့ဘူး။

စင်ကာပူ လေကြောင်းလိုင်းက ကမ္ဘာ့နိုင်ငံ ၇၀ ကျော်နဲ့ လေယာဉ်ခရီး



www.burmeseclassic.com

www.burmeseclassic.com

လိုင်း ချိတ်ဆက်ထားတယ်။ စင်ကာပူက အာရှ ဥရောပ၊ အာဖရိက၊ မြောက်အမေရိက၊ တောင်အမေရိက၊ ဩစတြေးလျ၊ ဂျပန်၊ နယူးဇီလန်စတဲ့ နိုင်ငံစုံကို ချိတ်ဆက်ထွက်ခွာပေးနေတယ်။ ၁၉၄၀ ပြည့်လွန်နှစ်က မလေးရှား လေကြောင်းလိုင်း (MAL)ဟာ စင်ကာပူ ကလင်း(Kallang) လေဆိပ်က ထွက်ခွာရတယ်။ မလေးရှားလက်အောက်ခံဘဲ။ ၁၉၆၀ ပြည့်နှစ်လွန် (၁၉၆၆ လောက်မှာ) MAL က MSA (မလေးရှား-စင်ကာပူလေကြောင်း)ဖြစ်လာပြီး စင်ကာပူဆိုတဲ့အမည် စတင်သုံးခွင့် ရလာပြီ။ ၁၉၇၂ မှာတော့ MSA ဆိုတဲ့ လေကြောင်းလိုင်းက MAS (Malay-sian Airline System)နဲ့ SIA (Singapore Airlines)လို့ သီးခြားစီ ဖြစ်လာတယ်။ ၁၉၈၁ မှာ ကမ္ဘာကျော် ချန်ဂီလေဆိပ်ကြီး တည်ဆောက်ပြီးစီးခဲ့တော့တယ်။ ဒီအချိန် ၁၉၈၀ ပြည့်လွန်နှစ်မှာ စင်ကာပူက အရှေ့သို့ တစ်ဟုန်ထိုးတိုးနေတုန်း မြန်မာနိုင်ငံက ခုက္ခဝေနေလေပြီ။ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားတော့တယ်။ LDC ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ဖြစ်လာတဲ့ မြန်မာဟာ ၁၉၈၈ ကျတော့ ဆင်းရဲရုံမက တွင်းထဲကျတော့တာပါပဲ။ မကြာမီက ကွယ်လွန်သွားတဲ့ စင်ကာပူနိုင်ငံတည်ထောင်ခဲ့သူဖိသုကာကြီး လီကွမ်ယုကို စင်ကာပူ လေကြောင်းလိုင်းက လေယာဉ်မှူးချုပ်ကြီး (Chief Pilot of Sing a pore's Air Presence) လို့ ဂုဏ်ပြုခေါ်ဝေါ်တဲ့ မှတ်ပုံနဲ့စာကို တွေ့ရတယ်။ ကဲ-- ․ လေကြောင်းသာမက လီကွမ်ယုနဲ့ အကြောင်း။ စင်ကာပူအကြောင်းပြောရင် မဆုံးနိုင်တာမို့ ခေတ္တနားစို့။

စင်ကာပူမှာ နှစ်နာရီလောက်နားပြီး ရန်ကုန်က စီးလာတဲ့ ခရီးတိုလေယာဉ်အသေး ၃၂၀ ကနေပြီး ခရီးရှည်လေယာဉ်ကြီး ၃၈၈ ကို ပြောင်းပြီး ခရီးဆက်ရတယ်။ စင်ကာပူမှ ဖရန့်ဖတ် (ဂျာမနီ)လေဆိပ်ကို ၁၂ နာရီခွဲလောက် စီးရတယ်။ ခရီးမိုင် ၆၃၀၀ ကျော်ရှိတယ်။ ထူးခြားတာကတော့ နယူးယောက်က အလာတုန်းက ဂျာမနီမှာ တစ်ထောက်နားစဉ် လေယာဉ်ပေါ်က ဆင်းပြီး မနီးမဝေးမှာရှိတဲ့ နားနေခန်းတစ်ခုမှာ အစစ်အဆေးမရှိဘဲ တစ်နာရီလောက်နားရတယ်။ အပြန်ခရီးကျတော့လက်က တစ်နိုင်ဆွဲလာတဲ့ Hand Carry အားလုံးနဲ့ လူကိုယ်ပေါ်ပါမကျန် တလာစီလိုက်တာ သေသေချာချာ စစ်စစ်ပေါက်ပေါက်ပဲ။ ပါလာတဲ့ ကွန်ပျူတာတွေကိုလည်း သီးခြားခွဲထုတ်ပြီး စစ်ဆေးပြီးမှ ခွင့်ပြုတော့တယ်။ စဉ်းစားမိတာကတော့ အမေရိကန်ကနေ ထွက်တုန်းက (နယူးယောက်က တာဝန်ယူပြီး စစ်သလို အမေရိကန်သို့ အဝင်မှာလည်း ဖရန့်ဖတ်က သေချာစွာ စစ်ဆေးကြတယ်)ထက် ပိုသေချာတယ်။ အမေရိကန်ကလည်း အစွန်းရောက်တွေ၊ အရှေ့အလယ်ပိုင်းက အဖွဲ့အစည်းတွေနဲ့ အာဖရိကအဖွဲ့တွေနဲ့ အီဘိုလာကို ကြောက်ပုံရလို့ အဝင်အထွက်သာမက တစ်နိုင်ငံလုံးမှာ သတိထားနေလေရဲ့။ ပြည်တွင်းက ဆန္ဒပြပွဲတွေကလည်း ရှိနေတာကိုး။

(အမေရိကားရောက်ပြီး သတင်းစာတစ်စောင် ဖတ်လိုက်ရတာက "လေဘာတီရုပ်တုကျွန်းသို့ ခရီးသည်များ အလည်အပတ်သွားလာရေးကို ခေတ္တပိတ်ထားခဲ့ရာမှ ယခု ရက်သတ္တပတ်ကုန် (မေ ၂ မှစပြီး)တွင် ပြန်ဖွင့်ပေးမည် ဖြစ်သည်။ ရုပ်တုကို ဖောက်ခွဲပစ်မည်ဟု ခြိမ်းခြောက်သော ဖုန်းလက်ခံရရှိသောကြောင့် ခေတ္တပိတ်၍ စစ်ဆေးမှုပြုခဲ့ရသည်" ဟု ဖော်ပြထားသည်။)

ဖရန့်ဘက်ကနေ နယူးယောက်ကို မိုင် ၃၁၄၀ ကျော်ဝေးတယ်။ ၁၀ နာရီကျော်လောက် ပျံသန်းရတာမှာ အတ္တလန္တိတ်သမုဒ္ဒရာကြီးကိုပဲ ဖြတ်ကျော်ခဲ့ရတယ်။ နယူးယောက်က JFK ကနေ ဒီအထိမ်းအမှတ်ဖြင့် မှည့်ခေါ်ထားတဲ့ လေဆိပ်ကို သတ်မှတ်ချိန်အတိုင်း နံနက် ၁၁ နာရီ ၁၀ မိနစ် ဧပြီ ၃၀ ရက်မှာ ရောက်တော့တယ်။ နယူးယောက် နွေဦးနေ့လယ်ပိုင်းမှာ ၅၆ ဒီဂရီဖာရင်ဟိုက်ပဲ ရှိနေသေးတယ်။ ပျမ်းမျှအပူချိန် ၄၅ ဒီဂရီ ၆၀ ဒီဂရီဖာရင်ဟိုက်ပဲရှိတယ်။ လေဆိပ်အဝင်မှာတော့ ထုံးစံအတိုင်း ပုံစံဖြည့်စစ်ဆေးမှုတွေကို တန်းစီပြီး တစ်နာရီလောက် ဆောင်ရွက်ရတယ်။ လူဝင်လူထွက် စစ်ဆေးမှုတွေ၊ ပြီးတော့ စစ်ဆေးသူက "အာဖရိကကို ရောက်ခဲ့ဖူးသေးလား" တဲ့။ ဘာကြောင့်လဲမသိ။ မိမိပုံစံကတရုတ်နဲ့တူပါလျက် ဤမေးခွန်းမေးခဲ့သည်။ မိမိက နီးတစ်လုံးပဲဖြေခဲ့၍ ပြီးပြတ်ခဲ့တော့၏။ နယူးယောက်ကို တတိယအကြိမ်မြောက် ရောက်ခဲ့ပြန်ပြီ။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

## ပြည်တွင်းပြည်ပ
# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

### မြန်မာနှင့် ထိုင်းတို့ နတ်ယုံကြည်မှု

(၁)

သရဲ၊ တစ္ဆေ(ပြိတ္တာ)၊ နတ် ဟူသော နာနာဘာဝလောကသားတို့ကို မြန်မာတို့သာ လက်ခံယုံကြည်ကြသည် မဟုတ်ပေ။ ကမ္ဘာဝါဒကို လက်ခံသော ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များလည်း လက်ခံကြသည်။ အထူးအားဖြင့် စာရေးသူတို့နိုင်ငံနှင့် ယဉ်ကျေးမှု၊ ကိုးကွယ်မှုတို့ အလွန်နီးစပ်သော ထိုင်း(ယိုးဒယား)တို့လည်း လက်ခံယုံကြည်သည်ကို တွေ့ရသည်။ ၎င်းနှင့် ပတ်သက်၍ ကမ္ဘာလှည့်တင်တင်စိန်၏ "ပြောပြစမ်းချင် ထိုင်းလင်းတစ်ခွင်" စာအုပ်မှ ထိုင်းရိုးရာပုံတစ်ခုကို ဖော်ပြလိုက်ပါသည်။

x x x x x

(၂)

ရှေးလွန်ခဲ့သော နှစ် ၂၀၀ ခန့်က အယုဒ္ဓယမြို့တွင် "မယ်ထာ" ဆိုသော အမျိုးသမီးရှိခဲ့သည်။ မယ်ထာသည် "မောက်" ဆိုသူနှင့် အိမ်ထောင်ကျခဲ့သည်။ မယ်ထာသည် သူ၏နယ်မြေတွင် အချောဆုံးဖြစ်သည်။ မယ်ထာကိုယ်ဝန်ရှိချိန်တွင် သူ၏ခင်ပွန်းမှာ မြန်မာတပ်များကို တိုက်ရန်အတွက် စစ်ထဲဝင်ရသည်။ ၎င်း၏ ခင်ပွန်းမှာ ရှေ့တန်းထွက်နေချိန်တွင် မယ်ထာမှာ သားယောကျ်ားလေး ဖွားမြင်သည်။ မီးတွင်းထဲမှာပင် သားအမိနှစ်ဦးစလုံး သေဆုံးကြသည်။ မယ်ထာမှာ မကျွတ်ဘဲ သူတို့၏အိမ်တွင် ကလေးကိုချီပိုး၍ အလုပ်လုပ်နေသည်။ စစ်မှပြန်လာသော ခရီးသည်ခင်ပွန်းမှာ ရွာသို့သွားရန် လှေငှားရာ မည်သည့်နေရာသို့ သွားမည်နည်းဟု မေးသဖြင့် မယ်ထာအိမ်သို့သွားမည်ဟု ပြန်ဖြေလေသည်။

ထိုအခါ လှေသမားများက ကြောက်လန့်စိတ်ဖြင့် မလိုက်ရဲဘူးဟု ဆိုသည်။ ထိုသတင်းကို ကြားသော ခင်ပွန်းသည်မောက်မှာ ဝက်ခမာဘက် ဘုန်းကြီးကျောင်းသို့သွားကာ ဘုန်းကြီးအား လျှောက်တင်လေသည်။

ဘုန်းကြီးက သံပုရာသီးတစ်လုံးကိုပေးကာ မောက်အား –

"မင်းမိန်းမဟာ သရဲဖြစ်ပါက ဒီသံပုရာသီးကို ငရုတ်ဆုံထဲ ထည့်ထောင်းပါက လောက်တွေဖြစ်သွားမယ်"ဟု ပြောသည်။

မောက်မှာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သံပုရာသီးကို ယူဆောင်၍ ပြန်သွားသည်။ ချောင်းစပ်တွင်ရှိသော မယ်ထာအိမ်တွင် လှေဆိုက်သောအခါ မယ်ထာမှာ ဝမ်းသာအားရကြိုဆိုလေသည်။ ထမင်းဟင်းခူးခပ်ကျွေးရန် ကြိုးစားသည်။ ငရုတ်ဆုံတွင် ငရုပ်သီးထောင်းနေစဉ် ကြမ်းကြားမှ တစ်ဆင့် ငရုတ်သီးမှာ အောက်သို့ကျသွားသည်။ မယ်ထာက ရှည်ထွက်လာသော လက်ကြီးဖြင့်ကြမ်းကြားမှ လှမ်းကောက်လိုက်သည်။

စစ်ပွဲပြန် ရဲဘော်ကြီး (မောက်)သည် လန့်သွားသည်။ သူ၏ ဆရာတော်ပေးသော သံပုရာသီးကို ငရုတ်ဆုံထဲသို့ထည့်ထောင်းလေရာ မယ်ထာမှာ လောက်ဖြစ်သွားသည်။ ခင်ပွန်းသည်မှာ တစ်ချိုးတည်း ထွက်ပြေးသွားလေသည်။

အလွန်သမာဓိကောင်းသော ကိုရင်တစ်ပါးက လာ၍ မယ်ထာ၏ ဝိညာဉ်ကို အိုးထဲတွင်ထည့်၍ဖမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com

ထိုအိုးကို ချောက်ဖုရားမြစ်ထဲသို့ မျော လိုက်လေသည် ...။ ထိုအိုးမှာ ဘန်ကောက်မြို့တော်၏ ကမ်းပေါ်တွင် လာတင်သည်။ ယနေ့ထက်တိုင် ၎င်း၏ဝိညာဉ်ကို နတ်ပူး၍မေးကြသည်။ ချွန်ပါတ်မေးကြသည်။ သူ၏ဝိညာဉ်မှာ နှစ် ၂၀၀ ကျော်တိုင် ရှင်သန်နေသည် ဟု ယူဆကြသည်။ မယ်ဏာအား ရည်စူး၍ ယုံကြည်သူများကို လက်ခံ၍ နတ်မေးလေ့ရှိကြသည်။

× × × × ×

(၃)

ထို့အတူ မြန်မာတို့သည်လည်း နတ်(ဘိုးဘိုးကြီး)စသည့် (ပရလောကသား)တို့ကို ယုံကြည်၍ ကိုးကွယ်ခဲ့ကြသည်။ မြန်မာနိုင်ငံရှိ တန်ခိုးကြီး ဘုရားများတို့တွင်လည်း ထိုနတ် (ဘိုးဘိုးကြီး)စသည့် ပရလောကသားတို့သည် သာယာယဉ်ကျေးမှုနှင့် ဆက်စပ်၍ တည်ရှိကြသည်။ သို့သော် မြန်မာတို့သည် ထိုနတ်(ဘိုးဘိုးကြီး) စသည်တို့ကို ဘာသာရေး ယုံကြည်ကိုးကွယ်မှုဖြင့် ကိုးကွယ်ကြသည် တော့ မဟုတ်ပေ။ လောကကောင်းစား ချမ်းသာရေးအတွက်သာ ကိုးကွယ်ကြခြင်း ဖြစ်သည်ကို ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလထုတ် မဓမ္မရုပ်စုံ မဂ္ဂဇင်းတွင် စာရေးဆရာ ဦးဆန်းလွင်က ဤသို့ ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသည်ကို တွေ့ရပါသည်၊ ဤ၌ အလျင်းသင့်၍ ထိုဆောင်းပါးကို မူရင်းအတိုင်း ပြန်လည်ဖော်ပြလိုက်ပါသည်။

(ဗုဒ္ဓဘာသာကို လူမျိုးအသီးသီးက ဗုဒ္ဓဘာသာကိုးကွယ်ကြရာတွင် မူလ ဗုဒ္ဓဘာသာ ဟု ပိဋကတ်ကျမ်းဂန်မှာ မပါသော်လည်း မိမိတို့လူမျိုးအလိုက် ယုံကြည်သက်ဝင် လက်ခံထားကြသော ရိုးရာယဉ်ကျေးမှု အစွဲအလမ်းများကို ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် ရောစပ်ပစ်ကြသည်။ ထိုအခါ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြခြင်း တူသော်လည်း မြန်မာ ဗုဒ္ဓဘာသာနှင့် ယိုင်းဗုဒ္ဓဘာသာ၊ ထိုင်းဗုဒ္ဓဘာသာနှင့် သီရိလင်္ကာ(သီဟိုဠ်) ဗုဒ္ဓဘာသာများသည် ယဉ်ကျေးမှု သဘောအရ အသွင်အပြင်မတူဘဲ ကွဲပြားခြားနားသွားကြရသည်။ ထိုသဘောကို သတိပြုမိစေရန် မြန်မာဗုဒ္ဓဘာသာတွင် တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်နေသော နာမည်ကျော် တန်ခိုးကြီး စေတီပုထိုးများ၏ အနီးပတ်ဝန်းကျင်တွင် တွေ့ရသော နတ်ဘိုးဘိုးကြီးများအကြောင်းကို တစေ့တစောင်း တင်ပြလိုပါသည်။)

× × × × ×

(၄)

ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီသည် ကပ်ကျော်စေတီ ဖြစ်သည်ဆိုသောစကားကို ကျွန်ုပ်ကြားဖူးပါသည်။ ကပ်ကျော်စေတီဟု ဆိုခြင်းမှာ အနီးအနားမှ ကပ်သွားနေကြသော်လည်း ဘုရားပေါ်တက်ပြီး မကြည်ညိုနိုင်ဘဲ တစ်ချက်မော့ကြည့်ရုံမျှ အနားမှ ဏပ်၍ ကျော်ဖြတ်သွားကြသော ကြောင့် ကပ်ကျော်စေတီဟု ဆိုကြောင်းကိုလည်း ကြားဖူးပါသည်။ တကယ်ပင် အများအတွက် မဆိုလိုသော်လည်း ထိုစကားသည် ကျွန်တော့်အတွက်မှု မှန်နေပါ၏။ ဆူးလေစေတီတော်မြတ်၏ ကုန်းတော်ပေါ်သို့ တစ်နှစ်လျှင်တစ်ခေါက် တက်ရောက်ကြည်ညိုမိဖို့ ခဲယဉ်းပါ၏။

မကြာမီကမှ ဆူးလေစေတီ ကုန်းပေါ်၌ ထူးခြားသော အဆောက်အအုံ စေတီပုထိုး၊ ရုပ်ပွားတော်များ၊ စေတီတော်၏ပြတိုက်၊ သူတော်စင်များ အဆောင် စသည်တို့ကို လေ့လာချင်စိတ်ပေါ်လာသည်။ နောက်ဆုံး ဘက်စုံမွမ်းမံပြီး ဆူးလေစေတီတော်၏ ရင်ပြင်ပေါ်သို့ တက်ရောက်ကြည်ညိုချင်စိတ်လည်း ပေါ်သည့်အကြောင်းကြောင့် ဆူးလေကုန်းတော်မြတ်ပေါ်သို့ ကျွန်တော် တက်ရောက်ကြည်ညိုမိလေသည်။

ဘက်စုံ ပြုပြင်မွမ်းမံပြီးနောက် ဆူးလေစေတီတော်မြတ်၏ ကုန်းတော်သည် ကြည်လင်သန့်ရှင်း၍ လှပတင့်တယ်နေပါသည်။ ယခင်က အမြင်ရှုပ်ထွေးမှုမျိုး၊ စိတ်ကျုပ်တည်းမှုမျိုးလည်း မရှိတော့ပါ။ မြေရေိယာ ကျဉ်းသော်လည်း အမြင်ရှင်းအောင် လုပ်ထားသဖြင့် စိတ်ရွှင်လန်းဖွယ်၊ ကြည်နူးဖွယ် ကောင်းပါ၏။

ကုန်းတော်တွင် လှည့်ပတ်ကြည့်ရှုစဉ် ကျွန်တော့်အာရုံကို အထူးဆွဲဆောင် ယူငင်သွားသောမြင်ကွင်းမှာ စေတီတော်၏ အရှေ့မြောက်ထောင့် ခပ်ကျကျနေရာမှာ တည်ရှိသော ဆူးလေနတ်ဘိုးဘိုးကြီး၏ နတ်ကွန်းမြင်ကွင်း ဖြစ်ပါသည်။ ဆူးလေစေတီဘက်သို့ မျက်နှာမူ၍ တည်ရှိသော ဆူးလေနတ်ဘိုးဘိုးကြီး၏ နတ်ကွန်း



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် ကြည့်ညိုနေသူ၊ ပူဇော်နေသူ၊ အဓိဋ္ဌာန်ပုတီးစိပ်နေသူ၊ ငွေကြေးလှူဒါန်းပြီး မိမိတို့၏ လာဘ်လာဘအလို့ငှာ ဆုတောင်းဆုယူပြုနေကြသူတွေ၊ ငှက်ပျောပွဲ၊ အုန်းပွဲ ပူဇော်နေကြသူတွေနှင့် အပြည့်ဖြစ်နေပါသည်။ ကျွန်တော်သတိပြုမိသော အချက်မှာ ဆူးလေစေတီ ကုန်းတော်မြတ်ကြီးပေါ်သို့ တက်ရောက်ကြည့်ညိုပြီး စေတီတော်၏ ဝေယျာဝစ္စအတွက် လှူဒါန်းကြသော လှူဖွယ်ဝတ္ထုများတွင် ဆူးလေနတ်ကြီးအား လှူဒါန်းသော လှူဖွယ်ဝတ္ထုနှင့် ငွေကြေးပမာဏသည် အများဆုံးဖြစ်လိမ့်မည်ဆိုသော အချက်ဖြစ်ပါသည်။ ထို့နောက် ကျွန်တော့်စိတ်ကူးထဲသို့ဝင်လာသော အတွေးတစ်ခုမှာ မြန်မာဗုဒ္ဓဘာသာဝင်များ၏ နတ်ကိုးကွယ်မှုအကြောင်းနှင့် ဆူးလေနတ်ဘိုးဘိုးကြီးအကြောင်း ဖြစ်ပါသည်။

မြန်မာ ဗုဒ္ဓဘာသာဝင်များသည် လောကုတ္တရာရေးရာနှင့် လောကီရေးရာ နှစ်ရပ်စလုံးအတွက် ထေရဝါဒ ဗုဒ္ဓဘာသာကိုကိုးကွယ်ကြရာ၌ လောကုတ္တရာရေး သဘောထားနှင့် လောကီရေး သဘောထားများ မတူခြားနားကြကြောင်းကို ကျွန်တော် သတိထားမိပါသည်။ ဆူးလေကုန်းတော်ပေါ်တွင် စေတီတော်ကိုကျောခိုင်းပြီး ဆူးလေနတ်ကြီးကို ပူဇော်ပသနေကြခြင်းသည် လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်အတွက် မဟုတ်၊ လောကီစည်းစိမ်ချမ်းသာ လာဘ်လာဘအတွက် အန္တရာယ်ကင်း ဘေးရှင်းဖို့အတွက်သာ ဖြစ်သည်။ ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာဝင်များ 'နတ်ကိုးကွယ်နေမှုသည် သရဏဂုံပျက်သည်'ဟု မဆိုသာကြောင်း ကျေးဇူးရှင်သပြေကန်ဆရာတော်ဘုရားကြီး ဖြေကြားတော်မူသော အောက်ပါစကားရပ်ကို ကျွန်တော် အောက်မေ့မိပါသည်။

"နတ်ကိုးကွယ်တဲ့ လူကို အချို့က သရဏဂုံပျက်တယ်လို့ ပြောကြတာ အချို့ကလည်း နတ်ကိုးကွယ်တာ သရဏဂုံမပျက်ဘူးလို့ ပြောကြတယ်။ အဲဒီတော့ ဘုန်းကြီးတို့ နတ်ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေကို သရဏဂုံပျက်တယ်လို့ ကေန်ပြောလို့လည်း မဖြစ်ဘူး။ သူ့အမှုကိုလိုက်လို့ပဲ ဘုရားကိုပစ်ပြီးတော့ နတ်ကိုသာ ကိုးကွယ်ရာမှတ် ကိုးကွယ်ရင် အဲဒါတော့ပျက်မှာပေါ့။ ဒီလိုမဟုတ်ဘဲနဲ့ ဘုရားကို မပစ်ပယ်ဘဲ ဘုရားကို ကိုးကွယ်ပြီးတော့ နတ်ကို လောကီစီးပွားကြီးပွားရာ ကြီးပွားကြောင်းအနေနှင့် ကိုးကွယ်ရာကိုတော့ သရဏဂုံပျက်တယ်လို့ မဆိုနိုင်ဘူး။ နတ်ကိုးကွယ်မှုကို ဘုရားရှင်ကိုယ်တော်မြတ်ကလည်း မပစ်ပယ်ပါဘူး"

ဟု သပြေကန်ဆရာ တော်ကြီးက သူ၏ ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်စာအုပ်မှာ ဖြေကြားထားလေသည်။

× × × × ×

(၅)

နောက်များမကြာမီ ကျွန်တော် သဃ်န်းကျွန်းရှိ ကျိုက္ကဆံစေတီသို့ ကြည်ညိုရန် ရောက်ရှိသွားပြန်သည်။ ကျိုက္ကဆံစေတီရဲ့ အရှေ့ဘက် ထောင့်တစ်နေရာတွင် သီးခြားခမ်းနားသော နတ်ကွန်းအဖြစ်တည်နေသော ကျိုက္ကဆံ၊ သဃ်န်းကျွန်းဘိုးဘိုးနတ်ကြီးကို တွေ့ရပြန်သည်။ သဃ်န်းကျွန်းဘိုးဘိုးနတ်ကြီးတွင်လည်း ဝတ်ကောင်းစားလှများ လှူထားသည်မှာ မနည်းပါ။ ဘိုးဘိုးနတ်ရုပ်ကြီးမှာလည်း ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ဖြစ်၍ ကြည်ညိုဖွယ်အဆင်း ရှိပါသည်။ ထိုအခါ ကျွန်တော် ရှေးဒဏ္ဍာရီစကားများကို သတိရသည်။

ထိုစကားမှာ ဥက္ကလာပမင်းကြီး ရွှေတိဂုံစေတီတော်ကို တည်ထားရန်

**ဆူးလေကုန်းတော်ပေါ်တွင်**
**စေတီတော်ကိုကျောခိုင်းပြီး ဆူးလေနတ်ကြီးကို**
**ပူဇော်ပသနေကြခြင်းသည် လောကုတ္တရာ မဂ်ဖိုလ်**
**နိဗ္ဗာန်အတွက် မဟုတ်၊ လောကီစည်းစိမ်ချမ်းသာ**
**လာဘ်လာဘအတွက် အန္တရာယ်ကင်း**
**ဘေးရှင်းဖို့အတွက်သာ ဖြစ်သည်။**



www.burmeseclassic.com

www.burmeseclassic.com

အတွက် သိင်္ဂုတ္တရကုန်းမြေနေရာကို ရှာဖွေစဉ်က သိကြားမင်း ပြညွှန်းခဲ့ပြီး နောက် ရွှေတိဂုံစေတီတော်တည်ထား သောအခါ ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်အပြင် ရှေးက ပွင့်တော်မူခဲ့ပြီးသော် ကကုသန်၊ ကောဏဂုံ၊ ကဿပမြတ်စွာဘုရားတို့၏ ဓာတ်တော်သုံးဆူပေါင်းပြီး လေးဆူဓာတ်ပုံ ရွှေတိဂုံ တည်ထားရန် ပြောဆိုသော စကားများကိုလည်း သတိရ အောက်မေ့မြင်သည်။ အမှန်မှာ ဤဘိုးဘိုးကြီးနတ်များသည် ရွှေတိဂုံစေတီတော် သမိုင်းကြောင်းနှင့်လည်း ဆက်စပ်နေသော သမိုင်းဝင်နတ်ကြီးများ ဖြစ်ကြောင်း သတိပြုမိလာပြန်သည်။ ဤကိစ္စသည် မြန်မာဗုဒ္ဓဘာသာ၏ ထူးခြားသော သမိုင်းရေးရာ၊ ယဉ်ကျေးမှုရေးရာ ကိစ္စတစ်ရပ်ဖြစ်သဖြင့် စေ့စေ့စပ်စပ် လေ့လာဖို့ကောင်းသည်။

မြန်မာအကြောင်းကို သိချင်ကြသော တိုင်းတစ်ပါးသား သုတေသီ ပညာရှင်များလည်း စိတ်ဝင်စားမည့် ကိစ္စတစ်ရပ် ဖြစ်သည်ဟု ထင်သဖြင့် ကျွန်တော် ရှေ့ပြေးလေ့လာမှုကို ပြုချင်စိတ် ပေါ်လာပြန်သည်။

ရန်ကုန်(ဒဂုံ)မြို့ ပတ်ဝန်းကျင်ရှိ တန်ခိုးကြီးစေတီပုထိုးများတွင် တခမ်းတနား ကွန်းဆောင်ကြီးများ ဆောက်လုပ်လှူဒါန်းထားသော ဘိုးဘိုးနတ်ကြီးများကို ဘုရားဖူးလာသူ ပရိသတ်များ သတိတရ သွားရောက်ကြည်ညို ဖူးမြော်လှူဒါန်းနေကြသည်မှာလည်း လာဘ်လာဘကိစ္စ အန္တရာယ်ကင်းဘေးရှင်းရေးတစ်ခုတည်းအတွက် မဟုတ်ဘဲ ထိုနတ်ကြီးများ၏ မြန်မာ ဗုဒ္ဓ... သာသနာတော်အတွက် ...ကြီးခဲ့သောကြောင့် လည်း ဖြစ်နေ...ပါသည်။

× × × × ×

(၆)

ဆူးလေနတ်ကြီးနှင့် သဃ်န်းကျွန်းနတ်ကြီးများကို အလေးဂရုပြုမိပြီး နောက်မကြာမီတွင် ကျွန်တော် ဗိုလ်တထောင်စေတီတော်သို့ ကြည်ညိုရန် ရောက်ရှိသွားပြန်သည်။ ဗိုလ်တထောင်စေတီ၏ အရှေ့တောင်ထောင့် ကန်ရေပြင်၏အဆုံးတွင် ရောဟဏီနတ်ကြီးဟု အမည်တွင်သော ဗိုလ်တထောင်ဘိုးဘိုးကြီး နတ်ကြီးတည်ရာ နတ်ကွန်းကြီးရှိပါသည်။ ဗိုလ်တထောင်နတ် ဘိုးဘိုးနတ်ကြီး၏ ဆန့်တန်းထားသော လက်ပေါ်တွင် တင်လှူထားသော ပဝါစများကား ရောင်စုံဖြစ်ပါသည်။ နတ်ဘိုးဘိုးကြီးအား လှူဒါန်းနေကြသူတွေ ပူဇော်ပသနေကြသူတွေလည်း နေ့ညအချိန်မရွေးရှိပါသည်။ ယခု ဗိုလ်တထောင်စေတီ ဘက်စုံပြုပြင် မွမ်းမံအပြီးတွင် နတ်ကြီးကို လှပသောနတ်ကွန်းဖြင့် တခမ်းတနား ပူဇော်ထားပါသည်။

ထိုအခါ ဆူးလေနတ်ကြီး၊ ဗိုလ်တထောင်နတ်ကြီး၊ သဃ်န်းကျွန်းနတ်ကြီးနှင့် ကျွန်တော်ကြားဖူးထားသော မှော်ဘီနတ်ကြီးများ၏ ဆက်စပ်နေသော သမိုင်းကြောင်းကို သိချင်သောစိတ် ဖြစ်လာပြန်သည်။ ထို့ကြောင့် ရွှေတိဂုံသမိုင်းနှင့် ဆက်စပ်နေသော ထိုနတ်ကြီးများအကြောင်းကို ကျွန်တော် တစေ့တစောင်း လေ့လာမိပြန်သည်။

ဥက္ကလာပမင်းကြီးသည် ဆံတော်မြတ်ကို စေတီတည်ရန်အတွက် မှူးမတ်သေနာပတိ အစုံအလင်ဖြင့် စည်းဝေးတော်မူ၏။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့အားလည်း မြတ်ဘုရား၏ မိန့်ကြားတော်မူအပ်သည့် ဗျာဒိတ်စကားကို မေးမြန်းတော်မူ၏။ ထိုအခါ ညီနောင်နှစ်ယောက်တို့က ကကုသန်၊ ကောဏဂုံ၊ ကဿပဘုရားသုံးဆူ၏ ပရိဘောဂ အသုံးအဆောင်များ တည်ရှိရာ သိင်္ဂုတ္တရကုန်းတော်တွင် စေတီတည်ရမည်ဖြစ်ကြောင်း လျှောက်ထားကြကုန်၏။

× × × × ×

(၇)

နေမျိုးကျော်ထင် ရေးသားသည့် ပေါ်တော်မူ ဗုဒ္ဓတစ်ထောင်သမိုင်း စာအုပ်တွင်လည်းကောင်း၊ ဆရာမောင်ဆုရှင်ရေးသည့် ရွှေတိဂုံစေတီတော်မြတ် စာအုပ်တွင်လည်းကောင်း၊ တိဂုံဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်သမိုင်းတွင် ပါဝင်နေသော ဆူးလေနတ်ကြီး၊ ရောဟဏီ ဗိုလ်တထောင်နတ်ကြီး၊ ဒက္ခိဏာဒေါ် သဃ်န်းကျွန်းနတ်ကြီး၊ မှော်ဘီနတ်ကြီးနှင့် အမြိုသဒေါ် နတ်ကြီးများအကြောင်း အနည်းငယ် ပါရှိပါသည်။

ဒဏ္ဍာရီ သမိုင်းကြောင်းအရ ဥက္ကလာပမင်းကြီးသည် သိင်္ဂုတ္တရကုန်းမြေကိုရှာ၍ မတွေ့သဖြင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက ကူညီရှာဖွေပေးကြရန် ပူဇော်၍တောင်းခံသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သိကြားမင်း လာရောက်၍ သိင်္ဂုတ္တရကုန်းမြေကို ညွှန်ပြသည်။ သို့သော် ရှေးဘုရားရှင်တို့က ပရိဘောဂ ဓာတ်တော်များ တည်ရှိသောနေရာကို မသိသဖြင့် သူ့ထက်အသက်ကြီးသော ရေသဖန်းပင်စောင့်နတ်ကို မေးမည်ဆိုပြီး မေးလေသည်။ ရေသဖန်းပင်စောင့်နတ်ကလည်း သူ့အသက်မှာ အန္တရကပ်ထက်ဝက်သာ ရှိသေးသည်။ သူမသိနိုင်ကြောင်း သူ့ထက်အသက်ကြီးသော နတ်ကြီးများကို မေး သင့်ကြောင်း သိကြားမင်းအား အကြောင်းကြားလေသည်။ သိကြားမင်းကလည်း အန္တရကပ် သုံးကပ်ခွဲမျှ အသက်ရှည်သော ဆူးလေနတ်ဘိုးဘိုးကြီး၊ ရေပဟာဏိဗိုလ်တထောင်နတ်ကြီး၊ ဒက္ခိဏသံန်းကျွန်းနတ်ဘိုးဘိုးကြီး၊ အမြိဿခေါ် မော်ဘီနတ်ဘိုးဘိုးကြီးတို့ကို စုံစမ်းလေသည်။ (ဤတွင် အမြိဿနတ်ကြီးသည် မော်ဘီနတ်ကြီးဖြစ်ကြောင်း ဆရာမောင်ဆုရှင် ဖော်ပြထားသည်။ နေမျိုးကျော်ထင်မှုနှင့် ကွဲသည်။) အဆိုပါနတ်ကြီးများတွင် ဆူးလေနတ်ကြီးသည် အသက်အကြီးဆုံးဖြစ်သည်။ ဆူးလေနတ်ကြီးသည် ကကုသန်ဘုရားရှင် လက်ထက်၌ ဘီလူးဖြစ်ခဲ့ဖူး၏။ နွားစဉ် ဆင်တစ်ကောင်ကျစား၏။ တစ်နေ့သ၌ စားသောက်ရန်အစာကို မွတ်သိပ်ဆာလောင်စွာ ရှာဖွေနေစဉ် ကကုသန်မြတ်စွာဘုရားနှင့် တွေ့၏။ ဘုရားကိုပင် စားမည်ကြံ၏။ ကကုသန်မြတ်စွာဘုရားရှင်က သူ့အား တားမြစ်ဆုံးမတော်မူ၏။ ဘီလူးသည် သံဝေဂရ၏။

ထိုအခါ မြတ်စွာဘုရားက ခုနစ်နှစ် ငါးပါးသီလမြဲရန် ဝန်ခံကတိကို တောင်း၏။ ဘီလူးလည်း ခုနစ်နှစ်ကား မျှားလွန်းသည်ဟု တုံ့ပြန်လျှောက်ထား၏။ သို့ဖြစ်လျှင် ငါးပါးသီလကို ခုနစ်ရက်ဆောက်တည်ရန် ဘုရားက ဆုံးမတော်မူပြန်၏။ ထိုအခါ ဘီလူး အကျွတ်တရားရသည်။ ထိုအခါ ကကုသန်မြတ်စွာဘုရား၏ တပည့်သားအဖြစ် တည်၏။ မြတ်စွာဘုရားရှင်သည် ဘီလူးအား မိမိ၏ တောင်ဝေးကို ပေးသနားတော်မူခဲ့လေသည်။

ထိုဘီလူးသည် ဆူးလေနတ်ကြီး ဖြစ်လာခဲ့လေသည်။ ထိုတောင်ဝေးကို သိင်္ဂုတ္တရကုန်း ရွှေကညင်ပင်ကြီးအောက်မှာ မြှုပ်ထားကြောင်း ဆို၏။ ထို့နောက် ရေပဟာဏိနတ်ကြီးသည် ကောဏာဂုံမြတ်စွာဘုရားလက်ထက်က ဘီလူးအဖြစ် ဖူးမြင်ခွင့်ရရှိပြီး မြတ်စွာဘုရားပေးသနားသဖြင့် ရေစစ်ဓမ္မကရိုဏ်ကို ရရှိခဲ့ကြောင်း၊ ရွှေကညင်ပင်အောက်မှာ ဘုရားဗျာဒိပ်တော်အရ မြှုပ်ထားကြောင်း ဆိုသည်။

ဒက္ခိဏနတ်ကြီးသည် ကဿပဘုရားပွင့်တော်မူစဉ် ဘီလူးအဖြစ်ဖြင့် အကျွတ်တရားရသဖြင့် မြတ်စွာဘုရားက ရေသနုပ်တော်ကို ချီးမြှင့်၍ ရရှိခဲ့ကြောင်း ဗျာဒိပ်အရ ရွှေကညင်ပင်ကြီး အောက်မှာပင် မြှုပ်ထားကြောင်း ဆိုလေသည်။

ထို့နောက် အမြိဿအမည်ရသော မော်ဘီနတ်ကြီးက ငါသည် မြတ်စွာဘုရားဆံတော်ကို စောင့်ရှောက်ရမည့်သူ ဖြစ်သည်ဟုဆိုသည်။

x x x x x

(၈)

ဤနတ်ကြီးလေးပါး သမိုင်းကား ထင်ရှားပြီးဖြစ်၏။ သို့ရာတွင် ကျွန်တော် ရန်ကုန်မြို့ ကျိုက်ပိုင်းစေတီသို့ ရောက်သောအခါ၌လည်းကောင်း၊ ပဲခူး ဟသ်ာကုန်းပေါ်သို့ ရောက်သောအခါ၌လည်းကောင်း ထိုဘုရားစေတီများ အနီးအပါးတွင် နတ်ကွန်းများဖြင့် တခမ်းတနား တည်ထားသော ကုန်းတော်စောင့် ဘိုးဘိုးကြီး နတ်ရုပ်ကြီးများကိုလည်း တွေ့ရှိခဲ့ရလေသည်။

ထိုနတ်ကြီးများသည် ထိုဘုရားစေတီများသမိုင်းနှင့် ဆက်စပ်မှု မည်သို့ရှိသည်ကိုကား ကျွန်တော် မလေ့လာရသေးပါ။ သို့သော် မြန်မာနိုင်ငံ တန်ခိုးကြီးဘုရား၊ စေတီများတွင် (ဥပမာ ကျိုက်ထီးရိုးဘိုးဘိုးကြီးကဲ့သို့) နတ်ဘိုးဘိုးကြီးများ စောင့်ရှောက်လျက်ရှိသည်ဟု ယုံကြည်ခြင်းသည် မြန်မာတို့၏ ရိုးရာယုံကြည်မှုတစ်ရပ်ပင် ဖြစ်ကြောင်းကား ထင်ရှားပါသည်ဟူ၍ ဖော်ပြထားသည်ကို တင်ပြလိုက်ရပါသည်။

**လှတိုး(စိတ်ပညာ)**

**စာညွှန်း**

၁။ ကမ္ဘာလှည့်တင်တင်စိန်၏ 'မြေပြာပြစင်ချင် ထိုင်းလင်းတစ်ခွင်'

၂။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလထုတ် ဓမ္မရုပ်စုံမဂ္ဂဇင်း။



www.burmeseclassic.com

www.burmeseclassic.com



# တန်ဖိုးရှိသောလူ

## မိုးပန်းဖွန့်(ရာဇသ)

လူသားအားလုံးသည် ဘဝတစ်ခုကို ပိုင်ဆိုင်လာကြသည်နှင့် အလုပ်လုပ်ကြရသည်။ အသက်ရှင်ရပ်တည်ရေးနှင့် စားဝတ်နေရေးအတွက် အလုပ်တစ်ခုခုကို ရွေးချယ်ရပြီ။ သက်သာသောအလုပ်နှင့် ပင်ပန်းသောအလုပ်များထဲမှ ကိုယ့်အစွမ်းအစရှိသလောက် ရွေးချယ်နိုင်သည်။ အရည်အချင်းရှိရန်လည်း ကြိုးပမ်းခွင့်ရှိသည်။

လူတစ်ယောက် အရည်အချင်းရှိရန်အတွက် ဝီရိယရှိရန်လိုသည်။ လောကကြီးထဲမှ လူသားများစွာအတွက် အလကားပေးထားသောအရာများစွာရှိသည်။ ထိုများစွာထဲမှ "အချိန်၊ လေ၊ နေရောင်ခြည်" စသည်တို့မှာ အဓိကဖြစ်သည်။ အလကားရသော ထိုအရာများကို အလကားဖြစ်သွားရန် လုပ်နေသူများလည်းရှိ၏။

'အချိန်'ဆိုသော တန်ဖိုးရှိသည့်အရာကို ဖြုန်းတီးနေသူများ ရှိ၏။ ထိုတွေ့ရသည့်လူများသည် ချမ်းသာသူများထဲမှလည်းရှိပြီး၊ ဆင်းရဲသူများလည်း ပါနေသည်။ ယခင်က အချိန်ဖြုန်းနည်းမှာ နှစ်လုံးထီ၊ ချဲ၊ ဖဲစသည့်လောင်းကစားမှုအလုပ် ဖြစ်သည်။ စာရွက်နှင့် ဘောလ်ပင်ကို မချစတမ်း တွက်ချက်ကြသည်။ လူများစွာ၏ အချိန်ကိုဝါးမျိုနေခြင်းဟု မည်သူကမှ မတွေးကြ။ သာယာနေလိုက်ကြသည်မှာ ရေကုန်ရေခန်း၊ ငွေကုန်လူပန်း ဖြစ်နေကြသည်။

ယခုခေတ်တွင် မြင်နေရသည်မှာတော့ Facebook ဖြစ်သည်။ ကျောင်းသူကျောင်းသား အရွယ်များဆိုလျှင် ဂိမ်းကစားသည်။ အားလုံးပင် ထမင်းမေ့ဟင်းမေ့၊ စာမေ့၊ အမိုးမေ့။ သူတို့နှင့် သူတို့၏ ဖုန်းများသာတစ်ကမ္ဘာ။

www.burmeseclassic.com

"အချိန်ဖြုန်းသူနှင့် လေဖြုန်းသူ အတူတူပဲ"ဟု ပြောနိုင်သည်။ ယခုခေတ်တွင် လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်များ မှိုလိုပေါက်လာပြီ။ အမျိုးသားအတော်များများသည် အိမ်တွင် နေ၍ချင်ပုံမရကြ။ အချိန်တိုင်း လက်ဖက်ရည်ဆိုင်ထိုင်နေကြသည်။ စီးပွားရေး၊ လူမှုရေး၊ ရောင်းဝယ်ရေး၊ နိုင်ငံရေး စသည်ဖြင့် အရေးအရာပေါင်းများစွာကို လက်ဖက်ရည်ဆိုင်တွင်သာ ပြောကြတော့သည်။

ဂျာနယ်များစွာ ထုတ်လုပ်ဖြန့်ချိသော ခေတ်ဖြစ်နေခြင်းကို ကြုံဆိုလျက် ထိုဂျာနယ်ထဲမှ အကြောင်းအရာများကို ဆွေးနွေးသည်မှာ အချိန်များစွာ။ ပိုသိ၍ ဝေဖန်ရေးလုပ်သူထက် နည်းနည်းသိပြီး များများပြောသူကြောင့် စကားဝိုင်းက ဆူဆူညံညံ။ တစ်ထွာလောက်သိပြီး တစ်လံလောက်ပြောနေသည်မှာ အားပါးတရ။ 'လေလုံးထွားသူ'ဟု အများက လှောင်ပြောင်သည်ကို သူကရုမစိုက်။

ဖဲဝိုင်းထိုင်၍ ငွေရှုံးသူ၊ ချဲဝိုင်းကြောင့် ငွေကုန်သူ၊ အကြွေစေ့ဂိမ်းများ၊ ဖဲ့စ်ဘုတ်များကြောင့် ငွေကုန်သူတို့ များလာသည်။ ထိုလူများသည် သုံးထပ်ရှုံးသူများ ဖြစ်သည်။ ငွေရှုံးသည့်အပြင် အချိန်လည်း ရှုံးသည်။ အကျင့်စာရိတ္တလည်း ရှုံးကြရသည်။ စိတ်ဓာတ်ယိမ်းယိုင်နေသူများ လက်ထဲသို့ ဒေါ်လာလုပ်သည့် စက် ထည့်ပေးထားလည်း မွဲနေဦးမှာ သေချာသည်။

ထိုသို့သော နည်းမျိုးစုံဖြင့် အပျော်ရှာနေသူများသည် တန်ဖိုးရှိသောလူ မဖြစ်နိုင်တော့ပါ။ ကိုယ့်အတွက်သာတွေးပြီး အချိန်ဖြုန်း အပျော်လွန်နေကြခြင်းပါ။ အပျော်လွန်လျှင်လည်း ဘဝသေသည်။ တိုင်းတစ်ပါးသားများကို အတုယူ၍ ပျော်ကြသည့် ခရစ်စမတ်ပွဲ၊ နယူးရီးယားညာ၊ မြန်မာ့သင်္ကြန် စသော ပွဲတော်များကိုကြည့်။ အပျော်လွန်၍ ခိုက်ရန်ဖြစ်ပွားခြင်း၊ ရေနစ်ခြင်း၊ ကားတိုက်ခြင်း၊ ဆိုင်ကယ်မှောက်ခြင်း စသည်ဖြင့် သေနည်းစုံဖြင့် သေဆုံးကြသည်။

အချိန်ကုန်၊ ငွေကုန်ပြီးနောက် ဆင်ခြင်တုံတရားမဲ့လာသည်ကို လည်း တွေ့ရဂမြင်။ စိတ်ညစ်လွန်း၍ စိတ်မခိုင်ဘဲ ရေထဲခုန်ချသူ၊ ကြိုးဆွဲချသေသူ၊ ကိုယ့်ကိုယ်ကို မီးရှို့သူ စသည်ဖြင့် လုပ်ဝံ့ကြပြီ။ ကြောင်းကျိုးဆက်စပ် တွေးခေါ်နိုင်မှု အသိပညာမဲ့လာသောအခါ ခိုးယူ၊ တိုက်ယူ၊ လုယက်သတ်ဖြတ်ယူခြင်းဖြင့် ငွေနောက်လိုက်ရင်း မိုက်မှားကြသည်။

"အလကားရသောလေကိုအကျိုးရှိအောင်သုံးပါ"ဟု မှာကြားသောစကားသည်လည်း လေတွင် ပျောက်ကွယ်သွားပြီ။ ရှေးနှစ်ပေါင်းများစွာက လူသားများ လောကကြီးမှ အလကားရသော 'လေ'ကို တန်ဖိုးရှိရှိ အသုံးချတတ်ခဲ့ကြသည်။ လေယာဉ်ပျံ၊ မီးပုံပျံများ မရှိသေးသော ကာလဖြစ်၍ စွန့်ဦးတီထွင်သူများက ပျံသန်းနိုင်သော လေယာဉ်ငယ်ကို တီထွင်ခဲ့သည်။

'ရိုက်ညီနောင်'တို့က လေဖိအားကိုလေ့လာသည်။ လေ၏ဆွဲငင်အားကို စမ်းသပ်သည်။ ကမ္ဘာမြေကြီး၏ ဆွဲငင်အားကိုလေ့လာ၍ စမ်းသပ်တီထွင်မှုအဆင့်ဆင့် ပြုလုပ်ကြသည်။ ထို့နောက် လေဖြင့်ပျံဝဲနိုင်သော လေယာဉ်ပျံငယ်ကို တီထွင်နိုင်ခဲ့သည်။ အလကားရသောလေကို လူ၏ လုံ့လဝီရိယ၊ ဉာဏ်စွမ်းများဖြင့် ပေါင်းစပ်လိုက်သည့်အခါ လောကအကျိုးပြုမှုကြီးတစ်ခုကို ပိုင်ဆိုင်နိုင်ခဲ့သည်။ ထိုအဆင့်ဆင့် စမ်းသပ်မှုကြောင့် ယခုခေတ်တွင် လေယာဉ်ပျံ၊ ဂျက်၊ ဟိုက်စကီး စသည်ဖြင့် အသုံးပြုနိုင်ကြပြီ။

'ကျွမ်းကျင်မှု'ဆိုသည်မှာ လုံ့လဝီရိယကို အခြေခံသော ဉာဏ်ရည်-ဉာဏ်သွေးဖြစ်သည်။ စမ်းသပ်တီထွင်မှုများကြောင့် ပို၍ကျွမ်းကျင်လာပြီး နလဒလက်ဖြင့် ရာသီဥတုခန့်မှန်းခြင်းများ၊ လေဖိအားတိုင်းကိရိယာများ စသည်ဖြင့် တီထွင်လာနိုင်သည်။ လောကကြီးအတွက် အကျိုးရှိသောအရာများပေါ်ထွန်းလာသည်။

မြန်မာနိုင်ငံတွင်လည်း လေကိုအသုံးပြု၍ မီးပုံပျံကြီးဖြင့် ပင်လယ်ကူးခဲ့သည့် လူစွမ်းကောင်းရှိခဲ့ကြောင်း ဖတ်ဖူးသည်။ "မီးပုံးပျံဦးကျော်ရင်" ဆိုသူသည် ကမ္ဘာကပင်အသိအမှတ်ပြု ချီးကျူးခံရသည် မဟုတ်ပါလား။ လေကို အကျိုးရှိစွာ အသုံးချခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ရှေးရှေးက ဘိုးဘေးဘီဘင်များ ရှိခဲ့သည်ပင်။ ခေတ်လူငယ်အချို့ လေကို အလဟဿ ဖြုန်းတီးနေခြင်းဖြင့် အကျိုးမဲ့စွာ အချိန်ဖြုန်းနေသည်ကို ဆင်ခြင်သင့်ပြီ။

'နေရောင်ခြည်'အောက်တွင် အတူတကွနေထိုင်သူများသည် ကမ္ဘာကြီး အတွင်းမှ ဖြစ်ပျက်နေသည်များကို တစ်စေ့တစ်စောင်း သိထားသင့်သည်။ နေစွမ်းအင်အသုံးချမှု သိပ္ပံဆိုင်ရာ ပစ္စည်းများကိုထား၊ နေစွမ်းအင်ဖြင့် လူသားအကျိုးပြုမှုများ ဆန်းသစ်တီထွင်နိုင်ခြင်းကို ထားဦး၊ နေရောင်အောက်မှ လူသားများ၏ အသိပညာနှင့် တွေးဆဆင်ခြင်မှုများ မည်မျှမြှင့်တင်နိုင်ပြီလဲဟု တွေးကြည့်မိသည်။ နိုင်ငံတကာစံနှုန်းကို ချည်း ကြည့်ပြီး မည်သည့်နိုင်ငံက မည်မျှ တိုးတက်နေပြီ၊ မြန်မာများ တိုးတက်မှုနှုန်း ကျဆင်းနေသည်ဟု အော်ကြသည်။ အော်နေသူများကရော နိုင်ငံအတွက် ကြိုးစားအားထုတ်မှု လုပ်ခဲ့ပြီလား။

ရုပ်ဝတ္ထုတိုးတက်ခြင်းကိုကြည့်ပြီး တန်ဖိုးကြီးသောပစ္စည်းများကို အလျှံပယ်သုံးပြီး တိုးတက်လာပြီဟု ပြောသူလည်းရှိသည်။ တိုးတက်ခြင်းနှင့် ဆုတ်ယုတ်ခြင်းကို အသုံးပြုသော ပစ္စည်းအကောင်းစားများနှင့် တိုင်းတာနေကြခြင်း ဖြစ်သည်။ တန်ဖိုးတိုင်းတာမှု အံချော်နေသည့်ခေတ်ဟု ပြော၍ရသည်။

မြန်မာနိုင်ငံသားများ၏ "လူ့တန်ဖိုး"တိုင်းတာမှုသည်ပင် ယခင်ကနှင့် မတူတော့ပါ။ ရှေးခေတ်က လူ့တန်ဖိုးကိုသတ်မှတ်ရာတွင် ကိုယ်ကျင့်တရားကောင်းခြင်း၊ သစ္စာတရားရှိခြင်း၊ သိက္ခာနှင့် အရှက်အကြောက်ကို ထိန်းသိမ်းခြင်း၊ လောကနီတိနားလည်ခြင်း စသည် စသည်ဖြင့် စံနှုန်းထားသတ်မှတ်ကြသည်။ ဒါသည်ပင် မြန်မာ့မလေ့၊ မြန်မာ့စရိုက် ဖြစ်ခဲ့သည်။

ယနေ့ ခေတ်မီတိုးတက်နေသော ကာလတွင် ယန္တရားအတတ်များကို ဦးစားပေး တန်ဖိုးထားကြသည်။ အပြိုင်အဆိုင် ကြိုးပမ်းနေကြသည်။ ပို၍ဈေးကြီးမြင့်သည့် စက်ပစ္စည်းကို ကိုင်တွယ်သုံးစွဲနိုင်မှ အထင်ကြီး ဂုဏ်တက်သည်ဟု မှတ်ယူကြသည်။ ဖုန်းကိုလည်း ခါးမှာချိတ်၊ လက်မှာကိုင်၊ အိတ်နှင့်လွယ်၊ တစ်ကိုယ်လုံး ရှုပ်ယှက်ခက်နေရော့ပင်။ လူက တန်ဖိုးရှိ မရှိ မသေချာ၊ သုံးစွဲပြထားသော ပစ္စည်းများမှာ တန်ဖိုးကြီးကြီးချည်းဖြစ်၏။

(IT) ခေတ်ဟု ကြွေးကြော်နေသော လူငယ်များအကြား "လူ့တန်ဖိုး"တိုင်းတာမှု ကွာခြားလာသည်။ ပစ္စည်းကောင်း မသုံးနိုင်သူများပင် တန်ဖိုးမရှိတော့သလိုလို၊ လောကကြီးတွင် လူ့တန်ဖိုးမြှင့်တင်ရန် တန်ဖိုးထားမှု ပြောင်းလဲလာသည်နှင့် အမျှ စာရိတ္တမဏ္ဍိုင်လည်း ပြောင်းလဲလာသည်။ အမှန်တကယ် လိုအပ်သော "လူ့တန်ဖိုး"များ မှိန်လျော့လာသည်။ လူ့အဖွဲ့အစည်းလည်း ပြောင်းလဲလာသည်။ ပြည်သူ့နီတိ နားမလည်သော လူငယ်များ တိုးပွားလာသည်။ လူတော်ပေမယ့် လူကောင်းမဖြစ်လျှင် တန်ဖိုးမရှိနိုင်ပါ။

"လူ့တန်ဖိုးကို မြှင့်တင်ရာမှာ စိတ်ဓာတ်ခွန်အား ပြည့်ဝရမယ်" ရှေးက လူကြီးသူမများ အဆင့်ဆင့် သွန်သင်မှာကြားခဲ့သော စကားကို မမေ့သင့်ပါ။ "စိတ်ဓာတ်ခွန်အား" ပြည့်သူသည် စာနာစိတ် ရှိသည်။ အနိုင်မကျင့်၊ အပြစ်မရှာ၊ သံသယမပွား၊ ငြိမ်းချမ်းစွာ နေလိုသူသာ ဖြစ်သည်။ ဘွဲ့၊ ဒီဂရီ၊ ဆုတံဆိပ်များနှင့် ဂုဏ်ထယ်သော "လူတော်"များ လိုအပ်သည်နှင့်အမျှ အများအကျိုးလိုလား၍ အများအတွက် ဆောင်ရွက်နိုင်သော၊ ကိုယ်ကျင့်တရားကောင်းသော၊ ယဉ်ကျေးလိမ္မာသော "လူကောင်း"များလည်း နိုင်ငံအတွက် လိုအပ်သည်။

"လူတော်လူကောင်း"များ၏ ပေါင်းစုအားဖြင့် မြန်မာနိုင်ငံကို လုံခြုံငြိမ်းချမ်း တိုးတက်စေရန် ဆောင်ရွက်ရမည်မဟုတ်ပါလား။ အနာဂတ်လူငယ်များသည် စိတ်ဓာတ်ခွန်အား ပြည့်ဝသည့် "တန်ဖိုးရှိသော လူ"ဖြစ်အောင် ကြိုးစားကြပါဟု တိုက်တွန်းလိုက်ပါသည်။

မိုးပန်းမွှန်(ရာမည)

၀၉-၄၂၀၀၁၁၈၆၉



www.burmeseclassic.com

www.burmeseclassic.com

# သီရိလင်္ကာမှ ဗုဒ္ဓဘာသာဝင်တို့၏မြို့များ

(မြသိန်း)

ယနေ့ သီရိလင်္ကာနိုင်ငံကို ရှေးအခါ သီဟိုဠ်ကျွန်းဟု ခေါ်ခဲ့ကြသည်။ ကမ္ဘာတွင် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံများတွင် သီရိလင်္ကာ ပါဝင်၏။



သီရိလင်္ကာကျွန်းနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာသည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက ထွန်းကားခဲ့ကြောင်းကို ဘာသာရေးအထိမ်းအမှတ် ကျောက်တိုင်များ အဆောက်အဦများနှင့် စာပေကျမ်းဂန်များက သက်သေခံလျက်ရှိ၏။

ပင်လယ်ရေကြောင်း လမ်းခရီးပေါ်တွင် တည်ရှိနေသော သီရိလင်္ကာနိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀ ကျော်က ပြည်ပနိုင်ငံများ၏ ကျူးကျော်မှုကို ခံခဲ့ရသော်လည်း ဗုဒ္ဓဘာသာ မတိမ်ကော မပပျောက်သွားရန် ကြိုးပမ်းအားထုတ်ခဲ့ကြ၏။

သီရိလင်္ကာနိုင်ငံသားတို့၏ ဗုဒ္ဓဘာသာ မမေးမှိန်သွားရေး ကြိုးပမ်းမှုကို ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့က အားသွန်ခွန်စိုက် ပံ့ပိုးပေးလျက်ရှိသည်ကို တွေ့ရ၏။ ဗုဒ္ဓဘာသာသမိုင်းကြောင်းနောက်ခံ နေရာများနှင့် အထိမ်းအမှတ်ကျောက်တိုင်များ၊ အဆောက်အဦများရှိသည့် ထူးခြားသော နေရာများကို ယခုအခါတွင် ယူနက်စကိုသည် သီရိလင်္ကာအစိုးရနှင့် ပူးပေါင်းကာ ယဉ်ကျေးမှုတြိဂံနေရာဟု သတ်မှတ်ပေးထားသည်။

အထိမ်းအမှတ်ကျောက်တိုင်ရှိရာ နေရာများနှင့် ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦနေရာများကို ယဉ်ကျေးမှုတြိဂံစီမံကိန်းအရ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ပြုပြင်မွမ်းမံခြင်းတို့ကို ပြုလုပ်လျက်ရှိ၏။ အဆိုပါ တြိဂံနေရာမှာ အနုရာဓပူရမြို့၊ ပိုလုံနာရုဝမြို့နှင့် ကန်ဒီမြို့တို့၏ အကြားၣရှိသော

www.burmeseclassic.com




တြိဂံနယ်မြေများ ဖြစ်၏။

**အနုရာဓပူရ** - အနုရာဓပူရသည် ဘီစီ ၅ ရာစုမှသည် အေဒီ ၁၀ ရာစုအထိ သီရိလင်္ကာ၏ မြို့တော်ဖြစ်ခဲ့သည်။ ဤရှည်လျားသော ကာလ၌ သီရိလင်္ကာကို အုပ်ချုပ်သွားကြသော ရှင်ဘုရင်များသည် သီရိလင်္ကာနိုင်ငံတွင် ဗုဒ္ဓဘာသာပြန့်ပွားအောင် ကြိုးပမ်းသွားကြ၏။ ဗုဒ္ဓဘာသာရေးဆိုင်ရာ အဆောက်အဦများစွာကို တည်ဆောက်ခဲ့ကြ၏။ အနုရာဓပူရမြို့၏ မြို့ရိုးများအတွင်း၌ ရှေးအကျဆုံး ဗုဒ္ဓဘာသာ အဆောက်အဦဖြစ်သော မဟာဝိဟာရနှင့် အဘာရာဂီရိယ စာသင်ကျောင်းတော်ကြီးတို့ ရှိခဲ့၏။ ဇီတဝဏ္ဏတွင် ကမ္ဘာ့အမြင့်ဆုံး စေတီတော်ကြီးကို ၄ ရာစု အေဒီ၌ဘုရင်မဟာချုန်မှ တည်ဆောက်ခဲ့ရာ သူ့အရိုက်အရာကို ဆက်ခံသော ရှင်ဘုရင် သီရိမီဂါဝဏ္ဏမှ ပြီးမြောက်အောင် ဆက်လက်တည်ဆောက်ခဲ့၏။ ထိုစေတီတော်ကြီးကို ၁၂ ရာစုတွင် ဘုရင် ပါရက်ရာမဗာဟု(ခ)မှ ပေ ၄၀၀ အမြင့်အထိ ဆက်လက်မြှင့်တင်တည်ဆောက်ခဲ့၏။





အနုရာဓပူရမြို့တော်၏ မြောက်ဘက်တွင် ဇီတဝဏ္ဏစေတီတော်ထက် ပို၍ပင် ရှေးကျသော အဘယဂီရိ စေတီတော်ကို ဘီစီဒုတိယရာစု၌ ဝိတ္တဂါမဏိမင်းက တည်ထားခဲ့၏။

တရုတ်ပြည်မှ ဘုန်းတော်ကြီးတစ်ပါးဖြစ်သော ဖာရှန်သည် ၅ ရာစု အေဒီ၌ သီရိလင်္ကာသို့လာ၍ ဗုဒ္ဓဘာသာစာပေကျမ်းဂန်များကို လေ့လာသည်ဟု သိရ၏။

**ပိုလုံနာရုဝ** - သီရိလင်္ကာ၏ မြို့တော်ကို ၁၀ ရာစုခန့်၌ ပိုလုံနာရုဝမြို့သို့ ပြောင်းရွှေ့ခဲ့သော်လည်း ထိုမြို့တော်၏ ထင်ရှားကျော်ကြားမှုမှာ ၎င်းမြို့တော်၏ ရှင်ဘုရင်တစ်ပါးဖြစ်သော မဟာပါရက်ခရာမဗာဟု လက်ထက်တွင် အံ့လွှန်းကြီးမားသော လုပ်ရပ်ကြောင့် ၁၂ ရာစုနှင့် ၁၃ ရာစုနောက်ပိုင်းတွင်မှ ထင်ရှားကျော်ကြားလာ၏။ ဘုရင်ဗာဟုသည် မြို့တော်နှင့် ၁၅ မိုင်ကွာဝေးသော မြစ်မှရေများကို တူးမြောင်း

www.burmeseclassic.com





ဖောက်၍ မြို့တော်၏ အရှေ့ဘက်သို့ ရောက်အောင် သွယ်တန်းကာ ရှစ်မိုင်ရှည်လျားသည့် ရေကာတာကြီးကို တည်ဆောက်ခဲ့၏။ မြို့တော်တွင်း၌လည်း သမိုင်းဝင်ဘာသာရေး အဆောက်အဦများကို တည်ဆောက်၏။

မဟာပါရက်ခရာမဗာဟုသည် ဗုဒ္ဓသမပသာဒစေတီတော်နှင့် လင်္ကာတိလာကာဆင်းတုတော်ကြီးကိုလည်း တည်ဆောက်ကိုးကွယ်၏။ ဘုရားပရဝဏ်အတွင်း၌လည်း လက်ရာမြောက်သော ဘာသာရေးပန်းချီပန်းပုများကို ရေးဆွဲထွင်းထုထား၏။

အနုရာဓပူရနှင့် ပိုလုံနာရုဝ ရှေးဟောင်းဗုဒ္ဓဘာသာမြို့များသို့ ဘုရားဖူးလာကြသူများသည် ထိုမြို့များသို့ သွားရာလမ်းခရီးတစ်ဝက်ရှိ ဒမ္ဗူလဝိဟာရရှိ ဗုဒ္ဓဆင်းတုတော်များရှိရာ လိုဏ်ဂူများသို့လည်း ဝင်ရောက်ဖူးမြော်ကြ၏။ သဘာဝအလျောက် ဖြစ်ပေါ်နေသော ဒမ္ဗူလလိုဏ်ဂူရှိ ဗုဒ္ဓဘာသာရေးဆိုင်ရာ ဆင်းတုတော်များကို ဘီစီ ၂ ရာစုတွင် စတင်တည်ထားကိုးကွယ်ခဲ့ကြသည်ဟု သိရ၏။ အေဒီ ၁၁ ရာစုနှင့် ၂ ရာစုတွင် အဆိုပါလိုဏ်ဂူများကို ပြန်လည်ပြုပြင်မွမ်းမံမှုများ ပြုလုပ်၏။ ၁၂ ရာစုတွင် ဘုရင်နိသန်ကာဝလကမှည်းကျောက်စာများ ရေးထိုးခြင်း၊ ဆင်းတုတော်များကို ရွှေချခြင်းများကို ပြုလုပ်ခဲ့၏။

**ကန္ဒီ** - သီရိလင်္ကာကို အုပ်ချုပ်သွားသော နောက်ဆုံးမင်းဆက်ဖြစ်သည့် ဆင်ဟာလမင်းဆက်များသည် ကန္ဒီကို မြို့တော်အဖြစ် တည်ဆောက်ခဲ့ကြ၏။ သီဂိုလင်္ကာကျွန်း၏ အလယ်ပိုင်းရှိ တောင်ကုန်းများအကြား၌ ဘည်ရှိသော မြို့တော်ဖြစ်သည်။ ကန္ဒီရှိ ဗုဒ္ဓဘာသာအငြိမ်းအမှတ်များတွင် ဂေါတမဗုဒ္ဓ၏ စွယ်တော်ကြုတ်ရှိရာ ဘုရားကျောင်းတော်နှင့် မော်ဝပ်တာနှင့် အစ်ဂီရိယဝိဟာရကျောင်းတော်များနှင့် အခြားဗုဒ္ဓဆင်းတုတော်များသည် ထင်ရှား၏။ ဗုဒ္ဓစွယ်တော်ကို အုပ်ချုပ်သော ဘုရင်များနှင့် နိုင်ငံသားများအားလုံးသည် အထူးအမြတ်တနိုးထား၍ ကိုးကွယ်ကြပြီး၊ ကန္ဒီမြို့မှာလည်း ယနေ့ထက်တိုင် ဗုဒ္ဓစွယ်တော်ကြောင့် ကမ္ဘာ့အလယ်တွင် အမည်ထင်ရှားနေသည်။ ဗုဒ္ဓစွယ်တော်ရှိရာ ကျောင်းတော်ထဲ၌လည်း အလွန်လက်ရာမြောက်သော ဘာသာရေးဆိုင်ရာ ပန်းချီ၊ ပန်းပုများဖြင့် ပြည့်နှက်နေ၏။

ကန္ဒီမြို့တွင် ကျင်းပလေ့ရှိသော နှစ်စဉ်ဘုရားပွဲတော်မှာ ကမ္ဘာတွင် ရှေးဦးအကျဆုံး ဘာသာရေးပွဲတော်ဖြစ်သည်ဟု သိရ၏။ ၁၈ ရာစုမှစ၍ ကာသိသီရိရာဇာဆင်ဂါဘုရင်လက်ထက်မှစ၍ မြတ်စွယ်တော်လှည့်လည်၍ အပူဇော်ခံပွဲကို ကျင်းပလာခဲ့၏။

ဤသို့ ဘာသာရေးပွဲတော်ကို ကျင်းပခြင်းဖြင့် ရာသီဥတုကောင်းမွန်ပြီး လယ်ယာလုပ်ငန်း ဖွံ့ဖြိုးသည်ဟု နိုင်ငံသူ၊ နိုင်ငံသားများက ယုံကြည်ကြ၏။

n **မြသိန်း**

**(Grand and Glorious Asia စာအုပ်မှ Cultural Triangle of Sxi Lawka)**

www.burmeseclassic.com

# ဘဝအမောစဝင်မယ့် လှတောကတစ်ခွင်ဟာသများ

ဦးကောင်းထူး

### ရွာတောင်တည်နိုင်လောက်ပါရဲ့

လှတောရွာရှိဈေးတန်းတွင် မိန်းမတစ်စုသည် အတင်းပြန်ကြားရေး ဌာနဖွင့်ထား၏။

ထိုကာလဝယ် ကားပေါ်မှ ဆင်းသွားသည့် အသက်နှစ်ဆယ်ကျော်ကောင်မလေးသည် ပစ်မှတ်ဖြစ်သွားပါချေ၏။

"ရုပ်ကလေးကလှတပတနဲ့ အကျင့်တန်ပုံများကတော့ တက်နင်းလည်းစူး နမ်းလည်းစူးတဲ့ ဒူးရင်းသီးအခွံလားမှတ်ရ"

"အေးလေ . . . သူကွာခဲ့တဲ့ယောကျာ်းတွေကို တင်းတောင်းနဲ့ လိုက်ကောက်ပြီး စုလိုက်ရင် ငါးတင်းဝင်ပုတ်ဆံ့မှာတောင်မဟုတ်ဘူး"

"ဒါတောင် ကလေးတွေမပါသေးလို့။ ကလေးတွေပါထည့်တွက်ရင် ရွာတောင်တည်နိုင်မယ်ထင်ပ"

✿ ✿ ✿

### မြင်းတွေအကျီဝတ်ပေးထားသလို

တစ်နေ့သ၌ ဗီဒီယိုရုံထဲသို့ ကလေးများ၊ မိန်းမများကြား အသက်ခြောက်ဆယ်ကျော် လှတောသားကြီးသည် ကန့်လန့်ကားရား ပါသွားခဲ့၏။

ဗီဒီယိုမင်းသားက နာမည်ကြီးလွန်းသည်မို့ မြင်ဖူးသည်ရှိအောင် လိုက်ကြည့်ခြင်းဖြစ်၏။ ကြည့်ပြီးလေသောအခါ -

"အကျီနည်း တီးလိုက်တဲ့လက်ခုပ်၊ ဒိုးပတ်ဝိုင်းထဲရောက်နေသလား မှတ်ရပော့။ လက်ခေါက်မှုတ်လိုက်တာကြတာများ မြွေတွေ တွန်တဲ့အတိုင်းပဲ"

ဤတွင် ဇာတ်ကားအပြီး၌ အတူပြန်လာသည့် ကလေးများက -

"အရမ်းမိုက်တာပဲနော် အဘ"

"မိုက်လိုက်လေကွာ၊ မိုက်သမှ အမြီးလေးတွေ တငေါက်ငေါက် ဖြစ်ကုန်ကြတာပေါ့"

"ဖိုက်တင်ခန်းတွေ မကောင်းဘူးလား အဘရ"

"အေး . . . အေး . . . ခြေထောက်တွေနဲ့ ကန်လိုက်ကြတာများ အပြင်မှာဆို သွေးအတောင့်လိုက်ထွက်မယ်။ အဟဲ ရုပ်ရှင်ထဲမှာတော့ ဆေးမန်းထုံးမန်းကောင်းသလို လူလဲထပြီး ပြန်ထိုးကြ၊ ကန်ကြတာပဲ။ ကန်လိုက်ကြ ရာလေကွယ်လို့။ ဟုလိုလေး . . . မြင်းတွေများ အကျီဝတ်ထားသလားမှတ်တယ်"

✿ ✿ ✿

### အချိန်မှန်နာရီတွေ

လှတောသားတစ်ယောက်သည် မန္တလေးမှ လက်ပတ်နာရီများ ဝယ်လာခဲ့ပြီး ရွာဘုရားပွဲမှာ ချရောင်းလေ၏။ ရွှေပွဲလာများ ဝိုင်းလာအောင် အော်ပုံကလည်း ပညာပါလှ၏။

"နာရီတွေ . . . နာရီတွေ၊ အချိန်မှန်နာရီတွေနော်။ မနက် ၉ နာရီကြည့်လည်း ဒီအချိန်ပဲ။ အချိန်မှန်နာရီတွေ၊ လူကြီးဆို မရောင်းဘူး။ ကလေးတွေမှရောင်းတာ။ အထူးဈေးနှုန်း . . . အထူးဈေးနှုန်း။ တစ်လုံးမှ သုံးကျပ်တည်း"

မှန်ပေစွ။ သူ့နာရီလေးတွေက ကလေးကစားစရာ ပလတ်စတစ်နာရီတွေ ဖြစ်ကြ၏။

✿ ✿ ✿

www.burmeseclassic.com

### လုံမှ လုံပါ့မလားဘဲ

မိုးနည်းရသည့်အထဲ မိုးကုန်စောသည့်အတွက် စပါးတွေ သိပ်မအောင်ကြ။ အထွက်ကောင်းသည့် စပါးပင်ကို အငှားရိတ်မည့်လူ မရှားသော်လည်း ပလူမွေး ပလူတောင်ကျတော့ အငှားရခက်နေ၏။

ဤတွင် လယ်ပိုင်ရှင်သမီးတွေလည်း တစ်စေ့ရရ တစ်ပြည်ရရဆိုကာ လယ်ထဲဆင်းရိတ်ကြ၏။ ကျောင်းပိတ်ရက်လည်း ဖြစ်နေသည်။

လယ်ပိုင်ရှင်သမီးငယ်က ကျွဲချိုတပ် ရောမတံစဉ်ကြီးနှင့် ရိတ်ရင်းက -

"အစ်မရေ…တစ်ခါရိတ်မှ သုံးလေးပင်ပဲပါတယ်။ တံစဉ်တောင် အားနာဖို့ကောင်းနေပြီ"

"ညီမရယ်၊ ကိုယ့်ပစ္စည်းမို့ နမြောလို့သာ ရိတ်နေရ တကယ်က ပေါက်ပြားနဲ့ရုပ်မှ သဘာဝကျမှာ"

"ကျွန်မကတော့ ကျကျနနဝမ်းလျားထိုးပြီး ဇာဂနာနဲ့သာ နုတ်လိုက်ချင်ရဲ့။ အလိုလေး…လူစဉ်မမီလိုက်တဲ့ စပါးပင်၊ ပုရွက်ဆိတ်အရိပ်ခိုလို့တောင် လုံမှလုံပါ့မလားဘဲ"

✿ ✿ ✿

### ဒဿဂီရိဘီလူးဆယ်ကောင်နဲ့

လုတောနှင့် ဝက်လက် ကားလမ်းဆိုးပုံမှာ လူပြောသူပြော များကြ၏။ ကျောက်ခဲစားသွားပါက မဝါးဘဲ အစာကြေသည့်လမ်းဟု တင်စားပြောဆိုကြ၏။

နောက်ပိုင်းတွင် လုတောသားတစ်ယောက်က လုတော-ဝက်လက်လမ်းကို ဖွဲ့နွဲ့ပြောဆို၏။

"ဟလိုလေး…ဆိုးလိုက်လေ လမ်း။ သူ့ထက်ဆိုးတဲ့၊ ကြမ်းတဲ့လမ်းတောင် သူ့လောက်ဆိုးမယ်မထင်ပါဘူး။ နံရိုးနဲ့ ကားဘော်ဒီရိုက်တယ်၊ နောက်ထပ် အရိုက်မခံရအောင် သတိထားနေတုန်း မြီးညှောင်းရိုးနဲ့ ခုံဆောင့်တယ်။ အား…နံရိုးဘယ်နချောင်း ကျိုးသွားပြီးလဲလို့ စမ်းနေတုန်းရှိသေး ကားအမိုးနဲ့ဆောင့်ပြန်ရော"

လုတောသားပီပီ စကားအရရော၊ ဟန်ပန်အမူအရာကပါ သရုပ်ဖော်ကောင်းသဖြင့် ကြားရသူများ အူနိုပ်ရယ်ကြရ၏။

"အဲ…ခေါင်းကွဲပြီး ဦးနှောက်တွေ ထွက်ကုန်ပြီလားလို့ စမ်းဆေးကြည့်နေတုန်း ဒရိုင်ဘာက ဘရိတ်ကို ဆောင့်နင်းလိုက်ပြန်ရောပေါ့။ ခရီးသည်အချင်းချင်း နဖူးနဲ့ ချိုစောင်း ပြေးဆောင့်ကုန်တာ ဥသျှစ်သီးထုသံလို တခွပ်ခွပ်။ ဟလိုလေး…ငါဖြင့် ဒဿဂီရိဘီလူးဆယ်ကောင်နဲ့ ငါတစ်ယောက်တည်း သိုင်းချနေသလား အောက်မေ့ပါသကော"

✿ ✿ ✿

### ဆိုင်းဝိုင်းထဲ ရောက်သွားသလို

လုတောရွာ လယ်သူမတစ်စု ကောက်စိုက်ပြိုင်ပွဲ၊ သန်းရှာပွဲ ကျင်းပနေကြသည်မှာ တန်းစီလေ့လျော်နေကြတာနှင့် မခြားပေ။

သူတို့သည် လက်မအားကြလင့်ကစား အားနေသည့် ပါးစပ်က အတင်းပြောဖြစ်အောင် ပြောကြပြန်သေး၏။

"ဟိုဘက်ရွာ ပြောင်းသွားတဲ့ ခင်နှင်းတစ်ယောက်ကော တွေ့သေးလား"

"အရင်တစ်လက တွေ့လိုက်ပါသတော်။ နောက်ဆုံးပေါ်မိုက်နဲ့"

"အေးဟယ်…သူ့ကြည့်လိုက်ရင် မိုက်နဲ့ချည်းပဲ။ တစ်နှစ်မှာ ဆယ့်နှစ်မိုက်များ ကြီးနေသလားမသိဘူး"

"သနားပါတယ် အစ်မရယ်။ ဆင်းရဲရတဲ့အထဲ ကလေးက တပြွတ်ပြွတ်နဲ့။ ပဲကြီးရေစိမ်ကမှ သူ့ထက်စာ သက်သာဦးမယ်"

"ဟလိုလေး…ခင်နှင်းတို့ ကလေးမွေးသန်ပုံများ သူ့အိမ်တစ်ခါ ရောက်သွားပါတယ်၊ ကလေးတွေ ဘုစုခရုတွေအေး…ဆိုင်းဝိုင်းထဲ ပတ်လုံးလေးတွေ ကြီးစဉ်ငယ်လိုက် စီထားသလိုပဲ။ ငါ့မလည်း ဆိုင်းဝိုင်းထဲရောက်သွားသလားမှတ်ရ"

✿ ✿ ✿

### အပ်ပေါက်နဲ့ စပါးကြီးမြွေ

လုတောသားနှစ်ယောက် စကားဝိုင်းဖွဲ့နေကြ၏။

"အောင်မယ်…မင်းက ဘာသိတုံး။ လယ်နဲ့အိမ်ထဲ တောင်ကူး မြောက်ကူးနဲ့ လူ့လောကအကြောင်း ဘာမှနား

www.burmeseclassic.com

မလည်းဘူး။ အခု ဆန်ကွဲတစ်ပြည်တောင် ငွေနစ်ရာတဲ့ဗျ"

"ဆန်ကွဲအဖြုန်းဆုံးက မုန့်ဟင်းခါးပေကိုး။ မုန့်ဟင်းခါးဆိုင်တွေက ဝယ်နိုင်းတာနေမှာပေါ့"

"မုန့်ဟင်းခါးတင် ဘယ်ကမလဲ။ မုန့်ပေါင်း၊ မုန့်စလင်းထောင်၊ မုန့်စိမ်းပေါင်း၊ မုန့်ပျားသလက်...အကုန်လုံး ဆန်ကွဲနဲ့လုပ်ကြရတာပါဟာ။ ဒါပေမယ့် အခု ဈေးတက်သွားတာ မုန့်လုပ်တာကြောင့် မဟုတ်ဘူးဟ"

"ဆန်ကွဲနဲ့ မုန့်မလုပ်လို့ ဘာလုပ်ရဦးမှာလဲ"

"အဲဒါပြောတာပေါ့။ အ,တာမှ မောင်းကွဲကြီး တီးရသလိုပါလား။ အနောက်တောကလူတွေလေ ငါတို့ဆီမှာလို ဆည်မရှိ၊ ချောင်းမရှိနဲ့ မိုးခေါင်ရင်း မျိုးဆုံးမျိုးတုံးကုန်တာပေါ့"

"ဩော်မောင့...လက်စသတ်တော့ ဆန်ကွဲကို သူတို့က မျိုးချဖို့ ဝယ်တာကိုး"

"အေး...မင်းက အစေ့မြင်ရင် အသီးသိတဲ့ကောင်၊ အဲဒီဘက်က လူတွေ ကျပ်တည်းပုံများ သနားစရာကွာ။ အပ်ပေါက်ထဲ စပါးကြီးမြွေ ဝင်နေသလားမှတ်ရ"

✿ ✿ ✿

## အကွဲဘယ်လောက်မြန်တယ်မှတ်လဲ

ငယ်ငယ်ရွယ်ရွယ်နဲ့ ခိုးရာလိုက်ပြေးသည့် စုံတွဲတစ်တွဲသည် စလယ်ဝင် ဖင်မမည်းခင်က ကွဲကြတော့မည့်ကိန်းဆိုက်လာ၏။

ဤတွင် လုတောသားတစ်ယောက်က ဝေဖန်ချက်ချ၏။

"ဟလိုလေးရယ်...လင်ယူသားမွေးကိစ္စကို ပြဇာတ်ကတာများ မှတ်နေကြရှေ့သလား မသိဘူး။ စလယ်ဝင် ဖင်မည်းတာက ကြာဦးမယ်။ အခုများ မီးခဲပေါ် ယင်နားသလောက်မှမကြာ ကွဲကြတာကိုး"

✿ ✿ ✿

## စိန်စတင်းနဲ့ နင်လား ငါလား

မိခင်ဖြစ်သူက တစ်ဖက်ရွာသို့ ကိစ္စနှင့်သွားနေစဉ် ဖခင်နှင့်အစ်ကို ယာတဲက ထမင်းစားအပြန်ကို သားငယ်က ထမင်းပွဲပြင်ကာ ခူးကျွေးရလေ၏။

စားပွဲခုံပေါ်သို့ ပန်းကန်တွေချည်ချလေရာ မောမောနှင့် ဆာနေသည့် အစ်ကိုက -

"ဘယ်မလဲ ထမင်း။ ဟလိုလေး ငါ့ညီရာ... ထမင်းခူးပါဆို ပန်းကန်တွေပဲ ယူလာရသလား။ ပန်းကန်ဆာ တာ မဟုတ်ဘူး။ ထမင်းဆာတာကွ"

"စိတ်ညစ်လိုက်တာ အစ်ကိုရာ။ ရေပြည်မှာရှိတဲ့ ဒယ်အိုးထဲက တစ်ကမ္ဘာကြာမှ တစ်ခါသာပေါ်တဲ့ 'ဒုသန သော'ထက် စိတ်ညစ်သဗျာ"

ထမင်းဟင်းတို့ အလျှင်အမြန်ချပေးပြီးသည့်အခါ ဖခင်က ဝင်၍စား၏။ သို့ရာတွင် ဟင်းက မစုံသေး။ ဖခင်က လှမ်းအော်၏။

"သားငယ်...မင်းဟင်းက ဒါအကုန်ပဲလား။ ငါ့ချောင်နဲ့ အိပ်ရာနေရာမှားပြီး အိပ်နေရှေ့သလား"

"ပဲကြီးဟင်းလာပြီ အဖေရေ့"

"မင်းဟင်းကလည်း မေ့လောက်မှ တစ်မျိုးရောက်လာတော့ စောင့်ပြီးစားနေရတဲ့လူရဲ့ဗိုက်ထဲ နာဂစ်ဝင်နေပြီ"

"အဖေကသာ ထိုင်အပြစ်တင်နေ၊ အဖေ့မိန်းမထားခဲ့တဲ့ မီးဖိုချောင်လည်း ဝင်ကြည့်ဦး။ မဆေးဘဲ ရေစိမ်ထားတဲ့ ဟင်းအိုးတွေ ငုံ့ငုံ့နမ်းနေရတာ အကြိမ်တစ်သိန်းလောက်ရှိနေပြီ"

"လုပ်ကွာ မြန်မြန်"

အစ်ကိုကဝင်ပြောရာ ညီကပြန်ပြောသည့်စကားကြောင့် သားအဖနှစ်ယောက် ပါးစပ်ပိတ်သွားရတော့၏။

"မီးဖိုချောင်ဝင်နေကျ မိန်းမ မဟုတ်ဘူး အစ်ကိုရေ။ စမ်းတဝါးဝါးနဲ့ ဟိုအိုးလှန်၊ ဒီအိုးဖွင့် အပြေးတစ်ပိုင်းလုပ်နေရပုံများ ဆိုင်းဝိုင်းထဲ စိန်စတင်းနဲ့ နင်လားငါလား အောက်မေ့ရတယ်"

✿ ✿ ✿

## ခိုင်ခံ့ပုံများ ပြောပါတယ်

လုတောသားရောင်းသည့် သက်ငယ်ဆိုင်သို့ လုတောသားတစ်ဦး သက်ငယ်လာဝယ်သည်။

"ဈေးလျှော့ဦးဗျား။ သုံးလေးရက်တုန်းက ပေးသွား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ခင်ဗျားသက်ငယ်တွေ ညှံ့ချက်ကတော့ လဲမှိုလွင့်လာတာတောင် ပေါက်ထွက်တယ်"

လူတောသားအချင်းချင်း အကြောမခံ။

ထိုအခါ သက်ငယ်ဆိုင်ရှင် လူတောသားက လုံးကြီးတင် ဆန့်ခတ်လိုက်၏။

"ဟလိုလေး···မတော်တာတွေ လာမပြောနဲ့ ငါ့လူ။ ငါ့သက်ငယ်မိုးထားတဲ့ အိမ်မိုးတွေ ခိုင်ခံ့ပုံများ စကိုင်းလက်ဂြိုဟ်တုစခန်းတောင် တည်လို့ရသကွ

✿ ✿ ✿

## ညှံ့လိုက်ပုံများကတော့

လူတောသားနှစ်ဦး လက်ဖက်ရည်ဆိုင်၌ စကားပြောနေကြ၏။

"ညက ငါ့ကောင် ဖဲရှုံးပစ်လို့ဆိုပြီး သူ့မိန်းမဆဲလိုက်သံများ ညံပလေကွယ်။ ကြေးလင်ပန်းထဲ ကျောက်ခဲတွေ ကြဲနေသလားမှတ်ရ"

"ဒါနဲ့ ထသတ်ကြရောလား"

"မခံချင်အောင်ဆဲတော့ စစ်ခင်းကြတာပေါ့ကွာ။ ဘာတွေနဲ့ ပစ်ကြခတ်ကြ ရိုက်ကြတယ်မသိဘူး။ ဝုန်းဒိုင်းကြဲနေလိုက်ပုံနယ် အရက်မူးနေတဲ့အရူး ဒန်အိုးဆိုင်ထဲ ဝင်ရမ်းနေသလား မှတ်ရ"

✿ ✿ ✿

## ခုမှပဲ သွေးဆူတယ်

ချီပါတောင် ရွာသားတစ်ယောက်သည် မိမိ၏သားမိန်းမခိုးလာသဖြင့် ထုံးစံဓလေ့အရ သမီးရှင်နှင့် ညှိနှိုင်းစေ့စပ်ရန် မြောက်ရွာသို့ လူကြီးစုံရာနှင့် လာကြလေ၏။

သမီးရှင်ဘက်က ဖော်ဖော်ရွေရွေ ဧည့်ခံပြီး စကားတွေရွှန်းရွှန်းဝေအောင် ပြောနေသော်ငြား သားရှင်ဘက်က လူတွေကမူ ငြိမ်ကုပ်တိတ်ဆိတ်နေလေ၏။

အသံမထွက်လာကြသည့်အဆုံး သားရှင်လည်း သည်းမခံနိုင်တော့ဘဲ -

"ဟေ့···ငါ့လူတွေရေ။ မင်းတို့ကို ခေါ်လာတာက သတို့သားမိဘကိုယ်စား ပြောဖို့ဆိုဖို့ အားကိုးရမလား ခေါ်လာတာကွ။ ခုတော့ မင်းတို့ဖြစ်နေပုံက ကျောက်ရုပ်တွေ မေးခိုင်ရောဂါရနေကြသလားမှတ်ရ၊ ပြောကြပါဦးကွ"

ထိုအခါမှ တောင်ရွာသားများ သွေးဆူသွားပြီး အာသွက်လျှာသွက်နှင့် စကားတွေဖောင်သွားကြလေသတည်း။

✿ ✿ ✿

## ဝေးသင်းပြီးသား ဖြစ်သွားမယ်

နွားလှည်းတစ်စီးသည် လယ်ကွင်းထဲဖောက်ထားသည့် လှည်းလမ်းအတိုင်း စွပ်ပြေးလျက်ရှိ၏။

ချိုင့်တွေကိုရှောင်၊ ကန်သင်းရိုးကို ကျော်တက်နှင့် တဝုန်းဝုန်း ဆောင့်နေ၏။

လူကြီးတစ်ယောက်သည် လှည်းရုံတိုင်ကို ဘုရားတ,ကိုင်ပြီး လိုက်လာရာက မတ်တတ်ရပ် လှည်းမောင်းနေသည့် လှည်းဆရာ ချာတိတ်ကို အော်ပြောလေ၏။

"ဟဲ့···ကောင်လေး။ ထိုင်မောင်းစမ်း ထိုင်မောင်း"

လှည်းသမားလေးက ကြားသော်လည်း မထိုင်ပေ။

"ဟဲ့···ကောင်လေး၊ ထိုင်ဆိုနေ။ ရပ်မောင်းရင် ဒုက္ခတွေ့သွားမယ်။ ဒီကြားထဲ မင်းမတ်တတ်ရပ်လိုက်ရင်တော့ မင်း'ဝေးသင်း'ပြီးသား ဖြစ်ပြီသာမှတ်ပေတော့"

✿ ✿ ✿

## ပေါင်းချောင်ထဲမှာ

ရန်ကုန်သို့ အလည်လာသည့် လူတောသားတစ်ယောက်သည် ထင်းရှူးပုံလေးများ ထောင်ထားသကဲ့သို့ စီနေပြီး ဟိုမလှည့်သာ၊ ဒီမလှည့်သာ တိုက်ခန်းကျဉ်းလေးထဲ ပိတ်လှောင်နေသဖြင့် ပါလာသည့် အင်္ကျီတွေချွတ်၊ စွပ်ကျယ်စုတ်လေးနှင့်နေရလေ၏။ သူ့အဖို့ အိုက်တာပူတာ မသက်သာ။

သည်းမခံနိုင်သည့်အဆုံးတွင်ကား အော်ချက်ထုတ်လိုက်မိလေ၏။

"ပူလှအိုက်လှချည်လား ရန်ကုန်ရယ်။ ကောက်ညှင်းပေါင်း ပေါင်းနေတုန်းတန်းလန်းကြီး ပေါင်းချောင်ထဲ ဝင်နေမိတဲ့အတိုင်းပါပဲ"

**ဦးကောင်းထူး**



www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းကပြောသော လူကုန်ကူးမှုများ

လှမိုး(ပညာရေး)

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ ထုတ်ဝေသော "Daily Eleven" သတင်းစာကြီးတွင် အောက်ဖော်ပြပါ သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

**လူကုန်ကူးမှု စွဲချက်များအတွက် အလိုရှိနေသော တိုင်းမိုလ်ချုပ်ကြီး လာရောက်အဖမ်းခံခဲ့"**




လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်မှုဖြင့် စွပ်စွဲခံထားရသော ကြယ်သုံးပွင့် ဒုတိယဗိုလ်ချုပ်ကြီးသည် ဇွန်လ ၂ ရက်က အာဏာပိုင်များထံ လာရောက်အဖမ်းခံခဲ့ကြောင်း သိရသည်။ တရားမဝင် လူကုန်ကူးမှုကို ထိုင်းရဲအဖွဲ့က နှိမ်နင်းနေချိန်တွင် သံသယရှိခံရသူများအနက် ရာထူးအမြင့်ဆုံး ပုဂ္ဂိုလ်ဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး မာနခုန်ပန်သည် ထိုင်း-မလေးရှား နယ်စပ်အနီးရှိ ပီဒန်ဗီဆာမြို့ ရဲစခန်းတွင် လာရောက်အဖမ်းခံခဲ့ခြင်း ဖြစ်သည်။

လူကုန်ကူးမှုနှင့် ပတ်သက်မှုဖြင့် ၈၄ ဦးကို ဖမ်းဝရမ်းထုတ်ထားပြီး ယခုအချိန်အထိ ၅၁ ဦးကို ဖမ်းဆီးရမိထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားထားသည်။ ဒုတိယဗိုလ်ချုပ်ကြီး ခုန်ပန်က တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပြီး တရားရုံးဆုံးဖြတ်သည့်အတိုင်း နာခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုင်းတောင်ပိုင်း တောတွင်း၌ ရွှေ့ပြောင်းအခြေချနေသူများထားသည့် သင်္ချိုင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် လူကုန်ကူးမှုကို ပြင်းပြင်းထန်ထန် ဖိနှိပ်ခဲ့သည်။ ထိုင်းနိုင်ငံတောင်ပိုင်းတွင် လူကုန်ကူးသူများအတွက် စခန်းများမရှိတော့ကြောင်း ပြီးခဲ့သည့်တစ်ပတ်တွင် ထိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လူကုန်ကူးဂိုဏ်းများကို နှိမ်နင်းရန် နိုင်ငံတကာက ထိုင်းနိုင်ငံကို ဖိအားပေးနေပြီး ထိုင်းကလည်း လူကုန်ကူးမှုကို အရှိန်ဖြင့် နှိမ်နင်းခဲ့သည်။ ထိုင်းက လူကုန်ကူးမှုကို စတင်နှိမ်နင်းခဲ့ပြီးနောက် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့တွင် ရွှေ့ပြောင်းအခြေချသူ ၄၀၀၀ ခန့် ရောက်ရှိခဲ့ပြီးဖြစ်သည်။ လူကုန်ကူးသူများက ရွှေ့ပြောင်းအခြေချသူများကို




www.burmeseclassic.com

www.burmeseclassic.com

ရှန်ပစ်ထားခဲ့ပြီးနောက် ပင်လယ်တွင်း၌ လှေပြောင်းအခြေချသူ ၂၀၀၀ ခန့်ရှိမည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

ဒုတိယဗိုလ်ချုပ်ကြီးမာနသည် အပြစ်ရှိကြောင်း စစ်ဆေးမှုမပြီးမချင်း အပြစ်ကင်းသည်ဟု သတ်မှတ်ရမည် ဖြစ်ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးချုပ်ဟောင်း ပရာဝတ်ဝေါင်ဆူဝမ်က ပြောကြားခဲ့သည်။ မာနသည် သက်သေမကင်းခံရသူအဖြစ်သာ ရှိနေခဲ့ဖြစ်ကြောင်း၊ ပရာဝတ်က သတင်းထောက်များအား ပြောကြားခဲ့သည်။

*Ref- AFP*



ထိုသတင်းကိုပင် ကျွန်တော်တို့နိုင်ငံမှ ထုတ်ဝေသော ဂျာနယ်များနှင့် အခြားသတင်းစာများကလည်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားထုတ်ဝေခဲ့ကြသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှရှိ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံများသည် ၂၀၁၄ ခုနှစ်နှောင်းပိုင်းကာလက စ၍ လူကုန်ကူးမှုနှင့်ပတ်သက်သော သတင်းများ၊ ပင်လယ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အကြောင်းကြောင်းကြောင့် ထွက်လာကြသည့် လူအများလိုက်ပါလာသည့်လှေများ၊ သင်္ဘောများအား နိုင်ငံတကာရေပြင်တွင် ကယ်တင်ခဲ့ရသည့် သတင်းများ၊ လူအများအား စုပြုံတင်လာသည့် လူမှောင်ခိုကုန်ကူးအဖွဲ့များပိုင် စက်လှေများအား နိုင်ငံတကာရေပြင်တွင် ရေတပ်မတော်များက ဖမ်းဆီးရမိသည့် သတင်းများမှာလည်း ကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် မျက်နှာဖုံးမှ နေရာယူလျက်ရှိကြသည်။

ထို့အတူ မြေထဲပင်လယ်အတွင်း၌လည်း ပြည်တွင်းစစ်နှင့် နိုင်ငံရေးမငြိမ်မသက်မှုများ ဖြစ်ပွားနေသည့် အာရပ်နှင့် အာဖရိကနိုင်ငံများမှ မိမိတို့နိုင်ငံအား စွန့်ခွာလာကြသည်။ စစ်ရှောင်ဒုက္ခသည်များ လိုက်ပါလာသည့် သင်္ဘောငယ်များနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် မိမိတို့နိုင်ငံများမှ တိမ်းရှောင်လာသူအများ လိုက်ပါလာသည့် သင်္ဘောအများအပြားကို မြေထဲပင်လယ်နိုင်ငံများက ကယ်တင်ခဲ့ကြရသည်။ သတင်းများလည်း ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ရသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်းခံရသည့် ရေလုပ်သားအများကိုလည်း နိုင်ငံတော်က ပြန်လည်ခေါ်ရသည့်သတင်းများလည်း လှိုင်လာခဲ့ရ၏။ လွန်ခဲ့သော နှစ်လခန့်ကလည်း ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံနယ်စပ်တွင် လူအလောင်းအများအပြားကို စုပေါင်းမြှုပ်နှံထားသော သင်္ချိုင်းများ တွေ့ရှိရသည်ဟု ထိုင်းနိုင်ငံမှထုတ်ဝေသော ဘန်ကောက်ပို့(စ်)သတင်းစာကြီးတွင် ဓာတ်ပုံသာဓက အထောက်အထားများဖြင့် အကျယ်တဝင့် ဖော်ပြခဲ့ရာ နိုင်ငံတကာမှ စိတ်ဝင်စားသော ထိပ်တန်းရောက်သတင်းဖြစ်ခဲ့ရသည်။

ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသော နိုင်ငံများမှ အလုပ်မဲ့အကိုင်မဲ့ လူအများအား အလုပ်အကိုင်ရရှိစေရမည်ဟု မက်လုံးပေး စည်းရုံးသွေးဆောင် ခေါ်ယူလာသော လူမှောင်ခိုဂိုဏ်းများသည် ၎င်းတို့ခေါ်ယူလာကြသူများအား စုပြုံသတ်ဖြတ်ခဲ့ သူတို့ခြေရာ၊ လက်ရာများကို ဖျောက်ခဲ့ကြခြင်းလော စဉ်းစားစရာဖြစ်လာသည်။ ထိုလူအများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ထားသည့်သင်္ချိုင်းသတင်းအား အင်္ဂလန်နိုင်ငံမှ ရုပ်သံလွှင့်အစီအစဉ်၊ အမေရိကန်ပြည်ထောင်စုမှ စီအင်အင်နှင့် တရုတ်နိုင်ငံ



www.burmeseclassic.com


www.burmeseclassic.com

စီစီတီဗီရုပ်သံလွှင့်အစီအစဉ်များက လည်း ကျယ်ကျယ်ပြန့်ပြန့်ထုတ်လွှင့်ခဲ့သဖြင့် နိုင်ငံတကာမှ စိတ်လက်မချမ်းမြေ့ခဲ့ကြ။ လူမှောင်ခိုဂိုဏ်းများသည် အတိတ်သမိုင်းက ငွေဝယ်ကျွန်းခေတ်၊ ကျွန်ပွဲစားဂိုဏ်းများ၏ ခြေရာကို နင်း၍ လိုက်လာခဲ့သလော။ ယနေ့ လူကုန်ကူးသည့်ဂိုဏ်းများအဖို့ ငွေစိုစိုပိုပို အမြတ်အစွန်းရသဖြင့် တဖြည်းဖြည်း အင်အားကြီးမားလာခြင်းဖြစ်ပေသည်။

အတိတ်သမိုင်းကြောင်းများတွင် လူသားအချင်းချင်း ကြေးကျွန်ပြုခဲ့ကြသည့် ခေတ်ဆိုးခေပ်မှောင်ကြီးကို ကြုံတွေ့ခဲ့ကြရပြီး ဖြစ်သည်။ ဤတွင် အလျဉ်းသင့်သဖြင့် မူလတန်းကျောင်းသားဘဝက ဖတ်စာတွင် ဖတ်ရှုခဲ့ရသော ပုံပြင်တစ်ခုကို သွားသတိရလာသည်။ ထိုပုံပြင်တွင် ဝံပုလွေအိုကြီးတစ်ကောင်သည် သားငယ်ဝံပုလွေအား ဤလောကတွင် ကြောက်မက်ဖွယ်ရာအကောင်းဆုံး သတ္တဝါကို ပြသမည်ဆိုကာ တောတွင်းမှ လမ်းဆုံးတစ်နေရာသို့ ခေါ်သွားခဲ့သည်။ ပထမဆုံး သူတို့သားအဖ စောင့်ဆိုင်းနေသောနေရာသို့ ဖြတ်သွားသော ခြသေ့တစ်ကောင်ကို တွေ့ရသည်။ သားဖြစ်သူက ထိုသတ္တဝါသည် ဤလောက၌ ကြောက်လန့်ချောက်ချားဖွယ်ကောင်းသော သတ္တဝါဖြစ်သလောဟု သူ့ဖခင်အား မေး၏။

ဖခင်ဖြစ်သူက မဟုတ်သေးဟု ဆိုသည်။ ဤသို့ဖြင့် ကျား၊ ဆင် စသော တောတွင်းသတ္တဝါကြီးများကို မြင်တွေ့ရသော သားငယ်အား ထိုသတ္တဝါကြီးများသည် ထိတ်လန့်ကြောက်မက်ဖွယ်အကောင်းဆုံး သတ္တဝါများမဟုတ်သေးဟု ဖခင်ဖြစ်သူ ဝံပုလွေအိုကြီးက ပြောခဲ့၏။ နောက်ဆုံး လူတစ်ယောက်လမ်းလျှောက်လာသည့်အခါမှ ထိုသတ္တဝါသည် ဤလောက၌ ကြောက်မက်ဖွယ်အကောင်းဆုံးသတ္တဝါတစ်ကောင်ဖြစ်သည်ဟု ပြောပြခဲ့၏

မှန်ပါသည်။ လူသည် တိရစ္ဆာန်သတ္တဝါများအား နည်းလမ်းအမျိုးမျိုးဖြင့် ခိုင်းစေ၍ မိမိရပ်တည်နေနိုင်ရေးအတွက် အစားအစာအဖြစ် အသုံးချခဲ့သည်သာမက မိမိတို့ လူသားအချင်းချင်းလည်း နှိပ်စက်ညှဉ်းပန်း ခိုင်းစေမှုများ ပြုခဲ့ကြသည်။ မိမိတို့ အကျိုးအမြတ်ရမည်ဖြစ်ပါက လူမျိုးနွယ်တစ်မျိုးနွယ်လုံး ပျက်စီးစေရန် ဝန်မလေးပေ။ ထို့ကြောင့်ပင် မူးယစ်ဆေးဝါးမှောင်ခိုမှုများ တစ်နေ့တခြား ကြီးထွားလာခဲ့၏။ လူသားအချင်းချင်း တရားမဲ့ခိုင်းစေသည့်အမှု၊ ကျွန်ပြုသည့်အမှု၊ လူကုန်ကူးသည့်အမှုများသည် ယခုမှ ပေါ်သည့်ရွှေကြာပင်မဟုတ်တော့။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ကျော်ကပင်ရှိခဲ့သည်။



အီဂျစ် ဖေရိဘုရင်များ လက်ထက်တော်ကြီးအခါက အီဂျစ်တို့သည် စစ်ရှုံးနိုင်ငံများမှ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် လူအများအား ကျေးကျွန်အဖြစ်ခိုင်းစေခဲ့ကြသည်။ အီဂျစ်ဗိသု

www.burmeseclassic.com

www.burmeseclassic.com

ကာဆရာကြီးများ တည်ဆောက်ခဲ့သော ပိရမစ်များ၊ နတ်ဘုရားကျောင်းကြီးများအား ကျေးကျွန်ပေါင်း များစွာ၏ သွေး၊ ချွေး၊ မျက်ရည်ဖြင့် တည်ဆောက်စေခဲ့သည်။ ဂရိနိုင်ငံနှင့် ရောမနိုင်ငံသမိုင်းများတွင်လည်း ရာပေါင်း၊ ထောင်ပေါင်းများစွာသော ကျွန်များကို ကျွဲ၊ နွား၊ တိရစ္ဆာန်များသဖွယ် ညှဉ်းဆဲနှိပ်စက်ခဲ့သည့် ဖြစ်စဉ်များ၊ ကျွန်များရောင်းချသည့် ဈေးနေ့များတွင် လူသားကျေးကျွန်များအား ယနေ့ ကျွဲ၊ နွား၊ မြင်းများ ဝယ်ယူသကဲ့သို့ မိမိတို့စိတ်ကြိုက်ရွေးချယ်ဝယ်ယူကြပုံများ၊ ကျေးကျွန်များအား ယနေ့ လူကုန်ကူးသည့် လူကုန်ကူးကုန်သည်များ၊ ပွဲစားများကဲ့သို့ ကျွန်ကုန်ကူးသည့် အဖွဲ့များ၊ ဂိုဏ်းများ၊ ပွဲစားများသည် ရက်ရက်စက်စက်ပြုမူဆောင်ရွက်ခဲ့ကြသည်။ ကျေးကျွန်အဖြစ် ဖမ်းဆီးခံထားရသူများအား ကြီးကြပ်ရသူများ Slave Driver သည် ယနေ့ လူကုန်ကူးဂိုဏ်းမှာ ငှားရမ်းထားသည့် လူဆိုးလူရမ်းကားများနှင့် ထပ်တူပင် ဖြစ်ပေသည်။

ကမ္ဘာ့သမိုင်းမှတ်တမ်းများအရ အာဖရိကတိုက်အား ၁၈ ရာစုနှစ်များက "တိုက်မှောင်ကြီး"ဟု နိုင်ငံတကာက ကင်ပွန်းတပ်ခဲ့ကြသည်။ အာဖရိကတိုက်နိုင်ငံအများမှ တိုင်းရင်းသားလူမျိုးနွယ်များအား ခေတ်မီတိုးတက်ပါသည်ဟုဆိုသော နိုင်ငံများမှ ကျွန်ကုန်ကူးသူများသည် ဝင်ရောက်တိုက်ခိုက်၍ လူမျိုးနွယ်အများအား ကလေးငယ်များ၊ အမျိုးသမီးများပါမကျန် ဖမ်းဆီး၍ ဥရောပတိုက်နိုင်ငံများနှင့် မြောက်အမေရိကတိုက်နှင့် တောင်အမေရိကနိုင်ငံအများတွင် ရောင်းချခဲ့ကြ၏။ အာရပ်အမျိုးသား စွန့်စားသွားလာသူများကလည်း အာဖရိကတိုက် နယ်မြေအများသို့ စီးနင်းဝင်ရောက်ကြပြီး အာဖရိကနွယ်ဖွားလူမျိုးနွယ်များအား ဖမ်းဆီးခေါ်ဆောင်သွားကြပြီး ကမ္ဘာ့ကျွန်ဈေးကွက်တွင် တိရစ္ဆာန်များရောင်းချသကဲ့သို့ ရောင်းချခဲ့ကြသည်။

၁၈ ရာစုနှစ်ဝက်အလွန်တွင် မြောက်အမေရိကတိုက်တွင် ကိုလိုနီထူထောင်နေကြသော ဗြိတိသျှတို့သည် မြေရိုင်း၊ ရေရိုင်းများကို တတ်နိုင်သလောက် ရှင်းလင်း၍ ဝါဂွမ်းစိုက်ပျိုးခြင်း၊ ကြံစိုက်ပျိုးခြင်း၊ အခြားသီးနှံများစိုက်ပျိုးခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းများ ပြုလုပ်ခဲ့ကြရာ ထိုလုပ်ငန်းများတွင် အလုပ်လုပ်ကြရန် အလုပ်ကြမ်းသမားများ လိုလာသည်။ အထက်ဖော်ပြပါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ဈေးပေါပေါနှင့် ရနိုင်မည့် အလုပ်သမားများ လိုအပ်လာတော့၏။ ဤတွင် ဗြိတိသျှတို့သည် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော အာဖရိကတိုက်မှော်ကြီးရှိ ပြည်နယ်အများကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်၍ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရောင်းချကြသည်။

ဂျာမဏီ၊ ဘယ်လ်ဂျီယန်၊ ပေါ်တူဂီနိုင်ငံအများကလည်းကောင်း၊ ပြင်သစ်နိုင်ငံ စသည့်နိုင်ငံများကလည်း အင်္ဂလိပ်တို့၏ လမ်းစဉ်အတိုင်း အာဖရိကပြည်နယ်အများအပြားအား ကျူးကျော်သိမ်းပိုက်ကြပြီး အာဖရိကတိုင်းရင်းသားများအား တိရစ္ဆာန်များသဖွယ် ဖမ်းဆီး၍ လူကုန်ကူးခဲ့ကြသည်။ မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့တွင် တိုးချဲ့စိုက်ပျိုးလာသည့် ကော်ဖီ၊ ဝါဂွမ်း၊ ရာဘာ၊ ကြံ စိုက်ခင်းများတွင် အာဖရိကတိုင်းရင်းသား နီဂရိုးများကို ကျေးကျွန်များသဖွယ် စေခိုင်းခဲ့ကြသည်။ အထူးသဖြင့် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် အမေရိကန်ပြည်ထောင်စုမှ အမေရိကန်တို့သည် အာဖရိကတိုင်းရင်းသား နီဂရိုးအများအား တိရစ္ဆာန်များသဖွယ် လူကုန်ကူးသူများထံမှ ဝယ်ယူ၍ ဝါစိုက်ခင်း၊ ရာဘာစိုက်ခင်း၊ ကြံစိုက်ခင်းများတွင် တိရစ္ဆာန်အမှတ်ထား၍ စေခိုင်းခဲ့ကြ၏။

၁၉ ရာစုတွင် အမေရိကန်နိုင်ငံ၌ နီဂရိုးကျွန်များ၏ ပြဿနာသည် တစ်စတစ်စ ကြီးမားလာခဲ့သည်။ ကမ္ဘာတွင် ငွေဝယ်ကျွန်ကုန်ကူးသည့် ပြဿနာလည်း ယခုခေတ် လူကုန်ကူး ပြဿနာကဲ့သို့ ထိပ်တန်းရောက်လာသည်။

သခင်၊ ကျေးကျွန်ပြဿနာမှတစ်ဆင့်တက်ကာ လူဖြူ၊ လူမည်းဟူသော အသားအရောင်ခွဲခြားမှု ပြဿနာ ဖြစ်လာသည်။ ထိုအသားအရောင်ခွဲခြားမှု၊ လူလူချင်းနှိပ်စက်ညှဉ်းပန်းမှု၊ အဆင့်အတန်းခွဲခြားမှုကို အကြောင်းပြုကာ အမေရိကန်ပြည်ထောင်စုတွင် ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့သည်။ သို့သော် အသားအရောင်ခွဲခြားမှု ပြဿနာကား အတောမသတ်နိုင်ခဲ့။ ယနေ့ထိ ဂယက်ရိုက်လျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုတွင်သာမက ကမ္ဘာတွင်လည်း ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းကိစ္စနှင့်ပတ်သက်၍ စာရေးဆရာများ၊ သတင်းစာဆရာများ၊ လူသားချင်းစာနာထောက်ထားသူများကလည်း နည်းလမ်းအမျိုးမျိုးနှင့် ယင်းကိစ္စပပျောက်အောင် ဆောင်ရွက်ခဲ့ကြသော်လည်း ၁၉ ရာစုကုန်ဆုံးသည်အထိ ကျွန်ကုန်ကူးသည့် ပြဿနာမှာ ပျောက်ကွယ်မသွားခဲ့။

၁၉ ရာစု ကုန်ဆုံးတော့မည့် ခရစ်နှစ် ၁၈၈၈ ခုနှစ်တွင် ပနားမားနိုင်ငံတွင် ပနားမားတူးမြောင်းဖောက်လုပ်ရေးအတွက် အလုပ်သမားပေါင်း သိန်းချီလိုအပ်လာသည်။ ဤတွင် လူကုန်ကူးသည့် ပွဲစားများအဖို့ အကွက်ကောင်းဖြစ်ခဲ့သည်။ ပနားမားတူးမြောင်းဖောက်လုပ်သည့် လုပ်ငန်းခွင်အတွက် အလုပ်သမားများရရှိရေးကို အနောက်အိန္ဒိယကျွန်းစုများမှ ဒေသခံတိုင်းရင်းသားများ၊ တောင်အမေရိကတိုက်နိုင်ငံအချို့မှ တိုင်းရင်းသားများကို မက်လုံးများပေး၍ စည်းရုံးခေါ်ဆောင်ကာ ပနားမားတူးမြောင်းလုပ်ငန်းခွင်သို့ ပို့ဆောင်ခဲ့ကြသည်။ ထိုစဉ်က မှတ်တမ်းအရ ဂျမေကာကျွန်းမှ ကျွန်းသားထောင်ပေါင်းများစွာအား လူကုန်ကူးသူ ပွဲစားက ပနားမားသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုဒေသသို့ရောက်လာသည့် အလုပ်သမားများအား ငှက်ဖျားရောဂါ၊ ငန်းဝါရောဂါ၊ တိုက်ဖွိုက်ရောဂါ စသည့် အဖျားရောဂါကပ်ကြီးများနှင့် ရင်ဆိုင်ခဲ့ကြရသဖြင့် အလုပ်သမားပေါင်း ၅၀၀၀၀ (ငါးသောင်း) သေဆုံးခဲ့ရသည်ဟု ပနားမားတူးမြောင်းဖောက်လုပ်ရေး ကုမ္ပဏီကြီး၏ မှတ်တမ်းများအရ သိရသည်။

...ပါသည်။ အတိတ်သမိုင်း...ကြောင်းများတွင် ဝိသမလောဘသားလူကုန်ကူးသူများကြောင့် နိုင်ငံတကာမှ လူအများ သောကဝေဒနာအဖြာဖြာ မြင်တွေ့ခဲ့ကြရသည်။ ...ခုရေးသားဖော်ပြမည့် လူကုန်ကူးမှုပြဿနာမှာ ၂၀ ရာစုဆန်းတွင် တရုတ်နိုင်ငံ၌ ကြုံတွေ့ရသော ထူးခြားဖြစ်စဉ်တစ်ခုဖြစ်ပါသည်။

အတိတ်သမိုင်းကြောင်းများတွင် တရုတ်နိုင်ငံသည် အာရှတိုက်တွင် အင်အားကြီးမားသော နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်။ မြောက်ဘက် မွန်ဂိုလီးယားဒေသထိလည်းကောင်း၊ တောင်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာထိလည်းကောင်း၊ အရှေ့ဘက်တွင် မန်ချူးရီးယားနှင့် ကိုရီးယားနိုင်ငံအထိလည်းကောင်း၊ အနောက်ဘက်တွင် တိဗက်နိုင်ငံအထိလည်းကောင်း ကျယ်ဝန်းသည်။ လူဦးရေမှာလည်း ကမ္ဘာပေါ်တွင် အများဆုံးနိုင်ငံကြီးဖြစ်သည်။ အစဉ်အလာအရ ယဉ်ကျေးမှုအစောဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတကာက မော့ကြည့်ရသော နိုင်ငံကြီးဖြစ်၏။ အာရှတွင် တရုတ်နိုင်ငံပိုင် နိုင်ငံအများရှိသကဲ့သို့ တရုတ်နိုင်ငံတော်အား လက်ဆောင်ဆက်သ၍ အကာအကွယ်နိုင်ငံအဖြစ် ခံယူထားရသော နိုင်ငံများလည်း ရှိကြသည်။

တရုတ်နိုင်ငံတော်မှ ထွက်သည့် ပိုးထည်များ၊ ကြွေဖြင့်ပြုလုပ်သော အိမ်အသုံးအဆောင်များ၊ အခြားထွက်ကုန်များကို ဥရောပတိုက်သားအများသည် ၁၇ ရာစုနှစ်များကပင် စိတ်ဝင်စားခဲ့ကြ၏။ တရုတ်နိုင်ငံနှင့် ဆက်သွယ်နိုင်ရန် ကုန်းလမ်း၊ ရေလမ်းများဖြင့် သွားရောက်ရန် ဥရောပတိုက်သား နယ်သစ်ရှာ စွန့်စားသူများ၊ ကုန်သည်များက နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားခဲ့ကြသည်။ သာဓကအားဖြင့် ဥရောပနှင့် တရုတ်နိုင်ငံတို့အကြား ကုန်းလမ်းအားဖြင့် ဆက်သွယ်ထားသည့် ပိုးလမ်းမကြီးသည် သမိုင်းအဆက်ဆက် နာမည်ကျော်ခဲ့သည်။

အီတလီနိုင်ငံ၊ ဗင်းနစ်မြို့သား မဟာခရီးသည် မာကိုပိုလို၏ ခရီးသွားမှတ်တမ်းကိုဖတ်ရှုကြရသော အနောက်တိုင်းသားများသည် တရုတ်နိုင်ငံ၏ အံ့မခန်းကြီးကျယ်လှပုံကို တအံ့တဩဖြစ်ခဲ့ရသည်။ ၁၉ ရာစုအစပိုင်းတွင် ကမ္ဘာကို တုန်လှုပ်စေခဲ့သော စစ်ဧကရာဇ် နပိုလီယန်ကပင် တရုတ်နိုင်ငံအား "အိပ်ပျော်နေသော နဂါး"ကြီးဟု ကင်ပွန်းတပ်ခဲ့ပြီး ထိုနဂါးကြီး အိပ်ပျော်နေရာမှ နိုးထလာမည်ဆိုပါက ကမ္ဘာကို လွှမ်းသွားပေလိမ့်မည်ဟု မိန့်ခဲ့သည်ဟု သိရ၏။ ထိုစဉ်ကာလက တရုတ်နိုင်ငံအား စိုးမိုးအုပ်ချုပ်ခဲ့သော တရုတ်ဧကရာဇ်တို့သည် တရုတ်နိုင်ငံသည် ကမ္ဘာကြီး၏ ဗဟိုတွင် တည်ရှိပြီး ယဉ်ကျေးမှုအထွန်းကားဆုံး နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံအား နိုင်ငံငယ်အများက လက်ဆောင်ဆက်ကြရသည်ဖြစ်၍ အခြားနိုင်ငံများနှင့် ဆက်ဆံရန် လိုအပ်ခြင်းမရ၊ အနောက်တိုင်းနိုင်ငံများ၏ ယဉ်ကျေးမှု၊ တိုးတက်မှုလည်း အတုယူစရာ လိုအပ်ခြင်းမရှိဟု ယူဆခဲ့ပြီး တစ်ကိုယ်တော်ဝါဒကို အစဉ်အဆက် ကျင့်သုံးခဲ့ခြင်းအတွက် တရုတ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ကြီးမှာ အနောက်တိုင်းနိုင်ငံများထက် ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရ၏။

မန်ချူးဘုရင်များ လက်ထက်တော်ကြီးကာလတွင်လည်း အထက်ဖော်ပြပါ တစ်ကိုယ်တော်ဝါဒကို ဆက်လက်ကျင့်သုံးခဲ့ရကား အစဥ်အလာကြီးမားလာခဲ့သော တရုတ်လူမျိုးတို့က တီထွင်နိုင်မှု၊ လူ့အင်အား အများအပြားအသုံးပြုနိုင်မှုအား အံဝင်ခွင်ကျအသုံးမပြုနိုင်ခဲ့။ (ရှိပေဘောင်းတီဘုရင် လက်ထက်တော်ကြီးတွင် အံ့ဖွယ်ရာ မဟာတံတိုင်းတော်ကြီးကို တည်ဆောက်ခဲ့သည်။)

တရုတ်လူမျိုးတို့၏ လူ့အင်အားအဆမတန် များမှုကို စောင့်ကြည့်ခဲ့ကြသော အနောက်နိုင်ငံအများသည် တရုတ်လူမျိုးများအား စည်းရုံးသွေးဆောင်၍ Slave Labour လုပ်အားကျွန်ရောင်းဝယ်ရေး ကူးသန်းမှုပြုလုပ်ရန် စိတ်ဝင်စားလာသည်။ တရုတ်နိုင်ငံတွင် ကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်များဖြစ်သော မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း စသည့်ဘေးများ၊ ပုန်ကန်ထကြွမှုများ၊ အနောက်တိုင်းသားများနှင့် ဖြစ်ပွားခဲ့ရသော စစ်ပွဲများ(ဘိန်းစစ်) စသည်တို့ကြောင့် တရုတ်နိုင်ငံတော် ပြည်နယ်အချို့တွင် ငတ်မွတ်ခေါင်းပါးခြင်း ဘေးအန္တရာယ်နှင့် ကြုံကြရသဖြင့် ထောင်ပေါင်းများစွာသော တရုတ်ပြည်သူတို့မှာ ဒုက္ခရောက်ခဲ့ကြရသည်။

ထိုအချက်သည် လူကုန်ကူးသူဝိသမလောဘသားတို့အတွက် အခွင့်အလမ်းကောင်းဖြစ်တော့၏။ ခရစ်နှစ် ၁၈၄၀ ပြည့်နှစ်ကစ၍ တရုတ်နိုင်ငံသားအများသည် မြောက်အမေရိကနှင့် တောင်အမေရိကသို့ သွားရောက်၍ လုပ်သားများအဖြစ် စီးပွားရှာခဲ့ကြသည်။ ခရစ်နှစ် ၁၈၇၀ ပြည့်နှစ်တွင်မူ လူကုန်ကူးသူ ပွဲစားတို့၏ သွေးဆောင်ချက်အရ တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံနှင့် ကျူးဗားကျွန်းတို့သို့ တရုတ်အမျိုးသား ထောင်သောင်းချီ၍ သွားရောက်ခဲ့ကြသည်။

ပီရူးနှင့် ကျူးဗားကျွန်းတို့တွင် ကြံစိုက်ခင်းလုပ်ငန်းများ အကြီးအကျယ်တိုးချဲ့လုပ်ကိုင်လျက်ရှိရာ ယင်းလုပ်ငန်းနှင့် သကြားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လုပ်သား သိန်းနှင့်ချီ၍ လိုအပ်လာသည်။ ဤတွင် လူကုန်ကူးသူများအတွက် အချက်ဖြစ်ရကား တရုတ်နိုင်ငံမှ တရုတ်နိုင်ငံသားအများကို မက်လုံးပေးစည်းရုံး၍ အထက်ဖော်ပြပါ နိုင်ငံများသို့ စေလွှတ်ခဲ့သည်။ အထက်ဖော်ပြပါ နိုင်ငံများသို့ တရုတ်လူမျိုး သိန်းချီ၍ ရောက်ရှိသွားခဲ့သည်။

ထိုစဥ်က သတင်းမှတ်တမ်းများအရ ကျူးဗားနိုင်ငံ၊ ဟာဗားနားမြို့သို့ တရုတ်အမျိုးသားများ ရောက်ရှိသွားသည်နှင့် လူကုန်ကူးမှောင်ခိုဂိုဏ်းသားများက သူတို့အား ပီရူးနှင့် ကျူးဗားရှိ ကြံစိုက်ပျိုးသည့် လုပ်ငန်းရှင်ကြီးများထံ ကျွဲ နွားများကဲ့သို့ ရောင်းချခဲ့ကြသည်။

တရုတ်လုပ်သားတို့အဖို့ ကြံစိုက်ခင်းများ၊ သကြားစက်ရုံများတွင် ဒေသခံလုပ်သားခေါင်းဆောင်များ၏ ညှဥ်းပန်းမှုကို ခံကြရသည်။ လုပ်အားခကိုလည်း ဖြတ်ယူကြပြီး မိုးလင်းမှနေဝင် မနေမနား တိရစ္ဆာန်များကဲ့သို့ စေခိုင်းခြင်း၊ ရောဂါဝေဒနာရသူများအား ဆေးကုသပေးခြင်းမရှိခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့်တရားမဲ့ လူသားမဆန် နှိပ်စက်ညှဥ်းပန်းသဖြင့် တရုတ်အမျိုးသား အလုပ်သမားများသည် အစုလိုက်၊ အပြုံလိုက် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း ပေါ်ပေါက်လာခဲ့သည်။ အချို့ တရုတ်အလုပ်သမားများသည် သကြားစက်ရုံများရှိ ကြံရည်ကျိုသည့် အိုးကြီးများအတွင်း ခုန်ဆင်း၍ အဆုံးစီရင်ကြသည်ဟု သိရ၏။

တရုတ်နိုင်ငံ ကေရီမိဖုရားကြီး ချီယှီ (Ci-Xi) (ယခင်ကမူ စုဇီဟု ခေါ်ဝေါ်ခဲ့သည်)၏ လက်ထက်တော်ကြီးအခါတွင် အထက်ဖော်ပြပါ ပီရူးနှင့် ကျူးဗားရောက် လူကုန်ကူးခြင်းခံရသော တရုတ်လုပ်သားများအရေး စုံစမ်းရန် အမတ်ကြီးလီခေါင်းဆောင်သော တရုတ်အစိုးရအဖွဲ့ဝင်များကို ခရစ်နှစ် ၁၈၇၅ ခုနှစ်တွင် ပီရူးနှင့် ကျူးဗားနိုင်ငံသို့ စေလွှတ်ခဲ့သည်။

တရုတ်နိုင်ငံအတွင်း အလုပ်သမား လူကုန်ကူးသူများကိုလည်း ဖမ်းဆီးအရေးယူခြင်း၊ အလုပ်သမားများ အနောက်တိုင်းသို့ ပို့ဆောင်ခြင်းကို ပိတ်ပင်ခဲ့သည်ဟု ဆိုကြပါကြောင်း . . .။

လှမိုး(ပညာရေး)


ကျမ်းကိုး

(၁) Empress Dowager Cixi by Tung Chang

(၂) သတင်းစာမှတ်တမ်းများ။

www.burmeseclassic.com



ပန်းချီ စံလွင်မောင်

# နတ်မင်းကြီးတွေ ခရီးသွားလေတဲ့အခါ

## သက်ထက်စန်း

တစ်လောက ရန်ကုန်မြို့နှင့် အတော်အတန်ပင် အလှမ်းကွာဝေးလှသော နယ်မြို့တစ်မြို့မှ မိတ်ဆွေတစ်ယောက်နှင့် ဆုံ၍ မထင်မှတ်ဘဲ စကားလက်ဆုံ ကျမိသွားခဲ့သည်။ ရောက်တတ်ရာရာ ရှေးဟောင်းနှောင်းဖြစ်တွေ၊ သူ့ဒေသအကြောင်း၊ ကိုယ့်ဒေသအကြောင်းတွေ ပြောဖြစ်ခဲ့ရင်းမှ ဖြစ်ကြိမ်တွင်တော့ ခရီးလမ်းပန်း အခက်အခဲတွေအကြောင်း ရောက်သွားခဲ့သည် ...။ ထိုအကြောင်းသို့ အရောက်တွင်တော့ ယခုနှစ်ပိုင်းအတွင်း ခရီးအသွားနည်းခဲ့သည့် ကျွန်တော်က ပြောစရာစကားမရှိသလောက်ရှားပြီး နားထောင်သူသက်သက် ဖြစ်ခဲ့သည်။ အလုပ်ကိစ္စများဖြင့် တစ်နယ်မှတစ်နယ်သို့ မဖြစ်မနေသွားနေရသော မိတ်ဆွေကသာ အာပေါင်အာရင်းသန်သန် ပြောခဲ့ခြင်းဖြစ်၏။

သူက လမ်းပန်းခရီးမှာ မမျှော်လင့်ဘဲ တွေ့ရလေ့ရှိသည့် အခက်အခဲတွေအကြောင်း၊ စိတ်ပျက်ဖွယ်ရာ အဆင်မပြေမှုတွေအကြောင်း၊ အဆင်မပြေမှုတချို့ကြောင့် နောက်ဆက်တွဲ

www.burmeseclassic.com

ဖြစ်ရသည့် အမြတ်နည်းခြင်းနှင့် အရှုံးနှင့် ရင်ဆိုင်ရကြောင်း စတာတွေကို စီကာပတ်ကုံးသဘောမျိုးပြောပြသည်။

သူပြောတဲ့ စကားတွေက ကျွန်တော့်အတွက် အတွေ့အကြုံဗဟုသုတ ရစရာရှိပေမယ့် များသောအားဖြင့် ဟာခနဲ၊ ဟင်ခနဲ ဖြစ်ရလောက်အောင် စိတ်ပျက်ညည်းငွေ့ဖွယ်တွေသာ ဖြစ်တယ်။ စိတ်ပျက်ရုံသာမက သူပြောသည့် အခက်အခဲတွေကို နားထောင်ပြီး ကျွန်တော် ရင်ပါမောသွားခဲ့သည်။ ထိုအတွက် သူ့ကို ကျွန်တော် မိတ်ဆွေတို့၏ ဝတ္တုရားရှိသည့်အတိုင်း အတတ်နိုင်ဆုံး အကြံဉာဏ်တွေ ရှာဖွေ၍ ပေးလိုက်မိသည်။

"အဲဒီလို . . . မဖြစ်ရအောင်လို့ ယတြာလေးဘာလေး ချေပါလား။ ဒါမှမဟုတ်လည်း အဆောင်လေးဘာလေး တစ်ခုလောက် တတ်တဲ့မှတ်တဲ့ လူနဲ့ တိုင်ပင်ပြီး လုပ်ထားပါလား ကို(---)ရဲ့"

ကျွန်တော့်ထံမှ အထက်ပါအတိုင်းဖြစ်သော အကြံပေးစကားမဆုံးမီမှာပင် မိတ်ဆွေဖြစ်သူက ဤသို့ ဆိုလာလေသည်။

"ဟုတ်တယ် စာရေးဆရာရဲ့။ ကျွန်တော်လည်း ခင်ဗျားကို အဲဒီကိစ္စ အမိကထားပြီး ပြောပြမလို့"

"ဘာများလဲ ဆိုစမ်းပါဦး"

"ဒီလို စာရေးဆရာရဲ့။ ခုနတုန်းက ခင်ဗျားကို ကျုပ်ပြောသလို အရင်ကဆို ကျုပ်ရဲ့ခရီးသွားလာရောင်းရေးဝယ်တာ ကိစ္စတွေဟာ ဘာကြောင့်မှန်းမသိ ဟိုကထစ်၊ ဒီကငေါ့နဲ့ ဖြစ်နေတာ အမှန်ပဲ။ အဲဒီလိုဖြစ်နေတော့ ကျုပ်အနေနဲ့ စိတ်ညစ်မိတာပေါ့ဗျာ။ ညစ်လိုက်တာမှ ပြောမနေပါနဲ့တော့။ အဲဒီလိုစိတ်ညစ်တယ်ဆိုရင်ပဲ ကျုပ်ဟာ ခင်ဗျား စောစောကပြောသလို တတ်တဲ့မှတ်တဲ့လူတွေနဲ့ တိုင်ပင်ပြီး ဗေဒင်လေးဘာလေးမေးပြီး ယတြာလေးဘာလေး ချေဆိုတာမျိုး လုပ်မိတော့တာပေါ့ စာရေးဆရာရယ်။

အဲဒီလို လုပ်မိတယ်ဆိုရင်ပဲ ကျုပ်မှာ အလုပ်ပိုတွေက မဟားဒယားဆိုသလိုကို များလာတော့တာပဲ။ ခရီးတစ်ခု ထွက်ခါနီးတိုင်း ဘုရားပြေးရ၊ အရွက်တွေ၊ အကိုင်းတွေ အပြေးအလွှားရှာရနဲ့ ခြေကိုတိုနေတော့တာပဲ။ ရှာလိုက်ရတဲ့ အရွက်တွေ၊ အကိုင်းတွေ ဆိုတာလည်း ကျုပ်အိမ်ထဲမှာ မဟာမြိုင်တောအသေးစားလေးတစ်ခု မဖြစ်ရုံတစ်မည် နီးပါပဲ။ ဒီလိုနဲ့ ကြာတော့ ကျုပ်လည်း စိတ်ညစ်လာတော့တာပေါ့။ နို့ပေမယ့်လည်း ကျုပ်မှာက အဲဒါတွေလုပ်မှ အလုပ်ကလေး အဆင်ပြေလာတာကို ကိုယ်တွေ့သိထားလေတော့ စိတ်ညစ်ပေမယ့်လည်း အဲဒါတွေကို မစွန့်လွှတ်ရဲဘူး ကိုယ့်လူရဲ့။ အဲဒီတုန်းက ကျုပ်အဖြစ်ဟာ ဘာနဲ့တူသလဲဆိုရင် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ဆိုတာမျိုး ဖြစ်နေတာပေါ့ . . .၊

နို့ပေမယ့် ကျုပ်ကိုယ်တိုင်ကလည်း အဲဒီ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် အခြေအနေကြီးပေါ်မှာ ကြာကြာသည်းမခံနိုင်လေတော့ အဲဒီအခြေအနေကြီးက လွတ်ရာလွတ်ကြောင်း ကျုပ်နဲ့နီးစပ်ရာလူတွေကို ဖွင့်ပြောတိုင်ပင်မိတော့တာပဲပေါ့။ အခု ကျုပ်က စာရေးဆရာကို တိုင်ပင်သလိုပေါ့"

"အဲဒီလို တိုင်ပင်တော့ ဘာထူးသလဲ ကို(---)ရဲ့ ဆက်စမ်းပါဦး"

"ဘာထူးသလဲဆိုတော့ အရင်လူတွေ တိုင်ပင်တုန်းကတော့ ဘာမှ မထူးဘူး စာရေးဆရာရဲ့။ ဦးမိုးရှေ ဆိုတဲ့လူကြီးကို တိုင်ပင်မိတော့မှ ထူးတာ။ ဩော် . . . ဒါနဲ့ ပြောရဦးမယ်။ ဦးမိုးရှေဆိုတာက တခြားလူဟုတ်ရိုးလား။ ကျုပ်တို့ကုန်သည်လောကမှာ မသိတဲ့လူ မရှိသလောက်ထင်ရှားတဲ့ ကုန်သည်ကြီးပေါ့ . . .။

အဲဒီကုန် သည်ကြီး ဦးမိုးရှေကို ကျုပ်က ကျုပ်ရဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ဇာတ်လမ်းကို ပြောပြလိုက်တယ်ဆိုရင်ပဲ ဦးမိုးရှေဟာ ဟက်ဟက်ပက်ပက်ကြီးကို ရယ်တော့တာပဲ ဆရာသမားရဲ့။ ရယ်လို့အားရမှ ဦးမိုးရှေက ဘာပြောသလဲဆိုရင် 'မောင်ရင့်အဖြစ်က ကျုပ် ကုန်သည်ပေါက်စဘဝကအဖြစ်နဲ့ တစ်ထေရာတည်းကိုတူနေပါလား'လို့ ဆိုတယ်။ ဦးမိုးရှေရဲ့ အဲဒီစကားကြားရတော့ ဦးမိုးရှေကိုယ်တိုင်လည်း ကျုပ်လိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရတယ်ဆိုတာ ကျုပ်သဘောပေါက်လိုက်မိတယ် . . .။

အဲဒီလိုသိလိုက်ရတာဟာ ကျုပ်အတွက် မှောင်နဲ့မည်းမည်းထဲမှာ အလင်းရောင်တွေ့လိုက်ရသလိုကို ခံစားသွားရတယ်။ ကျုပ်စိတ်ထဲမှာ ဦးမိုးရှေဆီမှာ အဲဒီ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ဘဝကနေ လွတ်အောင် လုပ်နိုင်တဲ့ နည်းရှိရမယ်လို့ အတပ်သိသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဖြစ်သလို သူဖြစ်ခဲ့ဖူးတယ်လေ။ သူအဲဒီလိုဖြစ်တုန်းက ဘယ်ပုံဘယ်နည်း လုပ်ခဲ့သလဲ။ အဲဒီနည်းကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

သိရင် အဆင်ပြေပြီပေါ့။ အဲဒါနဲ့ ကျုပ်လည်း ဦးမိုးရှေ့ဆီက ဒါ ကျုပ်လိုဖြစ်တုန်းက အဆင်ပြေအောင်လုပ်ခဲ့တဲ့ နည်းကို တဲ့တိုးပဲ ပြောပြပြီး စောင်းချလိုက်မိတယ်''

"သူ့နည်းက ဘယ်လိုတုံး ... ကို(---)ရဲ့''

"ပြောပါ့မယ် စာရေးဆရာရယ်။ မလောစမ်းပါနဲ့။ ကျုပ်က အဲဒီလို တောင်းလိုက်တယ်ဆိုရင်ပဲ ဦးမိုးရှေ ဟာ ကျုပ်ကို သူ့ရဲ့နည်းကလေး ပေးတော့တာပဲ။ သူ့ရဲ့နည်းဆိုတာကလည်း တခြား ထွေထွေထူးထူးကြီး မဟုတ်ဘူး။ ဂါထာတိုလေးတစ်ပုဒ်ပဲ စာရေးဆရာရဲ့''

"ဂါထာရဲ့နာမည် ... အဲ ခေါင်းစဉ်ပေါ့။ ခေါင်းစဉ်က တပ္ပရာယန သဏာဂုဏဂါထာတဲ့။ ဂါထာလေးကတော့ တိုတိုလေးပါ။ နှစ်ကြောင်းပဲရှိတယ်။ ဒီလို စာရေးဆရာရဲ့''

မိတ်ဆွေဖြစ်သူက အထက်ပါအတိုင်းပြောပြီး ဂါထာလေးကို ကျွန်တော်ကြားဖူးရအောင် ရွတ်ပြသည်။ သူရွတ်ပြသည့် ဂါထာလေးက ဤသို့ဖြစ်သည်။

**"ဩသာအဟံ ဝိစရိဿာမိ ဂါမာ ဂါမံပုရာပုရံ။**

**နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ''**

မိတ်ဆွေဖြစ်သူက အထက်ပါအတိုင်း ဂါထာတိုလေးကို ရွတ်ပြပြီး သူ့စကားသူ ဆက်ပြောသည်။

"ဦးမိုးရှေက အဲဒီဂါထာလေးကို ဘုရားမမေ့ဂါထာလို့ သူ့ဘာသာသူ နာမည်ပေးထားတယ် စာရေးဆရာရဲ့။ ဘာဖြစ်လို့ အဲဒီလို နာမည်ပေးရတာတုံးဆိုတော့ ဂါထာလေးရဲ့ အနက်အဓိပ္ပာယ်ကြောင့်လို့ ကျုပ်ဖြင့် ထင်မိတာပဲ''

"နို့ ... အနက်ကရော ဘယ်လိုမို့လို့တုံး''

"အဓိပ္ပာယ်ကတော့ 'ငါသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ ကောင်းမြတ်ခြင်းအပေါ် ချီးကျူးပူဇော်ရင်း တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့သို့ သွားပါမည်' ဆိုတာမျိုးပဲ။

ဦးမိုးရှေက ကျုပ်ကို အဲဒီဂါထာလေးကို သေသေချာချာ သင်ပေးတယ်။ သူ့အပြောအရ အဲဒီဂါထာလေးဟာ တော်တော်စွမ်းတယ်ဆိုပဲ ကိုယ့်လူရဲ့။ ခရီးသွားရာမှာ အခက်အခဲလည်း မတွေ့ရဘူး။ အန္တရာယ်လည်း မကြုံဘူး။ တစ်နယ်နဲ့တစ်နယ် ကုန်သွယ်ရောင်းဝယ်တဲ့အခါမှာလည်း အမြတ်အစွန်း ကောင်းကောင်း ရလောက်အောင်ကိုစွမ်းတာ သူ့အတွေ့ပဲတဲ့။ အဲဒီဂါထာလေးကြောင့် နှစ်ပိုင်းအတွင်းမှာပဲ သူဟာ ကုန်သည်ကြီးဖြစ်လာရတာလို့ သူက ပြောတယ်''

"စွမ်းတာတော့ ဟုတ်ပါပြီ ... ကို(---)ရယ်။ ရွတ်တာက ဘယ်လိုရွတ်ရမှာတုံး''

"ဘယ်လို ရွတ်ရမှာတုံး စာရေးဆရာရဲ့။ အာဋ္ဌာဝကတို့၊ သာတာဂိရိတို့၊ ဟေမဝတီတို့ နတ်မင်းကြီးတွေ ရွတ်သလိုပဲ ခရီးသွားခါနီး ရွတ်ရတာပေါ့''

"အလို ... အဲဒီနတ်မင်းကြီးတွေ ခရီးသွားခါနီး ဒီဂါထာကို ရွတ်ကြတယ် ဟုတ်လား''

"ဟုတ်တယ် စာရေးဆရာရဲ့။ အဲဒီဂါထာကို အဲဒီနတ်မင်းကြီးတွေ ရွတ်ကြောင်း၊ ဖုဒ္ဒကနိကာယ သုတ္တနိပါက ပါဠိတော်စာမျက်နှာ ၃၀၇ မှာ ဖော်ပြထားတယ်လို့ ဦးမိုးရှေက ကျုပ်ကို ပြောပြဖူးတယ်''

"ဒီလိုဆိုရင်ဖြင့် ဟန်ကျအောပဲ ဗျို့။ နတ်မင်းကြီးတွေ ခရီးသွားခါနီး ရွတ်တဲ့ဂါထာဆိုပြီး ကျုပ်တော့ ရောင်းပြန်မှာ စာတစ်စောင်ပေတစ်ဖွဲ့ ရေးလိုက်ဦးမယ်''

"ရေးပေါ့ စာရေးဆရာရယ် .. ရေးပေါ့''

"ရေးတာကတော့ ဟုတ်ပါပြီ။ ဒါနဲ့ ခင်ဗျားကိုယ်တွေ့ရော ဒီဂါထာ ပတ်သက်ပြီး ဘာတွေခံစားရပြီးပြီလဲ ဆိုတာ ကျုပ်ကို ပြောပါဦး။ ဒါမှ ကျုပ်ဆောင်းပါးထဲမှာ ထိထိမိမိ ထည့်ရေးလို့ရမှာ''

"အောင်မလေး ... ဒီဂါထာနဲ့ ပတ်သက်ပြီး ကျုပ်ကိုယ်တွေ့တွေသာ ပြောရရင်တော့ တစ်ထောင့်တစ်ညပုံပြင်စာအုပ်ဆိုတာ ပါးပါးသေးတယ် ဖြစ်သွားလေရော့မယ် ကိုယ့်လူရဲ့။ အဲဒါကြောင့် ထူးပါတယ်ဆိုတာထက် ပိုပြီး ကျုပ်မပြောတော့ဘူး။ ရေးစရာရှိတာသာ စိတ်ချလက်ချ ရေးလိုက်ပေတော့ဗျို့''

မိတ်ဆွေဖြစ်သူ၏ အထက်ပါစကားကို ကြားရလေလျှင် ကျွန်တော်သည် သူပြောသည့်အတိုင်းပင် ဆောင်းပါးအား စိတ်ချလက်ချ ရေးလိုက်မိလေတော့သည်။

**သက်ထက်စင်း**



www.burmeseclassic.com

www.burmeseclassic.com



# နတ်များနှင့်

# လေပြင်းကမလှဲနိုင်သော သစ်ပင်များ

ခင်မောင်အေး(မန္တလေး)

ဟာရာဏာသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းဆက်ခံကာ မင်းလုပ်အုပ်ချုပ်နေချိန် ဖြစ်၏။ ယင်းသို့ မင်းကြီးစိုးစံနေစဉ် လက်ရှိဖြစ်သော ဝေသဏ်နတ်မင်းကြီး စုတေသွားသဖြင့် သိကြားမင်းက ဝေသဏ်နတ်မင်းကြီးတစ်ဦး အသစ်ခန့်အပ်ပေးလိုက်လေသည်။ ယင်းသို့ နတ်မင်းကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်တွင် ဝေသဏ်နတ်မင်းကြီးက မိမိ၏ လက်အောက်ရှိ နတ်သားငယ်များအား ခေါ်ယူကာ အစည်းအဝေးတစ်ခု ပြုလုပ်ကျင်းပသည်။ အစည်းအဝေးတွင် နတ်ငယ်များအား မိမိတို့နှစ်သက်သည်က သစ်ပင်၊ ချုံပုတ် စသည်တို့ကို မိမိတို့နေထိုင်ရာ ဘုံဗိမာန်များအဖြစ် ရွေးချယ်အသုံးပြုနိုင်ခွင့် ပြုလိုက်လေသည်။ ထိုအချိန်၌ကား ဘုရားလောင်းနတ်တစ်ပါးသည် ဟိမဝန္တာတောင်တော်တည်ရှိရာ အင်ကြင်းတောတစ်ခုတွင် ရုက္ခစိုးနတ်ဖြစ်နေလေသည်။

သူသည် ဘုရားလောင်းနတ်ဖြစ်သည့်အားလျော်စွာ အသိပညာ ဉာဏ်အရာတွင် အမျာ[illegible] နတ်တကာတို့

www.burmeseclassic.com

ထက် သာလွန်သူဖြစ်ရကား သူ၏ ဆွေမျိုးများဖြစ်ကြသည့် နတ်များအား မိမိတို့ ဘုံဗိမာန်အဖြစ် ရွေးချယ်သည့် အခါ လွင်ပြင်တစ်ဝိုက် ပေါက်ရောက်သည့် သစ်ပင်များကို ရွေးချယ်ခြင်းမပြုကြရန်နှင့် အင်ကြင်းတောအတွင်း၌ရှိသည့် သူ၏ဗိမာန်အနီး ပတ်ဝန်းကျင်မှ သစ်ပင်များကိုသာ ရွေးချယ်ကြဖို့ တိုက်တွန်းဆော်ဩလေသည်။

ဘုရားလောင်းနတ်သား၏ နှိုးဆော်စကားကို အချို့အချို့သော နတ်များကသာ လိုက်နာကြပြီး အချို့သော နတ်များက လိုက်နာခြင်းမပြုကြဘဲ ဆင်ခြေတစ်မျိုး ပေးသည်။

"ငါတို့နတ်တွေက တောထဲမှာနေပြီး ဘာအကျိုးရှိမှာလဲ။ လူတွေနဲ့ နီးနီးနေမှ လာဘ်သပ်ပကာ ပေါ်ကြွယ်မှာ။ သို့မို့ကြောင့် လူတွေနဲ့နီးနီး ကျေးလက်၊ နိဂုံး၊ နေပြည်တော်အနီးမှာရှိတဲ့ သစ်ပင်၊ ချုံပင်တွေကို တို့ရဲ့ ဘုံဗိမာန်တည်ဆောက်ပြီး နေကြစို့"ဟု ဆိုကာ လူတွေနှင့်နီးသော လွင်တီးခေါင်တွင် ပေါက်ရောက်သည့် သစ်ပင်၊ ချုံနွယ်များကို ရှာဖွေလျက် ဗိမာန်တည်ဆောက် နေထိုင်ကြကုန်လေသည်။

မုတ်သုံသည် မထင်မှတ်ဘဲ စောစီးစွာ ဝင်ရောက်လာလေသည်။ မိုးတိမ်များ တက်လာကာ မိုးသက်လေပြင်းများ တိုက်ခတ်သည်။ မိုးသီးများပါကြွေလျက် လေပြင်းတိုက်ခတ်သဖြင့် ထီးတည်းကြီးရှိနေသော သစ်ပင်ကြီးများ အမြစ်မှကျွတ်လျက် လဲကျကုန်သည်။ သို့ပင်ဖြစ်စေကာမူ အင်ကြင်းတောအတွင်း၌ ပေါက်ရောက်သော သစ်ပင်

> **"ငါတို့နတ်တွေက တောထဲမှာနေပြီး ဘာအကျိုးရှိကာလဲ။ လူတွေနဲ့ နီးနီးနေမှ လာဘ်သပ်ပကာ ပေါ်ကြွယ်မှာ။ သို့မို့ကြောင့် လူတွေနဲ့နီးနီး ကျေးလက်၊ နိဂုံး၊ နေပြည်တော်အနီးမှာ ရှိတဲ့ သစ်ပင်၊ ချုံပင်တွေကို ကို့ရဲ့ ဘုံဗိမာန်တည်ဆောက်ပြီး နေကြစို့"**

များကား အပျက်အစီးမရှိကြ။ တောအုပ်ပြင်ဘက် သစ်ပင်ကြီးများတွင် တည်ဆောက်ထားခဲ့သော နတ်များ၏ ဘုံဗိမာန်များ ပျက်စီးကုန်ကြသည်။ အင်ကြင်းတောအတွင်း ပေါက်ရောက်နေသော သစ်ပင်များကား တစ်ပင်နှင့်တစ်ပင် နွယ်ယှက်လျက် ရှိကြသဖြင့် ပြိုလဲပျက်စီးခြင်းဘေးမှ လွတ်ကင်းလေသည်။ မိမိတို့ ဗိမာန်များ ပြိုလဲပျက်စီးကုန်ကြသည်ဖြစ်ရကား လူနှင့်အတူနေလိုကြသော နတ်တို့ ဗိမာန်မရှိကြတော့၍ ၎င်းတို့၏ ကလေးသားငယ် နတ်သူငယ်ကလေးများကို လက်ဆွဲကာ မျက်စိမျက်နှာပျက်လျက် အင်ကြင်းတောသို့ ရောက်ရှိလာကြ၏။ ပြီးနောက် မိုးသက်လေပင်းများ တိုက်ခတ်သဖြင့်တစ်ကြောင်း၊ မိုးသီးများကြွေသဖြင့်တစ်ကြောင်း သူတို့တစ်တွေ ကြုံတွေ့ရသည့် ဒုက္ခအထွေထွေကို ပြောပြကြသည်။

သည်အခါ ဘုရားလောင်း ရုက္ခစိုးနတ်က -

"အချင်းနတ်သားတို့ . . . ဆွေမျိုးဟူသည် တစ်ဦးဒုက္ခတွေ့သည့်အခါ တစ်ဦးက ကူညီရသည်။ သစ်ပင်တို့များခြင်းသည် ယခု ကောင်းမွန်သည့်အကြောင်း။ သင်နတ်သားတို့ သိကြပေပြီ။ အချင်းချင်း ဖေးမထောက်ကူထားသဖြင့် လေပြင်းမည်မျှပင် တိုက်စေကာမူ ပြိုလဲပျက်စီးသွားခြင်း မရှိချေ။ တစ်ပင်တည်း လွင်ပြင်ကျယ်အတွင်း အထီးတည်း ပေါက်ရောက်လျက်ရှိနေသော တောစိုးသစ်ပင်ကြီးကား လေပြင်းဒဏ်ကို အန်မတုနိုင်သောကြောင့် ပြိုလဲပျက်စီးရပြီ မဟုတ်ပါလား"ဟု နတ်သားတို့အား တရားဟောကြားလေသည်။

"အချင်းချင်း ညီညွတ်ကြလျှင်၊ ရန်သူများ ဖျက်ဆီးခြင်းငှာ မစွမ်းသာ"


**ခင်မောင်အေး(မန္တလေး)**

ကျမ်းကိုး
နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ငါးဆယ်၊ ရုက္ခဓမ္မဇာတ်



www.burmeseclassic.com

www.burmeseclassic.com



# ပေဒင်ရဲ့ ထီ

## မောင်ပုတ်စည်

ဘဘဆရာကြီး မင်းသိခ်ကထိ ပေါက်ကိန်းရှိမရှိ မေးတဲ့အခါ ထီမထိုးတဲ့သူမှာ ထီပေါက်ကိန်းမရှိဘူးတဲ့။ တဲ ... ဘယ်လိုငြင်းမလဲ။ သွေးထွက်အောင်မှန်တယ်။ ထီပေါက်တယ်ဆိုတာ ထီထိုးလို့ပေါ့။ ထီမထိုးဘဲနဲ့တော့ ဘယ်လိုလုပ်ပြီး ထီပေါက်ကိန်းက ရှိနိုင်မှာလဲ။ ထားပါတော့။

လူတစ်ယောက် တွေ့ဖူးတယ်။ ထီထိုးရင် သိပ်အပြစ်ပြောတာပဲ။ အယုံအကြည်မရှိဘူး။ ဘယ်လိုမှ မပေါက်နိုင်ဘူးတဲ့။ သူ့သားသမီးတွေ ထီထိုးလည်း မကြိုက်ဘူး။ မဖြစ်နိုင်တာကို အလကား စိတ်ကူးယဉ်တာတဲ့။ သူ့သားသမီးတွေ ထီထိုးလာတာတွေ့ရင် အလကား အချောင်သမားတွေ။ အလုပ်ကြိုးစားလုပ်ကိုင်ဖို့တော့ စိတ်မကူးဘူး။ ထီထိုးပြီး အချောင်ရဖို့ပဲ အချောင်ခိုဖို့ပဲ စဉ်းစားတယ်တဲ့။

တစ်နေ့တော့ သူ့မြေးကလေးက အိမ်ရှေ့မှာ ကလေးတွေနဲ့ ဂေါ်လီကစားနေတယ်။ ထီရောင်းတဲ့သူက စက်ဘီးလေးနဲ့ ရောက်လာတယ်။ နံဘေးအိမ်တွေက ထီတွေလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူတို့သားလေးတွေကို ထီလက်မှတ် ရွေးခိုင်းတယ်။ ဒါနဲ့ သူ့မြေးကလေးက အိမ်ကို ပြေးလာတယ်။ ဘိုးဘိုး သားလည်း ထီထိုးချင်တယ်။ ပိုက်ဆံပေးပါဆိုပြီး တောင်းတယ်။

အနှီပုဂ္ဂိုလ်လည်း ဒေါပွတာပေါ့။ မင်းလည်း မင်းတို့ အဖေ၊ အမေတွေလိုပဲ။ ထီထိုးပြီး အချောင်ရဖို့ လိုက်တယ်တဲ့။ ဒါပေမယ့် မြေးကိုလည်း ချစ်၊ နံဘေးအိမ်က ကလေးတွေကလည်း ထိုးနေတာမြင်တော့ ကဲ ... ရော့ရော့ဆိုပြီး ပိုက်ဆံထုတ်ပေးလိုက်တယ်။ ဘာစိတ်ကူးပေါက်လည်း မသိဘူးဗျ။ အရွဲ့တိုက်ပြီး ကဲ ...ဒီလောက်ဖြစ်လှတာ ငါ့ဖို့လည်း ထိုးပေးစမ်းကွာဆိုပြီး ထိုးခိုင်းလိုက်တာ။ ထီဖွင့်တော့ သိန်းငါးရာဆု ပေါက်သွားရော။ ဘယ့်နှယ်လုပ်မလဲ။ အဲဒီကတည်းက သူ့ပါးစပ်လည်း ပိတ်သွားတယ်။ အိမ်နီးနားချင်းတွေကလည်း သူ့ကို မသိမသာ လှောင်ကြလို့ တော်တော်အနေခက်သွားတယ်။

နောက်တစ်ဦး တွေ့ဖူးသေးတယ်။ သူက ရုပ်ရှင်လေးဘာလေးလည်း စပ်စပ်စပ်စပ် ဝင်ရိုက်ဖူးတယ်။ ရုပ်ရှင်လောကသားတွေနဲ့လည်း ခင်မင် အဆက်အသွယ်ရှိတယ်။ ဒါပေမယ့် နိုင်ငံရေးဝါသနာပါပြီး စိတ်ဓာတ်ပြင်းထန်တယ်။

ဗေဒင်ယတြာတို့၊ ဓာတ်ရိုက်ဓာတ်ဆင်တို့၊ လက္ခဏာမေးတာတို့ဆိုရင် အလွန်မြင်ပြင်းကတ်ပြီး အယုံအကြည်မရှိဘူး။ ဘယ့်နှယ်ဗျာ ဗေဒင်က ထီပေါက်မယ်ဆိုပြီး ဟောတယ်။ ပြီးတော့ ပေါက်လည်းမပေါက်ဘူး။ ဒီလထဲမှာ ငွေတွေ အစုလိုက်အပုံလိုက် ... ...ဆိုပြီး ဟောတာလည်း တ...ားသားတောင် မမှန်ဘူး။ အလကား ဗေဒင်မေးတာ အရှုံးဗျ။ ရှုံးလို့ ဗေဒင်ယုံတာ။ ဘယ်မှာမှန်လို့လဲ။ သိသိကြီးနဲ့ လူတွေက အလိမ်ခံနေကြတာတဲ့ဗျာ ...။

ရုပ်ရှင်ဒါရိုက်တာ တစ်ဦးက ဗေဒင်ယတြာမေးမြန်းပြီး သူ့လုပ်ငန်းတွေကို လုပ်ကိုင်တော့ သူက ဝေဖန်တယ်။ ဒါနဲ့ နှစ်ယောက်သား ငြိကြတယ်။ ဗေဒင်ဆိုတာ မယုံလို့လည်း မရဘူးဗျ။ ရုပ်ရှင်မင်းသား ကိုဝင်းဦး ဘယ့်နှယ်လုပ်မလဲ။ မင်းသားမလုပ်ခင် ဆရာစန္ဒြဆီမှာ သွားမေးတယ်။ လုပ်သာလုပ်တဲ့။ အောင်မြင်မယ်၊ ဟိုးလေးတကျော်ကျော် နာမည်ကြီးမယ်၊ အကာယ်ဒမီရမယ်တဲ့။ ခင်ဗျားသိပါတယ်။ အဲဒါကျတော့ ဘာပြောမလဲဆိုတော့ သူကလည်း ဒီအကြောင်းသိထားလို့ ဘာမှပြန်မငြင်းနိုင်ဘဲ ပါးစပ်ပိတ်သွားတယ်။ စိတ်ထဲမှာတော့ အောင့်သွားတယ်။ ခပ်တန်းတန်းဖြစ်သွားတယ်။

ဒါနဲ့ နောက်ရာဇဝင်ဇာတ်ကားရိုက်ရင်းနဲ့ ဆုံပြန်ရော။ သူလည်း တစ်ခန်းနှစ်ခန်း ဝင်ရိုက်ထားတာကိုး။ နားကြတဲ့အခါကျတော့ ဒါရိုက်တာက သူ့ကို တမင်ခေါ်လိုက်တယ်။

ဒီမှာကိုယ့်ဆရာ ... ဗေဒင်ကို ပုတ်ခတ်ပြီး တစ်ဖက်သတ် မပြောပါနဲ့ဗျ။ ခင်ဗျားကို အထောက်အထား တစ်ခု ပြောပြချင်လို့။

မြန်မာနိုင်ငံမှာ ဒွါရဂိုဏ်းကြီးကို စတင်တည်ထောင်ခဲ့တဲ့ အုတ်ဖိုဆရာတော် ဘုရားကြီးက ၁၂၄၂ ခုနှစ် မဟာဗောဓိပင်မှ ပြန်ကြွတော်မူလာစဉ် သီပေါမင်းနဲ့ပတ်သက်လို့ ပုဗ္ဗနိမိတ်ကောက်ပြီး ၇ နှစ်၊ ၇ လ၊ ၇ ရက်ထက် နန်းသက်မကျော်ဘူး။ ပျက်စီးမယ်(ပါ၍ဘော်မူ နန်းကျမယ်ပေါ့)လို့ မိန့်တော်မူခဲ့တဲ့အတိုင်း ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ (၁၈၈၅ ခု၊ နိုဝင်ဘာလ ၂၉ ရက်) နန်းစည်းစိမ် ၇ နှစ်၊ ၁ လ၊ ၁၇ ရက်မှာ နန်းကျတာ သွေးထွက်အောင်မှန်တာကျတော့ ခင်ဗျား ဘယ်လိုပြောမလဲဆိုတော့ သူ ဘာမှပြန်မငြင်းတော့ဘူး။ မျက်နှာပျက်ပြီး ထထွက်သွားတယ်။ ဒါရိုက်တာဆိုတော့ ပြန်မပြောသာလို့သာ၊ တော်တော်တော့ မကျေနပ်ဘူး။

အဲဒီထဲကစပြီး ရုပ်ရှင်လည်း လာမရိုက်တော့ဘူး။ စကားလည်း မပြောတော့ဘူး။ ခုထိ လမ်းတွေ့လည်း မခေါ်တော့ဘူးတဲ့။

ဒါကြောင့် နေရာတကာမှာ အယူသီးပြီး တစ်ဖက်သတ်၊ တရားသေဆုပ်ကိုင်တာမျိုး၊ လှေနံဓားထစ်၊ ပုံသေကားကျ တစ်ယူသန် မတွက်မိဖို့တော့ လိုလိမ့်မယ်ထင်လို့ ကိုယ်တွေ့ကလေးတွေ တင်ပြလိုက်တာပါ။ ကိုယ့်ဟာနဲ့ကိုယ်တော့ ဟုတ်လှပြီထင်ကြတာချည်းပဲ ...။ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ပေါ့ဗျာ။

ကဲ ... စာဖတ်သူများကော ထီတို့၊ ဗေဒင်တို့နဲ့ ပတ်သက်ပြီး ဘယ်လိုသဘောရကြလဲဟင် ...။

**မောင်ပုတ်စည်**



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓ၊ စကြဝဠာနှင့် လူ့ဘဝ

## ချောယဉ်သာမြင့် (B.A., B.Ed.)

ဂေါတမဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားသည် အိုခြင်း၊ နာခြင်း၊ သေခြင်းပြဿနာ၏ အဖြေမှန်ကို ရှာခဲ့၏။ ထိုပြဿနာကို နက်နဲစွာ သုံးသပ်ခဲ့လေရာ ထိုအဖြေထဲတွင် စကြဝဠာနှင့် ပတ်သက်သည့် ပြဿနာအားလုံး၏ အဖြေသည် ပါဝင်နေသောကြောင့် ခဲယဉ်းပင်ပန်းစွာ ရှာဖွေပြီးသည့်နောက်တွင် မိမိအလိုရှိသော အဖြေသာမကဘဲ စကြဝဠာတစ်ခုလုံးအတွင်းရှိ လူတိုင်းလူတိုင်း၊ အရာဝတ္ထုတိုင်းအရာဝတ္ထုတိုင်းတို့နှင့် ပတ်သက်သော ပြဿနာအားလုံး၏ အဖြေမှန်ကိုပါ တွေ့ရှိလေသည်။ ဤနည်းဖြင့် ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့လေသည်။

ဤသို့ စကြဝဠာတစ်ခုလုံးအကြောင်းကို စနစ်ကျကျ လေ့လာထားသော စကြဝဠာပညာသည် သဘာဝတရားကို ဟုတ်မှန်သည့်အတိုင်း ဖော်ပြထားသော ဗုဒ္ဓ၏ အဘိဓမ္မာကျမ်းပင်ဖြစ်လေသည်။ ဗုဒ္ဓ၏ အဘိဓမ္မာတရားကို မှန်ကန်စွာ နားလည်ခြင်းမရှိလျှင် ဗုဒ္ဓ၏တရားတော်ကို မှန်ကန်စွာ နားလည်သဘောပေါက်မည် မဟုတ်ပါ။ ဗုဒ္ဓက စကြဝဠာသည် ယေဘုယျအားဖြင့် နာမ်ဓာတ်သည် ရုပ်ဓာတ်နှင့် အမြဲတမ်းပေါင်းဖက်ရောစပ်နေသဖြင့် ရုပ်ဓာတ်ပညာနှင့် နာမ်ဓာတ်ပညာနှစ်ရပ်လုံးကို ကောင်းစွာနားလည်မှသာ ရုပ်ဓာတ်နှင့်နာမ်ဓာတ်ခြားနားပုံကို သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com

နိုင်မည်ဟု မိန့်ဆိုခဲ့သည်။

သို့ရာတွင် နာမ်ဓာတ်သည်သာ စကြဝဠာ၏ အခြေခံ အခြင်းအရာတန်ခိုးအကြီးဆုံးဖြစ်သည်။ ရုပ်ဓာတ်သည် ခွဲခြမ်းစိတ်ဖြာရန် လွယ်သော်လည်း နာမ်ဓာတ်ကို ခွဲခြမ်းစိတ်ဖြာရန် မလွယ်ကူချေ။ ထို့ပြင် စကြဝဠာနှင့်တကွ လူသားတို့သည် ရုပ်ဓာတ်နှင့် နာမ်ဓာတ် ပေါင်းစပ်နေခြင်းသာ ဖြစ်ကြောင်း ဟောမိန့်ခဲ့သည်။

စကြဝဠာအတွင်းရှိ အရာဝတ္ထုအားလုံးကို စုပေါင်း၍ ရုပ်ဓာတ်ဟုခေါ်၏။ ဖောက်ပြန်တတ်၊ ပြောင်းလဲတတ်၍ ရုပ်တရားဟုခေါ်ဝေါ်ကြောင်း မိန့်ခဲ့၏။ ရုပ်ဟူသည် မြေ၊ ရေ၊ လေ၊ မီးဟူသော ထင်ရှားသော မဟာဘုတ် ဓာတ်ကြီးလေးပါးအစုပင်ဖြစ်၏။ ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ တေဇောဓာတ်ဟူ၍ ခေါ်တွင်၏။ တစ်ခုနှင့်တစ်ခု အလွန်တင်းကျပ်စွာ ဆွဲငင်ပေါင်းစပ်ကြသဖြင့် တစ်ခုအတွင်းသို့ ထိုးဝင်ပေါင်းစပ်ရာမှ အရာဝတ္ထုတို့ ဖြစ်ပေါ်လာကြသည်ဟု ဘုရားရှင်ဟောတော်မူခဲ့သည်။ ခပ်သိမ်းသော အရာဝတ္ထုများသည် ထိုဓာတ်ကြီးလေးပါးရောစပ်နေသဖြင့် မာ၊ ပျော့၊ ယိုစီး၊ စေးကပ်၊ ကျယ်ပြန့်၊ ကျဉ်း၊ ကျုံ့၊ ပူ၊ အေး ဂုဏ်ဒြပ်ရှစ်မျိုး ရှိနေကြလေသည်။

လူ့ခန္ဓာတွင် လူသားတို့၏ နှလုံးသားသည် နာမ်ဓာတ်ကိန်းဝပ်ရာ ဌာနဖြစ်ပြီးလျှင် လူတို့၏ခန္ဓာကိုယ်အတွင်းရှိ သက်ရှိရုပ်ကလာပ်အစုအဝေး အားလုံးသို့ ပျံ့နှံ့တည်သည်ဟု ဗုဒ္ဓမိန့်ခဲ့၏။ နာမ်ဓာတ်သည် ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးတွင် အနည်းနှင့်အများ ရှိနေကြသည်။ အာရုံခြောက်ပါး၌ အများဆုံးတွေ့နိုင်၍ ဆံပင်၊ လက်သည်း၊ ခြေသည်းများတွင် အနည်းဆုံးတွေ့ရ၏။

လူနှင့် သတ္တဝါများသည် သက်ဆိုင်ရာ လိုအင်ဆန္ဒပြည့်ဝစေရန် ကြိုးပမ်းနေကြ၍ လှုပ်ရှားကြရသကဲ့သို့ နေ၊ လ၊ ကောင်းကင်၊ ကြယ်၊ ရေ၊ မြေ၊ တော၊ တောင်တို့သည်လည်း လှုပ်ရှားနေကြ၍ စကြဝဠာတစ်ခုလုံး လှုပ်ရှားနေကြသည်။ နာမ်ဓာတ်တည်ရာ နှလုံးသားသည် လှုပ်ရှားမှုများကိုပေးသော ကိုယ်ခန္ဓာအစိတ်အပိုင်းဖြစ်သည်။ နာမ်ဓာတ်သည် ကိုယ်ခန္ဓာတစ်ခုလုံး ပျံ့နှံ့တည်သောကြောင့် ရုပ်ဓာတ်အားလုံးသည် နာမ်ဓာတ်၏အုပ်ချုပ်မှုကို မလွန်ဆန်နိုင်ချေဟု ဗုဒ္ဓက မိန့်ကြားခဲ့သည်။

ယနေ့ခေတ် သိပ္ပံနည်းပညာရှင်တို့သည် စကြဝဠာအတွင်းရှိ ရုပ်သတ္တဝါတို့ကို အပြီးတိုင်ချုပ်ငြိမ်းစေမည့်နည်း မရှိသေးကြောင်း ဝန်ခံကြလျက် နာမ်ဓာတ်စွမ်းအင်ဘက်တွင်မူ အနည်းငယ်မျှ စွမ်းဆောင်နိုင်ခြင်းဝေး၍ စိတ်ကူးမျှပင် မကူးကြသေးပေ။

ဗုဒ္ဓကား သတ္တဝါတို့အား ဆင်းရဲမှုဆီသို့သာ အမြဲဆွဲချနေသော ဖောက်ပြန်ပျက်စီးတတ်သည့် ရုပ်ဓာတ်မှ လွတ်မြောက်အောင် ရုပ်ဓာတ်မရှိသော ဘဝသို့ရောက်အောင် ကျင့်ဆောင်နိုင်ရန် နည်းလမ်းကို ညွှန်ပြပေးခဲ့သည်။ ထိုဘဝသည် အရာဝတ္ထုတို့ ဖြစ်ပေါ်ခြင်းမရှိ။ မစင်ကြယ်သော နာမ်တရားတို့၏ ဆွဲငင်မှုလည်းမရှိ။ နိမ့်ကျသောဘဝသို့ ကျမည့်ဘေးမရှိ။ မပြည့်စုံမှုလည်းမရှိ။ ထိုဘဝသည် ရုပ်ဓာတ်နှင့် မိတ်မဖွဲ့သော ဘဝဖြစ်၏ ဆို၏။ အပြည့်စုံဆုံး၊ အထွတ်အထိပ်အကျဆုံးဘဝဖြစ်၍ စင်ကြယ်မှုများ ပြည့်ဝနေသော နာမ်ဓာတ်ရှိသည့် ဘဝဖြစ်၏။ အမြတ်ဆုံး၊ အခိုင်မြဲဆုံးဘဝဖြစ်၍ ထိုဘဝသို့ရောက်ရန် မိမိတို့၏ နာမ်ဓာတ်ကို စင်ကြယ်သန့်ရှင်းအောင်ပြုလုပ်သူတို့သာ ရောက်နိုင်၏။ နိဗ္ဗာန အလင်းဓာတ်ကိုရကြသူများအတွက်ဖြစ်သော သန္တိသုခနိဗ္ဗာန်ပင် ဖြစ်လေသည်။

ဗုဒ္ဓ၏ အဘိဓမ္မာ စကြဝဠာပညာတွင် ရုပ်ဓာတ်စွမ်းအင်ကို အပြီးတိုင်ချုပ်ငြိမ်းစေလိုလျှင် ရုပ်ဓာတ်ခန္ဓာကိုယ်ကြီးတွင် ကိန်းတည်နေသော ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို အဖန်တလဲလဲ ဖြစ်ပေါ်စေတတ်သည့် အနုသယကိလေသာ နာမ်ဓာတ်ကို ဖယ်ထုတ်ပစ်ရမည်ဟု ချုပ်ငြိမ်းစေနည်းအမျိုးမျိုးကို အသေးစိတ်ဟောကြားတော်မူခဲ့သည်။

ဤသို့ ဗုဒ္ဓ၏ စကြဝဠာပညာ အဘိဓမ္မာတရားတော်သည် နက်နဲဆန်းကြယ်လှစွာ ထင်ရှားသိမြင်လာရသောအခါ

- ဖြစ်တည် လည်ပတ်နေသော ဤစကြဝဠာနှင့် ဤခန္ဓာသည် မည်သို့သဟဇာတဖြစ်လျက် ပေါင်းဖက်ယှဉ်တွဲ ဖြစ်တည်နေရသနည်း။
- စကြဝဠာနှင့် ဤခန္ဓာသည် မည်သို့ထူးခြားသနည်း။
- စကြဝဠာ၏ နိဒါန်းအစနှင့် နိဂုံးအဆုံးသည် အဘယ်သို့ရှိသနည်း။
- ဤခန္ဓာသည် ဤစကြဝဠာမှ တစ်ပါးအခြား စကြဝဠာသို့ ပြောင်းရွှေ့နေလိုလျှင်လည်း နေ၍



www.burmeseclassic.com

www.burmeseclassic.com

ရနိုင်မည်လော။

– ဤသို့မဟုတ်ဘဲ ဤစကြဝဠာကိုပင် ဤကိုယ်ခန္ဓာအလိုက် စိတ်ကြိုက်ခြယ်လှယ်ခွင့် ရရှိနိုင်လျှင်လည်း ရနိုင်ဖြစ်နိုင်မည်လော။

စသော မေးခွန်းအထွေထွေသည် သဗ္ဗညုတဘုရားရှင် ပွင့်တော်မူစဉ်ကလည်း ရှိခဲ့သည်။ ဗုဒ္ဓသည် စကြဝဠာနှင့်ဆိုင်သော ဩကာသလောကထက် ဤခန္ဓာကိုယ်နှင့်ဆိုင်သော သင်္ခါရလောက၊ သတ္တလောကအကြောင်းကိုသာ မိန့်တော်မူခဲ့၏။ တစ်လံမျှလောက်သော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ အမှတ်သညာနှင့်တကွဖြစ်သည့် အတ္တဘောကိုယ်ခန္ဓာကို "လောက"ကိုပညတ်တော်မူသည်။ လောက၏ဖြစ်ကြောင်းဟူ၍လည်းကောင်း၊ လောက၏ ချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်ဟူ၍လည်းကောင်း ပညတ်တော်မူသည်။

လောက၏ အဆုံးသို့ ခြေဖြင့်၊ ယာဉ်ဖြင့်၊ တန်ခိုးဖြင့် သွား၍ မရောက်ရှိနိုင်။ လောက၏အဆုံးသို့ မရောက်ဘဲလျက် ဒုက္ခအပေါင်းမှ မည်သို့မျှ မလွတ်မြောက်နိုင်ကြောင်း ဟောတော်မူခဲ့သည်။

အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းသော မအို၊ မနာ၊ မသေ နိဗ္ဗာန်ရောက်ကြောင်း လောကမှ လွန်မြောက်ရာ၊ ထွက်မြောက်ရာဖြစ်သော ဤကိုယ်ခန္ဓာကို ဟောကြားခဲ့သည်။

ချမ်းသာကို ရှာဖွေကြသော အကျင့်တရားတို့သည် ပြင်ပရုပ်များပေါ်တွင် အဓိကမကျ၍ အဇ္ဈတ္တကိုယ် ခန္ဓာသာ အဓိကလိုရင်းဖြစ်၍ ဘူတရုပ်ဓာတ်ကြီးလေးပါးတို့ စုပေါင်းတည်နေရာ ဤခန္ဓာကိုယ်ကိုပင် သစ္စာလေးပါးတရားတို့၏ တည်နေရာဟု ပြဆိုထား၏။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ပြင်ပစကြဝဠာ အနန္တဖြစ်သော်လည်း အမှန်တကယ်ရှိသည်ကား ပရမတ္ထတရားလေးပါးနှင့် ပညတ်၏တရားနှစ်ပါးမျှသာဖြစ်ကြောင်း မိန့်ခဲ့သည်။

မိမိတို့၏သဘောလက္ခဏာမှ မဖောက်ပြန်သောကြောင့် မြတ်သောအနက်သဘောဖြစ်သော ပရမတ္ထတရားလေးပါးသည်။

၁။ ဝိညာဏက္ခန္ဓာဟူသော စိတ်၊

၂။ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတည်းဟူသော ခန္ဓာသုံးပါးတို့၏အပေါင်းစေတသိက်။

၃။ ဘူတရုပ်၊ ဥပါဒါရုပ်အားဖြင့် ပြားသော ရူပက္ခန္ဓာရုပ်၊

၄။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ဟူ၍ ဖြစ်၏။

စိတ်၊ စေတသိက်၊ နိဗ္ဗာန် သုံးမျိုးသည် (နာမ်တရား)၊ ရုပ်သည် (ရုပ်တရား)ဟူ၍ (ရုပ်+နာမ်)နှစ်မျိုးသာရှိသည်ဟု မိန့်ခဲ့၏။

နာမ်တရားချင်းတူ၍ စိတ်စေတသိက်ပြီးလျှင် နိဗ္ဗာန်ကို အရင်ပြပြီးမှ ရုပ်ကို အဆုံးထားပြခြင်းမရှိသည်မှာ သင်္ခတနယ်မှ သင်္ခတဓာတ်ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်တို့၏ ချုပ်ငြိမ်းတရားသည် နိဗ္ဗာန်ဖြစ်သည်ကို ပြလိုသောကြောင့်ဖြစ်၏။

နိဗ္ဗာန်သည် နာမ်တရား၌ ပါဝင်သည်ကို (ရုပ်+နာမ်) နှစ်ပါးမှ အလွတ်ဟု ထင်နေတတ်ကြ၏။ ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာအစု ရုပ်တရား ၂၈ ပါးသည် "ရုပ်"ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတည်းဟူသော နာမ်ခန္ဓာလေးပါးနှင့် နိဗ္ဗာန်တစ်ပါး ပေါင်းငါးပါးသည် အရူပနာမ်တရားအစု "နာမ်"ဖြစ်၏။ သို့ရာတွင် နိဗ္ဗာန်ကား ခန္ဓာမှလွတ်သော ခန္ဓာဝိမုတ်တရားတည်း။ ခန္ဓာနှင့်နိဗ္ဗာန်ကို အကြောင်းအကျိုးဆက်စပ်၍ သိတတ်သော သုတမယဉာဏ်၊ စိန္တာမယဉာဏ်တို့နှင့် ပြည့်စုံသော ဉာဏ်အမြင်ရှိမှသာ နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်(နာမ်)တရားကို မျက်မှောက်ပြုနိုင်ပေမည်။

နိရောဓသစ္စာ နိဗ္ဗာန်သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီနပဏီတ၊ ဒူရ၊ အာသန္နအားဖြင့် ကွဲပြားခြင်းမရှိ၍ ခန္ဓာဖွဲ့မရ။ ခန္ဓာဝိမုတ်တရားဖြစ်၏။ ရှေ့တွင် ဖော်ပြပြီးသကဲ့သို့ အပြည့်စုံဆုံး၊ အထွတ်အထိပ်အကျဆုံး ဘဝ၊ စင်ကြယ်မှုများ ပြည့်ဝနေသော နာမ်ဓာတ်ရှိသည့် ဘဝဖြစ်၏။ အပြတ်ဆုံး၊ အခိုင်မြဲဆုံးဘဝဖြစ်၏။ ထိုဘဝသို့ရောက်ရန် မိမိတို့၏ နာမ်ဓာတ်ကို စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်သူတို့သာ ရောက်နိုင်သော နိဗ္ဗာနအလင်းဓာတ် သန္တိသုခနိဗ္ဗာန်ပင်ဖြစ်လေသည်။

လောကပညတ် နှစ်ပါးကား ...

၁။ သမုတိသစ္စာ ဥပါဒါပညတ်မှန်သမျှ အတ္ထပညတ်၊



www.burmeseclassic.com

www.burmeseclassic.com

၂။ အနက်ဒြပ်၏ အမည်နာမ ပညတ်မှန်သမျှ သဒ္ဒပညတ်

ဟူ၍ စကြဝဠာတစ်ခုလုံး ပရမတ္ထတရား လေးပါး နှင့် (သို့မဟုတ်) ရုပ်+နာမ် ပရမတ္ထတရားနှစ်ပါး ပညတ် နှစ်ပါးသာရှိသည်ဟု ဗုဒ္ဓက မိန့်ဆိုခဲ့သည်။

ဘုရားရှင်တို့တွင်သာရှိသော ထူးခြားချက် ဂုဏ်ကိုး မျိုးမှ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ဖြစ်သည့် သိစရာမှန်သမျှကို တစ်စမကျန် မခြွင်းချန်ဘဲ အမှန်အတိုင်းသော ဆရာမလို ကိုယ်တော်တိုင်သာလျှင် သိမြင်တော်မူသော ဂုဏ်တော် အတိုင်း စကြဝဠာပညာအကြောင်းနှင့်တကွ ဩကာသ လောက၊ သတ္တလောက၊ သင်္ခါရလောကတို့၏ ရုပ်ဓာတ် များ၊ နာမ်ဓာတ်များ၊ သက်မဲ့ရုပ်ဓာတ်များ၊ သက်ရှိဓာတ် များ၊ နာမ်ဓာတ်အခြင်းအရာများ၊ နာမ်ဓာတ်နှင့် နာမ်ဓာတ် အခြေအနေ၊ ရုပ်ဓာတ်ရှိ သတ္တဝါဖြစ်ပေါ်ပုံတို့အပြင် ရုပ် ဓာတ်၊ နာမ်ဓာတ်တို့ ခဏမစဲ တဖွဲဖွဲတဖွားဖွား ဖြစ်နေပုံ၊ ပျက်ခြင်းသည် ဖြစ်ခြင်းအကျိုး၊ ရှည်ကြာသော အချိန်ဟူ၍ မရှိ၊ မခိုင်မြဲမှုနှင့် မစစ်မှန်မှု ဆင်းရဲခြင်းသာအမှန်၊ သိမ်မွေ့ ယဉ်ကျေးသော စရိုက်နှင့် အဆင့်အတန်းမြင့်သော သတ္တဝါ များ၊ မြတ်သော မဂ္ဂင်ရှစ်ဆင့်၊ ရောင့်ရဲမှုနှင့် ငြိမ်းချမ်းမှု တည်းဟူသော ပညာလမ်းညွှန်တရားတို့ကို ပရမတ္ထသစ္စာ လေးပါးတရားတော်ဖြင့် ဟောဖော်ညွှန်ပြခဲ့လေသည်။

ဒုက္ခမှလွတ်မြောက်သော ဆင်းရဲချုပ်ငြိမ်း ရုပ်သိမ်း ရာ အငြိမ်းဓာတ် နိဗ္ဗာန်တိုင် ပိုင်နိုင်ခိုင်လုံစွာ ဟောမြွက်ခဲ့၏။ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲဆီသို့သာ အမြဲဆွဲချနေ သည့် သင်္ခတနယ်ရုပ်ဓာတ်မှ လွတ်မြောက်အောင် စိတ်၊ စေတသိက်၊ သင်္ခတနာမ်တရားတို့ ချုပ်ငြိမ်းအောင် ကျင့် ဆောင်၍ အငြိမ်းဓာတ်ကိန်း အရူပနာမ်တရားအစုဝင် အသင်္ခတနိဗ္ဗာန်သည်သာ ရုပ်ဓာတ်နှင့် မိတ်မဖွဲ့သော ထာဝစဉ်ငြိမ်းအေးချမ်းသာသည့် အထွတ်အထိပ်ဘဝ နိဗ္ဗာနအလင်းဓာတ်ဖြစ်ကြောင်း ဟောမြွက်ခဲ့သည်။

နိဗ္ဗာန်၌ အာရုံဆီသို့ ညွတ်တတ်၊ သွားတတ်သော နာမ်တရားသည်လည်းကောင်း၊ ဖောက်ပြန်ပြောင်းလဲတတ် သော ရုပ်တရားသည်လည်းကောင်း အကြွင်းမဲ့ချုပ်ပေ၏။ အငြိမ်းဓာတ်ကိန်း အရူပနာမ်တရားအစုဝင် နိဗ္ဗာန်သည် နာမ်တရား ခန္ဓာဝိမုတ်တည်းဟူ၍ ဘုရားရှင်ဟောတော် မူခဲ့၏။

ဤသို့သော ခန္ဓာဝိမုတ်တရားကို ရနိုင်ရန်အတွက် "သင်တို့အား သင်တို့ကိုယ်တိုင်မှတစ်ပါး အခြားမည်သူက မျှ မကယ်တင်နိုင်။ ကောင်းစွာကျင့်သုံးပြီးသောအခါတွင် သင်တို့သည် သင်တို့၏ကိုယ်ကို ကယ်တင်မည့်သူများ အဖြစ်သို့ ရောက်လာကြလိမ့်မည်"ဟု မိမိတို့ကိုယ်ကို ပဲ့ကိုင်ထိန်းသိမ်းနိုင်သူများ ဖြစ်လာကြစေရန် ညွှန်ပြတော် မူခဲ့၏။

ဤသို့ ဓမ္မနိယာမအစွမ်းအားဖြင့် ဖြစ်ပေါ်လာသော စကြဝဠာကြီးသည် အလွန်တရာဆန်းကြယ်လှ၏။ သဗ္ဗ ညုတဘုရားဉာဏ်တော်နှင့်သာ သိမြင်နိုင်သော စကြဝဠာ သည် လူသားတို့နှင့် အလှမ်းဝေးလှပါ၏။ သို့ရာတွင် စကြ ဝဠာတစ်ခုလုံးအဖို့ မှန်ကန်သောတရားသည် သတ္တဝါတိုင်း သတ္တဝါတိုင်းအဖို့လည်း မှန်ကန်လှသော အလွန်တရာဆန်း ကြယ်သော ဓမ္မတရားများ ဖြစ်လေသည်။

သို့ကြောင့် မိမိတို့ လူသားနှင့်သက်ဆိုင်သော ဓမ္မ အခြင်းအရာများကိုသာ လေ့လာကြပါစို့။

စကြဝဠာပညာကို ရှာဖွေတွေ့ရှိခဲ့သော ဂေါတမ ဗုဒ္ဓက စကြဝဠာအနန္တ၊ သတ္တဝါအနန္တဟု ဟောတော်မူခဲ့ပြီ။ စကြဝဠာအနန္တ၊ သတ္တဝါအနန္တတို့အနက် ဤစကြဝဠာ အတွင်းရှိ မရေမတွက်နိုင်သော သတ္တဝါများ (သို့မဟုတ်) သုံးဆယ့်တစ်ဘုံတွင် လူ့ဘုံ လူ့ဌာန လူသားဘဝသည်သာ တန်ဖိုးအရှိဆုံးဘဝဟု ဆိုနိုင်လေသည်။ လူ့ဘုံလူသားဘဝ မှသာ ကောင်းမှုမကောင်းမှုတို့ကို ပြစွမ်းနိုင်ကြသည်ဖြစ်၍ စိတ်ဓာတ်မြင့်မြင့်ထား၊ ကုသိုလ်ကောင်းမှုတရားကို များများ အားထုတ်ကြကာ အဆင့်အတန်းအမြင့်ဆုံး နိဗ္ဗာန်သို့ မျက် မှောက်ပြုနိုင်ပေမည်။

သို့ကြောင့် လူသားတို့ အရေးတကြီး ဆောင်ရွက် ရန်တာဝန်မှာ ယခုလက်ရှိဘဝမှ မည်သည့်နည်းနှင့်မျှ လျှော့ကျမသွားအောင် ထိန်းသိမ်းစောင့်ရှောက် မိမိဘဝကို မိမိတို့ ပဲ့ကိုင်နိုင်ကြရန် ဖြစ်ပေသည်။

**ချောယဉ်သာမြင့် (B.A., B.Ed.)**

ကျမ်းကိုး ။ ။ ဗုဒ္ဓ၏ စကြဝဠာ။



www.burmeseclassic.com

www.burmeseclassic.com

# ပညာရှိ ဝိဓူရ

# လက်ထောက်ဗေဒင်ဟောကိန်း

## ညွန့်လွင်(စက်မှုတက္ကသိုလ်)

ရှေးဟောင်းပုရပိုက် တစ်စောင်တွင် ဖော်ပြပါရှိသည့် ပညာရှိအမတ်ကြီး ဝိဓူရလက်ထောက်ဗေဒင်ဟောကိန်းကို ဖော်ထုတ်ရေးသားတင်ပြအပ်ပါသည်။ ဤလက်ထောက်ဗေဒင်မှာ အလွန်စိတ်ဝင်စားစရာကောင်းပါသည်။ အသက်အရွယ်၊ မွေးနေ့၊ မွေးရက် သိရန်မလိုဘဲ လူတိုင်းမေးမြန်းနိုင်ပြီး ဗေဒင်ဟောကိန်းကို အလွယ်တကူပင် ဖတ်ရှုနိုင်ပါသည်။

အောက်တွင်ဖော်ပြထားသည့် ပုံကားချပ်တွင် အကွက် ၃၆ ကွက် ပါရှိပါသည်။ ဟောကိန်းမှာ ၂၄ မျိုး ရှိသည်။

ရတနာသုံးပါးကိုအာရုံပြု၍ မျက်စိမှိတ်ငြီး ချွန်သောအရာ တစ်ခုခုနှင့် ကားချပ်ကို တစ်ခါတ[illegible]းထောက်ပါ။ ကျရာဂဏန်းကို ဆက်လက်ရေးသားေ[illegible]ပြမည့် ဟောကိန်းများတွင် ဖတ်ရှုနိုင်ပါသည်။

**မှတ်ချက်**

(၀)မှာ ထောက်မိပါက ဒီနေ့အဖို့ ဘာမှမမေးပါနှင့်တော့။ ဝိဓူရ စိတ်ဆိုးသည်။ နောက်နေ့မှ မေးပါဟူ၍ ရှေးဟောင်းပုရပိုက်တွင် ရေးသားဖော်ပြထားပါသည်။

မျဉ်းကြောင်းပေါ် ထောက်မိလျှင် ပြန်ထောက်ပါ။

## လက်ထောက်ရန် ကားချပ်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၀ | ၄ | ၈ | ၁ | ၁၃ | ၀ | ၁၆ | ၂၀ | ၀ |
| ၃ | ၂၂ | ၀ | ၅ | ၁၂ | ၀ | ၁၈ | ၁၁ | ၀ |
| ၀ | ၁၀ | ၀ | ၇ | ၁၄ | ၂၄ | ၀ | ၀ | ၂ |
| ၂၃ | ၉ | ၀ | ၀ | ၁၇ | ၁၉ | ၆ | ၁၅ | ၂၁ |



www.burmeseclassic.com

www.burmeseclassic.com

## ဝိဇ္ဇုရ လက်ထောက်ဗေဒင်ဟောကိန်းများ

(၀) မမေးပါနှင့်။ မေးရမည့်အချိန်မဟုတ်ပါ။ နက်ဖြန်မှမေးပါ။

(၁) မည်သည့်အနှောင့်အယှက်မှ မရှိဘူးဆိုပါက မိမိလုပ်ကိုင်ဆောင်ရွက်နေသည့် အလုပ်ကိစ္စအားလုံးသည် 'အောင်မြင်ပြီ'ဟု မှတ်ယူပါ။

(၂) မိမိလုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်ကိစ္စကိုကို အလေးမမူသောကြောင့် ဒုက္ခရောက်တော့မည်။ ပြုပြင်လုပ်ဆောင်သင့်ပါသည်။

(၃) ကြုံတွေ့နေရသော အဖြစ်အပျက်ကိစ္စများ သုံးရက်အတွင်း ပြေလည်တော့မည်။

(၄) နည်းနည်းပါးပါးတော့ ဆုံးရှုံးနစ်နာလိမ့်မည်။ သတိထား၍ လုပ်ဆောင်ပါ။

(၅) လုပ်ငန်းသစ်တွေ့မည်။ လက်မလွှတ်လိုက်ပါနှင့်။ အဆင်ပြေမည်။

(၆) လာဘ်တိုးမည်။ လက်ဆောင်တစ်ခုရလိမ့်မည်။ ငွေရမည်။

(၇) ထင်ရာအရောင်းအဝယ် မလုပ်ပါနှင့်။ အချိန်မကျသေးပါ။

(၈) သုံးရက်ကျော်လျှင် ကံကောင်းပြီ။ ပြိုင်ဘက်ရန်သူကိုနိုင်ပြီ။

(၉) ငွေရမည်။ အမွေရမည်။ ရောင်းလျှင်၊ ဝယ်လျှင် မြတ်မည်။

(၁၀) ကံကောင်းဖို့နီးနေပါပြီ။ စွဲမလျှော့ပါနှင့်။ ဆက်၍ကြိုးစားပါ။

(၁၁) လုပ်နိုင်ဘာထက်ပို၍ စဉ်းစားနေသောကြောင့် ဘာမှအကောင်အထည် ပေါ်လာမည်မဟုတ်ပါ။ နိုင်သလောက်သာ လုပ်သင့်ပါသည်။

(၁၂) ကံကောင်းပါပြီ။ မိမိလုပ်စရာရှိသည်တို့ကို ဆက်၍လုပ်ဆောင်ပါ။ အောင်မြင်ပါလိမ့်မည်။

(၁၃) လက်ရှိအခြေအနေတွင် အေးအေးဆေးဆေးနေတာ အကောင်းဆုံး ဖြစ်လိမ့်မည်။

(၁၄) အမှုအခင်းဖြစ်နိုင်သည်။ ရန်မရှာပါနှင့်။ ပြဿနာသေးသေးလေးက ကြီးလာနိုင်သည်။

(၁၅) သူများကို အားမကိုးပါနှင့်။ မိမိဘာသာကြိုးစားပါ။ အောင်မြင်ပါလိမ့်မည်။

(၁၆) အပိုစကားများ မပြောမိရန်လို ပါသည်။ သူများ၏စကားကို ချင့်ချိန်ပါ။ မဟုတ်သောစကားများ ကြားရလိမ့်မည်။

(၁၇) အလိမ်မခံချင်လျှင် သူများကို ငွေမပေးပါနှင့်။ ငွေမချေးပါနှင့်။

(၁၈) အားမငယ်ပါနှင့်။ ကံကောင်းတော့မည်။ ငွေတွေရတော့မည်။

(၁၉) ခရီးသွားစရာရှိလျှင် သွားပါ။ ရည်မှန်းချက်များ အောင်မြင်လိမ့်မည်။

(၂၀) သတိဝီရိယထား၍ နေထိုင်ပါ။ သုံးရက်အတွင်း ဘေးအန္တရာယ်ကြုံနိုင်သည်။

(၂၁) ဖြုန်းခနဲ ပြဿနာတွေ့မည်။ အခက်အခဲကြုံရတတ်သည်။ မကြောက်ပါနှင့်၊ ဘာမှမဖြစ်နိုင်ပါ။

(၂၂) ပျင်းရိ၍နေမည်။ ဘာမှ အချောင်မရနိုင်ပါ။ အချိန်မဖြုန်းပါနှင့်။ ကြိုးစားအားထုတ်လျှင် အဆင်ပြေပါလိမ့်မည်။

(၂၃) ကံငါးပါးကို လုံခြုံအောင်စောင့်ထိန်းပါ။ အောင်မြင်ပါလိမ့်မည်။ အကျိုးကျေးဇူးများ ခံစားရရှိတော့မည်။

(၂၄) မိမိစိတ်ထင်ရာကို မလုပ်မိပါစေနှင့်။ မကြာခင်ကံကောင်းတော့မည်။ အချိန်နီးပါပြီ။ မျှော်လင့်ချက်များ၊ အလိုဆန္ဒများ ပြည့်ဝလာမည်။

ညွန့်လွင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# အန်းကုံးဘိုးတော်ကြီး ပူဇော်ပသနည်း

သုတေသီမြင့်ထွန်း

မြန်မာတို့က "အန်းကုံးဘိုးတော်ကြီး"ဟူ၍ ခေါ်ဆိုနေသော ရုပ်တုမှာ (တရုတ်လို မီလိုဖူး)၊ အရိမေတ္တေယျဘုရားလောင်းပင် ဖြစ်သည်။ ယခုအခါ သုသီတာနတ်ပြည်တွင် ရှိနေသည်ဟု ယုံကြည်နေကြ၏။

ယင်း၏ ရုပ်ပုံမှာ ပြုံးရွှင်နေသော လူဝကြီးပုံ၊ အဝတ်ကို ဖယ်ထား၍ ဝမ်းဗိုက်ပူကြီးကိုဖော်ထားသည်။ ယာလက်မှာ ပန်းခက်၊ ပန်းပွင့်၊ သို့မဟုတ် စိပ်ပုတီးကို ကိုင်ထားရှိသည်။ ဝဲလက်က နောင်အခါတွင်ပေးမည့် ချမ်းသာလက်ဆောင်များ ပါရှိသည့် အိတ်စကို ဆုပ်ကိုင်ထားရှိ၏။

ဤရုပ်တုရုပ်ပုံကို တရုတ်အမျိုးသား ချမ်းသာသောအိမ်တိုင်းလိုလိုတွင် ထားရှိသည်။ ရွှေဆိုင်၊ ဈေးဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံများတွင်လည်းထားရှိသည်ကို မြင်တွေ့ရ၏။

(၁) ရုပ်တုတော်အထိုင် (အောက်တွင်) တရုတ်အမျိုးသားများ ကောင်းကင် စုဋ္ဌာမဏိဘုရား ကန်တော့ရာတွင် အသုံးပြုသော ငွေစက္ကူအချပ်ကြီး (ဆင်ကုန်းများ)ကို ထားရှိ၍ ပူဇော်ရ၏။

(၂) ရုပ်တုတော် (ကြွေရုပ်တုဖြစ်လျှင် အောက်တွင် အပေါက်ငယ်တစ်ပေါက် ပါရှိသည်) ယင်းကြွေရုပ်တု၏ အပေါက်ငယ်အတွင်း၌ ငွေမတ်စေ့၊ သို့မဟုတ် ငွေစက္ကူအသစ် အချပ်ကြီးများကို ကြိုးနီဖြင့်စည်း၍ ထားရှိရမည်ဖြစ်၏။

(၃) ရုပ်တုတော်၏ ဘေးတစ်ဖက်တစ်ချက်တွင် ပန်းအိုးနှစ်အိုးကို ထားရှိရမည်။ မိမိကြိုက်နှစ်သက်ရာ လှပသောပန်းများကို ကပ်လှူပူဇော်နိုင်၏။

(၄) လက်ဖက်ရည်ကြမ်းတစ်ခွက်၊ သို့မဟုတ် သုံးခွက်၊ သို့မဟုတ် ငါးခွက် ကပ်လှူပူဇော်ရ၏။

(၅) မိမိကြိုက်နှစ်သက်ရာ သစ်သီးဝလံများကို မခွဲမစိတ်၊ အခွံမနွှာ အလုံးလိုက် ရေသန့်စင်အောင် ဆေးကြောပြီး ကပ်လှူပူဇော်ရမည်။ သစ်သီးတစ်လုံး၊ သို့မဟုတ် တစ်ပွဲ၊ သုံးလုံး၊ သို့မဟုတ် သုံးပွဲ၊ ငါးလုံး၊ သို့မဟုတ် ငါးပွဲကို အနီရောင်စက္ကူလေးများ ကော်ဖြင့်ကပ်၍ ပူဇော်ရ၏။ မှတ်ချက်။ မာလကာသီးများ လုံးဝကပ်လှူခြင်း မပြုရပါ။

(၆) အနီရောင်ဖယောင်းတိုင်နှစ်တိုင်ဖြင့် ကပ်လှူပူဇော်ရမည်ဖြစ်၏။ မှတ်ချက် ။ အဖြူရောင်ဖယောင်းတိုင်ဖြင့် ကပ်လှူပူဇော်ခြင်း မပြုရပါ။

(၇) နံ့သာတိုင် (အမွှေးတိုင်) သုံးတိုင်ကို မီးညှိ၍ ကပ်လှူပူဇော်ရမည်။ အမွှေးတိုင်များ စိုက်သည့်ခွက်သည် မြေအိုး၊ ကြေးအိုး၊ ကြွေခွက် ဖြစ်ရမည်။ အမွှေးတိုင်များ စိုက်ထူသည့်ခွက်သည် အနီရောင်ဖြစ်လျှင် ပို၍ကောင်းသည်။ ခွက်တွင် အနီရောင်စက္ကူ ကပ်ထားလျှင်လည်း ရ၏။

(၈) မိမိနေအိမ်တွင်ရှိသော ကလေးသူငယ်များကို မရိုက်နှက်ရ၊ ငိုအောင်မပြုရ၊ ပျော်ရွှင်ချမ်းမြေ့အောင် ထားရှိရမည်။ ကလေးငယ်များ ပျော်ရွှင်လေ၊ ငွေကြေးများဝင်လေဟု တရုတ်အမျိုးသားများ အယူရှိ၏။

(၉) အမွှေးတိုင်များဖြင့် ပူဇော်ကန်တော့လေတိုင်း လက်နှစ်ဖက်ကိုယှက်၊ ဒူးနှစ်ဖက်ကို ကြမ်းပြင်တွင်ထောက်ပြီး ရိုသေကျိုးနွံစွာ ပူဇော်ကန်တော့ရ၏။

မိမိလိုအပ်ရာဆုကို ယုံကြည်စိတ်အပြည့်အဝဖြင့် တောင်းပါ။ နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် ပူဇော်ကန်တော့ရန်ကိုလည်း မမေ့ပါနှင့်။ မိမိတောင်းခံသောဆု မပြည့်မချင်းဆက်ပြီးတောင်းနေပါ။ အမှန်တကယ်ပြည့်ဝလာလိမ့်မည် ဖြစ်၏။

**မှတ်ချက်** ။ တရုတ်အန်းကုံးဘိုးတော်ကြီး ရုပ်တုသည် မိမိကိုယ်တိုင် ဝယ်ယူ၍ ပူဇော်ကန်တော့ခြင်းထက် တစ်စုံတစ်ယောက်ထံမှ လက်ဆောင်ရရှိလျှင် အစွမ်းသိဒ္ဓိရှိပြီး အကျိုးပေးသည်ဟု ရှေးတရုတ်အမျိုးသားတို့က ယုံကြည်ထားကြသည်ကိုလည်း အထူးသတိပြုပါ။


## ရရှိမည့်အကျိုးတရားများ

(၁) အနာရောဂါကင်းရှင်း၍ အသက်ရှည်ခြင်း။ (၂) စိတ်ချမ်းသာမှု ရရှိခြင်း။ (၃) စည်းစိမ်ဉစ္စာ ရွှေငွေရတနာများဖြင့် ပြည့်စုံ၍ စီးပွားလာဘ်လာဘများ တိုးတက်ပွားများခြင်း။ (၄) မျိုးရိုးဆက်ရန် သားယောက်ျားရတနာများ ထွန်းကားခြင်းဟူသော ဆုလေးဆုကို ရရှိနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်နဂါး

သုတေသီမြင့်ထွန်း

တရုတ်လူမျိုးတို့သည် နဂါးကို အလွန်နှစ်သက်ကြသည်။ တစ်ခါတစ်ရံ သူတို့ကိုယ်သူတို့ နဂါးမျိုးနွယ်မှ ဆင်းသက်လာသည်ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလေ့ရှိ၏။

တရုတ်အမျိုးသားတို့အဖို့ နဂါးသည် ဂုဏ်ယူစရာ မင်္ဂလာလာဘ်ခေါ် အန္တရာယ်ကင်းပြီး တန်ခိုးကြီးမြတ်သော အကောင်အဖြစ် သဘောထားကြသည်။ ထို့ကြောင့် တရုတ်နှင့် နဂါးသည် လက်တွဲဖြုတ်၍ မရနိုင်ပါ။

ကွန်မိုပိုကျွန်းတွင် တွေ့ရသော နဂါးသည် ဖွတ်အကြီးစားပင်ဖြစ်သည်။ လူသားတွေသည် မြွေနှင့် ဖွတ်တို့ကို ရုလစ်မွန်းချွန်းတွေ တပ်ဆင်ပြီး နဂါးဟူ၍ ခေါ်ခဲ့လေသလားဟု တွေးတောဆင်ခြင်စရာ ဖြစ်နေ၏။

တရုတ်ကျေးလက် ဓလ္လာရီပုံပြင်နှင့် သီချင်း၊ ကျေးလက် လက်မှုအနုပညာ ပန်းချီပန်းပုများတွင် နဂါးမပါလျှင် မပြီးခဲ့ပါ။ နဂါးသည် နန်းတော်တံစက်မြိတ်တွင် တွဲလျားခိုလျက်ရှိ၏။

တရုတ်ဘုန်းတော်ကြီးကျောင်း တွေ၏ နံရံပေါ်တွင်လည်း မြင်တွေ့နိုင် သည်။ ဘုရားကျောင်းကြီးတွေ၏ နံ ပေါ်တွင်လည်း မြင်တွေ့နိုင်သည်။ ဘုရ ကျောင်းကြီးတွေ၏ နံရံကြီးတွေအပေ ၌ ရစ်ပတ်၍နေသည်။ ဂူသချိုင်းမှာ လည်း မြင်တွေ့ရသည်။ လူ့အသုံ အဆောင်ပစ္စည်း အသေးအဖွဲလေး အစ နဂါး မပါလျှင် မပြီးခဲ့ပေ။

ယုတ်စွအဆုံး ဖယောင်းတိုင်စိုက် တံခွက်ကိုပင် နဂါးပုံပုံဖော်ထား

www.burmeseclassic.com

သည်။ တိုင်ထိပ်မှာလည်း နဂါးကိုပင် တင်ထားတတ်သည်။ နှစ်သစ်ကူး မင်္ဂလာအချိန်တွင် နဂါးရုပ်အကြီးကြီး ပြုလုပ်၍ လူ ၁၄ ယောက်၊ ၁၅ ယောက် ဝင်ကာ ကပြလေ့ရှိကြ၏။ တရုတ်ပြက္ခဒိန်တွင် နဂါးနှစ်သစ်သည် မင်္ဂလာအရှိဆုံး ဖြစ်သည်။ တရုတ်ပိသုကာတွင် ခြူးပန်းခြူးနွယ်၊ ရွှေနန်းလိမ်၊ ငွေနန်းလိမ်၊ ရွှေခြည်ထိုး၊ ငွေခြည်ထိုးများ၌ ဉာဏ်ကွန့်မြူးထားသော နဂါးရုပ်ပုံအမျိုးမျိုးတို့ကို မြင်တွေ့ရ၏။

ထို့ပြင်လည်း နဂါးမီးပုံး၊ နဂါးလှေ၊ နဂါးပန်းကန်၊ နဂါးတူ၊ နဂါးတံဆိပ်ခေါင်း စသော နဂါးအကြောင်းများကား ပြော၍မဆုံးနိုင်လောက်အောင်ကို များပြားလှ၏။

ရှေးနှစ်ပေါင်း ခြောက်ထောင်၊ ခုနစ်ထောင်လောက်က နဂါးပုံ ရေဆေးပန်းချီတွေကို နံရံများပေါ်၌ စတင်တွေ့ရှိရသည်ဟု သုတေသီတွေက ဆိုသည်။ မျက်မှောက်ခေတ်ကာလတွင် တရုတ်လူငယ်များသည် နဂါးပုံပါရှိသော တီရှပ်များကို ဝတ်ဆင်နေ၏။

ရှေးနှစ်ပေါင်း ၃၅၀၀ ကျော်က "ခန်း"မင်းဆက်တွင် နဂါးပုံကြေးသွန်းအရုပ်များကို တွေ့ရှိခဲ့ရသည်။ ထိုအချိန်သမယမှစ၍ နဂါးကို တရုတ်အမျိုးသားတွေက အထိမ်းအမှတ်အဖြစ် အသုံးပြုလာခဲ့ကြသည်ဟု ယူဆရ၏။

မျက်မှောက်ခေတ်ကာလတွင် တရုတ်နိုင်ငံ၌ ပန်းချီပန်းပု၊ ဇာထိုးပန်းထိုး၊ ပုံနှိပ်၊ တံဆိပ်ခေါင်း၊ တံဆိပ်တုံး၊ သင်္ဘောယာဉ်များ၊ အဝတ်အထည်များ၊ လက်ဆွဲတန်ဆာ အဆောင်အယောင်များ၊ တူရိယာပစ္စည်း၊ ပရိဘောဂ၊ ကြွေထည်၊ မြေထည်နှင့် ငွေအကြွေစေ့တို့တွင် အသုံးပြုထားသည်ကို မြင်တွေ့ရ၏။

လွန်ခဲ့သော နှစ်ပေါင်း သန်း ၅၀-၂၅၀ က ကောင်းလွန်အမည်ရှိသော သတ္တဝါ ပေါ်ခဲ့ဖူးသည်။ ကောင်းလွန်သည် ဒိုင်နိုဆောဖြစ်သည်။ နဂါး၏ပုံကို ဖော်ရာတွင် မြွေပုတ်သင်နှင့် မိကျောင်းတို့ကို လူ၏စိတ်ကူးဖြင့် စပ်ဟပ်ယူထားသည်ဟု ဆိုလို၏။ အစောဆုံး ပေါ်ပေါက်ခဲ့သော တရုတ်ဒဿနပညာရှင် ချိုဝန် (အေဒီ ၁၀၀)က "နဂါးဟာ အကြေးခွံရှိတဲ့ သတ္တဝါတွေရဲ့ ဘုရင်ဖြစ်တယ်။ ကိုယ်ပွားဖြစ်တယ်။ ကိုယ်ပျောက်နိုင်တယ်။ မြင်လိုက မြင်စေနိုင်တယ်။ ခန္ဓာကိုယ်ကို ကြီးစေနိုင်တယ်။ ငယ်စေနိုင်တယ်။ ရှည်စေနိုင်တယ်။ တိုစေနိုင်တယ်။ နွေဦးရာသီမှာ မိုးပေါ်ကို ပျံဝဲတတ်တယ်။ ဆောင်းဦးရာသီမှာ မြေပြင်ထက်ကို သက်ဆင်းနိုင်တယ်" ဟူ၍ မိန့်ဆိုခဲ့၏။

> နဂါးဦးခေါင်းမှာ ဒရယ်ဦးချို၊ ဦးခေါင်းပုံမှာ ကုလားအုတ်၊ ပုစွန်မျက်လုံး၊ မြွေလည်ပင်း၊ သွယ်သောကိုယ်အလျား၊ ကန်ရေငါး၏ အကြေးခွံ၊ ကျား၏လက်ချောင်းများ အပေါ်တွင် စွန်ငှက်၏ လက်သည်းချွန်ကုတ်ကြီးရှိပြီး နွား၏ နားရွက်" ဟူ၍ ရေးသားထား၏။

ချင်မင်းဆက် (ဘီစီ ၂၂၁-၂၀၇)တွင် နဂါးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖော်ပြခဲ့သည်။ တရုတ်ရှေးဟောင်းစာပေများ၌ ဘာသာရေးယုံကြည်ချက်ကို ချွတ်သော အကောင်ဖြစ်သည်။ ဒဿနိကနှင့် ဘာသာရေးသည် ရောထွေးလျက်ရှိ၏။

ကိုင်ရိုကျွန်းနန်းတော် (ယခု မြတိုက်)တွင်ရှိသော ခန်းမဆောင်တွင် တိုင် ၇၂ တိုင်ရှိသည်။ ထိုတိုင်များသည် ရွှေနဂါးနှင့် ရာဇပလ္လင်ကို ဝိုင်းရံ၍ထားကြသည်။ ပလ္လင်နှင့် အနီးဆုံးတိုင် ခြောက်ခုမှာ နဂါးပတ် ရုပ်လုံးရုပ်ကြွတွေကို လှပစွာ ထွင်းထုပြုလုပ်ထားရှိခဲ့၏။

မျက်နှာကြက်သည် ရွှေရောင်ယွန်းထည်ဖြစ်သည်။ လှပသော သစ်ထွင်း နဂါးများသည် ဖောင်းကြွရုပ်လုံးများက အသက်ဝင်နေသည်ဟု ထင်မှတ်ရသည်။ နဂါးပုံအမျိုးမျိုးတို့ကို အဆန်းတကြယ် မြင်တွေ့ရသည်။ နန်းတော်ကြီးတစ်ခုလုံးသည် နဂါးတွေနှင့် လွှမ်းမိုးနေ၍ "ရွှေနဂါးနန်းတော်"ဟူ၍ ခေါ်ဆိုထိုက်၏။

"နဂါးသည် တိမ်ကို ရွေ့လျားစေပြီး မိုးကို ရွာစေနိုင်သည်"ဟု ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ရာသီဥတု ကောင်းမွန်စေရန်၊ ကောက်ပဲသီးနှံရှင်သန်စေရန် တောင်သူလယ်သမားများသည် နဂါးဘုရင် ဘုံကျောင်းကို နှစ်စဉ် ဦးတိုက်ကာ ဆုတောင်းပွဲ၊ ပူဇော်ပွဲတွေ ကျင်းပလေ့ရှိကြ၏။

မျက်မှောက်ခေတ် တရုတ်နိုင်ငံတွင် ရေဘုံဘိုင်ခေါင်းကို ရေထွက်လာသော နဂါးဦးခေါင်းဟု ခေါ်ဝေါ်သုံးစွဲကြသည်။ သားယောက်ျားမွေးသောအခါ (နဂါး)ဟု အမည်ရှေ့ တင်ပေးလိုက်ကြ၏။

သားယောက်ျားလေးသည် ဉာဏ်ပညာကောင်းမွန်ခြင်း၊ ပါးနပ်ခြင်း၊ အသိပညာအလိမ္မာ ကြွယ်ဝခြင်း၊ ခွန်အားကြီးခြင်း၊ ဖျတ်လတ်ခြင်း ရှိမည်ဟု အသည်းစွဲအောင်ကို ယုံကြည်ကြ၏။

တရုတ်ပြက္ခဒိန်လ ပထမ (သို့) ရက် ညနေတွင် လူတွေသည် နဂါးအဝတ်များဝတ်၊ နဂါးမီးပုံးတွေကိုင်ပြီး လမ်းလျှောက်လာကြသည်။ ဘင်ကိုခေါက်၊ ပုံးကိုတီး၊ လင်းကွင်းကို ခတ်ကြသည်။ တံခွန်တိုင်အလံများကို ထောင်သည်၊ စက္ကူမီးပုံးတွေကို ကိုင်ဆွဲကြသည်။ စတိုးဆိုင်ရှေ့တွင် ရပ်ကြသည်။ ဆိုင်ရှင်က အမွှေးတိုင်တွေ ထွန်းပြီး ဗျောက်အိုး၊ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ နဂါးမီးပုံးကို ကြိုဆိုကြ၏။

ဟန်မင်းဆက်၌ ကျောက်တုံးနံရံမှာ နဂါးအကများကို မြင်တွေ့ရသည်။ နဂါးအကနှင့် နဂါးလှေပြိုင်ပွဲသည် တရုတ်နိုင်ငံမှတစ်ဆင့် ယခုအခါ အရှေ့တောင်အာရှကို ရောက်ရှိလာပြီဖြစ်၏။

အာရာရီစာအုပ် (၁၁၀၀-ဘီစီ)ထဲတွင် "နဂါးဦးခေါင်းမှာ ဒရယ်ဦးချို၊ ဦးခေါင်းပုံမှာ ကုလားအုတ်၊ ပုစွန်မျက်လုံး၊ မြွေလည်ပင်း၊ သွယ်သောကိုယ်အလှ၊ ကန်ရေငါး၏ အကြေးခွံ၊ ကျား၏လက်ချောင်းများအပေါ်တွင် စွန်ငှက်၏ လက်သည်းချွန်ကုတ်ကြီးရှိပြီး နွား၏ နားရွက်"ဟူ၍ ရေးသားထား၏။

နောင်လာနောက်သားတွေကလည်း နဂါးနှင့်ပတ်သက်၍ ရေးသားပြောဆိုသည့်အခါ ထိုပုံစံအတိုင်း အမွေဆက်ခံထားကြသည်။ ဒဏ္ဍာရီပုံပြင်ထဲက နဂါးသည် နှစ်သက်ဖွယ်ရာ ဖြစ်သည်။ အာဏာနှင့် တန်ခိုးသည် နဂါးမင်း၏ ရုပ်ပုံတွင် ထင်ဟပ်၍နေ၏။

နှစ်လိုဖွယ်ရာဖြစ်စေ၊ ကြောက်မက်ဖွယ်ရာဖြစ်စေ • • •နဂါးမင်းသည် ဒဏ္ဍာရီလာ သတ္တဝါဆန်းဖြစ်သည်။ တရုတ်အမျိုးသားတို့၏ နှလုံးသည်းပွတ်ကို ဆွဲကိုင်လှုပ်ယမ်းနေသော နဂါးသည် ကမ္ဘာအနှံ့ကို ခြေဆန့်နေပါပြီ။ နဂါးနှင့် တရုတ်၊ တရုတ်နှင့် နဂါးတို့သည် ခွဲ၍မရ၊ တွဲ၍သာ အတူနေကြ၏။

## နဂါးနက္ခတ်နှင့်ယှဉ်သော ပုဂ္ဂိုလ်များ

ဂျပန်ဝေါဟာရ တက်စု(Tatsu) ဟူ၍ခေါ်သော နဂါးနက္ခတ်နှစ်တွင် ဖွားမြင်သူများသည် တရုတ်အမျိုးသားများအတွက် အကောင်းဆုံးနှစ်ဖြစ်သည်။ ထီးသုံးနန်းသုံး အမှတ်အသားလည်း ဖြစ်သည်။ ကောင်းကင်ဘုံအထိ အမြင့်ဆုံး သွားနိုင်သကဲ့သို့ ရေပြည်အထိလည်း ဆင်းနိုင်သော သတ္တိလည်းရှိသည်။ ချစ်သူခင်သူပေါ်များသည်။ ထို့အတွက်ကြောင့် အိမ်ထောင်ဘက်လည်း များနိုင်၏။

အမှုကိစ္စများတွင် ဇနီးမယားတို့ကိုပါ ပါဝင်လုပ်ရှား ဆောင်ရွက်စေသည်။ ရည်မှန်းချက် မြင့်မားသလောက် အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်သူဖြစ်သည်။ စိတ်သဘောထား ဖြောင့်မတ်သည်။ အားကိုးရသူများဖြစ်သည်။ ချွတ်ယွင်းချက်မှာ ခွန်အားသုံးပြီး "မရောင်ရာ ဆီလူး"မိတတ်ခြင်းဖြစ်၏။

ဖက်ရှင်အလှဘက်တွင် မျက်စိရှိသည်။ အလင်းရောင်နည်းသော နေရာကို နှစ်ခြိုက်ကြသည်။ ရှိုးပြလေ့ရှိသည်။ သဒ္ဓါတရားထက်သန်သောသူ ဖြစ်သည်။ စိတ်လွတ်ကိုယ်လွတ်နေတတ်သည်။ ရိုးသားပွင့်လင်းသည်။ အကြံကောင်း၊ ဉာဏ်ကောင်း တွေးခေါ်စဉ်းစားတတ်သည်။ သူများ၏ လျှို့ဝှက်ချက်ကို မြင်လွယ်သော အရည်အချင်းများရှိ၏။

အိမ်ထောင်ဘက်နှင့် မိတ်ဘက်မှာ ကြွက်နှစ်၊ မြွေနှစ်၊ ကြက်ဖနှစ် ဖွားမြင်သူများ။

ရန်ဘက်မှာ ခွေးနှစ်၊ နွားနှစ်မှာ ဖွားမြင်သူများ။

## နဂါးနှစ်

၁၉၀၄၊ ၁၉၁၆၊ ၁၉၂၈၊ ၁၉၄၀၊ ၁၉၅၂၊ ၁၉၆၄၊ ၁၉၇၆၊ ၁၉၈၈၊ ၂၀၀၀၊ ၂၀၁၂၊ ၂၀၂၄။

သုတေသီမြင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်လူမျိုးတို့က

## နဂါး၊ နရား ရှေးဟောင်းအယူအဆ အတိတ်နိမိတ်ကောက်ပုံ

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

တစ်နေ့က စာရေးသူသည် စာရေးစားပွဲပေါ်တွင် ထိုင်ကာ ရောင်ပြန်အတွက် တရုတ်နက္ခတ္တဗေဒင် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွက် ရေးရန် ကြံစည်နေစဉ် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ရောင်ပြန်မဂ္ဂဇင်းကို လှန်ဖတ်လိုက်သောအခါတွင် စာမျက်နှာ ၉၀ ၌ ဦးသန့် (လာဘ်မိုးရွှေစာပေ) ထုတ်လုပ်မှုအယ်ဒီတာ ရေးသားပြုစုတင်ပြထားသည့် "နဂါး"ဆောင်းပါးရှည်ကြီးကို လေ့လာဖတ်ရှုလိုက်ရသောအခါတွင် စာရေးသူက တရုတ်လူမျိုးတို့၏ နဂါး၊ နရား၊ ရှေးခေတ်ဟောင်း အယူအဆ၊ အတိတ်နိမိတ်အကြောင်းကို ဖြည့်စွက်ရေးသား တင်ပြအံ့ဟုဆိုကာ ချက်ချင်း စာရေးသူသိရှိ မှတ်သားခဲ့သည်များတို့ကို ကောက်ရေး တင်ပြလိုက်ရပါသည်။ ဆရာဦးသန့် ရေးသားပြုစု တင်ပြခဲ့သည့် နဂါးအကြောင်းလည်း အတော်ပြည့်စုံနေပြီ ဖြစ်ပါသည်။ သို့သော် အနည်းငယ် ဖြည့်စွက်တင်လိုသော ဆန္ဒပြင်းပြနေ၍ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလိုပါသည်။

"နဂါး"နှင့်ပတ်သက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့မှ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလက ထုတ်ဝေပြဌာန်းခဲ့သော (မြန်မာအဘိဓာန်ချုပ်)ကြီး စာမျက်နှာ ၁၈၆ တွင် "နဂါး"ဟူသည်ကား ရှေးကျမ်းဂန်လာ မြွေကြီးတစ်မျိုး (ပါနာဂ)ဟု အနက်အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ တစ်ဖန် စာမျက်နှာ ၁၈၇ ၌မူ "နရား"နှင့်ပတ်သက်ပြီး အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ "နရား" ဆိုသည်မှာ ခြေလေးချောင်းပါရှိသော နဂါးမျိုးစိတ်။ အုတ်တိုင် စသည်တွင် အလှအပမွမ်းမံထုလုပ်လေ့ရှိသဖြင့် တိုင်ဆင့်နရားဟု ခေါ်သည်။

ရှေးခေတ်သာမက ယခုခေတ်တွင်ပင် တရုတ်လူမျိုးတို့သည် အထူးသဖြင့် ယနေ့မျက်မှောက်ကာလဝယ် ပင်လယ်ရပ်ခြား နိုင်ငံခြားဒေသများဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်ထိုင်ပေ(ထိုင်ဝမ်)၊ ဟောင်ကောင်၊ အာရှ၊ အရှေ့တောင်အာရှတို့တွင် 'နရား'ကို လာဘ်ကောင်အဖြစ်ဖြင့် ကိုးကွယ်လျက်ရှိကြ၏။ တရုတ်လူမျိုးတို့ ကိုးကွယ်ဝတ်ပြုသော ဘုရားကျောင်း၊ ဘုံကျောင်း၊ ဘုန်းကြီးကျောင်း၏ ခေါင်မိုးပေါ်၌ သော်လည်းကောင်း၊ တရုတ်ဘုရားကျောင်း၊ တရုတ်ဘုံကျောင်း၏ အဝင်ပေါက်တံခါးမကြီး တံခါးရွက်ကြီးပေါ်၌သော်လည်းကောင်း၊ ဘုရားကျောင်း၏ အုတ်နံရံ၌သော်လည်းကောင်း နရားရုပ်ပုံ ထုလုပ်ရေးဆွဲပြီး ရွှေရည်ရွှေဆေး(ရွှေဆီဆေး)သုတ်လိမ်းထား၏။ တရုတ်ဘုရားရှိခိုးကျောင်း၊ တရုတ်ဘုံကျောင်း အသီးသီးတို့၏ ခေါင်မိုးပေါ်တွင် ရွှေရည်ရွှေဆီ ဆေးသုတ်လိမ်းကျံထားသော နရားရုပ်တု ထုလုပ်တည်ဆောက် ကိုးကွယ်ထားရာ ထွန်းလင်းတောက်ပသော နေရောင်အောက်တွင် တဝင်းဝင်းတလက်လက်ဖြင့် အဝေးမှ ဖူးမြော်ကြည့်ရှုလျှင် အတော်ကြည်ညိုဖွယ် ကောင်းလှပေသည်။ (မှတ်ချက်- တရုတ်လူမျိုးတို့အနေဖြင့် နရားကို ဘုရားတစ်ဆူသဖွယ် ကိုးကွယ်ခဲ့၊ ကိုးကွယ်ဆဲ၊ ကိုးကွယ်လတ္တံ့ ဖြစ်ပါသည်။)

**နဂါး၊ နရားမျိုးသုဉ်းပျောက်ကွယ်ခဲ့သော တရုတ်လူမျိုး ရှေးခေတ်ဟောင်းအယူအဆ**

လွန်ခဲ့သော နှစ်ပေါင်း သန်းပေါင်းများစွာက ဒိုင်နိုဆောခေတ်က နဂါး၊ နရား ရှင်သန်ပေါက်ဖွား ကျက်



www.burmeseclassic.com

www.burmeseclassic.com

စားခဲ့ပါသော်လည်း နဂါး၊ နရားတို့သည် ဒိုင်နိုဆောကဲ့သို့ အစားကြီး နို့တိုက်သတ္တဝါ (Mammal) မျိုးစိတ်ဖြစ်၍ စားစရာ၊ သောက်စရာ ကုန်သောအခါတွင် တစ်နေ့၌ နဂါးချင်း၊ နရားချင်း ဖာတ်တူသား ဝါးစား၊ မျိုစားခဲ့ရာ နဂါးမျိုးစိတ်၊ နရားမျိုးစိတ် မျိုးသုဉ်းပျောက်ကွယ်ခဲ့ခြင်း ဖြစ်သည်ဟု ရှေးလူကြီးသူမက ဆိုရိုး(ပါးစပ်ရာဇဝင်)ရှိခဲ့သည်ဟု ဆိုပါသည်။

## တန်ခိုးဩဇာကြီးလှသော နဂါးနရား

နဂါး၊ နရားတို့မှာ တန်ခိုးဩဇာကြီးလှပေသည်။ ကောင်းကင်၌ ပျံ့န်ကြွသွားလာနိုင်၏။ မြေလျှိုးမိုးပျံနိုင်၏။

လူနေအိမ်ခြေ၊ အိမ်ထဲအထိ ရပ်ရွာလမ်း၊ မြို့နယ်လမ်းအထက် ကောင်းကင်တွင် ပျံသန်းကာ သွားလာလှုပ်ရှားသည်။ အပူဇော်ခံလှည့်လည်လျှင် ရပ်ရွာငြိမ်းချမ်းသာယာ ဖွံ့ဖြိုးသည်ဟု တရုတ်လူမျိုးတို့က သက်ဝင်ယုံကြည်စွာ ကိုးကွယ်ကြ၏။

## ရှေးခေတ်က နဂါး နရား လှည့်လည်အပူဇော်ခံထွက်ခြင်း

ရှေးခေတ် နှစ်ပေါင်းများစွာက နဂါးနဲ့နရားသည် အထက်ကောင်းကင်တွင် ပျံန်ကြွပျံသန်း ကောင်းကင်ခရီးဖြင့် မြို့နယ်ရပ်ရွာသို့ လှည့်လည်ကာ အပူဇော်ခံ ထွက်ကြသောအခါတွင် တရုတ်လူမျိုးတို့သည် အရက်၊ ဝက်သား၊ ကြက်၊ ဘဲ၊ ဟင်းသီးဟင်းရွက် ချက်ပြုတ်ပြီး သစ်သီးမျိုးစုံများ တည်ခင်း၍ ဆီမီး ဖယောင်းတိုင်၊ အမွှေးတိုင်များတို့ဖြင့် ရှိခိုးကန်တော့ ပူဇော်ကြ၏။

## ကြီးပွားချမ်းသာ လာဘ်ရွှင်၊ ဘေးကင်းခြင်း သက်ဝင်ယုံကြည်ချက် အယူအဆ

ယင်းသို့ နဂါး၊ နရားကို ဆီမီးဖြင့် ရှိခိုးပူဇော်ကန်တော့လျှင် ကြီးပွားချမ်းသာ လာဘ်ရွှင်၏။ ကုန်သည်များ ဈေးရောင်းကောင်း၏။ ဘေးရန်ကင်းရှင်း၏။ မကောင်းဆိုးဝါး အနားမကပ်ဝံ့။ အဝေးသို့ ထွက်ပြေးတိမ်းရှောင်ကုန်ကြ၏။ သားသမီးထွန်းကား၏။ သက်ရှည်ကျန်းမာ၏။ ရောဂါဟူသမျှ ကင်းဝေး၏။ တရုတ်လူမျိုးတို့က နဂါး၊ နရားသည် လာဘ်ကောင်ဖြစ်သည်ဟု ချစ်ကြောက် ရိုသေလေသည်။ တရုတ်ဘာသာစကားအဖြစ် ဆိုရသည်ရှိသော် နဂါး၊ နရားဟူသည်မှာ 'အပ်စွာ'ဟု ဆိုပေသည်။ အနက်အဓိပ္ပာယ်ကား ဘေးကင်းလာဘ်ရွှင်သည်ဟု ဆိုပါသည်။ သက်ဝင်ယုံကြည်ကြ၏။

## နဂါးနရား အကြောင်းပြု ဘုရားတည်ခဲ့ခြင်း

တရုတ်လူမျိုးတို့သည် နဂါး၊ နရားအပေါ် သက်ဝင်ယုံကြည်လှသဖြင့် နဂါး၊ နရားအကြောင်းပြု၍ ဘုရားတည်ခဲ့ကြ၏။ တရုတ်ပြည် အာနန္ဒာလိုဏ်ဂူဘုရား(ဝါ) နဂါးနရား ကျောက်ဂူဘုရားသည် တရုတ်ပြည်တွင် တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်သည့်အားလျော်စွာ ကမ္ဘာလှည့်ခရီးသည်များ စဉ်ဆက်မပြတ် လာရောက်ဖူးမြော်ကြည်ညိုလျက် ရှိပေသည်။ ယင်း နရား၊ နဂါး ကျောက်ဂူဘုရားသည် တရုတ်ပြည် ရှေးခေတ် မြို့ဟောင်း တစ်မြို့ဖြစ်သော "လော့ယန်မြို့"(Loyang)၏ တောင်ဘက် မိုင် ၂၀ ကျော်အကွာအဝေးတွင် တည်ရှိထားပေသည်။ (မှတ်ချက် – နဂါး၊ နရား ရုပ်ပုံပါရှိသော ဘုရားစေတီ ရုပ်ပွားတော်များ ဖြစ်ပါသည်။)

## နဂါး နရား ထွက်ခြင်းနှင့် မိုးလေဝသ ရှေ့ပြေးနိမိတ်

ရှေးခေတ်က တစ်နှစ်လျှင် တစ်ကြိမ် နဂါး၊ နရားတို့သည် ကောင်းကင်ပျံ့န်ဖြင့် ထွက်တတ်လေသည်။ နဂါး၊ နရားတစ်ကောင်မှ ငါးကော င် အထိ ထွက်တတ်၏။ နဂါး၊ နရား ထွက်လျှင် မိုးလေဝသကောင်း၏။ နဂါး၊ နရား လုံးဝမထွက်သော နှစ်သည် နေပူပြင်း၏။ မိုးခေါင်ရေရှား မည်ဟူသော အတိတ်နိမိတ် ရှေ့ပြေးနိမိတ်ကို ပြသည်၊ ဆောင်သည်ဟု တရုတ်လူမျိုးတို့က သက်ဝင်ယုံကြည်ကြပေသည်။

**မှတ်ချက်** ။ ။ နဂါးသည် ခြေလက်မပါ မြွေကြီးသဏ္ဌာန်ကဲ့သို့ရှိ၏။ နရားမှာ ခြေလက်များပါရှိ၏။ နှစ်မျိုးစလုံး ပျံ့န်ကြွနိုင်၏။ မြေလျှိုးမိုးပျံနိုင်၏။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**


**Ref**

(i) ရန်ကုန်မြို့ ကမ္ဘာအေးစေတီဘုရားလမ်းရှိ (စီဖန်ကြည့်လော့စီး) ဒဿဒီသာ သုခဝတီကျောက်တိုင် တရုတ် သီလရှင်ကြီး၏ ဟောပြောချက်

(ii) **Sim Chung Hwa Pictorial No;(59)**




www.burmeseclassic.com

www.burmeseclassic.com

# နဂါးရုံဘုရား

## သန်းဝင်း(ဘဂ်ၔ)

မြတ်ဗုဒ္ဓအလောင်းတော်မြတ်သည် အလွန်ထူးဆန်းသော အိပ်မက်ကြီးငါးပါးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့ (လပြည့်အဖိတ်နေ့)ညသို့ ရောက်သောအခါ မြင်မက်တော်မူသည်။

အိပ်မက်ကြီးငါးပါးမှာ -

(၁) မဟာပထဝီမြေကြီးကို အိပ်ရာပြု၍ ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် အရှေ့သမုဒ္ဒရာရေပြင်ထက်၌ လက်ဝဲလက်၊ အနောက်သမုဒ္ဒရာရေပြင်ထက်၌ လက်ယာလက်၊ တောင်သမုဒ္ဒရာရေပြင်ထက်၌ ခြေတော်အစုံတင်၍ အိပ်ရသည်။

(၂) သန္တာနီအဆင်းရှိသော ဝိရိယမည်သော မြက်မျိုးသည် ချက်တော်မှထွက်၍ ဘဝဂ်သို့ရောက်အောင်တက်သည်။

(၃) ဖြူသောအဆင်းရှိသော ပိုးတို့သည် ခြေတော်မှ ပုဆစ်ဒူးတိုင်အောင် ဖုံးလွှမ်းတက်သည်။

(၄) အရောင်မျိုးစုံရှိသော ငှက်တို့သည် အရပ်လေးမျက်နှာမှ လာ၍ ခြေတော်ရင်း၌ ကျသောအခါ အားလုံးအဖြူချည်းသာ ဖြစ်ကုန်ကြသည်။

(၅) အလွန်ကြီးသော မစင်တောင်ကြီးသို့တက်၍ စင်္ကြံသွားသော်လည်း မစင်လိမ်းကျံခြင်းမရှိဟု၍ အိပ်မက်ကြီးငါးပါး မြင်မက်တော်မူသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ဘုရားဖြစ်တော်မူပြီးနောက် ကဆုန်လပြည့်ကျော် (၁)ရက်နေ့မှစ၍ မဟာဗောဓိပလ္လင်တော်နှင့်တကွ အနီးပတ်ဝန်းကျင်၌ တစ်နေရာတွင် ခုနစ်ရက်ကျ ခုနစ်ဌာနတွင် သီတင်းသုံးတော်မူသည်။

၎င်းဌာနများကို သတ္တာဟဟူ၍ မှတ်ယူကြကုန်၏။ ၎င်းသတ္တာဟ ခုနစ်ဌာနတွင် ပဥ္စမမြောက် သတ္တာဟ၌ ခုနစ်ရက်စံမြန်းတော်မူသော မုစလိန္ဒသတ္တာဟသည် နဂါးများကို ဖော်ကျူးခြင်းပင် ဖြစ်သည်။

မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ငါးဆယ့်တစ်လံကွာတွင်ရှိသော မုစလိန္ဒာမည်သော အိုင်အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးနေတော်မူရာ စကြဝဠာတိုက်အလုံးနှံ့အောင် ရွာသော အခါမဲ့မိုးကြီး ဈေးရွာသည်ကို မုစလိန္ဒနဂါးမင်းသည် မိမိဗိမာန်မှထွက်၍ မြတ်စွာဘုရားရှင်တော်မြတ်အား တစ်စုံတစ်ရာ ထိပါးမညှဉ်းဆဲနိုင်စေရန် ကြီးစွာသော ကိုယ်ကို ဆောင်ယူ၍ တစ်ပိုင်းတစ်ခွေကို ပလ္လင်ခင်းပြီး ကိုယ်တော်ကို ခုနစ်ပတ်ရံလျက် ဦးခေါင်းတော်အထက်၌ ပါးပျဉ်းဖြင့် အုပ်မိုး၍ မိုးမစွတ်ရအောင် အုပ်မိုးတည်နေလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် နဂါးမင်း၏ အခွေထက်ဝယ် ခုနစ်ရက်ပတ်လုံး စံပယ်တော်မူရာ အရပ်ဖြစ်သည်။ ခုနစ်ရက်စေ့၍ မိုးစဲသောအခါ နဂါးမင်းသည် လူအသွင်ဖန်ဆင်း၍ ဦးခိုက်ရှိခိုးလေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် ဥဒါန်းကျူးရင့်တော်မူပြီး တရားဟောတော်မူလေ၏။

လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်သော ရဟန္တာသည် လွန်စွာချမ်းသာ၍ သတ္တဝါအပေါင်း၌ တိုက်ခိုက်တတ်သော ဒေါသကင်းခြင်းသည် အလွန်ချမ်းသာ၏။ ကာမဂုဏ်ငါးပါးလိုက်စားတတ်သော ရာဂကင်းခြင်းသည်လည်း အလွန်ချမ်းသာ၏ဟု ဟောတော်မူသည်။ ထိုဘုရားဟောရာအရပ်သည် မုစလိန္ဒသတ္တာဟ ဖြစ်ပေသည်။

မြန်မာပြည်အရပ်ရပ်တွင်လည်းကောင်း၊ ထေရဝါဒကိုးကွယ်ရ ပြည်ပနိုင်ငံအသီးသီးတွင်လည်းကောင်း နဂါးရုံဘုရား ဆင်းတုတော်များကို ဖူးတွေ့မြင်ရပေလိမ့်မည်။ ဤသည်မှာ မုစလိန္ဒသတ္တာဟကို ရည်ညွှန်းပူဇော်ထုလုပ်ကိုးကွယ်ထားခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အနန္တသဗ္ဗသာစရဏ ဓာတုသိဒ္ဓိ" မန္တန်တော်ကြီးဖြစ်သော ပဋ္ဌာန်းပစ္စနိဒ္ဒေသ ပါဠိအား ဌာန်ကရိုဏ်းမှန်ကန်ပီသစွာဖြင့် ရက်ရှည်အဓိဋ္ဌာန်ဝင် ရွတ်ဆိုပါက သာဓုခေါ်သံများကြားရပြီး ကြီးပွားချမ်းသာခြင်းတို့ ဖြစ်စေကာ အဓိဋ္ဌာန်အောင်မြင်ပါက ကပ်လှူထားသော သောက်တော်ရေခွက်မှ အမြှုပ်ထခြင်း၊ ရေလျှံကျခြင်းများကို ဖြစ်ပေါ်စေသည်။

## ပခေါ်ယို့ နဂါးရုံရုပ်ပွားတော်

ယင်းရုပ်ပွားတော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်တံတိုင်းပတ်လမ်း အနောက်ဘက်ခြမ်းရှိ ဈောင်ဗောဓိပင်၏ အရှေ့ဘက်တွင် ရှိသည်။ သာသနာပြုရှမ်းဆရာကြီး ပခေါ်ယို့ တည်ထားခဲ့ခြင်းကြောင့် ပခေါ်ယို့စေတီတော် (ပခေါ်ယို့ နဂါးရုံရုပ်ပွားတော်)ဟူ၍ တွင်သည်။

စေတီ၊ ရုပ်ပွားတော်တည်ဟန်မှာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား စောင့်ရှောက်လျက်ရှိသော ဟေမဝတ၊ သုစိလောမ၊ သာတာဂီရိ အမည်ရှိသော သောတာပန် နတ်ဘီလူးနတ်စစ်သူကြီးများ၏ ဦးခေါင်းပုံများကို အောက်ခြေ၌ ထားရှိပြီး စေတီတည်ပြီး နဂါးရုံရုပ်ပွားတော်ကို စေတီလိုဏ်အတွင်း ထားရှိသည်။

အရာရာ လိုတရစေသည့် "အနန္တသဗ္ဗသာစရဏ ဓာတုသိဒ္ဓိ" မန္တန်တော်ကြီးဖြစ်သော ပဋ္ဌာန်းပစ္စနိဒ္ဒေသ ပါဠိအား ဌာန်ကရိုဏ်းမှန်ကန်ပီသစွာဖြင့် ရက်ရှည်အဓိဋ္ဌာန်ဝင် ရွတ်ဆိုပါက သာဓုခေါ်သံများကြားရပြီး ကြီးပွားချမ်းသာခြင်းကို ဖြစ်စေကာ အဓိဋ္ဌာန်အောင်မြင်ပါက ကပ်လှူထားသော သောက်တော်ရေခွက်မှ အမြှုပ်ထခြင်း၊ ရေလျှံကျခြင်းများကို ဖြစ်ပေါ်စေသည်။ ထိုအဓိဋ္ဌာန်ကို အပြိုင်အဆိုင်ကိစ္စများနှင့် လောကီအစီအရင်ကိစ္စများတွင် ဆောင်ရွက်ကြသည်။

ပခေါ်ယို့စေတီတော်၊ နဂါးရုံရုပ်ပွားတော်သည် ဤသို့နှင့်နှင့် ထူးခြားမှုများ ပြည့်နှက်နေသည်ဟူ၏။ သို့ကြောင့်လည်း လောကီကျင့်စဉ်ဆိုင်ရာ ပုဂ္ဂိုလ်များစွာ လာရောက်ကြသည်မှာ နေ့စဉ်လိုလို ရှိနေပါသည်။

## နဂါးရုံဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တည်ထားသော ပြတိုက်ဘက်သို့ မျက်နှာမူလျက်ရှိသည့် နဂါးရုံဘုရားသည် သတ္တသတ္တာဟ တစ်နေရာဖြစ်သော မုစ္စလိန္ဒာရေကန်အနီး ကျည်းပင်ကြီးအောက်တွင် မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် လေကြီးမိုးကြီး ရွာသွန်းရာ မုစ္စလိန္ဒ နဂါးမင်းက ကိုယ်ကိုရစ်ပတ်ခွေ၍ ပလ္လင်တော်အဖြစ်ခင်းကာ ပါးပျဉ်းမိုး၍ မိုးလေဒဏ်မှ ကာကွယ်ထားခဲ့သည်ကို ရည်စူး၍ ထုလုပ်ထားခြင်းဖြစ်သည်။

အန္တရာယ်ရန်စွယ်အပေါင်းမှ ကင်းပရန်အတွက် ဆုတောင်းဆုယူပြု ဆည်းကပ်ကြသူများ ရှိနေပါသည်။

## နဂါးကိုးကောင်ဘုရား

နဂါးရုံဘုရားဖြစ်သည်။ နဂါးရုပ်များကို ရွှေရောင်ခြယ်ထားသဖြင့် ရွှေနဂါးသိုက်ဘုရား၊ သိုက်ပေါင်းစုံရာ အဓိကသိုက်ချုပ်ဘုရားဖြစ်သည်ဟု ဆိုကြပါသည်။

အထူးသဖြင့် စနေသားသမီးများ ကျန်းမာရေး၊ လူမှုရေး စီးပွားရေး တစ်ခုခုအတွက် အဓိဋ္ဌာန်ဝင်လိုပါက နဂါးကိုးကောင်ဘုရားတွင် ပေါက်ပေါက်ဆုပ်၊ သို့မဟုတ် ကြက်ဥကို အပေါက်ဖောက်ပြီး ကပ်လှူ၍ နွားနို့လှူဒါန်းပါ။ ထို့နောက် အဓိဋ္ဌာန်ပုတီးစိပ်၍ လိုရာဆုတောင်းပါ။

ကျန်သော နေ့နံသားသမီးများသည် စနေသက်ရောက်တွင် မကောင်းကျိုးများ မဖြစ်ပေါ်စေရန်အတွက် အထက်ပါအတိုင်း အဓိဋ္ဌာန်ဝင်နိုင်ပါသည်။

သန်း၀င်း(ဘဏ်)

www.burmeseclassic.com

# နဂါးရုံဘုရား ကိုးကွယ်ခြင်းနှင့် ပူဇော်ခြင်းအကျိုး

ဂမ္ဘီရဆရာလှမျိုး(B.Sc)



ကျွန်ုပ်စာရေးသူသည် မြန်မာနိုင်ငံ အနှံ့အပြားရှိ တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်သောအခါ သာသနာ့နယ်မြေအတော်များများတွင် နဂါးရုပ်တုနှင့် နဂါးရုံမြတ်စွာဘုရားတို့ကို တွေ့မြင်ဖူးတွေ့ရပါသည်။ နဂါးရုံဘုရားမှာလည်း တစ်ဆူနှင့်တစ်ဆူ နဂါးရုပ်ထုပုံ အနည်းငယ် ကွဲပြားမှု၊ ပုံသဏ္ဍာန်ကွဲပြားခြားနားမှုရှိသော်လည်း မြတ်စွာဘုရား၏ ထိုင်တော်မူ တရားရှုမှတ်နေသော ပုံကိုသာ ဖူးတွေ့ရပါသည်။ ဤမုဒြာပုံမှာ "ဈာနမုဒြာ" ပုံတော်ဖြစ်ပါသည်။ တရားအားထုတ်ဟန် (သို့မဟုတ်) ဈာန်ဝင်စားဟန်ဖြစ်သည်။ အချို့ပုံတော်များမှာ ဘုရားဖြစ်တော်မူပြီး ဂေါတမမြတ်စွာ ဘုရား၏ ဘူမိဖဿမုဒြာပုံ ပြုလုပ်ထားတာ တွေ့ရ၏။ ဘုရားကိုးကွယ်ပူဇော်တာ မှန်သော်လည်း ကျမ်းဂန်နှင့်အညီ ဈာနမုဒြာသာ အမှန်ပြုလုပ်ပူဇော်ကြရပါမည်။ နဂါးရုံဘုရားကိုး ကွယ်ပူဇော်ကြခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဝင်အများစု သိကြသည့်အတိုင်း မုစလိန္ဒသဏ္ဍာပနှင့် ဆက်နွယ်နေပါသည်။ ဗုဒ္ဓသည် ဘုရားဖြစ်ပြီးနောက် မဟာဗောဓိ ပလ္လင်တော်နှင့်တကွ အနီးပတ်ဝန်းကျင်ရှိ နေရာခြောက်နေရာတွင် ခုနစ်ရက်ကျစီ ခုနစ်နေရာ သီတင်းသုံးတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုခုနစ်နေရာကို သတ္တဌာနဟု ခေါ်သည်။ ဗုဒ္ဓဖြစ်ရာနေရာသည် မာဂဓတိုင်း၊ ဂယာမြို့အနီး ဥရုဝေလတောအုပ် ဖြစ်ပါသည်။ ဘုရားဖြစ်တော်မူသော မဟာဗောဓိပင်၏ အရှေ့တောင် မျက်နှာအရပ်ရှိ မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၌ မုစလိန္ဒနဂါးမင်းသည် မြတ်စွာဘုရားရှင်ကို ခုနစ်ပတ်ရစ်ခွေ၍ ခန္ဓာကိုယ်ကို ပလ္လင်တော်ဖြစ်စေပြီး ဘုရားရှင်အား ပါးပျဉ်းဖြင့် အုပ်မိုးလျက် နဂါးမင်း၏ အစောင့်အရှောက်ကို ခံယူပြီး နိဗ္ဗာန်ချမ်းသာကို ခုနစ်ရက် အာရုံဝင်စား သီတင်းသုံးသည်ကို မုစလိန္ဒသတ္တာဟ (မုစလိန္ဒ = ကျည်းပင်)ဟု အမိဖွာယ်ရသည်။ စာပေကျမ်းဂန်တွင် နဂါးဟူသော သတ္တဝါကို တန်ခိုးရှိသော နတ်မင်းကဲ့သို့ ယုံကြည်ယူဆကြသည်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ရောင်ပြန်မဂ္ဂဇင်းတွင် ဆရာဦးသန့်(လာဘ်မိုးစွေ)မှ နဂါးအကြောင်း ပြည့်ပြည့်စုံစုံ ရေးသားထားတာ ဖတ်ရပါသည်။

ဗြိုဟ်ရှစ်ခွင်တွင် စနေဗြိုဟ်ထောင့်၌ နဂါးပုံတော်၊ နဂါးရုံဘုရား တွေ့မြင်ရသည်။ နဂါးရုံဘုရားကို မည်သည့်နေ့သားသမီးမဆို ကိုးကွယ်ပူဇော်နိုင်ပါသည်။ ဆရာမကြီး ယောဂီနန္ဒမာလာနှင့် ဆုံတွေ့ရစဉ် နဂါးရုံဘုရားအကြောင်း မေးမြန်းခဲ့သည်။ ဆရာမကြီးမှ မုစလိန္ဒနဂါးမင်း၏ ဘုရားအပေါ် သဒ္ဓါကြည်ညိုစိတ် လွန်ကဲအားကောင်းပုံကို ရှင်းပြပါသည်။ သူ၏ ကိုယ်ခန္ဓာဖြင့် စွမ်းနိုင်သလောက် အမိုးအကာ ပလ္လင်တော် ပြုကာ မြတ်စွာဘုရားအား မိုးမစို၊ အအေးမမိအောင် ကာကွယ်မှု ပြုပေးထားသည်။ တခဏ် တစ်ခဏမဟုတ်၊ ခုနစ်ရက် ပတ်လုံး ဖြစ်သည်။ ခုနစ်ရက်စေ့၍ မိုးစဲသောအခါ နဂါးမင်းသည် လူအသွင်ဖန်ဆင်း၍ ဦးခိုက်ရှိခိုးလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဥဒါန်းကျူးရင့်တော်မူပြီး တရားဟောသည်။ လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်သော ရဟန္တာသည် လွန်စွာ ချမ်းသာ၍ သတ္တဝါအပေါင်းတို့၌ တိုက်ခိုက်တတ်သော ဒေါသကင်းခြင်းသည် အလွန်ချမ်းသာ၏။ ကာမဂုဏ်ငါးပါး လိုက်စားတတ်သော ရာဂကင်းခြင်းသည်လည်း အလွန်ချမ်းသာ၏။ ငါဟူသော မာန်ယစ်ခြင်းကိုခွာ၍ သတ္တဝါတို့အား မညှဉ်းဆဲဘဲ သည်းခံခြင်းသည် လွန်စွာချမ်းသာ၏ဟု ဟောတော်မူသည်။ ထိုတရားဟောရာ အရပ်သည် မုစလိန္ဒသတ္တာဟပင်တည်း။

နဂါးအမြီးနှင့်အမောက်
တည့်ဖို့အရေးကြီးသည်။
အမြီးအမောက်လွဲနေပါက
အကျိုးကျေးဇူးမခံစားရတော့ပေ။
လုပ်သမျှ အလွဲလွဲ အချော်ချော်
ဖြစ်တတ်သည်။

နဂါးရုံဘုရားနှင့် မုဒြာပုံတော် (တစ်နည်း) ဈာနမုဒြာပါသော ရုပ်ပွားဆင်းတုများကို ကိုးကွယ်သူသည် တည်ကြည်ငြိမ်သက်ခြင်း၊ ဓာတ်သဘောအပြည့်အဝရရှိခြင်း၊ စိတ်ဝေဒနာ သောကပရိဒေဝ ကင်းငြိမ်းခြင်း၊ ဉာဏ်ပညာ တိုးတက်ပွင့်လင်းခြင်း၊ တရားထူးကို ရလွယ်ခြင်း၊ သမထပေါက်လွယ်ခြင်း၊ ထွက်ရပ်ပေါက်လွယ်ခြင်း၊ သိဒ္ဓိပြီးခြင်း၊ မကောင်းကျိုးမှန်သမျှ လောင်ကျွမ်းချုပ်ပျောက်သွားခြင်း စသော အကျိုးထူးများ ရနိုင်ကြောင်း ဝဇီရာယာနကျမ်းဂန်များ၌ ဖွင့်ဆိုထားသည်။

နဂါးရုံဘုရား ကိုးကွယ်ပူဇော်ခြင်းသည် မိမိနေအိမ်၊ မိသားစုတို့တွင် အေးချမ်းသာယာပြီး ရန်အတိုက်အခံ ကင်းဝေးစေသည်။ အပြိုင်အဆိုင်၊ အတိုက်အခံ၊ အမှုအခင်း ပြဿနာကြုံတွေ့ရပါက နဂါးရုံဘုရားကို ဒါနကုသိုလ်ပြုပြီး ဆုတောင်းမှု ပြုနိုင်ပါသည်။ နမောတောဂါတာ ရွတ်ဆိုဆုတောင်းပါ။ နဂါးရုံဘုရား တည်ထားကိုးကွယ်ပူဇော်ခြင်းဖြင့် တိုင်းပြည်မြို့ရွာ အေးချမ်းသာယာစေသည်ဟု ကျမ်းဂန်၌ ဖွင့်ဆိုထားသည်။ နဂါးရုံဘုရားကို ရေကန်ပြုလုပ်၍ ပူဇော်ထားသည်ကို တွေ့မြင်ရသည်။ နဂါးမင်းက ရေကြိုက်သည်ကို ရည်ရွယ်ထားခြင်း (သို့မဟုတ်) မုစလိန္ဒအိုင်ကို ရည်ရွယ်တာ ဖြစ်နိုင်သည်။ ဘောဂဝတီနဂါးတိုင်းပြည်သည် သမုဒ္ဒရာအောက်မှာရှိသည်ဟု ဆိုသည်။ မိမိတို့နေအိမ်မှာ ရေမလိုဘဲ ကိုးကွယ်ပူဇော်ထားနိုင်သည်။ အဓိကမှာ နဂါးအမြီးနှင့်

www.burmeseclassic.com

အမောက် တည့်ဖို့အရေးကြီးသည်။ အမြီးအမောက် လွဲနေပါက အကျိုးကျေးဇူးမခံစားရတော့ပေ။ လုပ်သမျှ အလွဲလွဲ အချော်ချော် ဖြစ်တတ်သည်။

ဆရာမကြီး ယောဂီနန္ဒမာလာသည် နဂါးရုံဘုရားများ တည်ထားကိုးကွယ်ပြီး ကောင်းမှုကုသိုလ်များ အမြဲမပြတ် ပြုလုပ်တာ တွေ့မြင်ရပါသည်။ စာရေးသူမှ ဘာတွေလှူဒါန်း ရမလဲဟု မေးသောအခါ ဘုရားကိုရည်စူးပြီး သစ်သီးလှူပါ။ နဂါးမင်းကို ရည်စူးပြီး နွားနို့လှူပေးပါ။ ပန်း၊ ဆီမီး၊ ရေတော်၊ နံ့သာတိုင်လည်း အဆင်ပြေသလို ကပ်လှူနိုင်ပါတယ်။ အဓိကကတော့ ဘုရားကိုအာရုံပြုပြီး သစ်သီးခုနစ်လုံးလှူ၊ နဂါးမင်းအတွက် နွားနို့တစ်ခွက်လှူရင် ဖြစ်ပါတယ်။ အချို့လည်း ပေါက်ပေါက်၊ ကြက်ဥထည့်လှူကြတယ်။ မြတ်စွာဘုရားရဲ့ ဘုန်းတော်၊ ဉာဏ်တော်၊ တန်ခိုးတော်ကို အာရုံပြုပြီး ပုတီးစိပ်၊ တရားမှတ်ပါ။ စနေသမီး ယောဂီနန္ဒမာလာကတော့ သစ်အယ်သားနှင့် ဘုရားနှင့်နဂါး ထုလုပ်ပူဇော်ထားသည်ဟု သိရပါသည်။ မိမိမွေးနံ၏ အမြစ်၊ အညွန့် ဘုရားထုနိုင်ပါသည်။ ကြည်ညိုဖွယ်ဖြစ်အောင် ထုလုပ်ကိုးကွယ်ပါ။ နဂါးကို ဆေးရောင်စုံ အစိမ်း၊ အနီ စသည်တို့ ဆေးခြယ်ပြီး ဘုရားကို ရွှေချပါ။

တနင်္ဂနွေသားသမီး အမြစ် + အညွန့် - ထောက်ကြံ့သား၊ ဒန်းကြီးသား။

တနင်္လာသားသမီး အမြစ် + အညွန့် - ဩဇာသား။

အင်္ဂါသားသမီး အမြစ် + အညွန့် - ခရေသား၊ ငုဝါသား။

ဗုဒ္ဓဟူးသားသမီး အမြစ် + အညွန့် - စိန်ပန်းသား။

ကြာသပတေးသားသမီး အမြစ် + အညွန့် - လောက်သေလသား၊ ရေကာသစ်သား။

သောကြာသားသမီး အမြစ် + အညွန့် - ဝီတောက်သား။

စနေသားသမီး အမြစ် + အညွန့် - သစ်အယ်သား။

ဥပမာ - ကြာသပတေးသားသမီး လောက်သေလသား မရပါက ဗုဒ္ဓဟူးနံ့ ဝါးသား၊ လင်းလွန်းသား၊ ရှောက်သား၊ ရွက်လှသားကို ပလ္လင်ထုပြီး သီဟိုဠ်သား၊ သီးသားကို ဘုရားထုပါ။ မိမိတို့၏ ကိုယ်ပိုင်နဝင်းတွဲဖြင့် ဆောင်ရွက်နိုင်သည်။

စာရေးသူရေးသားထုတ်ဝေသော "နဝင်းပညာ ဓာတ်ယတြာ" စာအုပ်တွင် ဘုရားထုလုပ်ကိုးကွယ်ပူဇော်နည်း အပြည့်အစုံ ရေးသားဖော်ပြထားပါသည်။ နဂါးရုံဘုရားကို အနည်းဆုံး ခုနစ်လက်မ ထုရသည်။ နဂါးပတ် ရစ်ပတ်နေဟန်၊ အမောက်ကားနေဟန် ထုပါ။ တစ်ခါက စာရေးသူ နဂါးရုံဘုရားတစ်ဆူ ပူဇော်ရန် ထုလုပ်ပါသည်။ နဂါးအမောက်နှင့် ဘုရားဦးခေါင်း ထိထားသည်။ နဂါးမိုးထားသည်နှင့်မတူ၊ ဦးခေါင်းကို ဖိထားသလို ဖြစ်နေ၍ စွန့်လိုက်ရပါသည်။ ဆေးမင်ရည်စုတ်ထိုး၊ အိမ်ထောင်မှု၊ ဘုရားတည် နှောင်ပြင်ရန် ခက်တဲ့အရာများ ဖြစ်၍ စနစ်တကျ ပုံကျဟန် ထုလုပ်ကြပါရန် အကြံပြုပါသည်။ အချို့လည်း ဓာတ်ပုံပူဇော်ကြသည်။ မည်သည့်ပုံမဆို ဘုရားအာရုံပြု ပူဇော်နိုင်သည်။ ဗုဒ္ဓါနုဿတိပွားပါ။ ဂုဏ်တော်တစ်ပါး ပုတီးစိပ်ပြီး အကြိမ်ကြိမ်အထပ်ထပ် ပူဇော်ပါ။ နဂါးမင်းကိုတော့ မေတ္တာပို့ပေးပါ။

ရာထူးတိုးလိုပါက နဂါးရုံဘုရားမှာ စက္ကူကတော့ဖြင့် ထန်းလျက်ခဲထည့်ကာ လှူဒါန်းဆုတောင်းပါ။ မည်သည့်အခက်အခဲကိုမဆို နမောတေဂါထာ ပုတီးတစ်ပတ်စိပ် အဓိဋ္ဌာန်ပြုပါ။ ကန်တော့ပွဲလှူနိုင်လျှင် လှူပါ။

## နမောတေဂါထာ

နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိသဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿမေ သရဏံဘဝ။

နမောတေဂါထာ အမျိုးမျိုးရှိပါသည်။ ဤဂါထာကို ရွတ်ဆိုပူဇော်သူများသည်၊ စာရေးသူကိုယ်တွေ့ ဖြစ်ပါသည်။ နဂါးသိုက်အဆက်ရှိသူများ ပူဇော်ပါက အထူးထင်ရှားအကျိုးပေးပါသည်။ သတ္တဌာနဘုရားရှိခိုးဖြင့် ပူဇော်၍လည်း ရသည်။ နဂါးရုံဘုရားကို ခန္ဓသုတ်ပရိတ်ဖြင့်လည်း ပူဇော်ကြသည်။ ယနေ့ခေတ်တွင် နဂါးငါးကောင်၊ ခုနစ်ကောင်၊ ကိုးကောင်ဟူ၍ တိုးချဲ့တီထွင် ပူဇော်လာကြသည်။ နဂါးတစ်ကောင် ဘုရားတစ်ဆူသည်သာ သဘာဝကျပါသည်။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ . . . ။

ဇမ္ဗူရှဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# နဂါးတို့အကြောင်း တစေ့တစောင်း

ကျော်ဇောဟိန်း(နံ့သာ)

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာတွင် နဂါးသည် အလွန်ထင်ရှားသော သတ္တဝါ ဖြစ်ပါသည်။ အခြားနိုင်ငံယဉ်ကျေးမှုတို့၌လည်း လူသိများလျက် ရှိပါသည်။ သို့ရာတွင် တန်ခိုးကဣဒ္ဓိပါဒ်နှင့်ပြည့်၍ အမျိုးမျိုးအဖုံဖုံ ဖန်ဆင်းနိုင်သည်ကား ယခုခေတ်သားတို့ ဒိဋ္ဌမျက်မြင် မရှိကြချေ။ ဒဏ္ဍာရီပုံပြင်တို့၌လည်း အဆန်းတကြယ် ဖော်ပြထားပြန်သောကြောင့် နဂါးလောက၌ ထင်ရှားသော သတ္တဝါမဟုတ်ဟူ၍ပင် ထင်မြင်ယူဆသူများ ရှိကြသည်။ ရှေးဟောင်းပုံပြင်များ၌ပါရှိသော ထူးဆန်းသောသတ္တဝါများအနက် နဂါးထက်သာလွန်ရှေးကျသော သတ္တဝါကား နည်းပါးလှသဖြင့် နဂါးလောက်ထင်ရှားသောသတ္တဝါမရှိဟုပင် ဆိုချေမည်။

တရုတ်နိုင်ငံ ဟန်မင်းများခေတ်က ကျော်ကြားသော စာရေးဆရာကြီး ဝန်ဖူးက နဂါးပုံသဏ္ဌာန်ကို သရုပ်ဖော်ရေးသားထားခဲ့လေသည်။ နဂါးဦးခေါင်းသည် ဒရယ်ဦးချိုကဲ့သို့ရှိသည်။ ဦးခေါင်းသည် ကုလားအုတ်ခေါင်းနှင့်တူသည်။ မျက်လုံးသည် နတ်မိစ္ဆာမျက်လုံးနှင့်တူသည်။ လည်ပင်းမှာမူ မြွေနှင့်တူ၍ ဝမ်းဗိုက်သည် ခုံးခွံနှင့်တူသည်။ အကြေးခွံသည် ငါးကြင်းကြေး





www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ရှိ၏။ လက်မှာမူ လင်းယုန်ငှက်၏ လက်သည်းမျိုးဖြစ်သည်။ ဖဝါးသည် ကျားဖဝါးကဲ့သို့ဖြစ်၍ နားရွက်မှာမူ နွားနားရွက်နှင့် ဆင်တူသည်ဟူ၏။

မြန်မာ့ယဉ်ကျေးမှု အနုပညာ၌လည်း ဘုရား၊ ကျောင်း၊ ကန်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်တို့တွင် နဂါးကို အခြေခံပြီးလျှင် နဂါးရုပ်ဟူ၍ လှပစွာတန်ဆာဆင်၍ ထုလုပ်ကြလေသည်။ နဂါးသည် မြွေမျိုးဖြစ်သောကြောင့် မြွေနှင့် ပုံသဏ္ဌာန်တူသည်ဟု ဆိုနိုင်သည်။ ယခုခေတ် နဂါးရုပ်တုများသည် မြန်မာ့ယဉ်ကျေးအရသော်လည်းကောင်း၊ အိပ်မက်အရသော်လည်းကောင်း၊ အခြားနည်းများဖြင့်လည်းကောင်း ပြုလုပ်ထားကြသည်။ သို့ရာတွင် နဂါးက အမျိုးမျိုးဖန်ဆင်းနိုင်သော ကဒ္ဒိပါဒ်ရှိသဖြင့် အမျိုးမျိုးသော ပုံသဏ္ဌာန်ရှိသည်ဟူ၍ ဆိုနိုင်ပြန်သည်။

## ဗုဒ္ဓဘုရားရှင် လက်ထက်က ကာဠနဂါး

ဘုရားအလောင်းတော်သည် သုဇာတာလှူသော နို့ဃနာဆွမ်းကို ဘုန်းပေးတော်မူပြီးလျှင် ရွှေခွက်ကို ကိုင်တော်မူသောအခါ "ငါသည် ယနေ့ ဘုရားကေန် ဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား။ ဘုရားဖြစ်ခြင်းငှာ မစွမ်းနိုင်ပါမူ ရေစုန်သို့ မျောပါစေသား"ဟု အဓိဋ္ဌာန်ပြုပြီး ထိုရွှေခွက်ကို နေရဉ္ဇာမြစ်ကြောသို့ မျောလိုက်သည်။ ထိုရွှေခွက်သည် ရေစီးရေယဉ်ဖြတ်လျက် မြစ်လယ်သို့ တည့်တည့်မတ်မတ်သွားပြီးလျှင် မြစ်၏အလယ်မှပင် မြင်းလျှင်ကို စိုင်းသကဲ့သို့ အတောင်ရှစ်ဆယ်ခန့် ရေညာသို့ ဆန်တက်သွား၍ ဝဲဖလုပ်တွင် နစ်မြုပ်ကာ နဂါးဘုံဗိမာန်ရောက်၍ ကောဏ္ဍာဂုံ၊ ကဿပတည်းဟူသော ပွင့်တော်မူပြီးကြသော ဘုရားသုံးဆူတို့၏ ရွှေခွက် သုံးလုံးကိုထိခတ်ကာ "ကရစ် ကရစ်"ဟူသော အသံမြည်ပြီး ထိုရွှေခွက် သုံးလုံးတို့၏အောက်၌ တည်လေ၏။ ကာဠနဂါးသည် ထိုအသံကို ကြား၍ နိုးလာပြီး "ယမန်နေ့ကပင် ဘုရားတစ်ဆူပွင့်ခဲ့ပြီး ယခုတစ်ဖန် ဘုရားတစ်ဆူ ပွင့်ပြန်ပြီ"ဟု ပြောဆိုကာ ပိုဒ်ပေါင်းများစွာသော ဂါထာတို့ဖြင့် ထောမနာမြွက်ဆို၍ ထလေ၏။

## မုစ္စလိန္ဒနဂါးမင်း ပြာသာဒ်ကျောင်း ဖန်ဆင်း

မြတ်စွာဘုရားသည် အဇပါလဆိတ်ကျောင်း ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူကာ တရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူလျက် ခုနစ်ရက်ကို လွန်မြောက်ပြီးလျှင် ထိုအဇပါလ ညောင်ပင်ရင်းမှ ဖယ်ခွာခဲ့ပြီးလျှင် မဟာဗောဓိပင်မှ အရှေ့တောင် မုစ္စလိန္ဒာအိုင်အနီး၊ ကျည်းပင်ရင်းသို့ ကြွသွားတော်မူပြီးလျှင် ထိုကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူကာ ခုနစ်ရက်ပတ်လုံး တစ်ခုတည်းသော ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေတော်မူ၏။ ထိုအခါ အခါမဲ့မိုးကြီး ခုနစ်ရက်ပတ်လုံး ရွာသွန်းစွေနေလေသည်။ ဤမိုးမျိုးကား စကြာမင်း ပေါ်ထွန်းသောအခါ၊ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဤအခါနှစ်ပါး၌သာ ရွာသွန်းလေသည်။ ထိုမိုးကြီးရွာသွန်းလတ်သော် မုစ္စလိန္ဒာအိုင်အောက်ရှိသော နဂါးဘုံဗိမာန်ကို အစိုးရသည့်

အလွန်တန်ခိုး အာနုဘော်ကြီးသော မုစ္စလိန္ဒာနဂါးမင်းသည် "ဤအခါမဲ့မိုးကြီးသည် ငါ၏ဗိမာန်အတွင်းသို့ မြတ်စွာဘုရားသခင် ဝင်လျှင်ဝင်ချင်းပင် ရွာသွန်းခဲ့လေပြီ။ မြတ်စွာဘုရားသခင်အတွက် နေထိုင်ရန် ကျောင်းတော်ကို ရရှိမှသင့်ပေမည်"ဟု ကြံစည်စဉ်းစားကာ မုစ္စလိန္ဒာနဂါးမင်းသည် မိမိကိုယ်တိုင်က ရတနာခုနစ်ပါးဖြင့်ပြီးသော ပြာသာဒ်တော်ကြီး ဖန်ဆင်းနိုင်သော တန်ခိုးအာနုဘော်နှင့် ပြည့်စုံသူဖြစ်စေကာမူ ဤသို့တန်ခိုးဖြင့် ရတနာပြာသာဒ်တော်ကြီးကို ဖန်ဆင်းလှူခဲ့သော် ငါ့မှာ အကျိုးကြီးလိမ့်မည်မဟုတ်။ ငါသည် မြတ်စွာဘုရားအား ကိုယ်ဖြင့် ဝေယျာဝစ္စကောင်းမှုပြုပေအံ့ဟု ကြံစည်ပြီးလျှင် ကြီးမားလှစွာသော ခန္ဓာကိုယ် အတ္တဘောကို ဖန်ဆင်း၍ မြတ်စွာဘုရားကို အချမ်း၊ အပူ၊ ခြင်၊ ယင် စသည်တို့ မထိပါး မနှိပ်စက်နိုင်စေရန် –

အခွေခုနစ်ထပ် ရစ်ပတ်ကာရံလျက် ဦးခေါင်းတော်ထက်၌ ပါးပျဉ်းဖြန့်ကြက် အုပ်ဖုံးဆောင်းမိုး၍ ထားလေ၏။ အခွေ၏အတွင်း လောဟပါသာဒပြာသာဒ် အောက်ထပ်မျှ ကျယ်ပြန့်၏။ ဘုရားရှင်သည် လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာလေးပါးဖြင့် နေထိုင်တော်မူပါစေဟု နဂါးမင်း ရည်ရွယ်ချက်ဖြစ်၏။ ထို့ကြောင့် ဤမျှကျယ်ဝန်းသောအရပ်ကို အခွေတို့ဖြင့် ရစ်ပတ်ခြင်းဖြစ်လေသည်။

မြတ်စွာဘုရားသည်ကား ထိုင်

www.burmeseclassic.com

ခြင်း အရိယာပုဒ်ဖြင့် ခုနစ်ရက်ကို လွန်တော်မူသည်။ အခွေ၏အလယ်တွင် ရတနာပလ္လင်ကိုခင်းထား၏။ အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော နံ့သာပန်းဆိုင်များ တွဲလျားသော မျက်နှာကြက် လေးထောင့်တို့၌ နံ့သာဆီမီးတိုင်တို့ကို ထွန်းညှိအပ်လေသည်။ အရပ်လေးမျက်နှာတို့၌ စန္ဒကူးနံ့သာကြုတ်တို့ကိုဖွင့်၍ လှစ်၍ ထားအပ်ကုန်၏။ အခွေ၏အလယ် ရတနာပလ္လင်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူနေ၍ ဖလသမာပတ် ချမ်းသာကို ဝင်စားခံစားတော်မူလေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် မကျဉ်းမြောင်းသော ဂန္ဓကုဋီတိုက်အတွင်း၌ သီတင်းသုံးရသကဲ့သို့ မုစ္စလိန္ဒာနဂါးမင်း၏ အခွေခုနစ်ထပ်အတွင်းမှ ခုနစ်ကို ကုန်လွန်စေတော်မူပြီးသောအခါ နဂါးမင်းသည် မိုးသားတိမ်ရိပ်ကင်းစင်သည့် ကောင်းကင်ပြင်ကို ကြည့်ရှုသိမြင်သဖြင့် မြတ်စွာဘုရားကို မိမိအခွေတို့ဖြင့် ဖုံးအုပ်ထားရန် မလိုတော့ရကား နဂါးအသွင်ကို ပယ်ဖျက်ပြီးလျှင် ရှုချင်စဖွယ် လုလင်ငယ်အသွင် ဖန်ဆင်း၍ မြတ်စွာဘုရား၏ ရှေ့တော်၌ လက်အုပ်ချီမိုး ရှိခိုးလျက်သာ ရပ်တည်ကာနေ၏။ နဂါးတို့ ဒါနကောင်းမှုပြုလုပ်နိုင်

နဂါးတို့သည် တိရစ္ဆာန်ဖြစ်ကြသော်လည်း ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေနေသူတိုင်း စည်းစိမ်ချမ်းသာ ရှိကြသည်။ ယင်းသို့ရှိသဖြင့် ဒါနကောင်းမှုကို ပြုလုပ်အားထုတ်နိုင်သော သတ္တဝါတို့၌ တစ်ပါးအပါအဝင် ဖြစ်ရသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ကလည်း နဂါးတို့အား သရဏဂုံနှင့်တကွ ငါးပါးသီလ(ပဥ္စသီ)ကို ပေးတော်မူဖူးကြောင်း အထောက်အထားရှိသည်။ ဘုရားရှင်၏ ဖြစ်တော်ပေါင်း ၅၅၀ တွင် နဂါးဘဝ၌ သုံးကြိမ် ဖြစ်တော်မူခဲ့ဖူးသည်။ ဘုရားဖြစ်ခါနီး ဇာတ်ကြီး ၁၀ ဘွဲ့အဝင် အရင့်အမာဘဝတွင်ပင် ဘုရားအလောင်းတော်သည် ဘူရိဒတ်နဂါးမင်းဘဝသို့ ရောက်တော်မူခဲ့ရသည်မှာ ထင်ရှားလှပေသည်။

## သာသနာတော်သို့ဝင်၍ ရဟန်းပြုသော နဂါး

ဗုဒ္ဓဘုရားရှင်တော်မြတ် ရှိစဉ်က နဂါးတစ်ကောင်သည် နဂါးဘဝကို ရွံမုန်းစက်ဆုပ်သဖြင့် ငါသည် အဘယ်နည်းဖြင့် နဂါးဘဝမှ လွတ်ပါအံ့နည်း။ လူ့ဘဝကို လျင်စွာရပါအံ့နည်းဟု အကြံဖြစ်၏။ ထို့ပြင် ဤသာကီဝင်မင်းသား ရဟန်းများသည် တရားကို ကျင့်ကြသည်။ မြတ်သောအကျင့်ကို ကျင့်ကြသည်။ မှန်သောစကားကို ဆိုလေ့ရှိကြ၏။ သီလရှိကြ၏။ သဘောကောင်းကြ၏။ ငါသည် အကယ်၍ သာကီဝင်မင်းသားရဟန်းများထံမှာ ရဟန်းပြုငြားအံ့။ ငါသည် နဂါးဘဝမှ လွတ်၍ လူ့ဘဝကို လျင်စွာရရာ၏။ ရပေလိမ့်မည်ဟု အကြံဖြစ်ပြန်၏။

ယင်းအကြံဖြစ်ပြီး၍ နဂါးသည် လူအသွင်ဖြင့် ရဟန်းတို့ထံ ချဉ်းကပ်ကာ ရဟန်းပြုပေးရန် တောင်းပန်လေ၏။ ရဟန်းတို့သည် ရှင်ရဟန်းပြုပေးကြ၏။ ကျောင်းတော်၏ အစွန်းကျသော နေရာကျောင်း၌ နေခွင့်ရလေ၏။ ရဟန်းတို့သည် နံနက်စောစောထကြ၍ လွင်တီးခေါင်(လဟာပြင်)၌ စင်္ကြံသွားနေကြ၏။ နဂါးရဟန်းနှင့် အတူနေသော ရဟန်းတစ်ပါးသည် စင်္ကြံလျှောက်ရန် ကျောင်းမှ ထွက်သွားသောအခါ ကျန်ရစ်ခဲ့သော နဂါးရဟန်းသည် သတိလွတ်ကင်းကာ အိပ်မောကျသွားလေ၏။ တစ်ကျောင်းလုံး မြွေအခွေကြီးဖြင့် ပြည့်နေ၏။ ပြတင်းပေါက်တံခါးတို့မှ အချို့မြွေအခွေတို့ ထွက်လျက်ရှိလေ၏။

အတူနေရဟန်းသည် ကျောင်းသို့ ပြန်ဝင်မည်ဟု တံခါးရွက်ကို တွန်းဖွင့်လိုက်သောအခါ ကျောင်းတစ်ခုလုံး မြွေအခွေကြီး ပြည့်နေသည်ကို မြင်ရသောကြောင့် ထိတ်လန့်ပြီး အော်ဟစ်လိုက်၏။ အခြားရဟန်းတို့ ပြေးလာကြပြီးလျှင် "ငါ့ရှင် . . . ဘာကြောင့်အော်ဟစ်ရသနည်း"မေးကြ၏။ "ငါ့ရှင် ကြည့်ပါဦး။ တစ်ကျောင်းလုံး မြွေဖြင့်ပြည့်နေပါပေါ့။ ပြတင်းတံခါးတို့မှာပင် အခွေတွေ ကျနေသည်"ဟု ရှင်းပြလေ၏။

အပြန်အလှန် ပြောဆိုနေကြသံကို ကြားရသော ရဟန်းနဂါးသည် ရုတ်တရက်နိုးလာပြီး ရဟန်းအသွင်ဖြင့် ထိုင်နေလိုက်၏။ (နဂါးအသွင်ပျောက်သွားလေပြီ) ရဟန်းတို့က ထိုရဟန်းကို "ငါ့ရှင် . . . သင်ဘယ်သူနည်း"ဟုမေးကြ၏။ "အရှင်တို့ ကျွန်ုပ်ကား နဂါးဖြစ်ပါတယ်"ဟု အမှန်အတိုင်း ဖြေဆိုလေသည်။ "ငါ့ရှင် အဘယ်ကြောင့် ဤသို့ပြုရသနည်း" ဟု မေးကြပြန်သော် သူ့အကြံအစည်ဖြစ်ခဲ့ပုံကို ရှင်းပြလေ၏။ ရဟန်းတို့လည်း ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းများ



www.burmeseclassic.com

www.burmeseclassic.com


ကို စည်းဝေးစေ၍ ရဟန်းပရိသတ် အလယ်တွင် ထိုနဂါး ရဟန်းကို နဂါး ဆိုသည်မှာ သာသနာတော်၌ ကြီးပွား နိုင်ခွင့်မရှိ။ သင်တို့နေရာ နဂါးပြည်၌ သာလျှင် တစ်ဆယ့်လေးရက် ဥပုသ် နေ့၌လည်းကောင်း၊ လဆုတ် ၈ ရက်၊ လဆန်း ၈ ရက် ဥပုသ်နေ့၌လည်း ကောင်း ဥပုသ်သုံးလေ (ဥပုသ်စောင့် လေ)လော့။ ဤသို့ ဥပုသ်စောင့်သုံးခဲ့ လျှင် နဂါးဘဝမှလွတ်၍ လူ့ဘဝကို လျင်စွာရလတ္တံ့ဟု မိန့်တော်မူ၏။ ထို အခါ ရဟန်းနဂါးသည် "ငါတို့နဂါး မျိုးဟာ သာသနာတော်၌ ကြီးပွားနိုင် ခွင့်မရှိဘူးတဲ့"ဟု စိတ်ဆင်းရဲ စိတ်ထိ ခိုက်လျက် ငိုကြွေးမျက်ရည်ကျလျက် ကျောင်းတော်မှ ထွက်ခွာသွားလေ၏။

ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ကို ဤသို့ မိန့်ကြားတော်မူ သည်။ "ရဟန်းတို့၊ နဂါးတို့၏ ပင်ကို သဘောဖြစ်ပေါ်လာရန် အကြောင်း တို့ကား ဇာတ်တူနဂါးမ၌ မေထုန်မှီဝဲ ခြင်း။ သတိလွတ်ကင်း အိပ်ပျော်ခြင်း သို့ရောက်ခြင်း နှစ်ပါးတို့ပင်တည်း။ ရဟန်းတို့ . . . တိရစ္ဆာန်သည် ပဉ္စင်း မဖြစ်။ ပဉ္စင်းမခံပေးအပ်။ ပဉ္စင်းခံပေးမိ သည်ရှိသော် ပဉ္စင်းအသွင်ကို ဖျက်ပစ် ရမည်ဟု မိန့်တော်မူ၏။ ဝိနည်း မဟာဝဂ်ပါဠိတော် မဟာခန္ဓကာ၌လာ သော ဤဝတ္ထုအရ နဂါးတို့သည် လူ ယောင်ဆောင်ကာ သာသနာတော်သို့ ပင် ဝင်လာနိုင်သော စွမ်းရည်ရှိကြ သည်။ မည်သို့ပင် လူယောင်ဆောင် ကာ ရဟန်းပြုထားစေကာမူ –

၁။ ဇာတ်တူနဂါးမ၌ မေထုန် မှီဝဲနေသောအခါ

၂။ အိပ်ပျော်နေသောအခါ

ဤအခါတို့၌ မူလနဂါးအသွင် အတိုင်း ပြန်ဖြစ်သွားရကြောင်း ဤ ဝတ္ထုတွင် နဂါးရဟန်းမှာ အိပ်ပျော် သွားသဖြင့် နဂါးအတိုင်းဖြစ်ရသည်ကို သိနိုင်ပေသည်။



## နဂါးတို့နေရာ

သမုဒ္ဒရာများနှင့် တောင်ကြီးတို့ ၏ အောက်အရပ်၌ နဂါးတို့နေရာ ဌာနဖြစ်ကြသည်။ ဝိနည်းပိဋက ပါရာ ဇိကဏ် အဋ္ဌကထာ၊ စတုတ္ထပါရာဇိက တပေါဒါဝတ္ထုအဖွင့်၌ လာရှိသည်မှာ ဝေဘာရတောင်၏ အောက်တွင် မြေ နေနဂါးတို့၏ နဂါးပြည်သည် ယူဇနာ ၅၀၀ ရှိ၍ နတ်ပြည်နှင့်တူ၏။ ယင်း နဂါးတို့ ပျော်မြူးရာဖြစ်သော ရေအိုင် သည် ကြည်လင်အေးမြ မြိန်မြက် သော ရေရှိ၏။ ရေမှော်ရေညှိကင်း၏။ ကောင်းမွန်သော ရေဆိပ်ရှိ၏။ ပျော် ရွှင်ခြင်းကို ဖြစ်စေ၏။ လှည်းဘီးပမာ ဏရှိသော ပဒုမ္မာကြာတို့ ပွင့်ကုန်၏။

ငါးလီပ်များစွာတို့ တည်ရှိကြ၏။ ထိုရေအိုင်မှထွက်သော တပေါဒါမြစ် သည် ငရဲကြီး နှစ်ရပ်တို့အကြားမှ စီး ဆင်းခဲ့ပြီးနောက် ရာဇဂြိုဟ်ပြည်ကို လှည့်ပတ်၍ စီးဆင်း၏ဟု ဖွင့်ဆိုထား သည်ကို တွေ့ရ၏။ ငါးရာ့ငါးဆယ် အဝင် စတုက္ကနိပါတ်ဒဒ္ဒရဇာတ်၌ ဟိမဝန္တာတော၊ ဒဒ္ဒရတောခြေရင်း တွင် မြေနဂါးတို့၏ပြည်ရှိကြောင်း လာ ရှိသည်။

ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ် လင်္ကာကြီးပိုဒ် ၁၂ တွင် "သမုဒ္ဒရာ မြစ်အောက်၊ အံ့လောက်ပင်စည် နဂါး ပြည်၌၊ လင်သည်မျိုးနှစ်၊ ခန္ဓာပစ်၍၊ နမျစ်ရောင်လှ၊ နဂါးမလျှင်"ဟု ဆို သောကြောင့် ဇာတ်ကြီးဆယ်ဘွဲ့ဝင်

www.burmeseclassic.com

ဘူရိဒတ်ဇာတ်တော်လာ အလောင်းတော် ဘူရိဒတ်နဂါးမင်း အစရှိသော နဂါးတို့သည်လည်း သမုဒ္ဒရာအောက်တွင် တည်ရှိသော နဂါးပြည်၌ နေထိုင်ကြသော ရေနဂါးတို့ဖြစ်ကြောင်း သိနိုင်သည်။

## နဂါးမျိုးပေါင်းနှင့် ပြင်းသောအဆိပ်များ

နဂါးသည် များသောအားဖြင့် ရေနဂါး၊ ကုန်းနဂါး၊ တောင်နေနဂါးဟူ၍ သုံးမျိုးရှိသည်။ သို့သော် အကျယ်အားဖြင့် ပွားသော် နဂါးမျိုးပေါင်း ၁၀၂၄ မျိုးရှိကြောင်း ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်အဋ္ဌကထာ နာဂသံယုတ်အဖွင့်၌ လာသည်။

(၁) ကဋ္ဌမုခနဂါး အကိုက်ခံရသော် ကိုယ်သည် ထင်းချောင်းခဲ့သို့ မကွေးမဆန့်နိုင်အောင် တောင့်တင်းသွားစေနိုင်သည်။

(၂) ပုတိမုခနဂါးမျိုး အကိုက်ခံရသော် ကိုယ်သည် အမှည့်လွန်၍ ပုပ်သောသစ်သီးအလား အရည်ယိုစီးထွက်သည်။

(၃) အဂ္ဂိမုခနဂါး အကိုက်ခံရသော် ကိုယ်သည် မီးလောင်သည်နှင့် မခြား ပူလောင်၍ ဖရိုဖရဲဖြစ်သည်။

(၄) သတ္တမုခနဂါးမျိုး အကိုက်ခံရသော် ကိုယ်သည် မိုးကြိုးစက်မိသလို ကွဲပြတ်ပျက်စီးလေသည်။

၎င်းလေးမျိုးအပြင် ကိုက်ရုံမျှဖြင့် အထက်ပါသော သဘောမျိုးကို ဖြစ်စေသော ဒဋ္ဌဝိသနဂါးမျိုး၊ မြင်ရုံမျှ (နဂါးက ကြည့်ရုံမျှဖြင့်) အထက်ပါသော လေးမျိုးကို ဖြစ်စေသော ဒဋ္ဌဝိသနဂါးမျိုး၊ နှာခေါင်းလေမှုတ်ရုံမျှဖြင့် အထက်ပါသော လေးမျိုးကို ဖြစ်စေသော ဝါတဝိသနဂါးမျိုး၊ ထိရုံမျှဖြင့် အထက်ပါသော လေးမျိုးကို ဖြစ်စေသော ဖုဋ္ဌဝိသနဂါးမျိုးဟူ၍ အဆိပ်ထန်လေးမျိုး ဖြစ်ပြန်သောကြောင့် ယင်းလေးမျိုးဖြင့် အထက်ပါ လေးမျိုးမြှောက်သော် နဂါးမျိုး ၁၆ မျိုး ဖြစ်၏။

အထက်ပါ ၁၆ မျိုး အဆိပ်လျင်မြန်စွာရှိ၏။ အဆိပ်မပြင်းထန်သော အာဂတဝိသ ဃောရဝိနဂါး၊ အဆိပ်ပြင်းသော်လည်း လျင်မြန်စွာမလာသော ဃောရဝိသနဂါး အာဂတဝိသနဂါး၊ အဆိပ်လည်းမပြင်း လျင်မြန်စွာလည်းမလာသော နအာဂတဝိသ နဃောရဝိသနဂါးဟူ၍ လေးမျိုးစီရှိပြန်သောကြောင့် နဂါး ၆၄ ဖြစ်သည်။ တစ်ဖန် ဥဒ္ဒြဖြစ်သော အဏ္ဍဇနဂါး၊ ကလလ ရေကြည်၌ဖြစ်သော ဇလာဗုဇနဂါး၊ အညှိကိုစွဲ၍ဖြစ် သောသံသေဒဇနဂါး၊ ကိုယ်ထင်ရှား ဖြစ်လာသော ဩပပါတိကနဂါးဟူ၍ ပဋိသန္ဓေနေပုံအားဖြင့် လေးမျိုးစီရှိသောကြောင့် (၆၄ × ၄ = ၂၅၆) မျိုး ဖြစ်ပြန်သည်။ ထိုမှတစ်ဖန် ရေနဂါး၊ ကုန်းနေနဂါး နှစ်မျိုးဖြစ်ပြန်သဖြင့် ၂၅၆ × ၂ = ၅၁၂ မျိုးဖြစ်သည်။ ယင်း ၅၁၂ မျိုးတွင် ကာမဂုဏ်ခံစားကာ မရှုပိနဂါးမျိုး၊ မခံစားသော အကာမရှုပိနဂါးမျိုးဟု နှစ်မျိုးရှိပြန်သောကြောင့် ၅၁၂ × ၂ = နဂါးမျိုးပေါင်း ၁၀၂၄ မျိုးဖြစ်လေသည်။

## သထုံရာဇဝင်

သထုံရာဇဝင်တွင် ဝိဇ္ဇာမိုရ်နှင့် နဂါးမတို့အကြောင်းကို ဖော်ပြရာ၌ ထိုဂစ္ဆဂီရိတောင်၏ အနောက်ဘက်တောင်ခြေရင်း၊ ကမ်းပါးနှင့် မနီးမဝေးသော ပင်လယ်ထဲ၌ သောင်ပတ်လည်ဝင်းဝိုင်းလျက် ကျွန်းငယ်တစ်ခုရှိနေ၏။ ဤကျွန်းဝယ် သစ်ပင်၊ သစ်ပွင့်၊ သစ်သီး၊ သစ်သီးအရိပ်အာဝါသနှင့် တင့်တယ်စွာရှိခြင်းကြောင့် နဂါးမတစ်ကောင်သည် ထိုကျွန်းသို့ လာရောက် ပျော်ပါးလျက်ရှိနေ၏။ လာရခြင်းအကြောင်းကား ဘောဂဝတီနဂါးပြည်မှ နဂါးမတစ်ကောင်သည် မိမိ၏လင် နဂါးဖိုသေဆုံး၍ နဂါးမတို့ဓမ္မတာမှာ တစ်လင်သေလျှင် တစ်လင်မယူကြရကုန်။ ထို့ကြောင့် လူ့ပြည်သို့ ထွက်လာ၍ ကာမသုခကိုတောင့်တလျက် လူ၏အသွင်ဖန်ဆင်းပြီးလျှင် တောစဉ်တောင်တန်းများသို့ လှည့်လည်ကျက်စားနေလေရာ ဗုဒ္ဓဉာဏ ရသေ့ကြီးနေသော တောင်ကင်းယံအနီးသို့ရောက်သည်တွင် ရသေ့ရဟန်းတို့ထံ ဖူးမြော်ရန်လာသော ဝိဇ္ဇာမိုရ်တစ်ဦးနှင့် တွေ့ဆုံ၍ သံဝါသဖြစ်သောကြောင့် နဂါးမသည် ပဋိသန္ဓေတည်နေသောအခါ ဝိဇ္ဇာမိုရ်က နဂါးမဖြစ်ကြောင်းသိသဖြင့် မန္တန်ကိုစုပ်လျက် ကောင်းကင်သို့တက်ပြီးလျှင် ဟိမဝန္တာသို့ သွားလေသည်။

နဂါးမသည်လည်း လူသားနှင့်ရသော သန္ဓေကို လူ့ပြည်တွင် ချမြဖြစ်သည့်အတိုင်း ဗုဒ္ဓဉာဏရသေ့ကြီးနေသော ကျောင်းသင်္ခမ်းအနီး ကျောက်ဂူတစ်ခုအတွင်း၌ ဥကိုချ၍ ဝိဇ္ဇာမိုရ်အား စိတ်နာသဖြင့် နဂါးပြည်သို့ ပြန်သွားလေ၏။ သထုံရာဇဝင်လာ ဤနဂါးမင်းသည်လည်း ဘောဂဝတီနဂါး



www.burmeseclassic.com

www.burmeseclassic.com

ပြည်မှ လာသည်ဆိုသဖြင့် ရေနဂါးဖြစ်ကြောင်း သိနိုင်သည်။ သထုံရာဇဝင်တွင် ထင်ရှားသော တိဿမဇ္ဈိမဟာရာဇမင်းသည်ကား ယင်းနဂါးမ၏ ဥမှ ဖွားမြင်သော ဝိဇ္ဇာဓိုရ်နှင့် နဂါးမတို့၏ သားဖြစ်လေသည်။

## နဂါးပါသော စကားပုံများ

"ရော့ပတ္တမြား၊ ရော့နဂါး" စကားပုံမှာ ဘူရိဒတ်ဇာတ်တော်လာ ဘူရိဒတ်နဂါးမင်း အလိုရှိသော အလမ္ပာယ်က နေသာဒပုဏ္ဏားလက်မှ ပတ္တမြားကိုလိုချင်သဖြင့် ပတ္တမြားနှင့် နဂါးကို လဲကြရာတွင် အကြွေးမထားလက်ငင်းပေးရမည်ဟူသော အဓိပ္ပာယ်ဖြင့် ရော့ပတ္တမြား၊ ရော့နဂါးဆိုသည့် အတိုင်းပဲ အကြွေးမထားနိုင်ဘူးဟု ဆိုရိုးပြုကြလေသည်။

"နဂါးမှန်းသိအောင် အမောက်ထောင်မပြရပါစေနှင့်"။ တစ်ဦးနှင့်တစ်ဦး အချင်းဖြစ်ပွားသောအခါ သတ္တိရှိသူက ဤစကားဖြင့် ပြောဆိုခြိမ်းခြောက်လေသည်။

"နဂါးမျက်စောင်း အကြောင်းသုံးပါးရှေးသည်၊ မင်းတို့မျက်စောင်း အကြောင်းမရွေး" မင်းတို့မှာ လူဖြစ်ပါလျက် တိရစ္ဆာန် နဂါးလောက်မှ ထောက်ထားညှာတာခြင်းမရှိ။ အမျက်ထွက်လျှင် ထင်သလိုလုပ်တတ်သည်ဟု ဆိုလိုသောအခါ ဤစကားပုံကို သုံးလေ့ရှိသည်။

## နဂါးနှင့် ဗေဒင်ပညာ

နဂါးသည် အင်္ဂိရတ်ပညာ၌သာမက လူတို့၏ သုဘာ–သုဘ ကောင်းကျိုးဆိုးကျိုးများကိုလည်း ဖော်ပြသော ဝေဒခေါ်သည့် ဗေဒ(ဗေဒင်) ပညာ၌လည်း တွင်ကျယ်စွာ ပါဝင်လျက်ရှိလေသည်။ ဗေဒင်ပညာတွင် အခြေခံလက်သုံးဖြစ်သော ဂြိုဟ်ကြီး ရှစ်လုံးရှိသည့်အနက် စနေဂြိုဟ်ကို နဂါးဟူ၍လည်းကောင်း၊ မြွေဟူ၍လည်းကောင်း ခေါ်ဝေါ်ကြလေသည်။ အရပ်ရှစ်မျက်နှာ ဂြိုဟ်နေနှင့် ဂြိုဟ်သက်ကိုပြုရာတွင် အနောက်တောင်ထောင့်အရပ်ကို စနေထောင့်ဟု ခေါ်၏။ ဂြိုဟ်သက်မှာ ၁၀ နှစ်ဖြစ်၏။ သို့ဖြစ်၍ ရှေးပညာရှိတို့က "စနေနဂါး၊ နောက်တောင်ပါး၊ နေငြားဆယ်နှစ်ပ"ဟူ၍ ဆောင်ပုဒ်ပြုလုပ်ထားခဲ့ကြလေသည်။

## နဂါးနက္ခတ်

အထက်ကောင်းကင်၌ ပုံသဏ္ဍာန်အမျိုးမျိုးထင်ရသော နက္ခတ် ၂၇ လုံးတို့အနက် နဂါးနက္ခတ် (ကြယ်နဂါး)ဟုထင်ရသော နက္ခတ်ကား (၁၇) အနုရာဓနက္ခတ်၊ (၁၈) ဇေဋ္ဌနက္ခတ်နှင့် (၁၉) မူလနက္ခတ်တို့ပင်ဖြစ်သည်။ ယင်းနဂါးနက္ခတ် (ကြယ်နဂါး)နှင့် စပ်လျဉ်း၍ တက္ကသိုလ်မြန်မာစာပါမောက္ခ ဘာသာပြန်ဌာနမှူး (အငြိမ်းစား)ဦးဝန်–မင်းသုဝဏ်ပြုစုသော အာကာတစ်ခွင် မြေပြင်တစ် ဝန်းစာအုပ်မှ ဤသို့ ဖော်ပြထားပါသည်။

မိုးလရာသီ ညဦးယံ၊ သန်းခေါင်ယံ အချိန်များတွင် မိုးသားတိမ်တိုက်ကင်းစင်လျှင် ကောင်းကင်၌ လှလှပပတွေ့မြင်နိုင်သော အနုရာဓနက္ခတ်ကို လုံးရေအားဖြင့် ၁၅ လုံး၊ (၆) လုံး၊ ၅ လုံး၊ ၄ လုံးဟူ၍ အမျိုးမျိုးပြောကြပါသည်။ အဆင်းသဏ္ဍာန်အားဖြင့် ထန်းပင်၊ ကောက်သောပုတီး၊ ပတ္တမြားစု၊ နဂါးလည်ဆစ်၊ ဥဒေါင်းငှက်တို့နှင့် တူသည်ဟု အမျိုးမျိုးယူဆပါသည်။ ဇေဋ္ဌနက္ခတ်ကိုလည်း လုံးရေ ၅ လုံး၊ ၃ လုံး၊ ၂ လုံးဟူ၍လည်းကောင်း အမျိုးမျိုးဆိုကြပါသည်။ မူလနက္ခတ်ကို လုံးရေအားဖြင့် ၁၁ လုံး၊ ၉ လုံး၊ ၇ လုံး၊ ၄ လုံးဟူ၍လည်းကောင်း၊ အဆင်းသဏ္ဍာန်အားဖြင့် ကြာရိုး၊ တိရစ္ဆာန်၊ ခြသေ့်မြီး၊ ကျောက်သား၊ ကင်းမြီးကောက်၊ ကြောင်တို့နှင့်တူသည်ဟူ၍လည်းကောင်း အမျိုးမျိုးဆိုကြပါသည်။ ကျက်ရမှတ်ရလွယ်အောင် သံပေါက်ရေးသောအခါ အောက်ပါအတိုင်းရေးသည်ကို တွေ့ရပါသည်။

၁။ ဆယ့်ငါးလုံးရှ၊ နုရာဓ၊ နဂါးလည်ဆစ်လို။

၂။ ငါးလုံးမှန်လှ၊ ကြယ်ဇေဋ္ဌ၊ နဂါးချက်ခေါ်ဆို။

၃။ လေးလုံးမှန်လှ၊ ကြယ်မူလ၊ နဂါးမြီးဖျားဆို။

မည်သို့မည်ပုံ အမျိုးမျိုးအဖုံဖုံ ဆိုစေကာမူ အချုပ်ကို ကောက်ယူလိုက်သောအခါ ကောင်းကင်တစ်နေရာတွင် နဂါးကြီးနှင့် သဏ္ဍာန်အားဖြင့် ဆင်သော ကြယ်စုကြယ်တန်းကြီးတစ်ခုရှိသည်ကို ရှေးလူကြီးဆရာများက အသိအမှတ်ပြုကြသည်မှာ သေချာပါသည်။ ဤနဂါးကြယ်ကြီးတွင် (၁) လည်ဆစ်ပိုင်းကို အနုရာဓနက္ခတ်၊ (၂) ချက်ပိုင်းကို ဇေဋ္ဌနက္ခတ်၊ (၃) အမြီးပိုင်းကို မူလနက္ခတ်ဟူ၍ အသီးအခြားကွဲကွဲပြားပြား မှည့်ခေါ်ကြပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းကြယ်နဂါးကြီးကို စာဖတ်သူတို့ ကောင်းကင်တွင် ကြည့်ကြပါစို့။

ဩဂုတ်လ ၁ ရက်နေ့ ည ၈ နာရီတွင် မိမိ၏ ဦးခေါင်းပေါ်တည့်တည့်ကို မော့ကြည့်ပါ။ (သို့မဟုတ်) ကွပ်ပျစ်ပေါ်မှာ ပက်လက်လှန်၍ကြည့်ပါ။ နဂါးကြယ်ကို တွေ့ရပါလိမ့်မည်။ အနောက်ဘက်တွင် ဦးခေါင်းပိုင်း၊ အလယ်တွင် ခါးပိုင်း(နဂါးချက်) အရှေ့ဘက်တွင် အမြီးပိုင်း ကောက်ကောက်ချိတ်ချိတ်ကို တွေ့ရပါလိမ့်မည်။

## နဂါးလှဲ့(လှည့်)

တစ်နှစ်တွင် တစ်ဆယ့်နှစ်လ ရှိရာ သုံးလတစ်ကြိမ် နဂါးဦးခေါင်း အလှည့်အပြောင်းရှိသည်။ တပေါင်း၊ တန်ခူး၊ ကဆုန် ဤသုံးလ၌ နဂါးဦးခေါင်း အနောက်ဘက်လှည့်၏။ နယုန်၊ ဝါဆို၊ ဝါခေါင် ဤသုံးလ၌ နဂါးဦးခေါင်း မြောက်ဘက်သို့လှည့်၏။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ဤသုံးလ၌ အရှေ့ဘက်သို့ လှည့်၏။ နတ်တော်၊ ပြာသို၊ တပို့တွဲ ဤသုံးလ၌ နဂါးဦးခေါင်း တောင်ဘက်သို့ လှည့်၏။

(နဂါးလှည့်ခြင်း အဓိပ္ပာယ်ကား) အနောက်ဘက်သို့ နဂါးဦးခေါင်း လှည့်နေသောအခါ ဤလတို့၏ အနောက်မှ အရှေ့သို့ ပြောင်းရွှေ့ခြင်း၊ ခရီးသွားလာခြင်းမပြုရ။ ယင်းသို့ ပြောင်းရွှေ့လာခြင်းသည် နဂါးခံတွင်းထဲသို့ ဝင်ခြင်းဖြစ်သောကြောင့် ပျက်စီးဆုံးရှုံးတတ်သည်ဟူ၏။ အနောက်ဘက်သို့လှည့်နေသောအခါ အရှေ့အရပ်မှ အနောက်အရပ်သို့ နဂါးကျောရိုး အတိုင်း ပြောင်းရွှေ့သွားလာရမည်ဟု ဆိုစမှတ်ပြုကြပါသည်။

## နဂါးလှည့်ယူနည်း

နဂါးလှည့်နှင့် စပ်လျဉ်း၍ ရှေးဟောင်းဆရာမြတ်တို့က ဆောင်ပုဒ်ထားခဲ့သည်မှာ

၁။ ပေါင်း၊ ကူး၊ ဆုန် နောက်
၂။ ယုန်၊ ဝါ၊ ဝါ မြောက်
၃။ တော်၊ ကျွတ်၊ မုန် ရှေ့
၄။ နတ်၊ ပြာ၊ တွဲ တောင်

ပေါင်းကူးဆုန်ကျ ဤသုံးလ၊ နောက်မှ ဦးခေါင်းသာ၊ မြောက်မှုဝမ်းပြင်၊ တောင်ခွင်ကျောထား၊ အမြီးဖျားရှေ့နေသည်သာ၊ လက်ယာရစ်နေ ဤနည်းပေ၊ ပြောင်းလေ သုံးလမှာ မင်္ဂလာဆောင်လေ၊ ပြောင်းလေပြည်ရွာ၊ မြင်းပါကျွဲနွား၊ ဝယ်လဲသူမွေး ကြောင်ခွေးကြက်ပင်၊ ရှောင်ကြဉ်ဝေးဝေးခွာ၊ စားလုပ်ကိုဖောက်၊ အမောက်လည်ပင်း၊ ကျောကိုနင်း၊ ထွန်လျှင်လယ်ယာ၊ ဝမ်းပြင်မှာကြွက်၊ ခေါင်ထက်ဂဠုန်၊ ကျောတုံပူးစီ၊ အမြီးဆင်နှင်း၊ အိမ်ဆောက်လျှင် တွင်းကိုတူးအပ်စွာ။

နဂါးဦးခေါင်း မြောက်သို့လှည့်သော နယုန်၊ ဝါဆို၊ ဝါခေါင်လတို့၌ အရှေ့မြောက်က အနောက်သို့ ထွန်ပြီးလျှင် တောင်သို့လှည့်၍ လယ်ယာထွန်ခြင်းသည် စလုတ်ဖောက်၊ အမောက်လည်ပင်း၊ ကျောနင်းထွန်နည်းမည်၏။ အိမ်ဆောက်သောအခါ ဝမ်းပြင်အရပ်က ကြာသပတေးသား၊ ဦးခေါင်းအရပ်က တနင်္ဂနွေသား၊ ကျောအရပ်က သောကြာသား၊ အမြီးအရပ်က ဗုဒ္ဓဟူးသားနေစေ၍ တိုင်တွင်းကို တူးရာ၏။

## တံခွန်နှင့် ဘုရား

မြန်မာနိုင်ငံအရပ်ရပ်တွင် စေတီပုထိုးများ တည်ထားကိုးကွယ်ကြရာ အချို့ ထင်ရှားသော စေတီတော်ကြီးများရှေ့တွင် တံခွန်တိုင်ကို စိုက်ထူထားလေ့ရှိကြသည်။ တံခွန်တိုင်နှင့် စေတီတော်မှာ အလွန်ပန်းသင့် တင့်တယ်လှသဖြင့် အတိုင်းနှင့်အလွန် တံခွန်နှင့်ဘုရားဟု စကားပုံပြုခဲ့ကြလေသည်။

ယင်းတံခွန်တိုင်ထိပ်တွင် ဂဠုန်မင်းက နဂါးကိုဖမ်းထားပုံ ရုပ်တုများကို ရိုးရာယဉ်ကျေးမှုအရ ပြုလုပ်ထားကြသည်တွင် အချို့တိုင်ထိပ်၌ နဂါး၏ ဦးခေါင်းကို ဖမ်းထားပုံပြုလုပ်၍ အချို့တံခွန်တိုင်ထိပ်၌ကား ဂဠုန်မင်းက နဂါးမင်း၏ အမြီးပိုင်းကို ဖမ်းထားပုံပြုလုပ်ကြ၏။ ဤသို့ နှစ်မျိုးနှစ်စား ကွဲပြားလျက်ရှိရာ "မည်သည့်ထုလုပ်ပုံက နည်းလမ်းမှန်ပါသလဲဘုရား"ဟု မန်လည်ဆရာတော်ဘုရားကြီး မေးတော်မူသည်ကို "နှစ်နည်းစလုံးမှန်ကန်ကြောင်း"မင်းကွန်းတောရဆရာတော်ကြီးက ဖြေဆိုတော်မူခဲ့လေသည်။

## ဂဠုန်မသုတ်နိုင်သော နဂါးမျိုး

ဂဠုန်ဆိုသည်မှာ အလွန်တန်ခိုးကြီးသော ငှက်မျိုးဖြစ်သည့်အတိုင်း မြွေဇာတ်မျိုးဖြစ်သော ရေနတ်ဟု ဆိုရသော နဂါးမျိုးကို မခြွင်းမချန် အကုန်ထိုးသုတ်နိုင်သည် ဆိုပါက နန္ဒောပနန္ဒ နဂါးမင်းကြီးပါမကျန် အကုန်ထိုးသုတ်မည်ကို မစိုးရိမ်ရပါဟု ဆိုပါသည်။ ဂဠုန်တို့သည် နဂါးကို ထိုးသုတ်နိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း သူတို့နှင့် တန်ခိုးတူသော နဂါးနှင့် ယုတ်ညံ့သောနဂါးတို့ကိုသာ ထိုးသုတ်နိုင်ကြသည်။

သူတို့ထက် မြင့်မြတ်သော နဂါးတို့ကိုမူကား မထိုးသုတ်နိုင်ကြကုန်။ သူတို့မထိုးသုတ်နိုင်သော နဂါးတို့မှာ ခုနစ်မျိုးရှိသည်။ အလွန်မြင့်မြတ်ကြသည်။ ကမ္ဗလနဂါး၊ အဿတရနဂါး၊ သီတာခုနစ်တန်၌တည်သော နဂါး၊ ဗိမာန်၌တည်သောနဂါး၊ နဂါးများတွင် အယုတ်အမြတ်ရှိရာ ဥမှပေါက်သော နဂါး၊ အကောင်လိုက်ဖွားသော နဂါးတို့မှာ အမြတ်မျိုးဖြစ်ကြသည်။

ဂဠုန်တို့သည် ထိုအမြတ်စား နဂါးတို့ကို မထိုးသုတ်နိုင်ကြကုန်။ ကမ္ဗလနဂါး၊ အဿတရနဂါး၊ နဂါးစစ်သူကြီးတို့ ဖြစ်ကြသည်။ ဓတရဋ္ဌနဂါးတို့သည် နဂါးမင်းများဖြစ်ကြ၍ မည်သည့်ဂဠုန်မှ မထိုးသုတ်နိုင်။ အကြင် နဂါးတို့သည် သီဒါရေအတွင်း၌ နေကြ၏။ မဟာသမုဒ္ဒရာ၌ နေကြ၏။ ထိုနဂါးတို့ကိုလည်း တုန်လှုပ်ချောက်ချားအောင် မစွမ်းနိုင်ကြ။ အကြင်နဂါးတို့သည် မဟာသမုဒ္ဒရာ လှိုင်းတံပိုး အပြင်၌နေကြသော နဂါးတို့လည်း တန်ခိုးတူသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ မည်သည့်နဂါးမှ ထိုးသုတ်နိုင်စွမ်း မရှိကြပေ။

## နဂါးတစ်ထောင် ကိုကြည်ဝင်း၏ ကိုယ်တွေ့

'ကိုကြည်ဝင်းက စာရေးသူအား ပြောပြရာတွင် သူသည် တိုက်ကြီးမြို့နယ်၊ ရိုးဖြူတောင်အဖေကြီး (ခေါ်) ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရနှင့်အတူ လက်တွဲပြီး မိမိတတ်နိုင်သလောက် သာသနာပြုလုပ်အား ဒါနများနှင့် ဝေယျာဝစ္စကုသိုလ်များ ပြုလုပ်ခဲ့စဉ်က နဂါးမြွေများ တွေ့ခဲ့ရသည်မှာ –

နဂါးများသည် မြွေနှင့်တူပြီး ခေါင်း၏နောက်တွင် အဖုအထစ်များ လေးငါးခြောက်ထစ်မျှ ပါရှိပြီး နဂါးများ၏ အရောင်မှာ နဂါးနီပတ္တမြားရောင်၊ နဂါးစိမ်းကျောက်စိမ်းရောင်၊ ရွှေနဂါး ရွှေရောင်၊ ငွေနဂါး ငွေရောင်၊ နဂါးဖြူ၊ ကုန်းနဂါး၊ လေနဂါး၊ ရေနဂါးများ ရှိကြသည့်အပြင် နဂါးများမှာ ဘုရား စေတီ ရုပ်ပွားတော်များကို လာရောက်ဖူးတွေ့တာတွေ့ရပြီး အချို့နဂါးများမှာ သွားရင်းလာရင်း တွေ့ခဲ့ရသည်ဟု ဆိုပါသည်။

ဘုရား၊ စေတီ၊ ကျောင်းကန်များ တည်ဆောက်ရာတွင်လည်း နဂါးသိုက်(သို့မဟုတ်) နဂါးနှင့်ပဋ္ဌာန်းဆက်ရှိသူများသာ မဖြစ်မနေ လာရောက်ဖူးမြော်ကြပြီး လှူဒါန်းကြပါသည်။ နဂါးနှင့် ပဋ္ဌာန်းဆက် မရှိသူများက လာချင်စိတ်မရှိခြင်း၊ တစ်ခေါက်တစ်ချင်း လာပြီးသော်လည်း နောက်ထပ်အကြောင်း အမျိုးမျိုးကြောင့် မလာဖြစ်ခဲ့ပါဟု ဆိုပါသည်။

## နဂါးပူဇော်နည်း

တပေါင်း၊ တန်ခူး၊ ကဆုန် ဤသုံးလကား နဂါးဦးခေါင်း အနောက်သို့ပြု၏။ အရှေ့အမြီး၊ တောင်သို့ကျော၊ မြောက်သို့ ဝမ်းပြု၏။ ထမင်း၊ နို့၊ ပေါက်ပေါက်နှင့် ပူဇော်ပေ။

နယုန်၊ ဝါဆို၊ ဝါခေါင် ဤသုံးလကား နဂါးဦးခေါင်း မြောက်သို့ပြု၏။ တောင်သို့အမြီး၊ အရှေ့သို့ ဝမ်းပြု၏။ ထမင်းဖြူ၊ တန်ဆောင်ဖြူ၊ နံ့သာဖြူ၊ ပေါက်ပေါက်နှင့် ပူဇော်ပေ။

တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ဤသုံးလကား နဂါး ဦးခေါင်း အရှေ့သို့ပြု၏။ မြောက်သို့ အမြီး၊ အရှေ့သို့ဝမ်း၊ အနောက်သို့ ကျောပြု၏။ ထမင်းဖြူ၊ နံ့သာဖြူ၊ တန်ဆောင် ပန်းပေါက်ပေါက်နှင့် ပူဇော်ပေ။

## နဂါးပူဇော်နည်းဂါထာ

ဥမ် နမောပထဝီ ဝသုန္ဓရေ သမ္ဘဝါ၊

ဟောမိပလ္လက်၊ မင်္ဂလာ အသဒ္ဒေ ဃျံ

မာရသေနံ၊ ဇေယော ဇယတု မင်္ဂလံ။

(မာရကံ သန္တိကမ္မံ အတညာမိ ဘူမိဒေဝါယ ဇေယတု မင်္ဂလာ)

အခါခပ်သိမ်း ဆန်ဖြူဖြူနှင့် သင်ပုတ်ပြု၍ နံ့သာဖြူတန်ဆောင်၊ ပန်းပေါက်ပေါက်နှင့် ကြက်ဦးတွန်က မြေ၌ပူဇော်ပေ။ ထိုအခါ မြေ၌နေသူ ခပ်သိမ်း အပြစ်မရှိ၊ ကောင်းစွာအတိ ပြီးမည်တည်း။

နဂါးရုပ်ပုံများကို အထူးတလည် ဆန်းကြယ်အောင် ထုလုပ်ထားကြသောကြောင့် နဂါးသည် မြန်မာ့ယဉ်ကျေးမှုအနုပညာတွင် ထင်ပေါ်လျက် ရှိနေလေတော့သည်။

သတ္တဝါမှန်သမျှ ဘေးမဲ့ အေး မြရှင်လန်းပါစေ ...


ကျော်စောဟိန်း(နံ့သာ)



www.burmeseclassic.com

www.burmeseclassic.com

# နဂါးရုံဘုရားတည်ကြလျှင် အမြီးအမောက် တည့်စေချင်



**လှစံ(ပညာရေး)**

လွန်ခဲ့သောနှစ်က စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ရှိ ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းသို့ ကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့သည်။ ထိုဘုန်းကြီးကျောင်းအတွင်းတွင် စေတီတော်တစ်ဆူရှိသည်။ ထိုစေတီသည် အဘိုးသံသိပ္ပံနှင့်တပည့်များ မွန်းမံပြုပြင်တည်ထားခဲ့သော ရှေးဟောင်းစေတီတော်တစ်ဆူ ဖြစ်ကြောင်း သိရှိခဲ့ရသည်။ ယခုအခါ ကာလကြာရှည်လာပြီ ဖြစ်သဖြင့် ထိုစေတီတော်မှာ ပျက်စီးယိုယွင်းနေပြီဖြစ်သည်။ သို့ကြောင့် ဆရာတော်မှ ဦးစီးဦးဆောင်ပြု၍ ထပ်မံပြုပြီး လုံးတော်ပြည့် ရွှေဆေးသင်္ကန်းကပ်လှူခြင်း၊ ထီးတော်အသစ်လဲလှယ်၍ ထီးတော်တင်ပွဲပြုလုပ်ခြင်း။ သင့်တော်သောနေရာများတွင် တန်ဆောင်းများ အသစ်ထပ်မံ ပြုလုပ်ခြင်းစသော လုပ်ငန်းများကို တပည့်အလှူရှင်များနှင့် စုပေါင်းတိုင်ပင် ဆောင်ရွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် စေတီတော် သို့ အင်္ဂါထောင့်မှတက်၍ လက်ျာရစ် တစ်ပတ်လှည့်ပတ် ကြည့်ညှိုမိသည်။ တစ်နေရာအရောက်တွင် တည်ဆောက်နေဆဲ 'နဂါးရုံဘုရား'အကြမ်းထည် တစ်ခုကို တွေ့မြင်ဖူးမြော်ခဲ့ရသည်။ ထိုအနီးအနားတွင် မြန်မာမှု ပန်းရန်ဆရာများလည်း တစ်ဦးတစ်ယောက်မျှ မရှိ။ ထမင်းစားချိန်ဖြစ်၍ အလုပ်နားပြီး ထမင်းစားထွက်သွားကြဟန်တူသည်။ ၎င်းတို့၏ပစ္စည်းများ ဖြစ်သော ပေါက်တူး၊ ပေါက်ပြား၊ မဆလာဗန်းများကိုသာ တွေ့ရသည်။ ၎င်းတို့တည်နေသော နဂါးရုံဘုရားကား အကြမ်းထည်ပြီးလုနီးနီးဖြစ်နေလေပြီ။ အချောသတ်ရန်သာ ကျန်တော့သည်။ အဆိုပါ နဂါးပုံတွင် နဂါး၏ အမြီးနှင့် နဂါး၏ အမောက်တို့မှာ မတည့်။ တစ်နည်းဆိုရသော် 'အမြီးအမောက်မတည့်သော' နဂါးရုံဘုရားပင် ဖြစ်သည်။ အမြီးနှင့်အမောက် မတည့်သည်မှာလည်း အနည်းငယ်မျှ မဟုတ်ဘဲ သိသိသာသာကြီးဖြစ်သည်။

ကျွန်ုပ်တို့သည် 'နဂါးရုံဘုရား' အကြောင်းကို လေ့လာကြည့်သော အခါ ဂေါတမမြတ်စွာဘုရားသခင်သည် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသရှိ မုစလိန္ဒာအိုင်အနီး ကျီးပင်အရပ်တွင် ဆဋ္ဌမသတ္တာဟအဖြစ် ခုနစ်ရက် ကာလပတ်လုံး ဖလသမာပတ်ဝင်စားတော်မူခဲ့သည်။ ထိုအချိန် မိုးဖွဲကလေးများ ရွာသွန်းဖြိုးနေပြီး လေနုအေးကလေးကလည်း တိုက်ခတ်လျက်ရှိသည်။ ထိုအခါ မုစလိန္ဒာအိုင်တွင် နေထိုင်သော မုစလိန္ဒနဂါးမင်းသည် ဂေါတမမြတ်စွာဘုရားရှင်အား အလွန်ကြည်ညိုသောစိတ် ဖြစ်ပေါ်နေသဖြင့် မိုးစက်ကလေးများဒဏ်နှင့် အအေးဒဏ်မှ ကာကွယ်ပေးသည့် အနေဖြင့် ဘုရားသခင်အား ခုနစ်ပတ်ရစ်ခွေ၍ မိုးမစိုစေရန် အပေါ်မှ ပါးပျဉ်းအုပ်မိုး ပူဇော်ခဲ့သည်။ ထိုသို့ ပူဇော်ခဲ့သည်မှာလည်း ခုနစ်ရက်မျှ ကြာမြင့်ခဲ့လေသည်။

ထိုကဲ့သို့ ဂေါတမဘုရားရှင်အား မုစလိန္ဒာနဂါးမင်းက ပါးပျဉ်းအုပ်မိုး ပူဇော်ခဲ့ပြီး ဘုရားရှင်၏ ဆဋ္ဌမ သတ္တာဟ ဖလသမာပတ်ဝင်စားနေသည့် ပုံတော်ကို ရုပ်လုံးထုပြီး 'နဂါးရုံဘုရား' ဟူ၍လည်းကောင်း၊ 'နဂါးပတ်ဘုရား' ဟူ၍လည်းကောင်း ဘွဲ့တော်ပေးကြသည်။ အများအားဖြင့် နဂါးရုံဘုရား ဟူ၍သာ ခေါ်ဝေါ်ကြလေသည်။ ထိုပုံတော်ကို မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ ဗုဒ္ဓဂယာရှိ မုစလိန္ဒာအိုင်တွင် ထုလုပ်ပူဇော်ကိုးကွယ်ထားသည်ကို ဗုဒ္ဓဂယာဘုရားဖူးများ တွေ့ရှိဖူးမြော်ကြရမည်ဖြစ်သည်။ ထိုမုစလိန္ဒာအိုင်ရှိ နဂါးရုံဘုရားသည် မြန်မာပြည်မှ လှူဒါန်းထားခြင်းဖြစ်ပြီး မြန်မာ့ပန်းပုပညာရှင်ကြီး၏ ထူးကဲပြောင်မြောက် အသက်ဝင်လှသော ပန်းပုလက်ရာဖြစ်ပြီး အချိုးအစားမှာလည်း ကျနပြေပြစ်မှုရှိပြီး ဗုဒ္ဓရုပ်ပွားတော်မှာလည်း အလွန်ကြည်ညိုသပ္ပာယ်လှလေသည်။

ထိုနဂါးရုံဘုရားတွင် နဂါးမင်း၏ အမြီးနှင့် အမောက်တို့မှာ တည့်၍နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အမြီးအမောက်တည့်သော နဂါးရုံဘုရားဖြစ်ပြီး ထိုဘုရားတွင် ဆုတောင်းကြသောသူများမှာလည်း ဆုတောင်းတိုင်း ပြည့်စုံကြသည် ပြောဆိုကြလေသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ထားရာ ဗုဒ္ဓဂယာရှိ နဂါးရုံဘုရားမှာ အမြီးအမောက်တည့်သည့် ပုံစံဖြင့် စံပြထုလုပ်ပြသထားသော်လည်း ယခု ဤဘုန်းကြီးကျောင်းတွင် တွေ့မြင်နေရသော နဂါးရုံဘုရားမှာ အမြီးအမောက် မတည့်သဖြင့် ဘဝင်မကျ ဖြစ်ခဲ့ရသည်။ ဂမ္ဘီရပညာရှင်အချို့ကလည်း 'ပညတ်သွားရာ ဓာတ်သက်ပါ'ဆိုသကဲ့သို့ အမြီးအမောက်မတည့်သောကြောင့် ဆုတောင်းကြသူများမှာလည်း တောင်းသည့်အတိုင်း မဖြစ်ဘဲ အမြီးအမောက်မတည့် ဖြစ်တတ်သည်ဟု ဆိုကြပြန်သည်။ လူသားတို့တွင် 'စိတ်'သည် အလွန်အရေးကြီးသဖြင့် ထိုကဲ့သို့ စိတ်ထဲစွဲသွားပါက ယုံကြည်မှု လျော့နည်းသွားနိုင်သည်။ မည်သို့ပင် နဂါး၏အမြီးအမောက် မတည့်သည်ဖြစ်စေ ဗုဒ္ဓဘုရားရှင်ကို ရှိခိုးပူဇော်ခြင်းဖြစ်၍ ကုသိုလ်ရသည်။ ဆုတောင်းပြည့်နိုင်သည်ဟု ဆိုကြသူများလည်း ရှိပေလိမ့်မည်။ သို့သော် အများ၏စိတ်ထဲတွင် သန့်ရှင်းသွားအောင် နဂါးမင်း၏ အမြီးနှင့်အမောက်ကို တည့်နေအောင် ပြုလုပ်ခြင်းက ပို၍ကောင်းမည်သာ ဖြစ်ပေသည်။

ထိုဘုန်းတော်ကြီးကျောင်းသို့ စာရေးသူ ရောက်ရှိချိန်တွင် ကျောင်းဦးဆရာတော်မရှိ။ ခရမ်းမြို့တွင်ရှိသော

www.burmeseclassic.com

မိုးကုတ်ဝိပဿနာ တရားစခန်းတစ်ခုတွင် သွားရောက်တရားပြနေသည်ဟု သိရသည်။ ထို့ကြောင့် အိမ်သို့ပြန်ရောက်သောအခါ ဆရာတော့်ထံဖုန်းဆက်၍ အကျိုးအကြောင်း လျှောက်ထားပြောပြမိသည်။ ဆရာတော်လည်း ချက်ချင်းပင် ၎င်း၏ ပန်းရန်ဆရာများ ... ဖုန်းဖြင့်ပြောပြလိုက်သည်။ ထိုအခါတွင် ပန်းရန်ဆရာတို့လည်း ထိုကိစ္စအတွက် စဉ်းစားသမှုပြုလာကြသည်။

ဆရာတော်၏ အစ်ကိုဖြစ်သူ ကိုကြီးထွန်းက ပန်းရန်ဆရာများအား "ဆရာတို့လည်း စဉ်းစားကြလေ။ သူများပြောတိုင်းလည်း မဖြစ်သင့်ဘူးပေါ့"ဟု ပြောဆိုရာ ပန်းရန်ဆရာခေါင်းဆောင်ဖြစ်သူက ...

"ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ အမြီးအမောက် တည့်ရင်တော့ ပိုကောင်းတာပေါ့။ ကျွန်တော်တို့လည်း ကလေးဘဝ ငယ်ငယ်ကလေးထဲက 'အမြီးအမောက်မတည့်ဘူး' ဆိုတဲ့ လူကြီးတွေပြောစကားကို ခဏခဏကြားနေရတာပဲ။ အဲဒါ ဘာကိုဆိုလိုမှန်း မသိခဲ့ဘူး။ အခုအချိန်ထိ ဆိုပါတော့။ အခုမှပဲ ရှင်းရှင်းလင်းလင်း သိရတော့တယ်။ ပျက်အစဉ် ပြင်ခဏပေါ့။ အများလည်း စိတ်ထဲရှင်းသွားအောင် ဒီနဂါးရုံဘုရားရဲ့ အမြီးနဲ့အမောက်ကို တည့်အောင် ပြန်ပြီးပြင်လိုက်ပါ့မယ်"

ဟု ပြောဆိုပြီး ပြန်လည်ပြုပြင်ပေးလိုက်လေသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားတည်၊ ကျောင်းဆောက် စသည်တို့ဖြင့် ကုသိုလ်ယူကြသည်။ ဘုရားတည်ရာတွင် ရှေးဟောင်းဓလေ့ထုံးစံများ၊ ရှောင်ဖွယ်၊ ဆောင်ဖွယ်များကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘုရားမတည်တတ်ပါက ဘုရားဒကာ ရပ်ရွာတို့ကို ထိခိုက်တတ်လေသည်။

ဥပမာအားဖြင့် စေတီဘုရားတည်ရာတွင် ဉာဏ်တော်အမြင့်ကို မိမိတို့ ထားချင်သလောက်ထား၍ မရ။ လိုက်နာရမည့် စနစ်အရ ဖော်ညွှန်းပြဆိုထားသည်မှာ ...

ငကေသေသံ မရဏံ၊ ဒွေးသေသံရာဇပူဇိတံ၊ တြိသေသံအဂ္ဂိဘယံ၊ စတုသေသံ မဟာလာဘံ၊ ပဉ္စသေသံ၊ မဟာဒုက္ခံ၊ ဆသေသံ မဟာသုခံ၊ သတ္တသေသံ ဇနဝိနာသနံ၊ ဝိပရိဒုက္ခံ၊ ကာလဟံ ဘဝေ ...ဟု ဆိုထားခဲ့သည်။

ထိုသို့ ညွှန်းဆိုသော စနစ်ကျမ်းလာ အဆိုအမိန့်အရ စေတီတော်၏ ဉာဏ်တော်အမြင့်ကို 'တောင်'ဖွဲ့၊ ရရှိသောတောင်ကို ထပ်မံ၍ 'မိုက်'ဖွဲ့ရမည်။ မိုက်ကို (၇) ဖြင့်စား၍ ရရှိသောအကြွင်းကို ကြည့်ရသည်။ (၁) ကြွင်းခဲ့သော် မရဏံဘေး တွေ့တတ်သည်။ (၂) ကြွင်းခဲ့သော် မင်းတို့၏ ပူဇော်ခြင်းကို ခံရတတ်သည်။ (၃) ကြွင်းခဲ့သော် မီးဘေးတွေ့ကြုံရ၊ မီးလောင်ခံရတတ်သည်။ (၄) ကြွင်းခဲ့သော် ကြီးစွာသောလာဘ်လာဘ ရရှိနိုင်သည်။ (၅) ကြွင်းခဲ့သော် ကြီးစွာသောဒုက္ခ ရောက်တတ်သည်။ (၆) ကြွင်းခဲ့သော် ကြီးစွာသော ချမ်းသာခြင်းကို ရရှိနိုင်သည်။ ထို့ကြောင့် အကြွင်းဂဏန်းသည် ၁၊ ၃၊ ၅ ဂဏန်းများ မဖြစ်ရအောင် ဆောင်ရွက်ကြရသည်။

မြန်မာပြည် အနှံ့အပြားတွင် စေတီတော်များစွာတို့ကို လိုက်လံ၍ ကုသိုလ်ယူ ထီးတော်တင်ပေးနေသော 'ခေတ်သစ် ရှမ်းအိုးစည် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့'၏ ခေါင်းဆောင်ဖြစ်သော ဝိဇ္ဇာမယဦးအုန်းကျော်သည် ဘုရားထီးတော်တင်ခြင်းတွင် အတွေ့အကြုံများစွာရှိသော သူတစ်ဦးဖြစ်သည်။ ဆရာဦးအုန်းကျော်၏ အတွေ့အကြုံများအရ ထီးတော်တင်ရာတွင် အင်္ဂါထောင့်မှ မတင်သင့်ကြောင်း၊ ဆိုးကျိုးတစ်ခုခု ဖြစ်ပေါ်တတ်ကြောင်း စာရေးသူအား ဗဟုသုတအဖြစ် ပြောကြားခဲ့ဘူးသည်။

စာရေးသူသည် ၂၀၁၅ ခုနှစ် မေလအတွင်းက ပြည်မြို့ ရွှေပေါက်ပင် ဆရာတော်ဘုရားကြီးထံ သွားရောက် အဖူးအမြော်ရောက်ရှိခဲ့ရာ ဆရာတော်ဘုရားကြီးအား ထိုကိစ္စနှင့်ပတ်သက်၍ လျှောက်ထားမေးမြန်းခဲ့ရာ ရွှေပေါက်ပင် ဆရာတော်ဘုရားကြီးက ဘုရားထီးတော်တင်လှူရာတွင် ဘုရားဒကာ၏ ဘုမ္မိအရပ်မှ မတင်သင့်ကြောင်း မိန့်ဆိုခဲ့လေသည်။ ဆရာတော်ကြီး၏ မိန့်ဆိုချက်သည် ဝိဇ္ဇာနည်းကျသော မိန့်ဆိုချက်ဖြစ်သဖြင့် အထူးမှတ်သားထားသင့်လေသည်။ ရွှေပေါက်ပင် ဆရာတော်ကြီးက ဆက်လက်မိန့်ကြားရာတွင် ဘုရားစေတီဟောင်းများ ပြန်လည်ပြုပြင်ရာတွင် ပို၍သတိထားရကြောင်း၊ ထိုဘုရားစေတီ၏ ဒကာဟောင်းများသည် မိမိတို့စေတီအား မပျက်စီးစေရေးအတွက် 'ကျိန်စာ'အမျိုးမျိုး ထား

www.burmeseclassic.com

လေ့ရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ ဘုရားစေတီတည်ရာတွင် နားလည် ကျွမ်းကျင် ဗဟုသုတရှိပြီး အကျင့် သီလသမာဓိနှင့် ပြည့်စုံသော ဆရာ တော်ကြီးများ၊ လူပုဂ္ဂိုလ်များတို့က ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်သင့် ကြောင်း မိန့်ကြားခဲ့လေသည်။

ယခုအခါ နဂါးရုံဘုရား တည် ထားကိုးကွယ်မှုများကို နေရာအများ တွင် တွေ့ရှိနေရသည်။ ဂမ္ဘီရပညာ ရှင်များ၏ အလိုအရ ပညတ်သွားရာ တတ်သက်ပါဆိုသကဲ့သို့ နဂါးရုံဘုရား တွင် နဂါး၏အမြီးနှင့် အမောက်တို့ သည် 'တည့်'နေလျှင် ပို၍ ကောင်း သည်ဟု ယူဆကြသည်။ ဘုရားစေတီ အများတွင် နဂါးရုံဘုရားများကို ဖူး မြော်ခဲ့ရရာတွင် အမြီးအမောက် တည့် သည်များရှိသလို အမြီးအမောက် မတည့်သည်များကို များစွာဖူးမြော် ခဲ့ရသည်။

ကျွန်ုပ်မိတ်ဆွေ စာရေးဆရာ ကျော်ဇောဟိန်း(နံ့သာ)၏ 'မြန်မာ လေ့ ဖြစ်ရပ်ဆန်းများနှင့် အကျိုးထူး များ' စာအုပ်တွင်လည်း နဂါးရုံဘုရား တည်ကြရာ အမြီးနှင့် အမောက် မတည့်ကြသဖြင့် ဘုရားတည်လုပ်ငန်း များ ရှောရှောရှူရှူမဖြစ်ခြင်း၊ အချင်း ချင်း စိတ်ဝမ်းကွဲမှုများ ဖြစ်ခဲ့ရခြင်း သည်တို့ကို ကိုယ်တွေ့ ကိုယ်တိုင် တည်ခြင်းမှ ဖြစ်ပေါ်ခဲ့ရကြောင်း ရေး သားထားသည်ကို ဖတ်ရှုခဲ့ရသည်။ ဘုရားတည်သော နေရာသည် လှည်း ကူးမြို့ ငါးဆူတောင်၊ အင်းကန့်လန့် ရွာအနီးရှိ ဘုန်းတော်ကြီးကျောင်းတွင် ဖြစ်သည်။ ထိုဘုန်းကြီးကျောင်းဝင်း အတွင်း စေတီသုံးဆူတည်ပြီးနောက် ပိုလျှံနေသော အုတ်များဖြင့် နဂါးရုံ ဘုရား တည်ကြခြင်းဖြစ်သည်။ နဂါး၏ အမြီးနှင့်အမောက်တို့က မတည့်။ ပန်း ရံဆရာများက နားမလည်၊ မိမိက လည်းမသိ။ ထိုအခါ ဘုန်းတော်ကြီး နှင့်လည်း အဆင်မပြေဖြစ်ရသည်။ ပန်းရန်ဆရာသည်လည်း သူ၏အလုပ် သမားများနှင့် အဆင်မပြေ။ အလှူရှင် များကလည်း အချင်းချင်း စိတ်ဝမ်းကွဲ၊ တစ်ဦးနှင့်တစ်ဦး တစ်နှစ်လောက် အခေါ်အပြော မလုပ်။ ဘုရားလည်း တိုးလိုးတန်းလန်းဖြစ်ခဲ့ရသည်။

တစ်နှစ်ကျော်ကြာပြီးမှ ဆရာ ကျော်ဇောဟိန်း(နံ့သာ)၏ ဆရာဖြစ် သူ ဆရာကြီးဦးအောင်ကြင်မှ ထိုသို့ မပြီးမပြတ်သေးသော နဂါးရုံဘုရားကို တွေ့ရှိပြီး နဂါး၏အမြီးနှင့်အမောက် မတည့်သောကြောင့် ထိုသို့ဖြစ်ကြရ သည်ဟု ရှင်းပြသည်။ နဂါး၏အမြီးနှင့် အမောက်ကို တည့်အောင် ပြန်၍ပြင် စေသည်။ ထိုအခါမှ အားလုံး အဆင် ပြေသွားကြောင်း ကိုယ်တွေ့အဖြစ် အပျက်ကို ရေးသားထားလေသည်။

နဂါးတို့သည် သွားလာနေသော အခါတွင်လည်းကောင်း၊ ခွေနေသော အခါတွင်လည်းကောင်း အမြီးနှင့် အမောက်တို့သည် တည့်နေသော သဘောရှိသည်ဟု ဆိုကြသည်။ နဂါး နှင့်ပတ်သက်၍ –

"အမြီးအမောက် တည့်အောင် လျှောက် ... ပေါက်ရောက်မည်မှန် မြဲကန်"ဟူသော ဆောင်ပုဒ်လည်း ရှိပေသည်။

အမြီးအမောက်တည့်သော နဂါး ရုံဘုရားတွင် ဆုတောင်းခြင်း၊ အဓိဋ္ဌာန် ဝင်ခြင်းတို့ ပြုလုပ်ပါက ဆုတောင်း ပြည့်သည်၊ အဓိဋ္ဌာန်အောင်သည်ဟု ယုံကြည်မှုရှိကြသည်။ နဂါး၏ အမြီး အမောက်တည့်ခြင်းကြောင့် မိမိလုပ် ငန်းများလည်း အမြီးအမောက် တည့် ကြမည်သာ ဖြစ်သည်။ နဂါးရုံဘုရား တည်ရာတွင် အမြီးအမောက်တည့် အောင် ပြုလုပ်ရခြင်းသည် အပန်းကြီး သောကိစ္စမဟုတ်။ ပို၍လည်း ငွေကုန် ကြေးကျ များသွားသည် မဟုတ်။ အလွယ်တကူလုပ်နိုင်သော ကိစ္စပင် ဖြစ်သည်။ အမြီးအမောက် တည့်နေ သောကြောင့် နဂါးရုံဘုရားမှာလည်း ပို၍သပ္ပာယ် ကြည်ညိုဖွယ်ဖြစ်သွား သည်။

ထို့ကြောင့် သူတော်ကောင်းအလှူ ရှင်အပေါင်းတို့သည် နဂါးရုံဘုရား တည်ကြရာတွင် အမြီးအမောက်တည့် စေလိုကြောင်း စေတနာကောင်းဖြင့် ရေးသားဖော်ပြလိုက်ရပေတော့သည်။

**လှစံ(ပညာရေး)**

မှီငြမ်းပြု

စေတီယပကာသနီကျမ်း
(ဘဒ္ဒန္တ မေဓာဝီ)




www.burmeseclassic.com

www.burmeseclassic.com

# ဇင်းကျိုက်တောင် ဖားမဲ့ကုန်းအောင်မြေမှ

# ထူးထူးခြားခြား နဂါးငုံဘုရား

ဂမ္ဘီရဆရာလှမျိုး(B.Sc)



တစ်နေ့တွင် ကျွန်ုပ် စာရေးသူသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်၊ ရောဝတီတိုင်း မှော်ရုံ၏ အရှေ့ဘက်မှ ဝင်သွားရသော ကွမ်းမန်းဆရာတော်ဘုရားကြီး၏ ကျောင်းတိုက်သို့ ရောက်ရှိသွားပါသည်။ ထိုနေရာတွင် ဘုန်းကြီးကျောင်းတွေ စုဝေ နေတာ တွေ့မြင်ရသည်။ အလယ်တည့်တည့်တွင် ဘင်္ဂလားနေ တိုက်ဟု ရေးထားသည်။ ကွမ်းမန်းဆရာတော်ကျောင်းမှာ ရွှေ တိုက်တွင် ပါဝင်သည်။

ဆရာတော်ကျောင်းရောက်သောအခါ ကြိမ်ခုံပေါ်တွင် ထိုင်နေသော ဆရာတော်ကို ဦးစွာပထမ ကန်တော့လိုက်သည် ဆရာတော်မှ "ဂမ္ဘီရ ဖားမဲ့ကုန်းမှာ နဂါးငုံဘုရား တည်နေတယ် ပြီးရင် တစ်ခေါက်လိုက်ခဲ့ကြဦး" ဟု မိန့်ဆိုပါသည်။ ထို့နောက် ဦးပဥ္စင်းဝတ္တတ်အား နဂါးငုံဘုရား၏(ပုံကြမ်းရေးဆွဲထားပုံ) ယူခိုင်းပြီး စာရေးသူကို ပြသည်။ စာရေးသူလည်း နဂါးရုံဘုရားသ အများဆုံး ဖူးတွေ့ရ၍ "နဂါးငုံ" မှာ မည်သည့်အဓိပ္ပာယ် စဉ်းစားပြီး တရားတော်ကို လျှောက်ထားသည်။ ဆရာတော် သူ၏ညီမ အိမ်မက်အရ ပြုလုပ်တည်ထားပေးရကြောင်း မိန့် သည်။ မဟာသင်္ကြန် မကျခင် ဆရာတော်ကျောင်းသို့ စာရေး နှင့် ကျော်ဇောဟိန်း(နံ့သာ) ရောက်ရှိသွားသည်။ ဆ ကျော်ဇောဟိန်းမှာ ဆံပင်အနည်းငယ်ရှည်လာ၍ ဒုလ္လဘရဟာ ဝတ်ချင်စိတ် ဖြစ်ပေါ်လာသည်။ သူ၏သမက်နှင့်သူ နှစ်ယော သင်္ကြန်တရားစခန်းဝင်ရန် ဆရာတော်ကို လျှောက်သည် စာရေးသူလည်း ယခုနှစ် အိမ်ကိစ္စ မပြီးသေး၍ နောင်နှ တရားစခန်းဝင်ရန် လျှောက်ထားသည်။

ဆရာတော်မှ နှစ်ဆန်း(၁)ရက်နေ့တွင် နဂါးငုံဘ ထီးတော်တင် ရေစက်ချ အလှူတော်မင်္ဂလာရှိသည်ဟု မိန့်သ "ဂမ္ဘီရ၊ နှစ်ဆန်းတစ်ရက်နေ့ ထီးတော်တင်ပွဲကို ဓာတ်ပုံရိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာနယ်ထဲမှာ ထည့်ပေးဦး" ဟု မိန့်သည်။ စာရေးသူလည်း အစိုဗ္ဗာန်ကာလအံတွင်း ဖြစ်နေ၍ ဆရာကျော်ဇောဟိန်းကို ကိုယ်စားလှယ်လွှဲသည်။ ဆရာတော်က စာရေးသူကိုယ်တိုင် လာစေချင်သည်။ "သင်္ကြန်အကြတ်နေ့ အလှူရှင်ကားနဲ့ လိုက်ခဲ့ လေကွာ၊ နှစ်ဆန်းတစ်ရက်နေ့ပြီးရင် ပြန်လို့ရတယ်" ဟု ထပ်မံ မိန့်ဆိုသည်။ ဤသို့နှင့် ဆရာတော်ကို လိုက်လာပါမည်ဟု ကတိ ပေးလိုက်သည်။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့ ဇင်းကျိုက် တောင် ဗားမဲ့ကုန်း အောင်မြေတောရ ကျောင်းတိုက်ဝင်းအတွင်း တွင် ဗားမဲ့ဆရာတော် အရှင်သူမြတ်အား ဦးထိပ်ပန်ဆင်လျက် ရန်ကုန်မြို့ ဗဟန်း၊ စံပယ်ရုံကျောင်းတိုက်ဝင်းနှင့် ဗားမဲ့ကုန်း အောင်မြေတောရကျောင်းတွင် သီတင်းသုံးတော်မူသည်။ ကွမ်းမန်း ဆရာတော်ဘုရားကြီးအား အမှူးထားကာ အလှူ့ဒါယကာ၊ ဒါယိကာမများ ဖြစ်ကြသည့် ဦးတင်ထွန်း+ဒေါ်ဝင်းကြည်၊ သား-ရဲမှူးကြီးထွန်းအောင်ကျော်+ဒေါ်ခင်ရှုပ်(အ·ထ·က ပုသိမ်မြို့)၊ သမီး-ကပ္ပတိန်ဦးဇာနီအောင်အောင်+ဒေါက်တာစန္ဒာထွန်း၊ သမီး-ဦးထွန်းနိုင်ဦး+ဒေါ်လင်းလင်းထွန်း၊ မြေး-မောင်ဟိန်းမြတ်အောင်၊ မေသဉ္ဇာအောင်၊ မအိမ့်ချယ်ဦး မိသားစုတို့က ဗုဒ္ဓသာသနာတော် အစွန့်ရှည် တည်တံ့ပါစေခြင်းအကျိုးငှာ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ ထိုက်တော်မူသော နဂါးငုံစေတီ ထီးတော်တင်လှူ ခြင်းနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို သာသနာနှစ် ၂၅၅၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၇ တန်ခူးလကွယ်နေ့၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ (၁၇-၄-၂၀၁၅)သောကြာနေ့တွင် စည်ကားခမ်းနားစွာ ကျင်းပ ဆောင်ရွက်ခဲ့ကြပါသည်။


ကွမ်းမန်းဆရာတော်ကြီးသည် ဗားမဲ့ကုန်းပေါ်တွင် တည်ထားသော ဘုရား စေတီတော်များ ထီးတင်ပွဲ၊ ရေစက်ချပွဲ ပြုလုပ်တိုင်း နှစ်ဆန်းတစ်ရက်နေ့တွင်သာ ပြုလုပ်ပါသည်။ ထိုနေ့ကို ရက်ကောင်း၊ နေ့ကောင်းနေ့မြတ်ဟု ယူဆထားပါသည်။ ရဟန်းသံဃာများလည်း စုံလင်သည်။ အဆိုပါ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ကြသည်။ ဆရာတော် ဦးသုမင်္ဂလ(ရန်ကုန်-ရွှေကျင်တိုက်)မှ ဥပုသ်သီလတော် ချီးမြှင့် သည်။ ကွမ်းမန်းဆရာတော်ကြီးနှင့် သံဃာတော်များက မေတ္တာ သုတ်ပရိတ်တော်များ ရွတ်ဖတ်ကြသည်။ ထို့နောက် တည်ထား မည့် ရွှေစေတီနှင့် ထီးတော်၊ ဌာပနာတော်တို့အား အလှူရှင် မိသားစုတို့က ကွမ်းမန်းဆရာတော်ကြီးထံ ကပ်လှူကြသည်။ ရဟန်းသံဃာ အလှူရှင်တို့သည် တင်လှူမည့် ထီးတော်၊ ဌာပနာတော်တို့အား ဗားမဲ့ကုန်းရှိ မဟာ ဓတုလမာရ်အောင် မာရဝိဇယ စေတီတော်မြတ်အား ၉ ပတ်လှည့် ပူဇော်ကြသည်။ ပူဇော်ခံပြီးသောအခါ နံနက် ၉ နာရီ မင်္ဂလာအချိန် ကျရောက် သည်နှင့် နဂါးငုံစေတီအား ထီးတော်တင်လှူကြပါသည်။ မုစ္စလိန္ဒာ နဂါးမင်းသည် မြတ်စွာဘုရားအား မိုးမစို၊ မှဲ့ခြင်ယင် မကိုက်ရ အောင် ကြည်ညိုသဒ္ဓါစိတ်ဖြင့် ကိုယ်လုံးကို ပလ္လင်ပြုကာ ဦးခေါင်းတော်ကို ဖြန့်ကျက်၍ အမိုးအကာ ပြုလုပ်ပေးထားသည်။

ယခုပုံတော်မှာ နဂါးမင်းကြီး၏ ပါးစပ်ထဲတွင် စေတီ တည် ဌာပနာထည့်ပြီး စေတီငယ်၏ ထီးတော်ကို အပေါ်မှတင်၍ လှူခြင်းဖြစ်ပါသည်။ ထီးတော်အပေါ်မှ နဂါးမင်းက အုပ်မိုးပေး ထားသောပုံဖြစ်သည်။ ထိုပုံတော်ကို ပြုလုပ်ကိုးကွယ်ခြင်းမှာ ကွမ်းမန်းဆရာတော်၏ ညီမဖြစ်သူအား ထိုပုံစံကို ဝတ်ဖြူစင်ကြယ်



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တစ်ဦးမှ အိပ်မက်ထဲတွင် ညွှန်ပြပြီး ရှိခိုးပူဇော် ဆုတောင်းမှု ပြုနိုင်းသည်။ သူမလည်း တက္ကသိုလ်ဝင်တန်းအောင် သားအတွက် ဖြစ်စေချင်သောဆုကို တောင်းလိုက်သည်။ ထိုဆုတောင်းအတိုင်း သားဖြစ်သူမှာ မိုလ်သင်တန်းကို အခက်အခဲကြားမှ အောင်မြင်စွာ တက်ခွင့်ရသွားသည်။ ရာထူးလည်း တိုးတက်လာသည်။ ထိုနဂါးငုံစေတီပုံ တည်မည်ဟု ရည်ရွယ်ထားရာ အိပ်မက် မက်ပြီး နှစ်(၂၀)ခန့်အကြာမှ တည်ဖြစ်သည်။ ယခု ဘုရားဒါယိကာမ ဒေါ်ဝင်းကြည်၏သားမှာ ဒုတိယရဲမှူးကြီး ဖြစ်နေပါပြီ။ အသက် ၄၀ ကျော်သာ ရှိပါသေးသည်။ ထီးတော်တင်ပြီးသောအခါ ဆရာတော် သံဃာတော် အရှင်သူမြတ်များက အနေကဇာတင်လှူကြပါသည်။ နဂါးကြီးအောက်ကိုယ်လုံးပေါ်တွင် ကန်တော့ပွဲ တင်လှူထားသည်။ နဂါးမင်းကို နွားနို့ ပေါက်ပေါက် ဆက်ကြသည်။ ဗားမဲ့ကုန်း အောင်မြေသည် သက်သတ်လွတ်နယ်မြေဖြစ်သည်။ အလှူရှင်မိသားစုမှာလည်း ဝမ်းသာပီတိ ဖြစ်ပြီး ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးကြပါသည်။ အင်္ဂါသားနှစ်ယောက်က အောင်စည်အောင်မောင်းတီးကာ ပရိသတ်များက "အောင်ပြီ အောင်ပြီ" ဟု ကြွေးကြော်ကြပါသည်။ ဆရာတော်များက "ဇယန္တောဗောဓိယာမူလေ" အစရှိ ဂါထာ ရွတ်ဆိုပူဇော်ပေးကြပါသည်။ နဂါးငုံဘုရားအနီးတွင် နဂါးရုံဘုရားတစ်ဆူလည်း ဖူးတွေ့ရသည်။

ထိုနေ့နံနက်ပိုင်း ၁၀ နာရီအချိန်တွင် ဗုဒ္ဓစက်တော်ရာတန်ဆောင်း၌ လှူဒါန်းမှု အစုစုတို့အား ရေစက်ချ အလှူတော် မင်္ဂလာ ကျင်းပကြပါသည်။ ဘုရားဒါယကာ ဦးတင်ထွန်း+ဘုရားဒါယိကာမ ဒေါ်ဝင်းကြည် မိသားစုတို့က သံဃာတော် (၁၈)ပါးအား လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ်ကြသည်။ ရေစက်ချပြီးသောအခါ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ကြပါသည်။


ဗားမဲ့ကုန်းသို့ အချိန်မရွေး သွားရောက်၍ နဂါးငုံဘုရားအား ဖူးမြော်ကြည်ညိုပြီး လိုရာဆန္ဒဆုတစ်ခု တောင်းပါက ပြည့်စေပါသည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဗားမဲ့ကုန်းသာသနာ့နယ်မြေ၌ ထူးထူးခြားခြား နဂါးရုံဘုရားကို အောင်မြင်စွာ တည်ထားကိုးကွယ်ခဲ့ကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့ကြပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# နဂါးရုံဘုရား ကိုးကွယ်ကြားက စီးပွားဥစ္စာ တိုးတက်အံ့

## ပထမံဆရာကြီး ဦးအောင်သူ

နဂါးဘုရား၊ နဂါးရုံဘုရား၊ နဂါးကိုးကောင်ဘုရား၊ နဂါးစကြာဘုရား သည်ဖြင့် အမျိုးမျိုးဘွဲ့တော်များ သတ်မှတ်၍ ကိုးကွယ်ကြသည်ကို ယနေ့ခေတ်တွင် အတော်ထင်ပေါ် လျက် ရှိနေသည်ကို သိရသည်။

ဤအထဲတွင် ရှမ်းပြည်ဘက်၌ နဂါးကိုးကောင် ဆရာတော်ဆိုလျှင် လူသိများလှပါသည်။ နောက်တစ်ဖန် ရန်ကုန်တိုင်း သဃ်န်းကျွန်းကြီးတွင် ဆရာတော် ဦးဝိဇ္ဇာဒီပမှ ထူးထူးဆန်းဆန်း နဂါးရုံဘုရားကို နဂါးကိုးကောင် ပြုလုပ်လျက် နဂါးစကြာဘုရားဟူ၍ ဘွဲ့တော်ပေးပြီး တည်ဆောက်နေပါသည်။

မည်သို့ပင်ဆိုစေ သမိုင်းရဲ့အစ ပထမတွင် အထင်အရှားရှိခဲ့သည်က နဂါးရုံဘုရားဟူ၍ပင် အထင်အရှား ရှိခဲ့ပြီး ယနေ့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများရဲ့ အိမ်၌သော်လည်းကောင်း၊ ကျောင်းကန်အသီးသီးတွင် ထားရှိကိုးကွယ်ကြသည်ကို တွေ့ရ၏။

သမိုင်း၏ အစကား –

မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် (သောကြာနေ့)တွင် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သော မယ်

www.burmeseclassic.com

*နဂါးရုံဘုရားရုပ်တုဖြစ်စေ၊ ဓာတ်ပုံဖြစ်စေ မိမိတို့အိမ်၊ ဈေးဆိုင်၊ ရုံးခန်းများတွင် ထားရှိပူဇော်ပါက ဘုန်းကြီးခြင်း၊ စီးပွားတိုးတက်ခြင်း၊ လာဘ်လာဘဝင်ခြင်း စသော အကျိုးထူးများ ရရှိပါလိမ့်မည် ဖြစ်ပါသည်။*

တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်တွင် မဟာသက္ကရာဇ် ၆၇ ခု၊ ကဆုန်လပြည့် (သောကြာနေ့)တွင် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီး၏ တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီး မယ်တော်မာယာသည် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။ သိဒ္ဓတ္ထမင်းသားသည် ၁၆ နှစ်အရွယ်တွင် ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ယသော်ဓရာဒေဝီမင်းသမီးနှင့် စုလျားရစ်ပတ်လက်ထပ်ပြီး ရွှေနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်၍ သက်တော် ၂၉ နှစ်အရွယ် သားတော်ရာဟုလာဖွားသည့်ညမှာပင် တောထွက်တော်မူသည်။ ဥရုဝေလတောအုပ်ရှိ နေရဥ္စရာ မြစ်အနီးမှ လိုဏ်ဂူတော်အတွင်း ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာအကျင့်ကို နေ့ညမနား ကျင့်တော်မူခဲ့သော်လည်း တရားထူးမရရှိခဲ့သဖြင့် နောက်ဆုံး၌ မိမိကျင့်ကြံနေသော အစွန်းရောက်လမ်းစဉ်ဖြစ်သည့် ဒုက္ကရစရိယာ လမ်းစဉ်မှ ဖယ်ခွာ၍ မဇ္ဈိမပဋိပဒါမည်သော အလယ်အလတ်လမ်းစဉ်ကို ပြောင်းလဲကျင့်သုံး အားထုတ်သောအခါမှ တရားထူးကို သိမြင်ကာ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားရှင်သည် ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသ၊ မဂဓတိုင်းရှိ မဟာဗောဓိပင်ဌာန၌ ဘုရားအဖြစ်သို့ ရောက် ရှိတော်မူပါသည်။ ထိုသို့ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သတ္တ သတ္တာဟံ စံနေတော်မူသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ငါးဆယ့်တစ်လံကွာရှိ မုစ္ဆလိန္ဒာမည်သော ရေအိုင်အနီးရှိ ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးပြန်၏။ မြတ်စွာဘုရားသည် ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးစံပယ်တော်မူနေစဉ် စကြဝဠာတိုက်အားလုံးအနှံ့ အခါမဲ့မိုးကြီး ရွာသွန်းလေသောကြောင့် မုစ္ဆလိန္ဒာနဂါးမင်းသည် မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ဖြင့် ခင်းဖြန့်ရစ်ပတ်အုပ်မိုးလျက် ကာကွယ်ပူဇော်ပါသည်။ မြတ်စွာဘုရားသည် နဂါးမင်း၏ အခွေထက်တွင် ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ဝင်စား၍နေတော်မူပါသည်။ ထိုအရပ်ကို မုစ္ဆလိန္ဒာသတ္တာဟခေါ်၏။

ယနေ့ ကျွန်ုပ်တို့ကိုးကွယ်မူပြုနေသော နဂါးရုံမြတ်စွာဘုရားကို မုစ္ဆလိန္ဒာအိုင်၌ သီတင်းသုံးနေဟန်တီထွင်ဆန်းသစ်စွာ ဖော်ပြနေသည်ကပင် ပို၍ ကြည်ညိုစရာကောင်းလှပါပေ၏။

ဒါကြောင့်ပင် နဂါးရုံဘုရားရုပ်တုဖြစ်စေ၊ ဓာတ်ပုံဖြစ်စေ မိမိတို့အိမ်၊ ဈေးဆိုင်၊ ရုံးခန်းများတွင် ထားရှိပူဇော်ပါက ဘုန်းကြီးခြင်း၊ စီးပွားတိုးတက်ခြင်း၊ လာဘ်လာဘဝင်ခြင်း စသော အ[illegible]ထူးများ ရရှိပါလိမ့်မည် ဖြစ်ပါသည်။

စီးပွားတက်ရန် နဂါးရုံဘုရားကို ထုလုပ်ကိုးကွယ်ရာ၌ –

တနင်္ဂနွေသားသမီး – ကံ့ကော်သား၊ တနင်္လာသားသမီး – ဆီးသား၊ အင်္ဂါသားသမီး – လင်းလွန်းသား၊ ဗုဒ္ဓဟူးသားသမီး – ပေါက်သား၊ ကြာသပတေးသားသမီး – သင်းဝင်သား၊ သောကြာသားသမီး – ထိန်သား၊ စနေသားသမီး – အင်သား။

**အကြံပြုချက် –**


နဂါးရုံဘုရားကိုတည်သော သူတော်ကောင်းအပေါင်းတို့ အကြံပြုလိုက်ပါသည်။ နဂါးရုံဘုရား ရေကန်အနီးတွင် ကျွန်းပင်ကိုစိုက်ပျိုး၍ ထားရှိပါလျှင် အလွန်ကောင်းမွန်မည် ဖြစ်ကြောင်း အကြံပြုလိုက်ရပါသည်။

**ပထမံဆရာကြီး ဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်ရိုးရာ အမွေးတိုင် အတိတ်နိမိတ်

✦ ဆရာကြီး အရိန္ဒမာ

ရာဇဝင်သက်တမ်း ရှည်ကြာခဲ့သော အာရှတိုက်က တရုတ်လူမျိုးများသည် ရှေးဟောင်း ဂမ္ဘီရသိပ္ပံ ဝိဇ္ဇာဓရ လောကီပညာရပ်များကို သိရှိနားလည်ခဲ့ကြ၏။

တရုတ်လူမျိုးများ ရှေးအစဉ်အဆက်က လက်ခံယုံကြည်လာခဲ့သော တရုတ်ရိုးရာ အစဉ်အလာ အမွေးတိုင် အတိတ်နိမိတ် ကောက်ပုံကောက်နည်းကို ပြဆိုပါအံ့။

**မိမိယုံကြည်ကိုးကွယ်ရာ**

(၁) စကြာမုနိ မြတ်စွာဘုရား ရုပ်ပွားတော်ရှေ့၌ ဖြစ်စေ၊

(၂) ကွမ်ယင်မယ်တော် ရုပ်တုရှေ့၌ ဖြစ်စေ၊

(၃) အန်းကုံးဘိုးတော် ရုပ်တုရှေ့၌ဖြစ်စေ၊


(၄) သိဒ္ဓိရှင် ကျိုကုန်းရုပ်တုရှေ့၌ ဖြစ်စေ၊

(၅) ကွမ်တေးရား ရုပ်တုရှေ့၌ ဖြစ်စေ၊

(၆) တွာပေးကုံး ရုပ်တုရှေ့၌ ဖြစ်စေ


အမွေးတိုင်အိုးတွင် အမွေးတိုင် (နံ့သာတိုင်) သုံးချောင်းကို မီးညှိ၍ ဆုတောင်းပြီး တန်းစီစိုက်ထားပါ။ မိမိစိုက်ထားသော အမွေးတိုင်သုံးချောင်းသည် ဖော်ပြပါပုံများအတိုင်း မီးကွဲ လောင်နေခဲ့သော်...

www.burmeseclassic.com





(၁)

ပုံစံအတိုင်း ဖြစ်နေလျှင် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းတတ်၏။




(၂)

ပုံစံအတိုင်း ဖြစ်နေလျှင် သုံးရက်အတွင်း ကောင်းမြတ်သော မင်္ဂလာသတင်းများ ကြားသိရတတ်၏။




(၃)

ပုံစံအတိုင်း ဖြစ်နေလျှင် ဆယ်အရက်အတွင်း ကောင်းမြတ်ခြင်း ချမ်းသာနှင့် ပြည့်စုံလာမည်။ (ကုသိုလ်ကံကောင်းခြင်းကို ဆိုလို၏။)




(၄)

ပုံစံအတိုင်း ဖြစ်နေလျှင် တစ်ရက်အတွင်း ငွေအစုလိုက်အပြုံလိုက် ဝင်လာတတ်သည်။




(၅)

ပုံစံအတိုင်း ဖြစ်နေလျှင် လုပ်ငန်းများ တိုးချဲ့နိုင်လျှင် အကျိုးများတတ်သည်။ ဘေးအန္တရာယ်မရှိပါ။





(၆)

ပုံစံအတိုင်း ဖြစ်နေလျှင် သုံးရက်အတွင်း သူတော်စင်တစ်ပါးက ထူးထူးခြားခြားကို စောင့်ရှောက်မည်ဖြစ်၏။




(၇)

ပုံစံအတိုင်း ဖြစ်နေလျှင် မိမိ၏အိမ်သို့ ဘုရားရှင်ကိုယ်တိုင် ကြွရောက်၍ စောင့်ရှောက်ခြင်းသဘောကို ပြဆိုခြင်းဖြစ်၏။




(၈)

ပုံစံအတိုင်း ဖြစ်နေလျှင် တန်ခိုးရှင် နတ်မင်းများက စောင့်ရှောက်ခြင်းသဘောကို ပြဆိုခြင်းဖြစ်၏။




(၉)

www.burmeseclassic.com


www.burmeseclassic.com

ပုံစံအတိုင်းဖြစ်နေလျှင် သူတော်စင်တစ်ပါးက ကောင်းမြတ်ခြင်းဖြစ်ရန် လာရောက်တိုက်တွန်းတတ်၏။




(၁၀)

ပုံစံအတိုင်း ဖြစ်နေလျှင် ကြုံတွေ့မည့်ဘေးအန္တရာယ်များ ပပျောက်သွားပြီဟု မှတ်ယူပါ။





(၁၁)

ပုံစံအတိုင်း ဖြစ်နေလျှင် ပုဂ္ဂိုလ်ထူးတစ်ဦးနှင့် တွေ့ကြုံပြီး ကောင်းမြတ်သောအရာများ ချီးမြှင့်ခံရတတ်၏။





(၁၂)

ပုံစံအတိုင်း ဖြစ်နေလျှင် ဝမ်းသာပီတိ ဖြစ်ရတတ်သည်။ အဖိုးတန်ရတနာများ ရရှိတတ်၏။





(၁၃)

ပုံစံအတိုင်း ဖြစ်နေလျှင် မိုးအောက် မြေပြင်မှာ ကံအလွန်ကောင်းနေချိန်ဖြစ်၏။





(၁၄)

ပုံစံအတိုင်း ဖြစ်နေလျှင် သုံးရက်အတွင်း ကြီးကျယ်မြင့်မြတ်သောပုဂ္ဂိုလ်တစ်ယောက်က ဖိတ်ခေါ်ခြင်းခံရတတ်၏။





(၁၅)

ပုံစံအတိုင်း ဖြစ်နေလျှင် ဥစ္စာပစ္စည်းများ ခိုးယူခြင်း ခံရတတ်သည်။ (သတိပြုရန်)




(၁၆)

ပုံစံအတိုင်း ဖြစ်နေလျှင် ခုနစ်ရက်အတွင်း ပြဿနာတစ်ခုပေါ်ပေါက်ကာ ဖြေရှင်းရတတ်၏။ (သတိပြုရန်)




(၁၇)

ပုံစံအတိုင်း ဖြစ်နေလျှင် ရှာဖွေသော ဥစ္စာပစ္စည်းများသည် ညာဘက်ကဝင်လျှင် ဘယ်ဘက်ကထွက်၊ ဘယ်ဘက်ကဝင်လျှင် ညာဘက်က ထွက်တတ်သည်။ (ရှာ၍ရသော ပစ္စည်းများ မမြဲဟု ဆိုလိုသည်။) (သတိပြုရန်)



www.burmeseclassic.com

www.burmeseclassic.com





(၁၈)

ပုံစံအတိုင်း ဖြစ်နေလျှင် ပစ္စည်းဥစ္စာများ ဆုံးပါးယုတ်လျော့တတ်၏။ (မီးညှိပြီးပြီးချင်း ၎င်းပုံစံအတိုင်း မီးသေသွားလျှင် သတိပြုပါ။)





(၁၉)

ပုံစံအတိုင်း ဖြစ်နေလျှင် စိတ်ချမ်းသာတတ်၏။ တရားကျင့်ကြံလျှင် တရားထူး ရရှိတတ်သည်။ အောင်မြင်သည့် အချိန်အခါဖြစ်၏။





(၂၀)

ပုံစံအတိုင်းဖြစ်နေလျှင် ကောင်းမှုကုသိုလ် ပြုပေးပါ။ ကောင်းကျိုးချမ်းသာကို ရရှိတတ်၏။





(၂၁)

ပုံစံအတိုင်းဖြစ်နေလျှင် ပြဿနာပေါ်တတ်သည်။ (သို့မဟုတ်) နေအိမ်ရှိ သတ္တဝါငယ်တစ်ကောင် အသက်ဆုံးရှုံးတတ်၏။





(၂၂)

ပုံစံအတိုင်း ဖြစ်နေလျှင် ခုနစ်ရက်အတွင်း ဆိုးသွမ်းသော လူငယ်တစ်ယောက်နှင့် ရင်ဆိုင်ကြုံတွေ့ပြီး ပြဿနာ ဖြေရှင်းရတတ်၏။




(၂၃)

ပုံစံအတိုင်း ဖြစ်နေလျှင် ရုတ်တရက် ဖျားနာတတ်သည်။ အိပ်ရာတွင်လဲပြီး လူမမာ ဖြစ်သွားတတ်၏။




(၂၄)

ပုံစံအတိုင်း ဖြစ်နေလျှင် ခုနစ်ရက်အတွင်း မိဘ (သို့မဟုတ်) နေအိမ်က အကြီးအကဲတစ်ဦး ကွယ်လွန်အနိစ္စရောက်ရှိတတ်၏။ (မီးညှိပြီးပြီးချင်း ၎င်းပုံစံအတိုင်း မီးငြိမ်းနေခဲ့လျှင် သတိပြုပါ။)

**စာရေးသူမှတ်ချက်** ။ ။ မီးတွန်းညှိထားသော အမွှေးတိုင်၏ ပြာများသည် အောက်သို့ မကြွေကျဘဲ အချောင်းလိုက် ကျန်နေလျှင်သော်လည်းကောင်း၊ အမွှေးတိုင် ပြာချောင်းသည် ကောက်ကွေး၍ ဝလုံးပုံသဏ္ဌာန်ဖြစ်နေလျှင်သော်လည်းကောင်း မမျှော်လင့်ဘဲ ငွေကြေးခနများ အစုလိုက်အပြုံလိုက်ဝင်တတ်သည်မှာ ကိုယ်တွေ့ဖြစ်၏။

**ဆရာကြီး အရှိန္ဒမာ**

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ

# ရွှေပညာ (၃၅)

## လျင်မြန်စွာ အောင်မြင်ပြီးစီးသော စရေဓာတ်

**ဇာနည်းဗွေဒီတွေနီး**

"ဒီကနေ့တော့ ကက်ကင်းရိုက်တဲ့နည်းနဲ့ ကုန်ရောင်းထွက်အောင် လုပ်တဲ့အကြောင်း သင်ခန်းစာကို ဆွေးနွေးကြမယ်။ ဒီလို ကုန်ပစ္စည်းထွက်အောင် ဆောင်ရွက်တဲ့နေရာမှာ လုပ်ဆောင်စီမံကို နည်းဥပဒေကို ရှေးဆရာအရှင်တွေက ချမှတ်ထားကြတယ်။ ဒါကို လွန်ဆန်ပြီးတော့ မဆောင်ရွက်သင့်ဘူး။ ဆရာ/ဆရာမတွေရဲ့နည်းအတိုင်း လုပ်တာက အန္တရာယ်ကင်းပြီး အောင်မြင်မှု ရာခိုင်နှုန်း များလို့ပဲ။ ဆရာတွေက ကိုယ်တိုင်အသုံးချခဲ့ပြီးဖြစ်သလို အများအသုံးချနိုင်အောင် ဝေငှပေးခဲ့တဲ့ပညာတွေပဲ"

"ကုန်ရောင်းထွက်စေမယ့် ကက်ကင်းဓာတ်ရိုက်တဲ့ နည်းဥပဒေက ဘယ်လိုလဲအစ်ကို"

"သေသေချာချာ မှတ်ထားနော်။

ကုန်ပစ္စည်း ရောင်းနေတဲ့ ကုန်သည်တစ်ဦးဟာ မိမိမှာရှိနေတဲ့ ကုန်ပစ္စည်းကို ထွက်စေချင်ရင် ဘယ်လိုကုန်ပစ္စည်းပဲဖြစ်ဖြစ် ကုန်ပစ္စည်းရဲ့ နံသင့်အတိုင်း အရင်းမှ အဖျားကို ကောက်ယူပြီးတော့ အဲဒီကုန်ပစ္စည်းရဲ့ ကက်ကင်းခေါ် ဓာတ်ပြန်ဖြစ်နေသော အမည်ရတဲ့ သစ်ကိုင်းသစ်ခက်နဲ့ ရိုက်ရမယ်။

ရိုက်ပုံ ရိုက်နည်းကတော့ စရေဓာတ်ပေါ်တဲ့အချိန်မှာ ရိုက်ရမယ်။ ရိုက်ရမယ့် အချက်ပေါင်းက ကုန်ပစ္စည်းရဲ့အရင်းအဖျားနံ ဂဏန်းတွေကို ပေါင်းလို့ရတဲ့ အရေအတွက်အတိုင်း ရိုက်ရမယ်။ ကုန်ပစ္စည်းထွက်စေဖို့ကိုလည်း စိတ်က လေးလေးနက်နက်ထားရမယ်။ ပါးစပ်ကလည်း "ထွက် ထွက်စေ"လို့ဆိုပြီး ရိုက်ရမယ်"

**ကုန်ပစ္စည်းထွက်ရန် ကက်ကင်းအစီအမံ**

"ဒါကို ဥပဒေသထုတ်ကြည့်လိုက်။

၁။ ကုန်ပစ္စည်းရဲ့ အရင်းနံနဲ့ အဖျားနံကို ကောက်ယူရမယ်။

၂။ ကုန်ပစ္စည်းရဲ့ အရင်းနံနဲ့ အဖျားနံ ပြောင်းပြန်နံတူ သစ်ကိုင်းသစ်ခက်ကို ရှာရမယ်။

၃။ ကုန်ပစ္စည်းရဲ့ အရင်းနံဂဏန်းနဲ့ အဖျားနံဂဏန်းနှစ်ရပ်ပေါင်း အရေအတွက်အတိုင်း ကုန်ပစ္စည်းကို သူ့ရဲ့ရင်းဖျား ပြောင်းပြန်ဖြစ်နေတဲ့ သစ်ကိုင်းသစ်ခက်နဲ့ ရိုက်ရမယ်။

၄။ ရိုက်ရမယ့် အခါကတော့ စရေဓာတ်ပေါ်တဲ့ သောကြာအခါမှာ ဖြစ်တယ်။

၅။ စိတ်က ကုန်ပစ္စည်းထွက်စေရန် အလေးအနက်ထားရမယ်။

၆။ ထွက်၊ ထွက်စေလို့ ပါးစပ်က ပြောဆိုပြီး ရိုက်ထုတ်ရမယ်။

ဒါက ကုန်ထွက်အောင် ကက်ကင်းဓာတ်ရိုက်တာကို နည်းဥပဒေ အချက်လေးတွေ ထုတ်ကြည့်တာပါ။ အဲဒီအချက်ခြောက်ချက် မတိမ်းမယွင်းအောင် ဆောင်ရွက်ဖို့လိုတယ်။

ဒီနေရာမှာ စရေဓာတ်ပေါ်တဲ့ သောကြာအခါဟာ ဘယ်အခါလဲ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်အချိန်လဲဆိုတာ လိုအပ်နေပြီ။ သာမန်လူတွေကတော့ စရေဓာတ် အခါပေါ်တဲ့အချိန်ကို သိမှာမဟုတ် သလို ရှာလို့လည်း တတ်မှာမဟုတ် ဘူး။ အင်္ဂဝိဇ္ဇာပညာကို လေ့လာလိုက် စားလို့ အတော်ကလေး တတ်သိလာ မှ စရေဓာတ်ပေါ်တဲ့အခါကို သိကြမှာ မဟုတ်ဘူး။

အင်္ဂဝိဇ္ဇာ အပေါ်ယံပိုင်းလောက် ပဲ လေ့လာလိုက်စားနေတဲ့သူအဖို့က တော့ စရေဓာတ်အခါကို သိမှာ မဟုတ်ဘူး။ ဓာတ်ရိုက်ဓာတ်ဆင် လုပ် နေကြသူတွေတောင် အချို့ မလေ့ လာမိကြတဲ့သူတွေ ရှိသေးတယ်"

"အစ်ကိုပြောတာ ဟုတ်တယ်။ ကုန်သည်တွေအနေနဲ့ သူတို့ရဲ့ကုန် ပစ္စည်းကို ရောင်းထွက်ရလေအောင် စရေဓာတ်ပေါ်တဲ့ အချိန်မှာမှ ပြောင်း ပြန်နံ့အမည်ရတဲ့ သစ်ကိုင်းသစ်ခက် နဲ့ ရိုက်ရမယ်ဆိုရင် စရေဓာတ်ပေါ် တဲ့အချိန်ဟာ ဘယ်အချိန်လဲဆိုတာ မသိရင် ဘယ်လိုလုပ်မလဲ။

အချို့ ကျွန်တော် တွေ့ဖူးတယ်။ ကုန်ပစ္စည်းထွက်ဖို့ သစ်ကိုင်းသစ် ခက်နဲ့ ရိုက်တဲ့နေရာမှာ စရေဓာတ် ပေါ်မှန်းမပေါ်မှန်း မသိဘူး။ စိတ်ကူး ပေါ်တဲ့အခါ ရိုက်ချင်သလို ရိုက်နေကြ တာပဲ။ အချက်ရေလည်း အတိအကျ မရှိဘူး။ ရိုက်ချင်သလောက်ကို ရိုက် နေကြတယ်။ စရေဓာတ်အကြောင်း ကျွန်တော်အပါအဝင် အသုံးပြုလိုသူ အားလုံး နားလည်အောင် အစ်ကို စာ ပြန်ရေးတဲ့အခါ ရှင်းပြပေးပါ အစ်ကို'

◆◆◆

**စရေဓာတ်အကြောင်း**

"အန္တော၊ ဂမ္ဘော၊ စရေ၊ ဝံသေ ဆိုပြီး အင်္ဂဝိဇ္ဇာပညာမှာ နံ့ရှစ်ပါးကို နှစ်နံ့တွဲပြီး တစ်နည်းအားဖြင့် ဂြိုဟ်ရှစ် လုံးကို ရှစ်လုံးတွဲပြီး ဓာတ်လေးပါးဖွဲ့ ထားတယ်။

အန္တော = တနင်္ဂနွေ + စနေက မီးဓာတ်၊

ဂမ္ဘော = တနင်္လာ + ကြာသပ တေးက မြေဓာတ်၊

စရေ = အင်္ဂါ + ရာဟုက လေ ဓာတ်၊

ဝံသေ = ဗုဒ္ဓဟူး + သောကြာ က ရေဓာတ်။

စရေလို့ခေါ်တဲ့ အင်္ဂါ၊ ရာဟု လေဓာတ်ဟာ အလျင်အမြန်ပြီးစီးစေ တဲ့ အစွမ်းအာနိသင် ရှိတယ်။ ဒါ ကြောင့်မို့ ကိုယ်ပြုလုပ်လိုတဲ့ အမှုကိစ္စ ကြီးငယ်များ အလျင်အမြန်ဖြင့် နှောင့် နှေးကြန့်ကြာမှု မရှိစေဖို့အတွက် စရေ ဓာတ်အခါကို အသုံးပြုကြရတယ်။ စရေဓာတ်အခါမှာပြုဆောင်ကြရတယ်"

"အခါတိုင်တွေ မောင်သန်းဇော် ထုကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ အစ်ကို"

"အခါတိုင်တွေ အကုန်လုံးကို မောင်သန်းဇော်လိုက်ကြည့်။ ဘယ် တိုင်မှာ စရေဓာတ် အကုန်အစုံပေါ်နေ သလဲဆိုတာ။ ကြည့်ရမှာက အခါတိုင် ရဲ့ အထက်သုံးလုံးကို ကြည့်ရမှာနော်။

အင်္ဂဝိဇ္ဇာ အခါတိုင်ထုတဲ့အခါ နေ့ခုနစ်နေ့ကိုပဲ မူတည်ပြီး ထုလေ တော့ ရာဟုပျောက်နေတယ်။ ဗုဒ္ဓဟူး = (၄)ကို ဗုဒ္ဓဟူးအပြင် ရာဟု(၈) လို့ပါ ယူရမယ်။ အထက်သုံးလုံးမှာ ရှာကြည့်ရမယ့် ဂဏန်းတွေက (၃) ဂဏန်းနဲ့ (၄)ဂဏန်းပဲ။

(၃)ဂဏန်းက အင်္ဂါလေပြည်ကို ညွှန်းဆိုတယ်။

(၄) ဂဏန်းက ရာဟု လေမုန် တိုင်းကို ညွှန်းဆိုတယ်။

အထက်သုံးလုံးမှာ (၃)တစ်လုံး ပဲတွေ့ရင် အင်္ဂါ(လေပြည်)ဓာတ်ပေါ် တယ်။ ရာဟု လေမုန်တိုင်းငုပ်နေ တယ်လို့ မှတ်ရမယ်။


အထက်သုံးလုံးမှာ (၄)တစ်လုံး ပဲတွေ့ရင် ရာဟု(လေမုန်တိုင်း) ဓာတ် ပေါ်တယ်လို့ မှတ်ရမယ်"

"အခါတိုင်တွေ ကြည့်လိုက်တဲ့ အခါမှာ

၁။ တနင်္လာအခါတိုင်မှာ လေ ပြည်ပေါ်တယ်။ မုန်တိုင်းငုပ်တယ်။

၂။ အင်္ဂါအခါတိုင်မှာ မုန် တိုင်း = ၄ ပေါ်တယ်။ လေပြည် = ၃ ငုပ် တယ်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |






www.burmeseclassic.com

www.burmeseclassic.com

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၆ | ၀ | ၁ | ၂ | (၃) | (၄) |
| ၂ | (၃) | (၄) | ၅ | ၆ | ၀ | ၁ |
| ၆ | ၀ | ၁ | ၂ | (၃) | (၄) | ၅ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |
| (နွေခါ) | (လာခါ) | (ဂါခါ) | (ဟူးခါ) | (တေးခါ) | (ကြာခါ) | (နေခါ) |
| (၁-ခါ) | (၂-ခါ) | (၃-ခါ) | (၄-ခါ) | (၅-ခါ) | (၆-ခါ) | (၇-ခါ) |

၃။ ကြာသပတေးတိုင်မှာ လေပြည် = ၃ ပေါ်တယ်။ မုန်တိုင်း = ၄ ငုပ်တယ်။

၄။ စနေအခါမှာ မုန်တိုင်း = ၄ ပေါ်တယ်။ လေပြည် = ၃ ငုပ်တယ်။

၅။ တနင်္ဂနွေနဲ့ ဗုဒ္ဓဟူးအခါတိုင်တွေမှာတော့ ဓာတ်နှစ်ပါးလုံး စုံငုပ်နေတယ်။

၆။ သောကြာတိုင်မှာသာ လေပြည် = ၃ ရော၊ မုန်တိုင်း = ၄ ပါ အပေါ်သုံးလုံး အထက်တန်းမှာ တွေ့လို့ စရေဓာတ်အပြည့်အဝ ပေါ်ပါတယ် အစ်ကို။ သောကြာအခါတိုင်တစ်ခုတည်းမှာသာ အစုံပေါ်တာပါ''

''ဒါကြောင့်မို့ စရေဓာတ်ပေါ်တာ သောကြာအခါ တစ်ခုတည်းပဲရှိတော့ အလျင်အမြန် ပြီးစီးအောင်မြင်စေချင်ရင် စရေဓာတ်ပေါ်တဲ့ သောကြာအခါမှာ ဓာတ်ရိုက်ခြင်းအမှုကို ပြုကြတာပေါ့။ စရေဓာတ်ပေါ်တဲ့ သောကြာအခါဟာ နေ့တိုင်းမှာရှိတယ်။

တစ်နေ့ကို အခါရှစ်ပိုင်း ပိုင်းခွဲထားတယ်။ အခါတစ်ခါကို အချိန်တစ်နာရီခွဲ ပိုင်းခြားထားတယ်။ အခါကို စတင်တာကတော့ နေ့တစ်နေ့ရက် နံနက် ၆ နာရီကနေ ညနေ ၆ နာရီအတွင်း ဖြစ်တယ်။ နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ အခါတွေကို တစ်နာရီခွဲစီပိုင်းခြားသွားမယ်ဆိုရင် ...

ပဌမအခါ = နံနက် ၆း၀၀ နာရီမှ ၇း၃၀ နာရီထိ၊

ဒုတိယအခါ = နံနက် ၇း၃၀ နာရီမှ ၉း၀၀ နာရီထိ၊

တတိယအခါ = နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီထိ၊

စတုတ္ထအခါ = နံနက် ၁၀း၃၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ၊

ပဉ္စမအခါ = မွန်းလွဲ ၁း၃၀ နာရီမှ ၃း၀၀ နာရီထိ၊

ဆဋ္ဌမအခါ = မွန်းလွဲ ၁း၃၀ နာရီမှ ၃း၀၀ နာရီထိ

သတ္တမအခါ = မွန်းလွဲ ၃း၀၀ နာရီမှ ၄း၃၀ နာရီထိ၊

အဋ္ဌမအခါ = မွန်းလွဲ ၄း၃၀ နာရီမှ ၆း၀၀ နာရီထိ

အခါရှစ်ပါး ရပ်တည်နေတဲ့ အချိန်ပိုင်းတွေကို ရရှိမှာဖြစ်တယ်''

''အစ်ကို ဆွေးနွေးပေးတာကလည်း လစ်ဟာမှုမရှိအောင် အသေးစိတ်ကို ဆွေးနွေးပေးတာပဲ။ ဒါဆိုရင် စရေဓာတ်ပေါ်တဲ့ သောကြာအခါတွေ နေ့အလိုက်ပေါ်တဲ့အချိန်ကို ထပ်ရှင်းပြဆွေးနွေးပြရင် ကောင်းမယ်လို့ ယူဆတယ်''

''နေ့တစ်နေ့ကို အခါရှစ်ပါး ပိုင်းတဲ့နေရာမှာ ဆရာတွေက လင်္ကာနဲ့ ဖော်ပြထားတယ်။ သူရဇ္ဇ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောအ၊ သူရဇ္ဇ ...တဲ့။ သူရဇ္ဇက တနင်္ဂနွေ၊ သောကြက သောကြာ၊ ဗုဒ္ဓက ဗုဒ္ဓဟူး၊ စန္ဒြာက တနင်္လာ၊ သောရိက စနေ၊ ဂုရုက ကြာသပတေး၊ ဘောမက အင်္ဂါဆိုတာ သိဖို့လိုတယ်။



www.burmeseclassic.com

www.burmeseclassic.com

| နေ့ | (ပ)ခါ ၁ | (ဒု)ခါ ၂ | (တ)ခါ ၃ | (စ)ခါ ၄ | (ပဥ္စ)ခါ ၅ | (ဆဋ္ဌ)ခါ ၆ | (သတ္တ)ခါ ၇ | (အဋ္ဌ)ခါ ၈ |
|---|---|---|---|---|---|---|---|---|
| နွေ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြော | သောရီ | ဂုရု | ဘောမ | သူရဿ |
| လာ | စကြာ | သောရီ | ဂုရု | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြော |
| ဂါ | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြော | သောရီ | ဂုရု | ဘောမ |
| ဟူး | ဗုဒ္ဓ | စန္ဒြော | သောရီ | ဂုရု | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ |
| တေး | ဂုရု | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြော | သောရီ | ဂုရု |
| ကြာ | သောကြ | ဗုဒ္ဓ | စန္ဒြော | သောရီ | ဂုရု | ဘောမ | သူရဿ | သောကြ |
| နေ | သောရီ | ဂုရု | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြော | သောရီ |

နေ့တစ်နေ့ရဲ့ အခါရှစ်ပါးကို ရှာတဲ့အခါ တနင်္ဂနွေနေ့ဆိုရင် သူရဿကစရွတ်ပြီး အခါရှစ်ပိုင်းပိုင်းတယ်။ တနင်္လာနေ့ဆိုရင် စန္ဒြောဆိုတဲ့ တနင်္လာကနေ စရွတ်ပြီး အခါရှစ်ပိုင်းပိုင်းတယ်။ အဲဒီလင်္ကာကို ဖြုတ်နံ့ဂဏန်းပြောင်းလိုက်ရင် ဘယ်အချိန်မှာ ဘာအခါမှန်း သိရပြီပေါ့။ ဇယားလေး ထုတ်ကြည့်ရအောင်။

ဇယားအရ သောကြာဆိုတဲ့ အခါတွေဟာ သောကြာအခါတွေပဲ။ စရေမာတ်ပေါ်တဲ့ အခါတွေပဲ။ တနင်္ဂနွေနေ့မှာဆိုရင် ဒုတိယအခါ ၇း၃၀ နာရီမှ ၉း၀၀ နာရီအတွင်း စရေမာတ်ပေါ်တဲ့ သောကြာအခါ ဖြစ်တယ်။ တနင်္ဂနွေနေ့မှာဆိုရင် ၇း၃၀ နာရီမှ ၉း၀၀ နာရီအတွင်းမှာ မာတ်ရိုက်မယ်ဆိုရင် လျင်မြန်စွာ ပြီးစီးအောင်မြင်မှုရစေမယ်။

တနင်္လာနေ့မှာ ဆိုရင်တော့ ဆဋ္ဌမအခါ မွန်းလွဲ ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်းဟာ စရေမာတ်ပေါ်တဲ့ သောကြာအခါဖြစ်တယ်။

အင်္ဂါနေ့မှာတော့ တတိယအခါ နံနက် ၉း၀၀ နာရီမှ ၄း၃၀ နာရီအတွင်း ကြာသပတေးနေ့မှာတော့ နံနက် ၁၀း၃၀ နာရီမှ ၁၂း၀၀ နာရီအတွင်း သောကြာနေ့မှာတော့ ပထမအခါ နံနက် ၆း၀၀ နာရီမှ ၇း၃၀ နာရီအတွင်းနဲ့ မွန်းလွဲ အဋ္ဌမအခါ မွန်းလွဲ ၄း၃၀ နာရီမှ ၆း၀၀ နာရီအတွင်း။

စနေနေ့မှာတော့ မွန်းတည့် ၁၂း၀၀ နာရီမှ မွန်းလွဲ ၁း၃၀ နာရီအတွင်း ပဥ္စမအခါတွေဟာ စရေမာတ်ပေါ်တဲ့ သောကြာအခါတွေပဲ။ ဆွေးနွေးတာတွေကို ဒီနေ့တော့ ဒီလောက်နဲ့ နားလိုက်ကြဦးမယ်''

ဘုန်းပွင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ပျောက်ဆေး ရှိသလော

နတ်ထီးလှိုင်

ဇာတ်ကားများစွာတွင် ကိုယ်ပျောက်ခန်းများ ပါဝင်ကြ၍ ကိုယ်ပျောက်နည်းများကို သိချင်လာ၏။ ကိုယ်ပျောက်နိုင်သော ဆေးရှိကြောင်းကို စွယ်စုံကျော်ထင်ကျမ်းတွင် ကျီးသဲလေးထပ်ဆရာတော်ကြီးက ဖြေထားပါသည်။ မေးခွန်းရှင်မှာ ကြည့်ကန်ရှင်ကြီး ဖြစ်ပါ၏။ မေးခွန်း (၁၀၀၁)တွင် "ပဋ္ဌဝေါကာရေ၊ ရုပ်ဘုံပေ၊ တစ္ဆေဘယ့်ကြောင့် မမြင်သနည်း" ပရမတ်ကျမ်း(အဘိဓမ္မာ) အလိုအားဖြင့် ဝိနိပါတိကအသုရာသုတ္တန် ကျမ်းတွင် ပြိတ္တာခေါ် တစ္ဆေတို့သည် လူတို့ကဲ့သို့ ရုပ်နာမ်အစုံရှိပါလျက် အဘယ်ကြောင့် မမြင်ကြရသနည်း။

ကိုယ်ကို ကွယ်ပျောက်စေတတ်သောဆေးကိုဆောင်သောကြောင့် မမြင်ရသည်ဟူပေ။ ဆေးဆောင်ကြောင်းကို မဟာဝင်ဇာတ်လမ်းတစ်ပုဒ်ဖြင့် သိရ၏။

သီဟိုဠ်ကျွန်း၊ အနုရာဓမြို့၌ ဘီလူးမတစ်ယောက်သည် သားငယ်နှစ်ဦးကို ထူပါရာမတံခါးပြင်၌ နေစေ၍ အစာရှာခြင်းငှာ မြို့တွင်းသို့ လာခဲ့သည်။ အစာအခန့်မသင့်၍ မတွေ့သည်နှင့် ကြာမြင့်သော် သူငယ်နှစ်ဦးသည် ဆွမ်းခံဝင်ရဟန်းတစ်ပါးကို ကိုယ်ထင်ပြလျက် ဤသို့ဆို၏ ..။ "အရှင်ဘုရား ... ကျွန်ုပ်တို့မိခင် သည် မြို့တွင်းသို့ဝင်၍ အစာရှာသွား သည်မှာ ကြာလှပါပြီ။ ရသမျှကိုသာ ယူ၍ မြန်စွာပြန်လာပါ။ သင်၏သားများ ဆာမွတ်လှပြီဟု အရှင်မြတ် မိန့်တော်မူလိုက်ပါ" ဟု လျှောက်၏။

ဆွမ်းခံရဟန်းကလည်း ...

"သင်တို့မိခင်ကို အဘယ်သို့သာ အကြောင်းဖြင့် ငါမြင်နိုင်၊ သိနိုင်ပါအံ့နည်း" ဟုဆိုသော် တစ္ဆေငယ်နှစ်ဦးက

"အရှင်ဘုရား ... ဤဆေးမြစ်ကိုယူ၍ ကြွတော်မူပါ" ဟု ဆေးမြစ်ကို အပ်လိုက်၏။ ပုံသဏ္ဌာန်ကိုလည်း ညွှန်ကြားလိုက်ပါသည်။

ဆွမ်းခံရဟန်းလည်း ဆေးမြစ်ကို ဆုပ်၍ လာလတ်သော် ထံမြက်ချေးစွန့်ရာ၊ သားငါးဖျက်ရာတို့၌ အရာအထောင်မျှလောက် သွားလာနေထိုင်ကြသော ဖုတ်၊ ပြိတ္တာ၊ ဘီလူးတို့ကို မြင်ရ၏။ သူငယ်နှစ်ဦးတို့၏ မိခင်ဘီလူးမသည်လည်း တစ်ခုသောအိမ်ရိပ်၌ မြှုပ်ထားသော ကိုယ်ဝန်သည်၏ အညစ်အကြေးတို့ကို ဖော်ယူ၍ လမ်းသို့ ထွက်လာသည်ကို သူငယ်တို့ပြောလိုက်သော အမှတ်ဖြင့် သိရ၏။ သူငယ်တို့ မှာလိုက်သောအကြောင်းကို ပြော၏။ ဘီလူးမလည်း ...

"အရှင်ဘုရား ..အကျွန်ုပ်ကို အဘယ်ကြောင့် မြင်သနည်း" ဟုမေးလျှင် "သင်၏သားတို့ ပေးသောဆေးကြောင့်ဖြစ်သည်" ဟုပြော၏။ "ဆေးကိုပြစ်မ်းပါ" ဆို၍ လက်ကိုဖြန့်ပြလေသော် ဘီလူးမသည် ဆေးကိုလုယူပြီးမှ လျင်မြန်စွာ ထွက်သွားလေ၏။

ထို့ကြောင့် ထိုသူတို့သည် တစ်ခုသောဆေးမြစ်၏ အာနုဘော်ကြောင့် ကိုယ်ကို ကွယ်ဝှက်နိုင်သည်ဟု သိအပ်၏။ (မဇ္ဈိမနိကာယ်အဋ္ဌကထာ)

ထိုတစ္ဆေတို့၏အကောင်ကို သေသောကာလ မမြင်ရသောအကြောင်းအရာကိုလည်း ရှင်နာဂသိန်၏ စကားတော်ဖြင့် သိအပ်၏။

အကြောင်းကား တစ်ရံသောအခါ မိလိန္ဒမင်းကြီးသည် ဤသို့မေး၏။ "အရှင်နာဂသိန် ... ဤလောက၌ တစ္ဆေ ဖုတ်၊ ပြိတ္တာဟု ခေါ်ဝေါ်အပ်သော နတ်ဘီလူးတို့သည် ရှိပါသေး၏လော" ဟုမေး၏။ "မင်းကြီး ရှိ၏" ဟု ဖြေလျှင် –

"အရှင်နာဂသိန် ထိုနတ်ဘီလူးတို့ကို အဘယ်ကြောင့်မမြင်ရသနည်း" ဟု မေး၏။ "မင်းကြီး ... ဆေး၏ အာနုဘော်ကြောင့်လည်းကောင်း၊ မိမိတို့၏ ကမ္မဇိဒ္ဓိကြောင့်လည်းကောင်း မမြင်ရချေ။ အကယ်၍ မြင်စေလိုသည်ဖြစ်အံ့။ ပြနိုင်သာတည်း" ဟု ဖြေ၏။ "အရှင်ဘုရား ထိုဘီလူးတို့သည် ထိုဘဝမှ စုတေကြသေး၏လော" ဟု မေးပြန်၏။ "မင်းကြီး စုတေသေးသည်သာတည်း" ဟု ဖြေ၏။ "အရှင်ဘုရား ထိုဘီလူးတို့ စုတေသောအခါ ဆေးကိုလည်း မအောင်နိုင်ရာပြီ။ ကိုယ်အကောင်သည် အဘယ်ကြောင့်မထင်ပါသနည်း။ ပုပ်သောအနံ့သည် ဘယ်ကြောင့် မနံသနည်း" ဟု မေး၏ ...။ "မင်းကြီး ... ထိုဘီလူးတို့ စုတေသောအခါ ကိုယ်အကောင်လည်းထင်၏။ ပုပ်သောရနံ့လည်းနံ၏။ သို့ရာတွင် အကြင်ဘီလူးတို့ စုတေသောအခါ ကျန်ရစ်

www.burmeseclassic.com

သော ဆွေမျိုးတို့ကို လူမသိစိမ့်သောငှာ တစ်ခုသော မနောမိဋ္ဌာန်ဖြင့် သေကြ၏။ ထို့ကြောင့် ပိုးရှုသဏ္ဌာန်ဖြင့်လည်းကောင်း၊ ကင်းမြီးကောက်သဏ္ဌာန်၊ ကင်းခြေများသဏ္ဌာန်၊ ပုပ်သင်၏သဏ္ဌာန်ဖြင့်လည်းကောင်း၊ သမင်၏သဏ္ဌာန်၊ ငှက်၏သဏ္ဌာန်ဖြင့်လည်းကောင်း အသေကောင်ဖြစ်လေသတည်း''ဟု ဖြေသည်။

ထို ဖုတ်၊ ပြိတ္တာ၊ ဘီလူးတို့သည် ပဋိသန္ဓေအားဖြင့် အချို့ကား အဟိတ်၊ အချို့ကား ဒွိဟိတ်၊ အချို့ကား တိဟိတ် ပဋိသန္ဓေနေကုန်၏။ အချို့ကား သံသေဒဇ၊ အချို့ကား ဂဗ္ဘသေယျက၊ အချို့ကား ဥပပတ်ပင်တည်း။

၂၁ ရာစုတွင်လည်း ကိုယ်ပျောက်နိုင်ရန် မျိုးစုံကြိုးစားလာကြ၏။ စစ်ရေးတွင် ကိုယ်ပျောက်လေယာဉ်၊ ကိုယ်ပျောက်ရေငုပ်သင်္ဘော၊ ကိုယ်ပျောက်ကား စသည်ဖြင့် ကြားနေရသည်။ သိပ္ပံပညာရှင်များ အစွမ်းဖြင့် ထူးဆန်းသော ကိရိယာများလည်း ပေါ်လာကြ၏။ သို့သော် တစ္ဆေ၊ ဖုတ်၊ ပြိတ္တာများကိုကား မမြင်နိုင်ကြသေးပါ။ သူတို့ထက် အဆင့်မြင့်သော စတုမဟာရာဇ် အောက်နတ်၊ အထက်နတ်များကိုကား ပို၍ပင် ဝေး၏။

သူတို့၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ရရှိထားသော ပစ္စည်းမျိုးစုံအကြောင်းကို မသိရှိကြပါ။ သမထအားကောင်းသော ပုဂ္ဂိုလ်များသာ သမာဓိစျာန်အ စွမ်းဖြင့် မြင်တတ်ကြ၏။ ငယ်စဉ်က ပုံပြင်သဖွယ် ကြားဖူးနေသော ဓာတ်လမ်းများရှိသေး၏။ လပြည့်ညတိုင်း သုသာန်၌ သွားစောင့်လျှင် ဦးထုပ်နှင့်လူတွေ့မည်။ ၎င်း ဦးထုပ်ကိုရအောင် လုယူပြေးပြီး ဆောင်းထားလျှင် ကိုယ်ပျောက်မည်ဟူ၏။

ပြင်ဦးလွင်မှ ၁၀ နှစ်သား ကလေး တစ်ဦးအကြောင်း သိလိုက်ရသေးသည်။ သူ့ဦးလေးက တူလေးဟု စွဲလမ်းချစ်ခင်၏။ အရက်သမားဦးလေး သေခါနီးတွင် ပုတီးအလွန်စိပ်သတတ်။ သေပြီးနောက် တူလေးကို ညတိုင်းလာတွေ့ကာ မုန့်ဆိုင်များ၊ ကစားကွင်းများခေါ်သွား၏။ သူ့အိတ်ထဲက ငွေတစ်ရွက်မှာ ကုန်သွားသည်ဟူ၍ မရှိချေ။ ဝတ်ရုံဖြူအကျီရှည်ကြီး ဝတ်ထားလေ့ရှိကာ လည်စည်းဖြူလည်း ပတ်ထားတတ်၏။ ၎င်းလည်စည်းဖြူကို တူလေးအား ပေးမကိုင်ချေ။ ၎င်းလည်စည်းဖြူပျောက်လျှင် ဘဝပျက်လိမ့်မည်ဟု ဆိုသည်။ တူလေးမှလွဲ၍ အခြားသူများ မမြင်ရပါ။

တူလေးမိသားစု အိမ်ပြောင်းသွားသောအခါ တစ်လခန့်ပျောက်သွားပြီး ပြန်ပေါ်လာ၏။ သူ့မှာ ရှာလိုက်ရတာ မောနေတာပဲဟုလည်း ဆိုသည်။ သူ့နောက်လိုက်များကိုကား ပြန်ခိုင်းလိုက်၏။ ထိုကလေးမှာ သူ့မိခင် ဒေါ်စိန်ခင်ကို မိုးလင်းလျှင် အကုန်ပြောပြပါသည်။

တစ်ရက်တွင် ကလေးကို ရှင်ပြုပေးရန် အစီအစဉ်များ ပြောလာ၏။ မိခင်နှင့်ဖခင်မှ တိုင်ပင်ကြပြီး ကျောင်းပိတ်ရက်တွင် ရှင်သာမဏေ စည်းပေး၏။ သူ့အစီအစဉ်အတိုင်း ငွေစက္ကူ ၂၀၀ ကျပ်တန်များလည်း ကြဲပေးသည်။ သူ့ကိုလည်း အမျှပေးဝေလိုက်၏။ ထိုသို့ ရှင်သာမဏေဖြစ်သွားသည့်ညမှစ၍ ၎င်းလည်စည်းရှင်မှာ ပေါ်မလာတော့ပါ။ ရှင်သာမဏေကိုကား လာရောက်နှုတ်ဆက်သွားသတည်း။

အခြားဆရာ တစ်ဦးကလည်း ကိုယ်ပျောက်စလွယ်ရှိသည်ဟူ၏။ ၎င်းလောကမှ ဦးထုပ်၊ လည်စည်း၊ စလွယ်များကို ရရှိသွားသည်လည်း မကြားမိပါ။ ဓာတ်လမ်းများရှိလျှင်လည်း နားထောင်ချင်ပါသေးသည်။ ကိုယ်ပျောက်ခြင်းတော့ မဖြစ်ချင်ပါ။

ဗကပြဟ္မာမင်းကို ဧအောင်တော်မူခန်းတွင် ကိုယ်ပျောက်ပြိုင်သည်။ မြတ်ဗုဒ္ဓကိုမနိုင်၍ ဗကပြဟ္မာမင်း အရှုံးပေးအကျွတ်တရားရသွား၏။ ၎င်းနိုင်ခန်းမှ ဂါထာကိုလည်း ကိုယ်ပျောက်ဂါထာဟု ခေါင်းစဉ်တပ်ထားကြသေး၏။ အကျင့်မမှန်လျှင် ကိုယ်ပျောက်နိုင်မည်မထင်ပါ။

ခွက်ပေါက်ဂမုန်းနှင့် ဆေးနည်းစပ်လျှင် နံရံဖောက်မြင်ရသည်ဆို၏။ သို့သော် ပြန်ဖျောက်ချင်လျှင် ညောင်မြစ်ရှာရသည်တဲ့။ ညောင်ပင်ကြီးအောက်တွင်ပေါက်သော ညောင်ပင်လေး၏ အမြစ်ဖြစ်ရမည်။ ၎င်းအပင်မျိုးကို ၊န်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ မုသင်ေ ႏ ရွာအုပ်စု၊ သာယာကုန်းရွာ သိကြားဘုရားတွင် တွေ့ခဲ့ရ၏။

၎င်းညောင်မြစ်ကို သွေး၍ မျက်စိမှာကွင်းလျှင် မမြင်သင့်ရာများ မမြင်ရဟုဆိုသည်။ ဤခေတ် ဆေးပညာလောကတွင် ခန္ဓာကိုယ်ကိုဖောက်ထွင်းမြင်ရသော ကိရိယာမျိုးစုံ ပေါ်နေပါပြီ။ အိပ်စရေးဓာတ်ပုံရိုက်ခြင်း၊ အာထရာဆောင်းဖြင့်ကြည့်ခြင်း၊ စီတီစကင်ဖြင့်ကြည့်ခြင်းဟူ၍ သိထား၏။ ခန္ဓာကိုယ်ကြီးကို မမြင်ရသည့် ညဘက်တွင်ပင် အပူလှိုင်းရှာကိရိယာဖြင့်ကြည့်နိုင်ပါသည်။

ငွေကြေးကုန်ကျမှု များသလောက် မြင်နိုင်မည့်ကိရိယာများ အဆင့်မြင့်မည်။ 'စုတိ၊ ပဋိသန္ဓေ၊ လားရန် ဌာနနှင့်တကွ သဏ္ဍာ၊ သုခုမဖြစ်သော ရူပါရုံမှန်သမျှကို အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်ဟု ဆို၏။ ၎င်းဉာဏ်မှာ ငွေကြေး မကုန်ကျပါ။ သို့သော် ရအောင်ကြိုးစားအားထုတ်မှုကား အဘယ်နည်း။

နှင်းသီးလှိုင်

www.burmeseclassic.com

# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ (၁၄)

## ပထမံ ဆရာကြီးဦးအောင်သူ

အချိန်ကား ၁၉၉၂ ခုနှစ်အချိန်ဖြစ်သည်။ ရန်ကုန်မြို့တစ်ဖက်ကမ်းတွင် ဒလမြို့ရှိသည်။ ထိုမြို့သည် လွန်ခဲ့သော မြန်မာမင်းများ လက်ထက်ကတည်းက ထင်ပေါ်ကျော်ကြားခဲ့သော မြို့တော်အဖြစ် တည်ရှိခဲ့လေသည်။

ယနေ့ မျက်မှောက်ခေတ်တွင် သေးငယ်ကျဉ်းမြောင်းသော မြို့အဖြစ်တည်ရှိခဲ့ရာမှ တဖြည်းဖြည်း ဒလမြို့သစ်ဟု ခံ့ညားထည်ဝါစွာ မြင်တွေ့နိုင်ပါသည်။

ကျွန်ုပ်ရေးသားဖော်ပြချိန်၌ ဒလမြို့သစ်ဟူ၍ မပေါ်ပေါက်သေးချေ။ ထိုအချိန်က ရန်ကုန်မှ ဒလသင်္ဘောဆိပ်ကို တက်လိုက်လျှင် လယ်ကွင်းများကို မြင်နိုင်သေးသည်။ ဒလမြို့စွန်မှ တောင်ဘက်သို့သွားလျှင် စိမ်းစိမ်းစိုစို ရွှေအို ရောင်လွှမ်းခြုံ စပါးပင်မျိုးစုံတို့ကို မြင်တွေ့နိုင်ပါ၏။ ထိုမှ လှမ်းမျှော်ကြည့်လိုက်သော် ထီးထီးမားမား ညောင်ကားဆား(ညောင်ပင်)ဟူသော လယ်ကွင်းရှိ၏။

ကိုခင်မောင် + ဒေါ်အေးကြည်တို့ မိသားစုတို့သည်လည်း ထိုကွင်းအနီး၌ နေထိုင်လျက် မိရိုးဖလာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေထိုင်ကြ၏။ သူတို့တွင် လယ်ဧက ၂၀ မျှကို ပိုင်ဆိုင်ကြသည်။ တစ်ခုသော နွေခေါင်ခေါင် ခန်းခြောက်နေသော သောက်သုံးရေကန်ကို မိသားစုများ တူးဖော်ကြရာ ကိုခင်မောင်မှ "ဟယ်…ဘာကြီးပါလိမ့်" ဟူ၍ အံ့အားသင့်လျက် မိမိလက်ထဲ၌ရှိသေ ရုပ်တုတစ်ခုကို ကိုင်၍ ပြော×ဆိုသံဖြစ်သည်။ ထိုစဉ် မအေးကြည်နှင့် ကလေးများပါ ဝိုင်းအုံကြည့်ကြသည်။

မအေးကြည်က -

"ဟုတ်ပါပြီ။ ကျွန်မမြင်ဖူးခဲ့တဲ့ပုံနဲ့ တစ်ထေရာတည်း တူနေတယ်။ ထိုင်ပုံကလည်း ဒူးပေါ် ပေါင်ပေါ်နဲ့ ထိုင်နေပုံဖြစ်နေတယ်။ ကိုခင်မောင်…မနက်ကျရင် အမေ့ဆီသွားပြီး ပြကြည့်မယ်"

ဟုဆိုပြီး ကိုခင်မောင်လက်ထဲမှ အဆိုပါ ရုပ်တုကိုယူပြီး မိမိတို့၏တဲပေါ်တွင် ထားလိုက်လေသည်။

တစ်နေ့သော နံနက်စောစော မအေးကြည်သည် ထိုရုပ်တုကိုယူ၍ ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော်လမ်းတွင်နေထိုင်သော ဒေါ်မြစိန်နှင့် သားဖြစ်သူ လက္ခဏာပညာရှင် ဆရာသိပ္ပံမြင့်ဦးအိမ်သို့ ရောက်လာလေသည်။ ထိုသည်မှ အစပြု၍ ဒေါ်မြစိန်သည် မိမိထံလာရောက်အပ်နှံသော အဘဘိုးမင်းခေါင်ရုပ်တုမှန်းသိ၍ ကိုခင်မောင် + မအေးကြည်တို့ ပိုင်ဆိုင်သော မြေလွတ်ကုန်းမြေတစ်နေရာ၌ ကိုးတောင်ပြည့်စေတီတစ်ဆူတည်ဖြစ်ခဲ့လေသည်။

ထိုစေတီကိုပင် ကျွန်ုပ်ဦးဆောင်၍တည်ပြီး အဘဘိုးမင်းခေါင်ကို အစွဲပြု၍ "အောင်မင်းခေါင်ဓမ္မစေတီ" ဟူ၍ ဘွဲ့တော်သတ်မှတ်လိုက်ပါသည်။ စေတီထီးတော်တင်ပွဲကိုလည်း ရာဇဝင်၊ ဒေဝါဝင်းခင်း၍ ကျင်းပခဲ့သည်။ ဤပွဲတော်ကို ရာမဦးအုန်းမောင်+ရေကျော်မောင်ဆရာကြီး စိုးမင်း၊ ဆရာကြီးပေါက္ကူထွန်း(ဘိုးတော်)၊ ဆရာသိပ္ပံဦးမြင့်ဦး၊ ဆရာမြင့်ဝေ၊ ဆရာသန်းဝင်း(ညောင်ဦး)၊ ဆရာဆန်းဦး၊ ဆရာဝင်းနိုင်၊ ဆရာဇော်သိန်းတိုး စသော ပညာရှင် လူပုဂ္ဂိုလ်များ ပါရှိခဲ့လေသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

"အေး...မင်းသိချင်ရင်
ပြောရဦးမယ်။
ငါက လူထူးပဲကွ။
မင်းတို့ စားတဲ့ ဆားကို
ချိုအောင်ချက်မယ့်
ဘိုးနပ်ပဲကွ" ~~~~

**ဘိုးတော်ဘိုးနပ်နှင့် ဆုံမိခြင်း**

အခြားအခြားသော ဂမ္ဘီရကျင့်စဉ်ကို လိုက်စားကြသော ဆရာများနှင့် ဝိဇ္ဇာလမ်းလျှောက်လှမ်းကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အဖြူ အညို ဝတ်စုံဖြင့် လာရောက်ကြသောသူများလည်း ရှိသေးသည်။

ကျွန်ုပ်ကတော့ ဝတ်ဖြူစင်ကြယ်ဝတ်လျက် လည်ပင်း၌လည်း ပုတီးအကုံး ၁၀ ကုံးကို ဟန်နှင့် ပန်နှင့် ဝတ်ဆင်ထားသည်။ ထိုအချိန်၌ ဘုရားပွဲကျင်းပပြီးစီး၍ ဆရာကြီးများ၊ ဆရာများနှင့် အာလာပသလ္လာပ ပြောနေစဉ် ဘုရားပွဲကျင်းပရာသို့ ဝတ်ဖြူစင်ကြယ်ဝတ်၊ လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်လျက်လာနေသော ပုဂ္ဂိုလ်ကြီးတစ်ဦးကို ကျွန်ုပ် မြင်ရသည်။ ထိုင်နေသော ပုဂ္ဂိုလ်တို့သည်လည်း သူတို့အချင်းချင်းစကားပြောဆိုနေကြသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါသည်။ ကျွန်ုပ်ထိုင်နေရာမှထ၍ ခရီးဦးကြိုပြု၍ နေရာထိုင်ခင်းတစ်ခု ပေးလိုက်ပါသည်။ ကျွန်ုပ်က "အဘ... အဘယ်ကကြွလာပါသလဲ၊ ဘယ်မှာနေထိုင်ပါသလဲ၊ အဘနာမည် ဘယ်လိုခေါ်ပါသလဲ"ဟု မေးခွန်းပေါင်းများစွာနှင့် မေးမိပါသည်။ ထိုပုဂ္ဂိုလ်မှ "အေး.. မင်းမေးခွန်းကလည်း များလှချည်လားကွ"ဟု ခပ်တိုတိုနှင့် ဆို၏။ ထိုပုဂ္ဂိုလ်က -

"မင်းသိချင်ရင် ငါ့နာမည် ဘိုးနပ်၊ နေတာက အလုံစူပါဘင်"

၎င်းမှ ဆက်၍ -

"အလုံဆိုတော့ လုံလုံခြုံခြုံပေါ့ကွာ" (အလုံ ဒီပါရုံကို ညွှန်းသယောင်)

ကျွန်ုပ်က -

"အဘက ဘယ်လိုကျင့်စဉ်များ ကျင့်ပါသလဲ"

ဘိုးနပ်က -

"အေး...မင်းသိချင်ရင် ပြောရဦးမယ်။ ငါက လူထူးပဲကွ။ မင်းတို့စားတဲ့ ဆားကို ချိုအောင်ချက်မယ့် ဘိုးနပ်ပဲကွ"

ဟူ၍ ခပ်တိုတိုပြောဆိုပြီး မိမိတောင်ဝှေးကို စွဲကိုင်လျက် သူလာသောလမ်းအတိုင်း ပြန်၍လျှောက်သွားပါတော့သည်။ ထိုအချိန်သည် ည ၆ နာရီခန့်ရှိပြီဖြစ်၍ ဘိုးနပ်ဆိုသော ဝိဇ္ဇာကြီးကို ကျွန်ုပ် အံ့သြစွာ ကြည့်နေရင်း ညအမှောင်သည်လည်း သူ့ကို လွှမ်းခြုံသယ်ဆောင်သွားပေတော့၏။

**ပထမံဆရာကြီးဦးအောင်သူ**

**အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင်...**

HIV ပိုးကူးဆက်ခံ
မိဘမဲ့ကလေးများ၏
သုခရိပ်မြုံဂေဟာ
၀၁-၅၈၁၉၅၅

ဆည်းဆာရိပ်
ဂိလာနဘိုးဘွားရိပ်သာ
၀၉-၇၃၀-၁၈၀၀၇

နာရေးကူညီမှုအသင်းသို့
လှူဒါန်းလိုလျှင်ဖြစ်စေ၊
အကူအညီလိုလျှင်ဖြစ်စေ
ဆက်သွယ်ရန်...
၆၃၉၄၉၀
၇၀၉၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချောင်

## ၏

# ၂၀၁၅ ခုနှစ်၊ ဆိတ်နှစ် လအလိုက်အဟော

## စက်တင်ဘာလ

(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)

■ ဦးတိုး(ဇက္ကသီလ)

### မကာရ ရာသီဖွား (ဆိတ်ရုပ်) (Capricorn)

**ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်**

ဤနှစ် စက်တင်ဘာလသည် သင့်အား စိန်အခေါ် ဆုံးလတစ်လ ဖြစ်မည်။ ပြဿနာတွင် မပါဝင်ဘဲ ဘေးထွက်ပြီး အဓိကပြဿနာများကို ရှောင်ကြဉ်ရန် ချင့်ချင့်ချိန်ချိန်ဖြင့် အချိန်ကုန်လွန်သွားစေသင့်သည်။ လကုန်ပိုင်းရောက်လာသည်နှင့် အရာရာသည် ဖြည်းဖြည်းချင်း တိုးတက်ကောင်းမွန်လာပါလိမ့်မည်။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်) (Aquarius)

**ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၁၃ ရက်**

သင့်ရုံးတွင် အပြောင်းအလဲများ ရှိမည်ဖြစ်သော်လည်း သင့်အား ပိုမို၍ပင် ပျော်ရွှင်စေပါလိမ့်မည်။ အလုပ်အတွက် ခရီးသွားရမည်။ သို့မဟုတ် လုပ်ငန်းခွင်တွင် သင်၏ တာဝန်ခံရမှုများ ပြောင်းလဲသွားပါမည်။ ငွေအများအပြား သုံးစွဲရမည်ဖြစ်သော်လည်း မမျှော်လင့်သောငွေများလည်း ရရှိလာပါလိမ့်မည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်) (Pisces)

**မတ်လ ၁၄ ရက်မှ ဧပြီလ ၁၄ ရက်**

သင်မကျွမ်းကျင်သည့် ကိစ္စတစ်ခုကိုလုပ်ရန် ပြောကြားလာမည်။ သို့သော်လည်း သင်က လုပ်ပြနိုင်လိုက်မည်။ မကြာမီ သတင်းကောင်းများကို ကြားရပါတော့မည်။ သင်စိတ်ညစ်ရမည့် အခြားလက္ခဏာများလည်း ပေါ်ပေါက်လာနိုင်သည်။ မထိန်းနိုင်အောင် ကျယ်ပြန့်မသွားပါစေနှင့်။

### မိဿရာသီဖွား (သိုးထီးရုပ်) (Aries)

**ဧပြီလ ၁၅ ရက်မှ မေလ ၁၄ ရက်**

သင့်ကြံစည်စိတ်ကူးချက်များ တင်ပြရန် အခွင့်ကောင်းအများကြီး ရှိနေသည်။ သင့်ကို ချီးကျူးကြမည်။ သင့်ပတ်ဝန်းကျင်မှ လူများက သင့်ထံမှ ငွေကြေးအကူအညီ လိုအပ်နေကြပါသည်။ လိုအပ်မှသာ ကူညီလိုက်ပါ။ ယခုလ ကုန်ခါနီးလျှင် ကျန်းမာရေးညံ့ဖျင်းလာမည်။

### ပြိဿရာသီဖွား (နွားလားဥသဘရုပ်) (Taurus)

**မေလ ၁၅ ရက်မှ ဇွန်လ ၁၄ ရက်**

သင့်အလုပ်တွင် စိန်ခေါ်မှုအသစ်များ ရှိလာမည်။ သင့်ကိုယ်သင် အဖက်ဖက်မှပြည့်စုံကြောင်း သက်သေပြရန် အချိန်အခါသင့်နေပါပြီ။ အလုပ်ကို ကြိုးပမ်းဆောင်ရွက်၍ အသီးအပွင့်အကျိုး ခံစားရမည်။ တစ်ကိုယ်တည်းသမားများအဖို့ တစ်စုံတစ်ယောက်နှင့် တွေ့ဆုံ၍ အလွန်ပျော်ရွှင်နေရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

### မေထုန်ရာသီဖွား (အမြွာရုပ်) (Gemini)
### ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၁၅ ရက်

အလုပ်အကိုင်နှင့် ဆက်နွယ်၍ ခရီးသွားရလျှင် သင့်အတွက် ကောင်းမွန်ပါသမည်။ အပြောင်းအလဲများ ရှိပြီး အခွင့်အရေးသစ်များကို ရရှိလိမ့်မည်။ အတွေ့အကြုံသစ်များက သင့်အား ပျော်ရွှင်စေပါမည်။ သစ်လွင်သော ကိစ္စများ ဆောင်ရွက်ရန် ကြောက်လန့်နေစရာမလိုပေ။

### ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်) (Cancer)
### ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၆ ရက်

သင့်ဘက်သို့ အခွင့်ထူးကြီးတစ်ခု လာနေပြီဖြစ်သောကြောင့် သင်၏ ပင်ကိုစွမ်းရည်ကို ထူးချွန်အောင် လုပ်ထားပါ။ သင်၏ ရင်းနှီးမြှုပ်နှံထားမှုမှ အကြီးအကျယ် အမြတ်အစွန်းရမည်။ အပြောင်းအလဲ လုပ်ချိန်တန်ပြီဖြစ်၍ ပြောင်းလဲလုပ်ကိုင်ခြင်းဖြင့် သင့်ဘဝ တိုးတက်လာလိမ့်မည်။

### သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်) (Leo)
### ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၅ ရက်

အလုပ်အကိုင်တွင် အောင်မြင်၍ သင်၏ ပြုံးရွှင်နေသော မျက်နှာကို မြင်ရမည်။ သင်၏ စိတ်ကူးသစ်များသည် တစ်စုံတစ်ရာသော အသီးအပွင့်များ ဖြစ်လာမည်။ အကယ်၍ သင်သည် ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေလျှင် ယခုလတွင် ဆောင်ရွက်ရန် အကောင်းဆုံးဖြစ်ပါသည်။ တစ်စုံတစ်ယောက်အား တစ်ချိန်တုန်းက သင်ကူညီပေးခဲ့ဖူး၍ ယခုအခါ ထိုသူက သင့်ကို ပြန်လည်၍ ကျေးဇူးဆပ်ပါလိမ့်မည်။

### ကန်ရာသီဖွား (အပျိုစင်ရုပ်) (Virgo)
### စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

သင့်စိတ်ထဲရှိသည့်အတိုင်း မပြုသင့်။ ကိစ္စရပ်များသည်သာ ပိုမိုဆိုးရွားလာပါလိမ့်မည်။ စိတ်ရှည်ရှည်ထားလျှင် မကြာမီ[illegible]တာအတွင်းမှာပင် ပပျောက်သွားပါလိမ့်မည်။ သင့်ချစ်မေတ္တာရေးသည် ယခုလတွင် အထူးကောင်းမွန်နေပါမည်။ ချစ်မေတ္တာမျှနေကြသူများ ယခုလ လက်ထပ်လျှင် အကောင်းဆုံးဖြစ်မည်။

### တူရာသီဖွား (ချိန်ခွင်ရုပ်) (Libra)
### အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်

ယခုလတွင် ကိစ္စအရပ်ရပ်သည် လုံးဝ နှေးကွေးနေပြီး သင်၏ အစီအစဉ်များကို ရပ်တန့်ပြစ်လိုက်ရမည်။ သင့်ဘဝ၌ စိုးရိမ်ဖွယ်ရာအပြောင်းအလဲ မလုပ်သင့်သေးပေ။ သင့်လုပ်ငန်းခွင်တွင် သတိထားလုပ်ကိုင်ပါ။

### ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်) (Scorpio)
### နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်

သင့်အလုပ်အကိုင်ကို ပြောင်းလဲပစ်ရန်အတွက် စိတ်ကျေနပ်နေမည်ဖြစ်သော်လည်း ထိုကဲ့သို့ ယခုအခါ မလုပ်သင့်သေးပေ။ ရှုပ်ထွေးမှုဖြင့် သင်၏အချစ်ရေးသည် မတည်ငြိမ်ဘဲ ဖြစ်နေမည်။ မိတ်ဆွေများနှင့် မိသားစုများက သင့်အား အကောင်းဆုံးအကြံဉာဏ် ပေးနိုင်ပါသည်။

### ဓနုရာသီဖွား (လေးစွဲယောကျ်ားရုပ်) (Sagittarius)
### ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်

ယခုလတွင် သင်သည် မပြတ်သားသေးသောကြောင့် ဆုံးဖြတ်ချက်မပေးနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရမည်။ အဖြေကောင်းရရှိဖို့အတွက် အချစ်ဆုံး၊ အနီးဆုံး သူငယ်ချင်းနှင့် ဆွေးနွေးကြည့်ပါ။ တစ်စုံတစ်ရာတွင် ရင်းနှီးမြှုပ်နှံမှုမပြုပါနှင့်။ အဘယ်ကြောင့်ဆိုသော် အရေးပေါ်ငွေလိုလာမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

**ဦးတိုး(တက္ကသိုလ)**

***Reference:***

The Bangkok Post: Your year at a glance. The Year of the Goat. by Khatha Chinna banchain.

www.burmeseclassic.com

www.burmeseclassic.com



## ခုနှစ်ရက်သားသမီးများအားလုံး

# အလုပ်အကိုင် တည်မြဲတိုးတက်စေသော

# ယတြာ

ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်ထံသို့ အသားညိုညို၊ အရပ်ပုပု၊ ဝင်တိုတိုနှင့် အမျိုးသားတစ်ဦး ရောက်ရှိလာပါသည်။ ထိုသူမှ ...

"ဆရာ ... ကျွန်တော် ဗေဒင်မေးချင်လို့ပါ"

ဟု ပြောဆိုကာ ကျွန်ုပ်ဗေဒင်ဟောစားပွဲရှေ့တွင် တင်ပျဉ်ခွေခွကာ ထိုင်လိုက်၏။

ကျွန်ုပ်လည်း မွေးသက္ကရာဇ်မေး၍ တွက်ကြည့်လိုက်ရာ မူလမဟာဘုတ် (၁)ခုကြွင်းသမား ဖြစ်နေ၏။ သူ၏မွေးသက္ကရာဇ်မှာ ၁၃၃၁ ခုနှစ်၊ တနင်္ဂနွေသား ဖြစ်ပါသည်။ ကျွန်ုပ်မှ ...

"ခင်ဗျားအနေနဲ့ အလုပ်အကိုင်မတည်မြဲဘူး ဖြစ်နေမယ်။ လုပ်ငန်း မကြာခဏ ပြောင်းလဲလုပ်ကိုင်ရမယ်"

ဟု ပြောဆိုလိုက်ရာ ထိုသူမှ ...

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လည်း ဒီကိစ္စအတွက် အဓိကမေးချင်လို့ လာခဲ့တာပါဆရာ"

ဟု ပြန်လည်ပြောဆိုခဲ့ပါသည်။

"ဒီလိုပါဆရာ၊ ကျွန်တော် ဝန်ထမ်းအလုပ်လုပ်ပါတယ်။ နောက် ... ကုမ္ပဏီအလုပ်ပြောင်းလုပ်တယ်။ အလုပ်က လေးငါးခြောက်လလုပ်ပြီး ထွက်လိုက်ရ။ လူကြီးနှင့်အဆင်မပြေလိုက်၊ ကြာရှည်လုပ်တဲ့အလုပ်ကလည်း ဝင်ငွေ၊ ရာထူး မတိုးတက် ဖြစ်ခဲ့ရတယ်"

ဟု ရှည်လျားစွာ ရှင်းပြနေပါသည်။ ကျွန်ုပ်မှ ...

"ခင်ဗျားက (၁)ခုကြွင်း မဟာဘုတ်သမားဆိုတော့ စိတ်တို၊ ဒေါသဖြစ်လွယ်တာတွေလည်း ရှိပါ။ အစ

www.burmeseclassic.com

စအရာရာ သည်းခံပြီးလုပ်ကိုင်ပါ။ ကျွန်တော့်ဘက်ကလည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးပါ့မယ်''

ဟု ကတိပေးလိုက်ပါသည်။ မည်သူမဆို အလုပ်အကိုင် တည်မြဲတိုး တက်လိုပါက စိတ်ရှည်သည်းခံ၍ ပတ်ဝန်းကျင်နှင့် အဆင်ပြေစွာ ပေါင်းသင်းဆက်ဆံရေးသည်လည်း အရေးကြီးပါသည်။ စီးပွားရေးအလုပ်၊ ဝန်ထမ်းအလုပ်အားလုံးနှင့် သက်ဆိုင်ပါသည်။ ဗေဒင်ယတြာနည်းအရ တနင်္ဂနွေသား ကိုအောင်ကြည်အား အလုပ်အကိုင် တည်မြဲစေရန် ဖလုံတစ်ခုတွင် ဆန်ထည့်၍ ဖွန်းကြီးတစ်ဖွန်းဖြင့် ဆွမ်းဆန်စိမ်းအလှူခံများအား မကြာခဏ လှူဒါန်းပေးရပါမည်။ ထိုသို့ လှူဒါန်းပြီး ဖလုံထဲတွင် ဖွန်းကြီးတစ်ခုကိုတပ်၍ အရှေ့တောင်အရပ်တွင် အမြဲတင်ထားရမည်ဟု ပြောဆိုခဲ့ရာ ကိုအောင်ကြည်လည်း အသေအချာမှတ်၍ ပြန်သွားခဲ့ပါသည်။ ယခုအခါ ကိုအောင်ကြည်တစ်ယောက် လုပ်ငန်းတည်မြဲကာ စီးပွားညစွာ တိုးတက်နေကြောင်း တွေ့ရှိရပေ သည်။ ကျွန်ုပ်အနေဖြင့် ကိုအောင် ကြည်ကို တွေ့တိုင်း စိတ်မတိုနဲ့၊ ဒေါသထိန်းပါဟုသာ သတိပေးမိလိုက်ပါသည်။

တနင်္လာသားသမီးတစ်ဦးဦး လုပ်ငန်းတည်မြဲတိုးတက်စေရန် နေအိမ်ဘုရားတွင် စိန်ပန်း၊ စံပယ်ပန်း၊ ဆူးမွှေးရွက်တို့ကို မကြာခဏ လှူဒါန်းပေးရပါမည်။ စံပယ်၊ စိန်ပန်း လှူနိုင်သလို သက်ကြီးဝါကြီးအား ဆပ်ပြာမွှေး၊ ဆေးဘူးများလည်း လှူပေးရပါမည်။ အဓိကအနေဖြင့် ကြာသာပတေးနံဘုရား (ဗိုလ်တထောင်)တွင် ကြာသာပတေးထောင့်တွင် စိန်ဖူးတင်လှူပေးရပါမည်။ စိန်ဖူး၊ ဆီမီး (မီးလုံး) အတွက် လှူပေးပါ။

အင်္ဂါသားသမီးများ အလုပ်အကိုင် တည်မြဲတိုးတက်စေရန် လျှပ်စစ်မီးအလှူပြုခြင်း၊ ဘုရား၊ ကျောင်းများတွင် ရေစစ်များ မကြာခဏ တတ်နိုင်သလောက် လှူပေးရပါမည်။ ပန်းအညွှန့်အနေဖြင့် စေတီတစ်ဆူ၏ အနောက်တောင်ထောင့်တွင် ဇီဇဝါပန်း၊ ဇလပ်ညွှန့်များ မကြာခဏ လှူပေးပါ။

ဗုဒ္ဓဟူးသားသမီးများ လုပ်ငန်းတည်တံ့ခိုင်မြဲ၍ တိုးတက်စေရန် သပြေပန်းအိုးလှူပါ။ မိမိနေအိမ်ဘုရားတွင် အောင်အိုးလှူခြင်း ဖြစ်ပါသည်။ ဘုရားစေတီ အရှေ့မြောက်အရပ်တွင် သပိတ်တစ်လုံးလှူပါ။ အရှေ့မြောက်အရပ်ရှိ ဘုန်းတော်ကြီးကျောင်းသို့သွား၍ သပိတ်လှူလိုက်ပါ။

ကြာသာပတေး သားသမီးများ အလုပ်အကိုင် တည်မြဲတိုးတက်စေရန် နေအိမ်ဘုရားတွင် ဂန္ဓာမာပန်းများ မကြာခဏ ကပ်လှူပါ။ ဘုရားစေတီ မြောက်ထောင့်တွင် ဂန္ဓမာပန်းလှူ၍ ဆုတောင်းပါ။ မြောက်အရပ်ရှိ ဘုရားသို့ သွားရောက်၍ ကျောက်ပြားအလှူ လှူပေးပါ။

သောကြာသားသမီးများ အလုပ်အကိုင် တည်မြဲတိုးတက်စေရန် စိန်ခြယ်ပန်း၊ ဇော်ကြားပန်းများ မကြာခဏ လှူဒါန်း၍ ဆုတောင်းပါ။ အရှေ့အရပ်ရှိ ဘုရားစေတီတစ်ဆူဆူသို့သွား၍ ရွှေသင်္ကန်း၊ ထုံးသင်္ကန်းကပ်လှူခြင်း၊ ဆေးပျက်နေသော နေရာများတွင် ဆေးခြယ်လှူဒါန်းမှုပြုလုပ်ပေးပါ။

စနေသားသမီးများ လုပ်ငန်းတည်မြဲတိုးတက်စေရန် နေအိမ်ဘုရားတွင် ခရေညွှန့်များ လှူဒါန်းပေးပါ။ အ ား သဖြင့် တည်တံ့ခိုင်မြဲသော ယတြာများကို ဦးစားပေး လှူဒါန်းရပါမည်။ ထို့ကြောင့် ရွှေတိဂုံ၊ ရွှေဘုန်းပွင့်၊ ကျိုက်ထီးရိုး ဘုရားစေတီများတွင် ခေါင်းလောင်းအလှူများ လှူဒါန်းပေးပါ။ ဘုရားစေတီ၏ အနောက်မြောက် ဂြိုဟ်တိုင်တွင်လည်း ခေါင်းလောင်းတစ်လုံး ချိတ်ဆွဲလှူဒါန်းပေးနိုင်ပါသည်။ တတ်နိုင်သလို၊ အဆင်ပြေသလို လှူရပါမည်။ ခေါင်းလောင်း၊ ကြက်လျှာ၊ ခရေပန်းများကို ဦးစားပေးလှူပါ။ လုပ်ငန်း၊ စီးပွားတိုးတက်အောင်မြင်ပါမည်။

ခုနစ်ရက်သားသမီး စာဖတ်ပရိသတ်များအားလုံး ယခုဖော်ပြပါ အလှူဒါနများကို နေ့ အချိန်မရွေး ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ ခိုင်မာ၊ တည်တံ့သော အလှူများကို တစ်နှစ်၊ ခြောက်လ တစ်ကြိမ်လှူပေး၍၊ အရွက်၊ အညွှန့် လွယ်ကူသောပစ္စည်းကို တစ်လတစ်ကြိမ်လှူပေးပါ။ ဥပမာ–ကျောက်ပြားဆိုပါက ခြောက်လ၊ တစ်နှစ် တစ်ကြိမ်လှူပေး၍ ဂန္ဓမာပန်း၊ ငှက်ပျောသီး(၂+၅)ဆိုပါက တစ်ပတ်၊ တစ်လတစ်ကြိမ် လှူပေးရမည်ဟု ဆိုလိုပါသည်။

အားလုံးအဆင်ပြေကြပါစေ ...

ဂမ္ဘီရဆရာလှမျိုး(B.Sc)

၀၉–၄၂၀၄၇၈၆၉




www.burmeseclassic.com

www.burmeseclassic.com

# အင်းလေးဒေသမှာ ရှာသည့်မိုး

**သင်္ချာအောင်သင်း**



''သေချင်ရင် စိန်မစားနဲ့ စကားကိုသွား''ဟူသော ကျွန်တော်တို့ငယ်ငယ်က ကြားခဲ့ရဖူးသော စကားဖြစ်ပါသည်။ ကျွန်တော်သည် ထိုစကားဒေသသို့ စာသင်ကြားရန် သွားရောက်ခဲ့ရသည်။ ယခုအခါ ယခင်ကနှင့်မတူ။ ငြိမ်းချမ်းရေးရရှိလျက် ရပ်ရွာအေးချမ်းသာယာလျက် ရှိပါသည်။

ကျွန်တော်တို့ စက်လှေသည် ညောင်ရွှေချောင်းကို ကျော်ဖြတ်ပြီး အင်းလေးရေပြင်ကျယ်ကြီးကို စုန်ဆင်းနေသည်။ အင်းလေးကလေသည် အေးမြလှသည်။ အင်းလေးရေကလည်း ကြည်လင်လှသည်။ လေးဖက်လေးတန်မှာ တောင်တန်းများ ပတ်လည်ဝိုင်းနေသော အင်းလေးရေကန်ကြီးက အလွန်ပင် ကျယ်ပြောလှပါသည်။

---

**လွယ်နွဲ့ဘုရားတောင်ရေဆိပ်**
**လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း**
**တည်ထောင်သော**
**ဆရာတော်ကြီး ဦးသုဝဏ္ဏ**

---



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသုံးရာခန့် လိုက်ပါလာပါသည်။ သစ်စက်မှ တီအီးကားကြီးခြောက်စီးအပြင် ကိုယ်ပိုင်ကား ခြောက်စီးခန့်ဖြင့် စီးနင်းလာခဲ့ကြပါသည်။ ရွှေပြည်သာတံတားကိုကျော်ဖြတ်၍ လှိုင်သာယာကို ဖြတ်သန်းကာ လှိုင်သာယာတံတား တွံတေးတံတားတို့ကိုဖြတ်၍ ဘုရားကြီးကျေးရွာသို့ ရောက်ရှိခဲ့ကြပါသည်။ ဘုရားကြီးကျေးရွာမှာ စံပြကျေးရွာဖြစ်ပါသည်။

မကြာမီ ကျေးရွာအလယ်ခန့်ရှိ စေတီတော်ကြီးကစ်ဆူဘေးမှ ဝင်းအတွင်းသို့ ဝင်လာခဲ့ကြပါသည်။ ကားပေါ်မှ အဝင်အဝဆိုင်းဘုတ်ကို လှမ်းကြည့်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု (တတိယအဆင့်) မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာဟူ၍ တွေ့ရပါသည်။ ထိုအခါမှ ကျွန်မရည်ရွယ်လာခဲ့သည့် မိဘမဲ့ဂေဟာ ပရဟိတကျောင်းသို့ ရောက်ရှိနေပြီမှန်း သိရပါသည်။ ထို့အတူ ပထမဦးဆုံး လှမ်းမြင်ဖူးတွေ့ခဲ့ရသည့် စေတီတော်မှာ ဆံတော်ကြိုစေတီဖြစ်မှန်း သိရပြန်ပါသည်။ ကျွန်မတို့အဖွဲ့ ကားပေါ်မှဆင်းသည်နှင့် ကျောင်းဝင်းအတွင်းရှိ ကွင်းလယ်ကြီးတွင် အပေါ်အင်္ကျီအဖြူရောင်၊ အောက် လုံချည်အပြာရောင်များ ဝတ်ဆင်ထားပြီး အရွယ်တူ အတန်းလိုက် မတ်တတ်ရပ်ကြိုဆိုနေသည့် ကျောင်းသူကျောင်းသားများကို တွေ့ရပါသည်။

ထိုကျောင်းသူကျောင်းသားငယ်များမှာ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်လျက် ကျွန်မတို့အဖွဲ့ကို လက်အုပ်လေးများချီ၍ ခရီးဦးကြိုပြုနေကြပါသည်။ မင်္ဂလာပါ နှုတ်ခွန်းဆက်သံများကြောင့် ကျွန်မရင်တွင်းမှာ အေးစိမ့်သွားခဲ့ရပါသည်။ ကြက်သီးများပင် ထမိပါသည်။ သားငယ်၊ သမီးငယ်တို့အပေါ် ကရုဏာသက်မိသောကြောင့် ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်မတို့အနီးသို့ ဆရာတော်ကြီးတစ်ပါး ကြွရောက်လာပါသည်။ ထိုကျောင်းမှ ဆရာမတစ်ဦးက ဆရာတော်ကြီးနှင့် ကျွန်မတို့ကို မိတ်ဆက်ပေးပါသည်။ ထိုအခါမှ ထိုဆရာတော်မှာ ဘုရားကြီး မင်္ဂလာတိုက်ကျောင်း၊ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၏ ဦးစီးပဓာနနာယက ဆရာတော်(ကျောင်းအုပ်) ဘဒ္ဒန္တစန္ဒိမာ ဖြစ်ကြောင်း သိရပါသည်။


ဆရာတော်မှာ ကျောင်းဝင်းထဲသို့ လှည့်လာရန် ဆရာမနှစ်ဦးကို ခေါ်၍ ကျွန်မတို့အဖွဲ့ကို လိုက်လံပြသခိုင်းပါသည်။ ကျောင်းဆောင်များမှာ အစီအရီဖြင့် စည်းကမ်းတကျရှိသည်ကို တွေ့ရပါသည်။ စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားသောက်ဆောင်များအပြင် ကျန်းမာရေးဆေးခန်းလည်း ပါရှိပါသည်။ ကျောင်းတွင်း၌ အလယ်တန်းအဆင့်ထိသာ သင်ကြားပြသနိုင်သော်လည်း ထိုကျောင်းကြီးတွင် အထက်တန်း ကျောင်းသူကျောင်းသားများအပြင် တက္ကသိုလ် ကျောင်းသူကျောင်းသားများလည်းရှိကြောင်း သိရပါသည်။ ဤကျောင်းကြီးကို စတင်ပြုစုပျိုးထောင်လာသည့် ဆရာတော် ဦးစန္ဒိမာမှာ ၁၉၉၉ ခုနှစ်၊ ၅ လပိုင်းမှ စတင်ကာ ဆင်းရဲနွမ်းပါး မိမဲ့ဖမဲ့၊ မိဘမဲ့တိုင်းရင်းသားများ ၂၅၀ ခန့်တို့ကို စတင်ပြုစုပျိုးထောင်လာခဲ့ပါသည်။ ထိုစဉ်က ကျောင်းမှာ သစ်ဝါးကျောင်းလည်းဖြစ်ခဲ့ပါသည်။

ထိုမိဘမဲ့ ကျောင်းသူကျောင်းသားလေးများကို စောင့်ရှောက်ထားရာတွင် ထိုကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးများ အဆင်ပြေစေရန်အတွက် ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ဒလ စသည့် မြို့နယ် လေးမြို့နယ်သို့ တစ်ဆ[illegible] အလှူခံထွက်ခဲ့ရရှာပါသည်။ ဤသို့ပင်

www.burmeseclassic.com



ပန်းကြီးစွာ အလှူခံထွက်၍ မိဘမဲ့က လေးငယ်များကို ပညာသင်ကြား စောင့် ရှောက်လာခဲ့ရသည်မှာ ၂၀၀၇-၂၀၀၈ ခုနှစ်ထိတိုင် ဖြစ်ပါသည်။ နာဂစ်အပြီး တွင် ကျောင်းသူကျောင်းသား ၉၀၀ ခန့် မြင့်တက်လာခဲ့ပါသည်။ ဆရာတော် မျက်လုံးပြူးခဲ့ရသော်လည်း ကံကောင်း ခဲ့သည်ဟု ဆိုရပါမည်။



နာဂစ်မုန်တိုင်းဒဏ်သင့် ကလေး သူငယ်များ စောင့်ရှောက်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ရန် ဆွစ်ဇာလန်၊ ကနေဒါ၊ အမေရိကန်၊ ပြင်သစ်၊ ဩစတေးလျ စသည့် နိုင်ငံတို့ မှ ကမ္ဘာကလေးများနေ့ကို အကြောင်း ပြု၍ ရောက်ရှိလာခဲ့ကြရာ ကျောင်းမှ မိဘမဲ့ကလေးသူငယ်များ၏ ပညာရေး နှင့် စားဝတ်နေရေး ဒုက္ခများကို မြင်တွေ့ သွားကြရာမှ နိုင်ငံခြားအကူအညီများ ကို ဆရာတော် ရရှိခဲ့ပါသည်။ ထိုအချိန် မှစ၍ ပြည်တွင်းပြည်ပ အလှူရှင်များ တစ်စထက်တစ်စ များပြားလာခဲ့ပါ သည်။ သည့်အလျောက် ကျောင်းသူ ကျောင်းသား ဦးရေမှာလည်း တိုးတက် များပြားလာခဲ့လေရာ ယခုနေ့ထိ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားကျောင်းသူပေါင်း ထောင်ကျော်ရှိပါသည်။

ဤကျောင်းတွင် အလယ်တန်းအဆင့်သာ ပညာသင်ကြားနိုင်သည် ဖြစ်ရာ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ပြင်ပကျောင်းများတွင်ထား၍ ပညာသင်စေပါသည်။ ကျောင်းတွင် အစိုးရခန့်ဆရာမ ၁၈ ဦးရှိပြီး၊ အရံဆရာမ ၁၆ ဦးရှိကာ ထိုကျောင်းမှ ဘွဲ့ရပြီး ဆရာမပြန်လုပ်နေသူ သုံးဦးရှိသည်ဟု သိရပါသည်။ လက်ရှိတွင် တက္ကသိုလ်ပညာသင်ကျားမပေါင်း ၁၇ ဦးရှိပြီး အထက်တန်းကျားမ ၄၁၄ ဦးရှိကာ အလယ်တန်း ၄၂၀ ဦးနှင့် မူလတန်း ၂၁၈ ဦးရှိပြီး စုစုပေါင်း ၁၀၇၇ ဦးရှိပါသည်။ ဤမျှသော ကျောင်းသူကျောင်းသားများ၏ ပညာရေး၊ စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေး စသည့်အရေး ငါးရေးကို ဖြေရှင်းရသည့် ဆရာတော် ဦးစန္ဒိမာ၏တာဝန်ကား သေးငယ်သည်မဟုတ်ပါ။

ထိုကျောင်းသူ၊ ကျောင်းသားတို့၏ တစ်နေ့တာ စားသုံးစရိတ်မှာ တစ်ဦးလျှင် နံနက်စာအတွက် ၃၀၀ ကျပ်နှုန်းနှင့် ညနေစာအတွက် ၃၀၀ နှုန်းကျပါသည်။ ထို ၃၀၀ နှုန်းဆိုသည်မှာ ပဲဟင်း၊ သစ်သီးစုံဟင်း၊ ပဲကုလားဟင်း တို့ဖြင့်သာ ကျွေးမွေးရခြင်းဖြစ်သည်။ အသားဟင်းဖြင့် ချက်ကျွေးမည်ဆိုပါက တစ်ဦးလျှင် ထမင်းတစ်နပ်အတွက် ငွေကျပ် ၅၀၀ နှုန်းဖြစ်ကာ နံနက်ည တစ်ရက်စာလျှင် ကျပ် ၁၀၀၀ နှုန်းဖြစ်သည်။ သို့ဖြစ်ရာ ကျောင်းရှိ မိဘမဲ့ကလေးငယ် တစ်ထောင်ကျော်အတွက် တစ်နေ့လျှင် ငွေကျပ် ခြောက်သိန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။ ဤမျှ ကုန်ကျငွေသည်ပင်လျှင် ပဲဟင်းဖြင့်ကျွေးမှ ဖြစ်နိုင်ပါသည်။ အသားဟင်းကို မျှော်မှန်း၍ မရပါ။ ထို့ကြောင့် ကလေးငယ်များမှာ နံနက်ဦးစာ(အဆာပြေ) မုန့်ပဲသရေစာ မစားကြရရှာပါ။ လှူမည့် အလှူရှင်များပေါ်မှသာ ကောင်းမွန်စွာ စားသောက်ကြရရှာပါသည်။

ဆရာတော်မှာလည်း ပြည်တွင်းပြည်ပ အလှူရှင်များ အဆက်မပြတ်ရှိနေ၍သာလျှင် အလှူခံမထွက်ဘဲ ကျွေးနေနိုင်ခြင်းဖြစ်သည်။ အလှူရှင်မရှိပါက အလှူခံ(တစ်ဆုပ်ဆန်)၍ ကျွေးရမည်ဟု မိန့်ကြားပါသည်။ မည်သို့ပင်ဖြစ်စေ ဆရာတော်က လမင်းကြီးပမာ အေးမြလန်းဆန်းသော မေတ္တာတို့ဖြင့် ထာဝရစောင့်ရှောက်နေပါသည်။ ကလေးငယ်များကလည်း အေးမြသော လမင်းကြီး၏ အရိပ်အာဝါသအောက်တွင် အေးချမ်းစွာခိုလှုံရင်း ပညာသင်ကြားလျက် ရှိပါသည်။ ခုနစ်ရက်သားသမီး ပြည်သူအပေါင်းတို့အနေဖြင့်လည်း လမင်းကြီးနှင့် ပန်းပွင့်ငယ်လေးများအတွက် ထာဝရ အသက်ဆက်ရှင်သန်နိုင်ရေး တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီလှူဒါန်းနိုင်ကြစေရန် ရည်သန်၍ ဤဆောင်းပါးကို ရေးသားဖော်ပြလိုက်ရပါသည်။ (အလှူရေစက် လက်နဲ့မကွာ လှူဒါန်းနိုင်ကြပါစေ…)

**တင်စနှာ**

www.burmeseclassic.com

www.burmeseclassic.com

# လေးစင်တိုင်ဆန်ခါကျဲနှင့်
# ပုန်းမကြည်ရှင်မ ခေါ်သည့်ပွဲ

■ မိုးမြင့်လွင်

ပုန်းမကြည်ရှင်မ နို့ပျဉ်းကိုးတောင်ကျ
လုည်းဦးမှာပေ သုံးတောင်ကျော်တဲ့ ကို့စပါး
မထွက်သင့်လား ထွက်သင့်လားဟေ့ . . .
အများ – ထွက်သင့်တယ်ဟေ့ . . . ထွက်သင့်ပေ။
ဟေ့လာ . . . ဟေ့လား မောင်တို့ဝါး . . .။

မကြားရသည်မှာ ကြာပြီဖြစ်သည့် လယ်တောမြေ လယ်တဲတလင်းဆီက ပုန်းမကြည်ရှင်မ ခေါ်သံပါ။ ယခုဆိုလျှင် စပါးပေါ်ချိန်၊ စပါးလှေ့ပြီး စပါးများ တလင်းထဲတွင်ရှိချိန် ပြုလုပ်လေ့ရှိသည့် လယ်ရိုးရာ၊ လယ်ဓလေ့ ပုန်းမကြည်ရှင်မခေါ်ပွဲများ ပျောက်ကွယ်ခဲ့လေပြီ။

စောင်းတော်ရှင် ရေနံ့ပိုင်ဦးရှင်ကြီးနတ်သည် ရေယဉ်တစ်ကြော အပိုင်းစိုးသလို ပုန်းမကြည်ရှင်မနတ်သည်လည်း လယ်သမားများအတွက် စပါးထွက်ရေးမှာ အရေးပါသည့်နတ်တစ်ပါးအဖြစ် ရှေးက လယ်သမားကြီးများ ယုံကြည်အားထားခဲ့ကြသည်။

ရှေးအခါက လယ်ယာမြေကို ထွန်မဦးချ လုပ်ကိုင်ကြသည့် လယ်သမားကြီးများသည် စပါးရိတ်၊ ကောက်လှိုင်းတိုက်၊ စပါးနယ်ပြီးလျှင် ကောက်ရိုးချကြသည်။ ကောက်ရိုးချပြီးသည်နှင့် စပါးလှေ့ကြသည်။ စပါးလှေ့ရခြင်းသည် စပါးခွင်းများ၊ စပါးနှင့်ရောနေသည့် ခဲလုံးလေးများ၊ ကောက်မှော်များ လွင့်စဉ်သွားအောင် လေဖြင့်ဖယ်ရှားလိုက်ခြင်းပင်။

စပါးလှေ့ရသည့်အလုပ်သည် လွယ်ကူသည်တော့မဟုတ်ပေ။ ဝါးလေးလုံးကို အဖျားချင်းထိ၍ လေးတိုင်စင်ထုပ်ရသည်။ ဝါးအဖျားတွင် ပိတ်စ ကုက္ကလံလေး ထောင်ထားရသည်။ ဝါးအလယ်လောက်တွင် လူတက်လျှင် ကျိုးမကျ၊ ပြုတ်မကျနိုင်သည့် ဆင့်လေးထိုးပေးထားရသည်။ တစ်ဖန် စပါးလှေ့ရန် ဆန်ခါကျဲကို ဝါးတိုင်ခေ ာတိုင်တွင် တွဲရွဲချည်ထားရသည်။

အားလုံးပြည့်စုံသောအခါ လေအဝ ဂဇစောင့်၍ စပါးလှေ့ကြသည်။ စပါးများကို အောက်မှသယ်၍ အပေါ်သို့တင်၊ အပေါ်မှလူက ဆန်ခါကျဲထဲ လောင်းထည့်၍ လေတင်မှ နေ၍လှုပ်ချရသည်။ စပါးလှေ့ချိန် လေလာရန်လည်း ပုန်းမကြည်ရှင်မကို ခေါ်ရသည်။ "ဘီလူးမရေ . . . နင့်သား ပူလှပြီဟေ့။ ဘီလူးမရေ . . . တောင်ပေါ်က လေခေါ်ခဲ့ဟေ့" ဟု ဆိုကာလေချွန်လိုက်ရသည်။ ခဲလုံးနှင့် အဖျင်းအမှော်များ ကင်းသောစပါးများကို တလင်းတွင် ပုံထားရသည်။

ဤသို့ စပါးများပုံထားပြီးနောက် ကောက်လှိုင်းကြီးကိုထောင်၊ ဝတ်စုံများဝတ်ပေးကာ ကောက်ညှင်းပေါင်း၊ အုန်းငှက်ပျော၊ ကန်တော့ပွဲအစုံအလင်၊ မုန့်ဖြူ၊ မုန့်နီ၊ ကျောက်ပျဉ်၊ သနပ်ခါးတုံး၊ မှန်ပါ မကျန် လှည်းဦးထိပ်မှာတင်ထားပြီး ပုန်းမကြည်ရှင်မနတ်ကိုခေါ်၊ ကလေးလူကြီးအားလုံး ဝိုင်းအုံခေါ်ကြရသည်။

လယ်တဲတစ်တဲတွင် ပုန်းမကြည်ရှင်မပွဲ ပြုလုပ်ပြီဆိုလျှင် အခြားလယ်နီးချုပ်စပ်မှ လယ်တဲများ၊ မိတ်ဆွေလယ်သမားများ၊ ဆွေမျိုးများ စုစုရုံးရုံး အော်ကြဟစ်ကြနှင့် အလွန်ပျော်စရာကောင်းသည့် ရိုးရာဓလေ့ ဖြစ်သည်။ ယခုတော့ ထိုဓလေ့ရိုးရာများ လယ်တောတွင် ပျောက်ကွယ်ခဲ့လေပြီ။ လယ်သမားသားသမီးများပင် ပုန်းမကြည်ရှင်မ ခေါ်ရခြင်းဓလေ့ကို မသိကြတော့သလို ကြားပင် မကြားဖူးတော့ပေ။

တောင်သူအများစုသိထားသည်မှာ ပုန်းမကြည်ရှင်မ



www.burmeseclassic.com

www.burmeseclassic.com

**မယားငယ်သေဆုံးရမှုနှင့်ပတ်သက်၍ လင်ဖြစ်သူ သိသွားတော့သည်။ ထိုအခါ မယားကြီးအား နှင့် ငါ့အမျိုးအနွယ်ကို ဖျက်သည်။ မျိုးဖျက်မဟုဆိုကာ ရိုက်နှက်သဖြင့် မယားကြီးလည်း သေဆုံးသွားပြီး တမလွန်တွင် ထိုအိမ်၌ပင် ကြက်မ ဖြစ်သွားသည်။**

ဟုသာ သိထားကြသည်။ သို့သော် တချို့က ပုန်းမကြည်ဟု ခေါ်ကြသည်။ တချို့ကမူ ပုန်းမကြည်ဟု ဆိုကြပြန်သည်။ တချို့သော ဒေသများတွင်ကား ပုပ္ပကြည်ဟူ၍လည်းကောင်း၊ ပုဏ္ဏကျီဟူ၍လည်းကောင်း ခေါ်ကြပြန်သည်။ ပုဏ္ဏကျီကို ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုသည်လည်း ရှိသည်။ ပုဏ္ဏ = ပြည့်စုံခြင်း၊ ကျီ = စပါးကျီဟု ဘာသာပြန်ဆိုကြသည်။

သို့ဖြစ်၍ ပုန်းမကြည်ရှင်မသည် စပါးကျည်များကို စပါးများပြည့်အောင် ဖြည့်ပေးသည့်နတ်ဟု ဆိုခြင်းဖြစ်သည်။ ၎င်းပုန်းမကြည်ရှင်မနတ်အား ဟိန္ဒူများလည်း ကိုးကွယ်ကြသည်ကို တွေ့ရှိရသည်။ သူတို့ဘာသာဖြင့် ဂဏိသျှနတ်ဟု ခေါ်ဆိုကြပြီး တိုင်းရင်းသားမွန်လူမျိုးများကတော့ မဲကရီနတ်ဟု ခေါ်ကြပြန်သည်။

မည်သို့ပင် အမျိုးမျိုးခေါ်ကြစေကာမူ ပုန်းမကြည်ရှင်မ၏ အတိုက်ဇာတ်လမ်းကတော့ မှတ်သားစရာ၊ စိတ်ဝင်စားစရာ ကောင်းလှသည်။ ပညာမျက်စိဖြင့် ကြည့်တတ်၊ မြင်တတ်လျှင် ဓမ္မသဘောဖြင့် သံဝေဂယူစရာများစွာပါရှိသည်။

ပုန်းမကြည်ရှင်မ၏ ဖြစ်စဉ်မှာ ဗာရာဏသီပြည်တွင် ဗြဟ္မဏပုဏ္ဏားအမျိုးကောင်းသားတစ်ယောက်သည် မိဘများ ပေးစားသော မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ မိဘများပေးစားသည်မှာလည်း အကြောင်းရှိသည်။ ဗြဟ္မဏပုဏ္ဏားမျိုးဟူသည် မြတ်သောအမျိုးဟု မာန်ရှိနေသဖြင့် ဇာတ်နိမ့်သောသူများနှင့် မညားစေရန် အမျိုးအနွယ်တူသူနှင့် မိဘများက ပေးစားလိုက်ခြင်းဖြစ်သည်။ တစ်ဖန် မိမိတို့ အမျိုးအနွယ်အတွက် အမျိုးအနွယ်ကို စောင့်ထိန်းရန် မျိုးဆက်လိုချင်၍လည်း ဖြစ်သည်။ သို့သော် ထိုမိဘတို့ပေးစားသော အမျိုးသမီးသည် ကလေးမရနိုင်သည့် အမြုံဖြစ်နေတော့သည်။

သည်သောအခါ သတို့သား၏မိခင်မှ ငါ့သား၊ ဒီလိုတော့ဖြင့် မဖြစ်ချေဘူး။ အမေတို့လည်း အသက်ကြီးပြီ။ မျိုးဆက်ရမှဖြစ်မယ်။ အမေလည်း မြေးချီချင်လှပြီ သားရယ်။ မင်း ကလေးရနိုင်မယ့် မိန်းမတစ်ယောက် ထပ်ယူကွယ်လို့ တိုက်တွန်းပြန်သည်။

ထိုအခါ သားဖြစ်သူက "အမေရယ်…အခု အမေ့ချွေးမကလည်း သားသမီးမရတာကလွဲလို့ အားလုံး အပြစ်ကင်းစင်တဲ့ မိန်းမတစ်ယောက်ပါ။ ကျွန်တော် ဒီအကြောင်းတွေကို ပြည့်ပြည့်စုံစုံ သူ့ကိုပြောပြမှဖြစ်မယ် အမေ။ သူ့ကို အကုန်ဖွင့်ပြောပြီးမှ ကျွန်တော်ဆုံးဖြတ်ပါ့မယ်"ဟု မိခင်ကို နှစ်သိမ့်လိုက်လေသည်။

သည်နောက် လင်မယားနှစ်ယောက် အိပ်ရာဝင်သောအခါ အကြောင်းစုံကို မယားဖြစ်သူကို ဖွင့်ပြောပြလိုက်လေသည်။ မယားဖြစ်သူမှလည်း "ဒါဆို မောင်ရယ်… အမေလည်း စိတ်ချမ်းသာအောင် မောင်ယူမယ့်မိန်းမကို ကျွန်မကိုယ်တိုင်ပဲ ရှာပြီးပေးစားပါ့မယ်"ဟု ဆိုလေသည်။

ပြောထားသည့်ကတိအတိုင်းပင် လင်ဖြစ်သူအား သူ့ကိုယ်တိုင် နောက်မိန်းမတစ်ယောက်ရှာပေးပြီး တစ်အိမ်တည်းအတူနေကြသည်။ မကြာမီအချိန်တွင်းမှာပင် နောက်ထပ်ယူသည့် အမျိုးသမီးသည် ကိုယ်ဝန်ရလာလေသည်။ သူမ ရှာပေးစဉ်က သူကဲ့သို့ အမြုံဖြစ်မည့်သူကို ရှာပေးခဲ့သော်လည်း ယခုကိုယ်ဝန်ရပြီဆိုသောအခါ မနာလိုစိတ်က ပြင်းပြင်းပြပြ ပေါ်လာတော့သည်။ သို့ဖြစ်၍ အစာတွင် အဆိပ်ခတ်ကျွေး၍ မယားငယ်ခမျာ ကိုယ်ဝန်ပျက်ရရှာသည်။

ပထမကိုယ်ဝန် ပျက်ပြီး ဒုတိယကိုယ်ဝန်ရပြန်သောအခါမှာလည်း ထိုနည်းအတိုင်းပင် မယားကြီးက အဆိပ်ခတ်ပြန်သည်။ ကိုယ်ဝန်ပျက်ရပြန်သည်။

တတိယကိုယ်ဝန်ရသောအခါမှာတော့ အဆိပ်များ



www.burmeseclassic.com

www.burmeseclassic.com

သွားကာ ကိုယ်ခန္ဓာပါမကျ အသက်ပါ ဆုံးရှုံးရတော့သည်။

မသေမီ ဝေဒနာအပြင်းအထန် ခံစားနေရဆဲတွင် သူဒီလိုဖြစ်ရခြင်းသည် မယားကြီးလက်ချက်ဆိုတာ မယားငယ်သိသွားတော့သည်။ ထိုအခါ အသက်ထွက်အံ့မူးမူးတွင် မယားကြီးအား ရန်ငြိုးဖွဲ့သွားတော့သည်။

ဘဝဆက်တိုင်း ဒီမိန်းမကို နိုင်ရပါလို၏ဟုလည်း ဆုတောင်းသွားသည်။

သေပြီးနောက် မယားငယ်သည် ကြောင်ဘဝမှာ ကြောင်မကြီးတစ်ကောင် ဖြစ်သွားသည်။ မယားငယ်သေဆုံးရမှုနှင့် ပတ်သက်၍ လင်ဖြစ်သူ သိသွားတော့သည်။ ထိုအခါ မယားကြီးအား နင် ငါ့အမျိုးအနွယ်ကို ဖျက်သည်။ မျိုးဖျက်မဟုဆိုကာ ရိုက်နှက်သဖြင့် မယားကြီးလည်း သေဆုံးသွားပြီး တမလွန်တွင် ထိုအိမ်၌ပင် ကြက်မဖြစ်သွားသည်။

ထိုအခါ ကြက်မမှဥသော ကြက်ဥများကို ကြောင်မဘဝရောက်နေသည့် မယားငယ်က ဥသမျှကြက်ဥ အကုန်စားပစ်တော့သည်။

တစ်ဖန် နောက်တစ်ဘဝသို့ ကူးသောအခါ မယားကြီးကြက်မသည် ကျားသစ်ဖြစ်၍ မယားငယ်ကြောင်မက သမင်ဖြစ်ပြန်သည်။ ဒီတော့ ကျားသစ်မက သမင်ကို စားပြန်သည်။ ထိုဘဝမှ နောက်ဘဝကူးပြန်သောအခါ မယားငယ်သမင်မသည် ဘီလူးမဖြစ်၍ မယားကြီးကျားသစ်မက လူဘဝတွင် အမျိုးသမီးဖြစ်ပြန်သည်။

တွေ့ကြလေပြီ။ လူဘဝပြန်ရောက်လာသည့် မယားကြီးသည် အိမ်ထောင်ကျ၍ သားမွေးသောအခါ ဘီလူးမက ဥပါယ်တံမျဉ်ပြု၍ ကလေးကို ဘီလူးမက စားပစ်သည်။ တစ်ခါ ဒုတိယကိုယ်ဝန်ရ၍ ကလေးမွေးပြန်သောအခါ ဘီလူးမက စားပြန်သည်။

ဤသို့ဖြစ်သည်ကို မယားကြီးက ရိပ်မိသွားသည်။ သို့အတွက် တတိယသားမွေးပြီးသောအခါ ဘီလူးမ မသိအောင် တိမ်းရှောင်နေတော့သည်။ သို့ပေမယ့် ဘီလူးမက သိသည်။ သိ၍ မယားကြီးနောက်သို့ ဘီလူးမ လိုက်တော့သည်။

နောက်ဆုံးတွင် မယားကြီးသည် သားကို ရင်မှာပိုက်၍ ဘုရားရှင်ထံ ပြေးတော့သည်။ ဘီလူးမကလည်း နောက်ကထက်ကြပ်မကွာ လိုက်လာလေပြီ။ ဗုဒ္ဓဘုရားရှင်၏ ထံတော်မှောက်ရောက်သောအခါ ဗုဒ္ဓဘုရားရှင်မှ "နဟိဝေရေန ဝေရာနိ...ချစ်သမီးတို့ ဘာကြောင့်များ ဘဝအဆက်ဆက် ရန်ငြိုးတွေဖွဲ့နေကြသနည်း။ ရန်-ရန်ချင်း မတုံ့နှင်းရာဟု ဟောကြားတော်မူရာ ဘီလူးမသည် သောတာပန်တည်သွားတော့သည်။

ထိုအခါ သားသည်မိခင်လည်း စိတ်ချမ်းသာ၊ သားသမီးလည်း အသက်ချမ်းသာရသွားတော့သည်။

ဤသို့ ဘုရားရှင်တရားဟောတော်မူပြီးနောက် ဘီလူးမအား သားသည်အမျိုးသမီးမှ သူ၏နေအိမ် မောင်းတင်းကုပ်တွင် ထားလေသည်။ သို့သော် ဘီလူးမသည် ရေရှည်ကိုမျှော်၍ ရွာနှင့်မနီးမဝေး တောထဲသို့ ပြောင်းရွှေ့နေထိုင်လေသည်။ သားသည်အမျိုးသမီးမှ နေ့စဉ် ဘီလူးမကို ယာဂုထမင်းပို့ပေးလေသည်။ ထိုကျေးဇူးကို ဆပ်သောအားဖြင့် ဘီလူးမသည် အမျိုးသမီးနှင့် သူ၏သားကို စောင့်ရှောက်ပေးလေသည်။ လယ်ယာလုပ်ငန်းလုပ်သောအခါ အသီးအနှံများမပျက်စီးအောင်၊ မိုးရာသီ မိုးခေါင်သော်လည်း လယ်ထဲရေမပြတ်အောင်၊ ရေကြီးသော်လည်း စပါးခင်းများ ရေမနစ်မြုပ်အောင်၊ စပါး တစ်နှစ်ထက်တစ်နှစ် အထွက်တိုးအောင် စောင့်ရှောက်ပေးသဖြင့် လူဘဝမှ သားသည်အမျိုးသမီးသည် တစ်နေ့တခြား ကြီးပွားတိုးတက်လာလေသည်။

ဤဖြစ်ရပ်ကို သိကြကုန်သော လယ်သမားတို့သည် သူတို့၏လယ်များကို ဘီလူးမအား စောင့်ရှောက်ပေးရန် အမျိုးသမီးနှင့် ၎င်း၏သားအား တစ်ဆင့်ပြောခိုင်းလေသည်။

ထိုအခါ ဘီလူးမသည် လူခြေဆိတ်ငြိမ်သောနေရာတွင် ပုန်းအောင်းနေရာမှ ကြည်လင်ထင်ပေါ်လာခြင်းကြောင့် ပုန်းမကြည်နတ်ဟူ၍ ခေါ်ဆိုကြရာမှ နောင်သောအခါတွင် တကယ်သက်ဝင်ယုံကြည်သွားပြီး စပါးအထွက်တိုးရေးအတွက် ရှေးကလယ်သမားကြီးများသည် စပါးပေါ်ချိန်တွင် ပုန်းမကြည်ခေါ်ပွဲကျင်းပခဲ့ကြသည်မှာ မြန်မာတောင်သူတို့၏ ရိုးရာနတ်ပွဲအသွင်ဖြစ်ခဲ့ကြတော့သည်။ သို့သော် ယခုမူကား ဆိတ်သုဉ်းခဲ့လေပြီ။

မိုးမြင့်လွင်



www.burmeseclassic.com

www.burmeseclassic.com

# အနိစ္စ ဒေသနာတော်

(၁၆)

■ မပဟာထွန်း

## ပုထုဇဉ်တို့ ခန္ဓာငါးပါးတွင် အမှား(၁၂)မျိုး

| ခန္ဓာ | ဝိပ္ပလ္လာသ | လက္ခဏာ | | ခန္ဓာ | ဝိပ္ပလ္လာသ | လက္ခဏာ | |
|---|---|---|---|---|---|---|---|
| ခန္ဓာငါးပါး | သညာဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သုဘ | အ | ခန္ဓာငါးပါး | သညာဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | အ |
| ခန္ဓာငါးပါး | စိတ္တဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သုဘ | မှား | ခန္ဓာငါးပါး | စိတ္တဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | မှန် |
| ခန္ဓာငါးပါး | ဒိဋ္ဌိဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သုဘ | သိ | ခန္ဓာငါးပါး | ဒိဋ္ဌိဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | သိ |

| ခန္ဓာ | လက္ခဏာ | ဝိပ္ပလ္လာသ | | ခန္ဓာ | လက္ခဏာ | ဝိပ္ပလ္လာသ | |
|---|---|---|---|---|---|---|---|
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | သညာဝိပ္ပလ္လာသ | အ | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | သညာဝိပ္ပလ္လာသ | အ |
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | စိတ္တဝိပ္ပလ္လာသ | မှား | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | စိတ္တဝိပ္ပလ္လာသ | မှန် |
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | ဒိဋ္ဌိဝိပ္ပလ္လာသ | သိ | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | ဒိဋ္ဌိဝိပ္ပလ္လာသ | သိ |

**ဝိပ္ပလ္လာ ဟူသည်မှာ အမှားဟူ၍ဖြစ်ပြီး အောက်ပါအတိုင်း အနက်ထွက်သည်။**

**သညာဝိပ္ပလ္လာသ = အမှတ်မှား၊ စိတ္တဝိပ္ပလ္လာသ = အသိမှား၊ ဒိဋ္ဌိဝိပ္ပလ္လာသ = အယူမှား**

သောတာပန်၊ သကဒါဂါမ်စသော အောက်မဂ်၊ အောက်ဖိုလ်နှစ်ယောက်တို့သည် ခန္ဓာငါးပါးအပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးနှင့် အသုဘတစ်ပါး၊ ပေါင်းလေးပါးတို့တွင် ဝိပ္ပလ္လာသ (၁၂)ပါး အနက်မှ ဒိဋ္ဌိဝိပ္ပလ္လာသလေးပါး ပြုတ်သည်။ ၎င်းနည်းတူ အနိစ္စတွင်လည်း သညာနှင့် စိတ္တ၊ အနတ္တတွင်လည်း သညာနှင့် စိတ္တ၊ ဝိပ္ပလ္လာသ လေးပါး ပြုတ်ပြန်သည်။ ပေါင်းရှစ်ပါး ဖြစ်သည်။

သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် ဒုက္ခတွင်လည်း သညာနှင့် စိတ္တ၊ အသုဘတွင်လည်း သညာနှင့် စိတ္တ၊ ဝိပ္ပလ္လာသ လေးပါးတို့ကို သတ်၊ ဖြုတ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ကြွင်းကျန်နေသေးသည်။ အနာဂါမ် ပုဂ္ဂိုလ်နှင့် အရဟတ္တ(ရဟန္တာ)ပုဂ္ဂိုလ်တို့သည်သာလျှင် သူ့မဂ်ဖိုလ်အဆင့်နှင့်သူ ကြွင်းကျန်နေသော ၎င်းသညာနှင့် စိတ္တ (နှစ်စုံ/လေးပါးသော) ဝိပ္ပလ္လာသတို့ကို သတ်၊ ဖြုတ်၊ ပယ် ခြင်းငှာ စွမ်းနိုင်ကြသည်။

အောက်ပါ ပထမဇယားတွင် သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့ မပယ်သတ်ကြသော ဝိပ္ပလ္လာသ လေးပါးတို့ကိုသာလျှင် သီးသန့်ကွင်းပြထားပြီး ပို၍ရှင်းလင်းစေရန်အတွက် ထိုမပယ်သတ်နိုင်ဘဲ ကြွင်းကျန်နေသော ဝိပ္ပလ္လာသ လေးပါးကိုပင် ဒုတိယဇယား၌ သီးသန့်ခွဲထုတ်ပြထားသည်။

ဇယားနှစ်ခုလုံးကို အထပ်ထပ်အခါခါ သဘောပေါက်အောင် ဖတ်ရှုပြီး မဂ်ရ/မရ ဉာဏ်ဖြင့် ဆင်ခြင်ကြလေ သူတော်ကောင်းတွေတို့ ...

**(ကြိုတင်လေ့လာနိုင်ကြစေရန်အတွက် ဇယားကို ရှေ့တစ်မျက်နှာက သီးသန့်ပြထား၏။ ဝိပ္ပလ္လာသကို ပြောင်းပြန်/နှစ်မျိုးပြထားခြင်းမှာလည်း အခြားစာပေများတွင် မည်သို့ပင်တွေ့ရစေကာမူ ကြည့်တတ်စေရန်အတွက် ဖြစ်သည်)**



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာငါးပါး – အနိစ္စ   သညာ စိတ္တ ဒိဋ္ဌိ
ခန္ဓာငါးပါး – ဒုက္ခ   သညာ စိတ္တ ဒိဋ္ဌိ

ခန္ဓာငါးပါး – အနတ္တ   သညာ စိတ္တ ဒိဋ္ဌိ
ခန္ဓာငါးပါး – အသုဘ   သညာ စိတ္တ ဒိဋ္ဌိ

ခန္ဓာငါးပါး – သုခ   သညာ စိတ္တ
ခန္ဓာငါးပါး – သုဘ   သညာ စိတ္တ

ကုန်ခဲ့သည့်လမှ မိတ်ဆက်ထားခဲ့သည့်အတိုင်း ရှေ့ကရေးသားခဲ့ဖူးသော အနိစ္စဒေသနာတော်၏ အနှစ်ချုပ်ကို နောက်ကြောင်းပြန်ကာ သည်လအတွက် ကောက်ပေးရပေဦးမည်။

အနိစ္စဒေသနာတော် အစ၌ ခန္ဓာဖွဲ့ခြင်း၊ ပရမတ်ကို တင်ခြင်း၊ ဝီထိချခြင်း၊ ဒသကဖြင့် အသက်နှင့်အရွယ်ကို အရစ်ကျပြခြင်းစသော ဒေသနာလမ်းကြောင်း အတိုင်းသာ သွားခဲ့သည်ကို ဓမ္မမိတ်ဆွေများ မှတ်မိကြပေလိမ့်မည်။

ယခု အနှစ်ချုပ်ပြရာ၌ ဒသကကို ပြန်ကောက်လျှင် သင့်မည်ဟုထင်သည်။ ဒသကကို နားလည်လွယ်မည်ဟု ထင်သည်။

လွန်ခဲ့သော နှစ်နှစ်ကျော်က ဤစာရေးသူသည် ဇာတိရွာကို ပြန်သည်။ ကျေးဇူးရှင် ဉပဇ္ဈာယ် ရွှေတောင်၊ ငွေတောင် တောရဆရာတော်ကြီးအား ကန်တော့သည်။

ထိုအချိန်မှာပင် မြစ်ဘက်ကမ်း မင်းတက်ရွာမှ အသုဘရှုရန် ဆရာတော်ကြီးအား လာပင့်ကြသည်။ ဆရာတော်ကြီးမှာ ကျန်းမာရေးကောင်းသော်လည်း သက်တော် ၉၀ ကျော်ပြီဖြစ်၍ သံဃကိစ္စမှလွဲပြီး သာရေး၊ နာရေး မကြွလိုတော့ပေ။

မင်းတက်ရွာမှာလည်း ကျောင်းထိုင်ဆရာတော်ကြီး ပြန်လွန်တော်မူပြီးနောက် ပဋိပက္ခဖြစ်ကြရင်း ရွာနှစ်ခြမ်း ကွဲဘိသို့ရှိ၍ ဘုန်းကြီးပင့်ပြီး မကိုးကွယ်ဖြစ်နေကြသည်မှာ ကြာခဲ့ပြီ။ ထို့ကြောင့် သာရေး၊ နာရေးကိစ္စ ပေါ်ပေါက်လာတိုင်း ပတ်ဝန်းကျင်က သံဃာတော်များကိုသာ ပင့်ဖိတ်နေကြရသည်။

ထိုသို့ သဘောရှိ၍ ငြင်းရန်မသင့်သဖြင့် ဆရာတော်ကြီးက ဤစာရေးသူအား ကြွလိုက်သွားလိုက်သွားပြီး နာရေးကိစ္စကို ဆောင်ရွက်ပေးရန် မိန့်တော်မူသည်။

နာရေးများအတွက် အသုဘတရား ဟောကြားရန် အကြောင်းအရာသည်ကား များစွာပင်ရှိလေသည်။ ထိုထို အထဲမှ တရားနာယူကြမည့်သူများ နားလည်လွယ်မည့် တရားတစ်ပုဒ်ကို စဉ်းစားကြည့်ရာ အနိစ္စတရားတော်ကို အာရုံကျသည်။

အနိစ္စတရားတော်ကို ကျူ့ဟောမည်ဆိုပါက ဒသကသည် အသင့်တော်ဆုံးဖြစ်သည်။ အနိစ္စဒသကတရားတော်ကိုသာ အတတ်နိုင်ဆုံး တရားနာယူကြရမည့် အသုဘရှုယောဂီများ နားလည်သည်အထိ တစ်နာရီမျှ ဟောကြားပေးလျှင် မဂ်မပေါက်သည့်တိုင်အောင် ခန္ဓငါးပါးသည် . အနိစ္စဟု ဝိက္ခမ္ဘဏ(ကြာကြာ)သိ၊ သိသွားနိုင်သည်ဟု အတွေ့အကြုံအရ ယုံကြည်မိသည်။

ဟုတ်သည်။ ဤစာရေးသူသည် အသုဘရှုရန် ရောက်ရှိနေကြသည့် ပရိသတ်အား အနိစ္စဒသကကို တစ်နာရီနီးပါးမျှ ဟောပေးခဲ့ပြီး ကျောင်းအမှတ် သီတင်းသုံးရန် သတ်မှတ်ပေးထားသော အိမ်ကို ပြန်ကြွလာခဲ့သည်။

တစ်အောင့်အကြာတွင် ရွှေတောင်၊ ငွေတောင် တောရကျောင်းမှ ဤစာရေးသူနှင့်ပါလာသော ကျောင်းသားလေးက ပြေးလာပြောပြသည်မှာ –

"ဦးပဉ္စင်း လူတွေက ပြောနေကြတယ်။ အနိစ္စဆိုတာ တကယ်ပဲ။ ငါတို့ဟာ တကယ် အနိစ္စတွေပါလားတဲ့။ ဝိုင်းဖွဲ့ပြီး ပြောနေကြတယ်" ဟူ၏။

ကျောင်းသားလေးက သူကြားခဲ့သည်ကို ပြောတတ်သလို ပြောပြသည်။ ထို့ကြောင့် ဤစာရေးသူမှာ ဝမ်းသာ၍မဆုံး ဖြစ်ရသည်။ ထင်ထားသည့်အတိုင်း အောင်မြင်သည်ဟုလည်း ဆိုနိုင်သည်။

ထိုထို တရားနာပရိသတ်များထဲတွင်လည်း ခန္ဓာငါးပါးကို အနိစ္စဟု တစ်ခဏသိသောသူ၊ ခပ်ကြာကြာသိသောသူ၊ အမြစ်ပြတ်သိသောသူဟု သူ့ဉာဏ်အဆင့်နှင့်သူ သိသွားကြပေလိမ့်မည်။ ထို့ကြောင့် ဉာဏ်၊ ပါရမီ ထက်သန်သော ပုဂ္ဂိုလ်များသာ ပါဝင်ကြလျှင် အမြစ်ပြတ် သိနိုင်ကြမည်ဖြစ်၍ မဂ်ဖိုလ်ရ ပုဂ္ဂိုလ်များလည်း ဖြစ်သွားကြပေလိမ့်မည်ဟု ကြည်ညိုမိသည်။

ယခုလည်း ခန္ဓာငါးပါး အနိစ္စကို ဝိပဿနာနှင့် ချိန်ထိုးသုံးသပ်နိုင်ကြရန်အတွက် စာဖတ်သူ ဓမ္မယောဂီ

www.burmeseclassic.com

www.burmeseclassic.com

များအား ဒသကကို ပြန်နွှေးရပေဦးမည်။ အာရုံပြုကြပါ။ ခန္ဓာငါးပါးကို ဉာဏ်စိုက်ထား ကြပါ။ ယခင် ပြသခဲ့ပြီဖြစ်၍ ခက်လိမ့်မည်လည်း မဟုတ်ပေ။

* * *

မွေးခါစ ကလေးတစ်ယောက်နှင့် အသက်ဆယ်နှစ်ကလေးတစ်ယောက်၊ ထိုကလေးနှစ်ယောက်တို့ကို ယှဉ်ကြည့်ပါ။ မွေးခါစကလေးသည် အနုဖတ်ဆုံးဖြစ်၏။ အသက်ဆယ်နှစ်ကလေးသည် မွေးခါစကလေးနှင့် မနှိုင်းသာအောင်ပင် ရင့်ရော်သွားပြီဖြစ်၏။

စင်စစ်တွင် ရင့်ရော်သွားခြင်း မဟုတ်ပေ။ ရုပ်နုနာမ်နုများ သေဆုံးသွား၍ ရုပ်ရင့်နာမ်ရင့်များ ဆက်ဖြစ်နေခြင်းသာဖြစ်၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော ရုပ်ဖြစ်ပ်ကြောင်းတရား လေးပါးတွင် စားသောက်ထား၍ အာဟာရကြောင့် ဖြစ်လာသော ရုပ်ရင့် (နာမ်ရင့်) များသာ ဖြစ်၏။

ရုပ်နာမ်များ တဖြုတ်ဖြုတ် သေဆုံးနေသည့်အကြောင်းကို ဝီထိချပြီး ပြခဲ့သည်ကို မှတ်မိကြမည်ဖြစ်၏။ တစ်စက္ကန့်အတွင်းမှာ ရုပ်ခန္ဓာက အကြိမ်ကုဋေ(၅၅၈၀) ကျော် ဖြစ်ပျက်သွားပြီး နာမ်ခန္ဓာက ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွား၏။

ထို့နောက် စက္ကန့်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ် စသည်ဖြင့် တဖြည်းဖြည်း တိုးကာ တိုးကာ ဆယ်နှစ် ဒကသမှသည် ဆယ်ဒသက နှစ် ၁၀၀ တိုင်အောင် ပြခဲ့၏။ ထို့နောက် နှစ် ၁၀၀ မှသည် ပြန်ဆုတ်ပြီး တစ်စက္ကန့်လျှင် ကုဋေထစ်သိန်းထိ စသည်ဖြင့် ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်များကို လင်းရှင်းအောင်ပြခဲ့၏။

ထို့ကြောင့် ယခု အနိစ္စနှင့်ပတ်သက်ပြီး ဒသကကို ပြလိုက်ရုံဖြင့်ပင် နားလည်နိုင်ကြလိမ့်မည်ဟု ယုံကြည်၍ ဒသကိုသာ ထပ်ပြခြင်းဖြစ်၏။ ခန္ဓာငါးပါးကို ချိန်ထိုး(ရှုပွား) ကြည့်ရှု၍ အနိစ္စကို ပြတ်ပြတ်မြင်နိုင်ပါမှလည်း ဒိဋ္ဌိ ပြုတ်၊ မပြုတ်ကို သိနိုင်ကြမည်ဖြစ်၏။ ဝိပ္ပလ္လာသနှင့် ယှဉ်ကြည့်လျှင် ပို၍သိနိုင်လေ၏။

မွေးခါစကလေးသည် အနုဆုံးဖြစ်ပြီး တဖြည်းဖြည်းရင့်လာခဲ့ရာ ဆယ်နှစ်အရွယ်တွင် ပြေးနိုင်လွှားနိုင်၊ မိဘများ စားသောက်ကြသည့် အပူအစပ် အကုန်စားသောက်နိုင်သည်အထိ ရင့်သွားလေ၏။

ဤသည်မှာ မမြဲ၍ဖြစ်၏။ မြဲလျှင် မွေးခါစအတိုင်းသာ နုဖတ်လျက် ရှိနေမည်ဖြစ်၏။ မမြဲခြင်းကိုပင် အနိစ္စဟု ဆိုရ၏။

ဤအနိစ္စတရားတော်ကို မိမိတို့ ကိုယ်ပေါ်ပြန်တင်ပြီး ကြည့်ရ၏။ ငါသည်လည်း ထိုနည်းလည်းကောင်းဖြစ်၏။ အမေမွေးခါစမှပင် တဖြည်းဖြည်းရင့်ရော်လာ၏။ ရင့်ရော်လာခြင်းမှာ မမြဲ၍ဖြစ်၏။ မမြဲခြင်းကို အနိစ္စဟု ဆိုရသောကြောင့် ငါသည်လည်း အနိစ္စကောင်ကြီးပါကလား။ မမြဲခြင်းသဘောကိုသာ ဆောင်နေပါလားဟု မိမိကိုယ်ကို ရှုမှတ်ရ၏။ သို့မှ အနိစ္စဝိပဿနာ စစ်စစ်ဖြစ်၏။

ထို့ကြောင့် မွေးခါစကလေးနှင့် အသက်ဆယ်နှစ်ကလေးတို့ကို ယှဉ်ကြည့်ခြင်းအားဖြင့် ခန္ဓာကိုယ်ဟူသည်မှာ မမြဲ၊ မမြဲ၍လည်း ဖြစ်ပျက်နေသည်။ ဖြစ်ပျက်နေသောကြောင့်လည်း မွေးခါစကအတိုင်း နုဖတ်၍ မနေဘဲ ရုပ်နာမ်သစ်များ သေဆုံးသွားပြီး ရုပ်နာမ်ရင့်များသာ ဆက်ဖြစ်နေ၍ မွေးခါစကလေးနှင့် အသက်ဆယ်နှစ်ကလေး တို့ မတူထူးခြား ကွာဟမှုများစွာ ဖြစ်နေရသည်။

သည့်အဖြစ်ကို ဓမ္မပရိသတ်များ လက်ခံကြ၏လော။ ပြတ်ပြတ်သားသား ရှိကြ၏လော။ ဉာဏ်၌ ရှင်းလင်းသည်ဟု ဆုံးဖြတ်နိုင်လျှင် သညာ၊ စိတ္တ၊ ဒိဋ္ဌိ၊ ဝိပ္ပလ္လာသ သုံးပါးဖြင့် တိုက်ဆိုင်ကြည့်လိုက်ပါ။

သညာက မှတ်သားခြင်း၊ စိတ္တ က သိခြင်း၊ ဒိဋ္ဌိက ယူဆခြင်းစသော သဘောကိုဆောင်၍ ငါ့ခန္ဓာကိုယ်သည် မမြဲဟု (သညာ) မှတ်သလော။ ငါ့ခန္ဓာ ကိုယ်သည် မမြဲဟု (စိတ္တ) သိသလော၊ ငါ့ခန္ဓာကိုယ်သည် မမြဲဟု(ဒိဋ္ဌိ) ယူဆသလော။

ထိုကဲ့သို့ ခန္ဓာငါးပါးသည် မမြဲ/ အနိစ္စဟု မှတ်-သိ-ယူ-ရှင်းလင်းပြတ်သားလျှင်လည်း တစ်ခဏ၊ ခပ်ကြာကြာ၊ အမြစ်ပြတ်ဟု သုံးမျိုးဖြင့် စောင့်ကြည့်ပြီး သုံးသပ်ရဦးမည်။ ထိုသုံးမျိုးတွင် အမြစ်ပြတ် (တသက်ပတ်လုံး) ရှင်းလင်းပြတ်သားနေပါမှ မဂ်ရ ဖိုလ်ရ ပုဂ္ဂိုလ်ဟု ယူဆကြည်ညိုရမည် ဖြစ်လေသည်။

ဤလအတွက် ဤမျှသာ။ နောက်လများတွင် ကျန်သော ဒသကများဖြင့် ဤနည်းအတိုင်း ဆက်ရှင်းပြပါဦးမည်။

**မဟာထွန်း**
**09-73091769**

www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေအတုအယောင်နှင့် ထင်ယောင်ထင်မှားဖြစ်ခြင်း

စန်းမောင်မောင်



တစ္ဆေသရဲများကို လိုက်လံနေသူများနှင့် အခြားသော သုတေသီများသည် ၎င်းတို့လိုက်လံသုတေသနပြုမှုများအရ တစ္ဆေခြောက်လှန့်ခြင်းသည် တကယ်အစစ်အမှန်ဖြစ်ကြောင်း သက်သေပြရန် ဖြစ်နိုင်ဖွယ် မရှိကြောင်း တွေ့ရှိကြသည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ အဆိုပါ တစ္ဆေလိုက်လံသူများနှင့် သုတေသီများက တစ္ဆေခြောက်ခြင်းသည် အတုအယောင်သာ ဖြစ်သည်ဟု ဆိုထားခြင်းကို ၎င်းတို့ထံတွင် အတုအယောင်နှင့် မှားယွင်းမှုများသာဖြစ်ကြောင်း ဖော်ထုတ်နိုင်သည်ဆို၏။

လူများက ညပိုင်းတွင် တစ္ဆေကို မြင်သည်ဟု ပြောတတ်ကြသည်။ အလင်းရောင် မှုန်မွားပြီး ကောင်းစွာမမြင်ရသည့်အချိန်အခါမျိုးတွင် အဝတ်ပုံသည်ပင်လျှင် ကြောက်မက်ဖွယ်ကောင်းသော တစ္ဆေနှင့် တူပေသည်။ ကြောက်စတ်ဖွယ်ကောင်းသည့် အလင်းရောင်များအဖြစ် မကြာမကြာ ဖြတ်သန်းသွားသော မော်တော်ကားမှ ရှေ့မီးရောင်များ သို့တည်းမဟုတ် အနီးအနားရှိ အိမ်မီးများနှင့် ရောင်ပြန်ဟပ်မှုကြောင့် ဖြစ်သည်ဟု ဆိုသည်။

တစ္ဆေများသည်လည်း အမှန်စင်စစ် သာမန်ရိုးရိုးလူသားများသာ ဖြစ်သည်။ ညအချိန်လမ်းတစ်ခုတည်းတွင် လျှောက်နေသူ၏ ဘောင်းဘီ၊ ဦးထုပ်နှင့် ဖျော့တော့တော့ ကွတ်အင်္ကျီများသည် ဦးခေါင်းမပါသော တစ္ဆေအဖြစ် ပေါ်လိုက်မြုပ်လိုက် ဖြစ်နေသလို တွေ့ရသည်ဟု ဆိုသည်။

ထို့ကြောင့် သင်သည် တစ္ဆေကို တွေ့မြင်ခဲ့ပါသည်ဟု မပြောမီ အနည်းဆုံး နှစ်ကြိမ်စဉ်းစားပြီးမှ ပြောပါဟူ၍ တိုက်တွန်းထားသည်။

ဝပ်ပင်းမှ ဘုန်းတော်ကြီးတစ်ပါး

တစ္ဆေခြောက်သည်ဆိုသော အကြောင်းအရာများသည် တစ္ဆေခြောက်သောနေရာမှ ရောက်လာသူများက ၎င်းတို့ကိုယ်တွေ့ တစ္ဆေခြောက်ခံရသည့် နေရာမှဖြစ်သည်။

၁၉၇၁ ခုနှစ်တွင် မဂ္ဂဇင်းတစ်စောင်တွင် လျှို့ဝှက်နက်နဲသော တစ္ဆေဘုန်းတော်ကြီးတစ်ပါးအကြောင်း ဖော်ပြထားသည်။ ထိုတစ္ဆေဘုန်းတော်ကြီးသည် ဝပ်ပင်းရှိ လန်ဒန်သင်္ဘောကျင်းတွင် ခြောက်လှန့်သည်ဆို၏။ ထိုအကြောင်းကို ရေးသားဖော်ပြသူ သတင်းထောက်သည် ထိုအရပ်ဒေသနေ လူများထံမှ တစ္ဆေခြောက်သည်ကို မြင်တွေ့ရပုံ အသေးစိတ် ရေးသားသူ သတင်းထောက်ကပဲ တစ္ဆေခြောက်သည်ဟု လိမ်လည်လှည့်ဖြားထားခြင်းသာ ဖြစ်ကြောင်းသိသည်။ သူကိုယ်တိုင် ဝပ်ပင်းဘုန်းတော်ကြီးတစ္ဆေအဖြစ် တီထွင်ဖန်တီးထားသည် ဆိုသည်။

(၁) လူအတော်များများက မရှိသည့် တစ္ဆေကို မြင်ရသည်ဟု ပြောကြသည်။ ကော်လင်းဝီလ်ဆင်ဆိုသူ အသက်ဝိညာဉ်နှင့်ဆိုင်သော သုတေသီတစ်ဦးက ထိုသို့မြင်ရသည်ဆိုသော တစ္ဆေနှင့် ပတ်သက်၍ စူးစမ်းလေ့လာမှု

www.burmeseclassic.com



လုပ်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် အိပ်မွေ့ချ သူတစ်ယောက်အား အမျိုးသမီးတစ်ယောက်က တစ္ဆေဘုန်းတော်ကြီးကို စီစဉ်ထားသော ... နှင့် နေရာတွင် မြင်ရမည်ဟု ယုံကြည် ... ပြောရန်ဖြစ်သည်။ များမကြာမီအချိန်တွင် ထို အမျိုးသမီးက တစ္ဆေကို မြင်ခဲ့ပါသည်ဟု ပြန် ပြောလေသည်။

(၂) မှောင်ခိုသမားများသည် ၎င်းတို့ တရားမဝင် လှုပ်ရှားနေမှုများကို အများမသိရှိရ လေအောင် တစ္ဆေခြောက်သည့် ပုံပြင်များအကြောင်းကို လုပ်ကြံဖန်တီးတတ်ကြသည်။ မှောင်ခိုဂိုဏ်းတစ်ခုသည် အင်္ဂလန်နိုင်ငံ ဟတ်လေးကာဆယ်(ရဲတိုက်)တွင် မှောင်ခိုယူလာသော ဘရန်ဒီအရက်ပုလင်းများကို ဝှက်ထားသည်။ ထိုအချိန်မှစ၍ တစ္ဆေမသည် အဝတ်ဖြူဝတ်လျက် လူများကို ခြောက်လှန့်နေကြောင်း ကောလာဟလသတင်းများ ထွက်လာချိန်မှစ၍ ဒေသခံလူများ စပ်စုပြောဆိုခြင်းများ ရပ်တန့်သွားခဲ့သည်ဟုဆိုသည်။

(၃) ဂျပန်နိုင်ငံတွင် လူများက မြေခွေးများသည် သဘာဝထက် လွန်ကဲသော စွမ်းအားကို ပိုင်ဆိုင်ကြသည်ဟု ထင်မှတ်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖြစ်ရပ်တစ်ခုတွင် အမေရိကန်တပ်များက ထိုအကြောင်းကို သိရှိသဖြင့် 'တစ္ဆေ' မြေခွေးများကို ဖန်တီးကြသည်။ မြေခွေးအရှင်များကိုဖမ်း၍ အရောင်တောက်ပသည့် ဆေး သုတ်ထားပြီး ဂျပန်များ ကြောက်လန့်အောင် လွှတ်ထားသည်ဟုဆိုသည်။

(၄) ညအချိန် ခလုတ်တိုက်မိသည်ကို တစ္ဆေခြောက်သည်ဟု ထင်မှတ်

တစ်နှစ်အတွင်း တစ္ဆေခြောက်လှန့်သည်ကို စုံစမ်းထောက်လှမ်းသော သုတေသနအသင်းက နှစ်စဉ်လုပ် သည်ဆို၏။ ထိုအဖွဲ့က တွေ့ရသည့်အကြောင်းအရာ အများဆုံးမှာ 'တစ္ဆေခြောက်လှန့်ခြင်း' သည် သဘာဝသာလျှင် ဖြစ်ပြီး သဘာဝလွန်ကဲမှု ရှင်းလင်းချက်ထက် အနည်းငယ်ပိုသည်ဆို၏။ တစ္ဆေခြောက်လှန့်မှုများသည် အိမ်အို အိမ်ဟောင်းများတွင် တစ္ဆေခြေရာများ ညည်းညူသံများ ဖြစ်ပေါ်ပြီး မကြာခဏဆိုသလို မကောင်းဆိုးဝါးချိန်ချသံ များ သို့မဟုတ် အသစ်တပ်ဆင်ထားသော ဗဟိုအပူပေးစက်မြည်သံများ ကြားရသည်။

အိမ်အားလုံးတွင် ပွတ်သံကြိတ်သံများ ညအချိန်တွင် ကြားရသည်။ အကြောင်းမှာ အပူချိန် လျော့နည်းသွား ခြင်းကြောင့် သစ်သားပြားများသည် ကျုံ့သွားသည်။ ကြမ်းခင်းပြင်တွင် ဖြစ်နေပါက ခြေသံများလိုလို အသံထွက်လာ သည်ဆို၏။

လေတိုက်သည့်အခါ ရေပိုက်များသည် တစ္ဆေသရဲအော်သံလိုလိုအသံမျိုး ထွက်လာသည်ဆို၏။ ထူးခြား ဆန်းကြယ်သော ခေါက်သံလိုလို ဆူညံသောအသံများသည် အမြဲလိုလို မိုးစက်များကျသံသို့ ပြောင်းလဲသွားသည်။ သို့တည်းမဟုတ် ခေါက်သံများအဖြစ် ပြောင်းလဲသွားသည်ဆို၏။ ဤအသံများသည် လူများကို ကြောက်လန့်စေပြီး ၎င်းတို့သည် သူတို့အိမ်တွင် တစ္ဆေခြောက်သည်ဟု ယုံကြည်လာသည်။

ကြွက်သားများသည်လည်း တစ္ဆေများကို အသံပေး၍ လူတွေကို ထိတ်လန့်စေသည်။ ကြွက်များ လူသူ မရှိသော အခန်းထဲတွင် ပြေးလွှားနေလျှင်သော်လည်းကောင်း၊ နံရံများအတွင်းတွင် ပြေးလွှားနေလျှင်သော်လည်း ကောင်း ကြွက်များ ပြေးလွှားသံများသည် ကြောက်လန့်ဖွယ် ဖြစ်စေသည်။ ကြွက်များက လျှပ်စစ်ဝါယာကြိုးများကို တဖြည်းဖြည်း ကိုက်သံကြောင့် မီးလောင်မှုဖြစ်စေရာ မည်သူမျှ ရှင်းမပြနိုင်ကြ။ ခေါင်းလောင်းမြည်သံပင်လျှင် တစ္ဆေခြောက်သံဟု ဘိုလေဘုန်းတော်ကြီးကျောင်းတိုက်ကို စုံစမ်းစစ်ဆေးသူတို့က ဆိုလေသည်။

**စန်းမောင်မောင်**

*'Haunted Houses, Ghosts and Spectres by Eric Maple and Lynn Myring* ကို မှီဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



# အစာစားစဉ် လူ့ရုပ်သွင်

## ကိုသက်ရှည်

လူတစ်ယောက်၏ သွားလာ နေထိုင်၊ စားသောက်ခြင်းတို့အား ကြည့်ရှုကာ ထိုသူ၏ဓလေ့စရိုက်၊ လက္ခဏာတို့အား သိရှိနိုင်သည်။ ထိုသို့ သိရှိနိုင်မည့် ပညာရပ်တို့အား ဗေဒင်ပညာအရဆိုလျှင် အင်္ဂဝိဇ္ဇာ နည်းအရ သိရှိနိုင်သည်။ တရုတ်လူမျိုးတို့၏ ပညာရပ်များတွင် လူ၏အင်္ဂါ ခွဲဖတ် ပညာရပ်ပင်ဖြစ်သည်။ အင်္ဂါခွဲဖတ်ပညာ၊ အင်္ဂဝိဇ္ဇာ ပညာရပ်တို့အား ရှေးကာလကပင်ရှိခဲ့သည့် ပညာရပ်တို့လည်း ဖြစ်သည်။

အစာစားစဉ် လူ့ရုပ်သွင်–လူတစ်ယောက် ထမင်းစားနေသည့် အချိန်ပင် သေချာကြည့်ရှုလေ့လာပါက ထိုသူ၏ ဓလေ့စရိုက်သွင်ပြင်အား သိရှိနိုင်သည်။ အချို့လူများ ထမင်းစားနေသည့်အခါပင်လျှင် ထမင်းအား ကောင်း ကောင်းမစား၊ ပါးစပ်ထဲ ထမင်းပလုတ်ပလောင်းနှင့် ထမင်းစားရင်း စကားတွေဖောင်ဖွဲ့ကာ ပြောဆိုတတ်သူတို့ ရှိသည်။ ရှေးလူကြီးသူမတို့က ထမင်းစားချိန် စကား မပြောရဘူး။ ထမင်းကိုပဲ ဂရုစိုက်စား။ ထမင်းစားရင်း စကားမပြောရဘူးဟု၍ ပြောဆိုဆုံးမတတ်သည်။ ထမင်းစားရင်း စကားပြောတဲ့သူ ဆင်းရဲဒုက္ခရှည်တတ်တယ်ဟု ဆုံးမလေ့ရှိခဲ့သည်။

အချို့လူများ၏ စရိုက်တစ်ခုမှာ ထမင်းစားပြီဆိုမှ စကားတွေ တောင်ရောက်၊ မြောက်ရောက် ပြောတတ်သူတွေ တွေ့ရသည်။ ပါးစပ်ထဲမှာလည်း

www.burmeseclassic.com

ထမင်းက မဆုံမပြ၊ ပလုတ်ပလောင်းဖြစ်သည်။ ထိုသူတို့မှာ တကယ့်လက်တွေ့ဘဝမှာလည်း ရှေးလူကြီးသူမတို့ပြောသလို ဆင်းရဲဖြစ်တာ ရှည်ကြာသူများပင်ဖြစ်သည်။ ထမင်းစားနေသည့်အချိန်ကလေးမှာပင် လက်ကမနား၊ နှုတ်ကလည်း မအားနိုင်ဘဲ စကားစမြည် ပြောဆိုနေတတ်သည်။ ထိုသူများမှာ တကယ်လည်း အလုပ်နဲ့လက်နဲ့ မပြတ်လုပ်ကိုင်နေရသူများဖြစ်နေ တတ်သည်။ ထမင်းစားလျှင်ပါးစပ်က တပျတ်ပျတ် အသံမြည်အောင်စားတဲ့ သူတွေလည်း တွေ့ရသည်။ ထိုကဲ့သို့လည်း မစားသင့်ပေ။

ထမင်းစားနေချိန် ထမင်းဝိုင်းတွင် တစ်နေရာတည်း၊ တစ်ထိုင်တည်း ဝအောင် ထမင်းအား မစားဘဲ၊ ဟိုနေရာပြောင်းစား၊ ဒီနေရာပြောင်းစား စားတတ်သူတွေလည်း တွေ့ရသည်။ ထမင်းခွက်အား ကိုင်ပြီးအခြား ထမင်းဝိုင်းရှိရာသော်လည်းကောင်း၊ မိဘ မွေးချင်းမောင်နှမတွေအိမ်တွင် ဟင်းကောင်းနိုးနိုးနှင့် လှည့်ပတ်ကာ ထမင်းပန်းကန်ပြားကြီးကိုင်ကာ သွားလာစားတတ်သူတို့အားလည်း တွေ့ရသည်။

ထမင်းစားရင်း ထမင်းခွက်ကိုင်ကာ ဟိုအိမ်ပြောင်းစားလိုက်၊ ဒီဘက်ဝိုင်းက ဟိုဘက် ထမင်းဝိုင်း ပြောင်းကာ စားသောက်တတ်သူတို့မှာ တကယ်ပင် နေရာအတည်တကျ မမြဲတတ်သူများပင်ဖြစ်သည်။

ထမင်းတစ်လုတ်စားရဖို့ တစ်ဝမ်းတစ်ခါး လုပဖို့အတွက်ကိုပင် နေစရာအခြေတကျမရှိဘဲ ခြေသလုံးအိမ်တိုင်သဖွယ် ဟိုနေရာပြောင်းရွှေ့လုပ်ကိုင်ရ၊ ဒီနေရာ ပြောင်းရွှေ့လုပ်ကိုင်ရနှင့် ပြောင်းရွှေ့ကာ ယနေ့ကာလမှာကဲ့သို့ ရေကြည်ရာမြက်နုရာ အလုပ်အကိုင်အခွင့်အလမ်း ကောင်းသည့်နေရာဒေသတို့ ပြောင်းရွှေ့လုပ်ကိုင်ရသူများ ဖြစ်နေတတ်သည်။

ထမင်းကားသည့်အခါ ဟင်းစားချေး(ကျိုး)များသူများအားလည်း တွေ့ရတတ်သည် ...။ ဒီဟင်းချက်တာမကောင်းဘူး၊ ဟိုဟင်းချက်တာကမကောင်းဘူးနဲ့ အရိုးများသည်၊ ချေးခါးသည် ပြောဆိုကာ ဟင်းရွေးတတ်သူတို့၏ ဝလေ့စရိုက်မှာ ဇီဇာကြောင်တတ်သူများပင် ဖြစ်သည်။ တော်ကြာတစ်မျိုး၊ ခုတစ်မျိုးနှင့် စိတ်မှာအပြောင်းအလဲ မြန်တတ်သူများ ဖြစ်နေတတ်သည်။ စိတ်မြန်၊ စိတ်မမှန်၊ အပြောင်းအလဲမြန်တတ်သူတို့ ဖြစ်နေတတ်သည်။

ထမင်းစားသည့်အခါ အသားဟင်း၊ ငါးဟင်းဖတ်တို့အား ထမင်းတွင်မြှုပ်ကာ စားတတ်သူ– ထိုလူမျိုးမှာလည်း လျှို့ဝှက်သိုသိပ်တတ်သည့်သူများပင် ဖြစ်သည်။

ဆရာတော်ကြီးတစ်ပါး ဆိုလျှင်သူ၏ရှေ့တွင် ထမင်းစားနေသူတစ်ဦးမှာ ထမင်းစားရင်း လက်တစ်ဖက်တည်း စားနေခြင်းမျိုးမဟုတ်ဘဲ ဘယ်လက်ရော၊ ညာလက်ပါ ထမင်းဟင်းခွက်တွင် နှိုက်လျက်စားနေရာ တွေ့မြင်ရ၍ ထိုသူ၏လက်အား ရုတ်တရက်ပုတ် ချလိုက်ကာ ဤသို့ မိန့်ဆိုတာတွေ့ရသည်။

"ဒါယကာကြီး ထမင်းစားတာလက်တစ်ဖက်တည်းစားရင် တော်ပြီပေါ့။ ခုတော့ လက်နှစ်ဖက်စလုံးဘယ်ဘက်ကနှိုက်လိုက်၊ ညာဘက်ကနှိုက်လိုက်နဲ့ လက်တစ်ဖက်တည်းစားတာတောင် မလောက်နိုင်လို့ ရှာရဖွေရတာ နားရတယ်မရှိဘူး" ဟု ဆိုဆုံးမတတ်သည်။

ထမင်းစားသည့်အခါတွင်လည်းဖြစ်နိုင်လျှင် အနောက်အရပ်၊ မြောက်အရပ်တို့အား မျက်နှာမူ၍ မစားသင့်ပါ။ တောင်အရပ်၊ အရှေ့အရပ်တို့အားမျက်နှာမူကာ စားသင့်ပါသည်။

မည်သူမဆို ထမင်း၊ ဟင်း စားသောက်သည့်အချိန်တွင် ဣန္ဒြေရရ၊ တစ်နေရာတည်း၊ တစ်ထိုင်တည်း ဖင်နေရာမြဲမြဲ တစ်ထိုင်တည်း ဝအောင်စားသင့်ပါသည်။ ဟိုနေရာရွှေ့စားလိုက်၊ ဒီစားပွဲပြောင်းစားလိုက်၊ အခြားတစ်နေရာ၊ အိမ်တစ်အိမ်အား ပြောင်းရွှေ့စားသောက်သည့် အလေ့အကျင့်မျိုး မပြုလုပ်သင့်ပါ။ စားသောက်နေချိန် ဖင်နေရာမကျမလုပ်ပါနှင့်။ ထမင်းစားနေချိန်တွင်လည်း ပလုတ်ပလောင်းနှင့် စကားမပြောပါနှင့်။ အသံမြည်အောင် တပျတ်ပျတ်လည်းမစားပါနှင့်။ ထမင်းတစ်ဝိုင်းက တစ်ဝိုင်း၊ တစ်အိမ်မှ တစ်အိမ် ပြောင်းရွှေ့စားသောက်ခြင်းလည်း လုံးဝမပြုလုပ်အပ်။ ဝသီအကျင့်စရိုက် လက္ခဏာတို့ပါသွားတတ်ပါသည်။ ထိုဝလေ့စရိုက်တို့မှာ လူတစ်ယောက်၏ အစားအစာစားသောက်ချိန်၊ အစာစားစဉ် လှုပ်ရှားသွင်တို့အား ထင်အပ်ဖော်ပြလျက်ရှိနေပါတော့သည်။

ကိုသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com

# ကလေးငယ်ငယ်မိခင်တို့ ရွတ်ပွားဖို့

## ရဲမြတ်အောင်

ဆောင်းရာသီ၏ နံနက်ခင်းအေးချမ်းမှုနှင့် နေ့လယ်ခင်းအပူရှိန်တို့၏ စပ်ကူးမတ်ကူးအချိန်ကာလ ဖြစ်ပေ၏။ ကျွန်ုပ်ထံသို့ စာတစ်စောင်ရောက် ရှိခဲ့လေသောကြောင့် စာပို့လုလင်က စာလာပို့လေ၏။ ကျွန်ုပ်လည်း ရောက်ရှိလာသော စာကို အလျင်စလိုနှင့်ပင် ဖွင့်ဖတ်လိုက်လေ၏။

*သို့*

*စာရေးဆရာကြီး ရဲမြတ်အောင်*

*နင်က ငါတို့အကြောင်းကို စာအုပ်ထဲ ထည့်ရေးတယ်ပေါ့လေ။* စာနှစ်ကြောင်းပင် ဖတ်ရသေး၏။ ကျွန်ုပ်လန့်ဖျပ်သွား၏။ *ငါ ဘယ်သူ့အကြောင်းများ ထိခိုက်နစ်နာစရာ ထည့်ရေးမိပါလိမ့်ဟုတွေးရင်း* စာကို ဆက်ဖတ်ဖြစ်၏။

*ကျေးဇူးတင်ပါတယ်ဟာ။ ငါတို့ကို ဒီလို သတိတရနဲ့ စာထဲထည့်ရေးတာ ကျေးဇူးတင်ပါတယ်။ အောက်တိုဘာလထုတ် မနုစာရီမဂ္ဂဇင်း အမှတ်(၂၂)ထဲမှာ နင်ရေးတဲ့ "သားကောင်းမိခင် ဖြစ်လိုလျှင်"ဆိုတဲ့ ဆောင်းပါးကို အမှတ်မထင်တွေ့မိပြီး ဖတ်မိရာက ငါတို့အကြောင်းရေးထားမှန်းသိတာ။ ငါလေ နင်ပေးခဲ့တဲ့ ဂါထာလေးကို ပထမတော့ ကြည့်ဆိုရတာပေါ့။ နောက်တော့ အလိုလိုရသွားပြီး အားတိုင်း ရွတ်နေတော့တာပဲ။ စိတ်ထဲကလည်း တကယ့်ကို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်ပြီးတော့ကို ရွတ်ဖတ်ခဲ့တာပါ။ အဲဒီရဲ့ အကျိုးကျေးဇူးကတော့ ငါ့မှာ ကလေးမီးဖွားခါနီး ဘာဝေဒနာမှ ပြင်းပြင်းထန်ထန် မခံစားလိုက်ရဘူး။ ပြီးတော့ လွယ်လွယ်ကူကူ၊ ချောချောမွေ့မွေ့ မွေးနိုင်ခဲ့တယ်။ ဒါဟာ ငါရွတ်ဖတ်နေတဲ့ ဂါထာလေးရဲ့ အစွမ်း၊ ရတနာသုံးပါးရဲ့ ကျေးဇူးဆိုတာ ငါယုံကြည်တယ်။ ဒါကြောင့်လည်း တကယ့်ကို အကျိုးထူး ရရှိခံစားနိုင်တဲ့ ဂါထာလေးကို ရှာဖွေပေးခဲ့တဲ့နင့်ကို ကျေးဇူး တကယ့်ကို တင်တာပါ။ နင့်ကျေးဇူးကို ဘယ်လို ဆပ်ရမှန်းတောင် မသိတော့ဘူး။ ငါတို့ဆီမှာ တညင်းသီးတွေ ပေါ်နေပြီ။ နင်သိပ်ကြိုက်တဲ့ တညင်းသီးနဲ့ဝက်သား ချက်ကျွေးမယ်။ ငါတို့ဆီကို အားရင် လာလည်ဦး။ ငါတို့ကတော့ သိတဲ့အတိုင်းပဲ။ ကိုကျော်စန်းကလည်း အလုပ်တစ်ဖက်၊ ငါ့မှာကလည်း အခု ကလေးနဲ့ဆိုတော့ အားတယ်ကိုမရှိဘူး။ ဒီစာကိုတောင် ကိုကျော်စန်းကို ရေးခိုင်းနေတာကြာပြီ။ သူက ဖင်လှည့်ခေါင်းလှည့်နဲ့မို့ ငါကိုယ်တိုင် ရေးလိုက်ရတာ။ ကလေးအိပ်နေတုန်းမှာ ငါလည်း ရေးဖြစ်လိုက်တာပါ။ နို့မို့ဆို မလွယ်ဘူး။*

*ဟဲ့ . . . ဒါနဲ့ နေဦး။ ငါ့သားလေးကို ဘယ်လိုနာမည်ပေးရင် ကောင်းမလဲ။ နင်က စာရေးဆရာဆိုတော့ နာမည်လှလှလေး ပေးဘတ်မှာပါ။ ငါ့ကလေးကို နာမည်ပေးပေးဦး။ ကလေးက ဗုဒ္ဓဟူးသား။ ထွားလိုက်တာ ပြောမနေနဲ့။ ပြီးတော့ ငါ နင်ပေးခဲ့တဲ့ ဂါထာကိုပဲ ဆက်ရွတ်ရမှာလား။ အဲဒါက သားသမီးကောင်း မွေးဖွားစေချင်ရင် ရွတ်ရတဲ့ မိခင်လောင်းတွေအတွက်ပဲလား။ မိခင်တွေအပြောက်ရော ငါတို့လို မွေးဖွားပြီးတဲ့ မိခင်တွေအတွက်ရော ဘာဂါထာရွတ်ရဦးမှာလဲ။ ငါ့ဆီကို ရွတ်ရမယ့်ဂါထာလေးပေးဦးဟာ။ လူကိုယ်တိုင် မလာနိုင်ရင်တောင်မှ စာနဲ့ဖြစ်ဖြစ် ရေးပြီးပို့ပေးလိုက်။ နင့်အတွက် ဦးဂျမ်းတစ်ထည်လည်း စာတိုက်ကပို့ပေးလိုက်တယ်။ ကလေး အိပ်ရာကနိုးပြီး ငိုနေပြီ။ တော်ပြီနော်။ ဒီလောက်ပဲ။ ငါ့ဆီကို ဆက်ဆက်စာရေးပါ။*

*ခင်တဲ့သူငယ်ချင်း*

*ဇော်ညည်*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ရှည်လျားထွေပြားသော စာကိုဖတ်ပြီး ပြန်ခေါက်၍ စာအိတ်ထဲထည့်လိုက်လေ၏။ မရောက်တာ ကြာပြီဖြစ်သည့် ဇာတိမြို့ကလေးကို အရင်တစ်ခေါက် ရောက်ခဲ့ပြီးကတည်းက ထပ်မံသွားချင်စိတ်များ ပေါ်နေခဲ့၏။ သို့သော် လုပ်ငန်းတာဝန်များအရ မည်သို့မျှ သွား၍မရသည်ကိုလည်း သိ၏။ ကျွန်ုပ်ရှာဖွေပေးခဲ့သော သားကောင်းမိခင်လောင်းတို့ ရွတ်ဖတ်ရမည့်ဂါထာကို ယုံကြည်သက်ဝင်စွာ ရွတ်ဖတ်ပြီး ကောင်းမွန်ချောမောစွာ မွေးဖွားနိုင်ခဲ့သည့်အတွက်လည်း ပီတိဖြစ်ရလေ၏။

ငယ်သူငယ်ချင်းတည်းဟူသော သံယောဇဉ်ကြောင့် ကျော်စန်းနှင့် ဇာခြည်တို့အတွက် မိမိတတ်နိုင်သည့်ဘက်မှ အကူအညီပေးရန်လည်း ဆုံးဖြတ်ထား၏။ လူကိုယ်တိုင်သွားရောက်အကူအညီ မပေးနိုင်သော် စာနှင့်လှမ်း၍ ရေးသားကူညီမည်ဟု ဆုံးဖြတ်၏။ ထို့ကြောင့် စားပွဲပေါ်ရှိ စာရွက်နှင့် ဘောလ်ပင်ကိုယူကာ ကျော်စန်းနှင့် ဇာခြည်တို့ထံသို့ စာရေးဖြစ်လေ၏။ ကျော်စန်းနှင့် ဇာခြည်တို့က ကျွန်ုပ်ထံတွင် အဘယ်သို့သော အကူအညီကို တောင်းခံခြင်းဖြစ်ကြောင်း တိတိကျကျသိရှိစေရန် ဇာခြည်ရေးလိုက်သောစာကို တစ်ခေါက်ထပ်မံ ဖတ်ရှုလိုက်၏။

မွေးဖွားပြီးသော ကလေး၏နာမည်အားပေးရန်။

ကိုယ်ဝန်ဆောင်မိခင်လောင်းတို့အတွက် မဟုတ်ဘဲ မွေးဖွားပြီးစ မိခင်တို့အတွက် ရွတ်ဖတ်ရမည့်ဂါထာအား ရှာဖွေပေးရန်ဟူ၍ ဇာခြည်တောင်းခံထားသော အကူအညီကို နှစ်ချက်အဖြစ် တွေ့ရှိရလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျော်စန်းနှင့် ဇာခြည်တို့ထံသို့ အောက်ပါစာအား ရေးသားလိုက်တော့၏။

*ကျော်စန်းနှင့်ဇာခြည်*

*အားလုံး နေထိုင်ကောင်းကြမယ်လို့ မျှော်လင့်ပါတယ်။ ငါလည်း ကျန်းမာရေးကောင်းပါတယ်။ အလုပ်ကတော့ သိတဲ့အတိုင်း ရှုပ်နေတာပါပဲ။ နင်တို့ကလေးကို ချောချောမွေ့မွေ့ ကောင်းမွန်စွာ မွေးဖွားပြီးကြောင်း၊ ကလေးကလည်း ထွားထွားကျိုင်းကျိုင်း သန်သန်မာမာရှိကြောင်း သိရတဲ့အတွက်လည်း ပီတိဖြစ်မိပါတယ်။ နင်တို့အနေနဲ့ ငါ့ကို အားကိုးယုံကြည်စွာ ကလေးနာမည်ပေးဖို့ တောင်းဆိုတော့ ငါကလေးအတွက် နာမည်စဉ်းစားမိတယ်။ ကလေးက ဗုဒ္ဓဟူးသားဆိုရင်တော့ အဘဆရာကြီးမင်းသိခ်နည်းအတိုင်း ပေးရရင် နင်တို့သားကို 'ဥက္ကာဖြိုး'လို့ ပေးလိုက်ပါ။ ဟုတ်ပြီလား။ 'ဥက္ကာဖြိုး'နော်။ ပြီးတော့ နင်တို့မေးထားတဲ့ အကြောင်းတစ်ခုက ပဋိသန္ဓေရှိနေတဲ့ မိခင်လောင်းဘဝတုန်းက သားသမီးကောင်းမွေးဖွားစေဖို့ ရွတ်ဆိုတဲ့ဂါထာတော့ ရွတ်ပြီးပြီ။ အခု သားသမီးငယ်ငယ်လေးဘဝမှာရော၊ မိခင်အတွက် ရွတ်ပွားဖို့ ဂါထာမရှိဘူးလားဆိုရင် ရှိတယ်။ နင်တို့သိပြီးသားပါ။ အရင်မိခင်လောင်းဘဝက ရွတ်တာက ကျွန်မရဲ့ ပဋိသန္ဓေသားသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါ၏ပေါ့။ အခုကျတော့ ကလေးနာမည်ထည့်ပြီး မောင်ဘယ်သူသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါ၏လို့ ရွတ်ဆိုပေးရမယ်။*

*ဒါက ကိုယ့်ကလေး စကားမပြောတတ်ခင် အထိပေါ့။ ကလေးစကားပြောတတ်လာတော့ ကလေးကိုယ်တိုင်ကို ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါ၏လို့ ဝ [illegible] အောင်သင်ပေးပြီး ဆိုခိုင်းပေတော့။ မဟုတ်ဘူးလား။ အခု နင်တို့ကလေးက စကားမပြောတတ်သေးတော့ နင်ရွတ်ဆိုရမှာက –*

**"အယံ ဘန္တေ (ကလေးအမည်) ဘဂဝန္တံ သရဏံ**
**ဂစ္ဆတိ ဓမ္မဥ္စ၊ ဘိက္ခု သံဃဉ္စ ဥပါသကံ တံ**
**ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ**
**ပါဏုပေတံ သရဏံ ဂတံ"**

*ဆိုပြီးရွတ်ရမယ်။ နင့်သားအမည်က ဥက္ကာဖြိုးဆိုတော့ ကလေးအမည်နေရာမှာ ဥက္ကာဖြိုးဆိုပြီး ထည့်ဆိုပေါ့။ ဟုတ်ပြီလား။ ဒါပဲနော်၊ အားလုံး ကျန်းမာကြပါစေ၊ နောက်များမှပဲ လာလည်ဦးမယ်။*

*ခင်တဲ့ ကိုရဲ*

စာဖတ်သူအကျိုး မျှော်ကိုးတဲ့ ...

---

**ရဲမြတ်အောင်**

---



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်


## ၁၃၇၇ ခုနှစ်၊ တော်သလင်းလ-သီတင်းကျွတ်လ

## 2015 OCTOBER

| | | |
|---|---|---|
| ကြာသပတေး Thursday | 1 ၃ ရက်ရာဇာ | |
| သောကြာ Friday | 2 ၄ | |
| စနေ Saturday | 3 ၅ ရက်ရာဇာ အမြိတ္တစုတ်ရက် | |
| တနင်္ဂနွေ Sunday | 4 ၆ | 18 ၅ |
| တနင်္လာ Monday | 5 ၇ | 19 ၆ |
| အင်္ဂါ Tuesday | 6 ၈ ရက်ယုတ်မာ | 20 ၇ ရက်ရာဇာ အမြိတ္တစုတ်ရက် |
| ဗုဒ္ဓဟူး Wednesday | 7 ၉ | 21 ၈ |
| ကြာသပတေး Thursday | 8 ၁၀ ရက်ရာဇာ | 22 ၉ ရက်ရာဇာ |
| သောကြာ Friday | 9 ၁၁ | 23 ၁၀ |
| စနေ Saturday | 10 ၁၂ ရက်ရာဇာ | 24 ၁၁ |
| တနင်္ဂနွေ Sunday | 11 ၁၃ | 25 ၁၂ ရက်ယုတ်မာ |
| တနင်္လာ Monday | 12 ၁၄ | 26 ၁၃ |
| အင်္ဂါ Tuesday | 13 ၁၅ တော်သလင်းလကွယ် | 27 ၁၄ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 14 ၁ | 28 ၁၅ အဘိဓမ္မာနေ့ သီတင်းကျွတ်လပြည့် |
| ကြာသပတေး Thursday | 15 ၂ ရက်ရာဇာ မဟာရက်ကြီး | 29 ၁ ရက်ရာဇာ |
| သောကြာ Friday | 16 ၃ | 30 ၂ မဟာရက်ကြီး |
| စနေ Saturday | 17 ၄ | 31 ၃ |



၁. ၁၀. ၂၀၁၅



၁၈. ၁၀. ၂၀၁၅

### ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၈. ၁၀. ၂၀၁၅ တနင်္ဂနွေနေ့ နံနက် ၁ နာရီ ၁ မိနစ် ၃၈ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - သိဟ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၉. ၁၀. ၂၀၁၅ သောကြာနေ့၌ ကန်ရာသီတွင် စတင်အတည့်ပြု သွားသည်။ ၂၉. ၁၀. ၂၀၁၅ ကြာသပတေးနေ့ ည ၁၁ နာရီ ၃၄ မိနစ် ၂၈ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁. ၁၀. ၂၀၁၅ ကြာသပတေးနေ့တွင် သိဟ်ရာသီသို့ ပြောင်းသည်။

စနေသည် - ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ရာဟုသည် - ကန်ရာသီသို့ ပြောင်းသည်။

(၃. ၁၀. ၂၀၁၅)နှင့်(၂၀. ၁၀. ၂၀၁၅)ရက်တို့သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။


### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။
တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။
အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။
ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။
ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။
သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။
စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်



www.burmeseclassic.com

# ဂမ္ဘီရဒေဝီ၏ သစ္စာ

■ သိန်းထွန်းသစ်

**(ယခင်လမှအဆက်)**

## ဝင့်ကြွေးရယ်တဲ့တင်

တပေါင်းလပြည့်ရောက်ရန် သုံးရက်သာ လိုတော့သည်။ သမိန်ပရူ တောလည်ထွက်ခိုက် ဂမ္ဘီရဒေဝီသည် သူ့မောင်ကြီး အောင်နန္ဒကိုခေါ်၍ တိုင်ပင်လေသည်။

"မောင်ကြီး ... နှမလေးတို့ တပေါင်းလပြည့်နေအမီ ပုတ္တတောင်ပေါ်မှာ သဲပုံစေတီတည်ထားကြရအောင်"

"သခင်မငယ် .. ကောင်းလှပေတယ်။ မောင်ကြီး ချောင်းစပ်ကသဲများကို ကြိုတင်ယူလို့ တောင်ပေါ်အရောက် ပို့ထားပေးပါ့မယ်"

"မောင်ကြီးကလည်း ... နှမငယ်လည်း အတူကူသယ်ပေးမှာပေါ့"

ဂမ္ဘီရဒေဝီနှင့် အောင်နန္ဒတို့ ပုတ္တချောင်းဘေးမှ သဲများကို သန့်စင်၍ ပုတ္တတောင်ပေါ်သို့ ထမ်းရွက်သယ်ပို့ကြလေသည်။ တပေါင်းလ၏ အဖိတ်နေ့သို့တိုင် ရောက်ခဲ့ပြီ။ အရုဏ်ကျင်း၍ အလင်းမပေါ်မီ ကောင်းကင်၌ ကြယ်ငယ်တစ်လုံး ကြွေကျမြေခသည်ကို ဂမ္ဘီရဒေဝီသည် နိမိတ်ယူ၍ ရင်တွင်းပူပင်မှုတို့ ဖြစ်ပေါ်ရသည်။ အောင်နန္ဒ၏တဲသို့ လှမ်းကြည့်လိုက်တော့လည်း ဆိတ်ငြိမ်လျက်။ သူ့မောင်ကြီး တရားထိုင်နေရော့မည်။ သူ့တဲပေါ်မှာ ချောင်းဟန့်သံကြားရ၍ ပြန်လှည့်တော့မှ ဒွိကဒုတ်တောင် ဘုရားသော့ အာယုသိဒ္ဓိ ကြွရောက်နေသည်ကို မြင်ရသည်။ ဂမ္ဘီရဒေဝီ တဲပေါ်တက်၍ အဘုရားသော့ကို ဦးချလိုက်သည်။

"သမီးငယ် .. သင့်မောင်ကြီး အောင်နန္ဒ ဝင့်ကြွေးဆပ်ချိန် ရောက်ပြီကွဲ့။ ဒီနေ့ ပုတ္တတောင်ပေါ်မှာ သဲပုံစေတီအပြီးတည်လို့ နံနက်မိုးသောက်အလင်းရောက်ချိန် စေတီငယ်ကို ထီးတော် ပြုကြရပေမယ်"

"မှန်လှပါ .. ဘုရားသော့ အမိန့်အတိုင်းပါဘုရား"

အောင်နန္ဒနှင့် ဘုရားသော့တို့ သဲပုံစေတီတည်နေကြသည်။ ဂမ္ဘီရဒေဝီသည် လိုအပ်သော သဲ၊ ကျောက်တို့ ကူသယ်ပေးလျက် ရှိနေသည်။ ရေပူ၊ ရေချမ်းကမ်းလှမ်းလျက် ပါရမီဖြည့်ဆည်းပေးနေသည်။ နေဝင်ချိန်မှာတော့ သဲပုံစေတီငယ် ပြီးလေသည်။

သမိန်ပရူသည် ဂျီ(ချေ)ငယ်တစ်ကောင်ကို ထမ်းပိုးလျက် သူ့တစ်ကိုယ်လုံး ဂျီငယ်၏ သွေးတို့ဖြင့် သွေးသံရဲရဲ ရှိနေသည်။ ဘုရားသော့ကို တွေ့လိုက်ရ၍ သမိန်ပရူ ဂျီငယ်ကို မြေပြင်သို့ ပစ်ချရင်း ဒူးထောက်ဝတ်ပြုလိုက်သည်။

"အကုသိုလ် ကြီးမားလှပါလား အရှင့်သား။ တရားမရ ဒီဘဝမှာတော့ သူ့အသက်သတ်တဲ့ ကံကပဲ သင့်ကို ပြန်လှန်လို့ အကျိုးပေးဦးရော့မယ်"

သမိန်ပရူသည် ဒုက္ခိတဘာဝေဖြင့် ဘုရားသော့ရှေ့မှ သူ့တဲသို့ လှမ်းထွက်သွားလေသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် ချစ်ခင်မြတ်နိုးခဲ့ရသော မောင်ကြီးအောင်နန္ဒ၊ ဆိုးချင်တိုင်းဆိုး၍ နွဲ့ချင်တိုင်းနွဲ့ခဲ့သော သူ့ဒဏ်ကို အောင်နန္ဒသည် သည်းခံစိတ်ဖြင့် အပြစ်မယူ ခွင့်လွှတ်စမြဲ။ မေတ္တာတရားကြီးမားလှသော သူ့မောင်ကြီး၏ ရိုးသားသောစိတ်၊ ဖြူစင်သောစိတ်တို့ကို သူမအနေနှင့် အားမလို၊ အားမရ ဖြစ်ခဲ့ဖူးသည်။ သူတို့မောင်နှမသည် သွေးချင်းစပ်ခဲ့သည် မဟုတ်။ အရှင်နှင့် ကျွန်ဆိုသကဲ့သို့ သူတို့မျိုးဆက် အထိန်းတော် ဘွားသူဇာသည် အောင်နန္ဒ၏အဘွားပင်မဟုတ်ပါလော။ အနေနီးလျက် အလှမ်းဝေးခဲ့ရသော ဘဝနှစ်ခုပင်။ မိန်းမတန်မဲ့ ရင်တွင်းကဆန္ဒကို ထုတ်ဖော်ရန်ခက်လေသည် ..။ မောင်ကြီးသည် ယောက်ျားတန်မဲ့ သတ္တိမရှိလေရော့သလား။ မရှူးခင်ကပင် ညွှတ်ချင်နေသော သူ့ကို မသိကျိုးကျွန်ပြုခဲ့လေသည်။ သူမ၏ချစ်ဦးသူသည် မောင်ကြီးပင်ဖြစ်ရသည်။ မောင်ကြီး အောင်နန္ဒကို တစ်ခါတစ်ရံတော့ မကျေနပ်သောစိတ်ဖြင့် ကျောပြင်ကို ထုနှက်၍ ဆိုးခဲ့ဖူးသည်။ မောင်ကြီးသည် သူမ



www.burmeseclassic.com

www.burmeseclassic.com

၏ ကလေးဆိုးဒဏ်ကို ခါးစည်း၍ခံ စမြဲ။ ဘိုးစဥ်ဘောင်ဆက် သစ္စာတရား ကြီးမားကြသူများဖြစ်၍ မောင်ကြီး အောင်နန္ဒသည် သူမအပေါ် သစ္စာ ကြီးမားလွန်းသူ ယောက်ျားတစ်ဦး ဖြစ်ခဲ့လေသည်။

"အို ‥ မောင်ကြီးရယ်။ မနက် မိုးသောက် အလင်းရောက်ရင် ကျွန်မ တို့ ခွဲကြရတော့မယ်။ ဘဝဆက်တိုင်း ဆုံတွေ့ကြပါစေလို့ ဆုတောင်းလိုက် ပါတယ်"

မုထုဇဥ်ဖြစ်သော လောကီလူ သားဘဝ ပူဆွေးမှု၊ ကြေကွဲမှု၊ လွမ်း မောတသမှု စသည့် ခံစားမှုမကင်း သော ဘဝပိုင်ရှင်များ။ ထိုဆင်းရဲဒုက္ခ များသည် မြတ်ဗုဒ္ဓ၏ဒုက္ခသစ္စာတရား ထဲမှာ ရှိနေပြန်သည်။ ဂမ္ဘီရဒေဝီနှုတ် မှ ရေရွတ်မိသည်။

"အို ‥‥ မောင်ကြီးရယ်"

အိပ်မက်မှ လန့်နိုးချိန်ဝယ် သူမ ရှိုက်ကြီးတငင ငိုချလိုက်သည် ‥‥။

ဘရသေ့သည် ဂမ္ဘီရဒေဝီကို ဖြေသိမ့်ပေးရှာသည်။

"သမီးငယ်၊ လောကဓံတရား တို့မည်သည် ဘုရားရှင်ပင် မလွန်ဆန် နိုင်။ ပုထုဇဥ်လူသားများအဖို့တော့ ဆို ဖွယ်ရာမရှိတော့ပေဘူး။ တရားနဲ့သာ ဖြေပါကွယ်"

သည်နေ့သည် တပေါင်းလ ပြည့်နေ့။ ရိုးမ၏ တောနှင့်တောင်စွယ် တို့ မြစိမ်းရောင် တောအုပ်ထဲမှ သစ် ရွက်ရော်ရီ သိင်္ဂီရွှေရောင် တောက် ပြောင်၍နေကြလေသည်။ ရင့်ရော်ဝါ ရွှေနေသော ရွက်အိုတို့ လေအဝှေ့ ကြွေကျနေကြဆဲ။ ဉဏ်မခိုင် ဈာန် ယိုင်လျှောရသည့် လတပေါင်း၏ ရှု ခင်းပေပဲ။ ပုတ္တတောင်ပေါ်မှ လှမ်း ကြည့်တော့ ကံ့ကော်ကျွန်းကို ကံ့ ကော်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် လှမ်းမြင်နေရသည်။ ရာဇဌာနီ မင်း နေပြည်တော် ဖြစ်ခဲ့ဖူးသည့်နေရာ ဒေသ၊ ဒွိကဒုတ်တောင်မှ သရက်ဖြူ ပင်ကြီးသည် မိုးထိလုဘနန်း ထီး တည်းကြီး မြင့်တက်လျက် လွမ်းမော ဖွယ်ရာ ရှုခင်းများပါပေ။ သံပုံစေတီ ငယ် ထီးပြုရန် ဘရသေ့သည် ဝါးတံ တို့ကို စိတ်ဖြာ၍ ပြုလုပ်နေသည်။ မောင်ကြီးအောင်နန္ဒသည် သံပုံစေတီ ကို သံဖို့လျက် အချောသတ်နေသည်။ ဂမ္ဘီရဒေဝီသည် သစ်သီးဆွမ်းကပ်လှူ ရန် ပြင်ဆင်နေလေသည်။ မင်းရမ်း ကားလုလင်သည် အဆံမပါသော ခေါင်းလောင်းငယ်ကို ကိုင်လျက် တောင်ပေါ်တက်လာသည်။

"ဘရသေ့ခင်ဗျား။ ကျွန်ုပ်၏ ခေါင်းလောင်းငယ်ကို ဌာပနာသွင်း၍ ပူဇော်ပေးပါ"

ဘရသေ့သည် သံပုံစေတီအတွင်း ခေါင်းလောင်းငယ်အား ဌာပနာသွင်း ရင်း –

"အရှင့်သား ခေါင်းလောင်းငယ် က အသံမမြည်သေးပါလား"

မင်းရမ်းကားလုလင် (သမိန် ပရှု)သည် ပြုံးရယ်၍ –

"ဘရသေ့ခင်ဗျား ‥‥ ခေါင်း လောင်းငယ် အသံမြည်အောင် ကျွန် တော်မျိုး မပြုနိုင်ပါ။ ယခုပင် ဌာပနာ ပြုလိုက်ပြီ မဟုတ်ပါလော"

သာသနာပြုရန် ထိုခေါင်းလောင်း ငယ်ကို အကြောင်းပြု၍ သူတော်စင် တို့ထံချဥ်းကပ်စေခဲ့သော်လည်း သမိန် ပရှု(မင်းရမ်းကား)သည် အချည်းနှီး ဖြစ်ခဲ့ရပြီ။ ဆိုးသွမ်းသော စိတ်ရိုင်းတို့ ယဥ်ကျေးလိမ္မာခြင်းငှာ ဘရသေ့ လည်း မတတ်နိုင်ရှာ။ သံပုံစေတီ ထီးပြုပြီးနောက် ‥ ဘုရားဝတ်ပြု၊ အဓိဋ္ဌာန်ကျင့်စဥ်များပြုလုပ်၍ ဘရသေ့ နေခဲ့လေသည်။ ဂမ္ဘီရဒေဝီနှင့် အောင် နန္ဒတို့ ပုတ္တတောင်ခြေသို့ ဆင်းလာ ရင်း ချောင်းစပ်ဆီသို့ လာခဲ့ကြသည်။ သမိန်ပရှု(မင်းရမ်းကား)သည် အတူ လိုက်ပါလျက် ဂမ္ဘီရဒေဝီနားသို့ ချဥ်း ကပ်လိုက်သည်။

"သခင်မငယ်၊ သင့်ကိုကျွန်ုပ်ချစ် နေမိပြီ။ ကျွန်ုပ်ကို ချစ်တုံ့ပြန်ပါလေ"

သမိန်ပရှု၏ အကြမ်းဖက်မှုကို ဂမ္ဘီရဒေဝီ ခံစားရလေပြီ။ ဆွဲလ ! ယမ်းလားဖြစ်နေသော သူတို့နှစ်ဦးကို အောင်နန္ဒ ဖယ်ခွာရန် ကြိုးစားရလေ သည်။

"အရှင့်သား မသင့်တော်ပါဘူး။ နှမငယ်ကို လွှတ်ပေးပါ"

အောင်နန္ဒအော်၍ ချဥ်းကပ်လာ မှုကြောင့် သမိန်ပရှု ဂမ္ဘီရဒေဝီကို လွှတ်၍ အောင်နန္ဒရင်သို့ တံစူးဝါးဖြင့် ထိုးသွင်းလိုက်လေသည်။ တံစူးဝါး သည် အဆိပ်လူးထား၍ အောင်နန္ဒ တစ်ချက်မျှပင် မအော်နိုင်။ ပုတ္တ ချောင်းထဲသို့ ဦးစိုက်ကျွမ်းပြန် ကျ သွားရရှာသည်။ ပုတ္တချောင်းရေသည် သွေးခြင်းခြင်းနီလျက်။ ဂမ္ဘီရဒေဝီ အသံကုန်ဟစ်အော်လိုက်သည်။

"မောင်ကြီးရေ ‥ ကျွန်မလည်း အတူလိုက်လာခဲ့မယ်"

မင်းရမ်းကား၏ လက်တွင်းမှ ဖွတ်အတင်းရုန်းထွက်၍ သူ့မောင်ကြီး အောင်နန္ဒကျရာချောင်းထဲသို့ တအား ခုန်ဆင်းလိုက်သည်။ ရေပွက်တို့ တစ်ခဲ



www.burmeseclassic.com

www.burmeseclassic.com

နက်ထဲ၍ ချောင်းရေပြင်သည် အသံ မြည်ဟည်းလျက် ဆူပွက်ခဲ့ရလေသည်။ သမိန်ပရူသည် ချောင်းရေစပ်၌ရပ်လျက် ပုတ္တချောင်းထဲသို့ စူးစိုက်ကြည့်ရင်း သက်ပြင်းချနေမိသည်။ မထင်မှတ်သော ရက်စက်မှု၊ ကြေကွဲဖွယ်ရာတို့ကို ပုတ္တတောင်ပေါ်မှ ဘရသေ့သည် သံဝေဂတရားဖြင့် ကြည့်ရှုဆင်ခြင်နေမိလေသည်။ သမိန်ပရူသည် မိမိ၏မိုက်မဲမှုကြောင့် လူသတ်သောက်ကို ထပ်မံကျူးလွန်ခဲ့ပြန်ပြီ။ ဂမ္ဘီရဒေဝီကို လက်လွှတ်ဆုံးရှုံးခဲ့ရ၍ သူ့ရင်တွင်း နာကြည်းမှု၊ ကြေကွဲမှုတို့ ရောယှက်ခံစားနေကြရသည်။ ပိုင်ဆိုင်ခွင့် မရမှန်းသိလျက် ချစ်ရမွက် ပွားခဲ့သပင် မဟုတ်ပါလော။ သွေးရူးသွေးတန်းဖြင့် ပုတ္တချောင်းဘေး တစ်လျှောက် ဟစ်အော်ပြေးလွှားလျက် သမိန်ပရူ အဝေးသို့ ပြေးထွက်သွားလေသည်။ ဘရသေ့ ပုတ္တချောင်းဘေးအရောက် ဆင်းလာချိန်ဝယ် ဂမ္ဘီရဒေဝီသည် အသက်ဝိညာဉ်ကင်းမဲ့လျက်ရှိသော မောင်ကြီးအောင်နန္ဒ၏ ရုပ်အလောင်းကို ချောင်းရေထဲမှ သဲပြင်ပေါ်သို့ ဆွဲယူနေရရှာသည်။ ဘရသေ့၏ အကူအညီဖြင့် ပုတ္တတောင်ခြေ၌ အောင်နန္ဒ၏ ရုပ်အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်၍ ရိုးမ၏ အတွင်းစခန်းဖြစ်သော ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ ပျော်စံရာ တော၊ တောင်များရှိရာသို့ ဘရသေ့နှင့်အတူ လှမ်းထွက်ကြရပေတော့မည်။ မထွက်ခွာမီ အောင်နန္ဒ၏ မြေပုံဘေး ဒူးထောက်လျက် –

"ဘဝဆက်တိုင်း မောင်ကြီးကို ကူညီစောင့်ရှောက်နိုင်တဲ့သူ ဖြစ်ရပါစေ မောင်ကြီးရယ်"

ဂမ္ဘီရဒေဝီ၏ သစ္စာတရားသည် ပုတ္တတောင်ခြေမှသည် ရိုးမ၏ တော၊ တောင်တစ်ခွင်လုံး ရိုက်ခတ် မြည်ဟည်းခဲ့လေပြီတကား။

## အပိုင်း(၂)

## မဟိဒ္ဓိရှင်၏ မိန့်မှာချက်

၁၉၇၆ ခု၊ တပို့တွဲလပြည့်နေ့သည် ခါတ်ပေါင်းစုံ အောင်မင်းခေါင်စေတီတော်ဝန်းကျင်သည် လရောင်ဖြင့် ထိန်ထိန်သာလျက်ရှိသည်။ ဘုရားပရိဝုဏ်သည် တိတ်ဆိတ်ငြိမ်သက်လျက်။ ညဥ့်ငှက်လေးများ အော်သံမှတစ်ပါး အေးချမ်းသာယာလှသည်။ လေနုအေးတို့ ဆော်သွေးချိန်ဝယ် ညမွှေးပန်းရနံ့လေးများသည် မွှေးကြိုင်စွာ လွင့်ပျံလာကြသည်။ ကျောက်သမ္ဘန်ဂူအတွင်း အဓိဋ္ဌာန်ဝင်နေသော ဆရာထွန်းသီဟ အဓိဋ္ဌာန်ကိုးရက်ပြည့်မြောက်သည့်နေ့၊ ည ၉ နာရီအချိန် အဓိဋ္ဌာန်ပုတီးပတ်များ စိပ်အပြီး အာနာပါနတရားနှင့် မေတ္တာကမ္မဋ္ဌာန်းကို ဝင်စားနေစဉ် မဟူရာရောင် အာရုံမြင်ကွင်းထဲဝယ် ဖြူဖွေးတောက်ပသောအလင်းရောင်တို့ ရုတ်ခြည်းပေါ်ပေါက်လာကြသည်။ ထိုအလင်းရောင်ထဲမှ မဟိဒ္ဓိရှင်၏ ရုပ်ပုံလွှာ။ အဘကြွလျက် အမှာစကား မိန့်ကြားလေသည်။

"ငါ့သား .. ပါရမီဆက်ကြီးလုတယ်။ ဒီဘဝ ပါရမီဆက်အဖြစ် သာသနာပြုရမယ်။ အဓိဋ္ဌာန်ကျင့်စဉ်များနဲ့ ကြိုးစားအားထုတ်ပေတော့။ အနီးကပ်ပါရမီဆက် ပုဂ္ဂိုလ်ထူးများနှင့်လည်း ဆုံရပေဦးမယ်။ ပညာ စခန်းထွက်ရပ်လမ်းမှာ ပေါက်မြောက်အောင်မြင်အောင် ကြိုးစားပေတော့"

ထွန်းသီဟတစ်ကိုယ်လုံး ကြက်သီးမွေးညင်းထလျက် လေပြင်းတိုက်ခတ်ခံရသူကဲ့သို့ ယိမ်းယိုင် လှုပ်ရှားနေသည်။ မိမိရင်ထဲ၌ ပြောလိုသောစကားများပြည့်နှက်လျက် အာစေးထည့်ထားသူကဲ့သို့ ဖွင့်ဟမလျှောက်ကြားနိုင်။ ရုတ်ခြည်းပင် မြင်ကွင်းသည် ကွယ်ပျောက်သွားလေသည်။ တစ်မိနစ်တာမျှသာ [illegible]ည်ထင်သည်။ မိမိ ထိုထူး[illegible]နံးသော အမြင်အာရုံကို ပြောမယုံ ကြုံဖူးမှ သိခဲ့ရလေသည်။ ထို့ထက် ထွန်းသီဟ၏ ဘဝခရီးဝယ် အံ့သြဖွယ်ရာများ တွေ့ကြုံဖြစ်ပျက်လာမည့် အနာဂတ်ကာလကို ကြိုတင်သိမြင် နိုင်ခဲ့မည်ဆိုပါလျှင်။

## ဆရာသခင်၏ ဩဝါဒ

တောင်ဥက္ကလာပမြို့နယ်၊ (၁၆) ရပ်ကွက်ရှိ ဆရာဦးဟံသိန်း၏ ခါတ်နန်း၊ ခါတ်စခန်းမှာ ဖြစ်သည်။ အဘိုးလေးသည် ကွမ်းတမြုံ့မြုံ့ဝါးလျက် ရာဇမတ်ကာရံထားသောစည်းဝိုင်းအတွင်းဝယ် ခေါင်းရင်းဘက်မှ ထိုင်လျက်ရှိနေသည်။ သာသနာပွဲ၊ ရဟန္တာပွဲ၊ ဝိဇ္ဇာပေါင်းချုပ်ပွဲနှင့် ဆိုင်ရာပိုင်ရာပွဲများ ပြင်ထားသည်။ တံခွန်ကုက္ကား မုလေးပွားများနှင့် ဆီမီး၊ ပန်း၊ ရေချမ်းနှင့် အမွှေးနံ့သာများ ထွန်းညှိပူဇော်လျက် ပညာစခန်းဖွင့်နေချိန်ဝယ် ထွန်းသီဟ အဘိုးလေး၏ ပညာကိုခံယူလျက်ရှိသည်။ ဥပစ္စာယ် ဆရာရင်းဖြစ်သော ဆရာဦးသိန်းထံ



www.burmeseclassic.com

www.burmeseclassic.com

ပထမပညာကိုခံယူပြီး ဆရာ၏ မြင့်မြတ်သော စိတ်ထား၊ ဖြူစင်သော ခံယူချက်များဖြင့် မိန့်မှာဖူးသည်။

"မင်း ဘယ်ဆရာတွေ့တွေ့ ပညာကောင်းရင် ဆက်လက်ခံယူနိုင်တယ်။ ဆရာခွင့်ပြုတယ်။ ကတိသစ္စာကို မပျက်စေနဲ့ကွယ်"

ဆရာသည် ဆရာ၏ ဆရာဖြစ်သော အဘိုးလေးထံ ခေါ်ဆောင်၍ ကြုံကြိုက်လှသော ပညာပေးပွဲ၌ ထပ်မံ၍ ပညာခံယူစေလေသည်။ တပည့်ရင်း ၁၀ ယောက်ခန့် ပညာခံယူသည့်ကြားမှ အဘိုးလေးသည် ထွန်းသီဟကို ထူးခြားစွာ မိန့်မှာလေသည်။

"မောင်သိန်းစံ၊ မင်းတပည့်မှာ သူ့ပုဂ္ဂိုလ်ပါလာတယ်။ ဘဝပဋ္ဌာန်းဆက်ကောင်းလှတယ်။ သူ့ရသေ့တီ မယ်တော်နဲ့လည်း အပ်ပေးလိုက်တယ်။ ဒါပေမယ့် သူ့ဘဝဆက် ပုဂ္ဂိုလ်က မယ်တော်မဟုတ်ဘူး။ ဒေဝီလိုင်းကပဲ။ ကောင်လေး . . . မင်းဆရာဖြစ်သွားပြီ။ ကံငါးပါးထဲက ပရဒါမကံကို အထူးစောင့်ထိန်းပေတော့"

ပရဒါမကံသည် ကာမပိုင်လင်ရှိမယားအပါအဝင် သူတစ်ပါး၏ သမီးပိုမျိုးအပေါ် ဖောက်ဖျက်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရသောကံဖြစ်လေသည်။

**ခရမ်းရောင်မမ**

ရွှေတိဂုံစေတီတော်ကြီး၏ ရှင်မထီးတန်ဆောင်းမှာ ထွန်းသီဟ တစ်ယောက်တည်း ယောင်လည်လည်၊ ချိန်းထားသော ဒဿဂီရိ ကိုခင်မောင်ဌေးကို မတွေ့ရ။ ဖွာရှိုက်နေသော စီးကရက်တစ်လိပ် ကုန်တော့မည်။ မတော့ဂျာင် ပြန်ရုံသာရှိမည်။ သူပြန်ဖို့ က[illegible]ဂ်စဉ် ခရမ်းရောင်ဝမ်းဆက်နှင့် မမအရွယ် အမျိုးသမီးတစ်ဦး။ ဝတ်စားဆင်ယင်မှုသည် မြန်မာဆန်လှသည်။ အင်္ကျီလက်ရှည်ဝတ်လျက် ထိုမမ၏ ဆံပင်အရှည်က ခြေဖနောင့်ထိ ရှည်လျားလျက် မျက်ခုံး၊ မျက်လုံးများလှပစွာနဲ့ ပြုံးရယ်နေသော မျက်နှာပိုင်ရှင်။ ဟီရှပ်၊ စပို့ရှပ်၊ ယောကျ်ားဝတ် အင်္ကျီဘောက်တိုတို့ ဝတ်နေသည့် မိန်းကလေးများ ဖက်ရှင်ကာလ မြန်မာဆန်သော မမကို ထွန်းသီဟ ရင်ခုန်သွားသည်။ သူ့ထံ တည့်တည့်မတ်မတ်ပင် လျှောက်လှမ်းလာနေသည်။ ပြီးတော့ ပြုံးရယ်နေသော မျက်နှာလေးနှင့် တိုးညင်းစွာ စကားဆိုလာသည်။

"ငါ့မောင်က ကိုခင်မောင်ဌေးကို စောင့်နေတာလား"

"ဟုတ်ပါတယ် မမ"

ရုတ်ခြည်း ထွန်းသီဟ အံ့သြစွာဖြင့် ဝန်ခံလိုက်မိသည်။ မမ၏ ပြုံးရယ်သော အကြည့်ကိုပင် သူရင်မဆိုင်နိုင်။ သူ့စိတ်ထဲ မလုံမလဲနှင့်။ ပြီးတော့ မမက ဘာမှ ပြောမလာသေး။ ကြိုတင်၍ မမစကားကို နာခံမည့်ပုံ။ ထွန်းသီဟရယ် . . . စိတ်လှုပ်ရှားတတ်ရန်ကောဟု ကိုယ့်ကိုကိုယ်အပြစ်တင်နေမိသည်။ မမသည် ယောကျ်ားတို့ငေးကြည့်ရမည့်အလှပိုင်ရှင်မဟုတ်။ ရှက်ကြမ်းရေကျို နုယဉ်သော ရုပ်ရည်ပိုင်ရှင်။ ထွန်းသီဟ ကြိုက်နှစ်သက်သော မြန်မာဆန်ဆန်ပုံသဏ္ဌာန်ကို တမင်များ ဖန်တီးလာသလားထင်ရသည်။ မမက စကားစပြောပါသည်။

"ကိုဌေးတို့ရုံးမှာ အိုဗာတိုင်ဝင်နေရလို့ လိုက်လာပါလိမ့်မယ်။ မမတို့ ရှင်စောပုတန်ဆောင်းဘက် သွားကြရအောင်။ အဲဒီမှာ ချိန်းထားတယ်"

ရှင်စောပုတန်ဆောင်းမှာ ဘုရားဦးချပြီးတော့ ပုတီးစိပ်သူများနေ၍ အလယ်ပစ္စယံ ငြိမ်းချမ်းရေးစေတီဘက် လာခဲ့ကြသည်။ မမနှင့်နှစ်ယောက်တည်း။ ထွန်းသီဟ တုဏှီဘာဝေ၊ စကားစရှာမရ။ သူ့ရင်ထဲ ဝေဒနာတစ်ခု ဝင်ပူးနေသည်ဟု ခံစားရသည်။ ဘာရယ်မသိ။ စေတီကို ဦးချပြီး ထိုင်မိကြတော့ သူ့လွယ်အိတ်ထဲက စီးကရက်တစ်လိပ် နှိုက်ယူလိုက်သည်။ မမက မီးခြစ်အဆင်သင့်ညှိပေးသည်။ အလိုက်သိရန်ရောဟု ထွန်းသီဟ ခံစားမှုလေးဖြစ်ပေါ်ရသည်။

"ဆရာ ဗေဒင်တွက်ပေးပါဦး"

မမက သူ့ကို စတင် ပြောလာသည်။ ထွန်းသီဟ အံ့သြသင့်သွားသည်။ သူဗေဒင်တွက်တတ်မှန်း ဘယ်လိုသိပါလိမ့်။ ကိုခင်မောင်ဌေးတို့ပင် မသိ။

"ဗေဒင်မေးလို့ အံ့သြသင့်သွားသလား။ ငါ့မောင်ကို အိပ်မက်ထဲမှာ မမတွေ့ထားဖူးတယ်။ ဘုရားတစ်ဆူဆူမှာ မင်းက မမကို ပိတ်ဖြူဝတ်နဲ့ ဗေဒင်တွက်ပေးနေတယ်။ မမလည်း ကိုဌေးတို့မှာလိုက်တဲ့ မင်းရဲ့ပုံသဏ္ဌာန်နဲ့ မင်းကို မြင်လိုက်တာနဲ့ သိနေလိုက်ပြီ"

သူတို့နှစ်ယောက်သည် ထူးဆန်းစွာ လူမမြင်ဘဲ ခင်မင်တွယ်တာမှု သံယောဇဉ်ရှိနေပါလား။ မမရဲ့လက်မှလက္ခဏာကိုကြည့်တော့ ဂမ္ဘီရကြက်ခြေနှစ်ခု ပါနေသည်။ ကံလမ်းကြောင်း ဖြောင့်မတ်လျက် သက်ခလယ်၏ ပထမဆစ်ထိ တက်နေ

www.burmeseclassic.com

သည်။ နှလုံးလမ်းကြောင်းသည် ကျွန်းနှင့် အပြတ်ပြတ် ဖြစ်ပေါ်နေသည်။ သာသနာပြုပါရမီရှင်ရဲ့ အမှတ်အသားတွေ။ သူ့တကာထက် ကံကောင်းမှုတွေ ရှိနေသော်လည်း အချစ်ရေး၊ အိမ်ထောင်ရေး၌ ကံမကောင်းနိုင်။ ရုတ်ခြည်းပင် ကိုခင်မောင်ဌေးတို့ လူအုပ်ရောက်လာကြသည်။

"လက္ခဏာပညာကို အကြောင်းပြုပြီး မိန်းကလေးရဲ့လက်ကို ကိုင်နေတာ ကြာပြီထင်တယ်"

ထွန်းသီဟ မျက်နှာတစ်ပြင်လုံး နီရဲလျက် ရှက်သွားရသည်။

"ကိုဌေးရေ ... ဆရာက ဟောချက်မှန်ပါ့"

"ဒေါ်စိုးစိုးသန်းရေ ... ဗေဒင်မေးရမယ့် ဆရာရှားလို့ ထွန်းသီဟနဲ့မှပဲ မေးတော့တယ်နော်"

"ဒီကောင် ပညာလျှို့ထားတာကိုး"

ကိုခင်မောင်ဌေး စကားအဆုံးမှာ မကြည်ဝင်းက ပြောသည်။ ဘဝပဌာန်းဆက်တွေဆိုတော့ မိတ်မဆက်ပေးလည်း သိနေလောက်ပါပြီနော်"

အားလုံး ဝိုင်းရယ်ကြသည်။ ထွန်းသီဟကရော ဘာများတတ်နိုင်ဦးမည်နည်း။

မမနှင့် သိကျွမ်းခင်မင်လာရပြီဆိုတော့ ထွန်းသီဟပုံစံ ပြောင်းလဲသွားသည်။ သူ့ပုံစံက ဘုဆတ်ဆတ် မာကျောကျော။ ဘာသာရေးလောကထဲ မဝင်ခင် သူ့ရုပ်ဝါဒကို လက်ခံယုံကြည်ဖူးသည်။ ရုပ်ကို ဦးစားပေးသော အတွေးအခေါ် ခံယူထားသူမို့ ဘာသာရေးကို အလေးမထားခဲ့။ နိုင်ငံရေးစာပေလမ်းကြောင်းနှင့် ရုပ်ဝါဒဘုံစနစ်ကို သက်ဝင်ယုံကြည်ဖူးသည်။ အတွေးအခေါ် ယုံကြည်ချက်တို့သည် ဘဝတစ်ကွေ့၌ ပြောင်းလဲခြင်း ဖြစ်ပေါ်ခဲ့ပြီးနောက် မြတ်ဗုဒ္ဓ၏ ဓမ္မတရားထဲဘဝကို နစ်မြှုပ်ခဲ့သည်။ ထွန်းသီဟ စရဏတရားကို ပိုမိုကျင့်ကြံခဲ့သည်။ သူခံယူခဲ့သော ရုပ်ကြမ်းဝါဒနှင့်အတူ စိတ်၏ ကြမ်းတမ်းခက်ထန်မာကျောမှုများကို ကွယ်ပျောက်စေခဲ့သည်။ မမသည် သူ့ပုံစံကြည့်၍ ပြုပြင်ခဲ့ရသည်။ ဆံပင်တိုတို၊ လုံချည်တိုတို၊ တိုက်ပုံအင်္ကျီကို နွေ၊ မိုး၊ ဆောင်း မပြတ်ဝတ်တတ်သူ။ စကားပြောလျှင် တို၍ ပြတ်လွန်းသည်။ မာကျောသည်။ ဘာသာရေးကို လိုက်စားသူတစ်ယောက်အနေနှင့် နူးညံ့သိမ်မွေ့ဖို့ လိုမည်။ ပုတီးကိုင်လျက် စိတ်ကြမ်း၊ လူကြမ်းဖြစ်နေလျှင် သိမ်မွေ့ဖို့ ကြိုးစားအားထုတ်ရမည်။ အဓိဋ္ဌာန်ခရီးစဉ်များ၌ မမတို့ ရုံးပိတ်ရက်ဆိုလျှင် အဘရာကျော်စခန်း၊ ဒေးစွန်ပါ၊ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စခန်းတွေ ထွက်ကြသည်။ ထွန်းသီဟနှင့် မမသည် တစ်တွဲ။ အထုပ်အပိုးကို ထွန်းသီဟ ဝိုင်းဝန်းသယ်ယူပေးသည်။ ထွန်းသီဟ စားသောက်ရေးအတွက် မမသည် စီစဉ်ပြီးသား။ စားစရာ အဆင်သင့်၊ အိပ်ရာခင်းပြီး အဆင်သင့်၊ မျက်နှာသစ်လျှင် ရေခပ်ပြီးခွက်၊ သွားတိုက်ဆေး အဆင်သင့် အလိုက်သိတတ်လွန်းသည်။ ထွန်းသီဟ ဆေးလိပ်ကို တစ်နေ့ လေးလိပ်ထက် ပိုမသောက်ရ။ ချောင်းဆိုးမည်။ အဆုတ်ရောဂါရမည်၊ ကျန်းမာရေးကို အကြောင်းပြု၍ တားမြစ်သည်။ လိုအပ်သော ဝေယျာဝစ္စများကို မညည်းမညူပြုစုပေးသည်။ မိမိအတွက် အဓိဋ္ဌာန် ပါရမီစခန်းတိုင်းမှာ မမလိုက်၍ ဝတ်မပျက်ခဲ့။ မမ၏ ကျေးဇူးတရားတို့ ထွန်းသီဟအပေါ် ကြီးမားလှသည်။ သူတို့နှစ်ဦးအပေါ် တချို့သူများ အမနာမ ပြောကြသည်။ ကိုခင်မောင်ဌေးတို့၊ မကြည်ဝင်းတို့သာ အတွင်းသဘောသိထား၍ သူတို့နှစ်ဦး၏ ရိုးသားဖြူစင်သော မေတ္တာတရားကို အသိအမှတ်ပြုထားကြသည်။ မိမိအပေါ် သွေးသားတော်စပ်ခြင်း မရှိပါဘဲလျက် ပေါင်အရင်းသဖွယ် ကူညီစောင့်ရှောက် ပေးနေသော မမသည် သူ့မှာ အိမ်ထောင်ရေးခံစားမှု ဒဏ်ရာကြီးကြီးမားမား ရထားသည်။ အသက်အရွယ်နှင့် နှိုင်းစာလျှင် အရွယ်က နုပျိုနေသေးသည်။ မမသည်လည်း ခင်ပွန်းဖြစ်သူ၏ ကာမဂုဏ်အာရုံကြီးမားမှု၊ တဏှာလောဘဖြင့် မယားငယ်ယူထားသည့်တိုင် သူ့ကိုယ်ကျင့်တရားကို ထိန်းသိမ်းထားနိုင်သည်။ မြတ်ဗုဒ္ဓရဲ့ ဓမ္မလမ်းကြောင်းမှာ ပျော်မွေ့နေရှာသည်။

## ဘဝဟောင်း၏ ပါရမီဆက်

သကြိန်ရက်များ၌ တောင်သုံးလုံး၏ အောင်ကြဖေယျ မြသိန်းတန်စေတီတော်ကြီး၏ အာရုံခံဇရပ်တွင်း၌ ဆရာဦးသိန်းစံနှင့်အတူ ထွန်းသီဟ အဓိဋ္ဌာန်ဝင်လျက်ရှိသည်။ သကြိန်အတက်နေ့ နေ့လယ်ဘက် အဓိဋ္ဌာန်ပုတီးစိပ်ပြီးချိန်ဝယ် ထွန်းသီဟ တစ်ရေး အိပ်ပျော်သွားမိသည်။ အိပ်မက်ထဲ၌ ယောဂီဝတ် အမျိုးသမီးငယ်တစ်ဦး။ ဦးထိပ်၌ ဆံကေသာတို့စုစည်း



www.burmeseclassic.com

www.burmeseclassic.com

လျက် မျက်နှာက ကြည်လင်ဝင်းပလှသည်။ မျက်လုံး၏ အရောင်တို့ တောက်ပြောင် စူးရှလှသည်။ ထွန်းသီဟ မျက်နှာအပေါ် စိုးမိုးလျက် ကရုဏာဖြင့်ကြည့်နေသည်။

''မောင်ကြီးရေ ... ကျန်းမာရေးကို သတိထားနော်။ အကျင့်လွန်ရင် ဒုက္ခတွေ့တတ်တယ်။ ဘုမ္မိပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေ နာမ်ချိန်းမှုကို ခံရတတ်တယ်နော်။ မေတ္တာများများပွားပေးပါ။ နှမလေး မောင်ကြီးကို စောင့်ရှောက်နေပါတယ်''

ထွန်းသီဟ တစ်ကိုယ်လုံး ရှတ်ခြည်း ကြက်သီးဖြန်းဖြန်းထ၍ ချမ်းတက်လာရင်း အိပ်ပျော်ရာမှ နိုးလာခဲ့ရသည်။ သူတစ်ကိုယ်လုံး မိုးရေရွှဲရွှဲစိုနေသည်။ သကြန်မိုးသည် အတားအဆီးမရှိ လေပြင်းနှင့်အတူ ရွာသွန်းနေပါပြီကော။ ဇရပ်ထဲ၌ သူတစ်ယောက်တည်း ရှိနေသည်။ ရင်ထဲမှာ ဟာတာတာနှင့် အားငယ်စိတ်တို့ လွှမ်းမိုးလာသည်။ ထွန်းသီဟ စေတီတော်မြတ်ကြီးကို ရှိခိုးအာရုံပြုပြီး မေတ္တာပို့သနေမိသည်။ ဇရပ်ထဲသို့ ဝင်လာသော ခြေသံများကြားလိုက်ရသည်။ ဆရာဦးသိန်းစံ၏ စကားပြောသံပေါ်ထွက်လာသည်။

''ခဏထိုင်ကြဦးနော်။ ထွန်းသီဟ တရားထိုင်နေတုန်းရှိသေးတယ်''

ထွန်းသီဟ မေတ္တာကမ္မဋ္ဌာန်းကို ဖြုတ်လိုက်သည်။ နောက်သို့ လှည့်တော့ မမနှင့် မကြည်ဝင်းတို့နှစ်ယောက်တည်း။ မမတို့လည်း မိုးစိုထားကြသည်။ ထွန်းသီဟ အံ့အားသင့်လွန်း၍ ငေးကြည့်နေမိသည်။

''မောင်လေးနဲ့ ချိန်းထားရက်ကျော်နေလို့ လိုက်လာတာ။ ဘာများဖြစ်နေလို့လဲ''

ဖောင်သုံးလုံးသို့ ထိုစဉ်က ကားလမ်းမပေါက်သေး။ ကျောက်သယ်ကားတော့ ရှိသည်။ လှည်းလမ်းသည် ကားလမ်းပင်ဖြစ်သည်။ အများအားဖြင့် သာယာကုန်းမှ ခြေလျင်လာကြသည်က များသည်။ မိန်းမသားနှစ်ယောက်တည်း ရဲဝံ့စွာရောက်လာကြသည်။ ထွန်းသီဟ အဓိဋ္ဌာန်ရက် ပြည့်နေလေပြီ။ နှစ်ဆန်း ၁ ရက်နေ့မှ တောင်ပေါ်မှဆင်း၍ မမတို့ရှိရာတောင်ကိုးလုံးသို့သွားမည်။ သည်နေ့ပဲ မမတို့ ရောက်လာကြသည်။ အချိန်သည် မွန်းလွဲ ၃ နာရီခန့် ရှိပြီ။ ဆရာဦးသိန်းစံထံ ခွင့်ပန်ကန်တော့ပြီး အထုပ်အပိုးပြင်ရသည်။ မမနှင့်အတူ အဘဘိုးသံအား သွားရောက်ကန်တော့ရင်း ခွင့်ပန်ရဦးမည်။ ဆရာဦးသိန်းစံသည် ကရုဏာအပြည့်ရှိသော မျက်လုံးများနှင့် ထွန်းသီဟကို စိုက်ကြည့်ရင်း

''မင်းဘဝရဲ့ ခက်ခဲမှုတွေဟာ များလှပါလား တပည့်ရယ်။ မိန်းမသားတွေနဲ့ ခရီးသွားလာတာကိုတော့ သတိထားပြီး ဆက်ဆံစေချင်တယ်''

မမသည် ဆရာ့စကားကို ဝန်ခံကတိပြုလေသည်။

''ဆရာကြီးရှင့်၊ ကျွန်မတို့မောင်လေးကို မွဲ့တစ်ပေါက် မစွန်းရစေပါဘူး။ ကတိထားခဲ့တဲ့ စကားအတိုင်း တောင်ကိုးလုံးမှာ ဆုံကြဖို့ပါပဲ။မောင်လေးကို ခေါ်သွားခွင့်ပြုပါနော်''

ဆရာဦးသိန်းစံကို မမသည် ခွင့်ပန်စကား ပြောရင်း ကန်တော့လေသည်။ ထွန်းသီဟတို့ အဘဘိုးသံ ခေတ်နန်းဘက် ထွက်ခဲ့ကြသည်။ ဆရာသည် ဇရပ်ထဲမှ လှမ်းကြည့်လျက် ကျန်နေခဲ့ရှာသည်။

အဘဘိုးသံသည် ကွမ်းတမြုံ့မြုံ့ဝါးလျက် –

''ဒီကောင်လေးကို ကောင်းကောင်းစောင်ရှောက်ကြနော်။ သကြန်ရက်တွေပြီးမှ ပြန်မယ့်ဟာ မြန်လှချည်လား။ မင်းဆရာ ရက္ခစိုးကြီးကို ခွင့်တောင်းပြီးပြီလား''

အဘဘိုးသံသည် ဆရာဦးသိန်းစံကို တပည့်ရင်းဖြစ်၍ လည်းကောင်း၊ သစ်ပင်အောက်၌ ပုတီးစိပ်၊ တရားထိုင်လေ့ရှိသော ဆရာ့ကို ရက္ခစိုးကြီးဟု အမည်ပေးထားလေသည်။ မမသည် အဘိုးသံကို ကန်တော့ရင်း

''ဘိုးဘိုးရှင့် ... ကျွန်မတို့ မောင်လေးကို ကောင်းစွာ စောင့်ရှောက်ပါ့မယ်''

ထွန်းသီဟတို့ အဘိုးသံကို ကန်တော့ပြီး တောင်ပေါ်မှ ဆင်းခဲ့ကြသည်။ ညနေဆည်းဆာသည် မိုးရွာပြီးစ တိမ်ရောင်တို့ဖြင့် လှပသာယာနေလေသည်။ ကုန်းသာဒင်းရွာနားအရောက်မှာ ထွန်းသီဟ တောင်ပေါ်သို့ ပြန်လှည့်ကြည့်မိသည်။ တောအုပ်ညို့ညို့မှိုင်းမှိုင်းထဲက အောင်ကြဖေယျ မြသိန်းတန်စေတီကို သပ္ပာယ်စွာ လှမ်းဖူးရသည်။ ထွန်းသီဟ ဆရာသခင်များအပေါ် ကြည်ညိုလေးစားသောစိတ်ကို မမသည် ဖြေသိမ့်ပေးလေသည်။

''မောင်လေးရယ် ... တို့မောင်နှမတွေရဲ့ဘဝဟာ တွေ့ဆုံမှု ဆန်းကြယ်လှပါတယ်။ အဘ ဘိုးသံက ခွင့်လွှတ်ပါလိမ့်မယ်။ မမကိုယ်၌က မောင်လေးကို တွေ့ချင်နေတာပါ''

မမ၏ညှိုးငယ်သော မျက်နှာနှင့် အားငယ်သောစကားသံကို ထွန်းသီဟသည် နားလည်မှု၊ ခွင့်လွှတ်မှု၊ စာ



www.burmeseclassic.com

www.burmeseclassic.com

နာထောက်ထားမှုတို့ဖြင့် ဖြေသိမ့်ရ
လေသည်။

## ပါရမီဆုံစည်းမှု၏ နိဂုံး

တောင်ကိုးလုံး၏ အတွင်းစခန်း
ဖြစ်သော အမေစိန်၏ ဇရပ်မှာ မမ
တရှုပ်ရှုပ်ဖြင့် ငိုနေသည်။ ဘေးလူများ
လည်း မျက်ရည်ဝဲလျက်။ ထွန်းသီဟ
သည် မေ့မြောနေသည်။ သူ့ကိုယ်ပူရှိန်
သည် အဖျားဒီဂရီ ၁၀၃၊ ၁၀၄ မှ
မကျ။ တိုက်ဖွိုက်အဖျားပင် ဖြစ်သည်။
ထွန်းသီဟ၏နှုတ်မှ မမကို ခေါ်သံ
သည် မပီသတော့။ နူးညံ့လွန်းသော
မမ၏ခေါ်သံသည် သတိဖြင့် ထိန်း
ချုပ်ခြင်းပင် မစွမ်းတော့။ ငိုသံ၏
ကျယ်လောင်မှုသည် မမ၏ရင်တွင်း
ပေါက်ကွဲသံစဉ်ပင် ဖြစ်ပါလိမ့်မည်။
ကိုခင်မောင်ဒွေး အင်းတကော်မှ
ဆရာဝန်နှင့်အတူ ရောက်လာချိန်မှာ
တော့ မမလည်း ငိုရလွန်း၍ မေ့မြော
သွားလေသည်။ ထွန်းသီဟနှင့်အတူ
မမကိုပါ ဆေးထိုးပေးရသည်။ ဆရာ
ဝန်ပြန်ချိန်မှာတော့ ထွန်းသီဟ သတိ
ရ၍ စကားကောင်းစွာ ပြောနိုင်လာ
သည်။ မမသည် ထွန်းသီဟကို ရေ
ပတ်ဖြင့် နဖူးဆံစ၌ အပူကျစေရန်
အုပ်ပေးနေရှာပြန်သည်။ အမေစိန်
အပါအဝင် လူကြီးပိုင်းသည် သူတို့နှစ်
ဦး၏ မေတ္တာတရားကို မောင်ချစ်နှမ
ချစ်ဟုသတ်မှတ်ထားကြသည်။ တရား
စခန်း၏ စိတ်ကွယ်ရာ၌ ကိလေသာ
နှင့်ယှဉ်သော ဖောက်ပြန်မှုကို စိုးစဉ်း
မျှပင် မပြုကြ။ အကြင်နာ၊ ကရုဏာ
တရား ပြည့်ဝလှသော သူတော်စင်
တရားရိပ်၌ ဗြဟ္မဝိဟာရတရားကို
လက်ကိုင်ထားကြသူများ ဖြစ်သည်။
မေတ္တာပို့သံသည်သာ ဤတောင်ကိုး
လုံးဝယ် လွှင့်ပျံ့လျက်ရှိသည်။

အဓိဋ္ဌာန်ရက်ပြည့်၍ ကျော်လွန်
လာခဲ့ပြီ။ ဖွဲ့သတ္တိအပြည့်ဖြင့် သက်
သတ်လွတ်စား၍ မိမိ၏ သဒ္ဓါဇောဖြင့်
သမထအကျင့် ကျင့်လျက် သမာဓိ
စခန်း ထူနိုင်ခဲ့သော်လည်း ပါရမီဖြည့်
လျက် ကူညီစောင့်ရှောက်ပေးနေသော
မမသည် ရုံးမှ ခွင့်မပေးနိုင်တော့၍
ပြန်ရတော့မည်။ တရားဇရပ်သည်
တိတ်ဆိတ်လျက် ခြောက်သွေ့နေ
သည်။ အထုပ်အပိုးများပြင်လျက် မမ
နှင့် မကြည်ဝင်းတို့ ပြန်ကြတော့မည်။
မမ၏ခင်ပွန်းသည် အမျက်ဒေါသကို
ချုပ်တည်းထားပုံရသည်။ မမသည်
ထွန်းသီဟကို ပစ်ခွာခဲ့လျက် အပြန်ရ
ခက်နေပုံရသည်။ ကားပေါ်မှပင် ဇရပ်
ထဲသို့ မဝင်။ အမေစိန်တို့ကို မှာကြား
လျက် ထွန်းသီဟကို စောင့်ရှောက်
ကူညီပေးဖို့ တောင်းပန်နေသည်။
ထွန်းသီဟသည် တွေကြုံဆုံကွဲ ဖြစ်မြဲ
ဓမ္မတာဆိုသော လူ့ဘဝ၏ သင်္ခါရ
နယ်ပယ်ကို သိနှင့်ထားပြီး ဖြစ်ပါ၏။
သို့သော် ရင်ထဲ လွမ်းမောဖွယ်ရာတွေ
နှင့် အတွင်းကြေကြေနေသော ဒဏ်
ရာသည် ခံစားမှုကို ဖြစ်ပေါ်စေခဲ့
သည်။ သံယောဇဉ်အဆီးအတား
သည် လူ့ဘဝ၏ ခိုင်မြဲလှသော တဒင်္ဂ
နှောင်ကြိုးများသာ ဖြစ်ပါလိမ့်မည်။
အသက်ဝိညာဉ်တို့ ချုပ်ငြိမ်းကြရသော
အခါ တစ်ဦးတည်းသာလျှင် အဖော်
မဲ့စွာ သံသရာကြော လွင့်မျောကြရ
သည်ချည်း။ မိမိအပေါ် ကောင်းမွန်
စွာ စောင့်ရှောက်ခဲ့သော ကျေးဇူးရှင်
မမတို့ ကားသံသည် တောင်အောက်
သို့ တဖြည်းဖြည်း ပျောက်ကွယ်သွား
လေသည်။ တောင်ထိပ်စေတီမှ မမ
တို့ကားကို ထွန်းသီဟ လှမ်းမျှော်
ကြည့်ပါသေးသည်။ မျက်စိအစုံသည်
မှုန်ဝါးဝေသီ၍နေလေသည်။ တရား
သမားတစ်ဦးသည် အထီးကျန်ဘဝ
ဖြင့် ပါရမီခရီးလမ်းကို လျှောက်လှမ်း
ကြသည်ချည်း ဖြစ်ပါလျက် သတိသံ
ဝေဂကို မေ့ပျောက်လျက် ထွန်းသီဟ
ငိုချလိုက်ပါသည်။ သူ့ငိုရှိုက်သံကို မမ
တစ်ယောက်ဖြင့် ကြားနိုင်လိမ့်မည်
မဟုတ်တော့ပါ။

## ခေါင်းလောင်းငယ်၏ သာသနာ

၁၃၅၆ ခုနှစ် (၁၉၉၄)၏ အချိန်
ကာလ ဆယ်စုနှစ် အတိုင်းအတာ
ကာလတစ်ခုကို ဖြတ်သန်းလာသော
ထွန်းသီဟသည် အဓိဋ္ဌာန်ကျင့်စဉ်များ
မပြတ်တမ်း ကျင့်ကြံအားထုတ်ရင်း
တောတောင်စခန်းများ၊ တန်ခိုးကြီး
ဘုရားများ၌ အဓိဋ္ဌာန်များဝင်ခဲ့သည်။
ပါရမီစခန်း ပညာလမ်းဝယ် ဂမ္ဘီရ
ပညာရပ်များကို လေ့လာလိုက်စားရင်း
အတွေ့အကြုံရင့်ကျက်မှုကို ရရှိခဲ့လေ
သည်။ မင်းဓမ္မတောင်၏ စက်တော်
ရာကုန်းပေါ်ရှိ ပဲနွဲပင်ရိပ်၌ ထွန်းသီဟ
နှင့် ဆရာဦးအေးချစ်တို့နှစ်ဦး ထိုင်
နေကြသည်။ စကားမပြောဖြစ်ကြ။
ဘုရားကုန်းပေါ်ဝယ် ဘုရားဖူးလာသူ
မရှိ၊ တိတ်ဆိတ်လှသည်။ နေ့မွန်း
တည့်ချိန်ပင်ကျော်လာပြီ။ ထမင်းမစား
ကြရသေး။ ဗိုက်ဆာ၍ စားစရာမရှိ။
ရေသောက်၍ ငြိမ်နေရသည်။ မိန်းမ
ငယ်တစ်ဦး ဘုရားကုန်းပေါ်သို့ တက်
လာသည်။ လက်ထဲမှာ အထုပ်နှစ်ထုပ်

www.burmeseclassic.com

ပါလာသည်။ သူတို့နှစ်ယောက်ရှိရာ ပိန္နဲပင်ရိပ်သို့ ဝင်လာသည်။ အမျိုးသမီးငယ်သည် ထွန်းသီဟကို စကားစတင် ပြောပါသည်။

"ဆရာတို့ ဘုရားလာတည်တဲ့ ဆရာတွေလား"

"ဟုတ်ပါတယ်။ ကျုပ်နှမက ဘာကိစ္စရှိလို့လဲ"

ထွန်းသီဟ အဖြေစကားကို ထို မိန်းမငယ်သည် သူ့လက်ထဲကအထုပ်နှစ် ထုပ်ပေး၍ –

"ဆရာတို့ စားဖို့လာပို့တာပါ"

ထွန်းသီဟက လှမ်းယူပြီးကြည့်တော့ ထမင်းကြော်နှစ်ထုပ်။ အမျိုးသမီးငယ်သည် သူတို့နှစ်ယောက်ရှေ့ ဒူးတုပ်၍ ထိုင်နေသည်။ ဆရာဦးအေးချစ်သည် အမျိုးသမီးငယ်ကို နေရပ်လိပ်စာ မေးနေသည်။ အမျိုးသမီးငယ်က ဆယ်မိုင်ကုန်းမှာနေကြောင်း ပြန်ဖြေနေသည်။ သူမ စကားသံက ဝဲတဲတဲ၊ ရှမ်းသွေးစပ်သူ ဖြစ်နိုင်သည်။ သူ့အမည်ကိုမေးတော့ နန်းကြင်အေးဟု ဖြေသည်။ မိန်းမငယ်သည် မြန်မာဆန်လွန်းသည်။ အင်္ကျီလက်ရှည် ဝတ်ထားလျက် ဆံပင်ကို တစ်ပတ်လျှိုထုံးထားသည်။ သူမဆံပင်သည် လူတစ်ရပ်ခန့်ရှိမည်။ မျက်နှာမှာ သနပ်ခါးဘဲကျား လိမ်းထားလျက် ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံနှင့် မျက်နှာသည် ကြည်လင်ဝင်းပလှသည်။ လှသော၊ ချောသော အလှပိုင်ရှင်မဟုတ်။ ယဉ်ကျေးသိမ်မွေ့သော ရွက်ကြမ်းရေကျိုရုပ်မျိုး။ သို့သော် ထိုမိန်းမငယ်၏ အပြောအဆိုသည် ခင်မင်နှစ်လိုဖွယ်ရာ ရှိလှသည်။ ထွန်းသီဟသည် နန်းကြင်အေး၏ ထမင်းကြော်ကို စားနေစဉ် သူတို့နှစ်ဦးနားက သူမ ထသွားသည်။ ခဏကြာတော့ သောက်ရေ၊ လက်ဆေးရေတို့ အိုးငယ်ဖြင့် သယ်ယူလာပေးသည်။ နန်းကြင်အေး၏ အလိုက်သိတတ်မှု၊ လေးစားမှုတို့ကို ထွန်းသီဟ တုံ့ပြန်ကျေးဇူးပြုစရာ သူ့မှာပညာရှိနေသည်။

"ကျုပ်နှမ ဗေဒင်တွက်သွားပါလား"

နန်းကြင်အေးသည် ပြုံးရယ်၍

"ဆရာ ... ကျွန်မ ဗေဒင်မကြည့်ချင်ဘူးဆရာ။ ကျွန်မဒုက္ခတွေ လူသိမခံချင်လို့ပါ"

ရင်းရင်းနှီးနှီးပင် သူတို့သုံးဦး ရယ်မောလိုက်ကြသည်။

"ဆရာတို့ ဘုရားလာတည်တယ်ကြားလို့ ဒါနလာပြုတာပါ။ ဒီမှာက ဘာမှ စားစရာမရှိဘူးဆရာ။ ဝယ်စားလည်း ဆယ်မိုင်ကုန်းနဲ့ အဝေးပြေးဂိတ်ကို သွားမှစားရမှာ။ ညနေကျ ထမင်းလာပို့ပေးမယ်။ ဒီမှာ ညအိပ်မှာလား ဆရာ"

ဦးအေးချစ်က ခေါင်းညိတ်ပြလိုက်သည်။

"ညနေကျရင် ဆရာနှစ်ဦး ထပ်လာပါလိမ့်ဦးမယ်။ ပိုက်ဆံယူသွားပါ။ ဆန်ဝယ်ပြီး လေးယောက်စာလောက် ချက်ခဲ့ပေါ့။ သက်သတ်လွတ်ပဲ လုပ်ခဲ့နော်"

နန်းကြင်အေးသည် ပိုက်ဆံ မယူပါ။

"ကျွန်မဒါနပါ ဆရာ။ ဆရာရော ဘာမှာဦးမလဲ"

ထွန်းသီဟသည် ဒူးယားစီးကရက်မှာလိုက်လေသည်။

"ဒူးယားနဲ့ဆို ထူးခြားရမှာပေါ့ နှမလေးရယ်"

တပို့တွဲလပြည့်နေ့ညသည် ထိန်ထိန်သာလျက်။ မင်းဓမ္မတောင် စက်တော်ရာကုန်းဝယ် ညဉ့်ငှက်လေးများ အော်သံမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက်။ ဆောင်းလေအငွေ့ဝယ် အချမ်းဓာတ်လေးများ ပါလာကြသည်။ စက်တော်ရာ အုတ်ခုံရှေ့ဝယ် ဦးစိန်ချစ်နှင့် ဦးမောင်ဝင်းတို့ ပုတီးစိပ်နေကြသည်။ ဦးအေးချစ်သည် တောင်ပိုင်နန်းနှင့် ဘုရားကုန်းတစ်လျှောက် အမွှေးတိုင် ဒါနပြုပူဇော်နေပြီး မေတ္တာပို့လျက်ရှိသည်။ ထွန်းသီဟသည် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေသည်။ တောင်အောက်မှ လူသံများ ဆူညံ၍ ဘုရားကုန်းပေါ် တက်လာကြသ[illegible]။ နန်းကြင်အေးနှင့် အမျိုးသမီးကြီးလေးငါးယောက်တို့ ဖြစ်သည်။ ထမင်းတောင်းရွက်၍ ရေနွေးကြမ်းအိုးပါ ပါလာကြသည်။ ထွန်းသီဟတို့ တရားထိုင်ရာမှ နားလိုက်ကြသည်။ ည ၈ နာရီခန့်ရှိပြီ။

"ကျွန်မတို့ ဈေးဆိုင်တွေသိမ်းမှ ချက်ရပြုတ်ရလို့ နောက်ကျသွားပါတယ် ဆရာ"

"ရပါတယ်ဗျာ။ ကူညီပေးတာပဲ ကျေးဇူးတင်ပါတယ်။ ကျုပ်နှမတွေနဲ့ ဝိုင်းစားကြတာပေါ့"

သူတို့ ထမင်းစားရင်း စကားများစွာ ပြောဖြစ်ကြသည်။ ဤစက်တော်ရာ ပါဒစေတီနှစ်ဆူကို ဦးသုဇာတတို့ တည်သွားကြောင်း၊ သူတို့ဆရာတော် ကွယ်သွားပြီးနောက် အရေးအခင်းကာလ၌ မသမာသူများ ဖျက်ဆီး၍ ပျက်စီးယိုယွင်းခဲ့ရကြောင်း၊ သူတို့ဆရာ၏သာသနာကို ဆက်လက်ဆောင်ရွက်မည့်သူများ ရောက်လာ၍ ဝမ်းသာရကြောင်း၊ စာ[illegible]ရေး၊



www.burmeseclassic.com

www.burmeseclassic.com

သောက်ရေး ကူညီပါဦးမည်ဟု ဝိုင်းဝန်းပြောဆိုကြလေသည်။ သာသနာရေးအတွက် ကိုယ်ကျိုးမဖက်ပဲ စေတနာဖြင့် ဆောင်ရွက်ကြရ၍ နန်းကြင်အေးတို့ ဝမ်းသာနေကြလေသည်။ သူတို့ ကတိစကားအတိုင်းပင် မင်းဓမ္မတောင်၌ ကမ္ဘာ့ခတ်ပေါင်း မဟာခေါင်းလောင်းစေတီ တည်ထားပြီးသည်အထိ ထမင်းအလှူကို ကြည်ဖြူစွာ ဒါနပြုခဲ့ကြသော ကျေးဇူးရှင်များ ဖြစ်လေသည်။

## မင်းဓမ္မတောင်မှ ခေါင်းလောင်းသံ

လှည်းကူးမြို့နယ်၊ ငမိုးရိပ်ချောင်းဘေး၊ ပုတ္တရွာ သိုက်ကုန်းမှ ရရှိခဲ့သော သိဒ္ဓိရှင်ခေါင်းလောင်းလေးကို အကြောင်းပြု၍ မင်းဓမ္မတောင်၌ စက်တော်ရာပါဒစေတီအပေါ် ကမ္ဘာ့ခတ်ပေါင်း မဟာခေါင်းလောင်းစေတီကို တည်ထားနိုင်ခဲ့ကြသည်။ သူတို့ ကြိုးစားတည်ထားခဲ့ရသော ကမ္ဘာ့ခတ်ပေါင်းစေတီသည် ဗုဒ္ဓမြတ်စွာ သာသနာ ကမ္ဘာသို့ ပျံ့လွင့်သော သာသနာ့ဓမ္မတေးသံတို့ လွင့်ပျံ့စေပါတော့မည် ..။ တန်ဆောင်မုန်းလ အဖိတ်နေ့ညသည် မိုးသားကင်းစင်၍ ကောင်းကင်တစ်ခိုဝယ် လစန္ဒာသည် အလင်းဖြာလျက် ကမ္ဘာသူ၊ ကမ္ဘာသားတို့အတွက် အေးချမ်းသောအလင်းခတ်ဖြင့် ထွန်းလင်းလျက် မင်းဓမ္မတောင် ကမ္ဘာ့ခတ်ပေါင်းစေတီ၏ တနင်္ဂနွေထောင့် ရင်ပြင်ဝယ် ဆရာ ဦးအေးချစ်နှင့် ဆရာ ထွန်းသီဟတို့နှစ်ဦး ဘုရားတည်စဉ်ကာလက အတွေ့အကြုံများကို ပြန်လည်သုံးသပ်နေမိကြသည်။ သူတို့ငါးဦး ဘုရားတည်ရန်စုစည်း ကြိုးပမ်းခဲ့ကြသည်။ ဘုရားတည်ပြီးသောအခါ သူနှင့် ဦးအေးချစ်တို့နှစ်ဦးသာ ကျန်တော့သည် ..။ အကြောင်းအမျိုးမျိုးကြောင့် လမ်းခွဲထွက်သွားကြသည်။ မင်းဓမ္မတောင်၏ ကမ္ဘာ့ခတ်ပေါင်း သာသနာမှာတော့ သစ္စာကတိရှိပြီးသား ခေါင်းလောင်းငယ်သည် ကျိန်စာဆို၍ ထားရော့သလားမသိ။ သာသနာ့ဆက်၊ ပဋ္ဌာန်းဆက် ကြီးမားလှသည်။ ထွန်းသီဟသည် ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်နေလေပြီ။

"ဆရာရေ ...ကျွန်တော်တို့ သာသနာခရီး ဆက်ရဦးမယ်။ လှည်းကူး ငမိုးရိပ်ချောင်းဘေး ပုတ္တရွာမှာ နဂါးရုံဘုရားတည်ပြီးမှ ခေါင်းလောင်းလေးရဲ့ကျေးဇူးကို ဆပ်ရာရောက်လိမ့်မယ်"

ဆရာဦးအေးချစ်သည် ခေါင်းလောင်းငယ်၏ သာသနာပြု နိဂုံးကို ကြိုတင်တွက်ဆနေလေသည်။ ထွန်းသီဟသည် ခေါင်းလောင်းငယ်၏ သာသနာ၌ ပါရမီစခန်းဟု သူ့ကိုယ်ကို သတ်မှတ်ထားခဲ့သည်။ ဦးအေးချစ်ကို အဓိကထား၍ သူ သာမညနေရာက နေခဲ့သည်။ သူ့ဂမ္ဘီရပညာများဖြင့် ပံ့ပိုးကူညီခဲ့သည်။ တစ်နေ့နေ့၊ တစ်ချိန်ချိန်၌ ထွန်းသီဟသည် ခေါင်းလောင်းငယ်နှင့် ပတ်သက်ဆက်စပ်လာသော အဓိကလူဖြစ်လာမည်ကို သိထားခဲ့ပါလျှင် ...။

## ဒွိကဒုတ်တောင်ပေါ်မှ သာသနာ့နိမိတ်

ဖောင်ကြီး၊ မင်းကုန်းမှ ၁၂ မိုင်ခန့်ကွာဝေးသော ပဲခူးရိုးမရဲ့ ဒွိကဒုတ်တောင်။ သစ်ကြီး၊ ဝါးကြီးများ ထူထပ်လျက် တောင်ပေါ်သို့ လူသွားလမ်းတစ်လမ်းစာသာ ရှိသည်။ ဒွိကဒုတ်တောင်သို့ မင်းကုန်းမြို့မှ ဦးဂျပန်၏ လမ်းပြပေးမှုဖြင့် ထွန်းသီဟနှင့် ဆရာဦးအေးချစ်တို့ ရောက်သွားကြသည်။ သူတို့သည် တန်ဆောင်မုန်းလ၏ အဖိတ်နေ့ညမှာပင် တောင်ပေါ်သို့ ရောက်ကြသည်။ ညအမှောင်ဝယ် အရှေ့အရပ်မှ ထွက်ပေါ်လာသော လရောင်ဖြင့် ဒွိကဒုတ်တောင်ပေါ်၌ ကွက်တိကွက်ကြား လင်းနေသည်။ တောင်၏အရှေ့အရပ်ရှိ သရက်ဖြူပင်ကြီးသည် ထီးတည်းကြီး ရပ်တည်လျက် ထွက်ပြူစလရောင်ကို ကာကွယ်ထားလေသည်။ ညှင်ငှက်များ အော်သံ၊ ဂျီဟောက်သံ၊ မျောက်အော်သံတို့ဖြင့် တစ်တောင်လုံး ညံလျက်။ လရောင်မြင့်တက်လာမည့် အချိန်ကို စောင့်လျက်ဒွိကဒုတ်တောင်၏ စေတီရှေ့ဝယ် ဦးအေးချစ်နှင့် ထွန်းသီဟတို့ နှစ်ဦးထိုင်နေကြသည်။ ညဘက်ရောက်သွား၍ တောင်ပေါ်၌ စားစရာမရှိ၊ ဒွိကဒုတ်တောင်ပေါ် တဲကျောင်းမှ ကိုရင်ကြီးနှင့် ဦးဂျပန်တို့ မေတ္တာပို့သံသည် လွင့်ပျံ့လျက်၊ ထွန်းသီ ဟနှင့် ဦးအေးချစ်တို့ ဒူးယားစီးကရက် ဖွာနေကြသည်။ ဦးအေးချစ်က စ၍ –

"မင်းကုန်းနားက ဘောင်ရိုးမြင့်မြင့်ဟာ သမိန်ပရူ(မင်းရမ်းကား)ရဲ့ မြို့ရိုးလို့ ပြောကြတယ်"

"သမိုင်းမှတ်တမ်းအရ တိတိကျကျ ပြောလို့မရဘူးဆရာ။ မင်းကုန်းလည်း မင်းပုန်းကနေ အမည်ပြောင်းလာတာလို့ ပြောကြတယ်။ ဒွိကဒုတ်တောင်နဲ့ သည်ပဲခူးရိုးမရဲ့ တော

www.burmeseclassic.com

တွင်းနေရာဒေသတွေမှာ မင်းရမ်းကား (သမိန်ပရူ) ရာဇဒဏ်သင့်လို့ ထွက်ပြေးတိမ်းရှောင်ရာ နေရာတွေလို့ပြောကြတယ်။ ကျွန်တော်တို့ရခဲ့တဲ့ ခေါင်းလောင်းလေးက မင်းရမ်းကားရဲ့ခေါင်းလောင်းရှေး မဖြစ်နိုင်ဘူးလားဆရာ"

သမိုင်းကြောင်း အထောက်အထားအရ ကျယ်ဝန်းနက်ရှိုင်း ဖွယ်ရာများ ရှိနေနိုင်ပါသည်။ ပစ္စက္ခဘဝမှာတော့ မိမိတို့နှစ်ဦး ခေါင်းလောင်းငယ်ရဲ့ သာသနာကို ကြိုးပမ်း တည်ဆောက်နေကြရလေသည်။ ဦးဂျပန်လာချပေးသော ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို ဆာဆာနှင့် စားကြရသည်။ ဦးဂျပန်က သူကြားဖူးထားသော ပါးစပ်ရာဇဝင်ကို ဖြည့်စွက်ပြောသည်။

"သမိန်ပရူ ထွက်ပြေးတဲ့ တောလမ်းတစ်လျှောက် ကျောက်ကြပြီးပြေးလို့ ကျောက်ကြမင်းလို့လည်း ခေါ်ပြန်တယ်။ ဒွိကဒုတ်တောင်နှင့် ကျိုက်ဒေးဗားတောင်ခြေတွေမှာ ကျောက်သံပတ္တမြားတွေ ရှိနေတယ်လို့ ပြောကြတယ်"

မိမိတို့သည် သိုက်သမားများ မဟုတ်ကြပါ။ တတ်စွမ်းသမျှ သာသနာပြုနေကြသူများဖြစ်သည်။ ဝန်ထမ်းများဖြစ်၍ အချိန်ပြည့်သာသနာအလုပ်ကို မစွမ်းဆောင်နိုင်။ အားလပ်ရက်ဖြစ်သော စနေနှင့် တနင်္ဂနွေရက်များ၌ အိမ်မှာ မရှိ။ သာသနာအလုပ်ကို ကိုယ်ကျိုးစွန့်၍ ပြုနေကြသူများ ဖြစ်သည်။ ထွန်းသီဟသည် နှစ်ပေါင်း ၂၁ ကျော် အတွေ့အကြုံရှိခဲ့သူဖြစ် ...၏။ မိမိကိုယ်၌က ဂမ္ဘီရပညာရပ် ...စ်သော ဗေဒ၊ လက္ခဏာ၊ အင် ...ဘာရပ်များ၊ အင်းအတတ်၊ စမအတတ်တို့ကို ဆရာသခင်များထံမှ ဆည်းပူးခဲ့သော အထုံပါရမီနှင့် အဓိဋ္ဌာန်စခန်းများ၌ ခုနစ်ရက်သားသမီးများကို လူမှုရေး၊ အိမ်ထောင်ရေး၊ စီးပွားရေးကိစ္စများ ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။ စီးပွားဖြစ်ဟောစား၊ ပြောစားခြင်း ပြုလုပ်ခွင့်မရသေး၊ သာသနာအကျိုးအတွက်သာ ဆောင်ရွက်ခွင့် ရနေသည်။ ဦးအေးချစ်နှင့် ထွန်းသီဟတို့ အဓိဋ္ဌာန်ပုတီးစိပ်ရန် ဘုရားစေတီရှေ့၌ ပရိက် ပြုလိုက်ကြသည်။ အဓိဋ္ဌာန်ပုတီးစိပ်အပြီး အာနာပါနတရား ရှုမှတ်စဉ် ထွန်းသီဟ စိတ်နှလုံးသည် သမာဓိအားဖြင့် ကြည်လင်နေသည်ဟု ခံစားရသည်။ မိမိစိတ်မနောအာရုံထဲ ရှေးမြန်မာဘုရင်၏ ရဲမက်များတို့ သွားလာ လှုပ်ရှားနေသည့် ပုံရိပ်များ၊ ဆင်သံ၊ မြင်းသံ၊ စည်၊ တံပိုးခရာသံတို့ မြည်သံ စသည် ထင်မှတ်လာရသည်။ မိမိစိတ်မနောအာရုံထဲဝယ် ယောဂီဝတ် အမျိုးသမီးတစ်ဦး ရှေ့၌လာရပ်နေသည်ကို မြင်တွေ့နေရသည်။ အသက်အားဖြင့် ၂၄ ကျော်ဝန်းကျင်မျှ ရှိဦးမည်။ ပိတုန်းရောင် ဆံကေသာတို့ ဦးထိပ်ထက်၌ စုထုံးထားသည်။ ကြည်လင်ဝင်းပသော မျက်နှာပိုင်ရှင်၊ သူမမျက်လုံးအစုံက ရွှန်းလဲ့တောက်ပနေသည်။ ထွန်းသီဟနားထဲ၌ မောင်ကြီးဟု ခေါ်သံ ကြားလိုက်မိသည်။ ထိုအာရုံနိမိတ်ကြောင့် ထွန်းသီဟ ရှုမှတ်ဆဲ အာနာပါနတရားကို ဖြုတ်ရင်း မျက်စိဖွင့်ကြည့်လိုက်မိသည်။ မိန်းမငယ်သဏ္ဌာန်ပုံရိပ်သည် သရက်ဖြူပင်ကြီးရှိရာ တောင်ပိုင်ကြီး နန်းဘက်သို့ တရွေ့ရွေ့ လှမ်းသွားနေသည်။ မိမိကို ကျောပေးလျက်၊ ထွန်းသီဟရင်ထဲ ခံစားမှုဝေဒနာတို့ ပေါ်လာကြသည်။ အမည်နာမတပ်၍မရသော ခံစားမှု၊ ထိုခံစားမှုသည် ရင်ကို နာကျင်နေသည်ဟု ခံစားရသည်။ သူ့စိတ်တို့ လှုပ်ရှားမှုကို ရုတ်ခြည်းရပ်တန့်လို့မရ။ ဒွိကဒုတ်တောင်တော်သည် သိုက်ပိုင်းဆိုင်ရာပုဂ္ဂိုလ်တို့များလှသည်။ မေတ္တာဓာတ်ခံယူချင်၍ သူတို့ပုံရိပ်ကို ပြသခြင်းလော၊ သာဓုခေါ်၍ ဘာဝနာကုသိုလ်ခံယူခြင်း ဖြစ်သလော၊ ထွန်းသီဟ အတွေးတို့ ဝေခွဲမရ။ ရှိပါစေတော့။ ထိုမနောအာရုံများကို ထွန်းသီဟ ဖွတ်ပင်ပယ်ဖျောက်လိုက်သည်။ တုန်ယင်လှုပ်ရှားမောစွာ ဖြစ်သောစိတ်ကို ချုပ်တည်းလျက် ငြိမ်သက်သွားစေ ၁င် မေတ္တာစိတ်ဖြင့် အစားထိုးလိုက်ရသည်။ ထွန်းသီဟ မေတ္တာပို့သနေချိန် ဆရာဦးအေးချစ်သည်လည်း မေတ္တာပို့သလျက်ရှိနေသည်။ လရောင်ပင် ဦးခေါင်းထိပ် ရောက်နေပြီ။ လမွန်းတည့်ချိန်ပါတကား။ ဒွိကဒုတ်တောင်တော်၏ အရှေ့အရပ် သရက်ဖြူပင်ကြီးမှ လှမ်းမျှော်ကြည့်လိုက်လျှင် ဆီမီးရောင်တို့ထိန်လင်းနေသည့် ပဲခူးမြို့ မဟာစေတီကို သပ္ပာယ်စွာ ဖူးမြင်ရသည်။ ထွန်းသီဟရော ဦးအေးချစ်ပါ အံ့ဩစွာ ထကြည့်လိုက်မိကြသည်။ ထိုဆီမီးရောင်သည် ပဲခူးမြို့ရွှေမော်ဓောစေတီကိုလည်း ဆီမီးများ ပူဇော်ထားသည်ကို ရေးရေးမျှ လှမ်းမြင်ရသည်။ သည်နေ့၊ သည်ညသည် မြင်းမိုရ်ပွဲသဘင် ဆင်ယင်ကျင်းပလေ့ရှိသော တန်ဆောင်မုန်းညအချိန်ကာလ ဖြစ်နေသည် မဟုတ်ပါလား။

ညက ... အိပ်မက်မက်သည် ဦးအေးချစ်ကို မင်းညီမင်းသားတို့ အဝတ်တန်ဆာဖြင့် မြင်ရသည်။

www.burmeseclassic.com

ထွန်းသီဟနှင့် မျက်နှာချင်းဆိုင်လျက် ရပ်နေသည့် ဦးအေးချစ်မျက်နှာသည် ခက်ထန်မာကျောလျက် ရှိနေသည်။ ဦးအေးချစ်နှင့် ထွန်းသီဟတို့ နှစ်ယောက်ကြားတွင် အမျိုးသမီးငယ် တစ်ဦး။ အမျိုးသမီးငယ်သည် ဇာတ်သဘင်ထဲက မင်းသမီးများအဝတ်အစားနှင့် တောက်ပလွန်းသည်။ ဦးအေးချစ်က အမျိုးသမီးငယ်ကို လက်ဆွဲ၍ ဆွဲခေါ်နေသည်။ အမျိုးသမီးငယ်သည် ရုန်းကန်လျက် ထွန်းသီဟကို တအားဆွဲထားသည်။ သူတို့နှစ်ယောက်ကြား ဗျာများနေသော အမျိုးသမီးငယ်၊ ဦးအေးချစ်ကစိတ်မရှည်ဟန်နဲ့ တအားဆောင့်ဆွဲလိုက်သည်။ ထွန်းသီဟ၏ လက်ကိုဆွဲထားသော အမျိုးသမီးငယ်သည် ရုန်းကန်ရင်း ပါသွားလေသည်။ နှုတ်မှလည်း ''မောင်ကြီးရေ''ဟု တအားအော်၏။ ထွန်းသီဟ အိပ်ရာမှ လူးလဲထလိုက်သည်။ သူ့မျက်နှာ၌ ချွေးပြန်လျက်။ ဦးအေးချစ်သည် တဲကျောင်းအတွင်း ဘုရားကျောင်းဆောင်ရှေ့၌ ပုတီးစိပ်နေသည်။ သူ့အသံကြောင့် ဦးဂျပန် အရုဏ်ဆွမ်းချက်နေရာက တဲပေါ်ပြေးတက်လာသည်။

''ဆရာ ... ဘာ ဖြစ်တာလဲ''

ထွန်းသီဟ ဘာမှမပြော။ ခေါင်းခါပြလိုက်ရင်း ရေတစ်ခွက်ခပ်သောက်လိုက်သည်။ သူသည် အမောပြေသွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။

''ဆရာ ... ပက်လက်လှန်အိပ်ရင် ဘီလူးစီးတတ်တယ်။ ဒါမှမဟုတ် ထမင်းလုံးတစ္ဆေခြောက်တာများလား''

ထွန်းသီဟသည် ရယ်မောရင်း

''သိုက်ထဲက ဥစ္စာစောင့်တွေ တဲပေါ်တက်လာလို့ဗျ''

ဦးဂျပန်သည် ထိတ်လန့်ဟန်ဖြင့်

''ဟုတ်မယ်။ ဒီတောင်က တအားကြမ်းတယ်။ ဥစ္စာစောင့်တွေ ပေါတယ်။ သိုက်မီးတွေ တစ်တောင်နဲ့ တစ်တောင် ကူးသွားတာ ကျွန်တော် မြင်ဖူးတယ် ဆရာ''

မျက်လုံးပြူးလျက် စိုးရိမ်တကြီး ပြောနေသော ဦးဂျပန်ကို စကားစဖြတ်ရင်း –

''ကျွန်တော် စေတီရှေ့မှာ ပုတီးစိပ်၊ မေတ္တာပို့လိုက်ဦးမယ်''

ထွန်းသီဟ တဲကျောင်းပေါ်မှဆင်းလာခဲ့သည်။ အရုဏ်ဦးသည် ပွင့်သစ်စနေရောင်ဖြင့်သာယာလှပနေလေသည်။

ဒွိကဒုတ်တောင်၏ အရှေ့တောင်ထောင့်အရပ်ဖြစ်သော အဂ္ဂိထောင့်မှာ ဂဝံကျောက် ကုလားထိုင်တစ်လုံး ရှိနေသည်။ ဒွိကဒုတ်တောင်သည် သူတော်စင်တို့ တရားအားထုတ်ခဲ့သော တောင်ထူးတောင်မြတ်ဖြစ်သည်။ ဝိဇ္ဇာစခန်း ထွက်ရပ်လမ်းကို ကျင့်ကြံအားထုတ်ကြသော ပုဂ္ဂိုလ်ထူးတို့ အဓိဋ္ဌာန်ပါရမီတည်ဆောက်ရာ တောင်တော်လည်း ဖြစ်ခဲ့ဖူးသည်။ တောင်၏အရှေ့အရပ်မှာ ဆေးကြိတ်သော ကျောက်ပျဉ်ရှိသည်။ တောင်၏ အနောက်မြောက်ထောင့်မှာ ပြဒါးဖမ်းသောနေရာ ရှိသည်။ စနေ် ၁ကျ ပြုလုပ်ထားသော ရှေးဆရာကြီးတို့၏ အစီအရင်ဖြစ်ပေလိမ့်မည်။ ကျောက်ကုလားထိုင်ထက်မှာ ဦးအေးချစ် ထိုင်နေသည်။ မေတ္တာသုတ်ရွတ်လျက်။ ပြီးတော့ ထွန်းသီဟ ထိုင်ကြည့်သည်။ ကျောက်ကုလားထိုင်သည် တောင်စောင်းဖြစ်၍ အဝေးသို့ လှမ်းမျှော်ကြည့်လျှင် လွမ်းမောဖွယ်ရာ တောင်စဉ်တောင်တန်းများသည် ညို့ညို့မှိုင်းလျက်။ စိန်တောင်၊ ကျိုက်ဒေးပြတ်တောင်၊ ကျိုက်ဒေးဗားတောင်နှင့် တောင်သုံးလုံးတို့ကို လှမ်းမြင်ရသည်။ တောင်သုံးလုံးမှာ အဓိဋ္ဌာန်ဝင်စဉ်ကာလများ အဘဘိုးသံ မိန့်မှာဖူးသည်။ အဘဘိုးသံ ဂန္ဓာရီကျင့်စဉ်ခရီး၌ ဒွိကဒုတ်တောင်တော်လည်းပါသည်။ ဒွိကဒုတ်တောင်၌ အဓိဋ္ဌာန်ဝင်စဉ် ကျားကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်လျက် အမြီးဖြင့် မြေပြင်သို့ တဖုတ်ဖုတ် ရိုက်၍ ခြောက်လှန့်ဖူးကြောင်း ကြားနာဖူးသည်။ ဆရာသခင်၏ အဓိဋ္ဌာန်အောင်မြေပေါ် ရောက်ေ၍ ပီတိဖြင့် ဝမ်းသာကြည်နူးမှုကို ခံယူခဲ့ရသည်။ ဆရာသခင်၏ဂုဏ် ဂျေးဇူးကို အောက်မေ့တမ်းတမိသည်။ ထွန်းသီဟသည် ရင်ထဲ၌ ဆို့နစ်သော အလွမ်းဓာတ်ခံတို့ ပေါ်ပေါက်နေသည်။ အဓိဋ္ဌာန်စခန်းပေါင်းများစွာ ကျော်ဖြတ်ခဲ့ပြီးပြီ။ သည် ဒွိကဒုတ်တောင်ကျမှပင် မိမိ၏ စိတ်တို့ ကြေကွဲဆွေးမြည့်မှု ဖြစ်ပေါ်ရသည်။ လွမ်းရစ်ပေဦး ထွန်းသီဟရယ်။ ဆရာဦးအေးချစ်၏ ချောင်းဟန့်သံကြားမှ မိမိ၏ တွေဝေငေးငိုင်မှုမှ သတိပြန်ဝင်လာမိသည်။ ဦးအေးချစ်ကို အိပ်မက်အကြောင်း ပြောပြတော့ ရယ်နေသည်။ ဆရာချစ်တစ်ယောက် အတိတ်ဘဝက မင်းရမ်းကားများ ဖြစ်ခဲ့ဖူးလေရော့သလား။ ထွန်းသီဟသည် ရသေ့အောင်နန္ဒ ကိုယ်ပွားလေလား။ သာသနာပြုစခန်း၌ နာမ်လောကမှ ကူညီစောင့်ရှောက်လျက်ရှိသော ဂမ္ဘီရဒေဝီကို စိတ်ကူးရုပ်ပုံလွှာထဲ ရှာဖွေနေရသော ထွန်းသီဟရယ် ...။

*(ဆက်လက်ဖော်ပြပါမည်။)*

**သိန်းထွန်းသစ်**



www.burmeseclassic.com

www.burmeseclassic.com



# ရဟန်းဟူသည်

တောင်တွင်းအောင်သက်ဦး

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားသည့်နိုင်ငံ ဖြစ်သည်။ မြတ်စွာဘုရားလက်ထက်မှစ၍ သံဃာသည် ပေါ်ထွန်းခဲ့သည်။ သံဃောလောကေ သမုပ္ပန္နော၊ ဟိတာယ၊ သဗ္ဗပါဏိနံ၊ သံဃာတော်သည် လောက၏ အကျိုးစီးပွားအတွက် လယ်ယာမြေကောင်းသဖွယ် ပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့လေသည်။

ပေါ်ပေါက်ခဲ့သော သံဃာတော်များသည် တစ်ပါးနှင့်တစ်ပါး မတူညီကြချေ။ မြတ်စွာဘုရားလက်ထက်မှ ယနေ့အထိ ရဟန်းဖြစ်ခြင်း ရှစ်မျိုးရှိသည်။

၁။ ဧဟိဘိက္ခုပ သမ္ပဒါ -ဘုရားရှင်က ရဟန်းလာလှည့်ဟု ခေါ်ဆဲ၍ အလိုအလျောက်ဖြစ်သည့် ရဟန်းမျိုး။

၂။ သရဏ ဂမနုပ သမ္ပဒါ - သရဏဂုံ ခံယူခေါက်တည်ရုံဖြင့်ပြီးသည့် ရဟန်းမျိုး။

၃။ ဩဝါဒ ပဋိဂ္ဂဟဏူပ သမ္ပဒါ - ဩုံဩနည်းဖြင့် ကျင့်ဟု ဆုံးမခြင်းဖြင့်ပြီးသည့် ရဟန်းမျိုး။

၄။ ပဉှာ၊ ဗျာကရဏူပ သမ္ပဒါ - သောပါကထေရ်ကဲ့သို့ ပြဿနာဖြေဆို၍ ဘုရားခွင့်ပြုခြင်းဖြင့်ပြီးသည့် ရဟန်းမျိုး။



www.burmeseclassic.com

www.burmeseclassic.com

၅။ ဂရုဓမ္မ ပဋိဂ္ဂဟာကာရူပ သမ္ဗဒါ - ဂရုစံကို ဝန်ခံချက်ထားခြင်းဖြင့်ပြီးသည့် ရဟန်းမျိုး။
၆။ ဒူတေနူပ သမ္ဗဒါ - အခုကာသိကမည်သည့် ရဟန်းမျိုး။
၇။ အဋ္ဌဝါစိကူပ သမ္ဗဒါ - ဘိက္ခုနီမများထံ လေးကြိမ်၊ ဘိက္ခုယောက်ျားများထံ လေးကြိမ်၊ ပေါင်းရှစ်ကြိမ်သာ ဉတ်ကမ္မဝါစာဖြင့်ပြီးသည့် ရဟန်းမျိုး။
၈။ ဉတ္တိစတုတ္ထကမ္မူပ သမ္ဗဒါ - ဉတ်နှင့်တကွ လေးကြိမ်မြောက်သော ကမ္မဝါစာဖြင့်ပြီးသည့် ရဟန်းမျိုးတို့ ဖြစ်ကြသည်။

ရဟန်းဖြစ်ရန် အင်္ဂါငါးပါးလည်း လိုအပ်သည်။ ဦးပဇ္ဇင်းဖြစ်ရန် -

၁။ ဝတ္ထုသမ္ပတ္တိ - ပဇ္ဇင်းလောင်း၏ အင်္ဂါပြည့်စုံမှု၊
၂။ ဉတ္တိ သမ္ပတ္တိ - ဉတ်၏ ပြည့်စုံပီသမှု၊
၃။ ကမ္မဝါစာ သမ္ပတ္တိ - ကမ္မဝါ၏ ပြည့်စုံပီသမှု၊
၄။ သီမာ သမ္ပတ္တိ - သိမ်၏ ဝိပတ္တိကင်းစင်မှု၊
၅။ ပရိသာ သမ္ပတ္တိ - ရဟန်းပြုပေးသည့် သံဃာပရိသတ်၏ ပြည့်စုံလုံလောက်သည့် စင်ကြယ်မှုများ လိုအပ်လေသည်။

အထက်ဖော်ပြပါ ရဟန်းတို့တွင် ရဟန်းကောင်းတို့၏ အသွင်မှုရာဂုဏ် ၂၂ ပါး ရှိလေသည်။ ၎င်းတို့မှာ -

၁။ သေက္ခပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း။
၂။ ရဟန္တာဟု ထင်မှတ်ခြင်း။
၃။ အရိယာတို့နှင့်တူသော အကျင့်ရှိခြင်း။
၄။ အရိယာတို့နှင့်တူသော နေထိုင်မှုရှိခြင်း။
၅။ အရိယာတို့နှင့်တူသော ဣန္ဒြေရှိခြင်း။
၆။ အရိယာတို့နှင့်တူသော ဆင်းရဲရှိခြင်း။
၇။ အရိယာတို့နှင့်တူသော သည်းခံခြင်းရှိခြင်း။
၈။ တစ်ကိုယ်ထီးတည်း အကျင့်ရှိခြင်း။
၉။ တစ်ကိုယ်ထီးတည်း မွေ့လျော်ခြင်း။
၁၀။ တစ်ကိုယ်ထီးတည်း ကျိန်းအောင်းခြင်း။
၁၁။ မကောင်းမှုမှ ရှက်ခြင်း။
၁၂။ မကောင်းမှုမှ လန့်ခြင်း။
၁၃။ သမဓမ္မအကျင့်ကို အားထုတ်ခြင်း။
၁၄။ ကုသိုလ်၌ မမေ့လျော့ခြင်း။
၁၅။ သုက်လွှတ်ခြင်းကာမမှ ဖဲကြဉ်ခြင်း။
၁၆။ ပါဠိကို သင်ယူခြင်း။
၁၇။ အဋ္ဌကထာ သင်ယူခြင်း။
၁၈။ သီလ၊ သမာဓိ၊ ပညာဂုဏ်၌ မွေ့လျော်ခြင်း။
၁၉။ ကင်းသော တပ်မက်မှုရှိခြင်း။
၂၀။ သိက္ခာပုဒ်တော်ကို ဖြည့်ကျင့်ခြင်း။
၂၁။ ဖန်ရည်စွန်းသော သင်္ကန်းကို ဆောင်ခြင်း။
၂၂။ ဦးပြည်းခေါင်းရှိခြင်း

တို့သည် ရဟန်းကောင်းများ၏ ဂုဏ်အင်္ဂါများ ဖြစ်ကြသည်။

ရဟန်းဟူသည်ကား ပေါ့ပေါ့တန်တန်မ ~~နေ~~ရ။ အောက်ပါ အင်္ဂါသုံးပါးနှင့် ပြည့်စုံမှသာ ရဟန်းစစ် ရဟန်းမှန် ဖြစ်လေသည်။

၁။ တပေါ - ရဟန်းကျင့်ဝတ်နှင့် ပြည့်စုံရခြင်း။
၂။ သုတိ - ကျင့်ရမည့် ရဟန်းတရားကို သိကြားနားလည်ရခြင်း။
၃။ ယောနိ - ရဟန်းမျိုးဇာတ် စစ်မှန်ရခြင်းတို့ ဖြစ်သည်။

ထို့ကြောင့် ရဟန်းဟူတ်မှန်၊ အင်သုံးတန်၊ ထုတ်ပြန်မိန့်တော်မူသူဟုပင် ပုဏ္ဏာထုတ်ခဲ့လေသည်။

## ရဟန်းတော်များ၏ အသုံးအဆောင်ခေါ် ပရိက္ခရာရှစ်မျိုးမှာ

ပတ္တ၊ သပိတ်၊ တိစီဝရ၊ သင်္ကန်းသုံးထည်(နှစ်ထပ်သင်္ကန်းကြီး)၊ အပေါ်ရုံ ကေသီ၊ ခါးဝတ်သင်းပိုင် ကာယ၊ ဗန္ဓန် ခါးပန်းကြိုး ဝါသိက-ပဲခွပ် (သင်တုန်းဓား)၊ သူစိ-အပ်နှင့် အပ်ချည်၊ ပရိသာဝန်-ရေစစ်တို့ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် ပရိက္ခရာ ၁၂ ပါးမှာ ဖော်ပြပါ ပရိက္ခရာရှစ်ပါးနှင့် ဓမ္မခဏ္ဍ-သားရေခွေယ်၊ ဥပါဟန-ဖိနပ်၊ ဗီဇနီ-ယပ်တောင်၊ သတ္တ-ထီးတို့ကိုပေါင်းလျှင် ပရိက္ခရာ ၁၂ ပါးဖြစ်သည်။

ပရိက္ခရာပိုင်သူ လေးမျိုးရှိသကဲ့သို့ သုံးဆောင်နည်းလည်း လေးမျိုးရှိသည်။

၁။ သကာသန္တက ပရိက္ခရာ - ပုဂ္ဂလိက ရဟန်းပိုင်သည်။
၂။ သံဃိက ပရိက္ခရာ - သံဃာအများပိုင်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com

ရက္ခိတဗ္ဗ၊ ဂေါပိတဗ္ဗ၊ မမာယိတဗ္ဗတို့နှင့် ဆိုင်သည်၊ ကိုယ်ပိုင်မရချေ။

၃။ စေတိယ သန္တက ပရိက္ခရာ - ဂေါပိတဗ္ဗနှင့် ရက္ခိတဗ္ဗ နှစ်ပါးနှင့်သာ ဆိုင်သည်။

၄။ ပရသန္တက ပရိက္ခရာ - အထက်နည်းလေးပါးတို့နှင့် လုံးဝမဆိုင်၊ သူပိုင်ပရိက္ခရာ ဖြစ်သည်။

ရဟန်းတော်များ၏ ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်းကို သာမညဖလသုတ်တွင် ဤသို့ပြဆိုသည်။

၁။ ဝိဝိတ္တသေနာသန - အမိုး၊ အကာ၊ အခင်းတို့ဖြင့် ဆိတ်ငြိမ်ရာ၌ ဆောက်လုပ်သည့်ကျောင်း။

၂။ အရည - တောရကျောင်း၊ ရွာနီးချုပ်စပ်တောငယ် မျိုး။

၃။ ရုက္ခမူလ -သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်။

၄။ ပဗ္ဗတ - တောင်ပေါ်၊ တောင်စောင်း၊ တောင်သာယာ။

၅။ ကန္ဒရ - ချောက်၊ ချောင်၊ သာယာသော ကမ်းပါးယံ။

၆။ ဂိရိဂုဟာ - တောင်ခေါင်း၊ ဥမင်၊ လိုဏ်ဂူ။

၇။ သုသာန - သုသာန်၊ သချိုင်း။

၈။ ဝနပတ္ထ - တောအုပ်၊ တောနက်၊ ရွာဝေးခေါင် ခေါင်တောကြီး။

၉။ အဗ္ဘောကာသ - လွင်ပြင်၊ လဟာပြင်။

၁၀။ ပလာသ ပုဥ္စ - ကောက်ရိုးပုံ၊ မြက်ပုံတို့ အုံသော ကျောင်းတို့တွင် နေထိုင်ရန် မြတ်ဗုဒ္ဓမှ ပေါကြား ခဲ့လေသည်။

ရဟန်းတော်များ ခံစားရသည့် ဆင်းရဲခြင်းငါးပါးလည်း ရှိသေးသည်။

၁။ စိဝရ အသန္တုဋ္ဌ - ရရှိ၊ ရရှိနေသော သင်္ကန်းဖြင့် မရောင့်ရဲနိုင်သည့် ရဟန်း။

၂။ ပိဏ္ဍပါတ အသန္တုဋ္ဌ - ရရှိ၊ ရရှိနေသော ဆွမ်းဖြင့် မရောင့်ရဲနိုင်းသည့် ရဟန်း။

၃။ သေနာသန အသန္တုဋ္ဌ - ရရှိပြီးသော ကျောင်း၊ အိပ်ရာ၊ နေရာဖြင့် မရောင့်ရဲနိုင်သည့် ရဟန်း။

၄။ ဘေသဇ္ဇ အသန္တုဋ္ဌ - လက်ရှိဆေးဖြင့် မကျေနပ် သေးခြင်း။

၅။ ဗြဟ္မစရိယ အနဘိရတ - ရဟန်းကျင့်ဝတ်၌ မပျော်ပိုက်၊ မကျင့်ကြံနိုင်ခြင်းတို့သည် ရဟန်းတို့၏ ဒုက္ခ ငါးပါး ဖြစ်လေသည်။

ရဟန်းတော်များမှ ရှိမခိုးကောင်းသော ပုဂ္ဂိုလ် ၂၅ ပါး ရှိသည်။ ပရိဝါပါဠိတော်တွင် အကျယ်ဟောထားလေသည်။

၁။ အန္တရဃရံ ပဝိဋ္ဌော အဝန္ဒိယော - မြို့တွင်း၊ ရွာတွင်း ဝင်သွားနေသည့် ရဟန်း။

၂။ ရစ္ဆာဂတော - ခရီးလမ်းသွားနေသော်လည်းကောင်း။

၃။ ဩတမသိကော - မှောင်ကြီးမည်းမည်း၌ နေသော် လည်းကောင်း။

၄။ အသမန္နာ ဟာရန္တော - စိတ်ဝင်စားစွာ အလုပ်လုပ် နေသော်လည်းကောင်း။

၅။ သုတ္တော - အိပ်ပျော်နေသော်လည်းကောင်း။

၆။ ယာဂုပါနေက - ယာဂုသောက်နေသော်လည်း ကောင်း။

၇။ ဘတ္တဂ္ဂေ - ဆွမ်းစားကျောင်း၌ ဆွမ်းပြင်ဆင်နေသော် လည်းကောင်း။

၈။ ကောဝတ္တော - ရန်သူဂိုဏ်း၊ ရန်သူဖက်၌ပါသော် လည်းကောင်း။

၉။ အညာဝိဟိတော - တစ်ခုခု ကြံစည်စိတ်ကူးနေသော် လည်းကောင်း။

၁၀။ နဂ္ဂေါ - အဝတ်မစည်း၊ ဗလာကိုယ်ထီးနေသော်လည်း ကောင်း။

၁၁။ ခါဒန္တော - ခဲဖွယ် ၁၂ ပါး ခဲစားနေသော်လည်း ကောင်း။

၁၂။ ဘုဉ္ဇန္တော - ဘောဇဉ်ငါးပါးစားနေသော်လည်းကောင်း။

၁၃။ ဥစ္စာရံ ကရောန္တော - - ကျင်ကြီးစွန့်နေသော်လည်း ကောင်း။

၁၄။ ပဿာဝံ ကရေန္တော - ကျင်ငယ်စွန့်နေသော်လည်း ကောင်း။

၁၅။ ဥက္ခိတ္တကော - သံဃာမှ ကြဉ်ထားသော်လည်း ကောင်း။

၁၆။ ပစ္ဆ ဥပသမ္ပန္နော - မိမိအောက်ငယ်သား ရဟန်း။

၁၇။ အနုပ သမ္ပန္နော - ရဟန်းမဟုတ်သူမှန်သမျှ။

၁၈။ အဓမ္မဝါဒီ - အယူချွတ်လွဲနေသော ရဟန်း။



www.burmeseclassic.com

www.burmeseclassic.com

၁၉။ မာတုဂါမော - မိန်းမမုန်သမျှ။

၂၀။ ပဏ္ဍကော - ပဏ္ဍုတ်ရဟန်း။

၂၁။ ပါရိဝါ သိကော - ပရိဝတ် (သံဃာဒိသိသ်အာပတ်ဖြေ)နေသော ရဟန်း။

၂၂။ မူလာယပဋိကဿနာရဟော - သံဃာဒိသိသ် အာပတ်ဖြေနေဆဲ၌လည်းကောင်း။ အာပတ်ထပ်သင့်၍ မူရင်းမှ ပြန်ကျင့်နေသော ရဟန်း။

၂၃။ မာနတ္တာ ရဟော - သံဃာဒိသိသ် အာပတ်ဖြေပြီးသဖြင့် သံဃာမြတ်နိုးထိုက်သော ရဟန်း။

၂၄။ မာနတ္တာ စာရိကော - သံဃာဒိသိသ်ဖြေပြီးသဖြင့် သံဃာမြတ်နိုးရန် ကျင့်နေသော ရဟန်း။

၂၅။ အဗ္ဘနာ ရဟော အဝန္တိယော - သံဃာမြတ်နိုးအောင် ကျင့်ပြီး၍ သံဃာ့ဘောင်သို့ ပြန်သွင်းထိုက်သော ရဟန်း။

စသည့် ဖော်ပြပါ ၂၅ ဦးတို့ကို ရဟန်းများမှ မရှိခိုးကောင်းချေ။

ဝိနည်းတော်တွင် ရဟန်းကောင်းများအနေဖြင့် မိတ်ဆွေမဖွဲ့သင့်၊ ဆွမ်းမခံသင့်၊ မကျက်စားသင့်သည့် အရပ်ခြောက်ပါးကိုလည်း ဟောခဲ့သည်။

၁။ ပြည့်တန်ဆာမအိမ်၊

၂။ လင်သေ၊ လင်ကွာ၊ မုဆိုးမ၊ တစ်ခုလပ်များ၏ အိမ်။

၃။ အပျိုကြီး၊ အပျိုဟိုင်းတို့အိမ်။

၄။ ပဏ္ဍုတ်များအိမ် (မိန်းမလျာ၊ ယောက်ျားလျာများအိမ်)။

၅။ ဘိက္ခုနီမများထံ (ယခုခေတ် သီလရှင်များထံ)

၆။ သေရည်အရက်ဆိုင်တို့တွင် မိတ်ဆွေမဖွဲ့အပ်၊ ဆွမ်းမခံအပ်၊ သွားလာကျက်စားမှု မပြုလုပ်အပ်ကြောင်း မြတ်ဗုဒ္ဓမှ ဟောကြားခဲ့လေသည်။

ဝိနည်းတော်တွင် ရဟန်းတို့ မစားအပ်သည့် အသားကြီး ၁၀ မျိုးကို ပြဋ္ဌာန်းတားမြစ်ခဲ့သည်။

(၁) မနုဿမံသ - လူသား၊ (၂) ဟတ္ထိမံသ - ဆင်သား၊ (၃) အဿမံသ - မြင်းသား၊ (၄) သုနခမံသ - ခွေးသား၊ (၅) အဟိမံသ - မြွေသား၊ (၆) သီဟမံသ - ခြင်္သေ့သား၊ (၇) ဗျဂ္ဃမံသ - ကျားသား၊ (၈) ဒီပိမံသ - ကျားသစ်သား၊ (၉) အစ္ဆမံသ - ဝံသား၊ (၁၀) တရစ္ဆမံသ - ဝံပုလွေသားတို့ကို မစားသောက်ရန် တားမြစ်ခဲ့သည်။ ထို့အတူ နေ့မွန်းလွဲသော် အဖျော်ရည်အဖြစ် မသုံးဆောင်အပ်သည့် သစ်သီးကြီးကိုးမျိုး ရှိသည်။

(၁) အုန်းသီး၊ (၂) ထန်းသီး၊ (၃) အိမ်ပိန္နဲသီး၊ (၄) တောင်ပိန္နဲသီး၊ (၅) ဘူးသီး၊ (၆) ဖရုံသီး၊ (၇) သခွားခေါ်သီး၊ (၈) သခွားပြေတ်သီး၊ (၉) သခွားငကြောင်သီးတို့ကို စာသုံးခြင်း၊ ဖျော်ရည်လုပ်သောက်ခြင်းများ မပြုလုပ်အပ်ဟု တားမြစ်ခဲ့လေသည်။

ထို့အပြင် အစွန်းသုံးပါးလွတ်လျှင် စားအပ်ကြောင်းလည်း ညွှန်ပြဟောကြားခဲ့သည်။

(၁) ဒိဋ္ဌ - မိမိအတွက်ရည်စူး၍ သတ်ဖြတ်နေသည်ကို ကိုယ်တိုင်မြင်ရခြင်း။

(၂) သုတ - မိမိအတွက် ကြက်၊ ဝက် စသည်တို့ကို သတ်ဖြတ်နေကြောင်း ကြားသိရခြင်း။

(၃) ပရိသင်္ကိတ - ထိုသားငါးအတွက် သင်္ကာမကင်းရှိနေသော် ရဟန်းတို့ မစားအပ်။ ဖော်ပြပါ အစွန်းသုံးပါးမှ လွတ်သည့် သားငါးဟင်းတို့ကို စားသောက်ကောင်းသည်ဟု ဘုရားရှင်မှ ခွင့်ပြုတော်မူခဲ့သည်။

တိကနိပါတ် အင်္ဂုတ္တိုရ်ကျမ်းတွင် ရဟန်းတို့ မမေ့အပ်သည့် အရပ်သုံးပါးကို ဟောထားလေသည်။

(၁) အဘိဇာတိဋ္ဌာန - မွေးဖွားရာအရပ်၊ (၂) ပဗ္ဗဇ္ဇိတဋ္ဌာန - ရှင်၊ ရဟန်းပြုရာအရပ်၊ (၃) အဓိဂဋ္ဌာန - တရားထူးရရာအရပ်တို့ကို မမေ့ကောင်းချေ။

ရဟန်းစစ်မှန်များအတွက် ဟောကြားထားခဲ့သလို၊ ရဟန်းတုများမရနိုင်သည်များကိုလည်း ဟောကြားခဲ့လေသည်။ ပဥ္စင်္ဂုတ္တိုရ် နိဝရဏဝဂ် ပါဠိတော်တွင် ဝဓုပဗ္ဗဇိတ တောထွက်ရဟန်းဟု ဟောခဲ့သည်။ ထိုတောထွက်ရဟန်းကြီးတို့ ရနိုင်ခက်သည့် တရားငါးပါးမှာ -

၁။ ဒုလ္လဘော နိပုဏော - နူးညံ့သိမ်မွေ့ ယဉ်ကျေးရှိသေမှု ပြုနိုင်ခက်ခြင်း။

၂။ ဒုလ္လဘော အာကပ္ပ သမ္ပန္နော-ရဟန်းတို့၏ ဟန်သွင်ပြင်ဝတ်ရုံ၊ စားသောက်ပုံကို ပြုနိုင်ခက်ခြင်း။

www.burmeseclassic.com

၃။ ဒုလ္လဘော ဗဟုသုတော - ပိဋကတ်စာပေ အကြားအမြင် ရနိုင်ခက်ခြင်း။

၄။ ဒုလ္လဘော ဓမ္မကထိကော - တရားဟောဆရာ ကြီးဖြစ်ရန်ခက်ခြင်း။

၅။ ဒုလ္လဘော ဝိနယ ဓရော - ဝိနည်းမိုရ်ကြီးဖြစ်ရန် ခက်ခြင်းတို့ကို ဟောကြားခဲ့သည်။

ရဟန်းတို့ မပြုကျင့်အပ်သည့် ကုလဒူသကတရား ရှစ်ပါးကိုလည်း မြတ်စွာဘုရားမှ ဟောကြားခဲ့သည်။ လူဒါယကာတို့၏ သဒ္ဓါရိုးရိုးကို လက်ဆောင်ထိုး၍ ဖျက်ဆီးခြင်းမျိုး ရှစ်ပါးဖြင့် ရဟန်းများ ကိုယ့်ကို ကြည်ညိုအောင်မလုပ်ရချေ။

(၁) သစ်သီးပေးခြင်း။ (၂) ကသယ်မှုန့်(ပေါင်ဒါ၊ သနပ်ခါးမှုန့်)ပေးခြင်း။ (၃) ဒန်ပူ (သွားတိုက်ဆေး၊ သွားပွတ်တံပေးခြင်း)၊ (၄) ဝါးပေးခြင်း။ (၅) ဆေးကုပေးခြင်း။ (၆) ဒါယကာတို့၏ အစေအပါးခံခြင်း။ (၇) သစ်/ပျဉ်ပေးခြင်း။ (၈) မြေဖြူပေးခြင်းတို့ကို မပြုလုပ်အပ်ဟု တားမြစ်ဟောကြားခဲ့သည်။

ထို့မှုမက ရဟန်းသာမဏေတို့နှင့် မအပ်စပ်၊ မရှုမှီးကောင်းသည့် ပစ္စည်းရှာနည်း အနေသနတရား ၂၁ ပါးကို ဓမ္မသင်္ဂဏီမူလင်္ကာတွင် ပါရှိလေသည်။ ၎င်းတို့မှာ -

(၁) လူများကို ဆေးကုပေး၍ ပစ္စည်းရှာခြင်း။ (၂) လူတို့၏ ခရီးစေတမန်လုပ်ခြင်း။ (၃) လူတို့၏ အနီးအနား အစေအခိုင်းခံခြင်း။ (၄) အနာကို ဓားခွဲပေးခြင်း။ (၅) ဆေးလိမ်းပေးခြင်း။ (၆) ပျို့အန်ဆေးပေးခြင်း။ (၇) ဝမ်းနုတ်ဆေးပေးခြင်း။ (၈) နှာချီဆေးပေးခြင်း။ (၉) မျက်စဉ်းပေးခြင်း။ (၁၀) ဝါးပေးခြင်း။ (၁၁) သစ်ရွက်၊ သက်ငယ်၊ ဓနိ(သွပ်ပြား)ပေးခြင်း။ (၁၂) ပန်းပေးခြင်း။ (၁၃) စားဖွယ်သစ်သီးပေးခြင်း။ (၁၄) ရေချိုးဆပ်ပြာပေးခြင်း။ (၁၅) ဒန်ပူပေးခြင်း။ (၁၆) မျက်နှာသစ်ရေပေးခြင်း။ (၁၇) မျက်နှာချေမှုန့် ပေါင်ဒါပေးခြင်း။ (၁၈) မြေညက်ပေးခြင်း။ (၁၉) မိမိကိုယ်ကို အောက်ချ၍ ကျုပ်၊ ကျွန်တော် စသည့် ဝေါဟာရတို့ဖြင့် ပြောခြင်း။ (၂၀) လိမ်လည်ဝါကြွား၍ပြောခြင်း။ (၂၁) ကလေးထိန်းများကဲ့သို့ ကလေးများကို ချီပွေ့ချော့မြူခြင်းတို့ကို ရဟန်းများ၊ သာမဏေများ "လုံးဝ" မပြုလုပ်ရန် ဟောကြားတားမြစ်ခဲ့လေသည်။

တရားဝိနည်းတော်နှင့်မညီသည့် ရဟန်းများကို အလဇ္ဇီပုဂ္ဂိုလ်များဟု သတ်မှတ်ခဲ့သည်။ အလဇ္ဇီပုဂ္ဂိုလ် ဖြစ်ထိုက်ကြောင်း အင်္ဂါငါးပါးကို လယ်တီဆရာတော်ဘုရားကြီးမှ ဖြတ်ထုံးဖြင့် ပြခဲ့သည်။

(၁) ဘုန်းကံကြီးမား။ (၂) ခြွေရံများ၍ (၃) ပါးရှားသဒ္ဓါ၊ (၄) သက်ဝါကြီးမင်း။ (၅) စာခေါင်ချင်းဟု ငါးချင်းအညီ၊ အလဇ္ဇီကား။ တိုက်ကျီအိမ်တွင်း။ မီးထွန်းလင်း၍ အတင်းဝင်လျှိုး။ ဖြူအောင်နှိုးသည့်၊ သူခိုးအလား။ ဘုရားရှေ့စက်၊ ပေအောင်ဖျက်သည်၊ ရင်ပျက်အလဇ္ဇီ ပိုက်ကြီးတည်းဟု ဖော်ပြခဲ့သည်။

မြတ်စွာဘုရားဟောကြားခဲ့သည့် တရားတော်များ၊ ဝိနည်းတော်များကို ဆောင်ရန်ဆောင်၊ ရှောင်ရန်ရှောင်ကြလျှင် -

(၁) သုပ္ပဋိပန္န - သိက္ခာသုံးရပ် အကျင့်မြတ်နှင့် ပြည့်စုံသည့်ဂုဏ်။

(၂) ဥဇုပ္ပဋိပန္န - သိက္ခာသုံးရပ်၊ လွန်ဖြောင့်မတ်စွာ ကျင့်ကြံအားထုတ်တော်မူသောဂုဏ်။

(၃) ဉာယပ္ပဋိပန္န - နိဗ္ဗာန်သို့ရည်မှန်း၍ သုံးပါးသော သိက္ခာတို့ကို ဆောက်တည်တော်မူသောဂုဏ်။

(၄) သာမိစိပ္ပဋိပန္န - လူ၊ နတ်ဦးခိုက်၊ ရှိသေထိုက်အောင် ကျင့်ဆောင်တော်မူသောဂုဏ်။

(၅) အာဟုနေယျ - ဧည့်သည်များအတွက် ရည်စူးထားသည့် လှူဖွယ်ဝတ္ထုကို ခံယူခြင်းငှာထိုက်သောဂုဏ်။

(၆) ပါဟုနေယျ - လက်ဆောင်ပေးရန်ယူလာသည့် မွန်မြတ်သည့် ဝတ္ထုကိုလည်း ခံယူခြင်းငှာ ထိုက်သောဂုဏ်။

(၇) ဒက္ခိဏေယျ - မွန်မြတ်ကြီးကျယ်သော အလှူတော်များကို ထိုက်သော သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသည့်ဂုဏ်။

(၈) အဉ္ဇလီကရဏီယ - လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၏ တုပ်ကွရှိကျိုးရှိခိုးခြင်းကို ခံယူတော်မူထိုက်သောဂုဏ်။


(၉) အနုတ္တရံ ပုညက္ခေတ္တံလောကဿ - ကုသိုလ်မျိုးမှန်၊ စိုက်ပျိုးရန်အတွက်၊ အဖိုးအနဂ္ဃထိုက်တန်သည့် လယ်ယာမြေကောင်းနှင့်တူသော ဂုဏ်တို့နှင့် ပြည့်စုံကြမည်မှာ မလွဲကေန် ဖြစ်လေသည်။

**တောင်တွင်းအောင်ဒင်ဦး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောဘုမ္မာ ဝင့်နန်းလယ်မှာ

# ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

✧ မြေဘုတ်ကို တစ္ဆေပြောကြတယ် လောကလူများ

ကျောက်ရုပ်လူသား သုံးဦးထံမှ တိတ်ဆိတ်စွာ ထွက်လာကြပြီး သရက်ပင်ထက်၌ ထိုင်လိုက်ကြသည်။ အတန်ငယ် ကြာသွားသည်အထိ ကျွန်ုပ်နှင့် ပြိတ္တာတို့ စကားမပြောမိကြဘဲ သရက်ပင်ထက်၌ ကျောက်ရုပ်တစ္ဆေနှင့် ကျောက်ရုပ်ပြိတ္တာ ဖြစ်နေကြ၏။

"မင်း ကြည့်ရတာ မသက်သာနဲ့ ဘာဖြစ်နေတာလဲ"

ပြိတ္တာ စကား၏ အဓိပ္ပာယ်ကို နားမလည်လိုက်မိပေ။

"ဘာဖြစ်လို့လဲ"

"မယ်ဆင့် ယောကျာ်း မယူတာ မင်းက သဘောမကျသလို ဖြစ်နေသလားလို့"

"ဟုတ်တယ်၊ ကျော့်စွာလို လူမျိုးကို ဘာဖြစ်လို့ သူက မယူချင်ရတာလဲ မသိဘူး"

"မကြိုက်လို့ပေါ့ကွာ၊ သူ မယူတာ မင်းက ဘာလို့ သဘောမကျရတာလဲ"

"ငါက မယ်ဆင့်ကို ကျော့်စွာနဲ့ ယူလိုက်စေချင်တယ်"

ပြိတ္တာက ဘေးတိုက် အနေအထားထိုင်နေရာမှ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ထိုင်လိုက်သည်။

"သူက တရားအားထုတ်တော့ မယ်လို့ပြောတာ၊ မင်းအကြားပဲ၊ ဒါတောင်မှ မင်းက ဘာဖြစ်လို့ ကျော့်စွာနဲ့ ယူစေချင်ရတာလဲ"

"မင်း မသိပါဘူး ပြိတ္တာရယ်၊ မင်းသိအောင် ဘယ်လို ပြောပြရမလဲ ဆိုတာ ငါလည်း မသိဘူးကွာ"

ကျွန်ုပ်က လေးဖင့်စွာ ပြောပြလိုက်သည်။

"ဒါဆို မင်းနဲ့ငါ ရက္ခစိုးဆီပြီး မေးကြည့်မလား"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်သည် ပြိတ္တာအား တစ်ချက်စိုက်ကြည့်ပြီး တစ်ဘက်လှည့်ကာ ဘယ်ဆီ ဘယ်ဌာနီ မကွဲမပြား အငေးသားရော်ရည် တမ်းတနေသည်။

တကယ်လည်း ကျွန်ုပ်၏ စိတ်ကူးများက မရေရာလှပေ။

မယ်ဆင့် အိမ်ထောင်ပြုလျှင် မယ်ဆင့်ဗိုက်ထဲသို့ ဝင်စားမည်ဟူ၍ ကျွန်ုပ်တစ္ဆေဖြစ်ကတည်းက ခိုင်ခိုင်ကျည်ကျည် စွဲမှတ်ထားသည်။

ယခုကဲ့သို့ မယ်ဆင့် အိမ်ထောင်မပြုတော့ ဘူးဆိုလာသော အခါ ကျွန်ုပ်၏ မရေ မရာစိတ်ကူးများ မှုန်ဝါးကုန်ကြသည်။

လေထဲ အိမ်ဆောက်မိသည့်နယ် ကြေကွဲမှိန်ပျောက် သွားကြချေပြီ။ အသက်ထက် ပို၍ အိုစာလှသော မယ်ဆင့်၏ အသက်အပိုင်းအခြားမှာ သန္ဓေရနိုင် မရနိုင် ခွဲခြားပိုင်ပိုင် ကျွန်ုပ် မသိ။ မယ်ဆင့် အိမ်ထောင်ပြုလျှင် ကျွန်ုပ်မှာ လူ့ဘဝ ဝင်စားနိုင်သည့် လူ့ဘဝ ဝင်စားရန် အခွင့်အရေး ဝေးသည် ထက်ဝေးကာ လုံးဝ ပျောက်ဆုံးသွား ချေပြီ။ ဤအတွေးဖြင့် ကျွန်ုပ် မအီမလည် ဖြစ်နေခြင်းပင်။

"အခုတော့ မမေးချင်သေးပါဘူး၊ မှတ်ထားမယ်၊ မင်းလည်းမှတ်ထားပေါ့"

ပြိတ္တာသည် သူ၏ အရိုးအစားကျန်နေပြီဖြစ်သော နှုတ်ခမ်းများဖြင့် လှလှပပ ပြုံးလိုက်၏။

"ငါလည်း မေးချင်တာတွေ မှတ်ထားတာ အများကြီးရှိတယ်ကွ၊ ရက္ခစိုးနဲ့ တွေ့တော့လည်း ကြုံရာကျရာပဲ မေးမိတယ်၊ ရက္ခစိုးက ပိဋကစကားတွေ မပါအောင် ဂရုတစိုက် ပြောပါတယ်။ သူပြောပြတာတွေ မှတ်သားရင်းနဲ့ ငါမေးဖို့ မှတ်ထားတာတွေ မေ့ကုန်ရော။ ကြာတော့ ငါ့လက်သုံးစကားအတိုင်း အချိန်တန်ရင် သိစရာရှိတာ သိလာမယ်ဆိုပြီး မေးချင်တာတွေ မှတ်ထားတာတွေ မလုပ်တော့ဘူး။ မေးချင်တာ တစ်ခုပေါ်လာရင် တစ်ခုသွားမေးတော့တယ်ကွ"

"မင်း ပြောပုံဆို ခုချက်ချင်း သွားမေးရမလို ဖြစ်နေပြီ"

"ဒါကြောင့် သွားမေးမလားလို့ ပြောတာပေါ့၊ ပြီးတော့ ရှိသေးတယ်"

"ဘာရှိတာလဲ"

"သူက တရားအားထုတ်တဲ့ သူတော်စင်တွေကို သွားသွားပြီး ကူညီ စောင့်ရှောက်နေတဲ့အခါ သူနဲ့မတွေ့ဘဲ ပြန်ခဲ့ရတတ်တယ်"

"တွေ့အောင် စောင့်မှာပေါ့"

"တစ်ခါတစ်ခါ ကိုးရက်တို့၊ ဆယ့်ရှစ်ရက်တို့ ရက်ရှည်ဥပုသ်စောင့်တာလည်းရှိတယ်၊ အဲဒီအခါ ဥပုသ်ထွက်ပြီး နောက်တစ်ရက်ချိန်းတယ်၊ အဲဒီနေ့မှ တစ်ခေါက်ထပ်သွားရတာတွေလည်း ရှိသေးတယ်"

"ဟား. . .၊ ရက္ခစိုးနဲ့တွေ့ဖို့ကလည်း မလွယ်ပါလား ပြိတ္တာရယ်"

"အဲဒီလို မလွယ်တဲ့ကြားက ငါသိစရာရှိတာတွေတော့ သိသိလာနေတာပဲ။ မင်းလည်း သိချိန်တန် သိလာမှာပဲ၊ အခု မင်းမပြောပြတတ်ပေမယ့် တစ်ချိန်မှာ ပြောတတ်လာမှာပေါ့ကွာ"

နောက်ဆုံး၌ ပြိတ္တာလက်သုံး "အချိန်တန်လျှင်" ကိုပဲ လက်ခံလိုက်ရတော့သည်။

"ဒါဆို အခု ဘာလုပ်ကြမလဲ၊ ဘယ်သွားကြမလဲ"

"အကျွတ်အလွတ်စေတီလေး ဆီသွားမယ်၊ ဘုရားရှိခိုးမယ်၊ ဆုတောင်းမယ်၊ မကောင်းဘူးလား"

ပြိတ္တာ၏ အဆိုပြုချက်အား လွယ်လင့်တကူ ထောက်ခံလိုက်တော့သည်။

"ကောင်းတယ်။ လာ . . . သွားမယ်"

❖ ❖ ❖

ရိုးပြတ် လယ်ကွင်းကျယ်များပေါ်မှ တရကြမ်းဖြတ်သန်းလာသည့် လေသောသွမ်းကြောင့် စေတီမှဆည်းလည်းသံလေးများ လွင်လွင်လိုင်လျက်ရှိသည်။ ဆည်းလည်းသံတို့



www.burmeseclassic.com

www.burmeseclassic.com

သည် နားအတွင်းသို့ သကာရည် သွန်းလောင်းသည့်နယ် ချိုမြစွာစီးဝင်သွားပြီး တစ်ကိုယ်လုံးသို့ လွှမ်းဖုံးပျံ့နှံ့သွားလေသည်။

ကျွန်ုပ်တို့သည် သူသားတို့နှင့် ရင်ဆိုင်တိုးဝေ့မိသော်လည်း လဟာနယ်ဟင်းလင်းပြင်နှင့် ထိတွေ့ရသည်သို့ ထူးခြားမှုလုံးဝမဖြစ်တော့၍ သုံးတောင်ခန့်သာကျယ်သည့် စေတီလေး၏ ရင်ပြင်ထက်၌ စိတ်ချလက်ချထိုင်ကာ အာရုံညွတ် ဖူးမြော်ကန်တော့နေကြသည်။

ရှိခိုးရန် အာရုံပြုနေစဉ် ငြိမ်းအေးလှသော စီးဆင်းမှု အဟုန်တစ်ခု အတွင်းမျောပါ နေလေသည်။ ဤသည်ကို ပီတိခေါ်ကြောင်း ဘုန်းကြီးကျောင်းသားဘဝက သင်အံ့ကျက်မှတ်ဖူးသည်ကို သတိရလိုက်၏။

ဘုရားရှိခိုးခြင်း၊ တရားနာယူခြင်း၊ သံဃာကိုရှိခိုးခြင်း အမှုများသည် လူ့ဘဝ၌ တစ်ဖန်ပြန်ဝင်စားလိုသော ကျွန်ုပ်တို့၏ ဆန္ဒများကိုဖြစ်မြောက်အောင် ထောက်ကူအားဖြည့်မှုများဖြစ်လာမည်ဟူသော ရက္ခစိုး၏ သွန်သင်စကားများကိုလည်း ကြားယောင်လာမိသည်။ ကျွန်ုပ်သည် ဘုရားရှိခိုးခြင်းကို အကြိမ်ကြိမ် အထပ်ထပ် ဦးနှိမ်ချနေသည်။

"ဤသို့ကန်တော့ရသောအကျိုးအားကြောင့် ကျွန်ုပ်နှင့် ပြိတ္တာတို့သည် လူ့ဘဝသို့ မလွဲမသွေ ရောက်ရပါလို၏"

ဤဆုတောင်းကိုလည်း အဖန်ဖန်အထပ်ထပ် ရွတ်ဆိုပန်ကြားနေသည်။

"တုံတုံ တုံတုံ" ဟူသော ဆွမ်းစားအုန်းမောင်းခေါက်သံ ထွက်ပေါ်လာချိန်ကျမှ အစာစားရတော့မည်ဟူသော အသိဖြင့် ရင်ပြင်မှ ထရပ်ကာ ဝါးစင်ငယ်လေးဆီသို့ ကြည့်လိုက်၏။ ပြိတ္တာလည်း ကျွန်ုပ်အနီးသို့လာ၍ ယှဉ်တွဲရပ်လိုက်သည်။

"လိုပါသေးတယ်ကွ၊ ဒါနဲ့ မင်းဘာဆုတွေ တောင်းလဲဟင်"

ကျွန်ုပ် တောင်းသည့် ဆုကို ပြောပြလိုက်သည်။ ပြိတ္တာ အံ့ဩသွား၏။ ကျွန်ုပ်တို့၏ ဆုတောင်းနှစ်ခုမှာ တိုင်ပင်မထားဘဲ တစ်ထပ်တည်း တူညီနေသောကြောင့်ပင်တည်း။

"ဟာ..မင်းနဲ့ငါ အတူတူ လူပြန်ဖြစ်ကြရင် ကောင်းမှာပဲကွ"

ပြိတ္တာက အားပါးတရ ပြောသည်။

"အေးကွ ငါတို့တွေ တစ်ပြိုင်တည်းလူ့ဝင်စားရအောင် ဒါမှ ညီအစ်ကိုဖြစ်မှာ"

"မင်း ပြောသလို ဖြစ်ရင် ကောင်းတာပေါ့၊ ဒါပေမယ့် ငါတို့ ဘာဖြစ်ကြမယ်ဆိုတာ ရက္ခစိုးတောင် ပြောနိုင်တာ မဟုတ်ဘူးကွ"

ရက္ခစိုးကြီးက ဒါလေးတောင် မသိဘူးလား"

"ရက္ခစိုးကြီးက မကြာမကြာ ပြောဖူးတယ်။ သဗ္ဗေသတ္တာ ကမ္မသကာတဲ့"

"အဲဒါ ဘာပြောတာလဲ"

"ပါဠိစကားကွ၊ ဒီလိုပါဠိစကားတစ်ချို့တလေကို ငါ သိလာတာ နှစ်နှစ်လောက်ပဲရှိသေးတ...ပဲ၊ လူနတ်ပြဟ္မာ တိရစ္ဆာန် ...င်းတို့ ငါတို့လို အပယ်ဘုံသား၊ ငရဲသားတွေဟာ သတ္တဝါလို့ ခေါ်တယ်၊ အဲဒီသတ္တဝါဟူသမျှဟာ ကံစီမံရာအတိုင်း ဖြစ်ကြရတယ်တဲ့၊ ဒါဟာ ဘုရားက ဟောကြားခဲ့တဲ့ တရားပဲ၊ ဘုရားဆိုတာ သတ္တဝါတွေ အားလုံး ဘာဖြစ်ခဲ့တယ်၊ ဘာဖြစ်ကြမယ်ဆိုတာ အမှန်အတိုင်း သိတယ်"

ကျွန်ုပ်သည် ဘုရားအကြောင်း တစ်စွန်းတစ်စ ကြားလိုက်ရသဖြင့် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

"ဟာ ဟုတ်လား၊ အဲဒီ ဘုရားဆီ သွားမေးကြရအောင်"

"နှစ်ပေါင်း နှစ်ထောင်နီးပါး လောက်သက်တမ်းရှိတဲ့ ရက္ခစိုးတောင် ဘုရားနဲ့နှစ်ပေါင်းငါးရာ လောက်လွဲခဲ့ရတယ်၊ သူ ငါတို့ကို သွန်သင်ဆုံးမနေတဲ့ စကားတွေဟာ ဘုရားဟောကြားခဲ့တဲ့ စကားတွေကွ၊ အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com

တရားလို့ခေါ်တယ်၊ အဲဒီတရားတွေထဲမှာ သတ္တဝါတွေ လိုက်နာကျင့်ကြံရမယ့် အားထုတ်ကြိုးပမ်းရမယ့် တရားတွေရှိတယ်။ အဲဒီအထဲက ရှောင်ရှားရမှာနဲ့ ကျင့်ကြံရမှာကို ရက္ခစိုးက ပြောပြသင်ကြားပေးတာ"

ရက္ခစိုး၏ သွန်သင်ဆုံးမသည့်အတိုင်း နေထိုင်ခြင်းဖြင့် ကျွန်ုပ်တို့မှာ ကောင်းသောအကျိုးရလဒ်များ မလွဲကေန်ဖြစ်မည်ဟု စိတ်ချယုံကြည်မိသည်။ ကျွန်ုပ်ပမို့ ဘယ်အချိန်ဘယ်ကာလ၌ ဤဘဝမှ ကျွတ်လွတ်ပြီး ကျွန်ုပ်တို့ မျှော်လင့်တောင့်တသည့် လူ့ဘဝသို့ရောက်နိုင်မည်။ မရောက်နိုင်မည်ဆိုခြင်းကို တိတိကျကျ ပြောပြနိုင်သူရှိလဆင် ကောင်းမှာပဲဟု တောင့်တမိပါတော့သည်။

ကျွန်ုပ်တို့စကားကောင်းနေစဉ် ကပ္ပိယကြီးနှင့် ကျောင်းသားငယ်တစ်ယောက်တို့ ဝါးစင်လေးဆီသို့ရောက်လာပြီး ထမင်းများ ဟင်းများကို ငှက်ပျောဖက်ခင်းလျက် ပြင်ဆင်ကြသည်။ ကျန်စားစရာများကို ကျောင်းဝင်းအတွင်း ခွေးစားခွက်များရှိရာသို့ သွားကာ ခွဲဝေထည့်ပေးလိုက်ကြသည်။

ကျွန်ုပ်နှင့် ပြိတ္တာမှာ အခြားသတ္တဝါများ လာရောက်ခြင်း ရှိ၊ မရှိ ခေတ္တစောင့်ဆိုင်းနေကြပြီးနောက် နှစ်ကောင်သား လက်ဆုံစားသောက်ကြသည်။ ကျွန်ုပ်တို့ ဝလင်အောင် စားမြိန်ကြသော်လည်း ဝါးစင်ထက်၌ အစားအစာများ ကျန်နေသေး၏။

အရုဏ်တက် အုန်းမောင်းခေါက်သံကြားလျှင်တစ်မြို့လုံးလာရောက်စားသောက်လိုက်၊ စေတီ၌ ဘုရားရှိခိုးဆုတောင်းလိုက်၊ နေ့လယ်စွန့်စာများ စားလိုက်ဖြင့် ရက်များစွာ လွန်မြောက်သွားချေသည်။ နေစဉ်ပင် နေညိုချိန်ရောက်မှ သရက်ပင်သို့ အတူတကွ ပြန်ကြ၏။

ကျွန်ုပ်နှင့် ပြိတ္တာမှာ အစားအစာဖူလုံရုံမျှမက အမြဲပိုလျှံနေတတ်လေသည်။

တစ်နေ့သ၌ မွန်းလွဲပိုင်းအချိန်တွင် ကျောင်းအောက်ရှိ သံဃာစင်ပေါ်၌ ဆရာတော်နှင့် ကျွန်ုပ်၏ ဘကြီးယောက္ခထီးတို့ စကားပြောသံများ ကြားလိုက်ရသည်။

ဘုန်းတော်ကြီးကျောင်းအောက်ပိုင်းသည် ၁၀ ပေခန့်မြင့်ပြီး ၆ လက်မပတ်လည်ကျောင်းတိုင်များသာရှိ၏။ အကာအရံ လုံးဝမရှိပေ။ ခြေရင်းဘက်၌ အတက်အဆင်းလှေကားတပ်ဆင်ထား၏။ ခေါင်းရင်းဘက်၌ အနံ ၁၀ ပေ၊ အလျား ပေ ၄၀ ရှိသော လျှောထိုးပျဉ်များ အပြည့်ခင်းထားသည်။ မြေပြင်မှ တစ်တောင်ခန့်အမြင့်ရှိ၏။ အလှူပွဲရှိလျှင် ထိုစင်မြင့်သည် သံဃာစင်ဖြစ်ပြီး ဥပုသ်နေ့ဆိုလျှင် ဆရာတော် တရားဟောကြားရာ ဓမ္မပလ္လင်ဖြစ်သည်။ အခြားနေ့ရက်များတွင် ကိုရင်များ၊ ကျောင်းသားများ၊ စာအံ၊ စာကျက်သောနေရာဖြစ်ကာ တစ်ခါတစ်ရံ၌ ဆရာတော်နှင့် ဥပါသကာတို့ အာလာပသလ္လာပပြောဆိုရာဌာနဖြစ်၏။

ရွာမှ လူကြီးပိုင်းအချို့သည် တစ်ဦးချင်းဖြစ်စေ၊ ၄ ၊ ၅ ဦးအစုလိုက်ဖြစ်စေ ဆရာတော်အား အခွင့်တောင်းကာ တရားဓမ္မနှင့်ပတ်သက်သည်များကို မေးမြန်းလျှောက်ထားကြ၏။

ယနေ့တွင် မယ်ဆင့်၏ဘကြီး၊ ကျွန်ုပ်၏ယောက္ခထီးကြီးသည် ဆရာတော်အား မေးမြန်းလျှောက်ထားနေခြင်း ဖြစ်သည်။

"သရဲ အခြောက်ခံရဖူးသူတွေကတော့ အရပ်က ထန်းပင်လောက်ရှိတယ်တို့၊ ခေါင်းက ရာဝင်အိုးလောက်ရှိတယ်၊ ဗိုက်ကြီးက ပုတ်လောက်ရှိတယ်တို့ မျက်လုံး ဆန်ကောလောက်၊ လျှာက တစ်လံလောက်ရှိတယ်တို့၊ နှိုပြီး အမွေးအမျှင်တွေ မည်းမှောင်နေတာတို့ အဝတ်အစားမရှိဘူးတို့၊ ထဘီရင်လျား၊ ဆံပင်ဖားလျားတို့နဲ့ တစ်ယောက်တစ်မျိုး အမျိုးမျိုးပြောနေကြပါတယ် ဘုရား"

"ဒကာကြီး ဦးတင်မြကရော မမြင်ဖူးဘူးလား"

"မမြင်ဖူးပါဘူးဘုရား။ဒါကြောင့် လူတွေပြောနေကြတာ မှန်လား မှားလား တစ္ဆေ သရဲတွေဟာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

ပုံပန်းရှိသလဲ၊ ဘယ်လိုနေရစားရလဲ၊ သေရင်ဘာဖြစ်လဲဆိုတာတွေ သိချင်လို့ပါဘုရား"

ဆရာတော်က ခေါင်းအနည်းငယ် ဆတ်သည်။

"အင်း ဒီရွာမှာ ကျုပ်ရဲ့နှောင်တော်ဆီ အာဂန္တုအဖြစ် မကြာခဏဆိုသလို လာခဲ့ဖူးတာ ဒကာကြီးဦးတင်မြ သိပါတယ်နော်"

"မှန်ပါ့ဘုရား"

"အဲဒီလို လာတဲ့အခါတိုင်း ဒီရွာမှာ ပြိတ္တာဆိုတဲ့ သတ္တဝါတွေ တော်တော်များများ မှီခိုနေထိုင်ကူးလူးသွားလာ ရှာဖွေစားသောက်နေတာကို သတိပြုမိခဲ့တယ်။ အခြားမြို့ရွာတွေမှာ တစ်ကောင်းစ နှစ်ကောင်းစပဲ တွေ့ဖူးတယ်။ ဒါကြောင့် ကျုပ် နှောင်တော်ပျံလွန်တော်မူပြီး ကျုပ်ကို ကျောင်းအပ်တော့ ကျုပ် ဘာပြောခဲ့သလဲ။ ယာယီသဘောပဲ ကျောင်းထိုင်ပါရစေလို့ ပြောခဲ့တယ်လေ"

"မှန်ပါ"

"ကျုပ်ကျောင်းထိုင်ပြီး တစ်နှစ်ကျော်လောက်မှာ ဥစ္စာစောင့်ညီအစ်မကို အကြောင်းပြုပြီး ပောဟိုစေတီလေးတည်ပေးခဲ့တယ်။ တစ်ဆက်တည်း အကျွတ်အလွတ်ပွဲကိုလည်း သူတို့ ညီအစ်မရဲ့ဝတ္ထုငွေ၊ ဒကာကြီးတို့ ရွာသားတွေ လှူတဲ့အလှူငွေနဲ့ ကျုပ် ဆောင်ရွက်ခဲ့တယ်။ အဲဒီ အကျွတ်အလွတ်ပွဲမှာ ပြိတ္တာတွေ ဆင်းရဲပင်ပန်းကြီးစွာ ရှာဖွေစားသောက်ကြပုံတွေ၊ အနေ ဆင်းရဲပုံတွေကို ရှင်းလင်းပြောပြခဲ့တယ် မဟုတ်လား"

"မှန်ပါတယ်ဘုရား။ ဘုရားရှင်ရဲ့ ဩဝါဒအတိုင်း ကွယ်လွန်သွားကြတဲ့ တပည့်တော်တို့ ဆွေမျိုးသားချင်း အမည်နာမတွေကို ခေါ်ဝေါ်ပြီး သူတို့အတွက် ရည်စူးလှူဒါန်းတဲ့ အဖို့ဘာဂကို အမျှဝေခဲ့ကြပါတယ်ဘုရား"

"ကဲ··· ကဲ···ရေနွေးလည်း သောက်၊ ကျောက်ပန်းတောင်းက ကျုပ်ရဲ့ ဒကာတစ်ယောက် လာလှူသွားယးတဲ့ ထန်းလျက်ကိုလည်း မြည်းစမ်းပါဦး"

ဦးတင်မြလည်း ထန်းလျက်ဖြူဖြူရှည် သွယ်သွယ်လေးများကို ကောက်ယူပြီး ရေနွေးကြမ်းအား မော့သောက်လိုက်၏။

"ဘယ့်နှယ့်လဲ ဒကာကြီး"

"ထန်းလျက်က သဲခဲစင်ပြီး လျှာပေါ်တင် အရည်ပျော်သွားပါတယ်။ အရမ်းလည်းချိုပါတယ်၊ လက်ဖက်ခြောက်ကလည်း ကောင်းတယ်၊ ဘာလက်ဖက်ခြောက်လဲ ဘုရား့"

"တွင်းတောင်လက်ဖက်ခြောက်ပါ။ပင်းတယက ဒကာတွေပို့လိုက်တာ"

"အရှင်ဘုရားက၊ နယ်အနှံ့ လှည့်လည်သွားလာပြီး တရားအားထုတခဲ့တာလားဘုရား။ပြည်တစ်ကြောပုဂံ၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ကန္နီဘက်တွေလည်း သွားရောက်အားထုတ်တယ်ဆိုတာ ကပ္ပိယကြီးပြောလို့ သိရပါတယ်ဘုရား"

"ကျုပ်ကိုက ခြေဖဝါးမှာ ဇွေနှစ်လုံးစီပါလို့ ခုလို ခရီးများတာ ထင်ပါရဲ့ဗျာ"

"တပည့်တော်က တော့ ဆွေမျိုးသားချင်းတွေရှိတဲ့ မှဲ့ဘီ၊ တိုက်ကြီး၊ ဝါးနက်ချောင်း၊ ပုံ့ကြီးပစ်၊ လိန်ကုန်း၊ လှော်ကား၊ ထောက်ကြံ့ ရန်ကုန်၊ ပဲခူးလောက်ပဲ ရောက်ဖူးပါတယ်။ ဒါလည်း သာရေး နာရေး ကိစ္စပေါ်လို့ အကြောင်းကြားလို့ သွားခဲ့တာပါဘုရား။ တစ္ဆေသရဲတွေဖူးသူ သိပ်မတွေ့ရပါဘူး။ တွေ့ဖူးတာကလည်း ခြောက်နှစ်ခုနှစ်နှစ် ကလေးနဲ့ မိန်းမသားတွေပဲရှိတယ်။ သူတို့တွေ့ရတာကို ပြောကြတာလည်း အထင်အမြင်မှားတာမျိုး မရေရာပါပဲဘုရား။ ဟောဒီ တပည့်တော်တို့ ရွာကတော့ တစ္ဆေသရဲ ပြိတ္တာနဲ့ ရင်ဆိုင်တွေ့ဖူးသူများ လှပါတယ်ဘုရား။

အဲဒီတွေ့ဖူးသူတွေ ကတော့ ယုံကြည်လောက်တဲ့ လူတွေ ခြေခြေမြစ်မြစ် ပြောပြနိုင်သူတွေ ဖြစ်ပါတယ်ဘုရား။ နို့ပြီး ဥစ္စာစောင့်နဲ့ တွေ့ဖူးတာကတော့ တပည့်တော်တို့ရွာမှာ အထူးအဆန်း မဟုတ်တော့ဘူး။

www.burmeseclassic.com

တပည့်တော်တောင် ဥစ္စာစောင့်ကို တွေ့ဖူးသေးတယ်ဘုရား"

"ဥစ္စာစောင့်နဲ့ တွေ့ဖူးတယ်ဆို တာ ဘုန်းကြီးကို ပြောပါဦး"

ဦးစင်မြက ချက်ချင်းမပြော သေးဘဲ အာစိုသွားစေရန် ရေနွေးကို နှစ်ခွက်ဆင့်ကာ ငုံသောက်လိုက်၏။ ရေနွေက အေးနေပြီမို့ ကပ္ပိယကြီးက လည်း ရေနွေးအပူတစ်အိုးလာရောက် ဖြည့်ပေးသည်။ အနီးရှိ ဖန်ပုလင်းတစ် လုံးထဲမှ လက်ဖက်ခြောက် အနည်း ငယ်ယူ၍ခတ်လိုက်သည်။ မီးဖိုဆောင် ရှိရာသို့ ထွက်သွားပြီး အိုး၌ရေဖြည့် ကာဖိုခုံလောက်ပေါ် တင်ထားခဲ့၏။

ထို့နောက် ဆရာတော်ရှိရာ သံယာစင်သို့ပြန်လာပြီး ဦးစင်မြ နံဘေး၌ ခြေနစ်ဘက်တွဲလောင်းချ ထိုင်လိုက်၏။ ထိုအချိန်ကျမှ ဦးစင်မြ လည်း သူ့စကားကို ပြန်ဆက်သည်။

အဲဒီတုန်းက မယ်ဆင့်အဖေ တင်လုနဲ့ တပည့်တော်လည်း မခွဲကြ သေးဘူး။ တင်လုရော တပည့်တော် ရော အိမ်ထောင်ကျတာ သိပ်မကွာ ကြဘူး။ မိဘတွေလည်း မကွယ်လွန် ကြသေးဘူး။ ခြံကိုတော့ တစ်ဝက်စီ ခွဲပြီးပေမယ့် လယ်ကိုတော့ အတူလုပ် ကိုင်ကြတယ်ဘုရား။ လသာရက်တစ် ရက် ညဘက် တလင်းနယ်ရင်း ညီ အစ်ကိုနှစ်ယောက် တစ်လှည့်စီ နွား ကိုင်ကြတယ်။ ရွာထဲက ဆွေမျိုးထဲက သာဦးရယ်၊ ငနိုင်ရယ်၊ ဖိုးပါလေးရယ် သုံးယောက်ကလည်း တောက်တိုမယ် ရဝင်လုပ်ပေးရင်းရေနွေးကြမ်းသောက် ရင်း ထွေရာလေးပါး ဟိုးရောက်သည် ရောက် စကားကောင်းနေကြတယ် ဘုရား"

"ဥစ္စာစောင့်က ကိုတင်မြတို့ တလင်းထဲ ရောက်လာရေလား"

"မဟုတ်ဘူး ကပ္ပိယကြီးရဲ့၊ ကျွန်တော်တို့ နေအိမ်ခြံစည်းရိုးရဲ့ တလင်းနဲ့ကြားမှာ လှည်းလမ်းရှိတယ် မဟုတ်လား။ အဲဒီကနေ ဖြတ်သွား တာ"

"ဒကာကြီးတို့နဲ့ မလှမ်းမကမ်း ကဖြတ်သွား၊ လရောင်အောက်မှာ အသိထဲကလို့အောက်မေ့ပြီး နှုတ်ဆက်၊ ဟိုက မိန်းကလေးက ဘာမှ ပြန် မပြောဘဲဆက်လျှောက်သွား၊ တဖြည်း ဖြည်းဝေးသွားတော့ အမှောင်ထဲမှာ ပျောက်သွားရောဆိုတာ ဒကာကြီးတို့ ရွာမှာ လူ အတော်များများ ကြုံဖူးကြ တယ်လို့ ကပ္ပိယကြီးက ကျုပ်ကိုင ပြောဖူးပါတယ်"

"မဟုတ်ဘူးအရှင်ဘုရား။ အခု ဟာက အဲဒီလိုမဟုတ်ဘူး။ တပည့် တော်တွေ့တာက ရွာအရှေ့ဖျား ကရင် ဝိုင်းမှာနေတဲ့ ချောညွန့်ရဲ့သမီး နှင်းနှင်း ဘုရား၊ ဒီကောင်မလေးက အဲဒီတုန်း က အဲ အပျိုပေါက်အရွယ်ဘုရား၊ ဆံပင်တွေကို ထုံးနှောင်မထားဘဲ ကျောဘက်မှာ ဖားလျားချထားတယ်၊ ခေါင်းမှာ စံပယ်ပန်းတစ်ကုံး ပန်ထား တယ်၊ တပည့်တော်က ဟဲ့ နှင်းနှင်း မိုးကြီးချုပ်မှ ဘယ်သွားမလို့တုံးလို့ လှမ်းမေးလိုက်တယ်။ သူက ဒီနားတင် အရီးလေး အိမ်သွားမလို့ လို့ပြန်ပြော ပြီး လက်ထဲ ကိုင်ထားတဲ့ သစ်ကိုင်း ခြောက်ကို မြောက်ကစားပြီး ဆတ် ကော့လက်ကော့နဲ့ ထွက်သွားတယ်"

"နောက် ဘာဖြစ်လဲ"

"တလင်းသိမ်းပြီးချိန်ရောက် တော့ ရွာထဲကလူသုံးယောက်က ပြန် သွားကြတယ်။ တပည့်တော်တို့ ညီ အစ်ကိုက တလင်းစောင့်ရင်း အိပ် ကြရတာကိုးဘုရား။ ကြက်ဦးတွန်ချိန် ရောင်နီလေးပျို့လာချိန်မှာ တပည့် တော်အိမ်ပြန်၊ ကိုယ်လက်သန့်ရင်း၊ ထမင်းကြမ်းနဲ့ ရေနွေးကြမ်းယူပြီး၊ တလင်းကိုအပြန်မှာ တပည့်တော်နဲ့ နှစ်ခြံကျော်က မကြော့အိမ်ဘက်ကူး သွားခဲ့တယ်။ နှင်းနှင်းရဲ့ အရီးလေး အိမ်ပေါ့၊ မကြော့ကို နင့်တူမ နှင်းနှင်း မိုးကြီးချုပ်မှ မီးအုပ်မပါ ဘာမပါနဲ့ ဘာလာလုပ်တာလဲဆိုပြီး မေးတော့ မကြော့က မလာပါဘူးတော၊ တော့် ကို ဘယ်သူကပြောတုံးလို့ ဆိုပါရော၊ တပည့်တော်က ရှင်းပြလိုက်တဲ့အခါ သူ့တူမ သူ့အိမ်မလာဘဲ ဘယ်သဝေ ထိုးသလဲဆိုပြီး ရွာဖျားက သူ့ညီမအိမ် ကို ဒေါါနဲ့မောနဲ့ ထွက်သွားပြီးမေး



www.burmeseclassic.com

www.burmeseclassic.com

တော့တာပေါ့ဘုရား။ သူညီမချောညွန့်နဲ့သမီး နှင်းနှင်းတို့ ညက အဲဒီအချိန်ထိဘယ်မှမသွားဘူး။ မှန်ဆမ်းလောင်းနေတယ်၊ ဝိုင်းပြီး မောင်းထောင်းတဲ့ အိမ်နားကအဖော်တွေကပါ သက်သေပြုကြတယ်ဘုရား"

"ဒါနဲ့ ဥစ္စာစောင့်ကို တွေ့တယ်ဆိုတာက ဘယ်လိုတွေ့ခဲ့တာလဲ"

"အဲဒါ တပည့်တော်ကိုယ်တိုင် ဥစ္စာစောင့်နဲ့ တွေ့ခဲ့တာပဲ ပေါ့ဘုရား"

"ဘယ်လိုဖြစ်လို့လဲဒကာကြီးရဲ့"

"ဒီလိုပါ အရှင်ဘုရား။ နှင်းနှင်းဆိုတာဆံပင်ဖားလျားချလောက်အောင် ဆံပင်မရှည်သေးဘူးဘုရား၊ တပည့်တော်တို့ ငါးယောက်စလုံးတွေ့လိုက်တာက ဆံပင်ခါးနားထိရှည်တယ်၊ ပြီးတော့ စံပယ်အိုးပုတ်နံ့ကို အီလို့ဆိုပြီး နှင်းနှင်းက စပယ်ပန်း မကြိုက်ဘူး၊ မနှစ်သက်ဘူး ဘုရား"

"ဒါတွေကို ညဘက်တွေ့တဲ့အချိန်က သတိမပြုမိကြဘူးလား"

"အဲဒါ ပြောတာပေါ့ အရှင်ဘုရား၊ ငါးယောက်စလုံး ဆုံပြီးမေးတော့ အဲဒီညက သတိမပြုမိခဲ့ကြဘူးတဲ့၊ မကြောက် တပည့်တော်တို့ ငါးယောက်ကို လှူစေ့လိုက်မေးပြီးတော့မှ တပည့်တော်တို့ ငါးယောက်စလုံး သတိထားမိနိုင်တော့တယ် ဘုရား"

"ဒကာကြီးကိုတောင် စကားပြန်ပြောသွားခဲ့သေးတယ်နော်၊ အရှိုးလေးအိမ်ဘက်သွားမလို့ ဟုတ်လား"

"မှန်ပါ့ဘုရား၊ သက်ခိုင်ရဲ့ဘကြီး ထွန်းကြိုင်လည်း ဥစ္စာစောင့်နဲ့ စကားပြောခဲ့ရဖူးသေးတယ်ဘုရား"

ငုံ့ထားသည့် ရေနွေးကြမ်းလည်း အေးနေပြီဖြစ်ရာ ဦးတင်မြကမော့သောက်ပြီး ထပ်မံငှဲ့လိုက်သည်။ ထန်းလျက်တစ်ခဲကိုလည်း တစ်ကိုက်ကိုက်လိုက်သည်။

"ပြောပါဦး ဒကာကြီးရဲ့"

"မှန်ပါ့။ သက်ခိုင် ထွန်ကိုကျော့တဲ့ အရွယ်လောက်က ထွန်းကြိုင်သမီးအကြီးမစိန်ရီက ဇာတ်ထဲရောက်နေပြီဘုရား။ ဇာတ်နားချိန်လောက်ပဲရွာမှာ ပြန်နေလေ့ရှိတယ်။ တစ်နေ့တော့ ထွန်းကြိုင် လယ်ထွန်နားချိန်မှာ သူ့သမီးအကြီးမက လယ်ထဲကိုထမင်းလာပို့တယ်။ သူတို့ ဇာတ်အဖွဲ့ ပေါင်းတည်စွယ်တော်ပွဲ သွားကရမယ်၊ မော်ဘီက ဆိုင်းအဖွဲ့ဝင်ခေါ်တာ၊ လူမစုံသေးလို့ မော်ဘီမှာတစ်ရက်စောင့်တုန်း မနက်အစောကြီးတုန်းက ရွာကိုဆင်းလာခဲ့တာ၊ အခု အဖေ့ကို ထမင်းပို့ပြီးမြို့ဘက် ဆက်တက်မှာလို့ ပြောဆိုပြီး နှုတ်ဆက်သွားတယ်။ ထွန်းကြိုင် ထမင်းစားပြီး အရိပ်အောက်မှာ ခဏလှဲရင်း မှေးခနဲ အိပ်ပျော် သွားတယ်"

ကပ္ပိယကြီးက မျက်တောင်မခတ်တမ်း စူးစူးစိုက်စိုက် နားထောင်နေသည်။

"တစ်ယောက်ယောက် နှိုးတာခံရပြီး ကြည့်လိုက်တော့ ထမင်းလာပို့တဲ့ သူ့မိန်းမဖြစ်နေတယ်၊ သူ့မိန်းမက နည်းနည်းနောက်ကျတဲ့အကြောင်း ပြောပြီး ရှင်လည်း ဆာဆာနဲ့ အိပ်ပျော်သွားလားဆိုပြီး ထမင်းစားဖို့ ခူးခပ်ပြင်ဆင်တာပေါ့၊ ထွန်းကြိုင်လည်း အူကြောင်ကြောင်ဖြစ်သွားပြီး နင့်သမီးလာပို့လို့ ငါစားပြီးပါပြီ၊ ဟိုမှာ ထမင်းတောင်းဆိုပြီး ထမင်းတောင်းကိုပြတော့ ထမင်းတောင်းကို ဘယ်မှာမှရှာမတွေ့တော့ဘူး။ ထွန်းကြိုင်ကို ဆရာတော်လည်းသိပါတယ်၊ သူပြောတာကို မယုံလို့ မရဘူး။

နောက်စုံစမ်းတော့ အဲဒီနေ့က စိန်ရီတို့ ဇာတ်အဖွဲ့ မော်ဘီမှာ တစ်ရက်နားသွားတယ်ဆိုတာ ခြံထွက်ပစ္စည်းသွားရောင်းတဲ့ စိန်သန်း ပြောလို့ သိကြရတယ်။

ထွန်းကြိုင်က အဲဒီနေ့မှာ သူ့သမီး စိန်ရီ လာပို့တဲ့ ထမင်းဟင်းကို စားရတယ်။ သမီးနဲ့လည်း စကားစမြည်း ပြောခဲ့ရတယ်၊ မထူးဆန်းဘူးလား ဘုရား"

"တစ်ဆင့် စကားတွေတော့ ကျုပ်အများကြီးကြားဖူးပါပြီ၊ ကိုယ်တိုင်ကြုံဖူးတဲ့ ဒကာကြီးပြောတာမျိုးတော့ အခု ပထမဦးဆုံးပါပဲ"

"တပည့်တော် သရဲခြောက်တော့ မခံရဖူးလို့ သူများတွေ အတိ



www.burmeseclassic.com

www.burmeseclassic.com

အကျ ပြောပြကြပေမယ့် ယုံရခက် မယုံရခက် ဖြစ်နေတာတွေလည်း အများကြီးရှိတယ်ဘုရား"

"အကျွတ်အလွတ်ပွဲ ပြုလုပ်ပြီးတဲ့ နောက်ပိုင်းမှာရော၊ ဒီလိုမျိုး တွေ့ကြုံရတယ်လို့ ပြောတာဆိုတာ ဒကာကြီးကြားရသေး သလား"

"မှန်ပါ၊ မကြားရတော့တာ နှစ်နှစ်နီးပါး ရှိသွားပါပြီ ဘုရား။ ဒါဟာ ကျွတ်လွတ်ကုန်ကြလို့လား ဘုရား"

"အင်း ဟိုဥစ္စာစောင့် ညီအစ်မရော၊ အခြားပြိတ္တာတွေ တော်တော်များများရော ကျွတ်လွတ်သွားကြပြီလို့ မှတ်ပေရော့ ဒကာကြီး"

"ဝမ်းသာစရာ ကောင်းလှပါတယ်ဘုရား၊ မကျွတ်နိုင်သေးတဲ့ တစ္ဆေသရဲတွေ ကျန်ဦးမှာပေါ့ အရှင်ဘုရား"

"အမှန်တော့ ဥစ္စာကိုစွဲပြီး၊ သစ်ပင်၊ လယ်ကွင်း၊ အင်း အိုင် ဆိုတဲ့ နေရာဌာနကိုစွဲပြီး အဖေ၊ အမေ၊ ဇနီးမယား ပုဂ္ဂိုလ်ကိုစွဲပြီး ကွယ်လွန်သွားသူတွေဟာ ငရဲကျမယ့်ကံ မရှိလို့ ငရဲမကျပေမယ့် မြင့်မြတ်တဲ့ ဘုံဘဝကို မကူးပြောင်းနိုင်ဘဲ ဒကာကြီးတို့ ပြောဆိုနေကြတဲ့ တစ္ဆေ သရဲ ပြိတ္တာတွေဘဝကို ရောက်ခဲ့ကြရတယ်"

"မှန်လှပါဘုရား"

"ဒကာကြီးတို့ရွာက ကရင်တစ်ပိုင်း ဗမာတစ်ပိုင်းနေထိုင်ကြပေမယ့် တစ်ပိုင်းနဲ့တစ်ပိုင်း ဆွေမျိုးကင်းတယ်ရယ်လို့ မရှိကြဘူး"

"မှန်ပါ၊ စပ်ဟပ်ကြည့်လိုက်ရင် ဘယ်သူမှ ဆွေမျိုးမကင်းကြပါဘူးဘုရား။ တစ်ယောက်ရဲ့ လိုအပ်ချက်ကို တစ်ယောက်က ဝိုင်းဝန်းပံ့ပိုးကူညီကြတယ်။ ဘာသာတရား ရှိသေကိုင်းရှိုင်းရုံမက ဝစီဒုစရိုက်တောင်ရှောင်ကြတယ်။ လယ်ထွန်၊ ခြံစိုက်လုပ်ကိုင်တာတောင် မိသားစုဝမ်းစာဖူလုံရင် ဝမ်းခါးလုအောင်ရခဲ့ရင် ပျော်နေတတ်ကြတယ်။ လောဘကြီးရမှန်း စိတ်မကူးကြဘူး။ ခိုက်ရန်ဖြစ်ရမယ့် သူစိမ်းတရံဆံမရှိလေတော့ ဒေါသဖြစ်မှု၊ မနာလိုဝန်တိုငြူစူမှုတွေ နည်းပါးပြီး ကုသိုလ်ရကြောင်း ဒါန၊ သီလ၊ ဘာဝနာ လုပ်ငန်းတွေမှာလည်း တစ်ရွာလုံး အားတက်သရော အားရစရာကောင်းလောက်အောင် ညီညွတ်စည်းလုံးတာ တွေ့ရတယ်။ ငါးရှာဖားရှာတဲ့ အကုသိုလ်အလုပ်မျိုး လုပ်ကိုင်ရမှာတောင် ဟင်းစားတစ်နပ်ရရုံပဲ ရှာဖွေစားသောက်တယ်၊ ဒါကြောင့် ဒီရွာကလူတွေ သေလွန်တဲ့အခါ လားရာ နှစ်လမ်းပဲ ရှိတယ်လို့ ယူဆနိုင်တယ်"

ဆရာတော်က ဣရိယာပုတ်ကို ပြင်ထိုင်လိုက်၏။

"မှန်ပါ၊ ရှင်းလင်းမိန့်ကြားတော်မူပါဘုရား"

"ပြောကြချင် လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိရဲ့လား။ သိပါချင် ရှိပါချင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြားဆိုပြီး မေးထားတယ်။ မန်လည်ဆရာတော်ဘုရားကြီး ပြန်ဖြေကြားတာကတော့ ပြောပြချင်လောကတွင် တစ္ဆေရှိသည်ဟု၊ နှံ့သိကျော်ကြား၊ မျိုးစာဆွေ သည်တစ္ဆေရှိမည် မဟုတ်ဘူး။ မြေဘုတ်ကိုတစ္ဆေပြောကြတယ် လောကလူအများတဲ့ဗျ"

"ဒါဆို တစ္ဆေတို့ သရဲတို့ ဒတာ ပြိတ္တာကို ခေါ်တာပဲပေါ့နော်"

"ဒီသဘောရတာပေါ့ ဒကာကြီးရဲ့၊ ဒါတင်မက ကျတ်တို့၊ ဥစ္စာစောင့်တို့ဆိုတာတွေလည်း ပြိတ္တာပဲ၊ သူတို့ကတော့ အကုသိုလ် အကျိုးမပေါ်နိုင်အောင် ကုသိုလ် ကမ္မဖလကောင်းလွန်းလို့ အချိုးမကျပုံဆိုးပန်းဆိုးတော့ မဖြစ်ကြဘူး။ ကျတ်တွေရွာတည်နေထိုင်ကြတယ်ဆိုတာ ကြားဖူးမှာပေါ့"

"မှန်ပါ ကြားဖူးပါတယ်ဘုရား၊ မမြင်ဖူး၊ မကြုံဖူးပါဘုရား"

ဆက်ပါဦးမည်...

**မောင်ဟိန်းကျော်**



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

၁။ အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ ဓမ္မတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

## မွေးရက်ရွေးခြင်း

၂။ မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

## ကလေးအမည်ပေးလှာ

၃။ မင်္ဂလာမောင်မယ်တို့အတွက် နေကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွှေလက်တွဲရမယ့်အဆောင်။

## မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး

၄။ အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္နားကြီးတွေအတွက်

## လုပ်ငန်းအမည်ပေး

၅။ ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

## အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

၆။ နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

## အနုပညာရှင်တို့၏ အမည်ပေးလှာ

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ • • • •

**ဆရာမဒေါက်တာစောယုနွယ်**
အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)
ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင် သစ္စာစကား

■ ကျော်မြသန်း

**အခန်း (၁)**

မြူတွေ ဝေနေသည်။

နှင်းတွေဝေနေသည်။

အရပ်ရှစ်မျက်နှာတွင် ဖြူလွလွနှင့် ပဥ္စမံတပ်သားများ၊ မြူများဆိုင်းနေသည်မို့ ဝေသီမြင့်မားသည့်တောင်များ၊ မှိုင်းညိုသည့် တောထန်းများ၏ မြင်ကွင်းကို ပြက်ပြက်ထင်ထင် မမြင်ရ။ မှိုင်းမှိုင်းပျပျဖြစ်နေသည်။

ဟေမန္တဆောင်းရာသီမို့ အအေးက ပိုကဲလာသည်။ မြောက်ပြန်လေက နှင်းငွေ့နှင်းမှုန်များနှင့်အတူ ပါလာတတ်သည်။ သဘာဝအရ အအေးကဲသည့်ရာသီတွင် မိတ်ဖွဲ့ပါလာတတ်သည့် လေမို့လားမသိ တစ်ချက်သွေးတိုင်း အအေးကဲစမြဲ။ မြောက်ပြန်လေအတိုက်အခိုက်ကို ခံရပြီဆို စိမ့်ခနဲ အေးသော အရသာကို ခံစားရမြဲ။

အအေးကဲလွန်းသည့်က ချင်းပြည်နယ်။

ကချင်ပြည်နယ်၏ ရာသီဥတုက ပုံမှန်အတိုင်းမရှိတတ်။ ပုံမှန်ရာသီအရ နွေ၊ မိုး၊ ဆောင်းဟူ၍ သုံးရာသီရှိပေမယ့် ကချင်ပြည်နယ်မှာက နွေသည် အစဉ်ပျောက်ဆုံးလျက်ရှိ၏။ ပူနွေးသည့်နေခြည်၏ အငွေ့အသက်ကို ခံစားရသည်မှာ နည်းပါးလွန်း၏။ က ချင်းပြည်နယ်တွင် အစဉ်ရှိနေတတ်သည်က အအေးပိုကဲခြင်းနှင့် မိုးသည်းခြင်း။

ထို့ကြောင့် အချို့က ကချင်ပြည်နယ်တွင် နှစ်ရာသီသာရှိကြောင်း၊ ဆောင်းခြောက်လ၊ မိုးခြောက်လသာရှိသော မနောမြေလို့ ဆိုကြ၏။

ဒီတော့ ယခုလို ဟေမန္တဆောင်းရာသီမှာ အအေးပိုကဲသည်မှာမဆန်း။ အရိုးကွဲမတတ် အေးသည့်၊ ချမ်းသည့် ကချင်ပြည်နယ်၏ ဆောင်းရက်များ။

တင်ထွန်းနိုင် နေ့ကွေးလေးလံစွာ လှုပ်ရှားလိုက်သည်။ အအေးလွန်ကဲလွန်းသည်မို့ လှုပ်ရှားမှုမှန်သမျှသည် သွက်လက်မှု အလျဉ်းမရှိ။ ဖြစ်နိုင်လျှင် ဒီလိုရာသီမျိုး၊ ဒီလိုအချိန်မျိုးက ငြိမ်သက်စွာ နေထိုင်ဖို့ကောင်းသည့်အချိန်။

ဒါပေမယ့် တင်ထွန်းနိုင် မနေနိုင်ခဲ့ပါ။

တင်ထွန်းနိုင်မှာ တာဝန်တွေများစွာရှိသည်။ တင်ထွန်းနိုင်က စစ်သား။ စစ်သားဆိုတာက မိမိကိုယ်ကို မိမိမပိုင်။ ယင်းသို့သော ဘဝပိုင်ရှင်မို့လည်း တင်ထွန်းနိုင် သူတို့ကိုခွဲခဲ့ခြင်း ဖြစ်သည်။ သူ့ကို ထားခဲ့ခြင်းဖြစ်သည်။

သူဆိုတာ တင်ထွန်းနိုင် အသက်မကချစ်သူ။ ခင်သီတာရယ်ပေါ့ . . . ။ ခင်သီတာအဖို့ ယခုအချိန်တွင် ကျိန်းသေ တင်ထွန်းနိုင်ကို လွမ်းနေချိမ့်မည်။ တမ်းတနေချိမ့်မည်။

တင်ထွန်းနိုင်ကလည်း ဒီလိုပါပဲ။ ခင်သီတာကို ချစ်သည်။ ခင်သီတာကို လွမ်းသည်။

မည်သို့ဆိုစေ . . . ခင်သီတာကို လွမ်းတဲ့စိတ်၊ ခင်သီတာကို တမ်းတတဲ့စိတ်။

ဒီစိတ်တွေက ခဏဖယ်ထားရသည်။ ယခုချိန်တွင် တင်ထွန်းနိုင်နှလုံးသားအတွင်းသို့ စိမ့်ဝင်နေသည်က တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာကို ကာကွယ်ဖို့၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့ ဒါပဲဖြစ်သည်။

သို့စဉ်လျက် ခင်သီတာကိုတော့ မေ့လို့မရ။ မမေ့နိုင်။ တင်ထွန်းနိုင်၏ နှလုံးသားတွင် အမြဲစိုးမိုးလျက်။

အအေးပိုကဲလွန်းသည့် ဆောင်းညရယ်ပေါ့။ အအေးက ပိုကဲသည်။ အမှောင်က သိပ်သည်းသည်။

ညဥ့်ဘက်တွင် တေးဆိုတတ်သည့် ညဥ့်ငှက်ကလေးများက ဘယ်သို့ ခရီးလွန်နေသည်မသိ။ အသံမကြားရ။ မြောက်လေအေး တစ်ချက်သွေးတိုင်း ပေါ်လာသည့် သစ်



www.burmeseclassic.com

www.burmeseclassic.com

ရွက်ချင်းရိုက်ခတ်သံ စသည်တို့ကိုသာ ကြားနေရ၏။

မီးလင်းဖိုမှမီးက အရှိန်ပြင်းလွန်း၏။ သို့ကြောင့် အနည်းငယ် နွေးထွေးသလို ခံစားရသည်။ သို့ပေမယ့် မြောက်ပြန်လေ အတိုက်အခိုက်၊ အငွေ့အဖက်ခံရသည့်အခါမှာတော့ အအေးက ကဲစမြဲ။ သက်ပြင်းတစ်ချက်ကို ဟင်းကနဲမှုတ်ထုတ်ရင်းမှ စစ်အကျႌကော်လံကို ဆွဲထောင်လိုက်သည်။ အထက်သို့မြင့်တက်နေသည့် ခေါင်းစွပ်ကို ဆွဲချလိုက်သည်။

"ဗိုလ်ကြီး . . . မအိပ်သေးဘူးလား"

တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည့်အသံ ပေါ်လာသည်။ အသံသည် အုပ်၍ပြောလိုက်သံဖြစ်သည်။ တင်ထွန်းနိုင်နောက်မှ ဖြစ်သည်။ မီးကျီခဲကို ဆွနေရာမှ ရပ်လိုက်သည်။ နောက်ဘက်သို့ လေးကန်စွာ လှည့်ကြည့်လိုက်သည်။ ရဲဘော်စိုးမြင့်နှင့် မျက်နှာချင်းဆိုင်ရသည်။

ရဲဘော်စိုးမြင့်က ပြုံးသည်။

ရဲဘော်စိုးမြင့်က အစဉ်ပြုံးနေတတ်သူဖြစ်သည်။ ရဲဘော်စိုးမြင့်၏ အပြုံးက နုပျိုလတ်ဆတ်သည်။ တင်ထွန်းနိုင်ကို ပြုံးကြည့်နေရာမှ သေနတ်ကို အိပ်ရာဘေးသို့ချလိုက်ပြီး ကျည်ခါးပတ်ကို ချွတ်လိုက်သည်။

"မင်း ကင်းပြီးပြီလား"

တင်ထွန်းနိုင်က မေးလိုက်သည်။

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ရဲဘော်စိုးမြင့် - တင်ထွန်းနိုင် အနားသို့ လျှောက်လာသည်။ မီးပုံဘေးနားတွင် ထိုင်လိုက်သည်။ အေးစက်နေဟန်တူသည့်လက်ကို ဟိုလှည့်သည်လှည့်နှင့် မီးကင်နေသည်။

စကားမပြောမိကြဘဲ တိတ်ဆိတ်နေကြ၏။

တင်ထွန်းနိုင် စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ တစ်လိပ်ထုတ်၍ မီးညှိသည်။ စီးကရက်ကိုဖွာရှိုက်ရင်း တင်ထွန်းနိုင်ကကြည့်လိုက်သည်။

"ဘယ်လိုလဲ ဗိုလ်ကြီး။ ဗိုလ်ကြီးကတော်ကို သတိရနေသလား"

တင်ထွန်းနိုင်သည် ရုတ်တရက် မဖြေသာ။ ငြိမ်နေလိုက်သည်။ ပြုံးလိုက်မိသည်။

"ကိုယ်ချင်းစာပါတယ် ဗိုလ်ကြီးရယ်"

ရဲဘော်စိုးမြင့်အသံက လှိုက်လှိုက်လှဲလှဲရှိသည်။ စိတ်ပါလက်ပါရှိသည်။ ဒီစကား ရဲဘော်စိုးမြင့်ပြောသည်မှာ နှုတ်ဖျားကမဟုတ်။ ရင်ထဲကဖြစ်သည်။ အသည်းနှလုံးထဲက ဖြစ်သည်။ အမှန်ကို ဝန်ခံရမည်ဆိုလျှင် ရဲဘော်စိုးမြင့်အဖို့ တင်ထွန်းနိုင်ကို ခင်သည်။

စင်စစ်တော့ ဒါကလည်း ဆန်းတော့မဆန်းလှချေ။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသောစကားက မြစ်ဖျားခံရလိမ့်မည် ထင်ပါသည်။ တကယ်တော့ တင်ထွန်းနိုင်တစ်ယောက် ရဲဘော်စိုးမြင့်တို့တပ်ရင်းသို့ ရောက်လာသည်မှာ မကြာသေး။

အကြာဆုံး လပိုင်းပေါ့။ လေးငါးလ။ သို့တစေ မကြာလှသော လပိုင်းအတွင်းမှာပင် တင်ထွန်းနိုင်သည် ရဲဘော်စိုးမြင့်အပါအဝင် အကြပ်တပ်သားများ၏ ချစ်ခင်လေးစားမှုကို ခံရသည်။ ဒါကလည်း တင်ထွန်းနိုင်အဖို့ ရဲဘော်အကြပ် တပ်သားများအား တာဝန်ချိန်မှလွဲလျှင် ရိုးသားစွာ တစ်ပြေးတည်းဆက်ဆံခြင်းကြောင့်ဖြစ်သည်။

ယင်းသို့လည်း တင်ထွန်းနိုင်ကို ရဲဘော်အကြပ်တပ်သားများက ခင်တွယ်သည်။ လေးစားသည်။ အရေးတယူရှိသည်။

တပ်စုတစ်စုလုံးရှိ အကြပ်တပ်သားများက အစ်ကိုရင်းတစ်ယောက်လိုပင် ခင်ကြသည်။ ချစ်ကြသည်။ လေးစားကြသည်။

ပြီးတော့ ယင်းသို့ ချစ်ခင်ကြ၊ အရေးတယူရှိကြသည့်အပြင်လည်း တင်ထွန်းနိုင်ကိုစွတိုင်းကို အားလုံးက တလေးတစားရှိကြသည်။ သည်အခါ တင်ထွန်းနိုင်နှင့် ခင်သီတာတို့ အချစ်ရေးကိစ္စသည်လည်း အလိုလို အရေးပါ အရာရောက်သောအခန်းမှ ပါဝင်ခဲ့သည်ဟု ဆိုရမည်ထင့်။

ခင်သီတာကို ရဲဘော်စိုးမြင့် တွေ့ဖူးသည်။ တင်ထွန်းနိုင်နှင့်လက်ထပ်ပြီး တပ်ရင်းသို့ခေါ်လာစဉ်ကဖြစ်သည်။ ရဲဘော်စိုးမြင့်ကိုယ်တိုင် တင်ထွန်းနိုင်နှင့် ခင်သီတာအတွဲကို အလိုက်ဖက်ဆုံးအတွဲလို့ ကမ္ဘည်းပြုခဲ့ဖူးသည်။

တင်ထွန်းနိုင်နှင့် ခင်သီတာက ချစ်ကြသည်။

အစားဆို မျိုကျ၊ ဖိုမကိန္နရာ အခြေဆိုသည့် စကားလို တင်ထွန်းနိုင်နှင့်ခင်သီတာကိုတွေ့မှ အပိုစကားမဟုတ်မှန်း နားလည်သည်ဟုထင်သည်။ သိပ်ချစ်တဲ့အတွဲအဖြစ် တပ်ရင်းမှာ ပြောစမှတ်ပြုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တင်ထွန်းနိုင်နှင့် ခင်သီတာ မေတ္တာက ဟာသ်ာငှက်လို မေတ္တာမျိုး။ အောက်ချင်းငှက်လို မေတ္တာမျိုးပေါ့။ ရိုးသားသည်။ သစ္စာရှိသည်။

ကိန္နရာ ချောင်းခြားဆိုတာ အပို စကားမဟုတ်။

တစ်ညတာကွဲလို့ ရက်ပေါင်း ခုနစ်ရာဆွေးရသည် ဆိုသည်မှာလည်း မဆန်းတော့။

တင်ထွန်းနိုင် ဆွေးနေသည်ကို ရဲဘော်စိုးမြင့် အပြစ်မဆိုချင်။ သူလည်းလူပဲ။ ပုထုဇဉ်ပဲ။ အလွမ်းအဆွေးကို ပန်းကလေးလို ပန်တတ်တာပေါ့။ အပြစ်ဆိုစရာ မဟုတ်ပါဘူး။

တင်ထွန်းနိုင်က ငေးမောနေဆဲဖြစ်သည်။ ရဲဘော်စိုးမြင့်က စီးကရက်ကို တစ်ချက်ဖွာရှိုက်ရင်း ရေနွေးကို တစ်ငုံသောက်သည်။

"ဟုတ်တယ်ဗိုလ်ကြီး။ အဆွေးမာတ်ခံ ရှိသူတိုင်းအတွက် ကချင်တောင်တန်းကြီးတွေက အဆွေးမာတ်ကို ပိုကဲစေတာကိုး"

တင်ထွန်းနိုင်အပြုံးက တောက်ပမှုမရှိ။ မှိုင်းပျသည်။ အပူရုပ်ကို ဟန်လုပ်သလို ဖြစ်နေသည်။ အပြုံးနှင့် ရဲဘော်စိုးမြင့်က ငဲ့စောင်းကြည့်သည်။

ရဲဘော် စိုးမြင့်ကလည်း ကြည့်နေသည်မို့ အကြည့်ချင်းဆုံသွားသည်။ ရဲဘော်စိုးမြင့်က ပြုံးပြ၏။

"ကျွန်တော်လည်း ဒီလိုခံစားဖူးပါတယ် ဗိုလ်ကြီး"

"ဟင်"

တင်ထွန်းနိုင်အဖို့ မရည်ရွယ်ဘဲ အသံထွက်သွားသည်။ ပါးစပ်အဟောင်းသားနှင့် ရဲဘော်စိုးမြင့်ကို ကြည့်သည်။ ရဲဘော်စိုးမြင့်က ပြုံးလျက်ပါ။

"ဟုတ်တယ် ဗိုလ်ကြီး။ ကျွန်တော်လည်း ဒီလိုခံပြင်းနာကြည်းဖွယ်ကောင်းတဲ့ ဝေဒနာမျိုးကို ခံစားဖူးပါတယ်"

"ဩော် ... မင်းလည်း ဝေဒနာလေးနဲ့ကိုး"

"စစ်သားမှာလည်း အသည်းနှလုံးရှိတာပဲမဟုတ်လား ဗိုလ်ကြီးရယ်။ စစ်သားလည်း လူထဲကလူပဲ။ ခံစားတတ်တဲ့အသည်းနှလုံး ရှိနေတာပေါ့"

"အင်း ... မင်း ကဗျာဆရာလုပ်ဖို့ ကောင်းပြီနော်"

ရဲဘော်စိုးမြင့်က ပြုံးသည်။

"ခံစားတတ်သူတိုင်းဟာ ကဗျာဆရာတွေပဲပေါ့။ ကျွန်တော် သတိရသေးတယ်ဗိုလ်ကြီး။ အဲဒီလို မိအတွက်ခံစားရတုန်းကဆို မိကလွဲလို့ ကျွန်တော် ဘာကိုမှ စိတ်မဝင်စားခဲ့ဘူး။ ဒီတုန်းက မိနဲ့ကျွန်တော် လက်ထပ်ပြီးစပေါ့"

"ဟော ... ခုတော့ မင်းက မိကို မေ့လို့ရနေပြီပေါ့ ဟုတ်လား"

တင်ထွန်းနိုင်က ဖြတ်၍ အပြုံးနှင့် မေးလိုက်သည်။ ရဲဘော်စိုးမြင့်မျက်နှာပေါ်တွင် အပြုံးနုက သင်းလျက်ရှိနေသေး၏။ တင်ထွန်းနိုင်က ယှဲ့ယှဲ့လေးပြုံးကြည့်နေသည်။

"မမေ့ပါဘူး ဗိုလ်ကြီး။ ကျွန်တော် မိကို ဘယ်တော့မှမေ့မှာမှုတ်ဘူး။ ဘာလို့လဲဆို မိက ကျွန်တော့် ချစ်ဦးသူပဲကိုး"

မီးတောက်က အနည်းငယ်ကျသွားသည်။ မီးရှိန်က သေးသွားသည်။ မီးရှိန်က အနည်းငယ်သေးလာသည်မို့ အအေးဓာတ်က အနည်းငယ် ကဲလာသလို ထင်ရသည်။ ရဲဘော်စိုးမြင့်က မီးရှိန် အနည်းငယ်မြင့်လာစေရန် ထင်းကိုထိုးလိုက်သည်။ မီးရှိန်အနည်းငယ် ပြန်မြင့်လာသည်။ အအေးက အနည်းငယ်လျော့သွားသလို ခံစားရ၏။

ရဲဘော်စိုးမြင့်က ရေနွေးခွက်ထဲကို ရေနွေးငှဲ့ထည့်ပြီး တင်ထွန်းနိုင်ဘက်သို့ လှမ်းပေးသည်။ တင်ထွန်းနိုင် လှမ်းယူလိုက်သည်။

တင်ထွန်းနိုင် ရေနွေးကို မှုတ်သောက်နေသည်။ ရဲဘော်စိုးမြင့်က စကားဆက်၏။

"ဒါပေမယ့် ကိုယ့်စိတ်ကို ကိုယ်ကြံဖန်ဖြေရတာပေါ့ ဗိုလ်ကြီး။ ဘာလို့လဲဆို ကျွန်တော်တို့ဘဝက မိမိ ကိုယ်မိမိမပိုင်တဲ့ စစ်သားဘဝကိုး။ ကျွန်တော်တို့ကိုပိုင်တာက တိုင်းပြည်နဲ့ လူမျိုး။ ကျွန်တော်တို့ကို ချုပ်ကိုင်ထားတာက တာဝန်ဝတ္တရားဆိုတော့ တိုင်းပြည်နဲ့လူမျိုးအတွက် တာဝန်ဝတ္တရားကို ဦးထိပ်ထားပြီး အဖျက်ရန်သူမှန်သမျှကို ချေမှုန်းသုတ်သင် နေရတယ်မှုတ်လား။ ဒီတော့လည်း တိုင်းပြည်အတွက် လူမျိုးအတွက်မို့ အမျိုးချစ်သူပီပီ အလွမ်းကို ခဏဖယ်ထားရတာပေါ့ ဗိုလ်ကြီးရယ်"

တင်ထွန်းနိုင် သက်ပြင်းရှိုက်မိသည်။ စစ်သားဆိုတာ တိုင်းပြည်နဲ့ လူမျိုးရဲ့ ရင်နှစ်သီးခြာ အမျိုးချစ်သူ။

သည်တော့ ...

စစ်မြေပြင်သည် စစ်သားတို့



www.burmeseclassic.com

www.burmeseclassic.com

အတွက် ရန်ကိုနှိမ်နင်းရသည့်လမ်း၊ အဖျက်ရန်ကို တွန်းလှန်ရသည့်ခရီး။

သည်မှာ ချစ်သူကို ဦးစားပေးလို့မရ။ တင်ထွန်းနိုင် အလွမ်းကိုခေတ္တဖယ်ရမည်လား။

မည်သို့ဆိုစေ . . . တင်ထွန်းနိုင် ခင်သီတာကို မမေ့နိုင်။ မေ့လို့မရ။ ခင်သီတာသည် တင်ထွန်းနိုင်၏ခန္ဓာကိုယ်အပြင်ဘက်မှ အသက်။

◆◆◆

## အခန်း (နှစ်)

အသည်းယဲက မီးတောက်နေသည်။ အပြင်ကို ကြည့်လိုက်ရင် နှင်းတွေဝေနေတယ်။ လွမ်းရောင်သန်းနေတဲ့ အချစ်တောင်တန်းကြီးတွေကို တောင်ခိုးနဲ့တိမ်က ရောယှက်ထပ်လို့ပေါ့။

ခု မောင်တို့ စခန်းတစ်ခုမှာ ခေတ္တစခန်းချနေရတယ်။ စစ်ကြောင်းနားနေတယ်လို့ ပြောရမယ်ထင်ရဲ့ သီတာ။ အခြေအနေအရ မောင်တို့ တစ်နေရာမှာ တစ်ပတ်လောက်တော့ စခန်းချနေရဦးမယ်။

သီတာရေ . . . ခုဆို မောင်နဲ့သီတာတို့ ခွဲခဲ့ရတာ နှစ်လကျော်ပြီနော်။ မောင့်စိတ်ထဲမှာ ရက်ပေါင်းတစ်ရာမက ဝေးနေတယ်လို့ ထင်မိတယ်။ လွမ်းရတယ် သီလား။ သီတာလည်း မောင့်ကို လွမ်းနေမယ်ဆိုတာ မောင်သိပါတယ်။

သီတာရေ . . .

မြောက်လေပြည် ဖျန်းလာတော့ ချမ်းနေပြီလား။ အလွမ်းပန်းကိုပန်၊ အချမ်းဒဏ်ကိုခံနေရတဲ့ သီတာ့ဆီကို မောင် ပြန်လာချင်ပါပြီ အချစ်ရယ်။ မောင့် ··ငမှာတွေးပြီး မောင့်အချစ် ···· ကို ကြင်နာမှုတွေပေးချင်ပါရဲ့။

သီတာရယ် မောင်ကစစ် သားပါ။ စစ်သားဆိုတာ ကိုယ့်ကိုယ်ကိုမပိုင်ဘူးသီတာ။

စစ်သားကိုပိုင်ဆိုင်တာက တိုင်းပြည်နဲ့လူမျိုးပဲ။ တာဝန်နဲ့ဝတ္တရားတွေချုပ်ကိုင်ထားတာမို့လည်း ကိုယ့်ချစ်သူကိုလွမ်းပေမယ့် အလွမ်းကို အသာဘေးဖယ်ထားရတယ်။ ချစ်သူဆီကို လာချင်ပေမယ့် လာချင်တဲ့စိတ်ကိုဖယ်ပြီး ဆွေးစိတ်နဲ့ပဲနေရတယ် သီတာ့ရယ်။ ဘယ်လိုမှ မေ့လို့မရဘူး။ ချစ်တယ် သီလား။

သီတာကို သိပ်ချစ်တဲ့မောင်
ကချင်တောင်တန်း ရှေ့တန်းစစ်မြေ

မမေ့နိုင်ပါဘူးတဲ့ . . .။

ချစ်တယ်တဲ့ . . .။

မောင့်စာကိုဖတ်ရင်း သီတာကြည်နူးရသည်။ မောင်နဲ့တွေ့မှ အတိုးချပြီး အချစ်အကြောင်းကို ပြောရမည်။ မောင့်ကိုလွမ်းတဲ့အကြောင်း ပြောရမည်။ မောင့်ကို တမ်းတတဲ့အကြောင်း ပြောရမည်။ မောင်ရယ်၊ မောင်က မမေ့သလို သီတာကလည်း မမေ့ပါဘူး။ မောင်ချစ်သလို သီတာလည်း ချစ်ပါတယ် သီလား။

ဒါပေမယ့် မောင့်စာဖတ်ပြီး သီတာ အားမလိုအားမရ ဖြစ်ရသည်။ မောင်နဲ့ ဒီလိုဝေးနေရတဲ့အချိန်မှာ မောင့်စာကို အရှည်ကြီးဖတ်ချင်တယ်။ မောင့်ကို စာရှည်ကြီးရေးစေချင်သည်။

ခုတော့ . . .

မောင့်စာက အရမ်းတိုလိုက်တာ။ ဖတ်လို့မဝနိုင်။ သို့စဉ်လျက် မောင့်ကိုတော့ စာတိုလိုက်တာကွယ်လို့ မပြောချင်၊ မပြောရက်။

ဒီစာကိုပဲ သီတာ အခေါက်ခေါက် ပြန်ဖတ်ဖြစ်သည်။ ဖတ်လို့မဝ။ အလွတ်ရခဲမန်း ဖြစ်သည်။

ဒီစာကြောင်းတွေ၊ ဒီအချစ်ဆိုတဲ့စကားတွေကို အခေါက်ခေါက်အခါခါ ဖတ်နေရပေမယ့် မရိုးနိုင် မအီနိုင် အစဉ်ဆန်းသစ်လို့နေသည်။ အချစ်ဆိုတာ မရိုးနိုင်တဲ့အကြောင်းတစ်ခုပဲကိုး။

သည်ထဲ သီတာ မောင့်စာကိုဖတ်ရင်း မောင့်ရုပ်သွင်ကို ပုံဖော်နေမိပြန်သည်။ မောင် စစ်မြေပြင်သို့ ထွက်သွားသည်မှာ နှစ်လကျော်ပေပြီ၊ မောင် သီတာကိုခွဲသွားသည်မှာ ကြာပြီပဲ။ ရင်ထဲမှာ နစ်နေအောင် ခံစားရသည်။

ဒီလို စစ်မြေပြင်ခရီးကြမ်းမှာ နှစ်လကြီးများတောင် သွားနေရသည်ဆိုတော့ မောင် အတော်ကလေးပင်ပန်းနေတော့မည်။ နွမ်းနယ်နေတော့မည်။ ကချင်ပြည်နယ်အကြောင်းကို သီတာ စာတွေ့အရ သိထားသည်။

ကချင်ပြည်နယ်က မြန်မာပြည်မြောက်ဖျားတွင် ရှိသည်။ အအေးကဲသည်။ တောတောင်ထူထပ်သည်။

မောင် ချမ်းနေမည်လား။ တစ်တောင်တက်ဆင်းရန် သူရှာရသည်မို့ ပင်ပန်းနေမည်လား။ ပြီးတော့ မတော်တဆ မောင်ဖျားနေလျှင်ဒုက္ခ။ မောင်က "ဗိုလ်ကြီးတင်ထွန်းနိုင်" ဖြစ်နေပေမယ့် ကလေးလိုပဲ။ သိပ်အားငယ်တတ်သည်။

မောင့်အကြောင်းကို သီတာသိသည်။ မောင်နဲ့သီတာက ကြာမြင့်သည့်ကာလမှာ စုလျားရစ်ပတ် လက်

www.burmeseclassic.com

ထပ်ခဲ့ကြပေမယ့် အချစ်ရက်တွေက တော့ ရှင်ကြာခဲ့ပြီ။ အချစ်ပန်းကလေးများ ပွင့်ခဲ့သည်က ကြာချေပြီ။

သည်တုန်းက သီတာက ဆေးတက္ကသိုလ်မှာ ဒုတိယနှစ်။ မောင်က သီတာ့ကို အမြဲလာကြိုနေကျ။ မောင်လာကြိုသည့် ကားကလေးနှင့် အတူ ယှဉ်တွဲစီးကာ မောင့်ဆန္ဒရှိရာနေရာသို့ သွားလာနေကျ။ နှစ်ဘက်မိဘကလည်း သဘောတူ ကြည်ဖြူကြသည်မို့ အခက်အခဲဟူသည် မိမိတို့ဘဝတွင် မရှိခဲ့။ ပန်းခင်းသော လမ်းပေါ်မှာ လျှောက်နေရသလို သာယာသည်။

သီတာကို တင်ထွန်းနိုင်က ချစ်သည်။ တစ်ယောက်ကို တစ်ယောက် မျှမလောက်ချစ်သည်။ တစ်ယောက်အကြိုက် တစ်ယောက်ဆောင်ကာ တစ်ယောက်အရိပ် တစ်ယောက်က ကြည့်လို့။

သီတာ မမေ့နိုင်သေး။ တစ်နေ့ မိုးရွာသည့် နေ့တစ်နေ့။ ဒီနေ့က ကျောင်းဆင်းသည့်အထိ မောင် ရောက်မလာသေး။ အခါတိုင်းကဆို ကျောင်းဆင်းခင် မောင် ရောက်နေကျ။ ဒီတနေ့တော့ ထူးထူးဆန်းဆန်း ကျောင်းဆင်းပြီး ဆယ့်ငါးမိနစ်အထိ မောင် ရောက်မလာခဲ့။ သီတာ စိတ်ပူရသည်။ မောင်ဘာများ ဖြစ်နေပါလိမ့်လို့။

ခက်သည်က မနက်က မောင်နဲ့ တွေ့သေးသည်။ မောင်ကိုယ်တိုင် ကျောင်းအထိ လိုက်ပို့ခဲ့သည်။ ခုမှ မောင်ဘာလို့ ရောက်မလာပါလိမ့်။ ဘာအကြောင်းကိစ္စ ရှိလို့ပါလိမ့်။ သို့သော်လည်း မောင်မလာတော့ဘူးလို့ သီတာမထင်။ စိတ်က မောင်ရောက်လာမည်ဟုသာ ထင်နေသည်။

သို့ကြောင့် ကျောက်ရုပ်တစ်ရုပ်လို မောင့်ကို ရပ်စောင့်နေမိသည်။ မောင်လာရာလမ်းသို့သာ မျှော်ကြည့်နေမိသည်။

ကျောင်းဆင်းပြီး မိနစ်နှစ်ဆယ် ရှိပြီ။

"သီတာ ..."

ခေါ်သံကြားသည်။ ရုတ်တရက် အိပ်မက်မှလန့်နိုးသူလို အသံလာရာသို့ စောင်းငဲ့ကြည့်လိုက်မိသည်။

အေးအေးလှရယ်။ သည်တော့မှ မိမိနှင့်အတူ အေးအေးလှ ရပ်နေသည်ကို သတိရလာသည်။ အေးအေးလှကို အားတုံ့အားနာ ဖြစ်မိသည်။

"ဪ ... အေး"

အေးအေးလှက ခွင့်လွှတ်ပြုံးနှင့် ကြည့်သည်။

"ကိုတင်ထွန်းနိုင် မလာတော့ဘူးထင်ပါတယ်။ ကိစ္စတစ်ခုရှိလို့ နေမှာပေါ့။ လာပါသီတာရယ်။ အေးနဲ့ လိုက်ခဲ့ပါ"

နှုတ်က မဖြေမိ။ ခေါင်းခါမိသည်ကို သတိရသည်။

"အေးသွားရင်သွားလေ။ ကိုယ့်ကို အားမနာပါနဲ့။ ကိုယ် သူ့ကို စောင့်ချင်သေးတယ်။ ကိစ္စမရှိပါဘူး။ အေးသွားရင် သွားပါ"

အေးအေးလှ သက်ပြင်းချသံကို ကြားရသည်။ အေးအေးလှ လေးကန်စွာ ခေါင်းခါသည်ကို မြင်ရသည်။

"မင်းက အင်မတန် အစွဲအလမ်းကြီးပါလား သီတာ"

"ပြန်ချင်ပြန်ပါအေး။ ကိုယ့်ကို အားမနာပါနဲ့။ ကိုယ်တော့ မောင်လာမှပဲ ပြန်တော့မယ်"

"လုံးဝမလာဘူး ဆိုရင်ကော"

"မောင်လာမှာပါ အေး"

"ကဲ ... ဒါဖြင့် ကိုယ့်ကိုခွင့်ပြုဦးနော်"

ခေါင်းညိတ်လိုက်သည်။ အေးအေးလှ၏ ခေါက်ထီးဖွင့်သံ၊ အနားမှ ခွာသွားသံကိုကြားရသည်။ မိမိအနားမှ ခွာသွားသည့် အေးအေးလှကို ငေးကြည့်နေမိသည်။

မိုးကသည်းလာသည်။ အေးအေးလှက မိုးစက်များ အကြား နစ်မြုပ်ပျောက်ကွယ်သွားသည်။

မိုးက ပို၍ပို၍ သည်းလာသည်။ မိုးခြိမ်းသံတို့ ဆူညံလာ၏။ လေကပါ ပါလာသည်မို့ ခင်သီတာရပ်နေသည့် နေရာသည်ပင် မိုးမလုံတော့။ မိုးရေစက်တို့က ခန္ဓာကိုယ်ကို လာ၍ထိသည်။ နောက်သို့ တစ်လှမ်းဆုတ်လိုက်၏။

မိုးက ပို၍သည်းလာသည်။ မိုးရေစက်များက ပိန်းလာသည်မို့ ဘာကိုမှ ပြက်ပြက်ထင်ထင် မမြင်ရတော့။ မှိုင်းမှိုင်းပျပျဖြစ်လာ၏။ ကျယ်လောင်သော မိုးခြိမ်းသံ၊ မိုးရွာသံ၊ လေတိုက်သံတို့က စိတ်အားကို ငယ်စေသလို နှယ်။ နာရီကို ကြည့်လိုက်၏။

ဪ ... မောင့်ကိုစောင့်တာ နာရီဝက်တောင်ရှိပြီလို့ သိလာသည်။ သည်လို သိလာသည်နှင့်အမျှ မောင့်ကို စိုးရိမ်စိတ်ဝင်လာပြန်၏။ သည်းထန်သည့်မိုးရေစက်များကြားမှ မောင့်ကို ငေးမျှော်ကြည့်မိ၏။

ခုတော့ မောင်လာပြီ။ မျက်ဝန်းငယ်အိမ်အတွင်းသို့ မောင့်ရုပ်သွင်က



www.burmeseclassic.com

www.burmeseclassic.com

တိုး၍ဝင်လာ၏။ မောင်က မိုးရေစက်များကို ဖြတ်၍လာသည်။ မိုးရွာပုံက ငွေမြားတံတွေ ပစ်လွှတ်နေသည်နှင့် တူသည်။ မောင့်ကိုယ်မှာ မိုးရေစက်တွေက ငွေမြားတံတွေ စူးဝင်နေသလို ဖြစ်နေ၏။ မောင့်တစ်ကိုယ်လုံး ရွှဲနစ်လို့။

မောင် အနားရောက်လာသည်။ မောင်က ပေါ်တီကိုအဝတွင်ရပ်ပြီး ခင်သီတာကို ပြုံးကြည့်၏။ မောင့်ကို ကြည့်ရသည်မှာ ကြွက်စုတ်ကလေး တစ်ကောင်နှင့် တူနေသည်။ ရေတွေက နစ်ရွှဲနေသည်။ ချမ်းနေပုံရသည်။

"ဟင် ... သီတာ ထဘီတွေလည်း ရွှဲရွှဲစိုလို့ပါလား။ တော်ကြာ အအေးမိနေမှဖြင့် ..."

"မောင်ရယ် ..."

ညည်းမိသည်။

ဒါပဲ မောင့်အကြင်နာ ဖြစ်လိမ့်မည်ကို တွေးဖြစ်သွားသည်။

စင်စစ် မောင်က မိုးရွှဲနေသူဖြစ်သည်။ မိုးစိုနေသည်မို့ မိုးရေထဲ ဖြတ်လာသူမို့ ချမ်းသယောင်တော်ဖြစ်နေပြီ။ မောင့် နီသွေးသွေးနှုတ်ခမ်းကလေးပင် အပြာရောင်သန်းလို့။ ဒီလို ဖြစ်နေသူက ထဘီအနား ရေစိုသည့်အတွက်ပူပန်သည်မှာ ချစ်နိမိတ်သာ ဖြစ်မည်။

မောင့်ကို သနားမိသည်။ မောင့်မေတ္တာကို လေးစားမိသည်။

"မောင် ချမ်းနေသလားဟင်"

စိုးရိမ်သံဖြင့် မေးမိသည်။

"ကိစ္စမရှိပါဘူး။ ကားပျက်သွားလို့ ဝပ်ရှော့ပို့ရ၊ ဘာလုပ်ရနဲ့ နောက်ကျသွားတယ်။ မောင့်ကိုခွင့်လွှတ်နော်"

"မောင်ရယ် ... သီတာ မောင့်ကို အပြစ်မတင်ပါဘူး"

"သွားမလား သီတာ၊ တော်ကြာ သီတာ အအေးပတ်နေပါဦးမယ်"

"မောင်ရယ် ... သီတာ့ကို ဒီလောက်ပဲ ချစ်သလား။ သီတာ့အတွက် ဒီလောက်ပဲ စိုးရိမ်သလား" လို့ မေးလိုက်ချင်သည်။ မမေးဖြစ်။ မမေးရက်။

တော်ကြာ ဒီစကားကြောင့် သီတာ မောင့်ကိုမယုံဘူးလားလို့ မေးလာလျှင်အခက်။

ခင်သီတာ မောင့်ကိုပြန်ကြည့်ရင်း လွယ်အိတ်တွင်းမှ ခေါက်ထီးကိုထုတ်သည်။ ဖွင့်သည်။

"လာလေ မောင်"

"သီတာဆောင်းပါ။ မောင်က မိုးစိုနေပြီပဲ။ ကိစ္စမရှိပါဘူး"

"မောင် အအေးပတ်ဦးမယ်"

"ရပါတယ် သီတာ။ သီတာက ပိုအရေးကြီးပါတယ်နော်။ သီတာက လိမ္မာပါတယ်ကွာ။ မောင် သီတာ့ဘေးက လိုက်ခဲ့မယ်"

"ကဲပါ ... မောင်ရယ်။ စိုလည်း အတူတူပေါ့။ ဘာလဲ မောင် မဆောင်းချင်ဘူးလား။ သီတာ ထီးပိတ်လိုက်မယ်"

ခင်သီတာက ဟန်ပါပါ ထီးပိတ်ရန် ဟန်ပြင်လိုက်သည်။ သည်တော့မှ ထီးကိုဆွဲရင်း ...

"ဒီလိုတော့ မလုပ်ပါနဲ့ကွာ။ သီတာက လိမ္မာသားနဲ့။ ကဲပါ ... မောင်လိုက်ပါမယ်"

ဆိုသည်။ ခေါက်ထီးလေး မလုံ့တလုံ့ကို နှစ်ယောက်ဆောင်းကြသည်။ မိုးက သည်းဆဲ။

"မောင်"

"ဟင်"

လှည့်ကြည့်သည်။

"ကားပျက်နေလည်း မလာဘဲနေရောပေါ့ကွယ်။ သီတာ့ဘာသာ ပြန်မှာပေါ့"

"သီတာ မျှော်နေမှာစိုးလို့။ မောင်မလာရင် သီတာ အချိန်ကုန်တဲ့အထိ စောင့်နေမှာပဲ မှတ်လား"

မဖြေ။ ခေါင်းညိတ်လိုက်သည်။

"မောင်"

"သီတာ"

"သီတာနဲ့ အိမ်လိုက်ခဲ့ဦးနော်"

"အင်း ..."

အိမ်ရောက်တော့ သီတာ အဝတ်အစား မလဲနိုင်သေး။ အိမ်ထဲမှ ဆေးသေတ္တာကိုအမြန်ဖွင့်ပြီး ဘာစ်ပရှိနှင့် အနာဂျက်ဆင် ယူလာသည်။ နောက်ပြီး ကော်ဖီဖျော်သည်။ အမေက အဝတ်အရင်လဲဖို့ပြောပေမယ့် နားမထောင်နိုင်သေး။ မောင့်ကို ဆေးတိုက်ပြီး ဆေးပါပေးလိုက်သေးသည်။

"အိမ်ရောက်ပြီး သုံးနာရီကြာရင် ဒီဆေးနဲ့ ကော်ဖီပူပူကလေး သောက်လိုက်ဦးနော်။ နောက်ပြီး စောင်ထူထူခြုံပြီး နွေးနွေးထွေးထွေး နေနော် ကြားလားမောင်"

"စိတ်ချပါသီတာ။ ကဲ ... သီတာလည်း အဝတ်လဲဦး။ မောင်ပြန်မယ်"

"သီတာမှာတာ မမေ့နဲ့နော်"

"စိတ်ချပါ အချစ်ရယ်"

သည်ညက ခင်သီတာ အိပ်မရ။ မောင့်အတွက် စိုးရိမ်ခြင်း များ



www.burmeseclassic.com

www.burmeseclassic.com

ရှာဖြင့် ...

မောင် နေထိုင်မကောင်းဖြစ်မှာကို ပူပန်နေသည်။ ည ၈ နာရီလောက်မှာ မောင့်ဆီကို ခင်သီတာ ဖုန်းဆက်သည်။ မောင်နှင့်မတွေ့ရ။ မောင့်အမေနှင့်တွေ့သည်။ မောင် အိပ်နေတယ်တဲ့။

နံနက် ၈ နာရီလောက်မှာ မောင့်အိမ်က ဖုန်းလာသည်။ အမေက "သမီးရေ ဖုန်းလာတယ်"လို့ ပြောသံကိုကြားတော့ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ ခေါင်းဖြီးသင်နေရာမှ ခေါင်းအဖြီးကိုရပ်လိုက်သည်။ အိမ်ထဲမှ အိမ်အပြင်သို့ အပြေးတစ်ပိုင်းထွက်ခဲ့သည်။

"ဘယ်ကဖုန်းလဲ အမေ"

"နိုင်နိုင် ဖုန်းဆက်တယ်"

"နိုင်နိုင်"

တိုးတိုးရေရွတ်မိသည်။

နိုင်နိုင်ဆိုတာ မောင့်အမေ။ မောင့်အမေက ဖုန်းဆက်တယ်ဆိုတော့ ဘာများပါလိမ့်။ မောင်များ ဘာဖြစ်လို့ပါလိမ့်။ စိုးရိမ်စိတ်ဝင်မိသည်။ ထို့ကြောင့် တယ်လီဖုန်းပုခက်ဘေးတွင် ချထားသည့် စကားပြောခွက်ကို အမြန်ကောက်ယူလိုက်၏။

"သီတာပါ အန်တီ ပြောပါ"

"သီတာလား သားနေမကောင်းလို့ကွယ့်"

"ရှင် ..."

"အင်း ... ဒါကြောင့် သားက မလာနိုင်တဲ့အကြောင်း သီတာကို ပြောခိုင်းလို့"

"ဒါဆို သီတာ ခုပဲလာခဲ့မယ် အန်တီ"

မောင် နေမကောင်းနေဘူးဆိုသည့် အသိက နှလုံးသားတွင်းသို့ စူးနစ်ဝင်လာသည်။ စိုးရိမ်မှုက ခန္ဓာကိုယ်တစ်ခုလုံးကို ပူလောင်စေ၏။ စိတ်ယောက်ယက်ခတ်နေ၏။ မောင့်အတွက် စိုးရိမ်စိတ်က တားမရ ဆီးမနိုင်အောင် ဖြစ်နေသည်။ မောင် နေမကောင်းသည်မှာ ရိုးရိုးသားသား နေမကောင်းဖြစ်သည်မဟုတ်။ အအေးမိ၍ ဖျားခြင်းဖြစ်သည်။ အအေးပတ်သည်က ဆိုး၏။

တယ်လီဖုန်း စကားပြောခွက်ကို ပုခက်တွင်းသို့ ပြန်ထည့်လိုက်သည်။ ဧည့်ခန်းတွင်းသို့ အပြေးတစ်ပိုင်းဝင်ခဲ့သည်။ မှန်တင်ခုံပေါ်မှာ အလှပြင်ပစ္စည်းတွေ ပွနေ၏။ ခင်သီတာ ဆက်လက် အလှပြင်လိုစိတ်မရှိတော့။ ခေါင်းကို တော်သင့်ရုံဖြီးသင်လိုက်သည်။

လွယ်အိတ်ဆွဲကာ အိမ်ရှေ့သို့ ထွက်ခဲ့၏။

အိမ်ရှေ့ဧည့်ခန်းတွင် အမေနှင့်တွေ့သည်။ အလွန်တရာ အလှကြိုက်သည့်သမီး။ အလှမပြုမပြင်ဘဲ ထွက်လာသည့်အတွက် တအံ့တဩဖြစ်နေဟန်တူသည်။

"ဘာတဲ့လဲ သမီး"

"အထွန်း နေမကောင်းလို့တဲ့"

အမေက သက်ပြင်းရှိုက်သည်။ အမေ သက်ပြင်းရှိုက်ခြင်းနှင့် ပတ်သက်၍ သီတာနားလည်သည်။ မောင်နှင့်သီတာတို့ ဘယ်လောက်ချစ်သည်၊ ဘယ်လောက်သံယောဇဉ်ရှိသည်ကို အမေသိသည်။ မောင့်ကို အမေတို့ရှေ့မှာ "အထွန်း"လို့ခေါ်စမြဲ။

"သမီး သွားမလို့လား"

ခေါင်းညိတ်မိသည်။

"သမီး သွားမယ်"

အမေကလည်း ခေါင်းညိတ်အဖြေပေးသည်။ အမေ့အနားက ညို့မှပစ်လိုက်သည့် မြားကဲ့သို့ အပြေးတစ်ပိုင်း ထွက်ခဲ့သည်။ အငှားကားတစ်စီးကိုငှားကာ မောင့်အိမ်သို့ လာခဲ့သည်။ မောင့်အိမ်သို့ ရောက်ပြီ။

မောင်တို့ အခြေအနေသည် ခင်သီတာတို့ အခြေအနေထက်ကောင်းသည်။ မောင်တို့အိမ်က ရွှေတောင်ကြားလမ်းထဲမှာရှိသည်။ "သီရိမွန်"သည် မောင်တို့ပိုင် ခြံကျယ်ဝန်း ကျယ်ကြီးဖြစ်သည်။ ကျယ်ဝန်းသည့်ခြံကြီး။ ပန်းခြံငယ်ပါသည်။ အုတ်ခုံတစ်ထပ်တိုက်ပုကလေးက မြင်ရသူတိုင်းကို ကြည်လင်စေသည်။

အငှားကားကလေးကို ခြံဝမှာပင် အရပ်ခိုင်းလိုက်သည်။ ကားခသင့်ငွေကိုရှင်းကာ ကားပေါ်မှဆင်းလိုက်သည်။ ပလက်ဖောင်းအစွန်းဝယ် ခြေချပြီးသည့်အချိန်တွင် ကားကလေးအရှိန်ပြင်းစွာ ထွက်သွားသည်။

ခင်သီတာ ပလက်ဖောင်းပေါ်မှာ ခဏရပ်နေမိ၏။ ကားထွက်သွားသည်မှ ခြံဘက်သို့ မျက်နှာမူလိုက်သည်။ ခြံကြီးဘက်သို့ သွက်လက်သော ခြေလှမ်းများနှင့် လျှောက်လာသည်။

ခြံဝတွင် အပြုံးနှင့်ကြိုနေသည့် ဒရဝမ်ကာစင်ကို တွေ့ရသည်။ ကာစင်သည် မိမိကို ဘယ်အချိန်ကတည်းက တွေ့သည်မသိ။ မိမိနှင့် ကာစင်သည် ကြာမြင့်စွာကတည်းက မျက်နှာချင်းသိပြီးသား။ ရင်းနှီးပြီးသား။

"မမလေး ကိုကိုကြီးဆီလာ



www.burmeseclassic.com

www.burmeseclassic.com

တာလား''

စကားသံ ဝဲတဲတဲ။

ခင်သီတာ ခေါင်းညိတ်ပြလိုက်သည်။ ကာစင်က တံခါးဖွင့်ပေးသည်။ ပွင့်လာသည့်တံခါးပေါက်မှ ခြံထဲသို့ လျှင်မြန်စွာဝင်ခဲ့သည်။ ခြံဝနှင့် အိမ်က အနည်းငယ်ဝေးသည်။ နှင်းဆီ၊ ဒေါနဲ၊ သရဖီ၊ စံပယ်၊ ခတ္တာ မွှေးပျံ့သည့် ပန်းဥယျာဉ်ကလေးကို မြင်ရ၏။

လေအသင်းဝယ် မွှေးပျံ့သည့် ပန်းရနံ့ကို ရှူရှိုက်ရ၏။

ခင်သီတာ့ စိတ်မှာတော့ မောင့်ဆီကိုသာ ရောက်လိုစိတ် စောနေ၏။ မောင့်ကိုသာ တွေ့ချင်၊ မြင်ချင်နေ၏။

ပေါ်တီကို အောက်ကို ရောက်ခဲ့ပြီ။

''ဟင် ... သမီး ခင်သီတာ''

မောင့်မေမေနှင့် တွေ့ရသည်။ မောင့်မေမေက တအံ့တသြ နှုတ်ဆက်သည်။

''အတွန်းအိပ်နေသလား အန်တီ''

အန်တီက ခေါင်းညိတ်သည်။

''လာလေ ... သားဆီသွားရအောင်။ ဒါနဲ့ သမီး ဒီနေ့ ကျောင်းမတက်ဘူးလား''

''ဟုတ်ကဲ့''

အသံက တိုးတိတ်သည်။ နောက်စကားစပြတ်သွား၏။ မောင့်အမေနောက်မှကပ်ကာ မောင့်အိပ်ခန်းသို့ လာခဲ့သည်။ မောင့်အိပ်ခန်းက မိမိ၏ ညာဘက်ထောင့်စွန်းတွင် ရှိသည်။ မောင့်ခုတင်ပေါ်တွင် လျောင်းအိပ်စက်နေသည်ကို တွေ့ရ၏။

ခင်သီတာသည် မောင့်မေမေ ရှေ့မှာ ဟန်မဆောင်နိုင်ခဲ့။ အိပ်ခန်းတွင်းသို့ အပြေးတစ်ပိုင်းဝင်ခဲ့သည်။

''မောင်''

မောင့်နားသို့ရောက်တော့ လှိုက်လှိုက်လှဲလှဲခေါ်လိုက်သည်။ မောင့်နဖူးကို လက်နှင့်စမ်းလိုက်သည်။ကိုယ်ငွေ့က အနည်းငယ်နွေးထွေးလို့ပါ။

သည့်တော့ မောင်က မျက်လုံးကို အသာအယာဖွင့်လာသည်။

''သီတာ''

အသံက နွမ်းနေ၏။ မောင့်အသံက နွမ်းနယ်နေသည်မဟုတ်။ မောင့်သဏ္ဌာန်ကလည်း နွမ်းနယ်လို့နေသည်။

မောင့်ကိုယ်ငွေ့က နွေးထွေးနေသလို မောင့်ကိုကြည့်ရသည့်မှာ အဖျားဝင်နေသူတစ်ယောက်နှင့် တူသည်။

မောင့်လက်ကို ဆွဲယူလိုက်သည်။ သွေးတိုးနှုန်းကို စမ်းသပ်ကြည့်လိုက်သည်။ အဖျားသွေး ရှိနေသည်။

''မောင် ချမ်းနေသလား''

မောင်က ခေါင်းညိတ်ပြသည်။ မောင့်အမေ မရှိတော့။ ခင်သီတာကို မောင့်အခန်းတွင်းသို့ပို့ပေးပြီး ပြန်ထွက်သွားသည်။

''မောင် ... ဆေးသောက်ပြီးပလား''

မောင့်ပါးနှင့် ခင်သီတာ့ပါးကို ကပ်ထားလိုက်သည်။

မောင်က အပြုအစု အယုအယကို တစ်ခုံတစ်မင်ရှိသူ။ ခုနေ မောင်များဖျားနေလျှင် မောင်ဘယ်သို့ ရှိလိမ့်မှာပ။

ဖြစ်နိုင်လျှင် မောင့်အနားမှာ အမြဲနေချင်ပါဘိတော့။

◆◆◆

## အခန်း (သုံး)

'သမင်ကတောက်၊ ဂီကဟောက်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေတဲ့' တောက နက်လာသည်နှင့်အမျှ တောသတ္တဝါများ၏ အော်မြည်သံအမျိုးမျိုးကို ကြားရ၏။ တောတွင်း တိရစ္ဆာန်များ၏ အသံဗလံများနှင့်အတူ ဟိုးအဝေး မေခမြစ်ယံဆီမှ ရေစီးသံလွင်လွင်ကိုပါ ကြားနေရ၏။

တင်ထွန်းနိုင်တို့၏ ရည်ညွှန်းချက်သည် 'ကြင်ခရန်ရွာ'သို့ဖြစ်သည်။

သတင်းပေးတစ်ဦးကြောင့် ရှေ့တန်းရုံးတွင် တင်ထွန်းနိုင်ဦးစီးသည့် တပ်စုတစ်စု တိုက်ကင်းထွက် ချေမှုန်းရန်သွားမည်။

နံနက် ၄ နာရီတွင် တင်ထွန်းနိုင်ဦးစီးသည့် တပ်စုသည် အသင့်ဖြစ်နေလေပြီ။ အမိမြေတွင် မှီခိုနေသည့် တိုင်းရင်းသားများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ရန်အတွက် စိတ်အားသန်နေ၏။

စစ်ကြောင်းမထွက်မီ တပ်စိတ်မှူးများအား ခေါ်ယူကာ တင်ထွန်းနိုင်က အသေးစိတ် ညွှန်ကြားချက်များကိုပေးသည်။

နံနက် ၄ နာရီဆယ့်ငါးမိနစ်တွင် စစ်ကြောင်းစထွက်သည်။ ကြင်ခရန်ရွာသည် မြောက်ဘက်စွန်းတွင် ရှိသည်။ ပေပေါင်း သုံးထောင်ကျော်မြင့်သည့် တောင်ပေါ်တွင်တည်ရှိသည့် ရွာကလေးဖြစ်သည်။ မြေပြင်အခြေအနေအရ ရန်သူသည် မိမိတို့ထက် အသာစီးအနေသဘောမှာ ရှိသည်။

သို့အတွက် ... လမ်းရိုးလမ်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှ မသွားဘဲ လမ်းသစ်ထွင်ကာ ချီတက်ခဲ့သည်။

တင်ထွန်းနိုင်အပါအဝင် ရဲဘော်အကြပ် တပ်သားများ ခရီးကြမ်းကို နှင်ရမည်မို့ ပင်ပန်းကြသည်။ နွမ်းနယ်ကြရသည်။

သို့ပေမယ့် မျိုးချစ်တပ်မတော်သားများ၏စိတ်တွင် ပင်ပန်းသည်ဟု သဘောမထား။ တိုင်းပြည်အတွက်၊ လူမျိုးအတွက် အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန် တရားသောစစ်ကိုဆင်နွှဲနေသည်မို့ အားတက်သရောဖြစ်နေ၏။

နံနက် ၆ နာရီထိုးဖို့ မိနစ်နှစ်ဆယ်သာလိုတော့၏။ အရှေ့ဦးသည် လှလှပပကလေး။ ကြင်ခရန်ရွာကို လှမ်း၍ပင် မြင်နေရပြီ။ စစ်ကြောင်းကို ခေတ္တနားသည်။

"ရန်သူ့နယ်မြေကို ရောက်လာပြီ။ ရန်သူနဲ့တိုက်ခိုက်တဲ့ နေရာမှာ လက်ဦးရမှာမို့ မင်းတို့အားလုံး မျက်စိကိုဖွင့်၊ နားကိုစွင့်ထားကြပါ"

အဆင့်ဆင့် သတင်းပို့စနစ်နှင့် တင်ထွန်းနိုင် ညွှန်ကြားချက်ကို ပေးလိုက်သည်။ ဆယ်မိနစ်ခန့် ငြိမ်သက်စွာ အနားယူသည်။

၀၆း၀၀ နာရီ။ ဆက်လက် ချီတက်ကြသည်။ ရန်သူစခန်းကို ချဉ်းနင်းဝင်ရောက်မိပြီ။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

"ဒက် ... ဒက် ... ဒက်"

"ဝုန်း"

စောစောက ကြင်ခရန်ရွာကလေးသည် ပကတိတိတ်ဆိတ်ငြိမ်သက်လို့နေသည်။ လှုပ်ရှားမှုကင်းသော သက်မဲ့ဝိညာဉ်တစ်ခုကဲ့သို့ လှုပ်ရှားမှုကင်းကာ ငြိမ်သက်လို့နေ၏။

ခုတော့ အရာရာကို သေနတ်သံ၊ ဗုံးသံများက စိုးမိုးပစ်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခိုအား ဝရုန်းသကဲ့သို့ ဆူညံသည့်အသံများက စိုးမိုးမင်းမူသွားသည်။

"ပစ် ... တက် ... တက်"

"ပြည်သူ့တပ်မတော်ကွ"

ပြည်သူ့ တပ်မတော်သားများသည် အမျိုးချစ်သည့် စိတ်ကြောင့် လန်းဆန်းတက်ကြွလို့နေသည်။ လေခွက်ချည်းကျန် အလံမလှဲလိုသောစိတ်ကြောင့် အသက်ကို ပဓာနမထားဘဲ ပစ်တက်တက်ကြသည်။ သေနတ်သံများ၊ တက်ကြွသည့် ညာသံပေးသံများက ပတ်ဝန်းကျင်တစ်ခုလုံးအား ဆူညံသွားစေ၏။

ရန်သူသည် တပ်မတော်၏အငိုက်ဖမ်းခြင်းကို ခံလိုက်ရဟန်တူ၏။ ပြည်သူ့တပ်မတော်သားများ၏ တက်ကြွသည့်စိတ်ဓာတ်နှင့် ကျည်အားသုံးကာ ဖိတက်ပစ်နေသည့်ဒဏ်ကို ရေရှည်မခံနိုင်ရှာ။ ပစ်ဆုတ်ဆုတ်သွားကြ၏။

ခုဆို ရွာတစ်ဝက်ကို သိမ်းမိပြီ။ မကြာမီ ... သေနတ်သံများ တိတ်ဆိတ်သွား၏။ ကြင်ခရန်ရွာကို ပြည်သူ့တပ်မတော်က စိုးမိုးလိုက်နိုင်ချေပြီ။

"ရှေ့ကိုက်တစ်ရာအထိ ကင်းရှည်ယူပါ။ ချေမှုန်းရေးတပ်စိတ် ကိုက်တစ်ရာအထိ ရှင်းလင်း"

အောင်မြင်သည့် အမိန့်ပေးသံများကို ကြားရသည်။

"ကျား ..."

ချေမှုန်းရေးတပ်စိတ်၏ ရှင်းလင်းမှုအသံပလံများကို ကြားရ၏။ မုန်တိုင်းတိုက်သည့်အခါ ကောင်းကင်ပြင်သည် ကြောက်ဖွယ်လိလိအသွင်ကို ဆောင်သော်လည်း ယခုတော့ ကြည်လင်သာယာလျက်။

"တပ်စုတစ် ... ရှိရင်းဆယ်ယောက်၊ ယခု ... ဆယ်ယောက် အကြောင်းထူးမရှိ"

"တပ်စုနှစ် ... ရှိရင်းဆယ်ယောက်၊ ယခုဆယ်ယောက် ... အကြောင်းထူးမရှိ"

"တပ်စုသုံး ... ရှိရင်းဆယ်ယောက်၊ ယခုကိုးယောက်၊ တစ်ယောက် ဒဏ်ရာရ"

တပ်စုမှူးများ၏ သတင်းပို့သံအဆုံး တင်ထွန်းနိုင်ရင်ထဲ နင့်သွားသည်။ တပ်စုမှူး အင်ခွန်နော်၏ သတင်းပို့သံက နှလုံးသားကို စူးနစ်ဝင်လာ၏။ ဝမ်းနည်းမှု၊ ကြေကွဲမှုများက တင်ထွန်းနိုင်နှလုံးသား တစ်မြို့တစ်မကြီးကို ဆွဲယူ၍သွားဘိသကဲ့သို့ ခံစားလိုက်ရ၏။

ကြာမြင့်စွာ ငိုင်တွေနေရာမှ တင်ထွန်းနိုင်က ဆရာအင်ခွန်နော်ကို ဆတ်ခနဲ ကြည့်လိုက်သည်။

"ဒဏ်ရာရတာ ဘယ်သူလဲ ဆရာအင်ခွန်နော်"

အလောတကြီး အင်ပွန်နော်ကို တင်ထွန်းနိုင်က မေးလိုက်သည်။

"ရဲဘော်စိုးမြင့်"

"ဘာ .. ရဲဘော်စိုးမြင့်ကလေးလား"

စခန်းကို သိမ်းလိုက်နိုင် သည်မို့ ပျော်ရွှင်နိုင်ရစေကာမူ ချစ်ရသော ရဲဘော်တစ်ယောက်၏ တဘဝခန်းကို

www.burmeseclassic.com

ကျေပွန်စွာထမ်းဆောင်ရင်း ဒဏ်ရာအနာတရဖြစ်သွားသည့်အတွက် စိတ်မကောင်းဖြစ်ရ၏။

ရဲဘော် စိုးမြင့်တဲ့။ ရဲဘော်စိုးမြင့်ကား မိမိကို အစ်ကိုရင်းတစ်ယောက်လို ချစ်ခင်သူဖြစ်၏။ ရဲဘော်စိုးမြင့်၏ ရုပ်ပုံလွှာက အသိတွင်းသို့လည်းကောင်း၊ သူ့ငယ်အိမ်အတွင်းသို့လည်းကောင်း ဝင်လာပြန်လေသည်။

အပြောချိုကာ အစဉ်ပြုံးနေတတ်သည့် ရဲဘော်စိုးမြင့်။

"ကဲ ... ဆရာအင်ခွန်နော် ကျွန်တော်တို့ ရဲဘော်စိုးမြင့်ကို သွားကြည့်ကြရအောင်"

တင်ထွန်းနိုင် ထိုင်ရာမှထသည်။ ဆရာအင်ခွန်နော်က ခြေထောက်နှစ်ဘက်ကိုစု၊ လက်ကိုမြှောက်ကာ အလေးပြု အရိုအသေပေးသည်။

တင်ထွန်းနိုင်ကလည်း တုံ့ပြန်အရိုအသေပေးလိုက်သည်။

နောက် ရဲဘော်စိုးမြင့်ထားရာဆီသို့ ဆရာအင်ခွန်နော်နှင့်အတူ လာခဲ့သည်။

ကြင်ခရန်ရွာ၏ မြောက်ဘက်စွန်းရှိ တဲတန်းရှည်ကြီးတွင် ရဲဘော်စိုးမြင့်အား တပ်မတော်ဆေးတပ်မှ ဆေးတပ်သားရဲဘော်နှင့် ကုသပေးနေကြောင်း တင်ထွန်းနိုင် သိရ၏။ အသွက်လက်ဆုံးခြေလှမ်းနှင့် ယင်းတဲတန်းရှည်ကြီးသို့ လျှောက်လာကြ၏။

ကမ်းငွေ၊ မရွှေ၊ ပေါ့ရင်း စသည့် ကချင်တိုင်းရင်းသားများကို တွေ့ရ၏။ သူတို့က တင်ထွန်းနိုင်နှင့် တပ်ကြပ်အင်ခွန်နော်ကို အပြုံးနှင့် နှုတ်ဆက်သဖြင့် တင်ထွန်းနိုင်နှင့် ဆရာအင်ခွန်နော်ကလည်းတုံ့ပြန်နှုတ်ဆက်ရသည်။

ယခုတော့ ကချင်တိုင်းရင်းသူ၊ တိုင်းရင်းသားများသည် ဘယ်လိုမှ စိတ်ညစ်ညူးကြမည်မဟုတ်တော့။ မိမိတို့၏ဘဝရှေ့ရေးအတွက် အသက်ပေးကာကွယ်၍ ရန်သူကိုဖယ်ရှားပေးနေသည့် တပ်မတော်သားများရှိနေသည့်အတွက် ပျော်နေလိမ့်မည်။

ကြင်ခရွှန်ရွာ၏ အလယ်သို့ ရောက်လေပြီ။ သည်တော့မှ ကြင်ခရွှန်ရွာ၏ အသွင်အပြင် အခြေအနေကို ကောင်းစွာမြင်ရ၏။

ဆိုခဲ့ပြီးပြီ။ ကြင်ခရွှန်ရွာသည် ရွာကြီး တစ်ရွာမဟုတ်ပါ။ ရွာလေးတစ်ရွာသာ ဖြစ်သည်။ မြင့်မားသော တောင်ထိပ်တွင် တည်ရှိနေ၏။

ကြင်ခရွှန်ရွာသည် ရွာဟုဆိုသော်လည်း အိမ်ခြေသိပ်မရှိ။ အိမ်လေးလုံးသာရှိသည်။ ကချင်ထုံးတမ်းစဉ်လာအရ တဲတန်းရှည်ကြီးများသာ ဖြစ်သည်။

မြောက်ဘက်စွန်း တဲတန်းရှည်ကြီးကို ရောက်ခဲ့သည်။ သည်တဲတန်းရှည်ကြီးထဲတွင် ရဲဘော်စိုးမြင့် ရှိနေသည်။ တဲတန်းရှည်ကြီးရှေ့တွင် ကချင်လူမျိုးတို့၏ အိမ်ရှေ့မှာ တွေ့တတ်သည့် ခေါင်စင်မနောတိုင် သဏ္ဍာန်တိုင်များ။ စွင့်ကား၍ကြီးသည့် ကျွဲချိုကြီးကို ခေါင်တိုင်တွင် ချိတ်ဆွဲထားသည်။

အိမ်ရှေ့မှ ကင်းစောင့်ရဲဘော်က တင်ထွန်းနိုင်ကို အရိုအသေပြုသည်။ တင်ထွန်းနိုင်က တုံ့ပြန်လိုက်သည်။ ပြီးတော့ အိမ်ပေါ်ထပ်သို့ လှမ်းတက်လိုက်သည်။ တဲထဲမှာ အမှောင်ပျပျက စိုးမိုးလို့နေ၏။ ဟိုဘက်မှာတော့ မီးလင်းဖိုကို မီးထိုးထားသည်မို့ အမှောင်ကပျောက်နေသည်။ အလင်းရောင်ရှိနေသည်။

မီးလင်းဖိုဘေးတွင် လဲလျောင်းနေသည့် ရဲဘော်စိုးမြင့်နှင့် ဆေးတပ်သားကို တွေ့ရသည်။ တင်ထွန်းနိုင် ရဲဘော်စိုးမြင့်တို့အနားသို့ ခပ်သွက်သွက် လှမ်းလာသည်။ ကြမ်းပြင်နှင့် ခြေထောက်၏ထိတွေ့သံက ကျယ်လောင်နေ၏။

ဆေးတပ်သားက စောင်းငဲ့ကြည့်သည်။

"ဗိုလ်ကြီး ထိုင်ပါ"

တင်ထွန်းနိုင် ရဲဘော်စိုးမြ ကို လှမ်းကြည့်လိုက်၏။ ရဲဘော်စိုးမြင့်က ငြိမ်သက်စွာ လဲလျောင်းလို့နေသည်။ မျက်လုံးကို မှေးစင်းထားသည်။ တင်ထွန်းနိုင် ရဲဘော်စိုးမြင့်ဘေးတွင် ထိုင်ချလိုက်၏။

"ရဲဘော်စိုးမြင့် ဘယ်မှာဒဏ်ရာရတာလဲ"

"ဘယ်ဘက်ရင်အုံမှာ ဗိုလ်ကြီး"

ဆေးတပ်သားက ဆေးပတ်တီးကို ခွာကာပြသည်။ စစ်အင်္ကျီခပ်နွမ်းနွမ်းမှာ စွေးစွေးနီသော သွေးစက်များ စွန်းထင်းလို့နေ၏။ ဒီသွေးစက်တွေက အမိမြေအတွက်ကျခဲ့သည့် သွေးစက်တွေ ဖြစ်သည်။

"အခြေအနေ ဘယ်လိုရှိလဲ"

ဆေးတပ်သား၏ ဖြေသံမကြားရ။ ဖြေသံအစား ဆေးတပ်သား၏ သက်ပြင်းရှိုက်သံကိုသာကြားရ၏။ အခြေအနေ အရပ်ရပ်ကို တင်ထွန်းနိုင် နားလည်သင့်သလောက် နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ရဲဘော်စိုးမြင့် ငြိမ်သက်စွာ လဲလျောင်းရာမှ အသာအရာ လှုးလိမ့်လှုပ်ရှားလာသည်ကို တွေ့ရ၏။

နောက် ... ညည်းညူသံ။

"ရဲဘော်စိုးမြင့်"

ညင်းသက်စွာ ခေါ်လိုက်သည်။

တင်ထွန်းနိုင်၏ ခေါ်လိုက်သံကြောင့် ရဲဘော်စိုးမြင့် မျက်လုံးကို ပင်ပန်းကြီးစွာ ဖွင့်ကြည့်သည်။ တင်ထွန်းနိုင်ကိုတွေ့လိုက်သည့်အတွက် ရဲဘော်စိုးမြင့် ကျေနပ်သွားပုံရသည်။ ရွှင်လန်းတက်ကြွသည့် အပြုံးကို အားယူပြုံးသည်။

ပြီး ...

တင်ထွန်းနိုင်၏လက်ကို ရဲဘော်စိုးမြင့်က လှမ်းယူကာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"ဗိုလ်ကြီး"

အားပါးတရ လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်ကြောင်း တင်ထွန်းနိုင် နားလည်သည်။

သို့ပေမယ့် ရဲဘော်စိုးမြင့်အသံသည် ဝန်နှင့်အားမမျှခဲ့။ အသံက ဟိုဝေးလံသည့် အရပ်ဒေသမှ လာသည့်အသံကဲ့သို့ တိုးဆိတ်နေသည်။

တင်ထွန်းနိုင် ရင်နင့်သွားသည်။

အသည်းနှလုံး တစ်မြှုတစ်ထွေးကြီးကို ဆွဲယူလိုက်ဘိသို့ ခံစားရသည်။

"စကားမပြောပါနဲ့ ငါ့ညီရယ်။ မင်းသိပ်ပင်ပန်းနေပါ့မယ်"

ရဲဘော်စိုးမြင့် ပြုံးသည်။ အပြုံးက နွမ်းနေ၏။

"ကျွန်တော် စကားတွေအများကြီးပြောချင်တယ် ဗိုလ်ကြီး"

ရဲဘော်စိုးမြင့် စကားကို ရပ်လိုက်သည်။ နာကြည်းသည့်ဝေဒနာကို အံကြိတ်၍တင်းခံသည်။ သူ ဘယ်လောက်ဝေဒနာ ခံစားနေရသည်ကို တင်ထွန်းနိုင် နားလည်သည်။

သူ့အတွက် တင်ထွန်းနိုင် ရင်နာလို့မဆုံးခဲ့။ ရဲဘော်စိုးမြင့် အံကြိတ်ရင်း စကားဆက်၏။

"ကျွန်တော် တာဝန်ကျေပါတယ်နော် ဗိုလ်ကြီး။ တိုင်းပြည်နဲ့ လူမျိုးအပေါ်မှာ ကျွန်တော်တာဝန်အများကြီး ကျေပြီလို့ထင်ပါတယ်။ ဒါပေမယ့်"

ရဲဘော်စိုးမြင့် စကားကို ရပ်လိုက်သည်။ ပြင်းထန်လှသည့်ဒဏ်ရာသည် ရဲဘော်စိုးမြင့်ကို နှိပ်စက်ကလူပြုလေပြီထင့်။ နာနာကြည်းကြည်း စုတ်သပ်သံကို ကြားသည်။ မျက်နှာတစ်ချက် ရှုံ့မဲ့သွားသည်ကို တွေ့ရ၏။

"ကျွန်တော့်ကို မိ မျှော်နေမှာ ဗိုလ်ကြီး။ ကျွန်တော် မိကို သိပ်ချစ်တယ်။ မိကလည်း ကျွန်တော့်ကိုသိပ်ချစ်တယ်။ ဒါပေမယ့် ကျွန် ... ကျွန်တော် မိကို ခွဲရတော့မယ်ထင်ပါရဲ့ ဗိုလ်ကြီးရယ်"

"အို ... မင်း ဘာတွေပြောနေတာလဲ။ မင်း မသေပါဘူး။ မင်းကို ဗိုလ်ကြီးတို့ အမြန်ဆုံး စစ်ဆေးရုံကို ပို့ပေးမယ်"

ရဲဘော်စိုးမြင့်က ပြုံးသည်။ နွမ်းနယ်သည့် အပြုံးကလေးရယ်။

"ကျွန်တော်သိပါတယ် ဗိုလ်ကြီးရယ်။ ကျွန်တော် ကြာကြာမနေရတော့ပါဘူး။ ဒါ ... ဒါကြောင့် မိ .. မိကို ပြောပေးပါ ဗိုလ်ကြီးရယ်။ မိ မိကို နောက်ဆုံးထွက်သက်အထိ ချစ်လျက်ပါ ... လို့"

အသံ တဖြည်းဖြည်း တိမ်ဝင်သွား၏။ နောက် ... ဇက်ကလေး ကျိုးသွားသည်။

"စိုးမြင့် .. စိုးမြင့် .. ညီလေး"

တင်ထွန်းနိုင် အားပါးတရ ခေါ်သည်။

ထူးသံမကြားရ။

ဟုတ်သည်။

ရဲဘော်စိုးမြင့် ...

တိုင်းပြည်အတွက်၊ လူမျိုးအတွက် တိုင်းပြည်ရဲ့ ရန်သူ့ရဲ့ ခြင်္သေ့များကို တိုက်ခိုက်ရင်း ပြည်ချစ်သား တစ်ယောက် ကျဆုံးသွားပြီ။

ကောင်းကင်က ရှေကြယ်တစ်ပွင့် ကြွေသလို ...

စစ်မြေပြင်မှာ စစ်သားတစ်ယောက် ကျသွားပြီ။

အလေးပြုပါတယ် ... ရဲဘော်စိုးမြင့်ရယ် ...။

*(ရွှေလဆက်ရန်)*

---

ကျော်မြသန်း

---



www.burmeseclassic.com

www.burmeseclassic.com



# သက်သတ်လွတ်စားမလား

ညာဏ်လင်း

ကျွန်တော် သက်သတ်လွတ်မစားဖူးပါဘူး။ သက်သတ်လွတ်စားဖို့ အတွေးလည်း မရောက်ပါဘူး။ သက်သတ်လွတ်စားကောင်းရမှန်းလည်း မသိပါဘူး။ သက်သတ်လွတ်စားဖို့အတွက် ဘေးလူကလာပြီး တိုက်တွန်းခြင်းမရှိပါဘူး။ သက်သတ်လွတ်စားရင်ကောင်းတယ်၊ မကောင်းဘူး၊ ခွဲခွဲခြားခြား မသိပါဘူး။ အသိတွေက ကျွန်တော့်အတွေးအိမ်ထဲကို သတိပေးတာမျိုး မရှိပါဘူး။

ဒါကြောင့် . . .

www.burmeseclassic.com

www.burmeseclassic.com

(က)

ဖေဖေနှင့် မေမေတို့ကလည်း သက်သတ်လွတ်မစားပါဘူး။ သားသမီးတွေကို လည်း သက်သတ်လွတ်စားဖို့ မတိုက်တွန်းကြပါဘူး။ ဖေဖေနှင့်မေမေဟာ ဘုရား၊ တရား၊ သံဃာတော့ ကြည်ညိုကြပါရဲ့။ ဆွမ်းခံဦးပဥ္စင်းတော်တွေကိုတော့ တစ်ခါတစ်ရံမှာ ဆွမ်းလောင်းကြပါတယ်။ ပြီးတော့ နှစ်တိုင်းလိုလို ဝါဆိုလပြည့်နေ့တိုင်းမှာ ဘုန်းကြီးငါးပါးပင့်ပြီး နေ့ဆွမ်းကပ်တတ်ကြပါတယ်။

ဒါပေမယ့်လည်း . . .

သက်သတ်လွတ်ဟင်းတွေ ကပ်တာမတွေ့ဘူး။

(ခ)

သက်သတ်လွတ်စားတာ သွေးအားကောင်းတယ်၊ သန့်တယ်၊ အသားအရည်ကောင်းတယ်၊ ရုပ်နုတယ်၊ စိတ်ကြည်လင်တယ်၊ ကိုယ်ထဲမှာ အပုပ်နံ့တွေမရှိတော့ဘူး ရှင်းနေတာပဲ၊ သက်သတ်လွတ်ကိုစားနိုင်လေ ပိုကောင်းလေပဲ။

အဲဒါ . . စိတ်ဓာတ်ပြုပြင်ပြောင်းလဲခြင်းတစ်မျိုးပဲ မဟုတ်လား။

## နောက်ကြောင်းပြန်စာပိုဒ်(၁)

တချို့သူတွေက သက်သတ်လွတ်စားကြတာကို ကျွန်တော် ကြားရပါတယ်။ သိပ်ကောင်းတဲ့ အလုပ်တစ်ခုပါပဲ။ သက်သတ်လွတ်စားဖို့ဟာ သိပ်ခက်တဲ့အလုပ်ပါ။ တရားထိုင်ဖို့ဆိုတာလည်းပဲ အင်မတန်သိပ်ခက်ခဲ့အလုပ်တစ်ခုပါပဲ။ ဒါက . . ပါရမီဝါမှ လုပ်နိုင်တဲ့ထိုစ္စ။

ဒါပေမယ့်လည်း . . .

ယခုခေတ်မှာ သက်သတ်လွတ်စားတာရယ်၊ တရားရှုမှတ်တာလည်း တော်တော်တွေ့ရပါတယ်။ သတိပြုမိပါတယ်။

ဒါကတော့ စိတ်ဓာတ်ပြုပြင်ပြောင်းလဲခြင်း ပညာရပ်တစ်မျိုးပဲလို့ ပြောလို့ရပြီမဟုတ်ပါလား။

## နောက်ကြောင်းပြန်စာပိုဒ်(၂)

တချို့သူတွေမှာ လပြည့်၊ လကွယ်နေ့မှာ စားကြတယ်။ မွေးနေ့ပွဲမှာစားကြတယ်။ အလုပ်အကိုင်ကိစ္စမှာလည်း အဓိဋ္ဌာန်နှင့်စားကြတယ်။ အောင်မြင်ကြတယ်။ ကောင်းတဲ့သတင်း၊ မင်္ဂလာသတင်းပါပဲ။

ကုသိုလ်ယူတာဟာ ကောင်းတဲ့အလုပ်တစ်ခုပါ။ အကုသိုလ်တွေနည်းပါးသွားအောင် ဖယ်ချနေတာပဲမဟုတ်လား။

## နောက်ကြောင်းပြန်စာပိုဒ်(၃)

ကျွန်တော့် ကျောင်းနေဖက်သူငယ်ချင်း ကိုဝင်းဦးဟာ လူပျိုဘဝကနေ အခုမိန်းမနှင့် သားနှစ်ယောက်ဖခင်ကြီးဖြစ်နေတောင်မှ သက်သတ်လွတ်စားခြင်း နှလုံးသွင်းထားနေဆဲ။ ဘယ်လိုပွဲမျိုးပဲလာလာ၊ သူ့ရဲ့ သက်သတ်လွတ်စားနေခြင်းအလုပ်ကို မဖယ်ခဲ့ဘူး။ သူများတွေ ဘယ်လောက်ပဲ အားရပါးရစားနေကြပါစေ၊ သူကတော့ မတုန်မလှုပ်။ ပျဉ်းမငုတ်တိုလိုပါပဲ။ အပြုံးမပျက်၊ ဟိုကြည့် ဒီကြည့်။

သူငယ်ချင်းတွေက သူ့ကို စနောက်ခဲ့ရင် သူ့ရဲ့ချက်နှာက ပြုံးလို့၊ ဘယ်လောက်အားကောင်းနေတဲ့ သက်သတ်လွတ်စားခြင်းတရားရဲ့ တန်ဖိုးလည်းပဲ၊ တွေးသာကြည့်ပေတော့။ အဲဒါကြောင့် သက်သတ်လွတ်စားတာ အင်မတန်ကောင်းသောအလုပ်တစ်ခု။ ကုသိုလ်ကောင်းမှုရယူရန်ခက်သလို၊ အကုသိုလ်မျိုးရယူဖို့ရာတွင် အင်မတန်ပင် လွယ်ကူပါကြောင်း ကျွန်တော်လေ့လာတွေ့ရှိခဲ့ပါတယ်။

## နောက်ကြောင်းပြန် အပိုဒ်(၄)

ကျွန်တော် သ လျှင်ဖားအောက်ရိပ်သာမှာ တစ်လနှစ်လတော့ တရားဝင်လိုက်ပါပြီ။

လွန်ခဲ့တဲ့နှစ်ကပါ။

သက်သတ်လွတ်ကိုလည်းပဲ စားနိုင်ပါပြီ။ သက်သတ်လွတ်စားခြင်းအလုပ်ကိုလည်း ပျော်မွေ့ခဲ့ဖူးပါပြီ။ သက်သတ်လွတ်စားတာကို သဘောတွေ့ခဲ့ပါပြီ။ နှစ်သက်ခဲ့ပါပြီ။ သက်သတ်လွတ်စားတာ ကျန်းမာခြင်းအတွက် ကောင်းတာကို ကောင်းမွန်စွာ တွေ့ရပါတယ်။ ဒီသက်သတ်လွတ်စားတဲ့တရားရိပ်သာမှာလည်း တရားထိုင်ရတာ ကောင်းမွန်ပါတယ်။ တရားတက်ပါတယ်။ တရားလည်းရပါတယ်။

ကုသိုလ်ကောင်းမှုကို ယူနေတာကောင်းတဲ့လက္ခဏာလို့ ကျွန်တော်ခံယူခဲ့ပါတယ်။

သန်လျှင်ဖားအောက်တောရရိပ်သာရဲ့ ကျေးဇူးတရားလို့ ကျွန်တော်ဝမ်းသာကြည်နူးစွာနဲ့ ဂုဏ်ယူနေမိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်းမှန်ရင် တရားကို ရှာကြပါရဲ့

**နောက်ကြောင်းပြန်စာပိုဒ်(၅)**

တရားထိုင်ရတာ ကောင်းတယ်။

ဒီရိပ်သာဟာ အာနာပါနခေါ်တဲ့ ဝင်လေ၊ ထွက်လေကို ပုံမှန်နှလုံးသွင်းရှုရတဲ့ စနစ်တစ်ရပ်ပါ။

မြန်မြန်ရှုလုပ်လို့မရ၊ နှေးနှေးဖြစ်အောင် ရှုလုပ်လို့လည်း မဖြစ်ပြန်။

ခုနပြောသလို လေကို ပုံမှန်ရှုရတဲ့ အလုပ်။ ကမ္မဋ္ဌာန်းဆရာတော်က သင်ပေးလိုက်တာသမာဓိတည်အောင် ဂဏန်းရေတွက်တဲ့ နည်းနဲ့ (၁)ကနေ (၈)အထိ ရေတွက်ပြီးရင် "ငါ့စိတ်ဘယ်မှမထွက်ရ" ဆိုတဲ့ စကားအတိုင်း စိတ်ထဲကနေ ပြောပြီး အဓိဋ္ဌာန်လိုက်ပါ။ သမာဓိရလာမယ်။ ဝင်လေ၊ ထွက်လေလည်း ပုံမှန်ဖြစ်လာမယ်။ ခန္ဓာကိုယ်လည်း ငြိမ်မယ်။ စိတ်လည်း ငြိမ်လာပါမယ်။ ဘာစိတ်မှလည်း မဝင်လာတော့ဘူး။ အာနာပါနကိုပဲ နှလုံးသွင်းနေရော . . ။

ဒီလိုနဲ့ . .

အလင်းတွေ၊ နှာခေါင်းကနေ ဝင်လေ၊ ထွက်လေရှုသွင်းနေရင်း "လေ" ကြောင်းတွေဟာ "မီးခိုး"ရောင်လို၊ "ဆင်စွယ်" ရောင်လို မျက်စိမှာလာပြီး တွေ့ရမယ်။

ဒါက ဉာဏ်တက်နေတယ်မှတ်။

နောက်ကြောင်းပြန်စာပိုဒ် (သုည)

ကျွန်တော် အခုရေးနေတဲ့ "သက်သတ်လွတ်စားမလား"ဆောင်းပါးတို့ တစ်ပုဒ်ဟာ မော်လမြိုင်မြို့ (ပင်မ)မွန်ပြည်နယ်က အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရ ရိပ်သာမှာ ကျွန်တော် ရဟန်းဘဝနဲ့ ဆောင်းပါးတစ်ပုဒ်ကို စိတ်ကြည်စွာ၊ သတိကြီးစွာနဲ့ ကောင်းမွန်စွာ ရေးနေပါတယ်။

ဒီဖားအောက်တောရရိပ်သာမှာ ပြည်ပဆရာတော်၊ သံဃာတော်များ၊ သီလရှင်များလာပြီး သာသနာပြုနေကြတာကို ဦးဇင်း ဖူးတွေ့ရပါတယ်။

အံ့ဩလောက်ပါပေတယ်။

ဒီလိုရိပ်သာလို နိုင်ငံခြားဘုန်းကြီးတွေလာပြီး တရားအားထုတ်တာ အင်မတန် ဝမ်းသာပါတယ်။ ပီတိဖြစ်မိပါတယ်။ ဂုဏ်ယူမိပါတယ်။

ဒါက ဖားအောက်ဆရာတော်ဘုရားကြီးရဲ့ ဘုန်းကံ တန်ခိုးကြောင့်လို ပြောလို့ရပါတယ်။

သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့ ဦးဇင်းတို့ရဲ့ ဖားအောက်ဆရာတော်ဘုရားကို နိုင်ငံတကာက ကြည်ညိုခဲ့တာကို အင်မတန်မှ အားကျမိပါတယ်။ ဝမ်းမြောက်မိပါတယ်။

ဒါဟာ အတိတ်က အရိပ်။ ပါရမီ အခံလို့ ပြောလို့ရပါပြီ။ တကယ် သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံနေပြီလို့ ဦးဇင်း ခန့်မှန်းလို့ရပါပြီ။

ဆရာတော်ရဲ့ ဥပဓိရုပ်ကို ကြည့်ရုံနဲ့ ဒကာ၊ ဒကာမများက မကြည်ညိုဘဲ ဘယ်နေနိုင်ဘဲ နေနိုင်ပါ့မလဲ။

ဒီလိုရဖို့ဟာလည်း မလွယ်ဘူး။ တော်တော်ကြိုးစားရပါတယ်။

ဖားအောက်ရဲ့ အကျယ်အဝန်းဟာ ဧကတော်တော်များပါတယ်။

ဒါကြောင့် လှူရော၊ ဘုန်းကြီးရော ဆုံကြတယ်။ ကျောင်းဆောင်တွေကလည်း မနည်းလှပေ။

ဂျပန်၊ စင်ကာပူ၊ ကိုးရီးယား၊ ဗီယက်နမ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ မလေးရှား စသည့်နိုင်ငံခြားသား ဆရာတော်သံဃာတော်များ၊ သီလရှင်များ အားရပါးရလာရောက်တရားရှုမှတ်ပွားများကြပါတယ်။ ဖူးတွေ့ရပါတယ်။

ဦးဇင်းလည်း အံ့ဩစွာနဲ့ မမြင်ဘူး၊ မတွေ့ဘူးတဲ့အရာကို ဖူးတွေ့ရတော့ စိတ်ထဲမှာ တော်တော့်အားရ ဝမ်းမြောက်လှပါပြီ။

သူတော်ကောင်းမှန်ရင် တရားကို ရှာကြပါရဲ့။ ဖားအောက်ဆရာတော်ရဲ့ တရားခွေတွေဟာ နာရင်း နာရင်း ရင်ထဲကို စိမ့်ဝင်မဆုံးဘဲ အသိတရားတွေ၊ သတိပေးစကားတွေ အံ့မခန်းလှပါပေရယ်။


*ကျန်းမာချမ်းသာကြပါစေ . . .*

**ဉာဏ်လင်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကာတိုရာ ဆရာ

## ယိုး

( ယခင်လမှအဆက် )

တစ်နေ့သ၌ မောင်တိုသည် အိမ်နောက်ဘက်ဘေးရှိ ချောင်းဘက်သို့ယိမ်းနေသော ရဲယိုပင်ကြီးအား ဒေါက်များဖြင့်ထောက်ရန် ကြိုးစားနေလေ၏။ ကျွန်ုပ်က –

"မောင်တိုရယ် ... ဒီအပင်ကြီး လဲသွားလည်း ပြဿနာမရှိပါဘူးကွာ။ ဘာဖြစ်လို့ အပင်ပန်းခံနေရတာတုံး"

ဟု အပြစ်တင်သလိုပြောလိုက်ရာ မောင်တိုက –

"ဒီလိုရှိတယ် ဦးလေးရဲ့။ လူတစ်ယောက်ဟာ ခြေထောက်တစ်ဖက် နာနေတယ်ဆိုပါစို့။ သူဟာ ဒီအတိုင်းလမ်းလျှောက်ရင် ထော့နင်းထော့နင်းဖြစ်နေမယ်။ အကယ်၍သာ ချိုင်းထောက်နဲ့ လျှောက်မယ်ဆိုရင် သူ့ခြေထောက်လည်း အနာသက်သာမယ်။ ကြည့်ရတာလည်း သိပ်အရုပ်မဆိုးဘူးပေါ့ဗျာ။ အဲဒီလိုပါပဲ ကျွန်တော် ဒီရဲယိုပင်ကြီးကို ဒေါက်ထောက်တယ်ဆိုတာကလည်း ခြေထောက်နာနေလို့ လမ်းကောင်းကောင်းမလျှောက်နိုင်တဲ့သူတစ်ယောက်ကို ချိုင်းထောက်ဆင်ပေး လိုက်သလိုပါပဲ ဦးလေးရာ။ ဆိုလိုတာကတော့ဗျာ အားနည်းသူကို ဝိုင်းကူပေးတဲ့သဘောပေါ့"ဟု ရှင်းပြလေ၏။ ထိုအခါ ကျွန်ုပ်က မောင်တိုရယ် ... မင်းမိန်းမယူရင်တော့ကွာ အရုပ်ရှည်ရှည် မိန်းကလေးကိုရွေးပြီး ယူပေတော့"

ဟု ပြောလိုက်ရာ မောင်တိုက "ဘာဖြစ်လို့လဲ ဦးလေး"ဟု ပြန်၍ မေးလေ၏။

"ဒီလိုရှိတယ်ကွ။ မင်းက အရုပ်ပုတယ်။ ဒါပေမယ့် တုတ်ခိုင်တယ်။ သန်စွမ်းတယ်။ ကြံ့ခိုင်တယ်။ အဲဒီတော့ မင်းလိုလူမျိုးနဲ့ အရပ်ရှည်တဲ့ မိန်းကလေး ညားဖြစ်ရင် မင်းတို့ရဲ့ မျိုးဆက်လေးတွေက အရပ်မြင့်ပြီး ခန္ဓာကိုယ်တုတ်ခိုင်ဖွံ့ထွားတဲ့ ကလေးတွေဖြစ်လာမှာပဲလို့ တွေးမိလို့ပါကွာ။ ဆိုလိုတာကတော့ကွာ ခြေထောက်တစ်ဖက်နာနေလို့ လမ်းကောင်းကောင်းမလျှောက်နိုင်တဲ့သူကို ချိုင်းထောက်ဆင်ပေးလိုက်တဲ့သဘောပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်တိုက –

"မနောက်ပါနဲ့ဦးလေးရာ"

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း "မနောက်ပါဘူး မောင်တိုရာ" ဟု ပြန်၍ပြောလိုက်ရာ ကိုယ့်စကားကိုယ် သဘောကျပြီး နှစ်ယောက်သား အားရပါးရ ရယ်မောလိုက်ကြလေ၏။

ကျွန်ုပ်သည် စား၊ ဝတ်၊ နေရေး အတွက် သိပ်ပူပင်စရာ မရှိလှပေ။ ကျွန်ုပ်တွင် ဝင်ငွေအနေဖြင့် စာမူခရခြင်း၊ ဘဏ်တွင်အပ်နှံထားသောငွေမှ ပုံမှန်အတိုးရခြင်းအပြင် ပင်စင်လစာကလေးလည်းရှိသေးသဖြင့် ချို့ချို့တဲ့တဲ့ မရှိလှပေ။ သာမန်အချိန်ဆိုလျှင် အိမ်တွင် ကျွန်ုပ်နှင့် တပည့်ကျော် မောင်တိုသာရှိသဖြင့် ပျင်းရိငြီးငွေ့ဖွယ်ရာဟု ထင်ရသော်လည်း တကယ်တမ်းတွင်မူ ကျွန်ုပ်၏ပင်ကိုစိတ်မှာ ယခုကဲ့သို့ အေးအေးချမ်းချမ်းနေထိုင်လိုသူဖြစ်၍ အဆင်ပြေလှ၏။ တစ်ခါသော် ကျွန်ုပ်သည် အသားငါးများအား စားရသည်ကို ငြီးငွေ့သလိုဖြစ်လာသဖြင့် –

"မောင်တိုရေ ... ငါတော့ သက်သတ်လွတ်စားရရင် ကောင်းမလားတွေးမိတယ်ကွာ"

ဟု ပြောလိုက်ရာ မောင်တိုက "ကောင်းပါတယ် ဦးလေးရယ်။ ကျွန်တော်လည်း သက်သတ်လွတ်စားရတာကို အမြဲမဟုတ်သည့်တိုင် သဘောကျပါတယ်"

ဟု ပြောလေ၏။

"ဒါပေမယ့် သက်သတ်လွတ်စားတဲ့အတွက် ဘယ်လိုအကျိုးအာနိသင်တွေ ရှိတယ်ဆိုတာ ငါသေသေချာချာမသိဘူးကွ"

ဟု ပြောလိုက်ရာ မောင်တိုက



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးက အကျိုးလိုလို့ ညောင်ရေလောင်းဆိုသလို ဖြစ်မနေဘူးလား"

ဟု ပြန်၍မေးလေ၏။

"မင်းပဲ ငါ့ကို တစ်ခါပြောဖူးတယ်လေကွာ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်လို့ ပြောတာလေကွာ။ ကိုယ်လုပ်တဲ့အလုပ်တစ်ခုဟာ ကောင်းသလား၊ ဆိုးသလားဆိုတာလောက်တော့ သိထားရမယ်လေကွာ။ ဘာမှန်းမသိဘဲနဲ့တော့ မျက်ကန်းတစ္ဆေမကြောက်ဆိုသလိုတော့ မလုပ်နိုင်ဘူးကွ"

ဟု ပြောလိုက်ရာ –

"သေချာတာကတော့ သက်သတ်လွတ်စားခြင်းဖြင့် အချည်းနှီးတော့ မဖြစ်လောက်ပါဘူး ဦးလေးရာ။ ရိုးရိုးလေးတွေးကြည့်တာနဲ့တင် သိနိုင်ပါတယ်။ သူတစ်ပါးအသက်ကို မစားခြင်းဖြင့် အကုသိုလ်စိတ်ကင်းမယ်လေဗျာ။ ငါးဟင်းလေးစားချင်လိုက်တာလို့ ပြောလိုက်တာနဲ့ကို အပြစ်က ဖြစ်နေပြီလေ။ ကျွန်တော့်အမြင်ပြောရရင်တော့ ...သက်သတ်လွတ်စားတာ ကောင်းတယ်၊ အားပေးတယ်"

ဟု ပြောလေ၏။

"ကောင်းတာတော့ ဟုတ်ပြီကွ မောင်တိုရဲ့။ ငါက နေ့တိုင်းလည်း မစားနိုင်ဘူးဆိုတော့ ဘယ်လိုနေ့မျိုးကို စားရင်ကောင်းမလဲ အရင်စဉ်းစားရမယ်ကွ။ မွေးနေ့စားရင် ကောင်းမလား"

ဟု တိုင်ပင်ရာ –

"မွေးနေ့တော့ မစားပါနဲ့ ဦးလေးရာ။ ဦးလေးက တနင်္ဂနွေသားဆိုတော့ တနင်္ဂနွေနေ့ သက်သတ်လွတ်စားရင် ဦးလေးညှော်သည့်တွေက များသောအားဖြင့် တနင်္ဂနွေနေ့ လာတတ်တာများတယ်မဟုတ်လား။ ကျွန်တော်က ပြဿနာမရှိပေမယ့် တချို့တွေက သက်သတ်လွတ်မကြိုက်ကြဘူးလေ။ ဒီအခါကျတော့ နှစ်ခါချက်ကျွေးနေရမယ်။ ဒါဆို ကိုယ်လည်းအဆင်မပြေဘူး၊ သူလည်း အလုပ်မဖြစ်ဘူး။ အဲဒီတော့ ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာဖြစ်အောင် ဥပုသ်နေ့လိုဟာမျိုး စားပေါ့။ ဥပုသ်စောင့်ရင်းနဲ့ သက်သတ်လွတ်စားတော့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဖြစ်တာပေါ့"

ဟု အကြံပေးရာ ကျွန်ုပ်ကလည်း လျော်ကန်သင့်မြတ်သဖြင့် လက်ခံလိုက်လေ၏။ မောင်တိုသည် ထိုအချိန်မှစ၍ ဥပုသ်နေ့ သက်သတ်လွတ်ရက်များအား ပြက္ခဒိန်တွင် မင်ဖြင့်ဝိုင်းကာ မှတ်သားထားလေတော့၏။ ထို့အပြင် ဥပုသ်နေ့များတွင် ချက်မည့်ဟင်းလျာများစာရင်းအား သူ့နေ့နှင့်သူ ခွဲခြား၍ ကတ်ပြားတစ်ခုတွင် ခုနစ်ရက်စာရေးသားကာ မီးဖိုချောင်နံရံတွင်ကပ်ထားလေ၏။ ကျွန်ုပ်က

"မောင်တိုရေ ... မင်းက ဒီအတိုင်းချက်မယ်ဆိုတော့ကွာ အပြောင်းအလဲမရှိတော့ဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ မောင်တိုက –

ဒီလိုရှိတယ် ဦးလေးရဲ့။ အလုပ်တစ်ခုလုပ်တယ်ဆိုတာ ရည်ရွယ်ချက်၊ ဦးတည်ချက်ရှိရတယ်။ ကြီးကြီးကျယ်ကျယ်ပြောရရင်တော့ စီမံကိန်းရှိရတယ်ပေါ့ဗျာ။ ရည်ရွယ်ချက်၊ ဦးတည်ချက်မရှိတဲ့ အလုပ်တစ်ခုဟာ ယောင်ဝါးဝါးနဲ့ မရေမရာဖြစ်နေတတ်တယ်ဗျ။ အပြောင်းအလဲမရှိတော့ဘူးလားဆိုတဲ့ နေရာမှာတော့ အပြောင်းအလဲဆိုတာ ရှိနိုင်တာပေါ့။ ဥပမာ ဆိုပါတော့ ဦးလေးရာ။ ကျွန်တော်သာ စီမံချက်ချမထားဘူးဆိုရင် တစ်နေ့တည်းမှာ ပဲပြုတ်နဲ့ မျှစ်ကြော်ရယ်၊ ပဲပင်ပေါက်နဲ့ ပဲပြားကြော်ရယ်၊ ပဲဟင်းချိုရယ်၊ ပဲငါးပိကြော်ရယ် ဆိုတာမျိုးဖြစ်သွားနိုင်တာပေါ့။ အခုလို ကြိုပြီးစီစဉ်တဲ့အခါကျတော့ အဲဒီလိုမှားယွင်းမှုမျိုး မဖြစ်နိုင်တော့ဘူး။ အဲဒီအပေါ်မှာ အခြေအနေနဲ့ အချိန်အခါအရ ပြောင်းလဲမှုအနည်းငယ်တော့ ရှိနိုင်တယ်။ ရာသီအလိုက် ရာသီစာလေးတွေနဲ့ ပြောင်းလဲအစားထိုးတာမျိုး ဆိုပါတော့"

ဟု ရှင်းပြရာ –

"မင်းကတော့ တတ်လည်းတတ်နိုင်ပါပေတယ် မောင်တိုရယ်"

ဟု ကျွန်ုပ်က ချီးမွမ်းလိုက်ရာ "ဂမ္ဘီရဝွစာ တပည့်လေဗျာ" ဟု ပြန်၍ပြောလေ၏။

ကျွန်ုပ်သည် ရေးသားပြီးသားစာမူများအား လွယ်အိတ်ထဲထည့်ကာ မြို့ထဲသို့ထွက်ခဲ့လေ၏။ ကျွန်ုပ်စီးသောကားသည် ကုန်သည်လမ်းပေါ်ရှိ ပန်းဆိုးတန်းမှတ်တိုင်တွင် ရပ်လေ၏။ ကျွန်ုပ်သည် ၃၈ လမ်းရှိ ဖိုက်စတားကွန်ပျူတာဆိုင်တွင် အထိုင်ချတတ်သော အောင်မင်း(ဒလ)ဆိုသော သတင်းထောက် စာရေးဆရာအား တွေ့လိုတွေငြား သွားရောက်ရှာဖွေကြည့်ရာ ဆိုင်ရှေ့တွင် သူ၏စက်ဘီးကိုတွေ့သဖြင့် ကျွန်ုပ်သည် အားတက်သွားပြီး ဆိုင်ထဲသို့ဝင်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာကောင်လေး၏ ဘေးတွင် ထိုင်ကာ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားဟု ရပ်တည်ကြီးနှင့် ညွှန်ကြားချက်တွေလွှတ်နေသော သူ့အားတွေ့သဖြင့် –

"ဟော့ . . . ရှောင်ကွင်းမရတဲ့ အောင်မင်း(ဒလ)ကြီး"

ဟု နှုတ်ဆက်လိုက်ရာ အောင်မင်း(ဒလ)က သူ၏မျက်မှန်အထူကြီး ပေါ်မှ ကျော်၍ကြည့်ကာ –

"အလွှာနေနိုး၊ ပကာသနဂိုးဆိုတဲ့ စာရေးဆရာ ယိုးပါလား"

ဟု ပြန်၍နှုတ်ဆက်လေ၏။ သူ၏ဘေးတွင် နီးခမောက်ကြီးတစ်လုံးကို ဆောင်းကာ လွယ်အိတ်ကြီးတစ်လုံးကိုလွယ်ထားသော လူတစ်ယောက်ကိုလည်း တွေ့ရ၏။ သူ၏မိတ်ဆက်ပေးမှုကြောင့် လွမ်းသျှင်နောင်(မဟာသာရွှာ)ဆိုသော စာရေးဆရာမှန်းသိလိုက်ရ၏။

"သူက တောမှာနေတာဗျ။ လယ်လုပ်နေတာ အခု လယ်ထဲက တက်လာတာ။ စာတိုင်ညီလက်သစ်ပေါ့ဗျာ"

ဟု ပြောလေ၏။

"ကောင်းတာပေါ့ဗျာ။ ရှေးခေတ်က စာဆိုရှင်တွေက တောမှာနေကြတာများပါတယ်။ ဥပမာ . . . ဘိုကလေးဦးသက်ရှည်တို့၊ မော်ဝီဆရာသိန်းကြီးတို့လိုပေါ့ဗျာ။ နောက်ပြီး ရှင်မဟာရဋ္ဌသာရတို့၊ ရှင်မဟာသီလဝံသတို့ဆိုတဲ့ ပုဂ္ဂိုလ်တွေလည်း သူ့ကျောင်းသူနေပြီး စာရေးကြတာပါပဲ။ အဓိကကတော့ဗျာ စာရေးနေရင် စာရေးဆရာပါပဲ။ မဂ္ဂဇင်းထဲပါတာ၊ မပါတာကတော့ အယ်ဒီတာဆရာတွေရဲ့ အလုပ်ပေါ့။ ရှေးခေတ်က စာရေးဆရာကြီးတွေလည်း ဘယ်မဂ္ဂဇင်းထဲမှာမှ ပါဖူးတယ်လို့ မရှိပါဘူး။ နောက် ထင်ပေါ်လာတော့လည်း ငါတော်က ကောက်တာပါပဲ"

ဟု ကျွန်ုပ်က ဆရာကြီးလယ်တွင်းသောစော့ချစ် ပြောဖူးသော စကားလေးတစ်ခွန်းအား ကိုးကား၍ ပြောလိုက်ရာ –

"ဆရာနဲ့တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

ဟုလည်း နှုတ်မှဖွင့်ဟပြောရှာလေ၏။ ထို့နောက် ကျွန်ုပ်တို့အား လက်ဖက်ရည်တိုက်ပါရစေဟုဆိုကာ အနီးရှိ လက်ဖက်ရည်ဆိုင်တွင် ဧည့်ခံလေ၏။ သူ၏လွယ်အိတ်ကြီးထဲမှ သူ့စာမူပါဖူးသော မဂ္ဂဇင်းများအား ထုတ်ပြကာ ကျွန်တော့်လက်ရာလေးတွေကိုလည်း ဝေဖန်ပေးပါဦးဗျာ"

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း ယူကြည့်ကာ

"ကောင်းပါတယ်၊ ဆက်ကြိုးစားပါ"

ဟု ပြောရ၏။ ကျွန်ုပ်တို့သည် စကားတွေ ဖောင်လောက်ပြောဆို၊ ဧည့်ခံသော လက်ဖက်ရည်နှင့် မုန့်များအားလည်း စားသောက်ပြီးဖြစ်ရာ လွမ်းရှင်နောင်အားလည်း နောက်နောင်ကြုံလျှင် ကျွန်ုပ်၏အိမ်သို့ ဝင်ထွက်သွားလာနိုင်ကြောင်း၊ လိုအပ်သည့်အကူအညီများရှိပါကလည်း မိမိတတ်နိုင်လျှင် ပေးပါမည့်အကြောင်းများပြောကာ လမ်းခွဲခဲ့လေ၏။ စာမူအသစ်များပေးခြင်း၊ ပါပြီးသားစာမူအား စာမူခထုတ်ခြင်းကိစ္စတို့အားလုံး လုပ်ဆောင်ပြီးနောက် ကျွန်ုပ်သည် ဘတ်(စ်)ကားစီး၍ အိမ်သို့ပြန်ခဲ့လေ၏။ ကျွန်ုပ်အိမ်မှာ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်အတွင်း၌ ရှိသည်ဖြစ်ရာ ဆူးလေကားမှတ်တိုင်မှ ခေမာသီ (၄၃)ဘတ်(စ်)ကား စီး၍လည်းကောင်း၊ မင်္ဂလာဒုံကားများစီး၍ (၁၀)မိုင်ကုန်းမှတ်တိုင်တွင်ဆင်းကာ လေဆိပ်ကားလေးများ တစ်ဆင့်ဆက်စီး၍လည်းကောင်း သွားနိုင်ပေ၏။ မည်သည့်ဘက်မှသွားသွား အိမ်သို့ရောက်အောင် မိနစ် ၂၀ မှ နာရီဝက်အနည်းဆုံး လမ်းလျှောက်မှ အိမ်သို့ရောက်မည်ဖြစ်၏။ ကျွန်ုပ်အနေဖြင့်မူ တမင်တကာလမ်းမလျှောက်ဖြစ်သဖြင့် တစ်ကြောင်း၊ ဆိုင်ကယ်ကယ်ရီ၊ သို့မဟုတ် ဆိုက်ကားခသက်သာစေရန်အတွက်လည်းကောင်း လမ်းလျှောက်၍သာ ပြန်ဖြစ်၏။ ထို့ကြောင့် ဆိုးကျိုးအနေဖြင့် ကားစီးချိန်တစ်နာရီကြာလျှင် လမ်းလျှောက်ချိန် နောက်ထပ်နာရီဝက်နီးပါးမျှ ကိုယ်ပိုင်အချိန်ထဲက ထပ်၍ပေးရ၏။ ကောင်းကျိုးအနေဖြင့်မူ ကျွန်ုပ်တွင် အချိန်နှင့်အမျှ အရေးတကြီးလုပ်စရာဟူ၍ ဘာမျှမရှိသည်ဖြစ်ရာ လမ်းလျှောက်ခြင်းသည် ကျန်းမာခြင်းနှင့်ညီညွတ်သည် ဆိုသည့်အတိုင်း ကျန်းမာရေးနှင့်လည်း ညီညွတ်၊ ပိုက်ဆံကုန်လည်းသက်သာ မြားတစ်စင်းနှင့် ငှက်နှစ်ကောင်ပစ်သကဲ့သို့ ဖြစ်၏။ ကျွန်ုပ်သည် ကားပေါ်မှဆင်းလိုက်သည်နှင့် ဆိုင်ကယ်စီးမလား၊ ဆိုက်ကားရတယ်ဆိုသော အသံများအား မိမိနှင့် ဘာမျှမပတ်သက်သလို ဥပေက္ခာပြုကာ ခေါင်းငိုက်စိုက်ချကာ လမ်းလျှောက်၍ပြန်လာခဲ့၏။ ကျွန်ုပ် အတန်ငယ် ခရီး



www.burmeseclassic.com

www.burmeseclassic.com

ပေါက်သောအခါ ကျွန်ုပ်၏နောက်မှ ဆိုက်ကားတစ်စီး၏ အဆက်မပြတ်တီးလာသော ဘဲသံကို ကြားရသဖြင့် ဘေးသို့ရှောင်ပေးလိုက်ရ၏။ ရှောင်ပေးသည့်တိုင် ဆိုက်ကားဘဲသံက ရပ်မသွားဘဲ ကျွန်ုပ်ဘက်သို့ လိုက်လာသံကိုကြားရသဖြင့် ကျွန်ုပ်သည် စိတ်တိုသွားသော်လည်း ဆိုက်ကားသမားနှင့် ဖက်၍မဖြစ်ချင်သဖြင့် ကပ်နိုင်သမျှကပ်၍ ရှောင်ပေးလိုက်သော်လည်း ကျွန်ုပ်နှင့် ထိလုနီးပါးအထိ ပွတ်၍ဆွဲသွားသော ဆိုက်ကားသမားအား –

"ဟေ့ကောင် ... မင်းလူပါးဝလှချည်လားကွ"

ဟု မေးလိုက်ရာ –

"လာပါ၊ လူပါးဝတာတွေ ဘာတွေ ပြောမနေပါနဲ့။ ဆိုက်ကားပေါ်တက်မှာသာတက်စမ်းပါ စာရေးဆရာရယ်"

ဆိုသော အသံကြားမှ ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုကြွေသီးမှန်း သိလိုက်ရပေ၏။

"ခင်ဗျားဗျာ တော်တော်ဆိုးတဲ့လူပဲ"

ဟု ကျွန်ုပ်က အပြစ်တင်စကားပြောလိုက်ရာ ကိုကြွေသီးက –

"စာရေးဆရာလည်း ဆိုးတာပါပဲ။ ဒီလောက်ဘဲတီးနေတာတောင် တစ်ချက်မော့မကြည့်ဘူး"

ဟု အပြစ်တင်လေ၏။

"ကျုပ်က လမ်းလျှောက်ပြန်မယ် စိတ်ကူးထားတာဗျ။ တကူးတကမဟုတ်ဘဲ တမင်တကာလည်း လမ်းမလျှောက်ဖြစ်တော့လေ"

ဟု ပြောလိုက်ရာ "ဆိုက်ကားခလည်း အကုန်သက်သာဆိုပါတော့"

ဟု ကိုကြွေသီးက ရီသဲ့သဲ့ပြောလိုက်ရာ –

"ဒါလည်း တစ်ကြောင်းပေါ့ ကိုကြွေသီးရာ။ ဒါနဲ့နေပါဦး၊ ခင်ဗျားဒီနေ့ တော်တော်ရော နေ့တွက်ကိုက်ရဲ့လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ –

"မဆိုးပါဘူး စာရေးဆရာရယ်။ ရာသုံးလေးဆယ်လောက်တော့ ရပါပြီ"

ဟု ပြန်၍ပြောလေ၏။

"ဘာလဲဗျ ... ကိုကြွေသီးရ၊ ရာသုံးလေးဆယ်ဆိုတာ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုကြွေသီးက –

"စာရေးဆရာတို့က ဂဏန်းကိုတောင် မျက်နှာကြီးရာ ဟင်းဖတ်ပါ မလုပ်စမ်းပါနဲ့ဗျ။ ဒီမှာကျုပ်ပြောမယ် စာရေးဆရာ ခုနေတဲ့ခြံဝယ်တုန်းက ဘယ်လောက်ပေးရလဲ ပြောစမ်းပါဦး"

"သိန်း သုံးလေးဆယ်ပေါ့"

ဟု ကျွန်ုပ်ကပြောလိုက်ရာ

"အဲဒီလိုမပြောဘဲ သုံးလေးသန်းလို့ပြောရင် မရဘူးလား"

"ရပါတယ် ကိုကြွေသီးရဲ့၊ ဒါပေမယ့် ..."

"ရရင် ဘာလို့မပြောဘဲ သိန်းသုံးလေးဆယ်လို့ပြောလဲ။ လူတွေက များတာကို ကြိုက်တယ်ထင်တယ်။ ဒါကြောင့် ကျုပ်လည်း သုံးလေးထောင်လို့မပြောဘဲ ရာသုံးလေးဆယ်လို့ ပြောလိုက်တာ"

ဟု ဂွတီးဂွကျ ရှင်းပြလေ၏။ ကျွန်ုပ်သည် ကိုကြွေသီးနှင့်တွေ့တိုင်း ယခုကဲ့သို့ ဂွတီးဂွကျစကားများ ကြားနေကျဖြစ်ရာ မဆန်းတော့ချေ။

"ဟုတ်ပါပြီ ကိုကြွေသီးရယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်ဗျ။ လူတွေက သူတို့ပြောသလို လိုက်မပြောရင်၊ သူတို့လုပ်သလိုလိုက်မလုပ်ရင် လူ့ဂွစာလို့ပြောတတ်ကြတာ ခင်ဗျားလည်းအသိပဲ မဟုတ်လား ကိုကြွေသီးရ"

ဟု ကျွန်ုပ်က ရှင်းပြရာ ကိုကြွေသီးက –

"နိုးပါ နိုးပါ။ ကြွေသီးတို့ကတော့ ဂွစာပဲပြောပြော၊ အရူးပဲ ခေါ်ခေါ် လုံးဝဂရုမစိုက်။ မစိုက်ရေးချမစိုက် ... ဟိုက် ... ပိုက်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် စကားလမ်းကြောင်းပြောင်းဖို့ လို[illegible]လာပြီဖြစ်၏။ ထို့ကြောင့် –

"ဒီမှာကိုကြွေသီးရဲ့။ ခင်ဗျားနဲ့ ရန်ဖြစ်တဲ့ မပိုက်တင်ဆိုတဲ့ အမျိုးသမီးနဲ့ အဆင်ပြေသွားပြီလား"

ဟု မေးလိုက်ရ၏။

"ဘယ့်နှယ် အဆင်ပြေရမှာလဲ စာရေးဆရာရယ်။ ဝေးပါသေးတယ်"

ဟု ပြန်၍ပြောလေ၏။

"အဲဒါခက်တာပဲ ကိုကြွေသီးရယ်။ ခင်ဗျားက မိန်းမတွေအကြောင်း မသိသေးပဲကိုဗျ။ မိန်းမဆိုတာ မာယာများတဲ့အမျိုးဗျ။ သူ့ရင်ထဲမှာ ဘာပဲရှိနေရှိနေ ဖော်ထုတ်တဲ့နေရာမှာတော့ ဆန့်ကျင်ဘက်လည်း ဖော်ထုတ်တတ်တယ်ဗျ။ မပိုက်တင်ဆိုတဲ့မိန်းမတော့ ခုလောက်ဆို ခင်ဗျားကို သနားချစ်လေးနဲ့ ချစ်နေလောက်ပြီ ကိုကြွေသီးရေ"

ဟု ပြောလိုက်ရာ –

"စာရေးဆရာ ကျုပ်ကို ဒ[illegible] ပေးမလို့တော့ မဟုတ်ပါဘူး[illegible]"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။

"ဘယ့်နှယ် ... ဒုက္ခပေးရမလဲ ကိုကြွေသီးရယ်။ သုခပါဗျ။ တလွဲမတွေးစမ်းပါနဲ့ ဂွစာဖြစ်တတ်တယ်။ မပိုက်တင်ဆိုတဲ့ အမျိုးသမီးတော့ ခင်ဗျားကို နှစ်ပြားမတန်အောင် ပြောဆိုပြီးတော့ ညလည်းရောက်ရော ခင်ဗျားအကြောင်းကိုတွေးပြီး စိတ်မကောင်းတွေဖြစ်နေမှာဗျ။ ပြီးတော့ ခင်ဗျားကို သနားနေမှာ။ သူ့ခမျာ ငါပြောလိုက်တာ တော်တော်ရှက်သွားမှာပဲဆိုပြီး မျက်ရည်များတောင် ကျမိမလားပဲ။ ဒီကြားထဲ ခင်ဗျားကလည်း ပျောက်ချက်သား ကောင်းနေပြန်ဆိုတော့ သူငါ့ကို စိတ်များနာသွားပြီလား ဆိုပြီးတော့ တွေးနေလောက်တယ်ဗျ ကိုကြွေသီးရဲ့"

"အဲဒီတော့ ကျုပ်က ဘာလုပ်ရမှာလဲဗျ စာရေးဆရာရဲ့"

ဟုမေးရာ –

"ဘာလုပ်ရမလဲဗျ ...၊ သွားတောင်းပန်ရမှာပေါ့။ ဖဲတောင်းပန်တဲ့နေရာမှာလည်း မျက်နှာငယ်လေးနဲ့သွားရမှာ။ တကယ်ကို စိတ်ထိခိုက်ကြေကွဲနေတဲ့ ပုံစံနဲ့သွားရမှာ။ ဖြစ်နိုင်ရင် လူရှင်းချိန်မှာသွားရင် ပိုကောင်းတယ်။ ဒါမှ ကိုယ်ပြောချင်တဲ့ စကားလည်း လွတ်လွတ်လပ်လပ် ပြောလို့ရမယ်။ သူကလည်း ခင်ဗျားပြောတဲ့စကားကို အေးအေးဆေးဆေး နားထောင်ချိန်ရမယ်။ အဆင်ပြေရင်ဗျာ သူကြိုက်တတ်မယ်ထင်တာလေးကို လက်ဆောင်အဖြစ် ပေးနိုင်ရင် ပိုကောင်းတယ်ဗျ"

ဟု ပြောလိုက်ရာ –

"ဘာပေးရမှာတုံး စာရေးဆရာရဲ့။ သူဘာကြိုက်တယ်ဆိုတာ ကျွန်တော်မှမသိတာ"

ဟုပြောရာ –

"အဲဒါကတော့ဗျာ ... ကျုပ်လည်းဘယ်သိမလဲ။ အမျိုးသမီးအားလုံးကို ကိုယ်စားပြုတဲ့ သနပ်ခါးတုံးလိုဟာမျိုးပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုကြွေသီးက "ဟုတ်ပါ့မလား ... မောင်ကာဠုရယ်"ဟု ဗကာဘိုးဘိုးကြီးလေသံနှင့်ပြောလိုက်ရာ ကျွန်ုပ်ကလည်း "ဟင် ... ဒီထက်ဟုတ်သေး" ဟု ကာဠုဒါယီအမတ်လေသံနှင့် ပြန်၍ပြောလိုက်ရာ နှစ်ဦးစလုံး ရယ်မောကြရ၏။ ထို့နောက် ကိုကြွေသီးက ဆက်၍ –

"ကျုပ်က ကြောက်တယ်ဗျ စာရေးဆရာရဲ့"

ဟု ပြောပြန်လေ၏။

"ကြောက်တယ်ဆိုတာ ကျရှုံးခြင်းပဲဗျ ကိုကြွေသီးရ။ ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်ဆိုတဲ့ စကားပုံ လည်းရှိသားနဲ့ဗျာ။ လုပ်စမ်းပါကိုယ့်လူရဲ့"

ဟုမြှောက်ပေးလိုက်ရာ ကိုကြွေသီးက "ဖြစ်ချင်ရာဖြစ် ချမယ်ဗျာ"ဟု ရင်ခေါင်းသံကြီးနှင့် ပြန်၍ပြောလေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် စကားတပြောပြောနှင့် လာခဲ့သည်ဖြစ်ရာ အတက်လမ်းများကိုလည်းကောင်း၊ ကျင်းချိုင့်များကိုလည်းကောင်း သတိမထားမိဘဲ ကျွန်ုပ်၏အိမ်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပေ၏။

ကျွန်ုပ် ပြန်ရောက်သည်နှင့် မောင်တိုက ကျွန်ုပ်အား ရေတစ်ခွက်ခပ်ပေးရင်း "ဦးလေးကို တစ်ခုလောက်မေးချင်လို့"ဟုဆိုကာ –

"လက်ဖက်ကောင်း စားချင်ရင် ပလောင်တောင်တက်နေ့ရမယ်ဆိုတဲ့ စကားပုံကို ကျွန်တော်နားမလည်လို့ ရှင်းပြပါ"

ဟုဆိုလေ၏။

"ဒီလိုရှိတယ် မောင်တိုရေ ..။ တကယ်က စကားပုံအမှန်က လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေ့ရမယ် မဟုတ်ဘူးကွ။ မဟုတ်ရတဲ့အကြောင်းရင်းကို အရင်ရှင်းပြရရင် တို့တိုင်းရင်းသားတွေဟာ ဗမာစကားပြောရင် ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်ပုံစံနဲ့ ဝဲကြတယ်ဆိုတာက စတယ်ကွ။ မင်းအနေနဲ့ ကရင်စကားဝဲတာကို ကြားဖူးလိမ့်မယ်။ ချင်စကားဝဲတာကိုလည်း ရုပ်ရှင်တွေထဲမှာ သက်မွန်မြင့် စကားပြောတာကို ကြားဖူးလိမ့်မယ်။ ဒီလိုပဲ မွန်ထဲကဆိုရင်လည်း နန္ဒာလှိုင် စကားဝဲတာကို ကြားဖူးမယ်။ စကားဝဲတာချင်းအတူတူ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး မတူဘူးကွ။ အဲဒီအထဲမှာ ပလောင်လူမျိုးတွေ စကားဝဲတာက နည်းနည်းထူးဆန်းတယ်။ သူတို့က ဗမာစကားပြောရင် ဝစ်စပေါက်ပါရမယ့်စကားကို မပါဘဲ ဝစ်စပေါက်မပါရမယ့်စကားကိုကျတော့ ဝစ်စပေါက်ပါနေတတ်တယ်။ ဥပမာ ဘောလုံးပွဲတွေမှာ လူစားလဲရင် 'ကြိုပြော'ဆိုတဲ့စကားကို သူတို့က လူစားလဲရင် 'ကြိုးပြော်'လို့ ပြောတတ်တယ် ...။ 'သမိုင်းတွင်ထင်ရှားသာ ပုဂ္ဂိုလ်များ' ဆိုတဲ့ စကားကိုကျတော့' သမိုင်းတွင်ထင်းရှာသောပုဂ္ဂိုလ်များ'လို့ ပြောတတ်ကြတယ်ကွ။ အဲဒီတော့ 'လက်ဖက်ကောင်းစားချင်ရင် ပလောင်



www.burmeseclassic.com

www.burmeseclassic.com

တောင်တက်နေရမယ်'ဆိုတဲ့ စကားက ပလောင်လူမျိုးတွေ စကားဝဲလို့ ထွက်တဲ့အသံသာဖြစ်တယ်။ တကယ်က 'လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေရမယ်'လို့ ပြောတာဖြစ်တယ်။ ပလောင်လူမျိုးဆိုတာက တောင်ပေါ်မှာနေတဲ့လူမျိုး။ သူတို့ရဲ့ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းက လက်ဖက်စိုက်ပျိုးခြင်းနဲ့ အသက်မွေးကြတယ်။ ဆိုလိုတာက ပလောင်လူမျိုးတွေ တောင်ပေါ်မှာနေနေသမျှ ကာလပတ်လုံး လက်ဖက်ကောင်းစားနေရမှာပဲလို့ ဆိုလိုတာဖြစ်တယ်ကွ မောင်တိုရ"

ဟု ရှင်းပြလိုက်ရာ မောင်တိုက

"ဟုတ်ရဲ့လား ဦးလေးရယ်"

ဟု ပြန်၍မေးလေ၏။ ကျွန်ုပ်က

"ဟုတ်လိုက်သမှ ဟုတ် ဟုတ်နဲ့ တောင်နေသေး"

ဟု ပြောလိုက်ရာ မောင်တိုက

"ကျွန်တော်ကလည်း ယုံလိုက်သမှ ယုံယုံနဲ့တောင် နေသေး"

ဟု ပြန်၍ပြောလေ၏။

◆◆◆

ကျွန်ုပ်သည် စာရေးရန်အတွက် အထောက်အထားအလို့ငှာ သက်ဆိုင်ရာစာအုပ်များအား လှန်လှောရှာဖွေလျက်ရှိ၏။ ကျွန်ုပ်ဘေးပတ်ပတ်လည်တွင် စာအုပ်များ ကျဲပြန့်လျက်ရှိရာ နောက်ဆုံးကျမှ စာအုပ်ငယ်လေးတစ်အုပ်ထဲမှ ကျွန်ုပ်လိုချင်သော အကြောင်းအရာကို တွေ့ရလေ၏။ ကျွန်ုပ်သည် ထိုစာအုပ်ငယ်လေးထဲမှ ကျွန်ုပ်လိုချင်သော အကြောင်းအရာများအား ဘောလ်ပင်ဖြင့် မျဉ်းသား၍ ထားလေ၏။ ထို့နောက် ကျွန်ုပ်လိုချင်သော စာမျက်နှာများအား ထောင့်မှခေါက်ကာ စာအုပ်ကိုပြန်ပိတ်လိုက်ပြီး နောက် ပြန့်ကျဲနေသော စာအုပ်များအား သိမ်းဆည်းရန်ပြင်ရ၏။ မောင်တိုသည် ဈေးမှပြန်လာစဉ် ကျွန်ုပ်အား စာအုပ်ပုံကြားထဲတွင် မြုပ်နေလေရာ

"ဘယ့်နှယ်ဖြစ်ရတာလဲ ဦးလေးရာ။ စာအုပ်တွေကလည်း ပြန့်ကျဲလို့ပါလား"

ဟု အပြစ်တင်သလို ဆီး၍ပြောလေ၏။

"ငါလိုချင်တဲ့ အကြောင်းအရာလေးတစ်ခု ရှာတာပါကွာ။ ခုတော့ တွေ့ပါပြီ။ စာအုပ်တွေလည်း ပြန်သိမ်းတော့မလို့ပါပဲ"

ဟု ပြန်၍ပြောလိုက်ရ၏။ ထိုအခါ မောင်တိုက –

"ဦးလေးတို့ စာရေးဆရာတွေ အလုပ်ကလည်း မလွယ်ပါလားနော်"

ဟု ပြောလေ၏။

"ဒီလိုပေါ့ မောင်တိုရာ။ ဘယ်အလုပ်မျိုးမဆို ကြိုးစားအားထုတ်မှုဆိုတာတော့ ရှိရမှာပေါ့။ တို့စာရေးဆရာတွေမှာက စု၊ တု၊ ပြု ဆိုတာ ရှိတယ်ကွ။ စုဆိုတာက အရင်ဆုံး စုရမယ်။ ဗဟုသုတတွေကို အရင်ရှာဖွေသိမ်းရမယ်။ ဥပမာကွာ ‥ တောင်သူလယ်သမားတွေအကြောင်း ဝတ္ထုတစ်ပုဒ်ရေးမယ် ဆိုပါတော့။ တောင်သူလယ်သမားတွေရဲ့ဘဝကို ဂဃနဏမသိဘဲနဲ့ သွားရေးရင် ဘယ်လိုလုပ် ရသမြောက်တဲ့စာတစ်ပုဒ် ဖြစ်ပါ့မလဲ။ အဲဒီတော့ တောင်သူလယ်သမားတွေအကြောင်းကို သိအောင်လုပ်ရမယ်။ သိအောင်လုပ်တဲ့နေရာမှာ အကြား၊ အမြင်၊ အသိဆိုတဲ့ နည်းသုံးနည်းနဲ့ ကြိုးစားရတယ်ကွ။ အကြားဆိုတာက သူများပြောပြတာကို မှတ်သားပြီး သိအောင်လုပ်တဲ့နည်း။ အမြင်ဆိုတာက ကိုယ်တိုင် လယ်ကွင်းတွေထဲကိုဆင်းပြီး တောင်သူလယ်သမားတွေရဲ့ လက်တွေ့ဘဝထဲကို ဝင်ကြည့်ပြီး သိအောင်လုပ်တဲ့နည်း။ နောက်အသိဆိုတာကတော့ စာအုပ်စာပေတွေထဲကနေ အသိပညာရှာဖွေယူတဲ့နည်းဆိုပြီး ရှိတယ်ကွ။ အကြောင်းအရာတစ်ခုခုကို လေ့လာပြီဆိုရင် အဲဒီနည်းသုံးနည်းထဲက အနည်းဆုံး နှစ်နည်းလောက်ကတော့ သုံးရတယ်ကွ။ တုဆိုတာကျတော့ အတုယူရမယ်လို့ ဆိုလိုတာ။ အတုယူတယ်ဆိုတဲ့နေရာမှာ ခိုးချတာကို မဆိုလိုဘူး။ ဥပမာကွာ ...မင်းဟင်းချက်မယ်ဆိုပါတော့။ မွေးကတည်းကတော့ သူ့ဟာသူ ဘယ်သူမှတတ်မလာကြပါဘူး။ ဒီလိုပဲ သူများချက်တာ ပြုတ်တာကို ကြည့်ပြီးပဲဖြစ်ဖြစ်၊ မေးပြီးပဲဖြစ်ဖြစ်၊ သင်ပေးလို့ပဲဖြစ်ဖြစ် သင်ယူတတ်မြောက်လာပြီဆိုရင် ငါသာဆိုရင်တော့ ဘယ်လိုချက်လိုက်မှာပဲ။ ဒီဟာလေး ထည့်မယ့်အစား ဟိုဟာလေးထည့် ကြည့်လိုက်မယ် စသည်ဖြင့်ပေါ့။ ဆိုလိုတာကတော့ ကောင်းနိုးရာရာလေးတွေကို ရွေးချယ်ပြီး ကိုယ်ကိုယ်တိုင်လုပ်တော့မယ်ဆိုရင် ဘာတွေလုပ်မယ်၊ ဘယ်လိုပုံစံမျိုးနဲ့ တင်ပြမယ်ဆိုပြီး ကြိုတင်ပြင်ဆင်တဲ့အပိုင်းကို ဆိုလိုတာပေါ့။ ပြုဆိုတာကတော့ ကိုယ်တိုင်စပြီးလုပ်တဲ့ အပိုင်းကိုပြောတာကွ။ ဆိုလိုတာကတော့ကွာ မင်းအနေနဲ့ ဟင်းတစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com

ချက်ဖို့အတွက် ချက်မယ့်ဟင်းလျာတွေကိုလည်း ရှာဖွေစုဆောင်းပြီးပြီ။ ချက်ပြုတ်မယ့်နည်း၊ ချက်ပြုတ်မယ့်ပုံစံကိုလည်း သင်ယူတတ်မြောက်ပြီးပြီ ဆိုပါစို့။ ဒါဆို နောက်ဆုံး ကိုယ်တိုင်ချက်ဖို့ပဲ ကျန်တော့တာပေါ့။ အဲဒီအပိုင်းက ပြုတ့်အပိုင်းပေါ့"

ဟု ရှင်းပြရာ မောင်တိုက –

"ကျွန်တော်လည်း ဒီနေ့ သက်သတ်လွတ်နေ့မို့ သက်သတ်လွတ်ဟင်းရံတွေလည်း စုထားပြီးပြီ။ ဘယ်လိုပုံစံ ချက်မယ်ဆိုတာလည်း စဉ်းစားထားပြီးပြီ။ လက်တွေ့ချက်ဖို့ပဲ ကျန်တော့တယ်ဦးလေးရေ"

ဟု ဆိုကာ မီးဖိုချောင်ထဲသို့ ဝင်သွားလေတော့၏။

ကျွန်ုပ်သည် မောင်တိုဟင်းချက်ရာနေရာသို့ သွားရောက်ကြည့်ရှုမိလေ၏။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်ကိုယ်တိုင်သည်လည်း ထမင်းဟင်းချက်ခြင်းကို ဝါသနာပါသည်ဖြစ်သော်လည်း မောင်တိုရှိသဖြင့်သာ မချက်ဘဲနေခြင်းဖြစ်၏။ နောက်တစ်ချက်မှာ ကျွန်ုပ်ကိုယ်တိုင် ချက်ပါလျှင်မူ မောင်တိုချက်သလောက် ကောင်းမည်မဟုတ်သည်မှာ သေချာသောအချက်ဖြစ်၏။ ကျွန်ုပ်သည် ဥပုသ်နေ့ဖြစ်သည်နှင့် အညီ အိမ်ရှိဘုရားတွင် ကိုးပါးသီလကိုယူပြီးနောက် စာရေးခြင်း၊ စာဖတ်ခြင်းကိုပင်လျှင် မလုပ်ဘဲ အေးချမ်းစွာနေထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ သီးသန့်အချိန်သတ်မှတ်၍ တရားထိုင်ခြင်းများကို ပြုလုပ်၏။ မနက်ပိုင်း ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် မောင်တို သက်သတ်လွတ်ဟင်းချက်နေသော နေရာသို့ သွားရောက်ကာ ကြည့်ရှုနေမိပေ၏။ မောင်တိုသည် အသီးအရွက်များ လှီးခြင်း၊ ငရုတ်သီးထောင်းခြင်း စသဖြင့် ပြင်ဆင်နေချိန်တွင် ပဲနီလေးအား ရေအသင့်ထည့်ကာ ပြုတ်ထားလေ၏။ မန်ကျည်းသီးမှည့်ကိုလည်း ရေတွင်စိမ်၍ထား၏။ ပဲနူးသောအခါ ဘေးသို့ချထားလိုက်၏။ ဆီအိုးတည်ကာ ငရုတ်သီးကို ဆီသတ်၏။ မဆလာကို တစ်ခါတည်း ထည့်၍ ဆီသတ်၏။ ပျဉ်းတော်သိမ်ရွက်ကိုလည်း တစ်ခါတည်းထည့်၍ ဆီသတ်၏။ ကျက်သောအခါ လှီးဖြတ်ထားသော အသီးအရွက်များကို ရော၍ ဆီသတ်၏။ အတော်အတန်နွမ်းသောအခါ ပြုတ်ထားသောပဲပြုတ်အား ထည့်လိုက်၏။ ထို့နောက် အဖုံးအုပ်ကာ ဆူသည်အထိ မီးဖိုပေါ်တွင် တည်ထားလိုက်၏။ ပွက်ပွက်ဆူသောအခါ မွှေပေးရ၏။ အသီးအရွက်များ နူးသောအခါ မန်ကျည်းသီးမှည့်ရည်ကို ထည့်၏။

"မနူးခင် မန်ကျည်းရည်မထည့်ရဘူး ဦးလေးရဲ့။ မနူးခင်ထည့်လိုက်ရင် အသီးအနှံတွေက မနူးတော့ဘဲ မာဆတ်ဆတ်ဖြစ်သွားရော"

ဟု ပါးစပ်မှ ရှင်းပြသေး၏။ ထို့နောက် အဖုံးကိုပြန်အုပ်ကာ ဆူသည်အထိ ပြန်၍ဖုံးထားရပြန်၏။ ကိုယ်လိုချင်သော ရေအနေအထားကိုရသောအခါ အပေါ့အငန်မြည်း၍ ချလိုက်၏။ သီးစုံကုလားဟင်းတစ်ခွက် ရပြီဖြစ်၏။ ထို့နောက် ဆီအိုးကို ပြန်၍တည်ပြန်၏။ ဆီဆူသောအခါ ငရုတ်သီးကို ဆီသတ်ပြန်၏။ ဆီဆူသောအခါ တရုတ်ပဲငါးပိအငံနှံကိုထည့်၏။ ပိုင်းဖြတ်ထားသော ငရုတ်သီးစိမ်းကလေးများလည်းထည့်၍ ဆီသတ်၏။ အတော်အတန်ကျက်သောအခါ လေးစိတ်စိတ်ထားသော ခရမ်းချဉ်သီးများအား ထည့်ကာ မွှေပြီးနောက် အဖုံးအုပ်ကာ ခေတ္တထားလိုက်၏။ ကျွတ်ကျွတ်မြည်လာသောအခါ အဖုံးကိုဖွင့်၍ ကြေသွားအောင် မွှေပေးပြန်၏။ ထို့နောက် ရေကို လိုချင်သလောက် ချိန်၍ထည့်ကာ အဖုံးကို ပြန်အုပ်ထားလိုက်၏။ ရေခန်း၍ ဆီပြန်စပြုသောအခါ ခရမ်းချဉ်သီးများလည်း ပျော့နေပြီဖြစ်၏။ အပေါ့ အငန်မြည်းခြင်းတို့ ပြုလုပ်ပြီးနောက် ပိုင်းဖြတ်ထားသော နံနံပင်ကလေးများအား အပေါ်မှအုပ်လိုက်ပြီးနောက် ခရမ်းချဉ်သီး သက်သတ်လွတ်ငါးပိချက်တစ်ခွက် ရပြီဖြစ်၏။ ထို့နောက် ဒယ်အိုးအားဆေးကြောကာ ဆီအိုးကို တည်ပြန်လေ၏။ ကြက်သွန်လှီးပြီးသားအချို့အားထည့်ကာ ဆီသတ်၏။ ကြက်သွန်အတော်အတန်ကျက်သောအခါ ဆေးကြောသန့်စင်၍ ဆိတ်ထားသော ကောက်ရိုးမှိုကလေးများအား ထည့်၍ ဆီသတ်၏။ အနည်းငယ်နွမ်းသွားသောအခါ အသင့်ပိုင်းဖြတ်ထားသော တရုတ်ကန်စွန်းရွက်အရိုးများအား ထည့်ကာ လှုံးပြန်၏။ နွမ်းသွားသောအခါ အရွက်များအား ထပ်၍ထည့်လိုက်ပြန်၏။ အသင့်ဖျော်ထားသော ကော်ရည်အနည်းငယ်ကိုထည့်ကာ အထက်အောက် သမအောင်မွှေပေးပြီးနောက် အပေါ့အငန် မြည်းလိုက်၏။ နောက်ဆုံး ဓားပြားရိုက်ထားသော ကြက်သွန်ဖြူလေးများအား အုပ်လိုက်ပြီးနောက် ယောက်မဖြင့်မမွှေတော့ဘဲ

www.burmeseclassic.com

ဒယ်အိုးကို လက်နှစ်ဖက်ဖြင့် မ,ကာ ဆတ်၍ဆတ်၍ လုပ်ပေးခြင်းဖြင့် သက်သတ်လွတ် ကန်စွန်းရွက်ကြော်ခြင်းကို အဆုံးသတ်လိုက်လေ၏။ အားလုံးပြီးသွားသောအခါ တို့စရာအဖြစ် ဆူးပုပ်ရွက်နုနုကလေးများအား မီးသင်း၍လည်းကောင်း၊ ရုံးပတီသီး လေးငါးတောင့်အား ရေနွေးဖြောကာ အပိုင်းကလေးများပြုလုပ်၍လည်းကောင်း တို့စရာအဖြစ် ပြင်ဆင်လိုက်ခြင်းဖြင့် မောင်တိုး၏ ယနေ့အတွက် သက်သတ်လွတ်ဟင်းလျာချက်ခြင်းလုပ်ငန်း ပြီးဆုံးသွားလေတော့၏။ မောင်တိုး၏ဟင်းလျာများမှာ သက်သတ်လွတ်ပင်ဖြစ်လင့်ကစား စားချင်သဖွယ်ဖြစ်၍နေပေ၏။

မောင်တိုးသည် ဟင်းများချက်ပြုတ်၍ ပြီးသွားပြီးနောက် ကျွန်ုပ်အား

"ဦးလေးကို ကျွန်တော် ထမင်းဟင်းချက်ကျွေးလာတာ အတော်ကြာပြီ။ ကျွန်တော်ချက်တဲ့ဟင်းတွေမှာ ဘာများထူးထူးခြားခြား သတိထားမိတာရှိလဲ"

ဟု မေးလေ၏။ ကျွန်ုပ်မှာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိလောက်အောင် ဖြစ်သွားရကာ -

"ဒီလိုတော့ရှိပါတယ် မောင်တိုးစားဖိုမှူးကြီးရယ်။ ဦးလေးအနေနဲ့ ပြောရမယ်ဆိုရင်တော့ ကောင်းတယ်၊ သူများချက်တာထက် ပိုကောင်းတယ်ဆိုတာထက်တော့ ဘာမှပိုမပြောနိုင်ပါဘူးဗျာ"

ဟု ရှုတ်နောက်နောက်ပြော၍ ပြန်ဖြေလိုက်ရာ မောင်တိုးက

"ဆရာတစ်ယောက်တည်း ရှိတဲ့အထဲမှာ ဦးလေးဆရာ အညံ့ဆုံးပါပဲ"

ဟု ပြန်၍ပြောလေ၏။

"လောကမှာ သတိမမူ ဂူမမြင်၊ သတိမူတော့ မြူတောင်မြင်တယ်ဆိုတဲ့ စကားပုံဟာ ဦးလေးတို့လိုလူတွေအတွက်ထားခဲ့တာဖြစ်မယ်ဗျ။ စာရေးဆရာလုပ်စားတဲ့လူဆိုတာ မျက်စိကိုဖွင့်၊ နားကိုစွင့်ထားရတယ်ဗျ။ အရာရာကို စူးစမ်းဆင်ခြင်တဲ့စိတ်နဲ့ ရှာဖွေစုဆောင်းရတယ်။ ရှာဖွေစုဆောင်းလို့ရတဲ့ဟာတွေကိုလည်း ဦးနှောက်ထဲမှာ ဒီအတိုင်းမထားရဘူး။ ပြုပြင်သင့်တာကို ပြုပြင်ရတယ်။ တည်းဖြတ်သင့်တာကို တည်းဖြတ်ရတယ်။ ထပ်ဖြည့်သင့်ရင်လည်း ထပ်ဖြည့်ရတယ်။ ဝေဖန်ရတယ်၊ သုံးသပ်ရတယ်။ အကောင်းအဆိုးကို မိမိအသိဉာဏ်နဲ့ ပိုင်းဖြတ်ရတယ်။ ဥပမာဆိုပါတော့ ကျောက်တစ်လုံးကို တွင်းကနေတူးပြီး ရလာပြီဆိုပါတော့။ ဒီအတိုင်းပြန်ရောင်းရင် ကျောက်အရိုင်းဟာ ကျောက်အရိုင်းဈေးပဲ ရမှာပေါ့။ ပြုပြင်လိုက်ရင် လှလှပပလေးသွေးလိုက်ရင် ဈေးတစ်မျိုးဖြစ်သွားတာပေါ့။ အဲဒီလိုပဲ စာရေးဆရာဆိုတဲ့လူကလည်း ရှာဖွေရတဲ့ဗဟုသုတတွေကို စာဖတ်သူကို ပြန်လည်တင်ပြတဲ့နေရာမှာ မကောင်းတာကို ပယ်ဖြုတ်၊ ကောင်းတဲ့အပိုင်းကို ထပ်ဖြည့်စရာရှိရင်ဖြည့်၊ လှလှပပလေးဖြစ်အောင်၊ ဆွဲဆောင်မှုရှိအောင် အမွှမ်းအမံလေးတွေနဲ့ တင်ဆက်လိုက်မယ်ဆိုရင် အင်မတန်မှဖတ်လို့ကောင်းမယ့် စာတစ်ပုဒ် ဖြစ်သွားတာပေါ့ ဦးလေးရာ"

ဟု စကား လုံးကြီးကြီးများဖြင့် တွယ်ပါလေတော့၏။ ထိုအခါ ကျွန်ုပ်က -

"မတန်လိုက်တာ မောင်တိုးရယ်။ မင်းချက်တဲ့ဟင်းရဲ့ ထူးခြားချက်ကို သတိမထားမိတာလေးနဲ့ပဲ ငါ့နှယ် အပြောခံလိုက်ရတာက မခံ့မျက်ပြုပါလားကွယ်ရို့။ ကျွန်ုပ်သည် ယနေ့ ဥပုသ်စောင့်ထားပါ၏။ ကိုးပါးသီလကိုလည်း ခံယူထားပါ၏။ ကျွန်ုပ်သည် မှန်သောစကားကိုသာ ဆိုပါမည်။ ကျွန်ုပ်သည် မောင်တိုးချက်သော ဟင်းများ၏ ထူးခြားချက်အား သတိမထားမိဘဲ စားနေမိသည်မှာ ကြာပြီဖြစ်ပါသည်။ ကျွန်ုပ်သည် အလွန်ညံ့သော စာရေးဆရာတစ်ယောက် ဖြစ်ပါ၏။ ထို့ကြောင့် မောင်တိုးအား ဆရာတင်ပါ၏။ ရှင်းပြပါခင်ဗျာ"

ဟု ရွဲ့တဲ့တဲ့ပြောလိုက်သောအခါ မောင်တိုးက -

"အဲဒီလို ယောက်ျားပီပီ ရဲရဲဝံ့ဝံ့ ဝန်ခံစမ်းပါဗျ။ သာဓု ... သာဓု ... သာဓု ကောင်းလေစွ ကောင်းလေစွ"

ဟု သာဓုသုံးကြိမ်ခေါ်ပြီးသကာလ -

"ဒီလိုရှိတယ် ဦးလေးရဲ့။ ကျွန်တော်က ဟင်းချက်ရင် အလယ်ဗဟိုချက်နဲ့ အစွန်းနှစ်ဖက်ကို အချိုးညီညီ အသုံးချတယ်ဗျ။ ဆိုလိုတာကတော့ဗျာ ဥပမာ ကြက်သားဟင်းတစ်ခွက် ချက်မယ်ဆိုပါစို့။ ကြက်သားရဲ့ မူလအရသာက ဒီဟင်းရဲ့ ဗဟိုချက်ပဲ။ နောက် အစွန်းနှစ်ဖက်ဆိုတာကတော့ ဟင်းတစ်ခွက်ရဲ့အရသာကို ပေါ်လွင်ဖို့အတွက် စားကောင်းရုံလေးအတွက် ဆားများကိုထည့်မယ်ဆိုရင် ဟင်းဟာ တစ်ခုခုလိုနေသလို ခံစားရမယ်။ အချိုလိုသလိုလို၊ အငန်ပေါ့သလိုလိုပေါ့။ ကျွန်တော်က ဟင်းချက်ရင်



www.burmeseclassic.com

www.burmeseclassic.com

အငန်ကို အရင် နည်းနည်းလေးကဲ လိုက်မယ်။ နောက်ပြီးမှ သူ့ကိုပြန် ထိန်းဖို့အတွက် အချိုကို နည်းနည်း လေးပိုကဲပြီး ပြန်ထိန်းလိုက်မယ်။ ဒါဆို ဟင်းဟာ စောစောကလို ဟို ဟာလိုသလိုလို၊ ဒီဟာပေါ့သလိုလို မဖြစ်တော့ဘဲ လေးလေးပင်ပင်ရှိတဲ့ ဟင်းတစ်ခွက် ဖြစ်လာမယ်ဗျ။ အဲဒါ ကျွန်တော့်ရဲ့အဓိကဗျူဟာပဲ။ နောက် တစ်ခုရှိတာက ငါးသလောက်လိုမျိုး သူ့ရဲ့ မူလအရသာကိုက ထူးခြားနေ တဲ့ဟင်းမျိုး– ချက်မယ်ဆိုရင်တော့ ဟင်းခတ်အမွှေးအကြိုင်တို့၊ အချဉ်တို့ လို ငါးသလောက်ရဲ့ မူလအရသာကို တစ်မျိုးပြောင်းသွားစေမယ့် ဟာမျိုး မထည့်တာ အကောင်းဆုံးပါပဲ။ ငါး သလောက်ချက်ပြီဆိုရင်တော့ ရေချို လေးသာပါးပါးလေးချက်ပေတော့ဗျို့''

ဟု စကားကြီး စကားကျယ်များ ကို ပြောလေ၏။

''ဒါတောင် အကျယ်မဟုတ် သေးဘူးနော်။ အမြွက်လောက်ပဲရှိ သေးတာ''

ဟု ထပ်ဖြည့်လိုက်ပြန်သေး၏။

''ဟုတ်ပါပြီ ဆရာလေးရယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဗဟုသုတ လည်းရပါတယ်။ ပြင်ဆင်စရာရှိတာ တွေလည်း ပြင်ဆင်ပါ့မယ်''

ဟု ငေါ့တော့တော့ပြောလိုက် ရာ –

''မောင်တိုက အလကားစတာ ပါ ဦးလေးရယ် ...။ ကျွန်တော်က ဦးလေးကိုချစ်လို့ သက်သက်စတာ စိတ်မဆိုးပါနဲ့''

ဟု တောင်းပန်လေ၏။ ကျွန်ုပ် အနေဖြင့်လည်း မောင်တိုလို ကလေး တစ်ယောက်အပေါ် စိတ်ဆိုးစရာ အကြောင်းမရှိသဖြင့် –

''မဟုတ်တာ မောင်တိုရယ်။ ဦးလေးက မင်းကို စိတ်မဆိုးပါဘူး ကွာ''

ဟု ခေါင်းလေးကိုပွတ်သပ်လိုက် သောအခါ မောင်တိုက –

''ကဲ ... ဒါဆို ထမင်းစားလိုက် ကြစို့ ဦးလေးရေ။ ကျွန်တော် ပြင် လိုက်တော့မယ်''

ဟုဆိုကာ ထမင်းပွဲပြင်လေ တော့၏။

ကျွန်ုပ်သည် ထပည့်ကျော် မောင်တို ချက်ပြုတ်ကျွေးမွေးသော သက်သတ်လွတ်ဟင်းလျာများဖြင့် မြိန် ရှက်စွာစားသောက်၏။ စားသောက် ပြီးသောအခါ ရေနွေးကြမ်းနှင့် ထန်း လျက်ခဲကို အချိုပွဲအဖြစ်တည်းကာ အိမ်ရှေ့ရှိ ကွပ်ပျစ်ကလေးရှိ ဝါး ကုလားထိုင်ပေါ်တွင် ပုတီးစိပ်ရင်း အိပ်ပျော်ခြင်းသို့ ရောက်သွားလေ တော့၏။ ကျွန်ုပ်နိုးလာသောအခါ နေ့ လယ်ပိုင်းသို့ပင် ရောက်ရှိနေပြီဖြစ်၏။ မောင်တိုသည် ကျွန်ုပ်၏အနီးရှိ ကြမ်း ပြင်ပေါ်တွင် တုံးလုံးလှဲနေသည်ကို တွေ့ရ၏။ မောင်တိုက –

''ဦးလေးကလည်း အိပ်လိုက် တာ ဟောက်တောင်ဟောက်တယ်''

ဟု ပြောလေ၏။

''အေးကွာ။ ထမင်းစားကောင်း ကောင်းနဲ့ စားလိုက်တာ ဗိုက်လေးပြီး အိပ်ပျော်သွားတယ် မောင်တိုရယ်''

ဟု အရှက်ပြေလေး ပြောလိုက် ရ၏။ မောင်တိုက –

''ဦးလေး မနေ့က ကျွန်တော် မေးတဲ့စကားပုံကိုရှင်းပြတာ သိပ်နား ထောင်လို့ကောင်းတာပဲ။ နောက်ပြီး ဗဟုသုတလည်းရတယ်။ နောက်သိ ထားတာရှိရင် ပြောပြပါဦး''

ဟု တောင်းဆိုလေ၏။

''သိပ်သိလှတယ်တော့ မဟုတ် ပါဘူးကွာ။ လေ့လာမှတ်သားထား တာလေးတွေနဲ့ မင်းမေးတာနဲ့ တိုက် ဆိုင်လို့ ဖြေနိုင်တာပါ။ မင်းသိချင်ရင် တော့ ပအိုးဝ်တိုင်းရင်းသားတွေရဲ့ အကြောင်းကို ဦးလေး သိသလောက် တော့ ပြောပြမယ်။ သူတို့ကလည်း သိပ်စိတ်ဝင်စားဖို့ကောင်းတယ်ကွ''

ဟု ပြောလိုက်ရာ မောင်တို သည် တုံးလုံးလှဲနေရာမှ ဝေါက်ခနဲ ထထိုင်လေ၏။

''ပြောရရင် ရာဇဝင်ချီတယ်။ ပအိုးဝ်လူမျိုးတွေက အရင်တုန်းက သထုံပြည်မှာ အခြေချနေကြတာလို့ ဆိုတယ်။ ရှင်အရဟံက သီဟိုဠ်တိုင်း ပြည်ကနေ ဗုဒ္ဓတရားတော်တွေကို သထုံပြည်ကို ပင့်ဆောင်လာတဲ့ အကြောင်း အနော်ရထာမင်းတရား ကြီး သိတော်မူတဲ့အခါကျတော့ သထုံ ဘုရင်မနူဟာဆီမှာ ဗုဒ္ဓကျမ်းစာတွေကို တောင်းတယ်။ တောင်းလို့မရတော့ စစ်ချီတိုက်ပြီးတော့ ယူတယ်။ စစ်ဆို တာ ထုံးစံအတိုင်း ရှုံးတဲ့လူက ထွက် ပြေးရတာပေါ့။ ဘယ်ကိုထွက်ပြေး သလဲဆိုတော့ ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်နယ်ဘက်ကို ထွက်ပြေးကြ တယ်လို့ ဆိုတယ်ကွ။ အဲဒီဆီဆိုင်နယ် ဟာ သထုံဒေသနဲ့ ဆင်ဆင်တူတဲ့ အတွက် သထုံပေ့လို့ခေါ်တဲ့ သထုံ ပြည်သစ်ကိုတည်ပြီး နေကြတယ်။ အဲဒီဒေသမှာနေကြတဲ့ ပအိုးဝ်လူမျိုး တွေကို သထုံပေ့ပအိုးဝ်လို့ ခေါ်ကြ တယ်။ နောက်တစ်စု ရှိသေးတယ်။ အဲဒါက အလဲတစ်ရာ ပအိုးဝ်လို့ ခေါ် တယ်။ သူတို့ကလည်း ရာဇဝင်ရှိ။



www.burmeseclassic.com

www.burmeseclassic.com

တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ အယူအဆအရ တို့အခုနေတဲ့ ကမ္ဘာကြီးကို ဘဒ္ဒကမ္ဘာလို့ ခေါ်တယ်။ ဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူပွင့်တော်မူမယ်။ ပြီးရင် ကမ္ဘာကြီးပျက်မယ်လို့ ယူဆကြတယ်။ လောလောဆယ် ဘုရားလေးဆူပွင့်ပြီးပြီ။ အရိမေတ္တယျဘုရားတစ်ဆူ ပွင့်တော်မူဖို့ကျန်တယ်။ ဒါပေမယ့် အဲဒီ အလံတစ်ရာဒေသက ပအိုးဝ်လူမျိုးတွေကကျတော့ တစ်မျိုးယူဆကြတယ်။ ဘုရားလေးဆူပွင့်ပြီးတာမှန်တယ်။ နောက်ကျန်တဲ့ တစ်ဆူကလည်း ပွင့်တော်မူနေပြီ။ အဲဒါ တခြားမဟုတ်ဘူး။ အခုအလံတစ်ရာမှာ သူတို့ကိုးကွယ်နေတဲ့ ဆရာတော်ကြီးဟာ အရိမေတ္တယျမြတ်စွာဘုရားပဲလို့ ယူဆကြတယ်ကွ။ အဲဒါကြောင့် ပအိုးဝ်လူမျိုးတွေအနေနဲ့ အလံတစ်ရာ ပအိုးဝ်နဲ့ သထုံးပေ့ပအိုးဝ်ဆိုပြီး လူမျိုးစုနှစ်စုရှိကြတယ်ကွ"

ကျွန်ုပ်ရှင်းပြလိုက်သောအခါ မောင်တိုက –

"ကောင်းလိုက်တာ ဦးလေးရယ်။ တော်တော်ကို ဗဟုသုတရပါတယ်။ ဒါပေမယ့် နောက်တစ်ခု သိချင်တာက အဲဒီအချိန်တုန်းက မွန်လူမျိုးတွေက ဘယ်မှာနေကြသလဲ"

ဟု မေးလေ၏။

"အဲဒါတော့ တိတိကျကျမသိပေမယ့် အထောက်အထားတွေအရတော့ မွန်လူမျိုးတွေဟာ အဲဒီအချိန်က ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွေမှာ အခြေချနေထိုင်ကြပုံရတယ်ကွ။ ဘာကြောင့်လဲဆိုတော့ အဲဒီအရပ်တွေမှာ မွန်ဘာသာနဲ့မှည့်ထားတဲ့ ရွာအမည်တွေ၊ ဘုရားစေတီတွေ အများကြီးတွေ့ရတယ်။ ဥပမာကွာ ကော့ကပ်၊ ကျုံကော့၊ ကော့စိန်၊ ကော့ချဲ၊ ကျုံကျိုက် စသည်ဖြင့် မွန်အမည်နဲ့ရွာတွေ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသဘက်မှာ အများကြီးရှိတယ်။ ဘုရားတွေဆိုလည်း ကျိုက်နဲ့စတဲ့ ဘုရားတွေရှိတယ်ဆိုတော့ တစ်ချိန်က မွန်လူမျိုးတွေ အခြေချနေထိုင်သွားကြတယ်ဆိုတာ သေချာသလောက်ပါပဲ ... မောင်တိုရေ"

ဟု ရှင်းပြလိုက်ရာ မောင်တိုက

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်။ ပြောမပြတတ်အောင်ပါပဲ။ ပြောရရင်တော့ဗျာ ကြောင်ဖြူဖြစ်ဖြစ်၊ ကြောင်နက်ဖြစ်ဖြစ် ကြွက်ခုတ်ဖို့က အဓိကပါပဲ"

ဟု မဆီမဆိုင် စကားပုံတစ်ခုနှင့် နိုင်းနှိုင်း၍ပြောလေ၏။

"ဟာကောင် မောင်တိုရ။ မင်းဥစ္စာ ဘာမှလည်းမဆိုင်ပါလားကွ"

ဟု ပြောလိုက်ရာ မောင်တိုက

"ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ဦးလေးရာ အဓိကက ရှော့ပေါက်တာ မပေါက်တာထက် ရေပါဖို့က အဓိကပါပဲ"

ဟု ပြောပြန်လေ၏။

"ခက်တော့ ခက်နေပြန်ပါပြီ မောင်တိုရာ။ ကြည့်လည်းလုပ်ဦးနော်။ မင်းဥစ္စာ လွဲနေတယ်"

ဟု ကျွန်ုပ်က သတိပေးလိုက်ရာ မောင်တိုက –

"ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်ပေါ့ ဦးလေးရာ"

ဟု ပြန်ပြောလေ၏။ ထိုအခါ ကျွန်ုပ်က –

"ဟေ့ကောင် မောင်တို၊ မင်း ရူးများသွားပြီလားကွာ"

ဟု ပြောလိုက်ရာ –

"မရူးတာတော့ သေချာပါတယ် ဦးလေးရယ်။ ဒါပေမယ့် ဂမ္ဘီရဂွစာတပည့်ဆိုတော့ နည်းနည်းလေးတော့ ဂွတိုက်ရမှ ကျေနပ်လို့ပါ"

ဟု ပြန်ပြောရာ –

"တယ် ... ငါဒီကောင်တော့ ခြေနဲ့ကျောက်လိုက်ရ"

ဟု ကျွန်ုပ်က ကြိမ်းလိုက်ရာ မောင်တိုက –

"ခြေနဲ့ကန်မယ် လုပ်စမ်းပါ ဦးလေးရာ"

ဟု ပြန်၍ပြောလေ၏။

"ဟေ့ကောင် မင်း ဆရာမလုပ်နဲ့။ ကန်တာနဲ့ကျောက်တာ အတူတူပဲ မင်းတော့လား ငါလက်ဆုပ်နဲ့ ထိုးလိုက်ရ"

ဟု ငေါက်လိုက်ရာ မောင်တိုက

"လက်သီးလို့ ပြောစမ်းပါ ဦးလေးရာ"

ဟု ပြန်၍ပြောလေ၏။

"ဒီမယ်ဟေ့ကောင် လက်သီးဖြစ်ဖြစ်၊ လက်ဆုပ်ဖြစ်ဖြစ် အတူတူပဲ။ ငါကြိုက်တဲ့စကားသုံးမယ်"

ဟု ဘုတောလိုက်ရာ မောင်တိုက

"ဒါဆိုလည်း ဦးလေးကြိုက်တာ သုံးပါ ဂမ္ဘီရဂွစာကြီးရာ။ ကျွန်တော်တော့ ပြေးပြီဗျို့"

ဟုဆိုကာ ကျွန်ုပ်၏အနားမှ ထွက်ပြေးလေတော့၏။

(ဆက်လက်ဖော်ပြပါမည်)

ယိုး

www.burmeseclassic.com

www.burmeseclassic.com

# ရွှေလာ ငွေလာ ကျီးမင်းသတ

ဆရာမ ဒေါက်တာစောယုနွယ်

အဘရဲ့ မရမ်းတလင်း အယူတော်မင်္ဂလာခြံကြီးထဲကို ကျွန်မတို့ မကြာခဏ သွားရောက်နေတဲ့အချိန်တွေ၊ အဘ အတွက် ထမင်းချိုင့်တွေ နေ့ရယ်၊ အခါရယ် မရွေးဘဲ ပို့နေရတဲ့ အချိန်တွေ၊ ဦးဦးဖျားဖျား စားဦးစားဖျား ထူးထူးဆန်းဆန်း ဖွယ်ဖွယ်ရာရာလေးတွေ ရလာတဲ့အခါ အဘဆီကို တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို ရောက်နေတဲ့ ကာလကပေါ့။ စနေနေ့ည ဆိုရင် မကြာခဏလည်း ရောက်တတ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တနင်္ဂနွေနေ့မနက်မှာ အဘခြံထဲမှာ အုန်းသီးခဲတားသိပ် ယတြာ စီရင်ပွဲကြီး ရှိလို့ပါပဲ။

ကျွန်မတို့ အားသွားသွားဖြည့်ပေးရတာပါ။

ဒီလိုပဲ အင်္ဂါနေ့ညဆိုရင်လည်း ကျွန်မတို့ငွေ ခြံထဲ ရောက်ပြန်ပြီပေါ့။ ဗုဒ္ဓဟူးနေ့ နံနက် အရုဏ်တက်ချိန်မှာ ဓာတ်ကြီးလေးပါး ကပ်လှူပူဇော် လှူဒါန်းပွဲကြီးရှိလို့ပါပဲ။ အဘ ခြံထဲမှာ လူအစည်ဆုံးညတွေပေါ့။ ညနေခင်းတည်းက တဖြုတ် ဖြုတ်ရောက်လာကြတဲ့ အဘရဲ့ပရိသတ်တွေ၊ အဘရဲ့မိတ်ဆွေ တွေ များပြားလွန်းလို့ အဘရဲ့ နလန္ဒာခန်းမကြီးတစ်ခုလုံး အပြည့်ပါပဲ။ အဘဟာ သူ့ရဲ့ ပရိသတ်တွေကို ညဦးစာ ထမင်း လေးကျွေးပြီး ညလယ်စာမှာ မနောမယလက်ဖက်ရည်၊ ကောက်ညှင်းပေါင်းတွေ ကျွေးပါတယ်။ နောက်တစ်နေ့မနက် အရုဏ်တက်ချိန်မှာ ဓာတ်ကြီးလေးပါး ဆွမ်းကပ်ပြီးတာနဲ့ ပရိသတ်တွေကို အစာပြေထမင်းကြော်နဲ့ မနောမယလက်ဖက် ရည် တိုက်ကျွေးပြီးမှ အောင်အဟိတ် အောင်နိမိတ်တွေယူပြီး

အဘက ပြန်လွှတ်တတ်တာပါ။ အဘ အလှူငွေရသမျှ ပိုက်ဆံ ဟာ သူ့ပရိသတ်တွေကို သူပြန်ပြီးကျွေးတာနဲ့တောင် လုံလောက် ပါရဲ့လား တွေးတောရပါသေးတယ်။

အဘဟာ တကယ်တော့ ဝိဇ္ဇာလိုင်း လိုက်နေသူပါ။ ဒါကြောင့် ဝိဇ္ဇာလိုင်းကျင့်စဉ်တစ်ခုဖြစ်တဲ့ အာဟာရဒါန ကျွေးမွေး ခြင်းဖြင့် ထွက်ရပ်ပေါက်လမ်းကိုမြန်းနိုင်ဖို့အတွက် ကြိုးစား အားထုတ်နေတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါပဲ။ အဘဟာ ဘာမည ဆရာတော်ကြီးကို အမြဲလေးစားပြီး ရိုသေလေးစားတဲ့သူ ဖြစ်ပါ တယ်။ ဒါကြောင့်လည်း ဆရာတော်ကြီး၏ နည်းနာနိဿယ အတိုင်း လာတဲ့လူတွေကို အာဟာရဒါနနှင့် ကျွေးမွေးနေတယ်လို့ ကျွန်မတို့တတွေ မှတ်ယူမိခဲ့ပါတယ်။ အဲဒီလိုသွားတိုင်းလည်း မနက်စောစောတွေမှာဆိုရင် ဓာတ်ကြီးလေးပါး အလှူမင်္ဂလာ ပြီးတာနဲ့ အဘက ဖိုလေးမှာရှိတဲ့(ဖိုလေးဆိုတာ အဘ တစ်ယောက်စာ ချက်ပြုတ်ကျွေးမွေးရတဲ့ အဘရဲ့ မီးဖိုဆောင် လေးပါ။ အဲဒီဖိုလေးကိုလည်း တော်ရုံတန်ရုံ အဘ ညှ်တွေ ဝင်ခွင့်မရှိပါဘူး) အပျိုကြီးကို လှမ်းပြီးပြောပါတယ်။

"ဇလုံလေးထဲ ထမင်းထည့်လာခဲ့ဟေ့"

လို့ လှမ်းပြောပါတယ်။ အဲဒီအခါ အပျိုကြီးလို့ ကျွန်မတို့ခေါ်နေတဲ့(ယခုအခါ တောင်ဥက္ကလာ အောင်ဗောဓိ ဘုရားမှာ ဗေဒင်ဟောနေတဲ့)ဆရာမ ဒီနိုင်ပွင့်က ဇလုံလေးထဲကို ထမင်းမောက်မောက်ထည့်ပြီး ယူလာပေးပါတယ်။ အဲဒီအခါ ကျွန်မက အဘရယ် ထမင်းတွေ ဘာလုပ်ဖို့လဲ မေးလိုက်တဲ့အခါ

www.burmeseclassic.com

"ဟဲ့ စောယုနွယ် နင် မသိရင် တိတ်တိတ်နေစမ်း"

လို့ လှမ်းပြောလိုက်ပါတယ်။ ပြီးတာနဲ့ အဘက အဲဒီဇလုံထဲမှာပဲ ထမင်းတွေကို သွားလက်ကြီးနဲ့ဆုပ်ပြီး ထမင်း (၃)ဆုပ်ဖြစ်အောင် ပြုလုပ်ပါတယ်။ အဲဒီလို ထမင်းဆုပ်နေတဲ့ အချိန်မှာပဲ အဘက ဂါထာတစ်ခုကိုလည်း ကျယ်ကျယ် လောင်လောင်နဲ့ အသံဟိန်းဟိန်းကြီးနဲ့ ရွတ်ဆိုပါတယ်။ ကြည်ကြည်လင်လင်နဲ့ ရွတ်ဆိုတဲ့ ဂါထာကတော့···

> အဂ္ဂေါ ဗုဒ္ဓေါ
> အဂ္ဂေါ ဓမ္မော
> အဂ္ဂေါ သံဃော
> အဂ္ဂေါစေဝ ဓမ္မရာဇာ
> ပန္နရသော အဂ္ဂေါဝိပါကော မေ ဟောတု
> ယံ ယံ ဣစ္ဆိတံ သမိဇ္ဈတု
> တံ တံ ဣစ္ဆိတံ သမိဇ္ဈတု
> ဦး ပုတ္တာ ပုတ္တ ဒေဝတာ
> အာဂစ္ဆန္တု အာဂစ္ဆန္တု
> ဘုဥ္ဇန္တု ဘုဥ္ဇန္တု၊ ပရိဟရန္တု ပရိဟရန္တု
> သွာဟာ ယကာပ်

ဂါထာကို အဘဟာ ထမင်းဆုပ်နေတုန်း အသံပြဲကြီး ပြည့်ပြည့်နဲ့ ရွတ်ဖတ်ပါတယ်။ ကျွန်မတို့တွေလည်း ဝိုင်းကြည့် နေတာပေါ့။ ပြီးတာနဲ့ အဲဒီထမင်းဆုပ်တွေကို ဖိုလေးရဲ့ အရှေ့ ဘက် နလန္ဒာကျောင်းဆောင်ကြား အမြင့်လေးတစ်ခုပေါ်မှာ သွားတင်ခိုင်းလိုက်ပါတယ်။ ဒါနဲ့ ကျွန်မက···

"အဘရယ် အဘ အဲဒီလို အကျယ်ကြီးအော်ပြီး ရွတ်နေတော့ ဟိုမှာ ယတြာလာယူတဲ့သူတွေက အဘကို ဝိုင်းကြည့်နေတာပေါ့"

ပြောလိုက်တော့ အဘက ကျွန်မခေါင်းကိုပုတ်ပြီး-

"ဟဲ့···စောယုနွယ် ဒါ ရှက်စရာလား။ ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ ကြည့်ချင်တဲ့သူ ကြည့်ပါလေ့စေ"

ဟု ပြောပြီး ကျွန်မကို လှမ်းထုလိုက်ပါတယ်။ နောက်ပြီး အဘက ဆက်ပြောပါတယ်။

"ဒီလို စောယုနွယ်ရဲ့ ဆရာအလုပ်နဲ့ အသက်မွေးမယ် ဆိုရင် အဲဒီဂါထာလေးတွေကို အာဂုံဆောင်ထားရတယ်၊ ဟောဒီကောကဒေါတွေကော်ဆောင်တဲ့ဂါထာက ကျိုးစာကျွေးတဲ့ ဂါထာဟဲ့၊ ရှေးတုန်းက ဗေဒင်ဆရာကြီးတွေ ဆေးဆရာကြီးတွေဆိုရင် မနက် အစောကြီးထပြီး ကျီစာကျွေးလေ့ရှိတယ်။ အဲဒီလို ကျိုးစာ ကျွေးတဲ့အခါမှာလည်း အဲဒီဂါထာနဲ့ အစာကိုမန်းပြီး ကျွေးလေ့ ရှိတယ်ဟ"

အဲဒီအခါမှာ ကျွန်မဟာ အဘကို ဘာမှပြန်မပြောဘဲ အဘပြောမှာကို အဘမျက်နှာကြည့်ပြီး နားထောင်နေပါတယ်။

"အဲဒီဓလေ့ထုံးစံကို အခုအခါမှာလုပ်တဲ့သူတွေ နည်း သွားပြီဟ"

အဲဒီလိုပြောလိုက်တာနဲ့ ကျွန်မကလည်း···

"နည်းသွားမှာပေါ့ အဘရယ်၊ အခုခေတ်မှာ အဘလို ခြံနဲ့ဝင်းနဲ့ မြေပိုင်ယာပိုင်နဲ့ နေနိုင်တဲ့သူ နည်းသွားတာကိုး၊ တချို့ တိုက်ခန်းတွေမှာဆိုရင် အဘလို ကျိုးစာကျွေးဖို့နေရာလည်း မရှိဘူး၊ ကျွေးစရာမြေရှိနေဦးတော့ အဲဒီကျီးဆိုတဲ့ သတ္တဝါဟာ မြို့ထဲမှာ အရှုပ်ရေးပြရမလောက် ရှားနေပြီ။ အဲဒီတော့ ဘယ်လိုလုပ် ကျိုးစာကို ကျွေးနိုင်မှာလဲ အဘရယ်၊ စာကလေး တွေ ကျွေးတာတို့၊ ခိုတွေအစာကျွေးတာတို့ပဲ လုပ်နိုင်တော့ တယ်။ ဒါတောင် ဘုရားတို့၊ ကျောင်းတို့မှာ သွားကျွေးမှရတာ အဘရဲ့ နောက်ပြီး ခုချိန်ကလည်း အကုန်လုံး မိသားစုတိုင်းမှာ မနက်မိုးလင်းကနေ ညမိုးချုပ်အထိ အလုပ်လုပ်နေကြရတော့ လည်း ကိုယ့်အိမ်မှာရှိတဲ့ ဘုရားကို သောက်တော်ရေလေး ဆီမီးလေး၊ ဆွမ်းကပ်ဖို့တောင် တော်တော်အလုပ်ရှုပ်နေကြတာ၊ ဒီလိုကျိုးစာကျွေးတဲ့အလုပ်ဆို အပိုအလုပ်လို့ထင်မှာ၊ ရှေးလူကြီး တွေအားလို့ လုပ်နေတာလို့ ပြောကြလိမ့်မယ် အဘရယ်။ အဲလို လုပ်နေတဲ့ တချို့လူကြီးတွေကိုလည်း ခုခေတ်လူငယ်တွေက တယ်လည်းအားကြပါလား၊ အလုပ်တော့ မလုပ်ဘူး၊ ကျိုးစာ ကျွေးရုံနဲ့ စားဝတ်နေရေးတွေ ပြေလည်ကြပုံမလားလို့ ထင်နေ လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

လို့ ကျွန်မက ပြောလိုက်တော့ အဘက ကျွန်မ ခေါင်းကို ထပ်ထုပြန်ရော။

"အေး နင်တို့ခေတ်က လူတွေကမှ လူလည်တွေ ရှေးခေတ်က လူကြီးတွေဆိုရင် လူအကြီးတွေ၊ လူရိုးကြီးတွေ လို့ နင်တို့ အောက်မေ့နေတာ မဟုတ်လား။ အဲဒီလို လူအကြီး တွေ လူရိုးကြီးတွေက သူတို့ရဲ့ ဝမ်းရေးကို ဖူလုံအောင် ရှာနိုင်တဲ့ အပြင် မိသားစု ဖူဖူလုံလုံ စားနိုင်ရုံအပြင် ပိုပိုလျှံလျှံနဲ့ ဘုရားတွေ တည်သွားကြတယ်။ ကျောင်းတွေ ဆောက်သွားကြတယ်။ ဇရပ်ကြီးတွေက တီးနေတာပဲ အခုထိရှိနေတုန်းပဲ။ တကယ်ဆို နင်တို့ အတယ်လို့ထင်တဲ့ ရှေးလူကြီးတွေဟာ လောကကြီးမှာ ဘယ်လိုနေမယ်၊ ဘယ်လိုထိုင်ရမယ်၊ ဘယ်လိုရှာဖွေရမယ်ဆိုတဲ့ လျှို့ဝှက်ချက်တွေကိုသိတဲ့ လူတတ်ကြီးတွေကွ။ နင်တို့သာ ဒီလျှို့ဝှက်ချက်ကို မသိလို့ ထမင်းဝဝစားရဖို့ အဝတ်ကလေးတွေ လုလုပပဝတ်ရဖို့ လူတန်းစေ့နေနိုင်ဖို့ နင်တို့တွေ ရှာလိုက်ရ တာ လျှာကိုထွက်နေတာပဲ မဟုတ်ဘူးလား။ နင်တို့ကမှ တကယ့်လူအ,လေးတွေဟ။ ရှေးလူကြီးတွေက နင်တို့ကိုမြင်ရင် သနားမိကြမှာပဲ"

လို့ အဘက အားရပါးရကြီးပြောပြီး ထမင်းဆုပ် (၃)ဆုပ် တင်ထားရာနေရာကို လှမ်းကြည့်လိုက်ပါတော့တယ်။ အဲဒီလိုကြည့်တဲ့အချိန်မှာပဲ မကြာပါဘူး အနောက်ဘက်ကနေပြီး ကျီးတစ်ကောင်က အဘရဲ့ ထမင်းဆုပ်(၁)ဆုပ်ကို လာရောက်ပြီး ကိုက်ချီပါတော့တယ်။ အဘက အဲဒီမှာ အားရဝမ်းသာ ပြော လိုက်ပြီး…

"နင်ကြည့်နေ စောယုန္တယ်ရေ ဒီနေ့(သို့မဟုတ်) မနက်ဖြန်မှာ အနောက်အရပ်ကနေပြီး တို့တွေကို ငွေလာ ပေးတဲ့သူ ပေါ်လာလိမ့်မယ်။ အဲဒါရရင်တော့ အခု နင်တို့ လူအ မလေးတွေကို ငါ ဘုရားဖူးလိုက်ပို့ပါဦးမယ်"

ဟု ဟက်ဟက်ပက်ပက် ရယ်မောပြီး ကျွန်မတို့ကို ပြောလိုက်ပါတော့တယ်။

သိပ်မကြာပါဘူး။ ကျွန်မတို့ မပြန်ခင် နေ့ခင်းဘက် မှာပဲ အဘနဲ့ အလွန်ရင်းနှီးတဲ့ စိုင်းညီ ဆိုတဲ့ အဘရဲ့မိတ်ဆွေ တစ်ယောက် သူ့တပည့်နှစ်ယောက်နဲ့ ပိုင်းပြီးရောက်လာပါတယ်။ သူ့တပည့်တွေရဲ့ ခါးထဲမှာလည်း သေနတ်ကြီးတွေထိုးလို့။ တစ်ယောက်ကတော့ ကြွပ်ကြွပ်အိတ်ကြီးဆွဲလို့ အဘရှေ့ကို ရောက်လာပါတယ်။(စိုင်းညီဆိုတာ တစ်ချိန်က လက်နက်ကိုင် ဖြစ်ပြီး အလင်းဝင်လာတာ သိပ်မကြာသေးပါဘူး)

အဘရှေ့ရောက်တာနဲ့ အဘကို ထိုင်ကန်တော့ လိုက်ပြီး…

"ဆရာကြီးရေ ဆရာကြီးပြောတဲ့အတိုင်း ကျွန်တော် အစီအရင်တွေလုပ်ပြီး သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ သွား ပြောလိုက်တဲ့အခါ ကျွန်တော်တို့ လိုချင်တာကို နှစ်ခေါက် လောက်ပဲ သွားတွေ့လိုက်ရတယ်။ လွယ်လွယ်ကူကူပဲ ရလာခဲ့ တယ် ဆရာကြီးရေ၊ အဲဒါ လုပ်ငန်းလည်ပတ်လိုက်တာ လုပ်ငန်းစစချင်းမှာပဲ တော်တော်အောင်မြင်မှု ရခဲ့လို့ ဆရာကြီး ကို လာဘ်ဦးလာဘ်ဖျား လာကန်တော့တာပါပြောပြီး သူ့ တပည့်လက်ထဲက အထုပ်ကြီးကိုယူပြီး အဘလက်ထဲထည့် ထိုင်ကန်တော့လိုက်ပါတော့တယ်။ (၂၅)သိန်းပါ အဘ ဆိုပြီး အဘကို ထိုင်လည်းကန်တော့ ငွေထုပ်ကြီးလည်း အပ်လိုက်ပါ တယ်။ (အဲဒီတုန်းက ကျောက်စိမ်းတူးတဲ့ကိစ္စလား၊ ရွှေတူးတဲ့ ကိစ္စလား မသိဘူး၊ နိုင်ငံတော်နဲ့ ပတ်သက်တဲ့ကိစ္စ အဘ လုပ်ပေးလိုက်တာ၊ အဲဒီတုန်းက ၂၅ သိန်း ဆိုတာ ကားလတ် တစ်စီးဝယ်လို့ရတဲ့ ငွေမျိုးပါ) အဲဒါနဲ့ အနားမှာရှိတဲ့ ကျွန်မကို အဘက ကျီးစာမကျွေးတတ်တဲ့ လူမိုက်မလေး သွားသိမ်း လိုက်ဆိုပြီး သူ့ငွေထုပ်ကြီးကို လှမ်းပေးပြီး အဘရဲ့ မီးခံသေတ္တာ ထဲ ထည့်ခိုင်းလိုက်ပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်းပဲ အဘက စိုင်းညီကို…

"မင်း ငါ့ဆီလာတာတော့ ဟုတ်ပါတယ်၊ မင်းအမေက နေမကောင်းပါလား၊ နေမကောင်းဘဲနဲ့ မင်း ထွက်လာတာလား"

ဟု ပြောရာ…

"ဟုတ်တယ် ဆရာကြီးရေ၊ အမေလည်း နလုံး အားနည်းလို့ ဆေးရုံပြနေရတယ်"

တစ်ဆက်တည်း အဘက ဆက်ပြောပါတယ်။

"ဟ စိုင်းညီ မင်း ထွက်လာတာတော့ ဟုတ်ပါတယ်၊ မင်းအိမ်ကြီးက ဆောက်လက်စတန်းလန်းကြီးပါလား"

ဟု ပြောရာ စိုင်းညီက…

"ဟုတ်တယ် ဆရာကြီးရေ ကန်ထရိုက်က ပညာပြ



www.burmeseclassic.com

www.burmeseclassic.com

သွားလို့ တန်းလန်းကြီး ဖြစ်နေတယ်၊ တော်သေးတာပေါ့ တခြားနေစရာရှိလို့"

ဆိုပြီး အံ့ဩစွာနဲ့ အဘကို ပြောပါတယ်။ အဘက တစ်ဆက်တည်းပဲ…

"မင်းအိမ်မပြီးတာက ကိစ္စမရှိဘူး မင်းလုပ်ငန်းခွင်မှာ သုံးတဲ့ စက်ကြီးက ပျက်နေပါလား"

လို့ ပြောလိုက်တဲ့အခါမှာတော့ ဦးစိုင်းညိုလည်း အဘကို ဖင်ဗူးတောင်းထောင်ပြီး ကန်တော့ပါတယ်။

"မှန်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော်လုပ်တဲ့ စက်ကြီး ရုပ်ကျိုးသွားတယ်၊ မြေတူးတဲ့ ယန္တရားကြီးကလည်း ဘီးလိုင်လာအိုးပျက်သွားလို့ ပြန်ပြင်နေရတယ်"

အဲဒါနဲ့ တစ်ဆက်တည်းပဲ…

"ဟာ မင်းအဖေကလည်း မမေးမစမ်းဘဲနဲ့ မော်တော်တစ်စီး ဝယ်လိုက်ပါလား"

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ပထမတော့ အဲဒီမော်တော်ကို လာပေါင်တာ၊ နောက် မရွေးနိုင်တော့လို့ ငွေလည်း လိုတယ်ဆိုလို့ အဖေက ပြန်ဆွဲထားလိုက်တာ"

အဘက "ဟ…မော်တော်က ရောင်းမှာပေါ့ကွ၊ အဲဒီလူက ဗုဒ္ဓဟူးသား မိန်းမနှစ်ယောက်ရှိလို့ ရောင်းလိုက်တာ"

ပြောလိုက်တဲ့အခါမှာတော့ စိုင်းညိုက ထပ်ကန်တော့ပြီး…

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ သူ့နာမည်က ဦးဝင်းပါ၊ မိန်းမနှစ်ယောက် ရှိပါတယ်"

ဆိုပြီး ကန်တော့ပါတယ်။

အဲဒါနဲ့ အဘလည်း သူ့ ကံမြှင့်စေမယ့် အစီအရင်တွေ ထပ်လုပ်ပေးပြီး ဦးစိုင်းညို ပြန်သွားတဲ့အခါမှာတော့…

"အဘရယ် အဘ ကျီးစာကျွေးတာနဲ့ ဘုရားတည် ကျောင်းဆောက်ဖို့ ငွေရတယ်ဆိုတာတော့ ဟုတ်ပါပြီ သူ့အဖေ နေမကောင်းတာရော၊ သူ့စက်ကြီးပျက်တာရော၊ သူ့အဖေ မော်တော်ဝယ်တာရော၊ မော်တော်ရောင်းတဲ့သူက မယား နှစ်ယောက်ရှိတယ် ပြောလိုက်တာ အဘပြောနေတာ အကြား အမြင်နဲ့ ပြောတာလား"

လို့ ပြောလိုက်တဲ့အခါ အဘက အားရပါးရ ကျွန်မ ခေါင်းကို ထပ်ထုပြီး…

"ကျီးစာကိုကျွေးပြီးရင် ဘယ်အရပ်ကကျီး အရင် လာစားသလဲ ကြည့်ထားရမယ်။ အရှေ့ဘက်က လာစားရင် အရှေ့ဘက်က လာဘ်ရမယ်။ အနောက်ဘက်က လာရင် အနောက်ဘက်က လာဘ်ရမယ်။ ကုသိုလ်ကံ အနည်းအများပဲ ကွာမယ်။ (၃)ရက်အတွင်း ရမယ်။ မယုံမကြည်နဲ့ မလုပ်နဲ့၊ အဲဒီမယုံကြည်တဲ့စိတ်က မဖြစ်ဖို့၊ မရဖို့ ဟန့်တားတတ်တယ်။ နောက်ပြီး နင်မေးတဲ့ အကြားအမြင်ဆိုတာ ဘယ်ဟုတ်ပါ့မလဲ ဟယ်။ နင်တို့ကို သင်ပြပေးထားတဲ့ အင်္ဂဝိဇ္ဇာဆိုတဲ့ ပညာရပ်နဲ့ မြင်တာတွေ ကြားတာတွေကို ပြောပြလိုက်တာပေါ့ဟယ်"

အဲဒါနဲ့ ကျွန်မလည်း…

"အဘရယ် အဘပြောတဲ့ အင်္ဂဝိဇ္ဇာဟာ ကျွန်မတို့ကို သင်ပေးတဲ့အထဲမှာ မပါဘူး၊ ကြားလည်း မကြားဖူးဘူး"

ဟု ပြောလိုက်တော့…

"နင် အခု ကြားဖူးပြီ မဟုတ်လား"

"ဟုတ်တယ် အဘရေ ကြားဖူးပြီ၊ ကြားဖူးပြီ မဟုတ်ဘူး အဲဒီလို ဒိုးကနဲ ဒေါက်ကနဲ ပြောပြနိုင်တဲ့ အကြားအမြင်လို့ ပြောတဲ့ အင်္ဂဝိဇ္ဇာကို ကျွန်မတို့ကို ထပ်သင်ပေးပါဦး"

လို့ ပြောလိုက်တဲ့အခါ အဘက ရယ်ပြီးတော့…

"ဒီပညာရပ်တွေကို နင်တို့ကို ငါ သင်ပေးပြီးသားပါ၊ နင်တို့တွေ သေသေချာချာ မလေ့လာဘဲ အမှုမဲ့အမှတ်မဲ့နေလို့ ဒီလိုကိန်းမျိုးတွေကို နင်တို့ မပြောတတ်သေးတာပါ။ နင်တို့တွေ ပညာတွေ ပြည့်စုံလာပြီး ငါတို့အရွယ် ရောက်လာရင် ငါ့လိုပဲ အကြားအမြင်ဆိုတဲ့ အင်္ဂဝိဇ္ဇာပညာရပ်ကြီးကို ပိုင်ပိုင်နိုင်နိုင် ဟောကြားနိုင်ပါလိမ့်မယ်လို့ အဘက နိမိတ်ပေးပြီး ပြောကြား လိုက်ပါတော့သတည်း။

အင်္ဂဝိဇ္ဇာကို ချစ်မြတ်နိုးလှတဲ့ ကျွန်မလည်း တစ်ချိန် ချိန်မှာ အဘလိုမဟုတ်တောင် အဘရဲ့ ခြေဖဝါးက မြေမှုန့်လေး တစ်မှုန်လောက် ဟောကြားနိုင်မယ်လို့ ယုံကြည်မှုများစွာနဲ့ အဘကို ဦးခိုက်ကန်တော့လိုက်ပါတော့တယ်။

ချမ်းသာကိုယ်စိတ် မြဲပါစေ
ဆရာမ ဒေါက်တာစောနန္ဒယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပကော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား

မင်းသိခ်

( ယ ခ င် လ မှ အ ဆက် )

### ဆိတ်ဖွား ပီဇကတ်တိုက်

ဆိတ်ဖွားနှင့် အိုလံတို့သည် တာမွေသချိုင်းရှိ ဇရပ်ကြီးပေါ်၌ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြလေ၏။ နေ့အခါများတွင် အိုလံသည် သူတောင်းစားအဖြစ်ဖြင့် မြို့ထဲသို့ထွက်ကာ လှည့်လည်တောင်းရမ်း၍ ညနေပိုင်းလောက်တွင် ပြန်လာပြီးလျှင် ဆိတ်ဖွား၏ ခေါင်းလုပ်ငန်း၌ ဆေးသုတ်ခြင်း၊ ပန်းဖော်ခြင်း စသော အလုပ်များကို ကူညီလုပ်ကိုင်ပေးလေ၏။

ညပိုင်းသို့ရောက်လျှင် ဆရာတပည့်နှစ်ဦးသည် သတ္တုချိုင့်စုတ်ကလေးအတွင်း၌ ရေနွေးကြမ်းကိုထည့်ပြီး ဦးနုတ္တိအုတ်ဂူပေါ်၌ထိုင်ကာ ရေနံဆီမီးခွက်ကို ရှေ့၌ချလျက် ဆေးလိပ်မီးတရဲရဲနှင့် စကားပြောလေ့ ရှိကြလေ၏။

လသာသော ညများ၌လည်း ဆိတ်ဖွားရွတ်ဒ် ခေါ် ဆိတ်ဖွားလမ်းမကြီးပေါ်၌ လမ်းလျှောက်ရင်း စကားပြောနေတတ်ကြလေ၏။

အကယ်၍ တစ်စုံတစ်ယောက်သောသူသည် ဆိတ်ဖွားနှင့် အိုလံတို့၏ အကြောင့်ကြမဲ့စွာ နေထိုင်ကြပုံတို တွေ့မြင်ရပါမူ သုဘရာဇာလုပ်လိုစိတ်၊ သို့မဟုတ် သူတောင်းစားလုပ်လိုစိတ်ပင် ပေါ်ပေါက်လာဖွယ်ရာရှိပေလိမ့်မည်။

တစ်နေ့သ၌ ဆိတ်ဖွားနှင့် အိုလံတို့သည် ဆိတ်ဖွားရွတ်ဒ်ခေါ် ဆိတ်ဖွားလမ်း၏နံဘေး ဦးနုတ္တိ၏ အုတ်ဂူပေါ်တွင်ထိုင်ကာ နံနက်စာ လက်ဖက်ရည်ကို နို့ဆီခွက်နှင့် ဝယ်ယူကာ သောက်လျက်ရှိကြလေ၏။

ထိုစဉ်၌ မော်တော်ကားတစ်စီးသည် ၎င်းတို့၏ အနီး၌ ကျွီခနဲရပ်လိုက်ပြီးလျှင် ကားပေါ်မှ အသက် ၄၀ အရွယ် မိန်းမတစ်ယောက်နှင့် အသက် ၆၀ အရွယ် အဘိုးကြီးတစ်ယောက် ဆင်း၍လာလေ၏။

အသက် ၄၀ အရွယ် မိန်းမသည် ခေါင်းပေါ်၌ အမောက်ကြီးများသဖွာန် ဆံပင်ကို ပြုပြင်ထားပြီးလျှင် မျက်နှာ၌လည်း မျက်နှာခြယ်များ လိမ်းခြယ်၍ထားလေ၏။

ထိုမိန်းမ၏ မျက်ခွံများမှာ လွန်စွာထူပြိန်းသည့်ပြင် ပါးစုံကြီးများမှာလည်း လွန်စွာ ဖောင်းမို့လေ၏။ နှုတ်ခမ်းမှာမူ အပေါ်နှုတ်ခမ်းတို့၍ အောက်နှုတ်ခမ်း လွန်စွာတွဲပေသည်။

ရင်သားများလည်း လွန်စွာ ဖွံ့ဖြိုးကြကုန်၏။ ထို့အတူ တင်သားကြီးများမှာလည်း လွန်စွာ မို့မောက်၍ ဖောင်းကြွလှပေသည်။

အသက် ၆၀ အရွယ် အဘိုးကြီးမှာလည်း စုစုပေါင်း ၅၆ ပင်ခန့်သာ ရှိတော့မည်ဖြစ်သော သူ့၏ဆံပင်ကို သေသပ်စွာဖြီး၍ ထားပြီးလျှင် ကာလသားအရွယ်များဝတ်သော စပို့ရှပ်အင်္ကျီ အဝါရောင်ကို ဝတ်ဆင်ထားလေ၏။

မိန်းမလုပ်သူသည် ဆိတ်ဖွားတို့ အနီးသို့ ခပ်သွက်သွက်လျှောက်၍လာလေ၏။ သူ့၏ကိုယ်တွင် ဆွတ်ဖျန်းလာသော ရေမွှေးနံ့မှာလည်း လှိုင်၍နေပေသည်။

"ရှင်တို့ ဒီသချိုင်းက သုဘရာဇာတွေ မဟုတ်လား"

ဟု မိန်းမက မေးလိုက်လေ၏။

"ဟုတ်ပါတယ်"

ဟု ဆိတ်ဖွားက ပြန်၍ ပြောလိုက်လေ၏။

"အုတ်ဂူ လုပ်ချင်လို့ပါ"

"ရပါတယ်၊ လုပ်ပေးပါ့မယ်"

"ဘယ်လောက်ကုန်ကုန် ကုန်ပါစေ၊ ခိုင်ခိုင်လှလှကလေး လိုချင်တယ်"

"စိတ်ချပါ၊ ခိုင်ခိုင်ခံ့ခံ့ လုပ်ပေးပါမယ်"

"လှလည်း လှပါစေ"

"စိတ်ချပါ၊ အဲဒီဂူကိုမြင်ရင် ကျန်တဲ့ဆွေမျိုးတွေပါ လိုက်ပြီးသေချင်သွားအောင်ကို လုပ်ရပါစေမယ်။ ကျုပ်ဆရာဆိတ်ဖွားက တစ်ခေတ်မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ဆိုရအောင် ထူးချွန်တဲ့ လူပါပဲ။ အုတ်ဂူလုပ်တဲ့ နေရာမှာတော့ စူပါစတားပါပဲ''

ဟု အိုလံက ဝင်၍ပြောလိုက်ရာ ထိုမိန်းမသည် မဲ့၍သွားလေ၏။

''ပြီးတော့ အုတ်ဂူမှာ ဟောဒီစာကလေးကိုလည်း ကျောက်ပြားကပ်ချင်တယ်''

ဟု ဆိုကာ စာရွက်တစ်ရွက် ထုတ်၍ ပေးလေ၏။

''ရပါတယ် ... ဒါကတော့ ကျောက်ပြားလုပ်တဲ့ လူတွေရှိတယ်၊ အပ်ပေးပါ့မယ်''

ဟု ဆိတ်ဖွားက ပြန်၍ ပြောလိုက်လေ၏။

''ရှိရှိ .. ဟောဟိုဂူဟာ အစ်ကိုကြီးနဲ့ ကျောင်းနေဘက်သူငယ်ချင်း ရာဇဝတ်ထောက် ကိုဖေသက်ရဲ့ ဂူပေါ့ကွ''

ဟု အဘိုးကြီးက သူ၏ဇနီးအား ပြောလိုက်လေ၏။

''အစ်ကိုကြီး၊ ဟိုက ဂူနှစ်လုံးကိုတွေ့လား၊ တွဲပြီးလုပ်ထားထာလေ။ ရှိရှိတို့ လင်မယားသေရင်လည်း အဲဒီလိုပဲ တွဲပြီးထားမယ်''

ဟု မိန်းမလုပ်သူက ပြောလေ၏။ ထိုစကားကို ကြားရလျှင် အဘိုးကြီးသည် လွန်စွာ ပီတိဖြစ်သော မျက်နှာနှင့် သူ၏ဇနီးအား ကြည့်လေ၏။

ထို့နောက် မိန်းမလုပ်သူက စာဘူးတောင်းသိုက်နှင့်တူသော သူ၏ ပိုက်ဆံအိတ်ကိုဖွင့်လျက် ဆိတ်ဖွားအား အုတ်ဂူလုပ်ရန်အတွက် ငွေကို ပေးလေ၏။

ထိုမိန်းမသည် ကားပေါ်တက်သည်အထိ ...

''အုတ်ဂူလှလှကလေးနော်၊ လှလှကလေး''

ဟု ပြောဆိုမှာကြားသွားလေ၏။

''ဒီမိန်းမ မြန်မြန်သွားပေလို့သာပေါ့ ဆရာဆိတ်ဖွားရယ်။ နောက်ထပ် ၁၅ မိနစ်နေရင် ကျုပ်တော့ သူ့ရဲ့ ရေမွှေးနံ့ကြောင့် ခေါင်းမူးပြီး သေနိုင်တယ်။ ဟဲ ... ဟဲ၊ သူ့အဖေလောက်ရှိတဲ့ အဘိုးကြီးကိုတောင် သေရင် အုတ်ဂူတွဲပြီး လုပ်ချင်တယ် ဆိုပါလား''

ဟု အိုလံက ပြောလေ၏။

''ဒီမိန်းမရဲ့ ရုပ်လက္ခဏာကတော့ သျှုတ္တရကျမ်းအရဆိုရင် အဘိုးကြီးရဲ့ခေါင်းကို ချို(ဂျို)တပ်မယ့် မိန်းမမျိုးပဲ''

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် အိုလံသည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

''တော်တော်ကို မဟုတ်တာ ပြောမယ့် မိန်းမမျိုးပဲ''

ဟု အိုလံက ဝင်၍ပြောပြန်၏။

''အဘိုးကြီးရဲ့ မျက်လုံးကလည်း ဟင်းခိုးစားတတ်တဲ့ ကြောင်မျက်လုံးမျိုးကွ''

ဟု ဆိတ်ဖွားက ပြောလေ၏။

''မိန်းမရဲ့ မေးစေ့ကလည်း ထိုလိုက်တာ ဆရာဆိတ်ဖွားရယ်။ ဖားမေးစေ့ ကျနေတာပဲ''

ဟု အိုလံက ပြောပြန်၏။

''အဘိုးကြီးရဲ့ နဖူးကလည်း ပြောင်တင်းတင်းနဲ့ ယိပ်ကျောကုန်းလိုပဲကွ။ ဒီနဖူးမျိုးဟာ ဆင်းရဲတတ်တယ်''

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက ဟက်ဟက်ပက်ပက်ရယ်၍

''ကျွန်တော့်ထက်များ ဆင်းရဲသေးသလား ဆရာ''

ဟု မေးလေ၏။

''ဆင်းရဲတာပေါ့ အိုလံ။ မင်းဟာ ဟိုမိန်းမနဲ့ သုံးမိနစ်လောက် စကားပြောရတာကိုတောင် စိတ်ညစ်ခဲ့ရပြီ မဟုတ်လား။ သူ့ရဲ့ ရေမွှေးနံ့တွေက မင်းကိုခေါင်းမူးစေခဲ့တယ် မဟုတ်လား၊ ဘယ်လောက် ဒုက္ခဖြစ်သလဲ။ ဒုက္ခဟာ ဆင်းရဲခြင်းပဲ။ ဒီအဘိုးကြီးဟာ မသေမချင်း အဲဒီမိန်းမရဲ့ ရေမွှေးနံ့တွေကို ရှူပြီးနေရတော့မယ်ဆိုတော့ သနားစရာကွ''

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက သဘောကျစွာရယ်မောလေ၏။

အုတ်ဂူလုပ်ပြီးလျှင် ကျောက်ပြားကပ်ရန်အတွက် ကျောက်ပြား၌ ရေးထွင်းရမည့် သေသူ၏နာမည်ကို ထိုမိန်းမက ပေး၍သွားသည်ဖြစ်ရာ ဆိတ်ဖွားသည် ထိုစာရွက်ကို ဖွင့်၍ ကြည့်မိလေ၏။

*မောင်သန်းအေး (ခေါ်)*

*အော်လမာအေး*

*အသက် ၂၄ နှစ်*

ဆိတ်ဖွားသည် အထက်ပါစာကို ဖတ်ပြီးနောက် ပြုံးလိုက်လေ၏။ ဆိတ်ဖွား ပြုံးသည်ကိုမြင်လျှင် အိုလံက ...

''ဆရာကြီး ဘာပြုံးတာလဲဗျ''

''ဒီမသာဟာ တော်တော်ဆန်းတယ်။ အိပ်တော့ မန္တလေးမှာ၊ မျက်နှာသစ်တော့ ပုဇွန်တောင်မှာ၊ သေတော့ တာမွေသင်္ချိုင်းမှာကွ''

ဟု ဆိတ်ဖွားက ပြောလိုက်လေသည်။

''ကျွန်တော် နားမလည်ဘူး ဆရာဆိတ်ဖွား''



www.burmeseclassic.com

www.burmeseclassic.com

ဟု အိုလံက ပြောလေ၏။

ထိုအခါ၌ ဆိတ်ဖွားသည် ရန်ကုန်သို့လာရောက်ခဲ့စဉ်က ပုဇွန်တောင်ပန်းခြံ၌ အော်လီဗာအေးဟု ခေါ်သော သူဌေးသားနှင့် တွေ့ခဲ့ပုံကို ပြောပြရာ အိုလံသည် ရယ်မောလေတော့၏။ ထိုသို့ရယ်မောပြီးနောက်

"ဆရာကြီးပြောတဲ့အတိုင်း ဒီကောင် အခုသေပြီပေါ့၊ နေရာမှန်ကို ရောက်သွားပြီပေါ့"

ဟု အိုလံက ပြောလိုက်လေ၏။

ထို့နောက် ဆိတ်ဖွားနှင့် အိုလံတို့သည် မောင်သန်းအေး၏ အုတ်ဂူပြုလုပ်ရန်အတွက် အုတ်ခဲ၊ ဘိလပ်မြေနှင့် သဲများကို သွားရောက်ဝယ်ယူ၍ အုတ်ဂူကို စတင်လုပ်လေ၏။

အိုလံက အုတ်စီ၍ ပေးလေ၏။ ဆိတ်ဖွားကမူ အိုလံစီ၍ပေးသော အုတ်များကို သံလက်ဖြင့် အင်္ဂတေများကို လိုက်၍ကပ်လေ၏။ နာမည်ကျော်ပြာကိုလည်း ကျော်ကြား တွင်းသောလူများဆံ အပ်နှံရေးတွင်း စေလျက် အုတ်ဂူ၏ ခေါင်းရင်းဘက်တွင် ကပ်လိုက်လေ၏။

ဆိတ်ဖွားလုပ်သော အုတ်ဂူမှာ အပေါ်ပိုင်းတွင် ခွက်တက်တက်ရှိလေ၏။

"ဘယ်လိုလဲ ဆရာရဲ့ အုတ်ဂူကလည်း အပေါ်မှာ ခုံးခုံးကလေး မလုပ်ဘဲ ခွက်ခွက်ကြီးပါလား။ ဘယ်လိုဖြစ်တာလဲ ဆရာရဲ့"

ဟု အိုလံက မေးလေ၏။

"ထိုင်လို့ကောင်းအောင် လုပ်ထားတာကွ၊ အုတ်ဂူဆိုတာ ငါတို့ရဲ့ ထိုင်ခုံတွေ မဟုတ်လား။ ငါတော့ ပိုပြီး ထိုင်လို့ကောင်းအောင် နောက်မှီလေးနဲ့ လက်တန်းကလေးတောင် ထည့်လိုက်ချင်တယ်ကွ ... ဟာ .. ဟ"

"မလုပ်ပါနဲ့ ဆရာဆိတ်ဖွားရယ်။ ဥစ္စာရှင်နဲ့ စကားများနေပါဦးမယ်"

ဟု အိုလံက ပြောလေ၏။

ဆိတ်ဖွားတို့ အုတ်ဂူလုပ်ပြီး နှစ်ရက်မြောက်သောနေ့၌ မောင်သန်းအေး၏ ဗျာပနကို ချ၍လာလေ၏။ လိုက်ပို့သော အော်စတင်ကား နှစ်စီးသာပါ၍ ကားပေါ်၌လည်း လူနှစ်ယောက်သုံးယောက်ခန့်သာပါရှိလေ၏။

အုတ်ဂူ လာ၍အပ်သော မိန်းမသည် အနည်းငယ် ငိုကြွေးလေ၏။ သူ၏ယောက်ျား အဘိုးကြီးကမူ စီးကရက်သောက်ရင်း ကိုဆိတ်ဖွား အုတ်ဂူပိတ်ဆို့ပုံကို ကြည့်လေ၏။ ထို့နောက် အုတ်ဂူအပေါ်၌ ခွက်၍နေသည်ကို မြင်လျှင် ...

"ဘယ်လိုလဲ၊ ဂူပေါ်ကလည်း မညီဘဲနဲ့ ဘယ့်နှယ်ကြောင့် ခွက်ပြီးနေရတာလဲ"

ဟု မေးလေ၏။

"တမင်ခွက်ထားတာပါ။ ဒါမှ မိုးရွာတဲ့အခါမှာ ရေတင်မယ်၊ အင်္ဂတေဆိုတာ ရေဝလေ ခိုင်လေပါပဲ"

ဟု အိုလံက ဝင်၍ ပြောလိုက်မှ အဘိုးကြီးလည်း ကျေနပ်သွားလေ၏။

အုတ်ဂူပိတ်၍ ပြီးသွားသောအခါ၌ မောင်သန်းအေး၏ အသုဘပို့သူများသည် ပြန်၍သွားကြလေ၏။

ဆိတ်ဖွားတို့ ဆရာတပည့်လည်း မောင်သန်းအေး၏ အုတ်ဂူပေါ်တွင် ထိုင်ကာ စကားပြောဆိုနေကြလေ၏။

"ဆရာ ကိုဆိတ်ဖွားရေ ... မောင်သန်းအေးရဲ့ ကောင်းမှုကြောင့် ထိုင်ခုံကောင်းကောင်းတစ်ခုတော့ ရပြီဗျို့။ နောက်တစ်ခါ ထမင်းစား စားပွဲအဖြစ် အသုံးပြုလို့ရအောင် လုပ်ပါဦး ဟား ... ဟား ... ဟား ..."

"ငါက သင်္ချိုင်းကုန်းမှာ အဲဒါ မလုပ်ချင်ဘူးကွ"

"ဘာလုပ်ချင်သလဲ ခုတင်လုပ်ချင်သလား"

"မဟုတ်ပါဘူးကွာ။ ဗိမ္မာန်ကတ်တိုက် ကောင်းကောင်းတစ်ခု လုပ်ချင်တယ်၊ 'ဖရီးလိုင်ဘရီ' ပေါ့ကွာ။ အခမဲ့စာအုပ်ဖတ်နိုင်တဲ့ စာကြည့်တိုက်မျိုး သိပ်ပြီးလုပ်ချင်တယ်"

"ဟာ ... ဗျာ၊ ဆရာကိုဆိတ်ဖွားကလဲ ဘယ့်နှယ်၊ သင်္ချိုင်းကုန်းမှာ ဗိမ္မာန်ကတ်တိုက် လုပ်ရမယ်လို့ဗျာ"

"မင်းဘာသိလို့လဲကွ။ လူတစ်ယောက်ဟာ သူ့ရဲ့နာမည်ကို နှစ်ပေါင်းများစွာ တည်တံ့စေချင်ရင် ဗိမ္မာန်ကတ်တိုက်ကောင်းကောင်းတစ်ခုလုပ်ပြီး၊ အဲဒီဗိမ္မာန်ကတ်တိုက်ကို သူ့နာမည် ပေးလိုက်ရုံပဲ"

"အဟုတ်ပဲလား ဆရာဆိတ်ဖွား"

"သထုံမြသပိတ်ဘုရား ခြေတော်ရင်းက ဦးဖိုးသီး ဗိမ္မာန်ကတ်တိုက်ကို ကြည့်ပါလား။ ဦးဖိုးသီးဆိုတာက ဝန်ထောက်လား၊ စစ်ကဲလား ပါပဲကွာ။ အခုထက်ထိ သူ့ရဲ့နာမည်ဟာ ကျန်နေတယ်။ သူလှူတဲ့ စာကြည့်တိုက်ကိုကွ"

"ဪ ..."

"ဆာချားလ်ဘားနဒ်ရဲ့ ဘားနဒ်ဗိမ္မာန်ကတ်လည်း ကြည့်ပါလားကွ"

(ဘားနဒ်ဗိမ္မာန်ကတ်တိုက် ဆိုသည်မှာ ဝန်ရှင်တော်မင်းကြီး ဆာ



www.burmeseclassic.com

www.burmeseclassic.com

ချားလ်ဘားနဒ်ဆိုသူ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခု လသာ အထက (၁) ကျောင်းဝင်းအတွင်း၌ တည်ရှိခဲ့၍ သစ်သားအဆောက်အအုံတစ်ခု ဖြစ်သည်ဟု မှတ်သားမိဖူးပါသည်။ ထို ပိဋကတ်တိုက်သို့ ပထမဦးဆုံးလှူသော အလှူရှင်တို့မှာ ဦးဘိုးမျှင်နှင့် ဦးမြို့စသော မြန်မာအမျိုးသားများ ဖြစ်ကြပါသည်။

စာရေးသူ)

"ဟုတ်တယ် ဆရာရေ။ ဆရာသာ သချိုင်းကုန်းထဲမှာ ပိဋကတိုက်ကြီးတစ်ခု တည်ထောင်နိုင်ရင်တော့ 'ဆိတ်ဖွားပိဋကတိုက်'ဆိုပြီး နှစ်ပေါင်းများစွာ ဆရာ့နာမည်ဟာတည် ရှိနေမှာ အမှန်ပါပဲဗျာ"

ထိုအခါ၌ ဆိတ်ဖွားသည် ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်၍ မီးညှိသကဲ့သို့ အိုလံကလည်း စီးကရက်ကို မီးညှိလေ၏။ အိုလံသည် စီးကရက်ကို ဖွာရှိုက်လိုက်ပြီးနောက် အောက်ပါအတိုင်း ပြောပြန်လေ၏။

"ဆရာဆိတ်ဖွားရဲ့ ဆိတ်ဖွားပိဋကတ်တိုက်ကြီး ရှိတယ်ပဲ ထားကြပါစို့ရဲ့။ သချိုင်းထဲမှာဆိုတော့ လာပြီးဖတ်ကြပါ့မလား ဆရာရယ်"

"ဟ ... ကောင်ရ၊ စာသမားဆိုတာက သူဖတ်ချင်တဲ့စာသာ ရှိပါစေကွာ၊ သချိုင်းကုန်းထဲမကလို့ ခေါင်းထဲဝင်ပြီးဖတ်ရမယ်ဆိုရင်လည်း ဖတ်မယ့်လူစားတွေကွ။ စာသမားစစ်စစ်ရဲ့ဘဝဟာ တကယ်ငြိမ်းချမ်းတယ်ကွ။ သူရယ်၊ စာအုပ်ရယ်ပဲ ရှိဖို့လိုတယ်"

"စာကြမ်းပိုးကို ပြောတာလား"

"အေး ... အင်္ဂလိပ်လိုတော့ (ဘွတ်ခ်ဝမ်း)လို့ ပြောလေ့ရှိကြတာပဲ၊ ဒါပေမယ့် ငါကတော့ အဲဒီလူတွေကို ကြမ်းပိုးဆိုတဲ့ ဝေါဟာရနဲ့တွဲပြီး မခေါ်ရက်ပါဘူး အိုလံ"

"ဆရာဆိတ်ဖွား .. ခင်ဗျားမှာသာ ပိုက်ဆံတွေအများကြီးရှိရင် ပိဋကတ်တိုက်ကြီးလုပ်ပြီး လှူမှာပဲနော်"

"အေးကွ .. ငါတို့ဆီက သူဌေးတွေကလည်း လှူတော့လှူပါတယ်ကွ။ ဒါပေမယ့် ပိဋကတ်တိုက်လှူဖို့ စိတ်ကူးပေါ်တဲ့အလှူရှင်မျိုးက သိပ်ပြီးနည်းသေးတယ်"

"ဆရာဆိတ်ဖွားရေ၊ နောက်တစ်ခါ အုတ်ဂူလုပ်ရရင် စာကြည့်စားပွဲပုံစံတွေဖြစ်လာအောင် လုပ်ပေတော့။ ဟဲ ... ဟဲ ဒါမှ ခင်ဗျားရဲ့ သချိုင်းကုန်း ပိဋကတ်တိုက်လုပ်ဖြစ်တဲ့ အခါမှာ စာကြည့်စားပွဲအတွက် အဆင်သင့်ဖြစ်မှာပေါ့"

"အေး ... မင်းပြောတာ မဆိုးဘူး အိုလံ။ ငါသာ ပိဋကတ်တိုက်ကြီးတည်ထောင်နိုင်ရင် မင်းကို ပိဋကတ်တိုက်မှူး ခန့်မယ်ကွာ"

"ဟား ... ဟား ... အတော်ပဲ ပိဋကတ်တိုက်မှူးလုပ်ရင်း အဝင်အဝမှာ ခွက်ချထားရုံပဲ"

"ခွက်က ဘာလုပ်ဖို့လဲ"

"ဟာ ... ဆရာကိုဆိတ်ဖွားကလည်း ကျွန်တော်ရဲ့ သူတောင်းစားလုပ်ငန်းကြီးကို အပြီးအပိုင်စွန့်လွှတ်လို့ ဘယ်ဖြစ်မလဲဗျာ .. ဟား ... ဟား"

◆◆◆

## လှူသောကောင်နဲ့ လက်ထပ်ပေးမယ်

ဆိတ်ဖွားတို့ ဆရာတပည့်သည် မောင်သန်းအေး၏ အုတ်ဂူပေါ်၌ စကားပြောနေရာမှ တစ်ဖန်ထ၍ လမ်းလျှောက်ရင်း ပြောဆိုကြပြန်၏။

ထိုအချိန်၌ မိန်းကလေးတစ်ယောက်သည် မောင်သန်းအေး၏ဂူသို့ ရောက်ရှိလာလျှင် အုတ်ဂူအားဖက်တွယ်၍ ငိုလေ၏။ အိုလံသည် ထိုမိန်းကလေးကို စိတ်ဝင်စားစွာ ကြည့်ရှုလေ၏။

အသားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ်၊ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံး လွန်စွာကောင်းသော မိန်းကလေးသည် မောင်သန်းအေး၏ အုတ်ဂူကို ဖက်တွယ်၍ ဆွေးမြည့်စွာ ငိုကြွေးနေလေ၏။

"ကိုသန်းအေးရယ်၊ နွယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြလိုက်တာပေါ့။ နွယ်တစ်သက်လုံး ရင်ကျိုးနေအောင် လုပ်လိုက်တာပေါ့။ နွယ် ဘယ်လိုဖြေရမလဲ"

ဟု တတွတ်တွတ် ပြောဆို၍ ငိုလေ၏။ မိန်းကလေးသည် မှောင်ရီပျိုးသည်အထိ ငိုပြီးနောက် ပြန်၍သွားလေ၏။

ထိုအခြင်းအရာကို အိုလံက စိတ်ဝင်စားသဖြင့် ဆိတ်ဖွားကို ပြောပြသော်လည်း ဆိတ်ဖွားသည် စိတ်ဝင်စားခြင်းမရှိဘဲ ရှေးဟောင်း သျှတ္တရကျမ်းတစ်စောင်ကိုသာ မဲ၍ ဖတ်ရှုနေလေ၏။

နောက်တစ်နေ့နံနက်သို့ ရောက်သည့်အခါ၌လည်း ... ယမန်နေ့က မောင်သန်းအေး၏ အုတ်ဂူတွင် ငိုကြွေးသွားခဲ့သော နွယ်ဆိုသည့် မိန်းကလေးသည် ပန်းခြင်းကလေးတစ်လုံးနှင့်အပြည့် ပန်းများကိုထည့်ကာ မောင်သန်းအေး၏ အုတ်ဂူသို့ရောက်လာပြီးလျှင် အုတ်ဂူပေါ်၌ ပန်းခြင်းကို တင်၍ ယမန်နေ့ကအတိုင်း ငိုကြွေးပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အိုလ်ကလည်း ထိုမိန်းကလေး ငိုကြွေးနေသည်ကိုမြင်ရလျှင် လွန်စွာ စိတ်မကောင်းဖြစ်သဖြင့် ဆိတ်ဖွား အနီးသို့ သွားကာ ...

"ဆရာကိုဆိတ်ဖွားရေ ... မနေ့ကမိန်းကလေး လာပြန်ပြီဗျို့။ ဗန်းခြင်းကလေးလည်း ပါတယ်။ မောင်သန်းအေးရဲ့ဂူမှာ ငိုနေလေရဲ့ဗျာ။ မောင်သန်းအေးရဲ့ ရည်းစားကလေးနဲ့တူပါရဲ့၊ သနားစရာပါပဲဗျာ"

ဟု ပြောလေ၏။

"သနားပါ အိုလ်၊ လောကမှာ ကိုယ့်ကို ထောင်မကျ ကျအောင် တစ်ဖက်ကလိုက်ပေးတဲ့ ရှေ့နေကလွဲပြီး လူတိုင်းကို သနားနိုင်ပါတယ်လို့ ဆိုစကားပုံ ရှိတယ်ကွ။ ဒီတော့ သနားပေါ့ကွာ။ သနားတာ ပိုက်ဆံပေးရတာမှ မဟုတ်ဘဲ"

ဟု ဆိတ်ဖွားက ပြုံးလျက် ပြောလိုက်လေ၏။

"ကိုယ့်ရဲ့ ချစ်သူရည်းစား သေသွားတယ်ဆိုတော့ မိန်းကလေးခမျာမှာ လွမ်းရှာမှာပေါ့ ဆရာဆိတ်ဖွားရယ်"

ဟု အိုလ်က ပြောပြန်လေ၏။

"ဒီလိုရှိတယ် အိုလ်၊ ချစ်ဝေဒနာဆိုတာဟာ ဘောင်းဘီအိတ်ထဲကို ဆေးလိပ်မီးမွှားကျသလိုပဲ။ အလွန်ကို နေရထိုင်ရခက်တဲ့ ဝေဒနာပဲကွ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလ်က သဘောကျ၍သွားလေ၏။

ထို့နောက် ...

"ကြိုကြိုဖန်ဖန် ဆရာဆိတ်ဖွားရယ်။ ဆရာက အချစ်အကြောင်းကို သေသေချာချာ သိနေပါလျက်နဲ့ အိမ်ထောင်ရေးကျတော့ စိတ်မဝင်စားတာ အံ့ပါရဲ့ဗျာ"

ဟု ပြောလိုက်လေ၏။

ဆိတ်ဖွားသည် အဓိပ္ပာယ်ပါပါ ပြုံးလိုက်ပြီးနောက် ဆေးပြင်းလိပ်ကို ဖွာလိုက်လေ၏။ ထို့နောက် ...

"ကိုယ့်ခေါင်းနဲ့ မတော်တဲ့ ဦးထုပ်ကို ဆောင်းရတာထက် ဦးထုပ်မဆောင်းဘဲနေရတာက ပိုပြီးကောင်းပါတယ်ကွာ။ ပြီးတော့ အချစ်ဆိုတာဟာ ကျောက်ရောဂါလိုပဲကွ။ အသက်ကြီးမှကျောက်ပေါက်ရင် သေဖို့က များတယ် အိုလ်၊ ဟာ ... ဟ ..."

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ ဆိတ်ဖွားရှုခ် (ဆိတ်ဖွားလမ်း)အတိုင်း မော်တော်ကား တစ်စီးမောင်း၍ ဝင်လာလေ၏။ ထိုကားကို အိုလ်ရော၊ ဆိတ်ဖွားပါ ကောင်းစွာမှတ်မိပေသည် မောင်သန်းအေးမိဘများ၏ ကားပင်ဖြစ်ပေသည်။ ကားသည် မောင်သန်းအေး၏ ဂူရှေ့၌ ထိုး၍ရပ်လိုက်ပြီးလျှင် ကားပေါ်မှ မောင်သန်းအေး၏ မိခင်ဖြစ်သူ ဆင်း၍လာလေ၏။ မောင်သန်းအေး၏ မိခင်ဆိုသူမှာ ဆိတ်ဖွားအား မောင်သန်းအေး၏ အုတ်ဂူလုပ်ရန်အတွက် လာရောက်အပ်နှံခဲ့ဖူးသော တောင့်တောင့်တင်းတင်း မိန်းမကြီးပင် ဖြစ်လေသည်။

"ဟော့ကောင်မ၊ ညည်းက ငါ့သားသေတာတောင် ဒုက္ခပေးတုန်းပဲလား။ ကြည့်စမ်း။ လာပြီး အလွမ်းသယ်နေလိုက်တာ"

ဟု မိန်းမက ပြောလေ၏။

မောင်သန်းအေး၏ ရည်းစားလေးကမူ မည်သို့မျှ ပြန်၍မပြောဘဲ ငိုမြဲငို၍ နေလေ၏။ ထိုအခါ၌ မောင်သန်းအေး၏မိခင်သည် ဒေါသထွက်၍ လာပြီးလျှင် မိန်းကလေး၏ဆံပင်ကို လှမ်း၍ဆွဲလိုက်ပြီးလျှင် ပါးကိုရိုက်လေတော့၏။

"ဆရာကိုဆိတ်ဖွားရေ ... ဟိုမှာ ရိုက်ကုန်ကြပြီ၊ လာဗျို့"

ဟု အိုလ်က ပြော၍ ပြေးသွားလေ၏။ ဆိတ်ဖွားကမူ ဣန္ဒြေရရပင် ထိုင်မြဲတိုင်း ထိုင်၍နေလေ၏။

"နွယ့်ချစ်သူကို နွယ်လွမ်းလို့ လာပြီးငိုတာပါ အန်တီရယ်။ ဒါလောက်တော့ နွယ့်ကို ငိုခွင့်ပေးပါ"

ဟု မိန်းကလေးက အသနားခံလေ၏။

"ညည်းလို အလေနက်တော မိန်းမကလာပြီး အလွမ်းသယ်တာ ငါ့သားရဲ့ဂူဏ်ကိုထိခိုက်တယ်။ ညည်း ငါ့အကြောင်းကောင်းကောင်းသိရမယ်"

ဟု ဆိုကာ မိန်းကလေးအား ရိုက်ရန် ရွယ်လိုက်ပြန်လျှင် အိုလ်သည် ပြေးသွား၍ ကြားမှဝင်ကာ ရပ်လိုက်ပြီးလျှင် ...

"မလုပ်ပါနဲ့ ခင်ဗျာ၊ သနားပါတယ်"

ဟု တောင်းပန်လေ၏။

"ဟဲ့ ... သူတောင်းစား။ နင်နဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်ပါဘူး အန်တီ။ လက်လွန်ကုန်မှာ စိုး၍ပါ"

"ဖယ်စမ်းပါ၊ ဒီသူတောင်းစားက ကြားထဲက ကန့်လန့် ကန့်လန့်"

အိုလ်သည် ဆိတ်ဖွားကို လှမ်း၍ ကြည့်လိုက်၏။ သူ၏ကြည့်ပုံမှာ အကူအညီတောင်းသည့် သဘောမျိုး ပါဝင်လေ၏။ သို့ရာတွင် ဆိတ်ဖွားက စိတ်ဝင်စားမှုမပြဘဲ စာအုပ်တစ်အုပ်ကို ထုတ်၍ ဖတ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အောက်တန်းစား အနုတ်စုတ်ကုပ်စုတ် ကောင်မက ငါ့သားရဲ့ ဂူမှာလာပြီးငိုလားပါလားနဲ့။ ညည်းနဲ့ ငါ့သားနဲ့ တူသလား၊ တန်သလား"

မိန်းကလေးက ငိုမြဲငိုနေလေ၏။

"ဟေ့ကောင် ... အုတ်ဂူကို ဆေးသုတ်ချင်တယ်"

ဟု မောင်သန်းအေး၏ ဖခင်က အိုလံအား ပြောလိုက်လေ၏။

"အဲဒါ ကျွန်တော်နဲ့ မဆိုင်ဘူး ခင်ဗျ၊ ဟောဟိုမှာ ထိုင်နေတဲ့ လူနဲ့ဆိုင် တာ"

ဟု အိုလံက ပြန်၍ပြောလိုက်လေ၏။

မောင်သန်းအေး၏ဖခင်က ဆိတ်ဖွားအား လက်ယပ်၍ ခေါ်လိုက်လေ၏။ ဆိတ်ဖွားက စာဖတ်နေသဖြင့် မမြင်ပေ။ ထိုအခါ၌ လက်ခုပ်တီး၍ ခေါ်ပြန်၏။

"ဒီကိုလာဦး၊ အုတ်ဂူ ဆေးသုတ်ရမယ်"

ဟု မောင်သန်းအေး၏ ဖခင်က အော်ပြောလိုက်လေ၏။

"အလုပ်အပ်ချင်လို့လား။ ဒီကိုလာခဲ့ပါ"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"အောင်မယ်လေးတော် ... ဖင်လေးတောင် မရွှေ့ချင်တဲ့ သုဘရာဇာနဲ့မှ လာပြီးတွေ့နေတယ်။ ပိုက်ဆံရမှာပါ၊ ဒီကိုလာခဲ့ပါ"

ဟု မောင်သန်းအေး၏ မိခင်က ပြန်၍ ခေါ်လိုက်လေ၏။

"ပိုက်ဆံက အရေးမကြီးပါဘူး။ ကျုပ်အဖို့ ပိုက်ဆံဆိုတာ မသာပါးစပ်ထဲက ပစ္စည်းပါဗျာ။ ဘာများဆန်းလို့လဲ။ လာခဲ့စမ်းပါ ခင်ဗျားတို့ လင်မယားနှစ်ယောက်စလုံးလာခဲ့။ ကျုပ်ကတော့ မလာနိုင်ဘူး။ အလုပ်အပ်ချင်အပ်၊ မအပ်ချင်နေ"

"အစ်ကိုကြီးရေ ... သွားလိုက်စမ်းပါ"

"အိုကွာ ... ရိရိကလဲ၊ ငါက သုဘရာဇာဆီ သွားရမယ်လို့ အောက်ကျ နောက်ကျ"

"သုဘရာဇာကလည်း အောက်ကျနောက်ကျခံပြီး မလာနိုင်ဘူး မိတ်ဆွေ"

ဟု ဆိတ်ဖွားက ပြန်၍ ပြောလိုက်လေ၏။

"တော်တော်ကြီးကျယ်တဲ့ သုဘရာဇာပဲ"

ဟု မောင်သန်းအေးမိခင်က ပြောလိုက်လေ၏။ ဆိတ်ဖွားက ထိုစကားကို ကြား၍ သွားသဖြင့် ...

"လူတွေဟာ ... ကိုယ့်နေရာနဲ့ကိုယ် ကြီးကျယ်နေကြတာပဲ။ သင်္ချိုင်းကုန်းဆိုတာ သုဘရာဇာရဲ့ နေရာပဲ။ ဒီတော့ နည်းနည်းတော့ ကြီးကျယ်မယ်ဗျို့"

ဟု ပြောလိုက်လေ၏။

မောင်သန်းအေး၏ ဖခင်လည်း မတတ်သာသည့်အဆုံး၌ ဆိတ်ဖွားထံသို့ မသွားချင်၊ သွားချင်နှင့် သွားလေ၏။

"ဟာ ... ဟ ... မိတ်ဆွေကြီး ဒုံးမဝေးတော့ဘူး။ ဒီလိုမှပေါ့ဗျာ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ မောင်သန်းအေးဖခင်၏ မျက်နှာသည် မဲ့ရွဲ့၍သွားလေတော့၏။

"ရှော့ပိုက်ဆံ ... အုတ်ဂူကို ဆေးသုတ်ထားပါ"

ဆိတ်ဖွားက ဆယ်တန်တစ်ရွက်ကို ပြန်၍ပေးပြီး ငွေတစ်ဆယ်ကိုသာ ယူ၍ထားလေ၏။

"တစ်ဆယ်ပဲကျတယ်။ ပိုပြီး မလိုချင်ဘူး"

"ယူပါ ... ကျုပ်အတွက် ငွေတစ်ဆယ်ပိုပြီးကုန်သွားလို့လည်း ဘာမှ မထူးပါဘူးလေ"

ဟု မောင်သန်းအေး၏ ဖခင်က ပြောလိုက်ရာ ဆိတ်ဖွားက မရိုးမခန့် ရယ်လိုက်ပြီးနောက် ...

"ကျုပ်အတွက်လည်း ငွေတစ်ဆယ်ပိုပြီးရလို့ ပိုပြီးမထူးပါဘူး"

ဟု ပြောလိုက်လေ၏။

"ဆေးကို အမြန်ဆုံးသုတ်စေချင်တယ်"

"မရဘူး ... သန်ဘက်ခါကျမှ သုတ်နိုင်မယ်။ ဆိုက်ကားသမားရဲ့ အုတ်ဂူကို လုပ်ဖို့ရှိတယ်"

"ဆိုက်ကားသမားက အရေး မကြီးပါဘူး"

"သိပ်အရေးကြီးတယ်။ ခင်ဗျားသားထက် အရေးကြီးတယ်။ ဆိုက်ကားသမားက ကန်တော်ကြီးမှာ ရေနစ်နေတဲ့ကလေးကိုဆယ်ရင်း သူပါရေနစ်ပြီး သေဆုံးသွားတဲ့ သူရဲကောင်းစိတ်ရှိတဲ့ ဆိုက်ကားသမား။ လူအဖိုးတန်။ ခင်ဗျားသားလို မိန်းမမရလို့ အဆိပ်သောက်သေတဲ့ လူဖျင်းလူညံ့ မဟုတ်ဘူး။ လူရဲ့ တန်ဖိုးကို တွက်တဲ့နေရာမှာ လူတွေရဲ့အကျိုးကို ဘယ်လောက် သယ်ပိုးခဲ့တယ်ဆိုတဲ့ ပေတံကို အသုံးပြုရလိမ့်မယ်မိတ်ဆွေ။ နားလည်ရဲ့လား။ ဒုံးမဝေးစမ်းပါနဲ့ဗျာ"

"ကောင်းပါပြီ သုဘရာဇာကြီးရယ်။ သန်ဘက်ခါကျတော့သာ ဆေး



www.burmeseclassic.com

www.burmeseclassic.com

သုတ်ထားပါတော့"

"ဟာ ဟာ၊ ကိုယ့်လူ ဒုံးမဝေးတော့ဘူး"

မောင်သန်းအေး၏ မိဘများသည် ကားပေါ်သို့တက်၍ သွားကြလေ၏။ မျှားမကြာမီ မော်တော်ကားသည် ဆိတ်ဖွားလမ်းအတိုင်း မောင်းနှင်၍ ထွက်သွားလေ၏။

သူတောင်းစား အိုလံသည် ငို၍နေသော နွယ်ဆိုသည့် မိန်းကလေးအား ချော့မော့၍ ဆိတ်ဖွားထံသို့ ခေါ်လာခဲ့လေ၏။

"ဆရာ ကိုဆိတ်ဖွားရယ်။ ဒီမိန်းကလေးရဲ့ ဒုက္ခကို ကယ်ပါဦးဗျာ"

ဟု အိုလံက ပြောလေ၏။

"ငါက ဘာကို ကယ်ရမှာလဲ အိုလံ၊ ပြီးတော့ ငါက ကယ်ဆယ်ရေး အသင်းက လူကြီးမှ မဟုတ်ဘဲ"

"သူက မောင်သန်းအေးနဲ့ ရည်ငံခဲ့ပါတယ်။ မောင်သန်းအေးရဲ့ မိဘများက သူနဲ့ သဘောမတူလို့ ခွဲထားခဲ့ပါတယ်။ အဲဒါ မောင်သန်းအေးကတော့ အဆိပ်သောက်ပြီး သေသွားပါပြီ။ သူ့ခမျာ မောင်သန်းအေးရဲ့ အုတ်ဂူမှာ လာပြီး ငိုရတာတောင် လွတ်လွတ်လပ်လပ် မငိုရရှာဘူးဗျာ၊ သနားစရာပါပဲ"

"အဆင့်အတန်း ... အဆင့်အတန်းချင်း မတူဘူးဆိုတဲ့ ပြဿနာတွေပေါ့ကွာ"

"ဟုတ်ပါတယ်ရှင်။ နွယ်ဟာ အိမ်တွေလှည့်ပြီး ကလေးတွေကို စာပြရတဲ့ ဆရာမပါ။ ကိုသန်းအေးတို့ကတော့ သိပ်ကို ချမ်းသာပါတယ်။ နွယ်ကိုသန်းအေးကို ချစ်တာဟာ ချမ်းသာလို့ မဟုတ်ပါဘူး။ သူ့မိဘဆီက အမွေဆိုလို့ အပ်တိုတစ်ချောင်းတောင် မယူခဲ့ပါနဲ့ နွယ်ကပဲ လုပ်ကျွေးပါ့မယ်။ အခုတော့ သူမရှိရှာတော့ဘူး"

နွယ်ဆိုသော မိန်းကလေးသည် ဆွေးမြည့်ကြေကွဲဖွယ်ရာ ငိုကြွေးလေ၏။ အိုလံကလည်း စိတ်မကောင်းသော မျက်နှာနှင့် နွယ့်ကို ကြည့်နေရာမှ ...

"သူ့ခမျာ လွတ်လွတ်လပ်လပ် ငိုရအောင် မောင်သန်းအေးရဲ့ဂူကို ဖောက်ပြီး မောင်သန်းအေးရဲ့ ခေါင်းကိုထုတ်ပြီး တခြားနေရာမှာ ဂူအသစ်တစ်လုံး လုပ်ပေးလိုက်ပါ ဆရာရယ်။ ဒီတော့ သူ့အနေနဲ့ သူ့ချစ်သူရဲ့ ဂူကို လွတ်လွတ်လပ်လပ်လာပြီး ငိုနိုင်တာပေါ့"

ဟု ပြောလေ၏။

"နေပါဦး ...မိန်းကလေး၊ မောင်သန်းအေးကို မင်းဟာ တကယ်ပဲ ချစ်သလားကွယ့်"

ဟု ဆိတ်ဖွားက နွယ့်ကို စေ့စေ့ကြည့်၍ မေးလိုက်လေ၏။

"ချစ်တာပေါ့ရှင်"

"အခုနေ မောင်သန်းအေးနဲ့ ပြန်ပြီး ပေါင်းရမယ်ဆိုရင် မင်းအနေနဲ့ တော်တော်ပဲ ဝမ်းသာမှာပဲနော်"

"ဘယ်လိုပြောလိုက်တာလဲ ဆရာဆိတ်ဖွားရယ်"

ဟု အိုလံက ဝင်၍ ပြောလိုက်လေ၏။

"မြန်မာလို ပြောလိုက်တာလေ။ ဒီမှာ မိန်းကလေး ... လောကကြီးက သိပ်ပြီးဆန်းတယ်ကွ။ မင်းအနေနဲ့ အခုလို ခံစားနေရတဲ့ ချစ်ဝေဒနာတွေကို ပျောက်ကင်းနိုင်တဲ့နည်း ငါ့မှာရှိတယ်။ ညသန်းခေါင်းမှာ မင်းတစ်ယောက်တည်း ဒီကိုလာခဲ့ပါ"

"အို ... ဘယ်ဖြစ်ပါ့မလဲ"

"မင်းချစ်သူကို တွေ့ချင်တယ်ဆို"

"သူက သေပြီပဲ"

"အေးလေ ...ဒါတော့ ငါလည်းမပြောတတ်ဘူး။ တကယ်လို့သာ ငါပြောတဲ့အချိန်မှာ မင်းလာမယ်ဆိုရင် ငါ့အနေနဲ့ ထိုက်ထိုက်တန်တန် ကူညီမယ်။ အဲဒီလို မလာဘူးဆိုရင်တော့ ငါ့ဆီမှာ ဘာမှဆက်ပြီး ပြောမနေပါနဲ့ မိန်းကလေး။ ပြီးတော့ မင်းဟာမင်း မောင်သန်းအေးရဲ့ဂူမှာ ငိုချင်သလောက် ငိုပါ။ မင်းရဲ့မျက်ရည်တွေဟာ သမုဒ္ဒရာလောက်ကြီး ဖြစ်သွားရင်တောင်မှ ငါကတော့ မယုံဘူး။ မောင်သန်းအေးကို ချစ်တယ်လို့ မယုံနိုင်ဘူး။ တကယ်ချစ်ရင် လာခဲ့ပါ။ ည ၁၂ နာရီမှာ ဒီကို လာခဲ့ပါ"

"ဟာ ...ဆရာဆိတ်ဖွားကလည်းဗျာ။ မိန်းကလေးတစ်ယောက်အနေနဲ့ သင်္ချိုင်းကုန်းကို ည ၁၂ နာရီ ဘယ်လိုလုပ်ပြီး လာမလဲဗျ"

ဟု အိုလံက ဝင်၍ပြောလိုက်လေ၏။

"အေး ... အေး ... ပြီးတော့ ငါ ကတိပေးတယ်။ မင်းကို မွဲတစ်ပေါက် မစွန်းစေရဘူး"

ဟု ဆိတ်ဖွားက ပြောလေ၏။

"ဆရာကိုဆိတ်ဖွားရယ်၊ ဆရာ့ဥစ္စာကလည်းဗျာ"

"ချစ်ရင် ...တကယ်ချစ်ရင် လာနိုင်ပါတယ် အိုလံ"

"နွယ်လာခဲ့ပါ့မယ်၊ နွယ် သူ့ကို တကယ့်ချစ်တာပါရှင်"

"အေး ...တကယ်ချစ်ရင် တကယ်လာခဲ့ ကဲ ...သွားပေတော့"

နွယ်သည် မျက်ရည်များသုတ်၍ ပြန်သွားလေ၏။ နွယ်၏ ကျဉ်ပျော်

www.burmeseclassic.com

သေးသွယ်သော ကိုယ်လုံးကလေးကို နောက်မှနေ၍ ကြည့်ကာ အိုလံက သက်ပြင်းတစ်ချက် ချလိုက်လေ၏။

"ဆရာကိုဆိတ်ဖွား၊ ကောင်မလေးကို ညကြီးသန်းခေါင် သချိုင်းကုန်းကိုခေါ်ပြီး ဘာလုပ်မလို့လဲဗျ"

"မလာပါစေနဲ့လို့ ဆုတောင်းပါ အိုလံ။ တကယ်လို့ အဲဒီ မိန်းကလေးသာ မောင်သန်းအေးကို တကယ်ချစ်တဲ့အကြောင်းပြဖို့ ညသန်းခေါင်မှာ သချိုင်းကို လာခဲ့ရင်တော့"

"လာခဲ့ရင် ဘာဖြစ်သလဲ ဆရာကိုဆိတ်ဖွား"

"အခုတော့မပြောနိုင်ဘူး အိုလံ၊ အဲဒီအချိန်ကျမှပဲ ပြောရလိမ့်မယ်"

အိုလံသည် ဆိတ်ဖွား၏ မတင်မကျနိုင်လှသောစကားကို မကျေနပ်နိုင်သဖြင့် မရမက မေးသော်လည်း ဆိတ်ဖွားက လုံးဝအဖြေမပေးဘဲ စာအုပ်ကိုသာ ဖတ်၍ နေလေတော့၏။

ထိုနေည ၇ နာရီလောက်တွင် ဆိတ်ဖွားသည် ရေနွေးကိုတည်၍ လက်ဖက်ခြောက်ကျကျ ခတ်ပြီးလျှင် အုတ်ဂူပေါ်တွင်ထိုင်ကာ လက်ဖက်ရည်ကြမ်းကို သောက်၍နေလေ၏။ အိုလံကမူ လက်ဖက်ရည်ကြမ်း၌ စိတ်ဝင်စားခြင်းမရှိဘဲ နွယ်ဆိုသော မိန်းကလေးများ လာလေမည်လားဟု တွေးတောကာ စိတ်မောလျက်ရှိပေ၏။

ဤသို့နှင့်ပင် အချိန်သည် တစ်စတစ်စ ကုန်၍သွားပြီးနောက် ညသန်းခေါင်အချိန်သို့ ရောက်လေ၏။ ကောင်းကင်မှ ထိန်ထိန်သာလျက်ရှိသော လမင်းကြီးသည် တိမ်တိုက်ကြားသို့ ဝင်ရောက် ပျောက်ကွယ်လျက်ရှိသဖြင့် သချိုင်းကုန်းကြီးတစ်ခုလုံးသည် မှုန်တိမှုန်မွား အလင်းရောင်၌သာလျှင် အုတ်ဂူများ၊ မှတ်တိုင်များ၊ မြေပုံများကို တွေ့မြင်ရလေ၏။

ချမ်းစိမ့်စိမ့်နိုင်လှသော လေအေးကလေးကလည်း အဆက်မပြတ်တိုက်ခတ်လျက် ရှိပေ၏။ တာမွေဈေးဘက်မှ ခေါက်လိုက်သော နာရီသံချောင်းသံသဲ့သဲ့ကို ကြားလျှင် ဆိတ်ဖွားက ...

"ဟော့ ... အိုလံ ချမ်းတယ်ကွာ၊ ရေနွေးအိုးတစ်လုံး ထပ်ပြီးတည်ပါဦး"

ဟု ဆိုသဖြင့် အိုလံသည် အုတ်ဂူနှစ်ခုအကြား၌ မီးမွှေး၍ ရေနွေးအိုးတည်လေ၏။ ရေနွေးအိုးကို တည်ထားပြီးနောက် မီးလှုံရင်း ဆေးလိပ်သောက်၍နေလေ၏။

ထိုအချိန်၌ သချိုင်းဝမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကို ကြားလိုက်ရလေ၏။

"ဆရာကိုဆိတ်ဖွား ... ဆရာကိုဆိတ်ဖွား ... ဟိုမှာကြည့်စမ်း"

ဟု အိုလံကပြလိုက်သဖြင့် ဆိတ်ဖွားလည်း သချိုင်းဝဆီသို့ ကြည့်လိုက်ရာ အင်္ကျီဖြူ၊ လုံချည်ဖြူ ဝတ်ထားသော မိန်းကလေးတစ်ယောက်သည် အကြောက်အရွံကင်းမဲ့စွာ သချိုင်းကုန်းအတွင်းသို့ လျှောက်လာသည်ကို တွေ့မြင်ရလေ၏။

"ဩော် ... မိန်းကလေး လာတယ်ကိုး။ သူ့ရဲ့အချစ်ကို သက်သေပြလိုက်ပြီ အိုလံ"

"သူမို့ မကြောက်တယ် ဆရာကိုဆိတ်ဖွားရယ်"

"အချစ်ဆိုတာ သချိုင်းကုန်းညဉ့်အမှောင်ကို နေထွက်အောင် လုပ်ပေးနိုင်တယ် အိုလံ၊ သူ့တယ်ကြောက်ပါ့မလဲ၊ အချစ်မှာ သတ္တိဆိုတဲ့အရာဟာ ရာခိုင်နှုန်းတစ်ရာ ပါတယ်ကွ။ ဒါပေမယ့် လုပ်သင့် မလုပ်သင့် စဉ်းစားတတ်တဲ့ ဉာဏ်မျိုးတော့ တစ်ရာခိုင်နှုန်းတောင်မှ မပါဘူး ကိုယ့်လူ"

မိန်းကလေးသည် ဣန္ဒြေရရ လျှောက်၍လာရာ မောင်သန်းအေး၏ အုတ်ဂူသို့ ရောက်လျှင် မတ်တတ်ရပ်လိုက်၍ ဘေးဘီကို ကြည့်လေ၏။

ထိုအခါ ဆိတ်ဖွားက အိုလံအား

"သွားပြီးခေါ်လိုက်ပါ အိုလံ"

ဟု အမိန့်ပေးလိုက်လျှင် အိုလံလည်း မိန်းကလေးဆီသို့ ခပ်သုတ်သုတ်သွားရောက်၍ မိန်းကလေးအား ဆိတ်ဖွားထံသို့ ခေါ်၍လာလေ၏။

"ဆရာကိုဆိတ်ဖွား ... ဒီမှာ မိန်းကလေး ရောက်လာပြီ။ သူ့ချစ်သူကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြလိုက်ပြီ"

ဟု အိုလံက ဝမ်းသာအားရ ပြောလိုက်လေ၏။

ဆိတ်ဖွားသည် ရေနွေးအိုးကို ချ၍ လက်ဖက်ခြောက် ခတ်လိုက်ပြီးလျှင် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ၍ သောက်လေ၏။

"သူ့ချစ်သူကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ ပြလိုက်ရုံဘယ်ကမလဲကွ။ မင်းလို သူတောင်းစားနဲ့ ငါလိုသုဘရာဇာရဲ့ သမာဓိကိုလည်း ယုံကြည်ကြောင်း မိန်းကလေးက ပြလိုက်တာပဲ ... ဟာ ... ဟာ။ ဒါနဲ့ မသိလို့ မေးပါရစေဦး မိန်းကလေး၊ အခုနေ ကျုပ်တို့က မိန်းကလေးကို မတော်မတရား ပြုလုပ်မယ်ဆိုရင် မခက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိတ်ဖွားက ပြောလိုက်ရာ မိန်းကလေးက ခါးကြားတွင် ဝှက်၍ ယူလာသော ဓားမြှောင်ကို ဆွဲထုတ်လိုက်လေ၏။

"ဟာ ... ဟ၊ ဓားမြှောင်တွေဘာတွေနဲ့ပါလား။ ဒီမှာ မိန်းကလေး တဏှာရမ္မက် သည်းထန်နေတဲ့ ယောက်ျားတစ်ယောက်အဖို့ မင်းရဲ့ ဓားမြှောင်ဟာ ဘာမျှအသုံးဝင်မှာလဲကွယ်။ ဟား ... ဟား။ အမြောက်ကြီးယူလာရင်တောင် အသုံးမဝင်ပါဘူး"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"ဒါတော့ ကျွန်တော် လက်မခံဘူး။ မိန်းကလေးကို စော်ကားရင် ကျွန်တော်မခံဘူး ကိုဆိတ်ဖွား"

ဟု အိုလံက ခပ်ပြတ်ပြတ် ပြောလိုက်လေ၏။

"ကြိုက်လိုက်လေ အိုလံရယ်။ ဒါမှ တကယ့် လူတော်ကွ။ မဟုတ်တာကိုလုပ်ရင် ... ဘယ်သူပဲလုပ်လုပ် မထောက်ခံရဘူး။ ငါကလည်း မိန်းကလေးကို မစော်ကားပါဘူးကွာ။ သဘောကို ပြောတာပါ။ ထိုင်ပါ မိန်းကလေး"

မိန်းကလေးက အုတ်ဂူပေါ်၌ ကျုံ့ကျုံ့ယုံ့ယုံ့ကလေးထိုင်လိုက်လေ၏။

"မိန်းကလေးက မောင်သန်းအေးကို ဘယ်လောက်ချစ်တယ်ဆိုတာပြလိုက်တော့ မိန်းကလေးရဲ့ တာဝန်က ကျေပါပြီ။ ကျုပ်ရဲ့ တာဝန်ပဲ ကျန်တော့တယ်။ ရော့ ... ရေနွေး သောက်လိုက်ပါဦး"

ဟု ဆိုကာ ရေနွေးငှဲ့၍ ရေနွေးပန်းကန်ကို ပေးလိုက်လေ၏။ သို့ရာတွင် မိန်းကလေးက မယူပေ။

"ဟာ ... ဟ၊ မိန်းကလေးက ကျုပ်တို့ကို ရွံတယ်ကိုး။ ဟာ ... ဟ၊ ကျုပ်တို့ သန့်ပါတယ်။ ငွေတိုးချေးပြီး မစားပါဘူး။ သူများမယားကိုလည်း ကြာမခိုဘူး။ လောကမှာ အဲဒီသူတွေကမှ တကယ်ညစ်ပတ်တဲ့ လူတွေကွယ့် ... ဟာ ... ဟ။ ကဲလေ ထားလိုက်ပါတော့။ မိန်းကလေးကို ကျုပ်ကတိပေးတယ်။ မင်းနဲ့ မောင်သန်းအေးနဲ့ မလွဲမသွေ လက်ထပ်ရမယ်"

"ရှင် ..."

"ဗျာ ..."

နွယ်ဆိုသော မိန်းကလေးသာမက အိုလံပါ "ဗျာ"ဟု ယောင်ယမ်းမိလေတော့၏။

"တကယ်ပြောတာပါ၊ မယုံဘူးလား"

"ဘယ်လို ယုံနိုင်မှာလဲ ဆရာကိုဆိတ်ဖွား။ ဒီမိန်းကလေးကပါ လိုက်သေပြီးမှ မသာချင်း လက်ထပ်ရမှာလား"

ဟု အိုလံက စိတ်ဆိုးစွာ ပြောလိုက်လေ၏။

"ဟာ ... ဟ၊ ဘယ်ဟုတ်မလဲ၊ အရှင်လတ်လတ်ကိုလက်ထပ်ရမယ်"

"မောင်သန်းအေးက ဂူထဲရောက်နေမှ ဘယ်လိုအရှင်လက်ထပ်ရမလဲဗျာ ဆရာကိုဆိတ်ဖွားရယ်"

"မောင်သန်းအေးဟာ မသေသေးဘူး အိုလံ"

"ဂူထဲမှာ မသေသေးဘဲ နေနိုင်ပါ့မလား"

"ဂူထဲမှာ မောင်သန်းအေးမရှိပါဘူး။ လာ ... ငါပြမယ်"

ဟု ဆိုကာ ဆိတ်ဖွားသည် နေရာမှ ထသွားပြီးလျှင် ပေါက်တူးနှင့် သံတူရွင်း အတိုတစ်လက်ကို ယူ၍ မောင်သန်းအေး၏ အုတ်ဂူကို ဖွင့်လေတော့၏။ ဆိတ်ဖွားမောသည့်အခါ၌ အိုလံက ကူညီ၍ သံတူရွင်းဖြင့် အုတ်ဂူကို ဖောက်လေ၏။

နွယ်ကမူ စိတ်အားထက်သန်စွာဖြင့် ကြည့်၍နေလေ၏။ အချိန်အတော်ကြာ လုပ်ကိုင်ကြသောအခါ အုတ်ဂူပွင့်၍သွားလေ၏။ ထိုအခါ၌ ဆိတ်ဖွားနှင့်အိုလံတို့သည် မောင်သန်းအေး၏ခေါင်းကို ဆွဲထုတ်ပြီးလျှင် သံတူရွင်းဖြင့် ကော်လေ၏။

ညသန်းခေါင်ကျော် အချိန်၌ သင်္ချိုင်းကုန်းအတွင်း၌ ခေါင်းဖုံးကို သံတူရွင်းဖြင့် ကလန့်၍ ဖွင့်သောကြောင့်

"ကျွီ ... ကျွီ"

ဟုမြည်သော အသံတို့မှာ အမှန်စင်စစ်အားဖြင့် ကျောချမ်းဖွယ်ရာကောင်းလှတော့၏။

သံချက်များအားလုံး ပြုတ်သွားသောအခါ ဆိတ်ဖွားက ခေါင်းဖုံးကို ခြေထောက်ဖြင့်ကန်၍ချလိုက်ပြီးနောက်

"ဘယ်မှာလဲ မောင်သန်းအေး၊ ကြည့်လေ"

ဟု ဆိုသဖြင့် အိုလံရော နွယ်ပါ ငုံ့ကြည့်ကြရာ အတွင်း၌ ကျောက်ခဲများသာရှိသည်ကို အံ့ဩဖွယ်ရာ တွေ့ရလေ၏။

"ဟင် ... ကိုသန်းအေး အလောင်းလည်း မရှိပါလား"

ဟု နွယ်က အလန့်တကြား ပြောလိုက်လေ၏။

"အေး ... ဒါကြောင့် ကျုပ်အာမခံရဲတာပေါ့။ မင်းနဲ့ မောင်သန်းအေး လက်ထပ်ရမယ်လို့။ မောင်သန်းအေး မသေသေးပါဘူး"

"ဗျာ ... ဆရာကိုဆိတ်ဖွားရယ် ဘယ်လို ခင်ဗျာ။ ကျွန်တော်ဖြင့် နားမလည်နိုင်အောင်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အုတ်ဂူလုပ်ပေးဖို့ လာပြော ကတည်းက မောင်သန်းအေး တကယ် မသေဘူးဆိုတာ ငါသိပါတယ် အိုလံ။ မောင်သန်းအေးရဲ့ဖခင်ကလည်း သူ့ သားရဲ့အုတ်ဂူမှာ စိတ်မဝင်စားဘူးကွ။ ဟိုနားက သူနဲ့ကျောင်းနေဘက် ရာဇ ဝတ်ဝန်ထောက်ရဲ့ အုတ်ဂူကိုပဲ စိတ် ဝင်စားနေတယ်။ သူ့မိန်းမကြီးက တော့ ဟိုက စုံတွဲဂူကို ကြည့်ပြီး သူတို့ လင်မယားသေရင် ဂူကို စုံတွဲလုပ်ဖို့ပဲ ပြောနေတယ်။ ပြီးတော့ ဒါလောက် အဆင့်အတန်းမြင့်တဲ့ မသာကလဲဗျာ လိုက်ပို့တဲ့လူက သုံးလေးယောက်ပဲ ပါတယ်။ ဒါတွေက မင်းနားလည် အောင် ထုတ်ပြတဲ့ အချက်တွေပါ။ ငါ့အနေနဲ့ကတော့ အဲဒီမိန်းမကို မြင် ကတည်းက မောင်သန်းအေးရဲ့ အသု ဘကို မယုံသလိုဖြစ်မိတာ အမှန်ပဲ အိုလံ။ ဒီထက်သေချာတဲ့ အချက် ကတော့ ခေါင်းကို ဂူသွင်းတုန်းက ငါတို့ကို မခိုင်းဘဲ သူတို့ဘာသာ ခေါင်း ကိုသယ်ပြီး သွင်းခဲ့တယ်။ အဲဒီမှာ မသကာတာနဲ့ ခေါင်းနားကပ်ပြီးသွား တယ်။ အနားကိုရောက်တာနဲ့ ခေါင်း ထဲမှာ အလောင်းမရှိဘူးဆိုတာ ငါသိ ပါတယ်"

"ဘယ်လိုသိသလဲ ဆရာဆိတ် ဖွား"

"ငါ့ရဲ့ နှာခေါင်းက မသာနံ့ကို သိတယ်ကွ။ ဒါကိုတော့ မင်းအနေနဲ့ ယုံတယ်မဟုတ်လား"

"ယုံပါတယ် ဆရာဆိတ်ဖွား"

နွယ်သည် ရှိုက်၍ ရှိုက်၍ ငိုနေ လေ၏။

"ဘာဖြစ်လို့ ငိုတာလဲနွယ်၊ မင်း ရဲ့ချစ်သူ မသေဘူးမဟုတ်လား"

ဟု အိုလံက ပြောလိုက်လေ၏။

"သေတာကမှ တစ်ခါတည်းပဲ လွမ်းလိုက်ရင် ပြီးတာပါပဲ။ အခုလို မသေသေးဘူးဆိုတော့ ကိုသန်းအေး တစ်ယောက် ဘယ်လို ဒုက္ခမျိုးတွေ ခံစားနေပါလိမ့်ဆိုပြီး ပူမိတာပေါ့ရှင်"

ဟု မိန်းကလေးက ပြန်၍ပြော လိုက်လေ၏။

ဆိတ်ဖွားသည် ဝင်ရောက်ပြော ဆိုခြင်းမပြုဘဲ ခေါင်းကြီးကို အုတ်ဂူ အတွင်းသို့ ပြန်၍သွင်းကာ အင်္ဂတေ မှုန့်များဖျော်၍ အုတ်ဂူကို ပြင်ဆင်ကာ ခြေရာလက်ရာမပျက် ပြန်၍ ပြုလုပ် လေ၏။

နံနက် ၄ နာရီထိုးသည့်အခါ၌ ၎င်းလုပ်ငန်းပြီးစီးသွားလေ၏။ ထို အခါ ဆေးပြင်းလိပ်ကိုခဲလျက် အုတ် ဂူပေါ်၌ ဆောင့်ကြောင့်ထိုင်လိုက်ပြီး လျှင် ...

"ဒီမှာ မိန်းကလေး၊ ဘာမှ မပူ ပါနဲ့။ ကျုပ်ရဲ့ တာဝန်ထားလိုက်စမ်း ပါ။ မင်းရဲ့ချစ်သူ မင်းနဲ့ ပြန်ပြီးတွေ့ရ ဖို့ ကျုပ်ဆောင်ရွက်ပေးပါ့မယ်။ မိုး လင်းရင် မင်းပြန်တော့။ မင်းနောက် က အိုလံက မယောင်မလည်နဲ့ လိုက် လာလိမ့်မယ်။ မင်းနေတဲ့အိမ်ကို သိရ တာပေါ့။ နေ့တိုင်း အိုလံက တစ် ခေါက်ကျ မင်းအိမ်ရှေ့မှာ လာပြီး တောင်းမယ်။ ငါတို့ကို ပြောချင်တာ ရှိရင်လည်း စာရေးထားပြီး အိုလံခွက် ထဲ ထည့်လိုက်ရုံပဲ။ ငါတို့ ပြောစရာ ရှိရင်လဲ အိုလံက ပြောခဲ့လိမ့်မယ်။ ဘာမှ အားမငယ်နဲ့တော့။ မင်းဘက် မှာ ငါတို့နှစ်ယောက်ရှိတယ်"

ဟု ပြောလိုက်လေ၏။

"ကျေးဇူးလည်း တင်ပါတယ်။ အားလည်းကိုးပါတယ်ရှင်"

"မင်းကိစ္စမှာ ငါ့ရဲ့အသက်ကို စွန့်ပါရစေ။ စွန့်ပြီးဆောင်ရွက်ပေး မယ် မိန်းကလေး"

"ကျွန်တော်လဲ အသက်ကိုစွန့် ပါရစေ ဆရာဆိတ်ဖွား စွန့်ပါမယ်"

ဟု အိုလံက ပြောလေ၏။

"ကြိုက်ပြီ အိုလံ၊ စိန်လိုက် လေ၊ တစ်ခုတော့ရှိတယ်။ မင်းရဲ့ချစ် သူကို ပြန်ပြီးမရမချင်း ငါ့ရဲ့စကားကို တစ်သဝေမတိမ်း လိုက်နာဖို့လိုတယ် မိန်းကလေး"

ဟု ဆိတ်ဖွားက ဆက်၍ ပြော လေ၏။

"လိုက်နာပါ့မယ် အစ်ကိုကြီး စုတ်ဖွားရယ်"

"ဘယ်ကလာ စုတ်ဖွားရမှာလဲ။ ဆိတ်ဖွား ... ဆိတ်ဖွား ... ဟတ်ချိုး ... ဆိတ်ဖွား။ အသက်တစ်ရာ အနာ မရှိဆိုတဲ့ ဆိတ်ဖွားပါ မိန်းကလေးရဲ့ ဟာ ... ဟာ။ ဒီကောင့်နာမည်က အိုလံတဲ့"

"နွယ့်နာမည်က မယဉ်နွယ်ပါ"

သုံးယောက်သား စကားပြော ဆိုနေကြရာ နံနက်မိုးထိန်ထိန်လင်း သည့်တိုင်အောင် ဖြစ်လေ၏။

နံနက်မိုးလင်းသည့်အခါ၌ မယဉ် နွယ်ဆိုသည့် အပူသည် သတ္တိခဲမိန်း ကလေး ပြန်၍သွားလေ၏။

အိုလံသည် နို့ဆီခွက်ဖြင့် လက် ဖက်ရည်ကိုဝယ်လျက် နံပြားနှစ်ချပ် ကို နှီးဖြင့်သီကာ ဆိတ်ဖွားအနီး ရောက်၍လာလေ၏။

"ဆရာဆိတ်ဖွား ... လက်ဖက် ရည်နဲ့ နံပြားကလေး သုံးဆောင်လိုက် ပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ အိုလံသည် နို့ဆီခွက်အတွင်းသို့ လက်ဖက်ရည်ကိုငှဲ့၍ ပေးလေ၏။

ဆိတ်ဖွားသည် နံပြားအနည်းငယ်ကိုဖဲ့၍ စားလိုက်ပြီးနောက် လက်ဖက်ရည်ကို တစ်ကျိုက်ငုံလိုက်လေ၏။

"ကောင်မလေးတော့ ဆရာဆိတ်ဖွားရဲ့ အားပေးစကားကြောင့် တော်တော်ကို အားတက်သွားပြီ ဆရာဆိတ်ဖွား။ သူ့ရည်းစားကလေး မသေသေးဘူးဆိုတာ သိရတော့လည်း ဝမ်းသာလုံးဆို့မတတ် ဝမ်းသာသွားပြီ ဆရာဆိတ်ဖွား။ ဆရာဆိတ်ဖွားက ကျောင်းမနေခဲ့ရလို့သာပဲ၊ ကျောင်းများများနေခဲ့ရလို့ ခေတ်ပညာတွေ သင်ခဲ့ရမယ်ဆိုရင် ဒီထက်ပိုပြီး တော်လိမ့်မယ်ထင်တယ်"

ဟု အိုလံက နံပြားကိုဖဲ့၍ စားရင်း ပြောလေ၏။

"ငါတော့ ဒီလို မထင်ဘူးကွ။ အကင်းပါးမှု၊ သွက်လက်မှု၊ ခံနိုင်ရည်ရှိမှု၊ စွန့်လွှတ်မှု၊ လူသဘောနားလည်မှု စတဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ လူတော်ကလေး တစ်ယောက်ဖြစ်ဖို့ကတော့ ခေတ်ပညာတတ်ဖို့ မလိုပါဘူးကွာ။ ရှေးကပညာတွေ၊ ဥပမာ သျှတ္တရပညာလို့ခေါ်တဲ့ ကိုယ်ခန္ဓာအစိတ်ပိုင်းကို လေ့လာကြည့်ရှုပြီး သူ့ရဲ့စိတ်နေသဘောထားနဲ့ အကျင့်စာရိတ္တကို ခန့်မှန်းနိုင်တဲ့ ပညာစာမျိုး အပါအဝင် ရှေးလူကြီးတွေ လိုက်စားတဲ့ သုတိ–သမုတိ၊ နီတိ၊ သင်္ချာ ... အစရှိတဲ့ သင်္ချာကိန်းဂဏန်းအတတ်၊ နီတိအတတ်၊ ဓမ္မသတ်ကျမ်းအတတ်တွေ ပုရာဏလို့ခေါ်တဲ့ စကားဟောင်း ဆိုရိုးဟောင်း ပုံပြင်ဟောင်းအတတ်တွေကို အချိန်ရတဲ့အခါတိုင်း လေ့လာမှတ်သားထားရုံနဲ့ လူတော်တစ်ယောက် ဖြစ်နိုင်ပါတယ်ကွ"

ဟု ဆိတ်ဖွားက ဆေးပြင်းလိပ်ကို မီးညှိကာ ရှိုက်ဖွာလိုက်ပြီးနောက် ပြောဆိုလေ၏။

"ဆရာဆိတ်ဖွားရယ် ... ရှေးရှေးက အသုံးပြုခဲ့ကြတဲ့ ပညာတွေ၊ သျှတ္တရပညာတို့၊ ဆန်းကျမ်းပညာတို့ ဆရာဆိတ်ဖွား မကြာခဏ ပြောလေ့ရှိတဲ့ ပုရာဏ စကားပုံဟောင်းပညာတို့ဆိုတာ လူ့လောကအတွက် တကယ်ပဲအသုံးဝင်တဲ့ ပညာတွေပဲလားဗျာ"

ဟု အိုလံက နို့ဆီခွက်အတွင်းမှ လက်ဖက်ရည်ကို မော့ရင်း ပြောလေ၏။

"သိပ်ကိုအသုံးဝင်တာပေါ့ အိုလံ၊ အဲဒီပညာတွေတတ်ရင် မဆင်းရဲတော့ဘူးကွ"

"ဆရာဆိတ်ဖွားဟာ အဲဒီပညာတွေ တတ်ထားသားပဲ။ ဘာဖြစ်လို့ ဆင်းရဲနေတာလဲဗျာ"

"ဟာ ... ဟ၊ ငါ့မှာ ပိုက်ဆံမရှိဘူးဆိုတာရယ်၊ ရွှေငွေပစ္စည်း မရှိဘူးဆိုတာရယ်ကိုတော့ ငါဝန်ခံပါတယ် အိုလံ။ ဒါပေမယ့် မင်းပြောသလို ငါဟာ ဆင်းရဲမနေဘူး။ ပိုက်ဆံမရှိတာနဲ့ ဆင်းရဲတာဟာ တခြားစီးပဲဆိုတာ မင်းနားမလည်သေးဘူးကို။ ငါဟာ မဆင်းရဲဘူးဆိုတာ မင်းဘယ်လိုသိနိုင်သလဲဆိုတော့ ငါ့အနေနဲ့ ညည်းညူတဲ့အသံကို မင်းကြားဖူးရဲ့လား"

"ဟုတ်ပါရဲ့ဗျာ။ ဆရာဆိတ်ဖွားဟာ တစ်ခါမှ ညည်းညူတာကို ကျွန်တော်ဖြင့် မတွေ့ဖူး မကြားဖူးပါလား"

"ဟာ ... ဟ၊ ငါက မင်းထင်သလို ဆင်းမှ မဆင်းရဲတာဘဲကိုကွ။ ချမ်းသာတယ်ကွ၊ ချမ်းသာနေတယ်၊ စိတ်ချမ်းသာနေတယ်"

"လောကမှာ စိတ်ချမ်းသာတာ တစ်ခုတည်းနဲ့ မလုံလောက်ဘူးထင်တယ် ဆရာဆိတ်ဖွား"

"လုံလောက်ပါတယ်ကွ၊ စိတ်ချမ်းသာတာ တစ်ခုတည်းနဲ့ လူ့ဘဝဟာ နေပျော်ပါတယ်။ မင်းကို ငါပြောမယ်။ ကူလီတွေ၊ အလုပ်ကြမ်းသမားကြီးတွေ၊ လယ်သမားကြီးတွေဟာ ကိုယ့်ကိုယ်ကို သတ်ဒသတယ်လို့ တစ်ခါမှ မကြားဖူးပါဘူးကွ။ သူဌေးတွေ၊ အရာရှိကြီးတွေသာ စိတ်ညစ်လို့ သေကြောင်းကြံတယ်လို့ ကြားဖူးတယ်။ ဒါကိုကြည့်ရင် စိတ်ချမ်းသာမှုနဲ့ ကိုယ်ချမ်းသာမှုရဲ့ ကွာဟချက်ကို မင်းအနေနဲ့ သဘောပေါက် သင့်ပါတယ်အိုလံ"

ထိုနေ့က ဆိတ်ဖွားနှင့် အိုလံတို့သည် သချိုင်းဇရပ်ကြီးပေါ်၌ အချိန်အတော်ကြာ စကားပြောခဲ့ကြလေ၏။ နောက်ဆုံးတွင် ဆိတ်ဖွားက အိုလံအား –

"ကိုယ့်လူဟာ သူဌေးသားအဖြစ်ကနေ သူတောင်းစားအဖြစ်နဲ့ သချိုင်းမှာနေနေရတာတောင် မညည်းမညူ နေနိုင်တယ်ဆိုတာဟာ စိတ်မဆင်းရဲလို့ မဟုတ်လား"

ဟုပြောလိုက်ရာ အိုလံက ဟုတ်မှန်ကြောင်း ဝန်ခံလိုက်သဖြင့် စိတ်ချမ်းသာခြင်းသည် ရုပ်ချမ်းသာခြင်းထက် အရေးကြီးကြောင်း ဆွေးနွေးသည့် ဆွေးနွေးပွဲကလေးသည် ပြီးဆုံးခဲ့လေ၏။

(ရှေ့လဆက်ရန်)

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိမ်



www.burmeseclassic.com

www.burmeseclassic.com

# သဘာဝသစ်ပင်မှ သူယောင်မသဏ္ဍာန် ဖြစ်ပေါ်မှုဆန်း

ကျော်ဇောဟိန်း(နံ့သာ)

တစ်နေ့တွင် စာရေးသူတို့အဖွဲ့သည် တွံတေးစမ်းရွာရှိ လက်တုံ့ကင် ရေတွင်းများ အခမဲ့တူးဖော်ပြီး ရေတွင်းအလှူလုပ်နေစဉ် ရွာအတွင်းရှိသော အိမ်တစ်အိမ်မှ သူယောင်မသစ်ပင် ရရှိထားသည်ဟု သတင်းကြား၍ ရွာခံဖြစ်သူ ကျောင်းဆရာ(အငြိမ်းစား) ဦးသန့်ဦးက စာရေးသူတို့ကို ဗဟုသုတအဖြစ် သိရအောင်ဆိုပြီ ၎င်းအိမ်ကိုခေါ်ခဲ့ပါသည်။ သူယောင်မသစ်ပင်ရရှိထားသော အိမ်သို့ရောက်သောအခါ ဦးသန့်ဦးက ၎င်းအိမ်ရှင်နှင့် မိတ်ဆက်ပေးပါသည်။ ထိုလူရွယ်မှ အသက် ၃၅ နှစ် ခန့်ရှိမည်ထင်ရပါသည်။ စာရေးသူက သူယောင်မသစ်ပင်ရပုံရနည်းကို လူရွယ်အားမေးကြည့်ရာ ...

ထိုလူရွယ်က ဤသို့ပြောပြလေသည်။ သူသည် မိမိအိမ်ဆောက်ဖို့အတွက် တောတန်းများတွင် တိုင်များခုတ်ရာမှ ၎င်းသူယောင်မဟု ထင်ရသော သစ်ပင်ကိုခုတ်မိပြီး အခြားတိုင်များနှင့်အတူ အိမ်ကိုသယ်လာပါသည်။ တိုင်များခုတ်စဉ်က ဒီအပင်ကတစ်မျိုးပဲဟု စိတ်ထဲမှာထင်ပြီး သူယောင်မအပင်ဟူ၍လည်း မိမိနားမလည်မသိရှိခဲ့ပါ။ အပင်များခုတ်ပြီး အိမ်ကိုသယ်လာပြီး နောက်တစ်နေ့တွင် မိမိအိမ်ဆောက်သောအခါ သူငယ်ချင်းများက ဝိုင်းကူဆောက်ပေးကြပါသည်။ ဤသို့အိမ်ဆောက်ရာ၌ လိုအပ်သည့်တိုင်များ တစ်လုံးစီယူပြီး နေရာချရာထားစဉ် ...

သူငယ်ချင်းတစ်ယောက်က ဤသို့ပြောလေသည်။ "သူငယ်ချင်း ဒီတိုင်ကထူးခြားတယ်ကွ။ မိန်းမအင်္ဂါရုပ်တွေ အကုန်ပါတယ်"လို့ပြော၍ ကျွန်တော်လည်း သေသေချာချာကြည့်လိုက်သောအခါကျမှ ဟုတ်ပါ့ဗျာ။ မျက်နှာကလွဲ၍ အားလုံးမိန်းမသဏ္ဍာန်ဖြစ်နေတယ်။ ခြေထောက်တစ်



သူယောင်မသစ်ပင်
တွံတေးမြို့နယ်

ဖက်က အနည်းငယ်သေးတာကလွဲပြီး။ ဒါနဲ့ပဲ ဒီတိုင်
မသုံးဘဲ ဒီအတိုင်းထားခဲ့တာ။ နားလည်တဲ့ သူများကို
ကြည့်တော့ ဒီလိုသူယောင်မသစ်ပင်မျိုးတွေ အ
မရှိလို့ မသိကြသူများက များလေသည်။ ဒါနဲ့
ပြီးသောအခါ ၎င်းသူယောင်မတိုင်ဟုထင်ရသော

www.burmeseclassic.com

ကိုအိမ်ရှေ့ခန်းဆီးနားမှာထားပြီး တချို့ အပေါင်းအသင်း သူငယ်ချင်းများက ကန်တော့ပွဲပေးထားကြည့်ပါလား။ ကန်တော့ပွဲပေးရင် အကျိုးပေးတယ်ပြောလို့ ကျွန်တော်လည်း ကန်တော့ပွဲပေးထားတယ်။

ကန်တော့ပွဲပေးအပြီး တစ်ပတ်လောက်အကြာမှာ အိမ်ကအမျိုးသမီးနဲ့ အကြီးအကျယ်စကားများပြီး ရန်ဖြစ်ရာက အခုကျွန်တော် မိန်းမနဲ့ကွဲနေပြီ။ ထိုအချိန်တွင် ဆရာဦးအောင်ကြွင်က ဤသို့ပြောလေသည်။ ဒီလိုမမြင်ဖူး မတွေ့ဖူးတဲ့ သူယောင်မသစ်ပင်ကို မသိလို့ ခုတ်မိလာတယ်ဆိုရင်လည်း အခု ဟိုလူပြော၊ ဒီလူပြောသိလာတော့ မိမိကလည်း မသိနားမလည်တော့ ကောင်းမှန်း၊ ဆိုးမှန်း မသိနိုင်ဘူးလေ။ အခုရှိနေတဲ့ သူယောင်မသစ်ပင်တိုင်ကိုလည်း အခြားတစ်နေရာကိုသွားပြီး ပစ်လိုက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်။ မောင်ရင်စိတ်ဆန္ဒရှိရင်တော့ ထားပေါ့။ အိမ်မှာထားချင်တဲ့စိတ်ဆန္ဒ မရှိတော့ရင်တော့ ချောင်းထဲဖြစ်ဖြစ်၊ လျှိုထဲဖြစ်ဖြစ် သွားပြီးပစ်လိုက်တော့။

ထိုအချိန်တွင် သူယောင်မတိုင် လက်ခံရရှိထားသော လူရွယ်မှာ ဇဝေဇဝါဖြစ်နေပုံရလေသည်။ ထိုအချိန်တွင် စာရေးသူက သူယောင်မသဏ္ဍာန်ဖြစ်နေသော သစ်ပင်တိုင်ကို ဓာတ်ပုံရိုက်ခွင့်ပြုရန် လူရွယ်ကလေးအားခွင့်တောင်းရာ ဆရာတို့ ဓာတ်ပုံရိုက်ချင်ရင် ရိုက်သွားပေါ့။ အမှတ်တရဖြစ်တာပေါ့။ ဒီသူယောင်မတိုင်အကြောင်းကို ရေးရင် ကျွန်တော့်နာမည်ထည့်ပြီး မရေးပါနဲ့ ဆရာဟု ပြောပါသည်။ စာရေးသူကလည်း ကျွန်တော်ဆောင်းပါးရေးဖြစ်ရင် ခင်ဗျားနာမည်ကို ထည့်ပြီးမရေးပါဘူး စိတ်သာချပါဟု ပြောခဲ့သည်။

ထို့နောက် စာရေးသူတို့အဖွဲ့သည် ၎င်းအိမ်မှ ပြန်လာခဲ့ကြပါသည်။ နောက်တစ်နေ့တွင် ရန်ကုန်ရောက်သောအခါ လမ်းဘေးတစ်နေရာတွင် သူယောင်မပုံများ ရောင်းနေသည်ကိုတွေ့၍ စာရေးသူဝယ်လာခဲ့ပါသည်။ ၎င်းသူယောင်မပုံများသည် ကွန်ပျူတာဆရာတစ်ဦး၏ စိတ်ကူးယဉ်၍ပြုလုပ်ထားသော ပုံများဟု စာရေးသူထင်မိပါသည်။

မည်သို့ပင်ဖြစ်စေ တွံတေး စမ်းရွာမှ သူယောင်မသဏ္ဍာန်တိုင် တွေ့ခဲ့ပြီး ယခုတစ်ဖန် သူယောင်မပုံများ ထပ်တွေ့ရခြင်းသည် ထူးခြားမှုလား။ ဒါမှမဟုတ် တိုက်ဆိုင်မှုလေလားဟု မဆိုနိုင်။ ထို့ကြောင့် သူယောင်မအကြောင်း



သူယောင်ပင်နှင့် သူယောင်သီးများ

ရေးသားထားသော စာအုပ်စာပေများကို ရှာဖွေပြီးဖတ်ရာတွင် သူယောင်သီးနှင့်ပတ်သက်၍ သူယောင်သီးသမိုင်းများကို ရှေးဟောင်းစာပေများ၌ ဤသို့ တွေ့ရှိခဲ့ရလေသည်။

သူယောင်တော၌ သူယောင်သီးများသည် အလွန်ထူးဆန်းလှစွာ စတုမဟာရာဇ်နတ်သမီး၊ တာဝတိံသာနတ်သမီးများကဲ့သို့ လှပတင့်တယ်သော အဆင်းအရေနှင့် ပြည့်စုံသောသစ်ပင်မှ ဖြစ်ရှိသော သူယောင်သီးကိုဆွတ်ယူပြီးနောက် ခြောက်လကြာမှ ပျက်စီးပုပ်သွေးကြ၏။ ထိုသူယောင်မနှင့် ပျော်မွေ့ကြသော ဝိဇ္ဇာဓိုရ် စသောသူတို့မှာလည်း လေးလလောက်ကြာမှ သတိကိုရနိုင်ကြလေကုန်၏ ဟူ၏။

ထိုသူယောင်သီး၏ သဏ္ဍာန်ကား လူမိန်းမ ၁၅ နှစ်၊ ၁၆ နှစ်အရွယ်အသွင် အင်္ဂါကြီးငယ်နှင့်တကွ ပြည့်စုံ၏။ **ဆံထုံးကားအညှာပေါက်ကုန်လျက် တင့်တယ်စွာသီးကုန်၏။** သူယောင်သီးကြွေ၍ပုပ်သောအနံ့ကား လူတို့သေသည်ရှိသော် ပုပ်သောအနံ့ကဲ့သို့ပင် ပုပ်၏။ အပင်အောက်တွင် ပုပ်၍ ကျကြွေသောအသီးတို့ကို ဆဒ္ဒန်ဆင်မင်းတို့သား၍ ကုန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုသူယောင်တော၌ကား သံဝိဇ္ဇာမိုရ်ရိတစ်ပါးသာ နေ၏။ လောကီစျာန်ရသော ရှင်ရသေ့တို့ကား ထိုသူယောင်တော၌ မသွားမနေကုန်။ အဘယ့်ကြောင့်နည်းဆိုသော် ထိုသူယောင်သီးတို့သည် လေပြည်လေညင်းသုတ်သွင်း ဖျန်းပက်သည်ရှိသော် ကိန္နရီ၊ ကိန္နရာတို့သည် ကသိမြူးထူး ပျော်ရွှင်သကဲ့သို့ ပြုံးတုံ့ ရယ်တုံ့ပုံသဏ္ဌာန်ရှိ၍ မသွားမနေကြကုန်။ ထိုသို့သော သူယောင်အဆင်းတို့ကို မြင်မိလျှင် ရာဂစိတ်တို့ကို ဆို့ပိတ်မနိုင် ကြံမှိုင်မနော ရာဂပြော၍ စျာန်လျှောကြသဖြင့် အသစ်တစ်ဖန် ပရိကံဖြင့် စျာန်ကိုဖြစ်ပြန်စေရသောကြောင့်တည်း။

စတ္တာလီသနိ္နပါတ်၊ အလမ္ဗုသာ ဇာတ်တွင်လည်း–

အထနံမဟာသတ္တော၊ ဝိညူဝယဘာဝမ္ပတ္တံ ပဗ္ဗဇ္ဇိတွာ၊ အတ္တနောမဟာလ္လကာ၊ ကာလေတံအာဒါယနာရိဝနံနာမ၊ ဂန္တွာတာတကူမသိ္မံ၊ ဟိမဝန္တေကူမေဟိပုပ္ဖေ၊ ဟိသဒိသာ၊ ကူတ္ထိယောနာမ ဟောန္တိ။

(အနက်ကား) ။ ။ အထ–ထိုအခါ၌၊ မဟာသတ္တော–ဘုရားလောင်းသည်၊ ဝိညူဝယဘာဝပ္ပတ္တံ–သင်ကြားလိမ္မာသောအရွယ်သို့ရောက်သော၊ နံ–ထို၊ ကူသိသိင်္ဂကို၊ ပဗ္ဗဇ္ဇိတွာ– ရသေ့ရဟန်းပြု၍၊ အတ္တနော–မိမိ၏၊ မဟာလ္လကကာလေ– ကြီးရင့်သောကာလ၌၊ တံ–ထိုကူသိသိင်္ဂရသေ့ငယ်ကို၊ အာဒါယ–ခေါ်ခဲ့၍၊ နာရီဝနံနာမ–နာရီဝနမည်သော သူယောင်တောသို့၊ ဂန္တွာ–သွား၍၊ တာတ–ချစ်သား ကူသိသိင်္ဂ၊ ကူမသိ္မံဟိမဝန္တေ– ဤဟိမဝန္တာတော၌၊ ကူမေဟိပုပ္ဖေဟိ–ဤသူယောင်ပွင့်တို့နှင့်၊ သဒိသာ–အဆင်းသဏ္ဌာန်တူကုန်သော၊ ကူတ္ထိယောနာမ–မိန်းမတို့သည်၊ လောကေ–လောက၌၊ ဟောန္တိ– ရှိသည်ဖြစ်ကုန်၏။

(အဓိပ္ပာယ်ကား)။ ။ ဘုရားလောင်းရသေ့ကြီးသည် သားငယ်ကူသိသိင်္ဂအား သင်ကြားလိမ္မာသော အရွယ်ရောက်၍ ရသေ့ရဟန်းပြုပြီးလျှင် သူယောင်ဝင်အပွင့်ကိုပြ၍ အမောင် ... ကူသိသိင်္ဂ၊ ဤဟိမန္တာတောတွင် ဤသူယောင်ပွင့်နှင့်အဆင်းသဏ္ဌာန်တူသော မိန်းမဆိုသူတို့ လောကတွင် ရှိကုန်သည်။ ထိုမိန်းမတို့အလိုသို့ မလိုအပ်၊ အကျွမ်းမဝင်အပ်ဟူ၍ အဘရသေ့မှာထားကြောင်းကို ဘုရားဟောတော်မူသည်။ ၎င်းအလမ္ဗုသာဇာတ်အဋ္ဌကထာတွင် ...

(မှတ်ချက်) ။ ။ "ကမလာဝုစ္စတိ နာရီပုပ္ဖေလတာ။ တာသံပုပ္ဖသဒိသာ ကူတ္ထိပေဟာ"ဟူ၍ ဖွင့်သည်ကို ထောက်ချင့်လျှင် အပင်နှင့်မတူ။ မိကျောင်းနွယ်၊ ခုံချင်းနွယ်တို့ကဲ့သို့ အနွယ်နှင့်တူသည်။ အသီးနှင့်မတူ၊ အပွင့်နှင့်တူ သည်။ ဤဇာတ်တော်၌ကား ပုပ္ဖသဒ္ဒါဖြင့် အပွင့်ဟုပြသည်။ ထိုသူယောင်တောကား ကျွန်းဦးသပြေပင်ကိုရံသော တောကြီးရှစ်တောတွင် တစ်ပါးအပါအဝင်ဖြစ်လေသည်။ လောကပညတ္တိကျမ်းတွင် ဖလသဒ္ဒါဖြင့် အသီးဟုပြသည်။ ဆင်ခြင်ပါ။

ထိုသူယောင်တောကို ရည်ရွယ်၍ ရှေးဆင်တဲဆရာတော်ရေးသားသည့် လောကဝရဇိနိကျမ်းတွင် –

"အခက်သန္တာ၊ ပင်မှာငွေသွေး ဖြူဖွေးဆွတ်ဆွတ်၊ ပွင့်ဝတ်အညှာ၊ နီလာကျောက်နွယ်၊ အသီးဝယ်ကား၊ တစ်ဆယ့်ခြောက်နှစ်၊ သက္ကရာဇ်ဝင်၊ ကညာစင်၏။ ခါးကြင်ရင်ချီ၊ ငါးကြန့်ညီသည်၊ ပဒုမ္မာဇာတ်၊ သားမြတ်အစုံ၊ ရွှေရင်အုံဝယ်၊ ငွေငုံပေါ်စ၊ ဆင်းမြမြတည်။ လဆန်းငါးရက်၊ လရောင်စက်သို့၊ ရွှေမျက်ခုံးကျော့၊ မျက်တောင်ကော့လျက်၊ ပျံတော့မည်ယောင်၊ လောင်လုနီးနီး၊ ကြယ်ကြီးသောကြာ၊ ပမာတုနှုန်း၊ ယှဉ်လာရုံးသည်၊ မျက်လုံးတော်ရောင်၊ လောင်လှလှလှ၊ ရှုတိုင်းနှလျက်၊ ဖော့ဦးအသွင်၊ ရွှေပါးပြင်ဝယ်၊ ကေသျှင်ရောင်လျှံ။ ဗျာပါဆံလည်း၊ အလျှံပြောင်ပြောင်၊ ဝိတုန်းရောင်နှင့်၊ သုံးထောင်တစ်ထွာ၊ ဆံကေသာလည်း၊ မြညှာအလား၊ သားလှီးဓားသို့၊ အဖျားသွယ်သေး၊ ကွေးကွေးညွတ်ညွတ်၊ မြိတ်လွတ်ရွှင်မြူး၊ ဖြူရရှူးနှင့်၊ တမူးချိန်မှန်၊ ဗိဿာတန့်သည်၊ ဝေယန်ဘုံနေ၊ နှင်းဆီရွှေလည်း၊ သုတ်လေညင်းညင်း၊ လီမ်းပျံ့သင်း၏။ အဆင်းနုပြောင်၊ လက်ချောင်းလက်သန်း၊ ဆေးတပန်းသို့၊ နှုတ်ခမ်းအသား၊ ကွမ်းမစားလည်း၊ ပတ္တမြားသန္တာ၊ ကျီးအာတူညီ၊ ထွေးထွေးနီ၏။ ဝဇီမုတ္တာ၊ ဖြူစွာငွေသား၊ သွားလည်းညီညီ၊ ရွှဲလုံးစီသို့၊ သိဂီရောင်ခြည်၊ တွန့်မြူးစီသား၊ ရင်လံ့ည်တစ်လျှောက်၊ ရွှေညွှင်းပြောက်နှင့်၊ အတောက်ညီးညီး၊ ပုတီးခြေကျင်း၊ ဝင်းဝင်းထိန်ထိန်၊ စိန်ကုံးမြကုံး၊ ရွှဲလုံးနေ့ဇာ၊ လည်မှာဘယက်၊ လက်ကောက်လျှံမောင်း၊ နားတောင်းကျောက်စီ၊ ထဘီအချိစိန်မြစီ၊ နာရဏီလျှံ၊ သဏ္ဌာန်လှမော၊ သူယောင်တောလည်း အုံ့ဩစရာ၊ ပွင့်ဝတ်ညှာဝယ်၊ ဆွဲကာ ထွေကာ လေ

www.burmeseclassic.com

ပြင်းလာလည်း၊ ဘယ်ညာမှီတင်း၊ ကခြင်းတစ်မျိုး၊ ရှေ့တိုးနောက်ဆုတ်၊ တလှုပ်လှုပ်နှင့်၊ စိတ်ရှုပ်စရာ၊ လွမ်းလိပ်ပြာကို၊ သည်မှာနားလှည့်၊ ခေါ်သကဲ့သို့၊ နွဲ့တလျလျ၊ ဟန်ရှုပနှင့်၊ မိန်းမအာရုံ၊ ယဉ်မျိုးစုံလည်း၊ ရဂုံမြိုင်ကြီး၊ ရံဝေလသည်။

ထိုသူယောင်တော၊ မြိုင်သာမောသို့၊ အာသဝေါမစင်၊ အညီမင်သည်၊ ပုထုဇဉ်ပုဂ္ဂိုလ်၊ ဝိဇ္ဇာမိုရ်ရုတို့၊ လေးညှို့ယန္တရား၊ စက်ကစား၍၊ ပျံသွားကျ ရောက်ပန်းပင်အောက်ဝယ်၊ မြညှော်ကြည်းညီး၊ သူယောင်သီးကို အနီးမက်မော၊ မြင်သောခါဝယ်၊ လိပ်ပြာမလုံ၊ သည်းရင်အုံမှာ၊ ခုန်တဆတ်ဆတ်၊ လွမ်းရေငတ်နှင့်၊ ဖတ်ဖတ်မောလျ၊ ဇောချွေးကျ၍၊ မမိမိ၊ မောင်ကြီးသက်ကယ်၊ ဘယက်သွယ်ငသော၊ ဘဟာသောနှင့်၊ အပြောယွင်းချွတ်၊ တွတ်တီးတွတ်တာ၊ ခေါ်ရာခေါ်မှာ၊ စကားမပြီး၊ ရင်ဆီချွဲဆိုက်၊ အကြိုက်ဖုတ်ဘမ်း၊ ကစမ်းကဝါး၊ သွားတကြိတ်ကြိတ်၊ ထိတ်တလန့်လန့်၊ ဒူးနှံ့လက်လှုပ်၊ ရွှေဖော့ရုပ်ညီ၊ တမုတ်သီသို့၊ မဒီမင်းငယ် ဆင်းပါ့ကွယ်ဟု၊ ညာဘယ်သိမ်းကာ၊ ကိုင်းညွတ်ရာကို၊ အသာပွေ့ဖက်၊ ပန်းပင်ထက်သို့၊ သက်၍ဆွတ်ခြွေ၊ ပန်းမြေတလင်း၊ ကြော့ရှင်းရှင်းမှာ၊ သက်သွင်းပြီးခါ၊ လိပ်ပြာနှစ်ကောင်၊ အတောင်ရှက်တင်၊ ဘဝင်မွေးမိုတ်၊ ချစ်စိတ်တိုင်းကျ၊ ပီတ်တောစ၍၊ လေးလရှည်ကြာအိပ်ပြီးခါမှ၊ ဘာသာဘာသာ၊ လိုရာဌာန၊ သွားနိုင်ကြ၏။

အနိစ္စတော၊ ဒုက္ခတောနှင့်၊ လောကစံစု၊ လူမှုမယှဉ်၊ တရားယဉ်သည်၊ ဘိညာဉ်ပျော်မွေ့၊ ရှင်ရသေ့လည်း၊ ဓလေ့ဘာသာ၊ တောလည်ရှာသော်၊ အာကာခရီး၊ ဈာန်ယာဉ်စီး၍၊ အနီးရောက်ဘိ၊ သူယောင်မိကြောင့်၊ ခင်ကြီးက္ကန္ဒြေ၊ ငါး၊ မြေ့၊ လိပ်မျိုး၊ ဈာန်ဒူးကျိုး၍၊ ဖောက်ထိုးသက်ဆင်း၊ ပန်းတလင်းဝယ်၊ အတင်းပျော်ပါး၊ တရားလက်လွှတ်၊ အတောင်ကျွတ်သည်၊ ချည်ခင်စွပ်ငှက်၊ တလက်ချာလည်း၊ ရေကြည်မီးတောက်၊ အပ်ပျောက်ရေကျ၊ ရှာမရသည်၊ သီလမဉ္ဇူ၊ နံ့ကြူပန်းမှန်၊ သရက္ခန်ဇာတိ၊ ငါးပိအိုးရောက်၊ ဆားလေ့မှောက်သို့၊ ကတောက်ကတက်၊ အိပ်ပျော်စက်၍၊ မက်သည့်မီးလျှံ၊ ပိုးဖလံသို့၊ ဆံကျစ်လျှော်တော၊ သစ်နက်ရေလည်း၊ အနေထွေးရှုပ်၊ သတင်းပုပ်လျက်၊ ဘရုတ်သုတ်ခ၊ သုံးမကျတည့်၊ လေးလလွန်ခါ၊ ကျိန်းစက်ရာက၊ အသာထ၍၊ မူလဇာတိ၊ ကိုယ်ကိုထိသော်၊ နှမိနှမြော၊ တရားဟောလျက်၊ ပျော်သာရှင်ပျမှားလေစွဟု၊ သံဝေဂကူ၊ တရားယူ၍၊ ထိုသူယောင်မြတ်၊ ကညာနတ်ကို၊ နှပ်တံတွေးစစ်၊ ထွေးအန်ပစ်မှ၊ ရှစ်သမာပတ်၊ ဈာန်မြတ်ရထား၊ ယန္တရားကြီး၊ ယာဉ်ပျံစီး၍၊ ခရီးအာကာ၊ လမ်းသာသာကို၊ ပျံကာကြွနိုင်လေသတည်း။ ဟုစပ်ဆိုသည်။

ဟံသာဝတီရောက်မင်းတရားလက်ထက်၊ သက္ကရာဇ် ၁၁၀၂ ခုနှစ်၊ တပယင်းမြို့စီရင်စု၊ ဟိန္ဒုဝနဂါမ၊ တည်တောရွာ၊ အရှေ့တောင်ကျောင်းတိုက်နေ၊ ခင်ကြီးဦးပြည့်စီရင်သည့် သာရကထာသံပေါက်လင်္ကာတွင်–

၁။ ပျို့ရွယ်အစစ်၊ ဆယ့်ခြောက်နှစ်၊ ဦးသစ်ရွှေပမာ၊

၂။ ပုထုဇဉ်လျှင်၊ စိတ်ပျော်ရွှင်၊ မြင်က တပ်သည်သာ၊

၃။ ရဟန္တာမြတ်၊ စိတ်မညွတ်၊ မြင်လတ် ပြုံးရယ်ကာ၊

၄။ လူဟာန်မကြီး၊ ထိုသစ်သီး မှည့်ပြီးငှက်အစာ၊

၅။ ငှက်တို့စားလေ့ ထိုအစေ့၊ ကြွေရွေ့ ပင်အောက်မှာ၊

၆။ သစ်စေ့ကြွေကျ၊ ကောင်တလ္လ၊ တစတူသည်သာ၊

၇။ လူရိုးလူကောင်၊ ပမာဆောင်၊ ယခေါင်တူသည်သာ၊ အံ့ဖွယ်သရဲ၊ ကြားမြင်ခဲ့၊ တောထဲမြိုင်ခမ်းဝါ၊

ဟူ၍ သံပေါက်စပ်ဆိုသည်။ သုတကာမီပုဂ္ဂိုလ်တို့အတွက် အစေ့အစုံထည့်လိုက်သည်။ ဝိဇ္ဇာမိုရ်ဆရာတို့သည် မိမိတို့၌လည်းကောင်း၊ ၉၆ ပါးသော ဆနဝုတိရောဂါကိုပင် စေနိုင်၏။ အသက်မှာကား ဘုရားတစ်ဆူနှင့်တစ်ဆူအကြား စည်းစိမ်ခံစား၍ ကြာမြင့်စွာ နေရကုန်လေသည်။

သတ္တဝါမှန်သမျှဘေးမခ အေးမြရွှင်လန်းပါစေ။

**ကျော်ဇေယဟိန်း(နံ့သာ)**

<u>ကိုးကား</u>

၁။ ဦးရေဝတပြုစုသည့် လောကီ၊ လောကုတ္တရာ၊ သိဒ္ဓိပေါက်ကျင့်စဉ်၊ ဗုဒ္ဓဂါထာမန္တန်များ။

၂။ မိမိလေ့လာမှတ်သားချက်များ။



www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံများ

သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)

တိရစ္ဆာန်ဘုံတွင် ပါဝင်သော သတ္တဝါများမှ လူသားများအတွက် အကျိုးပြုပုံများကို တင်ပြသွားပါမည်။

## ယုန်

ယုန်သည် လူတိုင်း မြင်ဖူး တွေ့ဖူးသော တိရစ္ဆာန်ငယ်များဖြစ်ကြသည်။ မြန်မာဝေါဟာရ အမည်အနေဖြင့် ယုန်ဟုခေါ်ပြီး ပါဠိဘာသာအားဖြင့် 'ပေလက'ဟုလည်းကောင်း၊ 'သသ'ဟုလည်းကောင်း ပရိယာယ်နှစ်ပုဒ် ပြထား၏။ ယုန်များသည် တစ်မျိုးတည်းသာဖြစ်၍ မျိုးကွဲမရှိသော်လည်း ကွင်းယုန်နှင့် တွင်းယုန်ဟူ၍ နှစ်မျိုးရှိသည်ကို လူတိုင်း သတိမထားမိကြပေ။ ၎င်းယုန်နှစ်မျိုးသည် အသွင်သဏ္ဍာန်တူသော်လည်း အနည်းငယ်ကွာခြား၏။ ကွင်းယုန်များသည် တွင်းယုန်များထက် ကိုယ်လုံးကြီးပြီး နားရွက်ပိုရှည်၏။ အမွေးများထူထဲပြီး ထောင်နေကြ၏။ ယုန်သားရေကို အိတ်များ၊ တဘက်များ၊ အင်္ကျီများချုပ်ကြ၏။ ယုန်မွေးအစစ်မရနိုင်သောကြောင့် ယုန်မွေးအတုများဖြင့် လူသုံးပစ္စည်းများ ပြုလုပ်ရောင်းချကြ၏။

ယုန်များသည် ကုန်းတွင်ကျက်စားသော သတ္တဝါများဖြစ်ကြပြီး သစ်သီး၊ သစ်ရွက်၊ သစ်ဖုများကို စားကြသည်။ ယုန်များသည် နောက်ခြေထောက်ရှည်ပြီး ရှေ့လက်နှစ်ချောင်း တိုသည်။ ရန်သူတွေ့လျှင် နောက်ခြေဖြင့် ခုန်၍ပြေးသည်။ အပြေးမြန်သဖြင့် ရန်သူဘေးမှ လွတ်ကင်းသည်။ တွင်းယုန်ကလေးများသည် တွင်းတူး၍လည်းကောင်း၊ အခြားတွင်းဟောင်းများတွင်လည်းကောင်း အောင်း၍နေတတ်ပြီး ရန်သူတွေ့လျှင် တွင်းထဲသို့ ပြေး၍ အောင်းနေတတ်ကြသည်။

ယုန်နှင့်ပတ်သက်ပြီး မြန်မာစကားပုံများ များစွာရှိသည်ကို တွေ့ရသည်။ ၎င်းတို့မှာ . . .

- ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်
- ဒီယုန်မြင်၍ သည်ချုံထွင်သည်
- ယုန်မရ တောမှကျေစေ
- ယုန်မရမီက သံပရာရှာ
- ယုန်ထောင်ကြောင်မိ စသည်တို့ ဖြစ်ပါသည်။

ယုန်များသည် ညဥ့်အခါ၌သာ အစာလှည့်လည်ရှာဖွေတတ်ကြသည်။ နေ့လယ်ပိုင်းတွင် ရန်သူကို ကြောက်၍ မထွက်ဝံ့ကြပါ။ ယုန်များကို အိမ်တွင် အလှမွေးထားသည်များ ရှိပါသည်။ ၎င်းယုန်ကို သဘော်ယုန်ဟု ခေါ်ကြသည်။

ယုန်များ၏ အကျိုးအာနိသင် ဂုဏ်သတ္တိများမှာ ယုန်သားသည် အေး၏။ အဆီမရှိ။ ချုပ်၏။ ကြေညက်လွယ်၏။ ဝမ်းမီးကိုတောက်စေ၏။ လေသလိပ်ကိုနိုင်၏။ လေနာရောဂါ၊ အဖျားရောဂါများ၊ သုတ်ပျက်ရောဂါ၊ သွေးဖောက်ပြန်သောရောဂါများ ပျောက်ကင်းစေ၏။ ယုန်သားသည် ပထဝီဓာတ်ကြိုက် သွေးတက်စာဖြစ်၍ သွေးဝမ်းသွားသူများ၊ သွေးအန်သူများ အထူးသင့်သည်ဟု ဓာတုရသကျမ်းတွင် ဖော်ပြထားသည်ကို တွေ့ရ၏။ ယုန်သွေးသည် ဝက်ရူးပြန်ရောဂါ၊ သည်းခြေပျက်၍ ရူးသောရောဂါများ၊ အသားအရေ ခြောက်ကပ်ပိန်ချုံးခြင်းနှင့် နှလုံးပူသောရောဂါများကို ပျောက်၏။

ယုန်ရိုးသည် ကိုယ်သားကိုယ်ရေ အလွန်ပူသောရောဂါ၊ ကိုယ်လက်မအီမသာဖြစ်ခြင်းနှင့် အနာအမျိုးမျိုး ပျောက်ကင်းစေနိုင်၏။

www.burmeseclassic.com

**ရောဂါအလိုက် အသုံးပြုနည်း**

၁။ **မျက်စိကြက်ဆူးထွက်ရောဂါ ပျောက်ဆေး**

(က) ယုန်ရိုးသွေးရည် ၅ သား။

(ခ) ပေသီးသွေးရည် ၅ သား။

(ဂ) ခဲပုပ်သွေးရည် ၅ သား။

(ဃ) သံပရာရည် ၅ သား

ငှင်းလေးမျိုးရောစပ်ပြီး ခပ်ပေးပါက ကြက်ဆူးရောဂါ ပျောက်ပါသည်။

၂။ **လူပျိုနာပျောက်ဆေး**

(က) ယုန်ရိုးပြာ ၄ သား။

(ခ) ကွမ်းရိုးညှာ ၇ ခု၊

(ဂ) သံပရာစေ့ ၇ စေ့။

အထက်ပါသုံးမျိုး ညက်စွာကြိတ် ၁ သား (တစ်ပဲသား) အလုံးကလေးများလုံးထားပြီး တစ်နေ့တစ်လုံး ၁၀ ရက်ခန့်တိုက်က ပျောက်၏။

၃။ **ရေယုန်နာပျောက်ဆေး**

ယုန်ရိုးကို အရက်ဖြင့်သွေးလိမ်းပေးပါက ရေယုန်နာ ပျောက်ကင်းချမ်းသာစေပါသည်။

၄။ **ခေါင်းတစ်ခြမ်းကိုက်ပျောက်ဆေး**

ယုန်သားစွပ်ပြုတ်ရေထဲ ငရုတ်ကောင်းမှုန့်ထည့်၍ သောက်က ပျောက်ကင်းစေ၏။

လိုအပ်သလို အသုံးပြုနိုင်ရန် ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

## လင်းယုန်

လင်းကိုးလင်းတွင်ပါဝင်သော လင်းယုန်ငှက်များသည် ကောင်းကင်ပျံသတ္တဝါများ ဖြစ်ကြ၏။ သိမ်းငှက်၊ စွန်ငှက်တို့နှင့် ဆင်တူ၏။ နှုတ်သီးကောက်၏။ ပျံသန်းနေစဉ် အတောင်များသည် အလွန်ကျယ်ပြန့်၍ ဝိုင်းနေသည်။ လေပေါ်တွင်ပျံဝဲ၍ အစာကို ရှာကြသည်။ မျက်စိအလွန်လျင်၍ ကိုက် ၅၀၀၊ ၆၀၀ ခန့်မှ အောက်မှ ပြေးလွှားနေသော ကြွက်၊ ယုန် စသည့် သတ္တဝါများကို မြင်ရပြီး အောက်သို့ လျင်မြန်စွာ ထိုးဆင်းသုတ်ယူ စားသောက်ကြသည်။ အတောင် များပေါ်တွင် အဖြူတန်းနှစ်ခုနှင့် အမြီးပေါ်တွင် အဖြူတန်းတစ်ခုရှိသည်။ လင်းယုန်မသည် လင်းယုန်ဖိုများထက် ကြီးသည်။

လင်းယုန်ဟူသော မြန်မာဝေါဟာရကို မဂဓဘာသာ၌ ကုလလ၊ သေန၊ ဗျဂ္ဃိနသဟု သုံးမျိုးအဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ လင်းယုန်ငှက်များသည် သစ်တောထူထပ်သော တောင်ကုန်းများတွင် နေထိုင်ကျက်စားတတ်ကြ၏။ အလွန်ရဲရင့်သော ငှက်မျိုးဖြစ်၍ လူများတွေ့လျှင်လည်း မကြောက်ရွံ့တတ်ကြပေ။ လင်းယုန်ငှက်များကို မြန်မာနိုင်ငံနှင့် အရှေ့တိုင်း နိုင်ငံများအပါအဝင် ကမ္ဘာအနှံ့အပြားတွင် တွေ့ရှိကြသည်။

လင်းယုန်ငှက်များ၏ သဘာဝ ရဲရင့်သည်ကို အသိအမှတ်ပြုသောအားဖြင့် ရှေးခေတ် ရောမလူမျိုးများသည် နိုင်ငံအမှတ်အသား တံဆိပ်များအဖြစ် အသုံးပြုခဲ့ကြသည်။ ယခုခေတ် အမေရိကန်နိုင်ငံတွင်လည်း လင်းယုန်ကို နိုင်ငံတော်အမှတ်အသားတံဆိပ်များအဖြစ် သုံးစွဲလျက်ရှိကြသည်။

လင်းယုန်ငှက်များ၏ အကျိုးသွားအာနိသင် ဂုဏ်သတ္တိများမှာ အသားသည် ပူ၏၊ ချို၏။ ချက်စားလျှင် ဘူးသီး၊ ကျောက်ဖရုံသီးတို့ဖြင့် ရောချက်စားရ၏။ ထို့ကြောင့် အပူဓာတ်ကိုဖျက်ပြီး အရသာရှိကာ အားကိုဖြစ်စေ၏။ ကြော်၍စားလျှင် နှုတ်ကို မြိန်စေ၏။ အပူလွန်သဖြင့် အအေးပတ်သောဝေဒနာများ ပျောက်ကင်းစေနိုင်၏။ လင်းယုန်သား များစွာစားပါက အသားအရေ ခြောက်တတ်သောကြောင့် များစွာ မစားသင့်ပေ။ ဆေးကျမ်းများတွင်လည်း ဆေးဖက်သုံးပုံ ဖော်ပြထားခြင်းမရှိပါ။ ထို့ကြောင့် သတိနှင့်ယှဉ်၍ ချက်ပြုတ်စားသင့်ပေသည်။

## လင်းပိုင်(လပိုင်)

လင်းပိုင်ကို လပိုင်ဟု ခေါ်ဝေါ်သုံးစွဲကြ၏။ လင်းပိုင်များသည် ရေသတ္တဝါဖြစ်ပြီး ဝေလငါး အငယ်စားများဖြစ်ကြ၏။ နို့တိုက်သတ္တဝါဖြစ်ပြီး ပင်လယ်တွင်း၌ ကျက်စားကြ၏။ အလျားပေမှာ ၈ ပေထိရှိ၏။ မေးရိုးနှစ်ဖက်တွင် သွားများရှိသည်။ နှာတံရှည်၍ ဦးခေါင်းအောက် ၆ လက်မခန့်ရှည်သည်။ အပေါ်ပိုင်းမည်းပြီး ဝမ်းဗိုက်အောက်ပိုင်း ဖြူသည်။ ဘေးနှစ်ဖက် မွဲပြာရောင်ရှိသည်။ လင်းပိုင်၏ အမြီးသည် ငါးမြီးကဲ့သို့ ဒေါင်လိုက်ပြားမနေဘဲ ဘေးတိုက်ပြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com

လင်းပိုင်ဟူသော အမည်သည် မြန်မာဝေါဟာရဖြစ်ပြီး အခြားအမည်များ မရှိပါ။ လင်းပိုင်များသည် ရေသတ္တဝါဖြစ်ပြီး အခြားမျိုးကွဲမရှိပါ။ လင်းပိုင်များသည် အုပ်သင်းဖွဲ့၍ နေတတ်ပြီး တစ်ခါတစ်ရံ ရေပေါ်သို့ ခုန်ပျံတက်ပြကြပြီးနောက် ရေထဲသို့ ငုပ်လျှိုးသွားကြသည်မှာ ၎င်းတို့ရေကျွမ်းကျင်ကြောင်းပြသကဲ့သို့ဖြစ်သည်။ ပင်လယ်ကူးသင်္ဘောကြီးများဘေးတွင် ခုန်ပျံ၍ လိုက်လာတတ်ကြသည်။

လင်းပိုင်များသည် ပူနွေးသော မြောက်ပင်လယ်နှင့် မြောက် အတ္တလန္တိတ်သမုဒ္ဒရာများတွင် များစွာ တွေ့ရှိရသည်။ ဆေးဘက်တွင် လင်းပိုင်ဆီကို အသုံးများကြသည်။

လင်းပိုင်များ၏ ဂုဏ်သတ္တိ အကျိုးသွားကား လင်းပိုင်ဆီသည် အသားတွင်းသို့ စိမ့်ဝင်ပြီး အသားအရေကို ပျော့ပျောင်းစေ၏။ အကြောများ တင်းခြင်းကို သက်သာစေ၏။

လင်းပိုင်ဆီ စစ်မစစ် စမ်းသပ်လိုပါက လက်ဖဝါးတွင်းသို့ ထည့်လိုက်လျှင် လက်ခုံဘက်ထိစိုလာပါက စစ်ပါသည်။ လက်ခုံဘက်မပေါက်လျှင် မစစ်ပါ။

အကြောတင်း၊ အကြောတက်၊ ဇက်လေး၊ ခေါင်းကိုက်ပျောက် ဆေးအဖြစ် လင်းပိုင်ဆီ ဒိ သား၊ ဝက်ဆီ ဒိ သား၊ ကြက်ဆီ ဒိ သား၊ ရေနံဆီ ဒိ သား ရောချက်ပြီး လိမ်းက ပျောက်၏။ ကချေသည်များ၊ အားကစားမယ်များ ကိုယ်လက်ပျော့ပျောင်းရန် လင်းပိုင်ဆီကို လိမ်းပေးကြ၏။ လင်းပိုင်၏ ဦးခေါင်းနှင့် မေးရိုးမှရရှိသော အဆီကို နာရီစက်များနှင့် အခြားသေးငယ်သော စက်ကိရိယာများတွင် ထည့်ကြ၏။

## မြေခွေး(တောခွေး၊ ခွေးအ)

မြေခွေးကို မြေခွေး၊ တောခွေး၊ ခွေးအဟု သုံးမျိုး ခေါ်ဆိုကြ၏။ မြေခွေးဟူသော ဝေါဟာရသည် မြန်မာဝေါဟာရဖြစ်ပြီး ပါဠိဘာသာအားဖြင့် (၁) သိင်္ဂါလ၊ (၂) ဇမ္ဗုက၊ (၃) ကောဠု၊ (၄) ဘေရဝ၊ (၅) သိဝါဟူ၍ ငါးမျိုးဖွင့်ဆိုထားရာ အနက်အဓိပ္ပာယ်အနေဖြင့် ...

(၁) သိင်္ဂါလ = ညှဉ်းဆဲတတ်၊ အကြံထုတ်တတ်သော မြေခွေး။

(၂) ဇမ္ဗုက = သတ္တဝါများအသားကို စားထတ်သောမြေခွေး။

(၃) ကောဠု = အခြားသတ္တဝါများ မနေသာအောင် အသံပြုတတ်သော မြေခွေး။

(၄) ဘေရဝ = ကြောက်ဖွယ်ကောင်းသော ရုပ်အဆင်းရှိသော (ဝါ) ဘေဘေဟု အော်သော မြေခွေး။

(၅) သိဝါ = တိရစ္ဆာန်တို့ငြင်းခုံမှု ဖျန်ဖြေတတ်သောမြေခွေးဟူ၍ ဖြစ်ပေသည်။

အထက်ပါ ပရိယာယ်များကို ကြည့်ခြင်းဖြင့် မြေခွေးများသည် တောတိရစ္ဆာန်များအား လှည့်စား၍ ဉာဏ်များကြောင်း သိရှိရပေသည်။

မြေခွေးများသည် အိမ်ခွေးများနှင့် အခြေခံအားဖြင့် တူသော်လည်း တောနေ၊ တောကြိုက် ကုန်းသတ္တဝါဖြစ်သည်။ တောများထူထပ်သော တောလက်ကျေးရွာများ ပတ်ဝန်းကျင်၌ ညအချိန် ရွာနှင့်မလှမ်းမကမ်းမှ တောခွေးများအူသံ ကြားကြရသည်။ အလစ်တွင် ရွာတွင်းမှ ကျွဲနွားများဆွဲရန် လာသော ကျားသစ်များနောက်မှ ကပ်လိုက်လာတတ်ကြခြင်းဖြစ်သည်။

မြေခွေးတို့သည် ၎င်းတို့အနေဖြင့် သားကောင်ကို ဖမ်းယူနိုင်ခြင်းမရှိသဖြင့် ကျားသစ်များနောက်မှ ကပ်လိုက်လာပြီး ကျားသစ်များဖမ်းမိသော သားကောင်ကို ကပ်မြှောင်၍ စားသောက်ကြလေသည်။

မြေခွေးခေါ် တောခွေးများကို မြန်မာနိုင်ငံအထက်ပိုင်း တောထူထပ်သော အရပ်များနှင့် ရခိုင်ရိုးမဘက်တွင် အများဆုံးတွေ့ရှိရပေသည်။

မြေခွေးသားသည် နှစ်သက်ဖွယ်မရှိသဖြင့် လူသားတို့ မစားသုံးကြပါ။ ဓာတုရသကျမ်းတွင်လည်း ဖော်ပြထားခြင်း မရှိပါ။ မြေခွေးနှင့်စပ်လျဉ်း၍ ဆေးကျမ်း၊ ဓာတ်ကျမ်းများတွင် ဖော်ပြထားခြင်းမရှိသော်လည်း ဗဟုသုတရစေခြင်းငှာ တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

**သမားတော်ကြီးဒေါက်တာသက်ဆွေ**(ရှေ့ဆောင်တင်ဆွေ)

**ကိုးကား**

ရှင်နာဂသိန်၏ ပုံပြအဘိဓာန်



www.burmeseclassic.com

www.burmeseclassic.com

# တိုင်းဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

မျိုးသန်းထွန်းကို(ရေစကြို)

သမားတော်ကြီး ဦးစံမတူ နေအိမ်တွင် နေ့လယ် ၁၂ နာရီထိုးတာနဲ့ လူများစုံလင်စွာ ရောက်ရှိနေကြပေ၏။ ဆေးဝါးသင်တန်းဆိုလည်း မမှားပါ။ လူဆိုတဲ့သတ္တဝါဟာ သေရမှာကြောက်ကြသလို အသက်လည်းရှည်လိုကြပါ၏။ အသက်ရှည်ဖို့အတွက် ကျန်းမာရေးလိုက်စားရသလို ဆေးစွမ်းကောင်းများကိုလည်း ကုသရန်သိလို ကြပါ၏။ သဘာဝအလျောက် ပေါက်ရောက်သော သစ်ပင်များရှိသလို စိုက်ပျိုးရသော သစ်ပင်များမှရရှိသော အသီး၊ အရွက်၊ အမြစ်၊ ပင်စည်၊ အဖူး၊ အညွန့်များမှ မြန်မာတိုင်းရင်းဆေးစွမ်းကောင်းများကို လူတိုင်းသလိုကြ၏။ ကြိုတင်ကာကွယ်ရန် စားသုံးလိုသကဲ့သို့ ကုသရန်အတွက်လည်း အသုံးပြုလိုပါ၏။ အသပြာငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် လွယ်လင့်တကူ ကုသရန်လွယ်ကူသော မြန်မာ့တိုင်းရင်းဆေးကို မြန်မာလူမျိုးတိုင်း စိတ်ဝင်စားကြသည်မှာ မှန်ကန်ပါ၏။ နိုင်ငံခြားဖြစ် ဆေးဝါးများမှာ တန်ဖိုးကြီးမားခြင်း၊ လွယ်လင့်တကူ ဝယ်ယူ၍မရခြင်း၊ ဆေးရုံ၊ ဆေးခန်းပြသပြီးမှ ကုသရခြင်း၊ ရောဂါအမြစ်မပြတ်ခြင်း အကျိုးဆက်များကြောင့် လူတိုင်းကြောက်ရွံ့ကြ၏။ မလွှဲသာမှသာ သွားရောက်ကုသကြပါ၏။ မြန်မာ့တိုင်းရင်းဆေးပညာမှာ အစာလည်းဆေး၊ ဆေးလည်းအစား ဘေးဥပဒ်နည်းပါးပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင် ကျင့်ကြံစားသောက်တတ်ပါက ရောဂါလည်းကင်း၊ အသက်လည်းရှည်၊ ကျန်းမာရေးနဲ့လည်းညီညွတ်၊ စိတ်လည်းချမ်းသာ၊ ကိုယ်ကျန်းမာခြင်းသို့ ရောက်ရှိကြသဖြင့် လူတိုင်းသဘောကျနေပါ၏။

သမားတော်ကြီး ဦးစံမတူမှ –

"ယနေ့တော့ အစားအသောက် အနေအထိုင်နဲ့ ပါဝင်ပတ်သက်တာလေးတွေကို ဦးစားပေးပြောပြပါမယ်။

၁။ အဆီအစိမ့်ပါသော အစားအစာများကို အလွန်အကျွံ မမှီဝဲကြပါနှင့်။ ဥပမာ ဝက်သား၊ ဝက်ဆီ၊ နွမ်းဆီ၊ ငါးတန် ငါးမြင်းတို့ ဗိုက်သားများ၊ ပုစွန်ဆီ၊ ကဏန်းဆီ၊ ထောပတ်၊ မလိုင်များ ဟင်းချက်ရာတွင်လည်း စားဆီကိုလျှော့သုံးပါ။ အသက် ၄၀ ကျော်ရင်တော့ ဝက်သားကို မစားသင့်တော့ပါ။ အဆီဓာတ်များကို ခြေဖျက်နိုင်ရန် အချဉ်ဖျော်ရည်၊ အချဉ်သီးအမျိုးမျိုးကို နေ့စဉ်စားသုံးပေးပါ။

၂။ သွေးကြောနံရံများတွင် ကိုလက်စထရောများ ခြေဖျက်နိုင်ရန် သွေးပူလေ့ကျင့်ခန်း အမျိုးမျိုးပြုလုပ်ခြင်း၊ ကြကသွန်ဖြူ အစိမ်းစားပေးခြင်းတို့ဖြင့် ကိုလက်စထရော ခြေဖျက်နိုင်ပါတယ်။ သွေးတိုးရောဂါဟာ ကိုလက်စထရော မခြေဖျက်နိုင်လို့ဘဲ။ အနာရှိရင်၊ ချုပ်ထားတဲ့ရောဂါများရှိရင် အနာကျက်စေရန် အချဉ်များများစားပေးပါ။ အချဉ်ဟာ မည်သည့်ဆေးဝါးနဲ့ဖြစ်စေ တည့်ပါတယ်။ ဖျားနာနေစဉ်အပူဒီဂရီ မည်မျှပင်ရှိစေကာမူ အချဉ်စားလျှင် ကိုယ်ခံစွမ်းရည်သတ္တိမြင့်မားလာပြီး မြန်မြန်အဖျားပျောက်ပါမည်။ အသည်းရောင်ရောဂါဖြစ်ခြင်းမှ ကာကွယ်လိုလျှင်လည်း အချဉ်များများစားရမည်။ အရိုးပျော့ရောဂါမဖြစ်စေရန်၊ သွားများခိုင်ခံ့လိုလျှင် အချဉ်များများစားရပါမည်။

၃။ ဇီတာမင်ဆီဓာတ် အပြည့်အဝရရှိစေရန် မောင်ထောင်းဆန် (ဝါ) ဆန်လုံးညို (ဝါ) လုံးတီးဆန်ကို စားသုံးသင့်ပါသည်။ အဆီအဆိမ့်နည်းပါးပြီး ကျန်းမာရေးနဲ့ညီညွတ်ပါတယ်။ ဆန်ဆေးလျှင် တစ်ကြိမ်းသာဆေးပါ၊ လက်ဖဝါးနှစ်ဖက်ဖြင့် ပွတ်တိုက်ဆေးကြောခြင်း မပြုပါနှင့်။ ဖြစ်နိုင်လျှင် ရေခန်းချက်ပါ။ ရေခန်းမချက်ဖြစ်၍ ရရှိသောထမင်းရည်ပူကို ဆားအနည်းငယ်ထည့်၍ သောက်သုံးပါ။ ကျန်းမာရေးအရ အကောင်းဆုံးသော ဆေးစွမ်းတစ်လက်ဖြစ်ပါတယ်။ အချို့သောရောဂါများကို ပျောက်ကင်းသလို ခန္ဓာကိုယ်အတွက် ကုန်ခန်းသွားသော အင်အားကိုလည်း ပြန်လည်ပြည့်ဝစေပါတယ်။

၄။ ကျန်းမာရေးအရ အကောင်း

www.burmeseclassic.com

ဆိုးနဲ့ လျှင်မြန်ဆုံး လေ့ကျင့်ခန်းတစ်ခုက ကြိုးခုန်ပါ။ နံနက်အိပ်ရာထပြီးတာနဲ့ ကိုယ်လက်သန့်စင်၊ အညစ်အကြေးစွန့်ပြီးတာနဲ့ ငါးမိနစ်ဆက်တိုက် ကြိုးခုန်ပါ။ ပြီးတာနဲ့ ပက်လက်လှန်ပြီး အသက်ပြင်းပြင်းရှူပါ။ ရေနွေးဖန်ခွက်ကို ဆား မန်ကျည်းတစ်စေ့ခန့်ထည့်၍ သောက်ပါ။ ချွေးတိတ်မှ ရေချိုးပါ။ အကျိုးကျေးဇူးကတော့ သွေးလည်ပတ်မှုကောင်းမည်။ အကြောတက်ရောဂါများ ပျောက်ကင်းမယ်။ သွေးတိုးရောဂါ၊ နှလုံးရောဂါများ ကာကွယ်နိုင်ပြီး အသက်ရှည်စေပါမည်။

၅။ ခြောက်လတစ်ခါ ဆေးစစ်ပါ။

၆။ အစားအသောက်နှင့် ပတ်သက်၍ အချိန်မှန်မှန်စားပါ။ အဆီ၊ အဆိမ့်၊ အငန်များ၊ အချိုမှုန့်၊ လက်လုပ်ချဉ်များ ရှောင်ပါ။ ဟင်းသီးဟင်းရွက်များကို အစိမ်းစားခြင်းရှောင်ပါ။ ရေနွေးဖြင့် မပြုတ်နိုင်ပါက ဆားရည်ဖြင့် စင်ကြယ်အောင်ဆေးပါ။ အမှည့်လွန်သစ်သီးများ၊ အသီးအနံ့များ စည်သွပ်ဘူးများကိုရှောင်ပါ။ ယင်နားစားများရှောင်ပါ။ ရေကို ကျိုချက်သောက်ပါ။ နေ့စဉ် သဘာဝအချဉ်အမျိုးမျိုး သံပရာရည်၊ မန်ကျည်းဖျော်ရည်နှင့် အချဉ်အသီးများ စားသုံးပေးပါ။

၇။ အနေအထိုင်နှင့် ပတ်သက်၍ အိပ်ရာဝင်၊ အိပ်ရာထ သွားမှန်မှန်တိုက်ပါ။ ဖြစ်နိုင်လျှင် အစာစားပြီးတိုင်း သွားတိုက်ပါ။ အစာစားပြီးတိုင်း ပလုတ်ကျင်းပါ။ ဆားရည်ဖြင့်ကျင်းပါ။ ရာသီဥတုနှင့်လိုက်ဖက်အောင် ဝတ်စားဆင်ယင်ပါ။ ရာသီဥတုအေးလျှင် ရေကြာကြာ မချိုးပါနှင့်။ အသက်ကြီးလာလျှင် ရေနွေးဖြင့်ချိုးပါ။ အိမ်သာသွားပြီးတိုင်း လက်ဆေးပါ။ ထမင်းမစားမီ လက်ကို စင်ကြယ်အောင် ဆပ်ပြာဖြင့်ဆေးပါ။ တစ်နေ့ကို မတ်ခွက်ဖြင့် ရေ ၁၀ ခွက် သောက်ပါ။ အနည်းဆုံးအိပ်ချိန် ခြောက်နာရီရှိပါစေ။ နေ့စဉ် ဝမ်းမှန်မှန်သွားအောင် လေ့ကျင့်ပါ။ ညအိပ်ရာဝင်ခါနီး ဝမ်းသွားအောင် လေ့ကျင့်ပါ။ အူမကြီးကင်ဆာမှ ကာကွယ်ပါတယ်။ နေ့စဉ် အိပ်ရာဝင်၊ အိပ်ရာထ အသက်ပြင်းပြင်းရှူသည့် လေ့ကျင့်ခန်း အနည်းဆုံး ငါးမိနစ်လုပ်ပါ။ သဘာဝကို ဆန့်ကျင်သော ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အရက်သောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။ နေပူမိုးရွာထဲသွားလျှင် ဦးထုပ်၊ ထီး၊ အမြဲအသုံးပြုပါ။

၈။ သွေးတိုးရောဂါနဲ့ ပတ်သက်တဲ့ ဆေးမီတိုလေးကိုလည်း ပြောပါဦးမယ်။ ဘုမ္မရာမြစ်သွေးသောက်ပါ။ ပြောင်းဖူးမှုန်ကို ပြုတ်သောက်ပါ။ ဒန့်သလွန်မြစ် သွေးသောက်ပါ။ တရုတ်နံနံထောင်းသောက်ပါ။ မိုးမျှော်ငရုတ်သီးများများစားပါ။ ပျောက်ကင်းပါလိမ့်မည်။

၉။ အစားအံသောက်တွင် ရသခြောက်ပါးရှိ၏။

(က) ချိုဆိမ့်သောအရသာသည် လေနှင့် သည်းခြေကိုနိုင်၏။ သလိပ်ကိုကား ပျက်စေ၏။

(ခ) ချဉ်သောအရသာသည် လေကိုနိုင်၏။ သည်းခြေသလိပ်ကို မနိုင်၊ ပျက်စေတတ်၏။

(ဂ) ခါးသောအရသာသည် သည်းခြေသလိပ်ကိုနိုင်၏။ လေကို မနိုင် ပျက်စေတတ်၏။

(ဃ) ငန်သောအရသာသည် လေကိုနိုင်၏။ သည်းခြေသလိပ်ကို မနိုင်ပျက်စေတတ်၏။

(င) စပ်သောအရသာသည် သလိပ်ကိုနိုင်၏။ လေနှင့်သည်းခြေကို မနိုင်ပျက်စေတတ်၏။

(စ) ဖန်သောအရသာသည် သလိပ်နှင့်သည်းခြေကိုနိုင်၊ လေကို မနိုင် ပျက်စေတတ်၏။

မှတ်ချက်။ ရသာ ခြောက်ပါးလုံးပေါင်းစုံမှ လေ၊ သလိပ်၊ သည်းခြေကိုနိုင်သည်ဟု မမှတ်ယူပါနှင့်။ ရသာခြောက်ပါးအကြောင်းကို အကျယ်ချဲ့၍ ပြောပြပါဦးမည်။

### (၁)ချိုဆိမ့်သောအရသာ၏အကျိုးသွား

ချိုဆိမ့်သောရသသည် ဓာတ်ခုနစ်ပါးတို့၏ ညီညွတ်ခြင်းကို ဖြစ်လာသောသူ၊ ချည့်နဲ့သူ၊ အဆင်း၊ ဆံပင်ကြွေ့ အစရှိသည်တို့၏ အကျိုးငှာ ချီးမွမ်းကျွေးမွေးအပ်၏။

ချိုဆိမ့်သောရသသည် လူကို ဝစေတတ်၏။ လည်ချောင်းနှင့် သင့်မြတ်၏။ နို့ရည်ကိုပေးတတ်၏။ အရိုးကျိုးဆက်ခြင်းကို ကောင်းစေ၏။ ဂရုဂုဏ်ရှိ၏။ သိနဒ္ဓဂုဏ်ရှိ၏။ အသက်ကို ပေးတတ်၏။ သည်းခြေ၊ လေသလိပ်တို့ကို ပယ်ပျောက်စေတတ်၏။

ထိုချိုဆိမ့်သောရသသည် အလွန်သုံးဆောင်ခြင်းကြောင့် အဆီသလိပ်တို့ကြောင့်ဖြစ်ကုန်သော အနာတို့ကိုလည်းကောင်း၊ အလွန်ဝခြင်းကိုလည်းကောင်း၊ ဝမ်းမီးညှိုသည်ကိုလည်းကောင်း၊ ဆီများသောအနာ၊ ဆုံဆို့နာ၊ ကျပ်နာ အစရှိသည်တို့ကို ဖြစ်စေတတ်ပေသည်။

သုသုတကျမ်း၌ကား ချိုဆိမ့်သောရသသည် ဓာတ်ခုနစ်ပါးနှင့် နို့ရည်ကို ပွားစေတတ်၏။ မျက်စိနှင့် သင့်၏။ ဆံပင်၊ အရုပ်အဆင်းတို့ကို ကောင်းစေတတ်၏။ အားကိုဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com

တတ်၏။ အရိုးကျိုးကို ဆက်စေတတ်၏။ သွေးနှင့်ရသမာတ်ကို ကြည်လင်စေတတ်၏။ လူကြီးရောဲ လူငယ်နှင့်ပါ သင့်၏။ ထိခိုက်ရှနာသောသူ၊ ချည့်နဲ့သောသူတို့နှင့်လည်း သင့်၏။

ပုရွက်ဆိတ်တို့သည် အလွန်ကြိုက်၏။ ရေငတ်ခြင်း၊ ပူလောင်ခြင်းတို့ကို ငြိမ်းစေတတ်၏။ ခြောက်ပါးသော ဣန္ဒြေတို့ကို ကြည်လင်ထက်မြတ်စေတတ်၏။ ပိုးသလိပ်တို့ကို ပြုတတ်၏။

ချိုဆိမ့်သောရသကို လွန်စွာစားသုံးပါက ချောင်းဆိုးနာ၊ ပန်းနာ၊ ခံတွင်းချိုခြင်း၊ အံသံပျက်ခြင်း၊ နှီနာ၊ ဆုံဆို့နာ၊ တြိနာ၊ ခြေသလုံးကြီးသောအနာ၊ ကျင်ငယ်အိမ်၊ ဘင်ဝတို့၌ လိပ်ခေါင်းထခြင်း အစရှိသော ရောဂါတို့ကို ဖြစ်စေတတ်သည်ဟု ဆိုပါသည်။

## (၂) ချဉ်သောအရသာ၏အကျိုးသွား

ချဉ်သောအရသာသည် ဝမ်းမီးကိုပြုတတ်၏။ ရင်ချောင်၏။ သိနိဒ္ဓဂုဏ်ရှိ၏။ နှုတ်ကိုကောင်းစေတတ်၏။ အစာကြေခြင်း၊ ကျက်ခြင်းကိုဖြစ်စေ၏။ ပူသော ဥဏှဂုဏ်နှင့်ယှဉ်၏။ အေးသောအတွေ့၏။ စိုစွတ်စေတတ်၏။ နှစ်သက်စေတတ်၏။ ကျက်လွယ်ကြေလွယ်၏။ သလိပ်သည်းခြေ၊ သွေးကိုပြုတတ်၏။ လမ်းမှားသောလေကို ဖြောင့်မတ်စေနိုင်၏။

ထိုချဉ်သောအရသာကို လွန်ခင်းစွာသုံးဆောင်သဖြင့် ပျို့အန်ခြင်းကိုလည်းကောင်း၊ ကြက်မျက်သင့်ခြင်းကိုလည်းကောင်း၊ စိတ်မတည်ကြည်မူဝေခြင်းကိုလည်းကောင်း၊ ယားနာ၊ ဖျော့တော့နာ၊ ရေယုန်နာတို့ကိုလည်းကောင်း၊ ဖျားနာ၊ ဖောရောင်သောအနာ၊ ရေငတ်သောအနာကိုလည်းကောင်း ဖြစ်ပွားစေတတ်၏။

ဘာဝပ္ပကာသကျမ်းတွင် ။ ။ ချဉ်သောအရသာသည် လူကိုပိန်စေတတ်၏။ ပူ၏။ အဆီသြဇာရှိ၏၊ ထက်၏၊ ဝမ်းကိုရှင်စေတတ်၏။

ဤချဉ်သောအရသာ၌ သိနိဒ္ဓဂုဏ်၊ လဟုဂုဏ်၊ ဥဏှဂုဏ်ဟူ၍ ဂုဏ်သုံးပါးရှိ၏ဟုဆိုရာ၌ ဥဏှဂုဏ်ကို များရာသို့ လိုက်၍ဆိုသည်ဟု မှတ်ရမည်။ ထို့ကြောင့် ဆီးဖြူသီးသည် ချဉ်သော်လည်း အေးသောသီတဂုဏ်ရှိသည်၏ အဖြစ်သည် မဆန့်ကျင်ပါ။ သို့ရာတွင် ပထဝီ၊ တေဇောလွန်၍ ချဉ်သောအရသာဖြစ်၏ဟုဆိုသော အယူဝါဒအားဖြင့် တေဇောလွန်လျှင် ပူ၏ဟုမှတ်ရာသည်။ အာပေါ၊ တေဇောလွန်၍သော အချဉ်ဓာတ်ဖြစ်သည်ဖြစ်၍ယခင် အာပေါ၊ တေဇောနှစ်ပါးတွင် အာပေါလွန်လျှင် အေး၏။ တေဇောလွန်လျှင် ပူ၏ဟု မှတ်သားထားကြပါ။

## (၃) ငန်သောအရသာ၏အကျိုးသွား

ငန်သောအရသာသည် ဝမ်းမီးကို ပြုတတ်၏။ ကိုယ်ကို ထိုင်းမှိုင်းခြင်း၊ ကိုယ်၏ကြမ်းတမ်းခြင်းကို ပယ်ဖျောက်တတ်၏၊ သိနိဒ္ဓဂုဏ်ရှိ၏၊ ချွေးကိုထွက်စေတတ်၏၊ ထက်၏၊ တိက္ခဂုဏ်ရှိ၏။ နှုတ်ကို မြိန်စေတတ်၏။ ဓာတ်သွားခြင်းကို ပြုတတ်၏။

ငန်သောအရသာကို အလွန်သုံးဆောင်သော် သွေးလေကိုဖြစ်စေတတ်၏။ ဆံပင်ကျွတ်ခြင်းကိုလည်းကောင်း၊ ဆံပင်ဖြူခြင်းကိုလည်းကောင်း၊ အရေတွန့်ခြင်းကိုလည်းကောင်း ဖြစ်စေတတ်၏။ အဆိပ်နှင့် ရေယုန်နာကို လည်းကောင်း၊ နူနာကိုလည်းကောင်း၊ ရေငတ်ခြင်းကိုလည်းကောင်း ဖြစ်စေတတ်၏။ အားကိုပယ်တတ်၏။

စရကကျမ်း၌ ငန်သောအရသာသည် အစာကို ကြေစေတတ်၏။ အလုံးစုံသောအရသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။ လျှာရည်ကို ယိုစေတတ်၏။ သလိပ်သို့ စိမ့်ဝင်စေတတ်၏။ ကျင်ကြီး၊ ကျင်ငယ်လမ်းတို့ကို သုတ်သင်ရှင်းလင်းတတ်၏။ အလုံးစုံသော အင်္ဂါကြီးတို့ကို သုတ်သင်ရှင်းလင်းတတ်၏။ အလုံးစုံသော အင်္ဂါကြီးတို့ကို နူးညံ့အောင်ပြုတတ်၏။ ဂရုဂုဏ်၊ သိနိဒ္ဓဂုဏ်ဟူ၍ သုံးပါးရှိ၏။

ထိုငန်သောရသသည် အခါခပ်သိမ်း လွန်စွာစားမှု သည်းခြေကိုပျက်စေတတ်၏။ အသားကိုပွားစေတတ်၊ ရေငတ်စေတတ်၏။ မူးဝေစေတတ်၏။ ပူလောင်စေတတ်၏။ အသား၏အတွင်း၌ ယားယံစေတတ်၏။ နူနာကိုဖြစ်စေတတ်၏။ ဣန္ဒြေတို့ကို ပိတ်ဆို့စေ၏။

အရေတွန့်ခြင်း၊ ဆံပင်ဖြူခြင်း၊ ဆံပင်ကျွတ်ခြင်းတို့ကို ဖြစ်စေတတ်၏။ ပါဒရက်နာ၊ ရေယုန်နာ အစ ရှိသည်တို့ကိုဖြစ်စေတတ်၏။ ငန်သော အရသာ၌ အအေးလည်းရှိ၏။ အပူလည်းရှိပေသည်။

## (၄) ခါးသောအရသာ၏အကျိုးသွား

ခါးသောအရသာသည် နှုတ်မြိန်သော အစာဝတ္ထုမဟုတ်သော်လည်း နှုတ်မြိန်ခြင်း စားသောက်မကောင်းခြင်းကိုနိုင်၏။ အဆိပ်ကိုလည်းကောင်း၊ ရေငတ်ခြင်းကိုလည်းကောင်း၊ ပိုးတို့ကိုလည်းကောင်း နိုင်၏။

ခါးသောအရသာသည် မူးဝေ

www.burmeseclassic.com

သော အနာ၊ ဖျားနာပျို့သောအနာ၊ ပူလောင်သောအနာ၊ သည်းခြေနာ၊ သလိပ်တို့ကိုနိုင်၏။ ခါးသောအရသာသည် ကျင်ကြီး၊ ကျင်ငယ်၊ ဆီးကြည်၊ ခြင်ဆီ၊ ချွေး၊ အဆီခဲတို့ကို ခန်းခြောက်စေတတ်၏။

ခါးသောရသသည် ကျက်လွယ်ကြေလွယ်၏။ အေး၏၊ အဆီအစေးမရှိ ခြောက်သွေ့တတ်၏။ နို့ရည်လည်ချောင်းတို့ကို သုတ်သင်ရှင်လည်းတတ်၏။ အလွန်စားသုံးသော် ဓာတ်ကုန်ခန်းသော အနာ၊ လေနာတို့ကို ဖြစ်စေတတ်၏။

စာကရကျမ်း၌လည်း ခါးသောရသာသည် မိမိကန္ဒုတ်ကိုမြိန်အောင် အကြောင်း ဝတ္ထုမဟုတ်ဘဲလျက် နှုတ်မမြိန်သည်ကို ဖျက်ဆီးတတ်၏။ အဆိပ်ကိုဖျက်ဆီးတတ်၏။ ပိုးကို ဖျက်ဆီးတတ်၏။ ခါးသောရသာသည် မူးဝေခြင်း၊ ပူလောင်ခြင်း၊ ယားယံခြင်း၊ ရေငတ်ခြင်းတို့ကို ငြိမ်းစေတတ်၏။ နူနာကို ပျောက်စေတတ်၏။ အသားအရေတို့ကို ခိုင်ခံအောင်ပြုတတ်၏။ ဖျားနာကိုပယ်တတ်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ အစာကိုကြေစေတတ်၏။ နို့ရည်ကိုသုတ်သင်တတ်၏။ လူကိုပိန်စေတတ်၏။ ဆီခဲ၊ ဆီကြည်၊ ခြင်ဆီ၊ ဦးနှောက်၊ ပြည်၊ ချွေး၊ ကျင်ကြီးကျင်ငယ်၊ သည်းခြေ၊ သလိပ်တို့ကို ခန်းခြောက်စေတတ်၏။ လူခဂုဏ်၊ သီတဂုဏ်၊ လဟုဂုဏ်ဟူ၍ ဂုဏ် သုံးပါးရှိ၏။

ခါးသောရသကိုလွန်စွာ စားမူ လူခဂုဏ်၊ ဝိသဒဂုဏ်၊ ခရဂုဏ်တို့ကြောင့် ဓာတ်ခုနစ်ပါးတို့ကို ခန်းခြောက်စေတတ်၏။ အကြောအခြင်တို့ကို ကြမ်းတမ်းစေတတ်၏။ အားခွန်ဗလကို ပေးတတ်၏။ လူကိုပိန်စေတတ်၏။ မူးဝေစေတတ်၏။ ခံတွင်းကိုခြောက်စေတတ်၏။ လေကိုဖြစ်စေတတ်၏။

(ခါးသောရသ၏ ဂုဏ်သုံးပါးတွင် သီတဂုဏ်ကိုများရာသို့လိုက်၍ ဆိုသည်ဟုမှတ်ပါ။)

## (၅) စပ်သောအရသာ၏အကျိုးသွား

စပ်သောအရသာသည် လည်ချောင်းနာ၊ ပွေနာ၊ အစာမကြေနာ၊ ဖောရောင်နာတို့ကို နိုင်၏။ ထို့ပြင် ပေါက်သော အနာကိုလည်း ပျောက်စေတတ်၏။ အဆီ၊ အစေး၊ ချွေးတို့ကို ခန်းခြောက်စေတတ်၏။

စပ်သောအရသာသည် ဝမ်းမီးကို တောက်စေတတ်၏။ အစာကို ကြေစေတတ်၏။ စားကောင်သောက်ကောင်းဖြစ်စေတတ်၏။ ခံတွင်းကို သုတ်သင်ရှင်းလင်းတတ်၏။ အစာကို ခြောက်သွေ့စေတတ်၏။ စပ်သောအရသာ အနှောင်အဖွဲ့ကို ဖွဲ့တတ်၏။ သွေးကြော၊ လေကြောတို့ကို ဖွင့်တတ်၏။ သလိပ်ကိုပယ်တတ်၏။

ထိုစပ်သောအရသာကို အလွန်စားသည်ရှိသော် ရေငတ်ခြင်းကိုလည်းကောင်း၊ သုက်ခန်းခြင်း၊ အားကုန်ခြင်း၊ မိန်းမောတွေဝေခြင်းကိုလည်းကောင်း၊ ကွေးခြင်း၊ ကောက်ခြင်းကိုလည်းကောင်း၊ ကိုယ်တုန်လှုပ်ခြင်းကိုလည်းကောင်း၊ ခါးကျောက်ကုန်းတို့၌ ကိုက်ခဲခြင်းကိုလည်းကောင်း ဖြစ်စေတတ်၏။

ဘာဝပ္ပကာသကျမ်းနှင့် စရကကျမ်းတို့၌လည်း အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း ဆိုထားလေသည်။

## (၆) ဖန်သောအရသာ၏အကျိုးသွား

ဖန်သောအရသာသည် သလိပ်နှင့် သည်းခြေကို ပယ်တတ်၏။ ကျက်ခဲ၊ ကြေခဲ၏။ သွေးကို သုတ်သင်တတ်၏။ နှိပ်စက်တတ်၏။ ပေါက်သော အနာသက်သာရ၏။ သီတဂုဏ်ရှိ၍ အဆီနှင့် သွေးတို့ကို ခြောက်သွေ့စေ၏။ အစာသစ်ကို နိုင်စေတတ်၏။ ဝမ်းကိုချုပ်စေတတ်၏။ လူခဂုဏ်ရှိ၏။ အရည်ကိုကြည်လင်စေတတ်၏။

ဖန်သောအရသာကို အလွန်စားသည်ရှိသော် ကိုယ်လက်တောင့်တင်းခြင်း၊ ဝမ်းရောင်ခြင်း၊ ရင်ဘတ်နာခြင်းတို့ကိုလည်းကောင်း၊ ပိန်ကြုံခြင်းကိုလည်းကောင်း၊ သုက်ပျက်ခြင်းကိုလည်းကောင်း၊ သွေးကြော၊ လေကြောပိတ်ဆို့ခြင်း၊ ဝမ်းချုပ်ခြင်းကိုလည်းကောင်း ဖြစ်စေတတ်၏။ စာရကကျမ်း၌လည်း အထက်ပါအတိုင်းပင် ဆိုထားလေသည်။

**မှတ်ချက်**

ဤရသာခြောက်ပါးတို့တွင် အကြင်ရသာသည် လေကိုနိုင်သည်ဟု ဆိုငြားသော်လည်း ထိုရသာ၌ လူခ၊ လဟု၊ သီတ ဤဂုဏ်သုံးပါးရှိနေပါမူ လေကိုမနိုင်ချေ။

အကြင်ရသာသည် သည်းခြေကိုနိုင်၏ဟု ဆိုငြားသော်လည်း ၎င်း၌ တက္ခ၊ ဥဏှ၊ လဟု ဤဂုဏ်သုံးပါးရှိနေပါမူ သည်းခြေကိုမနိုင်ချေ။

အကြင်ရသာသည် သလိပ်ကိုနိုင်၏ဟု ဆိုငြားသော်လည်း ၎င်း၌ သိနိဒ္ဓ၊ သီတ၊ ဂရု ဤဂုဏ်သုံးပါးရှိနေပါမူ သလိပ်ကိုမနိုင်ကြောင်း သတိပြုပါလေ။

ဆက်လက်ဖော်ပြပါဦးမည်

မျိုးသန်းထွန်းကို (ဒေးစကြီး)

www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရှယ်ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်)    (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထို့ပြင် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာစိုး - အထူးကုဆေးခန်း

➢ **အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ (1107 Y 7278)**

➢ **လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ (1208 Y 7942)**

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၈၇၀၉၇၊ ၀၉-၃၁၉၂၁၁၃၅
ပင်ရင်း ❖ အမှတ် (၈၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉
ဖြန့်ချီရေး ❖ ကိုဝင်းမြင့် + မဘေဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၈ လမ်း၊ ၈၂×၈၃ လမ်း)၊
အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)


www.burmeseclassic.com

www.burmeseclassic.com

မနုဿကျော်ဝင်း (အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# အာမာရှောက်ကျိုယ်ိုင်

မနုဿကျော်ဝင်း(အမျိုးသားစာပေ

ခါတိုင်းညများ၌ ခေါင်းအုံးပေါ် ခေါင်းချလိုက်လျှင် အိပ်ပျော်လေ့ရှိသော အေးလွင်သည် ယခုညတွင် မျက်စိကြောင်နေ၏။ သူ့ခေါင်းအုံးအောက်မှ သော့တွဲကိုလည်း လက်ဖြင့် မကြာခဏ စမ်းကြည့်နေမိ၏။

"ဦးတို့ခရီးထွက်တုန်း မောင်အေးလွင်ကိုပဲ ဒီအိမ်ကို ခဏအပ်ခဲ့ချင်တယ်။ နွယ်နွယ်ပြောပြလို့ မောင်အေးလွင်ရဲ့ ရိုးသားသစ္စာရှိပုံကို ဦးသိထားပြီးပါပြီ။ ဒါကြောင့်လည်း ဦးပိုင်တဲ့ စည်းစိမ်တစ်ခုလုံးကို မောင့်ရင့်လက်ထဲမှာ ယုံယုံကြည်ကြည် အပ်ထားခဲ့ဖို့ စီစဉ်ရတာပေါ့ကွယ်"

"အင်း . . . မပြောမဖြစ်လို့ ပြောထားခဲ့ရဦးမယ်ကွယ်။ ဦးရဲ့တိုက်မှာ ဟောဒီမြေအောက်ခန်းဟာ အရေးအကြီးဆုံးပဲ မောင်အေးလွင်။ ဦးပိုင်တဲ့ စိန်ရွှေရတနာနဲ့ ငွေတွေအားလုံးကို ဒီအခန်းထဲမှာပဲ သိမ်းဆည်းထားရတာမို့ ဒီအခန်းဟာ ဦးနဲ့ သမီးနွယ်နွယ်တို့ရဲ့ အသက်အိုးအိမ်ဆိုလည်း မမှားဘူးပေါ့ကွယ်။ ဒါတွေ မောင်အေးလွင်းကို ပြောပြရတာကလည်း ဦးတို့ခရီးသွားနေတုန်း မီးရေး၊ ထင်းရေး ကြုံခဲ့ရင် အခန်းကိုဖွင့်ပြီး အဖိုးတန်ပစ္စည်းတွေကို သယ်ထုတ်သွားနိုင်အောင်လို့ပါ။ အစစအရာရာလည်း စိတ်ချပါရစေကွယ်။ ရော့ . . . ဟောဒီမှာ သော့တွဲ။ အိမ်တံခါးသော့၊ မြေတိုက်ခန်းသော့နဲ့ မြေတိုက်ခန်းထဲက မီးခံသေတ္တာသော့တွေ အားလုံးပါတယ်"

ဒီကနေ့မနက် ခရီးမထွက်ခင် ဦးအောင်ထွန်း မှာကြားခဲ့သောစကားများကို ပြန်လည်ကြားယောင်နေမိသောကြောင့်လည်း ခေါင်းအုံးအောက် မှ သော့တွဲကို လက်ဖြင့်စမ်းကြည့်နေမိခြင်းဖြစ်၏။ တကယ်တော့ သူသည် နွယ်နွယ်၏ဖခင် ဦးအောင်ထွန်းနှင့် ရင်းနှီးသူ မဟုတ်။ ချစ်သူ နွယ်နွယ်နှင့် ချစ်ကြိုးသွယ်ခဲ့သည့် သက်တမ်းသည်ပင် နှစ်နှစ်မပြည့်တတ်သေးချေ။

နယ်မှ ရန်ကုန်တက္ကသိုလ်တွင် ပညာလာရောက်ဆည်းပူးသူ။ မုဆိုးမသား။ အေးလွင်သည် ဝိဇ္ဇာ(ဂုဏ်ထူးတန်း) နောက်ဆုံးနှစ်တွင် မိမိနှင့် အတန်းတူ နွယ်နွယ်နှင့် မေတ္တာမျှခဲ့ကြ၏။ နံနက်စောစော သတင်းစာပို့ပြီး ဝင်ငွေရှာကာ မိမိခြေထောက်ပေါ် မိမိရပ်တည်၍ ပညာဆီးပူးလျက်ရှိသူ။ စာတော်သူအေးလွင်ကို နွယ်နွယ်က လေးစားပြီး သံယောဇဉ်တွယ်ခဲ့မိ၏။ ထို့အတူ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာပြီး တစ်ဦးတည်းသောသမီးဖြစ်သော်လည်း မာန်မာနမကြီးသူ နွယ်နွယ်အား အေးလွင်က နှစ်သက်မြတ်နိုး၏။ သို့နှင့် သူတို့နှစ်ဦး ချစ်ကြိုးသွယ်ခဲ့ကြခြင်းဖြစ်သည်။

အေးလွင်သည် မုဆိုးမတစ်ဦး၏ တစ်ဦးတည်းသောသား ဖြစ်သကဲ့သို့ နွယ်နွယ်သည်လည်း မုဆိုးဖိုတစ်ဦး၏ တစ်ဦးတည်းသောသမီး ဖြစ်သည်။ နွယ်နွယ်တွင် ဖခင်ကိုတစ်ယောက် ရှိခဲ့ဖူးသော်လည်း လွန်ခဲ့သော ငါးနှစ်ခန့်က ဆုံးပါးသွားခဲ့သည်။ တစ်ဦးစီ၏ ဤမျှလောက်သော ကိုယ်ရေးရာဇဝင် အကျဉ်းကိုသာ သူတို့နှစ်ဦး အပြန်အလှန် သိရှိခဲ့ကြ၏။ သူတို့နှစ်ဦး ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ရရှိပြီး တက္ကသိုလ်တွင် နည်းပြဆရာ၊ ဆရာမများ ဖြစ်လာကြသည့် အချိန်၌ နွယ်နွယ်၏ လမ်းဖွင့်ပေးမှုကြောင့် အေးလွင်သည် သူမ၏အိမ်သို့ ဝင်ထွက်ခွင့် ရရှိလာ၏။ ဤကဲ့သို့ ဝင်ထွက်သည်ကို နွယ်နွယ်၏ဖခင် ဦးအောင်ထွန်းကလည်း ကြည်ကြည်ဖြူဖြူရှိခဲ့သည်။

ယခုနောက်ဆုံး အခြေအနေသည်ကား ဤစာ၏အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးအောင်ထွန်းနှင့် သမီးနွယ်နွယ်တို့က ၎င်းတို့၏ တိုက်အိမ်နှင့် စည်းစိမ်တစ်ခုလုံးကို အေးလွင်၏လက်သို့ ဝကွက်အပ်နှံပြီး ရှမ်းပြည်နယ်သို့ ခရီးထွက်သွားခဲ့ကြခြင်း



www.burmeseclassic.com

www.burmeseclassic.com

ပင်ဖြစ်သည်။ သူတို့ခရီးထွက်သွားသည့် ကာလမှာ ၁၀ ရက်ခန့် ကြာမြင့်၏။ ဤအတောအတွင်း အေးလွင်သည် သူတို့၏တိုက်အိမ်၌ ခြေချုပ်မိနေသလို ဖြစ်ခဲ့ရ၏။ ဘယ်ကိုမျှမသွားဘဲ အိမ်စောင့်၏။ ကြိုတင်ဝယ်ခြမ်းထားသော ရိက္ခာများကို ချက်ပြုတ်စားသောက်ပြီး စာဖတ်ခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့၏။ နေ့စဉ် တိုက်အိမ်၏ အတွင်းအပြင် ဝင်းခြံအနှံ့ နေရာမလပ် လှည့်ပတ်ကြည့်ရှု၏။ ထူးခြားမှုရှိမရှိ အမြဲမပြတ် စစ်ဆေး၏။ ထိုသို့ သစ္စာရှိရှိ တာဝန်သိသိ စောင့်ရှောက်ခဲ့သည်မှာ ဦးအောင်ထွန်းနှင့် နွယ်နွယ်တို့ ရှမ်းပြည်မှ ပြန်ရောက်လာသည့်နေ့ အထိပင် ဖြစ်၏။

"မောင်အေးလွင်ရဲ့ တာဝန်သိပုံ၊ သစ္စာရှိပုံကိုတော့ ဦးသိပ်ပြီးသဘောကျသွားပြီ။ ဦးရဲ့ အားအကိုးရဆုံး၊ အယုံကြည်ရဆုံး လူယုံတော် တူသားတစ်ယောက်အနေနဲ့ အသိအမှတ်ပြုလိုက်ပါပြီ"

မိမိ၏တိုက်အိမ်သို့ ပြန်ရောက်ရောက်ချင်း ဦးအောင်ထွန်းသည် အတွင်းအပြင် နေရာအနှံ့စစ်ဆေးပြီးနောက် အေးလွင်ကို အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်၏။

"ဦးရဲ့စကား ကြားရတာ ကျွန်တော် သိပ်ပြီးဝမ်းသာဂုဏ်ယူမိပါတယ်။ ဒါပေမယ့် ဘာနဲ့ မှတ်ကျောက်တင်ပြီး ကျွန်တော့်ကို ယုံကြည်စိတ်ချရတဲ့ တူသားတစ်ယောက်အဖြစ် သတ်မှတ်တယ်ဆိုတာကို သိပါရစေခင်ဗျား"

"ဟဲဟဲ ... ဒါက ရှင်းပါတယ်ကွယ်၊ ဦးရဲ့စည်းစိမ်ဥစ္စာအားလုံး စုပုံထည့်ထားတဲ့ မြေအောက်ခန်းတံခါးကို မောင်အေးလွင် လုံးဝဖွင့်မကြည့်တဲ့ အချက်တစ်ခုတည်းနဲ့ပဲ နိုင်လုံနေပါပြီကွယ်။ ဘယ်လောဂ်ရှိသားလှတဲ့ လူပဲဖြစ်ဖြစ် သိချင်စပ်စုချင်တဲ့စိတ်ကြောင့် အနည်းဆုံးတစ်ကြိမ်လောက်တော့ မြေငိုက်ခန်းကို သော့ဖွင့်ကြည့်မှာ သေချာတယ်လေ။ ဒါပေမယ့် မောင်အေးလွင်ကတော့ ဒီလိုမလုပ်ခဲ့ဘူး။ ဘာကြောင့် ဦးသိနိုင်သလဲဆိုတော့ အဲဒီမြေတိုက်ခန်းတံခါးရဲ့ သော့ခလောက်ကို မောင်အေးလွင်လုံးဝ မဖွင့်ခဲ့တာကြောင့်ပဲ။ သော့ခလောက်ကို တစ်ခါမှ ကိုင်တောင်မကြည့်ခဲ့ဘူး မဟုတ်လား"

အေးလွင်က သူ့ကို အံ့ဩစွာ ကြည့်နေမိသည်။

"ဦး ဘယ်လိုလုပ်ပြီး အတပ်ပြောနိုင်ပါသလဲခင်ဗျာ"

"ဒါက ရှင်းပါတယ်။ အဲဒီသော့ခလောက်မှာ ဦးလုပ်ထားခဲ့တဲ့ လျှို့ဝှက်အမှတ်အသားတွေဟာ လက်ရာခြေရာမပျက် နဂိုအတိုင်း ရှိနေတာကြောင့်ပါပဲ မောင်အေးလွင်"

"ကိုင်း ... မောင်အေးလွင်ဟာ ဦးရဲ့ တကယ့်လူယုံတော်တစ်ယောက် ဖြစ်သွားပြီဆိုတော့ အရေးကြီးတဲ့လုပ်ငန်းတစ်ခုအတွက် မောင်ရင့်ကို တာဝန်ပေးရတော့မယ်။ လာ ဦးနဲ့လိုက်ခဲ့"

ဦးအောင်ထွန်းက သူ့ကို မြေတိုက်ခန်းဆီသို့ ခေါ်သွား၏။ ထို့နောက် သော့ဖွင့်ပြီး အခန်းထဲသို့ဝင်ကာ မီးခလုတ်ကိုဖွင့်လိုက်ရာ ငရာမ မီးခံသေတ္တာကြီး (၈) လုံးကို တွေ့မြင်ရလေသည်။ ဦးအောင်ထွန်းက အေးလွင်ကို လက်တို့၍ ခေါ်သွားပြီး ထိပ်ဆုံးမှ မီးခံသေတ္တာကြီးကို ဖွင့်လိုက်ရာ နိုင်ငံခြားလုပ် ပလတ်စတစ်အိတ် အကြည်များဖြင့် ထုပ်ထားသော ဖြူ ဖြူအမှုန့်များကို အံ့ဩစဖွယ် တွေ့မြင်ရ၏။

"ကိုင်း ... မောင်အေးလွင် ခေါင်းအေးအေးထားပြီး နားထောင် ပါ။ အခုကိစ္စဟာ ဦးရဲ့ အဓိကစီးပွား ရေးလုပ်ငန်းနဲ့ ပတ်သက်တယ်ဆိုပေ မယ့် မောင်အေးလွင်နဲ့ သမီးနွယ်နွယ် တို့ရဲ့ အနာဂတ်အရေးနဲ့လည်း အများ ကြီး သက်ဆိုင်နေပါတယ်"

"တကယ်တော့ ... ဒီမြေတိုက် ခန်းဟာ ဦးခရီးမထွက်ခင်တုန်းက မောင်အေးလွင်ကို ပြောပြထားခဲ့သလ စိန်ရွှေရတနာတွေ၊ ငွေတွေ သိမ် ဆည်းထားတဲ့ အခန်းမဟုတ်ပါဘူး ဒါပေမယ့် ငွေသန်းပေါင်းများစွာအဖြ ဘဝပြောင်းသွားနိုင်တဲ့ အဖြူထုပ် တွေ သိုလှောင်ထားတဲ့ သိုက်နန်းကြ တစ်ခုလို့တော့ တင်စားနိုင်ပါတယ် အခု မောင်အေးလွင် တွေ့ခဲ့ရတဲ့ ထ ဖိုးဟာ သိန်းတစ်ရာပတ်ဝန်းကျင် ရှိတယ်။ ကျန်တဲ့ မီးခံသေတ္တာ အားလုံးမှာလည်း ဒီလိုပစ္စည်းမျိုး ချည်းအပြည့်ရှိတယ်။ စုစုပေါင်း ဘ လောက်တန်မလဲဆိုတာ စဉ်းစား ကြည့်ပေတော့"

အေးလွင်သည် ဦးအောင်ထ ကိုတစ်လှည့်၊ မီးခံသေတ္တာကြီး ကိုတစ်လှည့် ပါးစပ်အဟောင်းသာ အံ့ဩစွာကြည့်နေမိ၏။

www.burmeseclassic.com

"ကိုင်း ... လုပ်ငန်းအတွက် လိုရင်းကို တိုတိုပဲပြောမယ်။ လာမယ့် တနင်္ဂနွေနေ့ မနက် ၉ နာရီ မောင်အေးလွင် ဦးဆီကို လာခဲ့ပါကွယ်။ ဒီပစ္စည်းတချို့ကို ဝယ်လက်ဆီပို့ဖို့ အစီအစဉ်ရှိတယ်။ မောင်အေးလွင်ကို စပြီး အစမ်းသဘော တာဝန်ပေးမယ်။ အန္တရာယ်အတွက်ကိုတော့ ဘာမှမစိုးရိမ်နဲ့။ အခြေအနေအရပ်ရပ်အတွက် ဦးအားလုံးစီစဉ်ထားပြီးပြီ"

"အဲဒီနေ့ မောင်အေးလွင်ရဲ့ တာဝန်ကျေပွန်ရင် ရှေ့အပတ်ထဲမှာပဲ မင်းနဲ့နွယ်နွယ်တို့ရဲ့ကိစ္စကို အပြီးအစီး စီစဉ်ပေးမယ်။ ဒါမှလည်း မောင်အေးလွင်ဟာ ဦးရဲ့ အတွင်းစိတ်ထဲကို ရောက်လာမယ်လေ။ မင်းတို့ ဖွင့်မပြောကြပေမယ့် တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်တွယ်နေကြပြီဆိုတာ ငယ်ရာကကြီးလာတဲ့ ဦးအနေနဲ့ ဘယ်မရိပ်မိဘဲ ရှိပါ့မလဲကွယ်။ ဒီတော့ ဦးလေးပေးမယ့် တာဝန်ကိုသာ ကျေပွန်အောင် ထမ်းဆောင်ပေတော့"

ရှက်စိတ်ကြောင့်လား မသိ။ အေးလွင်၏ မျက်နှာတစ်ခုလုံး နီရဲနေသည်။ သူက လာမည့် တနင်္ဂနွေနေ့ ၉ နာရီ အရောက်လာခဲ့မည်ဖြစ်ကြောင်း ဦးအောင်ထွန်းကို ကတိပေးပြောကြားပြီး သူနေထိုင်ရာ တက္ကသိုလ် ဆရာအဆောင်သို့ ပြန်သွားခဲ့လေသည်။

♦♦♦

"မင်း ... မင်း ... ဘယ်လိုလုပ်လိုက်တာလဲ မောင်အေးလွင်။ မင်းကို ဦးက သစ္စာရှိလှပြီ၊ ယုံကြည်စိတ်ချရလှပြီဆိုပြီးတော့ အားကိုးလိုက်မိတာ အခုတော့ ခွေးလောက်တောင် သစ္စာမရှိပါလားဟင်"

ချိန်းဆိုထားသော တနင်္ဂနွေနေ့ နံနက် ၉ နာရီတိတိတွင် အေးလွင်မှာ ဦးအောင်ထွန်းဆီသို့ ရောက်လာ၏။ သို့သော် တစ်ယောက်တည်းတော့ မဟုတ်။ ဒုရဲမှူးအဆင့်ရှိ အရာရှိတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်လူကြီးများ ပါလာကြသည်။

"ဘယ်လိုလုပ်လိုက်သလဲ ဆိုတာကတော့ ဦးမြင်တဲ့အတိုင်းပါပဲ။ ဦးတို့ ရှမ်းပြည်နယ်ဘက်ကို ခရီးထွက်တုန်းက ဦးပစ္စည်းတွေကို ကျွန်တော် သစ္စာရှိရှိ စောင့်ရှောက်ပေးခဲ့တာက မြေတိုက်ခန်းထဲမှာ ဒီလိုအဆိပ်မှုန့်တွေ သိုလှောင်ထားမှန်း မသိခဲ့လို့ပါ။ အခု သိရပြီဆိုတော့ ကျွန်တော် သစ္စာထားရမှာက ဦးအပေါ် မဟုတ်တော့ဘူးလေ။ တရားဥပဒေပေါ်မှာ သစ္စာစောင့်သိရတော့မှာပါ။ ဒါကြောင့်လည်း သက်ဆိုင်ရာကို သတင်းပေးပြီး အခုလို စီစဉ်လိုက်ရတာပါပဲခင်ဗျာ။ ကျွန်တော့်ကို နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်"

"ကျွန်တော့်ဖေဖေဟာ ကျွန်တော် အသက်ခပ်ငယ်ငယ်မှာပဲ ဘိန်းစွဲပြီး ဘိန်းစားဖြစ်ခဲ့ရတယ်။ မေမေဟာဆိုရင် ဖေဖေ့ကြောင့် နေ့စဉ် မျက်ရည်နဲ့မျက်ခွက်ပါပဲ။ ဘိန်းစားမယားလို့ မေမေ့ကိုနှိမ်ကြသလို ကျွန်တော့်ကိုတော့ ဘိန်းစားရဲ့သားဆိုပြီး လူရာမသွင်းကြပါဘူး။ ကျွန်တော် ခုနစ်တန်းရောက်တဲ့နှစ်မှာပဲ ဖေဖေဟာ ဘိန်းရောင်းသူတစ်ယောက်နဲ့ စကားများရန်ဖြစ်ပြီး အဲဒီလူက ဓားနဲ့ထိုးလိုက်လို့ သေပွဲဝင်ခဲ့ရပါတယ်။ မေမေဟာလည်း အသက်ငယ်ငယ်နဲ့ မုဆိုးမဖြစ်ခဲ့ရပါတယ်။ ဘိန်းနဲ့ပတ်သက်တဲ့ နာကျည်းစရာ အမာရွတ်ကြီးတစ်ခုဟာ အဲဒီအချိန်ကတည်းက ကျွန်တော့်ရဲ့ အသည်းပြင်မှာ စွဲထင်ကျန်ရစ်ခဲ့တာ အခုမှပဲ ရာဇဝင်ကြွေးကို ဆပ်ခွင့်ရတော့တယ်။ ကဲ ... ဆရာတို့ တာဝန်ရှိတဲ့အတိုင်း အရေးယူကြပါတော့။ ကျွန်တော် သက်သေအနေနဲ့ ပါဝင်ကူညီပါ့မယ်"

အေးလွင်၏ စကားအဆုံး၌ ရဲအရာရှိက ပြုံးပြီး ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ထို့နောက် ...

"ကျွန်တော်တို့အနေနဲ့ ဦးအောင်ထွန်းရဲ့ မြေတိုက်ခန်းကို ရှာဖွေစရာ မလိုပါဘူး။ ဦးအောင်ထွန်းကိုလည်း အရေးယူစရာ မလိုတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဦးအောင်ထွန်းရဲ့ မြေတိုက်ခန်းထဲမှာ သိုလှောင်တဲ့ ပစ္စည်းတွေဟာ တရားဥပဒေနဲ့ ဆန့်ကျင်တဲ့ ပစ္စည်းမျိုးတွေ မဟုတ်တဲ့အကြောင်း ကြိုတင်သိရှိထားရလို့ပါပဲ။ ဦးလေးဦးအောင်ထွန်းရဲ့ စမ်းသပ်ချက်အောင်မြင်ပြီမို့ ကျွန်တော်တို့ ဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ"

ရဲအရာရှိ၏ စကားများကြောင့် အေးလွင်တစ်ယောက် အံ့အားသင့်သွားရ၏။ ဆတ်ဆတ်ခါနာသွားရ၏။ ထို့နောက် တင်းမာသော လေသံဖြင့်

"ဒီမှာ ရဲမှူးကြီး ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် ဦးအောင်ထွန်းရဲ့ မြေတိုက်ခန်းထဲမှာ ဘယ်လိုပစ္စည်းမျိုးတွေရှိတယ်ဆိုတာ မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာကို ခင်ဗျားက အဂတိလိုက်စားပြီး မျက်ကွယ်ပြုမလို့လား။ ဒီအမှုကို ခင်ဗျားတို့ အရေးမယူဘူးဆိုရင် မိုးမီးလောင်သွားမယ်မှတ်ပါ''

အေးလွင်က မည်သို့ပင် ဒေါမာန်ဖြင့် ပြောဆိုသော်လည်း ရဲအရာရှိက စိတ်ဆိုးဟန်မပြ။

''ကိုအေးလွင်ကိုတော့ ဦးလေး ဦးအောင်ထွန်းကပဲ ဖြစ်ရပ်အမှန်တွေ ရှင်းပြလိုက်ပါတော့။ တခြား အရေးကြီးတဲ့ကိစ္စတွေ ရှိနေသေးတာမို့ ကျွန်တော်တို့ကို ခွင့်ပြုပါခင်ဗျား။ မင်္ဂလာပွဲကျရင်တော့ ကျွန်တော်တို့ကို ဖိတ်ဖို့ မမေ့နဲ့နော် ဦးလေး''

ရဲအရာရှိက အထက်ပါအတိုင်း ထူးဆန်းသောစကားများကို ပြောကြားနှုတ်ဆက်ပြီး အေးအေးဆေးဆေး ထွက်ခွာသွားသလို ကျန်ပုဂ္ဂိုလ်များအားလုံးကလည်း ယိမ်းတိုက်ထားသည့်အလား တညီတညွတ်တည်း ထွက်ခွာသွားကြလေ၏။ အေးလွင်သည် ဒေါသထွက်လွန်း၍ တစ်ကိုယ်လုံး တုန်တုန်ရင်ရင်ဖြစ်နေ၏ ...။ ဦးအောင်ထွန်းကမူ စစ်ပွဲကို အောင်နိုင်သူစစ်သူကြီးပမာ ကျေနပ်စွာပြုံးပြီး သူ့ကိုကြည့်နေသည်။

''စိတ်ကိုလျှော့ပါ မောင်အေးလွင်။ မကြာခင် အားလုံးရှင်း သွားပါလိမ့်မယ်။ တကယ်တော့ ဦးရဲ့ မြေတိုက်ခန်းထဲမှာ မောင်အေးလွင်ကိုပြခဲ့တဲ့ အမှုန့်ထုပ်တွေဟာ ဘိန်းဖြူမှုန့်တွေ မဟုတ်ပါဘူး။ အဲဒါတွေအားလုံးဟာ ဆပ်ပြာမှုန့်ထုပ်တွေပါ။ မောင်အေးလွင်ရဲ့ စိတ်ရင်းစိတ်မာတ်အမှန်တွေကို သိချင်လို့ တမင်အကွက်ဆင်ပြီး အခုလို ပရိယာယ်နဲ့ စမ်းသပ်ခဲ့ရတာ ဖြစ်ပါတယ်။ တကယ်လို့များ မောင်အေးလွင်ဟာ ဦးမှာထားတဲ့အတိုင်း ဘိန်းဖြူသယ်ထုတ်ပေးဖို့ တစ်ယောက်တည်းလာတယ် ဆိုရင်တော့ မင်းကို ဦးလေး လမ်းခွဲဖို့ စဉ်းစားဆုံးဖြတ်ထားပြီးသားပါ။ သမီးနွယ်နွယ်နဲ့လည်း ဝေးကြရတော့မှာပေါ့။ ဒါပေမယ့် မောင်အေးလွင်ဟာ အဲဒီလို မလာဘဲ ကောင်းသောလာခြင်းမျိုးနဲ့ လာတဲ့အတွက် ဦးသိပ်ပြီး ဝမ်းသာသွားမိပါတယ်ကွယ်။ ဘာကြောင့်လဲဆိုတော့ မောင်အေးလွင်ဟာ ဦးထင်ထားတာထက်တောင် ယောကျ်ားကောင်းပီသတဲ့လူဆိုတာ သိလိုက်ရလို့ပါပဲ။ သမီးနွယ်နွယ်အတွက်ရော၊ ဦးအတွက်ပါ ကံကောင်းတာပေါ့ကွယ်။ မောင်အေးလွင်နဲ့ သမီးတို့ကိစ္စကို နေ့ကောင်းရက်သာရွေးပြီး ဒီလထဲမှာပဲ စီစဉ်ပေးပါ့မယ်''

''မောင်အေးလွင် သတင်းပေးပြီး သွားခေါ်လာခဲ့တဲ့ ဒုရဲမှူးဦးသက်ဝင်းဟာ ဦးရဲ့ တူဝမ်းကွဲတော်ပါတယ်။ မောင်အေးလွင်ရဲ့ စာရိတ္တအခြေအနေကို ပရိယာယ်နဲ့စမ်းသပ်မယ့်အကြောင်း သူ့ကို ကြိုတင်ပြောထားပြီး ဒီမြေတိုက်ခန်းထဲက ဆပ်ပြာမှုန့်ထုပ်တွေကိုလည်း သူ့ကိုပြထားပြီးသားမို့ သူကအားလုံးကြိုတင်သိထားခဲ့ပါတယ်''

အေးလွင်အဖို့ ဖြစ်ကြောင်းကုန်စင် သိသင့်သလောက်တော့ သိရပါပြီ။ သို့ရာတွင် မပြည့်စုံသေးချေ။

''နေပါဦး ...ဦးက ဘာဖြစ်လို့ ကျွန်တော့်ရဲ့စာရိတ္တကို ဘိန်းဖြူအပေါ် အခြေခံပြီး စမ်းသပ်ရတာလဲ''

''မောင်အေးလွင်ရဲ့ အဖေဟာ ဘိန်းကြောင့် သူများရဲ့ ဓားချက်နဲ့ အသက်ထွက်ခဲ့ရတယ်နော်။ ဦးမှာတော့ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ဦးအင်မတန် အားကိုးခဲ့တဲ့ သားကြီးမောင်မျိုးတင့်ဟာ ဘိန်းဖြူကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်။ သူများသတ်လို့ သေရတာ မဟုတ်ပါဘူး။ သူ့အကြောထဲ သူ့ဟာသူ ဘိန်းဖြူရည် ထိုးသွင်းရင်း ရှော့(ခ်)ရပြီး သေပွဲဝင်ခဲ့ရတာပါ။ သားကြီးမောင်မျိုးတင့် ဆုံးပြီး ခြောက်လလောက်အကြာမှာ နဂိုကတည်းက နှလုံးရောဂါအခံရှိတဲ့ သူ့အမေဟာ သားရဲ့စိတ္တဇနဲ့ပဲ ဆုံးခဲ့ရပြန်တယ်။ ဘိန်းဖြူကြောင့် ဦးလေးဟာ သားမဲ့အဖေ၊ မုဆိုးဖိုတစ်ယောက်ဖြစ်ခဲ့ရသလို သမီးလေးနွယ်နွယ်ဟာလည်း အစ်ကိုရင်းတစ်ယောက် ဆုံးရှုံးရရုံသာမက မိတဆိုးဘဝ ရောက်ခဲ့ရပါတယ်။ တကယ်တော့ မောင်အေးလွင်ရဲ့ အသည်းပေါ်က အမာရွတ်ထက် ဦးရဲ့အမာရွတ်က ပိုပြီးကြီးမားပါတယ်ကွယ်''

**မနသသကျော်ဝင်း**
**(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com



## ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီရိမင်္ဂလာ သော်ကမြောင်ကျောင်းတိုက်

### မျိုးဆက်သစ် လူငယ်ပရဟိတဂေဟာ နိုးဆော်လွှာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဖဲ့တောင်စွန်းမြို့

[မှတ်ပုံတင်အမှတ် - သထပ/၁၀(၅)၀၃]

***တောင်စွန်းမြို့၊ သော်ကမြောင်ကျောင်း မျိုးဆက်သစ်လူငယ် ပရဟိတဂေဟာ စောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ကလေးများ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်တကွ ပညာရေးအတွက်ပါ စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိရာ ပါဝင်ကုသိုလ်ယူလိုကြသော အလှူရှင်များအနေဖြင့် မိမိတို့ တတ်စွမ်းနိုင်သရွေ့ လှူဒါန်းနိုင်ကြရန် လိုအပ်မှုများကို ဖော်ပြလိုက်ပါသည်။***

| | | | |
|---|---|---|---|
| (၁) | စားသောက်ရေး ကလေးတစ်ဦးအတွက် တစ်ရက်စာ | - | ၅၀ိ/- |
| (၂) | နေထိုင်ရေး အိပ်ဆောင်ထိန်းသိမ်းရေး တစ်ဆောင်လျှင် | - | ၅၀၀၀ိ/- |
| (၃) | ကလေးတစ်ဦးအတွက် ဝတ်စုံ ပျမ်းမျှ(တစ်နှစ်ဝတ်စုံ တစ်စုံ) | - | ၃၅၀ိ/- |
| (၄) | ကျန်းမာရေး ကလေးတစ်ဦးအတွက် တစ်နှစ်ပျမ်းမျှ | - | ၅၀၀ိ/- |
| (၅) | ပညာရေး ကလေးတစ်ဦးအတွက် တစ်နှစ်ပျမ်းမျှ | - | ၂၅၀၀ိ/- |

***(လက်ရှိ ကလေးဦးရေမှာ ၄၀၀ ဦးခန့် ရှိသဖြင့် မိမိတို့ တတ်နိုင်သမျှ လှူဒါန်းနိုင်ပါကြောင်း)***

***ယခုအခါ သော်ကမြောင် မျိုးဆက်သစ်လူငယ်ပရဟိတဂေဟာ(၃၀ ပေ×၅၀ ပေ)နှစ်ထပ်(RC) ဆောက်လုပ်နေပြီ ဖြစ်ပါ၍ အောက်ပါပစ္စည်း အမျိုးအစားနှင့် တန်ဖိုးကျသင့်ငွေတို့ကို သိရှိလှူဒါန်းနိုင်ရန် ဖော်ပြလိုက်ပါသည်။***

(၁) အုတ် - အလုံးရေ ၄၀၀၀၀၊ တစ်လုံးလျှင် ၅ိ/-နှုန်း

(၂) သဲ - ကျင်း ၆၀၊ တစ်ကျင်းလျှင် ၁၅၀၀ိ/-နှုန်း

(၃) ကျောက် - ကျင်း ၈၀၊ တစ်ကျင်းလျှင် ၆၀၀၀ိ/-နှုန်း

(၄) ဘိလပ်မြေ - အိတ် ၁၈၀၀၊ တစ်အိတ်လျှင် ၆၅၀ိ/-နှုန်း

(၅) ပြတင်းပေါက် - ၂၄ ပေါက်(သစ်သား)၊ တစ်ပေါက်လျှင် ၆၀၀၀ိ/-နှုန်း

(၆) ပြတင်းပေါက် - ၂၄ ပေါက်(သံပန်း)၊ တစ်ပေါက်လျှင် ၃၀၀၀ိ/-နှုန်း

***အလှူရှင်တို့အနေဖြင့် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။***

(၁) ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရသာရ။ ဖုန်း-၀၉-၈၇၂၃၁၀၆၊ ၀၅၇-၆၆၂၉၇

(၂) ကြက်တူရွေးမုန့်တိုက်၊ ကျိုက်ထိုမြို့။ ဖုန်း-၀၅၇-၆၀၀၈၉၊

(၃) လာဘ်မိုးစွေစာပေ။ ဖုန်း-၀၁-၂၅၃၅၁၉၊ (၄) မြတ်ပန်းရဂုံစာပေ။ ဖုန်း-၀၉-၅၁၃၃၄၅၀၊ (၅) ကိုအေးသန့်။ ဖုန်း-၀၉-၅၀၅၃၇၂၉

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အနိုင်မယူဘဲ

■ မြမြလှိုင်

"အမေရယ် ..."

ကျွန်မနှုတ်မှခပ်တိုးတိုး ညည်းလိုက်သည်။ အမေက မကြွားချင်ယောင်ဆောင်ကာ သောက်လက်စဆေးပေါ့လိပ်ကို ဆက်ဖွာနေသည်။ အသက်အရွယ်အားဖြင့် ခြောက်ဆယ်ကျော်ပြီဖြစ်သော်လည်း အမေ့တွင်မာနနှင့် ဒေါင်ဒေါင်မြည် အသည်းကရှိသေးသည်။ ဟိုယခင် အဖေရှိစဉ်က ဆွေမျိုးအသိုင်းအဝန်းတို့အလယ်တွင် လက်ညှိုးညွှန်ပြီး လိုရာကို စေခိုင်းခဲ့သည်။

ဆွေမျိုးတွေကလည်း အမေ့အရိပ်ကိုခိုကာ သူတို့လိုအပ်သမျှကို အဖေက သူ့အရှိန်အဝါ၊ ရင်းနှီးသောမိတ်ဆွေတို့ထံမှ အကူအညီကိုရယူပြီး အရာရာအားလုံး အဖေက ဖန်တီးပေးသည်။ အဖေမရှိတော့သည့်နောက်တွင် ကျွန်မလည်း အခြေအနေပြောင်းလဲခဲ့ရသည်။

နှစ်ဆယ့်ခုနစ်နှစ်ဆိုသည့် ကျွန်မ၏အသက်ကို အချိန်အခါသင့်ရုံမက လွန်နေပြီဟုဆိုသည်။ ပြောရလျှင်အိမ်ထောင်ပြုသင့်သည့်အရွယ်သို့ပင် လွန်နေပြီဟု။ ကျွန်မကမူ အမေ့အနားတွင်နေပြီး အမေ့ရင်ခွင်ကို ခေါင်းဝင်တိုးကာ ပီဘိကလေးပမာနေချင်သည်။ ကျွန်မဘဝတွင် အမေနှင့်ဆိုလျှင် အမေ့အရိပ်တွင်ခိုကာ အမေ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး နှစ်ယောက်ကမ္ဘာလေး တည်ဆောက်ကာ အားကိုးအားထားပြုချင်သည်။ ချမ်းမြေ့လွန်းလှသည့် အမေ့ရင်ခွင်ကို ဘယ်အရာနှင့်မှ မလဲနိုင်။

"မိဘဆိုတာ ကောင်းစေချင်လို့စီမံတာပဲ။ မကောင်းမြစ်တာ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာတဲ့။ သမီးလည်းပညာတတ်ဘွဲ့ရပြီး ကျောင်းဆရာမတစ်ဦးတောင် ဖြစ်နေပြီ၊ အဓိပ္ပာယ်ကိုသိပြီးသားပေါ့။ အမေမျက်စိမမှိတ်ခင်သမီးလေးကို စိတ်ချလို့သွားချင်တယ်။ လောကအလယ်မှာ အမေ့သမီးလေးတစ်ယောက်တည်းကျန်ခဲ့ရမှာကို စိတ်မချဘူး။ မောင်ဝင်းသိန်းကလည်း လူအေးပါ။ အသင်ငယ်ငယ်ရွယ်ရွယ်နဲ့မုဆိုးဖိုဖြစ်ခဲ့ရတယ်။ နောက်အိမ်ထောင်မထူဘဲ စီးပွားရေးကိုပဲ ဇောက်ချလုပ်လာတာ။ အခုဆို သားသမီးတွေကလည်း အရွယ်ရောက်ကုန်ပြီ။ ဒါကြောင့် သူ့အစ်မကြီးက ကလေးတွေကလည်း အရွယ်ရောက်လာ အုပ်ထိန်းတဲ့သူလည်းရှိအောင် သူ့မောင်ရှာထားတဲ့ ပစ္စည်းတွေလည်း အလေအလွင့် မရှိရအောင်ဆိုပြီး သေသေချာချာ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့သူကို ရှာတာ"

"ဒါဆိုလည်း အမေရယ်၊ သူ့အစ်မအရင်းခေါက်ခေါက်တစ်ယောက်လုံးလည်းရှိတယ်။ ဒီတော့ ဆွေမျိုးသားချင်းထဲက တစ်ယောက်ယောက်ကို အိမ်ထောင်ဦးစီးအဖြစ် ခေါ်ထားလိုက်ပေါ့"

"အမေကလည်း မောင်ဝင်းသိန်းကို သဘောကျတယ်။ သမီးထက်တော့ ဆယ်နှစ်သာသာလောက်ပဲ အသက်က ကြီးမှာပါ။ ကြီးရင်မှီ၊ ငယ်ရင်ချီရတယ်။ ကိုယ့်ထက်အသက်ကြီးတော့ ကိုယ့်အပေါ် ညှာတာပေါ့ကွယ်။ အသောက်အစား၊ အပျော်အပါးကင်းတယ်။ သမီးအရွယ်က နုလုံးသားကို ဦးစားပေးပြီး စိတ်ကူးယဉ်ရမယ့် အရွယ်မဟုတ်ဘူး။ အိမ်ထောင်ဘက်ဆိုတာ အိမ်ထောင်တစ်ခုအတွက် အဖော်အဖက်ဖြစ်ရမှာ။ ဒါကြောင့် ဦးနှောက်နဲ့ပဲ စဉ်းစားရတော့မယ်"

အမေက ကျွန်မ၏အိမ်ထောင်ရေးကို သူသဘောကျသည့်အတိုင်း စီမံနေသည်။ ကျွန်မ၏အကြောင်းကို အမေက လုံးဝနားလည်ထားသည်။ တက္ကသိုလ်ကျောင်းသူဘဝက အစ ယခု ကျောင်းဆရာမတစ်ယောက်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လာသည်အထိ ကျောင်းနှင့်အိမ်၊ အိမ်နှင့် ကျောင်းကလွဲပြီး ကျွန်မ၏ပတ်ဝန်းကျင်တွင် စိတ်ကူးယဉ်စရာကို ရှာခဲ့သူ မဟုတ်ပေ။ ရွက်ကြမ်းရေကျိုထက်သာသော ရုပ်ရည်ရှိသော်လည်း ချစ်စကားပြောလာသူမှန်သမျှကို ဘဝပေးတာဝန်ကို အကြောင်းပြကာ ငြင်းခဲ့သည်။ ကျွန်မဆယ်တန်းရောက်သည့်နှစ်မှာပင် အဖေဆုံးသည်။ ကိုယ်ပိုင်စီးပွားရေးအဖြစ် အိမ်မှာပင် ကုန်ခြောက်ဆိုင်ကိုဖွင့်သည်။ ကုန်စုံဆိုင်ဆိုသော်လည်း အရင်းများများထားပြီး ဖွင့်နိုင်သောကုန်စုံဆိုင်ကြီး မဟုတ်။ ပိုပိုလျှံလျှံမရှိ။ ကြွေးမြီမရှိ။ အနေအစားသင့်တင့်ရုံသာဖြစ်သည်။ မြို့သစ်တွင်ရထားသော မြေကွက်တွင် ဓနိမိုး၊ ထရံကာ၊ ခိုင်ခိုင်ခံ့ခံ့ အိမ်လေးတစ်လုံးကို အဖေက ဖန်တီးပေးခဲ့သည်။ အသက်ရှူပေါက် ချောင်ခဲ့သည်။ မြန်မာစာအဓိကဖြင့် ကျောင်းပြီးကာ ကံကောင်းထောက်မစွာဖြင့် ရပ်ကွက်တွင်းရှိ ကျောင်းမှာပင် မူလတန်းပြဆရာမအလုပ်ကို ရခဲ့၍ အမေ့အနားမှာပင် မခွဲမခွာအတူနေရသည်။

အမေပြောသည့် ကိုဝင်းသိန်းဆိုသူကို ကျွန်မမမြင်ဖူးပါ။ သူကတော့ ကျွန်မကို နှစ်ခါ၊ သုံးခါလောက်မြင်ဖူးထားသည်ဟု သိရသည်။

ကျွန်မစာသင်ရသည့် ကျောင်းရှေ့က၊ အလုပ်ကိစ္စနှင့် မကြာခဏဖြတ်သွားရ၍ ကျွန်မကိုမြင်တွေ့ရခြင်းဖြစ်သည်။ ကိုဝင်းသိန်း၏ အစ်မကြီးက အမေနှင့် ဈေးသွား၊ ဈေးလာမြင်တွေ့ရာက မကြာခဏ သီတင်းဥပုသ်တိုင်း ရပ်ကွက်ဓမ္မာရုံတွင် တွေ့ကြပြန်သဖြင့် ခင်မင်ရင်းနှီးလာသည်။ အိမ်ကိုလည်း လာလာလည်သည်။ ယခုတော့ ကျွန်မကို အိမ်ထောင်ချဖို့အရေးကို နှစ်ယောက်သား လုံးပန်းကြတော့သည်။

"အမေ့သမီးလေးက မိန်းမချောလေး။ မျက်နှာလေးကချစ်စရာလည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးကျကျလှတယ်။ အမေ့မျက်စိထဲမှာတော့ အပြစ်ပြောစရာမရှိဘူး။ ဒါကြောင့် မဖြစ်သင့်တဲ့သူနဲ့ မဖြစ်ရလေအောင် အမေကစီစဉ်ရတာ"

"အမေရယ် ... သမီး အဲဒီလူကြီးကိုယူရင် သူ့ကလေးတွေအတွက် မိထွေးဖြစ်မှာပေါ့။ မိထွေးဆိုတာ မကောင်းဘူးလို့ သတ်မှတ်ထားကြတယ်လေ"

"စေတနာက အကျိုးပေးမှာပေါ့ သမီးရယ်။ အမေ့သမီးလေးက ကျောင်းဆရာမဆိုတော့ ဆရာမတစ်ယောက်ရဲ့နှလုံးသားက မိခင်စိတ်တွေ အပြည့်အဝရှိတယ်လေ။ သမီးလေးမှာ ကြမ်းတမ်းရိုင်းပြတဲ့စိတ်မှ မရှိတာ"

"သမီးအိမ်ထောင်ကျရင် အမေတစ်ယောက်တည်း ထားခဲ့ရမှာကိုလည်း စိတ်မချဘူး"

"အမေတို့အရွယ်က တတိယအရွယ်ရောက်နေပြီ။ နောင်သံသရာအတွက်ပါအောင် အမေလုပ်ရမယ်။ ဒီအိမ်လေးကို ငှားလိုက်မယ်။ အိမ်လခကို သမီးယူ။ အမေလိုသလောက်ပဲ သမီးဆီမှာတောင်းမယ်။ အမေရိပ်သာမှာ တရားစခန်းသွားဝင်မယ်"

အမေက ကျွန်မ၏ဘဝနှင့်သူ၏နောင်သံသရာအရေးကို စဉ်းစားပြီးဆုံးဖြတ်ထားခြင်းဖြစ်၍ အမေ့စိတ်တိုင်းကျ ကျွန်မခေါင်းညိတ်လိုက်မိသည်။

အချစ်ဆိုသည့်အရာကို ဆယ်ကျော်သက်အရွယ်ကလည်း မစူးစမ်းခဲ့။ အရွယ်ရောက်လာတော့လည်း စဉ်းစားဖို့က အချိန်မရှိ။

ယခုတော့ အချစ်ဆိုတာကိုဘာတစ်ခုမှမသိရဘဲ ကျွန်မအိမ်ထောင်ပြုရတော့မည်။ ကိုဝင်းသိန်းဆိုသူ၏အိမ်ကို သူ့အစ်မကြီးလာခေါ်၍ ကျွန်မနှင့်အမေလိုက်သွားခဲ့သည်။ ဒဂုံမြို့သစ်မှာဖြစ်သော်လည်း မြေကွက်ကိုနှစ်ကွက်တွဲယူကာ ဆောက်ထားသော နှစ်ထပ်အိမ် ခိုင်ခိုင်ဖြစ်သည်။ အဖေမသေခင်က ဆောက်ပေးခဲ့သော ကျွန်မတို့အိမ်နှင့်ယှဉ်လျှင် နွားတင်းကုပ်နှင့် နန်းတော်ပမာ ကွာခြားလွန်းသည်။ အတွင်းရှိ ဧည့်ခန်း၊ မီးဖိုဆောင်စသော အသုံးအဆောင်ပစ္စည်းတို့မှာလည်း ခေတ်မီခန့်ထည်လှသည်။ အမျိုးမှန်၊ အဖိုးတန်တွေချည်းပင်၊ အမေကတော့ ရှင်ဘုရင်နှင့်ညားလျှင် မိဖုရားဖြစ်သည်ဟု အမေကသမီးအတွက် သမက်လောင်း၏ထည်ဝါမှုကို ပီတိစိတ်နှင့် ကျေနပ်ကာ သဘောကျနေသည်။

"အိမ်က သမီးနှစ်ယောက်စလုံးကို နယ်မှာဘော်ဒါသွားထားတယ်။ သူ့အမေဘက်က ကြီးဒေါ်ရှိတယ်။ စာမေးပွဲပြီးရင် ပြန်လာကြမယ်။ လူကြီးတွေစီစဉ်တာကို ဝတ်ရည် လက်ခံမယ်ဆိုရင် အကျဉ်းချုံးပြီး လက်မှတ်ထိုးလက်ထပ်ကြတာပေါ့။ ကြီးကြီးကျယ်ကျယ်၊ ခမ်းခမ်းနားနားကို မလုပ်ချင်တော့ဘူး။ အသက်ကလည်း ရလာပြီ။ နောက်ပြီး ကိုယ်က သတို့သားအသစ်စက်စက်လည်း မဟုတ်တော့"

တွေ့တွေ့ချင်း ဆောက်နှင့်ထွင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့်ပမာ၊ မိန်းမသားအတွက် တစ်သက်မှာ တစ်ခါသာရှိသည့် မင်္ဂလာကို အချစ်မပါ၊ အနှစ်ဗလာနှင့် ခံစားရသည်ကိုမှ မထောက်၊ ရုံးမှာ လက်မှတ်ထိုး၊ အသိမိတ်ဆွေ အနည်းငယ်နှင့် မင်္ဂလာဆွမ်းကျွေးမည့် အစီအစဉ်ကို အမေက ကျေကျေနပ်နပ် လိုက်လျောလိုက်သည်။

"သူက ပိုက်ဆံကို အပိုအကုန် မခံတော့လည်း ကျန်တာ ကိုယ့်အတွက်ပဲပေါ့။ လင့်ပစ္စည်းဆိုတာ မယားပိုင်တာပဲလေ"

အမေက သမီးကောင်းစားရေးအတွက် တွက်ရေးနှင့် စက်သူဌေးလုပ်နေသည်။ မတော်ရှုံးသေးသည့် ရွှေသမက်လောင်းကိုပင် ကျေးဇူးတွေ စွတ်တင်နေသည်။

"မင်္ဂလာဆွမ်းကျွေးကို (--) ကျောင်းမှာ လုပ်မယ်။ အပေါင်းအသင်းမိတ်ဆွေတချို့နဲ့ ဆွေမျိုးတွေကိုတော့ ဖိတ်ရမှာပေါ့"

ကျေးဇူးရှင်လိုပဲ အမေက ကျေးဇူးတင်နေသည်။ ရင်ထဲမှာ အချစ်မရှိသေးသည့် သမီးဖြစ်သူ၏ မင်္ဂလာပွဲတွင် အမေက တစ်ဘဝလုံး လုံခြုံသွားသည်ဟု စိတ်ချကာ အမေ့မျက်နှာတွင် အပြုံးတွေဝေနေသည်။

"စီးပွားရေးကလည်းကောင်း၊ လုပ်ငန်းရှင်တစ်ဦးလည်းဖြစ်တော့ ယူချင်တဲ့မိန်းမတွေ ပေါမှပေါပဲ။ သူ့သမီးနှစ်ယောက်နဲ့ တည့်ဖို့ကတော့ မလွယ်လှဘူးနော်"

"သမီးနှစ်ယောက်တင် ကမလား။ သူ့မရီးကလည်း ခပ်ထက်ထက်ရယ်"

"အသိပညာ၊ အတတ်ပညာရှိလျက်နဲ့ ကလေးနှစ်ယောက်အဖေ၊ မုဆိုးဖိုကိုမှ ယူရသလား။ သူ့ရုပ်သွင်ရည်နဲ့ ရွယ်တူတန်းတူကို ရနိုင်သားနဲ့"

ဆွမ်းကျွေးတွင် လှည့်ပတ်ဧည့်ခံရင်းက အစားအသောက်စီစဉ်နေသည့်နေရာနားတွင် အမှတ်မထင် ကြားလိုက်ရသည်။ ထိုစကားသည် ကျွန်မအတွက် ပထမဦးဆုံး ရလဒ်ဖြစ်သည်။ ဧည့်သည်တွေကို ဧည့်ခံရင်း တဖျပ်ဖျပ် ဓာတ်ပုံအရိုက်ခံနေရသော်လည်း ကျွန်မ၏မျက်နှာတွင် အပြုံးရိပ်တို့မှာ ကွယ်ပျောက်နေသည်။ သို့သော် ခံ့ညားသည့် သူ့ရုပ်သွင်ကို စမြင်လိုက်ရသည်ကစ၍ ကျွန်မရင်ထဲတွင် သံယောဇဉ်ပိုးမျှင်တစ်စက တိုးဝင်လာသည်ကို ကျွန်မ မသိခဲ့ပါ။

**"သမီးလေး ... သည်းခံလျှင် အကျိုးရှိမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ပေါ့လေ သမီးနဲ့ နောက်ထပ်သားသမီး ရလာရင်တော့ ကိုယ့်ဘက်ရောက်အောင် သိမ်းသွင်းရမှာပေါ့"**

"နောက်မိန်းမတော့ သနားစရာပဲ"

"အလို ... ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"ဒီလိုလေ၊ အခုဖြစ်လာ၊ တိုးပွားလာတဲ့စီးပွားရေးနဲ့ အတွင်းပစ္စည်းတွေဆိုတာ အရင်က သူ့မိန်းမရှာထားခဲ့တာ။ ကလေးတွေအတွက် သီးသီးသန့်သန့် ခွဲထားပေးပြီးသားဆိုတော့ အခုယူတဲ့ မိန်းမတော့ လက်ဖြန့်တောင်းသုံးရတော့မှာပဲ။ သူ့မရီးက သိပ်လည်တာ"

"ခက်တော့တာပဲနော်"

"ဟုတ်ပ့ါ၊ ကိုဝင်းသိန်းရဲ့မရီး ကလေးတွေရဲ့ကြီးဒေါ်က ကိုဝင်းသိန်း နောက်အိမ်ထောင်ထူတာကို လုံးဝ ကြိုက်တာမဟုတ်ဘူး။ မကျေနပ်ဘူးလေ။ စီးပွားရေး၊ ငွေကြေး ကိစ္စအဝဝကို သူကပဲချုပ်ကိုင်ထားချင်တာ"

ဆက်လက် နားမထောင်ချင်တော့၍ ကျွန်မလှည့်ထွက်လာသည်။ ကျွန်မတို့လက်မထပ်ခင် နှစ်ရက်အလိုတွင် သူ့သမီးနှစ်ယောက်နှင့် ကြီးဒေါ် (ကိုဝင်းသိန်း၏မရီး)တို့ ပြန်လာကြသည်။ ကျွန်မတို့အိမ်သို့ လာရာတွင်လည်း ကလေးနှစ်ယောက်နှင့် ကြီးဒေါ်ဖြစ်သူတို့ ပါလာသည်။ ကျွန်မနှင့် ကျွန်မ၏အမေ ကျွန်မတို့နေသည့် အိမ်၏အခြေအနေ၊ ပတ်ဝန်းကျင်ကို မကျေနပ်သောအသွင်၊ အထင်သေးသောအကြည့်နှင့် မျက်လုံးဖိမ်းပြသွားသည်။ ဖော်ရွေစွာဖြင့် နှိမ့်ချဆက်ဆံသော အမူအရာနှင့် အမေက ဧည့်ခံသည်။ ဟန်ဆောင်မှုကို မဖုံးလွှမ်းဘဲ အပြုံးမဲ့သော မျက်နှာအနေအထားနှင့် ကျွန်မကို သူတို့မနှစ်မြို့စွာဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။

"စေတနာနဲ့ သမီးလေးရဲ့ဘဝ ရှေ့ရေးကောင်းဖို့ စီစဉ်မိတဲ့သမီးရဲ့ အိမ်ထောင်ရေးအပေါ် အမေနောင်တ ရမိလာတယ် သမီးရယ်"

တိုးတိတ်နွမ်းလျစွာ ပြောလာသည့် အမေ၏စကားကို ကျွန်မရင်ထဲက မာနက ပြန်လည်တွန်းကန်အားပေးလိုက်သည်။ မိန်းမသားတစ်ယောက်၏ အရည်အချင်းနှင့် ကိုဝင်းသိန်း၏ဘဝကို ကျွန်မ စိုးမိုးခြယ်လှယ်ပြချင်သည်။ ထို့ကြောင့်ပင် လက်ထပ်ဖို့အရေးကို နောက်မဆုတ်ဘဲ စီစဉ်သည်ကို လက်ခံလိုက်သည်။ မင်္ဂလာဆွမ်းကျွေးဖြစ်သောကြောင့် ဧည့်ပရိသတ်က သူ့မိသားစု၊ ဆွေမျိုး၊ စီးပွားရေးအသိုင်းအဝိုင်းကသာ များသည်။ ကျွန်မ၏ပတ်ဝန်းကျင်က လူတွေကိုတော့ ဖိတ်စာကမ်းဖို့ပင် အခွင့်အရေးမရခဲ့။

"ကိုယ်နဲ့လက်ထပ်မှာကို သိကြပြီပဲ။ မင်္ဂလာဆောင်တာလည်းမဟုတ်တော့ ဖိတ်ဖို့မလိုပါဘူး"

"လက်ဖွဲ့ပစ္စည်းတွေကို တစ်ခါတည်း အိမ်ကိုပဲယူလာခဲ့။ ငွေသားနဲ့ စာရင်းစာအုပ်ကို သေသေချာချာစစ်ဆေးပြီးမှ ယူနော်"

ကိုဝင်းသိန်း၏မရီးဖြစ်သူက စီစဉ်နေခြင်းဖြစ်သည်။ မင်္ဂလာဆွမ်းကျွေးပြီး၍ အိမ်ပြန်ကြသည့်အခါတွင် ဧည့်သည်တစ်ယောက်ပမာ တခြားသူတွေ၏ ကားနှင့် အမေပြန်လိုက်သွားရသည်။ သမီးမင်္ဂလာဆောင်မှ ရရှိသည့် လက်ဖွဲ့ပစ္စည်း၊ ငွေစာရင်းစသည်တို့မှာ အမေနှင့် လုံးဝမသက်ဆိုင်သလိုပင်။ ကားပေါ်တက်ခါနီး ကြည့်သွားသော အမေ့မျက်ဝန်းအစုံတွင် နောင်တအရိပ်တို့ ခိုဝင်နေပြီကို ကျွန်မတွေ့ရသည်။ ထည်ဝါခံ့ညားလှသော အိမ်ကြီးသို့ ကျွန်မအိမ်ကြီးရှင်မတစ်ယောက်အနေနှင့် ခြေချရတော့မည်။

"ကဲ ... ဝတ်ရည်သိအောင် ကိုယ်ပြောထားရမယ်"

အိမ်ထဲသို့ ရောက်သည်နှင့် ကိုဝင်းသိန်း၏မရီးတော်ခဲ့သူနှင့် အပျိုပေါက်အရွယ် သမီးနှစ်ယောက်တို့က ပြုံးရယ်ခြင်းကင်းသော မျက်နှာများနှင့် ကြိုဆိုကြသည်။

"ဒီအခန်းမှာ ကိုယ်တို့နေမယ်။ အရင်က ကိုယ့်အမျိုးသမီးနဲ့ ကိုယ်နေခဲ့တဲ့အခန်းကို သမီးနှစ်ယောက်က သူတို့နေမယ်ဆိုပြီးယူလိုက်တယ်။ ခုတင်၊ ပစ္စည်း၊ အိပ်ရာအသုံးအဆောင်တွေကို အသစ်ထပ်မဝယ်တော့ဘူး။ အခုမွေ့ရာခင်း၊ ခေါင်းအုံးအစွပ်တွေကအေးအေး ဝယ်ထားခဲ့တော့ ပိုက်ဆံကို အကုန်မခံတော့ဘူး။ နောက်ပြီး ... မင်္ဂလာဆွမ်းကျွေးအပြီးမှာ ကိုယ်နဲ့ ဝတ်ရည် တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေရရင် ကိုယ်တို့ရဲ့အခန်းထဲမှာပဲ ချိတ်ထားမယ်။ သမီးတို့က သူတို့အမေရဲ့ ဓာတ်ပုံကို ဧည့်ခန်းထဲမှာပဲ ထားချင်ကြတယ်။ မိတဆိုးလေးတွေဆိုတော့ ကိုယ်က အလိုလိုက်ရတယ်လေ"

သူပြောသည့်စကားအရ ကျွန်မအတွက် သည်အခန်းကလွဲပြီးလျှင် ခြေချခွင့်ရစရာနေရာပင် မရှိပြီ။ အခန်းထောင့်တွင် စုပုံထားသော လက်ဖွဲ့ပစ္စည်းအထုပ်ကြီး၊ အထုပ်ငယ်တို့ကို သမီးနှစ်ယောက်နှင့် မရီးဖြစ်သူတို့က လက်ဖွဲ့စာရင်းဖတ်လိုက်၊ လက်ဖွဲ့ပစ္စည်းတွေကို ဖောက်ဖွင့်လိုက်နှင့် ရယ်မောသံတို့ကို ကျွန်မကြားနေရသည်။ အသံတွေကိုနားစွင့်ရင်း ခုတင်ပေါ်တွင်ထိုင်ကာ ငိုင်နေရုံမှအပ ကျွန်မအတွက် လှုပ်ရှားစရာ အခွင့်မရှိဖြစ်နေသည်။

"သမီးလေး ... သည်းခံလျှင် အကျိုးရှိမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ သမီးနဲ့ နောက်ထပ်သားသမီးရလာရင်တော့ ကိုယ့်တက်ရောက်အောင် သိမ်းသွင်းရမှာပေါ့"

အမေ့စကားသံကို ပြန်လည်ကြားကာ အတွေးထဲမှာ နစ်မျောနေမိသည်။

"ဟင် ... ဝတ်ရည်၊ အဝတ်အစားတွေလည်း မလဲရသေးပါလား။ ဘာတွေစဉ်းစားနေတာလဲ။ ကဲ ... မြန်မြန်အဝတ်လဲ၊ ထမင်းစားကြရအောင်။ သမီးတို့က ညနေစာကို စောစောစားတတ်တဲ့ အကျင့်ရှိကြတယ်။ အမေနဲ့ အတူတူစားဖို့ စောင့်နေကြတာ။ သူတို့အကြိုက် ဝက်သားနဲ့ တညင်းသီး ချက်ပြီး ငါးဖယ်သုပ်ရယ်၊ ဘူးသီးဟင်းခါးရယ်လေ။ အေးအေးက သူ့သမီးတွေအကြိုက်ကို မကြာခဏချက်ကျွေးနေကျ။ အခု ကိုယ့်မရီးကလည်း သူ့တူမတွေရဲ့အကြိုက်ကို ချက်ပေးရတာ"

ငယ်ငယ်တည်းက မစားတတ်၊ မကြိုက်သည့်ဟင်းကို ကြားရသည်။ အိမ်တွင်အမေက ကျွန်မထမင်းစားရန် ဟင်းမကြိုက်လျှင် ထမင်းသုပ်လုပ်ပေးသည်။ ကျွန်မက ခြေလေးချောင်းသားကိုမစား၊ ကြက်သားနှင့် ငါးသာလျှင် စားတတ်သည်။ ငါးပိ၊ တို့စရာ စားတတ်သော်လည်း အနံ့ပြင်းသည့် ငါးပုပ်ရွက်၊ တညင်းသီးတို့ကို လုံးဝမစားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားသားတစ်ယောက်၏
ဘဝတစ်ခုလုံးကို
ကျွန်မ၏အလှ၊
ကျွန်မ၏သိက္ခာတို့က
စိုးမိုးခြယ်လှယ်နိုင်မည်ဟု
ပေါ့ပေါ့လေးတွေးမိခဲ့သည်။
သပ္ပတ်အူအထွေးလိုက်
ရှိသော အထုပ်ကြီးထဲသို့
ကျွန်မဝင်ရောက်ရတော့မည်ကို
နည်းနည်းလေးမှ
မစဉ်းစားခဲ့။

သူမဟုတ်ပေ။ ယခု ကျွန်မနေရမည့် ဆိုသည့် ကမ္ဘာကျဉ်းကျဉ်းအခန်းထဲမှ ထွက်ပြီး ထမင်းစားရန် အောက်ထပ်သို့ဆင်းရဦးမည်။ ကျွန်မအတွက် ခြေတစ်လှမ်း လှမ်းဖို့ရာကိုပင် ဝန်လေးလှသည်။

"ကဲ ... ဝတ်ရည်၊ အဝတ်အစားလဲပြီး ဆင်းလာခဲ့နော်။ ကိုယ်သွားတော့မယ်။ သမီးတို့က ထမင်းဆာနေကြပြီ။ တော်ကြာ အဖေ့ကို စိတ်ကောက်ကြဦးမယ်"

လက်ထပ်ပြီးစ ဖနီးမောင်နှံတဲ့။ မင်္ဂလာဦးညကိုပင် မကျော်ဖြတ်ရသေး၊ ရင်ထဲတွင်ဝေဒနာတစ်ခုကို စူးစူးနစ်နစ် ခံစားလိုက်ရသည်။ ဖြေစရာရှာရဦးမည်။

"ဖေဖေ့အစ်မ ကြီးကြီးမေကလေ ဘာမှန်းမသိဘူး။ အိမ်မှာ ထမင်းချက်၊ အဝတ်လျှော်တဲ့သူတွေ ရှိလျက်သားနဲ့ အလကားသက်သက် ဖေဖေ့ကို မိန်းမရှာပေးရတယ်လို့။ မေမေ့အမွေတွေရအောင် ပေါင်းပြီး ကြံတာလားမှမသိတာ"

"ဟုတ်မယ်၊ ဟော့ ... ဒီမှာ မောင်ဝင်းသိန်း၊ ကလေးတွေအတွက် အသုံးစရိတ်ကို မင်းပဲ သပ်သပ်စီစဉ်ပေးပါ။ မိထွေးဆီမှာ လက်ဖြန့်ပြီး တောင်းရတာ မဖြစ်စေချင်ဘူး"

"ဖေဖေ"

"ဗျာ ... ဘာလဲ သမီးကြီး၊ ဘာလိုချင်လို့လဲ"

"ဟင့်အင်း ... ခုတော့ ဘာမှ မလိုသေးဘူး။ တစ်ခုတော့ဖေကြီးကို ပြောချင်တယ်"

"ပြောပြော သမီး၊ ဖေဖေက သမီးတို့စိတ်ချမ်းသာဖို့ကို အဓိကထားတဲ့ဖေဖေပါ။ ကဲပြော ... ဘာပြောချင်လဲ"

"ဘာမှထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ အိမ်မှာ မေမေ့စိတ်ကြိုက် လုပ်ထားတဲ့ပစ္စည်းတွေကို ဟိုမိန်းမက ဘာတစ်ခုမှ ပြောင်းတာ ရွှေ့တာကို မလုပ်ပါစေနဲ့နော်။ သမီးတို့မှာ အိမ်မှာ ကျန်ခဲ့တဲ့ မေမေ့ရဲ့လက်ရာတွေကိုပဲ အလွမ်းပြေကြည့်ရတာပါ"

"စိတ်ချ သမီးစိတ်ချ၊ ဖေဖေ့သမီးတွေစိတ်ဆင်းရဲအောင် ဘာတစ်ခုမှ မလုပ်စေရဘူး။ ဖေဖေကတိပေးပါတယ်"

အပေါ်ထပ်မှဆင်းလာသည့် ခြေလှမ်းတို့ကို ရပ်တန့်သွားစေသည်။ ထမင်းစားခန်းမှ ထွက်ပေါ်လာသည့် စကားသံတို့မှာ နှစ်ကိုယ်ကြားပြောနေသည့် အသံမျိုးမဟုတ်။ အသံကိုခပ်ကျယ်ကျယ်ပြုကာ တမင်တကာကြားရလေအောင်များ ပြောနေကြလားမသိ။

"နေပါဦး ဟိုမိန်းမက ထမင်းစားမဆင်းလာသေးပါလား။ ဘာလဲ မိဖုရားကို ဝေါနဲ့ပင့်မှ ဆင်းလာမှာလား"

"ကျွန်တော် ပြောခဲ့ပါတယ်၊ အဝတ်အစားလဲနေလို့ပါ"

"ဪ ... တိရတုန်းပြောရဦးမယ်။ မင်္ဂလာ ဦးမင်္ဂလာ ဝတ်ထားတဲ့ ပတ္တမြားတစ်စုံကို ပြန်သိမ်းလိုက်။ မင်းနဲ့ကွယ် ... ဘာဖြစ်လို့များ ပေးဝတ်ရတာလဲ။ အကျင့်လုပ်လို့ သူ့အတွက် ပုလဲတစ်ဆင်စာလုပ်ပေးထားတာပဲ။ လုံးဝမဝတ်ဘူးတဲ့သူကို ဒီလောက်နဲ့ပဲ တန်ပါတယ်။ ပတ္တမြားက မိုးကုတ်တွင်းထွက် သန့်သန့်လေးတွေကို ငါ့ညီမက သူကိုယ်တိုင်ရွေးပြီး လုပ်ထားတာ။ ကလေးတွေအတွက် သူ့အမေထားထားတာပဲ။ နောက်ပြီး ဗိုလ်ချုပ်ဈေးက ဆိုင်နှစ်ဆိုင်ကိုလည်း ကလေးတွေကို လွှဲပေးဖို့လုပ်ဦး"

ကျွန်မ ပစ္စည်းမမက်ပါ။ အမေ စိတ်ချမ်းသာမှုတစ်ခုကိုရှေ့ရှုပြီး ကိုဝင်းသိန်းကို လက်ထပ်ခဲ့ခြင်းဖြစ်သည်။ ယခုစကားသံတို့သည် ကျွန်မအား မိထွေးဆိုသည့် တစ်ဖက်စောင်းနင်း အမြင်နှင့် စိတ်ထင်တိုင်း အမျိုးမျိုးဖွင့်ဆိုကာ ပြောနေကြသည်။

"ဖေဖေ"

"ဘာလဲ သမီးငယ်"

"ဖေဖေ့မိန်းမဆိုတဲ့သူ ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com

ရင် မေမေထိုင်နေကျ ကုလားထိုင်မှာ မထိုင်ခိုင်းပါနဲ့။ ကြီးမေက အလကား သက်သက် ပြဿနာရှာသွားတယ်။ သမီးတို့ရဲ့ မေမေရဲ့နေရာကို ဘယ်သူ့ကိုမှ အဝင်မခံနိုင်ဘူး။ သူ့ကိုတခြားနေရာမှာပဲ ထိုင်ခိုင်းလိုက်''

တစ်နေ့ခင်းလုံး' ပင်ပန်းထားသည်၊ ရင်ထဲမှလည်း ဆာလောင်မွတ်သိပ်မှုကြောင့် ဟာနေသည်။ ထိုအရာအားလုံးတို့သည် ကျွန်မဆီမှ ပြေးထွက်သွားကုန်ပြီ။ ကြားလိုက်ရသည့် စကားသံတို့က ရင်တွင်းသို့ ထိုးစိုက်စူးနစ်ကာ နာကျင်မှုဖြင့် ဝမ်းပြည့်သွားသည်။ ခြေလှမ်းကိုဖွဖွနင်းကာ အပေါ်ထပ်သို့ တစ်ထစ်ချင်း၊ တစ်လှမ်းချင်း ပြန်တက်လာခဲ့သည်။ ကျွန်မနှင့်ဆိုင်တော့မည်ဆိုသည့် မင်္ဂလာဦးညခုတင်မဟုတ်သော နှစ်ယောက်အိပ်ခုတင်ပေါ်တွင် စိတ်မသက်မသာနှင့် ထိုင်လိုက်သည်။ နံရံတစ်လျှောက် မျက်လုံးအစုံနှင့် ဝေ့ကာကြည့်မိသည်။ ရင်တွင်းသို့ နောက်ထပ် ဆူးတစ်ချောင်းက တိုးဝင်လာပြန်သည်။

အခန်းနံရံတွင် ကိုဝင်းသိန်းနှင့် သူ့ဇနီး တွဲရိုက်ထားသော ဓာတ်ပုံကြီးထဲမှ သူ့ဇနီး၏မျက်လုံးအစုံက ကျွန်မကိုကြည့်ပြီး လှောင်ပြုံးပြုံးပြနေသလိုပင်။

''ဟော ... ဝတ်ရည်က ဒီမှာ ထိုင်နေဆဲကိုး။ ကိုယ်တို့က ဝတ်ရည်ဆင်းမလာလို့စောင့်နေကြတာ။ သမီးတို့မှာ ထမင်းစားတောင်နောက်ကျသွားတယ်''

''ကျွန်မ မဆာလို့ပါ။ ဟိုလေ .. ဟိုဓာတ်ပုံကို ကြည့်နေတာ''

''ဪ ... ကိုယ်နဲ့ အေးအေးတို့ ရိုက်ထားတဲ့ဓာတ်ပုံကို နံရံမှာ အ... ...ပြီး မှန်သွင်းထားတာ။ ... အဲဒီဓာတ်ပုံကိုမြင်တိုင်း သူ့ကို သတိရအောင်လို့တဲ့''

ကျွန်မမှာ သူ့ကိုဆက်ပြီးစကားပြောဖို့အတွက် စကားလုံးဝေါဟာရ၊ ဒါမှမဟုတ် စိတ်ဆန္ဒ က ရင်ထဲမှ ပျောက်ကွယ်သွားသည်။ သူကျွန်မ၏ အနားသို့ကပ်လာပြီး ပခုံးနှစ်ဖက်ပေါ်သို့ လက်ဖဝါးနှစ်ခုရောက်လာသည်။ သူစိမ်းယောကျ်ား၏ ကိုယ်အနံ့ကို မဝံ့မရဲ ရှူရှိုက်မိသည်။ အတွေးခေါင်စွာ မိုက်မဲမှုဖြင့် အိမ်ထောင်ရေးခရီးလမ်းကို ကျွန်မလျှောက်လှမ်းမိပြီဟု အတွေးက ရောက်လာသည်။

ယောကျ်ားသားတစ်ယောက်၏ ဘဝတစ်ခုလုံးကို ကျွန်မ၏အလှ၊ ကျွန်မ၏သိက္ခာတို့က စိုးမိုးခြယ်လှယ်နိုင်မည်ဟု ပေါ့ပေါ့လေးတွေးမိခဲ့သည်။ သပွတ်အူအတွေးလိုက်ရှိသော အထုပ်ကြီးထဲသို့ ကျွန်မဝင်ရောက်ရတော့မည်ကို နည်းနည်းလေးမှ မစဉ်းစားခဲ့။ ယခုတော့ ကျွန်မစိတ်ကူးယဉ်ကာ တွေးခဲ့သောအတွေးတို့က ကြွေကျ၊ မြေခကုန်ပြီ။ ဘယ်လိုပဲတွေးတွေး၊ နောက်အိမ်ထောင်ပဲဆိုဆို၊ ကိုဝင်းသိန်း၏ကလေးတွေအတွက် ကျွန်မသည်မိထွေး။ ပြောင်းလဲနိုင်စွမ်းမရှိသေးသော သဘာဝ၏ နိယာမတစ်ခုဖြစ်သည်။ မိထွေးက မိထွေးပင် မြင်ကြမည်။

ကျွန်မသည် အရင်ဆုံး မောဟအမှောင်နှင့် ဖုံးလွှမ်းနေသည်။ လင်ပါသမီးများနှင့် မိထွေးတို့၏ ဆက်ဆံရေးလမ်းဟောင်းကြီးကို ကျွန်မထိုးဖောက်ဝင်ရောက်နိုင်မှုဖြစ်မည်။ အချစ်ဆိုသည့်စကားကို အစအဦး တန်ဆာဆင်ကာ မဖွင့်ဆိုဘဲ ဖန်တီးရတော့မည့် အိမ်ထောင်ရေးတွင် ကျွန်မ၏ ပြုစုယုယမှုနှင့် ကိုဝင်းသိန်းထံမှ အကြင်နာနှင့် မေတ္တာကို ပြန်လည်ရရှိအောင် ဘယ်အတိုင်းအတာထိ အချိန်ပေးကာကြိုးစားရဦးမည်ကို ခန့်မှန်း၍ရမည်မသိသေး။

''အရင်မိန်းမက နှလုံးရောဂါရှိတယ်။ ဒါကြောင့် ကလေးနှစ်ယောက်ပဲ ယူတာ''

ကျွန်မနှင့်သူ့အကြား သားသမီးသံယောဇဉ်အနှောင်အဖွဲ့နှင့် ရုန်းမထွက်နိုင်အောင် ချည်နှောင်ရန်အတွက် ကြိုးစားလျှင်လည်း အချည်းအနှီးဖြစ်တော့မည်။

''ကျွန်မ အိမ်ပြန်မယ်''

''ဟုတ်တယ်လေ။ ဝတ်ရည် အိမ်ပြန်ပြီး အဝတ်အထည်ပစ္စည်းတွေ ယူရဦးမှာပေါ့။ ကိုယ်ဗီရိုအသစ်ဝယ်ထားတယ်။ အခန်းထဲက မှန်ဗီရိုကြီး က အေးရဲ့အဝတ်အစားတွေနဲ့ဆိုတော့ အဆင်မပြေဘူးလေ''

ကျွန်မ ကိုဝင်းသိန်းကို စကား ဆက်မဆိုတော့။ ကျွန်မရင်ထဲက အတွေးနှင့်အမေ့ကိုသာ တိုင်တည်ပြောမိသည်။


''အမေ ... သမီးက သူနဲ့လက်ထပ်ခဲ့ပေမယ့် သမီးရဲ့ဘဝက တစ်... လပ် အပျိုစင်ပဲ ရှိပါစေတော့။ သူ... ဘဝထဲကို ဖွတ်တိုးပြီး မဝင်ရဲတော့... ပါ အမေရယ်။ သမီးဆုံးဖြတ်ချက်မှာ... တယ်ဆိုရင်လည်း အမေနားလည်... ခွင့်လွှတ်ပေးပါ။ သမီးဘဝနဲ့သမီး ... အတိုင်းနေပါရစေ ...''

မြမြလှို...



www.burmeseclassic.com

www.burmeseclassic.com



# ဆေးစက်ဝင်သော သံပရာသီး

ကျော်ဇောဟိန်း(နံ့သာ)

မြန်မာလူမျိုးတို့သည် ရှေးအခါကပင် မိမိတို့အိမ်၌ သံပရာသီးကို အမြဲဆောင်လေ့ရှိပြီး သောက်ရေအိုးစင်အဖုံး ပေါ်တွင်လည်းကောင်း၊ ကွမ်းအစ်များထဲတွင်လည်းကောင်း ထားရှိကြလေသည်။ သံပရာသီးကို ဆောင်ထားလျှင် အဆိပ်ရှိသော မြွေ၊ ကင်းစသည့် သတ္တဝါများ၏ အန္တရာယ်မှ ကင်းဝေးစေပါသည်။

စာရေးသူ ရေဝတီတိုင်းကျေးလက်တစ်ခုသို့ အလည်ရောက်ခဲ့စဉ်က တောင်ယာလုပ်ကိုင်နေသော ဦးကြီးတစ်ဦး၏ အိမ်တွင် ခေတ္တတည်းခိုခဲ့သည်။ အိမ်အောက်တွင် ကြွက်တွင်းများရှိရာ ၎င်းတွင်းထဲသို့ မြွေတစ်ကောင်ဝင်သွားသည်ကို အမြီးပိုင်းလောက်သာမြင်လိုက်သဖြင့် မြွေဆိုးလား၊ မြွေကောင်းလားဆိုတာ သိရန်ခဲယဉ်းနေသည်။ မြွေကောင်းဆိုလျှင် အကြောင်းမဟုတ်ပေမယ့် မြွေဆိုးဆိုလျှင် လူကို အန္တရာယ်ပေးနိုင်မည်ဖြစ်လေသည်။ ထို့ကြောင့် ဦးကြီးက သံပရာသီးတစ်လုံးကို အမြန်ရှာခိုင်းပြီး သံပရာသီးကို အကျီချုပ်သောအပ်ဖြင့် အပေါက်များဖြစ်အောင် အပ်နှင့်ပေါက်စေပါသည်။ (သို့မဟုတ် ချိတ်များဖြင့်လည်း ဖောက်နိုင်ပါသည်) အပ်ပေါက်ရာများ ပြည့်နှက်နေသော သံပရာသီးကို မြွေဝင်သွားသော တွင်းထဲသို့ထည့်လိုက်ရာ သုံးမိနစ်အကြာတွင် မြွေသည် သံပရာသီးအနံ့ကြောင့် တွင်းထဲမှပြန်ထွက်လာပြီး လာရာလမ်းအတိုင်း ပြန်သွားတော့သည်။

× × × ×

ခရီးသွားသည့်အခါ သံပရာသီးကို ဆောင်ထားပါက မှေ့ဆေး၏အန္တရာယ်မှ ကင်းစေပါသည်။ တောလမ်းခရီးသွားရင်း သံပရာသီးကိုဆောင်သွားလျှင် သံပရာအနံ့ကြောင့် အဆိပ်ရှိသတ္တဝါများ တိမ်းရှောင်ထွက်သွားကြပါသည်။ လူများ အမောလွန်ပြီး နှလုံးခုန်ပါက သံပရာရည်နှင့် သကြားဖျော်၍သောက်လျှင် အမောပြေပြီး နှလုံးခုန်သက်သာစေပါသည်။

သံပရာသီး၏ အစွမ်းသတ္တိကို ရှေးဆရာမြတ်တို့က ဤသို့ရေးသားထားခဲ့ကြသည်။

သံပရာသီးသည် ချဉ်၏၊ လေကိုနိုင်၏၊ ဝမ်းမီးတောက်၏၊ ကြေကျက်လွယ်၏၊ ပိုးကိုနိုင်၏၊ ဝမ်းဗိုက်နာခြင်းကို ပျောက်စေ၏၊ နှုတ်ကိုမြိန်ရှက်စေ၏၊ ဝမ်းသက်စေ၏၊ ဒေါသသုံးပါး ပျက်ခြင်းကြောင့်ဖြစ်သော အာဂန္တုအဖျားများ၊ ဝမ်းမီးနှံ့ခြင်း၊ သွားရည်ယိုခြင်း၊ ဓာတ်လေချုပ်ခြင်း၊ ဝမ်းမီး

www.burmeseclassic.com

ပျက်ခြင်းတို့ကို ပယ်ဖျောက်၏။

အခိုးအကင်း ပွင့်စေ၏။ အဆိပ်အတောက်ပြယ်စေ၏။ ပထဝီနာခေါ် အကြောတောင့်ခြင်း၊ တက်ခြင်းကိုနိုင်၏။ အဆစ်ရောင်ရောဂါ၊ အစာမကြေ၊ လေပြည့်ရောဂါများကို ကာကွယ်နိုင်လေသည်။ နှလုံးသွေးတိုးရောဂါများကိုလည်း ပယ်နိုင်၏။ မေ့ဆေး၊ အိပ်ဆေးမွေ့ချခြင်း၊ ဆေးနှင့်အဆိပ်ရှိ သတ္တဝါများ၏ဘေးရန်မှလည်း ကာကွယ်ကွယ်နိုင်၏။ (သံပရာသီးသည် စွယ်စုံရ ပရဆေးတစ်လက်ဖြစ်သည့်အပြင် ၎င်းပေါင်းများစွာကပင် လူသားတို့သည် ကျန်းမာရေးအတွက် သံပရာသီးကို အသုံးပြုကြသည်။) သံပရာသီးသည် ပိုးများကိုလည်း ဖျက်ဆီးနိုင်သည်။ ကြီးမားသော အစွမ်းသတ္တိရှိသောကြောင့် သံပရာသီးသည် အစွမ်းထက်သော ဆေးတစ်လက်ဖြစ်လေသည်။ ခန္ဓာကိုယ်အတွင်း၌ ကင်ဆာ၊ အခုတ်နာ၊ တိုက်ဖွိုက်၊ အူရောင်ငန်းဖျား၊ အတိသာရ ဝမ်းသွားရောဂါ၊ ကာလဝမ်းရောဂါစသော ကူးစက်တတ်သည့် ရောဂါများကို ဖြစ်ပေါ်စေနိုင်ရာ သံပရာသီးအရည်က ထိုပိုးများကို နိုင်နင်းစွာ ဖျက်ဆီးချေမှုန်းနိုင်၏။

ထိုကဲ့သို့သော အစွမ်းသတ္တိရှိသောကြောင့် လူတိုင်းသည် သံပရာရည်ကို အမြဲတစေမှီဝဲသုံးစွဲရန် လိုအပ်လှပေသည်။

## သံပရာသီးနှင့် အဆီတိုးရောဂါပျောက်စေရာ

အလွန်ဝလွန်းသူများ နေ့စဉ်နေ့တိုင်း သံပရာရည်ကို ဟင်းစားစတီးဇွန်း နှစ်ဇွန်းနှင့် ရေကျက်အေးနှစ်ဇွန်း ရောစပ်ပြီး နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သောက်ပါ။ စတင်သောက်သုံးသည့်နေ့ကစ၍ အစားအသောက်များကို လျှော့နိုင်သမျှ လျှော့၍စားပါ။ အစာစားသောက်သောအခါတွင်လည်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အစာများကို မစားပါနှင့်။ (၎င်းအချိန်တွင်စားမှ ခန္ဓာကိုယ်ကြီးထွားခြင်း၊ အဆီတိုးခြင်း ဖြစ်တတ်သည်။)

အထက်ပါအတိုင်း သံပရာရည်ကိုသောက်သောအခါ သံပရာရည်သည် ဝမ်းတွင်း၌ရှိသော ရေများကို ခန်းခြောက်စေ၍ ရောဂါဖြစ်စေတတ်သော၊ အဆိပ်နှင့်တူသော ဒေါမလအညစ်အကြေးများကို စုရုံး၍ဖျက်ဆီးပစ်နိုင်သော ဓာတ်ပါရှိခြင်းကြောင့် မြင်၍မကောင်း၊ ကြည့်၍မကောင်းအောင် အဆီတိုးပြီး ဝနေသော ခန္ဓာကိုယ်ကြီးသည် မပိန်လွန်း၊ မဝလွန်းသော ရုပ်အဆင်းသို့ ပြောင်းလဲသွားနိုင်သည်။

## ရောဂါအလိုက်အသုံးပြုနည်း

### အရေပြားရောဂါလိမ်းဆေး

ယားနာ၊ အရေပြား၌ အမည်းကွက်များပေါက်ခြင်း၊ အမွေးများကျွတ်ခြင်း စသောရောဂါများဖြစ်မှ သံပရာသီးကို ထက်ခြမ်းခွဲ၍ ၎င်းအခြမ်းနှင့် နာနာပွတ်တိုက်ပေးပါ။ ရေချိုးပြီးနောက်လည်း တစ်နေ့နှစ်ကြိမ်မျှ ပွတ်တိုက်ပေးပါလေ။ မကြာမီ သက်သာပျောက်ကင်းစေပါသည်။

### ရင်ဘတ်နာပျောက်

သံပရာသီးအစိမ်း၏ အခွံကိုစားမှု လေနာ၊ ရင်နာ ပျောက်၏။

### အဆိပ်သင့်နာပျောက်ဆေး

သံပရာသီးအရည်ကို သကြားအနည်းငယ်ထည့်၍ သောက်မှု ဘိန်းမူးလွန်သော အဆိပ်၊ အရက်မှုဖြစ်သော အဆိပ်၊ အစားမှုဖြစ်သောအဆိပ် စသည်တို့ကို သက်သာပျောက်ကင်းစေ၏။

### အော့အန်ခြင်း

ထမင်းစားပြီးသည့်နောက် အော့အန်ခြင်းဖြစ်သောအခါ သံပရာသီးလတ်လတ်၏ အရည်ကိုသောက်ပါ။ အစာစားပြီးနောက် အော့အန်ခြင်းကို သက်သာပျောက်ကင်းစေ၏။

### အစာမကြေရောဂါ

အစာမစားမီအချိန်၌ ချင်းခြောက်မှုန့် ၄ ပဲသား၊ သိန္ဓောမှုန့် ၈ ပဲကို သံပရာရည်နှင့်ဖျော်၍သောက်မှု ဝမ်းမီးတောက်၏။ အစာကြေလွယ်၏။ လေပြည့်ရောဂါ၊ လေနာ သလိပ်၊ သလိပ်ခဲသောအနာများလည်း သက်သာပျောက်ကင်း၏။

ကျော်ဇောဟိန်း(နံ့သာ)

www.burmeseclassic.com

# အာဟာရပြည့် ဆေးဖက်ဝင် သီးနှံအစားအစာများ

■ သုတေသီဆရာငြိမ်း

### ဆေးစွမ်းထက်သည့် ကိုက်လံ

ကိုက်လံသည် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်ပြီး ဆေးဖက်ဝင်အာဟာရဖြစ်စေသော အစိမ်းရောင် ဟင်းရွက်ဖြစ်၏။ စားသောက်ဆိုင်များ၌ ကိုက်လံသည် မျက်နှာပန်းလှသော စားသောက်ဖွယ်ရာ ဖြစ်ပေသည်။ ကိုက်လံနှင့်ပတ်သက်၍ အာဟာရဆိုင်ရာ ဆေးသိပ္ပံသုတေသီများက ကိုက်လံစားသုံးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အောက်ပါအတိုင်း ဖော်ပြထားပေသည်။

### ၁။ ကင်ဆာကိုတွန်းလှန်ပေးသည့် ကိုက်လံ

ကိုက်လံသည် အခြားသော အစိမ်းရင့်ရောင် ဟင်းရွက်များကဲ့သို့ ဘိုင်အိုဖလေဗိုနွိုက်၊ ကာရိုတီးနွိုက်နှင့် အခြားသော ကင်ဆာတားဆီးသည့် ဒြပ်ပေါင်းများကဲ့သို့ အင်တီအောက်ဆီးဒင့်များ များစွာပါဝင်ပေသည်။

ထို့အပြင် အင်ဒိုးဒြပ်ပေါင်းများလည်း ပါဝင်သည့်အတွက် ကင်ဆာကို တွန်းလှန်နိုင်သော အင်ဇိုင်းများကိုလည်း ထွက်ရှိစေပါသည်။

### ၂။ ကိုက်လံနှင့် ကိုယ်အလေးချိန် လျော့ကျစေခြင်း

ကိုက်လံ ဟင်းလျာတစ်ခွက်၌ ကယ်လိုရီဓာတ် ၅၀ သာ ပါဝင်သည့်အတွက်ကြောင့် ကိုယ်အလေးချိန် ထိန်းချုပ်လိုသူများ ကိုက်လံကို စားသုံးသင့်ပေသည်။ ထို့အပြင် ကိုက်လံ၌ အမျှင်ဓာတ်ပါဝင်သဖြင့် ဗိုက်ကို ကြာစေပြည့်စေနိုင်ပေ၏။

### ၃။ မျက်စိကိုကာကွယ်ပေးသည့် ကိုက်လံ

ကိုက်လံနှင့်တကွ အခြားသော အစိမ်းရင့်ရောင် ဟင်းရွက်များ၌ ပါဝင်သောဓာတ်သည် မျက်စိဆိုင်ရာ ယိုယွင်းပျက်စီးမှုနှင့် အတွင်းတိမ်ရောဂါတို့ မဖြစ်ပွားရလေအောင် အမြင်အာရုံကို ကာကွယ်ပေးနိုင်သဖြင့် ကိုက်လံကို စားသုံးပေးသင့်ပေသည်။

### ၄။ အရိုးကျန်းမာရေးကို ကောင်းမွန်စေသည့်ကိုက်လံ

ကိုက်လံ၌ ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ်ဟူသည့် အရိုးကို သန်စွမ်းစေသော သတ္တုဓာတ် နှစ်မျိုးမှာ များစွာပါဝင်၏။ ထို့အပြင် ဗီတာမင်အေဓာတ်လည်း အများအပြား ပါဝင်သည့်အတွက် ကိုက်လံကိုစားသုံးပေးပါက အရိုးသိပ်သည်းဆကို တိုးစေပြီး အရိုးကျန်းမာရေးကို များစွာ အထောက်အကူပြုပေသည်။

### ၅။ နှလုံးရောဂါကိုကာကွယ်ပေးသည့် ကိုက်လံ

ကိုက်လံ၌ ဗီတာမင်စီဓာတ်များစွာပါဝင်၏။ ချက်ထားသော ကိုက်လံတစ်ခွက်စာ ပမာဏမှာ တစ်နေ့တာလိုအပ်သည့် ဗီတာမင်စီ ၅၀ ရာ ခိုင်နှုန်းကျော် ပါဝင်မှုရှိ၏။ သို့ဖြစ်၍ သွေးအတွင်း၌ မကောင်းသော ကိုလက်စထရောကို လျော့ကျစေ၏။ ထို့ကြောင့်ပင် နှလုံးရောဂါအန္တရာယ် လျော့ကျရခြင်း ဖြစ်ပေသည်။ သုတေသနပညာရှင်များ၏ စူးစမ်းလေ့လာမှုအရ ကိုက်လံသည် သွေးအတွင်း မကောင်းသောကိုလက်စထရော အဆင့်များကို လျော့ကျစေနိုင်ပြီး နှလုံးရောဂါကို ကာကွယ်ပေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်ဟု ဆိုကြ၏။

သို့ဖြစ်၍ ကိုက်လံကို 'အစာလည်းဆေး ဆေးလည်းအစာ''အဖြစ် မှီဝဲစားသုံးသင့်ပေသည်။

◆◆◆

## ဆေးဖက်ဝင်သည့် ကြက်သွန်နီ

ကြက်သွန်နီသည် အိမ်ရှင်မများအတွက် မီးဖိုချောင်လက်စွဲ ဟင်းခတ်ဥတစ်မျိုး ဖြစ်သည်။ ဟင်းအနှစ်ရစေဖို့ ကြက်သွန်နီသည် မပါမဖြစ်သော ပစ္စည်းတစ်မျိုးလည်း ဖြစ်ပေသည်။

ကြက်သွန်နီ၏ ဂုဏ်နှင့် စွမ်းရည်မှာ ကြက်သွန်နီသည် ချို၏။ စပ်၏။ ပျစ်ချွဲ၏။ ထက်၏။ အပူဓွေ့ဓာတ်ရှိ၏၊ အစာကြေကျက်ပြီးသောအခါ ချိုသောရသသို့ ပြောင်းလဲ၏။ နှုတ်ကိုမြိန်စေ၏။ စားလိုက်သောအစာကို ကြေကျက်စေရန် အထောက်အကူပေး၏။ ခန္ဓာကိုယ်အင်အားကို လျင်မြန်စွာ တိုးပွားစေ၏။ ဆီးခဏခဏ သွားတတ်သည့် ဆီးလွန်ရောဂါများကို ပျောက်ကင်းစေ၏။ ဝမ်းကို သက်စေ၏။ ဝမ်းခဏခဏသွားခြင်းကိုလည်း ပျောက်ကင်းစေ၏။

ကြက်သွန်နီသည် အသည်း၊ သရက်ရွက်နှင့် သည်းခြေကို စိမ့်ဝင်စေခြင်း၊ တက်ကြွစေခြင်းများကို ဖြစ်စေ၏။ အလုပ်များစွာ လုပ်ကိုင်နေရသူတို့နှင့် သင့်လျော်၏။ ဝမ်းဗိုက်ရောင်ခြင်းကို ပျောက်ကင်းစေ၏။ ထိခိုက်ဒဏ်ရာရသော အနာများကို လျင်မြန်စွာကျက်စေ၏။ နာကျင်ခြင်းကို နည်းပါးစေ၏။ ဖောရောင်ခြင်းနှင့် အရေပြားရောဂါများကို ပျောက်ကင်းစေ၏။

ထို့ပြင် ကြက်သွန်နီသည် စိတ်ကို လှုပ်ရှားစေ၏။ ကာမဂုဏ်ကို နိုးကြားထကြွစေ၏။ တက်ကြွခြင်းကို ဖြစ်စေ၏။ မြင်းကဲ့သို့ ခွန်အားကြီးသော ဝါဇီကရဏဆေးဖြစ်၏။ အမျိုးသမီးများ ဓမ္မတာသွေးပေါ်စေရန် ကြက်သွန်ကို စားသုံးသင့်၏။ ထို့ပြင် ကြက်သွန်သည် ယားယံခြင်းကို ကင်းပျောက်စေ၏။ ပန်းနာရောဂါနှင့် ဝမ်းသွားခြင်းတို့ကို ပျောက်ကင်းစေ၏။ ကြက်သွန်နီဥတစ်လုံးကို နေ့စဉ်ထမင်းစားတိုင်း တို့မြှုပ်စားပေးပါက နှလုံးတုန်၊ ရင်ခုန်ခြင်းကို ပျောက်ကင်းစေ၏။ ကြက်သွန်နီမှ အနံ့အားဖြင့် စူးရှလေသော်ငြား အာယုဗ္ဗေဒဆေးကျမ်းများ၌ ကြက်သွန်ကို များစွာသောဂုဏ်နှင့် လွန်စွာအကျိုးရှိကြောင်း မှတ်ကျောက်တင်ရေးသားထားပါသည်။

ကြက်သွန်အစိမ်းကို ဟင်းချက်သောအခါ ထည့်၍ သုံးလေ့ရှိကြ၏။ အသားဟင်းချက်သောအခါ၌လည်း ကြက်သွန်မှာ မပါမပြီးချေ။ ကျန်းမာရေးရှုထောင့်မှ ကြည့်ပါက ကြက်သွန်သည် တန်ဖိုးမဖြတ်နိုင်သော ပစ္စည်းဖြစ်၏။

### ၁။ ကလေးများတက်ပါက

ကြက်သွန်နီ ဥကြီးတစ်လုံးကိုယူ၍ အလယ်အူတိုင်ကိုထုတ်ပါ။ ထို့နောက် တက်နေသော ကလေးငယ်၏ ငယ်ထိပ်တည့်တည့်ပေါ်သို့ အဆိုပါကြက်သွန်နီဥကိုတင်ကာ မှုတ်ချပေးပါက ချက်ချင်းဆိုသလို အတက်ကျသွားပါလိမ့်မည်။

### ၂။ မီးလောင်နာဖြစ်လျှင်

မီးလောင်နာ ဖြစ်နေသော ဒဏ်ရာပေါ်သို့ ချက်ချင်းဆိုသလို ကြက်သွန်နီကို အခွံနွှာ၍ ထုထောင်းပြီး အုံပေးပါ။ ပတ်တီးစည်းပေးပါ။ (အနာစိမ်းပေါက်လျှင်လည်း ထိုကဲ့သို့ပြုလုပ်နိုင်ပါသည်။) မီးလောင်နာများ မကြာခင် သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၃။ အဖုအကြိတ်ပေါက်၍ ပြည်တည် ကိုက်ခဲနေလျှင်

ကြက်သွန်နီ ဥတစ်လုံး၏ အူတိုင်ကို နုတ်ပါ။ အူတိုင်လွတ်အတွင်းသို့ နနွင်းအနည်းငယ်၊ ဂျုံမှုန့်ကြမ်း၊ ရေ၊ ထောပတ်တို့ ရောစပ်ထည့်သွင်းပြီး မီးကင်ပါ။ ထို့နောက် အနာပေါ်သို့ ကပ်ပေးခြင်း အုံပေးခြင်းဖြင့် အနာပြည်များပေါက်လာကာ အကိုက်အခဲလျော့ပါးလျက် သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၄။ ဆီး တစ်စက် တစ်စက်ကျနေလျှင်

ကြက်သွန်နီဥကြီး တစ်လုံးကို အခွံနွှာပြီး ရေနွေးဖြင့် နာရီဝက်ခန့်ပြုတ်ပါ။ အချိန်စေ့ပါက ပြုတ်ထားသော အရည်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းအပြည့် မနက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ် ညတစ်ကြိမ် သောက်ပေးပါ။ ဆီးတစ်စက် တစ်စက်ကျသွားမှုများ ပျောက်ကင်းသွားပါလိမ့်မည်။ (ကြက်သွန်နီကို အစိမ်းအတိုင်းလည်း စားပေးနိုင်ပါသည်။)

## ၅။ ကလေး ဆီးချုပ်၍ဆီးမသွားနိုင်လျှင်

မီးဖုတ်ထားသည့် ကြက်သွန်နီကို ကလေးငယ်၏ ဆီးအိမ်ပေါ်တွင် ပူပူနွေးနွေး ကပ်ထားပေးပါ။ ဆီးချုပ်ခြင်း ပျောက်ကင်းပါလိမ့်မည်။

ကြက်သွန်နီ ဥသေးသေးလေးတစ်တက်ကို အဖျား ဖက်မှ ဓားနှင့်ချွန်ပြီး သူငယ်၏ ဆီးတံထိပ်တွင် စွပ်ထား ပါက နာရီဝက်ခန့်ကြာလျှင် ဆီးများ ထွက်ကျလာပါလိမ့်မည်။

## ၆။ ကင်းကိုက်ဝေဒနာ ခံစားရလျှင်

ကင်းခြေများနှင့် ကင်းမြီးကောက်အကိုက်ခံရပြီး ဝေဒနာပြင်းထန်စွာ ဖြစ်နေပါက ကြက်သွန်နီကို နှစ်ခြမ်း ခွဲပြီး ထိုခွဲခြမ်းများဖြင့် အကိုက်ခံရသည့်ဒဏ်ရာပေါ်သို့ ပွတ်တိုက်ပေးပါက ဝေဒနာလျော့ပါးသက်သာ ပျောက် ကင်းလာပါလိမ့်မည်။

နောက်ထစ်နည်းမှာ ကြက်သွန်နီကိုလှီး၍ ဒဏ်ရာ ကို ရေနှင့်ဆေးကြောပြီး နာနာပွတ်တိုက်ပေးခြင်းဖြစ်၏။

## ၇။ ကျောက်ကပ်ဆေးလိုလျှင်

ကြက်သွန်နီဥကြီးနှစ်လုံးကို လေးစိတ်စိတ်၍ ရေ မတ်ခွက်ကြီးကြီးတစ်ခွက်တွင် မနက်စိမ်ထားပြီး ညအိပ်ရာ ဝင်ခါနီးတွင် အဝသောက်ပေးပါ။ ဤကဲ့သို့ နေ့စဉ်ပြုလုပ် ပေးပါက ကျောက်ကပ်ကို ဆေးကြောပြီးသား ဖြစ်သွားပါ လိမ့်မည်။

## ၈။ ကြို့ထိုးပျောက်လိုလျှင်

ကြက်သွန်နီကို ထန်းလျက်နှင့် နိုင်းချင်းကြိတ်၍ စားပေးပါ။ ကြို့ထိုးဝေဒနာ သက်သာပျောက်ကင်းပါလိမ့်မည်။

## ၉။ ကြက်သွန်နီကို စားပေးလျှင်

ကြက်သွန်နီကို စားသုံးပေးခြင်းအားဖြင့် အသား အရေ စင်ကြယ်ချောမွတ်ပြီး အရောင်အဆင်းကောင်းခြင်း၊ စိတ်ကြည်လင်၍ ဉာဏ်ရည်ထက်မြက်ခြင်း၊ အတွေးအခေါ် ကောင်းခြင်း စသည့် အကျိုးများ ခံစားရရှိနိုင်ပါသည်။

ထို့အပြင် ဝမ်းမီးကောင်းခြင်း၊ ကာမသတ္တိအား ကောင်းခြင်းနှင့် အသက်ရှည်ခြင်း အကျိုးတို့ကိုလည်း ရရှိ ခံစားနိုင်ပါသည်။ ကြက်သွန်နီကို အမြဲစွဲ၍ ထမင်းနှင့် သုံးဆောင်ပါက ဝဖြိုးလာပါမည်။ နုလုံးကြွံခိုင်လာပါမည်။ ရင့်ရော်ခြင်းမရှိ၊ မောပန်းခြင်းမရှိဘဲ အလုပ်ကို တာရှည် လုပ်ကိုင်နိုင်ပါမည်။ ကြက်သွန်နီကို အစိမ်းစားလျှင် ကောင်းကောင်း အိပ်ပျော်လာပါလိမ့်မည်။

## ၁၀။ သန်း၊ ဖောက်များ ကင်းပျောက် လိုလျှင်

ကြက်သွန်နီကိုစိတ်၍ တစ်ခေါင်းလုံးအနှံ့ နာနာပွတ် တိုက်ပေးပြီးနောက် ခေါင်းလျှော်ပေးပါက သန်းများ၊ ဖောက်များ ကင်းပျောက်သွားပါလိမ့်မည်။

## ၁၁။ ခွေးကိုက်ခံရလျှင်

ခွေးကောင်းဖြစ်စေ၊ ခွေးရူးဖြစ်စေ အကိုက်ခံရလျှင် မပေါ့ဆပါနှင့်။ အကိုက်ခံရသည့် ဒဏ်ရာပေါ်သို့ ရေဖြင့် စင်ကြယ်အောင်ဆေးပါ။ ပြီးနောက် ဒဏ်ရာတွင်းမှ အဆိပ် များကို ညှစ်ထုတ်ပါ။ ကြက်သွန်နီဥကြီး နှစ်လုံး–သုံးလုံးကို အစိမ်းအတိုင်း ညက်အောင်ထောင်းပြီး ခွေးကိုက်ခံရသော ဒဏ်ရာပေါ်၌အုံ၍ ပတ်တီးစည်းပေးထားပါ။ ခွေးရူးပြန် ခြင်း၊ ခွေးဆိပ်တက်ခြင်းတို့မှ သက်သာပျောက်ကင်းသွား ပါလိမ့်မည်။

## ၁၂။ ငှက်ဖျားဝေဒနာ ခံစားနေရလျှင်

ငရုတ်ကောင်း၊ ပိတ်ချင်း၊ လေးညှင်း၊ ကြက်သွန်နီ အဆိုပါလေးမျိုးကို ဆတူကြိတ်ပြီး ဆေးတောင့်ပြု လုပ် ထားပါ။ ငှက်ဖျားတက်နေစဉ် ရေနွေးနှင့်သွေး၍ အနည်း ငယ် မျက်စဉ်းခတ်ပေးပါ။

## ၁၃။ ထိပ်ပြောင်ဘေးမှ ကင်းဝေးလိုလျှင်

ကြက်သွန်နီဥကြီးကို ထက်ပိုင်းဖြတ်၍ ပြောင်နေ သည့်ထိပ်ကို ပွတ်တိုက်ပေးပါ။ တစ်ဖန် ကြက်သွန်နီဥ



www.burmeseclassic.com

www.burmeseclassic.com

ကိုလှီး၍ ထပ်မံပွတ်တိုက်ပေးပါ။ ထိုသို့ နေ့စဉ်ပွတ်တိုက်ပေးပါက ပြောင်နေသည့်ထိပ်၌ ဆံပင်များ ပြန်၍ပေါက်လာ ပါလိမ့်မည်။

### ၁၄။ မီးယပ်ဒူလာ ရောဂါများအတွက်

ကြက်သွန်နီ ၁ ကျပ်သား၊ ထန်းဖိုထန်းလျက် ၁ ကျပ်သား၊ မန်ကျည်းသီးမှည့် ၁ ကျပ်သား၊ ဆား ၅ မူးသား၊ နွမ်းဆီ ၁ မတ်သားတို့ကို ရောတေ၍ ဆီးသီးလုံးခန့် နေ့စဉ်စား သွားပါက မီးယပ်ရောဂါ၊ ဒူလာရောဂါ ဝေဒနာများ သက်သာပျောက်ကင်း သွားပါလိမ့်မည်။

### ၁၅။ ခေါင်းမှာ ဒက်တွေပေါက်နေ လျှင်

ကြက်သွန်နီကို ထက်ခြမ်းခွဲ၍ ခေါင်းရှိဒက်များကို ပွတ်တိုက်ပေးပါက ဒက်များ ပျောက်ကင်းသွားပါလိမ့်မည်။

### ၁၆။ နားကိုက်လျှင်

ကြက်သွန်နီကို မီးဖုတ်ပြီး အရည်နွေးနွေးရအောင်ညှစ်ကာ နားထဲသို့ ထည့်ပေးပါက နားကိုက်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၁၇။ နှာခေါင်းတွင်းနာဖြစ်လျှင်

ကြက်သွန်ဥအစိမ်းကို နှာခေါင်းတွင်းသို့ ဝင်သာရုံလှီး၍ နှာဝတွင်ဆို့ပြီး အခါများစွာ ရှူပေးပါက နှာခေါင်းတွင်းနာများ ပျောက်ကင်းသွားပါလိမ့်မည်။

### ၁၈။ ကြက်မျက်သင့်ရောဂါဖြစ်လျှင်

ကြက်မျက်သင့်ရောဂါမှာ ညအခါ ပတ်ဝန်းကျင်ကို ကောင်းစွာ မမြင်ရသည့် ရောဂါဖြစ်ပါသည်။ ထိုရောဂါအတွက် ကြက်သွန်နီ သတ္တုရည်တွင် ဆားအနည်းငယ်ထည့်ကာ မျက်စဉ်းခတ်ပေးပါက ကြက်မျက်သင့်ခြင်းရောဂါ ပျောက်ကင်းပါလိမ့်မည်။

### ၁၉။ လေချုပ်၊ ဝမ်းချုပ်၊ ဆီးချုပ်ဖြစ်လျှင်

သက်ရင်းကြီးရွက်အနုများကို ပြုတ်၍ ပါးပါးလှီးကာ ကြက်သွန်နီနှင့် သုပ်စားပေးပါက လေချုပ်၊ ဝမ်းချုပ်၊ ဆီးချုပ်ခြင်းဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၂၀။ လည်ချောင်းတွေ နာနေလျှင်

ပင်စိမ်းရွက်၊ ချင်း၊ ကြက်သွန်နီ သတ္တုရည်သုံးမျိုးကို ရောစပ်သောက်သုံးပါက ချောင်းခြောက်ဆိုးခြင်း၊ အဆုတ်လေပြွန်ရောင်ခြင်း၊ လည်ချောင်းနာခြင်း ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၂၂။ ဝမ်းရောဂါဖြစ်လျှင်

ကြက်သွန်နီ အရည်ညှစ်ပြီး သကြားနှင့် ရှာလကာရည်လုပ်၍ တိုက်ကျွေးပေးပါက ဝမ်းရောဂါ သက်သာပျောက်ကင်းပါလိမ့်မည်။

### ၂၃။ သွေးအားတိုးလိုလျှင်

ထောပတ် ၁၀ သားကို ကျက်အောင်ချက်ပါ။ ထို့နောက် ကြက်သွန်နီ ၁၀ ကျပ်သား၊ ရှားစောင်းလက်ပပ် ၁၀ ကျပ်သားတို့ကို ညက်အောင်ထောင်းပြီး ထည့်ပါ။ ထို့နောက် ပျားရည်နှင့်ထန်းလျက် ၁၀ ကျပ်သားစီ ထည့်ပြီး မတူးမခြစ်အောင် ထပ်မံချက်ပါ။ ကြက်မြီးတန်းပြီဆိုလျှင် မီးဖိုပေါ်မှချ၍ နံနက်၊ ညဟင်းစားဇွန်းတစ်ဇွန်း နေ့စဉ်မှီဝဲပေးပါက သွေးအားနည်းသူများ သွေးအားတိုးလာပါလိမ့်မည်။

### ၂၄။ အဆီပိရှိ ပိုးမွှားများ အကိုက်ခံရလျှင်


ကင်းနှင့် အခြားအဆိပ်ရှိသော ပိုးမွှားများ အကိုက်ခံရလျှင် ကြက်သွန်နီကိုလှီး၍ ဒဏ်ရာကို ရေနှင့်ဆေးကြော၍ ဒဏ်ရာအား နာနာပွတ်တိုက်ပေးပါက အဆိပ်များ ပြယ်လွင့်သွားပါလိမ့်မည်။

■ သုတေသီဆရာငြိမ်း
(09-250174878)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားဘိုးတော်

## ပီတာမြဦး

နယ်ချဲ့ဗြိတိသျှတို့ မြန်မာပြည်ကို ၁၈၂၄ ခုနှစ်နှင့် ၁၈၅၂ ခုနှစ်တို့တွင် နယ်ချဲ့စစ်ပွဲနှစ်ပွဲဆင်နွှဲပြီးနောက် ရခိုင်ပြည်နယ် တနင်္သာရီတိုင်းနှင့် ရန်ကုန်မြို့အပါအဝင် မြန်မာပြည်အလယ်ပိုင်းကို သိမ်းပိုက်ထားခဲ့ကြ၏။

ထိုသို့နယ်ချဲ့တို့၏ မတရားသိမ်းပိုက်မှုကို ခံရချိန်တွင် သူ့ကျွန်မခံလိုသော မျိုးချစ်မြန်မာတို့က ရရာလက်နက်ဖြင့် မကြာခဏခုခံတိုက်ခိုက်လာကြသည်။ ထိုအခါ နယ်ချဲ့တို့သည် မျိုးချစ်မြန်မာတို့အား နှိပ်ကွပ်ရန်အတွက် အကျဉ်းထောင်များဆောက်လုပ်ကာ ပုဒ်မအမျိုးမျိုးတပ်ကာ ထောင်သွင်းအကျဉ်းချထားခဲ့လေသည်။

ထိုစဉ်က အကျဉ်းထောင်များတွင် ယခုခေတ်လို ထောင်မှိုင်ဟူ၍ သီးခြားရှိသေးသည်မဟုတ်။ ထောင်အုပ်ချုပ်ရေးတာဝန်ကို သက်ဆိုင်ရာခရိုင်ဆရာဝန်ကြီးကိုသာ တာဝန်ပေးအပ်ထား၏။ ထောင်တွင်းကိစ္စအဝဝကို ထောင်မှူးကြီးကသာ ၂၄ နာရီတာဝန်ယူ၍ ဆောင်ရွက်ရသည်။ သို့ဖြစ်ရာ အကျဉ်းသားများနှင့် ဒေသခံများက ထောင်မှူးကြီးကိုပင် ထောင်အကြီးအကဲ ထောင်ပိုင်ကြီးအဖြစ် ခေါ်ဝေါ်သုံးစွဲလာကြလေသည်။

ဤဇာတ်လမ်းသည် ဗြိတိသျှနယ်ချဲ့ကိုတန်ခိုးထွားချိန်က မြန်မာပြည်အလယ်ပိုင်းအကျဉ်းထောင်တစ်ခုတွင် ဖြစ်ပွားခဲ့သော ယုံကြည်နိုင်ဖွယ်မရှိအောင်အလွန်ထူးခြားဆန်းကြယ်လှသည်။ ဂမ္ဘီရဆန်လှသော ဖြစ်ရပ်ဆန်းတစ်ပုဒ်ဖြစ်လေသည်။

"အလို ... စောစောစီးစီး ဘာကိစ္စများရှိလို့လဲ ဆရာဝန်ကြီး"

တစ်နေ့နံနက်စောစောတွင် ဖြစ်လေသည်။

နယ်ပိုင်ဝန်က နံနက် ၇ နာရီတိတိတွင် ရောက်လာသော ခရိုင်ဆရာဝန်ကြီးအား အင်္ဂလိပ်လိုမေးလိုက်သည်။

"ဟုတ်ကဲ့ ... အရေးတကြီးကိစ္စ တင်ပြဖို့ဖြစ်လာလို့ပါ နယ်ပိုင်ကြီး"

ခရိုင်ဆရာဝန်က ဧည့်ခန်းဆက်တီပေါ်တွင် ဝင်ထိုင်ရင်း အင်္ဂလိပ်လိုပင်ပြန်ဖြေလိုက်သည်။

"ဟုတ်လား ပြောပါဦး။ ဘာများလဲ ဆရာဝန်ကြီး"

နယ်ပိုင်ဝန်က ရှေ့တည့်တည့်ရှိ နှစ်ယောက်ထိုင်ဆိုဖာပေါ်ဝင်ထိုင်ကာ မေးလိုက်သည်။

"ဒီလိုပါ ... ထောင်မှူးကြီး မစ္စတာ အေကရစ်ရှနားမှာ နှလုံးသွေးကြောကျဉ်းရောဂါရှိလို့ ကျွန်တော် ဆေးဝါးကုသပေးနေ[illegible] နယ်ပိုင်ကြီးလည်း သိပြီး[illegible]းမဟုတ်လား ခင်ဗျာ"

"သိတယ်လေ၊ အတော်လေးတောင်ကြာနေမှုပဲ။ ဒီကြားထဲ ထောင်မှူးကြီး ကြည့်ရတာတော့ ကျန်းကျန်းမာမာရှိပုံရတာပဲ မဟုတ်လား"

"မှန်ပါတယ်၊ ကျွန်တော်ပေးထားတဲ့ဆေးပြားတွေ အချိန်မှန်သောက်နေလို့ အတော်လေးကျန်းမာနေတာပါ။ အဲဒါ မနေ့ညကမှ ရောဂါဖောက်လာတယ် နယ်ပိုင်ကြီး"

"နို့ ... ဆေးဝါးမှန်မှန်စားနေလို့ ကျန်းမာနေရက်နဲ့ ဘာလို့ရောဂါက ရုတ်တရက် ဖောက်လာရတာတုံး ဆရာဝန်ကြီးရဲ့"

"ဒီလိုပါ မနေ့ညက ရာသီဥတုက အတော်လေးအေးတယ်လေ။ အဲဒီထောင်မှူးကြီးက ချမ်းတယ်ဆိုပြီး အရက်သုံးပတ်လောက် ဆက်တိုက်သောက်လိုက်မိတယ်တဲ့။ အဲဒီမှာ အပူမကြိုက်တဲ့နှလုံး ရုတ်တရက်တိုက်ခိုက်ခံရလို့ အသက်ရှူရပ်သွားပါတယ်"

"အိုးမိုင်ဂေါ့၊ အတော်မိုက်မဲတဲ့လူပါလား။ ဒါဆို သူအခု သေ...



www.burmeseclassic.com

www.burmeseclassic.com

သေသွားပြီလားဟင်''

''အသက်ရှူ ရပ်သွားတော့မှ သေပြီပေါ့ နယ်ပိုင်ကြီး''

နယ်ပိုင်ဝန်က သူ့နဖူးကို ဖြန်းခနဲ ရိုက်လိုက်ကာ–

''ဟ ... တကယ့်ပြဿနာကြီးပါလား''

''မှန်ပါတယ်။ အဲဒါကြောင့် စောစောစီးစီး နယ်ပိုင်ကြီးဆီ လာသတင်းပို့ရတာပါ''

''အိုး ... ဒါဆို ကျုပ်ကဘာများ အကူအညီပေးရမလဲ ဆရာဝန်ကြီး''

''ဒီကိစ္စ မင်းကြီးဆီ အမြန်ဆုံး တင်ပြပြီး ထောင်မှူးကြီးအသစ်တစ်ယောက် အမြန်ဆုံးပို့ပေးဖို့ ရှိပို့လုပ်ပေးပါ။ ကျွန်တော်ကလည်း ဆရာဝန်တာဝန်တစ်ဖက်နဲ့ဆိုတော့ ထောင်ကို အချိန်ပြည့်မအုပ်နိုင်ဘူးလေ နယ်ပိုင်ကြီး''

''အဲဒါမှ ဂွပဲ။ မင်းကြီးက အခုရန်ကုန်ရုံးချုပ်မှာ မရှိဘူး။ သူ့မိသားစုကိစ္စနဲ့ အင်္ဂလန်ကိုခဏပြန်သွားတယ်လေ''

''ဒါဆို ဒုတိယမင်းကြီးတော့ ရှိမှာပေါ့''

''သူ့မှာက ဒီလို အရာရှိတွေကို ပြောင်းရွှေ့ခန့်အပ်နိုင်တဲ့ အာဏာမရှိဘူးလေ''

''ဒါဆို ဘယ်လိုလုပ်မလဲ နယ်ပိုင်ကြီး။ ထောင်ဆိုတာက နယ်ပိုင်ကြီးလည်း သိတဲ့အတိုင်းပဲ။ ထောင်မှူးကြီးမရှိဘဲ ကြာကြာလွှတ်ထားလို့မဖြစ်ဘူး မဟုတ်လား။ အဲဒါအခု လုပ်သက်ရင့် ထောင်မှူးတစ်ယောက်နဲ့ မနည်းကြီးကို တွန်းလုပ်ထားရတာ''

''ရက်စ် ... ရက်စ်၊ ပြဿနာက တကယ့်မီးတောက်ပဲ ဆရာဝန်ကြီး''

ဆရာဝန်ကြီးက ခေတ္တစဉ်းစားကာ –

''ဒီလိုလုပ်ပါလား နယ်ပိုင်ကြီး''

''အင်း ... ဆိုစမ်းပါဦး''

''ဟို ... မင်းကြီး အင်္ဂလန်က ပြန်မရောက်ခင် ကြားကာလမှာ နယ်ပိုင်ကြီးအနေနဲ့ ယာယီထောင်မှူးကြီး တစ်ယောက်ခန့်အပ်ထားရင် မဖြစ်ဘူးလား''

''ဘယ်လို ... ယာယီထောင်မှူးကြီးတဲ့လား''

''မှန်ပါတယ်။ ကြာရင်ထောင်ဆူပူမှုတွေ၊ ဘာတွေဖြစ်မလာဘူးလို့ မပြောနိုင်ဘူး မဟုတ်လား''

နယ်ပိုင်ဝန် မျက်လုံးပြူးကျယ်သွားကာ –

''အိုး ... ယူ့ဟာက တကယ့်ပရော်ဘလယ်ကြီးပါလား၊ ကောင်းပြီလေ ... ကျုပ် နည်းနည်း စဉ်းစားလိုက်ဦးမယ်''

''ကောင်းပါပြီ ခင်ဗျား''

ဆရာဝန်ကြီး ပြန်သွားတော့ နယ်ပိုင်ဝန် ရင်မောကျန်ရစ်ခဲ့သည်။ မှန်ပါသည်။ အကယ်၍ ထောင်မှူးကြီးမရှိ၍ ထောင်ဆူပူမှုဖြစ်ခဲ့ပါက ပြဿနာသည် သူ့ခေါင်းပေါ်သို့ တိုက်ရိုက်ကျရောက်လာပေတော့မည်။

ဒီလိုအရေးထဲကျမှ မင်းကြီးက အင်္ဂလန် ခေတ္တပြန်သွားရတယ်လို့။ တောက် ... ခုတော့ အားလုံးငါ့တာဝန်ဖြစ်နေပါပေါ့လား။

နယ်ပိုင်ဝန်ကြီး ထိုတစ်ညလုံး အိပ်မပျော်နိုင်။ သူ့ဦးနှောက်ကို ဒုက္ခပေးနေသည်က ယာယီထောင်မှူးကြီး။ ဒီလောက်တော့ လုပ်ငန်းလိုအပ်ချက်အရ သူ့မှာပါဝါရှိလောက်သည်။ အရေးပေါ်လုံခြုံရေးကိစ္စ ဆောင်ရွက်ရသည်ဖြစ်သဖြင့် မင်းကြီးလာမှတင်ပြပြီး အတည်ပြုပေးနိုင်ကောင်းပေသည်။

ခက်နေသည်က ထောင်တစ်ထောင်အတွက် အလွန်အရေးကြီးသော၊ အခရာကျသော ရာထူးဖြစ်နေ၍ ထိုပုဂ္ဂိုလ်ကို ဘယ်မှာသွားရှာရပါမည်နည်း။ ပြီးတော့ ကိုယ်ခိုင်းသည့်အတိုင်းလုပ်မည့်သူဖြစ်ဖို့လည်း လိုသေးသလို အဖက်ဖက်ယုံကြည်စိတ်ချရဖို့ကလည်း လိုပြန်သည်။

ထို့ပြင် အချိန်ကြာနေလို့လည်း မဖြစ်သေး။ အမြန်ဆုံးခန့်အပ်တာဝန်ပေးနိုင်မှ တော်ကာကျမည်။ ဒီကြားထဲ ပြဿနာတစ်စုံတစ်ရာဖြစ်လာပါက သူ့ကုလားထိုင်ပင် လှုပ်လာနိုင်သည်။ ဒါဆို သူဘယ်လိုလုပ်ရပါ့။

နယ်ပိုင်ဝန် ထိုအတွေးချာချာလည်ကာ အိပ်ရာပေါ် ဘယ်လူး ညာလူးဖြင့် တစ်ညလုံးတစ်ရေးမှ မရ။

ယာယီထောင်မှူးကြီး။

ယာယီထောင်မှူးကြီး။

ယာယီထောင်မှူးကြီး။

''အိုးမိုင်ဂေါ့''

နံနက်အရုဏ်တက်ချိန်မှာ နယ်ပိုင်ဝန်အိပ်ရာမှ ငေါက်ခနဲ ထထိုင်သည်။ ပြီးတော့ အသံကျယ်ကြီးဖြင့်–

''ဟေ့ ... ဂျော်နီကောင်၊ ဂျော်နီဘသိုက် ဘယ်မှာလဲဟ။ ခေါ်ကြစမ်း ခုချက်ချင်း''

တစ်အိမ်လုံး အိပ်ရာမှလန့်နိုးကာ ဂျော်နီဘသိုက်ကို ပြူးပြူးပြာပြာ ရှာကြသည်။

''ဒီလူမူးပြီး ဘယ်များသွားအိပ်နေလဲ မသိဘူး။ ရှာကြစမ်း မြန်မြန်''

နယ်ပိုင်ဝန်ကတော်က အိမ်သားအားလုံးကို ဆူပူမာန်မဲပြီး ရှာခိုင်းသည်။ အိမ်သားများ၊ တပည့်တပည်း

www.burmeseclassic.com

www.burmeseclassic.com

များ တစ်အိမ်လုံးအနံ့ရှာကြသည်။

ဂျော်နီဘသိုက်ဆိုသူမှာ ဒေသခံကာလသားခေါင်း၊ ထမင်းချက်ကောင်းသော အိုးသူကြီးတစ်ယောက်ဖြစ်၏။ ထိုမှ ဘိုအိမ်များတွင် ထမင်းလိုက်ချက်ပေးရာက အင်္ဂလိပ်လို တစ်လုံးစ နှစ်လုံးစ ပြောတတ်လာသည်။ တစ်နှစ်ခန့်ကြာတော့ အင်္ဂလိပ်ကြီးတစ်ယောက်ပမာ ပြောဆိုတတ်လာသည်။ ကန့်လန့်ကာနောက်ကွယ်က နေပြောလျှင် ဘယ်သူမှ ဂျော်နီဘသိုက်ဟု မထင်ရ။ တကယ့် ဘိလပ်ပြန် အင်္ဂလိပ်ကြီးလား ထင်မှတ်မှားလောက်သည်။

နောက်တော့ သူ့အမေပေးသော ဘသိုက်ရှေ့တွင် ဂျော်နီတစ်လုံး အော်ထိုမက်တစ်တိုးကာ ဂျော်နီဘသိုက် ဖြစ်လာသည်။

"သခင်ကြီး ... ကျွန်တော့်ကို ခေါ်ပါသလား"

အတန်ငယ်အကြာတွင် ဂျော်နီဘသိုက် နယ်ပိုင်ဝန်ရှေ့ ခပ်ယို့ယို့ ရောက်လာသည်။

"အာ ... ယူဂျော်နီ၊ မင်းဘယ်သွားအိပ်နေလဲကွ"

"ဟို ... ဟင်းချက်ရင်းမီးဖိုထဲ အိပ်ပျော်သွားလို့ပါ သခင်ကြီး"

"တောက် ... ယူဘာလယ်ဒီ၊ အေး ... ဒါထားတော့။ ဟော့ ... ဒီမှာဂျော်နီ ယူ ထောင်မှူးကြီးမလုပ်ချင်ဘူးလား"

ဂျော်နီဘသိုက် မျက်လုံးပြူးသွားသည်။

"ဗျာ ... ဘယ်လို သခင်ကြီး၊ ထောင်မှူးကြီးဟုတ်လား"

"ရက်စ်၊ တို့ထောင်မှာ အရေးပေါ်ထောင်မှူးကြီး လိုအပ်နေတယ်။ အဲဒါ ယူ့ကို တာဝန်ပေးမလို့"

"ဖြစ် ... ဖြစ်ပါ့မလား သခင်ကြီး၊ ကျွန်တော်မျိုးက ထောင်ဆိုတာ အဝေးကြီးကပဲ မြင်ဖူးတာ။ ပြီးတော့ ထောင်ထဲမှာက သူခိုး၊ ကြမ်းပိုး၊ ဓားပြ၊ လူသတ်၊ မုဒိမ်းကောင်တွေနဲ့ဆိုတော့"

"နေပါဦး၊ ဘာလဲ ... မင်းက ကြောက်လို့လား"

"ကြောက် ... ကြောက်လို့တော့ မဟုတ်ပါဘူး။ ဟို ... ကိုယ်ကျွမ်းကျင်တဲ့ အလုပ်လည်းမဟုတ်တော့ ဘာတွေ ဘယ်လိုလုပ်ရမှန်း မသိလို့ပါသခင်ကြီး"

နယ်ပိုင်ဝန် မျက်ထောင့်နီလာကာ –

"အိုး ... ယူရှပ်အပ် ရော်မောက်၊ ငါ့မှာမင်းကလွဲပြီး ယုံကြည်ရမယ့်လူမရှိဘူး။ မင်း ခုချက်ချင်း ခရိုင်ဆရာဝန်ကြီးဆီကိုသွား။ ယူဘာလုပ်ရမယ်ဆိုတာ သူရှင်းပြတဲ့အတိုင်းသာလုပ်။ နောင်း ဒူးယူ အန်ဒါစတင်း"

"ရက်စ်၊ အဲ ... ဟုတ်ကဲ့သခင်ကြီး"

ဂျော်နီဘသိုက်မှာ အထွန့်တက်မနေတော့ဘဲ အဝတ်အစားလဲလှယ်ရန် သူ့အိမ်သို့ပြန်လာခဲ့သည်။

"ဘယ့်လို ... ရှင်၊ ထောင်မှူးကြီးဟုတ်လား။ ကောင်းလိုက်တာတော်"

အိမ်ရောက်တော့ သူ့မိန်းမ မရွှေမိ ဝမ်းသာအားရပြောသည်။

"မင်းကသာ ကောင်းတယ်ပြောနေ။ ငါ့မှာဖြင့် ဘာလုပ်လို့လုပ်ရမှန်းမသိသေးဘူး။ ထောင်ထဲမှာက ခိုးဆိုးတိုက်ခိုက်နေတဲ့ မတစ်ရာသားတွေနဲ့လေ"

"အို ... ဘာပဲဖြစ်ဖြစ်၊ ထောင်မှူးကြီးဆိုတော့ ရှင်က ဒီထောင်မှာ အကြီးဆုံးပဲလေ။ ထောင်ပိုင်ကြီးပေါ့နော်။ ဟင်း ... ဟင်း ... ဟင်း ကျွန်မနဲ့ ရှင့်သမီးလေးကတော့ နေရင်းထိုင်ရင်း ထောင်ပိုင်ကတော်နဲ့ ထောင်ပိုင်ခ ... ဖြစ်ရချည်သေးရဲ့ ဟီး ... ဟီး ... ဟီး"

မရွှေမိက တစ်ဦးတည်းသော ခြောက်နှစ်အရွယ် သမီးလေး ဝွက်ထော်အား ပွေ့ပိုက်ရင်း အူမြူးနေလေသည်။

"ကဲ ... ငါ ခိုင်ဆရာဝန်ကြီးဆီသွားလိုက်ဦးမယ်။ ဘယ်အချိန်ပြန်ရောက်မယ် မသိသေးဘူး"

"ဟင်း ... ဟင်း ရပါတယ် ထောင်ပိုင်ကြီးရယ်။ အချိန်တန်ရင်တော့ အိမ်ပြန်လာရမှာပဲဟာ ဟီး ... ဟီး"

ထိုနေ့က ဆရာဝန်ကြီးက ဂျော်နီဘသိုက်အား သူ့ကားဖြင့် ချက်ချင်း အကျဉ်းထောင်သို့ ခေါ်သွားလေသည်။

"သဿစ်အစ်အော်နယူး ချီ(ဖ်)ဂျေလာ ဂျော်နီဘသိုက်"

"အိုး ... ဝဲလ်ကမ်းယူ"

ခရိုင်ဆရာဝန်ကြီးက ထောင်မှူးကြီးအသစ် ဂျော်နီဘသိုက်နှင့်ကပြား ထောင်မှူးနှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ ထောင်မှူးများက အလေးပြု၍ ကြိုဆိုကြသည်။

"ယူ ... ဒီမှာဘယ်လို ဂျူတီတွေ ထမ်းဆောင်ရမယ်ဆိုတာ ဒီဂျေလာတွေ ပြောလိမ့်မယ်။ ယူ အန်ဒါစတင်း"

"ရက်စ်ဆား"



www.burmeseclassic.com

www.burmeseclassic.com

"အိုကေ ... ဒါဆိုရင် ဟော်စပစ်တာ သွားလိုက်ဦးမယ်။ အော်လ်ဘိုင်ဘိုင်"

"ဘိုင်ဘိုင်"

ပထမတော့ ဘိုကပြားထောင်မှူးနှစ်ဦးက ဂျော်နီဘသိုက်အား အင်္ဂလိပ်မဟုတ်၍ အင်တင့်တင်လုပ်နေကြသေးသည်။ အရာရာကို ကောင်းစွာအထာပေါက်တတ်သော ဂျော်နီဘသိုက်က ထောင်မှူးနှစ်ဦးအား ထောင်အကြောင်း ဘွတ်ဒက်ရွတ်ရက်နှင့် တကယ့်အင်္ဂလိပ် လေသံအတိုင်း မေးမြန်းလိုက်သောအခါမှ ဘိုကပြားနှစ်ယောက် ရက်စ်ဆား ရက်စ်ဆားချင်း မိုးမွှန်ကုန်တော့၏။

"ချိ(ဗ်)(chief) ဒီနေ့ မန်းဒေးဆိုတော့ ထောင်ပိုင်တန်းစီရှိတယ်ချိ(ဗ်)"

ဂျော်နီဘသိုက် ထောင်ရောက်သောနေ့မှာ တနင်္ဂနွေနေ့ဖြစ်ပြီး အပြင် ဘုတ်အကျဉ်းသားများ အကူအညီဖြင့် သူတို့မိသားစု ထောင်ဘူးဝပေါ်ရှိထောင်မှူးကြီးနေအိမ်သို့ ပြောင်းရွှေ့လာခဲ့ကြ၏။

နောက်တစ်နေ့နံနက် ထောင်ဖွင့်ချိန်ဝယ် ဦးဌာနစုထောင်မှူး မစ္စတာမဂ္ဂနားက ထိုနေ့မှာ တနင်္လာနေ့ဖြစ်၍ ထောင်ပိုင်တန်းစီရှိကြောင်း လာရောက်သတင်းပို့ခြင်း ဖြစ်၏။ ဂျော်နီဘသိုက် စိတ်ထဲသူကိုယ်တိုင် တန်းစီရမည်ထင်မှတ်ကာ –

"အို ... ငါက ဘယ်မှာသွားတန်းစီရမှာလဲကွ"

ထောင်မှူးက မရယ်မိအောင် မျက်နှာပိုးသတ်လိုက်ပြီး –

"နိုးဆာ နိုး၊ ယူတန်းစီရမှာမဟုတ်ဘူး။ အကျဉ်းသားတွေက တန်းစီရမှာပါ"

"ဟုတ်လား။ အကျဉ်းသားတန်းစီတာ ငါကဘာလုပ်ရမှာလဲ"

"အိုးဆာ ... အကျဉ်းသားတွေ တန်းစီထိုင်နေတာကို ချိ(ဗ်)က စစ်ဆေးရမှာလေ။ ပြီးတော့ သူတို့လိုအပ်ချက်တွေ တင်ပြရင် ပြဿနာဖြေရှင်းပေးရမှာပါ"

"ဟ ... နေပါဦး၊ ငါကဘာကို ဘယ်လိုဖြေရှင်းရမှာတုန်း မဂ္ဂနားရဲ့"

"အိုး ... ဒါတော့ မပူနဲ့ ဆာ။ ချွန်ဒေါ်နဲ့ထောင်မှူး မစ္စတာသော်မဆင်တို့ ရှိတယ်။ သူတို့ဘာမေးမေး ချွန်တော်တို့နှစ်ယောက်က ဒိုင်ခံရှင်းပေးမှာပါ"

"ဟုတ်လား၊ အင်း ... ဒါဆို တော်သေးတာပေါ့။ ဒါနဲ့ထောင်ပိုင်တန်းစီက ဘယ်အချိန်တုန်း"

"မနက်ခုနစ်နာရီမှာ ချိ(ဗ်)"

"ဟော ... ဒါဆို၊ ငါက မင်းတို့လို ယူနီဖောင်းဝတ်ရဦးမှာလား"

"မလိုဘူးဆာ၊ ယူက ယာယီထောင်မှူးကြီးဆိုတော့ အရပ်ဝတ်နဲ့ရပါတယ်"

"ကောင်းပြီ၊ ဒါဆို ၇ နာရီ ထိုးတာနဲ့ ငါထောင်ထဲဝင်လာရမှာပေါ့"

"ရက်စ်ဆာ ချွန်တော် တံခါးကြီးက စောင့်ကြိုနေမှာပါ"

ထိုနေ့နံနက် ၇ နာရီသံချောင်းခေါက်သည်နှင့် ဂျော်နီဘသိုက် ထောင်ဘူးဝအိမ်ပေါ်မှ ဆင်းလာသည်။ သူက ငွေဖလားရောင် ခေါင်းပေါင်းစတလွလွနှင့်။ သနပ်ခါးရောင်တိုက်ပုံအင်္ကျီဝတ်ကာ ရွှေတောင်ပုဆိုး တရှမ်းရှမ်းနှင့် အောက်က ရှူးဖိနပ်အနက်ရောင်တပြောင်ပြောင်နှင့်ဖြစ်၏။

သူ့စတိုင်က ကြည့်လို့တော့ ကောင်းသည်။ တောသူကြီးလိုလို၊ ဇာတ်သမားယောင်ယောင် ထင်ရ၏။

"ချိ(ဗ်) ချွန်ဒေါ်နောက်က လိုက်ခဲ့ပါ"

ယောင်မှူးမဂ္ဂနားက ဦးဆောင်ကာ အကျဉ်းသားအိပ်ဆောင်ထဲခေါ်သွားသည်။ အိပ်ဆောင်ထဲ၌ အကျဉ်းသားတစ်ရာကျော်ခန့် တန်းစီ၍ ပုံစံထိုင်နေကြသည်။

"ဒီလမ်းကြောင်းအတိုင်း ဝင်ပါ ချိ(ဗ်)"

ထောင်မှူးမဂ္ဂနားက အလယ်အူကြောင်းလမ်းအတိုင်း ဝင်ရန်ညွှန်ပြသည်။ ဂျော်နီဘသိုက်က ဟိုကြည့်ဒီကြည့်ဖြင့် လျှောက်ဝင်လာသည်။ ဘေးတစ်ဖက်တစ်ချက်တွင် အကျဉ်းသားများ ပုံစံဖြူဝတ်လျက် မျက်နှာကို ရှေ့တည့်တည့်ထားကာ ပုံစံထိုင်နေကြသည်။

ထိုစဉ် ဘယ်ဘက်အစွန်တွင် ထိုင်နေသောအကျဉ်းသားတစ်ဦးက မတ်တတ်ထကာ ပုံစံရပ်နေပါလေသည်။ သူက ဂျော်နီဘသိုက်ကိုကြည့်ကာ –

"သခင်ကြီး"

ဂျော်နီဘသိုက်က သူ့ကိုခေါ်သည်မထင်၍ နောက်မှပါလာသော ထောင်မှူးနှစ်ယောက်ကို လှည့်ကြည့်သည်။ ထောင်မှူးမဂ္ဂနားက –

"ချိ(ဗ်)ကိုခေါ်နေတာပါ"

"ဟော ... ငါ့ကိုဟုတ်လား"

"ရက်စ်ဆား"

အကျဉ်းသားက နောက်တစ်ကြိမ် ခေါ်လိုက်ပြန်၏။

"သခင်ကြီး"

"ဟင်"

ဂျော်နီဘသိုက် နားကြော[illegible] သွားကာ ကြက်သီးထချင်သလို[illegible]

www.burmeseclassic.com

www.burmeseclassic.com

အဖျားတက်ချင်သလိုလို ဖြစ်မိသည်။ ဒီတစ်ခါတော့ သူ့ကိုခေါ်တာ သေချာသွားသည်။

"ကျွန်တော်မျိုးကို ဘုတ်တိုက်ပေးစမ်းပါ"

"သူဘာပြောတာလဲ"

ထောင်မှူးမဂ္ဂနားက –

"ဩော် ... သူ့လွတ်ရက်ကို တွက်ပေးဖို့ပြောတာပါ"

"ဟုတ်လား၊ ဒါနဲ့ ဘုတ်တိုက်တယ်ဆိုတာက ဘာကိုပြောတာလဲ"

"ဘုတ်ဆိုတာက Book စာအုပ်ကိုပြောတာပါ။ ဒီစကားက ထောင်ထဲမှာအသုံးများပါတယ်။ ဘုတ်ကိုင်၊ ဘုတ်သား၊ ဘုတ်လိုက်၊ အပြင်ဘုတ်၊ မိလ္လာဘုတ်စသည်အားဖြင့်ပေါ့"

အကျဉ်းသားက ရှေ့တစ်လှမ်းတိုးကာ သူ့ကိုစာပါကတ်ထူပြားတစ်ခု လှမ်းပေးသည်။ ထောင်မှူးက လှမ်းယူသည်။

"ဒါက ဘာလဲဗျ"

"ဒါ နံပါတ်ကြီးလို့ ခေါ်ပါတယ်ဆာ"

"ဘာအဓိပ္ပာယ်လဲ"

"ဒါ အကျဉ်းသားရဲ့ ကိုယ်ရေးရာဇဝင်ကတ်ပြားပါ။ အင်္ဂလိပ်လို History Ticket လို့ခေါ်ပါတယ်"

"ဒါဖြင့် ဒါနဲ့ သူ့လွတ်ရက်ကို တွက်လို့ရတာပေါ့ ဟုတ်လား"

"ရက်စ်ဆာ"

"ဒါကို ဘယ်လိုတွက်ရသလဲ"

"ဒါတော့ ချွန်ဒေါ် နောက်မှ အေးအေးဆေးဆေးရှင်းပြပါ့မယ်"

ထောင်မှူးကပြော်ရင်း နံပါတ်ကြီးကို လှန်လှောကြည့်ကာ အကျဉ်းသားအား –

"မောင်မင်းလွတ်ဖို့ တစ်လလောက်လိုသေးတယ်။ နောက်ဆယ်ရက်လောက်ကြာရင် ငါထောင်ပိုင်ကျန်ရက်တင်ပေးမယ်။ အခုနံပါတ်ကြီးထားခဲ့"

အကျဉ်းသားက လက်အုပ်ချီကာ –

"ကျေးဇူးတင်ပါတယ် သခင်ကြီး"

ဤသို့ဖြင့် သူတို့အဖွဲ့ အလယ်အူလမ်းကြောင်းအတိုင်း ဆက်လက်စစ်ဆေးခဲ့သော်လည်း နောက်တင်ပြမည့် အကျဉ်းသားပေါ်မလာတော့ပေ။ ထို့ကြောင့် နောက်ပြန်လှည့်မည်ပြုစဉ် –

"စော့ ... ဘာသခင်ကြီးလဲကွ၊ အလိုတော်ရိ ဘသိုက်ကိုများ ... ဟား ... ဟား ... ဟား"

နောက်ဆုံးတန်းမှ အသက်ငါးဆယ်ကျော် သျှောင်ကြီးဗွေနှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးထူလပျစ်နှင့် အာလူးများကို သီထားသော ပုတီးကြီး လည်ပင်းစွပ်လျက်နှင့် အကျဉ်းသားတစ်ယောက်က ရုတ်တရုတ် ထအော်ပြောလိုက်ခြင်းဖြစ်၏။

ဂျော်နီဘသိုက်မျက်နှာ ရဲခနဲဖြစ်သွားကာ –

"ဒီအကျဉ်းသားက ဘယ်သူလဲကွ။ လူကိုမလေးမစားနဲ့ဟေ့"

ထောင်မှူးမဂ္ဂနားက မျက်နှာချိုသွေးလျက် –

"သည်းခံပါဆာ၊ သူ ... သူက စိတ်မနှံ့တဲ့ အရူးဘိုးတော်မို့လို့ပါ"

"မဂ္ဂနား"

"ရက်စ်ဆား"

"မင်းဟာ ... အရူးလည်းပြောသေး ဘိုးတော်လည်းဆိုသေး၊ ဘာလို့ ဒီဆန့်ကျင့်ဘက်စကားနှစ်လုံးကတွဲနေရတာလဲကွ"

"ရက်စ်၊ ဟုတ်ဆာ၊ ဒါကဒီလိုပါ။ ဒီလူကအပြင်မှာတုန်းက ဘုရားတကာလှည့်ပြီး ဗေဒင်ဟောလိုက်၊ တရားဟောလိုက်၊ တရားထိုင်လိုက်လုပ်ခဲ့လို့ သူ့ကိုလူတွေက ဘိုးတော်လို့ နာမည်ပေးထားတာပါဆာ"

"ဩော်"

"ထောင်ထဲရောက်မှ သဘောမကျတာတွေ လျှောက်လုပ်ပြီး ရူးကြောင်ကြောင် စကားတွေလျှောက်ပြောနေတာနဲ့ အကျဉ်းသားတွေက အရူးဘိုးတော်လို့ နာမည်ပေးထားကြတာပါဆာ"

"နို့ ... သူက ဘာမှုနဲ့ထောင်ကျလာတာလဲ"

"ဖိုးတွမ်တီးပါဆာ"

ဂျော်နီဘသိုက်- ဒေါသထောင်းခနဲထွက်သွားကာ အရူးဘိုးတော်အား လက်ညှိုးငေါက်ငေါက်ထိုးကာ –

"အောင်မာ၊ ဟော့ကောင် ... လူလိမ်အရူးကများ ငါ့ကိုစော်စော်ကားကား"

သူ့စကားမဆုံးမီ အရူးဘိုးတော်က –

"ဟက် ... ဟတ် ... ဟား အသက်ကဖြင့် ငါ့သားလောက်ရှိတဲ့ သတ္တဝါက ငါ့ကိုများ ဟော့ကောင်တဲ့။ မြေမျိုခံရမယ့်ကောင်ကများ မခန့်လေးစားနဲ့ တောက်"

ဂျော်နီဘသိုက် မျက်ထောင့်နီလာကာ –

"ဟေ့ ... မဂ္ဂနား၊ မင်းတို့ထောင်ကို ဘယ်လိုအုပ်ချုပ်နေတာလဲ။ အကျဉ်းသားက ထောင်အရာရှိကို ဒီလိုမိုက်မိုက်ရိုင်းရိုင်း ပြောတာကို ဒီအတိုင်းကြည့်နေတော့မှာလားကွကောင်း"

www.burmeseclassic.com

**မဂ္ဂနာ**းက သတိဆွဲအလေးပြု လိုက်ကာ –

"စိတ်ချပါ ချိ(ပ်)၊ သူကို ချွန်ဒေါ် အခုပဲ တိုက်ပိတ်ထားမှာပါ။ ဟော့ ... ဆာဂျင် ဒီအရူးဘိုးတော်ကို ချက်ချင်း တိုက်ထဲခေါ်သွားစမ်း"

အရူးဘိုးတော်က ဆာဂျင်အား–

"ခဏလေးပါ ဆာဂျင်၊ တိုက် ဆိုတာ ကျုပ်အသည်းစွဲ ဂေဟာပေါ့။ တိတ်ဆိတ်တယ်။ အေးချမ်းတယ်။ တရားကျင့်လို့ကောင်းတယ်လေ ..။ ဒါပေမယ့် ကျုပ်မသွားခင် ဒီအလို တော်ရှိဘသိုက်ဆီမှာ တစ်ခုတောင်း ဆိုစရာ ရှိသေးတယ်"

မဂ္ဂနားကဆာဂျင်အား အရူးဘိုး တော် စကားဆက်နားမထောင်ဘဲ ချက်ချင်းခေါ်သွားရန် လက်ဟန်ခြေ ဟန်ပြသည်။ ဆာဂျင် အရူးဘိုးတော် ၏ လက်နှစ်ဖက်ကို ချုပ်ကိုင်လိုက်ပြီး အတင်းဆွဲခေါ်ရန်ပြင်သည်။

ထိုစဉ် ဂျော်နီဘသိုက်က လက် ကာပြကာ အရူးဘိုးတော်အား –

"နေပါဦး။ မင်းကငါ့ကို ဘာများ တောင်းဆိုချင်သေးလို့လဲကွ။ ရာရာ စစဟင်"

အရူးဘိုးတော်က စပ်ဖြဲဖြဲအမူ အရာဖြင့် –

"အဟဲ ..ဟဲ၊ တခြားတော့ မဟုတ်ပါဘူး။ အလိုတော်ရှိက နယ် ပိုင်ဝန်အိမ်က စားဖိုမှူးဆိုတော့ ဟို လေ အလစ်သုတ်ထားတဲ့ ဝီစကီတစ် ပက်လောက်များ မျှဝေပေးနိုင်မလား လို့ပါကွယ်"

"ဘာ ... ဒီအရူးကများ လူကို အလစ်သုတ်သလေးဘာလေးနဲ့ .. တောက်"

"ဟား ... ဟား ... ဟား၊ မင်းတို့နယ်ချဲ့အင်္ဂလိပ်နား ကပ်ဖားရပ် ဖားလုပ်နေတဲ့ လက်ပါးစေမှန်သမျှ သူခိုးချည်းပဲဟာ"

"တယ် ... ဒီအရူးတော့ ငါ လုပ်လိုက်ရင် သေတော့မှာပဲနော်"

ဂျော်နီဘသိုက် မျက်ထောင့်နီ လာပြန်သည်။

"ကြောက်ပါပြီ အလိုတော်ရှိကြီး ရယ်။ ဟဲ ... ဟဲ လူဆိုတာ တစ်နေ့ တော့ သေရမှာပါပဲ။ မသေခင် သူခိုး ဝီစကီလေးတစ်ပက်လောက် သောက် ရရင် သေပျော်ပါပြီကွာ"

ဂျော်နီဘသိုက် ဒေါသတုထောင်း ထောင်းဖြင့် တိုက်ထဲချက်ချင်း ပိတ် ခိုင်းမည်လုပ်ပြီးမှ ဘာကိုတွေးမိသွား သည်မသိ။ ကောက်ကျစ်သောအပြုံး တစ်ပွင့် ခြွေလိုက်ကာ –

"ကဲပါလေ ... ခင်ဗျား ဒီ လောက်တောင် သောက်ချင်နေမှ- တော့ ကျုပ်ဘက်က ဝတ္တရားကျေပွန် ရမှာပေါ့ဗျာ။ ဒါနဲ့ ဘာဝီစကီသောက် ချင်တာများလဲ"

ဂျော်နီဘသိုက် အမူအရာသာ မကလေသံပါ ရုတ်ချည်းပြောင်းလဲ သွားခြင်းအပေါ် အရူးဘိုးတော် တစ် ချက်မျှ မှင်တက်မိသလို တွေဝေသွား သေးသည်။ ပြီးမှ ဘာမှမဖြစ်သလို ဟန်ပန်ဖြင့် –

"ဟဲ ... ဟဲ၊ ဂျော်နီဘသိုက် သောက်တဲ့ ဝီစကီဆိုမှတော့ ဂျော်နီ ဝါကားပဲဖြစ်ရမှာပေါ့ကွာ။ မဟုတ်ဘူး လား"

ဂျော်နီဘသိုက် ခေါင်းညိတ်ပြ ကာ–

"ကောင်းပြီလေ၊ ဂျော်နီဝါးကား တစ်ပက် မဟုတ်ဘူး။ တစ်ပုလင်းလုံး လက်ဆောင်ပေးလိုက်မယ်။ ဒါဆို ကျေနပ်ရောပေါ့ ဘိုးတော်"

အရူးဘိုးတော် ပါးစပ်ဟောင်း လောင်းပွင့်လုနီးပါး အံ့အားသင့်သွား သည်။ အမူအရာရော၊ လေသံပါ ပြောင်းလဲသွားသည်သာမက သူ့ကို ခေါ်လိုက်ပုံကလည်း ဘိုးတော်တဲ့။ ရှေ့က အရူးမပါတော့။

"ဟုတ်လား ... ဒါဆိုလည်း အတိုင်းထက်အလွန်တံခွန်နဲ့ကုဿိုလ် ဖြစ်သွားတာပေါ့။ ကျုပ်ကထောင်ကျ နေတော့ အရက်ငတ်နေတာကြာပြီ လေ ထောင်ပိုင်ကြီးရဲ့ ဟဲ ... ဟဲ ... ဟဲ"

အရူးဘိုးတော်က ဂျော်နီဘ သိုက်ကို အကဲခတ်ရင်းက ရေလို[illegible]။ လိုက်ပြောလိုက်သည်။ စောစောကလို အလိုတော်ရှိ မဟုတ်ဘဲ ထောင်ပိုင် ကြီးဟု မြှောက်ခေါ်ပေးလိုက်၏။

"ရတယ် ဘိုးတော်၊ ဒါဆိုခဏ လေးစောင့်နော်"

ဂျော်နီဘသိုက်က မလှမ်းမကမ်း ရှိဝန်ထမ်းတစ်ဦးအား အနီးသို့ခေါ်ကာ သူ့အိမ်ပေါ်လက်ညွှန်ပြပြီး တီးတိုးပြော လိုက်သည်။ ထိုအခိုက်အတန့်ဝယ် အဆောင်တစ်ခုလုံး အပ်ကျသံကြားရ မတတ် တိတ်ဆိတ်ငြိမ်သက်နေသည်။ အကျဉ်းသားများ ရှေ့ဆက်ဘာဖြစ် လာမည်ကို စိတ်စောနေကြ၍ ဖြစ်၏။ ထောင်မှူးနှစ်ဦးမှာမူ အရူးဘိုးတော် လက်ထဲ ဂျော်နီဝါးကားတစ်ပုလင်း ရောက်သွားပါက နောက်ဆက်တွဲဖြစ် ပေါ်လာမည့် ပြဿနာများကို တွေးပူ နေမိကြသည်။

အတန်ငယ်အကြာတွင် စော စောကဝန်ထမ်း ဂျော်နီဝါကားတံဆိပ် ပါ ပုလင်းကိုကိုင်၍ ပြန်ရောက်လာ သည်။ ပုလင်းထဲတွင်ကား သောက်



www.burmeseclassic.com

www.burmeseclassic.com

ချင့်စဖွယ် ပယင်းရောင်ဝါလဲ့လဲ့နှင့်။

ဂျော်နီဘသိုက်က ပုလင်းအနီးကပ်ကာ အနံ့ခံကြည့်လိုက်ပြီး ပြုံးလျက် ခေါင်းညိတ်ပြလိုက်ပြီး ဝန်ထမ်းအား –

"အေး ... ဒီပုလင်းကို ဘိုးတော်ကို ဆက်သလိုက်ပါကွာ"

ဝန်ထမ်းက ခေါင်းညိတ်ပြကာ အရှူးဘိုးတော်ဆီသို့ တန်းလျှောက်သွားကာ ပုလင်းကိုအပ်လိုက်၏။ အရှူးဘိုးတော်က ပြုံးရွှင်စွာလက်ခံယူပြီး ပုလင်းအဖုံးကိုဖွင့်ကာ သူ့လက်ခုံပေါ်သို့ အရက်တစ်စက်နှစ်စက် ခါချလိုက်၏။ ပြီးမှ စစ်မစစ်လျှာဖြင့် တို့ကြည့်ခိုက် သူ့မျက်လုံးတို့ ပြူးကျယ်သွားကာ တအံ့တသြဖြစ်သွားလေသည်။

ဂျော်နီဘသိုက်က လက်နှစ်ဖက်ကိုပိုက်ကာ အရှူးဘိုးတော်၏ အမူအရာကို ကျေနပ်စွာပြုံးကြည့်နေလေသည်။

အရှူးဘိုးတော်က –

"ဟ ... ဟာ၊ ထောင်ပိုင်ကြီး ဝီစကီက အရောင်အဆင်းကော၊ အနံ့အသက်ကော တကယ့်ကို အကောင်းစားကြီးပါလားဟ"

ပြောပြောဆိုဆို ပုလင်းလိုက်မော့၍ တဂွပ်ဂွပ်နှင့် သောက်ပါလေတော့၏။ ဂျော်နီဘသိုက်၏ ပြုံးရွှင်နေသော မျက်နှာမှာ မယုံကြည်နိုင်သလို ဖြစ်နေရာမှ ပုလင်းထက်ဝက်ကျိုးသည်အထိ မော့သောက်နေသည်ကို ငေးကြည့်ရင်း မျက်လုံးများပါ ပြူးဝိုင်းလာပါတော့သည်။

"ဟဲ ... ဟဲ၊ ကောင်းလိုက်တဲ့ ဝီစကီဗျာ။ ကျုပ်တစ်သက်တာမှာ ဒီလောက်ကောင်းတဲ့အရက်မျိုး ဒီတစ်ခါပဲ သောက်ဖူးသေးသဗျ။ ကျေးဇူးတင်လိုက်တာ ထောင်ပိုင်ကြီးရယ်၊ အော့ ..."

အရှူးဘိုးတော်ပြောရင်း လေတက်လာကာ မျက်နှာမှာလည်း တဖြည်းဖြည်း နီမြန်းလာပါလေသည်။ ပြောရင်းက ဆက်မော့သောက်နေပြန်သည်။ သုံးပုံနှစ်ပုံခန့် ကုန်သွားပြီးနောက် –

"ဟဲ ... ဟဲ၊ ဘဲဒီးဘဲဒီးဂွတ်ပဲ ထောင်ပိုင်ကြီးရေ ... အော့ ... ဟော့။ အခန်းလူကြီးတွေ ဘယ်နှယ့်ငိုင်းကြည့်နေကြတာလဲကွ။ အလိုက်ကန်းဆိုးမသိတဲ့လူတွေ အမြည်းလေးဘာလေး လုပ်ကြဦးလေကွာ။ အော့ ... အင်း"

အရှူးဘိုးတော် လျှာလေးအာလေး ဖြစ်လာလေပြီ။ ဝီစကီပုလင်း သုံးပုံနှစ်ပုံ ဝင်သွားမှတော့ တော်ရုံလူ မူးပြီးမှောက်နေလောက်ပြီ။ အခန်းလူကြီးများက သူတို့မှာရှိသော စားစရာများ ပျာပျာသလဲထုတ်ပေးကြသည်။

ထိုဖြစ်ရပ်ကို ငေးကြည့်ရင်း ထောင်မှူးနှစ်ဦး အလွန်စိုးရိမ်နေကြသလောက် ဂျော်နီဘသိုက်နှင့် စောစောက အရက်ပုလင်း သွားယူသော ဝန်ထမ်းတို့မှာမူ တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်ကာ အလွန်အမင်း အံ့အားသင့်နေကြလေသည်။

"ဟော့ ... မင်း ငါခိုင်းတဲ့အတိုင်း သေချာလုပ်ခဲ့ရဲ့လား"

ဂျော်နီဘသိုက်က ဝန်ထမ်းအား ခပ်တိုးတိုးမေးလိုက်သည်။

"စိတ်ချပါ ထောင်ပိုင်ကြီး။ ကျွန်တော်ကိုယ်တိုင် အိမ်သာထဲဝင်ပြီး ပုလင်းပြည့်အောင် ပေါက်ထည့်လာတာပါခင်ဗျာ"

"ဟေ .. ဒါဆို ဒီအရူးသေးတွေကို အော့အန်ထုတ်ရမယ့်အစား ဘာလို့အရက်မူးသလို ဖြစ်နေရတာလဲကွ"

"ကျွန်တော်လည်း၊ အဲဒါကို တအားအံ့သြနေတာပါဆရာ"

ထိုစဉ် ထောင်မှူးမင်္ဂနားအနီး ရောက်လာကာ –

"ဘယ်လို လူလေး၊ မင်းခုန ပြောတာ ပုလင်းထဲသေးတွေ ပေါက်ထည့်ထားတယ် ကြားမိသလားလို့"

ဝန်ထမ်းက ဂျော်နီဘသိုက်မျက်နှာမော့ကြည့်ရာ ဟန့်တားမှုမရှိသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"အိုးမိုင်ဂေါ့၊ ဒါဆို ဒီအရူး ဘာလို့မူးနေရတာလဲ"

"အဲဒါ ကျွန်တော်လည်း မပြောတတ်ဘူးဆရာ"

ထောင်မှူးမင်္ဂနား မျက်လုံးပြူးကြီးဖြင့် ထောင်မှူးသော်မဆင်ဆီ ပြေးသွားကာ တွတ်ထိုးနေလေသည်။

ထိုအချိန်တွင် အရှူးဘိုးတော်မှာ ဝီစကီတစ်ပုလင်းလုံး ကုန်သွားကာ ကြမ်းပြင်ပေါ်မှောက်လျက် တခေါခေါနှင့် အိပ်ပျော်နေပါလေပြီ။ ထိုအခါမှ အခန်းလူကြီးများမှာ အရက်နံ့မဟုတ်ဘဲ အလွန်နံဟောင်နေသော သေးနံ့တထောင်းထောင်းကို ရှူရှိုက်လိုက်ကြရသဖြင့် ကိုယ့်နေရာကိုယ်ပြန်ပြေးကြပါတော့၏။

ဂျော်နီဘသိုက်လည်း သူ့ကိုမိုက်မိုက်ရိုင်းရိုင်း စော်ကားမော်ကား ပြုနေသော အရှူးဘိုးတော်ကို ပညာပေးရန်အကြံဖြင့် ဂျော်နီဝါကားပုလင်းထဲ ကျင်ငယ်ရည်ထည့်တိုက်စေခဲ့ခြင်းဖြစ်၏။ သို့တစေ အရှူးဘိုးတော်မှာ မျက်နှာတစ်ချက်မပျက်ဘဲ တစ်ပုလင်းလုံးကုန်အောင်သောက်ကာ ဆက်ရက်



www.burmeseclassic.com

www.burmeseclassic.com

မင်းစည်းစိမ်ပင် တခေါခေါနှင့် ခံစားနေပါသေးသည်။

ထိုနေ့က ဂျော်နီဘသိုက်တစ်ယောက် တနင်္လာနေ့ တန်းစီမှအပြန် ဘူးဝရုံးခန်းထဲသို့ ပြန်မဝင်နိုင်တော့ဘဲ အိမ်တန်းတက်ကာ အိပ်ရာထဲလဲခွေသွားလေသည်။ စိတ်ထောင်း၍ ကိုယ်ကြေသွားသည်လားတော့မသိ။ သူ့စိတ်ထဲ အဓိက မကျေမနပ်ဖြစ်နေသည်မှာ သူ့ကိုယ်သူပင်။

ဘိုအိမ်တကာတွင် ထမင်းလှည့်ချက်ပေးခဲ့ရသော ဘဝထဲက သူ့စိတ်နှင့်မတွေ့သူဆိုလျှင် သခင်ကြီးတို့ထံ ချွန်တွန်းလုပ်ပေးလိုက်ရုံပင်။ ထိုသူ ဘဝပျက်ရင်ပျက်၊ တခြားတစ်နေရာသို့ ပြောင်းပြေးရင် ပြေးရလောက်အောင် အစွမ်းထက်ခဲ့သူဖြစ်၏။

နယ်ပိုင်ဝန်အိမ်၌ ထမင်းချက်အပြင် သူ့တောတက်လျှင် ရွာတကာလိုက်၍ စကားပြန်လုပ်ပေးခဲ့စဉ်ကလည်း ထိုနည်းလည်းကောင်းပင်။ သူ့ကိုလစ်လျူရှုသော၊ ဂရုမစိုက်သောသူကြီးကိုတွေ့လျှင် သခင်ကြီးကို နှစ်ခွန်းမပြောလိုက်ရ။ နောက်တစ်နေ့နံနက် သူကြီးရာထူး ပြုတ်ပြီသာမှတ်။

ယင်းသို့ မကောင်းမှုလုပ်ရာတွင် ကျွမ်းကျင်ခဲ့သောသူမှာ ခု အရှုံးဘိုးတော်နှင့်ကျမှ ဘာတွေဘယ်လိုဖြစ်ကုန်သည် မသိ။ သူထည့်ပေးထားသော ကျင်ငယ်ရည်ကို ဖြိန်ရေရှက်ရေ၊ မရှုံမရှာ သောက်သည်သာမကသေး၊ ထိုသေးရည်ကိုသောက်၍ တကယ့်အရက်သမားတစ်ယောက်ပမာ မူးနေလိုက်သေးသည်။ တကယ့်အံ့ဖွယ်သုတပါပေ။

နောက်တစ်နေ့မနက်မှာကား အဆိုပါအံ့ဖွယ်သုတထက် အဆပေါင်းများစွာ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းတစ်ခု ပေါ်ပေါက်လာလေသည်။ အခြားတော့မဟုတ်။ ဂျော်နီဘသိုက်ကိုယ်တိုင် ဂျော်နီဝါကားပုလင်းထဲ သူ့သေးများပေါက်ထည့်ပြီး ဝီစကီဆိုကာ တစ်ခွက်ပြီးတစ်ခွက် သောက်နေခြင်း ဖြစ်လေသည်။

"ဟင် ... ရှင် ... ရှင်၊ ဒါဘာလုပ်နေတာလဲ"

ဇနီးသည်ရွှေမိက ထမင်းစားခန်းထဲမှ သေးစော်နံပါသည်ဆိုကာ ဝင်ကြည့်ရာမှ တစ်ခွက်ပြီးတစ်ခွက် ထိုင်သောက်နေသော လင်တော်မောင်ကို တအံ့တသြတွေ့လိုက်ရ၏။

"ဟ ... နင်ကလည်း ကြည့်ရင် မသိဘူးလား။ ဝီစကီသောက်နေတာလေကွာ"

"အို .. ကိုဘသိုက် ရှင်သောက်နေတာ ဘယ်ကဝီစကီရမှာလဲ။ သေးရည်တွေရှင့်"

"အာ ... ဒီတောသူမနှယ်၊ ဘာမှနားမလည်ဘဲနဲ့။ ဒါနိုင်ငံခြားကလာတဲ့ ဂျော်နီဝါကားအကောင်းဆုံးကွ။ အနံ့လေးက မွှေးကြိုင်နေတာပဲ။ မယုံရင် နမ်းကြည့်ပါလား ... အင့်"

ရွှေမိနှာခေါင်းရှုံ့လျက် –

"အို ... ရှင်ဘယ်လို ဖြစ်နေတာလဲ။ စိတ်မှ မှန်သေးရဲ့လား"

"စိတ်မှန်လို့ ဝီစကီသောက်နေတာပေါ့မိန်းမရာ ... ဟား ... ဟား၊ အမြည်းလေးဘာလေးလုပ်ပါဦး ရွှေမိရယ်"

ရွှေမိမှာ လင်တော်မောင်၏အဖြစ်ကို ဆက်မကြည့်ရဲဘဲ ထမင်းစားခန်းထဲမှ ပြေးထွက်လာခဲ့သည်။ အိပ်ခန်းထဲဝင်ကာ ဆောက်တည်ရာမရနိုင်လောက်အောင် ဝမ်းနည်းပက်လက် အသံထွက်ငိုနေမိသည်။

ဂျော်နီဘသိုက်မှာမူ သူ့မှာ ပေါက်ထည့်ရန် သေးမထွက်တော့၍ ထောင်မှူးမဂ္ဂနားအား သေးရည်များ အမြန်လာပို့ပေးရန် အိမ်ပေါ်မှ လှမ်းအမိန့်ပေးလိုက်၏။ မကြာမီ ထောင်ထဲမှ အကျဉ်းသားများပေါက်ထားသော သေးရည်များ စဉ့်အိုးလိုက်ရောက်ရှိလာပါတော့၏။ ဂျော်နီဘသိုက် သေးရည်များအိုးလိုက်မြင်တော့ အရမ်းပျော်သွားကာ တစ်ခွက်ပြီး တစ်ခွက် ခပ်သောက်ပါလေတော့၏။

မယုံကြည်နိုင်စရာ ကောင်းသည်မှာ ဂျော်နီဘသိုက် မကြာမီ ရချိန်ကိုက်လာကာ ထောင်ထဲမှအကျဉ်းသားများအား အော်ကြီးဟစ်ကျယ် ဆဲဆိုနေလေသည်။ ထို့နောက်မှာကား ဘာသံမှ ထပ်မကြားရတော့။ ရွှေမိလာကြည့်ရာ အရက်မူး၍ တခေါခေါနှင့် အိပ်ပျော်နေသည်ကို အံ့သြဖွယ်မြင်ရပါတော့၏။

ရွှေမိ စဉ်းစားရလေပြီ။ သူ့ယောက်ျား မနေ့က ထောင်ထဲဝင်သွားတော့ အကောင်းပကတိ။ ထောင်ထဲမှပြန်လာတော့ အိပ်ချင်သည်ဆိုကာ ထမင်းပင်မစားတော့ဘဲ တစ်နေ့လုံး၊ တစ်ညလုံး အိပ်နေခဲ့သည်။

ခုဒီမနက်ကျတော့ ထူးထူးဆန်းဆန်းတွေလုပ်နေသည်။ ဒါက တနင်္လာနေ့ ထောင်ပိုင်တန်းစီနှင့် တစ်ခုခုပတ်သက်နေသလား။ ထောင်ထဲတွင် ဘယ်လိုထူးခြားဖြစ်စဉ်တွေ ဖြစ်ပေါ်ခဲ့လို့လဲ။ အင်း ... ငါဒီအတိုင်းနေလို့ မဖြစ်ဘူး။

ထိုနေ့ညနေ ထောင်မှူးမဂ္ဂနားကို အိမ်ခေါ်မေးမှ ဖြစ်ကြောင်းကုန်စင် သိရတော့၏။ ကြည့်ရတာ အရှုံး

www.burmeseclassic.com

ဘိုးတော်ဆိုသည့် အကျဉ်းသားလက်ချက် ဖြစ်မည်မှာ သေချာသည်။ ဒီအကျဉ်းသားက ဘာတွေများစွမ်းနေလို့လဲ။ သူလုပ်တာပဲဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ငါသူနဲ့ တွေ့မှဖြစ်တော့မည်။

ထောင်မှူးမဂ္ဂနားအား ထိုအရူးဘိုးတော်ဆိုသူကို ဘူးဝရုံးခန်းထဲသို့ ခေါ်ခိုင်းလိုက်၏။ အရူးဘိုးတော်ကိုမြင်တော့ ရွှေမိအံ့အားသင့်သွားသည်။

"ဟင် ... ဒါ ... ဒါ ဘကြီးစိုးမဟုတ်လားဟင်"

အရူးဘိုးတော်က ခေါင်းညိတ်ပြသည်။

"ငါသိနေတယ်လေ ရွှေမိ၊ နင်ငါ့ဆီရောက်လာတော့မယ်ဆိုတာ"

"အို ... ဘာကို သိနေတာလဲ ဘကြီးစိုး"

"ရွှေမိ ... နင့်ယောက်ျားတစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာကိုပေါ့"

"ရှင် ... ဘယ်လို"

"ဒီကောင်က တစ်ရွာသားလေ။ ဒါကြောင့် နယ်ချဲ့အင်္ဂလိပ်အားကိုးနဲ့ တို့ရွာသားတွေကို အတော်ဒုက္ခပေးခဲ့တာပေါ့။ ပြီးတော့ အတော်လည်း ရက်စက်တဲ့ကောင်ကွယ့်။ သူ့စနက်ကြောင့် ငါတို့ညီအစ်ကိုမောင်နှမတွေ တခြားရွာပြောင်းပြေးရတာလေ။ ငါတတော့ လိမ်လည်မှုနဲ့ ထောင်ထဲရောက်နေလို့ တော်သေးတယ်ပြောရမယ်။ ဒါကလည်း သူများကိုစွမှာ စေတနာနဲ့ဝင်ကူမိလို့ တရားခံဖြစ်ရတာပါ။ ဝဋ်ကြွေးပေါ့ဟာ။ အဲ ... နင်နဲ့ရပြီး သမီးလေးတစ်ယောက်မွေးတော့မှ ဒီကောင်နည်းနည်းခြေငြိမ်သွားတယ်မှတ်နေတာ။ အခုတော့ ငါ့ကိုတည့်တည့်ကြီး တိုက်ခိုက်တော့တာကိုးဟ"

"ဒါဆို သူ့ကိုဒီလိုဖြစ်အောင် ဘကြီးစိုးလုပ်ထားတာပေါ့"

"ဒ ... ငါဘာမှ မလုပ်ဘူး ရွှေမိ။ ဒီကောင်သူ့ဒုက္ခ သူရှာတာလေ။ ငါအရက်တောင်းတာကို ယုတ်ယုတ်မာမာနဲ့ သေးရည်တွေထည့်တိုက်တယ်။ တူသောအကျိုး ပေးတာပေါ့လေ။ သိပ္ပံစကားနဲ့ပြောရရင် တန်ပြန်မှုတိုင်းတွင် တူညီသော သက်ရောက်မှုရှိသတဲ့ကွယ်။ ဒီကောင်ငါ့ကို သေးရည်တွေ ထည့်တိုက်လို့ သူကိုယ်တိုင်သေးရည်ဘွ ပြန်ရောက်နေရတာပေါ့ဟာ"

"ဒါဆို သူ့ဒီဒုက္ခကလွတ်အောင် ကျွန်မဘယ်လိုလုပ်ရမလဲ ဘကြီးစိုး"

"ကဲ ... ကဲ၊ ငါနင့်မျက်နှာနဲ့ ဒီကောင့်ကို ခွင့်လွှတ်ပေးလိုက်မယ်။ ရော့ ... ဒီပုတီးကို သူ့လည်ပင်းမှာ စွပ်ပေးလိုက်"

အရူးဘိုးတော်က သူ့လည်ပင်းက အာလူးပုတီးကို ချွတ်လျက် ရွှေမိအားပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဘကြီးစိုး"

ရွှေမိ ဆိုင်းငံ့မနေတော့ဘဲ အိမ်ပေါ်ပြေးတက်ခါ ဂျော်နီဘသိုက်၏ လည်ပင်းတွင် အာလူးပုတီးကို စွပ်ပေးလိုက်၏။

"ဟင် ... ရွှေမိ၊ ငါ ... ငါဘာတွေဖြစ်နေတာလဲ။ ဟင် ... သေးစော်ကလည်းနံလိုက်တာ။ အလို ... ဒီသေးအိုးကြီးက ဘယ့်နှယ်ငါ့အိမ်ပေါ် ရောက်နေရတာလဲ"

ဂျော်နီဘသိုက်မှာ ခုမှသတိဝင်လာကာ ရွှေမိအား တစ်ခုပြီးတစ်ခုမေးနေသည်။

"ရှင် ဘာမှမသိဘူးလား"

"ဟင့်အင်း"

ရွှေမိက ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။

"ဟေ ... ဟုတ်လား"

ဂျော်နီကပြောရင်း သူ့လည်ပင်းက အာလူးပုတီးကို စမ်းမိသွားသည်။

"ဟင် ... ဘိုးတော်ရဲ့ပုတီးပါလား။ ဘယ်လိုလုပ် ငါ့လည်ပင်းရောက်နေတာလဲဟ"

"ဘိုးတော် ပေးလိုက်တာလေ။ ဒီပုတီးကြောင့် ရှင်ပြန်သတိရလာတာပေါ့"

"ဩော် ... ငါ .. ငါ သူတော်ကောင်းကို ပြစ်မှားမိတာပါလား"

ဂျော်နီဘသိုက်က ထောင်ထဲသို့ ရည်ရွယ်လက် အုပ်ချီကာ –

"အမိုက်အမဲကို ခွင့်လွှတ်တော်မူပါ ဘိုးတော်ခင်ဗျား"

ထိုခဏ၌ သေးနံ့များပျောက်သွားသည့်အပြင် အာလူးပုတီးကော၊ သေးအိုးကြီးပါ မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားကြလေသည်။

နောက်တစ်နေ့နံနက်မှစ၍ ဂျော်နီဘသိုက်တို့ မိသားစုထောင်မှပျောက် ချင်းမလှ ပျောက်ကွယ်သွားပါတော့၏။

ထိုအချိန်တွင် ဘကြီးစိုး ခေါ် အရူးဘိုးတော်၏ ဟားတိုက်ရယ်မောသံကိုသာ တစ်ထောင်လုံးကြားလိုက်ရပါလေသည်။

"တစ်လောကလုံး အရူးတွေချည်းပဲ။ လူတွေ ... လူတွေ၊ ကမ်းကုန်အောင် မိုက်တဲ့အရူးတွေ ဟား ... ဟား ... ဟား"

---

**ပီတာမြဦး**

www.burmeseclassic.com

www.burmeseclassic.com



# သီလတန်ခိုးနှင့် ဝေယျာဝစ္စအကျိုး

ပြည်ရွှေဘိုဆရာတော်(ရန်ကုန်)

သီဟိုဠ်ကျွန်း၏ အနောက်မျက်နှာဝယ် ပုပ္ဖါဝါသီအမည်ရှိသော ကျောင်းသည် ရှိ၏။ ထိုကျောင်းအနီးတွင် ဒေဝတာမည်သော ကျေးရွာကြီးတစ်သည်ရှိ၏။ ထိုရွာ၏အကြီးအကဲကား အမတ်ကြီးဒေဝ အမည်ရှိ၏။

တစ်ရံရောအခါ ထိုအမတ်ကြီးသည် အမှုကိစ္စတစ်ခုဖြင့် ထိုထိုရွာတို့သို့ လှည့်လည်၍သွား၏။ မိမိရွာသို့ ရောက်သောအခါ ထမင်းကလည်းဆာလှ၍ "အမောင်တို့ ထမင်းဆာပြီ၊ ပြင်ကြ" ဟု ဆိုသောအခါ စားဖိုမှူးတို့သည် ပြင်ဆင်ကြ၏။

ထိုအခါ ထမင်းပွဲအနီးတွင် အလွန်တရာမှ ဆာလောင်မွတ်သိပ်နေသောခွေးတစ်ကောင်သည် အစာမစားရသည့်အတွက် တုန်တုန်ခိုက်ခိုက်ဖြင့် ထမင်းပြင်ရာသို့ မျှော်၍ကြည့်နေ၏။ ခွေးက "အစာမစားရတာကြာပြီ။ အနည်းငယ်မျှ စားရသော်ကောင်း၏" ဟု ထမင်းပွဲပြင်ဆင်သူတို့၏အနီးမှ မျှော်ရင်းကြဲနေ၏။

ထမင်းပွဲပြင်ဆင်နေသူသည် ဒေဝအမတ်ကြီး ပွဲတော်တည်မည့်အနီး ခွေးကိုတွေ့မြင်သောအခါ ... "အောင်မယ် ဒီခွေးက" ဟုဆိုကာ တုတ်နဲ့ရိုက်ရန် ကြိမ်းမောင်းနေစဉ် အမတ်ကြီးက –

"ဟဲ့ ... ဟဲ့ အမောင် မလုပ်ပါနဲ့ကွယ်၊ သူ့ကျေးဇူး၊ ကိုယ့်ကျေးဇူးဆိုတာ ရှိတယ်ကွဲ့။ တိရစ္ဆာန်လေးကွပါကွယ်။ လူလိုတော့ ဘယ်အသိဉာဏ်ရှိပါ့မလဲကွဲ့" ဟူ၍ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါ၏။ ကျွန်ုပ်တို့လူသားများသည် ခွေးကိုချစ်သော်လည်း၊ လူတိုင်း ခွေးနဲ့အတူတူ မအိပ်ကြပါ။ ကျွန်ုပ်တို့သည် ညရောက်သောအခါ အိမ်အတွင်းမှနေပြီး အိမ်တံခါးမင်းတုန်းကို လုံခြုံအောင်ပိတ်ပြီး အိပ်ကြ၏။ အိမ်မှာမွေးထားသော ခွေးလေးများက အိမ်ဝင်း၊ ခြံဝင်းကို လုံခြုံအောင်စောင့်ပေးကြ၏။

အခု ဒေဝအမတ်ကြီးကား ခွေးကိုရိုက်ပုတ်မည့်သူကို တားမြစ်ပြီး သူစားမည့်ထမင်းထဲမှ ဟင်းများနဲ့ ရောနယ်ပြီး ခွေးငတ်လေးကို စေတနာရှိရှိ မေတ္တာစိတ်ဓာတ်၊ သဒ္ဓါစိတ်ဖြင့်ကျွေး၏။ "ဩော် ... ငါ့ထမင်းဆာသလို သူ့ခမျာလည်း ဆာရှာမှာပေါ့"။ ဟုတ်တယ်။ ဒီအသိစိတ်ဓာတ်ဟာ လူတိုင်းမထားနိုင်ပါဘူး။

စာရေးသူဘို့ရွာမှာ ကိုဘတုတ်နဲ့ မညိမ်းမိတို့ဆိုတာ ရှိတယ်။ ကိုဘတုတ်က စိတ်ခပ်ဆတ်ဆတ်၊ ဇနီးဖြစ်သူ မညိမ်းမိက ဘုရားကိုပန်းကပ်၊ သောက်တော်ရေကပ်၊ ဆွမ်းတော်တင် နေ့စဉ်ပြုလုပ်တယ်။

တစ်နေ့ မညိမ်းမိက အိမ်က ဘုရားဆွမ်းတော်ကပ်တယ်။ ဆွမ်းတော်ပွဲကို ခုံပေါ်တင်ထားတာပေါ့။ အိမ်မှာမွေးထားတဲ့ မိနီမက တက်ပြီးတော့ စားတယ်။ ဒီမှာတင်ပဲ ကိုဘတုတ်က စိတ်ဆိုးဆိုးနဲ့ ဓားနဲ့ပိုင်းဖြတ်လိုက်တယ်။

ဒါ သဘာဝမကျဘူး။ ကုသိုလ်စိတ်ကို အကုသိုလ်စိတ်က ချက်ချင်းဖုံးလွှမ်းသွားတာပဲ။ အမှန်ကတော့ ဒေါသပါပဲ။ ဒီဒေါသ မထိန်းသိမ်းနိုင်သေးရင် အကုသိုလ်ကပွားနေတော့မှာပါပဲ။

ဘယ်လောက်များ ဆန်းကြယ်သလဲလို့။ ကိုဘတုတ်ရဲ့ဇနီး မညိမ်းမိကလေးမီးဖွားတော့ ဓားဒဏ်ရာနဲ့ခွေးမလေးမိနီက အခုတော့ သူတို့ရဲ့သမီးလေး လာပြီးဖြစ်တယ်။ တော်ပါသေးရဲ့ ခြေလက်အင်္ဂါစုံလို့။

အမတ်ကြီးဒေဝဟာ သူကျွေးသောထမင်းကို အားရပါးရ စားသောက်နေတာမြင်တော့ သဒ္ဓါစိတ်တွေ ယိုဖိတ်နေတယ်။ စာဖတ်သူတို့ ဒီစိတ်ဓာတ်မွေးနော်။

ဒီလိုနဲ့ပဲဆိုကြပါစို့၊ အမတ်ကြီးသည် အသက်အတိုင်းနေပြီး ကွယ်လွန်လေသောအခါ ထိုရွာ၌ပင်လျှင် လူပြန်ဖြစ်ရတယ်။ အိမ်ရာတွေထူထောင်ပြီး အသက်အရွယ်ရလာသောအခါ ပုပ္ဖါရီသီကျောင်း ရဟန်းတော်တို့ထံသွားပြီး ရဟန်းပြုကာ စာပေပရိယတ်ကို တတ်အောင်သင်ကြားပြီး ကျင့်ဝတ်သိက္ခာနဲ့အညီနေတယ်။ ကျင့်ဝတ်တရားတို့ကို ဆောင်သောကြောင့် မဟာအဘယမထေရ်ဟုထင်ရှားတယ်။

စေတနာသဒ္ဓါတရား ထက်သန်က တိရစ္ဆာန်ပင် ပေးလှူသော်လည်း ကြီးမြတ်သော အကျိုးကျေးဇူးများခံစားရ၏။

**အကြောင်းကား ...**

ထိုမဟာအဘယမထေရ်သည် သီဟိုဠ်ကျွန်း၌ ပြဟ္မဏတိဿ အမည်ရှိသော သူပုန်သည် မင်းအဖြစ်ကို အလိုရှိ၍ အကြီးအမှူးပြု၏။ နိုင်ငံထက်စီးနင်းပြုလေသောအခါ ဘေးဒုက္ခ အမျိုးမျိုးတွေ ကြုံတွေ့ကြရ၏။ တစ်ဆယ့်နှစ်နှစ် ၁၂ လုံးလုံး မိုးမရွာသောကြောင့် ကန်၊ ချောင်း၊ မြောင်း၊ မြစ်တို့သည် ခန်းခြောက်ကုန်၏။ သီဟိုဠ်ကျွန်းတွင် ငတ်မွတ်ခြင်းဘေးတို့သည် ဖြစ်ကုန်၏။

ထိုအခါ ပုပ္ဖါရီသီကျောင်းနေ အရှင်မြတ်တို့သည် ငတ်မွတ်ခေါင်းပါးခြင်းဘေးဒဏ်ကြောင့် ဆွမ်းခံဘုဉ်းပေးဖို့ရန် အရေးခက်လှချေ၏။ သို့အတွက်ကြောင့် တစ်ရပ်တစ်ကျေးသို့ ထွက်ခွာရန်ကြံကြရ၏။

တချို့သော မထေရ်နှင့်ဒကာတို့ကား အရွယ်ရနေပြီဖြစ်သော အရှင်အဘယမထေရ်မြတ်ကို လျှောက်ထားကြကုန်၏။

"အရှင်ဘုရား ... ငတ်မွတ်သော ဘေးအန္တရာယ်သည် ကြီးစွာဖြစ်နေပါပြီဘုရား။ ဤအရပ်၌နေသဖြင့် အသက်ရှည်ခြင်းငှာ မတတ်နိုင်ရာ။ အရှင်ဘုရားသည် တပည့်တော်တို့နှင့်အတူ ကြွတော်မူပါဘုရား"ဟု တောင်းပန်လျှောက်ထားကြလေ၏။

မထေရ်မြတ်ကြီးသည် လျှောက်ထားကြသူတို့အား "ဒါယကာတို့ ... မြတ်စွာဘုရားသခင်၏ မွေတော်၊ ဓာတ်တော်တို့ကို ဌာပနာရာဖြစ်သော စေတီတော်တို့ကိုလည်းကောင်း၊ ဗောဓိပင်ကိုလည်းကောင်း အသက်ရှိတော်မူစဉ် ဘုရားသခင်ကဲ့သို့ မပြတ်ရှိခိုးဝတ်ပြုလျက်၊ မြတ်နိုးပူဇော်လျက် အမြဲမပြတ် ဆည်းကပ်၍နေသော ငါသည် စွန့်၍သွားအံ့သောငှာ မတတ်နိုင်။ ဤကျောင်း၌သာလျှင် ငါသည် အသက်ထက်ဆုံး အမှိုက်လှည်းခြင်းစသော သန့်ရှင်းရေးလုပ်၍သာလျှင် နေပါအံ့။ ငါ့ကို လိုစိမ့်သောငှာ ဒါယကာတို့က မခေါ်မထုတ်ကြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဤသို့မိန့်တော်မူ၏။

အဘယ မထေရ်မြတ်ကြီး၏ စကားကိုကြားကြရသော်စိတ်မကောင်းခြင်းကြီးစွာဖြင့် ဒကာနှင့်ရဟန်းတော်တို့သည် အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားကြလေ၏။

ထိုသီဟိုဠ်ကျွန်း၌ လူတို့သည် ပြောင်းရွှေ့သွားကြသောနေ့မှ စ၍ အဘယမထေရ်မြတ်သည် ဆွမ်းဘုဉ်းပေးခြင်းလည်း မရှိတော့ချေ။ မထေရ်ကြီးသည် စေတီတော်ရင်ပြင်ပေါ် ဗောဓိပင်၌ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလျက်သာလျှင် နေတော့၏။ အရှင်မဟာအဘယမထေရ်မြတ်ကြီးသည် စေတီတော်ရင်ပြင်ပေါ်ကပင် မဆင်းတော့ချေ။ ကုသိုလ်အလုပ်သာလျှင် လုပ်နေ၏။ မထေရ်မြတ်ကြီးသည် သုံးလေးရက်တိုင် ဆွမ်းဘုဉ်းပေးတော်မမူရချေ။

✿ ✿ ✿

ထိုအခါ သင်းဝင်ပင်၌ စောင့်သော နတ်သား(ရုက္ခစိုးနတ်)သည် ညှိုးနွမ်းပင်ပန်း နွမ်းနယ်သောကိုယ်ရှိသော မထေရ်မြတ်ကို မြင်ရသော် စိတ်မကောင်းဖြစ်၏။ သဒ္ဓါတရားလည်း ရှိ၏။

သို့အတွက်ကြောင့် သင်းဝင်ပင်စောင့်နတ်သည် မိမိ၏မယားဖြစ်သူ နတ်သမီးကိုခေါ်၍ တိုင်ပင်၏။ "ရှင်မ နတ်သမီး အဘယမထေရ်မြတ်သည်ကား စေတီတော်ကိုလည်းကောင်း၊ ဗောဓိပင်ကိုလည်းကောင်းစွန့်၍ တစ်ပါးသောအရပ်သို့ မသွားပြီ"ဟု ဝန်ခံပြီး တံမြက်လှည်းခြင်း၊ ဗောဓိပင်ရေလောင်းခြင်းစသော ဝတ်ကြီးဝတ်ငယ်ဖြင့်သာနေ၏။ အရှင်မြတ်အား ငါတို့မှ တစ်ပါး ဆွမ်းခံရာအရပ်သည် မရှိပြီ။ ထိုမထေရ်မြတ်သည် သေခြင်းကာလကိုသာစောင့်၍ နေရချေတော့မည်။

"ဟုတ်ပါရဲ့ မောင်ကြီးနတ်ရယ်။ မထေရ်မြတ်ကြီးဖြင့် ဆွမ်းတော်၍ ပျံလွန်တော်မူသော် ကျွန်ုပ်တို့အနေနဲ့ မသင့်တော်ချေ။ ယနေ့ပင်လျှင် အရှင်မြတ်အား ဆွမ်းလှူဒါန်းကြရအောင်"

လှူလိုသော စေတနာရှင်ကားရှိပါ၏။ အရှင်ကောင်း၊ အရှင်မြတ်တို့ရဲ့ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓအားဖြင့် တကယ့်ကို အားထုတ်ပြုလုပ်နေသလား။ စေတီတော်၊ ဗောဓိပင်၊ ကျောင်းဝင်း၊ ကျောင်းပြင်စသည်အားဖြင့် သေနာသေနဝတ်ကော ပြုရဲ့လား။ အမှိုက်လှည်း၊ ရေခပ်၊ ဘုရားရှိခိုး၊ မေတ္တာပို့ ပရိတ်ရွတ်အမျှပေးဝေနေပါက နတ်ကောင်း၊ နတ်မြတ်တို့ စောင့်ရှောက်ကြမည်မှာ ဧကန်ဖြစ်၏။ အဓိကအချက်ကား မိမိကိုယ်ကို မိမိ ကြည်ညိုရဲ့လား။ ကြည်ညိုသေးရဲ့လား မေးပါရစေ။ မိမိကိုယ်ကိုမှ မကြည်ညိုရင် ပြောစရာပင် မလိုတော့ပါဘူး။

ထိုအခါ သင်းဝင်ပင်စောင့်နတ်က –

"ကောင်းပါလေရဲ့ နှမရယ်။ ဝမ်းမြောက်ဝမ်းသာစွာဖြင့် တို့များဆွမ်းလှူရအောင်နော်"

"ကောင်းပါလေရဲ့ မောင်ကြီးနတ်ရယ်။ ကျွန်ုပ်တို့လှူဒါန်းမှာက ဟုတ်ပါရဲ့။ နတ်ဆွမ်းကို ဘုဉ်းပေးနိုင်စွမ်းရှိတဲ့ အရှင်မြတ်ကြီးရဲ့ ရှေးဘဝက ကုသိုလ်ကောင်းမှုရော ရှိရဲ့လားမောင်ကြီးနတ်ရဲ့"

"ချစ်နှမ ဤမထေရ်မြတ်သည် ရှေးနှစ်ကြိမ်မြောက်သော ဘဝက ဒေဝအမတ်ဆိုတာ ဖြစ်ခဲ့ဖူးတယ်။ ထမင်းစားခါနီးမှာ ရောက်ရောသော စေတနာသဒ္ဓါတရား မွေးခဲ့ဖူးတဲ့ ကုသိုလ်အဟုန်တွေရှိတယ်"ဟု သင်းဝင်ပင်စောင့်နတ်က နတ်သမီးကိုပြောတယ်။

ဟုတ်ပါလေရဲ့။ ဒါနဆိုတာ ညောင်ပင်ကြီးလလောက် လှူသော်လည်း ညောင်စေ့လောက်သာ ရတတ်တယ်။ ညောင်စေ့လောက်ပင် လှူသော်လည်း ညောင်ပင်ကြီးလောက် ရတယ်။ ဒါက ဒါနရဲ့အစွမ်းပဲလေ။

ဗုဒ္ဓသာသနာအတွင်း လှူရတာ ကျေးဇူးများတယ်။ အခုခေတ်တချို့ ဝက်သားကြော်ချက်ကျွေးပြီး အလှူလုပ်မှ အဟုတ်ထင်နေကြတာ။ ပြောရဦးမယ်။

သားရှင်ပြုအလှူပွဲ။ အလှူဒကာက ရှာစဉ်လိုက်ပြီး ဘယ်ရွာက ဝက်က ပိဿာချိန်ဘယ်လောက်ရှိတယ်။ ဝက်သားအချိန် ၁၅၀ ဆိုလောက်ပါရဲ့။ ဝက်တွေရဲ့အသက်ကို သတ်၊ ကုသိုလ်ဖြစ်ရဲ့လားဆိုတာ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်သင့်ပါတယ်။

ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်ရောက်တာ။ နတ်ပြည်မှာ နတ်သမီးတွေ၊ နတ်သားတွေဖြစ်ရတာ လူဘဝဖြစ်စဉ်က ပြုခဲ့တဲ့ကုသိုလ်ကောင်းမှုကြောင့်ပါ။ နတ်ပြည်မှာစည်းစိမ်အပြည့်အဝနဲ့ ခံစားရတယ်။

သို့သော် ပြုခဲ့တဲ့ကုသိုလ်ကံက ကုန်ပြီဆိုရင် နတ်ပြည်မှာ မပျော်တော့ဘူး။ ပျင်းလာပြီ။ နတ်ဝတ်တန်ဆာတွေလည်းညှိုးကုန်ပြီ။ ပန်ထားတဲ့ပန်း

www.burmeseclassic.com

www.burmeseclassic.com

တွေလည်းညှိုးကုန်ပြီ။ ချွေးတွေလည်း ထွက်ကုန်ပြီတဲ့။ နတ်ပြည်မှာ ကုသိုလ်ကံကုန်ရင် ဒီအတိုင်းပဲ။ ကဲ ... ထား ပါတော့လေ။

နတ်တွေလှူတဲ့ ဆွမ်းဘုဉ်းပေးရတာက လူ့ဘဝတုန်းက ပြုခဲ့တဲ့ ကုသိုလ်ကြောင့်ပဲ။ ဒီကုသိုလ်က မီးခဲပြာဖုံးနေတာ။ နှစ်ဘဝရောက်မှပေါ် လာတယ်။

ဒီတော့ သင်းဝင်ပင်စောင့်တဲ့ နတ်က အမျိုးကောင်းသားအသွင် ဆောင်ပြီးတော့ မထေရ်မြတ်ကြီးရဲ့ ထံတော်သို့ ကပ်ပြီး သပိတ်ကိုယူကာ နတ်ဆွမ်းတွေ လောင်းထည့်လှူပြီး တော့ –

"အရှင်ဘုရား သက်တော်ရှည် သမျှ ဆွမ်းကို အမြဲလှူပါမည်ဘုရား။ အရှင်ဘုရား မမေ့မလျော့ ရဟန်းတရားကို ကြိုးစားအားထုတ်တော်မူပါ ဘုရားလို့" နတ်သားက လျှောက် တယ်။ ကောင်းလိုက်တာ။ နတ်က ကြည်ညိုတာလေ။

"အရှင်ဘုရား ...ဟောဟို သစ်ပင်ဟာဖြင့် တပည့်တော်ရဲ့ ဗိမာန် ပါဘုရား"ဟူ၍ လျှောက်ထားတယ်။ ထိုသစ်ပင်ကို အရှင်မြတ်အဘယ မထေရ် နံနက်တိုင်း ဆွမ်းအလှူခံကြွ တော်မူတယ်။

မထေရ်မြတ်သည် နေ့စဉ်နေ့ တိုင်း စေတီတော်ဝတ်၊ ဗောဓိပင်ကို ရေလောင်းခြင်းဝတ်စသည်ကို ပြုနေကျအတိုင်း ဝတ်ကြီးဝတ်ငယ်ပြုပြီး သင်းဝင်ပင်သို့ နေ့စဉ်နေ့တိုင်း ဆွမ်း ခံကြွတော်မူ၏။

သင်းဝင်ပင်စောင့်နတ်သည်လည်း အမြဲ ဆွမ်းဝတ်ဖြင့် လှူတော်မူ၏။

ထိုငတ်မွတ်နေကြကုန်သော လူတို့သည် အစားအစာကောင်း ကောင်းမစားရသောအခါ လူသားပါ စားကြတော့၏။ ထိုလူသားစားကုန် သောသူတို့သည် ပုပ္ဖဝါသီကျောင်းသို့ ရောက်လာပြီး နတ်လှူသော ဆွမ်းကို စားရသော အဘယမထေရ်သည် ဆူဖြိုးဝလင်နေသည်ကို မြင်ကြရသော အခါ ဤမထေရ်ကိုသတ်ပြီး အသား ကိုစားကြကုန်အံ့"ဟု တိုင်ပင်ကြ၏။

မထေရ်မြတ်ကလည်း စေတီ တော်နှင့် ဗောဓိပင်တို့၏ခြေတော်ရင်း တွင် အမှိုက်လှည်းခြင်း၊ သောက်ရေ တို့ကို တည်ခြင်းစသော ဝတ်ကြီးဝတ် ငယ်တို့ပြုလုပ်နေစဉ် ဝိုင်းဟ၊ ဖမ်းဟ၊ ဆီးဟဆိုပြီး တုတ်လှံတံများကိုင်ပြီး မထေရ်မြတ်သီတင်းသုံးရာ ပုပ္ဖဝါသီ ကျောင်းကို ဝိုင်းကြ၏။

မထေရ်မြတ်သည် ဘဝနှစ်ခု မြောက်က ခွေးငယ်လေးကိုရိုက်ရန် တုတ်ယူလာသောသူကို မရိုက်ဖို့ရန် တားမြစ်ခဲ့သော ကုသိုလ်ကံကြောင့် ကျောက်တောင်ကြီးသည် အလိုလို ပေါ်ပေါက်လာပြီး မထေရ်မြတ်ကို ဖုံး အုပ်၍ ကာကွယ်ပေးလေ၏။

မထေရ်မြတ်ကြီးကို ရှာကြ သော်လည်း မတွေ့တော့ချေ။ လူသား စားသူတို့သည် ရဟန္တာအရှင်မြတ်ကြီး ပဲဆိုပြီး ကြောက်၍ ပြေးကြလေ၏။

အဘယမထေရ်မြတ်ကြီးသည် သင်းဝင်ပင်စောင့်နတ်လှူဒါန်းသော နတ်ဆွမ်းကို တစ်ဆယ့်နှစ်နှစ်ပတ်လုံး ဘုဉ်းပေးတော်မူရ၏။ ရဟန္တာကား မဟုတ်ပေ၊ ပုထုဇဉ်မျှသာဖြစ်၏။ နောက်မှ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ရှုမှတ် တော်မူပြီး ရဟန္တာဖြစ်တော်မူ၏။

သင်းဝင်ပင်စောင့်နတ်လည်း တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ဆွမ်းလှူရ၏။ အရှင်မြတ်ကြီးလည်း ကိလေသာ ကုန်စင်ပြီး ရဟန္တာအရှင်မြတ်ကြီးဖြစ် တော်မူရ၏။

အရှင်မြတ်ကြီးသည် တစ်ဆယ့် နှစ်နှစ်လွန်သော် ပရိနိဗ္ဗာန်စံဝင်တော် မူ၏။

✿ ✿ ✿

မထေရ်မြတ်ကြီးကား ငတ်မွတ် နေသော ခွေးငတ်လေးအား ထမင်း တစ်ဆုပ်မျှ ပေးလှူဖူးသောကုသိုလ် ကြောင့်နတ်ဆွမ်းရ၏။ ရန်ပြုရန်လုပ် လာသော သူတို့ကိုလည်း အောင်မြင် တော်မူရ၏။ တစ်ဖန်ရဟန္တာဖြစ်ကာ နိဗ္ဗာန်စံဝင်တော်မူရ၏။

အို ...စာရှုသူတို့ စွမ်းအားရှိ သလောက် လှူကြပါ။ ပေးလှူတဲ့ အလှူဟာ ဖြစ်လေရာဘဝတိုင်းမှာ ကိုယ်ပိုင်အထုပ်ကြီးကိုယူဆောင်လို့ သွားရတဲ့သူနဲ့ တူပါတယ်။ အဆုံးဘဝ နောင်ကာလမှာ အမတချမ်းသာကို မျက်မှောက်ပြုနိုင်ပါလိမ့်မယ်လို့ ညွှန် သဆိုပြုလိုက်ပါရစေ။

**ပြည်ရွှေဘိုဆရာတော်(ရန်ကုန်)**

**စာကိုး**

မဓုရ ရသဝါဟိနီ
အဘယမထေရ်ဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့အာဇာနည် ဆရာတော်ဦးဝိစာရ နှင့် မမွေ့ခွန်အားသတ္တိ

ကိုမောင်သန်းဝင်း


### မျိုးဆက်ဆွေစဉ်

မြန်မာဘုရင် ငကရာဇ်မင်းတို့ လက်ထက်အခါက ထီးဆောင်းနန်းရံ အဖြစ် တည်ထောင်စိုက်ထူခဲ့ကြဖူးသော ဥဒေ့နီပြည်၊ နောင်အခါ သလ္လာဝတီပြည်ကို အစွဲပြု၍ သလ္လာဝတီမည်သော ချင်းတွင်းဖြစ်ကမ်းခြေတွင် အစဉ်အဆက် မြို့စားရွာစား ခန့်အပ်အုပ်ချုပ်စေခဲ့သော 'အမြင့်မြို့' အပိုင် အနိမ့်ကိုးရွာ အပါအဝင် ကမ်းနိမ့်ရွာ၌ ဥပသကာဂုဏ်နှင့် ကုံလုံပြည့်စုံသော ကျောင်းဒကာကြီး ဦးပြားနှင့် ကျောင်းအမကြီး ဒေါ်ဇလပ်တို့မှ သားသမီးရတနာသုံးဦး ထွန်းကားခဲ့ရာ (၁) သမီးအကြီး မဖွားထိုက်၊ (၂) သားလတ် မောင်လှကျော် (ဦးဝိစာရ အလောင်းအလျာ)နှင့် သားငယ် မောင်သာပုံတို့ ဖြစ်ကြသည်။

၁၂၄၇ ခုနှစ် အင်္ဂလိပ်နယ်ချဲ့သမားတို့က နောက်ဆုံးကုန်းဘောင်နန်းဆက် သီပေါဘုရင်အား ဖမ်းဆီးနန်းချ၍ မြန်မာ့ထီးနန်း ဆိတ်သုဉ်းကွယ်ပျောက်ပြီးနောက် သုံးနှစ်ကျော်၊ လေးနှစ်ခန့်အခါ တိုင်းပြည်မြို့ရွာ မငြိမ်မသက်ခေတ်အခါတွင် သားလတ် မောင်လှကျော်အား ဖွားမြင်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်ကာလ ဇာတိသွေး၊ ဇာတိမာန် ပြင်းထန်တက်ကြွနေသည့် မျိုးချစ်အာဇာနည်. ပုဂ္ဂိုလ်အပေါင်းသည် ဒေသအနှံ့အပြားတို့၌ အင်္ဂလိပ်မျက်နှာဖြူ စစ်တပ်များအား အစုအသင်းလိုက် လက်နက်စွဲကိုင် ခုခံပုန်ကန်ခဲ့ကြသော သူရဲကောင်း မြောက်များစွာတို့အနက် ချင်းတွင်းအနောက်ဘက် မြစ်ဝှမ်းဒေသတွင် ကျော်ကြားထင်ရှားခဲ့သည့် တော်လှန်ရေးခေါင်းဆောင်တိုက်သူကြီး ဦးကျော်ဂေါင်သည် မောင်လှကျော်(ဦးဝိစာရ)၏ ဦးလေးဝမ်းကွဲပါတည်း။

### မွေးဖွားသန့်စင်ဇာတာခွင်




ဖေယျတု သဗ္ဗမင်္ဂလံ

"သာသနာသက္ကရာဇ် ၂၄၃၂၊ ကောဇာသက္ကရာဇ် ၁၂၅၀ ပြည့်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့ ည ၃ ချက်တီးကျော်၊ ၉ ရက် ဗုဒ္ဓဟူးနေ့အဝင် ၁၂ နာရီ၊ ၃ ပါဒ်၊ ၄ ဗီဇနာ၊ ၄ ပြန်၊ ၅ ခရာ၊ ကုမ်လဂ်၊ မကာရစန်း၊ ၅ တေးတြင်း၊ ၅ တေး

www.burmeseclassic.com

နဝင်း၊ လင်္ဂစီးနက္ခတ် ၂၄ လုံး၊ တပါဒ်ထက် လင်္ဂစီးလျက်၊ တေဇာ ဂုဏ်အင် ပြည့်စုံလင်သည့် (အရှင်ဦးဝိစာရအလောင်းအလျာ) သားကောင်း အာဇာနည် ငယ်မည် မောင်လှကျော် အား ဝှဲချီးကြေညာအောင်မြင်စွာ ဖွား သန့်စင်ခဲ့လေသည်ဟူ၏။

## ငယ်နုစဉ်ခါ ပညာရှာ

မောင်လှကျော် ကျောင်းသား အရွယ်သို့ ရောက်လတ်သော် အင်း နားရွာဆရာတော် ဦးစန္ဒိမာကျောင်းသို့ အပ်နှံပညာ သင်ယူစေ၍ ၁၁ နှစ် ကျော် ၁၂ နှစ်သားအရွယ်တွင် မိဘ များက ရှင်သာမဏေအဖြစ်သို့ သွတ် သွင်းချီးမြှင့်ပေးခဲ့သည်။

ငယ်စဉ် ကျောင်းသားဘဝက ပင် မောင်လှကျော်သည် အခြားကစား ဖော်ကစားဖက် ကလေးများနှင့် မတူ တစ်မူကွဲပြား ခြားနားလေသည်။ မဟုတ် မခံ ပြောချင်၊ ဆိုချင်၊ လုပ်ချင်၊ ကိုင် ချင်သည့် ဗီဇပါလာသူ ကလေးတစ် ယောက်လည်း ဖြစ်သည်ဟုဆိုသည်။

ထိုခေတ်အခါက ဆရာဘုန်း ကြီးများမှာ လက်ရေးလက်သားကို အထူးဂရုစိုက်လေ့ရှိကြသည်။ လက် ရေးလက်သား မလှမပ ရှုပ်ထွေးညစ် ပေသည်ဆိုလျှင် မသက်သာလှ။ ကြိမ် ဖြင့် လက်ဖဝါးသွေးခြည်ဥအောင် အဆော်အနှက် ခံရတတ်သည်။

မောင်လှကျော်မှာ အပြစ်ဒဏ် ဘယ်သောအခါမှ မခံရ။ လက်ရေး လက်သား ကောင်းမွန်သေသပ် လှပ သလို စာကျက်၊ စာအံ၊ စာပြန်လျှင် လည်း သူသည်သာ ပထမ။ ဆရာ ဘုန်းကြီးစေခိုင်းသမျှ သူသာ အသွက် လက်အချက်ချာဆုံးဖြစ်ခဲ့သည်။ ဆရာ ဘုန်းကြီးနှင့် ကျောင်းနေဦးပဉ္စင်းများ က ကိုရင်ဝိစာရ ရဟန်းဘောင်သို့ တစ်ဆက်တည်းတက်စေလိုကြသည်။ သို့ သော် မောင်လှကျော်သည် ကိုရင် ဘဝတွင် မပျော်တော့ဟုဆို၍ လေးဝါ မျှသာနေပြီးနောက် မိဘများထံ ပြန် ရောက်နေထိုင်ခဲ့သည်။

## အိမ်ထောင်သည်ဘဝ

ရှင်လူထွက် လူပျိုပေါက်အရွယ် ရွာသို့ပြန်ရောက်လာသော် မိဘများ အား ကူညီလုပ်ကိုင်ပေးရင်း ရပ်ရေး ရွာရေးတွင် ကိုယ်စွမ်းရှိသမျှ ပါမြဲဖြစ် သည်။

မောင်လှကျော် အသက် ၁၈ နှစ်အရွယ်သို့ရောက်သော် မိဘတို့ ဝတ္တရားရှိသည့်အတိုင်း အမြင့်တိုက် နယ်၊ ရွှေလှေရွာနေ အဘ ဦးရွှေမှော်၊ အမိ မမယ်ပေါ်တို့သမီး မမယ်ဉာဏ် နှင့် မောင်လှကျော်အား စေ့စပ်ထိမ်း မြား လက်ထပ်ပေးလိုက်သည်။

မောင်လှကျော်သည် ယောက္ခမ မိဘများနှင့် အတူနေထိုင်လုပ်ကိုင်နေ ရာမှ သမီးမဖွားရန့်တစ်ယောက် ရရှိခဲ့ သည်။ သုံးလခန့်အကြာတွင် ယောက္ခမ တို့နှင့် ဆက်ဆံရေး အဆင်မပြေဖြစ် သဖြင့် အိမ်ခွဲနေရန် ဇနီးသည်အား အကြံပြုသည်။ ဇနီးသည် မမယ်ဉာဏ် က မိဘတို့နှင့် ခွဲမနေနိုင်ဟုဆိုသဖြင့် မောင်လှကျော် တစ်ကိုယ်တည်းဆင်း လာခဲ့သည်။

ထို့နောက် မောင်လှကျော်သည် ၎င်း၏ဆန္ဒအလျောက် ကမ်းနိမ့်ရွာသူ မသေးမြင့်နှင့် ဒုတိယအကြိမ် အိမ် ထောင်သစ် ထူသည်။ မမယ်နွယ်ဟူ သော သမီးတစ်ယောက်ရရှိခဲ့ပြန်သည်။

## ရဟန်းဘဝဖြင့် ပညာသင်

မောင်လှကျော်သည် ပထမအိမ် ထောင်သက်တွင် ယောက္ခမမိဘများ နှင့် အဆင်မပြေဖြစ်မှုကြောင့် တသီး တခြားစီ လင်မယားခွဲနေရရိုက် မခံချင် စိတ်ဖြင့် ဒုတိယအိမ်ထောင်သစ်ကို စိတ်လိုက်မာန်ပါဖြင့် ထူထောင်လိုက် သည်။ ဇနီးသည်နှစ်ဦးစပ်ကြား သား သမီးသံယောဇဉ်ပါ ထပ်လောင်းတွယ် ငြိလာသည့်အခါမှ မိမိအမှားတွေ အတွက် နောင်တကြီးစွာရလျက် သောကရောက်ရသည်။

ခံစားနေရသော စိတ်ဒုက္ခ ဝေဒနာတို့မှ သက်သာရာရကြောင်း ဆားလင်းကြီးမြို့ တင့်တောင်တောရ ကျောင်းတွင် သုံးလကြာမျှ အေးချမ်း စွာ အဓိဋ္ဌာန်ဥပုသ်ရက်ရှည် စောင့် ထိန်းတည်ဆောက်၍ ဘာဝနာပွားနေ စဉ် ကြီးစွာသောသံဝေဂဖြစ်ကာ လူ့ ဘောင်လူ့ဘဝကြီးကို ငြီးငွေ့လျက် ရဟန်းဘောင်သို့ဝင်လိုစိတ် ဖြစ်တည် လာခဲ့သည်။

သို့ဖြင့် မိဘနှစ်ပါးနှင့် ဇနီးသည် တို့ထံ ခွင့်တောင်းခံပန်ကြားသည်။ ကြည်ဖြူခွင့်ပြုကြသဖြင့် တစ်သက် ပတ်လုံး သာသနာ့ဘောင်ဝင်ရန် အဓိဋ္ဌာန်ပြုတော့သည်။

သို့ဖြင့် တောကျောင်းကြီးရွာရှိ သုံးပနီလှသိမ်တော်ကြီးတွင် ဘုံပြန် ဆရာတော် အရှင်ဦးအာဒိစ္စအား ဥပဇ္ဈာယ်ပြု၍ ဦးဝိစာရဘွဲ့အမည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းအဖြစ်သို့ ချီးမြှင့်ခံယူသည်။

"ဝိစာရ"ဟူသော အနွတ္တသညာဖြင့် ဘုံပြန်ဆရာတော်ဘုရားကိုယ်တော်တိုင် ချီးမြှင့်ခဲ့ခြင်းအကြောင်းမှာ "ဝိသေသနစရတိတိစာရော" ဟူသည်နှင့်အညီ အခြားတစ်ပါးသော သာမန်ပုဂ္ဂိုလ်တို့ထက် အထူးထူးသော ကျင့်ဝတ်သိက္ခာတော်ကို ဖစောင့်ထိန်းကျင့်သုံး လိုက်နာတတ်ခြင်းအကြောင်းကြောင့် "ဝိစာရ"ဟူသော ထူးကဲသော၊ မြင့်မြတ်သော၊ အကျင့်သိက္ခာတော်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးရဟန်းတစ်ပါးဟု ဆိုခဲ့ခြင်းဖြစ်သည်ဟူ၏။

ဦးဝိစာရ ရဟန်းဘဝသို့ ရောက်ရှိပြီးနောက် မန်းကြီးပုတ်ရှာ ဆရာတော်ဦးရာဇိန်ထံတွင် ပထမရှေးဦးပွာသဒ္ဒါကျမ်း ကျွတ်လွတ်ပြီးမြောက်အောင် သင်ယူခဲ့လေသည်။

ထိုမှတစ်ဆင့် ပျဉ်းမနားကံဦးတိုက် ဆရာတော်ဦးကုသလ၏ ခြေတော်ရင်းတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ပိဋကတ်ကျမ်းဂန်တို့ကို ကုန်စင်အောင် သင်ယူတော်မူပြီးလျှင် ချောင်းဦးမြို့ ပထမရွှေတောင်ဆရာတော် ဘုရားထံ၌ နှစ်ဝါတိုင်တိုင် ဝိနည်းသိက္ခာတော်များကို ထူးထူးကဲကဲ ထပ်မံသင်အံလိုက်နာခဲ့ပြန်သည်။

ထို့နောက်တွင်မှ မန္တလေးမြို့ ရွှေရေးဆောင်တိုက် ဆရာတော်ဘုရား ထံတွင်လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုကာရာမတိုက် ဆရာတော်ဘုရားထံတွင်လည်းကောင်း ဆက်လက်၍ လောကုတ္တရာစာပေများကို လေ့လာလိုက်စားရင်း တစ်ဖက်မှ စာသင်သားသံဃာတို့အား စာပေပိဋကတ်များကို ပို့ချသင်ကြားပေးခဲ့သည်။

ယင်းသို့ မန္တလေးရွှေရေးတောင်တိုက်တွင် သီတင်းသုံးနေခိုက် ၁၂၈၀ ပြည့်နှစ်အခါတွင် သာသနာဆူးငြောင့် ခလုတ်ဖြစ်သော အန္တရာယ်များကို ရင်ဆိုင်ခဲ့ရလေရာ ဦးဝိစာရကိုယ်တော်မှာ အမျိုးသားစိတ်ဓာတ် ဖြစ်တည်လာခဲ့သည်။

## ဆရာတော်ဦးဥတ္တမ၏ လက်ရုံးတစ်ဆူ ဖြစ်တည်လာခဲ့

၁၂၈၅ ခုနှစ်ဆန်းတွင် ဦးဝိစာရသည် မန္တလေးမှ ပခုက္ကူဆင်းလာခဲ့ပြီးနောက် ရန်ကုန်မြို့သို့ တစ်ဖန်ကြွရောက်ကာ ကြည့်မြင်တိုင် ဝေဠုဝန်တိုက်တွင် သီတင်းသုံးနေထိုင်လျက် ဆရာတော်ထံနည်းနာခံယူပြီး စာသင်သား တပည့်သံဃာတို့အား စာပေပို့ချရင်း ဘုံဃသာမဂ္ဂီအဖွဲ့ကြီး၏ လုပ်ငန်းတာဝန်များကို ထက်သန်စွာ ပါဝင်ဆောင်ရွက်နေတော်မူသည်။

ထိုစဉ်အခါတွင် ဆရာတော်ဦးဥတ္တမကိုယ်တော်ကြီးသည် ဦးဝိစာရ၏ ခန့်ထည်သော ဥပမိရုပ်ကိုလည်းကောင်း၊ ထက်မြက်တက်ကြွသော စိတ်ဓာတ်ကိုလည်းကောင်း၊ ပရိသတ်ကို စွဲဆောင်သိမ်းသွင်းနိုင်စွမ်းရှိသည့် အဟောအပြောဟန်ပန်ကိုလည်းကောင်း ကျေနပ်နှစ်သက်တော်မူသဖြင့် ဦးဝိစာရအား အနီးကပ်ခေါ်ယူကာ လိုအပ်သည်များကို ပို့ချပေးတော်မူသည်။

ထို့နောက်ပိုင်းတွင် ဆရာတော်ဦးဥတ္တမသည် ဦးဝိစာရအား လက်ရုံးတစ်ဆူသဖွယ် အားထားတော်မူသည့် အလျောက် များသောအားဖြင့် အတူတကွ တွဲဖက်၍ ဟောပြောရန် ခေါ်ဆောင်သွားလေ့ရှိသည်ဟူ၏။

## အိန္ဒိယမှာ ပညာရှာ

၁၉၂၂ ခုနှစ်တွင် အိန္ဒိယပြည်၊ ဂါယာမြို့၌ ကျင်းပမည့် ပြည်လုံးကျွတ်ကွန်ဂရက်အသင်းကြီး၏ ညီလာခံသို့ တက်ရောက်ရန် ဆရာတော်ဦးဥတ္တမကိုယ်တော်ကြီးက ဦးဝိစာရအား စေလွှတ်ခဲ့သည်။ ထိုမျှသာမဟုတ်သေး။ ကွန်ဂရက်ညီလာခံပြီးဆုံးသည့်နောက် ဦးဝိစာရအား ကာလကတ္တားမြို့၌ ဆက်လက်သီတင်းသုံးနေထိုင်၍ ပါဠိ–သက္ကတဘာသာ စာပေကျမ်းဂန်များကို သင်ကြားရင်း အခါအခွင့်ကြုံပါက အမျိုးသားနိုင်ငံရေးပညာနှင့် အထွေထွေဗဟုသုတများ ရှာမှီးရန်လည်း အကြံပေး စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဦးဝိစာရသည် ဂါယာကွန်ဂရက် အစည်းအဝေးကြီးအပြီးတွင် အစီအစဉ်အတိုင်း ကာလကတ္တားတွင် ပါဠိ–သက္ကတ–ဘင်္ဂလီ–နာဂရီစသော စာပေကျမ်းဂန်များကို ဆက်လက်သင်ယူခဲ့သည်။ ဆက်လက်၍ နိုင်ငံရေးပညာရပ်များကို ရှာမှီးခဲ့သည်။

## မြန်မာပြည်သို့ ပြန်ကြွလာသည့်အခါ

ဦးဝိစာရသည် မြန်မာပြည်သို့ ပြန်လည်ကြွရောက်တော်မူသည့်အချိန်မှစ၍ အမျိုးသားနိုင်ငံရေးနှင့် ဆက်နွယ်သော တရားပွဲများဟောပြောခဲ့ရာ မဟာသံဃသာမဂ္ဂီ အဖွဲ့ချုပ်ကြီးမှ ခန့်အပ်တာဝန်ပေးထားသည့် နိုင်ငံရေးဓမ္မကထိက သံဃာတစ်ပါးဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အရှင်ဦးဝိစာရသည် တရားဟောပြောရာတွင် ရဲရင့်ပြောင်မြောက်သည်။ ပွင့်လင်းပြတ်သားသည်။ အသံသြဇာနှင့်လည်း ပြည့်စုံသည်။ တရားနာပရိသတ်တို့၏ အာရုံကို သိမ်းကျုံးဆွဲဆောင်နိုင်သည်။

ဤအကြောင်းများကြောင့် သာမက နှစ်လိုကြည်ညိုဖွယ်ရာ ရဟန်းတော်တို့၏ ဣန္ဒြေသိက္ခာတော်နှင့် ပြည့်စုံညီညွတ်၍ ဝိနည်းဒေသနာတော်နှင့်အညီ တည်ငြိမ်သိမ်မွေ့စွာ နေထိုင်တတ်သည် ဖြစ်သဖြင့် ဒကာ၊ ဒကာမများ၏ ကြည်ညိုလေးစားခြင်းကို အထူးခံယူရရှိလေသည်။

ထို့ကြောင့်ပင် အရှင်ဦးဝိစာရကိုယ်တော်အား ဝံသာနုနှစ်လည် အစည်းအဝေးများသို့ လည်းကောင်း၊ ပရိယတ္တိစာပြန်ပွဲများသို့လည်းကောင်း၊ ဘုရားပွဲ၊ အလှူပွဲများသို့လည်းကောင်း တရားဟောပြောရန် ပင့်ဖိတ်သူ ဒကာ၊ ဒကာမ ပေါ်များလှသည်။

ဦးဝိစာရသည် တရားဟောပြောစဉ် နေရာတိုင်း စုံထောက်များ၊ ဒေသဆိုင်ရာ ပုလိပ်ဌာနမှ လူဆိုးစုံထောက် ဆိုသူများက ခြေချင်းလိမ်လျက်ရှိကြသည်။ အချို့သော ပုလိပ်အမှုထမ်းများသည် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားထက် လွန်ကဲ၍ ခြိမ်းခြောက်နှောင့်ယှက်မှုများ ပြုလုပ်တတ်သည်ကို တွေ့မြင်ရသည့်အခါ ဦးဝိစာရသည် မေတ္တာသက်သက်ဖြင့် တစ်ခါတစ်ရံ တရားပွဲများတွင် ထည့်သွင်းဟောပြောလေ့ရှိသည်။

"ဦးပဥ္စင်းတို့နှင့် ဒကာတို့သည် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ထံမှ ရာဇဝင်အစဉ်အလာ အမွေအနှစ်အဖြစ် အဆင့်ဆင့်ပေးအပ်ထားခဲ့သည့် ဇာတိသွေး၊ ဇာတိမာန်၊ အမေခံပစ္စည်းဖြစ်သော တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ခြင်းအလို့ငှာ ဦးပဥ္စင်းတို့က ဆောင်ရွက်နေကြသည်ကို ဒကာတို့ ကြည်သာဝမ်းမြောက်စွာ ဂုဏ်ယူထိုက်သည် မဟုတ်လော။

အင်္ဂလိပ်နယ်ချဲ့တို့ရဲ့ ရည်ရွယ်ချက်ပရိယာယ်မှာ ငါးကြင်းဆီနှင့် ငါးကြင်းကြော်စားသကဲ့သို့လည်းကောင်း၊ အိမ်ကြက်ချင်း အိုးမည်းသုတ်၍ ခွပ်နိုင်းသကဲ့သို့လည်းကောင်း၊ ဒကာတို့ကိုယ်တိုင် ဇာတ်တူသားစားနေမိသည်ကို စဉ်းစားကြည့်ပါဦးလော။ သစ္စာဖောက် မျိုးဖျက်အဖြစ် သားစဉ်မြေးဆက် ရာဇဝင်မော်ကွန်း တွင်ရစ်ကြမည်ကို မသိမမြင် မတွေးမထင်မိကြသလော။

မြန်မာတိုင်းဖွား လူမျိုးများသည် ဒကာတို့၏ ရန်သူများမဟုတ်ကြဘဲလျက် အဘယ်အကြောင်းကြောင့် ဒကာတို့သည် သခင်အားရ ကျွန်ဒဏ်ဝအလုပ်မျိုးကို လုပ်လိုကြဘိသနည်း။

မြန်မာတိုင်းရင်းသား ပြည်သူများသည် အမိမဲ့သား ရေနည်းငါးပမာ ဖြစ်နေကြရရှာသည်ကို အကြင်နာကင်းမဲ့၍ မေတ္တာတရားခေါင်းပါးနေခဲ့ကြပါလျှင် အကာအရံမဲ့ ဇရပ်ပေါ်တွင် ခိုကပ်နေကြရသူတို့ကို ထောင်းထုရိုက်နှက်လုယက်ကြသည့်နှယ် ရေနစ်သူ ဝါးကူထိုးသကဲ့သို့ ဖြစ်ကြရပေတော့မည်။

မြန်မာပြည်ဖွား အမျိုးသား၊ အမျိုးသမီးတိုင်းသည် မိမိတို့၏ အမျိုးဘာသာသာသနာပညာတည်းဟူသော မျိုးရိုးစဉ်လာ အမွေခံပစ္စည်းသာ ဖြစ်သဖြင့် အဖိုးမဖြတ်နိုင်သည့် ရတနာသိုက်ကြီးအလား သိုက်သမား (နယ်ချဲ့)လက်သို့ ဝကွက်အပ်လိုကြသလော။

ဝံသာနုရက္ခိတတရားကို နှလုံးသွင်း၍ စဉ်လာမပျက် မျိုးနွယ်ဆက်ကို အဘက်ဘက်မှ အနည်းနည်းဖြင့် တတ်အားသမျှ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန် ညီတော်နှောင်တော် ဖြစ်ကြကုန်သော ဗုဒ္ဓဘာသာဒါယကာ၊ ဒါယကာမအပေါင်း သူတော်ကောင်းတို့အား ဦးပဥ္စင်းက ကောင်းမြတ်သော မနသီဖြင့် အချိန်မီ သတိပေးနှိုးဆော် တိုက်တွန်းအပ်ပါတယ်" ဟူ၍ဖြစ်သည်။

သို့သော်ငြားလည်း နယ်ချဲ့အလိုတော်ရိများက နားမဝင်။ ကျွဲပါးစောင်းတီး ၊မာနှယ်။ သခင်အားရစေရန် ကျွန်(ပုလိပ်)တို့က ဆရာတော် ဦးဝိစာရကို မြန်မာပြည် နိုင်ငံရေး (လူဆိုး)စာရင်းဝင် နံပါတ်(၄၄)တွင် မှတ်တမ်းတင်ကြပြန်သေးသည်။

ထိုမျှသာ မဟုတ်သေး။ ဦးဝိစာရကိုယ်တော်၏ ရှေ့၊ နောက်၊ ဘေး အနေအထားအမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ကြပြန်သည်။ လူပုံစံကိုလည်း အောက်ပါအတိုင်း စုံထောက်ဌာနမှ ပြုလုပ်ထားသည်။

မုံရွာ ဦးဝိစာရ၊ အဖ ဦးပြား၊ အမိ ဒေါ်ဇလပ်၊ အရပ် ၅ ပေ၊ ၇ လက်မခန့်မြင့်သည်။ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သန်စွမ်းသည်။ နဖူးကျယ်သည်။ မျက်ခုံးသာမန်ဖြစ်သည်။ သို့သော် မျက်လုံးကြည်လင် ကောင်းမွန်သည်။ နှာတံပေါ်၍ ပါးစပ်ကျယ်သည်။ သွားများညီသော်လည်း ကွမ်းစားလွန်း၍ ညိုညစ်နေသည်။ လက်ချောင်းကလေးများမှာ သေးသွယ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အသားညိုဖြ၍ မုတ်ဆိတ်ကျင်စွယ်မရှိ။ ထင်ရှားသောအမှတ်အသားတစ်ခုမှာ မတ်စေ့ခန့်အရွယ်ရှိ အမာရွတ်တစ်ခု လက်ယာလက်မောင်းတွင်ရှိသည်။ စကားပြောလျှင် မျက်မှောင်ကုတ်၍ ကျယ်ကျယ်ပြောတတ်သည်။ အသံကြည်လင်စူးရှသည်။ (စုံထောက်မှတ်တမ်း)

နယ်ချဲ့အစိုးရနှင့် အလိုတော်ရိစုံထောက်အဖွဲ့သည် ဦးဝိစာရကိုယ်တော် တရားမဟောနိုင်ရေးအတွက် ပုဒ်မ (၁၄၄) ထုတ်ပြန်၍ အနှောင့်အယှက်ပြုသည်။

ဆရာတော် ဦးဝိစာရက တရားဟောမြဲဟောသည်။

''အမျိုးဘာသာ သာသနာတော်ကြီး အကျိုးစီးပွားအတွက် ကိုယ်ကျိုးမပါ ဗလာသက်သက် ကြိုးပမ်းဆောင်ရွက်နေကြကုန်သော မဟာသံဃသာမဂ္ဂီ အဖွဲ့ချုပ်ကြီးနှင့်တကွ သံဃဝါဒခံ သာသနာတော်လုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီးတွင် ပါဝင်ကြကုန်သော ရဟန်းရှင်လူ အပေါင်းတို့သည် တိုင်းပြည်လွတ်လပ်ခြင်းနှင့် ပြည်သူအများ ချမ်းသာဝပြောခြင်းစသော ကုသိုလ်တရားများကို ဆထက်ထမ်းပိုး တိုး၍ တိုး၍ အပင်ပန်းအနစ်နာခံပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါစေသတည်း။

အထူးအားဖြင့် ...''ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်သား၊ ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့၊ ရောထွေးယှက်တင်၊ အထင်အလင်း၊ မြင်ခြင်းခြားနား၊ ဤကားပေါက်ရွက်၊ ကျေးမဖက်ဟု၊ ချင့်တွက်သမုတ်၊ ကေဝုစ်စကား၊ ဆိုငြား မင်္ဂလာ သိနိုင်ခြင်းငှာ၊ ခဲယဉ်းစွာသည်၊ ..........ရေး၊ မပြတ်တွေးလော့'' ဟူသော ရှေးဟောင်းလင်္ကာစကားအရ မမေ့မလျော့ မပေါ့မဆ သတိသမ္ပဇဉ်ဖြင့် လုပ်ကိုင်ကြိုးပမ်း နိုင်ကြပါစေသတည်း။

သာသနံ–ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးသည်။ စိရံ–ကြာမြင့်စွာ၊ တိဋ္ဌတု–တည်ပါစေသတည်း။ (ဝါ) သာသနံ–မိစ္ဆာဒိဋ္ဌိဘေးကြောင့် တဖြည်းဖြည်း ဆုတ်ယုတ်လျက်နေသော သာသနာတော်ကြီးသည်။ စိရံ–ကြာမြင့်စွာ၊ တိဋ္ဌတု–မိစ္ဆာတစ်သင်း၊ ရန်ခပင်းကို သန့်ရှင်းပယ်လှန်၊ အောင်ပွဲခံ၍၊ အမှန်မသွေ၊ တည်တွန်းတောက်ပတော်မူပါစေသတည်း''

အရှင်ဦးဝိစာရ ကိုယ်တော်သည် သာရဝေါတိုက်နယ်ရှိ ရွာအသီးသီးသို့ လှည့်လည်ဟောပြောပြီး အုတ်ဖိုသို့ တရားဟောရန်အသွား ပုဒ်မ(၁၄၄) အမိန့်အာဏာ ဖီဆန်၍ တရားဟောမှုကြောင့်ဆိုကာ ပုဒ်မ(၁၈၈)အရ တရားစွဲဆို၍ သာယာဝတီအချုပ်ထောင်တွင် အလုပ်လက်မဲ့ ထောင်ဒဏ်နှစ်လ ကျခံစေခဲ့သည်။ သာယာဝတီထောင်မှ ၂၁. ၁. ၂၇ ရက်နေ့ နံနက်ပိုင်း လွတ်ရက်စေ့၍ လွှတ်ပေးလိုက်သော်လည်း ထောင်ဗူးဝမှ အသင့်စောင့်ကြိုနေသော ပုလိပ်အရာရှိတို့က သာယာဝတီ အရေးပိုင်၏ ဝရမ်းစပြ၍ ရာဇသတ် ပုဒ်မ–၁၂၄(က)ဖြင့် ဒုတိယအကြိမ်ထပ်မံဖမ်းဆီးကာ သာယာဝတီထောင်သို့ပင် ပြန်လည်သွတ်သွင်းသည်။

ထောင်အတွင်း ဦးဝိစာရကိုယ်တော်အား နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်သည်။ သင်္ကန်းအတင်းချွတ်စေပြီး ထောင်ဝတ်စုံဝတ်စေသည်။ ဦးဝိစာရကိုယ်တော်က သင်္ကန်းမှတစ်ပါး မည်သည့်အဝတ်မျှ မဝတ်နိုင်ဟု ငြင်းဆန်ပြီး အဝတ်မပါ ကိုယ်ထည်တုံးလုံးဖြင့် နေတော်မူရာ ထောင်အမှုထမ်းတို့က ဝိုင်းဝန်းချုပ်ပြီး သီးသန့်တိုက်ခန်းလေးထဲ ဖွတ်အတင်းသွတ်သည်။ ထောင်အခေါ်အားဖြင့် ''တိုက်ပိတ်သည်''ဟု ဆို၏။

## မချိတင်ကဲ ကြေကွဲဖြစ်အင်

ထောင်အတွင်း ခက်ထန်ကြမ်းတမ်းစွာ ပြုကျင့်ခံရသဖြင့် အရှင်ဦးဝိစာရက ''အင်္ဂလိပ်အစိုးရသည် ငါတို့အထွတ်အမြတ် ကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးကို ဤမျှလောက် ရိုင်းပျစွာ ဖျက်ဆီးစော်ကားနေကြပြီတကား''ဟု မချိတင်ကဲ လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းတော်မူရာသဖြင့် အဖြိုင်ဖြိုင် ယိုစီးကျဆင်းလာသော မျက်ရည်စက်တို့ကိုပင် သုတ်သိမ်းခြင်းမပြုနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေးတော်မူခဲ့လေသည်။ လူမျိုး၊ ဘာသာ၊ သာသနာအတွက် ကြေကွဲပုံရိပ်ပါတည်း။

## သစ္စာအဓိဋ္ဌာန် ပြုရန်မှတစ်ပါး

''ငါသည် ဤသို့ မျက်ရည်ယိုငိုကြွေးနေရုံကာမျှဖြင့် သာသနာ့ရန်သူ၊ ရန်ငြောင့်များသည် အလိုအလျောက် ကင်းစင်ကွယ်ပျောက်သွားလိမ့်မည်ကား မဟုတ်ချေ။

ရှေးအခါသမယက ပါဠိလိပုတ်ပြည်သား ရဟန်းသူမြတ်များသည် သာသနာ့ဘေးရန် အန္တရာယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ရောက်လာသည့်အခါ အသတ်ခံ၊ အသေခံ၍ သာသနာတော်အတွက် အသက်ပေးလှူ စွန့်လွှတ်တော်မူခဲ့ကြဖူးသည့် ထုံးဟောင်းသာဓကများကို သတိရဆင်ခြင် နှလုံးမူမိသဖြင့် –

“ငါသည်လည်း ထိုနည်းတူစွာ အမျိုးဘာသာ၊ သာသနာတော်ကြီးအတွက် နယ်ချဲ့မိစ္ဆာတို့အား အလျှော့မပေး၊ အညံ့မခံ၊ ဒူးမထောက်၊ လက်မမြှောက်၊ ညှဉ်းပန်းနှိပ်စက်မှုအတွက် ကာယဒုက္ခဝေဒနာ မည်သို့ခံစားရပါစေ ခန္တီပါရမီကို ဆောက်တည်၍ ဆွမ်းဘုဉ်းပေးခြင်းလုံးဝမပြုဘဲ အသက်ဇီဝိန် ချုပ်ငြိမ်းကွယ်ပျောက်သည့်အထိ သာသနာတော်ကြီး၏ အကျိုးစီးပွားကိုသာ ရှေးရှု၍ အစာငတ်ခံရန် အဓိဋ္ဌာန်ပြုတော့အံ့”ဟု ကြံစည်စိတ်ကူးတော်မူသည်။

စိတ်ကူးတော်မူသည့်အတိုင်း–

(၁) ငါသည် ဤသို့ မှန်သော စကားကို ဆို၏။

(၂) ငါသည် ၂၂၇ သွယ်သော ရဟန်းတော်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်တော်ကို မတိမ်းမစောင်း မဖောက်မပြန် ကျင့်သုံးဆောက်တည်ခဲ့၏။

(၃) ငါသည် မြတ်စွာဘုရားသာသနာတော်ကြီး အဓွန့်ရှည်စွာ စည်ပင်ရေးအတွက် စွမ်းအားရှိသမျှ အစဉ်အမြဲ အားထုတ်စောင့်ရှောက်ခဲ့၏။

(၄) ငါသည် တိုင်းတစ်ပါးသားမိစ္ဆာလူမျိုးများ၏ လက်အောက် ကျွန်သဘောက်ဘဝသို့ ရောက်ရှိနေကြရသော တိုင်းပြည်နှင့်လူမျိုး လွတ်မြောက်ရေးအတွက် မနေမနား စွန့်စားကြိုးပမ်း ဆောင်ရွက်ခဲ့၏။

(၅) ဤမှန်သော သစ္စာစကားကြောင့် ငါ၏လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံအောင်မြင်ပါစေသတည်းဟု သစ္စာအဓိဋ္ဌာန် ပြုတော်မူလေ၏။

ဦးဝိစာရကိုယ်တော်သည် အဝတ်မပါ ကိုယ်ဗလာဖြင့် ဆွမ်းမစားဘဲ နေခဲ့သော ရက်ပေါင်းမှာ ၄၀ ကျော်မျှ ရှိလာသည်။ ဆရာတော်ခမျာ ဂုန်နီခင်း အိပ်ရာပေါ်တွင် ဗုန်းဗုန်းလဲလျက် မှိန်းစက်နေရှာတော်မူသည်။ စကားလည်းမပြောနိုင်။ သတိမှာလည်း မေ့တစ်ချက်၊ ရတစ်ချက် ဖြစ်နေသည်။

ထောင်အရာရှိများသည် ၁၂၈၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ နံနက်တွင် ဆရာတော်အား သင်္ကန်းပြန်ပေးသည်။ ယင်းနေ့ နေ့လယ် ၁ နာရီခန့်တွင် ကာလကတ္တားသို့ထွက်မည့်သင်္ဘောဖြင့် အိန္ဒိယပြည် မေဒနီထောင်သို့ ပို့လိုက်ပြန်သည်။ ထိုမှတစ်ဖန် ၁၂၉၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်၊ (၁၄. ၂. ၂၉)တွင် ကာလကတ္တားမြို့ရှိ လာလဗဂျားရ်ရဲဌာန၊ အလီပူရ်ရဲဌာန၊ ဘလိဂန်ဂျရဲဌာနတို့ အသီးသီးပို့၍ ဖမ်းဆီးချုပ်နှောင်ထားပြန်သည်။

တစ်ဖန် ၁၂၉၀ နှစ်၊ တပေါင်းလဆန်း ၁၁ ရက် (၁၈. ၂. ၂၉)နေ့တွင် ရန်ကုန်ထောင်ကြီးသို့ ပြန်ပို့ကြသည်။ ယင်းနောက် ဆရာတော်အား ၂၈. ၂. ၂၉ ရက်တွင် လွှတ်ပေးလိုက်သည်။ ထောင်မှလွတ်လာသောအခါ အမျိုးသားလွတ်မြောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သည်။ ဘ၀ဒုက္ခအတွေ့အကြုံ စာအုပ်ငယ်တစ်အုပ်ကို ကိုယ်တိုင်ရေးသားဖြန့်ချိသည်။

ဦးဝိစာရကိုယ်တော်သည် ထောင်တွင်းတွင် ရက်ပေါင်း၊ လပေါင်းများစွာ အစာငတ်ခံခဲ့သည့်အကြောင်းများကြောင့်လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်မှုခံခဲ့ရသော ဒဏ်ရာဒဏ်ချက်များကြောင့်လည်းကောင်း၊ ထောင်မှလွတ်မြောက်လာပြီးသော်လည်း အနားယူ ဆေးဝါးကုသမှုနှင့် အချိန်လုံးဝမရဘဲ တစ်ဆက်တည်း အစားပျက်၊ အအိပ်ပျက်ခံကာ လှုပ်ရှားဆောင်ရွက်နေခြင်းကြောင့်လည်းကောင်း ကျန်းမာရေး ထိခိုက်လာခဲ့ရသည်။

## တတိယအကြိမ် ထောင်ဝင်ချိန်

ထိုအချိန် အိန္ဒိယမှ ရောက်လာသော မဟတ္တမဂန္ဒီကြီးကို မြန်မာနိုင်ငံမှ သောင်းသောင်းဖြဖြ ကြိုဆိုသည့် အခမ်းအနားသို့ ဦးဝိစာရကိုယ်တော်မှ တက်ရောက်၍ ဝံသာနုတရားကို ဟောသည်။ မဟတ္တမဂန္ဒီကြီး၏ အကြံပေးချက်၊ တိုက်တွန်းချက်နှင့် အိန္ဒိယအမျိုးသား ကွန်ဂရက်ကြီးမှ ဆေးကုသပေးရန် ဖိတ်ကြားချက်အရ ၆. ၄. ၂၉ ရက်နေ့တွင် ကာလကတ္တားသို့ သွားမည့်သင်္ဘောဖြင့် အိန္ဒိယသို့ သွားရန် သင်္ဘောဆိပ်သို့အဆင်း တတိယအကြိမ် အဖမ်းခံရပြီး ထောင်သို့ဝင်ရပြန်သည်။ သုံးခွခရိုင်၊ ဖရုံကာရွာ၌ ဟောပြောမှုကြောင့်ဟူ၏။

အမှန်မှာ ဦးဝိစာရသည် ၂၈. ၂. ၂၉ ရက်နေ့တွင် ထောင်မှလွတ်မြောက်လာခဲ့၍ တတိယအကြိမ် ၆. ၄. ၂၉ ရက်နေ့တွင် ထပ်မံဖမ်းဆီးခြင်းခံရသဖြင့် ထောင်ပြင်တွင် တစ်လနှင့် ငါးရက်မျှသာ နေထိုင်ခွင့်ရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## သက်ဆုံးထိတိုင်

၆. ၄. ၂၉ ရက်နေ့၊ ရန်ကုန်ထောင်ကြီးအတွင်း ပြန်လည်ရောက်လျှင်ရောက်ချင်း ဦးဝိစာရကိုယ်တော်သည် ဘုရင်ခံထံသို့ တိုက်ရိုက်စာတစ်စောင် ရေးသားသည်။

(၁) သိက္ခာကျသည်မဟုတ်သော ထောင်အပြစ်ပေးခံရသည့် ရဟန်းတော်များအား သင်္ကန်းဝတ်ရုံခွင့်ပေးရန်။

(၂) ဝိနည်းတော်နှင့်အညီ ထောင်တွင်းရောက် ရဟန်းတော်များအား တစ်လလျှင် နှစ်ကြိမ်ကျ ဥပုသ်နေ့တိုင်း ဥပုသ်ပြုခွင့်ပေးရန်။

(၃) နိုင်ငံရေးကိစ္စများနှင့် ပတ်သက်၍ အရေးယူ အပြစ်ပေးခံရသည့် ထောင်တွင်းရောက် ရဟန်းတော်များအား ဘာသာထုံးစံအရ ပစ္စည်းလေးပါး မျှတ၍ ထိုက်တန်သော သီတင်းသုံးနေထိုင်မှုအတွက် အဆင့်အတန်း သတ်မှတ်စီစဉ်ပေးရန် ရေးသားပေးပို့ခဲ့သော်လည်း မည်သို့မျှ အရေးယူဆောင်ရွက်ပေးခြင်း မပြုခဲ့ချေ။

သို့ဖြင့် ၁၂၉၁ ခု၊ ကဆုန်လဆန်း ၂ ရက် (၆. ၄. ၂၉)မှစ၍ ဦးဝိစာရကိုယ်တော်သည် ဆွမ်းဘုဉ်းပေးခြင်းကို လုံးဝမပြုချေတော့ပြီ။

အစာငတ်ခံနေသည့် ၈၃ ရက်မြောက်သော ၁၂၉၁ ခု၊ ပထမဝါဆိုလဆန်း ၈ ရက် (၂၈. ၆. ၂၉)ရက်နေ့တွင် ဟံသာဝတီစက်ရှင်တရားသူကြီးဆိုသူသည် ရန်ကုန်ထောင်အတွင်း ဦးဝိစာရ၏ အခန်းသို့ လာရောက်၍ အိပ်ရာထဲ စကားလုံးဝပြောဆိုခြင်းမပြုနိုင်တော့ဘဲ ဝေဒနာအလူးအလဲခံနေရရှာသော ဂိလာနပုဂ္ဂိုလ်ဦးဝိစာရ၏ အိပ်ရာအနီးမှ တစ်စုံတစ်ရာ စစ်ဆေးမေးမြန်းပြောဆိုခြင်းမရှိဘဲ "သုံးခွခရိုင်၊ ဖရုံကန်ရွာတွင် ဘုန်းကြီးဦးဝိစာရသည် အစိုးရမင်းများအား အကြည်ညိုပျက်စေအောင် ဟောပြောခဲ့သည်မှာ ထင်ရှားခိုင်လုံနေသဖြင့် ပုဒ်မ–၁၂၄(က)အရ ကျူးလွန်ခဲ့သည့် အပြစ်နှင့် ထိုက်တန်သော တစ်သက်တစ်ကျွန်းထောင်ဒဏ် ၆ နှစ်ကျခံရန်" စီရင်ချက်စာတမ်းတစ်စောင်ကို ဖတ်ကြားသွားသည်။ ထို့နောက် အပြစ်ဒဏ်ရပြီး အကျဉ်းသားတစ်ဦးအဖြစ်ဖြင့် ဦးဝိစာရဝတ်ရုံထားသော သင်္ကန်းတော်ကို ချွတ်ယူသွားလေသည်။

၁၇. ၈. ၂၉၊ စနေနေ့ ဝံသာနုသတင်းစာတိုက်ကိုယ်စားလှယ်များ ထောင်တွင်းဝင်ရောက်၍ ဆရာတော်ကို ဖူးတွေ့ကြသည်။ ဆရာတော်သည် ပက်လက်အနေအထားဖြင့်–

"သာသနာတော်အတွက် ပါရမီဖြည့်လိုပုတ်ပြည် ရဟန်းတော်များ အသက်စွန့်လွှတ်တော်မူခဲ့ကြဖူးသည့် လမ်းစဉ်အတိုင်း ငါသည်လည်း အသက်စွန့်လွှတ်၍ မြတ်သောပါရမီအဓိဋ္ဌာန်ကို ပြည့်မြောက်အောင်နေခြင်းဖြစ်ကြောင်း။ ယခုအတိုင်းဆိုလျှင် ဥပုသ်နှစ်ပတ်မျှသာ ငါ၏အသက် ခန္ဓာကိုယ် တွဲနေနိုင်တော့မည်။ လိမ္မာရစ်ကြပါ"ဟု မိန့်ကြားသည်။ နောက်ဆုံးမိန့်ကြားခြင်းပါတည်း။

ဦးဝိစာရကိုယ်တော်သည် ရက်လရှည်ကြာ ဆွမ်းဘုဉ်းမပေးဘဲ နေခဲ့ရာ ၁၆၆ ရက်မြောက်သောနေ့ ၁၂၉၁ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်၊ ၁၉. ၉. ၂၉၊ ကြာသပတေးနေ့ ည ၈ နာရီ မိနစ် ၂၀ အချိန်တွင် ရန်ကုန်ထောင်အတွင်း၌ ပျံလွန်တော်မူခဲ့သည်။

၁၂၉၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၈. ၂. ၃၀ ရက်နေ့ ညနေ ၄ နာရီခွဲကျော်ကျော်အချိန်တွင် ရွှေတိဂုံစေတီအနောက်တောင်ဘက် ကန်တော်မင်ပန်းခြံမြေ၌ ဆရာတော်ဦးဝိစာရ၏ ရုပ်ကလာပ်တော် အဂ္ဂိရျာပန သာဓုကီဠသဘင်ဖြင့် သဂြိုဟ်ပူဇော်ကြသည်။

တပည့်သံဃာတို့က အရိုးများကောက်ယူ၍ အမှတ်တရဖြစ်စေရန် အမြင့် ၅ ပေရှိ အရိုးအိုးစေတီတစ်ဆူကို ယခင် အင်းလေးဓမ္မာရုံအနီး မြေပေါ်တွင် တည်ထားခဲ့ကြသည်။ (အရိုးအိုးစေတီ မည်သို့မည်ပုံ ပျောက်သွားသည် မသိချေတော့။)

၁၃၀၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ စနေနေ့တွင် ဆရာတော်ဦးဝိစာရ အထိမ်းအမှတ်ကျောက်တိုင်နှင့် ကြေးရုပ်ဖွင့်ပွဲကို ခမ်းနားစည်ကား သိုက်မြိုက်စွာ ကျင်းပရာ ထိုစဉ်က စစ်ဝန်ကြီးဖြစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်၍ ဂုဏ်ပြုမိန့်ခွန်းပြောကြားခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့အား တွန်းလှန်၍ အမျိုးသားလွတ်လပ်ရေးအတွက် အသက်စွန့်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့သော အာဇာနည်စိတ်ဓာတ်သည်ကား ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ခိုင်မြဲနေမည်မှာ မလွဲဧကန် ဖြစ်ပါသတည်း။

**ကိုမောင်သန်းဝင်း**

www.burmeseclassic.com


# ဒေါက်တာဥမ္မာ

## ဇေကာပီရှေ့ဆောင်နက္ခတ်ပညာရှင်

သင်သိလိုသော သင့်အကြောင်းကို တိကျသေချာစွာ ပြောပြပေးပါမည်။

သင့်အတွက် လတ်တလောအရေးကြီးသော ပြဿနာများကို လမ်းမှန်စွာ ဖြေရှင်းနိုင်ရန် ညွှန်ပြပေးပါမည်။

သင့်ဘဝလမ်းကို ဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ရန်အတွက် သင်ကိုယ်တိုင် ဆုံးဖြတ်ချက် မှန်မှ ဖြစ်ပါမည်။

ဆုံးဖြတ်ချက်မှန်အောင် သင့်ကံကို အမြဲလို စစ်ဆေးထားသင့်သည်။

သင့်ဘဝအတွက် သင်ဟာ အရေးအကြီးဆုံးပုဂ္ဂိုလ် ဖြစ်ပါသည်။

ကံဆိုတာ လူကလုပ်တာ မှန်ပါတယ်။ ကိုယ့်ကံကိုကောင်းအောင် ကိုယ်တိုင်စောင့်ရှောက်ရပါမည်။ ကံဆိုတာ အမြဲကောင်းမနေတတ်ပါဘူး။ ကံကို မမြင်နိုင်ဘူးဆိုတာ သာမန်လူအတွက်ပါ။ ကျွန်မအတွက်တော့ ကံတွေကို မြင်နိုင်ပါတယ်။ ဒါကြောင့် သင်တို့ကံ ကောင်းသည်၊ ဆိုးသည်ကို ကျွန်မက ပြောပြပေးနိုင်ပါတယ်။ ဆိုးနေရင် ကောင်းအောင် ပြုပြင်နေထိုင်နည်းကိုလည်း ညွှန်ပေးနိုင်ပါသည်။ ကောင်းတဲ့ကံကိုလည်း ပိုကောင်းအောင် ညွှန်ပြပေးနိုင်ပါသည်။

ယခုအချိန်မှာ လူ့သက်တမ်းက အလွန်တိုတောင်းပါတယ်။ အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရတတ်ပါတယ်။ အမှုတွေ့ရင် အလုပ်ရှုပ်ပါတယ်။ အလုပ်ရှုပ်ရင် လူပင်ပန်းပြီး အချိန်ကုန်ပါတယ်။ မလိုအပ်ဘဲ အချိန်တွေကုန်သွားရင် အရေးကြီးတဲ့ အလုပ်တွေအတွက် လုပ်ဖို့ အချိန်မရ ဖြစ်တတ်ပါတယ်။ ဒါကြောင့် သင်တို့ကံကို အမြဲကြိုတင် စစ်ဆေးခြင်းဖြင့် အမှုတွေကို ရှောင်နိုင်ပါတယ်။ အမှုမရှိရင် လူ့ဘဝမှာ နေရတာ နေပျော်ပါပြီ။

ပဋ္ဌာန်းဆက် ပါရမီရှင် တပည့်များကို ဖိတ်ခေါ်ပါသည်။

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သင်တန်းပြပါသည်။

နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီထိ ဖြစ်ပါသည်။

ကျွန်မနှင့် ပဋ္ဌာန်းဆက်ရှိသော ပါရမီရှင်တပည့်များအား ပညာလက်ဆင့်ကမ်းရန် အချိန်ကျရောက်ပြီ ဖြစ်ပါ၍ အမြန်ဆုံး လာရောက်ဆက်သွယ်စေလိုပါသည်။

ဆက်သွယ်ရန်-အမှတ်(၃၉-F 4)မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း ၄၁ တိုးချဲ့ ဒဂုံမြောက်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၇၇၂၆


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဖြစ်ခွဲတစ်ခင်း

နန္ဒာမိုးကြယ်

'အမေနေ့ အခမ်းအနား'တို့၊ 'အမေ့ခြေရာ'တို့၊ 'မြတ်မိခင်'စာပေတို့၊ 'မိခင်မေတ္တာ စာမူပြိုင်ပွဲ'တို့၊ 'မွေးမေကျေးဇူး ဆပ်ဖူးချင်တယ်'တို့၊ 'ဂန္ထဝင်မေမေ'တို့၊ 'အနှိုင်းမဲ့ အို . . မိခင်'တို့ . . . အစရှိသဖြင့် အမေအကြောင်းတွေ ထုံမွှမ်းနေသမျှကို မြင်ရ,တွေ့ရ,ကြားရလျှင် သူ့အဖို့ မရှိတော့ပြီဖြစ်သော ဖခင်ကြီးကိုပင် ပြေး၍ မြင်ယောင်နေမိတော့သည်။

သူသည် စာပေသမားတစ်ယောက်ဖြစ်၏။ သည့်အတွက် သူ့မှာ စာပေဝန်းကျင် အသိုင်းအဝိုင်းဆိုတာ ရှိပါသည်။ သူတို့စာပေစကားဝိုင်းကလေးသည် အမြဲလိုပင် စည်ကားဝေဆာသည်နှင့်အမျှ ပြောဆိုကြသော အကြောင်းအရာတွေကလည်း စုံလင်လှသည်။

"အမေရဲ့ ကျေးဇူးတရားဟာ မသေးငယ်ဘူးဆိုတာ အကြွင်းမဲ့ လက်ခံယုံကြည်ပါတယ်ဗျာ အမေတွေကို ဂုဏ်ပြုတယ်ဆိုတာလည်း သင့်မြတ်ဆီလျော်တဲ့ လုပ်ရပ်ပါပဲ။ ဒါပေမယ့် 'အမေ'ရယ်လို့ ဖြစ်လာဖို့ရာ အဖေဆိုတာ မရှိလို့မရဘူးဗျ"

"ဟာ . . ဟုတ်တာပေါ့။ သိပ်ကိုဟုတ်တာပေါ့။ အမေရှိလာလို့ သားသမီးတွေ ဖြစ်ထွန်းလာတယ်၊ အမေဆိုတာ ဖြစ်လာရတယ်။ သားသမီးမရှိရင် အမေဆိုတာ ဖြစ်မလာနိုင်ဘူး။ သားသမီးဖြစ်လာဖို့အတွက် အဖေရဲ့အခန်းကဏ္ဍကို ဖျောက်ထားလို့၊ မေ့ထားလို့၊ မျက်ကွယ်ပြုထားလို့ မသင့်လျော်ဘူး ထင်တယ်"

"မှန်တာပေါ့ဗျာ။ သားသမီးတွေနဲ့ပတ်သက်လာရင် အမေဟာ အနီးကပ်အုပ်စီးပြီ လုံခြုံမှုပေးတတ်သလိုပဲ သည်မိသားစု၊ သည်သားသမီးတွေရဲ့ စားဝတ်နေရေး လိုအပ်ချက်တွေကို အဖေကပဲ ခါးစည်းပြီး ရှာဖွေပေးခဲ့ရတယ်မဟုတ်လား။ သည်တော့ အမေတွေကို ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်လို့ ဂုဏ်ပြုနေကြသလို အဖေတွေဆိုတာကိုလည်း ဂုဏ်ပြုဖို့ကောင်းတယ်ဗျာ . . နော"

"သေချာတာပေါ့ဗျာ။ အမေနေ့၊ အမေပွဲတွေ အမျိုးမျိုးအနယ်နယ် နေရာဒေသအသီးသီးမှာ အင်တိုက်အားတိုက် ဆင်နွှဲနေကြတာ မြင်ရလေတိုင်း မျက်နှာငယ်နေရရှာတဲ့အဖေတွေအတွက် စိတ်မကောင်းဖြစ်မိတာအမှန်ပဲ"

"ဟုတ်ပါရဲ့။ သေသေချာချာ ပြန်စဉ်းစားကြည့်ရင် အဖေတွေရဲ့ နာမည်ဟာ သားသမီးတွေ အမှုအခင်းဖြစ်ပြီဆိုမှ အဲဒါ-ဘယ်သူ့ဆိုတာ ဖော်ပြခံနေရတယ်၊ အဲသည်ကျမှပဲ အဖေတွေရဲ့နာမည် ပေါ်ထွက်လာတော့တယ်။ ခံပြင်းစရာတော့ အကောင်းသားပဲနော်"

ဘာသာရပ်စုံသော စကားဝိုင်းကလေးမှာတော့ သည်ကနေ့ကျခါမှ အဖေအကြောင်းက ရှေ့တန်းရောက်လာခဲ့သည်။

ထိုအခါတွင် သူ့အာရုံကားချပ်၌ ဖျတ်ခနဲပေါ်လာသည်က ဖခင်အိုကြီးပဲ ဖြစ်တော့သည်။

× × ×

သူ့ကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရွာငယ်ကလေးတစ်ရွာတွင် အဖ ဦးဘရင်၊ အမိ ဒေါ်ဆင်မေတို့မှ ဖွားမြင်ခဲ့ပါသည်။

မွေးချင်း လေးယောက်အနက်မှ သူသည် အငယ်ဆုံးသားဖြစ်ပြီး သူ့အထက်မှာတော့ အစ်မတစ်ယောက်နှင့် အစ်ကိုနှစ်ယောက်တို့ ရှိကြသည်။ သည်မိသားစုကို ရှာဖွေကျွေးမွေးနေသည်ကတော့ အဖေတစ်ဦးတည်ရယ်သာ။

အဖေ့အလုပ်က ဘာရယ်ဟူ၍ ကံသေကံမ ပြော၍မရ။ စပါးတွေ ရင့်မှည့်ချိန်၌ သူများလယ်တွေမှာ အငှားလိုက်ရိတ်သလို၊ ရွှေနီး

www.burmeseclassic.com

www.burmeseclassic.com

ချုပ်စပ်မှ ထွက်ရှိသော သင်ဖြူးဖျာတွေကို ဝယ်ယူကာ အနယ်နယ်အရပ်ရပ် လှည့်လည်ရောင်းချတတ်သည်။ ပြီးတော့ သရက်ပေါ်ချိန်၊ မရန်းပေါ်ချိန်တို့ရောက်လျှင် သရက်ခြံ၊ မရန်းခြံတို့ကို ချုပ်ကာ လှူငှားခေါ်ပြီး သရက်ခူး၊ မရန်းဆွတ်လျက် သမွန်တစ်စင်းဖြင့် လှည့်လည်ရောင်းချသောအလုပ်ကို လုပ်ပါသည်။ အလုပ်မှန်သမျှ ဇိရွေးမနေဘဲ ကြုံရာ၊ ကျရာလုပ်တတ်၍လည်း မိသားစုကို အချမ်းသာကြီးမဟုတ်တောင်မှ ဝဝလင်လင် ကျွေးမွေးနိုင်ခဲ့သည်။ သားသမီးများ၏ ပညာရေးအတွက်လည်း ပံ့ပိုးမှုပေးနိုင်ခဲ့သည်။ အဖေရှာဖွေလာသမျှကိုလည်း အမေက ကောင်းစွာထိန်းသိမ်းသည်။ သို့ဖြင့်ပင် သာယာချမ်းမြေ့သော မိသားစုအသိုက်အမြုံကလေးဖြစ်ခဲ့ရသည်။

သို့သော်လည်း . . . ကံကြမ္မာဆိုသည်က အခက်သား။

သာယာချမ်းမြေ့လှစွာသော အိမ်ထောင်စုကလေးသည် လူမမည်ကလေးသူငယ်ဖြစ်သော သူလေးနှစ်သားအရွယ်အရောက်တွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပေသည်။

ဘာ့ကြောင့်ဆို အမေသည် သွေးဆုံးကိုင်ဝေဒနာဖြင့် ကွယ်လွန်တိမ်းပါးသွားခဲ့သည် မဟုတ်ပါလား။

အစ်ကို၊ အစ်မတွေကလည်း ပညာတစ်ပိုင်းတစ်စ။ အတောင်အလက်က မစုံသေး။

ပြီးတော့ အငယ်ဆုံးဖြစ်သော သူ့မှာကလည်း အပြောကျယ်လှစွာသော လောကကြီးအကြောင်းကို ဘာမျှသိသေးသည်မဟုတ်။ သည်လိုမျိုးအခြေအနေ၌ ယောကျ်ားသားတစ်ဦးဖြစ်သော အဖေ့အဖို့ ရင်ထဲမီးတောက်နေမည်မှာ သေချာပါသည်။ အပူရှပ်ကို ဟန်လုပ်ကာ အားတင်းနေရပါလိမ့် မည်။

အမေဆုံးပြီး လအတန်ငယ်ကြာတော့ သားသမီးလေးယောက်အပေါ် ဖခင်လိုတစ်ဖုံ၊ မိခင်လိုတစ်နည်း အုပ်စီးနေရရှာသော အဖေ့အဖြစ်ကို မကြည့်ရက်၍လား မသိ၊ ပတ်ဝန်းကျင် ဆွေနီးမျိုးစပ်တွေက အဖေ့အား တစ်ပင်လဲမှ တစ်ပင်ထူရန် နားချကြပါသည်။

"ကိုယ်က ဖောက်လွဲဖောက်ပြန်လုပ်တာမှ မဟုတ်ဘဲ။ တစ်ပင်လဲလို့ တစ်ပင်ထူတာပဲ။ သည့်အတွက် ဘယ်သူကမှလည်း အပြစ်တင်ကြမှာ မဟုတ်ပါဘူးကွယ်။ သင့်တော်တဲ့ သူနဲ့ စပ်ဟပ်ပေးမယ် . . . ဟုတ်ပလား"

"နေပါစေ အစ်မထွေးရယ်။ သည်အတိုင်းစခန်းသွားလည်း ဖြစ်နေတာပါပဲ။ ကျွန်တော်ဘဝမှာ ဘယ်လောက်ပဲပင်ပန်း၊ ပင်ပန်း မမှုပါဘူးဗျာ။ ကျွန်တော်သားသမီးတွေရဲ့ဘဝမှာ မိထွေးဆိုတာ ဘယ်တော့မှ မရှိစေရဘူး။ သူတို့အမေ ကွယ်လွန်သွားပေမယ့် သူတို့အမေရဲ့ မေတ္တာထက်မလျော့တဲ့ မေတ္တာမျိုးကို ကျွန်တော် အပြည့်အဝပေးသွားမယ် အစ်မ။ ပြီးတော့ သူတို့ရဲ့ ပညာရေးကိုလည်း ကသောင်းကနင်း မဖြစ်စေရဘူး"

"အေးကွယ် . . . တို့က မင်းအတော်ကလေး ကသီလင်တဲဖြစ်နေတာကို မကြည့်ရက်၊ မမြင်ရက်လို့ ပြောတာပါ"

"ကျေးဇူးတင်ပါတယ် အစ်မရယ်။ ဘယ်သူတွေ ဘာပဲပြောပြော ကျွန်တော်ကတော့ ဆုံးဖြတ်ချက်ကို ဘယ်တော့မှပြင်မှာမဟုတ်ပါဘူး"

သို့ကလို အဖေသည် ခေါင်းအမာကြီးမာခဲ့သည်။ သူတို့ညီအစ်ကိုမောင်နှမလေးယောက်ထဲ၌ အစ်ကိုအကြီးဆုံးသည် အသားဖြူဖြူ၊ လူရည်သန့်သန့်၊ ကျောင်းစာ၌လည်း အင်မတန်မှ ထူးချွန်သည်။ သည့်အတွက် သူတို့ရွာ တစ်ဖက်ကမ်းရှိ မြို့မှ သူဌေးလင်မယားက အစ်ကိုကြီးကိုမွေးစားရန် တောင်းကြသည်။ ထိုအခါတွင် အဖေသည် ခါးခါးသီးသီး။

"အို . . ကျုပ်သားကြီးကို ဘာဖြစ်လို့ပေးရမှာလဲ။ ကျုပ်တို့မှာ စားရမဲ့၊ သောက်ရမဲ့ မဟုတ်ဘူး"

"ကျုပ်မှာခြေတွေ၊ လက်တွေ အကောင်းကြီးရှိသေးတယ်။ ကျုပ်အလုပ်ကို ပိုလုပ်မယ်။ ကျုပ်လုပ်ကိုင်သမျှတွေဆိုတာ သားသမီးတွေအတွက်ပဲ"

အဖေ၏စိတ်ဓာတ်က ပြတ်သားသည်။

အဖေသည် အတန်းပညာမတတ်ရှာပါ။ သို့ရာတွင် သေစာ၊ ရှင်စာမက ဖတ်နိုင်သည်။ ဖတ်ရသမျှကိုလည်း မှတ်မှတ်သားသားရှိသည်။ ပြီးတော့ ကိုကြည်စိန်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com

ရေချွေးကြမ်းဝိုင်းဖွဲ့လျှင် မိမိ၏ ရည်မှန်းချက်တို့ကို ထုတ်ဖော်ပြောဆိုတတ်သည်။

"ဆရာလေးရေ၊ ကျုပ်သားကြီးနှစ်ယောက်ကို ရန်ကုန်ပို့မယ်ဗျာ၊ ရန်ကုန်မှာက ကျုပ်ညီဝမ်းကွဲ မဲ့ကြီးဆိုတာရှိတယ်။ မဲ့ကြီးက အစိုးရရုံးတစ်ရုံးမှာ စာရေးကြီးဗျ။ ကျုပ်နဲ့တွေ့တော့ ကျုပ်သားနှစ်ယောက်ကို သူ့ဆီပို့လိုက်ဖို့၊ ပို့ပြီးရင်ပညာ သင်ပေးမယ့်အကြောင်း၊ အလုပ်လည်းသွင်းပေးမယ့်အကြောင်း ပြောတယ်"

"ဟာ . . . ကောင်းတာပေါ့ အစ်ကိုဘရင်ရယ်၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့ဗျ။ မင်္ဂလာတရားတော်မှာတောင် 'ပတိရူပဒေသဝါသောစ'လို့ ပါတယ်မဟုတ်လား။ ကိုယ့်ဘဝအခြေအနေ တိုးတက်မြင့်မားဖို့အတွက် ကိုယ်နဲ့သင့်လျော်ပတ်တဲ့ အရပ်ဒေသကို ရွေးချယ်ရမယ် မဟုတ်လား"

"မှန်လိုက်လေ ဆရာလေးရယ် ကျုပ်ဖတ်ဖူးတဲ့ ဘုတ်အုပ်ထဲကလို ကျုပ်သားသမီးတွေဟာ ကျုပ်ထက်မြင့်နေရမယ်၊ အတိဇာတသားသမီးတွေ ဖြစ်ကိုဖြစ်နေရမယ်၊ ဒါမှလည်း မျိုးဆက်ဟာ မြင့်သထက်မြင့်လာမှာ မဟုတ်လား။

ကျုပ်သားနှစ်ယောက်ကလည်း လိမ္မာရေးခြားရှိကြပါတယ်။ ရန်ကုန်ရောက်လို့ အလုပ်အကိုင်နေသားကျတဲ့အခါ ကျုပ်နဲ့ သူ့ညီမလေး၊ မောင်လေးတွေကို လှမ်းထောက်မတဲ့၊ ငွေကြေးစုဆောင်းပြီး အဆင်ပြေပြီဆိုတာနဲ့ ရန်ကုန်ကိုပြောင်းဖို့ လှမ်းခေါ်လိုက်ကြမှာတဲ့ဗျာ"

"အင်း . . အစ်ကိုဘရင်အနေနဲ့ ခုလိုမျိုး မိဘအပေါ်သိတတ်တဲ့ သားသမီးမျိုးရတာ သိပ်ကိုကံကောင်းပါတယ်ဗျာ၊ ရွှေ့လျှောက်ပြီး တံကောင်းပါစေ"

အဖေ၏ အမြော်အမြင်ဖြင့် အစ်ကိုကြီးနှင့် အစ်ကိုလေးတို့ ရန်ကုန်သို့ ရောက်သွားခဲ့ကြသည်။ ထိုစဉ်က လူငယ်ရေးရာညကျောင်းများဖွင့်လှစ်သဖြင့် ပညာရေးအတွက် ညဘက်တွင် ကျောင်းတက်ကာ နေ့ဘက်၌ ဦးလေးမဲ့ကြီး၏ အဆက်အသွယ်ဖြင့် အလုပ်တွေကိုယ်စီ ရသွားခဲ့ကြသည်။ အစ်ကိုတွေက သူတို့ရသောလခတွေမှာ သုံးသင့်တာသုံး၊ စုသင့်တာစုပြီး အဖေထံ ပို့ပေးသင့်သမျှ ပို့ပေးခဲ့သည်။ သည့်အတွက် အဖေ့အဖို့ အတန်အသင့် အသက်ရှူချောင်ရသည်။ သို့သော်ငြား အဖေကား သားသမီးလုပ်စာကို အမြိုင့်သားစားလိုသူ မဟုတ်။ သည်တော့လည်း ရွာမှာနေရင်း လက်လှမ်းမိရာ၊ နိုင်ရာအလုပ်များကို လုပ်နေပြန်ပါသေးသည်။ သူတို့မောင်နှမနှစ်ယောက်ကို ရွာကျောင်းမှာပင် ထားပေးသည်။

သိပ်မကြာမီ နှစ်တာလတစ်ခုမှာတော့ ရန်ကုန်ရောက် အစ်ကိုနှစ်ဦးထံမှ လူကြုံဖြင့်စာတစ်စောင်ရောက်လာသည်။ သည်စာကို အကြောင်းပြု၍ အဖေနှင့် ဆရာလေးဦးကြည်စိန်တို့ စကားပြောဆိုနေကြသည်။

"သည်တော့ . . . အစ်ကိုဘရင်က ဘာလုပ်ဖို့ ဆုံးဖြတ်သလဲ"

"ဘာလုပ်ရမလဲ . . . ဆရာလေးရယ်။ ကျုပ်သားနဲ့သမီးကိုခေါ်ပြီး ရန်ကုန်ကိုပြောင်းမှာပေါ့။ ဟိုမှာက မျှတ်စိတြီး၊ နွားကြီးမဟုတ်လား။ သားကြီးနဲ့ သားလတ်တို့ကလည်း အိမ်ငှားထားပြီးပြီတဲ့"

"ဒါဖြင့် သည်က အိမ်၊ ခြံတွေကို ဘယ်လိုလုပ်ခဲ့မှာလဲ။ ရန်ကုန်ကို အပြီးအပိုင်ပြောင်းမယ်ဆိုတော့ ရောင်းပစ်ခဲ့မှာလား"

"ဟင်အင်း . . . မရောင်းပါဘူး။ ဘာဖြစ်လို့ ရောင်းရမှာလဲ၊ ကျုပ်သားသမီးတွေကြီးပြင်းလာလို့ ဇာတိရပ်ရွာကို မမေ့တဲ့စိတ်နဲ့ ပြန်လာလည်ကြတဲ့အခါ သူတို့အမေ ခေါင်းချခဲ့တဲ့ နေရာလေးပါလားဆိုတာ အမှတ်တရဖြစ်တာပေါ့။ စဉ့်ရာဝင်အိုးကြီးတွေနဲ့ ကျုပ်တယုတယ စိုက်ပျိုးထားတဲ့ ရွက်လှပန်းအိုးတွေကို ရွာကျောင်းမှာ လှူဒါန်းခဲ့မယ်၊ ပြီးတော့ ကျုပ်နှမဝမ်းကွဲ မတင်စိန်ဟာ အတော်ကလေး ဆင်းရဲရှာတယ်။ သည်တော့ သူ့သောတစ်ပန်သက်တစ်ဆုံး လုံလုံခြုံခြုံကလေး နေသွားရတာပေါ့"

"ကောင်းပါတယ် အစ်ကိုဘရင်ရယ်၊ အမြော်အမြင်ကြီးပါပေတယ်"

"မကြီးလို့လည်း မဖြစ်ဘူး ဆရာလေးရဲ့။ ဆရာလေးလည်း အသိပဲမဟုတ်လား၊ ကျုပ်တို့ဟောဒီတောရွာတွေ ဆိုတာက မူလတန်းပညာရေးလောက်နဲ့ ကိစ္စပြတ်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြတာ။ တချို့ဆို မူလတန်းတောင် မဆုံးဘူး။ သေစာရှင်စာကလေး ဖတ်တတ်ရုံလောက်နဲ့ ကျောင်းက ထွက်ပြီး မိဘလုပ်ငန်းတွေကို ကူကြရတာ လယ်လုပ်ငန်းဆိုတာက လည်း လယ်ပိုင်၊ ယာပိုင်က အင်မတန်နည်းလေတော့ သူတစ်ပါးရဲ့ လယ်တွေမှာ အခစား သူရင်းငှား လုပ်ကြရတယ်မဟုတ်လား။

သည်လိုနဲ့ပဲ အရွယ်ရောက်လာတော့ အိမ်ထောင်တွေကျ၊ သားသမီးတွေမွေး။ အဲသည်သားသမီးတွေလည်း သူတို့လိုပဲ ဒုံရင်းကဒုံရင်းကို မတက်ကြတော့ဘူး။ ကျုပ်ကတော့ ကျုပ်သားသမီးတွေကို ပညာတတ်တွေ ဖြစ်စေချင်တယ်။ နေပူကျဲကျဲမှာ ကုန်းရုန်းပြီး အလုပ်ကြမ်းလုပ်နေတာ မမြင်ချင်ဘူး။ ဖောင်တိန်ကလေးကိုင်ပြီး အရိပ်အောက်က ရုံးပြင်ကနားမှာ သက်သောင့်သက်သာ လုပ်တာကိုပဲ မြင်ချင်တယ်။ မိဘဆိုတာမျိုးဟာ ကိုယ့်သားသမီးကို ခိုင်းဖို့အတွက် မွေးလာတာ မဟုတ်ဘူး၊ မြှင့်တင်ပေးဖို့အတွက် မွေးလာတာဗျ။ မိဘထက် ပညာရေး၊ စီးပွားရေးတွေမှာ မြင့်နေရမယ်။ ဒါမှလည်း မိဘအဖို့ သားသမီးမွေးရကျိုးနပ်သလို သားသမီးတွေအဖို့ရာမှာလည်း အတိဇာတသားသမီးအဖြစ်နဲ့ လောကအလယ်မှာ တင့်တောင်းတင့်တယ် ဖြစ်နေရမယ် ဆရာလေး"

"ကောင်းပါတယ် ကိုဘရင်ရယ်၊ ခင်ဗျားဟာ ဖခင်ကောင်းတစ်ယောက်သာမဟုတ်ဘူး၊ မိဘကောင်းလည်း ဖြစ်ပါတယ်ဗျာ"

သည်အချိန်မှာတော့ အစ်မဖြစ်သူသည် သူ့ဦးစွန်ဖုတ်ကလေးကို ပွတ်သပ်ပေးပြီး . . .

"မောင်လေးရေ . . မမတို့တော့ သည်ရွာကနေ ရန်ကုန်ကို အပြီးအပိုင် ပြောင်းရတော့မယ်"

ဟူ၍ ပြောလေသည်. အစ်မတော့ မည်သို့မည်ပုံနေလေမည်မသိ။

သူ့ရင်ထဲမှာတော့ သည်ရပ်သည်ရွာကလေးကို ခွဲခွာရတော့မည်ဟူသော အသိကြောင့် အရွယ်နှင့် လိုက်လျောညီထွေစွာ လှိုက်ခုန်နေလေတော့၏။ မျက်ဝန်းအစုံမှာလည်း စိုစိုစွတ်စွတ်။

နွေခါကာလ ရွှေဝါရောင်လှိုင်းထနေသည့် အပြောကျယ်သော စပါးခင်းကြီးနှင့်တကွ မည်းမည်းသည်းသည်း စာခြောက်ရုပ်များကို လွမ်းသည်။ ကောက်နှံတွေရိတ်သိမ်းပြီး တလင်းနယ်ထားသော မြေပြင်ကျယ်၌ စုပုံထားသည့် ကောက်လှိုင်းများမှ ကောက်ညှင်းစပါးနှံတို့ကို ဆွဲယူကာ မီးပုံဝယ် ပေါက်ပေါက်ဖောက်စားရတာကို လွမ်းသည်။ မိုးတွင်းကာလ ရွှေပိန်ညင်းငှက်နှင့် ငှက်ခါးကလေးများကို လွမ်းသလို လယ်ထွန်နေသည့်ကြားမှ ကားကား ကားကားနှင့် လက်မတထောင်ထောင်ပေါ်လာတတ်သော လယ်ပုစွန်လုံးများအား ဆွဲပုံးအပြည့် ကောက်ယူရသည်ကိုလည်း လွမ်းသည်။ ဆီဆုံကြိတ်သည့်အခါ မောင်းတံပေါ်၌ ပတ်ချာလှည့်ထိုင်၍ လိုက်ပါစီးနင်းရသည်ကိုလည်း လွမ်းသည် . .။ တပေါင်းလအချိန်အခါ ရွာထိပ်လက်ပံပင်ပေါ်၌ ဆူညံလှော့ရှိသော ဆရက်များ၊ လေအဝှေ့၌ ကတော့ထိုးကာ ခုန်ဆင်းကျလာသော လက်ပံပွင့်များကို လိုက်ဖမ်းရသည့်အဖြစ်အားလည်း လွမ်းသည်။ လသာချိန်မြေတလင်းပြင်၌ ကြက်တင်ရိုးတို့၊ စိန်ကုလားတို့၊ အကြီးလေး၊ အငယ်လေးတို့၊ ရဲဦးတို့၊ သန်းဇော်တို့၊ ရွှင်ကြည်တို့၊ မသန်းနွဲ့တို့၊ ဝင်းဗိုလ်တို့၊ မစန်းကြီးတို့၊ တာတီဗိုးတို့နှင့် ပြေးတမ်းလွှားတမ်းကစားကြသည့်အဖြစ်ကိုလည်း လွမ်းသည်။

သည်အရွယ်မှာပင် သူသည် အလွမ်းဓာတ်ခံ ရှိနေခဲ့ပါပြီ။

ညဘက်အိပ်ရာဝင်တော့ ရွာထိပ် ညောင်ပင်အိုကြီးအောက်၌ ဝှက်ထော်မတို့နှင့် လိပ်ဥဝှက်တမ်းကစားရသည်ကို အိပ်မက်မက်ကာ ကယောင်ကတမ်းတွေ ထအော်တော့သည်။

"မသွားဘူး . . မသွားဘူး။ ရန်ကုန်ကို မသွားဘူး။ ဒီမှာပဲပျော်တယ်။ ဒီမှာပဲ နေချင်တယ် "

အိပ်ရာကနိုးတော့ သူ့ပါးပြင်မှာ မျက်ရည်စီးကြောင်းတွေ ရှိနေသလို သူ့နံဘေး၌ ငုတ်တုတ်ထိုင်ကာ သူ့ကိုငေးကြည့်နေသော အဖေ့ပါးပြင်မှာလည်း မျက်ရည်စီးကြောင်းတွေကို တွေ့လိုက်ရသည်။ အဖေ မျက်ရည်ကျသည်ကို သူမြင်ရတော့

www.burmeseclassic.com

မနေနိုင်တော့၊ အဖေ့ပေါင်ပေါ်သို့ မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်၊ သည်ချိန်တွင် အဖေသည် သူ့ကျောပြင်အား အသာအယာ ပွတ်သပ်ပေးနေလျက် . . .

"လူလေးရေ . . အဖေလည်း သည်ရပ်သည်ရွာမှာ သည်အသက်ရွယ်ထိ ကြီးပြင်းလာခဲ့တဲ့ဥစ္စာ၊ ပြီးတော့ လူလေးတို့အမေနေသွားခဲ့တဲ့၊ ခေါင်းချသွားခဲ့တဲ့ နေရာရပ်ရွာကို ဘယ်ခွဲသွားချင်မှာတဲ့လဲကွယ်၊

ဒါပေမယ့် . . . လူလေးသိထားဖို့က လူဆိုတာ ပျော်ရာမှာထက် တော်ရာမှာပဲနေရလိမ့်မယ်၊ တဒင်္ဂသာယာချမ်းမြေ့ဖို့ထက် ထာဝရသာယာချမ်းမြေ့မှုကို ရှာကြံတတ်ရမယ်လူလေး၊ ဘဝမှာ အနာမခံရင် အသာမစံရဘူး၊ အဖေ ခုလိုမျိုးကြံစည်တာဟာ အဖေ့အတွက်မဟုတ်ဘူး၊ လူလေးတို့ကောင်းစားဖို့အတွက်၊ လူလေးတို့ဘဝ တိုးတက်မြင့်မားဖို့အတွက်ပါကွယ် "

အဖေပြောဆိုသော စကားတို့၏အဓိပ္ပာယ်ကို သည်တုန်းက သူ နားမလည်ခဲ့ပါ၊ သို့ပါသော်ငြား . . အဖေ၏တုန်ယင်လှိုက်လှဲနေသော အသံတို့က သူ၏ နုနယ်လှသော နှလုံးသားထက်ကိုဖြင့် သံမှိုစွဲခဲ့ပါသတည်း၊

x x x

ကြာတော့လည်း ကြာခဲ့ပါပြီ၊ ခုဆိုလျှင် အဖေကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းလေးဆယ် ကျော်ခဲ့ပြီ၊

သို့သော်ငြား အဖေ့အား ရှာသော်လည်း မတွေ့သည့်တိုင် ကြာသော်လည်းမမေ့ခဲ့သည်မှာ အဖေ ပြောဆိုခဲ့သော ရင်ထဲကစကားများပင် ဖြစ်သည်၊

အဖေဖြစ်တည်ခဲ့ရသော ဘဝများနှင့်နှိုင်းစာလျှင် သူတို့မောင်နှမလေးယောက်၏ အခြေအနေတို့မှာ အဖေ့ဘဝထက် အစစအရာရာတိုးတက်မြင့်မားခဲ့သည်က အမှန်ပင်ဖြစ်၏၊ သူတို့မောင်နှမတစ်တွေ ကွယ်လွန်သွားပြီးမိဘနှစ်ပါးအတွက် ရွာသို့ပြန်ကာ အလှူအတန်းလုပ်စဉ်က ရပ်ဆွေရပ်မျိုး ရွာသူရွာသားတို့သည် တအံ့တသြ၊

အသက်အရွယ်အိုမင်းရှာပြီဖြစ်သည့် ဆရာလေးဦးကြည်စိန်နှင့် ဆရာမဒေါ်ရင်မြတို့ဆိုလျှင် သူတို့ မောင်နှမတစ်တွေကို ကြည့်လျက် ဦးခေါင်းတညိတ်ညိတ်၊

"အင်း . . . မင်းတို့ရဲ့အဖေ အစ်ကိုဘရင်ဟာ အတော်ကလေး အမြော်အမြင်ကြီးတဲ့သူပါ၊ သူသာ အမြော်အမြင်မရှိဘဲ ဝါးလုံးခေါင်းထဲမှာ လသာသလိုမျိုး ဒီရပ်ဒီရွာမှာပဲ ခေါင်းချခဲ့မယ်ဆိုရင် မင်းတို့တွေ ဘာဖြစ်မလဲ၊ လယ်သမား၊ ကိုင်းသမားပေါ့၊ သည်ရပ်သည်ဝန်းကျင်ဆိုတာကလည်း စားဝတ်နေရေးအတွက် ဒါပဲရှိတာကိုး၊ အခုတော့ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတာကို မင်းတို့အဖေက သက်သေပြသွားခဲ့တယ်၊ မင်းတို့အားလုံးလည်း အရာရှိ၊ အရာခံ ပညာတတ်တွေအဖြစ်နဲ့ မြို့ပြမှာ လူတစ်လုံး သူတစ်လုံး ဖြစ်လာကြပြီ၊

အေး . . . မင်းတို့အဖေရဲ့ ထုံးကို နှလုံးမူပြီး မင်းတို့ရဲ့သားသမီးတွေကိုလည်း မင်းတို့ထက် ဘဝအခြေမြင့်အောင် လုပ်ဆောင်ကြပေတော့"

ဆရာလေး၏စကားက တိုတိုနှင့် လိုရင်းကို ထိမိလှပါဘိ၊

ထိုအချိန် သူ့လွမ်းဆွတ်ခဲ့ရသော ကစားဖော်ငယ်သူငယ်ချင်းတွေ ရောက်လာသည်၊ သူတို့အားလုံးကြားဝယ် သူသည် ရွှေဟသာ ဖြစ်မှန်းမသိ ဖြစ်လာရသည်၊

သည့်အတွက် ကျေးဇူးအနန္တပါအဖေ၊

x x x

မွေးရပ်ရွာအပြန် ခရီးမှာတော့ သူ့စိတ်အာရုံအတွေးတွေက ကွန့်မြူးလျက်ရှိသည်၊ မြို့ပြပြန်ရောက်လျှင်ဖြင့် ဖိတ်ကြားထားသော စာပေဟောပြောပွဲတစ်ပွဲကို နွှဲရပေဦးမည်၊

ဤတွင် ခါတိုင်းသူပြောဆိုနေကျ အကြောင်းအရပ်အစား အခြားအကြောင်းရပ်တစ်ခုကို ပြောင်းလဲရမည်ဆိုသည့်အသိက အလိုလိုစီးမျော ဝင်ရောက်လာခဲ့သည်၊

အဲသည့်အကြောင်းအရာက အဖေဆိုသော အကြောင်းအရာ၊ ဟုတ်သည်၊

"အဲဒါ . . . ငါ့အဖေ . . "

"အဲဒါ . . . ငါတို့အဖေ . . "

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လူနဲ့ ဝိညာဉ်

## မောင်တော်ထိန်

လွင်မောင်တို့ငယ်စဉ် ဆယ့်သုံးလေးနှစ်အရွယ်က သူတို့အဖေ၏ မိတ်ဆွေ 'ဝင်းစေပိုင်ဆရာ'ဟု ဆိုသူက လွင်မောင်တို့ညီအစ်ကိုသုံးယောက်ကို လက်များ၊ နဖူးများတွင် သူ၏စုတ်တံဖြင့် ဆေးထိုးပေး၏။ ထိုဆေးတို့ကြောင့် လွင်မောင်တို့ ညီအစ်ကိုတွေကို အခြားသူများက ပြုစား၍လည်းကောင်း၊ စုန်းတိုက်၊ နတ်တိုက်၍လည်းကောင်း၊ အစာကျွေး၍လည်းကောင်း ပြုစား၍မရအောင်ဟု ဆိုပါသည်။ လွင်မောင်တို့ ညီအစ်ကိုတွေကတော့ ဘာမှန်းမသိ အဖေ၏မိတ်ဆွေအား ခင်မင်မှုကြောင့် ဆေးထိုးခံကြပါသည်။ ထိုခေတ်ထိုအချိန်က လွင်မောင်တို့လို လူငယ်တွေအဖို့ ပြုစားသည်၊ စုန်းတိုက်၊ နတ်တိုက်သည် ဆိုသည်များတို ကြားဖူးသော်လည်း ကိုယ်တွေ့ဘာမှမသိကြပေ။

ထိုခေတ် ရုပ်ရှင်တွေထဲ သရဲတစ္ဆေ၊ ဥစ္စာစောင့် ဟူသည်များကိုတော့ ကြည့်ဖူး၊ မြင်ဖူးကြ၏။ တကယ့်တကယ်တော့ ဘာတစ္ဆေသရဲကိုမှ မမြင်ဖူးပါချေ။ ပြင်ပတွင်တော့ နတ်ပွဲများတွင် ပူးကြကပ်ကြသည်ကိုလည်း တွေ့ဖူးပါ၏။ ကိုယ်တိုင်တော့ ဝင်မပူးမိကြပေ။ နတ်ကျွေးသောမုန့်၊ ပိုက်ဆံစသည်တို့ကိုတော့ ယူဖူးပါသည်။ နတ်ပူးသည်ဆိုသည်မှာလည်း တကယ်ပူးသည်လား၊ ဟန်ဆောင်သည်လားမသိ။ ပူးကြကပ်ကြသည်ကတော့ အမှန်ဖြစ်ပါသည်။ ထိုသို့ ပူးကြကပ်ကြစဉ် အမဲသားအစိမ်းတွဲများကို စားပြခြင်း၊ ကြက်သားများကို စားပြခြင်းများကိုလည်း မကြာခဏ တွေ့ဖူးသဖြင့် ရိုးပင်ရိုးနေကြပါသည်။

လွင်မောင်၏ ယောက်ဖဖြစ်သူကိုဆန်းသည် သက်သတ်လွတ်စား၏။ ဥပုသ်စောင့်၏။ ဘုရားပေါင်းစုံတွင် အဓိဋ္ဌာန်ဝင်၏။ ဆရာဆိုသူများနှင့်ပေါင်းသင်းကာ သူတို့ညွှန်ကြားသည့် လမ်းစဉ်အတိုင်း လုပ်၏။ ဘယ်နေ့တွင် ဘယ်ဘုရား၊ ဘယ်နေ့တွင် ဘယ်စေတီစသည်ဖြင့် သွားရောက်ကာ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများကို ရက်ရှည်လများ ပြုလုပ်၏။ ထို့နောက်- သူတို့၏ရရှိလာသော စရဏအားဖြင့် အစွဲရှိသူ၊ ပြုစားခံထားရသူများကို ရေမန်းဖြင့်လည်းကောင်း၊ ဆေးကြိမ်လုံးဖြင့် တို့၍လည်းကောင်း ကုကြသည်ကို တွေ့ဖူးပါသည်။

ထိုသို့ကုသစဉ်- ကုသခံရသူသည် ငို၍လည်းကောင်း၊ ဒေါသမာန်ဖြင့်လည်းကောင်း ပုံစံအမျိုးမျိုးပြကာ မိမိဘာကြောင့် ယခုကဲ့သို့ ပူးရသည်၊ ကပ်ရသည်ကို ဝန်ခံကြကာ ဆရာဖြစ်သူ၏အမိန့်ကို နာခံကြရသည်သာ ဖြစ်ပါသည်။ အပူးခံရသူများသည် ပုံစံမတူညီကြဘဲ ငို၍လည်းကောင်း၊ ဟိန်းဟောက်၍လည်းကောင်း သူတို့အရှိန် အဝါကို ပြကြသော်လည်း နောက်ဆုံးတွင် စေပိုင်ဆရာ၏ ဩဇာအမိန့်အောက်တွင် ငြိမ်သွားကြသည်သာ ဖြစ်ပါသည်။ စုန်း၊ ကဝေ ရုပ်ရှင်ကားများတွင်လည်း ထိုပြကွက်များကို မြင်ဖူးကြမည်ဖြစ်ပေသည်။ တစ်ခါတစ်ရံ ဆရာမနိုင်ဘဲ ပုဆိုးမနိုင်၊ ခေါင်းပေါင်းမနိုင်ဘဲ ထွက်ပြေးကြရသည်လည်း မြင်ရတတ်ပါသည်။

ထိုရုပ်ရှင်များသည် အဘယ်ကြောင့် ဤကဲ့သို့ ပြကြရသနည်း။ ရှိ၍ပြသည်လား၊ တကယ်မရှိသည်ကို လူစိတ်ဝင်စားအောင် ပြသည်ဖြစ်တန်ရာသည်ဟု တွေးမိ၏။ ဆရာဆိုသည်များကား ထိုရုပ်ရှင်ကား

www.burmeseclassic.com

များထဲကလို ပြုစားခံရလျှင်၊ စုန်းတိုက်၊ နတ်တိုက်ခံရလျှင် မည်သို့မည်ပုံ ပြန်လည်ကုသရမည်ကို နည်းနာရှာဖွေထားကြသူများ ဖြစ်၏။ အမှန်တကယ်ဖြစ်တတ်၍ ကုစားရန်ကြိုးစားကြသည်လား၊ ဟန်ဆောင်နေကြသည်လား စဉ်းစားဖွယ်၊ သတိပြုဖွယ်ဖြစ်၏။ သို့သော် ဆရာဆိုသူတို့၏ ပြောပြချက်များအရ အမှန်တကယ်ရှိ၍ ဖြစ်တတ်၍သာ ကုစားနိုင်ရန် နည်းလမ်းရှာဖွေကြသည်ဟု ဆိုကြပါသည်။

တစ်ချိန်က တဲ့ဖြစ်သူ ငှားရမ်းနေထိုင်သောအိမ်တွင် ထိုကဲ့သို့ ခြောက်လှန့်ပူးကပ်သဖြင့် ဆရာက ပူးကပ်သူအား သူ၏စရဏအားဖြင့် ချုပ်ကာ အကျိုးအကြောင်းမေး၍ ပူးကပ်သူအား မောင်းနှင်ထုတ်လိုက်သည်ကို ကိုယ်တွေ့ကြုံဖူးသဖြင့် အံ့ဩမိရပြန်၏။ ထိုသို့ အဆန်းတကြယ်၊ မရိုးမဆန်း၊ ထူးမခြားနားအကြောင်းအရာများကား မကြာခဏဆိုသလိုပင် ကြားသိနေရသည်မှာ နားပင်မဆံ့ချေ။ ယခုခေတ် ယခုအခါတွင် ပို၍ပင် ယုံရခက်ကြမည်မှာ ပို၍ပင် ခက်လှပါတော့သည်။ အထက်ပါ ပူးကပ်ခံရသူမှာ မြန်မာလူမျိုးမဟုတ်ဘဲ ထိုင်းလူမျိုးဖြစ်သဖြင့် ပို၍ပင် အံ့ဩခဲ့ရ၏။ (တစ္ဆေအသုံးချခံရသည့်ကျွန်တော်ဆောင်းပြန်မဂ္ဂဇင်းတွင် ဖော်ပြပြီး)

ထို့ကြောင့်ပင် ထူး၍ဆန်းသော ဝိညာဉ်လောကအကြောင်းကား ပြောရမှာပင် ခက်လှ၏။ ဟုတ်သည်လား၊ မဟုတ်သည်လား မျက်မြင်ကိုယ်တွေ့ တွေ့ကြမှပင် ယုံမည်ဖြစ်သော်လည်း ထိုယုံရခက်သော အကြောင်းအရာအချို့ကို ယုံရခက်ခက်ဖြင့်ပင် တင်ပြလိုက်ရပါသည်။

* * *

ယခုတင်ပြမည့် အကြောင်းမှာ ရုက္ခစိုးအကြောင်း ဖြစ်၏။ ကျွန်ုပ်နေထိုင်ရာအရပ်သည် မြို့စွန်ရွာ တစ်ရွာ ဖြစ်၏။ ကျွန်ုပ်တို့ရွာသည် ပြည်လမ်းမကြီးဘေးတွင်ရှိသော ပန်းစိုက်ရာ ရွာတစ်ရွာဖြစ်ခဲ့၏။ တစ်ချိန်က ရန်ကုန်မြို့တွင်းသို့ ဤရွာကလေးမှ ပန်းများသည် အဓိကပို့ကုန် ဖြစ်ခဲ့ပါသည်။ ယခုတင်ပြမည့် အကြောင်းအရာပါခြံသည် ကျွန်ုပ်ခြံနှင့် နှစ်ခြံအကွာ တောင်ဘက်တွင်ရှိပေသည်။ လူကြီးနှစ်ဦး အသက်ခုနစ်ဆယ်ကျော် အဘိုးကြီး၊ အဘွားကြီး ဇနီးမောင်နှံတို့ နေထိုင်ကြပြီး ၎င်းတို့၏ ခြံထိပ် ဘယ်ဘက်ခြံစပ်တွင် ကျွဲတညင်းပင်ကြီး တစ်ပင်ရှိ၏။

ထိုကျွဲတညင်းပင်ကြီးသည် ခြံဝယ်ကတည်းက ပါရှိခဲ့သည့်အတွက် တဖြည်းဖြည်း ထွားကျိုင်းကြီးပြင်းလာရာ ပေ ၆၀ ကျော်လောက်ထိ ရှိလာသဖြင့် ခြံပိုင်ဦးကြီးမှ လေပြင်းတိုက်လျှင် လဲကျပါက လူသွားလမ်းမပေါ်သို့ ကျမည်ဖြစ်သဖြင့် ခုတ်လှဲရန် အကြံဖြစ်လာသဖြင့် ခုတ်မည့်သူကို ရှာဖွေမိ၏။ မကြာမီ မိမိမိတ်ဆွေတစ်ဦးကိုသတိရ၍ သစ်ပင်ကြီးကို ခုတ်လှဲရန် အတူအညီတောင်းကာ ကျွဲတညင်းပင်ကြီးကို ပြသ၏။

ခုတ်လှဲမည့် မိတ်ဆွေကလည်း ကျေနပ်စွာပင် နောက်နေ့တွင် ပစ္စည်းအစုံအလင်ယူလာပြီး ခုတ်လှဲရန် သဘောတူပြီး ပြန်သွားလေသည်။ ထိုညတွင် အိပ်ပျော်နေသော ခြံရှင်ဦးကြီး၏ ခြေမကို တစ်စုံတစ်ယောက်က ဆွဲခါပြီး . . .

"မင်း ငါနေတဲ့သစ်ပင်ကို မခုတ်ပါနဲ့ကွ။ ခုတ်ရင် မင်းမလွယ်ဘူးနော်။ မခုတ်ပါနဲ့"

ဟု ပြောသံကြားရပြီး လန့်နိုးသွားလေ၏။ အိပ်မက်လား၊ တကယ်လား အိပ်ချင်မူးဝေနှင့် ထကြည့်လိုက်သောအခါ မိမိဘေးနားတွင် ဘာမှမတွေ့ရ။ နာရီကိုကြည့်လိုက်သောအခါ နံနက် ၄ နာရီထိုးတော့မည်။ ခြံရှင်ဦးကြီးသည် ပြန်အိပ်လိုက်လေသည်။ မနက်မိုးလင်းသောအခါ ကျွဲတညင်းပင်ကြီးကို အိမ်ထဲမှလှမ်းကြည့်မိသည်။ တည်တည်ငြိမ်ငြိမ်၊ လေအဝှေ့တွင် သစ်ကိုင်းများတငြိမ့်ငြိမ့်။ မနက်စာ ကော်ဖီသောက် မုန့်စားပြီးသောအခါ ခြံဝင်းအတွင်း လမ်းလျှောက်ရန် အိမ်ပြင်သို့ထွက်လိုက်ရာ ခြံဝတွင် သစ်ပင်ခုတ်လှဲရန် မနေ့ကပြောထားသော မိတ်ဆွေကို တွေ့ရသဖြင့် ခြံတံခါးသို့ သွားကာ တံခါးဖွင့်ပေးလိုက်ပါသည်။

"တယ်ဝီရိယကောင်းပါလား။ ခုတ်တော့မလား"

ခြံရှင်ဦးကြီးက ခြံထဲဝင်လာသော မိတ်ဆွေအား ပြောလိုက်ရာ ၎င်း၏မိတ်ဆွေက . . .



www.burmeseclassic.com

www.burmeseclassic.com

"သစ်ပင်ခုတ်မလို့ မဟုတ်ဘူး ခင်ဗျ၊ အဲဒီသစ်ပင်အကြောင်း ပြောဖို့လာခဲ့တာ"

"ဟုတ်လား၊ လာ . . လာ . . အိမ်ထဲကို ဝင်ဗျာ"

နှစ်ဦးသား အိမ်ထဲသို့ရောက်သောအခါ သစ်ပင်ခုတ်ရန်ပြောထားသောမိတ်ဆွေက ပြော၏။

"ဒီလို ဦးကြီးရဲ့၊ ညက အိပ်မက်ထဲမှာ အဲဒီ ကျွဲတညင်းပင်ကြီးကို မခုတ်ဖို့ အိပ်မက်လာပေးတယ် ခင်ဗျ၊ အဲဒါ ဦးကြီးကို ကျွန်တော် လာပြောတာ၊ ခုတ်ရင် ဒုက္ခရောက်မယ်တဲ့"

ခြံရှင်ဦးကြီး အတော်ပင်အံ့သြသွား၏၊ သူ့ကိုလည်း ညက အိပ်မက်ပေး၏။

"ခင်ဗျား ဒီလိုပြောမှတော့ ကျုပ်ကလည်း ပြောရတော့မယ်ဗျို့၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ ကျုပ်ကိုလည်း ညက ဒီသစ်ပင်ကြီးကိုမခုတ်ဖို့ အိပ်မက်ပေးတယ်ဗျ"

"ဟောဗျ၊ တယ်ထူးပါလား ဦးကြီးရာ၊ ကျွန်တော်တစ်ခါမှ ဒါမျိုး မကြုံဖူးဘူးခင်ဗျ၊ ဦးကြီးနဲ့ ကျွန်တော် နှစ်ယောက်စလုံးကို အိပ်မက်ပေးတယ်ဆိုတော့ ပိုပြီးတောင်ထူးသဗျ၊ အဲဒီတော့ ဦးကြီး ဘယ်လိုများ သဘောရပါသလဲ"

"ဘယ်လိုလဲဆိုတော့ မခုတ်တော့နဲ့ဗျာ . . . မခုတ်တော့နဲ့၊ သူပြောတဲ့အတိုင်း ကျုပ်တို့ဒုက္ခမရောက်အောင် ဒီအတိုင်းပဲ ထားလိုက်ပါတော့ဗျာ၊ သူတို့ စိတ်အေးချမ်းသာနေကြပါစေ"

ဦးကြီးက ထိုသို့ပြောပြီး ကျွဲတညင်းပင်ကြီးအား ခုတ်လှဲခြင်း မပြုတော့ပေ၊ သည့်နောက်ပိုင်း မည်သည့်အိပ်မက်မှလည်း မမက်တော့ပေ၊ ထိုအဖြစ်အပျက်ဖြစ်ပွားပြီး သုံးလေးနှစ်အကြာ 'နာဂစ်မုန်တိုင်း' တိုက်သောအခါ ထိုကျွဲတညင်းပင်ကြီး လဲကျသွားလေသည်၊ လဲကျသည်ဆိုရာတွင် လမ်းမပေါ်သို့လည်း မကျ၊ ဓာတ်ကြိုးပေါ်လည်းမကျဘဲ အန္တရာယ်ကင်းစွာ ဦးကြီးခြံထဲတွင်ပင် လဲကျသွားပါသည်၊ သဘာဝအန္တရာယ်ကိုတော့ မည်သည့်လောကသားမှ မကာကွယ်နိုင်ပါတကား၊

* * *

နောက်အကြောင်း တစ်ခုကား ကိုမိုးသည် ညီမထံမှ အရေးတကြီး တယ်လီဖုန်းဖြင့် ခေါ်ဆိုမှုကြောင့် ညီမ၏အိမ်သို့ ပြေးခဲ့၏၊ ကိုမိုး၏အိမ်နှင့် ညီမဖြစ်သူ၏ အိမ်မှာ ဟိုဘက်လမ်း၊ ဒီဘက်လမ်းဖြစ်သော်လည်း ကိုမိုးအိမ်က လမ်းထိပ်မျက်နှာစာ၊ ညီမ၏အိမ်က တစ်ဖက်လမ်း၏ လမ်းဆုံးခါနီးလောက်တွင်ရှိသဖြင့် သွက်သွက်ကလေး အပြေးလျှောက်ခဲ့လေသည်၊ ကိုမိုး၏သားဖြစ်သူကလည်း လိုက်ချင်ပါသည်ဆိုသဖြင့် ခေါ်ခဲ့ရ၏၊ နှစ်ဦးသား ညီမ၏အိမ်ထဲသို့ ရောက်သည်နှင့် နတ်ပူးသလို ပူးကပ်နေသော တူမလေးကို တွေ့လိုက်ရသဖြင့် ကိုမိုးအံ့အားသင့်သွား၏၊ ကိုမိုးသည် အသက် ၄၀ ခန့် စီးပွားရေးလုပ်ကိုင်နေသူတစ်ဦး၊ ဘွဲ့ရလူငယ်၊ ဘုရားတရားမှလွဲ၍ အခြား စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ သရဲ ဘာမှနားမလည်၊ ယုံလည်း မယုံ၊ မြင်လည်း မမြင်ဖူး၊ ကြုံလည်း မကြုံဖူးပေ၊

ခုလက်တွေ့ကျကျ ကိုယ့်ရှေ့တွင် တဟီးဟီးပူးကပ်နေသော တူမလေးကိုတွေ့ရသဖြင့် အတော်ပင် အခက်တွေ့နေလေသည်၊ တမင်ဟန်ဆောင်နေတာလား၊ တကယ်လား၊

"နဂါးသိုက်တဲ့ အစ်ကိုကြီး၊ ဘာတွေပြောမှန်းလည်း မသိဘူး"

ညီမဖြစ်သူက ပြော၏၊ ကိုမိုးနှင့်သူ့သားကတော့ တူမ ပူးကပ်နေသော နေရာမနီးမဝေးတွင် ထိုင်ကာ ကြည့်ရင်း ဘာလုပ်ရမည်ကို စဉ်းစားနေ၏၊

"ဒီလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ဒါနဲ့ဆို နှစ်ခါရှိပြီ၊ တော်ကြာနားလိုက်၊ ပြန်ပူးလိုက်ဖြစ်နေတာပဲ"

ကိုမိုးနှင့် ညီမဖြစ်သူ စကားပြောနေကြစဉ် ကိုမိုး၏သားက . . .

"ဟေ့ . . . ဘာတွေညာတွေ လုပ်မနေနဲ့၊ ငါဘာမှမယုံဘူး၊ ခု ငါ ဝက်သားတွေ စားလာတယ်၊ ငါ့ကို ဝင်ပူးစမ်း"

ကိုမိုး၏သားသည် အသက်နှစ်ဆယ်ကျော်ပြီ၊ ဘွဲ့ရပြီးလူငယ်တစ်ဦး ဖြစ်သည်၊ ဥပဒေဘွဲ့၊ လက်ရှိ Hand Set ဆိုင်တည်၍ အရောင်းအဝယ် လုပ်နေသူ၊ ဖြုံဖြုံ၊ ပုပု၊ ဝဝတုတ်တုတ်၊ ထိုသို့ပြောပြီး ဘာမှကြာ

www.burmeseclassic.com

လိုက် ကိုမိုး၏သားသည် တဟီးဟီး ဖြစ်လာလေသည်။ အသားများ ဆတ်ဆတ်တုန်လာပြီး ဘာစကားတွေ ပြောမှန်းမသိ၊ ကုလားစကားလိုလို၊ ကိုမိုးခမျာ သားဖြစ်သူ ရုတ်တရက် ထပူးလာသဖြင့် အတော်ပင် အံ့အားသင့်သွားလေသည်။

"ဟေ့ကောင် . . . သတိထားစမ်း။ ဘာလဲ . . . မင်းက မင်းညီမကို နှောက်နေတာလား"

ကိုမိုးကပြောပြီး သူ့သားကို လှမ်းကိုင်လိုက်ရာ သားဖြစ်သူမှာ တဟီးဟီးပူးရင်း ကုလားစကားများကိုသာ ပြောနေပါတော့သည်။ တူမပူး၍ မပြီးခင် သားဖြစ်သူ တကယ်ပူးနေသဖြင့် ကိုမိုးတစ်ယောက် အတော်ဦးနှောက်ခြောက်သွားရပါသည်။ သည်လိုနှင့် သူ့ညီမရော သူပါ သားဖြစ်သူကို အတင်းဝိုင်းဝန်းချော့မော့ကြသဖြင့် သားဖြစ်သူ သတိရလာလေသည်။

သားဖြစ်သူ သတိရသည်နှင့် ကိုမိုးသည် အိမ်ထဲသို့ဝင်လာသော ညီဖြစ်သူ ဖိုးကျော်ကို အိမ်ပြန်ပို့ခိုင်းလိုက်ပါသည်။ မိုးကျော်က တူဖြစ်သူကို အသာချော့၍ လမ်းထိပ်အိမ်သို့ ပြန်ခေါ်သွားလေသည်။ ညီဖြစ်သူနှင့်သား ပြန်သွားသောအခါ ညီမဖြစ်သူက . . .

"ဒီအိမ်မြေနေရာကို အရင်က ကုလားကြီးတစ်ယောက် ပိုင်ခဲ့တာတဲ့။ အဲဒီကုလားနတ်ကများ သူ့ကို မလေးမစားလုပ်လို့ ဝင်ပူးတာများလား"

"တော်ပါ။ ခုန နင့်တူမ ပူးတုန်းက နဂါးသိုက်တဆို၊ ခုတစ်မျိုးပြောပြန်ပြီလား"

"ဟုတ်တယ်လေ၊ တူမလေးကို ပူးတာက နဂါးသိုက်ကလို့ ပြောတယ်၊ ခု ကိုမိုးသားကိုပူးတာက ဒီအိမ်က အစောင့်ကုလားကြီး ဖြစ်မယ်ထင်လို့"

"တော်ပြီ . . . တော်ပြီ၊ ဘာတွေမှန်းလလဲ မသိဘူး၊ ငါအိမ်ပြန်ဦးမယ်၊ ငါ့သားကို စိတ်မချဘူး"

ကိုမိုးသည် ထိုသို့ပြောပြီး ညီမနှင့်တူမကိုထားခဲ့ကာ သားဖြစ်သူကို စိတ်မချသဖြင့် အိမ်သို့ပြန်ခဲ့၏။ ကိုမိုးတွင် ဤသားတစ်ဦးသာရှိ၏။ အိမ်ပြန်ရောက်သောအခါ ခေတ္တနား၍ ဇနီးဖြစ်သူနှင့် အကျိုးအကြောင်းပြောကာ ဘာလုပ်ရမည်ကို စဉ်းစားနေ၏။ ဤကဲ့သို့အဖြစ်မျိုးကို မကြုံဖူး၊ မတွေ့ဖူး။ အခြားနတ်ဝင်သည်တို့ နတ်ပူးကြသည်ကိုတော့ တွေ့ဖူးပါ၏။ ယခု မိမိသား၊ တူမတို့ကို ဝင်ပူးသောအခါ အလွန်ပင်အံ့သြရ၏။ ဘယ်လိုလဲ၊ ဘာကြောင့်လဲ အမျိုးမျိုးစဉ်းစားနေသော်လည်း အလွန်ပင်စဉ်းစားရကျပ်သော ကိစ္စဖြစ်၏။

သို့နှင့် မကြာမီ သားဖြစ်သူကို သူ့အနားခေါ်ကာ . . .

"ခုနက ဟိုအိမ်မှာ မင်းဝင်ပူးတာ တကယ်လား၊ နှောက်နေတာလားကွ"

သားဖြစ်သူက သူ့ကိုကြည့်ရင်း

"ဘယ်ကလာ နှောက်ရမှာလဲ အဖေရား၊ ဟော . . . ခုတောင် ပူးချင်လာပြီ ပူး . . . ပူး"

ပြောရင်းဆိုရင်း သားဖြစ်သူ ဝင်ပူးပါတော့သည်။

"ဟေ့ . . . ဟေ့ . . . လုပ်ပါဦးကွ၊ ဘာတွေတုံး"

ကိုမိုးသည် ပြောရင်း ခြေကိုင်ရမလို၊ လက်ကိုင်ရမလို ဖြစ်နေ၏။ သားဖြစ်သူကတော့ မိမိအိမ်အလယ်ခန်းတွင် ချွေးရွှဲရွှဲဖြင့်ပူးပြီး တတွတ်တွတ်ပြောနေပါတော့သည်။ ယခုပူး၍ ပြောနေသည်ကတော့ မြန်မာစကားတွေ ဖြစ်ပါသည်။ အိမ်ထဲသို့ဝင်လာသော ဦးလေးဖြစ်သူ ဖိုးကျော်ကို လှမ်း၍ပြော၏။

"မင်း ဘာတွေလုပ်နေတာလဲ၊ ကြည့်လုပ်နော်၊ မင်းမိန်းမကိုဆုံးမထား၊ ဘုရားကျောင်းဆောင်ပေါ်မှာ ဘာတွေတင်ထားတာလဲ သွားကြည့်စမ်း၊ ဘုရားကျောင်းဆောင်မှာ ဘုရားကလွဲပြီး ဘာမှမထားနဲ့၊ သွား . . . ခုဖယ်ပစ်စမ်း မဆိုင်တာတွေ"

ဦးလေးဖြစ်သူကို တူတစ်ယောက်က မင်းတွေ၊ ငါတွေနှင့် ပြောလေပြီ။ ပြီးတော့ ဦးလေးဖြစ်သူဇနီးက ဘုရားကျောင်းဆောင်ပေါ်တွင် တင်ထားသည့်ပစ္စည်းများကို ပြောလေ၏။ ပြော၍သာပြောနေသော်လည်း သူသည် ဦးလေးဖြစ်သူ၏ အိမ်ခန်းတွင်းသို့ ဝင်လည်း မဝင်ဖူးပေ။ ထို့ကြောင့် ထိုစကားကြားရသူ အားလုံးက အံ့အားသင့်ကုန်ကြ၏။

"ပြောနေတာ မကြားဘူးလားကွာ၊ သွား . . မြန်မြန်သွားပြီး ဘုရား

www.burmeseclassic.com

ကျောင်းဆောင်ပေါ်က မဆီမဆိုင်ပုံတွေ အကုန်ဖယ်ပစ်လိုက်"

"ဟုတ်လား ပျော့ကောင်၊ သူပြောတာ အမှန်ပဲလား"

ကိုမိုးက ညီဖြစ်သူအားမေး၏။

"ဟို . . . မိန်းမက ဘိုးတော်ပုံတွေ၊ တရုတ်နတ်ပုံတွေကို တခြားသူတွေ လက်ဆောင်ပေးထားလို့ တင်ထားတာပါ"

ဖိုးကျော်စကားကြားတော့ ဘေးနားရှိ အဘွား၊ အဒေါ်၊ အမေနှင့် အိမ်ရှိလူများ အံ့ဩကုန်ကြ၏။ ထိုသို့ သားတော်မောင် ပူးကပ်၍ပြောနေသည်ကို ဂရုစိုက်နေစဉ် မီးဖိုချောင်မှ တဟီးဟီး ငိုသံကြားရပြန်ပါသည်။ လှည့်ကြည့်လိုက်သောအခါ အိမ်တွင်အလုပ်လုပ်သော မိအေး၏ ငိုသံဖြစ်ပါသည်။ ခက်ပြီ။ မိအေးကိုလည်း ဝင်ပူးလေပြီ။ တစ်ဖက်ခန်း၌နေသော ယောက္ခမဖြစ်သူက တဟီးဟီးငို၍ ပြောနေသော မိအေးအား ပုတီးဖြင့် ခေါင်းကို ပုတ်ပေးသော်လည်း မရ။ ငိုမြဲ၊ ပြောမြဲ ပြောနေ၏။ လည်ပင်းကို ပုတီးစွပ်ပေးလိုက်သော်လည်း မဖြုံပေ။

ထိုကဲ့သို့ သားရော၊ အိမ်တွင် အလုပ်လုပ်နေသော မိအေးပါ ပူးကပ်နေသဖြင့် ကိုမိုးသည် သူ့အဖေ၏ မိတ်ဆွေကို ပြေး၍သတိရမိသဖြင့် ညီမဖြစ်သူကို ခေါ်ခိုင်းလိုက်၏။ သူ့အဖေ၏ မိတ်ဆွေဖြစ်သူမှာ အဖေမဆုံးခင်ကတည်းက အဖေနှင့် တရားဆွေးနွေးဘက်၊ တရားထိုင်ဘက်ဖြစ်သဖြင့် ဤကိစ္စလောက်ကို ဖြေရှင်းနိုင်မည်ဟု ထင်သောကြောင့်ဖြစ်၏။ ညီမဖြစ်သူက စက်ဘီးဖြင့် အပြေးခေါ်သဖြင့် မကြာမီပင် အဖေ၏မိတ်ဆွေသည် ပလတ်စတစ်ပုလင်းတစ်ခုကိုကိုင်ကာ ရောက်ရှိလာလေ၏။

"ဦးရေ. . . ကယ်ပါဦးဗျာ၊ ကျွန်တော့်သားရော၊ အိမ်ကကောင်မလေးရော ဦး မြင်တဲ့အတိုင်းပါပဲ"

အဖေ၏မိတ်ဆွေဖြစ်သူသည် ကိုမိုး၏သားဘေးတွင် ဝင်ထိုင်ကာ သူယူလာသည့် ပုလင်းထဲမှ ရေကို တိုက်၏။ သားဖြစ်သူက အေးအေးဆေးဆေးပင် မိမိအဘိုး၏မိတ်ဆွေ ပေးသော ရေမန်းကို သောက်ချလိုက်လေသည်။ ခွက်ဖြင့်သောက်ရုံမျှနှင့် အားရပုံမပေါ်သဖြင့် ရေမန်းပုလင်းကို ဆတ်ခနဲဆွဲယူကာ တစ်ပုလင်းလုံးကို မော့ချလိုက်ပြီး ပါးစပ်တွင်ငုံကာ မိမိအဘိုး၏မိတ်ဆွေ မျက်နှာသို့ ထွီးခနဲ ထွေးထည့်လိုက်ပါတော့သည်။

ထိုသို့ မိမိသားဖြစ်သူက ရေမန်းကို တစ်ပုလင်းလုံးသောက်ပြီး ရေမန်းဖြင့် ဖခင်၏မိတ်ဆွေအား ထွေးလိုက်သောအခါ ကိုမိုးသည် ဘာလုပ်ရမှန်းမသိ ဖြစ်သွားရ၏။ မိမိဖခင်၏မိတ်ဆွေမှာလည်း သူ၏ရေမန်းဖြင့် သူ၏မျက်နှာကို အထွေးခံလိုက်ရသဖြင့် အခံရခက်ကာ ထ၍ပြန်သွားပါတော့သည်။ မိမိသားမှာကား ဘာမှမဖြစ်သလို ဆက်၍ ချွေးများဒီးဒီးကျကာ ဆက်၍ပြောမြဲပြောနေပါတော့သည်။ အိမ်တွင် ချိတ်ဆွဲထားသည့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုသည့် စာတန်းကိုပင် ဖတ်လိုက်၊ ရွတ်လိုက် လုပ်နေတော့သည်။

ကိုမိုး၏ ညီမနှင့် ညီဖိုးကျော်တို့က . . .

"ခုဝင်ပူးနေတာ ဘယ်သူလဲ၊ အဖေလား" ဟု မေးသောအခါ . . .

"ဟင့်အင်း၊ မင်းတို့ ဘာနားလည်လို့လဲ။ ငြိမ်ငြိမ်နေကြစမ်း"

ဟု ပြန်၍ ပြောလေ၏။ ထိုစဉ် ကိုမိုး၏ဇနီးက' ပယောဂဆရာတစ်ယောက်က သူကုပေးမည်ဟု ပြောသဖြင့် ကုစေ၏။ ပယောဂဆရာမှာ အသက်သုံးဆယ်ခန့် ရှိသူဖြစ်၏။ သူကလည်း 'သူ့တတ်သလောက် ကုသပါသော်လည်း လုံးဝမထူးခြားသဖြင့် လက်မြှောက်အရှုံးပေးသွားလေသည်။

ခက်ပြီ။ ဆရာမနိုင်ပါကလား။ နောက်တစ်ခါ ကိုမိုး၏ညီ ဖိုးကျော်က

"ခုဝင်ပူးနေတာ အဖေကြီးလား"

ဖိုးကျော်မေးသည့် အဖေကြီးဆိုသည်မှာ သူ၏အဘိုးကို ပြောခြင်းဖြစ်ပါသည်။ သည်အခါတွင်တော့ "အင်း၊ အေး" ဟု ဆို၏။ မိမိသား ပူးနေသည်မှာ နေ့လယ် ၁ နာရီမှစ၍ ယခု ညနေ ၃ နာရီကျော်နေပြီ ဖြစ်သဖြင့် အချိန်အတော်ကြာနေသဖြင့် ကိုမိုး အလွန်ပင် စိုးရိမ်လာပါသည်။ နောက်ကုသတတ်သူ ဆရာတစ်ဦးဆိုသူက လာရောက်ကုသပြန်သော်လည်း မထူးရေချ မထူးပါချေ။ ထို့ကြောင့် ကိုမိုးသည် ရွာဦးဆရာတော်ကို သတိရသဖြင့် ဆရာတော်ထံ ပြေး၍လျှောက်ရန်စေလွှတ်ရ၏။ တစ်အိမ်လုံးတွင်လည်း သားကပူး၊ အိမ်တွင်အလုပ်လုပ်သည့် ကလေးမက ပူးနှင့် တစ်အိမ်လုံး ပျာယာခတ်ကုန်နေပြီ။

www.burmeseclassic.com

မိခင်၊ ဖနီး၊ ညီမ၊ ညီ အားလုံး ဘာမှ မတတ်နိုင်။ ယပ်ခပ်ပေး၍သာ နေရလေ၏။ အိမ်ရှေ့က တစ်မျိုး၊ အိမ်နောက်ဖေးက တစ်ဖုံ၊ တစ်အိမ်လုံး ဆူညံနေတော့၏။

မကြာမီ ဆရာတော်ကျောင်းမှ ဦးပဉ္စင်းတစ်ပါး ကြွလာသောအခါ ကိုမိုးက အကျိုးအကြောင်း လျှောက်၏။ ဆရာတော်က ဦးပဉ္စင်းအား တာဝန်ပေးလိုက်ကြောင်း ဦးပဉ္စင်းက ပြောပြီး ရေခွက်တစ်ခွက်တွင် ရေထည့်စေ၏။ ရေထည့်ပြီးသော ရေခွက်ကို ဦးပဉ္စင်းက မန်း၏။ မန်းပြီးသော ရေနှင့် ကိုမိုး၏ သားရော၊ မိအေးကိုပါ မျက်စဉ်းခတ်စေ၏။ ရေမန်းခတ်ပြီးသည်နှင့် နှစ်ဦးစလုံး "အား စပ်တယ်. . . စပ်တယ်"ဟုအော်ကာ တဖြည်းဖြည်း ပူးကပ်သည်လည်း ပျောက်သွားလေ၏။

ထိုမှ ကိုမိုးနှင့် အိမ်မှလူများ သက်ပြင်းချနိုင်တော့၏။ နေ့တယ် ၁ နာရီက စ၍ပူးလိုက်သည်မှာ ညနေ ၅ နာရီထိုး ရေမန်းမျက်စဉ်းခတ်လိုက်တော့မှ ပျောက်လေ၏။

"ဒကာကြီး . . ဒကာကြီးသားကို ဦးပဉ္စင်းကျောင်းကို ခေါ်သွားပြီး ကိုရစ်ဝတ်ပေးလိုက်မယ်။ နောက်နေ့ကျရင် ပဉ္စင်းတက်ပေးလိုက်တာပေါ့"

"ကောင်းပါတယ်ဘုရား . . .။ ဦးပဉ္စင်းစိတ်တိုင်းကျ လုပ်ပါဘုရား"

ဦးပဉ္စင်းက ကိုမိုးသားကို ကျောင်းသို့မခေါ်မီ ကိုမိုးက. . .

"ဦးပဉ္စင်း . . ဒီလိုဖြစ်တာ ဘယ်လိုကြောင့်လဲ ဘုရား။ သူ့ကိုဝင်ပူးတာ ကျွန်တော်တို့အဘိုးဆိုတာရော ဟုတ်ပါသလား"

"အင်း. . . ဒီလောကက သိပ်မာယာများတယ် ဒကာကြီး။ အလိမ်အညာတွေများတယ်။ ဒီလိုပဲ ဝိညာဉ်လောကဆိုတာ သူတို့အခွင့်ကောင်းရရင် လူတွေကို ဒုက္ခပေးတတ်တာပဲ။ ထားပါတော့လေ။ နောက် သူပဉ္စင်းတက်လိုက်ရင် ကောင်းသွားမှာပါ။ ဒကာကြီးအိမ်မှာလည်း ကျုပ်တို့ ပရိတ်ရွတ်ပေးပါ့မယ်"

ဦးပဉ္စင်း ပြန်ကြွသွားသောအခါမှ ကိုမိုးတို့မိသားစု သက်ပြင်းချနိုင်တော့၏။ သို့သော် နောက် ဘယ်သူကို ဝင်ပူးဦးမည်လဲဆိုသည်ကို မတွေးချင်တော့။ အလွန်ပင် စိတ်ညစ်ညူးရ၏။ သည်အထဲ ဆရာဆိုသူက ပယောဂကုပေးခဆိုကာ ငွေငါးသောင်း ရိုက်သွားသေး၏။ ငွေငါးသောင်းသာ ပေးလိုက်ရ၏။ ရောဂါလည်းမပျောက်ပေ။ တော်တော် တော်သည့် ဆရာ၊ ဆရာလိမ်ဖြစ်ပေ၏။

ဤဖြစ်စဉ်ကို အဆုံးသတ်ရသော် ဤဆောင်းပါးအစတွင် ကျွန်ုပ်၏မိခင်၊ ယောက်ဖနှင့် ရှပ်ရှင်ဇာတ်ကားများတွင် အထက်လမ်း၊ အောက်လမ်း ဇာတ်လမ်းများ ပြသကြသည်မှာ ယခုတဲ့သို့ အဖြစ်များ ယခင်ယခင်ခေတ်များကလည်း ရှိကောင်းရှိလိမ့်မည် ဖြစ်ပါသည်။

ရှိ၍လည်း ဤဖြစ်ရပ်များကို တုနိုင်ကြစေရန် ဆရာဝိုဏ်းများ ရှိခြင်း ဖြစ်ပေမည်။ အထက်တင်ပြခဲ့သကဲ့သို့ 'ဝင်းဂိုဏ်း'နှင့် အခြား 'ဧပိုင်ဂိုဏ်း'များ ပေါ်ထွက်လာခြင်း ဖြစ်ပါလိမ့်မည်။ အမှန် ဆရာစစ်၊ ဆရာမှန်တို့ကား အဓိဋ္ဌာန်ပြု၊ တရားဝင်၊ မေတ္တာပို့ သက်သတ်လွတ်စားကြကာ တပင်တပန်း ကြိုးပမ်းကြမည်ဖြစ်ပါသည်။ ထိုနည်းတူ ထိုနည်းလမ်းကို လိုက်ကာ အချို့ ဆရာတု၊ ဆရာယောင်များကား ဖြတ်လမ်းမှ အခွင့်ကောင်းကို ယူကာ 'ငွေ'ကိုသာ အပိုင်ချတတ်ကြခြင်း ဖြစ်ပေသည်။

ဤလောကတွင် အစစ်ရှိသလို အတုရှိသကဲ့သို့ ကောင်းမှုရှိသလို၊ မကောင်းမှုများကလည်း ရှိစမြဲဖြစ်ပါသည်။ မည်သို့ပင် ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဘုရား၊ တရား၊ သံဃာ ဦးထိပ်ထား၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိဇနီး၊ သားသမီးများကိုလည်းကောင်း ဘုရားရှိခိုးစေခြင်း၊ ပရိတ်ရွတ်ခြင်း၊ တရားထိုင်စေခြင်း၊ ဥပုသ်သီတင်းဆောက်တည်စေခြင်းများကို ပြုစေ၍ အမြဲတမ်း စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့ကို ဦးတည်နေကြသော၊ ဝရုပြုနေကြသော လူငယ်လူရွယ်များအား အားလပ်ချိန်တွင် အထက်ဆိုသကဲ့သို့ ပေါ့ပါးသော ဘာသာရေးလုပ်ငန်းများကို လုပ်ဆောင်စေခြင်းဖြင့် ဝိညာဉ်လောက၏ အခွင့်ကောင်းယူခြင်းများကို လူများက ပယ်ရှားနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

မောင်တော်ထိန်



www.burmeseclassic.com

www.burmeseclassic.com

# ထွန်းတောက်

တောနက်ထဲကရှာမရသော...

# နတ်ရှာကြီး

နှင့်

အကြောင်းဆုံးဝတ္ထုတိုများ

လူသူမရောက်နိုင်လောက်အောင်
နက်ရှိုင်းသောတောနက်ကြီးထဲက
နားမလည်နိုင်သောဖြစ်ရပ်ဆန်းများနှင့်
အံ့ဩထိတ်လန့်ကြောက်ရွံ့ဖွယ်
ဝမ်းနည်းကြေကွဲဖွယ်ရာများပါဝင်သည်။

ပင်ရင်းဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင်
အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉ ၇၃၀ ၇၃၃ ၈၃၊ ၀၉ ၄၂၀ ၀၅၆ ၃၅၄

www.burmeseclassic.com

www.burmeseclassic.com

# ရှုမဝ နှင်းနှင်း




www.burmeseclassic.com

www.burmeseclassic.com

# ဝက်ဖ

### နှင်းနှင်း

ကျွန်တော်က နိုင်ငံခြားသားတစ်ဦးပါ။ ယခုမြန်မာပြည်ကို တရားဝင်အလုပ်ကိစ္စနဲ့ ခဏရောက်နေပါတယ်။ လူသိရှင်ကြား ကြေညာထားခဲ့မှုကတော့ သတင်းထောက်ပေါ့။ အမှန်က နိုင်ငံတွင်းအရေးကြီးကိစ္စများကို စုံစမ်းစစ်ဆေးအတည်ပြုနေသူပါ။ မြန်မာပြည်ကို တိုက်ရိုက်ကြီးစုံစမ်းစရာ မရှိပါဘူး။ ဒါပေမယ့် နယ်စပ်ချင်းနီးတဲ့တိုင်းပြည်က လေသူရဲကောင်းတစ်ဦးက လေထီးနဲ့ဆင်းပြီး သတင်းပျောက်သွားလို့ရှာရပါတယ်။

မြန်မာပြည်နဲ့နီးတဲ့ နိုင်ငံတချို့က အနုမြူလက်နက်တို့၊ ရေဒါအထူးစက်တို့၊ အမြောက်ကျည်ကို လူမဲ့လေယာဉ်နဲ့ချမယ့် အစီအစဉ်တွေရှိတယ်လေ။ အဲဒါ ဝေဟင်မှစုံစမ်းနေတဲ့ လေယာဉ်မှူးကြီး ဆက်သွယ်ရေးပစ္စည်းအစုံကို ပါသွားရဲ့နဲ့ ရေဒါစက်ကွင်းမှာဖမ်းမရဘဲ လူနဲ့အရေးကြီး စက်ပစ္စည်းအသစ်တစ်မျိုး ထူးဆန်းစွာပျောက်ဆုံးနေခဲ့တယ်။ စုံစမ်းမှုပြုရန် မြန်မာသို့ကျွန်တော်အပို့ခံရတယ်။ သူငယ်ချင်းတချို့က ယိုးဒယားနဲ့ ဗီယက်နမ်နိုင်ငံသစ်တောထဲရောက်သွားတယ်။ လာအိုနိုင်ငံမှာလည်း စစ်အေးနေပါပြီ။ အထူးသဖြင့် ရွှေတြိဂံဒေသကို ပိုအာရုံစိုက်စုံစမ်းနေခဲ့ရတယ်။

မြန်မာမြေမှာ ကျွန်တော်တို့နိုင်ငံသားကို အလွယ်တကူတွေမြင်သိရှိနိုင်တယ်။ စကားနဲ့အသားအရောင်ကွဲလို့ပဲ။ ဟောင်ကောင်တို့၊ မကာအိုလိုနိုင်ငံမျိုးဆို ရှာရ၊ သတင်းနှိုက်ရအဆင်မပြေလှဘူး။ အရောအနှောများလှတယ်။ အင်္ဂလိပ်စကားလုံး အရမ်းသုံးစွဲတယ်။ မြန်မာကတော့ မြန်မာပါပဲ။

တစ်လပြည့်တော့မယ်။ ကျွန်တော့်အပေါ်မှ လူကြီးများရဲ့ ဖိအားကိုအရမ်းဖိခံနေရပြီ။ သူငယ်ချင်းတွေလည်း သူတို့ရောက်နေတဲ့ နိုင်ငံမှာအဆူခံနေရရှာခဲ့တယ်။ ဗိုလ်မှူးကြီးမက်ဂါရင် စက်မှုကျွမ်းကျင်ပညာရှင်ဘယ်ရောက်နေပါလိမ့်။ သေဆုံးလိမ့်မယ်လို့ ဘယ်သူမှ မယူဆကြဘူး။

အသက်လေးဆယ် အထူးဉာဏ်ရည်ရှိသူ၊ စက်များနဲ့ဓာတုဗေဒပညာ ကျွမ်းကျင်သူ၊ အိမ်ထောင်မရှိ။ တာဝန်ထမ်းသက် နှစ်ပေါင်းနှစ်ဆယ်ရှိ ရာထူးအဆင့်ဆင့် တက်လာသူဖြစ်သည်။ လက်ရှိအလုပ်ကို သစ္စာဖောက်မည့်သူမဟုတ်။ လုပ်သက်တစ်လျှောက်တစ်ခါမှ အမှားမခံခဲ့ပေ။ သူသစ္စာဖောက်ခဲ့လျှင် သူနဲ့အတူပါသွားတဲ့ဓာတုဗေဒစမ်းသပ်ပစ္စည်းကို လူကဖွင့်ကြည့်လိုက်တာနဲ့ ပင်မထိန်းချုပ်စခန်းက ချက်ချင်းသိရှိမည်။ အဆင့်မီ လျှပ်ကူးအချက်ပေးခလုတ်ကို တပ်ဆင်ထားသည်။ မည်သူပဲဖွင့်ဖွင့် ခလုတ်ဖွင့်လျှင် ပင်မရေဒါစက်က သိကိုသိရမည်။ စမ်းသပ်မည့်အစီအစဉ်ကို အော်တိုထိန်းချုပ်ရယူထားသည်။ တန်ဖိုးကြီးမားပြီး ကမ္ဘာမှာသုံးခုမြောက် မရှိသေးသည့် စက်လည်းဖြစ်သည်။

ဤပြည်၊ ဤနိုင်ငံများက ခက်ခဲစွာ မိမိနိုင်ငံအာဏာဖြင့် မိမိကိုယ်ပိုင်ရပ်တည်နိုင်ရန် ကြိုးစားနေရသည်။ တောင်ကိုရီးယားလည်း မိမိလူမျိုးတူမြောက်ကိုရီးယားနဲ့ ချနေကြရသည်။ တရုတ်ပြည်မကြီးကလည်း မိမိငှားခဲ့ဖူးသည့် ထိုင်ဝမ်နဲ့ညှိနေကြသည်။ ယိုးဒယားကလည်း စစ်အုပ်ချုပ်ရေးနဲ့တည်ငြိမ်အောင် စွဲစေ့ထားရသည်။ ခက်ပါဘိနော်။ ဒါတွေကို အချိန်နဲ့တစ်ပြေးညီသိအောင်လုပ်ယူသည်။ နောက်ဆုံးစက်နဲ့ စမ်းသပ်သူပညာရှင်က ပျောက်ချင်းမလှပျောက်နေရသဖြင့် မျက်စိပြူးနေရပါပြီ။ မြန်မြန်သတင်းရပါစေ။ ဝှက်ဖဲချုပ်ပျောက်နေဆဲတည်း။

"ဒီမယ် လူတွေအသွားအလာများနေတယ်၊ ဘာဖြစ်လဲ"

"အင်းလေး ဖောင်တော်ဦးဘုရား သွားလာနေကြတယ်လေ"

ကမ္ဘာနဲ့ယှဉ်ရင် ဆင်းရဲတဲ့နိုင်ငံသာဖြစ်တယ်။ သူတို့မှာက ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com

စရာပွဲလမ်းသဘင်က အရမ်းများတာပဲ။ ထွက်ကုန်တွေလည်း ထွက်ရှိနေပါတယ်။ နည်းပညာမသိလို့ တန်ဖိုးမရှိဖြစ်နေရရှာတယ်။ ဒါပေမယ့် ပြုံးနေကြ၊ ပျော်နေကြ၊ ပွဲတော်တွေရှိနေဆဲပါပဲ။

တောင်ပိုင်းရှမ်းပြည်မှာ ပွဲတော်ရှိနေပါသဖြင့် လူရှုပ်ထွေးမှုများမည်။ မြောက်ပိုင်းမှာ သွားရှာဦးမှဖြစ်မည်။ ဒုတိယအခေါက် လားရှိုးဖက်ထွက်လာဖြစ်သည်။ ဒီတစ်ခါတော့ မြန်မာမြို့မဟုတ်တဲ့ နယ်စပ်နယ်များ၊ တရုတ်နိုင်ငံနားတိုးကပ်သွားရင်ကောင်းမလား။ ခန္ဓာကိုယ်မှာ တပ်ဆင်ထားတဲ့ ခရီးနှုန်းကွရိယာမှာ မိုင်သောင်းချီနေပါပြီ။ ဘာသတင်းမှ မထူးသဖြင့် စိတ်ညစ်နေမိသည်။

ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတချို့ထဲမှာက ဌာနချုပ်က ခွဲစိတ်မြှုပ်နှံပေးလိုက်တဲ့ အစွမ်းထက် ခြေရာခံငယ်တွေ ရှိနေတယ်။ ရန်သူလက်ထဲရောက်ပြီး အားလုံးချွတ်ပြီး ရှာဖွေပေမယ့် သူတို့မသိမမြင်နိုင်တဲ့ အံသွား၊ သွားစွယ်များ၊ ခြေဖနောင့်ထူကြီးများ၊ နားရွက်ချိုင့်လေးများဟာ ချုပ်ရိုးမတွေ့မြင်နိုင်ဘဲ ခွဲခဲ့ရတဲ့ လူ့ခန္ဓာကိုယ် စုံထောက်အငယ်များပါပဲ။ ဝှက်ဖဲများတည်း။

ကွတ်ခိုင်မြို့ငယ်ထိ ကျွန်တော်လူကောင်ပြရောက်နေပါပြီ။ ထပ်သွားမယ့်နေရာကို လိုအပ်တဲ့အဝတ်လဲဝတ်ရန် အနက်ရောင်ဂျာကင်ရောင်းတဲ့ဆိုင်သို့ အင်္ကျီဝယ်ရန် ဝင်လိုက်ပါတယ်။

ကျွန်တော် အင်္ကျီဝယ်ဖို့ဝင်စဉ် လူနှစ်ယောက်ကထွက်သွားတယ်။ သူတို့သဏ္ဍာန်က တစ်မျိုးပါ။

"ဟို ... အနက်ရောင်လက်ရှည်ပေးပါ"

ကျွန်တော် ဈေးမဆစ်ဘူး။ စမ်းဝတ်ကြည့်သလိုလည်း တစ်ခါတည်း ထပ်ဝတ်ချလိုက်တယ်။ ထွက်သွားတဲ့လူနှစ်ဦးကိုမီဖို့ မြန်မြန်လှုပ်ရှားရပါတယ်။ ကားဂိတ်တစ်ခုမှာ မီခဲ့ပါတယ်။ ခက်တာက ကျွန်တော်သင်ယူခဲ့တဲ့ မြန်မာစကားမဟုတ်တဲ့ ဘာသာတစ်ခုနဲ့ သူတို့က ပြောဆိုနေတယ်။ ရှမ်းစကားလား။ ဓနုစကားလားမှန်းလည်း ကျွန်တော်မခွဲခြားတတ်ဘူး။ ခက်ပြီ။

"မိတ်ဆွေ ... ဒီနားမှာရဲစခန်းရှိလား"

"ဒီကားဂိတ် အနောက်ပေါက်မှ ထွက်ပြီး ဘယ်ကွေ့သွား"

"ကျေးဇူးတင်ပါတယ်"

ဆက်သွယ်သော ဘာသာစကားမရသဖြင့် နီးရာစခန်း အကူညီထံပြေးသွားခဲ့တဲ့ ကျွန်တော့်ပုံက ဘိန်းမှောင်ခိုဖမ်းတဲ့လူနဲ့ တူတယ်။

"ဒီစခန်း တာဝန်မှူးရှိသလား"

"ဟိုး ကုလားထိုင်ကလူပါပဲ"

ကံကောင်းစွာနဲ့ နားလည်လွယ်သူနဲ့တွေ့တယ်။ ကျွန်တော်က မုသားတစ်ဝက်၊ အမှန်တချို့နဲ့ သူတို့ထဲမှာ ဆိုင်ကယ်ငှားပါတယ်။ စာရွက်စာတန်းနဲ့ ရုံးတံဆိပ်ကိုကြည့်ပြီး အားတက်သရောကူညီပါတယ်။ မှောင်ခိုဘိန်းစခန်းများကိုလည်း သိထားသမျှမြေပုံနဲ့တကွ ပြပေးခဲ့တယ်။ ကျွန်တော် အရမ်း အလျင်လိုနေတဲ့အကြောင်းနဲ့ ပစ္စည်းအိတ်တစ်လုံးကို သူ့ထဲမှာ ခဏထားခဲ့တယ်။ လက်ပစ်ဗုံးနဲ့ မီးကျည်ကို အရေးအတွက်နဲ့ အပ်ထားပြီး ဆက်သွယ်ရေးစက်ကို ဖွင့်ထားဖို့ မှာထားခဲ့ပါတယ်။ သူတို့ ဆီအပြည့်ထည့်ပေးလိုက်တဲ့ ဆိုင်ကယ်က သိပ်ကောင်းတယ်။ တော်သေးတယ်။ လမ်းမကြီးတစ်နေရာမှာ ကားဂိတ်မှထွက်သွားတဲ့ကားကို မီတယ်။ ဟိုနှစ်ယောက်လုံးဝမရိပ်မိသေးဘူး။

တောင်အဆင်းလျှိုလမ်းတစ်ခုတောလမ်းတစ်နေရာမှာ နှစ်ယောက်ဆင်းသွားပါတယ်။ ဆိုင်ကယ်ကိုဆက်မောင်းခဲ့ပါတယ်။ တာမိုးညဲမြို့သို့သွားမည့် ကားက ဆက်ကျော်တက်သွားမှ ကျွန်တော် မသိမသာ ပြန်ကွေ့ခဲ့ပါတယ်။ ခုနက ဆေးလိပ်ဘူးလွှတ်ချပြီး အမှတ်အသားလုပ်ခဲ့မိတဲ့ နေရာပြန်ရောက်မှ ဆိုင်ကယ်ကို ဝှက်ထားရန် သစ်ချုံရှာပါတယ်။ စီစဉ်သင့်တာစီစဉ်ပြီး ခပ်သွက်သွက် လိုက်ခဲ့ပါတယ်။ မျက်ခြည်ရှင် မိမိဒေသမဟုတ်သဖြင့် အခက်တွေ့မယ်။ စကားတပြောပြောနဲ့ သွားတဲ့ ထိုလူနှစ်ယောက်ကို ကိုက်ငါးဆယ်လောက်အရောက်မှာ မီပါတယ်။ သစ်ပင်ကြီးအရိပ်ကို မှီကပ်ပြီးသူတို့ရဲ့ အခြေအနေ ခဏစောင့်ကြည့်ပါတယ်။

လူသံတွေနဲ့ နီးလာခဲ့ပါပြီ။ နောက်တော့ တွေ့ရပါတယ်။ စိတ်ကြွဆေးချက်တဲ့ စက်ရုံငယ်တစ်ခုပါပဲ။ သူတို့က နယ်စပ်ကလူများကို စည်းရုံးသိမ်းသွင်းထားပြီး မိမိအပိုင်နယ်မြေလုပ်ခဲ့သူမို့ အစောင့်လည်းမထူဘူး။ စက်သံလည်း မဆူဘူး။ ဒါကြောင့်လည်း ဟိုနယ်စပ်၊ ဒီနယ်စပ်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းပြီး နေခဲ့ကြ

www.burmeseclassic.com

ပုံရတယ်။ ပတ်ပတ်လည်မှာ မှိုင်းအား ထားရာ နိုင်ငံများရဲ့ လူဆိုးဂိုဏ်းက ထောက်ပံ့နေတာကို။ လက်နက်ရယ်၊ စိတ်ကြွဆေးရယ်၊ သိပ်ကြီးမားလာတဲ့ အဖွဲ့ဆိုလျှင် ငွေတုလည်းလုပ်တယ်။ လောဘသားများ တရားမဝင်ပစ္စည်းကို ခပ်တည်တည် လုပ်ကိုင်နေသည့် ရွှေတြိဂံဒေသမှာဆိုလျှင် ဥရောပမှပင် လာပြီး ရောင်းဝယ်ဖောက်ကားနေသည်။ ကိုယ်ပိုင်ရေယာဉ်၊ လေယာဉ်များနဲ့ ဝင်ထွက်နေသည်မှာ နိုင်ငံငယ်လေးများအဖို့ ငေး၍သာကြည့်နေနိုင်သည်။ ထ၍လိုက်နိုင်စွမ်းမရှိ။ ချစ်ရေးချေးငွေများ ထိနိုက်မည်ပါးကြပေ။

တာမိုးညဲကျေးရွာအပိုင် တောထဲသို့ ကျွန်တော်ရှေ့ဆက်ခဲ့သည်။ စဉ်းစားရင်း လျှောက်မိသဖြင့် နယ်ကျံသွားပြီ။

"ရပ် လက်မြှောက်၊ သေနတ်ကို လုံးဝမဆွဲနဲ့"

အမေရိကန် အသံစစ်စစ်နှင့် အင်္ဂလိပ်လိုအမိန့်ပေးသံကြောင့် အားလုံးနာခံပြီး ဖမ်းသူကိုသေသေချာချာ စူးစိုက်ကြည့်သောအခါ ..

"ဗိုလ်မှူး ကျွန်တော် FBI ကပါ"

"သိတယ်။ ကြောင်ခြေသံနဲ့သစ်တောတိုးနေတဲ့ သဏ္ဌာန်ကိုမြင်တာနဲ့ သိပြီ။ ကျုပ်ကိုလာရှာတယ်ဆိုတာလည်း ရိပ်မိတယ်"

"ဘာအဝတ်ကြီး ကောက်စွပ်ထားတာလဲ ဗိုလ်မှူး"

"ဒါ ... ဒီနိုင်ငံရဲ့ ရသေ့ဆိုတဲ့ သူတော်စင်တွေဝတ်တဲ့ သဏ္ဌာန်ပဲ"

"ဘယ်လို ဖမ်းမိသွားရသလဲ၊ လေယာဉ်နဲ့ စက်ပစ္စည်းရော"

"ကျုပ် ဖမ်းခံရတာမဟုတ်ဘူး။ ကျုပ်ဘာသာ ထွက်ပြေးချင်လို့လာခဲ့တာပါ။ စက်ပစ္စည်းတွေအားလုံး မင်းနဲ့ ထည့်ပေးလိုက်မယ်။ ကျုပ်ကို သေသွားပြီလို့ ခိုင်ခိုင်မာမာ ခင်ဗျားတင်ပြပေးရမယ်။ အဲဒါက ... အကူအညီတောင်းခြင်းတစ်မျိုးပဲ၊ ကူညီမလား"

"အစအဆုံး ရှင်းအောင်ပြောပြပါဦး"

"ကဲ ... ထိုင်မလား။ ကျုပ်ခိုလှုံတဲ့ဇရပ် သွားမလား"

"သွားမယ်၊ လုံခြုံတယ်မဟုတ်လား"

"စိတ်ချ၊ ကဲ ... ကျုပ်နောက်ကလိုက်ခဲ့ ရှင်းပြတာလည်း နားထောင်ပေါ့။ ပြီးခဲ့တဲ့သုံးနှစ်က ဗုဒ္ဓဂယာမှာ ပေါက်ကွဲမှုဖြစ်ခဲ့တယ်။ သူတို့ ကုလားပြည်က လူမျိုးရိုးဇာတိသိပ်ပြင်းတယ်။ စုံစမ်းဖို့ ကျုပ်နီပေါရောက်သွားတယ်။ တစ်ရက် ညဦးကြီးမှောင်မည်းထဲမှာ တရားကျင့်နေတဲ့ ဘုန်းကြီးတစ်ပါးနဲ့ ဆုံတယ်။ စစ်ဆေးမေးမြန်းတာ ကျေနပ်တဲ့အထိဖြေတယ်။ ရိုးသားမှုကို သက်သေခံဖို့ ကျောင်းတိုက်တွေလည်းပြတယ်။ ကျုပ်က စစ်ဆေးရင်းနဲ့ ဘာသတိပြုမိလဲဆိုတော့ ဒီဘုန်းကြီးက ကျုပ်နဲ့မွေးနေ့ အသက်အရွယ်တူညီနေတယ်။ သူမှာတော့ အေးမြပြည့်စုံနေလိုက်တာ။ ဘာမှမကြောက်၊ ဘာမှလည်းမရှိဘူး။ သိချင်လို့ မေးကြည့်တော့ ဗုဒ္ဓဂယာရောက်တုန်း ရှုတင် ၁၃ ပါး လုံးကျင့်နေမိတဲ့ မြန်မာပြည်က ဘုန်းကြီးဖြစ်နေတယ်။ ဘွဲ့တွေ၊ ဒီဂရီတွေ အပြည့်ရပြီး စာတော်တဲ့ ကိုယ်တော်ပဲ။ ဒီလက်စ်ဘွဲ့ယူဖို့ အိန္ဒိယရောက်နေတယ်။ ဘာမှမရှိလို့ ဘာမှကြောက်စရာမလိုတာရယ်၊ ထူးခြားဆန်းပြားအောင် သိပ္ပံပညာကို တီထွင်လေလေ လူသားကမ္ဘာကြီး ဒုက္ခဘေးနီးလေဆိုတာ တစ်ညလုံးသူပြောပြတယ်။ ကျုပ်ရဲ့အိုင်ကျူ သိပ်မြင့်တာ သိပြီးသားမဟုတ်လား။ အဲဒါသူပြောတာ လက်ခံနိုင်ခဲ့တယ်။ ယုံလည်းယုံကြည်မိသွားတယ်။ သူနဲ့ လမ်းခွဲခဲ့ပေမယ့် သူဟောပြခဲ့တဲ့ တရားက ကျုပ်ကို မျက်စိဖွင့်ပေးခဲ့ပြီမို့ အားလုံးတိုသူလှည့်မကြည့်ရဘဲ မြင်နိုင်ခဲ့ပြီ။ ကျုပ်သိပ်ကိုလူသားဆန်ပြီး သေမင်းနဲ့ မျက်လုံးဆုံချင်ပြီ။ အဓိပ္ပာယ်ရှိရှိ အသက်ရှူနေချင်ပြီ။ လျှို့ဝှက်အဖွဲ့မှာ ကျုပ်ကဒီလိုနေခွင့်မရနိုင်ဘူး။ စစ်ဆင်ရေးတွေမလုပ်ကိုင်ဘဲ ကျုပ်နုတ်ထွက်ခွင့် မရနိုင်ဘူး။ ကျုပ်လိုလူကို ဘယ်သူမှ လက်လွှတ်မှာမဟုတ်ဘူး။ နှုတ်ပိတ်ပြီး အသေသတ်မှ ဒီလုပ်ငန်းမှာ ကျုပ်နားရမှာပါ။ ဘဝမှာနေသွားရင်းနဲ့ နားဖို့မလွယ်တဲ့ ငှက်ငယ်လို ဖြစ်နေပြီလေ။ သိပ်တော်၊ သိပ်တတ်ခဲ့တဲ့ ကျုပ်၊ အဖွဲ့အစည်းတိုင်းက လိုအပ်နေပြီလေ။ တစ်ခါမှမလျှောက်ဖူးတဲ့လမ်းကို ကျုပ်ရောက်အောင်လျှောက်လှမ်းခွင့် မရှိနိုင်ပါ။ အခုတော့ အငိုလွယ်၊ အရှိက်ခက်တဲ့ဘဝကို ရောက်နေတယ်။ ကောင်းကင်မိုးက စဲနေလည်း သစ်ပင်မိုးက ကျနေဦးမှာပဲ။ ဒါပေမယ့် အိုင်ကျူမြင့်တဲ့ဉာဏ်ကြီးရှင် ကျုပ်က အစီအစဉ်အကျအနချပြီး အခွင့်ကောင်းစောင့်နေမိတယ်။

"မွေးရာပါတော်တဲ့ ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com

ပါရမီအပြည့်နဲ့မို့ ဒီနည်းစဉ်းစားမိခဲ့တယ်လား။ ဒီကို ဒီလက်၊ ဒီခြေနဲ့ ပြေးမလွတ်တာ ရအောင်ပြေးခဲ့တာလား ဗိုလ်မှူး"

"ဟုတ်တာပေါ့။ ဟောဟိုမှာ ကြည့်စမ်း"

ဗိုလ်မှူးမက်ကရင် ထွက်လာစဉ်က သုံးသည့်ယာဉ်ကိုတွေ့ရပြီ။ ပြေးလမ်းမလို၊ ကွင်းရှိလျှင် ရပ်နိုင်သည့် ရဟတ်ယာဉ်သည် မည်သည့်အပျက်အစီးမှမရှိဘဲ တည်ရှိနေသည်။ ဒီရဟတ်ယာဉ်နဲ့သာဆို နီးသည့် တရုတ်ပြည်သို့လည်းကောင်း၊ ရွှေတြိဂံနယ်မြေသို့လည်းကောင်း အလွယ်တကူ သွားနိုင်သည်။

တောင်၏ထိပ်တွင် တရုတ်ဘုရားရှိခိုးကျောင်းတစ်ဆောင်ကို မြင်ရသည်။ ယခုရောက်နေသည်က တောင်အကွယ် ဖြစ်သည်။

"ဒီတောင်က တရုတ်ပိုင်မြေလား"

"မဟုတ်ဘူးကွ။ ဒါမြန်မာပိုင်မြေ။ ဒီနယ်မြေခံတစ်ဝက်က တရုတ်လူမျိုး ရွှေပြောင်းအလုပ်သမားမှတစ်ဆင့် အခြေချဖြစ်လာကြသူတွေပဲ။ သူတို့ကိုးကွယ်တဲ့ တရုတ်ရိုးရာကျောင်းကို ဒီမှာတည်ထားခဲ့ကြတယ်။ ကျုပ်ကဒီတောင်ပေါ်ကနေပြီး တစ်ခါတစ်ရံမှာ နယ်ကျွံသူကို မှန်ပြောင်းနဲ့ကြည့်မြင်တယ်။ အများအားဖြင့်က ကျုပ်က ကျုပ်ခန္ဓာကိုယ်ကို ဝိပဿနာအမြင်နဲ့ပဲကြည့်တယ်"

စကားပြောရင်း တွေ့မြင်သည်မှာ ဇရပ်တဲတစ်ခုဖြစ်သည်။ အသီးအနှံများရှိသည်။ အသက်ကြီးနေသော ရဟန်းတစ်ပါး ကမ္မဋ္ဌာန်းထိုင်နေ၏။ သူ့ရှေ့ရှိစင်တွင် ကျွန်တော်တွေ့ချင်လှပြီဖြစ်သော ဓာတုဗေဒစက်ဖြစ်သည်။ မြင်တာနဲ့သိသည်။ လုံးဝပုံမပျက် လက်မထိဘဲ ဤအတိုင်းသားတင်ထားခဲ့သည်ပဲ။ ချိတ်များ၊ ဓာတ်ရောင်ခြည်များ စီးဝင်နေသည့်ကြိုးများက နဂိုအတိုင်းရှိနေသည်။

"ကဲ ... သစ်သီးများ စိတ်တိုင်းကျစားပါ။ ဒီမှာ မီးလွတ်စားတယ်။ အသက်လွတ်စားတယ်။ ဒါကြောင့် မီးခိုးမထွက်ဘူး။ အနံ့မရှိဘူး။ သတ္တဝါတွေ ရန်လာမရှာဘူး။ စား ... နား၊ ပြီးတော့ ကတိထားခဲ့ပြီး ပြန်သွားပေတော့"

"ပြန်မလိုက်ဘူးလား"

"လာချင်လွန်းလို့ အသေးစိတ်စီစဉ်ခဲ့ရတဲ့တည်နေရာပဲ။ ဘာလို့ပြန်ဦးမှာလဲ။ ခုလိုအတွေ့ခံ ရှင်းပြနေတာက ရှာနေတဲ့လူတွေကို သနားလို့ပါ။ မတွေ့မချင်း ရှာရမယ့်တာဝန်ကြီး ပြီးစီးစေချင်လို့ပဲ"

"ဒီအမှုန်တရားကို အစီစဉ်အတိုင်း အစီရင်ခံ"

"ရပ် ... ခင်ဗျား သစ္စာရှိမယ့်လူမဟုတ်လား။ သေဆုံးနေတဲ့ကျုပ်အလောင်းပဲတွေ့ခဲ့ပြီး ဒီသုတေသနစက်က အန္တရာယ်ရှိနေသဖြင့် အမြန်ပြန်ခဲ့သည်ဆိုရင် ပြည့်စုံတယ်မဟုတ်လား ရဲဘော်"

ရဲဘော်ဆိုပြီး ခေါ်လိုက်သဖြင့် သူ လူသစ္စာခံလည်းမည်ပေသည်။ ကျွန်တော်ဘာလုပ်ရမှန်းမသိတော့။

× × ×

"ဌာနမှူး ငှက်နီဆင်းတော့မယ် အမိန့်ပေးပါ"

စစ်ရုံးချုပ်တစ်ခု၏ ကွင်းသို့ ရဟတ်ယာဉ်ဆင်းရန် ပြင်ဆင်နေသည်။ အားလုံးမျှော်ကြည့်နေစဉ် ယာဉ်ပေါ်မှ မောင်းသူမဲ့ယာဉ်ပျံသည် အရေးကြီးစက်ကိုသယ်ဆောင်လျက် အရင်ထွက်ကာ ဌာနချုပ်သို့ဆင်းခဲ့သည်။ ရှိသမျှလူများက ရဟတ်ယာဉ်ကိုဆက်စောင့်နေသည်။ ဌာနမှူးက သေတ္တာမလျက် မော်ကြည့်နေသည်။ တစ်ဖက်ထိပ်မှလှည့်ပုံနိမ့်ဆင်းလာသော ရဟတ်ယာဉ်သည် ဆင်းကွင်းနဲ့နီးလာစဉ် –

"ဝုန်း"

"ဟာ ... ပေါက်ကွဲသွားပြီ။ လေယာဉ်မှူးနှစ်ဦးတော့ ဒုက္ခပဲ"

ရဟတ်ယာဉ်ပေါက်ကွဲပြီး လေသူရဲနှစ်ဦးသေဆုံးဟု လွယ်လွယ်အကြောင်းပြခဲ့သည်။ ဘာအစီရင်ခံစာကိုမှ မရလိုက်၊ မှတ်တမ်းလည်းကြို မရ။ ရောက်ရှိမှ သတင်းစုံတင်ပြမည်ဆိုခဲ့ပြီး ပျောက်ဆုံးယာဉ်နဲ့ လူကိုခေါ်ဆောင်လာသူပါ သေဆုံးခဲ့သဖြင့် သတင်းပျောက်ပြီ။

DNA စစ်ဆေးမှုမှာ သေဆုံးသူနှစ်ဦးသည် လူဖြူစစ်သားများမဟုတ် ရောက်ရှိလာသော အသစ်သုတေသနဓာတုပစ္စည်းက အမှုန်အကန့်၊ ရဟတ်ယာဉ်ကလည်း အင်္ဂလန်လုပ်စစ်ယာဉ်။

ဖဲချပ်လေးက ဝှက်ဖဲချပ်ဖြစ်နေသည်။ ဤဖဲချပ်ကို မည်သူမှဖော်ခွင့်ရမည်မထင်။ ဝှက်ဖဲဆိုသည့်အတိုင်း ဝှက်ထားခြင်းခံရမည်။

နှင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com

# စုရုံးရောက်လာ ညီမူရာ

■ မီးလေး(ရှုတိုင်းယဉ်)

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

ညီမူရာဆိုတာက စာရေးသူနေထိုင်ရာ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၅ စုံပြရပ်ကွက်၊ သမိန်ဗရမ်းလမ်းပေါ်မှာ တည်ရှိတဲ့ ရပ်ကွက်ဦးသျှောင် ဓမ္မာရုံကြီးရဲ့ အမည်နာမပဲ ဖြစ်ပါတယ်။ ဘာသာ၊ သာသနာရဲ့ အေးမြတဲ့အရိပ်ကို ပေးစွမ်းနိုင်တဲ့ ညီမူရာဓမ္မာရုံကြီးဖြစ်ပါသည်။

စာရေးသူနေထိုင်ရာ ရပ်ကွက်အတွင်းရှိ ရပ်ကွက်နေပြည်သူတို့ရဲ့ စည်းလုံးညီညွတ်စွာနဲ့ ပန္နက်ရိုက်တည်ဆောက်ခဲ့တာဟာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပါပြီ။ ဓမ္မာရုံကြီးရဲ့ သက်တမ်းက မြို့သစ်သက်တမ်းနှင့် အတူဖြစ်ပါသည်။ ဓမ္မာရုံကြီးကို သာသနာရေးဦးစီးဌာနမှ ဆရာတော်ဘုရားကြီး ဦးခေမာဝုစနှင့်အတူ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုံမောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမောင်တို့က ဦးစီးဦးဆောင်ကာ ပန္နက်ချမင်္ဂလာနှင့်အတူ ဆရာတော်ဘုရားကြီးက ညီမူရာဓမ္မာရုံလို့ အမည်ပေးခဲ့တာဖြစ်ပါတယ်။ ညီမူရာဆိုတာက ကိုလိုနီလက်အောက်ခံဘဝမရောက်ခင် စာရေးသူတို့အမိမြန်မာနိုင်ငံကြီးဟာ ဘုရင်စနစ်နဲ့ အုပ်ချုပ်ခဲ့တဲ့နိုင်ငံဖြစ်ခဲ့စဉ်က မင်းညီမင်းသားတွေဟာ တိုင်းရေးပြည်ရေး၊ ဘာသာ၊ သာသနာကိစ္စတွေ ဆောင်ရွက်ဖို့အတွက် စုစုဝေးဝေး ညီညွတ်စွာနဲ့ ဆွေးနွေးတိုင်ပင်တဲ့ခန်းမသဘင်ကို "ညီမူရာ" လို့ ခေါ်တယ်ဆိုပြီး မိန့်မှာပေးခဲ့တဲ့ နာမည်လေးဖြစ်ပါတယ်။

လှပပြီး အဓိပ္ပာယ်ပြည့်စုံတဲ့ ညီမူရာဓမ္မာရုံကြီးအတွင်းမှာ မြဘုရားကြီးတစ်ဆူ သီတင်းသုံးနေပါတယ်။ မြဘုရားကြီးကို ထိုင်းနိုင်ငံမှ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူနေထိုင်တဲ့ ၃၅ ရပ်ကွက်အတွင်းမှာ သာသနာရေးဦးစီးဌာနကလည်း အထင်ကရ ပါဝင်နေပါတယ်။ ဓမ္မာရုံကြီးအတွင်း ဝင်ရောက်ဘုရားဖူးတယ်ဆိုရင်ပဲ ဘာသာ၊ သာသနာရဲ့ အေးမြတဲ့အရိပ်ကို စတင်ခံစားရပါတယ်။

ညီမူရာဓမ္မာရုံကြီးအတွင်းမှာ မျိုးဆက်သစ်လူငယ်များ၊ နောင်လာနောက်သားများ သိရှိပြီး အစဉ်အမြဲလေ့လာနိုင်ရန်အတွက် "မဟာဗုဒ္ဓဝင်ပြခန်း၊ သဗ္ဗညုမြတ်စွာဘုရား ဝိပါတ်တော် ၁၂ ပါးပြခန်း၊ ဓာတ်တော်များပြတိုက်၊ အောင်ခြင်းရှစ်ပါးပြခန်း၊ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ မြတ်စွာဘုရားဖွားတော်မူစဉ်မှ ပရိနိဗ္ဗာန်ပြုတော်မူသည်အထိ သီတင်းသုံးတော်မူရာ ဌာနများနှင့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ရှေးဟောင်း




www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဝင် ရုပ်ပွားတော်စေတီတော်များကိုလည်း ဓာတ်ပုံများဖြင့် မှတ်တမ်းတင် ပြသထားပါသည်။

စာရေးသူကို ဒီစာရေးဖြစ်အောင် တိုက်တွန်းပေးခဲ့တဲ့ ဗုဒ္ဓဘာသာအဖြစ် မွေးဖွားပေးခဲ့တဲ့ ကျေးဇူးရှင် ဖေဖေနှင့် မေမေ၊ လူမှုရေးလုပ်ငန်းတွေ၊ ဘာသာရေးလုပ်ငန်းတွေကို လုပ်ခွင့်ပေးခဲ့တဲ့ စာရေးသူရဲ့ အမျိုးသား၊ အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်တတ်အောင် သင်ပေးတဲ့ လမ်းပြကြယ်များကို ဒီစာနှင့်အတူ ကန်တော့ပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။ ဘာသာရေးကို တစိုက်မတ်မတ် လုပ်ဖြစ်တာကတော့ ၂၀၀၄ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ ငယ်ငယ် ရှစ်တန်းကျောင်းသူအရွယ်ကတည်းက ဖေဖေနှင့်အတူ ဗဟန်းမြို့နယ်က "အောင်ပညာ သာသနာပြုအဖွဲ့"မှာ ပါဝင်၍ သာသနာပြုလုပ်ငန်းတွေကို စတင်ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

စာရေးသူရဲ့မွေးနေ့ ၂၀၁၄၊ နိုဝင်ဘာ ၂၆ ရက်နေ့က သီရိမင်္ဂလာ ကမ္ဘာအေးဘုရားကို သွားရောက်၍ ဆွမ်းတော်ကပ်၊ အင်္ကြင်းပန်းကပ်၊ ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းဒေသနာတော်များနဲ့ ရွတ်ဖတ်ပူဇော်ပြီးတဲ့အခါ ငါးကန်သွားဖို့ပြင်တုန်း ဂျူတီထွက်လာတဲ့ ဘုရားလုံခြုံရေးဘဘက "သမီး မပြန်နဲ့ဦး။ ဒီမနက် ထိုင်းဝန်ကြီး ဘုရားလာဖူးမယ်။ ဓာတ်တော်တိုက်ဖွင့်မယ်။ ညှိသည်ပြန်ရင် ဝင်ဖူးသွား"ဆိုလို့ ငါးစာကျွေးပြီး မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ဝင်၍ဖူးခဲ့ပါတယ်။ အဲဒီမှာ အံ့ဖွယ်ရှစ်ဖြာ သာသနာဆောင်ပုဒ်ရှစ်ခု ရေးထားပါတယ်။ အံ့ဖွယ်(၁) နှင့် (၈)ကိုလည်း ဖတ်ခဲ့ရပါတယ်။ ပထမအံ့ဖွယ်က "အစဉ်အတိုင်း နက်ရှိုင်းသည့် သိက္ခာရှိသော သာသနာ"၊ အဋ္ဌမအံ့ဖွယ်က "ကြီးမြတ်သော ပုဂ္ဂိုလ်တို့၏ နေရာဖြစ်သော သာသနာ"လို့ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ ရေးထားတာဖြစ်ပါတယ်။ အဲဒီဆောင်ပုဒ်ဖတ်ပြီး ကြည်ညိုသဒ္ဓါစိတ်ဖြစ်မိလို့ လက်နှစ်ဖက်စလုံး ကြက်သီးမွေးညင်းများ ထသွားရပါတယ်။ ညှိသည်ပြန်သွားတော့ ဘုရားဖူးပြီး ဓာတ်တော်တိုက်ဖူးရာမှာ ဂေါတမမြတ်စွာဘုရား၏ဓာတ်တော်၊ လက်ဝဲရံ လက်ယာရံ သာဝကနှစ်ပါးဖြစ်သော ရှင်သာရိပုတ္တရာတို့ယ်တော်မြတ်ကြီးဓာတ်တော်နှင့် ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးတို့၏ ဓာတ်တော်များကို တိုက်ဆိုင်စွာဖြင့် ကုသိုလ်ထူး၍ ဖူးတွေ့ခဲ့ရပါသည်။

ညီမူရာ ဓမ္မာရုံကြီးအတွင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့၊ ရပ်ကွက်လူမှုရေးအသင်းအဖွဲ့များ၏ လုပ်ဆောင်ချက်များကိုလည်း ဆက်လက်ရေးသား တင်ပြပါဦးမည်။ ဝါတွင်းဝါပ အပတ်စဉ် ဥပုသ်နေ့တိုင်း ဆွမ်းလောင်းလှူခြင်း၊ မင်္ဂလာရာမကျောင်းတိုက်မှ သီလပေးဆရာတော်က သီလပေးပါတယ်။ သီလပေးဆရာတော်အား နေ့ဆွမ်းကပ်လှူ၍ သီလယူယောဂီပုဂ္ဂိုလ်များအား နေ့လယ်စာ အာဟာရဒါနဖြင့် ညှိခံကျွေးမွေးပါသည်။ ယခုနှစ်ဝါပတွင် ကြာပသတေးနေ့နံနက် အရုဏ်ဆွမ်း(တန်းဆွမ်း)ကိုလည်း လောင်းလှူပါသည်။ အပတ်စဉ် ဆွမ်းလောင်းလှူနိုင်ရန် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ညီမူရာဓမ္မာရုံ နာယကကြီး သုံးဦးနှင့်အတူ ယောဂီဝတ်အဖွဲ့သူများ မှ ရပ်ကွက်အတွင်းကို လှည့်လည်အလှူခံပါသည်။

ရပ်ကွက်နေ ပြည်သူများမှလည်း ကြည်ညိုသဒ္ဓါမှုများစွာဖြင့် စောင့်ဆိုင်း၍ လောင်းလှူကြပါသည်။ လစဉ် (၁၂ လရာသီ) ဘာသာရေးပွဲများကိုလည်း ကျင်းပပြုလုပ်ပါသည်။ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)၌ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းယောဂီများမှ ဓမ္မစက္ကပဝတ္တနသုတ်တော် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝါတွင်းအဖိတ်နေ့ညနေတိုင်း ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသတို့ကို ရွတ်ဖတ်ပူဇော်ကြပါသည်။ ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယ သီတင်းကျွတ်လပြည့်နေ့တွင် ဆွမ်းတော်ကြီးတင်ပွဲ၊ အဘိဓမ္မာအခါတော်နေ့ အမေး အဖြေ ကျူးရင့်သံများဖြင့် မြတ်စွာဘုရားအား ရွတ်ဖတ်ပူဇော်၍ အဘိဓမ္မာအခါတော်နေ့ကြီး ကျင်းပကြပါသည်။

တစ်ဖန် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)၌ မြတ်စွာဘုရားက အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလ သုတ္တန်တရားကို ဟောကြားတော်မူသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့ အထိမ်းအမှတ်ကျင်းပ ခြင်းဖြစ်ပါသည်။ သာမညဖလဆိုသည်မှာ ရဟန်းပြုခြင်း၏ အကျိုးဟု အဓိပ္ပာယ်ရပါသည်။ ရဟန်းပြုခြင်းအကျိုးကို ဟော



www.burmeseclassic.com

www.burmeseclassic.com

ကြားသောနေ့ဖြစ်၍ တန်ဆောင်မုန်းလပြည့်နေ့ကို "သံဃာတော်များနေ့"ဟု ခေါ်ဆိုနိုင်ပါသည်။

နတ်တော်လ၌ မြို့နယ်မြို့ဦးစေတီမှ နှစ်ကျိပ်ရှစ်ဆူဘုရားကိုပင့်ဆောင်၍ ရပ်ကွက်အတွင်း မြာဘုရားကြီးနှင့်တကွ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီ၍ လှည့်လည်အပူဇော်ခံပါသည်။ ပြာသိုလ၌ ညီမှုရာဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော မြို့နယ်သာသနာနုဂ္ဂဟနှင့် ရပ်ကွက်သာသနာနုဂ္ဂဟအသင်းတို့၏ ဓမ္မပူဇာအထူးတရားပွဲကို တတိယအကြိမ်မြောက် ၁၆-၁-၂၀၁၅ မှ ၂၀-၁-၂၀၁၅ အထိ ငါးညတိုင်တိုင် ကျင်းပခဲ့ကြပါသည်။ ထူးခြားချက်တစ်ရပ်မှာ ရပ်ကွက်အတွင်းရှိ လူငယ်အချို့၏ စည်းလုံးညီညွတ်မှုဖြင့် ပေါ်ပေါက်လာသော ကန်သာယာ (၁) လမ်းရှိ "ကုသလသုခ" ဆွမ်းလောင်းလူငယ်များရဲ့ ဆွမ်းသိမ်းအောင်ပွဲအဖြစ် ပထမအကြိမ် ဓမ္မပူဇာအထူးတရားပွဲကို ၂၄-၁-၂၀၁၅ မှ ၂၆-၁-၂၀၁၅ ထိ သုံးရက်ထပ်မံကျင်းပခဲ့ပါသည်။

ညီမှုရာ ဓမ္မာရုံပရိဝုဏ်အတွင်းမှာ မဟာဗောဓိညောင်ပင်နှင့် ဖြိုဟ်ပြေနံပြေဘုရား ရုပ်ပွားဆင်းတုတော်များလည်း ကိန်းဝပ်စံပယ်တော်မူကြပါသည်။ များမကြာမီကာလမှာ ညီမှုရာဓမ္မာရုံတော်ကြီးကို နှစ်ထပ်ဓမ္မာရုံတော်ကြီးအဖြစ် ပေါ်ပေါက်လာရန် မြင်ချင်ပါသေးသည်။ စာရေးသူတို့ ဓမ္မာရုံမှာ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်သားကောင်းရတနာလေးများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းရဲ့ အစီအစဉ်နှင့် တစ်ကမ္ဘာလုံးကျင်းပတဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ စီမံချက်ကာလတိုင်း စုရပ်အဖြစ်ဖွင့်လှစ်ပြီးဆောင်ရွက်ပါသေးသည်။ ၂၀၁၄ ခုနှစ်၊ ဧပြီလအတွင်းမှာလည်း တစ်နိုင်ငံလုံး သန်းခေါင်စာရင်း စစ်တမ်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရပ်ကွက်သန်းခေါင်စာရင်းကောက်ခံရေးရုံးကို ညီမှုရာဓမ္မာရုံတော်ကြီး၌ ဖွင့်လှစ်၍ လုပ်ငန်းများလွယ်ကူစေရန် ဆောင်ရွက်ခဲ့ပါသည်။

အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲကြီးဖြေဆိုမှုပြီးဆုံးသွားပြီးနောက်ပိုင်း၌ ကျောင်းသား/ ကျောင်းသူလေးများအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးစေလိုပါသည်။ အမျိုးဘာသာ သာသနာ မ ပျောက်ပျက်စေရန် ရည်ရွယ်၍ ဓမ္မစကူးလ်(သို့) တရားကျောင်းတော်များကိုလည်း မိမိတို့ရင်သွေးငယ်များအတွက် ဖွင့်ပေးစေလိုသည်။ ဗုဒ္ဓဘာသာဝင် မိဘတိုင်းကလည်း မိမိတို့ရင်သွေးငယ်များ ဘာသာ၊ သာသနာ စောင့်ရှောက်တတ်စေရန် အထောက်အပံ့ဖော်ပြပါ သင်တန်းများသို့ ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

သင်္ကြန်ကာလများတွင်လည်း မြန်မာတို့၏ နှစ်သစ်ကူးအခါသမယတွင် ညီမှုရာဓမ္မာရုံကြီး၌ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ညီမှုရာဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာပွဲကြီး ကျင်းပပါသည်။ ကဆုန်လပြည့်နေ့၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကို တစ်ရပ်ကွက်လုံးအနေဖြင့် ဆင်ယင်ကျင်းပမှာ ဖြစ်ပါတယ်။

ပွင့်လင်းရာသီတွင် ဓမ္မာရုံတော်ကြီး၌ မင်္ဂလာဆောင်အခမ်းအနားများအတွက် မင်္ဂလာခန်းမအဖြစ် ငှားရမ်းပေးပါသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အစဉ်အဆက် ဦးစီးဦးဆောင်ကောင်းမှု၊ အထောက်အကူပြုအဖွဲ့များ၏ ဝိုင်းဝန်းပံ့ပိုးမှု၊ ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ဝတ်အသင်းများ၏ စည်းလုံးညီညွတ်ချစ်ကြည်မှု၊ ရပ်ကွက်နေ လူငယ်လေးများ၏ တောင့်တင်းခိုင်မာသော အင်အားများနှင့် ကူညီမှုတို့ကြောင့် ညီမှုရာဓမ္မာရုံကြီး ဖွံ့ဖြိုးတိုးတက်နေရခြင်း ဖြစ်ပါသည်။

ဒါကြောင့် စာရေးသူတို့ရပ်ကွက်ကို အလည်တစ်ခေါက် ရောက်ရှိခဲ့ရင် ညီမှုရာဓမ္မာရုံကြီးနှင့် ကိန်းဝပ်စံပယ်တော်မူနေသည့် မြာဘုရားကြီးကို ဝင်ရောက်ဖူးမြော်နိုင်ပါတယ်လို့ ဖိတ်မန္တကပြုပါသည်။ ရပ်ကွက်မှသည် တိုင်းပြည်နိုင်ငံတော်ကြီးအထိ အမျိုးဘာသာ၊ သာသနာကို အစဉ်အဆက်ထွန်းကားပြန့် ပွားစေရန် ရည်သန်၍ ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းကြပါစို့လို့ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

မီးလေး(ရှုတိုင်းယဉ်)



www.burmeseclassic.com

www.burmeseclassic.com

# အသက်ဘေးစစ် တွက်နည်းကောင်းတစ်ခု

မော်တင်သိန်းဇော်ဇ

လူ့မမာတစ်ဦးအား အသေ၊ အရှင် သဘောအနေနှင့် အသည်းအသန်မှု ကုသခံစား ရင်ဆိုင်ရသည့်အခါ လူ့မမာတစ်ဦးအနေနှင့် ဆေးဝါးမတိုး ယတြာမတိုးသည့် အခြေဆိုးအနေနှင့် ကြုံတွေ့ရင်ဆိုင်ရသည့်အခါ ရောဂါဝေဒနာဆိုး ထိခိုက်ရှနာဆိုးနှင့် ဥပဒ်ဘေးရန်တို့များကို သက်ကြီးသက်ငယ်မဟူ ဆိုသလို ခံစားကပ်ငြိ ဖြစ်ဒဏ်ရင် ဆိုင်ရသည့်အခါ အကြောင်းအမျိုးမျိုးကြောင့် အသက်သေဘေးကို သုံးသပ်လိုသည့်အခါမျိုးများ၌ တွက်ချက်ခန့်မှန်းနိုင်သော အသက်အန္တရာယ် စီစစ်နိုင်မှု ဗေဒင်ပညာတွက်ကန်းတစ်ရပ်ကို တင်ပြလိုပါသည်။

အသက်အန္တရာယ် စီစစ်နိုင်မှုအတွက် ကိန်းနည်းမှာ ဇာတာခွင်၊ သို့မဟုတ် လူ့မမာ၊ သို့မဟုတ် တွက်ချက်လိုသူ၏ သက်ရှိရောက်ဆဲအသက်ပိုင်း အသက်တာ၏ သချ်ာဂဏန်းအတိအကျကို မှတ်ပါ။ ထိုရောက်ဆဲအသက်၏ သချ်ာဂဏန်းကို ဇာတာခွင် လူ့မမာဖြစ်သူ၏ မွေးနေ့၊ မွေးနံ့သင့်ဂြိုဟ်သက်၊ သချ်ာဂဏန်းအရေအတွက်ကို ထပ်ပေါင်းပါ။ တစ်ဖန် ထိုဇာတာရှင်၏ ရောက်ဆဲအသက်နှင့် မွေးနံမွေးနေ့သင့် ဂြိုဟ်သက်သချ်ာအကွရာ သချ်ာနှစ်ခုပေါင်းကို သုံးနှင့်မြှောက်ပါ။ ပြီးက ထိုမြှောက်ကိန်းရသည့် ဂဏန်းပေါင်းစုကို ကိုးနှင့်စားပါ။ ရရှိသောအကြွင်းများအနေနှင့် အထူးတလည်အနေနှင့် ၆ နှင့် သုညများရရှိက ထိုဇာတာရှင်လူ့မမာဖြစ်သူအနေနှင့် အသက်အန္တရာယ်ဘေးဆိုးကြီးကို ကြုံတွေ့ရသည်၊ ကြုံနိုင်သည်ဟု သုံးသပ်ခန့်မှန်းရသော တွက်ကိန်းနည်းတစ်ရပ် ဖြစ်ပါသည်။

စာရေးသူ၏ နှစ်ပေါင်းမြောက်မြားလှစွာမှ သမားစဉ်ဩဝါဒရစရိယများစွာတွေ့၊ ကျမ်းစာပေများတွေ့၊ ကိုယ်တွေ့များတွေ့များအရ လက်ရှိအသက်အန္တရာယ်ဘေးဆိုး စီစစ်နည်းဖြစ်ရာ တင်ပြပါ တွက်ကိန်းနည်းမှာ ရာနှုန်းပြည့်နီးပါးမျှ အများအားဖြင့် မှန်ကန်တိုက်ဆိုင်ညီညွတ်တတ်ပြီး အထူးသဖြင့် နှစ်စဉ် မြန်မာသင်္ကြန်ရာဇ်၊ ကောဇာခုနှစ်တိုင်းများ၏ ဂြိုဟ်ပြောင်း၊ ဂြိုဟ်ဆိုးတောင်းတွက်ပေါ် ရပ်တည်လာသော နှစ်ပိုင်းဆိုင်ရာ၏ ခုနှစ်ပြောင်းများအရ မဟာဘုတ်ကိန်းခွင် ပဝတ္တိကိန်းစဉ် ဂြိုဟ်ခွင်များအရနှင့် ညှိနှိုင်းဆက်စပ်၍ သုံးသပ်ချိန်ဆ၍ တွက်ချက်၍ အဖြေထုတ်ပါက ပိုမို၍ မှန်ကန်တတ်သည်တို လေ့လာမှတ်သားရပါသည်။

"လောကသစ္စာ နသစ္စာ"ဟူသော ဆိုစကားလာများအရ ကျိန်းသေဟု ဒိဋ္ဌမမှ မမှတ်ယူနိုင်ပါသော်လည်း အတော်ပင် တိုက်ဆိုင်မှန်ကန်တတ်၍ အထူးတင်ပြခြင်းဖြစ်ပါသည်။

**အသက်ဘေးစစ် ဥပမာပေးတွက်ကိန်းတစ်ရပ်**

(၁) ရောက်ဆဲအသက် ၁၀၂ သောကြာသား။ (၂) မွေးနံ၊ မွေးနေ့ဆိုင်ရာ၏ နံသင့်ဂြိုဟ်အကွရာ၏ သချ်ာဂဏန်း ၂၁ (နှစ်ခုပေါင်းသော် ၁၂၃) (၃) သုံးနှင့်မြှောက်သော် ၃၆၉။ (၄) ကိုးနှင့်စားသော် အကြွင်း သုညရ၏။ (၅) ထိုကောဇာသက္ကရာဇ်၏ မဟာဘုတ်ပဝတ္တိကိန်းခွင် ဂြိုဟ်ရပ်များအရ ထိုစဉ်က သောကြာဂြိုဟ်နံမှာ အောက်တန်းဖြစ်သော (ဘင်္ဂကိန်းခွင်) ၌ ရပ်တည်နေခဲ့၏။ (၆) အဟော-အသက်ဘေးကြုံနိုင်သည်။ (တွက်တိမျှ မှန်ကန်ခဲ့ကြောင်းကို လေ့လာခဲ့ရသည်။)

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | (၆) | ၇ |

မှတ်ချက်။ ။ အထက်ဥပမာပေးများအတိုင်း အခြား မွေးနံ့ရှင်ဇာတာရှင်များအတွက်လည်း အလားတူပင် အသုံးပြုကိန်းဆင်၍ တွက်ချက်ခန့်မှန်းနိုင်၏။

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com



# တကယ်အိမ်ဆောက်တော့မှာလား

**ထင်ကျော်သောင်း**

'သူရဲသမိန်'မည်သည့် စစ်တောင်းမြစ်ကို မေးတင်ထားသော ရွာကလေးမှ မဟာရန်ကုန်သို့တက်လာသော မောင်ချစ်ဆိုသူ လူငယ်လေး တစ်ဦးနှင့် ကျွန်ုပ်မှာ လုပ်ငန်းတစ်ခုကို အခြေ ပြုခဲ့ရာမှ ခင်မင်ရင်းနှီးမှုတွေ ဖြစ်သွားကြလေ၏။ ရုပ်ဆိုးသလောက် စိတ်နှလုံးဖြူစင်သော မောင်ချစ် အပေါ်၌ ကျွန်ုပ်သဘောကျမိသည့်အချက်မှာ လူတိုင်းနှင့် သင့်တင့်အောင် ပေါင်းသင်းတတ်ခြင်း၊ စီးပွားရေးအကွက်မြင်ခြင်းတို့ပဲ ဖြစ်သည်။ ၎င်းကဲ့သို့ တိုးတက်သော လူငယ်များအား ကျွန်ုပ်လေးစားပါသည်။

မောင်ချစ်သည် တိုးတက်ခေတ်မီသော လူငယ်တစ်ယောက်ဖြစ် သော်ငြား ရှေးသုံးလည်း မလွယ်သလို၊ ရှေးထုံးလည်း ပယ်သူမဟုတ်ကြောင်း တွေ့ဆုံရင်းနှီးမှု ကာလကြာလေ ၎င်း၏သဘောကို သိရလေပင် ဖြစ်၏။ ၎င်းသည် အင်္ဂလိပ်စာ ဗေဒင်ပညာရပ်နှင့် ပတ်သက်၍ တီးမိခေါက်မိရှိသော ကျွန်ုပ်အား လေးစားအထင်ကြီးပုံရ၏။ သို့ဖြစ်၍လည်း တစ်နေ့မှာတော့ ကျွန်ုပ်အိမ်သို့နံနက်လေ့ရှိရာ ဇရပ်သို့ရောက်လာပြီး စကားဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာရေ ...ကျွန်တော် မကြာခင်အိမ်ထောင်ပြုတော့မယ်။ ကျွန်တော်က သူရဲသမိန်သား။ ကျွန်တော်ယူမယ့် မိန်းမက ဘီလူးကျွန်းသူ။ လိုက်တော့ လိုက်တယ်နော် ဆရာ။ ကျွန်တော်ပြောချင်တာက အဲဒါအဓိကမဟုတ်ပါဘူး။ ပစ္စည်းပစ္စယတွေ အစုံဝယ်ပြီးပြီမို့ ရှေ့အပတ်ထဲ အိမ်စဆောက်မယ် ဆရာ။ အဲဒါ ပန္နက်ကြိုးကိုင်မယ့်သူ၊ ရိုက်ရမယ့်သူကို ရွေးပေးပါ ဆရာရယ်"

"အောင်မလေး မောင်ချစ်ရယ်။ ဘာမှမခက်ပါဘူးကွယ်။ လွယ်လွယ်ကလေးရယ်ပါ။ ဘားမဲ့နည်းအရ နာမည်ပေးသလိုမျိုး ပဥ္စမွတ်၊ ဆပွတ်၊ အညွန့်ဆိုတာကိုသာ မှတ်ထား။ ပဥ္စမွတ်နဲ့ ဆပွတ်သားတို့ကို ပန္နက်ကြိုးကိုင်ခိုင်းပြီး အညွန့်သားကို ပန္နက်ရိုက်ခိုင်း။ မင်းအိမ်တော့ စီးပွားတက်ပြီ"

"ဟန်ကျတာပေါ့ ဆရာရယ်။ ကျွန်တော်က တနင်္လာသားဆိုတော့ ..."

"သောကြာသားနဲ့ စနေသားကို ပန္နက်ကြိုးကိုင်ခိုင်းပြီး အင်္ဂါသားကို ပန္နက်ရိုက်ခိုင်းပေါ့"

"ဒါဆို ကျွန်တော့်အလုပ်ထဲက ကိုမောင်သန်းဝင်းရယ်၊ မောင်တွေးထက်ရယ်ကို ကြိုးကိုင်ခိုင်းပြီး မောင်ငြိမ်းသူကို ပန္နက်ရိုက်ခိုင်းမယ်ဆရာ"

"ကောင်းပါလေ့ကွယ်"

၎င်းသည် ကျွန်ုပ်မှာသည့်အတိုင်းပင် သေချာစွာ လုပ်ဆောင်ခဲ့ပါ၏။ အိမ်သစ်တက်သောနေ့က ကျွန်ုပ်ရောက်သွားရာ စီးပွားဥစ္စာတိုးတက်မှု၏ အရိပ်လက္ခဏာအဖြစ် အိမ်တွင်း၌ရှိကုန်သော အသုံးအဆောင်ပရိဘောဂများနှင့် ခန့်မှန်းနိုင်ပါ၏။ မကြာခင် ဤအိမ်ဂေဟာအသစ်ကလေးဆီသို့ အိမ်ရှင်မ 'ဘီလူးကျွန်းသူ' ရောက်ရှိလာတော့မည်။ ထိုအခါဝယ် ပို၍ပင် စည်ကားသာယာမည်မှာ မလွဲပါချိမ့်။

ဤ၌ ကျွန်ုပ်လည်း အိုးသစ်အိမ်သစ် ဆောက်ကြမည့်သူများအဖို့ စီးပွားဥစ္စာတိုးတက်ကြစေရန် ပန္နက်ကြိုးဆွဲမည့်သူများ၊ ပန္နက်ရိုက်ရမည့်သူများကို ရွေးချယ်ပေးလိုက်ပါ၏။ လိုအပ်က အသင့်ပင် အသုံးချတော်မူကြပါကုန်။

**တနင်္ဂနွေသား အိမ်ဆောက်လျှင်**

ကြာသပတေးသားနှင့် သောကြာသားတို့အား ပန္နက်ကြိုးကိုင်စေလျက် တနင်္လာသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

**တနင်္လာသား အိမ်ဆောက်လျှင်**

သောကြာသားနှင့် စနေသားတို့အား ပန္နက်ကြိုးကိုင်စေလျက် အင်္ဂါသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

**အင်္ဂါသား အိမ်ဆောက်လျှင်**

စနေသားနှင့် တနင်္ဂနွေသားတို့အား ပန္နက်ကြိုးကိုင်စေလျက် ဗုဒ္ဓဟူးသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

**ဗုဒ္ဓဟူးသား အိမ်ဆောက်လျှင်**

တနင်္ဂနွေသားနှင့် တနင်္လာသားတို့အား ပန္နက်ကြိုးကိုင်စေလျက် ကြာသပတေးသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

**ကြာသပတေးသား အိမ်ဆောက်လျှင်**

တနင်္လာသားနှင့် အင်္ဂါသားတို့အား ပန္နက်ကြိုးကိုင်စေလျက် သောကြာသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

**သောကြာသား အိမ်ဆောက်လျှင်**

အင်္ဂါသားနှင့် ဗုဒ္ဓဟူးသားတို့အား ပန္နက်ကြိုးကိုင်စေလျက် စနေသားအား ပန္နက်ရိုက်ခိုင်းရပါမည်။


**စနေသား အိမ်ဆောက်လျှင်**

ဗုဒ္ဓဟူးသားနှင့် ကြာသပတေးသားတို့အား ပန္နက်ကြိုးကိုင်စေလျက် တနင်္ဂနွေသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

---


ထင်ကျော်သောင်း

---



www.burmeseclassic.com

www.burmeseclassic.com



# ကံပွင့် ကံမြင့် ဘဝတင့်ဖို့

တင်ဝင်းညို

ဘဏ်ကြီးတစ်ဘဏ်မှာ တာဝန်ထမ်းဆောင်နေစဉ် တုန်းက လုပ်ဖော်ကိုင်ဘက် မိတ်ဆွေကြီး ကိုကြည်စိန်နဲ့ အဖော်လေးကို အကျွမ်းတဝင် ဖြစ်ခဲ့တယ်။ သူက ခိုစာ အမြဲကျွေးလေ့ရှိတယ်။ ဘာရည်ရွယ်ချက်မှ မဟုတ်ဘူး။ ကျွေးချင်စိတ်ရှိလို့ ကျွေးတာပါတဲ့။

ဘယ်လိုပဲဖြစ်ဖြစ် အကျိုးပေးဆိုတာကတော့ ရှိတယ်။ အကျိုးပေးအနေနဲ့ သူ့မှာ ငွေကြေးပြတ်လပ်တယ်ဆိုတာ မရှိဘူး။ အကြောင်းကြောင်းကြောင့် ငွေဝင်လေ့ရှိတယ်။ ခိုဆိုတာ က တန့်လော်နှံ ငွေပေါ်စေ။

တချို့က ခွေး တချို့က ကြောင်၊ တချို့က ငါး တချို့က ကျီးကန်းတို့ကို စိတ်ကူးတည့်ရာ ကျွေးလေ့ရှိကြ တယ်။ ရည်ရွယ်ချက်ကိုယ်စီနဲ့ ကျွေးကြတာဖြစ်မှာပါ။ ကျီးတို့ ငါးတို့ အစာကျွေးခြင်း အစီအရင်တစ်ခုအကြောင်း အလျဉ်း သင့်လို့ ပြောရဦးမယ်။

တစ်နေ့ မနက်စောစောထပြီး ရွှေတိဂုံဘုရားကို သွားရောက်ဖူးမြော်ခဲ့တယ်။ ဝတ်ပြုပူဇော်၊ လိုရာဆုတောင်း ပြီး ကန်တော်ကြီးဘက်လျှောက်မိတယ်။ ကန်တော်ကြီး ပတ်လမ်းမှာရော၊ အတွင်းက သစ်သားတံခါးမှာရော

www.burmeseclassic.com

လှေကျောင့်ခန်းလုပ်သူ၊ လမ်းလျှောက်နေကြသူတွေ အတော်များများ တွေ့ရတယ်။

ကန်တော်ကြီးမှာ ဘုရားစေတီလေးရှိတယ်။ ပန်းကန်လုံးကျွန်းအနီးမှာ။ အဲဒီဘုရားစေတီဆီကို သွားရောက်ဖူးမြော်ဖြစ်တယ်။ အဲဒီမှာ မြန်မာ့စီးပွားရေးဘဏ်မှာ လုပ်ခဲ့တဲ့ မိတ်ဆွေတစ်ဦးကို တွေ့ရတယ်။ သူရော စာရေးသူပါ ပင်စင်ယူခဲ့ကြပြီးပြီ။ စာရေးသူက သူ့ကို လက်ဖက်ရည်သောက်ဖို့ ခေါ်တယ်။ သူက "လိုက်မယ်၊ ဒါပေမယ့် ခဏစောင့်ပါဦး။ အချိန်ရတယ်မဟုတ်လား။ လုပ်လက်စလေးတွေ လက်စသတ်လိုက်ဦးမယ်"လို့ ပြောတယ်။ သူ့ကိစ္စပြီးတော့ စာရေးသူတို့ နီးစပ်ရာ လက်ဖက်ရည်ဆိုင်ဝင်ဖြစ်ကြတယ်။

ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြတယ်။ စာရေးသူက "ခင်ဗျား ခုနက ကျီးကန်းတွေလည်း အစာကျွေးတယ်၊ ပြီးတော့ ငါးတွေလည်း အစာကျွေးတယ်။ ယတြာတွေ ဘာတွေလုပ်တာလား"လို့မေးတော့ သူက လက်ဖက်ရည်သောက်လျက် တန်းလန်းနဲ့ ခေါင်းညိတ်ပြတယ်။

"ဟုတ်တယ် သူငယ်ချင်း။ အခုတလော ကိုယ့်မှာ တလွဲတချော်တွေ ဖြစ်နေတယ်။ ဘာလုပ်လုပ် အဆင်မပြေတယ်ကို မရှိဘူး"လို့ ပြောတယ်။ သူက ပင်စင်ယူပြီး အိမ်၊ တိုက်ခန်းအရောင်းအဝယ်၊ ကားအရောင်းအဝယ်၊ မြေကွက်ဝယ်ရောင်း လုပ်တယ်လို့ ဆိုတယ်။ အဲဒီလုပ်ငန်းတွေ အခုတလော အဆင်မပြေဘူးဖြစ်ကြောင်း ပြောတယ်။

"အဲဒီကိစ္စတွေ အဆင်ပြေအောင်လို့ တခြားလူတစ်ယောက် အကြံပြုလို့ ယတြာအစီအရင် လာလုပ်တာ။ အစီအရင်က အခက်အခဲကြီး မဟုတ်ပါဘူး။ **ပထမဆုံး ကန်တော်ကြီးလာရမယ်။ အချိန်နာရီ မလိုဘူး။ အားတဲ့အချိန်** လာချင်တဲ့အချိန် လာလို့ရတယ်တဲ့။

အခုနက ကိုယ်တို့ဖူးခဲ့တဲ့ ကန်တော်ကြီးကျွန်းလေးပေါ်က ဘုရားစေတီမှာ ကိုယ့်ရဲ့ **မွေးနံ့ထောင့်ပေါ့လေ။ အောင်သပြေလှူတယ်။ ဖယောင်းတိုင်(၅)တိုင် ပူဇော်တယ်။** ပြီးတော့ ဘုရားဝတ်ပြု၊ **ငါးပါးသီလခံယူ၊** ပြီးတာနဲ့ . . . **သောဘဂဝါ ဋ္ဌတိပိ အရဟံ ဂါထာကို ပုတီးတစ်လုံးချကိုးပတ်တီတီစိပ်ရတယ်။**

ပုတီးစိပ်ပြီးတော့ **သုံးဆယ့်တစ်ဘုံ အားလုံးကို မေတ္တာပို့တယ်။** ပြီးတော့ **ကျီးကန်းကို အစာကျွေးရတယ်။** ကိုယ့်ကို ဒီအစီအရင်ပေးတဲ့ မိတ်ဆွေပြောတာကတော့ ကျီးကန်းကိုအစာကျွေးရင် အလုပ်စီးပွားရေးတွေ အောင်မြင်လာမယ်၊ ကြွေးမြီကိစ္စတွေရှိရင် အဆင်ပြေမယ်၊ လိုရာဆန္ဒတွေ အဆင်ပြေချောမွေ့မယ် ဆိုပါတော့။

ကျီးကန်းကို အစာကျွေးတဲ့အခါ ပေါက်ပေါက်၊ ပေါင်မုန့်၊ ကိတ်ခြောက်မုန့် အဆင်ပြေသလို ကျွေးနိုင်ပါတယ်။ အစာကျွေးပြီးရင် "**အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ**"လို့ သုံးကြိမ်၊ သုံးခါတိတိ ကြွေးကြော်ရတယ်။

ပြီးတော့ ကန်တော်ကြီးရေကန်မှာ ဘောတံတားအလယ်ဗဟိုတည့်တည့် မတ်တတ်ရပ်ပြီး **ကန်စွန်းရွက်သုံးစည်းကို** ရေထဲမှာရှိတဲ့ **ငါးတွေကို** ကျွေးရတယ်၊ ပြီးရင် **အောင်စေ၊ အေးစေ၊ ပိုင်စေ၊ ပြီးစေလို့ဆိုပြီး** ကြွေးကြော်ရမယ်။ ဒါပါပဲ သူငယ်ချင်း"ဟု ဆိုတယ်။

"အစီအရင်ကလည်း ဘာမှ ဗာဟီရမများပါလား။ အစီအရင်က ကန်တော်ကြီးမှ လုပ်လို့ရသလား။ အခြားနေရာတွေ ဥပမာ-ရေလယ်ဘုရား(သန်လျင်ဘက်)နဲ့ ရေလယ်ဘုရားတွေရှိတဲ့နေရာတွေမှာရော လုပ်ရင်ရသလား"ဟု စာရေးသူမှ အကဲစမ်းမေးလေရာ မိတ်ဆွေကြီးက . . .

"ရပါလိမ့်မယ်။ ကျောက်တန်းက မိတ်ဆွေအချို့ ကျောက်တန်းရေလယ်ဘုရားမှာ ဒီအစီအရင်ကို လုပ်ဖူးတယ်လို့ ဆိုတယ်။ ဘာပဲဖြစ်ဖြစ် ယုံယုံကြည်ကြည်နဲ့ လုပ်ဖို့တော့ လိုတယ်။ ယုံမှ ကြည်တယ်လေ။ အောင်မြင်တာ၊ မအောင်မြင်တာ အသာထား။ ကိုယ်တော့ အဲဒီအစီအရင်လုပ်ပြီးတာနဲ့ အတော်ဘဝင်ကျသွားတယ်။ အခုလည်း ခင်ဗျားကို ဒကာခံပါ့မယ်။ ဟုတ်လား"ဟု ဆိုကာ ငွေရှင်းတယ်။ ပြီးတော့ နှုတ်ဆက်လမ်းခွဲကြပါတယ်။

စာဒီဝင်းညီ



www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မဂ်လာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည့်

# ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . .
မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့မွေတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရှပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .



■ အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်နေရာထိုင်ခင်း ပြုပြင်မွမ်းမံရခြင်း၊ အဆောက်အဦအသစ် ဆောက်လုပ်ရခြင်းများ ကြုံတွေ့ရတတ်ပါတယ်။ လုပ်ငန်း(၂)ခု၊ ဌာန(၂)ခုကို ပူးတွဲလုပ်ကိုင်ရတတ်တယ်။ စက်ပစ္စည်းဟောင်း ဝင်တတ်တယ်။ စာအုပ်တစ်အုပ် လက်ဆောင်ရတတ်တယ်။ ငွေအဝင်အထွက် ကြမ်းနေမယ်။ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ စကားပြော ရတတ်တယ်။ ကျန်းမာရေး ညံ့နေတတ်တယ်။ ဝေဒနာဟောင်း ပြန်ပေါ်တတ်တယ်။ ခွဲစိတ်ကုသရတာမျိုး ဖြစ်တတ်တယ်။ ခရီးကိစ္စ စီစဉ်ထားပါက အောင်မြင်စွာ သွားရပြီး အကျိုးရှိမယ့်ခရီး ဖြစ်လိမ့်မယ်။ သားသမီးများ ရှိပါက သားသမီးအတွက် စိတ်ပူရတတ်တယ်။ ရွှေ လက်ဝတ်ရတနာ ပျောက်ဆုံးတတ်တယ်။ လူမျိုးခြား၊ အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ကြုံရတတ်တယ်။ နိုင်ငံရပ်ခြားနဲ့ ဆက်သွယ်ရသော လုပ်ငန်းများ အဆင်မပြေ ဖြစ်တတ်တယ်။ လျှပ်စစ်နှင့်ပတ်သက်ပြီး ဂရုစိုက်ပါ။ အိမ်ထောင်ရှိသူတွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်ဝမ်းကွဲရခြင်းမျိုး ကြုံရတတ်တယ်။ ငွေနှင့်ပတ်သက်ပြီး ပူပန်ရမယ့်ကာလဖြစ်တယ်။ ငွေလိမ်ခံရတတ်တယ်။ ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိဘူး ဖြစ်နေလိမ့်မယ်။ စိတ်တွေလည်း ယောင်ချာချာ ဖြစ်နေတတ်တယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စ ဖြစ်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ခေါင်းမကြာခဏ ကိုက်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ခက်၊ တံခွန်ဖြူ(၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၂၊ ၁၃၊ ၃၁၊ ၁၇

### အထူးသတိပြုရန်

မိမိကိုးကွယ်နေသော ရဟန်းတစ်ပါး ပျံလွန်တော်မူသော နိမိတ်တွေ့လျှင် မင်္ဂလာဆောင်စပ်မှုပျက်ခြင်း၊ ကားပွတ်တိုက်မိခြင်းမျိုး ဖြစ်တတ်တယ်။ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူငွေ့ ဆီဆမ်း ဆားဖြူး၊ ဘုန်းသီးတစ်စိတ်ထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်တွေ စတင်လုပ်ကိုင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ အချိန်ဖြုန်းတာမျိုး မလုပ်ဘဲနှင့် မိမိလုပ်ငန်းကို တိုးချဲ့ခြင်း၊ ဂရုတစိုက် လုပ်ဆောင်ပေးမယ်ဆိုလျှင် အောင်မြင်မှု ရပါလိမ့်မယ်။ လုပ်သမျှအလုပ်တွေ အရာထင် အောင်မြင်တတ်တယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလိမ့်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ယခုကာလအတွင်း အိမ်ထောင်မပြုပါနှင့်။ အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ အိမ်ထောင်ရှိသူများအဖို့ အထူးဂရုစိုက်ပါ၊ အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ စီးပွားအလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသောအချိန် ဖြစ်ပါတယ်။ မိမိရဲ့ အောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။ မိမိ မသွားချင်တဲ့ ခရီးတစ်ခု သွားရတတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်၊ သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဓမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ယပ်အဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| တနင်္လာ၊ ဗုဒ္ဓဟူး |

| ညံ့သောရက် |
| --- |
| အင်္ဂါ၊ သောကြာ |

| ကံကောင်းသောနံပါတ် |
| --- |
| ၄၁၊ ၄၂၊ ၂၄၊ ၂၆ |

| အထူးသတိပြုရန် |
| --- |
| အိမ်ထောင်ရှိသူများ အိမ်ထောင်ရေး ရှုပ်ထွေးမှု ဖြစ်တတ်တယ်။ လူလွတ်များအဖို့ အိမ်ထောင်ရှိသူများနှင့် စွပ်စွဲပြောဆိုခံရတတ်တယ်။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
| --- |
| မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လက်ကောက်(၆)ခု လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အတိတ်ဘဝက ပဋ္ဌာန်းဆက်တွေ ကူညီစောင့်ရှောက်လိမ့်မယ်။ ပြည်ပခရီးသွားရင်ပဲဖြစ်ဖြစ်၊ စာမေးပွဲဖြေရင်ပဲဖြစ်ဖြစ် အဆင်ပြေ အောင်မြင်မှုတွေ ရတတ်တယ်။ အိမ်ရှေ့မင်းသားကနေ မင်းစိုးရာဇာဖြစ်တတ်တဲ့ကိန်း ဖြစ်တယ်။ အစိုးရဝန်ထမ်း ဖြစ်ပါက ရာထူးတိုးတတ်တယ်။ ကျောက်မျက်ရတနာများ ဝယ်ယူစုဆောင်းခြင်း၊ ပြန်လည်ရောင်းချခြင်း ပြုလုပ်ပါက အမြတ်အစွန်း အများကြီး ရတတ်တယ်။ မင်္ဂလာကိစ္စတွေလည်း ဆောင်ရွက်ရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုရင် စေ့စပ်ကြောင်းလမ်းရခြင်း၊ မင်္ဂလာပွဲပြုလုပ်ရတတ်တယ်။ စက်ပစ္စည်းတစ်ခု ဝင်တတ်တယ်။ စိန်ထည်ပစ္စည်းလည်း ဝင်လာတတ်တယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့် ကာလဖြစ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များလည်း စတင်ပြုလုပ်နိုင်သော ကာလဖြစ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ စီးပွား သိသိသာသာတက်မယ်။ သိကြားမ,လိုက်သကဲ့သို့ များစွာမြင့်တက်သွားလိမ့်မယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းခြင်းများ ဖြစ်တတ်တယ်။ ရင်းနှီးသူလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ ဆရာသမား မိတ်ဆွေများနှင့် စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာခြင်း၊ နှလုံးအားနည်းခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်ဖြူ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၃၊ ၅၃၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားပါနှင့်။ သူခိုး ဝင်တတ်တယ်။ ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း မုန့်စိမ်းပေါင်း (၈)ပန်းကန်(အုန်းသီးမထည့်ရ)၊ ဆီမီးခွက်(၈)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျကောင်းမယ့်အချိန် ဖြစ်ပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ ဆက်တိုက်ဖြစ်လာပါလိမ့်မယ်။ ဒါပေမဲ့ မပြောပလောက်တဲ့ အညံ့လေးတွေတော့ အနည်းငယ်ရှိတယ်။ ထပ်ကာ ထပ်ကာလုပ်မှ အောင်မြင်မှု ရလာတတ်ပါတယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နေရာပြောင်းခြင်း၊ ရာထူးတိုးခြင်း ကြုံရတတ်တယ်။ အိမ်နေရာ ပြုပြင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း ပြုလုပ်ရတတ်တယ်။ အိမ်ဝယ်နိုင်မည့် အခြေအနေလည်း ပေါ်လာတတ်တယ်။ ခရီးတွေလည်း မကြာခဏ ထွက်နေရတတ်တယ်။ ကောင်းသောခရီးများ ဖြစ်ပါတယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ပြုလုပ်ပါက အောင်မြင်မှု ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်တယ်။ အလုပ်အကိုင်ကောင်းတယ် ဆိုပေမယ့် အတိုက်အခံ အနည်းငယ်တော့ ရှိတတ်တယ်။ မိမိ၏ဖခင်က မိမိကို အထင်အမြင် လွဲမှားခြင်းမျိုး ဖြစ်တတ်တယ်။ သူခိုး,ခိုးခံရတတ်တယ်။ အိမ်သို့ ရှင်သီဝလိပုံတော်၊ ဘုရားပုံတော်၊ ဓာတ်တော်တွေ ကြွလာတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စနှင့် ပတ်သက်၍ စကားပြောရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာခြင်း၊ အမြင့်မှ ပြုတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ ရွှက်လှ(၆)ညွန့်၊ ငြိုပ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၆၊ ၄၄၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စများ တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ သူတစ်ပါး၏ အိမ်ကို မိမိက တာဝန်ယူ၍ ဆောက်လုပ်ပေးခြင်းမျိုး မပြုရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း ရှောက်သီးသုပ်(၁)ပန်းကန်၊ မုန့်လုံးရေပေါ်(၁)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် စိတ်ချမ်းသာမှုတွေနဲ့ ကြုံတွေ့ရပါလိမ့်မယ်။ မပြောပလောက်တဲ့ အညံ့အခိုက်တွေတော့ ရှိပါသေးတယ်။ လက်ရှိအလုပ်မှ တခြားကို ပြောင်းချင်စိတ် ပေါ်တတ်တယ်။ မပြောင်းပါနဲ့ဦး။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ အောင်မြင်တော့မလိုလိုနဲ့ အခက်အခဲ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ အလုပ်ကိစ္စနှင့် ပတ်သက်၍ ပင်ပန်းရခြင်း၊ ဝင်ငွေနည်းခြင်းများ ကြုံရပေမယ့် လူကတော့ ကျန်းမာရွှင်လန်းပြီး စိတ်ချမ်းသာနေရမယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ နာမည်ဂုဏ်သတင်း တိုးတက်ခြင်း၊ ဘုန်းတန်ခိုး တိုးတက်ခြင်းများ ကြုံရမယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ငယ်ရွယ်သူများအဖို့ ပညာကောင်းတစ်ခု သင်ရတတ်တယ်။ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ ယခုကာလတွင် စပ်တူလုပ်ငန်း အရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်။ သူတစ်ပါးအတွက် အာမခံပေးတာမျိုး မလုပ်ပါနှင့်။ ပစ္စည်းလည်း မငှားသင့်ပါ။ ယခုကာလတွင် တပေါင်းလ ပါဝင်နေရှင် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်များသို့ ခရီးမသွားပါနှင့်။ ဘေးဥပါဒ် ကြုံတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေမယ်။ ကျန်းမာရေးအနေဖြင့် ဆီးအောင့်ဝေဒနာ၊ ခါး(သို့မဟုတ်) ကျောတွင် ဒဏ်ရာရခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၅၊ ၃၂၊ ၃၉

### အထူးသတိပြုရန်

ယခုကာလတွင် အပျော်ခရီး မသွားပါနှင့်။ မည်သူနှင့်မျှ မယှဉ်ပြိုင်ပါနှင့်။ မည်သူ့ကိုမျှ ဩဝါဒမပေးပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေ့အိမ်ကဘုရားတွင် နှင်းဆီပန်းများ လှူဒါန်းပေးပါ။ မကြာခဏ ထောပတ်ဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်သမျှလုပ်ငန်းတွေ အထစ်အငေါ့ဖြစ်ပြီးမှ အောင်မြင်မှုတွေ ရရှိလာမှာ ဖြစ်ပါတယ်။ ခရီးတွေ မကြာခဏ ထွက်နေရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ယခုကာလတွင် အစစအရာရာ သတိကြီးစွာထားရန် လိုအပ်ပါတယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းများအဖို့ ဌာနဆိုင်ရာ အကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလာလိမ့်မယ်။ သစ်၊ သံ၊ သွပ် ကိစ္စများ၊ ရေထွက်ကုန်ပစ္စည်းများ အကျိုးပေး အောင်မြင်လိမ့်မယ်။ ခွဲစိတ်ကုသ ခံရတတ်တယ်။ သူများကိစ္စနှင့် ပတ်သက်ပြီး အမှုအခင်း ကြုံရတတ်တယ်။ လုပ်ငန်းခွဲ့ရင် ဆုံးရှုံးတတ်ပါတယ်။ မြေတစ်ကွက် မမျှော်လင့်ဘဲ ဝင်လာတတ်တယ်။ ငွေကြေးလည်း အနည်းငယ် ဆုံးရှုံးတတ်တယ်။ ကားနဲ့ပွတ်တိုက်ခံရတတ်တယ်။ အိမ်ထောင်ရှင်များအဖို့ အိမ်ထောင်ရေး မအေးချမ်းပါ။ လူငယ်တွေအဖို့ ချစ်သူနဲ့ ဘွဲ့ကွာတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးထွက်သံယို ဖြစ်တတ်တယ်။ အဆိပ် ရှိတဲ့အကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း (၅)ပွင့်၊ သပြေ(၆)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညွှံများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၄၊ ၁၆၊ ၆၂၊ ၆၁

### အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်သို့ အရူးတစ်ယောက်(သို့မဟုတ်)အရက်သမား တစ်ယောက် ရောက်လာခဲ့လျှင် ထိုသူထိုင်ခဲ့သောနေရာကို နွားနို့ဖြင့် ဆေးချလိုက်ပါ။ မိမိအိမ်အနီးတွင် ကလေးအဖတ်မတင်သည့် သတင်းကြားက သင့်ကံကြမ္မာ ညံ့တတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် သစ်သီး(၆)မျိုး လှူဒါန်းပေးပါ။ မွှေးကြိုင်သည့် ပန်းများဖြင့် ပန်းမွှေ့ယာခင်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျ ကောင်းမယ့်အချိန်ဖြစ်တယ်။ စီးပွားတက်ကာ အိမ်ပိုင်၊ ကားပိုင် ဖြစ်သွားတတ်တယ်။ ငွေအစုလိုက်၊ အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ငွေများ ဝင်လာတတ်တယ်။ အလှူအတန်းများ ပြုလုပ်ရလိမ့်မယ်။ မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ ဝန်ထမ်းတွေအဖို့ ရာထူးတိုးတတ်တယ်။ ရာထူးတိုးစေမယ့် အလုပ်နှင့်ပတ်သက်ပြီး စိတ်ညစ်စရာ ပေါ်လာလိမ့်မယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ပြုလုပ်ပါက အောင်မြင်မှု ရတတ်တယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ လာဘ်လာဘရွှင်ပြီး အောင်မြင်မှုတွေ ရတတ်တယ်။ အထူးသဖြင့် ယခုရောက်နေတဲ့ကာလတွင် ကဆုန်လ၊ ဝါခေါင်လ၊ တန်ဆောင်မုန်းလများ ပါနေခဲ့ရင် သိကြားမ,သကဲ့သို့ ငွေတွေ အစုလိုက်၊ အပုံလိုက် ရမှာဖြစ်ပါတယ်။ အိမ်ထောင်ရှိသူများအဖို့ သတိထားပါ။ အလွန်စန်းပွင့်နေလိမ့်မယ်။ စွပ်စွဲပြောဆို ခံရတတ်တယ်။ ကိုယ်လိုချင်တဲ့ ကျောက်မျက်ရတနာပစ္စည်းလည်း ဝင်လာလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများ၏ အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ အတူနေမိသားစုထဲမှ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်။ တခြားသို့ ပို့ထားပါ။ ကျန်းမာရေးအနေဖြင့် ခေါင်းမူးခြင်း၊ ဝမ်းပိုက်ဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ အရိုးအက်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ ရွက်လှ (၆)ညွန့်၊ ထီးအဖြူအသေး(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ တနင်္လာ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၇၊ ၂၇၊ ၃၂၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် ကံအကောင်းဆုံးကာလ ဖြစ်နေသောကြောင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပါ။ ရစရာရှိသောငွေများကို ပြန်လည်စုဆောင်းပါ။ ယခုကာလကျော်လျှင် ငွေကြေး ဆုံးရှုံးသွားနိုင်ပါသည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း နှင်းဆီကိုင် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေလိမ့်မယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတက်ရတတ်တယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး၊ ပြောင်းလျှင် အဆင်မပြေနိုင်ပေ ပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အမျိုးသားများအနေဖြင့် ပဋ္ဌင်းခံရတတ်တယ်။ ယခုကာလတွင် အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်လျှင် အလဟသကုန်သွားတတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ရစရာရှိတဲ့ငွေတွေ မရဘဲ ဖြစ်နေတတ်တယ်။ ငွေကြေး ဆုံးပါးတတ်တယ်။ ရွှေဝင်ခြင်း၊ ထွက်နေသော ရတနာပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ ကိုယ့်လက်အောက်ငယ်သားများက ပြိုင်ဘက်ထံ ရောက်သွားတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါနေရင် အစွပ်အစွဲ ခံရခြင်း၊ အထက်လူကြီးရဲ့ ငြိုငြင်မှု ခံရတတ်တယ်။ ကြာသပတေးသားသမီး၊ စနေသားသမီးတို့ရဲ့ ကူညီမှု ရတတ်တယ်။ ဆွေမျိုးသားချင်းထံမှ နာရေးကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ မကောင်းသော အတတ်များနှင့် နှောင့်ယှက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၃၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရ။ ကျန်းမာရေးညံ့ပြီး လာဘ်ပိတ်နေခြင်းများကြောင့် တစ်ပတ်လျှင် တစ်ကြိမ်လောက် အဓိဋ္ဌာန်ဝင်လိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နှီထမင်း မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေလိမ့်မယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတက်ရတတ်တယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး၊ ပြောင်းလျှင် အဆင်မပြေနိုင်ပေ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အမျိုးသားများအနေဖြင့် ပဋိပက္ခ ခံရတတ်တယ်။ ယခုကာလတွင် အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်လျှင် အလဟသကုန်သွားတတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ရစရာရှိတဲ့ငွေတွေ မရဘဲ ဖြစ်နေတတ်တယ်။ ငွေကြေး ဆုံးပါးတတ်တယ်။ ရွှေဝင်ခြင်း၊ ထွက်နေသော ရတနာပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ ကိုယ့်လက်အောက်ငယ်သားများက ပြိုင်ဘက်ထံ ရောက်သွားတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါနေရင် အစွပ်အစွဲ ခံရခြင်း၊ အထက်လူကြီးရဲ့ ငြိုငြင်မှု ခံရတတ်တယ်။ ကြာသပတေးသားသမီး၊ စနေသားသမီးတို့ရဲ့ ကူညီမှု ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ မကောင်းသော အတတ်များနှင့် နှောင့်ယှက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၌ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၃၊ ၄၅၊ ၁၃

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရ။ ကျန်းမာရေးညံ့ပြီး လာဘ်ပိတ်နေခြင်းများကြောင့် တစ်ပတ်လျှင် တစ်ကြိမ်လောက် အဓိဋ္ဌာန်ဝင်လိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နှီးထမင်း မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

လူမျိုးခြား အောက်လက်ငယ်သားတွေကြောင့် ပူပန်မှုတွေရှိတယ်။ ငွေစေ့ဝင်သလောက် ပြန်ထွက်သွားတတ်တယ်။ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ ပျက်ဒနတတ်တယ်။ ရပ်ဝေးမြေခြားက အမျိုးသမီးတစ်ယောက်နှင့်လည်း ငွေကြေးကိစ္စ ငွေလိမ်တာမျိုး ကြုံရတတ်တယ်။ ဘာပဲလုပ်လုပ် အကျိုးမရှိတဲ့ကာလဖြစ်တယ်။

**ယတြာ**

မိတ်ဆွေများကို အုန်းသီးနှင့် ပြုလုပ်ထားသောမုန့်များ လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

အဖက်ဖက်မှ လုပ်ငန်းများ အောင်မြင်မယ်။ ငွေရေးကြေးရေး အဆင်ပြေမယ်။ အလုပ်နေရာ အိမ်နေရာ ပြောင်းရတတ်သည်။ ယခုကာလအတွင်း အိမ်ထောင်မပြုပါနှင့်။ အိမ်ထောင်ပြုက မတည်မြဲတတ်ပါ။ မိမိအောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။

**ယတြာ**

ဗုဒ္ဓဟူးနေ့တိုင်း ကလေးများကို ချောကလက် လက်ဆောင်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ယတြာ

လုပ်ငန်းများ သိသိသာသာ တိုးတက်မယ်။ ငွေရှာရလွယ်မယ်။ စပ်တူလုပ်ငန်းများ လာရောက်ခေါ်မယ်။ အဆင်ပြေမယ်။ အပျို လူပျို ဖြစ်ပါက ကြင်သူသက်ထားနှင့် တွေ့ရတတ်တယ်။ အစိုးရဝန်ထမ်းဖြစ်က-ရာထူးတိုးမယ်။

မိတ်ဆွေတစ်ဦးကို စပ္ပါကလင်တစ်ထုပ် လက်ဆောင်ပေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

ယတြာ

မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ ဖြစ်လာမယ်။ လုပ်ငန်းအသစ်တွင် ဝင်ရောက်လုပ်ကိုင်ရတတ်တယ်။ အလုပ်နေရာပြောင်းခြင်း၊ ရာထူးတိုးခြင်းကြုံမည်။ ပြည်ပခရီးအတွက် အောင်မြင်မယ်။

မိတ်ဆွေများကို ရှောက်ချိုသီးဖျော်ရည် လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

ယတြာ

လုပ်ငန်းအတွင်း အဆင်မပြေ ဖြစ်တတ်တယ်။ လူမျိုးခြားကူညီခြင်း၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ငယ်ရွယ်သူများ သင်တန်းတက်ရလိမ့်မယ်။ အထက်လူကြီးကြောင့် စိတ်ညစ်ရမယ်။

မိတ်ဆွေများကို ထောပတ်တစ်ဗူး လက်ဆောင်ပေးပါ။

## သောကြာသားသမီးများအတွက်

ယတြာ

မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းများ ကြုံတွေ့ရမယ်။ ဝန်ထမ်းများအဖို့ သက်ဆိုင်ရာ အကြီးအကဲက ကူညီလိမ့်မယ်။

မိတ်ဆွေများကို သစ်သီး လက်ဆောင်ပေးပါ။

## စနေသားသမီးများအတွက်

ယတြာ

လက်ရှိအခြေအနေထက် တိုးတက်မယ်။ ဝန်ထမ်းများ ရာထူးတက်ခြင်း၊ အလုပ်အကိုင် နေရာပြောင်းခြင်းကြုံမယ်။ စွပ်စွဲပြောဆိုခံရတတ်တယ်။ သံယောဇဉ် အပိုတွယ်ခြင်းမျိုး ကြုံရတတ်တယ်။

မိတ်ဆွေတစ်ဦးကို နန်ကထိုင်မုန့် ဝယ်ပေးပါ။

## ရာဟုသားသမီးများအတွက်

ယတြာ

ရစရာရှိသောငွေများ မရဖြစ်နေမယ်။ တပည့်လက်သားများ ကိုယ့်ထံက ထွက်ပြီး ကိုယ့်ပြိုင်ဘက်ထံ ရောက်သွားတတ်တယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတစ်ခုတက်ခြင်း၊ အဖွဲ့အစည်းတစ်ခုအတွင်း ပါဝင်နေခြင်း ကြုံရမယ်။

သက်ကြီးရွယ်အိုတစ်ဦးကို နွားနို့ လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဝါတွင်း(၃)လ အထူးတရားစခန်းပွဲများ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် (၉)ရပ်ကွက်၊ နဝရတ်လမ်းရှိ ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး၏ နှစ်စဉ်ကျင်းပမြဲ (၁၃)ကြိမ်မြောက် ဝါတွင်းအထူး ရက်(၁၀၀) တရားစခန်းပွဲကြီးကို (၂၈-၇-၂၀၁၅)ရက်နေ့မှ (၄-၁၁-၂၀၁၅) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရှိရသည်။

ကျင့်ကြံအားထုတ်လိုသော သူတော်စင်ယောဂီများအနေဖြင့် လိုအပ်သော အချက်အလက် စုံလင်စွာဖြင့် မိမိတို့ ဝင်ရောက်အားထုတ်လိုသော ရက်မတိုင်မီ (ဖုန်း-၀၁-၅၅၃၃၃၀၊ ၀၁-၅၅၁၁၇၂၊ ၀၉-၅၀၁၃၂၉၇၊ ၀၉-၈၆၁၁၇၀၀)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ အောင်စကြာဓမ္မရိပ်သာ ပဓာန နာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဒေါက်တာ ဓမ္မသာမိယ အောင်စကြာဆရာတော်သည် ဒု-ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းဥပုသ်နေ့တိုင်း ရွှေတိဂုံစေတီတော်ကြီးရင်ပြင်ရှိ သောကြာ ထောင့် ဆံတော်တွင်းတန်ဆောင်းတွင် နံနက်ပိုင်း၌ သီလပေး၍ နေ့လယ် ၁ နာရီမှ ၂ နာရီအထိ ဝိပဿနာတရား ဟောကြားပြီး ၂ နာရီမှ ၂း၃၀ နာရီအထိ လက်တွေ့ တရားအားထုတ်ရမည်ဖြစ်ကြောင်း သိရှိရသည်။

အောင်စကြာဓမ္မရိပ်သာ၌ နံနက်ပိုင်းတွင် သီလပေး၍ ညနေ ၄း၃၀ နာရီမှ ၅း၃၀ နာရီအထိ ဝိပဿနာ အလုပ်ပေးတရားများကို ဟောကြားပြသပြီး ၆ နာရီမှ ၇ နာရီအထိ တရားအားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆို ကြွရောက်၍ တရားနာယူ အားထုတ်နိုင်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခ မဟာစည်သာသနာ့ရိပ်သာ၌ ဝါတွင်းကာလ လစဉ် (၇)ရက် တရားစခန်းကို (၁၁-၈-၂၀၁၅)ရက်မှ (၁၇-၈-၂၀၁၅)ရက်အ ၊ (၁၁-၉-၂၀၁၅)ရက်မှ (၁၇-၉-၂၀၁၅)ရက်အထိ၊ (၁၁-၁၀-၂၀၁၅)ရက်မှ (၁၇-၁၀-၂၀၁၅)ရက်အထိ ကျင်းပမည်ဖြစ်၍ တရားအားထုတ်လိုသူများ(ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၇၃၁၃၃၀၂၅၊ ၀၉-၄၂၀၃၀၈၂၀၁)တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

အင်ကြင်း

---

## အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် အထိမ်းအမှတ် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

ကွယ်လွန်သူ အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင်သည် (၂၁-၈-၉၃)ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး လင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီက ကြီးမှူးလျက် နှစ်စဉ်အမှတ်တရ အခမ်းအနားပွဲများ ကျင်းပခဲ့ရာ ယခုနှစ်၌ (၂၂)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၏။

အဆိုပါ (၂၂)နှစ်ပြည့် အခမ်းအနားအား (၂၂-၈-၂၀၁၅)စနေနေ့က သီရိမင်္ဂလာ ကမ္ဘာအေးစေတီ၊ ဝေဠုဝနအဖွဲ့ရုံး(အပေါ်ထပ်)၊ အာရုံခံတန်ဆောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနား၌ အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် အထိမ်းအမှတ် မူလတန်းကျောင်းဆောင်သစ်အား ဆောက်လုပ်လှူဒါန်းခဲ့ရာ ဆရာကြီး၏ စာမူခများ အပါအဝင် နှစ်စဉ် အမှတ်တရပွဲများမှ ပိုငွေ၊ အောင်ဆန်းမော်ကွန်းမဂ္ဂဇင်း ဖြစ်မြောက်ရေးအဖွဲ့မှ ကူညီပံ့ပိုးငွေများနှင့် စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ရာ ငွေကျပ် (၉၇)သိန်းတိတိ ဖြစ်သည်။ ကျောင်းဆောင်သစ် အလုံးစုံပြီးမြောက်နိုင်ရေးအတွက် လိုအပ်သည့်ငွေ ကျပ်သိန်း(၂၀)ခန့်အတွက် ထပ်မံလှူဒါန်းငွေများအား ထိုနေ့က ညောင်တုန်းမြို့ ကျွန်းထိပ်ပိုင်း(၆)ရပ်ကွက်ရှိ အခြေခံ မူလတန်းကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီအား လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

မင်းသူကျော်




www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးသခင်ကိုယ်တော်မှိုင်း နှင့် ဆရာကြီးဇေယျ တို့၏ ဆွေမျိုးမိသားစုဝင်များ ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာတွင် အလှူဒါနများ ပြုလုပ်





မြန်မာ့ငြိမ်းချမ်းရေးဖခင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဇနီး ဒေါ်ရှင်၊ နိုင်ငံကျော် စာရေးဆရာကြီးဇေယျ ဇနီး ဒေါ်မြရီ တို့အား ရည်စူး၍ ဆရာတော် သံဃာတော်များနှင့် ဘိုးဘွား ရိပ်သာရှိ အဘိုးအဘွားများအား ဆွမ်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းသည့် မွန်မြတ်သော ကုသိုလ်ပွဲကို ၂၇-၅-၂၀၁၅ နေ့ နံနက် ၁၀ နာရီတွင် ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဘိုးအဘွားများအား ရည်စူးပြုလုပ်သော ကုသိုလ်ဒါနပွဲတွင် ဇီးကုန်းမြို့ ကန်ဦး မဟာစည်သာသနာ့ရိပ်သာ ဦးစီးပဓာန နာယက ဆရာတော် ဦးဇောတိကာဉာဏ နှင့် သံဃာတော်များအား ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏မြေး စာရေးဆရာကြီးဇေယျ၏သမီးဖြစ်သူ ဒေါ်မြမြအေး (လ/၀ မန်နေဂျာ-ငြိမ်း) စာရင်းစစ်ချုပ်ရုံးက ဆွမ်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်လှူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေခဲ့ကြသည်။

ထို့နောက် ရန်ကုန်မြို့မှ အလှူရှင်များဖြစ်ကြသော ဒေါ်မြမြအေး နှင့် ဦးလွင်ထွန်း(စာရေးဆရာကျော်တက်ထွန်း)၊ ပါမောက္ခ ဒေါက်တာဒေါ်တင်တင်ထွန်း(ငြိမ်း)တို့သည် အဘိုးအဘွားများ ဖြစ်ကြသည့် ဦးခလယ်၊ ဒေါ်ရွှေကြိုး၊ သခင်ကိုယ်တော်မှိုင်း၊ ဒေါ်ရှင်၊ ဆရာကြီးဇေယျ၊ ဒေါ်မြရီ တို့အား ရည်စူးရည်မှန်း၍ ဘိုးဘွားရိပ်သာရှိ အဘိုး(၇)ဦး၊ အဘွား(၁၀)ဦး တို့အား လှူဖွယ်ပစ္စည်းလက်ဆောင်များအား လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

ကိုသက်(ဇီးကုန်း)

## သုံးရောင်ခြယ်ဘုရားများ ဝယ်ယူပူဇော်နိုင်

ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)များကို ဉာဏ်တော်အမြင့် ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ မိမိ နှစ်သက်ရာ ဉာဏ်တော်ကို ဘုန်းရောင်ဂျာနယ်တိုက်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။ (ဖုန်း-၀၉-၂၅၁၀၂၂၃၃၁)

www.burmeseclassic.com

www.burmeseclassic.com

## ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပ ပျံလွန်တော်မူ



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီး ကျောင်းတိုက်ပဓာန နာယကဆရာတော်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပ ဆရာတော်သည် ၁၃၀၂ ခုနှစ်မှ စ၍ ရှင်သာမဏေပြုခဲ့ပြီး ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ဆရာတော်သည် တောင်စွန်းတိုက်နယ်ရှိ ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ရသေ့အသွင်ဖြင့် တောထွက်၍ မြန်မာနိုင်ငံအတွင်းရှိ ဘုရားစေတီပုထိုးများနှင့် မွေးရပ်ဇာတိဖြစ်သော ကျိုက်ထီးဆောင်း ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ထီးတော်တင်ခြင်း၊ စေတီပုထိုးများ တည်ထားကိုးကွယ်ခြင်း၊ သာသနိက အဆောက်အဦများ တည်ဆောက်မွမ်းမံခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝိပဿနာ တရားစခန်းပွဲများ ကျင်းပပေးခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုးများကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၄၄ ဝါ၊ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်(၂၅-၇-၂၀၁၅)စနေနေ့ ညနေ ၃ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကျိုက်ထီးဆောင်း သာသနာ့နယ်မြေအတွင်းရှိ အောင်စကြာမွှောရုံတွင် ဝါတွင်းသုံးလပတ်လုံး အပူဇော်ခံ ထားရှိမည်ဖြစ်ကြောင်း သိရှိရသည်။

သားငယ်

---

## မြစ်ခြေနယ်အသင်း(ရန်ကုန်)၏ လစဉ်အမှုဆောင် အစည်းအဝေး ကျင်းပပြီး အလှူငွေများ လှူဒါန်း

မြစ်ခြေနယ်အသင်း(ရန်ကုန်)၏ လစဉ် အမှုဆောင် အစည်းအဝေး(၅/၂၀၁၅)ကို (၇-၆-၂၀၁၅) နေ့လည် ၁ နာရီခွဲတွင် အသင်းတည်ရှိရာ ရတနာသိဒ္ဓိကျောင်း၊ ဗဟန်းမြို့နယ်၌ ကျင်းပရာ အသင်းနာယက ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)မှ သဘာပတိအဖြစ် ဆောင်ရွက်၍ အတွင်းရေးမှူး ဦးသောင်းကြည်မှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် သဘာပတိ ဦးစိုးဝင်းမှ အမှာစကား ပြောကြားပြီး အသင်းနှစ်ပတ်လည် အစည်းအဝေး ကျင်းပရာ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၊ ဓမ္မပါလကျောင်း(မြစ်ခြေ) ဆောက်လုပ်ရေးအတွက် အလှူငွေ ကျပ်(၁)သိန်း၊ မြစ်ခြေနယ်အသင်း(ရန်ကုန်)၊ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲအတွက် ကျပ်(၂)သောင်းတို့ကို လှူဒါန်းရာ အတွင်းရေးမှူး ဦးသောင်းကြည်မှ လက်ခံရယူခဲ့ပါသည်။

တက္ကသိုလ်စိုးယဉ်

www.burmeseclassic.com

www.burmeseclassic.com



## မဟာစည် သာသနာ့ရိပ်သာ ဆွမ်းပဒေသာပင် အပင်(၁၀၀၀၀)ပြည့် လှူဒါန်းပွဲ



၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မဟာစည် သာသနာ့ရိပ်သာ မဟာစည်ဗိမာန်တော်ကြီးတွင် ကျောင်းထိုင် နာယကဆရာတော်ကြီးများနှင့် သံဃာတော်များအား အမှုဆောင်များက ပင့်ဆောင်လာပြီးနောက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနား ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် နာယကအဖွဲ့ဥက္ကဋ္ဌ သာသနဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ထံမှ ဥပုသ်သီလ ဆောက်တည်ကြပြီး ဆရာတော်ကြီးများမှလည်း ပရိတ်တရားတော်များ ချီးမြှင့်ပါသည်။ သာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ(၁) ဦးသန်းအောင်မှ ထာဝရ ဆွမ်းပဒေသာပင် အပင်(၁၀၀၀၀)ပြည့် ရေစက်ချ လှူဒါန်းခြင်းနှင့် ပတ်သက်၍ လျှောက်ထားခြင်း၊ ဒု-ဥက္ကဋ္ဌ(၁) ဒေါ်အေးကြည်မှ ကျေးဇူးတင်စကား ပြောကြားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ဒေါက်တာသက်ဆွေ

---

## ဆရာမ ဒေါက်တာစောယုနွယ် နှင့် ခုနှစ်ရက်သားသမီးများ ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် မွေးနေ့အလှူ

ဝါဆိုလအတွင်း မွေးဖွားသူ ဆရာမ ဒေါက်တာစောယုနွယ်သည် ဆရာမ၏ နေအိမ်မင်္ဂလာတွင် နှစ်စဉ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပပြုလုပ်လေ့ရှိသလို ကုသိုလ်ဘာသာယာဘာမုနိရုပ်ပွားတော် နဂါးရုံဘုရားကိုလည်း နှစ်စဉ် ပူဇော်လေ့ ရှိပါသည်။ ယခုနှစ်တွင် ဆရာမ ဒေါက်တာစောယုနွယ်သည် စကြာဝဠာမင်းတို့ ကိုးကွယ်တဲ့ စကြာမုနိ ရုပ်ပွားတော်မြတ်ကိုပါ ပူဇော်ခဲ့ပါသည်။

(၁၅-၇-၂၀၁၅)ရက်နေ့တွင် ဘုရားဖူးလာကြသော ဧည့်ပရိသတ်အပေါင်းတို့အား ဗိုလ်မှူးဝင်းနိုင်လင်း+ဒေါ်ဝေမျိုးထက် မိသားစုတို့မှ ကြာဆံချက်ဖြင့် ဧည့်ခံလှူဒါန်းခဲ့ပါသည်။


(၁၆-၇-၂၀၁၅)ရက်နေ့တွင် ဗိုလ်မှူးကြီးအုန်းချို+ဒေါ်ဝင်းသူဇာ မိသားစုတို့မှ ဒံပေါက်နှင့် ရေခဲမုန့် လှူဒါန်းပြီး၊ (၁၇-၇-၂၀၁၅)ရက်နေ့တွင် သံဃာတော်များ ဆွမ်းအလှူကို ဗိုလ်မှူးဝင်းနိုင်လင်း+ဒေါ်ဝေမျိုးထက် မိသားစုနှင့် ကိုအုပ်စိုးခန့်+မသင်းနန္ဒာ မိသားစုတို့မှ ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ကိုဝင်းနိုင် မိသားစုမှ ရေခဲမုန့် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ဆရာမ ဒေါက်တာစောယုနွယ်ကလည်း သံဃာတော်များအား ဝါဆိုသင်္ကန်းများနှင့် နဝကမ္မ အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

အဆုံကြင်း

www.burmeseclassic.com

www.burmeseclassic.com



သီလရှိသော ရဟန်းသံဃာတော်များ မိမိအိမ်သို့ကြွရောက်လာပါလျှင် လာဘ်ကြီးငါးပါးရသည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့ပါသည်။

ရဟန်းတို့ သီလရှိသော ရဟန်းတို့ ကြွရောက်လာသော အိမ်၌ အိမ်ရှင်ဒါယကာတို့သည် ဤအကြောင်းငါးမျိုးတို့ဖြင့် ကောင်းစွာသော ကောင်းမှုကို ပြုကြပေ၏။(အံ၊ ၂။ ကာလသုတ်၊ ၂၁၃)

ထိုအကြောင်းအရာကို မြန်မာပညာရှိတို့က မြင့်မြတ်အမျိုး၊ နတ်တန်ခိုး၊ ပွားတိုးဉစ္စာဉာဏ်ဟု လင်္ကာစီ၍ မှတ်တမ်းပြုထားပေ၏။

ထို့ကြောင့် ရောင်ပြန်ပရိသတ်အပေါင်း မိမိတို့ အိမ်သို့ သီလရှိသော ရဟန်းသံဃာများ ကြွရောက်လာပါလျှင်•••

www.burmeseclassic.com